http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ထေရာပဒါန် ပါဠိတော်

# မြန်မာပြန်

( ဒုတိယတွဲ )

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

ထေရာပဒါန် ပါဠိတော် မြန်မာပြန် ( ဒုတိယတွဲ )

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ထေရာပဒါန် ပါဠိတော်
# မြန်မာပြန်

( ဒုတိယတွဲ )

သာသနာ - ၂၅၅၄   ကောဇာ - ၁၃၇၂   ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

### ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်တော်

# ထေရာပဒါန်ပါဠိတော်

# မြန်မာပြန်

## ဒုတိယအုပ်

ဤဒုတိယအုပ်၌ ဗုဒ္ဓဝံသ ပါဠိတော် မြန်မာပြန်နှင့် စရိယာပိဋက
ပါဠိတော် မြန်မာပြန်တို့ပါဝင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ၂၀၀၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ဝိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င−၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င−၂ | (၇) −၃ | (၁၂) −၇ (လျော့) | |
| | | (သုတ္တန်) င−၃ | (၁၈) −၄ | (၁၁) −၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) −၇ | (၄၀) −၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း − (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း − (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁ ] ၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ–မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ] ၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ–သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ) ] ၇၇၆၂ သုတ်

---

## ဃ–အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း ] ၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |


### (၄-၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| – | | ၆ ယမိုက် | x |
| – | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (င-၃) ခုဒ္ဒကနိကာယ် **သုတ္တန္တ** ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. င-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. င-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. င-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. င-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | | ၁ |
| ၂၇. င-၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. င-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. င-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

ဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော် မြန်မာပြန်များပါဝင်သည့်

အပဒါန်ပါဠိတော် မြန်မာပြန်

(ဒုတိယအုပ်)

# ကျမ်းဦးမှတ်ဖွယ်

---

## ထေရာပဒါန်ပါဠိတော် မြန်မာပြန် ဒုတိယတွဲအကြောင်း

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ်အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်တွင် ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန, ထေရာပဒါန, ထေရီပဒါနဟူသော အပိုင်းလေးပိုင်းရှိရာ ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန ဟူသောအပိုင်းနှစ်ပိုင်းနှင့် ထေရာပဒါန-လာ အသျှင်သာရိပုတြာမထေရ်အစ အသျှင်မဟ္ဘဒါယကမထေရ်အဆုံးရှိသော ရဟန္တာမထေရ်(၄၂၀)တို့၏ အကြောင်း အဋ္ဌုပ္ပတ္တိများကို ပဌမတွဲတွင် ထည့်သွင်းပုံနှိပ်ခဲ့ပါသည်။

ဤဒုတိယတွဲ၌ကား အသျှင်သကိံသမ္မဇ္ဇကမထေရ်အစ အသျှင်ရဋ္ဌပါလမထေရ်အဆုံး ရဟန္တာ(၁၄၁)တို့၏ အကြောင်း အဋ္ဌုပ္ပတ္တိများကို ပြဆိုသောအပိုင်းများပါရှိသည့်အပြင် သုမေဓာထေရီအစ ပေသလာထေရီအဆုံး ရဟန္တာထေရီ(၄၀)တို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကိုလည်း ထေရီအပဒါန်ဟူ၍ တခမ်းတနား ပြဆိုထားပါသည်၊ ဤထေရ ထေရီတို့၏ ပါရမီဖြည့်ရပုံစသည့် အကြောင်းအဋ္ဌုပ္ပတ္တိအကျယ်ကို ပဌမတွဲ ကျမ်းဦးမှတ်ဖွယ်၌ ကြည့်ရှုကြပါကုန်။

ဤထေရာပဒါန်ပါဠိတော် မြန်မာပြန်ကျမ်း (ဒုတိယအုပ်)၌ ဖော်ပြပါရှိသော ရဟန္တာပုဂ္ဂိုလ်တို့တွင် အလွန်ကြည်ညိုစဖွယ်ကောင်းသော ငါးနှစ်အရွယ်မျှဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည့် အသျှင်စန္ဒနမာလိယမထေရ်, ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည့် အသျှင်ကေဓမ္မသာဝနိယမထေရ်, အသျှင်ဉာဏထဝိကမထေရ်, အသျှင်ပုလိနထူပိယမထေရ်, အသျှင်တိကဏိကာရပုပ္ဖိယမထေရ်, အသျှင်ဒဗ္ဗမလ္လပုတ္တမထေရ်နှင့် အသျှင်သီဝလိမထေရ်တို့၏အတိတ်, ပစ္စုပ္ပန် အကြောင်း အကျိုး အပြည့်အစုံကို အလွန်ကြည်ညိုဖွယ်ရာ ဖတ်ရှုရမည်ဖြစ်ပေသည်၊ ထို့ပြင် ကြီးမားသော ကုသိုလ်သမ္ဘာရရှိပါလျက် တခုသောစစ်ဗိုလ်ချုပ်ကြီးဘဝတွင် စေတီတော်ကြီးကြီးတည်ထားလိုသူတို့အား ဟန့်တား၍ သေးသေးတည်စေမိခဲ့သဖြင့် ပစ္ဆိမဘဝိက ရဟန္တာဘဝတွင် ပုကွသေးငယ် လူမလေးလောက်စဖွယ်သောကိုယ်ဖြင့် နိဗ္ဗာန်ဝင်ရရှာသော အသျှင်လကုဏ္ဍကဘဒ္ဒိယမထေရ်အကြောင်းကိုလည်း သံဝေဂရဖွယ် ဖတ်ရှုရပေဦးမည်။

အထူးအားဖြင့် သိမှတ်ဖွယ်ရာကောင်းလှသော သဲပုံစေတီတည်ထားရသော အကျိုးတရားနှင့် သဲပုံစေတီကိုတည်ထား၍ ပူဇော်ပုံ ပူဇော်နည်းများကိုပါ အသျှင်ပုလိနုပ္ပါဒကမထေရ်၏ အပဒါန်၌ ပါရှိပေရာ ဗဟုသုတပွါးများဖွယ်ရာ ဖတ်ရှုသင့် ဖတ်ရှုထိုက်လှပေ၏။

ထေရီအပဒါန်ဆိုင်ရာ အခဏ်းအပိုင်း၌လည်း ရှေးရဟန္တာမကြီးများအား ဆဲရေးရေရွတ်မိသဖြင့် ပစ္ဆိမဘဝတွင် ပြည့်တန်ဆာမဖြစ်လာရသော အဍ္ဍကာသိထေရီမအကြောင်းကို သံဝေဂ

http://www.dhammadownload.com



ယှုဖွယ်ရာတွေ့ရမည်ဖြစ်ပြီး ခေမာထေရီမကြီးကဲ့သို့ ပညာအထူးကြီးမားတော်မူသော ရဟန္တာမကြီးများ ဥပ္ပလဝဏ်ထေရီမကြီးကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားတော်မူသော ရဟန္တာမကြီးများအပြင် သက်တော်နုနယ် ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာမအဖြစ်သို့ ရောက်တော်မူသွားကြသော ရဟန္တာမ ကလေးသုံးဦးအကြောင်းကိုလည်း အမျိုးသမီးတိုင်း အားကျနည်းယူဖွယ်ရာ တွေ့မြင်ဖတ်ရှုရပေဦးမည်။ ထိုထက်ကား မိန်းမဟူသည် ယောကျ်ားလောက် ပညာဉာဏ်မကြီးကျယ် အရာရာတွင် အောက်ကျနောက်ကျ ဖြစ်ရသည်ဟု ထင်မြင်သူများအဖို့ အချို့မိန်းမက ယောကျ်ားထက် ပညာဉာဏ်ကြီးကျယ်၍ "အလုံးစုံသောအရာတို့၌ ယောကျ်ားသည်သာ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း လျင်မြန်စွာ အကျိုးကို ကြံစည်နိုင်သောပညာရှိ၏"ဟု အထူးပင်ချီးကျူးရသော မိန်းမတဦးအကြောင်းမှာ ဘဒ္ဒါကုဏ္ဍလကေသာထေရီ အပဒါန်၌ပါရှိပေရာ အမျိုးသမီးတို့အဖို့ အလွန်အားတက်ဖွယ်ရာ ကောင်းလှပေသည်။

ဗုဒ္ဓဝံသပါဠိတော်နှင့် စရိယာပိဋကပါဠိတော်များကိုလည်း ဤအပဒါန်ပါဠိတော် ဒုတိယတွဲ၌ပင် တပါတည်းတွဲ၍ပုံနှိပ်ထားသောကြောင့် ထိုဗုဒ္ဓဝံသနှင့် စရိယာပိဋကပါဠိတော်များ၏ အကြောင်းအဋ္ဌုပ္ပတ္တိများနှင့်စပ်လျဉ်း၍ မှတ်သားဖွယ်ရာ အဖြာဖြာတို့ကို ဤ၌ ဖတ်ရှု တွေ့မြင်ကြရမည် ဖြစ်လေသည်။

## ဗုဒ္ဓဝင်နှင့် စရိယာပိဋက

သစ္စာလေးပါး မြတ်တရားကို ဆရာမရှိ မိမိကိုယ်တိုင် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းကုန်စင် သိမြင်တော်မူသော တရားမင်းသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် (၁) သဗ္ဗညုတဉာဏ်တော်အတွက် အားထုတ်တော်မမူသေးမီ ဆုတောင်းတော်မမူသေးမီ ကာလအတွင်း၌ သာမညသတ္တဝါ တဦးမျှသာလျှင် ဖြစ်တော်မူသေးသည်၊ (၂) သဗ္ဗညုတဉာဏ်တော်အတွက် အားထုတ်မှု ဆုတောင်းမှု ပြုတော်မူသည့် အချိန်ကစ၍ "ဗောဓိသတ္တ" (=ဘုရားအလောင်းတော်)ဟူသော အမည်ကို ရတော်မူလေသည်၊ (၃) သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည့်အချိန်ကစ၍ "ဗုဒ္ဓ" (=ဘုရား)ဟူသော အမည်ကို ရတော်မူလေသည်*။

ဗုဒ္ဓဝံသပါဠိတော် (=ဗုဒ္ဓဝင်ကျမ်းကြီး)နှင့် စရိယာပိဋကပါဠိတော် (=မြတ်စွာဘုရားအလောင်းတော်၏ ကျင့်စဉ်ကျမ်းကြီး)တို့သည် ဗုဒ္ဓဂေါတမရှင်တော်ဘုရား၏ ဂုဏ်တော်ကိုးပါးတို့တွင် သုဂတ ဂုဏ်တော်ကြီးကို အထူးတလည် ပေါ်လွင်ထင်ရှားစေသည့် ပါဠိတော်ကြီးများဖြစ်ပါသည်၊ သုဂတဂုဏ်တော်၏ အနက်လေးချက်တို့တွင် အနက်အဓိပ္ပါယ် တပါးမှာမူကား "လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းဝယ် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင်တော်မူသည့် အချိန်ကစ၍ မဟာဗောဓိမဏ္ဍိုင်အထိ သမ္မာပဋိပတ် ကောင်းမွန်သည့် အကျင့်မြတ်ဖြင့် သတ္တလောကကြီးတခုလုံး၏ ကောင်းကျိုးချမ်းသာကို ပြုတော်မူလျက် ကိုယ်တော်တိုင် (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂထည်းဟူသော)အယုတ်တရားများသို့ မလားမကပ် မစပ်မနွယ်ဘဲ တင့်တယ်ကောင်းမွန်စွာ

---

* ယာဝ ဗောဓိဉာဏတ္ထာယ န ဝါယမတိ ပဏိဓာနံ န ကရောတိ၊ တာဝ သတ္တောတွေဝ သင်္ချံ ဂစ္ဆတိ။ ယတော ပဋ္ဌာယ ဗောဓိဉာဏတ္ထာယ ဝါယမတိ ပဏိဓာနံ ကရောတိ၊ တဒါ ဗောဓိသတ္တော နာမ ဟောတိ၊ သော ယဒါ ဗောဓိဉာဏံ ပဋိလဘတိ၊ တဒါ ဗုဒ္ဓေါ နာမ ဟောတိ။

ဝိနယာလင်္ကာရဋီကာ၊ ဝတ္ထုပိဋကောနိဂါထာအဖွင့်-၂၂။

http://www.dhammadownload.com



ကြွရောက်တော်မူသော **အစကြောင်း**ကြောင့် သုဂတမည်တော်မူ၏”ဟူ၍ ဖြစ်ပေရာ ယင်းသုဂတဂုဏ်တော်နက်ကို ဤဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော် မြန်မာပြန်ကျမ်းကြီးက ထင်ရှားစေပေလိမ့်မည်။

ထိုမျှမက ဗုဒ္ဓဝင်ပါဠိတော်သည် ဒီပင်္ကရာစသော ရှေးဘုရားရှင်တို့၏ အဋ္ဌုပ္ပတ္တိတို့ကိုလည်း ပြဆိုထားသည့် ပါဠိတော်ကျမ်းမြက်တဆူ ဖြစ်ပါပေသည်။

## ဗုဒ္ဓဝင်နှင့်စရိယာပိဋကတို့ကို ဟောတော်မူသည့်အကြောင်း ဌာနနှင့် ကာလ

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးနောက် ပဌမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌ရင်း ဒုတိယဝါကို ရာဇဂြိုဟ်ပြည်၌ရင်း [၁] သီတင်းသုံးတော်မူပြီးလျှင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် ပင့်လျှောက်ချက်အရ ဖွားမြင်တော်မူရာ ဇာတိမြေဖြစ်သော ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

ကပိလဝတ်ပြည်သို့ ဆိုက်ရောက်တော်မူပြီးနောက် နိဂြောဓာရုံဥယျာဉ်တော်၌ ရဟန္တာ အရှင်မြတ်ပေါင်း နှစ်သောင်းမျှ ခြံရံကာ သီတင်းသုံးတော်မူသည်။

ထိုအခါ သာကီဝင်မင်းတို့သည် ခက်ထန်သော မာန်မာနရှိကြသူများ ဖြစ်ကြသည့်အတိုင်း “သိဒ္ဓတ်မင်းသားသည် အသက်အရွယ်အားဖြင့် ငါတို့အောက် ငယ်လှပေ၏၊ ငါတို့ တူမျှသာ ဖြစ်ပေ၏၊ ငါတို့ သားမျှသာ ဖြစ်ပေ၏၊ ငါတို့ ညီမျှသာ ဖြစ်ပေ၏”ဟု သဘောထားကြကာ မင်းသားငယ် မင်းသမီးငယ်များကိုသာ ရှိခိုးဦးခိုက်စေပြီးလျှင် မိမိတို့မှာမူကား ပရိသတ်၏ အစွန်အဖျား နောက်ဖက်မှ ထိုင်ကြကာ ရှိခိုးဦးခိုက်မှုကို မပြုဘဲ နေကြလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ထိုသူတို့ **မာန်မာနကျိုး**၍ရှိခိုးကြစေရန် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးနောက် ကောင်းကင်သို့ ပျံတက်တော်မူကာ သာကီဝင်မင်းတို့၏ ဦးခေါင်း၌ ဘဝါးမြေမှုန့်ကိုကြဲသကဲ့သို့ပြု၍ ရေအစုံ မီးအစုံစသော ယမိုက်ပြာဋိဟာကိုပြတော်မူလေသည်၊ ထိုသို့သော အံ့ဖွယ်ကိုမြင်ကြရသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သားတော်ကို (သုံးကြိမ်မြောက် ရှိခိုးသည့်အဖြစ်) ရှိခိုးတော်မူလေသော် သာကီဝင်အပေါင်းတို့သည် တဦးမကျန် ရှိခိုးကြလေသည်။

## ဗုဒ္ဓဝင်ကိုဟောကြားတော်မူခြင်း

ထိုအခါ အရှေ့အနောက် စကြဝဠာတိုက်တသောင်းကို ကျော်လွန်သည့် ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူကာ လူးလာ စုန်ဆန် အဖန်ဖန်ကြွတော်မူ၍ တရားတော်ကို ဟောကြားတော်မူလေသည်၊ ဤသို့သော အခြင်းအရာအားလုံးကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံးတော်မူနေသည့် လကျ်ာတော်ရံ အသျှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက ဖူးမြင်တော်မူရလေရာ “သမ္မာသမ္ဗုဒ္ဓ အတုလထွတ်တင် ဘုရားရှင်၏ ဖြစ်စဉ် ကျင့်ထုံး အားလုံးမကျန် ဟောပါရန်ကို တောင်းပန် လျှောက်ထားရပါမူ ကောင်းပေမည်တကား”ဟု အကြံရတော်မူကာ နောက်ပါ ရဟန်းတော်ငါးရာတို့နှင့်အတူ ဘုရားရှင်ရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ

---

၁။ ရာဇဂြိုဟ်၌ ဒုတိယဝါဆိုတော်မမူမီ ကပိလဝတ်သို့ ကြွတော်မူသည်ဟုလည်း ဝါဒကွဲရှိသည်

http://www.dhammadownload.com



ပြီးလျှင် တည်ခြင်း ငါးမျိုးဖြင့် ရှိခိုးတော်မူလျက် "ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ"စသော ဂါထာတို့ဖြင့် ဗုဒ္ဓရှင်တော်ဘုရား၏ ဆုတောင်းတော်မူခဲ့ပုံ ပါရမီဖြည့်တော်မူခဲ့ပုံ စသည်တို့ကို ဟောကြားတော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်တော်မူလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်ဘုရားသည်လည်း ရတနာ စင်္ကြံတော်၌ သီတင်းသုံးတော်မူလျက်ပင် လျှင် လက်ျာရံအကျော် သားတော်ကြီး အသျှင်သာရိပုတြာကို မျက်မှောက် သက်သေ ပြုတော်မူ၍ လူ ပရိသတ်အပေါင်းနှင့်တကွ စကြဝဠာတိုက်တသောင်းရှိ နတ် ဗြဟ္မာတို့အား ကိုယ်တော်မြတ်၏ ဗုဒ္ဓါနုဘာဝ ဘုရားအာနုဘော်ကို ပြကာ "ဗုဒ္ဓဝံသ" ဘုရားနွယ်လာ မဟာသမိုင်းတော်ကြီးကို ဟောကြားတော်မူလေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသည့် ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ (ပေယျာလများကိုပါ ထုတ်ဖော်ခဲ့ပါလျှင်)ဂါထာပေါင်း ၁၄၅၈-မျှ ရှိလေသည်။

ဤသို့ ဟောကြားတော်မူရင်းအတိုင်းဖြစ်သော ဗုဒ္ဓဝင်ပါဠိတော်ကို မြန်မာဘာသာဖြင့် ဤ အပဒါနိပါဠိတော် မြန်မာပြန်(ဒုတိယအုပ်)၌ ဖတ်ရှုကြရပေမည်၊ အကျယ်တဝင့် ဖွင့်ဆိုရေးသား ချက် ဗုဒ္ဓဝင်တော်ကြီးကိုကား ဗုဒ္ဓသာသနာ့အဖွဲ့မှ ရိုက်နှိပ်ပြီးဖြစ်သော နိုင်ငံတော်ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင်အတွဲများ၌ အပြည့်အစုံ ကြည့်ရှု ကြည်ညိုနိုင်ကြပေသည်။

[ ထို ဗုဒ္ဓဝင် ပါဠိတော်ကြီး၏ အဖွင့် **မဓုရတ္ထဝိလာသိနီ** မည်သော အဋ္ဌကထာပါဠ်ကို ဇမ္ဗုဒီပ(အိန္ဒိယတောင်ပိုင်း)စောဠတိုင်း(=ချိုလာနိုင်ငံ)တမ္ဗပဏ္ဏိမြစ် ဥရဂမြို့တွင် ဖွားမြင်တော်မူသည့် အသျှင်ဗုဒ္ဓဒတ္တသည် ကဏှဒါသဥပါသကာ၏ ကောင်းမှုဖြစ်သော ကာဝီရ-ပဋ္ဋနဆိပ်ကမ်းကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရေးသားပြုစုတော်မူလေသည်။

အဆိုပါ ဗုဒ္ဓဝင်အဋ္ဌကထာ၏အဖွင့် ဗုဒ္ဓဝင်ဋီကာပါဠ်ကို မြန်မာသက္ကရာဇ် ၁၂၁၁-ခုနှစ်၌ အရှင်သောဘိတမည်သော အသျှင်မြတ်က ရေးသား ပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော် နိဿယဟောင်းကို ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း (၁၁၂၂-၂၅)လက်ထက် စစ်ကိုင်းမြို့ တောရနေ အသျှင်သဒ္ဓမ္မဇောတ ရေးသား ပြုစုတော်မူလေသည်။

ဗုဒ္ဓဝင်ပါဠိတော် နိဿယသစ်တစောင်ကို အမရပူရ ပဉ္စမ မြို့တည် နန်းတည် ဘိုးတော်ဘုရား(၁၁၄၃-၈၁) လက်ထက် ပြာသာဒ်ကျောင်းဆရာတော် သုဓမ္မာဘိသိရိဇေမဟာဓမ္မ ရာဇဂုရု အသျှင်သာရဒဿီ ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်တစောင်ကို ကဝိန္ဒာဘိဝံသ စသော တံဆိပ်တော်နှစ်ထပ်ရ ပင်းဆရာတော်ကလေး ဦးလွမ်းပြေ ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်တစောင်ကို ၁၂၇၃-ခုနှစ်တွင် မော်ပီမြို့ အရှေ့ ရွှေပြည် ညောင်တောရ အသျှင်ဥတ္တရာဇီဝထေရ် ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ် တစောင်ကို ၁၂၈၈-ခု၌ မန္တလေးမြို့ မိုးထိတိုက် ကျောက် စာကြပ်ဆရာတော် အသျှင်ဇာဂရမဟာထေရ် ရေးသားပြုစုတော်မူခဲ့လေသည်။

http://www.dhammadownload.com



မခုရတ္တပကာသနီခေါ် ဗုဒ္ဓဝင်ပါဠိတော်၏သီဟိုဠ်ဘာသာပဒတ္ထဗျာချာနိဿယတစောင်ကို သာသနာ ၂၄၃၃-ခု(သကရာဇ် ၁၂၅၁-ခု)၌ သီဟိုဠ်ကျွန်း သေလဗိမ္ဗာရာမ ဝိဟာရနေ အသျှင်သီလက္ခန္ဓသည် ၂၄-ရက်နှင့်အပြီး ပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်အဋ္ဌကထာနိဿယကို ရဟန်းပြုရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော်ဘုရား (၁၁၈၁-၉၉)လက်ထက် အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ပဌမငါးစုန် ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူလေသည်။

ဤမှတပါး ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာတို့ကို အမှီပြု ရေးသားစီရင်တော်မူကြသည့် စကားပြေကျမ်း အဖြာဖြာတို့ကား လွန်စွာပင် များပြားလှပါပေသည်။]

## စရိယာပိဋကကို ဟောကြားတော်မူခြင်း

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်ကြီးကို ကြားနာရပြီးနောက် အသျှင်သာရိပုတြာ မဟာထေရ်မြတ်ကြီးသည် "ဗုဒ္ဓဝင်တော်ကြီး၌ ကြားနာရသည့် မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်တို့သည်ကား အတိုင်းမသိ ကြီးမားပြန့်ကျယ်လှပါပေ၏၊ ထိုဂုဏ်တော် ကျေးဇူးတော်တို့၏ အကြောင်းဖြစ်သည့် ဘုရားဖြစ်ကြောင်း ပါရမီတရားအပေါင်းတို့သည်ကား အလွန် အာနုဘော် ကြီးပါပေစွ၊ ထိုပါရမီတရားတို့ကို ဘဝပေါင်း အဘယ်မျှ ဖြည့်ကျင့်ဆည်းပူးခဲ့ရပြီး အဘယ်ကဲ့သို့ ရင့်ကျက်ပြည့်စုံသည့် အဖြစ်သို့ ရောက်တော်မူခဲ့ရပါသနည်း၊ ထိုအကြောင်းကို ဤနေရာ၌ ငါမေးမြန်းလျှောက်ထား၍ မြတ်စွာဘုရားက ဟောကြားမိန့်မြွက်တော်မူခဲ့ပါလျှင် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းဝယ် မြတ်စွာဘုရား၏ အာနုဘော်တော်သည် ပိုမိုထင်ရှားတော်မူပေလတ္တံ့"ဟု ဆင်ခြင်နှလုံးသွင်းတော်မူပြီးလျှင် "ရွှေဘုန်းတော် သခင် ရှင်တော်မြတ်ဘုရား ဤဘုရားဖြစ်ကြောင်း ပါရမီတရားအပေါင်းကို ဘဝပေါင်း အဘယ်မျှကြာအောင် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရပါသနည်း၊ အဘယ်ကဲ့သို့ ရင့်ကျက်ပြည့်စုံသည့်အဖြစ်သို့ ရောက်တော်မူခဲ့ရပါသနည်း"ဟု မေးလျှောက်ခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံတော်ကြီး၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ယုဂန္ဓိုရ်တောင်ထိပ်မှ ထွက်သစ်စဖြစ်သော နေလုလင်ကဲ့သို့ တင့်တယ်စွာ သီတင်းသုံးတော်မူရာမှ "သားတော်ကြီး သာရိပုတြာ ငါ၏ဘုရားအဖြစ်သို့ ရောက်ကြောင်း ပါရမီတရားတို့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ရှေ့တော်၌ မိမိကိုယ်ကို တံတားပမာပြုကာ ဆုတောင်းဆောက်တည်ခဲ့သည်မှအစ ပြု၍ မပြတ် အလေးအမြတ်ပြုလျက် အားထုတ်ခဲ့ခြင်းကြောင့် အလုံးစုံသော ကပ် ကမ္ဘာတို့၌ တဘဝထက် တဘဝ တဇာတိထက် တဇာတိ ရင့်ကျက်ပြည့်စုံ၍ လာခဲ့ပေသည်၊ ဤ ဘဒ္ဒကမ္ဘာ၌ကား ဤမည် ဤမည်သော ဘဝဇာတ် ဘဝဇာတ်တို့၌ ထိုပါရမီတရားတို့သည် အထူးသဖြင့် ရင့်ကျက်ပြည့်စုံခြင်းသို့ ရောက်ခဲ့လေကုန်ပြီ"ဟု နိဒါန်းသွယ်တော်မူကာ ဒုတိယဗုဒ္ဓါပဒါန်ဟု အမည်တပ်အပ်သည့် ဤစရိယာပိဋကပါဠိတော်ကြီးကို ဟောတော်မူခဲ့လေသည်။

(အပရေဆရာတို့ကား နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သော မြတ်စွာဘုရားသည် ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူပြီးနောက် နိဂြောဓာရုံ ကျောင်းတော်သို့ သက်ကြွတော်မူကာ ရဟန္တာပေါင်း နှစ်သောင်းခြံရံတော်မူလျက် ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်တော်မူပြီးလျှင် အထက်၌ ပြဆိုခဲ့သည့် အတိုင်း အသျှင်သာရိပုတြာ၏ မေးလျှောက်ချက်ဖြင့် စရိယာပိဋကပါဠိတော်ကို ဟောတော်မူ၏ဟု ဆိုကြလေသည်)။

http://www.dhammadownload.com



## စရိယာပိဋကနှင့်ပါရမီတော်များ

ပါရမီတော်တို့သည် ဒါနပါရမီ သီလပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီနှင့် ဥပေက္ခာပါရမီဟူ၍ ၁၀-ပါးရှိရာ တပါးပါး၌ ရိုးရိုး ကျင့်စဉ်အတိုင်း ဖြည့်ကျင့်သောပါရမီ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ဥပပါရမီနှင့် အသက်ကိုပင် စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ပရမတ္ထပါရမီဟူ၍ သုံးပါးစီ ပြားသော ကြောင့် သုံးပါးဆယ်လီ ပါရမီတော် သုံးဆယ်ရှိပေသည်။

ထိုပါရမီတရားတို့ကိုဖြည့်ကျင့်ရာ၌ ဤစရိယာပိဋက၌ပါရှိသော အကိတ္တိပုဏ္ဏား သင်္ခပုဏ္ဏား စသောဘဝတို့၌ကဲ့သို့ ဒါနပါရမီ(ရိုးရိုး)ကို ဖြည့်ကျင့်ခဲ့သော ဘဝတို့ကား အတိုင်း အရှည် အရေ အတွက် မည်သည်ပင် မရှိတော့ပေ၊ ထို့ပြင် သိဝိမင်းကြီးဘဝ စသည်တို့၌ မျက်လုံးကဲ့သို့သော အင်္ဂါကြီးငယ်ကို စွန့်လှူခြင်းစသည့် ဒါနဥပပါရမီဖြည့်ကျင့်ခဲ့သော ဘဝတို့သည်လည်း များပြား လှစွာ၏၊ ယုန်မင်းဘဝ၌မူကား မိမိကိုယ်ကို အလှူခံပုဂ္ဂိုလ်အတွက် အသားဟင်းလျာအလို့ငှါ မီးပုံ ကြီးအတွင်းသို့ ခုန်ဆင်းခဲ့သည်အထိ အတ္တပရိစ္စာဂခေါ် ကိုယ်နှင့်အသက်ကို မငဲ့မကွက် စွန့်လှူခဲ့ လေသည်၊ ယင်း ပါရမီကိုကား ဒါနပရမတ္ထပါရမီဟူ၍ ခေါ် ဆိုရပေသည်။

စမ္ပေယျနဂါးမင်း ဘူရိဒတ်နဂါးမင်းစသော ဘဝတို့၌ကဲ့သို့ သီလပါရမီကိုဖြည့်ကျင့်သောဘဝ တို့သည်လည်း အတိုင်း အရှည် အရေ အတွက် မရှိ၊ အထူးအားဖြင့် သင်္ခပါလဇာတ်၌ သီလ-ပရမတ္ထပါရမီကို အံ့ဖွယ်သရဲ ဖြည့်ကျင့်တော်မူခဲ့ပုံများကို ဤ စရိယာပိဋက၌ တွေ့မြင် ဖတ်ရှုရ ပေမည်၊ ဤသို့လျှင် စူဠသုတသောမဇာတ် သေနကပဏ္ဍိတဇာတ် မဟာဇနကဇာတ် ခန္တီဝါဒီ ဇာတ် တေမိယကုမာရဇာတ် မဟာသုတသောမဇာတ် သုဝဏ္ဏသာမဇာတ် မဟာလောမဟံသ ဇာတ်တို့၌ ရိုးရိုး နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, အဓိဋ္ဌာန်, သစ္စာ, မေတ္တာနှင့် ဥပေက္ခာပါရမီတို့ထက် လွန်ကဲသော နေက္ခမ္မပရမတ္ထပါရမီစသည့် ပရမတ္ထပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ထိုပါရမီတရားတို့ကို ဖြည့်ကျင့်ပုံဇာတ်တော်တို့အနက် ဤစရိယာပိဋကပါဠိတော်(မြန်မာပြန်) ၌ ဒါန သီလ နေက္ခမ္မ အဓိဋ္ဌာန် သစ္စာ မေတ္တာနှင့် ဥပေက္ခာပါရမီ ဖြည့်ကျင့်ပုံတို့ကို ဖော်ပြထား လေသည်၊ ဒါနပါရမီဆိုင်ရာ၌ ဇာတ်တော်ပေါင်း ၁၀-ဇာတ် (ပဌမဝဂ် တဝဂ်လုံး)၊ သီလပါရမီ ဆိုင်ရာ၌ ဇာတ်တော်ပေါင်း ၁၀-ဇာတ် (ဒုတိယဝဂ် တဝဂ်လုံး)နှင့် နေက္ခမ္မပါရမီဆိုင်ရာ၌ ဇာတ် တော် ၅-ဇာတ်၊ အဓိဋ္ဌာန်ပါရမီဆိုင်ရာ၌ ဇာတ်တော် ၁-ဇာတ်၊ သစ္စာပါရမီဆိုင်ရာ၌ ဇာတ်တော် ၆-ဇာတ်၊ မေတ္တာပါရမီဆိုင်ရာ၌ ဇာတ်တော် ၂-ဇာတ်နှင့် ဥပေက္ခာပါရမီဆိုင်ရာ၌ ဇာတ်တော် ၁-ဇာတ်အားဖြင့် ပါရမီ ၅-မျိုးအတွက်(တတိယဝဂ်၌) စုစုပေါင်း ဇာတ်တော် ၁၅-ဇာတ် ပါဝင် လေသည်။

ဤ၌ ဒါနပါရမီဆိုင်ရာ ဇာတ်တော်, သီလပါရမီဆိုင်ရာ ဇာတ်တော်ဟု ဆိုသည်မှာ အထူးပြု၍ ဟောတော်မူရာ ပါရမီတော်ကိုသာ စွဲမှတ်၍ ခေါ် ဝေါ်ခြင်းဖြစ်ရာ စင်စစ်အားဖြင့်မူ ဇာတ်တော် တိုင်းတွင် ပါရမီ ၁၀-ပါးလုံးပင် ထိုက်သင့်သလို ပါဝင်သည်ချည်းပင်ဖြစ်ပေသည်။

သို့သော် မှတ်သားထားသင့်သောအချက်မှာ ဤစရိယာပိဋကပါဠိတော်၌ ပညာပါရမီ ဝီရိယ-ပါရမီနှင့် ခန္တီပါရမီ ဤပါရမီ ၃-ပါးဆိုင်ရာဇာတ်တော်များမပါရှိခဲ့ပေ၊ အဘယ့်ကြောင့် ဤပါရမီ ၃-ပါးဆိုင်ရာ ဇာတ်တော်များ မပါရှိကြောင်း အဋ္ဌကထာကလည်း ဖွင့်ပြမထားခဲ့သဖြင့် အတိ

http://www.dhammadownload.com



အကျ သိခွင့် မရှိဟု ဆိုရပေမည်၊ ပညာပါရမီ ဝီရိယပါရမီနှင့် ခန္တီပါရမီတော်တို့မှာ ဒါန သီလ စသော ပါရမီတော်တို့တွင် မပါလျှင် မပြီး ပါနိုင်သော ပါရမီတော်ချည်းပင် ဖြစ်သဖြင့် အထူး ဟောတော်မမူခဲ့လေသလော မသိ; ဤစရိယာပိဋကပါဠိတော်၌ မပါရှိခဲ့သည်ကိုကား အထူး သတိ ချပ်၍ မှတ်သားဖွယ်ရာပင် ဖြစ်ပေသည်။

## စရိယာပိဋကနှင့်ဇာတ်ပါဠိတော်

ဤစရိယာပိဋကပါဠိတော်၌ပါဝင်သော ဇာတ်တော် ၃၅-ဇာတ်မှာ ဇာတ်ပါဠိတော်(၅၅၀-ခေါ် သောဇာတ်များ)၌ ပါဝင်သော ဇာတ်တော်များပင်ဖြစ်ပေ၏၊ သို့ပင်ဖြစ်လင့်ကစား တဇာတ် တော်တည်းပင်ဖြစ်သော်လည်း အချိန်ကာလ ဟောတော်မူရာဌာန အကြောင်း နိဒါန်း စသည် ကွာခြားသကဲ့သို့ပင် ဟောတော်မူပုံ အခြင်းအရာချင်းလည်း မတူပေ။

စရိယာပိဋကပါဠိတော်ကို မြတ်စွာဘုရားသည် ဝါတော်နှစ်ဝါရ ဘုရားဖြစ်တော်မူစ အချိန်တွင် ကပိလဝတ်ပြည်၌(ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့် အတိုင်း)အသျှင်သာရိပုတြာ မေးမြန်း လျှောက်ထား ချက်အရ ဟောတော်မူခဲ့၏၊ ဇာတ်ပါဠိတော်လာ ဇာတ်တော်များကား ဘုရားဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန်စံဝင်တော်မမူမီအတွင်း ထိုထိုအရပ် ထိုထိုအကြောင်း နိဒါန်းတို့ကြောင့် ထိုက်သင့် သလို ချဲ့ထွင်ဟောပြတော်မူခဲ့သော ဇာတ်တော်များဖြစ်ပေသည်။

သာဓကအနေဖြင့် ဤစရိယာပိဋကပါဠိတော်မှ အဦးဆုံးဖြစ်သော အကိတ္တိဇာတ်ကို ကြည့်ရှု နိုင်ပေသည်၊ ဤ၌ အကိတ္တိဇာတ်ပုံသဏ္ဌာန်မှာ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာအား မိမိ အကိတ္တိရသေ့ဖြစ်စဉ်က တွေ့ကြုံရပုံ ဒါနပါရမီဖြည့်ကျင့်ရပုံကို ရိုးရိုးကလေးဟောပြသွားလေသည်၊ ဇာတ်ပါဠိတော်တွင်ကား ဤကဲ့သို့မဟုတ်ပေ၊ ဤအကိတ္တိဇာတ်ကို ဇာတ်ပါဠိတော်တေရသက နိပါတ်၌ တွေ့ရှိနိုင်၏၊ဇာတ်ပါဠိတော်လာ အကိတ္တိဇာတ်ကား မြတ်စွာဘုရားဝါတော်နှစ်ဆယ်ကျော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူချိန် သာဝတ္ထိပြည်၌ အလှူရှင်တဦးကို အကြောင်းပြု၍ အနုမောဒနာတရား ဟောတော်မူရာတွင် ဟောပြတော်မူခဲ့ခြင်း ဖြစ်သည်၊ ဟောတော်မူသည့် ပုံသဏ္ဌာန်မှာ အချင်းချင်းစကားဆိုဟန်တို့ဖြင့် ဇာတ်တော်များ ဟောရိုး အတိုင်း ဟောထားသည်ကို တွေ့ရသည်။

ထို့ပြင်လည်း ဤစရိယာပိဋကပါဠိတော်၌ ဝေဿန္တရာဇာတ်ကို ဂါထာ ၅၇-ဂါထာမျှဖြင့် ဒါန ပါရမီသာဘော ပေါ်လွင်အောင် အကျဉ်းသာမည ရိုးရိုးကလေးသာ ဟောပြခဲ့သော်လည်း ဇာတ် ပါဠိတော် မဟာနိပါတ်၌မူ ဝေဿန္တရာဇာတ်တော်ကို ဂါထာပေါင်း ၉၈၅-ဂါထာတို့ဖြင့် အဆန်း တကြယ် ဟောကြားထားခဲ့လေသည်၊ အချုပ်မှာ ဤစရိယာပိဋကပါဠိတော်၌ ဇာတ်တော် ဟောရိုးအတိုင်းမဟုတ်ဘဲ ပါရမီဖြည့်ပုံသဘော ပေါ်လွင်ရုံမျှသာ ပါရမီတော်အစဉ်အတိုင်း(ပညာ ဝီရိယ ခန္တီမှတပါး)ရိုးရိုးကလေး လိုရင်းကိုချုပ်၍ ဟောပြတော်မူခဲ့၍ ဇာတ်ပါဠိတော်၌ကား အကြောင်းနိဒါန်းအားလျော်စွာ သိုင်းဝိုင်းချဲ့ထွင် တန်ဆာဆင်၍ နာချင်စဖွယ် ဟောပြတော် မူကြောင်း ခွဲခြားမှတ်သားထားသင့်ပေသည်။

ယင်းသို့ လက်ျာတော်ရံ အဂ္ဂသာဝကကြီး အသျှင်သာရိပုတြာ တောင်းပန်လျှောက်ထားဆဖြင့် ကပိလဝတ်ပြည် နိဂြောဓာရုံဉယျာဉ်တော်၌ ဆွေတော်မျိုးတော်တို့အလယ် ပြာဋိဟာပွဲတွင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားအပ်သော ဗုဒ္ဓဝံသနှင့် စရိယာပိဋကပါဠိတော်တို့၏ မြန်မာ

http://www.dhammadownload.com



ပြန် ချမ်းကြီးနှစ်ဆူကို ထေရ ထေရီ အပဒါန်မြန်မာပြန်များနှင့်တွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့မှ ဆိုင်ရာအဋ္ဌကထာ ဋီကာ နိဿယတို့နှင့်ရင်း မြန်မာဝေါဟာရဆိုင်ရာ ကျမ်းဂန်များနှင့်ရင်း ညှိနှိုင်းကာ အပိုအလိုမရှိ ပြေပြစ်စွာ မြန်မာဘာသာ ပြန်ဆိုထားပေသည်။

ထို့ကြောင့် သဒ္ဒါအရသာ အနက်အရသာ နှစ်ဖြာပြည့်စုံသည့် ဤဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော်မြန်မာပြန်များကို ပါဠိဘာသာကို မလေ့လာ မတတ်ကျွမ်းသည့် သူတော်စင်ပုဂ္ဂိုလ်တို့ လေ့လာတိုးပွါး အကျိုးများနိုင်ကြစေရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ဖြန့်ချိလိုက်ရခြင်း ဖြစ်ပေသတည်း။

[ စာဖတ်သူ ကလျာဏအပေါင်း သူတော်ကောင်းတို့ အလွယ်တကူသိမှတ်ကြစေခြင်းငှါ ဂေါတမရှင်တော်ဘုရားအလောင်း (နိယတဗျာဒိတ်ရသည့် အချိန်ကစ၍)ဆုတောင်းဆုယူ ပြုခဲ့သည့် ဘုရား ၂၄-ဆူတို့၏စာရင်းကို ပါရမီဖြည့်ရာကာလ ပွင့်တော်မူသည့်ကမ္ဘာ စသည်တို့နှင့်တကွ တဖက်တွင် ဇယားကွက်ဖြင့် ဖော်ပြလိုက်ပါသည် ]။

http://www.dhammadownload.com

# ဗုဒ္ဓဝင်အချုပ်ဇယား

| ဘုရားအဖွဲ့တော် | ၁-ဒီပင်္ကရာ | ၂-ကောဏ္ဍည * | ၃-မင်္ဂလ * |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရမဏ္ဍ | သာရ | သာရမဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၄-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၃-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် |
| ၃-ပြည်တော် | ရမ္မာဝတီ | ရမ္မာဝတီ | ဥတ္တရ |
| ၄-ခမည်းတော် | သုဒေဝ | သုနန္ဒ | ဥတ္တရ |
| ၅-မယ်တော် | သုမေဓာ | သုဇာတာ | ဥတ္တရာ |
| ၆-ပြာသာဒ်သုံးဆောင် | ဟံသ,ကောဉ္စ,မယူရ | သုစိ,သုရုစိ,သုဘ | ယသဝါ,ရုစိမာ,သိရိမာ |
| ၇-မိဖုရား | ပဒုမာ | ရုစိဒေဝီ | ယသဝတီ |
| ၈-သားတော် | ဥသဘက္ခန္ဓ | ဝိဇိတသေန | သီဝလ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၁-သောင်း | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ဆင်ယာဉ် | ရထားယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၁၀-လ | ၈-လ |
| ၁၂-ဗောဓိပင် | ညောင်ကြတ်ပင် | နုပဲပင် | ကံ့ကော်ပင် |
| ၁၃-လကျ်ာရံထေရ် | သုမင်္ဂလ | ဘဒ္ဒ | သုဒေဝ |
| ၁၄-လက်ဝဲရံထေရ် | တိဿ | သုဘဒ္ဒ | ဓမ္မသေန |
| ၁၅-အလုပ်အကျွေး | သာဂတ | အနုရုဒ္ဓ | ပါလိတ |
| ၁၆-လကျ်ာရံထေရီမ | နန္ဒာ | တိဿာ | သီဝလာ |
| ၁၇-လက်ဝဲရံထေရီမ | သုနန္ဒာ | ဥပတိဿာ | အသောကာ |
| ၁၈-ဉာဏ်တော် | အတောင်-၈၀ | ၈၈-တောင် | ၈၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၃၆-ယူဇနာ | ၇-ယူဇနာ | ယူဇနာ-၃၀ |
| ၂၁-ဘုရားအလောင်း | သုမေဓာရသေ့ | ဝိဇိတာဝီစကြာမင်း | သုရုစိပုဏ္ဏား |
| ၂၂-ပါရမီဖြည့်ရကာလ | .... .... .... | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း |

http://www.dhammadownload.com



# ဗုဒ္ဓဝင်ပါဠိတော် မြန်မာပြန်

| ဘုရားအဆွဲတော် | ၄-သုမန | ၅-ရေဝတ | ၆-သောဘိတ* |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရမဏ္ဍ | သာရမဏ္ဍ | သာရမဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် |
| ၃-ပြည်တော် | မေခလ | သုဓညဝတီ | သုဓမ္မ |
| ၄-ခမည်းတော် | သုဒတ္တ | ဝိပုလ | သုဓမ္မ |
| ၅-မယ်တော် | သိရိမာ | ဝိပုလာ | သုဓမ္မာ |
| ၆-ပြာသာဒ်သုံးဆောင် | စန္ဒ,သုစန္ဒ,ပဋံသ | သုဒဿန,ရတနဂ္ဃိ, အာဝေဠ | ကုမုဒ,နာဠိန,ပဒုမ |
| ၇-မိဖုရား | ဝဋံသိကာ | သုဒဿနာ | မဏိလာ |
| ၈-သားတော် | အနုပမ | ဝရုဏ | သီဟ |
| ၉-စည်းစိမ်စံနှစ် | ၉-ထောင် | ၆-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ဆင်ယာဉ် | ရထားယာဉ် | ပြာသာဒ်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၇-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ကံ့ကော်ပင် | ကံ့ကော်ပင် | ကံ့ကော်ပင် |
| ၁၃-လက်ျာရံထေရ် | သရဏ | ဝရုဏ | အသမ |
| ၁၄-လက်ဝဲရံထေရ် | ဘာဝိတတ္တ | ဗြဟ္မဒေဝ | သုနေတ္တ |
| ၁၅-အလုပ်အကျွေး | ဥဒေန | သမ္ဘဝ | အနောမ |
| ၁၆-လက်ျာရံထေရီမ | သောဏာ | ဘဒ္ဒါ | နကုလာ |
| ၁၇-လက်ဝဲရံထေရီမ | ဥပသောဏာ | သုဘဒ္ဒါ | သုဇာတာ |
| ၁၈-ဉာဏ်တော် | အတောင်-၉၀ | အတောင်-၈၀ | ၅၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၉-သောင်း | အနှစ် ၆-သောင်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၄-ယူဇနာ | စေတီအများ | စေတီအများ |
| ၂၁-ဘုရားအလောင်း | အတုလနဂါးမင်း | အတိဒေဝပုဏ္ဏား | သုဇာတပုဏ္ဏား |
| ၂၂-ပါရမီဖြည့်ရကာလ | .... .... .... | .... .... ... | ၄-သင်္ချေနှင့်ကမ္ဘာ တသိန်း |

http://www.dhammadownload.com



## ဗုဒ္ဓဝင်အချုပ်ဇယား

| ဘုရားဆွဲတော် | ၇-အနောမဒဿီ* | ၈-ပဒုမ | ၉-နာရဒ* |
|---|---|---|---|
| ၁-ကမ္ဘာအမည် | ဝရ | ဝရ | ဝရ |
| ၂-ကမ္ဘာအရေအတွက် | ၁-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၁-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၁-သင်္ချေနှင့် ကမ္ဘာ တသိန်းထက် |
| ၃-ပြည်တော် | စန္ဒဝတီ | စမ္ပက | ဓညဝတီ |
| ၄-ခမည်းတော် | ယသဝါ | အသမ | သုဒေဝ |
| ၅-မယ်တော် | ယသောဓရာ | အသမာ | အနောမာ |
| ၆-ပြာသာဒ်သုံးဆောင် | သိရီ,ဥပသိရီ,ဝစု | နန္ဒုတ္တရ,ဝသုတ္တရ, ယသုတ္တရ | ဇိတ,ဝိဇိတ,အဘိရာမ |
| ၇-မိဖုရား | သိရိမာ | ဥတ္တရာ | ဝိဇိတသေနာ |
| ၈-သားတော် | ဥပဝါဏ | ရမ္မ | နန္ဒုတ္တရ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၁-သောင်း | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ရွှေထမ်းစင်ယာဉ် | ရထားယာဉ် | ခြေကျင် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၈-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ဖောက်ကြဲ့ပင် | ကြောင်လျှာပင် | ကြောင်လျှာကြီးပင် |
| ၁၃-လက်ျာရံထေရ် | နိသဘ | သာလ | ဘဒ္ဒသာလ |
| ၁၄-လက်ဝဲရံထေရ် | အနောမ | ဥပသာလ | ဝိဇိတမိတ္တ |
| ၁၅-အလုပ်အကျွေး | ဝရုဏ | ဝရုဏ | ဝါသေဋ္ဌ |
| ၁၆-လက်ျာရံထေရီမ | သုန္ဒရီ | ရာဓာ | ဥတ္တရာ |
| ၁၇-လက်ဝဲရံထေရီမ | သုမနာ | သုရာဓာ | ဖဂ္ဂုနီ |
| ၁၈-ဉာဏ်တော် | ၅၈-တောင် | ၅၈-တောင် | ၈၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၂၅-ယူဇနာ | စေတီအများ | ၄-ယူဇနာ |
| ၂၁-ဘုရားအလောင်း | ဘီလူးစစ်သူကြီး | ခြင်္သေ့မင်း | ရသေ့ရဟန်း |
| ၂၂-ပါရမီဖြည့်ရာကာလ | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း | .... .... .... | ၄-သင်္ချေနှင့်ကမ္ဘာ တသိန်း |

http://www.dhammadownload.com



| ဘုရားအဆွဲတော် | ၁၀-ပဒုမုတ္တရ | ၁၁-သုမေဓ | ၁၂-သုဇာတ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ကမ္ဘာ ၁-သိန်းထက် | ကမ္ဘာသုံးသောင်းထက် | ကမ္ဘာ ၃-သောင်းထက် |
| ၃-ပြည်တော် | ဟံသဝတီ | သုဒဿန | သုမင်္ဂလ |
| ၄-ခမည်းတော် | အာနန္ဒ | သုဒတ္တ | ဥဂ္ဂတ |
| ၅-မယ်တော် | သုဇာတာ | သုဒတ္တာ | ပဘာဝတီ |
| ၆-ပြာသာဒ်သုံးဆောင် | နရဝါဟန, ယသဝါဟန,သုစန္ဒန, ကဥ္စန, သိရိဝဍ္ဎနသိရီ,ဥပသိရီ,နန္ဒ ဝသဝတ္တီ | | |
| ၇-မိဖုရား | ဝသုဒတ္တာ | သုမနာ | သိရိနန္ဒာ |
| ၈-သားတော် | ဥတ္တရ | ပုနဗ္ဗသု | ဥပသေန |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၉-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ပြာသာဒ်ယာဉ် | ဆင်ယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၇-ရက် | ၁၅-ရက် | ၉-လ |
| ၁၂-ဗောဓိပင် | ထင်းရှူးပင် | မအူကြီးပင် | ကြခတ်ဝါးပင် |
| ၁၃-လက်ျာရံထေရ် | ဒေဝလ | သရဏ | သုဒဿန |
| ၁၄-လက်ဝဲရံထေရ် | သုဇာတ | သဗ္ဗကာမ | သုဒေဝ |
| ၁၅-အလုပ်အကျွေး | သုမန | သာဂရ | နာရဒ |
| ၁၆-လက်ျာရံထေရီမ | အမိတာ | ရာမာ | နာဂါ |
| ၁၇-လက်ဝဲရံထေရီမ | အသမာ | သုရာမာ | နာဂသမာလာ |
| ၁၈-ဉာဏ်တော် | ၅၈-တောင် | ၈၈-တောင် | အတောင်-၅၀ |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း | အနှစ် ၉-သောင်း |
| ၂၀ စေတီအမြင့် | ၁၂-ယူဇနာ | စေတီအများ | ၃-ဂါဝုတ် |
| ၂၁-ဘုရားအလောင်း | ဇဋိလမင်း | ဥတ္တရလုလင် | စကြဝတေးမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... .... | .... .... .... | .... .... |

http://www.dhammadownload.com



| ဘုရားအဆွဲတော် | ၁၃-ပိယဒဿီ | ၁၄-အတ္ထဒဿီ | ၁၅-ဓမ္မဒဿီ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | ဝရ | ဝရ | ဝရ |
| ၂-ကမ္ဘာအရေအတွက် | ၁၁၈-ကမ္ဘာထက် | ၁၁၈-ကမ္ဘာထက် | ၁၁၈-ကမ္ဘာထက် |
| ၃-ပြည်တော် | သုဓညဝတီ | သောဘဏ | သရဏ |
| ၄-ခမည်းတော် | သုဒတ္တ | သာဂရ | သရဏ |
| ၅-မယ်တော် | စန္ဒာ | သုဒဿနာ | သုနန္ဒာ |
| ၆-ပြာသာဒ်သုံးဆောင် | သုနိမ္မလ,ဝိမလ,ဂိရိဂုဟ | အမရ,ဂိရိ,သုဂိရိဝါဟန | အရဇ,ဝိရဇ,သုဒဿန |
| ၇-မိဖုရား | ဝိမလာ | ဝိသာခါ | ဝိစိကောဠိ |
| ၈-သားတော် | ကဉ္စနာဝေဠ | သေလ | ပုညဝဍ္ဎန |
| ၉-စည်းစိမ်စံနှစ် | ၉-ထောင် | ၁-သောင်း | ၈-ထောင် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | မြင်းယာဉ် | ပြာသာဒ်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၆-လ | ၈-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ရေခံတက်ပင် | စကားပင် | သံသတ်ပင် |
| ၁၃-လကျ်ာရံထေရ် | ပါလိတ | သန္တ | ပဒုမ |
| ၁၄-လက်ဝဲရံထေရ် | သဗ္ဗဒဿီ | ဥပသန္တ | ဖုဿဒေဝ |
| ၁၅-အလုပ်အကျွေး | သောဘိဝ | အဘယ | သုနေတ္တ |
| ၁၆-လကျ်ာရံထေရီမ | သုဇာတာ | ဓမ္မာ | ခေမာ |
| ၁၇-လက်ဝဲရံထေရီမ | ဓမ္မဒိန္နာ | သုဓမ္မာ | သစ္စနာမာ |
| ၁၈-ဉာဏ်တော် | အတောင်-၈၀ | အတောင်-၈၀ | အတောင်-၈၀ |
| ၁၉-အသက်တမ်း | အနှစ် ၉-သောင်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း |
| ၂၀-စေတီအမြင့် | ၃-ယူဇနာ | စေတီအများ | ၃-ယူဇနာ |
| ၂၁-ဘုရားအလောင်း | ကဿပပုဏ္ဏား | သုသိမရသေ့ | သိကြားမင်း |
| ၂၂-ပါရမီဖြည့်ရကာလ .... .... .... | .... .... .... | .... .... .... | |

http://www.dhammadownload.com



| ဘုရားဆွဲတော် | ၁၆-သိဒ္ဓတ္ထ | ၁၇-တိဿ | ၁၈-ဖုဿ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာ အရေအတွက် | ၉၄-ကမ္ဘာထက် | ၉၂-ကမ္ဘာထက် | ၉၂-ကမ္ဘာထက် |
| ၃-ပြည်တော် | ဝေဘာရ | ခေမက | ကာသိက |
| ၄-ခမည်းတော် | ဥဒေန | ဇနသန္ဓ | ဇယသေန |
| ၅-မယ်တော် | သုဖဿာ | ပဒုမာ | သိရိမာ |
| ၆-ပြာသာဒ်သုံးဆောင် | ကောက, သုပ္ပလ, ကောကနဒ | ဂုဟာသေလ, နာရိသယ, နိသဘ | ဂရုဠပက္ခ, ဟံသ, သုဝဏ္ဏ- သာရ |
| ၇-မိဖုရား | သောမနဿာ | သုဘဒ္ဒါ | ကိသာဂေါတမီ |
| ၈-သားတော် | အနုပမ | အာနန္ဒ | အနုပမ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၇-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ရွှေထမ်းစင်ယာဉ် | မြင်းယာဉ် | ဆင်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၈-လ | ၆-လ |
| ၁၂-ဗောဓိပင် | မဟာလှေကားပင် | ပိတောက်ပင် | သျှိသျှားပင် |
| ၁၃-လက်ျာရံထေရ် | သမ္ဗလ | ဗြဟ္မဒေဝ | သုရက္ခိတ |
| ၁၄-လက်ဝဲရံထေရ် | သုမိတ္တ | ဥဒယ | ဓမ္မသေန |
| ၁၅-အလုပ်အကျွေး | ရေဝတ | သမင်္ဂ | သဘိယ |
| ၁၆-လက်ျာရံထေရီမ | သီဝလာ | ဖုဿာ | စာလာ |
| ၁၇-လက်ဝဲရံထေရီမ | သုရာမာ | သုဒတ္တာ | ဥပစာလာ |
| ၁၈-ဉာဏ်တော် | အတောင်-၆၀ | အတောင်-၆၀ | ၅၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၄-ယူဇနာ | ၃-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | မင်္ဂလရသေ့ | သုဇာတမင်း | ဝိဇိတာဝီမင်း |
| ၂၂-ပါရမီဖြည့်ရကာလ | .... .... .... | .... .... .... | .... .... ...., |

# ဗုဒ္ဓဝင်အချုပ်ဇယား



| ဘုရားအဲွတော် | ၁၉-ဝိပဿီ | ၂၀-သိခီ | ၂၁-ဝေဿဘူ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၉၁-ကမ္ဘာထက် | ၃၁-ကမ္ဘာထက် | ၃၁-ကမ္ဘာထက် |
| ၃-ပြည်တော် | ဗန္ဓုမတီ | အရုဏဝတီ | အနောမ |
| ၄-ခမည်းတော် | ဗန္ဓုမ | အရုဏ | သုပ္ပတီတ |
| ၅-မယ်တော် | ဗန္ဓုမတီ | ပဘာဝတီ | ယသဝတီ |
| ၆-ပြာသာဒ်သုံးဆောင် | နန္ဒ,သုနန္ဒ,သိရိမာ | သုစန္ဒက,ဂိရိ,ဝသဘ | ရုစိ,သုရုစိ,ရတိဝဍ္ဎန |
| ၇-မိဖုရား | သုဒဿနာ | သဗ္ဗကာမာ | သုစိတ္တာ |
| ၈-သားတော် | သမဝတ္တက္ခန္ဓ | အတုလ | သုပ္ပဗုဒ္ဓ |
| ၉-စည်းစိမ်စံနှစ် | ၈-ထောင် | ၇-ထောင် | ၆-ထောင် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | ဆင်ယာဉ် | ရွှေထမ်းစင်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၈-လ | ၈-လ | ၆-လ |
| ၁၂-ဗောဓိပင် | သခွတ်ပင် | သရက်ဖြူပင် | အင်ကြင်းပင် |
| ၁၃-လက်ျာရံထေရ် | ခဏ္ဍ | အဘိဘူ | သောဏ |
| ၁၄-လက်ဝဲရံထေရ် | တိဿ | သမ္ဘဝ | ဥတ္တရ |
| ၁၅-အလုပ်အကျွေး | အသောက | ခေမင်္ကရ | ဥပသန္တ |
| ၁၆-လက်ျာရံထေရီမ | စန္ဒာ | သခိလာ | ဒာမာ |
| ၁၇-လက်ဝဲရံထေရီမ | စန္ဒမိတ္တာ | ပဒုမာ | သမာလာ |
| ၁၈-ဥဇ္ဈာ်တော် | အတောင်-၈၀ | အတောင်-၇၀ | အတောင်-၆၀ |
| ၁၉-အသက်တမ်း | အနှစ် ၈-သောင်း | အနှစ် ၇-သောင်း | အနှစ် ၆-သောင်း |
| ၂၀-စေတီအမြင့် | ၇-ယူဇနာ | ၃-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | အတုလနဂါးမင်း | အရိန္ဒမမင်း | သုဒဿနမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ .... | .... .... | .... .... .... | .... .... .... |

http://www.dhammadownload.com



## ဗုဒ္ဓဝင်ပါဠိတော် မြန်မာပြန်

| ဘုရားအဆွဲတော် | ၂၂-ကကုသန် | ၂၃-ကောဏာဂုံ | ၂၄-ကဿပ | ၂၅-ဂေါတမ* |
|---|---|---|---|---|
| ၁-ကမ္ဘာအမည် | ဘဒ္ဒ | ဘဒ္ဒ | ဘဒ္ဒ | ဘဒ္ဒ |
| ၂-ကမ္ဘာအရေအတွက် | ဤဘဒ္ဒကကမ္ဘာ | ဤဘဒ္ဒကကမ္ဘာ | ဤဘဒ္ဒကဂမ္ဘာ | ဤဘဒ္ဒကကမ္ဘာ |
| ၃-ပြည်တော် | ခေမဝတီ | သောဘဝတီ | ဗာရာဏသီ | ကပိလဝတ် |
| ၄-ခမည်းတော် | အဂ္ဂိဒတ္တ | ယညဒတ္တ | ဗြဟ္မဒတ္တ | သုဒ္ဓေါဒန |
| ၅-မယ်တော် | ဝိသာခါ | ဥတ္တရာ | ဓနဝတီ | မဟာမာယာ |
| ၆-ပြာသာဒ်သုံးဆောင် | ကာမ,ကာမဝဏ္ဏ, ကာမသုဒ္ဓိ | တုသိတ,သန္တုသိတ, သန္တုဋ္ဌ | ဟံသ,ယသ, သိရိနန္ဒ | ရမ္မ,သုရမ္မ,သုဘ |
| ၇-မိဖုရား | ရောစိနီ | ရုစိဂတ္တာ | သုနန္ဒာ | ဘဒ္ဒကစ္စာနာ |
| ၈-သားတော် | ဥတ္တရ | သတ္ထဝါဟ | ဝိဇိတသေန | ရာဟုလာ |
| ၉-စည်းစိမ်စံနှစ် | ၄-ထောင် | ၃-ထောင် | ၂-ထောင် | ၂၉-နှစ် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | ဆင်ယာဉ် | ပြာသာဒ်ယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၈-လ | ၆-လ | ၇-ရက် | ၆-နှစ် |
| ၁၂-ဗောဓိပင် | ကုက္ကိုပြင် | ရေသဖန်းပင် | ပညောင်ပင် | ညောင်ဗုဒ္ဓဟေပင် |
| ၁၃-လက်ျာရံထေရ် | ဝိဓုရ | ဘိယျောသ | တိဿ | ဥပတိဿ |
| ၁၄-လက်ဝဲရံထေရ် | သဉ္ဇိဝ | ဥတ္တရ | ဘာရဒွါဇ | ကောလိတ |
| ၁၅-အလုပ်အကျွေး | ဗုဒ္ဓိဇ | သောတ္ထိဇ | သဗ္ဗမိတ္တ | အာနန္ဒ |
| ၁၆-လက်ျာရံထေရီမ | သာမာ | သမုဒ္ဒါ | အနုဠာ | ခေမာ |
| ၁၇-လက်ဝဲရံထေရီမ | စမ္ပာ | ဥတ္တရာ | ဥရုဝေဠာ | ဥပ္ပလဝဏ္ဏာ |
| ၁၈-ဉာဏ်တော် | အတောင်-၄၀ | အတောင်-၃၀ | အတောင်-၂၀ | ၁၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၄-သောင်း | အနှစ် ၃-သောင်း | အနှစ် ၂-သောင်း | အနှစ်-၁၀၀ |
| ၂၀-စေတီအမြင့် | ၁-ဂါဝုတ် | စေတီအများ | ၁-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | ခေမမင်း | ပဗ္ဗတမင်း | ဇောတိပါလ လုလင် | |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... | .... .... | .... .... | လေးသင်္ချေနှင့် ကမ္ဘာတသိန်း |

ဘုရားရှင်အသီးသီးတို့၏ ပါရမီဖြည့်ရာ ကာလများကို ရှာဖွေသောအခါ * ဤခရေပွင့်ပြရာ ဘုရားရှင်ခြောက်ဆူတို့၏ ပါရမီဖြည့်ရာကာလများကိုသာ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ပြဆိုထားသည်ကို တွေ့ရ၏။

ကပ်ကမ္ဘာသည် (၁) သာရ (၂) မဏ္ဍ (၃) ဝရ (၄) သာရမဏ္ဍ (၅) ဘဒ္ဒဟူ၍ ၅-မျိုး ရှိသည်။ ထို ၅-မျိုးအနက် (၁) သာရ၌ ဘုရား ၁-ဆူသာပွင့်သည် (၂) မဏ္ဍ၌ ၂-ဆူ (၃) ဝရ၌ ၃-ဆူ (၄) သာရမဏ္ဍ၌ ၄-ဆူ (၅) ဘဒ္ဒ၌ ၅-ဆူ အသီးသီး ပွင့်တော်မူကြလေသည်။

http://www.dhammadownload.com

## အပဒါန်ပါဠိတော် မြန်မာပြန်

## (ပဉ္စမအုပ်)

# ကျမ်းဦးမှတ်ဖွယ်

### ထေရာပဒါန်ပါဠိတော် မြန်မာပြန် ပဉ္စမတွဲအကြောင်း

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်ကြီး၌ ထေရာပဒါန် ထေရီပဒါန်ဟူ၍ အပိုင်းနှစ်ပိုင်းရှိလေသည်၊ ထိုနှစ်ပိုင်းတို့တွင် ဂေါတမမြတ်စွာဘုရား, လေးဆယ့်တပါးသော ပစ္စေကဗုဒ္ဓါများနှင့် အသျှင်သာရိပုတြာအစ အသျှင်ရဋ္ဌပါလအဆုံး ငါးရာ့ငါးဆယ့်ကိုးပါးသော ရဟန္တာမထေရ်များ၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရာပဒါန်ဟုခေါ်ဆိုလေသည်၊ သုမေဓာထေရီအစ ပေသလာထေရီအဆုံး လေးဆယ်သော ရဟန္တာထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရီပဒါန်ဟု ခေါ်ဆိုလေသည်။

[အပဒါန်ဟူသည်မှာ အပဒါနဟူသော မာဂဓဘာသာမှ မြန်မာဘာသာသို့ ပါဌာနုသာရီ သတ်ပုံနည်းဖြင့် ပြန်ဆိုထားခြင်းပင် ဖြစ်ပေ၏၊ ယင်းအပဒါနသဒ္ဒါသည် အကြောင်းအဋ္ဌုပ္ပတ္တိဟူသော အနက်, ယူခြင်း, ဖဲသွားခြင်း, ဆဲရေးရေရွတ်ခြင်း, အစဉ်, ပိုင်းဖြတ်ခြင်းစသော အနက်တို့၌ ဖြစ်ရာ ဤ၌ အကြောင်းအဋ္ဌုပ္ပတ္တိဟောဖြစ်ကြောင်း အပဒါန်အဋ္ဌကထာ ဗုဒ္ဓဝဂ်-၁၁၃-အပဒါနအဖွင့်၌ ပြဆိုထား၏၊ ဤအပဒါနဟူသော အသုံးကို ဒီဃနိကာယ်စသော နိကာယ်ကြီးတို့၌လည်း အသုံးပြုခဲ့သည်ကို တွေ့ရသည်၊ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်၌ မဟာပဒါန (မဟာ+အပဒါန) သုတ်ဟုရှိရာ ၎င်းသုတ်၌ ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိကို ဟောထားပေသည်၊ ၎င်းသုတ်၏ အဋ္ဌကထာ (ဒီ-ဋ္ဌ-၂-၇၀၊၇၁) ၌ လည်း "ဝိပဿိဿ ဘဂဝတော အပဒါနာနုသာရေန ဉာမသိဒ္ဓိ သုတ္တေ ဝိပဿိဿ ဘဂဝတော အပဒါနဝသေန"ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်၊ ထို့အတူပင် မူလပဏ္ဏာသပါဠိတော်အဋ္ဌကထာ ဋီကာတို့၌လည်း တွေ့နိုင်ပေသည်၊ ၎င်းပုဒ်ကို မူလပဏ္ဏာသ ဋ္ဌ-၁-၃၇၁၊၌ "အတ္တနော စရိယာ"ဟု ဖွင့်၍ ယင်းဋီကာ (မ-ဋီ-၂-၅၀)၌ကား "ကောင်းသောအားဖြင့်ဖြစ်စေ, မကောင်းသောအားဖြင့်ဖြစ်စေ, ဖြစ်သော ပယောဂ"ဟု အဓိပ္ပါယ်ဆို၏၊ အဘိဓာန်ဋီကာ၌လည်း ထိုနည်းအတိုင်းပင် "ဤသို့ ရှေးက ငါကျင့်ဘူးပြီ"ဟု ဆိုအပ်သော ကောင်း မကောင်းသော အယူကို အပဒါနခေါ်ကြောင်း တွေ့ရပေ၏၊ (ဓာန်-ဋီ-၉၄၄၊ ဂါထာဖွင့်) ထို့ကြောင့် အပဒါနဟူသည် ပုဂ္ဂိုလ်တဦးတယောက်၏ အကောင်းအဆိုး အဖြစ်အပျက်ကိုပင် ဆိုလို၍ ၎င်းအကြောင်းအရာများကို ပြဆိုထားသော ကျမ်းကိုလည်း ဥပစာနည်းအားဖြင့် အပဒါန(အပဒါန်ကျမ်း)ဟုပင် ဆိုအပ်သည်ဟု မှတ်သားသင့်ပေသည်၊ သက္ကတကျမ်းများ၌ကား အဝဒါနဟုသုံး၍ အသောကာဝဒါနကျမ်း, ဒိဗျာဝဒါနကျမ်း အဝဒါနသတကကျမ်းဟူသော ကျမ်းများ ထင်ရှားရှိနေလေသည်]။

ယင်း ခုဒ္ဒကနိကာယ်၌ပင် ထေရဂါထာ, ထေရီဂါထာဟူသော ပါဠိတော်ကြီးနှစ်ကျမ်းလည်း တခမ်းတနား သီးခြားတည်ရှိနေကြပေသေးသည်၊ ထိုပါဠိတော်ကြီး နှစ်ကျမ်းတို့တွင် သုဘူတိမထေရ်စသော ရဟန္တာမထေရ်မြတ်ကြီး တရာ့ရှစ်ဆယ့်ငါးပါးတို့က မိမိတို့ ရရှိခံစားအပ်သော မာဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို ဆင်ခြင်၍ ဝမ်းသာရွှင်မြူး ဥဒါန်းရင့်ကျူးသောအားဖြင့်ဖြစ်စေ,

http://www.dhammadownload.com



သူဘာပါးမေးမြန်းလျှောက်ထားသည်ကို ပြန်လည်ဖြေကြားသောအားဖြင့်ဖြစ်စေ၊ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် သာသနာတော်မြတ်ကြီး၏ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကယ်တင်နိုင်သည်၏အဖြစ်ကို ထင်ရှားစေသောအားဖြင့်ဖြစ်စေ ဤသို့စသော အကြောင်းအားဖြင့် ကိုယ်တိုင်ဟောကြားတော်မူကြသော ဂါထာများကို ထေရဂါထာ ဟု ခေါ်ဆိုသည်၊ အညတရာထေရီ စသော ရဟန္တာထေရီခုနစ်ဆယ့်သုံးပါးတို့ ကိုယ်တိုင် ဟောကြားတော်မူကြသော ဂါထာများကိုမူ ထေရီဂါထာ ဟု ခေါ်ဆိုလေသည်။

အပဒါန်ပါဠိတော်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်ကြီးများမှာ ဘုရားရှင်လက်ထက်တော်က ထူးချွန်သော ပုဂ္ဂိုလ်များ၏ အဋ္ဌုပ္ပတ္တိတို့ကို ဖော်ပြသောပါဠိတော်ကြီးများဖြစ်ကြသဖြင့် အချင်းချင်း ဆက်စပ်လျက် ရှိနေကြပေသည်၊ ထို့ကြောင့် ထေရဂါထာ ထေရီဂါထာပါဠိတော်တို့၏ အဖွင့်အဋ္ဌကထာကို ပြုစီရင်တော်မူသော အာစရိယဓမ္မပါလမထေရ်မြတ်သည် ဆိုင်ရာရဟန္တာမထေရ်ကျော်, ထေရီကျော်တို့၏ အဋ္ဌုပ္ပတ္တိကို ဖွင့်ပြရာ၌ များသောအားဖြင့် အပဒါန်ပါဠိတော်ဂါထာများကို ထုတ်ဆောင်ကိုးကား၍ ရေးသားဖွင့်ဆိုတော်မူခဲ့လေသည်။

ဆိုအပဒါန်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်များသည် ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာ မကျွမ်းကျင်သူတို့အဖို့ ထူးချွန်၍ ကြည်ညိုဖွယ်ရာ အတုယူဖွယ်ရာဖြစ်သည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို သိရှိနားလည်နိုင်ရန် ခဲခက်လျက်ရှိရာ ယခုအခါ ဆဋ္ဌသံဂါယနာကို အကြောင်းပြု၍ ပါဠိတော်မြန်မာပြန်များ ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်သဖြင့် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြသည့် ထေရ ထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိအပြည့်အစုံကို မြန်မာစာ ဖတ်တတ်သူတိုင်းပင် ဖတ်ရှုသိရှိကြည်ညိုနိုင်ကြပြီ ဖြစ်ပေသည်။

ဤအပဒါန်ပါဠိတော် မြန်မာပြန်တွင်ပါရှိကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ပါရမီဖြည့်ကျင့်ရပုံ ဂုဏ်ထူးတေဒဂ်ရရှိပုံ စသည်တို့မှာ ကြည်ညိုဖွယ်ရာ အတုယူလိုက်နာဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံ ကုံလုံလျက်ရှိပေရာ ပါရမီဖြည့်ကျင့်ရပုံ တမျိုးတည်းဖြင့်ပင် သဒ္ဓါပသန္န ဖြစ်ထိုက်လှပေသည်။

## ဗောဓိဆုသုံးမျိုး

ဤအပဒါန်ပါဠိတော်တွင် ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန, ထေရာပဒါန, ထေရီပဒါနဟူ၍ အပိုင်းလေးပိုင်းရှိရာ ဗုဒ္ဓါပဒါနလာ သမ္မာသမ္ဗုဒ္ဓအတွက် သမ္မာသမ္ဗောဓိဆု, ပစ္စေကဗုဒ္ဓါပဒါနလာ ပစ္စေကဗုဒ္ဓါများအတွက် ပစ္စေကဗောဓိဆု, ထေရာပဒါနနှင့် ထေရီပဒါနများ၌လာသော သာဝက သာဝိကာများအတွက် သာဝကဗောဓိဆု ဟူ၍ ဆုပန်စဉ်ကပင် သုံးမျိုးသုံးစားခြားနားခဲ့ပေသည်။

[ဤနေရာ၌ ဗောဓိဟူသည်မှာ ဗောဓိပင်, အရိယမဂ်, နိဗ္ဗာန်နှင့် သဗ္ဗညုတဉာဏ်တော်ဟူသော အနက်လေးမျိုးရနိုင်ကြောင်း စရိယာပိဋကဋ္ဌကထာ, နိဒါနကထာ ၁၈-၌ ဖွင့်ဆိုထား၏၊ ပါရာဇိကဏ်အဋ္ဌကထာ စသော အဋ္ဌကထာကြီးတို့၌လည်း ထိုအတူ ဖွင့်ဆိုထားပေ၏၊ (ဝိ-ဋ္ဌ-၁-၁၀၉၊) "ရုက္ခော ဗောဓိ 'ဗုဇ္ဈတိ ဧတ္ထာ' တိ ကတွာ၊ မဂ္ဂေါ ဗောဓိ 'ဗုဇ္ဈတိ ဧတေနာ' တိ ကတွာ၊ သဗ္ဗညုတဉာဏံ ဗောဓိ သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဇ္ဈနတော၊ နိဗ္ဗာနံ ဗောဓိ ဗုဇ္ဈိတဗ္ဗတော" ဟူ၍ ဗောဓိ၏ ဝိဂ္ဂြိုဟ်ပြုစကားရပ်များကို သံယုတ်ဋီကာ ဒုတိယအုပ် စတုတ္ထဝဂ် ပုဗ္ဗေသမ္ဗောဓသုတ်အဖွင့် ၁၄၇-၌ ဋီကာဆရာ အာစရိယဓမ္မပါလက မိန့်ဆိုထားပေသည်၊ ထို့ပြင် ဤနေရာနှင့်တိုက်ရိုက် မသက်ဆိုင်သော်လည်း အဋ္ဌသာလိနီ၌၊

http://www.dhammadownload.com



စိတ္တုပ္ပါဒကဏ္ဍ ၂၆၂။ အင်္ဂုတ္တရငွါးကေကနိပါတ အပရအစ္ဆရာသံဃာတဝဂ် ၁၇၉-စသည်တို့၏ ဗောဇ္ဈင်္ဂပုဂ္ဂိုလ်တို့၌ "။ပ။ အရိယသာဝကော ဗုဇ္ဈတီတိ ကတွာ ဗောဓီတိ ဝုစ္စတိ" ဟု အရိယာတပည့်သားကိုလည်း ဗောဓိဟု ခေါ်နိုင်ကြောင်း ပြဆိုထားသည်၊ တဖန် "ဗုဇ္ဈနကသတ္တသ အင်္ဂဘူတာ သတ္တ ဓမ္မာ ယာယ ဝါ ဓမ္မသာမဂ္ဂိယာ သော ဗုဇ္ဈတိ၊ သမ္မောဟာနိဒ္ဒါတော ဝါ ဝုဋ္ဌာတိ၊ စတုသစ္စဓမ္မံ ဝါ သစ္ဆိကရောတိ၊ တဿာ ဗောဓိယာ အင်္ဂဘူတာတိပိ ဗောဇ္ဈင်္ဂါ" စသော ကေ္ခင်္ဂုတ္တရငွါကလျာဏမိတ္တတာဒိဝဂ် ၆၃-စသည်အရ ဗောဓိဟူသော စကားသည် သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိ တည်းဟူသော ဗောဓိသုံးမျိုးလုံးနှင့်ဆိုင်ကြောင်း သိသာသည်၊ သတိစသော တရားတို့၏ အညီအညွတ်ဖြစ်မှု, မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားမှု, သစ္စာလေးပါးကို မျက်မှောက်ပြုမှုတို့နှင့်ကင်း၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်မှု, ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်မှု, အရိယာသာဝကအဖြစ်သို့ ရောက်မှုဟူ၍ မည်သည့်နည်းနှင့်မျှ မရှိစကောင်းပေ၊ ထို့ကြောင့် သုတ်ပါထေယျပါဠိတော် သမ္ပသာဒနီယသုတ် ဂ၁-စသည်တို့၌ "သတ္တ သမ္ဗောဇ္ဈင်္ဂေ ယထာဘူတံ ဘာဝေတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိံသု" ဟူ၍ ဟောတော်မူသည်ကို တွေ့ရပေသည်။ ပဋိသမ္ဘိဒါမဂ်၊ ငွါ၊ မဟာဝဂ်၊ ဉာဏကထာ၊ သုတမယ-နိဒ္ဒေသဝဏ္ဏနာ ၉၄-၌လည်း "။ပ။ ဗောဇ္ဈင်္ဂါနံ ဗုဇ္ဈနဋ္ဌေန ဗောဓီတိ လဒ္ဓနာမဿ ပုဂ္ဂလဿ ။ပ။ "ဟု ဖွင့်ပြထားလေသည်]။

## သမ္မာသမ္ဗောဓိဆု

ထိုဗောဓိဆုသုံးမျိုးတို့တွင် သမ္မာသမ္ဗောဓိဆုကို ပန်ဆင်သော သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည်—

(က) ပညာဓိက=ပညာလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ခ) သဒ္ဓါဓိက=သဒ္ဓါလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ဂ) ဝီရိယာဓိက=ဝီရိယလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်းဟူ၍ ဘုရားအလောင်းတော် သုံးမျိုးသုံးစား ကွဲပြားလာလေသည်။

ထိုသုံးမျိုးတို့အနက် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရပြီးသည့်နောက် (က) ပညာဓိက ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်သည် ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်သည် တဆဲ့ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ဤသို့ အသီးသီး ပါရမီဖြည့်ပြီးမှသာလျှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရလေသည်။

အဘယ့်ကြောင့် ဤသို့ သုံးမျိုးသုံးစား ပါရမီဖြည့်ကျင့်ရာ၌ ကာလအထူးအပြား ဖြစ်ပေါ်လာရပါသနည်းဟု ဆိုသော် (က) ပညာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါနုန့်၍ ပညာထက်၏၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်တို့သည် ပညာအလတ်စားဖြစ်၏၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါပညာနုန့်၏[၁]၊ ဤသို့ ပညာ၏ အထက် အလတ် အနုန့်ကို

---

၁။ ဤအရာအတွက် သုတ္တနိပါတ်၊ ငွါ၊ ပ-၄၃ ၌ သဒ္ဓါပါသည်၊ စရိယာပိဋက အဋ္ဌကထာ-၃၂၀.၌ ကား ဝီရိယာဓိကာနံ ပညာ မန္ဒာ" ဟုသာ ပါလေသည်၊ သဒ္ဓါ မပါပေ။

http://www.dhammadownload.com



စွဲ၍ သမ္ဘာသမ္ဘောဓိဆုသည် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း,ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း, တဆဲ့ခြောက်အသင်္ချေနှင့်ကမ္ဘာတသိန်းဟူ၍ ပါရမီဖြည့်ကျင့်ရကာလ အတိုအရှည် ကွဲပြားရပုံကို ရှေးအဋ္ဌကထာကြီးတို့၌ ဆိုထားကြောင်းဖြင့် စရိယာပိဋကအဋ္ဌကထာ-၃၂၀-စသည်တို့၌ ညွှန်ပြတော်မူကြလေသည်။

အပရေဆရာတို့ကမူ ဝီရိယ ထက် လတ် နုန့်၏ အစွမ်းအားဖြင့် ဘုရားအလောင်းတော်တို့၏ ကာလအထူးအပြား ဖြစ်ရပုံကို ပြဆိုကုန်၏၊ သို့သော် ဝဒန္တိဝါဒတွင်မူ သာမန်အားဖြင့် ဝိမုတ္တိဉာဏ်၏ ရင့်ကျက်ကြောင်း ပါရမီတရားတို့၏ အဆင့်အတန်းအားလျော်စွာ ကာလထူးပြားဖြစ်လာနိုင်ကြောင်း စရိယာပိဋက အဋ္ဌကထာစသည်တို့၌ အဆိုရှိပေသည်။

ထိုအတူပင် ဆုတောင်းသည့်အခိုက်အတန့်၌ (၁) ဥဂ္ဃဋိတညူ (၂) ဝိပဉ္စိတညူ (၃) နေယျ ဟူ၍ သုံးမျိုးခွဲနိုင်သေးသည်၊ ထိုသုံးမျိုးတို့တွင် (၁)ဥဂ္ဃဋိတညူသည် နိယတဗျာဒိတ်ခတ်နှိပ်ပေးသနားတော်မူသော ဘုရားရှင်၏ ရှေ့တော်မှာပင် လေးပါဒရှိသော ဂါထာကို နာယူစဉ် တတိယပါဒ မဆုံးမီ အဘိညာဏ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရန်စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ (၂) ဝိပဉ္စိတညူသည် လေးပါဒရှိသောဂါထာကို နာကြား၍ မဆုံးမီ ဂါထာ၏ စတုတ္ထပါဒအရောက်၌ အဘိညာဏ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယ ရှိလေသည်၊ (၃) နေယျသည် လေးပါဒရှိ ဂါထာကို နာကြား၍ ဂါထာ၏ အဆုံး၌ အဘိညာဏ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ ဤသို့လျှင် ဘုရားအလောင်းတော်တို့သည် နိယတဗျာဒိတ်တော်ကို ခံယူစဉ်အခါကပင်လျှင် သာဝကအဖြစ်ဖြင့် ကျွတ်တမ်းဝင်လိုက ဝင်နိုင်သော ဥပနိဿယရှိလင့်ကစား သတ္တဝါများကို သနားခြင်း ကြီးမားတော်မူလှသဖြင့် ကမ္ဘာအသင်္ချေများစွာ သံသရာကာလပတ်လုံး ကိုယ်၏ ဆင်းရဲခြင်းကို ခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်ကာ ဘုရားအဖြစ်ကို ရယူတော်မူခဲ့လေသည်၊ (စရိယာပိဋက-ဋ္ဌ-ပကိဏ္ဏကကထာ-၃၂၀)။

ထိုသို့ ရယူခဲ့ရာ၌ လျင်မြန်စွာ ဖြစ်ပွင့်နိုင်သော ဖြတ်လမ်းသဘောမျိုး လုံးဝမရှိ၊ အမြန်ဆုံးအထက်ဆုံးဖြစ်သည့် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရသော ပညာဓိကဘုရားဖြစ်တော်မူမည့်အလောင်းတော်သည် နိယတဗျာဒိတ်ခံယူတော်မူပြီးနောက် နေ့စဉ်နေ့တိုင်း ဝေဿန္တရာမင်း၏ အလှူကြီးမျိုးကို ပေးနေလင့်ကစား ထိုအားလျော်သောသီလ စသည့် ပါရမီတို့ကို လွန်လွန်ကဲကဲ ဖြည့်ကျင့်လင့်ကစား လေးအသင်္ချေနှင့်ကမ္ဘာတသိန်း အချိန်မစေသေးသမျှ ဘုရားဖြစ်လာနိုင်ရိုးမရှိချေ၊ အဘယ့်ကြောင့်ဆိုသော် ဗောဓိဉာဏ်၏ ပြန့်ပြောရင့်ကျက်မှု မရှိသေးသောကြောင့်ပင်၊ သုံးလေးငါးလလွန်မှ ပွင့်သီးခြင်းသို့ရောက်မည့် ကောက်စပါးမျိုးကို ထိုလပိုင်းသို့ မရောက်မီ ပွင့်သီးရန် ရေအကြိမ်ပေါင်း ထောင်ကိုးရာလောင်းလင့်ကစား ကောက်စပါး၏ ပြန့်ပြောရင့်ကျက်ခြင်းသို့ မရောက်လာသေးသမျှ မပွင့်သီးနိုင်သကဲ့သို့ပင်တည်း၊ (သုတ္တနိပါတ-ဋ္ဌ-ခဂ္ဂဝိသာဏသုတ်အဖွင့်-၄၃)။

ဤပြဆိုခဲ့ပြီးသော ဘုရားအလောင်းတော်သုံးမျိုးတို့သည် ဗျာဒိတ်ခံယူပြီးနောက် (၁)ဥဿာဟဟူသော လုံ့လဇောတ်ခြင်း၊ (၂) ဥမ္မင်္ဂဟူသော ပညာပွါးများစေခြင်း၊ (၃) အဝတ္ထာနဟူသော အဓိဋ္ဌာန်ဆောက်တည်ခြင်း၊ (၄) ဟိတစရိယ ဟူသော မေတ္တာဘာဝနာပွါးခြင်းဖြစ်သည့် ဗုဒ္ဓဘူမိ

http://www.dhammadownload.com



လေးပါးနှင့်ညီညွတ်စေလျက် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူကြရပေသည်။ (သုတ္တနိပါတ-ဋ္ဌ-၄၅)။

## ပစ္စေကဗောဓိဆု

ပစ္စေကဗောဓိ ဟု ဆိုအပ်သော အသီးအခြားသစ္စာတရားတို့ကို ကိုယ်တိုင် ထိုးထွင်း၍သိသည့် ဉာဏ်ကိုရရှိသော ပစ္စေကဗုဒ္ဓါ၏အဖြစ်ကို ဆုတောင်းရာ၌ နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း အနည်းဆုံး ပါရမီဖြည့်မှ ပါရမီပြည့်၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပွင့်တော်မူရသည်၊ အကယ်၍ သဗ္ဗညုဘုရားလောင်းတို့ကဲ့သို့ ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက သုံးမျိုးပြားလျှင်လည်း ပညာဓိကပစ္စေကဗုဒ္ဓါအလောင်းသည် နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းအောက် လျှော့နည်း၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်နိုင်ခွင့်မရှိချေ၊ သဒ္ဓါဓိက, ဝီရိယာဓိက ပစ္စေကဗုဒ္ဓါအလောင်းတို့ကသာလျှင် ပညာဓိက ပစ္စေကဗုဒ္ဓါအလောင်းထက် နှစ်ကမ္ဘာ သုံးကမ္ဘာပို၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်ရလေသည်။ (ထေရဂါထာ-ဋ္ဌ-နိဒါနကထာဖွင့်-၁၁)။

## ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့ခြားနားပုံများ

သမ္မာသမ္ဗုဒ္ဓဘုရားအလောင်းတော်တို့ ဗျာဒိတ်ရကြောင်း ရှစ်ပါးရှိလေသည်၊ ၎င်းတို့ကား (၁) မနုဿတ္တ=လူသားစင်စစ်ဖြစ်ခြင်း၊ (၂) လိင်္ဂသမ္ပတ္တိ=ယောကျ်ားစင်စစ်ဖြစ်ခြင်း၊ (၃) ဟေတု=အရဟတ္တဖိုလ်ရနိုင်သော ဥပနိဿယနှင့်ပြည့်စုံခြင်း၊ (၄) သတ္ထာရဒဿန=ဘုရားကို ဖူးတွေ့ရခြင်း၊ (၅) ပဗ္ဗဇ္ဇ=(ကမ္မဝါဒီ ကိရိယဝါဒီ ရသေ့ပရိဗိုဇ်အပါအဝင်) ရှင်ရဟန်းဖြစ်ခြင်း၊ (၆) ဂုဏသမ္ပတ္တိ=ချွန်စသော ဂုဏ်ကျေးဇူးကို ရရှိနေခြင်း၊ (၇) အဓိကာရ=အသက်စသည်ကို စွန့်၍ ဆုတောင်းခြင်း၊ (၈) ဆန္ဒတာ=ဘုရားဖြစ်ရန် အားကြီးသော ဆန္ဒရှိခြင်းတို့ပေတည်း။

ပစ္စေကဗုဒ္ဓါတို့၏ ဗျာဒိတ်ရကြောင်းကား ဤရှစ်ပါးအနက် (၁) (၂) (၇) (၈) အချက်တို့မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့် အတူတူပင်ဖြစ်၍ (၄) သတ္ထာရဒဿနဟူသော အချက်မှာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုဖြစ်စေ, ပစ္စေကဗုဒ္ဓါကိုဖြစ်စေ, မြတ်စွာဘုရားတပည့်သား သာဝက တပါးပါးကိုဖြစ်စေ ဖူးတွေ့၍ ဆုတောင်းရလျှင် ပြည့်စုံနိုင်ပေသည်၊ (အပဒါန-ဋ္ဌ၊၁၅၈။ သုတ္တ-နိပါတ-ဋ္ဌ-၁၊၄၆)။

ဤသို့ ဆုတောင်းလျက် နိယတဗျာဒိတ်ကို ခံယူရရှိပြီးနောက် ဆိုခဲ့သည့်အချိန်ကာလအတိုင်း ပါရမီတို့ကို ဖြည့်ကျင့်ပြီးကာ နောက်ဆုံးဘဝသို့ ရောက်သော အချိန်၌ မြတ်စွာဘုရားတို့သည် အမျိုးလေးပါးတို့အနက် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးတို့မှာသာ ဖြစ်ကုန်၏၊ ပစ္စေကဗုဒ္ဓါတို့သည် ခတ္တိယ ဗြာဟ္မဏနှင့် ဂဟပတိအမျိုးတို့တွင် တမျိုးမျိုး၌ ဖြစ်ကုန်၏၊ အဂ္ဂသာဝကတို့သည်ကား မြတ်စွာဘုရားတို့ကဲ့သို့ပင် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးနှစ်ပါးတို့၌သာ ဖြစ်ကြလေသည်။

အလုံးစုံသော မြတ်စွာဘုရားတို့သည် ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သံဝဋ္ဋကပ်၌ ပွင့်တော်မမူကြကုန်၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း ထို့အတူ ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သို့သော် ထိုပစ္စေကဗုဒ္ဓါတို့သည် ဘုရားပွင့်တော်မူချိန် (ဘုရားသာသနာ ထွန်းလင်းနေချိန်)တို့၌ကား ပွင့်တော်မမူကြချေ၊ (အပဒါန-ဋ္ဌ-၁၊၁၅၉)။

ပစ္စေကဗုဒ္ဓါတို့တွင် နောက်ဆုံးဖြစ်သော မာတင်္ဂပစ္စေကဗုဒ္ဓါသည် ဂေါတမမြတ်စွာဘုရားလောင်း ဖွားမြင်သည့်အထိ သက်တော်ထင်ရှား ရှိနေသေးကြောင်း, ဘုရားလောင်းကို ပူဇော်ရန်

http://www.dhammadownload.com



သွားသော နတ်များ၏ ပြောသံကိုကြားမှ မိမိ၏ အသက် အပိုင်းအခြား ကုန်လေပြီဟုသိ၍ ပရိ-နိဗ္ဗာန်ပြုကြောင်း အပဒါန်အဋ္ဌကထာ ပစ္စေကဗုဒ္ဓအပဒါန်အဖွင့် ၂၂၂-၌ ပြဆိုထားပေသည်။

ပစ္စေကဗုဒ္ဓါတို့သည် ဘုရားမပွင့်သော သုညကမ္ဘာတို့တွင်လည်း မဖြစ်ပေါ်တော်မူကြပေ၊ ဘုရားပွင့်ရာ ဝိဝဋ္ဋကပ်အခါ၌ ဖြစ်ပေါ်တော်မူလျှင်လည်း များသောအားဖြင့် ဘုရားတဆူနှင့် တဆူအကြား၌သာ ဖြစ်ပေါ်တော်မူသည်ဟု အဆိုရှိပေသည်၊ မြတ်စွာဘုရားတို့သည် သစ္စာလေးပါး တရားအပေါင်းကို မိမိကိုယ်တိုင်လည်း သိတော်မူကုန်၏၊ သူတပါးတို့ကိုလည်း သိစေတော်မူကုန်၏၊ ပစ္စေကဗုဒ္ဓါတို့ကား မိမိတို့ကိုယ်တိုင်သာ သိတော်မူကုန်၏၊ သူတပါးတို့ကို သိစေတော်မမူနိုင်ကုန်၊ အတ္ထရသကိုသာ ထိုးထွင်းနိုင်ကုန်၏၊ ဓမ္မရသကို မထိုးထွင်းနိုင်ကုန်၊ လောကုတ္တရာတရားကို ပညတ်သို့တင်၍ ဟောကြားခြင်းငှါ မစွမ်းနိုင်ကြကုန်၊ မိမိ၏ အိပ်မက်ကို ပြန်လည်မပြောကြားနိုင်သော သူအ ကဲ့သို့၎င်း, မြို့ကြီး ပြကြီးတွင် စားသောက်ခဲ့ရသော စားသောက်ဖွယ်ရာ ဟင်းအရသာကို ပြန်လည်မပြောကြားနိုင်သော တောမှုဆိုးကဲ့သို့၎င်း ဖြစ်သည်ဟု အဋ္ဌ-ကထာဆရာတို့ ဥပမာပြုကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည် တန်ခိုး, သမာပတ်, ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံတော်မူကြကုန်၏၊ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံရာ၌ မြတ်စွာဘုရားတို့၏အောက် သာဝကတို့၏အထက် ဖြစ်ကုန်၏၊ တပါးသူတို့ကို ရဟန်းပြုစေ၍ အာဘိသမာစာရိကဝတ် (အလွန်ကောင်းစွာကျင့်အပ်သောဝတ်)ကို ကျင့်စေနိုင်ကုန်၏၊ မင်းသားနှင့် အမတ်သားတို့ ပစ္စေကဗုဒ္ဓါတို့ထံ၌ ရဟန်းပြုကြောင်း ပစ္စေကဗုဒ္ဓါတို့က "သင်းပိုင်ကို ဤသို့ဝတ်, ကိုယ်ရုံကို ဤသို့ရုံ" စသော အာဘိသမာစာရိကဝတ်ကို ပြောကြားကြောင်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့် ဂ၂-သစေ လဘေထ ဂါထာအဖွင့်၌ ဝတ္ထုကြောင်း ပြဆိုထားပေသည်၊ မြတ်စွာဘုရားတို့ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်, ခန္ဓကသိက္ခာပုဒ်တို့ကိုကား ကျင့်စေတော်မမူနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြုစေနိုင်၏ ဆိုသော်လည်း ဥပသမ္ပဒရဟန်းမျိုးမဟုတ်၊ ရသေ့ပရိဗိုဇ် ပဗ္ဗဇ္ဇမျိုးသာဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

ထို့ပြင် ဂန္ဓမာဒနတောင် မဉ္ဇူသကနတ်ပန်းပင်ရင်း၌ စုဝေး၍ ပစ္စေကဗုဒ္ဓါတို့ ဥပုသ်ပြုတော်မူကြကြောင်းကိုလည်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့်၌လာလေသည်၊ ခဂ္ဂဝိသာဏသုတ်၌ ပစ္စေကဗုဒ္ဓါလေးဆဲ့တပါးတို့၏ အကြောင်းများကို ဖော်ပြထားပေရာ ထိုသုတ်ကို ပစ္စေက-ဗုဒ္ဓါများ၏ အဋ္ဌုပ္ပတ္တိသုတ်တော် ဟူ၍ပင် ခေါ် ဆိုနိုင်လေသည်။

ထိုမှတပါးလည်း ပစ္စေကဗုဒ္ဓါတို့သည် ဘုရားတို့ကဲ့သို့ တပါးတည်း ပြိုင်ဖက်မရှိဘဲ ပွင့်တော်မူကြသည့် ထုံးတမ်းစဉ်လာမရှိ၊ တခါတရံ တပါးတည်း ပွင့်သည့်အခါပွင့်၍ တခါတရံ ပစ္စေကဗုဒ္ဓါပေါင်းရာထောင်ပြိုင်၍ ပွင့်သည့်အခါ ပွင့်ပုံများကို တွေ့ရပေသည်။

ပဒုမဒေဝီ၏ သားငါးရာတို့သည် တပြိုင်နက် ပစ္စေကဗုဒ္ဓါအဖြစ် ပွင့်တော်မူကြကြောင်းကို၎င်း, အလောင်းတော် ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်အခါ ပစ္စေကဗုဒ္ဓါငါးရာ ကြွဆုံတော်မူကြကြောင်းကို၎င်း, အသျှင်ဘဒ္ဒဇိထေရ်အလောင်း ပါရမီဖြည့်ဆဲကာလ၌ ပစ္စေကဗုဒ္ဓါငါးရာတပြိုင်နက် ကြွဆုံကြကြောင်းကို၎င်း, မဟာကပ္ပိနမင်းဝတ္ထု၌ ပစ္စေကဗုဒ္ဓါတထောင် တပြိုင်နက် ကြွဆုံကြကြောင်းကို၎င်း ထိုထိုကျမ်းစာတို့၌ အထင်အရှားတွေ့နိုင်ကြပေသည်။

http://www.dhammadownload.com



## သာဝကဗောဓိဆု

(မြတ်စွာဘုရား၏ အထံ၌ဖြစ်စေ, သာဝကတပါးပါး၏ အထံ၌ဖြစ်စေ သစ္စာလေးပါးကမ္မဋ္ဌာန်းတရားကို ကြားနာရပြီးမှ အရဟတ္တမဂ်ကို ရရှိကုန်သော သာဝကဗောဓိဆုကို ပန်ဆင်သည့်) ဘုရားရှင်၏ တပည့်သား သာဝကတို့အဖြစ်၌လည်း (၁) အဂ္ဂသာဝက=တပည့်အများတွင် အမြတ်ဆုံးဖြစ်သောသာဝက၊ (၂) မဟာသာဝက=တပည့်သာဝကကြီး၊ (၃) ပကတိသာဝက=ရိုးရိုးတပည့်သာဝက ဟူ၍ သုံးမျိုးရှိပေသည်။

ထို သုံးမျိုးတို့တွင် (၁) အဂ္ဂသာဝကသည် တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလ္လာန်တို့ပေတည်း၊ (၂) မဟာသာဝကသည် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမဘုရားလက်ဆက်၌ အသျှင်မဟာကဿပစသော အသီတိ မဟာသာဝက ၈၀-တို့ပေတည်း၊ ထို့ပြင် (ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာအရ) ဘုရားရှင်၏ မယ်တော်, ခမည်းတော်, အလုပ်အကျွေး, သားတော်တို့သည်လည်း ကမ္ဘာတသိန်းထက်မနည်း ပါရမီဖြည့်ရကြောင်းကို အထူး မှတ်သားသင့်ပေသည်။

ပကတိသာဝကတို့ကား ကာလအပိုင်းအခြား မရှိချေ၊ ဝဋ်မှလွတ်ရာ(မဂ်ဖိုလ်)ကို တောင့်တ၍ အမှတ်မထား တပါးပါးသော ဘဝကာလများက စ၍ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီအဆောက်အဦနှင့်ပြည့်စုံလျှင် ပကတိသာဝကဉာဏ်ကို ရနိုင်လေသည်။

အမှတ်မထား တပါးပါးသော ဘဝကာလဟူသည် ကမ္ဘာ အရာအထောင် ဖြစ်နိုင်ကြောင်း သတိပြုသင့်၏၊ အတ္ထသန္ဒက, သပရိဝါရိယစသောထေရ်တို့သည် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် ပဒုမုတ္တရဘုရားလက်ထက်မှ စ၍ရင်း, အနုလေပဒါယကထေရ်သည် တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် အနောမဒဿီဘုရားလက်ထက်မှ စ၍ရင်း, ကေပသာဒနိယထေရ်သည် တရာ့တဆယ့်ရှစ်(၁၁၈)ကမ္ဘာထက်၌ ပွင့်တော်မူသည့် အတ္ထဒဿီ ဘုရားလက်ထက်မှ စ၍ရင်း, သူစိဒါယကထေရ်သည် ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသည့် သုမေဓာဘုရားလက်ထက်မှ စ၍ရင်း ပါရမီများ ဖြည့်ခဲ့ကြကြောင်း ဆိုင်ရာ ထေရာပဒါန်၌ ပါလေသည်။

ဤကဲ့သို့ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့၏ ဆုတောင်း ဆုယူ ပုံပုံများ, ပါရမီဖြည့်ကျင့်ပုံများအပြင် ထူးခြားဆန်းကြယ်သော အဖြစ်တော်များ, (ပညာကြီးမားသော အသျှင်သာရိပုတြာမထေရ် စသည်တို့၏ အဖြစ်မျိုး) သံဝေဂရဖွယ် အဖြစ်တော်များ (ဉာဏ်လေးသူကို ပြောင်လှောင်ခဲ့မိသဖြင့် ပစ္ဆိမဘဝတွင် ဉာဏ်နုန့်နှေး ထိုင်းမှိုင်းရသော အသျှင်စူဠပန္ထကအဖြစ်မျိုး) သက်တော် နုနုနယ်နယ်ဖြင့် ရဟန္တာဖြစ်တော်မူသော အဖြစ်တော်များ (မိလိန္ဒပဉှာတွင် ၇-နှစ်အောက် ရဟန္တာမဖြစ်ဟု ဆိုသော်လည်း ၄-နှစ်သားအရွယ် ရဟန္တာဖြစ်သော ကေဒီပိယထေရ်, ငါးနှစ်သားအရွယ် ရဟန္တာဖြစ်သော ပဋ္ဌသီလသမာဒါနိယထေရ်နှင့် ပဒုမထေရ်တို့၏ အဖြစ်မျိုး) စသော မှတ်သားဖွယ်ရာတို့ကို ဤအပဒါန်ပါဠိတော် မြန်မာပြန်(ပဌမအုပ်)တွင် ဖတ်ရှု တွေ့မြင်ရမည် ဖြစ်ပေသည်။

ထို့ပြင် ယခုဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် လက်ဝဲရံ, လကျာ်ရံ အရှင်မြတ်များနှင့် ဘက္ကုလ တေဒဂ်ရ ထေရ, ထေရီများကို သိလွယ် မှတ်လွယ်ကြစေရန်နှင့် သဒ္ဓါစေတနာပွါးများနိုင်ကြစေရန် အကျဉ်းချုပ်ဖော်ပြလိုက်ပါဦးမည်။

http://www.dhammadownload.com



## လက်ျာခရံ ရဟန္တာမထေရ်(၄၀)

၁။ အသျှင်သာရိပုတြာ (အဂ္ဂသာဝက)
၂။ အသျှင်အညာသိကောဏ္ဍည
၃။ အသျှင်ဝပ္ပ
၄။ အသျှင်ဘဒ္ဒိယ
၅။ အသျှင်မဟာနာမ်
၆။ အသျှင်အဿဇိ
၇။ အသျှင်နာလက
၈။ အသျှင်ယသ
၉။ အသျှင်ဝိမလ
၁၀။ အသျှင်သုဗာဟု
၁၁။ အသျှင်ပုဏ္ဏဇိ
၁၂။ အသျှင်ဂဝမ္ပတိ
၁၃။ အသျှင်ဥရုဝေလကဿပ
၁၄။ အသျှင်နဒီကဿပ
၁၅။ အသျှင်ဂယာကဿပ
၁၆။ အသျှင်မဟာကဿပ
၁၇။ အသျှင်မဟာကစ္စည်း
၁၈။ အသျှင်မဟာကောဋ္ဌိက
၁၉။ အသျှင်မဟာကပ္ပိန
၂၀။ အသျှင်မဟာစုန္ဒ
၂၁။ အသျှင်အနုရုဒ္ဓါ
၂၂။ အသျှင်ကင်္ခါရေဝတ
၂၃။ အသျှင်အာနန္ဒာ
၂၄။ အသျှင်နန္ဒက
၂၅။ အသျှင်ဘဂု
၂၆။ အသျှင်နန္ဒိယ
၂၇။ အသျှင်ကိမိလ
၂၈။ အသျှင်ဘဒ္ဒိယ
၂၉။ အသျှင်ရာဟုလာ
၃၀။ အသျှင်သီဝလိ
၃၁။ အသျှင်ဥပါလိ
၃၂။ အသျှင်ဒဗ္ဗ
၃၃။ အသျှင်ဥပသေန
၃၄။ အသျှင်ခဒိရဝနိယရေဝတ
၃၅။ အသျှင်မဟာပုဏ္ဏ
၃၆။ အသျှင်စူဠပုဏ္ဏ
၃၇။ အသျှင်သောဏကောဠိကဏ္ဏ
၃၈။ အသျှင်သောဏကောဠိဝိသ
၃၉။ အသျှင်ရာဓ
၄၀။ အသျှင်သုဘူတိ

http://www.dhammadownload.com



## ထက်ဝဲရံ ရဟန္တာ မထေရ်(၄၀)

၁။ အသျှင်မဟာမောဂ္ဂလ္လာန် (အဂ္ဂသာဝက)
၂။ အသျှင်အင်္ဂုလိမာလ
၃။ အသျှင်ဝက္ကလိ
၄။ အသျှင်ကာဠုဒါယီ
၅။ အသျှင်မဟာဥဒါယီ
၆။ အသျှင်ပိလိန္ဒဝစ္ဆ
၇။ အသျှင်သောဘိတ
၈။ အသျှင်ကုမာရကဿပ
၉။ အသျှင်ရဋ္ဌပါလ
၁၀။ အသျှင်ဝင်္ဂီသ
၁၁။ အသျှင်သဘိယ
၁၂။ အသျှင်သေလ
၁၃။ အသျှင်ဥပဝါန
၁၄။ အသျှင်မေဃိယ
၁၅။ အသျှင်သာဂတ
၁၆။ အသျှင်နာဂိတ
၁၇။ အသျှင်လကုဏ္ဍကဘဒ္ဒိယ
၁၈။ အသျှင်ပိဏ္ဍောလဘာရဒွါဇ
၁၉။ အသျှင်မဟာပန္ထက
၂၀။ အသျှင်စူဠပန္ထက
၂၁။ အသျှင်ဗာကုလ
၂၂။ အသျှင်ကောဏ္ဍဓာန
၂၃။ အသျှင်ဒါရုစီရိယ
၂၄။ အသျှင်ယသောဇ
၂၅။ အသျှင်အဇိတ
၂၆။ အသျှင်တိဿမေတ္တေယျ
၂၇။ အသျှင်ပုဏ္ဏက
၂၈။ အသျှင်မေတ္တဂူ
၂၉။ အသျှင်ဓောတက
၃၀။ အသျှင်ဥပသီဝ
၃၁။ အသျှင်နန္ဒ
၃၂။ အသျှင်ဟေမက
၃၃။ အသျှင်တောဒေယျ
၃၄။ အသျှင်ကပ္ပ
၃၅။ အသျှင်ဇတုကဏ္ဏိ
၃၆။ အသျှင်ဘဒြာဝုဓ
၃၇။ အသျှင်ဥဒယ
၃၈။ အသျှင်ပေါသာလ
၃၉။ အသျှင်မောဃရာဇ
၄၀။ အသျှင်ပိင်္ဂိယ

http://www.dhammadownload.com



## တေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီးများ (၄၁)

| | |
|---|---|
| ၁။ အသျှင်ကောဏ္ဍည | ဝါရင့်ခြင်း=ရတ္တညူအရာ။ |
| ၂။ အသျှင်သာရိပုတြာ | ဉာဏ်ပညာကြီးခြင်း။ |
| ၃။ အသျှင်မဟာမောဂ္ဂလ္လာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။ |
| ၄။ အသျှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း။ |
| ၅။ အသျှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။ |
| ၆။ အသျှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း။ |
| ၇။ အသျှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာယာခြင်း။ |
| ၈။ အသျှင်ပိဏ္ဍောလဘာရဒွါဇ | ရဲတင်းသော စကားကို ဆိုခြင်း။ |
| ၉။ အသျှင်ပုဏ္ဏ | ဓမ္မကထိကအရာ တရားဟောကြားခြင်း။ |
| ၁၀။ အသျှင်ကစ္စာန | အကျဉ်းကို အကျယ်ဟောခြင်း။ |
| ၁၁။ အသျှင်စူဠပန္ထက | မနောမယအဘိညာဉ်ဖန်ဆင်းခြင်း။ |
| ၁၂။ အသျှင်မဟာပန္ထက | အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်း။ |
| ၁၃။ အသျှင်သုဘူတိ | အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်း။ |
| ၁၄။ အသျှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း။ |
| ၁၅။ အသျှင်ကင်္ခါရေဝတ | ဈာန်ဝင်စားခြင်း။ |
| ၁၆။ အသျှင်သောဏကောဠိဝိသ | လုံ့လဝီရိယကြီးခြင်း။ |
| ၁၇။ အသျှင်သောဏကုဋိကဏ္ဏ | အဟောအပြောကောင်းခြင်း။ |
| ၁၈။ အသျှင်သီဝလိ | လာဘ်ပေါများခြင်း။ |
| ၁၉။ အသျှင်ဝက္ကလိ | သဒ္ဓါတရား လွန်ကဲခြင်း။ |
| ၂၀။ အသျှင်ရာဟုလာ | သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း။ |
| ၂၁။ အသျှင်ရဋ္ဌပါလ | သဒ္ဓါ၍ ရဟန်းပြုခြင်း။ |
| ၂၂။ အသျှင်ကောဏ္ဍဓာန | စာရေးတံမဲ ပဌမ ယူခြင်း။ |
| ၂၃။ အသျှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း။ |
| ၂၄။ အသျှင်ဉပသေန | ကြည်ညိုဖွယ်ရာဖြစ်ခြင်း။ |
| ၂၅။ အသျှင်ဒဗ္ဗ | သံဃာတော်များအတွက် နေရာချထားခြင်း။ |
| ၂၆။ အသျှင်ပိလိန္ဒဝစ္ဆ | နတ်တို့ချစ်မြတ်နိုးခြင်း။ |
| ၂၇။ အသျှင်ဒါရုစီရိယ | လျင်မြန်စွာထိုးထွင်းသိခြင်း။ |
| ၂၈။ အသျှင်ကုမာရကဿပ | ဆန်းကြယ်စွာတရားဟောခြင်း။ |
| ၂၉။ အသျှင်မဟာကောဋ္ဌိက | ပဋိသမ္ဘိဒါ ၄-ပါး ရခြင်း။ |
| ၃၀။ အသျှင်အာနန္ဒာ | အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်အကျွေးအပြုအစု ဤငါးချက်။ |
| ၃၁။ အသျှင်ဉရုဝေလကဿပ | အခြံအရံများခြင်း။ |
| ၃၂။ အသျှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း။ |
| ၃၃။ အသျှင်ဗာကုလ | ကျန်းမာရေးနှင့် ပြည့်စုံခြင်း။ |
| ၃၄။ အသျှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်။ |
| ၃၅။ အသျှင်ဉပါလိ | ဝိနည်းဆောင်ခြင်း။ |

http://www.dhammadownload.com



၃၆။ အသျှင်နန္ဒက ဘိက္ခုနီတို့အား ဆုံးမခြင်း။
၃၇။ အသျှင်နန္ဒ ဣန္ဒြေစောင့်ခြင်း။
၃၈။ အသျှင်မဟာကပ္ပိန ရဟန်းများအား ဆုံးမခြင်း။
၃၉။ အသျှင်သာဂတ တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း။
၄၀။ အသျှင်ရာဓ ဒေသကဘုရားရှင်အား ဒေသနာဉာဏ် အဆင့်ဆင့် ပွင့်စေခြင်း။
၄၁။ အသျှင်မောဃရာဇ ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း။

## တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ

၁။ အသျှင်မ မဟာပဇာပတိဂေါတမီ ဝါရင့်ခြင်း ရတ္တညူအရာ။
၂။ အသျှင်မ ခေမာ ဉာဏ်ပညာကြီးခြင်း။
၃။ အသျှင်မ ဥပ္ပလဝဏ္ဏာ တန်ခိုးဣဒ္ဓိပါဒ် ကြီးခြင်း။
၄။ အသျှင်မ ပဋာစာရီ ဝိနည်းဆောင်ခြင်း။
၅။ အသျှင်မ ဓမ္မဒိန္နာ ဓမ္မကထိကအရာ။
၆။ အသျှင်မ နန္ဒာ ဈာန်ဝင်စားခြင်း။
၇။ အသျှင်မ သောဏာ လုံ့လဝီရိယကြီးခြင်း။
၈။ အသျှင်မ သကုလာ ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။
၉။ အသျှင်မ ဘဒ္ဒါကုဏ္ဍလကေသာ လျင်မြန်စွာ ထိုးထွင်းသိခြင်း။
၁၀။ အသျှင်မ ဘဒ္ဒါကာပိလာနီ ပုဗ္ဗေနိဝါသအဘိညာဉ်။
၁၁။ အသျှင်မ ဘဒ္ဒါကစ္စာနာ အားကြီးသောအဘိညာဉ်။
၁၂။ အသျှင်မ ကိသာဂေါတမီ ခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်း။
၁၃။ အသျှင်မ သိင်္ဂါလကမာတာ သဒ္ဓါတရားလွန်ကဲခြင်း။

## အပဒါန်ပါဠိတော် မြန်မာပြန် ဖတ်ရှုခြင်း၏ ကောင်းမှုအကျိုးထူးများ

ဘုရား ပစ္စေကဗုဒ္ဓ အသျှင်သာရိပုတြာစသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်တို့သည် မည်သည့် အချိန်ကာလက မည်သို့သောကောင်းမှုကိုပြု၍ မည်သို့ ဆက်လက်ကျင့်ဆောင်လာခဲ့ကြသဖြင့် မည်သို့သော အဆင့်အတန်း အထွတ်အထိပ်သို့ ရောက်ရှိလာကြသည် စသော ဘဝဖြစ်စဉ် ဖြစ်ရပ် ကျင့်စဉ် ကျင့်ထုံးများကို ဤအပဒါန်ပါဠိတော် မြန်မာပြန် ကျမ်းစာအုပ်တွင် ကောင်းစွာထင်ထင် စုံလင်စွာ တွေ့မြင်နိုင်သည် ဖြစ်ရာ ယင်းသို့တွေ့မြင်ရခြင်းဖြင့် "သတ္ထရိ သပ္ပတိဿော ဟောတိ သဂါရဝေါ"စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမတွဲ (၂၀၆)၌ ပြဆိုအပ်သော ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း, သဒ္ဓါတရား ကြီးထွားခြင်း, သတိအားကောင်းခြင်း, ပညာဉာဏ်ပြန့်ပြောခြင်း, ကောင်းမှုတိုးပွါးခြင်း, ပီတိပါမောဇ္ဇ အားကြီးခြင်း, အကြောက်အလန့် ကင်းစင်ခြင်း, ဆင်းရဲခံနိုင်ရည်ရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် ထုံထားသည့် ကိုယ်ခန္ဓာရှိသဖြင့် စေတီတော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋီ တိုက်တော်ကဲ့သို့ အပူဇော်ခံထိုက်ခြင်း, လွန်ကျူးအပ်သော ဝတ္ထုအာရုံမျိုးနှင့် တွေ့ဆုံကြုံကြိုက်လာချိန်တွင် ဘုရားစသော ပုဂ္ဂိုလ်တို့ မိမိရှေ့မှောက် ရောက်ရှိနေသည့်အလား ကျူးလွန်ရန် ရှက်ကြောက်သည့်စိတ်ဓာတ်မပြတ် ဖြစ်ပေါ်လာခြင်း, ထိုပုဂ္ဂိုလ်ထူးများ ရရှိအပ်သော ဂုဏ်ထူးဝိသေသကို ၎င်းတို့ကဲ့သို့ ရရှိလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်

http://www.dhammadownload.com



ခြင်းစသော မြောက်မြားစွာသော အကျိုးများကို လက်ငင်း ရရှိခံစားရမည့် အပြင် ထိုပုဂ္ဂိုလ်ထူး အာဇာနည်တို့သို့ အတုလိုက် ကျင့်ကြံခြင်းဖြင့် ယင်းပုဂ္ဂိုလ်တို့ကဲ့သို့ ထူးချွန်သော ဂုဏ်ထူးဝိသေသများကို ရရှိပြီးလျှင် သံသရာဉ်မှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ တက်လှမ်းကူးခပ်နိုင်မှု ဖြစ်နိုင်ပေရကား အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် နိဗ္ဗာန်ကူးလိုသူ အမျိုးကောင်းသားသမီး သူတော်စင်တို့သည် ဤအပဒါန်ပါဠိတော် မြန်မာပြန်ကျမ်းကြီးကို အဖန်ဖန် အထပ်ထပ် သုံးသပ်လေ့လာကြရန် အထူးသင့်လျော်လှပေသတည်း။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### ပဋိဝိဇ္ဈသာဓက ဆရာတော်များ။

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟသ်ာတမြို့။

၂။ ဆရာတော် ဦးဥာနုတ္တရ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ရိပ်သာ ပဲခူးမြို့။

၃။ ဆရာတော် ဦးဥတ္တမဗုဒ္ဓိ အဂ္ဂမဟာပဏ္ဍိတ မုံရွေး ဇေတဝန်ဆရာတော် မုံရွာမြို့။

၄။ ဆရာတော် ဦးပါလိတ မင်းကျောင်းဆရာတော် မြစ်သားမြို့။

၅။ ဆရာတော် အရှင်စန္ဒဇောတိ သိရီသောမာရုံကျောင်း ကံကြီး မလှိုင်မြို့။

၆။ ဆရာတော် ဦးဓမ္မာလောက မြတောင်ချောင်ဆရာတော် စစ်ကိုင်းတောင်ရိုး။

၇။ ဆရာတော် ဦးဣန္ဒာစာရ သာသနောဒယကျောင်း သရက်တောတိုက် ရန်ကုန်မြို့။

၈။ ဆရာတော် ဦးဝိသုတ ခေမာသိဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။

၉။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### သြဝါဒနသောဓေယျပတ္တပါဌကအဖွဲ့ဝင် ဆရာတော်များ။

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ငါးဖယ်တူ ဟသ်ာတမြို့။

၂။ ဆရာတော် ဦးဇောတိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်မြို့။

၃။ ဆရာတော် ဦးဝိသုတ ခေမာသိဝံ ကျောင်းတိုက် နတ်တလင်းမြို့။

၄။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

http://www.dhammadownload.com

ထေရာပဒါန်ပါဠိတော် မြန်မာပြန်

# ဒုတိယအုပ်—မာတိကာ

---


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၄၃-သကိံသမ္မဇ္ဇကဝဂ်** | |
| ၁ | သကိံသမ္မဇ္ဇကတ္ထေရအပဒါန် | ၁ |
| ၂ | ဧကဒုဿဒါယကတ္ထေရအပဒါန် | ၂ |
| ၃ | ဧကာသနဒါယကတ္ထေရအပဒါန် | ၄ |
| ၄ | သတ္တကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် | ၆ |
| ၅ | ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန် | ၇ |
| ၆ | ဃတမဏ္ဍဒါယကတ္ထေရအပဒါန် | ၇ |
| ၇ | ဧကဓမ္မဿဝနီယတ္ထေရအပဒါန် | ၈ |
| ၈ | သုစိန္တိတတ္ထေရအပဒါန် | ၁၀ |
| ၉ | သောဝဏ္ဏကိင်္ကဏိယတ္ထေရအပဒါန် | ၁၂ |
| ၁၀ | သောဏ္ဏကောန္တရိကတ္ထေရအပဒါန် | ၁၄ |
| | **၄၄-ဧကဝိဟာရိဝဂ်** | |
| ၁ | ဧကဝိဟာရိကတ္ထေရအပဒါန် | ၁၅ |
| ၂ | ဧကသင်္ခိယတ္ထေရအပဒါန် | ၁၆ |
| ၃ | ပါဋိဟီရသညကတ္ထေရအပဒါန် | ၁၇ |
| ၄ | ဉာဏတ္ထဝိကတ္ထေရအပဒါန် | ၁၈ |
| ၅ | ဥစ္ဆုခဏ္ဍိကတ္ထေရအပဒါန် | ၁၈ |
| ၆ | ကဠမ္ဗဒါယကတ္ထေရအပဒါန် | ၁၉ |
| ၇ | အမ္ဗာဋကဒါယကတ္ထေရအပဒါန် | ၁၉ |
| ၈ | ဟရီတကဒါယကတ္ထေရအပဒါန် | ၂၀ |
| ၉ | အမ္ဗပိဏ္ဍိယတ္ထေရအပဒါန် | ၂၁ |
| ၁၀ | အမ္ဗဖလိယတ္ထေရအပဒါန် | ၂၂ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၄၅-ဝိဘီတကဝဂ်


၁-ဝိဘီတကမဉ္ဇိယတ္ထေရအပဒါန် .... .... .... .... ၂၃
၂-ကောလဒါယကတ္ထေရအပဒါန် .... .... .... .... ၂၃
၃-ဗိလ္လိယတ္ထေရအပဒါန် .... .... .... .... ၂၄
၄-ဘလ္လာတဒါယကတ္ထေရအပဒါန် .... .... .... .... ၂၅
၅-ဥတ္တလိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၂၅
၆-အမ္ဗာဋကိယတ္ထေရအပဒါန် .... .... .... .... ၂၆
၇-သီဟာသနိကတ္ထေရအပဒါန် .... .... .... .... ၂၆
၈-ပါဒပီဌိယတ္ထေရအပဒါန် .... .... .... .... ၂၇
၉-ဝေဒိကာရကတ္ထေရအပဒါန် .... .... .... .... ၂၈
၁၀-ဗောဓိဃရဒါယကတ္ထေရအပဒါန် .... .... .... .... ၂၉


## ၄၆-ဇဂတိဒါယကဝဂ်


၁-ဇဂတိဒါယကတ္ထေရအပဒါန် .... .... .... .... ၃၀
၂-မောရဟတ္ထိယတ္ထေရအပဒါန် .... .... .... .... ၃၀
၃-သီဟာသနဗီဇိယတ္ထေရအပဒါန် .... .... .... .... ၃၁
၄ တိဏုက္ကဓာရိယတ္ထေရအပဒါန် .... .... .... .... ၃၂
၅-အက္ကမနဒါယကတ္ထေရအပဒါန် .... .... .... .... ၃၂
၆-ဝနကောရဏ္ဍိယတ္ထေရအပဒါန် .... .... .... .... ၃၂
၇-ဧကဆတ္တိယတ္ထေရအပဒါန် .... .... .... .... ၃၃
၈-ဇာတိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၃၄
၉-ပဋ္ဋိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၃၅
၁၀-ဂန္ဓပူဇကတ္ထေရအပဒါန် .... .... .... .... ၃၅


## ၄၇-သာလကုသုမိယဝဂ်


၁-သာလကုသုမိယတ္ထေရအပဒါန် .... .... .... .... ၃၆
၂-စိတကပူဇကတ္ထေရအပဒါန် .... .... .... .... ၃၆
၃-စိတကနိဗ္ဗာပကတ္ထေရအပဒါန် .... .... .... .... ၃၇
၄-သေတုဒါယကတ္ထေရအပဒါန် .... .... .... .... ၃၇
၅-သုမနတာလဝဏ္ဋိယတ္ထေရအပဒါန် .... .... .... .... ၃၇
၆-အဝဋဖလိယတ္ထေရအပဒါန် .... .... .... .... ၃၈
၇-လဗုဇဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၃၈
၈-ပိလက္ခဖလဒါယကတ္ထေရအပါဒါန် .... .... .... .... ၃၉
၉-သယံပဋိဘာနိယတ္ထေရအပဒါန် .... .... .... .... ၃၉
၁၀-နိမိတ္တဗျာကရဏိယတ္ထေရအပဒါန် .... .... .... .... ၄၀

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

### ၄၈-နဠမာလိဝဂ်


၁-နဠမာလိယတ္ထေရအပဒါန် .... .... .... .... ၄၃
၂-မဏိပူဇကတ္ထေရအပဒါန် .... .... .... .... ၄၃
၃-ဥက္ကာသတိကတ္ထေရအပဒါန် .... .... .... .... ၄၅
၄-သုမနဗီဇနိယတ္ထေရအပဒါန် .... .... .... .... ၄၆
၅-ကုမ္မာသဒါယကတ္ထေရအပဒါန် .... .... .... .... ၄၇
၆-ကုသဋ္ဌကဒါယကတ္ထေရအပဒါန် .... .... .... .... ၄၇
၇-ဂိရိပုန္နာဂိယတ္ထေရအပဒါန် .... .... .... .... ၄၈
၈-ဝလ္လိကာရဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၄၈
၉-ပါနဓိဒါယကတ္ထေရအပဒါန် .... .... .... .... ၄၉
၁၀-ပုလိနစင်္ကမိယတ္ထေရအပဒါန် .... .... .... .... ၅၀


### ၄၉-ပံသုကူလဝဂ်


၁-ပံသုကူလသညကတ္ထေရအပဒါန် .... .... .... .... ၅၁
၂-ဗုဒ္ဓသညကတ္ထေရအပဒါန် .... .... .... .... ၅၁
၃-ဘိသဒါယကတ္ထေရအပဒါန် .... .... .... .... ၅၃
၄-ဉာဏသဝိကတ္ထေရအပဒါန် .... .... .... .... ၅၅
၅-စန္ဒနမာလိယတ္ထေရအပဒါန် .... .... .... .... ၅၇
၆-ဓာတုပူဇကတ္ထေရအပဒါန် .... .... .... .... ၅၉
၇-ပုလိနုပ္ပါဒကတ္ထေရအပဒါန် .... .... .... .... ၆၀
၈-တရဏိယတ္ထေရအပဒါန် .... .... .... .... ၆၃
၉-ဓမ္မရုစိယတ္ထေရအပဒါန် .... .... .... .... ၆၄
၁၀-သာလမဏ္ဍပိယတ္ထေရအပဒါန် .... .... .... .... ၆၆


### ၅၀-ကိံကဏိပုပ္ဖဝဂ်


၁-တိကိင်္ကဏိပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၆၉
၂-ပံသုကူလပူဇကတ္ထေရအပဒါန် .... .... .... .... ၆၉
၃-ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၇၀
၄-ကိံသုကပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၇၁
၅-ဥပစုဒ္ဓသဒါယကတ္ထေရအပဒါန် .... .... .... .... ၇၁
၆-ဃတမဏ္ဍဒါယကတ္ထေရအပဒါန် .... .... .... .... ၇၂
၇-ဥဒကဒါယကတ္ထေရအပဒါန် .... .... .... .... ၇၃
၈-ပုလိနထူပိယတ္ထေရအပဒါန် .... .... .... .... ၇၄
၉-နဠကုဋိဒါယကတ္ထေရအပဒါန် .... .... .... .... ၇၆
၁၀-ပိယာလဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၇၇

http://www.dhammadownload.com



# ထေရာပဒါန်ပါဠိတော် မြန်မာပြန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၅၁-ကဏိကာရဝဂ်


၁-တိကဏိကာရပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၇၉
၂-ဧကပတ္တဒါယကတ္ထေရအပဒါန် .... .... .... .... ၈၂
၃-ကာသုမာရဖလိယတ္ထေရအပဒါန် .... .... .... .... ၈၃
၄-အဝဋ္ဋဖလိယတ္ထေရအပဒါန် .... .... .... .... ၈၃
၅-ပါဒဖလိယတ္ထေရအပဒါန် .... .... .... .... ၈၄
၆-မာတုလုင်္ဂဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၄
၇-အဇေလိဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၅
၈-အမောဒဖလိယတ္ထေရအပဒါန် .... .... .... .... ၈၅
၉-တာလဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၆
၁၀-နာဠိကေရဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၆


## ၅၂-ဖလဒါယကဝဂ်


၁-ကုရဉ္ဇိယဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၈
၂-ကပိတ္ထဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၈၈
၃-ကောသမ္ဗဖလိယတ္ထေရအပဒါန် .... .... .... .... ၈၉
၄-ကေတကပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၈၉
၅-နာဂပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၉၀
၆-အဇ္ဇုနပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၉၀
၇-ကုဋဇပုပ္ဖိယတ္ထေရအပဒါန် .... .... .... .... ၉၁
၈-ဃောသသညကတ္ထေရအပဒါန် .... .... .... .... ၉၂
၉-သဗ္ဗဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၉၂
၁၀-ပဒုမဓာရိကတ္ထေရအပဒါန် .... .... .... .... ၉၄


## ၅၃-တိဏဒါယကဝဂ်


၁-တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန် .... .... .... .... ၉၆
၂-မဉ္စဒါယကတ္ထေရအပဒါန် .... .... .... .... ၉၇
၃-သရဏာဂမနိယတ္ထေရအပဒါန် .... .... .... .... ၉၇
၄-အဗ္ဘဉ္ဇနဒါယကတ္ထေရအပဒါန် .... .... .... .... ၉၈
၅-သုပဋ္ဋဒါယကတ္ထေရအပဒါန် .... .... .... .... ၉၈
၆-ဒဏ္ဍဒါယကတ္ထေရအပဒါန် .... .... .... .... ၉၉
၇-ဂိရိနေလပူဇကတ္ထေရအပဒါန် .... .... .... .... ၉၉
၈-ဗောဓိသမ္မဇ္ဇကတ္ထေရအပဒါန် .... .... .... .... ၁၀၀
၉-အာမဏ္ဍဖလဒါယကတ္ထေရအပဒါန် .... .... .... .... ၁၀၂
၁၀-သုဂန္ဓတ္ထေရအပဒါန် .... .... .... .... ၁၀၂

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၅၄-ကစ္စာယနဝဂ်** | |
| ၁ | မဟာကစ္စာယနတ္ထေရအပဒါန် | ၁၀၈ |
| ၂ | ဝက္ကလိတ္ထေရအပဒါန် | ၁၁၀ |
| ၃ | မဟာကပ္ပိနတ္ထေရအပဒါန် | ၁၁၃ |
| ၄ | ဒဗ္ဗမလ္လပုတ္တတ္ထေရအပဒါန် | ၁၁၆ |
| ၅ | ကုမာရကဿပတ္ထေရအပဒါန် | ၁၂၀ |
| ၆ | ဗာဟိယတ္ထေရအပဒါန် | ၁၂၂ |
| ၇ | မဟာကောဋ္ဌိကတ္ထေရအပဒါန် | ၁၂၆ |
| ၈ | ဥရုဝေဠကဿပတ္ထေရအပဒါန် | ၁၂၈ |
| ၉ | ရာဓတ္ထေရအပဒါန် | ၁၃၁ |
| ၁၀ | မောဃရာဇတ္ထေရအပဒါန် | ၁၃၄ |
| | **၅၅-ဘဒ္ဒိယဝဂ်** | |
| ၁ | လကုဏ္ဋဘဒ္ဒိယတ္ထေရအပဒါန် | ၁၃၈ |
| ၂ | ကင်္ခါရေဝတတ္ထေရအပဒါန် | ၁၄၀ |
| ၃ | သီဝလိတ္ထေရအပဒါန် | ၁၄၂ |
| ၄ | ဝင်္ဂီသတ္ထေရအပဒါန် | ၁၄၅ |
| ၅ | နန္ဒကတ္ထေရအပဒါန် | ၁၄၉ |
| ၆ | ကာဠုဒါယိတ္ထေရအပဒါန် | ၁၅၁ |
| ၇ | အဘယတ္ထေရအပဒါန် | ၁၅၃ |
| ၈ | လောမသကင်္ဂိယတ္ထေရအပဒါန် | ၁၅၆ |
| ၉ | ဝနဝစ္ဆတ္ထေရအပဒါန် | ၁၅၈ |
| ၁၀ | စူဠသုဂန္ဓတ္ထေရအပဒါန် | ၁၅၉ |
| | **၅၆-ယသဝဂ်** | |
| ၁ | ယသတ္ထေရအပဒါန် | ၁၆၃ |
| ၂ | နဒီကဿပတ္ထေရအပဒါန် | ၁၆၅ |
| ၃ | ဂယာကဿပတ္ထေရအပဒါန် | ၁၆၅ |
| ၄ | ကိမိလတ္ထေရအပဒါန် | ၁၆၆ |
| ၅ | ဝဇ္ဇီပုတ္တတ္ထေရအပဒါန် | ၁၆၇ |
| ၆ | ဥတ္တရတ္ထေရအပဒါန် | ၁၆၇ |
| ၇ | အပရဥတ္တရတ္ထေရအပဒါန် | ၁၇၀ |
| ၈ | ဘဒ္ဒဇိတ္ထေရအပဒါန် | ၁၇၁ |
| ၉ | သီဝကတ္ထေရအပဒါန် | ၁၇၃ |
| ၁၀ | ဥပဝါနတ္ထေရအပဒါန် | ၁၇၃ |
| ၁၁ | ရဋ္ဌပါလတ္ထေရအပဒါန် | ၁၇၇ |


ထေရာပဒါန်ပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ထေရီအပဒါန်ပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-သုမေဓာဝဂ်** | |
| ၁-သုမေဓာထေရီအပဒါန် | .... .... .... .... | ၁၇၉ |
| ၂-မေခလဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၈၁ |
| ၃-မဏ္ဍပဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၈၁ |
| ၄-သင်္ကမနတ္ထာထေရီအပဒါန် | .... .... .... .... | ၁၈၂ |
| ၅-နဠမာလိကာထေရီအပဒါန် | .... .... .... .... | ၁၈၂ |
| ၆-ကေပိဏ္ဍပါတဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၈၃ |
| ၇-ကဋစ္ဆုဘိက္ခာဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၈၄ |
| ၈-သတ္တုပ္ပလမာလိကာထေရီအပဒါန် | .... .... .... .... | ၁၈၅ |
| ၉-ပဉ္စဒီပိကာထေရီအပဒါန် | .... .... .... .... | ၁၈၇ |
| ၁၀-ဥဒကဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၈၈ |
| | **၂-ကေူပေါသထိကဝဂ်** | |
| ၁-ကေူပေါသထိကာထေရီအပဒါန် | .... .... .... .... | ၁၉၀ |
| ၂-သဠလပုပ္ဖိကာထေရီအပဒါန် | .... .... .... .... | ၁၉၁ |
| ၃-မောဒကဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၉၂ |
| ၄-ကောသနဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၉၃ |
| ၅-ပဉ္စဒီပဒါယိကာထေရီအပဒါန် | .... .... .... .... | ၁၉၄ |
| ၆-နဠမာလိကာတ္ထေရီအပဒါန် | .... .... .... .... | ၁၉၆ |
| ၇-မဟာပဇာပတိဂေါတမီထေရီအပဒါန် | .... .... .... .... | ၁၉၇ |
| ၈-ခေမာထေရီအပဒါန် | .... .... .... .... | ၂၁၃ |
| ၉-ဥပ္ပလဝဏ္ဏာထေရီအပဒါန် | .... .... .... .... | ၂၂၁ |
| ၁၀-ပဋာစာရာထေရီအပဒါန် | .... .... .... .... | ၂၂၈ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-ကုဏ္ဍလကေသီဝဂ်


၁-ကုဏ္ဍလကေသာထေရီအပဒါန် .... .... .... .... ၂၃၂
၂-ကိသာဂေါတမီထေရီအပဒါန် .... .... .... .... ၂၃၆
၃-ဓမ္မဒိန္နာထေရီအပဒါန် .... .... .... .... ၂၃၉
၄-သကုလာထေရီအပဒါန် .... .... .... .... ၂၄၂
၅-နန္ဒာထေရီအပဒါန် .... .... .... .... ၂၄၄
၆-သောဏာထေရီအပဒါန် .... .... .... .... ၂၄၉
၇-ဘဒ္ဒကာပိလာနီထေရီအပဒါန် .... .... .... .... ၂၅၁
၈-ယသောဓရာထေရီအပဒါန် .... .... .... .... ၂၅၄
၉-ယသောဓရာပမုခဒသဘိက္ခုနီသဟဿအပဒါန် .... .... .... ၂၆၆
၁၀-ယသောဓရာပမုခအဋ္ဌာရသဘိက္ခုနီသဟဿအပဒါန် .... .... .... ၂၆၅


## ၄-ခတ္တိယာဝဂ်


၁-ယသဝတီပမုခဘိက္ခုနီသဟဿအပဒါန် .... .... .... .... ၂၇၂
၂-စတုရာသီတိဘိက္ခုနီသဟဿအပဒါန် .... .... .... .... ၂၇၃
၃-ဥပ္ပလဒါယိကာထေရီအပဒါန် .... .... .... .... ၂၇၇
၄-သိင်္ဂါလမာတုထေရီအပဒါန် .... .... .... .... ၂၇၉
၅-သုက္ကာထေရီအပဒါန် .... .... .... .... ၂၈၁
၆-အဘိရူပနန္ဒာထေရီအပဒါန် .... .... .... .... ၂၈၄
၇-အဍ္ဎကာသိထေရီအပဒါန် .... .... .... .... ၂၈၆
၈-ပုဏ္ဏိကာထေရီအပဒါန် .... .... .... .... ၂၈၇
၉-အမ္ဗပါလိထေရီအပဒါန် .... .... .... .... ၂၈၉
၁၀-ပေသလာထေရီအပဒါန် .... .... .... .... ၂၉၀


ထေရီအပဒါန်ပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

## ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| ၁ | ရတနစင်္ကမနကဏ္ဍ | ၂၉၃ |
| ၂ | သုမေဓပတ္ထနာကထာ | ၃၀၁ |
| ၃ | ဒီပင်္ကရဗုဒ္ဓဝင် | ၃၁၆ |
| ၄ | ကောဏ္ဍညဗုဒ္ဓဝင် | ၃၁၉ |
| ၅ | မင်္ဂလဗုဒ္ဓဝင် | ၃၂၂ |
| ၆ | သုမနဗုဒ္ဓဝင် | ၃၂၄ |
| ၇ | ရေဝတဗုဒ္ဓဝင် | ၃၂၇ |
| ၈ | သောဘိတဗုဒ္ဓဝင် | ၃၃၀ |
| ၉ | အနောမဒဿီဗုဒ္ဓဝင် | ၃၃၂ |
| ၁၀ | ပဒုမဗုဒ္ဓဝင် | ၃၃၅ |
| ၁၁ | နာရဒဗုဒ္ဓဝင် | ၃၃၇ |
| ၁၂ | ပဒုမုတ္တရဗုဒ္ဓဝင် | ၃၄၀ |
| ၁၃ | သုမေဓဗုဒ္ဓဝင် | ၃၄၃ |
| ၁၄ | သုဇာတဗုဒ္ဓဝင် | ၃၄၅ |
| ၁၅ | ပိယဒဿီဗုဒ္ဓဝင် | ၃၄၈ |
| ၁၆ | အတ္ထဒဿီဗုဒ္ဓဝင် | ၃၅၀ |
| ၁၇ | ဓမ္မဒဿီဗုဒ္ဓဝင် | ၃၅၃ |
| ၁၈ | သိဒ္ဓတ္ထဗုဒ္ဓဝင် | ၃၅၅ |
| ၁၉ | တိဿဗုဒ္ဓဝင် | ၃၅၇ |
| ၂၀ | ဖုဿဗုဒ္ဓဝင် | ၃၅၉ |
| ၂၁ | ဝိပဿီဗုဒ္ဓဝင် | ၃၆၁ |
| ၂၂ | သိခီဗုဒ္ဓဝင် | ၃၆၅ |
| ၂၃ | ဝေဿဘူဗုဒ္ဓဝင် | ၃၆၇ |
| ၂၄ | ကကုသန္ဓဗုဒ္ဓဝင် | ၃၇၀ |
| ၂၅ | ကောဏာဂမနဗုဒ္ဓဝင် | ၃၇၂ |
| ၂၆ | ကဿပဗုဒ္ဓဝင် | ၃၇၄ |
| ၂၇ | ဂေါတမဗုဒ္ဓဝင် | ၃၇၉ |
| ၂၈ | ဗုဒ္ဓပကိဏ္ဏကကဏ္ဍ | ၃၈၁ |
| ၂၉ | ဓာတုဘာဇနီယကထာ | ၃၈၃ |


ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

## စရိယာပိဋကပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-အကိတ္တိဝဂ်** | |
| ၁-အကိတ္တိစရိယ | .... .... .... .... | ၃၈၅ |
| ၂-သင်္ခစရိယ | .... .... .... .... | ၃၈၆ |
| ၃-ကုရုရာဇစရိယ | .... .... .... .... | ၃၈၇ |
| ၄-မဟာသုဒဿနစရိယ | .... .... .... .... | ၃၈၈ |
| ၅-မဟာဂောဝိန္ဒစရိယ | .... .... .... .... | ၃၈၉ |
| ၆-နိမိရာဇစရိယ | .... .... .... .... | ၃၈၉ |
| ၇-စန္ဒကုမာရစရိယ | .... .... .... .... | ၃၉၀ |
| ၈-သိဝိရာဇစရိယ | .... .... .... .... | ၃၉၀ |
| ၉-ဝေဿန္တရစရိယ | .... .... .... | ၃၉၂ |
| ၁၀-သသပဏ္ဍိတစရိယ | .... .... .... .... | ၃၉၆ |
| | **၂-ဟတ္ထိနာဂဝဂ်** | |
| ၁-မာတုပေါသကစရိယ | .... .... .... .... | ၃၉၈ |
| ၂-ဘူရိဒတ္တစရိယ | .... .... .... .... | ၃၉၉ |
| ၃-စမ္ပေယျနာဂစရိယ | .... .... .... .... | ၃၉၉ |
| ၄-စူဠဗောဓိစရိယ | .... .... .... .... | ၄၀၀ |
| ၅-မဟိံသကရာဇစရိယ | .... .... .... .... | ၄၀၁ |
| ၆-ရုရုရာဇစရိယ | .... .... .... .... | ၄၀၂ |
| ၇-မာတင်္ဂစရိယ | .... .... .... .... | ၄၀၃ |
| ၈-ဓမ္မဒေဝပုတ္တစရိယ | .... .... .... .... | ၄၀၄ |
| ၉-အလီနသတ္တုစရိယ | .... .... .... .... | ၄၀၄ |
| ၁၀-သင်္ခပါလစရိယ | .... .... .... .... | ၄၀၅ |

http://www.dhammadownload.com



# မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၃-ယုဂနဒ္ဓဝဂ်


| | | |
|---|---|---|
| ၁-ယုဂနဒ္ဓယစရိယ | .... .... .... .... | ၄၀၇ |
| ၂-သောမနဿစရိယ | .... .... .... .... | ၄၀၇ |
| ၃-အယောဃရစရိယ | .... .... .... .... | ၄၀၉ |
| ၄-ဘိသစရိယ | .... .... .... .... | ၄၁၀ |
| ၅-သောဏပဏ္ဍိတစရိယ | .... .... .... .... | ၄၁၀ |
| ၆-တေမိယစရိယ | .... .... .... .... | ၄၁၁ |
| ၇-ကပိရာဇစရိယ | .... .... .... .... | ၄၁၃ |
| ၈-သစ္စတာပသစရိယ | .... .... .... .... | ၄၁၃ |
| ၉-ဝဋ္ဋပေါတကစရိယ | .... .... .... .... | ၄၁၃ |
| ၁၀-မစ္ဆရာဇစရိယ | .... .... .... .... | ၄၁၄ |
| ၁၁-ကဏှဒီပါယနစရိယ | .... .... .... .... | ၄၁၅ |
| ၁၂-သုတသောမစရိယ | .... .... .... .... | ၄၁၆ |
| ၁၃-သုဝဏ္ဏသာမစရိယ | .... .... .... .... | ၄၁၇ |
| ၁၄-ဧကရာဇစရိယ | .... .... .... .... | ၄၁၇ |
| ၁၅-မဟာလောမဟံသစရိယ | .... .... .... .... | ၄၁၈ |
| နိဂုံးနှင့် ဥဒ္ဒါန်း | .... .... .... .... | ၄၁၉ |


**စရိယာပိဋကပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။**

**ထေရာပဒါန်ပါဠိတော် မြန်မာပြန် ဒုတိယအုပ်**

**မာတိကာ ပြီးပြီ။**

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန်
# သင်္ကေတလက္ခဏာများ

" " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ 'အာကာရ'ဟု သိမှတ်ရန်။

' ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

" ' ' " ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများဖြစ်သည် ဟု သိမှတ်ရန်။

● ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့်ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည် ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်၊ အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ထေရာပဒါန်ပါဠိတော်

# မြန်မာပြန်

### ဒုတိယအုပ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅၃-သကိံသမ္မဇ္ဇကဝဂ်

### ၁-သကိံသမ္မဇ္ဇကတ္ထေရအပဒါန်

၁။ ငါသည် ဝိပဿီမြတ်စွာဘုရား၏ သခွတ်ဗောဓိပင်မြတ်ကို ဖူးမြင်၏၊ ထိုသစ်ပင်မြတ်ကို ဖူးမြင်၍သာလျှင် ထိုဗောဓိပင်၌ စိတ်ကို ကြည်လင်စေခဲ့၏။

၂။ ထိုအခါ တံမြက်စည်းကိုယူ၍ ဗောဓိပင်ယင်ပြင်ကို တံမြက်လှည်းခဲ့၏၊ တံမြက်လှည်း ပြီးလျှင် ငါသည် ထိုသခွတ်ဗောဓိပင်ကို ရှိခိုးခဲ့၏။

၃။ ငါသည် ထိုဗောဓိပင်၌ စိတ်ကို ကြည်လင်စေ၍ ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် ထို ဗောဓိပင်ကို ရှိခိုးလျက် နောက်ဆုတ် ပြန်သွား၏။

၄။ ထိုသို့သောခရီးဖြင့် မြတ်သော ဗောဓိပင်ကို အောက်မေ့လျက် သွား၏၊ (ထိုအခါ) ကြမ်းတမ်းသော ခွန်အားကြီးမားသော စပါးကြီးမြွေသည် ငါ့ကို နှိပ်စက်၏။

၅။ (စုတိစိတ်၏) အနီး၌ ပြုအပ်သော ငါ၏ကံသည် အကျိုးပေးသော အားဖြင့် ငါ့ကို နှစ်သက်စေ၏၊ (မြွေသည်)ငါ၏ ကိုယ်ကို မျိုလိုက်၏၊ ငါသည် နတ်ပြည်၌ မွေ့လျော်ရ၏။

၆။ ငါ၏စိတ်သည် နောက်ကျုခြင်းမရှိ၊ စင်ကြယ်၏၊ အခါခပ်သိမ်း ဖြူစင်၏၊ ငါ၏ စိတ်ကို ပူပန်စေတတ်သော သောကတည်း ဟူသော ငြောင့်ကို မသိရပေ။

http://www.dhammadownload.com



၇။ နူနာသည်ရင်း အိုင်းအမာသည်ရင်း ဝဲကြီးနာသည်ရင်း ဝက်ရူးနာသည်ရင်း ဝဲနာသည်ရင်း ပွေးနာသည်ရင်း ယားနာသည်ရင်း ငါ့အား မရှိပေ၊ ဤသို့ဖြစ်ရခြင်းသည် တံမြက်လှည်းခြင်း၏ အကျိုးပေတည်း။

၈။ ငါ၏စိတ်နှလုံး၌ စိုးရိမ်မှုသည်ရင်း ငိုကြွေးမှုသည်ရင်း မရှိချေ၊ (ငါ၏) စိတ်သည် တုန်လှုပ်ခြင်း မရှိပဲ ဖြောင့်မတ်၏၊ ဤသို့ဖြစ်ရခြင်းသည် တံမြက်လှည်းခြင်း၏ အကျိုးပေတည်း။

၉။ ငါသည် ဈာန်သမာဓိတို့၌ မမေ့မလျော့၊ (ငါ၏) စိတ်သည် သန့်ရှင်းလျက် ရှိ၏၊ ငါ့အား အကြင်အကြင်သမာဓိကို အလိုရှိ၏၊ ထိုထိုအလိုရှိသော သမာဓိသည် ပြည့်စုံ၏။

၁၀။ နှစ်သက်ဖွယ်အာရုံ၌ မနှစ်သက်၊ ထို့ပြင် အမျက်ထွက်ဖွယ်အာရုံ၌လည်း အမျက်မထွက်၊ တွေဝေဖွယ်အာရုံ၌ မတွေဝေ၊ ဤသို့ဖြစ်ရခြင်းသည် တံမြက်လှည်းခြင်း၏ အကျိုးပေတည်း။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တံမြက်လှည်းမှု ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် တံမြက်လှည်းခြင်း၏ အကျိုးပေတည်း။

၁၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၁၃။ ငါ၏လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရားအထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ၊

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သကိံသမ္မဇ္ဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော သကိံသမ္မဇ္ဇကတ္ထေရအပဒါန် ပြီး၏။**

---

## ၂-ကေဒုဿဒါယကတ္ထေရအပဒါန်

၁၅။ ငါသည် ဟံသာဝတီမြို့၌ မြက်ရိတ်သမား (မြက်ထမ်းသမား) ဖြစ်ခဲ့၏၊ ထိုမြက်ထမ်းခြင်းဖြင့် အသက်မွေး၍ သားမယားတို့ကိုလည်း ကျွေးမွေး၏။

၁၆။ **တရားအားလုံးတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော လောက၏ ရှေ့သွား ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီး၍ ပွင့်တော်မူ၏။**

http://www.dhammadownload.com



၁၇။ ထိုအခါ ငါသည် မိမိအိမ်၌ ထိုင်နေ၍ ဤသို့ ကြံစည်၏၊ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူပေ၏၊ ငါ့အား လှူဖွယ်ဝတ္ထုလည်း မရှိပေ။

၁၈။ ငါ့အား ဤပုဆိုးတထည်သာ ရှိ၏၊ ငါ့အား ပေးမည့်သူ တယောက်မျှ မရှိချေ၊ ငရဲ အတွေ့သည် ဆင်းရဲလှချေ၏၊ ငါသည် ကောင်းမှု မျိုးစေ့ကို စိုက်ပျိုးတော့အံ့ဟု ကြံစည်၏။

၁၉။ ငါသည် ဤသို့ကြံစည်ပြီးလျှင် မိမိစိတ်ကို ကြည်လင်စေခဲ့၏၊ ငါသည် ပုဆိုးတထည်ကို ယူ၍ ဘုရားမြတ်အား ပေးလှူခဲ့၏။

၂၀။ ပုဆိုးတထည်ကို ပေးလှူပြီးလျှင် ရဲရင့်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အကယ်စင်စစ် ဘုရားဖြစ်ပါမူ အကျွန်ုပ်ကို ကယ်တင်တော်မူပါလော့ဟု ကြွေးကြော်မှုကို ဖြစ်စေ၏။

၂၁။ လောကသုံးပါးကိုသိတော်မူ၍ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏အလှူကို ချီးကျူးတော်မူလျက် ငါ့အား အနုမောဒနာ ပြုတော်မူ၏။

၂၂။ ဤ ပုဆိုးတထည်ကို လှူရခြင်းကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း ကမ္ဘာတသိန်းတို့ပတ်လုံး ပျက်စီးကျရာ အပါယ်သို့မလားရလတ္တံ့။

၂၃။ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသည်ဖြစ်၍ နတ်မင်းအဖြစ်ကို ပြုရလတ္တံ့၊ သုံးဆယ့်သုံးကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့။

၂၄။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ သင်သည် နတ်ပြည်၌၎င်း လူ့ပြည်၌၎င်း ကျင်လည်ရသည် ရှိသော်—

၂၅။ အဆင်းလှသူသည်၎င်း ဂုဏ်နှင့်ပြည့်စုံသူသည်၎င်း မနှိပ်စက်နိုင်သောကိုယ်ရှိသူသည်၎င်း ဖြစ်လတ္တံ့၊ရန်သူတို့ မချောက်ချားနိုင် မနှိုင်းရှည့်နိုင်သော ပုဆိုးကို အလိုရှိတိုင်းရလတ္တံ့။

၂၆။ ရဲရင့်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် ကောင်းကင်၌(ပျံသန်းသော)ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ တက်ကြွတော်မူ၏။

၂၇။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့ခြင်းသည် မရှိချေ၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးတထည် လှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ငါ့အား ပုဆိုးအခင်းသည် ဖြစ်ပေါ်လျက် ရှိ၏၊ငါသည် ပုဆိုး (မျက်နှာကြက်) အောက်၌ တည်၍ ပုဆိုးသည် ငါ၏အထက်၌ အမိုးဖြစ်လျက် ရှိ၏။

၂၉။ ယခု ငါအလိုရှိသည် ရှိသော် တောင်နှင့်တကွသော ဟိမဝန္တာတောကို အစပြု၍ ထိုစကြဝဠာတခုလုံးကို ပုဆိုးတို့ဖြင့် ဖုံးလွှမ်းနိုင်၏။

၃၀။ ထိုပုဆိုးတထည်ကို လှူရခြင်းကြောင့်သာလျှင် ဘဝကြီးငယ်၌ ကျင်လည်ရသည် ရှိသော် ဘဝတိုင်းဘဝတိုင်း ရွှေအဆင်းရှိသူဖြစ်၍ ကျင်လည်ရ၏။

http://www.dhammadownload.com



၃၁။ ပုဆိုးတထည်(အလှူ)၏ အကျိုးသည် မည်သည့်ဘဝ၌မျှကုန်ခန်းခြင်းသို့ မရောက်ချေ၊ ငါ့အား ဤဘဝသည် အဆုံးဘဝပေတည်း၊ ဤအဆုံးဘဝ၌လည်း ငါ့အား အကျိုးပေးလျက် ရှိ၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပုဆိုးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပုဆိုးတထည် လှူရခြင်း၏ အကျိုးပေတည်း။

၃၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၄။ ငါ၏လာခြင်းကား။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဒုဿဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကေဒုဿဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ကောသနဒါယကတ္ထေရအပဒါန်

၃၆။ ဟိမဝန္တာ၏အနီး၌ ဂေါသိတမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ ငါသည် သခ်မ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်အပ်၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာ ဖန်ဆင်းအပ်၏။

၃၇။ အမည်အားဖြင့် နာရဒဟု ထင်ရှား၏၊ ငါ့ကို ကဿပဟူ၍လည်း (လူတို့) သိကြကုန်၏၊ ထိုအခါ ငါသည် စင်ကြယ်သော လမ်းစဉ်ကို ရှာမှီးလျက် ဂေါသိတတောင်၌နေ၏။

၃၈။ တရားခပ်သိမ်းတို့ကို ကမ်းတဖက်ရောက် သိမြင်တော်မူသော မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာကို အလိုရှိတော်မူသည်ဖြစ်၍ ကောင်းကင်ဖြင့် ကြွသွားတော်မူ၏။

၃၉။ တော၏အထက်၌ ကြွသွားတော်မူသော မြတ်စွာဘုရား၏ရောင်ခြည်တော်ကို ဖူးမြင်ရ၍ သစ်သား ညောင်စောင်းကို ခင်းလျက် သစ်နက်ရေကိုလည်း ဖြန့်ခင်းခဲ့၏။

၄၀။ နေရာခင်းပြီးလျှင် ဦးခေါင်း၌ လက်အုပ်ကိုချီလျက် ဝမ်းမြောက်စကား ပြောကြား၍ ဤစကားကို လျှောက်ထား၏—

၄၁။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် (ကိလေသာ) မြားငြောင့်ကို နုတ်တော်မူတတ်ပါပေ၏၊ (ကိလေသာ) အနာနှိပ်စက်သော သူတို့ကို ဆေးကုတော်မူတတ်ပါပေ၏၊ မြတ်စွာဘုရား(ကိလေသာ)ရောဂါဖြင့် နှိပ်စက်အပ်သော အကျွန်ုပ်အား ဆေးကုပေးတော်မူပါ။

၄၂။ ရဟန်းမြတ် ဖြစ်တော်မူသော ဘုရားမြတ် အနာမရှိခြင်းကို အလိုရှိကုန်သော (အတတ်ပညာကို လို၍ ပေးလှူသော) အကြင်သူတို့သည် အရှင်ဘုရားကို ဖူးမျှော်ကြပါ

http://www.dhammadownload.com



ကုန်၏၊ မချွတ်အကျိုးပြီးခြင်းသို့ ရောက်ကုန်၏၊ ထိုသူတို့၏ ဘဝ၌ မအိုမပျက်စီးခြင်းသည် ဖြစ်၏။

၄၃။ အကျွန်ုပ်အား လှူဖွယ်ဝတ္ထုမရှိပါ၊ အကျွန်ုပ်သည် ကြွေကျသော သစ်သီးကို စား လေ့ရှိပါ၏၊ အကျွန်ုပ်အား ဤနေရာသည်သာ(လှူဖွယ်)ရှိပါ၏၊(အရှင်ဘုရားသည်)သစ်သား ညောင်စောင်း၌ ထိုင်နေတော်မူပါ။

၄၄။ မြတ်စွာဘုရားသည် ကြောက်ရွံ့ခြင်းကင်းသော ခြင်္သေ့မင်းကဲ့သို့ ထိုညောင်စောင်း ၌ ထိုင်တော်မူ၏၊ တခဏမျှ လွန်စေ၍ ဤစကားကို မိန့်ဆိုတော်မူ၏—

၄၅။ သင်သည် ရွံရှာခြင်း ကင်းသူ ဖြစ်လေ့၊ မကြောက်လင့်၊ သင်သည် ဇောတိရသ ပတ္တမြားကို ရအပ်ပေ၏၊ သင်သည် အကြင်ဆုကို တောင့်တအပ်ပေ၏၊ ထိုဆုအားလုံးသည် နောင်သောအခါ သင့်အား ပြည့်ဝ့ံလတ္တံ့။

၄၆။ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော အမြတ်ဆုံး ဘုရား၌ သင်ပြုအပ်သော ထိုကောင်းမှုသည် အချည်းနှီး မဖြစ်ချေ၊ အကြင်သူသည် စိတ်ကို ကောင်းစွာ ဆောက်တည်ထားပေ၏၊ ထိုသူသည် မိမိကိုယ်ကို (ဝဋ်မှ) ထုတ်ဆောင်ခြင်းငှါ စွမ်းနိုင်ရာ၏။

၄၇။ ဤနေရာအလှူကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း ကမ္ဘာတသိန်းတို့ ပတ်လုံး ပျက်စီးကျရောက်ရာ အပါယ်သို့ မလားရလတ္တံ့။

၄၈။ အကြိမ်ငါးဆယ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့၊ အကြိမ်ရှစ်ဆယ်တိုင်တိုင် စကြဝတေးမင်း လည်း ဖြစ်လတ္တံ့။

၄၉။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ အလုံးစုံသောဘဝတို့၌ ချမ်းသာခြင်း ရှိသူဖြစ်၍ သံသရာ၌ ကျင်လည်ရလတ္တံ့။

၅၀။ ပဒုမုတ္တရ မည်သော ရဲရင့်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော် မူ၍ ကောင်းကင်၌ (ပျံသန်းသော)ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ တက်ကြွတော်မူ၏။

၅၁။ ဆင်ယာဉ်ကိုရင်း မြင်းယာဉ်ကိုရင်း ရထားနှင့်တကွသော သံလျင်း (ထမ်းစင်) ကိုရင်း ဤအလုံးစုံကို ရရှိပေ၏၊ ဤသို့ဖြစ်ရခြင်းသည် နေရာတခုကို လှူရခြင်း၏ အကျိုးပေတည်း။

၅၂။ ငါသည် တောသို့ဝင်သော်လည်း နေရာကို အလိုရှိသောအခါ၌ ငါ၏စိတ်အကြံကို သိ၍ ပလ္လင်သည် အနီး၌ တည်လာ၏။

၅၃။ ရေလယ်သို့ ရောက်သော်လည်း နေရာကို အလိုရှိသောအခါ၌ ငါ၏ စိတ်အကြံကိုသိ၍ ပလ္လင်သည် အနီး၌ တည်လာ၏။

၅၄။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ် ဟူသမျှတို့၌ ပလ္လင်တသိန်းထို့သည် ငါ့ကို အခါခပ်သိမ်း ခြံရံကုန်၏။

၅၅။ ငါသည် နှစ်မျိုးသော လူ့ဘဝ နတ်ဘဝတို့၌သာလျှင် ကျင်လည်ရပေ၏၊ မင်းမျိုး၌ ၎င်း သို့မဟုတ် ပြာဟ္မဏမျိုး၌၎င်း နှစ်ပါးသော အမျိုး၌သာ ဖြစ်ရပေ၏။

http://www.dhammadownload.com



၃၆။ အတုမရှိသော ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော မြတ်စွာဘုရားအား နေရာတခုကို ပေးလှူခဲ့ခြင်းကြောင့် တရားတည်းဟူသော ပလ္လင်ကိုယူ၍ အာသဝမရှိပဲ နေရ၏။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ နေရာအလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နေရာတခုကို လှူရခြင်း၏ အကျိုးပေတည်း။

၃၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၃၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောသနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ကောသနဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၄-သတ္တကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန်

၄၁။ ဟိမဝန္တာ၏ အနီး၌ ကုက္ကုရမည်သော တောင်သည် ရှိ၏၊ ထိုတောင်ခြေရင်း၌ ခုနစ်ဆူသော ထိုပစ္စေကဗုဒ္ဓါတို့သည် သီတင်းသုံးတော်မူကြကုန်၏။

၄၂။ ငါသည် ပွင့်နေသော ထိန်ပင်ကို မြင်၍ ပန်းခုနစ်ပွင့်တို့ကို ဘူးယူပြီးလျှင် ကုသိုလ်စိတ်ဖြင့် လက်အုပ်ချီလျက် ကြဲဖြန့် ပူဇော်ခဲ့၏။

၄၃။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း ငါသည် လူ့ကိုယ်ခန္ဓာကို စွန့်ရသည်ရှိသော် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။

၄၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းလှူမှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ပစ္စေကဗုဒ္ဓါဘုရားအား ပန်းပူဇော်ခြင်း၏ အကျိုးပေတည်း။

၄၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၄၆။ ငါ၏လာခြင်းကား ။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သတ္တကဒမ္ဗပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် သတ္တကဒမ္ဗပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၅-ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန်

၆၈။ ငါသည် ရှေးအခါက မိဖကွယ်လွန်သဖြင့် တောမုဆိုးဖြစ်ခဲ့၏၊ သားကောင်ကို သတ်ခြင်းဖြင့် အသက်မွေးရ၏၊ ငါ့အား ကုသိုလ်ကောင်းမှုသည် မရှိချေ။

၆၉။ စကျွငါးမျိုးရှိတော်မူသော လောက၌ မြတ်သောရှေ့သွားဖြစ်တော်မူသော တိဿမြတ်စွာဘုရားသည် အစဉ်သနားတော်မူသဖြင့် ခြေတော်ရာ သုံးဆူတို့ကို ငါ့နေရာအနီး၌ ပြတော်မူ၏။

၇၀။ တိဿမည်သော မြတ်စွာဘုရား၏ နင်းအပ်သော ခြေတော်ရာသုံးဆူတို့ကို ဖူးမြင်ရ၍ ရွှင်လန်းသော ငါသည် ရွှင်ပျသောစိတ်ဖြင့် ခြေတော်ရာ၌ စိတ်ကို ကြည်လင်စေခဲ့၏။

၇၁။ မြေ၌ ပေါက်ရောက်သော ပွင့်နေသော လိပ်ဆူးရွှေပင်ကို တွေ့မြင်ရ၍ အခိုင်နှင့်တကွ ယူပြီးလျှင် ခြေတော်ရာမြတ်ကို ပူဇော်ခဲ့၏။

၇၂။ ကောင်းစွာ ပြုလုပ်ခဲ့သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း ငါသည် လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် တာဝတိံသာ နတ်ပြည်သို့ ရောက်ရ၏။

၇၃။ ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ငါသည် လိပ်ဆူးရွှေပွင့် အဆင်းရှိလျက် ကောင်းစွာ အရောင်တောက်သူ ဖြစ်ရ၏။

၇၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကောင်းမှုကို ပြုခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ခြေတော်ရာအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၆။ ငါ၏ လာခြင်းကား။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောရဏ္ဍပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဃတမဏ္ဍဒါယကတ္ထေရအပဒါန်

၇၈။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော တောအုပ်ကြီးအတွင်း သို့ဝင်သော သုစိန္တိတပစ္စေကဗုဒ္ဓါဘုရားကို လေနာဖြင့် နှိပ်စက်ခံနေရသည်ကို ဖူးမြင်ရ၏။

၇၉။ ဖူးမြင်ရသည်ရှိသော် ငါသည် စိတ်ကို ကြည်လင်စေပြီးလျှင် ထောပတ်ကြည်ကို ရှေးရှုဆောင်ယူ ပူဇော်ခဲ့၏၊ (ကံကို)ပြုလုပ် ပွါးစေခဲ့သည်၏ အဖြစ်ကြောင့် ဘာဂီရထီမည်သော ဤမြစ်သည်ရင်း—

http://www.dhammadownload.com



၈၀။ မဟာသမုဒ္ဒရာ လေးစင်းတို့သည်ရင်း ငါ့အား ထောပတ်တို့ ဖြစ်ကုန်၏၊ မနိုင်းယှဉ် မရေတွက်နိုင်သော ကြမ်းတမ်း ခက်မာသော မြေကြီးသည်လည်း—

၈၁။ ငါ၏ စိတ်အကြံကို သိ၍ ပျားသကာ ဖြစ်လေ၏၊ ဤသစ်ပင်တို့သည် လေးကျွန်းလုံး၌ ရှိကုန်၏၊ ခြေဖြင့် ရေကို သောက်ကုန်၏၊ မြေ၌ ပေါက်ရောက်ကုန်၏။

၈၂။ ထိုသစ်ပင်တို့သည် ငါ၏ စိတ်အကြံကို သိ၍ ပဒေသာပင်တို့ ဖြစ်ကုန်၏၊ အကြိမ် ငါးဆယ်တိုင်တိုင် နတ်တို့ကို အစိုးရလျက် သိကြားမင်းအဖြစ်ကို ပြုခဲ့ရ၏။

၈၃။ ငါးဆယ့်တကြိမ်တိုင်တိုင် ငါသည် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၈၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ထောပတ်ကြည်ကို လှူရခြင်း၏ အကျိုးပေတည်း။

၈၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၈၆။ ငါ၏လာခြင်းကား။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

၈၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဃတမဏ္ဍဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဃတမဏ္ဍဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ကေစမ္ဗသဝနိယတ္ထေရအပဒါန်

၈၈။ တရားခပ်သိမ်းတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် သစ္စာလေးပါးကို ဖော်ပြတော်မူလျက် များစွာသော လူအပေါင်းကို ကယ် တင်တော်မူ၏။

၈၉။ ထိုအခါ၌ ငါသည် ထက်မြက်သော တန်ခိုးရှိသော ရသေ့ဖြစ်၍ လျှော်တေသက်န်းတို့ ကို ခါလျက် ထိုအခါ ကောင်းကင်၌ သွားခဲ့၏။

၉၀။ ဘုရားမြတ်၏ အထက်၌ ငါသည် သွားခြင်းငှါ ပစွမ်းနိုင်ချေ၊ ငှက်သည် ကျောက် တောင်သို့ ရောက်သည်ရှိသော် သွားခွင့်ကို မရသကဲ့သို့ ငါသည် သွားခွင့်ကို မရတော့ချေ။

၉၁။ ရေ၌ သက်ဆင်း၍ သွားရသကဲ့သို့ ထိုအတူ ကောင်းကင်၌ သွားရ၏၊ဣရိယာပုထ်ကို ဖျက်ဆီးတတ်သော ဤအကြောင်းသည် ငါ့အား ရှေးက မဖြစ်စဘူးပေ။

၉၂။ ယခုအခါ၌ ငါသည် ဤအကြောင်းကို ရှာဖွေရတော့အံ့၊ ထိုအကျိုးကို ရနိုင်တန်ရာ၏၊ (ဤသို့ ကြံလျက်)ကောင်းကင်မှ ဆင်းသက်သည်ရှိသော် မြတ်စွာဘုရား၏ အသံတော်ကို ကြားနာရလေ၏။

http://www.dhammadownload.com



၉၃။ ထိုအခါ နှစ်သက်ဖွယ် နာပျော်ဖွယ်ကောင်းသော သာယာသော အသံဖြင့် အနိစ္စတရားကို ဟောတော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ထိုအနိစ္စသညာတရားကိုသာလျှင် သင်ယူခဲ့၏၊ အနိစ္စသညာကို သင်ယူ၍ ငါ၏ သင်္ခမ်းကျောင်းသို့ ပြန်သွားခဲ့၏။

၉၄။ ငါသည် ထိုသင်္ခမ်းကျောင်း၌ အသက်ထက်ဆုံးနေ၍ ကွယ်လွန်ခဲ့၏၊နောက်ဆုံး စုတိစိတ်ဖြစ်ခါနီးလတ်သော် ကြားနာခဲ့ရသော သူတော်ကောင်းတရားကို အောက်မေ့၏။

၉၅။ ကောင်းစွာ ပြုလုပ်ခဲ့သော ထိုကောင်းမှု ကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း ငါသည်လူ့ကိုယ်ခန္ဓာကိုစွန့်ရသည်ရှိသော် တာဝတိံသာနတ်ပြည်သို့ရောက်ရ၏။

၉၆။ ငါသည် ကမ္ဘာသုံးသောင်းတို့ ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ ငါးဆယ့်တကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏။

၉၇။ ငါသည် နှစ်ဆယ့်တကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၉၈။ ငါသည် ဘဝကြီးငယ်၌ ချမ်းသာသူဖြစ်၍ မိမိပြုအပ်သော ကောင်းမှု၏ အကျိုးကို ခံစားရ၏၊ ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ထိုအနိစ္စသညာကို အောက်မေ့၏၊ ငါသည် ဘဝ၏ အဆုံးဖြစ်သော စုတေခြင်း ကင်းသော (ပညာရှိတို့)ရောက်အပ်သော နိဗ္ဗာန်ကို ထိုးထွင်း၍ မသိခဲ့ချေ။

၉၉။ ပွါးများအပ်ပြီးသော ဣန္ဒြေရှိသော ရဟန်း(တပါး)သည် အဖအိမ်၌ ကြွရောက်ထိုင်နေတော်မူလျက် တရားစကားကို ဟောပြတော်မူသည်ရှိသော် အနိစ္စသညာကိုသာ ထုတ်ဆောင်တော်မူ၏။

၁၀၀။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်သော သင်္ခါရတရားတို့သည် အမြဲ မရှိကုန်စွတကား၊ ဖြစ်ပြီး၍ ချုပ်ငြိမ်းကုန်၏၊ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ချမ်းသာ၏။

၁၀၁။ ငါသည် ဂါထာကို ကြားနာရသည်နှင့် တပြိုင်နက် ရှေးအမှတ်သညာကို အောက်မေ့ခဲ့၏၊ (ထိုအခါ)တထိုင်တည်း၌ အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀၂။ မွေးဖွားသည်မှ ခုနစ်နှစ်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏၊ မြတ်စွာဘုရားသည် (ငါ့ကို)ရဟန်းပြုပေးတော်မူ၏၊ (ဤသို့ ဖြစ်ရခြင်းသည်)တရားနာခြင်း၏ အကျိုးပေတည်း။

၁၀၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ တရားတော်ကို နာခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တရားနာရခြင်း၏ အကျိုးပေတည်း။

၁၀၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၀၅။ ငါ၏ လာခြင်းကား။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

၁၀၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဓမ္မဿဝနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် ကေဓမ္မဿဝနိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၈-သုစိန္တိတတ္ထေရအပဒါန်

၁၀၇။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ လယ်သမားဖြစ်ခဲ့၏၊ လယ်လုပ်ငန်းဖြင့် အသက်မွေး၏၊ ထိုလယ်အလုပ်ဖြင့်ပင် သားမယားတို့ကို ကျွေးမွေး၏။

၁၀၈။ ထိုအခါ၌(ငါ၏)လယ်သည် အလွန်ပြည့်စုံသော ကောက်ပင် ရှိ၏၊ ငါ၏ စပါးခင်းသည် အသီးဖြစ်ထွန်းလေ၏၊ ငါသည် စပါးမှည့်ချိန်ရောက်လတ်သော် ဤသို့ ကြံစည်ခဲ့၏။

၁၀၉။ ဂုဏ်ရှိ ဂုဏ်မဲ့ကို သိသည်ဖြစ်၍ သံဃာအား မပေးလှူပဲ ဦးဦးဖျားဖျားစားသော ငါ့အား မလျောက်ပတ် မသင့်တော်ပေ။

၁၁၀။ ဤဘုရားရှင်သည် အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံတော်မူ၏၊ ကောင်းမှု မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော အမြတ်ဆုံး သံဃာတော်သည် ထိုမြတ်စွာဘုရားမှ အမွန်စ၍ ဖြစ်ပေါ်တော်မူ၏။

၁၁၁။ ငါသည် ထိုဘုရား အမှူးရှိသော သံဃာအား ကောက်ဦးအလှူကို ဦးဦးဖျားဖျား ပေးလှူအံ့၊ ဤသို့ ကြံစည်ပြီးလျှင် ရွှင်လန်း နှစ်သက်သော စိတ်ရှိသည်ဖြစ်၍—

၁၁၂။ သယ်မှ စပါးကို ဆောင်ယူ၍ လောက၏ အကြီးအမှူးဖြစ်သော လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားထံ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးကာ ဤစကားကို လျှောက်ထား၏—

၁၁၃။ မြတ်စွာဘုရား အရှင်ဘုရားသည်လည်း ပူဇော်ရာ ဖြစ်တော်မူပါပေ၏၊ (တပည့်တော်အားလည်း)ကောက်ဦးသည် ပြည့်စုံလျက် ရှိပါ၏၊ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အစဉ် သနားမှုကို အကြောင်းပြု၍ လက်ခံတော်မူပါ (အလှူခံတော်မူပါ)။

၁၁၄။ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိ၍ ဤစကားကို မိန့်တော်မူ၏—

၁၁၅-၁၁၆။ ကျင့်ဆဲဖြစ်သော(မဂ်)ပုဂ္ဂိုလ်လေးယောက်တို့ရင်း ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်တို့ရင်း ဤရှစ်ယောက်သော အရိယာသံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ ပညာ သီလ သမာဓိနှင့် ပြည့်စုံတော်မူပါပေ၏၊ ကောင်းမှုကို အလိုရှိသဖြင့် ပူဇော်ကုန်သော နတ်ပြည် ဥပဓိကို ဖြစ်စေတတ်သော လူသတ္တဝါတို့ ပြုအပ်သော ကောင်းမှုသည် သံဃာအား ပေးလှူသည်ရှိသော် များသော အကျိုးရှိပေ၏၊ ထိုသံဃာအားသာလျှင် သင်၏ ကောက်ဦးကိုရင်း ထိုအတူ အခြားဝတ္ထုကိုရင်း ပေးလှူအပ်၏။

၁၁၇။ သံဃာမှ ညွှန်ပြသော ရဟန်းတို့ကို မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် အိမ်၌ စီရင်ထားသော ထင်ရှားရှိသော အလှူဝတ္ထုကို သင်သည် ရဟန်းသံဃာအား ပေးလှူလော့ (ဟု မိန့်တော်မူ၏)။

၁၁၈။ ငါသည် သံဃာမှ ရည်ညွှန်းပြသော ရဟန်းတို့ကို မိမိအိမ်သို့ ပင့်ဆောင်၍ ငါ၏အိမ်၌ စီရင်အပ်သော အလှူဝတ္ထုကို ရဟန်းသံဃာအား ပေးလှူခဲ့၏။

http://www.dhammadownload.com



၁၁၉။ ကောင်းစွာပြုလုပ်ခဲ့သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုဘို့ကြောင့်ရင်း ငါသည် လူ့ခန္ဓာကိုယ်ကို စွန့်သည်ရှိသော် တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏။

၁၂၀။ ထိုတာဝတိံသာနတ်ပြည်၌ ငါ၏ ကောင်းစွာ ပြုအပ်သော ဗိမာန်သည် ရွှေဖြင့်ပြီး၏၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏၊ ယူဇနာ ခြောက်ဆယ် အစောက်နက်၏၊ ယူဇနာ သုံးဆယ် အပြန့် ကျယ်၏။

တဆယ့်ကိုးခုမြောက် ဘာဏဝါရ ပြီး၏။

၁၂၁။ ငါ၏ ဗိမာန်သည် နတ်သမီးအပေါင်းတို့ဖြင့် ရောပြွမ်းလျက် ရှိ၏၊ ငါသည် ထိုတာဝတိံသာ နတ်ပြည်၌(အလိုရှိတိုင်း)စားသောက်၍ နေရ၏။

၁၂၂။ အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏၊ အကြိမ် ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၂၃။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် မရေတွက်နိုင်သော ဥစ္စာကို ရ၏၊ ငါ့အား စည်းစိမ် ဥစ္စာ၌ ယုတ်လျော့ခြင်း မရှိ၊ ဤသို့ ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၁၂၄။ ဆင်ယာဉ်ကိုရင်း မြင်းယာဉ်ကိုရင်း ထမ်းစင်ကိုရင်း သံလျင်းကိုရင်း ဤအလုံးစုံကို ရရှိ၏၊ ဤသို့ ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်း လှူရခြင်း၏ အကျိုးပေတည်း။

၁၂၅။ အဝတ်သစ်ကိုရင်း အသီးဦးကိုရင်း မွန်မြတ်သော အရသာရှိသော ဘောဇဉ်ဦးကိုရင်း ဤအလုံးစုံကို ရရှိ၏၊ ဤသို့ ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်း လှူရခြင်း၏ အကျိုးပေတည်း။

၁၂၆။ ပိုးပုဆိုး ကမ္ဗလာပုဆိုး(သက္ကလပ်)တို့ကိုရင်း ခေါမတိုင်းဖြစ်ပုဆိုး ဝါချည်ပုဆိုးတို့ကိုရင်း ထိုအလုံးစုံကို ရရှိ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၁၂၇။ ကျွန်မိန်းမ အပေါင်းကိုရင်း ကျွန်ယောကျ်ားအပေါင်းကိုရင်း တန်ဆာဆင်အပ်ကုန်သော မိန်းမတို့ကိုရင်း ဤအလုံးစုံကိုလည်း ရရှိ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၁၂၈။ ငါ့အား အေးခြင်း ပူခြင်း အိုက်စပ်ခြင်းသည် မရှိပေ၊ ထို့ပြင် ငါ၏နှလုံး၌ စိတ်ဆင်းရဲခြင်းသည် မရှိ။

၁၂၉။ ဤခဲဖွယ်ကို ခဲပါလော့၊ ဤစားသောက်ဖွယ်ကို စားပါလော့၊ ဤနေရာ၌ အိပ်ပါလော့၊ ထိုအလုံးစုံသော ဖိတ်မန်မှုကိုလည်း ရရှိ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၁၃၀။ ယခုအခါ၌ ဤဘဝသည်ကား အဆုံးစွန်သော ဘဝပေတည်း၊ နောက်ဆုံးဘဝဖြစ်ပေ၏၊ ယခုဘဝ၌လည်း ငါ၏လှူဖွယ်ဝတ္ထုသည် အခါခပ်သိမ်း အကျိုးကိုနှစ်သက်စေ၏။

http://www.dhammadownload.com



၁၃၁။ အမြတ်ဆုံး ဂိုဏ်းသံဃာအား ကောက်ဦးဆွမ်းကို ပေးလှူရ၍ ငါ၏ကံအား လျော်ကပ်တကုန်သော အကျိုးဆက် ရှစ်ပါးတို့ကို ခံစားရ၏။

၁၃၂။ ငါသည် အဆင်းလှသူ အခြံအရံများသူ ဥစ္စာစည်းစိမ် များပြားသူ ဘေးရန်မရှိသူ ဖြစ်ရ၏၊ အခါခပ်သိမ်း အပေါင်းအသင်း ပေါမျှားသူ မပျက်စီးသောပရိသတ်ရှိသူ ဖြစ်ရ၏။

၁၃၃။ မြေဦ့နေကုန်သော လူအားလုံးတို့သည် ငါ့ကို ပူဇော်ကြကုန်၏၊ငါသည် ခပ်သိမ်းသော လှူဖွယ်ဝတ္ထုကိုလည်း ဦးဦးဖျားဖျား ရရှိပေ၏။

၁၃၄။ ရဟန်းသံဃာ၏အလယ်၌ရှင်း မြတ်စွာဘုရား၏ မျက်မှောက်၌ရှင်း ပုဂ္ဂိုလ်အားလုံးတို့ကို ကျော်လွန်၍ အလှူဒါယကာတို့သည် ငါ့အားသာလျှင် ပေးလှူကြကုန်၏။

၁၃၅။ အမြတ်ဆုံးဂိုဏ်းသံဃာအား ကောက်ဦးဆွမ်းကို ရှေးဦးစွာ ပေးလှူခြင်းကြောင့် အကျိုးဆက် ရှစ်ပါးတို့ကို ခံစားရ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်း လှူရခြင်း၏ အကျိုးပေတည်း။

၁၃၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကောက်ဦးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ကောက်ဦးဆွမ်း လှူရခြင်း၏ အကျိုးပေတည်း။

၁၃၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၁၃၈။ ငါ၏လာခြင်းကား။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

၁၃၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုစိန္တိတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် သုစိန္တိတတ္ထေရအပဒါန် ပြီး၏။

---

## ၉-သောဝဏ္ဏကိက်ဏိယတ္ထေရအပဒါန်

၁၄၀။ ငါသည် ယုံကြည်မှု သဒ္ဓါတရားဖြင့် တောထွက်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ခြိုးခြံသော အကျင့်ကို မှီလျက် လျော်တေသက်န်းကို ဆောင်သူဖြစ်ခဲ့၏။

၁၄၁။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော အတ္ထဒဿီမြတ်စွာ ဘုရားသည် ထိုအခါ၌ လူအပေါင်းကို ကယ်တင်တော်မူလျက် ပွင့်တော်မူ၏။

၁၄၂။ ငါသည် လွန်စွာမကျန်းမာခြင်းကြောင့် ငါ၏ အင်္ဂါအားသည်လည်း စင်စစ်ကုန်ခန်းလျက် ရှိ၏။ ဘုရားမြတ်ကို အောက်မေ့၍ မြတ်သောသဲပုံစေတီကိုပြုပြီးလျှင်—

၁၄၃။ ငါသည် ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ရွှေအဆင်းရှိသော ဆည်းလည်း ာန်းတို့ကို တက်ကြွသောစိတ်ရှိလျက် မိမိလက်ဖြင့် ကြဲဖြန့် ပူဇော်ခဲ့၏။

http://www.dhammadownload.com



၁၄၄။ ငါသည် မျက်မှောက်၌ သက်တော်ထင်ရှား မြတ်စွာဘုရားကိုကဲ့သို့ သဲပုံစေတီတော်ကို ဆည်းကပ် ပူဇော်ခဲ့၏၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အတ္ထဒဿီမြတ်စွာဘုရားအား ထိုစိတ်၏ ကြည်လင်မှုကြောင့်—

၁၄၅။ နတ်ပြည်သို့ ရောက်သည်ဖြစ်၍ ပြန့်ပြောကြီးမားသော ချမ်းသာကို ရရှိပေ၏၊ ထိုနတ်ပြည်၌ ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်ဖြစ်၏၊ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ခြင်းရ၏ အကျိုးပေတည်း။

၁၄၆။ ကောင်းစွာ တန်ဆာဆင်ယင်အပ်ကုန်သော ကုဋေရှစ်ဆယ်မျှသော ငါ၏မိန်းမတို့သည် အခါခပ်သိမ်း ငါ့အား ခစားလုပ်ကျွေးကြကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၄၇။ တူရိယာခြောက်သောင်းတို့သည်ရင်း စည်ကြီးတို့သည်ရင်း ထက်စည်တို့သည်ရင်း ခရုသင်းတို့သည်ရင်း စည်တို့သည်ရင်း ဒုန်းဒုန်းမည်သော စည်ကြီးတို့သည်ရင်း ထိုနတ်ပြည်၌ သာယာစွာမြည်လျက် ရှိကုန်၏။

၁၄၈-၁၄၉။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော ဋ္ဌာနသုံးမျိုးမှ ယိုကြသောအမုန်ရှိကုန်သော တောင်ထိပ် တောင်ကျေ၌ ပျော်မွေ့ကုန်သော အသက်ခြောက်ဆယ်တွင်မှ အရွယ်ယုတ်လျော့ကုန်သော ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော မာတင်္ဂဆင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါ့အား ခစားမှုကို ပြုကြကုန်၏၊ငါ့အား ဗိုလ်ပါအပေါင်း၌ရင်း ဆင်အပေါင်း၌ရင်း ယုတ်လျော့ခြင်းသည် မရှိချေ။

၁၅၀။ ငါသည် ရွှေဆည်းလည်းပန်းတို့၏ အကျိုးကို ခံစားရ၏၊ ငါးဆယ့်ရှစ်ကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏။

၁၅၁။ ငါသည် ခုနစ်ဆယ့်တကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်၏၊ တရာ့တကြိမ်တိုင်တိုင် ဧကရာဇ်မင်းအဖြစ်ကို မြေအပြင်၌ ပြုရ၏။

၁၅၂။ ထိုငါသည် ယခုအခါ၌ ပြုစီရင်မှုမရှိသော အလွန်မြင်နိုင်ခဲသော အမြိုက်နိဗ္ဗာန်သို့ ရောက်၏၊ငါ့အား သံယောဇဉ်ကုန်ပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

၁၅၃။ (ဤဘဒ္ဒကမ္ဘာမှ) ကမ္ဘာတထောင့်ရှစ်ရာထက်၌ ပန်းတင်ပူဇော်ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၅၄။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၅၅။ ငါ၏လာခြင်းကား။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

၁၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောဝဏ္ဏကိုဋ်ကဏိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် သောဝဏ္ဏကိုဋ်ကဏိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၁၀-သောဏ္ဏကောဋိဝီသတ္ထေရအပဒါန်

၁၅၇။ စိတ်ကို ပွါးစေတတ်သော သစ္စာလေးပါးတရားကို သိတော်မူသော ယဉ်ကျေးသော ကိုယ်စိတ်ရှိတော်မူသော ကောင်းစွာတည်ကြည်တော်မူသော မြတ်သောအကျင့်လမ်း၌ ကျင့်တော်မူသော စိတ်၏ငြိမ်သက်ခြင်း၌ မွေ့လျော်တော်မူသော—

၁၅၈။ ဩဃကို ကူးမြောက်တော်မူပြီးသော ဈာန်ဝင်စားလေ့ ရှိတော်မူသော ဈာန်ဝင်စားမှု၌ မွေ့လျော်တော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော ရေဆိပ်အနီး၌ သမာပတ်ဝင်စားတော်မူသော ကြာညိုပွင့်ချပ်ရောင်နှင့် တူတော်မူသော မြတ်စွာဘုရားကို (ဖူးမြင်ရ၏၊ ဖူးမြင်ရသည် ရှိသော်)—

၁၅၉။ ဗူးဖြင့် ရေကိုယူ၍ ဘုရားမြတ်ထံသို့ ချဉ်းကပ်ခဲ့၏၊ ငါသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရေဆေး၍ ဗူးကို ပေးလှူခဲ့၏။

၁၆၀။ သင်သည် ဤဗူးဖြင့် ရေကို ဆောင်ပြီးလျှင် ငါ၏ခြေရင်း၌ ထားခဲ့လော့ဟု ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် စေခိုင်းတော်မူ၏။

၁၆၁။ ငါသည် မြတ်စွာဘုရား၌ ရှိသေခြင်းဖြင့်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ဗူးဖြင့် ရေကို ဆောင်၍ ဘုရားမြတ်ထံ ချဉ်းကပ် ခဲ့၏။

၁၆၂။ မြတ်စွာဘုရားသည် ငါ၏စိတ်ကို ငြိမ်းအေးစေလျက် အနုမောဒနာ ပြုတော်မူ၏၊ ဤဗူးကို လှူရုံခြင်းကြောင့် သင်၏အကြံအစည်သည် ပြည့်စုံစေသတည်း။

၁၆၃။ ငါသည် တဆယ့်ငါးကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏၊ အကြိမ်သုံးဆယ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၁၆၄။ နေ့၌ဖြစ်စေ ညဉ့်၌ဖြစ်စေ စင်္ကြံသွားစဉ်ရင်း ရပ်တည်စဉ်ရင်း ငါ၏ရှေ့၌ (တစုံတယောက်သည်) ရွှေအောင်လံကို ကိုင်၍ တည်၏။

၁၆၅။ မြတ်စွာဘုရားအား ဗူးကို ပေးလှူခဲ့ခြင်းကြောင့် ရွှေအောင်လံကို ရ၏၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားတို့၌ ပြုအပ်သောကောင်းမှုသည် အနည်းငယ်မျှပင် ဖြစ်သော်လည်း ပြန့်ပြောသော အကျိုးသည် ဖြစ်ထွန်းလေ၏။

၁၆၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဗူးကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဗူးအလှူ၏ အကျိုးပေတည်း။

၁၆၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၆၈။ ငါ၏လာခြင်းကား။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

၁၆၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောဏ္ဏကောဋိဝီသမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် သောဏ္ဏကောဋိဝီသတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်သုံးခုမြောက် သကိံသမ္မဇ္ဇကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၄-ကေဝိဟာရိဝဂ်

## ၁-ကေဝိဟာရိကတ္ထေရအပဒါန်

၁။ ဉာဏ်ဘဒ္ဒကမ္ဘာ၌ ဗြဟ္မာမင်း၏ အဆွေဖြစ်သော အခြံအရံ များတော်မူသော အနွယ်တော်အားဖြင့် ကဿပအမည်ရှိသော ဟောပြောသောသူတို့ထက် အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည် ပပဉ္စတရားရှိတော်မမူ၊ စွဲလမ်းခြင်းရှိတော်မမူ၊ ကောင်းကင်နှင့်တူသော စိတ်ရှိတော်မူ၏၊ တိတ်ဆိတ်ရာအရပ်၌ များစွာနေလေ့ရှိတော်မူ၏၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူ၏၊ အနိမိတ္တ နိဗ္ဗာန်၌ မွေ့လျော်တော်မူ၏၊ ဝသီငါးပါးနှင့် ပြည့်စုံတော်မူ၏။

၃။ မကပ်ငြိသော စိတ်ရှိတော်မူ၏၊ (ကိလေသာဖြင့်) လိမ်းကျံခြင်းမှ ကင်းတော်မူ၏၊ အမျိုးအပေါင်း၌ ရောနှောခြင်းရှိတော်မမူ၊ ကြီးမားသော မဟာကရုဏာရှိတော်မူ၏၊ ရဲရင့်တော်မူ၏၊ ဆုံးမခြင်းအကြောင်း၌ လိမ္မာတော်မူ၏။

၄။ သူတပါးကိစ္စတို့၌ အားထုတ်တော်မူ၏၊ နတ်နှင့်တကွသော လောက၌ ဂတိတည်းဟူသော ညွန်ကို ခြောက်သွေ့စေတတ်သော နိဗ္ဗာန်ရောက်ကြောင်း မဂ်တရားကိုရှင်း—

၅။ အိုခြင်း သေခြင်းကို တားမြစ်တတ်သော လွန်စွာ သာယာဖွယ်ကောင်းသော အမြိုက်နိဗ္ဗာန်တရားကိုရှင်း ဆုံးမတော်မူပါပေ၏၊ ထိုမြတ်စွာဘုရားသည် များစွာသော ပရိသတ်တို့၏ အလယ်၌ ထိုင်နေတော်မူလျက် လောကကို ကယ်တင်တော်မူတတ်ပါပေ၏။

၆။ ကရဝိက်ငှက်မင်း၏ အသံနှင့်တူသော အသံရှိတော်မူသော ကိုးကွယ်ရာ ဖြစ်တော်မူသော ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံရှိတော်မူသော ထိုမြတ်စွာဘုရားသည် ကိုးကွယ်ရာမရှိပဲ ပျက်စီးသော သူတို့ကို သံသရာတည်းဟူသော ကြီးစွာသော ချောက်မှ ထုတ်ဆောင်တော်မူတတ်ပါပေ၏။

၇။ ကိလေသာ အညစ်အကြေးကင်းသော တရားကို ဟောတော်မူသော မြတ်စွာဘုရားကို ငါသည် ဖူးမြင်ရ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နာရ၍ ရဟန်းဘောင်၌ ဝင်ရောက်ခဲ့၏။

၈။ ထိုအခါ၌ ငါသည် ရဟန်းပြုပြီးလျှင် မြတ်စွာဘုရား အဆုံးအမကို ဆင်ခြင်ဝင်စားလျက် အပေါင်းအဖော်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မွေ့လျော်ဖွယ်ကောင်းသော တော၌ တယောက်တည်းသာလျှင် နေခဲ့၏။

၉။ အပေါင်းအဖော်ရောနှောခြင်း၌ ဘေးဟု ရှုလေ့ရှိသော ငြိမ်းချမ်းသော စိတ်ရှိသော ငါ့အား ငါဟု စွဲလမ်းခြင်း၏ အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိငြိမ်းမှုသည် ဖြစ်လေ၏။

၁၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

http://www.dhammadownload.com



၁၁။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေဝိဟာရိက မထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော ကေဝိဟာရိကတ္ထေရအပဒါန် ပြီး၏။**

---

## ၂-ကေသဒ်ိယတ္ထေရအပဒါန်

၁၃။ ဝိပဿီ မြတ်စွာဘုရား၏ မဟာဗောဓိပင်ကို ပူဇော်ပွဲသည် ဖြစ်လေ၏၊ များစွာသော လူတို့သည် အညီအညွတ် စည်းဝေးကုန်၍ ဗောဓိပင်မြတ်ကို ပူဇော်ကြကုန်၏။

၁၄။ အကြင်မြတ်စွာဘုရား၏ ဤသို့သဘောရှိသော ဗောဓိပင်ကို ဤပူဇော်ခြင်းသည် ရှိ၏၊ ထိုဗောဓိပင် ပူဇော်ခြင်းသည် မယုတ်ညံ့၊ ဘုရားမြတ်ကဲ့သို့ပင် ဖြစ်လတ္တံ့ (ဟု ဆင်ခြင်၏)။

၁၅။ ထိုအခါ၌ ငါသည် ခရုသင်းကိုယူ၍ တနေ့လုံးမှတ်လျက် ဗောဓိပင်ကို ဆည်းကပ်ပူဇော်၏၊ မြတ်သော ဗောဓိပင်ကို ရှိခိုးခဲ့၏။

၁၆။ သေခါနီးအခါ၌ ပြုအပ်သော ကံသည် နတ်ပြည်သို့ ရောက်စေ၏၊ ငါ၏ ကိုယ်သည် (မြေ၌) ကျသည်ရှိသော် ငါသည် နတ်ပြည်၌ မွေ့လျော်ရ၏။

၁၇။ တူရိယာခြောက်သောင်းတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေလျက် ငါ့အား အခါခပ်သိမ်း ခစားဆည်းကပ်ကြကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၈။ ခုနစ်ဆယ့်တကမ္ဘာထက်၌ သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိသော မြေကို အစိုးရသော အောင်အပ်ပြီးသော ရန်သူရှိသော ဇမ္ဗူဒိပ်ကျွန်းအလုံးကို အမှီးရသော သုဒဿနမင်းသည် ဖြစ်ခဲ့၏။

၁၉။ ထိုအခါ၌ အစိတ်အပိုင်း(အင်္ဂါ)တရာရှိကုန်သော တူရိယာတို့သည် အခါခပ်သိမ်း ငါ့ကို ခြံရံကုန်၏၊ ငါသည် မိမိကောင်းမှုကံကို ခံစားရ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆည်းကပ်ရခြင်း၏ အကျိုးပေတည်း။

၂၀။ ကပ်ရောက်ရတိုင်းသော နတ်အဖြစ် လူ့အဖြစ်ဟူသမျှတို့၌ အမိဝမ်း၌ ကိန်းအောင်းလျက်ရှိသော ငါ့အားလည်း စည်တို့သည် အခါခပ်သိမ်း မြည်ဟီးကုန်၏။

၂၁။ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ခဲ့ခြင်းကြောင့် စည်းစိမ်တို့ကို ခံစားပြီးလျှင် အေးချမ်းသော ဘေးမရှိသော တုန်လှုပ်ခြင်းမရှိသော အမြိုက်နိဗ္ဗာန်သို့ ရောက်ရ၏။

http://www.dhammadownload.com



၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကံကိုပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၄။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေသဝိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ကေသဝိယတ္ထေရအပဒါန် ပြီး၏။**

---

## ၃-ပါဋ္ဌိဟီရသညကတ္ထေရအပဒါန်

၂၆။ ထိုအခါ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ရဟန္တာတသိန်းတို့နှင့်အတူ မြို့သို့ ဝင်တော်မူ၏။

၂၇။ ကိလေသာမီးငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် မြို့သို့ဝင်တော်မူလတ်သော် ရတနာတို့သည် တောက်ပလေကုန်၏၊ ထိုခဏ၌ ကြွေးကြော်သံသည် ဖြစ်ပေါ်၏။

၂၈။ မြို့သို့ မြတ်စွာဘုရား ဝင်တော်မူလတ်သော် မြတ်စွာဘုရား၏ အာနုဘော်တော်ကြောင့် စည်တို့သည် မတီးမမှုတ်ကုန်ပဲ မြည်ကုန်၏၊ စောင်းတို့သည် အလိုလိုမြည်ကုန်၏။

၂၉။ ရဟန်းမြတ်ဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို ငါသည် ရှိခိုးပါ၏၊ တန်ခိုးပြာဋိဟာကို ဖူးမြင်ရခြင်းကြောင့်လည်း ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေခဲ့၏။

၃၀။ ဘုရားရှင်သည် အံ့ဩဖွယ်ရှိပါပေစွ၊ တရားတော်သည် အံ့ဩဖွယ်ရှိပါပေစွ၊ ငါတို့အား ဆရာ၏ပြည့်စုံခြင်းတို့သည် အံ့ဩဖွယ် ရှိပါပေကုန်စွ၊ စိတ်စေတနာ မရှိကုန်သော တူရိယာတို့သည်လည်း အလိုလိုသာလျှင် မြည်လျက် ရှိကုန်၏။

၃၁။ (ငါသည်) ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မြတ်စွာဘုရားဟူသော အမှတ်သညာကို ရခဲ့သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘုရားဟူသော အမှတ်သညာ၏ အကျိုးပေတည်း။

၃၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၃။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဋိဟီရသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ပါဋိဟီရသညကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၄-ဉာဏတ္ထဝိကတ္ထေရအပဒါန်

၃၅။ မဟာလှေကားပန်းကဲ့သို့ တောက်ပတော်မူသော ဆီမီးတိုင်ကဲ့သို့ ထွန်းလင်းတော်မူသော ရွှေကဲ့သို့ တင့်တယ်တော်မူသော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၆။ ငါသည် ကရားကိုင်၍ လျှော်တေသက်န်းကိုင်၍ သံကောက်ကိုင်၍ ချထား၍ သစ်နက်ရေကို လက်ဝဲပခုံး၌တင်ပြီးလျှင် ဘုရားမြတ်ကို ချီးကျူးခဲ့၏။

၃၇။ မြတ်စွာဘုရား အရှင်ဘုရားသည် မောဟတည်း ဟူသော အမိုက်တိုက်ကို ပယ်ဖျောက်လျက် မောဟတည်း ဟူသော ကွန်ရက်ဖြင့် ရောယှက်ရှုပ်ထွေးလျက်ရှိသော သတ္တဝါအပေါင်းအား ဉာဏ်တော်တည်း ဟူသော အလင်းရောင်ကို ပြ၍ (သံသရာမှ) ကူးမြောက်ပြီးသော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။

၃၈။ အရှင်ဘုရားသည် ဤလောကကို ကောင်းစွာ ထုတ်ဆောင် ကယ်တင်တော်မူပါပေ၏၊ (အရှင်ဘုရား၏) အလုံးစုံကို သိမြင်ခြင်းရှိသော ဉာဏ်တော်သည် အမြတ်ဆုံးဖြစ်တော်မူပါပေ၏၊ ထိုဉာဏ်တော်၏ သိဖွယ်တရားကို သိမြင်တော်မူသလောက် အရှင်ဘုရား၏ ဉာဏ်တော်၌ နှိုင်းစရာ (ဥပမာ) မရှိတော့ပါ။

၃၉။ ထိုဉာဏ်တော်ကြောင့် မြတ်စွာဘုရားကို သဗ္ဗညူ ဟု ဆိုအပ်ပါ၏၊ ငါသည် မပိတ်ပင် မတားဆီးအပ်သော သဗ္ဗညုတဉာဏ်တော် ရှိတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။

၄၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ငါသည် ဘုရားမြတ်ကို ချီးကျူးခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော်ကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၄၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၂။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဉာဏတ္ထဝိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် ဉာဏတ္ထဝိကတ္ထေရအပဒါန် ပြီး၏။**

---

## ၅-ဥစ္ဆုခဏ္ဍိကတ္ထေရအပဒါန်

၄၄။ ငါသည် ဗန္ဓုမတီမြို့၌ တံခါးစောင့်ဖြစ်ခဲ့၏၊ တရားခပ်သိမ်းတို့ကို ထဖောက်ကမ်းရောက် သိမြင်တော်မူသော ကိလေသာအညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားကိုဖူးမြင်ရ၏။

၄၅။ ငါသည် ကြံပိုင်းကိုယူ၍ ဘုရားမြတ်ဖြစ်တော်မူသော ဝိပဿီမြတ်စွာဘုရားကို ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ပေးလှူခဲ့၏။

http://www.dhammadownload.com



၄၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ကြံကိုပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကြံပိုင်းကို လှူရခြင်း၏ အကျိုးပေတည်း။

၄၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၈။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥစ္ဆုခဏ္ဍိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ဥစ္ဆုခဏ္ဍိကတ္ထေရအပဒါန် ပြီး၏။**

---

## ၆-ကဋ္ဌမ္ဗဒါယကတ္ထေရအပဒါန်

၅၀။ ရောမသအမည်တော်ရှိသော ပစ္စေကဗုဒ္ဓါသည် တောင်ကြား၌ နေတော်မူ၏၊ ငါသည် ထိုရောမသပစ္စေကဗုဒ္ဓါအား ကြည်ညိုသည် ဖြစ်၍ မိမိလက်တို့ဖြင့် သင်းတောက်ဥကို ပေးလှူခဲ့၏။

၅၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သင်းတောက်ဥကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သင်းတောက်ဥကို လှူရခြင်း၏ အကျိုးပေတည်း။

၅၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၃။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကဋ္ဌမ္ဗဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် ကဋ္ဌမ္ဗဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၇-အမ္ဗာဋ္ဌကဒါယကတ္ထေရအပဒါန်

၅၅။ အလိုလိုပွင့်တော်မူသော ရန်သူတို့သည် မအောင်အပ်သော မြတ်စွာဘုရားကို တော၌ ဖူးမြင်ရ၍ ငါသည် ဝေ့းသီးကို ယူပြီးလျှင် မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၅၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဝေ့းသီးကို လှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဝေ့းသီး လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၈။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗာဋကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အမ္ဗာဋကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဟရီတကဒါယကတ္ထေရအပဒါန်

၆၀။ ငါသည် ဖန်ခါးသီး သျှိသျှားသီးကိုရင်း သရက် သပြေ သစ်ဆိမ့်သီးကိုရင်း ဆီးသီးကိုရင်း ချေးသီးကိုရင်း ဥသျှစ်သီးကိုရင်း ကိုယ်တိုင်သာလျှင် ဆောင်ယူခဲ့၏။

၆၁။ လိုဏ်ဂူ၌ နေတော်မူသော စျာန်ဝင်စားလေ့ရှိသော စျာန်၌ မွေ့လျော်တော်မူသော အကျိုးနှစ်ပါးကို သိတော်မူသော အဖော်မရှိသော အနာနှိပ်စက်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၆၂။ ငါသည် ဖန်ခါးသီးကို ယူ၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏၊ ဆေးကို သုံးဆောင်တော်မူကာမျှ ထိုခဏ၌ အနာရောဂါသည် ငြိမ်းလေ၏။

၆၃။ ပူပန်ခြင်းကို ပယ်တော်မူပြီးသော မြတ်စွာဘုရားသည် ငါ့အား ဆေးအနုမောဒနာ ပြုတော်မူ၏၊ အနာငြိမ်းကြောင်းဖြစ်သော ဤဆေးကို လှူရခြင်းကြောင့်—

၆၄။ နတ်ဖြစ်သော်ရင်း လူဖြစ်သော်ရင်း အခြားဘဝ၌ဖြစ်သော်ရင်း အလုံးစုံသော ဘဝတို့၌ ချမ်းသာခြင်းရှိသူ ဖြစ်စေသတည်း၊သင့်အား အနာရောဂါ မကပ်ရောက်စေသတည်း။

၆၅။ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ တက်ကြွတော်မူ၏။

၆၆။ အကြင်ဘဝ၌ ငါသည် ဖန်ခါးသီးကို အလိုလိုဖြစ်တော်မူသော မြတ်စွာဘုရားအား ပေးလှူခဲ့၏၊ ဤဘဝကို အစပြု၍ ငါ့အား အနာရောဂါသည် မဖြစ်စဘူးပေ။

၆၇။ ငါ၏ ဤဘဝသည်ကား အဆုံးစွန်သော ဘဝပေတည်း၊ ငါ့အား နောက်ဆုံးဘဝ ဖြစ်ပေ၏၊ ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ပြုကျင့်အပ်ပြီ။

၆၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဆေးကိုပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆေးလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၆၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၀။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဟာရိတကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဟာရိတကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-အမ္ဗပိဏ္ဍိယတ္ထေရအပဒါန်

၇၂။ ထိုအခါ၌ (ငါသည်) ထွန်သန်သဖွယ်အစွယ်ရှိလျက် ခွန်အားကြီးမားသော ဆင်မင်း ဖြစ်ခဲ့၏၊ ငါသည် တောကြီးထဲ၌ လှည့်လည်သည်ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၇၃။ ငါသည် သရက်သီးခိုင်ကို ယူ၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏၊ လုံ့လကြီးမား တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် အလှူခံတော်မူ၏။

၇၄။ ထိုအခါ၌ ကြည့်ရှုနေစဉ် မြတ်စွာဘုရားသည် ဘုဥ်းပေးတော်မူ၏၊ ငါသည် ထိုမြတ်စွာ ဘုရား၌ စိတ်ကို ကြည်ညိုစေခဲ့၍ တုသိတာနတ်ပြည်သို့ ရောက်ရ၏။

၇၅။ ငါသည် ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ စကြဝတေးမင်း ဖြစ်၏၊ ဤသို့သော နည်းအားဖြင့် သာလျှင် စည်းစိမ်တို့ကို ခံစား၍—

၇၆။ ငါသည် ကမ္ဗဋ္ဌာန်း၌ စေလွှတ်အပ်သော စိတ်ရှိသူ ကိလေသာငြိမ်းသူ ဥပဓိမရှိသူ ဖြစ်၍ အလုံးစုံသော အာသဝတရားတို့ကို ပိုင်းခြား သိပြီးလျှင် အာသဝ မရှိပဲ နေရ၏။

၇၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သရက်သီးကို ပေးလှူခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သရက်သီးလှူရ ခြင်း၏ အကျိုးပေတည်း။

၇၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၉။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗပိဏ္ဍိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် အမ္ဗပိဏ္ဍိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-အမ္ဗဖလိယတ္ထေရအပဒါန်

၇၁။ လောက၏အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် မြတ်သောအခြံအရံကို ဆောင်လျက် ဆွမ်းခံလှည့်လည်တော်မူစဉ်—

၇၂။ ငါသည် သရက်သီးဦးကိုယူ၍ အထူးကြည်ညိုသောစိတ်ဖြင့် မြတ်သောအလှူကို ခံတော်မူထိုက်သော လှူလရှိတော်မူသော မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၇၃။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောက၏အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရား ထိုကောင်းမှုကြောင့် အောင်ခြင်း ရှုံးခြင်းကို ပယ်၍ မတုန်လှုပ်သော နိဗ္ဗာန်သို့ ရောက်ရပါလို၏။

၇၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ သရက်သီးအလှူကို ပေးလှူခဲ့ရသောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သရက်သီးဦးကို လှူရခြင်း၏ အကျိုးပေတည်း။

၇၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပါပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၇၆။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် အမ္ဗဖလိယတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်လေးခုမြောက် ဧကဝိဟာရိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၅-ဝိဘီတကဝဂ်

## ၁-ဝိဘီတကမိဋ္ဌိယတ္ထေရအပဒါန်

၁။ တရားခပ်သိမ်းတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော ထိုကကုသန်မြတ်စွာဘုရားသည် အပေါင်းအဖော်မှ ဖဲခွါလျက် ဆိတ်ငြိမ်ရာကို အလိုရှိသည်ဖြစ်၍ တောအတွင်းသို့ ကြွတော်မူ၏။

၂။ ငါသည် သစ်ဆိမ့်သီး အဆံကိုယူ၍ နွယ်ဖြင့် သီကုံးခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် တောင်ကြား၌ ဈာန်ဝင်စား၍ နေ၏။

၃။ ငါသည် နတ်ထက် နတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်၍ အလွန် ကြည်ညိုသော စိတ်ဖြင့် မြတ်သော အလှူကိုခံတော်မူထိုက်သောမြတ်စွာဘုရားအား သစ်ဆိမ့်သီးဆံကို ပေးလှူခဲ့၏။

၄။ ဤဘဒ္ဒကမ္ဘာ၌ ထိုသစ်ဆိမ့်သီးဆံကို လှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ ဖြစ်ရခြင်းသည် သစ်ဆိမ့်သီးဆံကို လှူရခြင်း၏ အကျိုးပေတည်း။

၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင် အဖွဲ့ကိုဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၆။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝိဘီတကမိဋ္ဌိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဝိဘီတကမိဋ္ဌိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကောလဒါယကတ္ထေရအပဒါန်

၈။ ထိုအခါ၌ သစ်နက်ရေကို ဝတ်လျက် လျှော်တေသက်န်းကို ဆောင်သော ငါသည် ဆီးသီးကို တောင်းဖြင့် ပြည့်စေ၍ ငါ၏ သင်္ခမ်းကျောင်းသို့ ဆောင်ယူခဲ့၏။

၉။ ထိုအခါ၌ နှစ်ယောက်မြောက် ရှိတော်မမူသော အတုမရှိ မြတ်သော သိခီမြတ်စွာဘုရားသည် ပွင့်တော်မူလျက် ရှိလေ၏၊ ထိုမြတ်စွာဘုရားသည် အချိန်အခါ အားလုံးကို သိတော်မူလျက် ငါ၏ သင်္ခမ်းကျောင်းသို့ ကြွလာတော်မူ၏။

http://www.dhammadownload.com



၁၀။ ငါသည် မိမိစိတ်ကို ကြည်လင်စေ၍ ကောင်းသော အကျင့်ရှိသော မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဆီးသီးကို လက်နှစ်ဖက်တို့ဖြင့် ယူဆောင်၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဆီးသီးကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆီးသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၁၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ် ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၁၃။ ငါ၏ လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကောလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဗိလ္လိယတ္ထေရအပဒါန်

၁၅။ စန္ဒဘာဂါမြစ်ကမ်း၌ ငါသည် သင်္ခမ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်အပ်၏၊ ဥသျှစ်ပင်တို့ဖြင့် ရောပြွမ်းလျက် ရှိ၏၊ အထူးထူးသော သစ်ပင်တို့၏ မှီဝဲပေါက်ရောက်ရာ ဖြစ်၏။

၁၆။ ငါသည် ကောင်းမွန်သော (မွှေးကြိုင်သော) အနံ့ရှိသော ဥသျှစ်သီးကို မြင်ရသည် ရှိသော် ပရိက္ခရာဝန်ကို ပြည့်စေလျက် နှစ်သက်သည် ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ ဘုရားမြတ်ကို အောက်မေ့ခဲ့၏။

၁၇။ ငါသည် ကကုသန်မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ကောင်းမှု စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ်ဖြစ်သော မြတ်စွာဘုရားအား အလွန် ကြည်ညိုသော စိတ်ဖြင့် ဥသျှစ်သီး မှည့်ကို ပေးလှူ၏။

၁၈။ ဤကမ္ဘာ၌ ဥသျှစ်သီးကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဥသျှစ်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၁၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ ပ။ အာသဝ မရှိပဲ နေရ၏။

၂၀။ ငါ၏ လာခြင်းကား ။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗိလ္လိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဗိလ္လိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-ဘလ္လာတဒါယကတ္ထေရအပဒါန်

၂၂။ ရွှေအဆင်းနှင့် တူသော အဆင်းရှိတော်မူသော သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံတော်မူသော ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းနှင့် တူတော်မူသော မြတ်စွာဘုရားကို တောအထက်၌ ကြွသွားတော်မူစဉ် ဖူးမြင်ရ၍—

၂၃။ ငါသည် မြက်အခင်းကို ခင်းပြီးလျှင် ဘုရားမြတ်ကို တောင်းပန် လျှောက်ထားခဲ့၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို အစဉ်သနားတော်မူပါ၊ (အကျွန်ုပ်သည်)ဆွမ်းကို လှူခြင်းငှါ အလိုရှိပါ၏။

၂၄။ အစဉ်စောင့်ရှောက်တော်မူတတ်သော မဟာကရုဏာ ရှိတော်မူသော အခြံအရံ များပြားတော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိ၍ ငါ၏ သင်္ခမ်း ကျောင်း၌ ဆင်းသက်တော်မူ၏။

၂၅။ မြတ်စွာဘုရားသည် သက်ဆင်းတော်မူ၍ သစ်ရွက်အခင်း၌ ထိုင်တော်မူ၏၊ ငါသည် ချေးသီးကို ယူ၍ ဘုရားမြတ်အား ပေးလှူခဲ့၏။

၂၆။ ထိုအခါ ငါ၏ ကြည့်ရှုစဉ် မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူ၏၊ ထိုအခါ ငါသည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေ၍ မြတ်စွာဘုရားကို ရှိခိုးခဲ့၏။

၂၇။ ကမ္ဘာတထောင့် ရှစ်ရာထက်၌ သစ်သီးအလှူကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီး လှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘလ္လာတဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဘလ္လာတဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-ဥတ္တလိပုပ္ဖိယတ္ထေရအပဒါန်

၃၁။ စိမ်းညိုသော အရောင်ရှိသော ပညောင်ပင်သည် စည်ပင် ပြန့်ပွါးလတ်သော် မြစ် သေးပန်းကို ယူ၍ ဗောဓိပင်အား တင်လှူ ပူဇော်ခဲ့၏။

၃၂။ ဤဘဒ္ဒကမ္ဘာ၌ ဗောဓိပင်ကို ပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရ သည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဗောဓိပင်ကို ပူဇော်ခြင်း၏ အကျိုးပေတည်း။

၃၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၃၄။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥတ္တလိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဥတ္တလိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-အမ္ဗဋ္ဌကိယတ္ထေရအပဒါန်

၃၆။ ဝေဿဘူမြတ်စွာဘုရားသည် ကောင်းစွာ ပွင့်သော အင်ကြင်းတောသို့ ဝင်၍ တောင်ချောက်ကြားတို့၌ အမျိုးမြတ်သော ခြင်္သေ့မင်းကဲ့သို့ နေတော်မူ၏။

၃၇။ ငါသည် ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကောင်းမှု တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော မြတ်စွာဘုရားကို ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ဝေးသီးကို ပူဇော်ခဲ့၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဝေးသီးကို လှူဒါန်းပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၀။ ငါ၏ လာခြင်းကား ။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အမ္ဗဋ္ဌကိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အမ္ဗဋ္ဌကိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-သီဟာသနိကတ္ထေရအပဒါန်

၄၂။ သတ္တဝါအားလုံး၏ အကျိုးစီးပွါးကို ရှာမှီးတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားအား ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ငါသည် မြတ်သောနေရာကို ပေးလှူခဲ့၏။

၄၃။ ငါသည် နတ်ပြည်၌လည်း လူ့ပြည်၌လည်း အကြင်အကြင်ဘဝ၌ နေရ၏ (ဖြစ်ရ၏)၊ထိုထိုဘဝ၌ ပြန့်ပြောသော ဗိမာန်ကို ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်သောနေရာကို လှူရခြင်း၏ အကျိုးပေတည်း။

၄၄။ ရွှေပလ္လင် ငွေပလ္လင် ကျောက်နီပလ္လင် ပတ္တမြားပလ္လင်တို့သည် အခါခပ်သိမ်း ငါ့အား များစွာ ဖြစ်ပေါ် ကုန်၏။

http://www.dhammadownload.com



၄၅။ ငါသည် ပဒုမုတ္တရမည်သော မြတ်စွာဘုရား၏ ဗောဓိပင်၌ နေရာကို ပြုလုပ်ခဲ့ရသော ကြောင့် မြင့်မြတ်သောအမျိုး၌ ဖြစ်ရ၏၊ တရားတော်၏ ကောင်းသောတရား အဖြစ်သည် အံ့ဖွယ်ရှိပါပေစွ။

၄၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ငါသည် မြတ်သောနေရာ (ခင်းမှု) ကို ပြုခဲ့ရ သော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်သောနေရာကို လှူရခြင်း၏ အကျိုးပေတည်း။

၄၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၈။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့ အသျှင်သီဟာသနိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် သီဟာသနိကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-ပါဒပီဌိယတ္ထေရအပဒါန်

၅၀။ မဟာကရုဏာရှိတော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော များသော အခြံအရံ ရှိတော်မူသော သုမေဓာမည်သော ထိုမြတ်စွာဘုရားသည် သတ္တဝါများစွာတို့ကို ကယ်တင်တော် မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

၅၁။ သုမေဓာမြတ်စွာဘုရား၏ မြတ်သောနေရာအနီး၌ ကြည်ညိုဝမ်းမြောက်သောစိတ်ရှိ သည်ဖြစ်၍ ခြေဆေးအင်းပျဉ်ကို ပြုလုပ်လှူဒါန်းခဲ့၏။

၅၂။ ငါသည် ကောင်းသော အကျိုးရှိသော ချမ်းသာကို ပွါးစေသော ကုသိုလ်ကံကို ပြုခဲ့ ခြင်းကြောင့် ကောင်းမှုကံနှင့်ယှဉ်လျက် တာဝတိံသာနတ်ပြည်သို့ ရောက်ရ၏။

၅၃။ ထိုတာဝတိံသာနတ်ပြည်၌ နေသောကောင်းမှုကံနှင့် ပြည့်စုံသော ငါသည် ခြေတို့ကို ကြွသည်ရှိသော် ရွှေအင်းပျဉ်တို့သည် ငါ့အား ဖြစ်ပေါ်ကုန်၏။

၅၄။ အကြင်သူတို့သည် ဘုရားဟူသော စကားသံကို ကြားခြင်းကို ရရှိကုန်၏၊ ထိုသူတို့အား အရတော်လေကုန်စွ၊ သင်တို့သည် ကောင်းစွာရအပ်ပေ၏၊ ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရား၌ ကောင်းမှုကို ပြုခဲ့ခြင်းကြောင့် ကြီးကျယ်သောချမ်းသာကို ရရှိကုန်၏။

၅၅။ ငါသည်လည်း ကောင်းမှုကံကို ကောင်းစွာရအပ်ပြီ၊ ကုန်သွယ်မှုကို ကောင်းစွာယှဉ် စေအပ်ပြီ၊ ငါသည် ခြေဆေးအင်းပျဉ်ပြုလုပ်ခဲ့ခြင်းကြောင့် ရွှေအင်းပျဉ်ကို ရရှိပေ၏။

၅၆။ ငါသည် အကြောင်းကိုစွ တစုံတခုဖြင့် အကြင်အကြင်အရပ်သို့ ဖဲသွား၏၊ (ထိုအခါ) ရွှေအင်းပျဉ်၌ နစ်းသွားရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် (ခြေဆေးအင်းပျဉ်ကို ပေးလှူသော) ကောင်းမှုကံ၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၇။ ကမ္ဘာသုံးသောင်းထက်၌ ကောင်းမှုကံကို ပြုခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခြေဆေးအင်းပျဉ် လှူရခြင်း၏ အကျိုး ပေတည်း။

၅၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၉။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဒပီဌိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ပါဒပီဌိယထေရအပဒါန် ပြီး၏။

---

## ၉-ဝေဒိကာရကတ္ထေရအပဒါန်

၆၁။ ပဒုမုတ္တရမြတ်စွာဘုရား၏ ဗောဓိပင်မြတ်၌ ပွတ်တိုင်ကို ကောင်းစွာပြုလုပ်၍ မိမိ စိတ်ကို ကြည်လင်စေခဲ့၏။

၆၂။ ပြုလုပ်ပြီး မပြုလုပ်ရသေးသော အလွန်မြတ်သော တန်ဆာ ဘဏ္ဍာတို့သည် ကောင်းကင်မှ ရွာချကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင်(လှူရခြင်း)၏ အကျိုးပေတည်း။

၆၃။ ငါသည် နှစ်ဖက်ချီတက်သော ကြောက်မက်ဖွယ် စစ်မြေပြင်၌ ဘေးငယ်ဘေးကြီးကို မတွေ့မြင်ရပေ၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင်လှူရခြင်း၏ အကျိုးပေတည်း။

၆၄။ ငါ၏စိတ်အကြံကို သိ၍ တင့်တယ်သော ဗိမာန်သည် (ငါ့အား) ဖြစ်ပေါ်၏၊ အဖိုး များစွာ ထိုက်သော နေရာတို့သည် ဖြစ်ပေါ်ကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင်လှူရခြင်း၏ အကျိုးပေတည်း။

၆၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပွတ်တိုင်ကို ပြုလုပ်လှူဒါန်းခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပွတ်တိုင်လှူရခြင်း၏ အကျိုးပေတည်း။

၆၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၇။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝေဒိကာရကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဝေဒိကာရကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၁၀-ဗောဓိဃရဒါယကတ္ထေရအပဒါန်

၆၉။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဗောဓိစံအိမ်ကို ပြုလုပ်ခဲ့၏။

၇၀။ ငါသည် (ထိုကံကြောင့်) တုသိတာနတ်ပြည်သို့ ရောက်ရ၏၊ ရတနာ(ဗိမာန်) အိမ်၌ နေရ၏၊ ငါ့အား အအေးသည်ရင်း အပူသည်ရင်း မတွေ့ထိ၊ လေသည် ကိုယ်၌ မတွေ့ထိ၊ (မနှိပ်စက်)နိုင်ပေ။

၇၁။ ဤဘဒ္ဒကမ္ဘာမှ ခြောက်ဆယ့်ငါးကမ္ဘာထက်၌ ငါသည် စကြဝတေးမင်း ဖြစ်ခဲ့၏၊ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သော ကာသိကမည်သောမြို့သည်—

၇၂။ အလျားဆယ်ယူဇနာရှိ၍ အနံရှစ်ယူဇနာရှိ၏၊ထိုမြို့၌ သစ်သားသည်ရင်း နွယ်သည်ရင်း မြေညက်သည်ရင်း မရှိပေ။

၇၃။ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သော မင်္ဂလမည်သော ပြာသာဒ်သည် ဖီလာ (အမြင့်)တယူဇနာရှိ၍ အနံ ယူဇနာခွဲ ရှိ၏။

၇၄။ ရွှေဖြင့် ပြီးသော တိုင်ပေါင်း ရှစ်သောင်း လေးထောင်တို့သည် ရှိကုန်၏၊ နန်းဦး ပြာသာဒ်ဆောင်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏၊ အမိုးသည် ငွေဖြင့် ပြီး၏။

၇၅။ ငါသည် ဝိသကြုံနတ်သား ဖန်ဆင်းသော အလုံးစုံ ရွှေဖြင့် ပြီးသော ဤဗိမာန်အိမ်ကို စိုးအုပ်နေခဲ့၏၊ ဤသို့ ဖြစ်ရခြင်းသည် ဗောဓိစံအိမ် လှူရခြင်း၏ အကျိုးပေတည်း။

၇၆။ လူ့ပြည် နတ်ပြည်၌ ထိုအလုံးစုံတို့ကို သုံးဆောင်စံစားပြီး၍ ငြိမ်းအေးလျက် မှောက်အပ်သော အမြတ်ဆုံးနိဗ္ဗာန်သို့ ရောက်ရပေ၏။

၇၇။ ကမ္ဘာသုံးသောင်းထက်၌ ဗောဓိစံအိမ်ကို ပြုခဲ့၏၊ ထိုအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ဤသို့ဖြစ်ရခြင်းသည် ဗောဓိစံအိမ် လှူရခြင်း၏အကျိုးပေတည်း။

၇၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင် ဗောဓိဃရဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဗောဓိဃရဒါယကတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်ငါးခုမြောက် ဝိဘီတကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၆-ဇာဂတိဒါယကာဝဂ်

## ၁-ဇာဂတိဒါယကတ္ထေရအပဒါန်

၁။ ငါသည် ဓမ္မဒဿီမြတ်စွာဘုရား၏(ရေခတက်)ဗောဓိပင်မြတ်၌ ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ အကျည်(သမံတလင်း)အမြင့်ကို ပြုလုပ် လှူဒါန်းခဲ့၏။

၂။ ငါသည် ချောက်မှုရင်း တောင်မှုရင်း သစ်ပင်မှုရင်း လိမ့်ကျလျက် သေလွန်သည် ရှိသော် (သုဂတိဘဝတည်းဟူသော)တည်ရာကို ရ၏၊ ဤသို့ ဖြစ်ရခြင်းသည် အကျည် (ပြုလုပ်ခြင်း)၏ အကျိုးပေတည်း။

၃။ သူခိုးတို့သည် ငါ့အား မညှဉ်းဆဲကုန်နိုင်၊ မင်းတို့သည် ငါ့ကို မထီမဲ့မြင် မပြုနိုင်ကုန်၊ ငါသည် ရန်သူ အားလုံးတို့ကို လွန်မြောက်၏၊ ဤသို့ဖြစ်ရခြင်းသည် အကျည်ပြုလုပ်ခြင်း၏ အကျိုးပေတည်း။

၄။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ပူဇော်ခံရသူ ဖြစ်၏၊ ဤသို့ ဖြစ်ရခြင်းသည် အကျည်ပြုလုပ်ခြင်း၏ အကျိုးပေတည်း။

၅။ ငါသည် ကမ္ဘာတထောင့်ရှစ်ရာထက်၌ အကျည်ကို ပြုခဲ့၏၊ ထိုအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အကျည် ပြုလုပ် လှူဒါန်းခြင်း၏ အကျိုးပေတည်း။

၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၇။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ ။

ဤသို့လျှင် အသျှင်ဇဂတိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ဇဂတိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-မောရဟတ္ထိယတ္ထေရအပဒါန်

၉။ ငါသည် ဒေါင်းမြီးယပ်ကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏၊ ငါသည် ကြည်လင် ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ ဒေါင်းမြီးယပ်ကို ပေးလှူခဲ့၏။

http://www.dhammadownload.com



၁၀။ ဤဒေါင်းမြီးယပ်ကို လှူရခြင်းကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း (ငါ့အား)မီးသုံးပါးတို့သည် ငြိမ်းအေးကုန်၏၊ ငါသည် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို ရရှိပေ၏။

၁၁။ မြတ်စွာဘုရားသည် အံ့ဩဖွယ် ရှိပါပေစွ၊ တရားတော်သည် အံ့ဩဖွယ် ရှိပါပေစွ၊ ငါတို့အား ဆရာ၏ ပြည့်စုံခြင်းသည် အံ့ဩဖွယ် ရှိပါပေကုန်စွ၊ ငါသည် ဒေါင်းမြီးယပ်ကို ပေးလှူခဲ့၍ ကြီးကျယ် ပြန့်ပြောသော စည်းစိမ် ချမ်းသာကို ရရှိပေ၏။

၁၂။ ငါ့အား မီးသုံးပါးတို့သည် ငြိမ်းကုန်ပြီ၊ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊အာသဝတရား အားလုံးကုန်ပြီ၊ (ငါ့အား) ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိတော့ပြီ။

၁၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဥဒေါင်းမြီးယပ် လှူရခြင်း၏ အကျိုးပေတည်း။

၁၄။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၅။ ငါ၏ လာခြင်းကား ။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၆။ ပဋိသမ္ဘိဒါ လေးပါးတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မောရဟတ္ထိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် မောရဟတ္ထိယတ္ထေရအပဒါန် ပြီး၏။**

---

## ၃-သီဟာသနဗိဇိယတ္ထေရအပဒါန်

၁၇။ ငါသည် တိဿမြတ်စွာဘုရား၏(ပိတောက်)ဗောဓိပင်ကို ရှိခိုးခဲ့၏၊ ငါသည် ယပ်ကို ယူ၍ ထိုဗောဓိပင်၌ မြတ်သော နေရာကို ယပ်ခတ်ခဲ့၏။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ငါသည် မြတ်သောနေရာကို ယပ်ခတ်ခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ယပ်ခတ်ခြင်း၏ အကျိုးပေတည်း။

၁၉။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၀။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သီဟာသနဗိဇိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် သီဟာသနဗိဇိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၄-တိဏုက္ကဓာရိယတ္ထေရအပဒါန်

၂၂။ ပဒုမုတ္တရမြတ်စွာဘုရား၏ ဗောဓိပင်မြတ်၌ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ မီးတိုင် (မီးရှူး)သုံးခုတို့ကို ထွန်းညှိခဲ့၏။

၂၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ထိုငါသည် မီးတိုင် (မီးရှူး)ကို ထွန်းညှိခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မီးတိုင် လှူရခြင်း၏ အကျိုးပေတည်း။

၂၄။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၅။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏုက္ကဓာရိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် တိဏုက္ကဓာရိယတ္ထေရအပဒါန် ပြီး၏။**

---

## ၅-အက္ကမနဒါယကတ္ထေရအပဒါန်

၂၇။ မကောင်းမှုမှုအပ ပြုပြီးသော ကျင့်သုံးပြီးသော အကျင့်သိက္ခာရှိတော်မူသော နေ့သန့်စင်တော်မူရန် ကြွသွားတော်မူသော ကကုသန်မြတ်စွာဘုရားအား ဘိနပ်ကို ပေးလှူ ခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာ၌ ဘိနပ်အလှူကို ပေးလှူခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရ သည်ကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဘိနပ်လှူရခြင်း၏ အကျိုးပေတည်း။

၂၉။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၀။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အက္ကမနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် အက္ကမနဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၆-ဝနကောရဏ္ဍိယတ္ထေရအပဒါန်

၃၂။ လောက၏ အကြီးအမှူး ဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားအား တော၌ဖြစ်သော လိပ်ဆူးရွှေပန်းကို ယူ၍ တင်လှူပူဇော်ခဲ့၏။

http://www.dhammadownload.com



၃၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါ မှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၅။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝနကောရဏ္ဍိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဝနကောရဏ္ဍိယတ္ထေရအပဒါန် ပြီး၏။

နှစ်ဆယ်ခုမြောက် ဘာဏဝါရ ပြီး၏။

---

## ၇-ကေဆတ္ထိယတ္ထေရအပဒါန်

၃၇။ မြေသည် မီးကျီးကဲ့သို့ ဖြစ်လျက်ရှိ၏၊ မြေသည် ပြာပူကဲ့သို့ ဖြစ်လျက်ရှိ၏၊ (ထိုအခါ) ပဒုမုတ္တရမြတ်စွာဘုရားသည် လွင်တီးခေါင်၌ စင်္ကြံကြွတော်မူလေ၏။

၃၈။ ငါသည် ထီးဖြူကိုယူ၍ ခရီးရှည်သွားခဲ့၏၊ ထိုခရီး၌ မြတ်စွာဘုရားကို မြင်ရ၍ ငါ့အား အားရ နှစ်သက်ခြင်းသည် ဖြစ်ပေါ်လေ၏။

၃၉။ မြေကြီးသည် တံလျှပ်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိ၏၊ ဤမြေကြီးသည် မီးကျီးကဲ့သို့ ဖြစ်လျက်ရှိ၏၊ကိုယ်ကို လျင်စွာ ကုန်ခန်းစေတတ်ကုန်သော (ကိုယ်၏အသက်ကို ကုန်ခန်းစေတတ်ကုန်သော) ကြီးမားသောလေ (လေမုန်တိုင်း) တို့သည် တိုက်ခတ်လျက် ရှိကုန်၏။

၄၀။ အအေးအပူကို ပယ်ဖျောက်နိုင်သော လေ နေပူကို တားမြစ်နိုင်သော ဤထီးကို အလှူခံတော်မူပါ၊ အပူငြိမ်းအေးခြင်းကို တွေ့ထိစေလိုပါ၏။

၄၁။ အစဉ်သနား စောင့်ရှောက်တော်မူတတ်သော မဟာကရုဏာ ရှိတော် မူသော များသောအခြံအရံ ရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုအခါ၌ ငါ၏စိတ်အကြံကို သိ၍ အလှူခံတော်မူ၏။

၄၂။ ငါသည် ကမ္ဘာသုံးဆယ်ဘို့ပတ်လုံး နတ်တို့ကို အစိုးရသည် ဖြစ်၍ သိကြားနတ်မင်း အဖြစ်ကို ပြုခဲ့ရ၏၊ အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့ရ၏။

၄၃။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ရှေးက မိမိကောင်းစွာ ပြုလုပ်ခဲ့သော မိမိ၏ကောင်းမှုအကျိုးကို ခံစားရ၏။

၄၄။ ဤဘဝသည်ကား အဆုံးဖြစ်သော ဘဝတည်း၊ (ငါ့အား) နောက်ဆုံးဘဝ ဖြစ်ပေ၏၊ ယခုဘဝ၌လည်း ထီးဖြူသည် ငါ့အား အခါခပ်သိမ်း ဆောင်းမိုးလျက် ရှိ၏။

http://www.dhammadownload.com



၄၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ထီးကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ထီးလှူရခြင်း၏ အကျိုးပေတည်း။

၄၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၇။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင် ဧကဆတ္တိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဧကဆတ္တိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဇာတိပုပ္ဖိယတ္ထေရအပဒါန်

၄၉။ များသော အခြံအရံရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ဦးဆောက်ပန်းတို့ကို ပြုလုပ်၍ ကိုယ်တော်ကို တင်လှူပူဇော်ခဲ့၏။

၅၀။ ငါသည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေခြင်းကြောင့် နိမ္မာနရတိနတ်ဘုံသို့ ရောက်ရ၏၊ ငါသည် နတ်ပြည်သို့ ရောက်သည်ရှိသော် ကောင်းမှုကံကို အောက်မေ့၏။

၅၁။ ငါ့အား ပန်းမိုးသည် ကောင်းကင်မှ အခါခပ်သိမ်း ရွာလျက် ရှိ၏၊ ငါသည် လူ့ပြည်၌ ကျင်လည်ရငြားအံ့၊ အခြံအရံများသော မင်းဖြစ်ရလေ၏။

၅၂။ မြတ်စွာဘုရားအား ထိုပန်းပူဇော်မှု၏ အစွမ်းကြောင့် ထိုလူ့ဘဝ၌ ငါ့အား ပန်းမိုးသည် အခါခပ်သိမ်း ရွာသွန်းလျက် ရှိ၏။

၅၃။ ဤဘဝသည်ကား ငါ့အား အဆုံးစွန်သော ဘဝတည်း၊ နောက်ဆုံးဘဝ ဖြစ်ပေ၏၊ ယခု ဘဝ၌လည်း ငါ့အား ပန်းမိုးသည် အခါခပ်သိမ်း ရွာလျက် ရှိ၏။

၅၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို တင်လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကိုယ်တော်အား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၆။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဇာတိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဇာတိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၉-ပန္နပုပ္ဖိယတ္ထေရအပဒါန်

၅၈။ အလောင်းတော်ကို ထုတ်ဆောင်စဉ် စည်တို့ကို တီးအပ်ကုန်သည်ရှိသော် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကြပိုင်ပွင့်ကို ပူဇော်ခဲ့၏။

၅၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလောင်းတော်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၁။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပန္နပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပန္နပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ဂန္ဓပူဇကတ္ထေရအပဒါန်

၆၃။ နံ့သာထင်းပုံတို့ကို ပြုကုန်လျက် အမျိုးမျိုးသော နံ့သာတို့ကို ဆောင်ယူအပ်သည်ရှိသော် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ နံ့သာဆုပ်ကို ပူဇော်ခဲ့၏။

၆၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ နံ့သာထင်းပုံကို ပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၆။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂန္ဓပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဂန္ဓပူဇကတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်ခြောက်ခုမြောက် ဇဂတိဒါယကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၇-သာလကုသုမိယဝဂ်

## ၁-သာလကုသုမိယတ္ထေရအပဒါန်

၁။ ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် နံ့သာထင်းပုံပေါ်သို့ တင်သော အခါ၌ အင်ကြင်းပန်းကို ပူဇော်ခဲ့၏။

၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၄။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သာလကုသုမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော သာလကုသုမိယတ္ထေရအပဒါန် ပြီး၏။**

---

## ၂-စိတကပူဇကတ္ထေရအပဒါန်

၆။ လောက၏ အဆွေခင်ပွန်း ဖြစ်တော်မူသော သိခီမြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်အပ်သည်ရှိသော် နံ့သာထင်းပုံပေါ်သို့ စကားပန်း ရှစ်ပွင့်တို့ကို တင်လှူပူဇော်ခဲ့၏။

၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို တင်လှူပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာထင်းပုံကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၉။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် စိတကပူဇကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၃-စိတကနိမ္ဗာပကတ္ထေရအပဒါန်

၁၁။ ဝေဿဘူ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်အပ်သည်ရှိသော် ငါသည် နံ့သာရေကိုယူ၍ နံ့သာထင်းပုံကို ငြိမ်းစေခဲ့၏။

၁၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငါသည် နံ့သာထင်းပုံကို ငြိမ်းစေ၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နံ့သာရေ လှူရခြင်း၏ အကျိုးပေတည်း။

၁၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၄။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်စိတကနိမ္ဗာပကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် စိတကနိမ္ဗာပကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သေတုဒါယကတ္ထေရအပဒါန်

၁၆။ ငါသည် ဝိပဿီမြတ်စွာဘုရား၏ စင်္ကြံဦး၌ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ တံတားကို ဆောက်လုပ်စေခဲ့၏။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် တံတားပြုလုပ်စေခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည်ကား တံတား လှူရခြင်း၏ အကျိုးပေတည်း။

၁၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၉။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သေတုဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သေတုဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၅-သုမနတာလဝဏ္ဋိယတ္ထေရအပဒါန်

၂၁။ ငါသည် သိဒ္ဓတ္ထမြတ်စွာဘုရားအား မုလေးပန်းတို့ဖြင့် ဖုံးလွှမ်းသော ထန်းရွက် ယပ်ဝန်းကို ပေးလှူခဲ့၏၊ (ထိုယပ်ဖြင့်)မျှားမြတ်သော အခြံအရံရှိတော်မူသော မြတ်စွာဘုရား ကို ဆောင်းမိုးခဲ့၏။

http://www.dhammadownload.com



၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် ထန်းရွက် ယပ်ဝန်းကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ထန်းရွက်ယပ်ဝန်းလှူရခြင်း၏ အကျိုးပေတည်း။

၂၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၄။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနတာလဝဏ္ဋိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် သုမနတာလဝဏ္ဋိယတ္ထေရ အပဒါန် ပြီး၏။**

---

## ၆-အဝဋ္ဋဖလိယတ္ထေရအပဒါန်

၂၆။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အလိုလိုဖြစ်တော်မူသော ရန်သူတို့ မအောင်အပ်သော သတရံသီ မည်သော ပစ္စေကဗုဒ္ဓါသည် ဆိတ်ငြိမ်ရာကို အလိုရှိတော်မူသည်ဖြစ်၍ ဆွမ်းခံရာအရပ်မှ ထွက်တော်မူ၏။

၂၇။ လက်၌ သစ်သီးရှိသော ငါသည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍ (အနီးသို့) ချဉ်းကပ်ခဲ့၏၊ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အဝဋ္ဋမည်သော သစ်သီးကို ပေးလှူခဲ့၏။

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၂၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၀။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဝဋ္ဋဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် အဝဋ္ဋဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၇-လဗုဇဖလဒါယကတ္ထေရအပဒါန်

၃၂။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့၌ အရံစောင့် ဖြစ်ခဲ့၏၊ ကိလေသာမြူ ကင်းတော်မူသော ကောင်းကင်၌ ကြွသွားတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၃။ ငါသည် တောင်ပိန္နဲသီးကို ယူ၍ ဘုရားမြတ်အား ပေးလှူခဲ့၏၊ မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တော်မူလျက်သာလျှင် ခံယူတော်မူ၏။

http://www.dhammadownload.com



၃၄။ ငါ၏နှစ်သက်မှု ဖြစ်စေခြင်းသည် မျက်မှောက်ချမ်းသာကို ဆောင်တတ်၏၊ မြတ်စွာဘုရားအား အလွန်ကြည်ညိုသော စိတ်ဖြင့် သစ်သီးကို ပေးလှူခဲ့ခြင်းကြောင့်—

၃၅။ ထိုအခါ၌ ငါသည် နှစ်သက်မှုကိုရင်း ပြန့်ပြောသော ချမ်းသာမြတ်ကိုရင်း ရခဲ့၏၊ ထိုထိုဘဝ၌ ဖြစ်သော ငါ့အား ရတနာသည် ဖြစ်ပေါ် လျက်ရှိပေ၏။

၃၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၃၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၈။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်လဗုဇဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် လဗုဇဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၈-ပိလက္ခဖလဒါယကတ္ထေရအပဒါန်

၄၀။ များသော အခြံအရံရှိတော်မူသော အတ္ထဒဿီမြတ်စွာဘုရားကို တောအတွင်း၌ ဖူးမြင်ရ၍ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ညောင်ကြတ်သီးကို ပေးလှူခဲ့၏။

၄၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတထောင့်ရှစ်ရာထက်၌ သစ်သီးကို ပေးလှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၄၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ ပ။ အာသဝ မရှိပဲ နေရ၏။

၄၃။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိလက္ခဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ပိလက္ခဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၉-သယံပဋိဘာနိယတ္ထေရအပဒါန်

၄၅။ တင့်တယ်လှပသော ရေခတက်ပင်ကဲ့သို့သော နတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ခရီးလမ်း၌ ကြွသွားတော်မူစဉ် ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

http://www.dhammadownload.com



၄၆။ မောဟတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီး၍ များစွာသော လူအပေါင်းကို ကယ်တင်လျက် ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၄၇။ ရဟန္တာတသိန်းတို့နှင့်အတူ ကြွသွားတော်မူသော များစွာသော သတ္တဝါတို့ကို ထုတ်ဆောင် ကယ်တင်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၄၈။ တရားတော်တည်းဟူသော စည်ကြီးကို ရိုက်တီး၍ တိတ္ထိအပေါင်းတို့ကို နှိပ်နင်းတော်မူသော ရဲရင့်သောမိန့်ခွန်းတော်ကို မိန့်မြွက်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၄၉။ အကြင်မျှ အတိုင်းအရှည်ရှိသော ဗြဟ္မာ့ပြည်မှ ဗြဟ္မာနှင့်တကွသော နတ်တို့သည် လာရောက်ကုန်၍ သိမ်မွေ့နက်နဲသောပညာတို့ကို (မြတ်စွာဘုရားအား) မေးကြရကုန်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည် ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၀။ နတ်နှင့်တကွသော လူတို့သည် အကြင်မြတ်စွာဘုရားအား လက်အုပ်ချီ၍ တောင်းပန်လျက် ပေးလှူကြရကုန်၏၊ ထို့ကြောင့် ကောင်းမှုအကျိုးကို ခံစားကြရကုန်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၁။ ခပ်သိမ်းသော လူတို့သည်စုဝေးကုန်၍ မြတ်စွာဘုရားကိုခြံရံကြကုန်၏၊ (ပြဿနာ မေးရန်) တောင်းပန်ခံရသော မြတ်စွာဘုရားသည် တုန်လှုပ်တော်မမူချေ၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၂။ အကြင်မြတ်စွာဘုရားသည် မြို့တွင်းသို့ ဝင်တော်မူလတ်သော် များစွာသော စည်ကြီးတို့သည် မြည်ဟီးကုန်၏၊ အမုန်ယစ်သော ဆင်တို့သည် အော်မြည်ကြကုန်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၃။ အကြင်မြတ်စွာဘုရားသည် ခရီးလမ်းမ၌ ကြွသွားတော်မူလတ်သော် အခါခပ်သိမ်း ရောင်ခြည်တော်အားလုံးသည် အမြဲမပြတ် တောက်ပလျက်ရှိ၏၊ မြင့်မောက်သော မြေတို့သည် ညီညွတ်လျက် ရှိကုန်၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၄။ မြတ်စွာဘုရားသည် တရားဟောတော်မူလတ်သော် စကြဝဠာအဆုံးတိုင်အောင်လည်း ကြားရ၏၊ သတ္တဝါအားလုံးတို့ကို သိစေနိုင်ပေ၏၊ ထိုမြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အဘယ်သူသည် မကြည်ညိုပဲ ရှိပါအံ့နည်း။

၅၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မြတ်စွာဘုရားကို ချီးကျူးခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လော်င်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၇။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သယံပဋိဘာနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် သယံပဋိဘာနိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-နိမိတ္တဗျာကရဏီယတ္ထေရအပဒါန်

၅၉။ ထိုအခါ၌ ငါသည် ဟိမဝန္တာသို့ သက်ဝင်၍ ဗေဒင်တို့ကို ပို့ချ၏၊ တပည့်ငါးသောင်း လေးထောင်တို့သည် ငါ့အား ခစားလုပ်ကျွေးကုန်၏။

၆၀။ အလုံးစုံသော တပည့်တို့သည် သင်အပ်ပြီးသော အတတ်ရှိကုန်၏၊ ဗေဒင်ကို တတ်မြောက်ကြကုန်၏၊ အင်္ဂါခြောက်ပါးရှိသော ဗေဒင်၌ အထွတ်အထိပ်သို့ ရောက်ကုန်၏၊ ထိုသူတို့သည် မိမိ၏အတတ်ပညာတို့၏ အထောက်အပံ့ကို ခံရကုန်လျက် ဟိမဝန္တာ၌ နေကြကုန်၏။

၆၁။ (ထိုအခါ များသော အခြံအရံရှိသော) အလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်မှ စုတေ၍ ဆင်ခြင်ဥာဏ်ရှိလျက် ထင်သော သတိရှိလျက် အမိဝမ်း၌ ဖြစ်ရ၏။

၆၂။ မြတ်စွာဘုရားအလောင်း ပဋိသန္ဓေနေတော်မူသည် ရှိသော် လောကဓာတ်တသောင်းသည် တုန်လှုပ်လေ၏၊ မြတ်စွာဘုရားအလောင်း ပဋိသန္ဓေနေတော်မူသည် ရှိသော် သူကန်းတို့သည် မျက်စိ (အလင်း)ကို ရကြကုန်၏။

၆၃။ ဤမြေကြီးအားလုံးသည် အလုံးစုံသော အခြင်းအရာအားဖြင့် တုန်လှုပ်၏၊ လူအများတို့သည် တော်လည်းသံကို ကြားကုန်၍ ထိတ်လန့်ကြကုန်၏။

၆၄။ လူအားလုံးတို့သည် အညီအညွတ် စည်းဝေးကြကုန်၍ ငါ၏အထံသို့ လာရောက်ကြကုန်၏၊ ဤမြေကြီးသည် တုန်လှုပ်ခဲ့၏၊ အကျိုးကား အဘယ်သို့ ဖြစ်ပါလတ္တံ့နည်း(ဟု မေးကြကုန်၏)။

၆၅။ (မကြောက်ကြကုန်လင့်) သင်တို့အား ဘေးမရှိချေ၊ အလုံးစုံသော သင်တို့သည်လည်း ကြောက်ရွံ့ခြင်းကင်း ရဲတင်းကြကုန်လော့၊ ဤဖြစ်ပေါ်သော နိမိတ်ကား ကောင်းကျိုးရှိမည့် နိမိတ်ပေတည်းဟု ထိုအခါ ငါသည် ထိုသူတို့အား ပြောဆိုခဲ့၏။

၆၆။ မချွတ်ဖြစ်လတ္တံ့သော အကြောင်းရှစ်ပါးကြောင့် ဤမြေကြီးသည် တုန်လှုပ်၏၊ ဇာကြင်အခြင်းအရာအားဖြင့် အရောင်အလင်းသည် ပြန့်ပြောကြီးမား၏၊ ထိုအခြင်းအရာအားဖြင့် နိမိတ်တို့သည် ထင်ပေါ်ကုန်၏။

၆၇။ စက္ခုငါးမျိုးရှိတော်မူသော ဘုရားမြတ်သည် မချွတ်ပွင့်တော်မူလတ္တံ့၊ ဤသို့ ငါသည် လူအပေါင်းကို သိစေ၍ ငါးပါးသီလတို့ကို ဟောခဲ့၏။

http://www.dhammadownload.com



၆၈။ ထိုသူတို့သည် ငါးပါးသောစီလတို့ကိုရင်း ရခဲသော ဘုရားပွင့်တော်မူခြင်းကိုရင်း ကြားသိရ၍ ဖြစ်သော တက်ကြွခြင်းရှိကုန်လျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြလေကုန်၏။

၆၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ နိမိတ်ကို မိန့်ကြား(ဖတ်ကြား) ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် နိမိတ်ဖတ် ကြားခြင်း၏ အကျိုးပေတည်း။

၇၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိမဲ့ နေရ၏။

၇၁။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နိမိတ္တဗျာကရဏိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် နိမိတ္တဗျာကရဏိယတ္ထေရအပဒါန် ပြီး၏။

ထေးဆယ့်ခုနစ်ခုမြောက် သာလကုသုမိယဝဂ် ပြီး၏။

http://www.dhammadownload.com

# ၄၈-နဠမာလိဝဂ်

## ၁-နဠမာလိယတ္ထေရအပဒါန်

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသည်ဖြစ်၍ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော လောက၏ရှေ့သွား မြတ်စွာဘုရားကို တောအထက်၌ ကြွသွားတော်မူစဉ် ဖူးမြင်ရ၏။

၂။ ထိုခဏ၌ ငါသည် ကျူပန်းကိုယူ၍ ထွက်သည်ရှိသော် ထိုအရပ်၌ ဩဃမှ လွန်မြောက်သော အာသဝကင်းတော်မူပြီးသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃။ မြတ်သောအလှူကို ခံတော်မူထိုက်သော ကြီးမားသော လုံ့လရှိတော် မူသော လောကအားလုံးကို အစဉ်သနားတော်မူသော မြတ်စွာဘုရားကို ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကျူပန်းကို ပူဇော်ခဲ့၏။

၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကျူပန်းကို လှူဒါန်းပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၆။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နဠမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော နဠမာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-မဏိပူဇကတ္ထေရအပဒါန်

၈။ တရားခပ်သိမ်းတို့ကို တဖက်ကမ်းရောက် သိမြင်တော်မူသော မာရ်ငါးပါးကို အောင် မြင်တော်မူပြီးသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ခြင်းကို အလိုရှိတော် မူသည်ဖြစ်၍ ကောင်းကင်၌ ကြွသွားတော်မူ၏။

၉။ ဟိမဝန္တာ၏အနီး၌ ဇာတဿရအိုင်ကြီးသည် ရှိ၏၊ ထိုအိုင်ကြီး၌ ကောင်းမှုကံနှင့် ယှဉ်သော ငါ၏ဗိမာန်သည် ရှိသည်ဖြစ်၏။

http://www.dhammadownload.com



၁၀။ ငါသည် ဗိမာန်မှ ထွက်သည်ရှိသော် တောက်ပသော ငွေပန်းကဲ့သို့၎င်း ရဲရဲတောက်သော ဟုံးမီးစာကဲ့သို့၎င်း မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၁။ ငါသည် မြတ်စွာဘုရားကို ပူဇော်အံ့ဟု ပန်းကို ရှာဖွေလတ်သော် မတွေ့မြင်ခဲ့၊ (ထိုကြောင့်) ငါသည် မိမိစိတ်ကို ကြည်လင်စေ၍ မြတ်စွာဘုရားအား ရှိခိုးခဲ့၏။

၁၂။ ငါ၏ ဦးခေါင်း၌ (ရှိသော) ပတ္တမြားကို ယူ၍ မြတ်စွာဘုရားကို ပူဇော်ခဲ့၏၊ ဤပတ္တမြားကို ပူဇော်ရခြင်းကြောင့် ကောင်းသောအကျိုးသည် ဖြစ်ထွန်းပါစေသတည်း။

၁၃။ ပေးလှူဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သော လောကသုံးပါးကို သိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တော်မူလျက် ဤဆိုမည့် ဂါထာကို ဟောတော်မူ၏—

၁၄။ သင့်အား ထိုစိတ်အကြံသည် ပြည့်စုံစေသတည်း၊ ကြီးကျယ်သော ချမ်းသာကို ရစေသတည်း၊ ဤပတ္တမြားဖြင့် ပူဇော်ရခြင်းကြောင့် များပြားသော အခြံအရံအကျော်အစောကို ခံစားရစေသတည်း။

၁၅။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် စိတ်အလိုရှိရာ အရပ်သို့ ကြွသွားတော်မူ၏။

၁၆။ ငါသည် ကမ္ဘာခြောက်ဆယ်ဘို့ပတ်လုံး နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရ၏၊ အကြိမ်ရာပေါင်းများစွာ စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၁၇။ နတ်ဖြစ်၍ ဖြာ်သောငါသည် ရှေးကောင်းမှုကံကို အောက်မေ့သည်ရှိသော် အရောင်အလင်းကို ပြုတတ်သော ပတ္တမြားသည် ငါ့အား ဖြစ်ပေါ် လေ၏။

၁၈-၁၉။ ဆန်းကြယ်သော အဝတ်တန်ဆာရှိကုန်သော ပုလဲသွယ် ပတ္တမြား နားဋောင်းကို ပန်ဆင်ကုန်သော ကော့တက်သော မျက်တောင်ရှိကုန်သော ပြုံးရွှင်စွာ ပြောဆိုဘတ်ကုန်သော ကောင်းသော အမှတ်သညာရှိကုန်သော သေးသယ်သော ခါးရှိကုန်သော ငါသိမ်းပိုက်အပ်ကုန်သော မိန်းမပေါင်း ရှစ်သောင်းခြောက်ထောင်ဘို့သည် ငါ့ကို အမြဲမပြတ် ခြံရံလျက်ရှိကုန်၏၊ ဤသို့ဖြာ်ရခြင်းသည် ပတ္တမြားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၀။ ရွှေဖြင့်ပြီးကုန်သော ပတ္တမြားဖြင့်ပြီးကုန်သော ထို့အတူ ကျောက်နီဖြင့်ပြီးကုန်သော တန်ဆာတို့သည် အကယ်၍အလိုရှိပါမူ ကောင်းစွာပြုလုပ်အပ်သော ဘဏ္ဍာတို့သည် ငါ့အား ဖြာ်ပေါ် ကုန်၏။

၂၁။ နှလုံးမွေ့လျော်ဖွယ်ကောင်းသော စုလစ်မွန်းချွန် အထွတ်ဘပ်အပ်သော အိမ်တို့သည်၎င်း မြတ်သောသူတို့အားသာ ထိုက်သော အိပ်ရာနေရာသည်၎င်း ငါ၏စိတ်အကြံကို သိ၍ အလိုရှိတိုင်း ဖြစ်ပေါ် ကုန်၏။

၂၂။ အကြင်သူတို့သည် တရားသံကို နာယူနိုင်သော အရပ်ဒေသကို၎င်း လူတို့၏ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော မြတ်စွာဘုရားကို၎င်း သတ္တဝါအားလုံးတို့၏ ဆေးသဖွယ်ဖြစ်သော တရားဘော်ကို၎င်း ရရှိကုန်၏၊ (ဤသို့ရရှိခြင်းကား) ထိုသူတို့အား ကောင်းစွာရအပ်သော လာဘ်ကြီးပေတည်း။

http://www.dhammadownload.com



၂၃။ အကြင်ငါသည် မြတ်စွာဘုရားကို ဖူးမြင်ခဲ့၏၊ ထိုငါသည် ကောင်းမှုကံကို ကောင်းစွာ ပြုအပ်၏၊ ပျက်စီးကျရာ အပါယ်လေးပါးမှ လွတ်မြောက်ရ၏၊ တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရ၏။

၂၄။ ကပ်ရောက်ရတိုင်းသောလူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ နေ့၌ရှင်း ညဥ့်၌ရှင်း အရောင်အလင်းသည် ငါ့အား အခါခပ်သိမ်း ဖြစ်ပေါ်လျက်ရှိ၏။

၂၅။ ထိုပတ္တမြားကို ပူဇော်ခြင်းကြောင့် စည်းစိမ်တို့ကို ခံစားပြီးလျှင် ဉာဏ်တည်းဟူသော အရောင်အလင်းကို တွေ့မြင်လျက် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပတ္တမြားကို ပူဇော်ခဲ့ရသောအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပတ္တမြားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၈။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဏိပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် မဏိပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဥက္ကာသတိကတ္ထေရအပဒါန်

၃၀။ ထိုအခါ၌ ကောသိကမည်သော ပစ္စေကဗုဒ္ဓါသည် စိတ္တကူဋ်တောင်၌ နေတော်မူ၏၊ ရဟန်းမြတ်ဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဈာန်ဝင်စားတော်မူလေ့ရှိ၏၊ ဈာန်၌ မွေ့လျော်တော်မူ၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူ၏။

၃၁။ ငါသည် မိန်းမအပေါင်းခြံရံလျက် ဟိမဝန္တာတောသို့ သက်ဝင်သည်ရှိသော် လပြည့်နေ့၌ ပေါ်ထွက်သော လပြည့်ဝန်းကဲ့သို့ ကောသိက ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၏။

၃၂။ ထိုအခါ၌ ငါသည် မီးရှူးမီးတိုင်တရာတို့ကို ယူဆောင်၍ ဝန်းရံခဲ့၏၊ ခုနစ်ညဥ့်ခုနစ်နေ့ ပတ်လုံး ရပ်တည်၍ ရှစ်ရက်မြောက်သောနေ့၌ ပြန်သွားခဲ့၏။

၃၃။ ငါသည် အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်အပ်သော သမာပတ်မှ ထတော်မူသော ကောသိက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ကြည်ညိုသော စိတ်ရှိလျက် ရှိခိုးပြီးလျှင် တထပ်စာဆွမ်းကို ပေးလှူခဲ့၏။

၃၄။ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ကို အစိုးရတော်မူသော လောက၏အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရား ထိုကောင်းမှုကံကြောင့် တုသိတာနတ်ပြည်၌ ဖြစ်ရပါ၏၊ ဤသို့ ဖြစ်ရခြင်းသည် တထပ်စာဆွမ်းကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၅။ အရောင် အလင်းသည် ငါ့အား နေ့၌ရင်း ညဉ့်၌ရင်း နေ့ရောညပါ အခါခပ်သိမ်း ဖြစ်ပေါ် လျက်ရှိ၏၊ ငါသည် ထက်ဝန်းကျင်မှ ယူဇနာတရာတိုင်အောင် အရောင်ဖြင့် ဖြန့်နိုင်၏။

၃၆။ ငါသည် ငါးဆယ့်ငါးကမ္ဘာပတ်လုံး သမုဒ္ဒရာလေးစင်းအဆုံးရှိသော မြေပြင်ကို အစိုးရသော အောင်အပ်ပြီးသော စစ်သည်ရှိသော ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ခဲ့၏။

၃၇။ ထိုအခါ၌ ငါ၏မြို့သည် ပြည့်စုံ၏၊ စည်ပင်သာယာ၏၊ ကောင်းစွာ ဖန်ဆင်းအပ်သော အလျားယူဇနာ သုံးဆယ် အနံယူဇနာ နှစ်ဆယ်ရှိ၏။

၃၈။ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ထိုသောဘဏမည်သော မြို့သည် မောင်းကြေး နင်းသံနှင့်တကွ ဖြစ်သော အသံဆယ်မျိုးတို့ဖြင့် မတိတ်ဆိတ်ပဲ ရှိလေ၏။

၃၉။ ထိုမြို့၌ ကြိမ်နွယ်သစ်သားသည်ရင်း အင်္ဂတေမြေညက်တို့သည်ရင်း မရှိကုန်၊ (မြို့သည်) အလုံးစုံရွှေဖြင့်ပြီးလျက် အခါခပ်သိမ်းပင် ထွန်းတောက်ပပေ၏။

၄၀။ မြို့ကို တံတိုင်းလေးထပ် ဝန်းရံအပ်ပေ၏၊ တံတိုင်းသုံးထပ်တို့သည် ပတ္တမြားဖြင့် ပြီးကုန်၏၊ အလယ်၌ ထန်းပင် အစဉ်လိုက်ကိုလည်း ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်၏။

၄၁။ တသောင်းသောရေကန်တို့သည် ပဒုမာကြာ ဥပ္ပလကြာတို့ဖြင့် ဖုံးလွှမ်းကုန်၍ ပုဏ္ဍရိက်ကြာတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏၊ အမျိုးမျိုးသောရနံ့တို့ဖြင့် ကြိုင်လှိုင်လျက် ရှိကုန်၏။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည်, မီးရှူးမီးတိုင်ကို ညှိထွန်းပူဇော်ခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မီးရှူးမီးတိုင် ညှိထွန်းရခြင်း၏ အကျိုးပေတည်း။

၄၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၄။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥက္ကာသတိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဥက္ကာသတိကတ္ထေရအပဒါန် ပြီး၏။

---

## ၄-သုမနဗီဇနီယတ္ထေရအပဒါန်

၄၆။ ဝိပဿီမြတ်စွာဘုရား၏ မြတ်သော ဗောဓိပင်၌ ဝမ်းမြောက်သည်ဖြစ်၍ ယပ်ကို ယူပြီးလျှင် ဗောဓိပင်မြတ်ကို ယပ်ခတ်ခဲ့၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဗောဓိပင်မြတ်ကို ယပ်ခတ်ခဲ့၏၊ ထိုအခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ယပ်ခတ်ခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဝင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုမနဗီဇနီယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် သုမနဗီဇနီယတ္ထေရအပဒါန် ပြီး၏။

---

## ၅-ကုမ္မာသဒါယကတ္ထေရအပဒါန်

၅၁။ ငါသည် ဆွမ်းရှာမှီးခြင်းငှါ ကြွတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အချည်းနှီးသော သပိတ်ကို မြင်ရ၍ မုယောဆွမ်းကို ပြည့်စေခဲ့၏။

၅၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မုယောဆွမ်းကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မုယောဆွမ်း လှူရခြင်း၏ အကျိုးပေတည်း။

၅၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၄။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဝင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုမ္မာသဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ကုမ္မာသဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ကုသဋ္ဌကဒါယကတ္ထေရအပဒါန်

၅၆။ မကောင်းမှုမှ အပ ပြုပြီးတော်မူသော ကျင့်သုံးအပ်ပြီးသော သိက္ခာသီလ ရှိတော်မူသော ကဿပမြတ်စွာဘုရားအား ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ငါသည် စာရေးတံ ဆွမ်းရှစ်ဝတ်ကို ပေးလှူခဲ့၏။

၅၇။ ငါသည် ဤဘဒ္ဒကမ္ဘာ၌ စာရေးတံဆွမ်း ရှစ်ဝတ်ကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် စာရေးတံဆွမ်း ရှစ်ဝတ်ကို ပေးလှူရခြင်း၏ အကျိုးပေတည်း။

၅၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၅၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုသဋ္ဌကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ကုသဋ္ဌကဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဂိရိပုန္နာဂိယတ္ထေရအပဒါန်

၆၁။ ထိုအခါ၌ သောဘိတမည်သော မြတ်စွာဘုရားသည် စိတ္တကုဋ်တောင်၌ နေတော်မူ၏၊ ငါသည် တောင်ပုန်းညက်ပန်းကို ယူ၍ မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၆၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့် လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပန်းပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၄။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂိရိပုန္နာဂိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဂိရိပုန္နာဂိယတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဝလ္လိကာရဖလဒါယကတ္ထေရအပဒါန်

၆၆။ ထိုအခါ၌ သုမနမည်သော မြတ်စွာဘုရားသည် တက္ကရာပြည်၌ နေတော်မူ၏၊ ငါသည် နွယ်သီးကို ယူ၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၆၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ နွယ်သီးကို လှူခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၆၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၉။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝလ္လိကာရဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဝလ္လိကာရဖလဒါယကတ္ထေရအပဒါန် ပြီး၏။

## ၉-ပါနဓိဒါယကတ္ထေရအပဒါန်

၇၁။ လောက၏ အကြီးအမှူးဖြစ်သော လူတို့ထက် မြတ်တော်မူသော စက္ခုငါးမျိုးရှိတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် နေ့အခါ၌ ကျောင်းတော်မှ ထွက်၍ ခရီးလမ်းမသို့ ကြွတော်မူ၏။

၇၂။ ငါသည် ကောင်းစွာ ပြုအပ်သော ဘိနပ်ကို ယူ၍ ခရီးရှည် သွားခဲ့၏၊ ထိုအခါ တင့်တင့်တယ်တယ် ရှုချင်ဖွယ်ရှိသော ခြေကျင်ကြွတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၇၃။ မိမိစိတ်ကို ကြည်လင်စေပြီးလျှင် ဘိနပ်ကို ထုတ်၍ ခြေတော်ရင်း၌ ထားလျက် ဤစကားကို လျှောက်ထား၏—

၇၄။ လုံ့လကြီးမားတော်မူသော သုဂတိဘာဂကို ပေးတော်မူတတ်သော မြတ်စွာဘုရား (ဤဘိနပ်ကို)စီးတော်မူပါ၊ ဤအလှူမှအကျိုးကို ရလိုပါ၏၊ အကျွန်ုပ်အား ထိုအကျိုးသည် ပြည့်စုံပါစေသတည်း(ဟု ဤစကားကို လျှောက်ထား၏)။

၇၅။ လောက၏ အကြီးအမှူးဖြစ်သော လူတို့ထက် မြတ်တော်မူသော အနောမဒဿီ မြတ်စွာဘုရားသည် ဘိနပ်ကိုစီး၍ ဤစကားကို မိန့်တော်မူ၏—

၇၆။ အကြင်သူသည် ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ငါဘုရားအား ဘိနပ်ကို ပေးလှူ၏၊ ထိုသူ့ကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့် ငါ၏စကားကို နာယူကြကုန်လော့—

၇၇။ အလုံးစုံသော နတ်တို့သည် မြတ်စွာဘုရား အသံတော်ကို သိကုန်၍ တက်ကြွသော စိတ်ရှိကြကုန်သည်ဖြစ်၍ ဝမ်းမြောက် နှစ်သက်ကြကုန်ပြီးလျှင် လက်အုပ်ချီလျက် စည်းဝေးရောက်လာကြကုန်၏။

၇၈။ ဤသူသည် ဘိနပ်တို့ကို လှူဒါန်းခြင်းကြောင့် ချမ်းသာခြင်းရှိသူ ဖြစ်လတ္တံ့၊ ငါးဆယ့်ငါးကြိမ်တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရလတ္တံ့။

၇၉။ အကြိမ်တထောင်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၈၀။ ဤကမ္ဘာမှ မရေတွက်နိုင်သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက် ဘဒ္ဒကမ္ဘာ၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၈၁။ ထိုမြတ်စွာဘုရား၏ တရားတော်တို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံသားတော်သည်ဖြစ်၍ အာသဝတရားအားလုံးတို့ကို ပိုင်းခြားသိလျက် အာသဝ မရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့။

၈၂။ နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း ကောင်းမှုရှိသောသူ(ဘုန်းကံကြီးမားသူ) သည် ဖြစ်လတ္တံ့၊ နတ်ယာဉ်နှင့် တူသော ယာဉ်ကို ရလတ္တံ့။

၈၃။ ပြာသာဒ်တို့သည်ရင်း ထမ်းစင်တို့သည်ရင်း လှည်းပေါင်းချုပ်သည်ရင်း ကောင်းစွာ တန်ဆာဆင်အပ်သော ဆင်တို့သည်ရင်း အာဇာနည်မြင်း ကသော ရထားတို့သည်ရင်း အခါခပ်သိမ်း ငါ့အား ဖြစ်ပေါ်ကုန်၏။

http://www.dhammadownload.com



၁၄။ ငါသည် အိမ်မှ ထွက်သော်လည်း ရဟန်းဖြင့် ထွက်ခဲ့ရ၏၊ ဆံပင်တို့ကို ရိတ်အပ်ကုန် သည်ရှိသော် ငါသည် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၅။ ငါ့အား အရတော်လေစွ၊ ငါသည် ကောင်းစွာ ရအပ်ပေ၏၊ ကုန်သွယ်မှုကို ကောင်း စွာ ယှဉ်စေအပ်၏၊ ဘိနပ်တရံကို လှူရခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရ ပေ၏၊

၁၆။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ငါသည် ဘိနပ် ကို ပေးလှူခဲ့ရသော အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရ ခြင်းသည် ဘိနပ်လှူရခြင်း၏ အကျိုးပေတည်း။

၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၈။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင် ပါနဓိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ပါနဓိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပုလိနစင်္ကမိယတ္ထေရအပဒါန်

၉၀။ ရှေးအခါက ငါသည် ငှက်တို့ တွန်မြည်ရာဖြစ်သော တော၌ သားမုဆိုးဖြစ်ခဲ့၏၊ ငါ သည် သမင်ပျံ့ကို ရှာမှီးသည်ရှိသော် စင်္ကြံ ကျောင်းကို တွေ့မြင်ရ၏။

၉၁။ ငါသည် ကြည်ညို ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ခါးပိုက်ဖြင့် သဲကို ယူပြီးလျှင် ဘုန်းကြက်သရေရှိတော်မူသော မြတ်စွာဘုရား၏ စင်္ကြံ ကျောင်း၌ ဖြန့်ခင်းခဲ့၏။

၉၂။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ငါသည် သဲကို ဖြန့်ခင်းခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သဲကို ဖြန့်ခင်းရခြင်း၏ အကျိုးပေတည်း။

၉၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၉၄။ ငါ၏ လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုလိနစင်္ကမိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပုလိနစင်္ကမိယတ္ထေရအပဒါန် ပြီး၏။

**လေးဆယ့်ရှစ်ခုမြောက် နဠမာလိဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄၉-ပံသုကူလဝဂ်

## ၁-ပံသုကူလသညကတ္ထေရအပဒါန်

၁။ အလိုလိုဖြစ်တော်မူ၍ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော တိဿမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ မြတ်စွာဘုရားသည် ပံသုကူသင်္ကန်းကို ထား၍ ကျောင်းသို့ဝင်တော်မူ၏။

၂။ ငါသည် (သက်တင်ရေးကဲ့သို့) ညွတ်ကွေးသော လေးကို ယူ၍ အစားအစာအကျိုးငှါ လှည့်လည်ခဲ့၏၊ သန်လျက်ကို စွဲကိုင်လျက် တောသို့ ဝင်ခဲ့၏။

၃။ ငါသည် ထိုတောတွင် သစ်ပင်ဖျား၌ ငြိတွယ်သော ပံသုကူသင်္ကန်းကို တွေ့မြင်ရ၏၊ ထိုအခါ ငါသည် ထိုနေရာ၌ပင် လေးကို ချထားပြီးလျှင် ဦးထိပ်၌ လက်အုပ်ချီလျက်—

၄။ ကြည်ညို ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ပြန့်ပြောသော နှစ်သက်ခြင်း 'ပီတိ'ဖြင့် ဘုရားမြတ်ကို အောက်မေ့လျက် ပံသုကူသင်္ကန်းကို ရှိခိုးခဲ့၏။

၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ငါသည် ပံသုကူသင်္ကန်းကို ရှိခိုးခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ရှိခိုးရခြင်း၏ အကျိုးပေတည်း။

၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ အလုံးစုံသောဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၇။ ငါ၏ လာခြင်းကား စင်စစ် ကောင်းသော လာခြင်း ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပံသုကူလသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ပံသုကူလသညကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဗုဒ္ဓသညကတ္ထေရအပဒါန်

၉။ (ငါသည်) ဗေဒင်ကို သရဇ္ဈာယ်တတ်၏၊ ဗေဒင်ကို ဆောင်တတ်၏၊ ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းရောက် တတ်မြောက်၏၊ နိဃဏ္ဍု (အဘိဓာန်) ကျမ်း၊ ကေဋုဘ (အလင်္ကာ) ကျမ်း

http://www.dhammadownload.com



နှင့်တကွသော လက္ခဏာကျမ်း၌၎င်း ဣတိဟာသ (ပုရာဏ်)ကျမ်း၌၎င်း တဖက်ကမ်းရောက် တတ်မြောက်၏။

၁၀။ ထိုအခါ တပည့်တို့သည် မြစ်ရေယဉ်ကဲ့သို့ ငါ့ထံသို့ လာရောက်ကုန်၏၊ ငါသည် ထို တပည့်တို့အား ညဉ့်နေ့ပတ်လုံး မပျင်းမရိပဲ ဗေဒင်တို့ကို ပို့ချ၏။

၁၁။ ထိုအခါ သိဒ္ဓတ္ထမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ မောဟ အမိုက်မှောင်ကို ဖျက်ဆီး၍ ဉာဏ်အလင်းရောင်ကို ဖြစ်စေတော်မူ၏။

၁၂။ ငါ၏ တပည့်တယောက်သည် ငါ၏ တပည့်တို့အား ပြောဆို၏၊ ထိုအခါ ထိုတပည့်တို့ သည် ဤအကြောင်းကို ကြားကုန်၍ ငါ့အား ပြောကြားကုန်၏။

၁၃။ အလုံးစုံသော တရားကို သိတော်မူသော လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ် သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ လူအပေါင်းသည် ထိုမြတ်စွာဘုရားသို့ အတုလိုက်၍ ကျင့်လျက် ရှိ၏၊ ငါတို့အား လာဘ်ရခြင်းသည် မရှိတော့လတ္တံ့။

၁၄။ မြတ်စွာဘုရားတို့သည် တရံတခါသာ ပွင့်တော်မူကြကုန်၏၊ စက္ခုငါးမျိုး ရှိတော်မူ ကုန်၏၊ များသော အခြံအရံ အကျော်အစော ရှိတော်မူကုန်၏၊ ငါသည် လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော ဘုရားမြတ်ကို ဖူးမြင်ရမူ ကောင်းလေစွ။

၁၅။ ငါသည် ငါ၏ သစ်နက်ရေလျှော်တေ (သက်န်း) နှင့် ရေကရားတို့ကို ယူ၍ သခ်မ်း ကျောင်းမှ ထွက်ပြီးလျှင် တပည့်တို့ကို ပြောဆိုခဲ့၏။

၁၆။ ရေသဖန်းပွင့်ကို ရခဲသကဲ့သို့၎င်း လဥ္ဇ ယုန်ရုပ်ကို ရခဲသကဲ့သို့၎င်း ကျီးတို့၏ နို့ရည် ကို ရခဲသကဲ့သို့၎င်း ထို့အတူ(လောကကိုနိဗ္ဗာန်သို့ ပို့ဆောင်တတ်သော)မြတ်စွာဘုရားကို ရနိုင် ခဲ၏။

၁၇။ လောက၌ မြတ်စွာဘုရားသည် ပွင့်တော်မူစဉ် လူ့အဖြစ်ကိုလည်း ရနိုင်ခဲ၏၊ (ဘုရား အဖြစ်၊ လူအဖြစ်) နှစ်ပါးစုံ ရှိကုန်သော်လည်း တရားကို နာကြားရခြင်းကိုလည်း အလွန် ရနိုင်ခဲ၏။

၁၈။ လောက၌ မြတ်စွာဘုရားသည် ကောင်းစွာ ပွင့်တော်မူပေ၏၊ ငါတို့အား အကျိုးရှိ သော ပညာမျက်စိကို ရကုန်လတ္တံ့၊ လာကြကုန်၊ မြတ်စွာဘုရား၏ အထံသို့ ငါတို့အားလုံး သွားကုန်အံ့။

၁၉။ ထိုအခါ ရေကရားကို ဆောင်ကုန်သော ကြမ်းတမ်းသော သစ်နက်ရေကို ဝတ်ကုန် သော ထိုရသေ့အားလုံးတို့သည် ရသေ့ပရိက္ခရာဝန်ဖြင့် ပြည့်ကုန်လျက် တောမှ ထွက်ကုန်၏။

၂၀။ ထိုရသေ့အားလုံးတို့သည် ထမ်းပိုးတပြန်မျှ ရှုကြည့်တတ်ကုန်၏၊ မြတ်သော အကျိုး ကို ရှာမှီးလေ့ ရှိကုန်၏၊ ကပ်ငြိခြင်း‘လောဘ’ ပြစ်မှားခြင်း ‘ဒေါသ’မှ ကင်းကုန်၏၊ ကေသရာ ခြင်္သေ့မင်းကဲ့သို့ ကြောက်ရွံ့ခြင်း မရှိကြကုန်။

၂၁။ အမှုကိစ္စ နည်းပါးကုန်၏၊ လျှပ်ပေါ် လော်လီခြင်း မရှိကုန်၊ (ပါဠိဟာရိယဉာဏ်ဖြင့်) ရင့်ကျက်သော ပညာဉာဏ် ရှိကုန်၏၊ ငြိမ်သက်သော ဖြစ်ခြင်း ရှိကုန်၏၊ (ဆွမ်းကို) ရှာမှီးခြင်း အကျိုးငှါ လှည့်လည်တတ်ကုန်၏၊ ထိုရသေ့တို့သည် ဘုရားမြတ်သို့ ချဉ်းကပ်ကုန်၏။

http://www.dhammadownload.com



၂၂။ ကြွင်းကျန်သော ယူဇနာခွဲ ခရီးရှိလတ်သော် ငါ့အား အနာရောဂါသည် ဖြစ်ပေါ်လာ၏၊ ငါသည် ဘုရားမြတ်ကို အောက်မေ့လျက် ထိုအရပ်၌ပင် ကွယ်လွန်ခဲ့၏။

၂၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရား၌ အမှတ်သညာကို ရခဲ့သောအခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရား၌ အမှတ်ရခြင်း၏ အကျိုးပေတည်း။

၂၄။ ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲနေရ၏။

၂၅။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်းပေတည်း။ပ။ အဆုံးအမ သာသနာကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ သာသနာကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗုဒ္ဓသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခမြောက် ဗုဒ္ဓသညကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဘိသဒါယကတ္ထေရအပဒါန်

၂၇။ ထိုအခါ ငါသည် ဆင်အမျိုးမျိုးတို့မှီဝဲရာ ရေကန်သို့ သက်ဆင်း၍ ထိုရေကန်၌ အစာဟူသော အကြောင်းကြောင့် ကြာစွယ်ကို နုတ်ယူ၏။

၂၈။ ထိုအခါ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် နီမြန်းသောသင်္ကန်းကိုဝတ်ရုံလျက် ကောင်းကင်ခရီး၌ ကြွသွားတော်မူ၏။

၂၉။ ထိုအခါ မြတ်စွာဘုရားသည် ပံသုကူသင်္ကန်းတို့ကို ခါတော်မူသည်ရှိသော် ငါသည် အသံကို ကြားရ၏၊ ငါသည် အထက်သို့ မျှော်ကြည့်လတ်သော် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၀။ ထိုအရပ်၌ပင် ရပ်တည်လျက် မြတ်စွာဘုရားကို တောင်းပန်လျှောက်ထားခဲ့၏၊ မြတ်စွာဘုရား ကြာစွယ်တို့မှ ပျားရည်သည် ယိုစီးလျက်ရှိပါ၏၊ ကြာရင်းတို့မှ နို့ရည်ထောပတ်သည် ယိုစီးလျက် ရှိပါ၏။

၃၁။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် တပည့်တော်အား အစဉ်သနားသဖြင့် ခံယူတော်မူပါ(ဟု တောင်းပန် လျှောက်ထားခဲ့၏)။ ထိုအခါ သနားခြင်း'ကရုဏာ'ရှိတော်မူသော များသော အခြံအရံအကျော်အစော ရှိတော်မူသော မြတ်စွာဘုရားသည် (ကောင်းကင်မှ) သက်ဆင်း၍—

၃၂။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် အစဉ်သနားသဖြင့် ငါ၏ဆွမ်းကို ခံယူတော်မူ၏၊ ခံယူပြီး၍ မြတ်စွာဘုရားသည် ငါ့အား အနုမောဒနာ ပြုတော်မူ၏။

၃၃။ ဘုန်းကံကြီးသောရသေ့ သင်သည် ချမ်းသာခြင်းရှိသူ ဖြစ်ပါစေသတည်း၊ လားရာဂတိသည် သင့်အား ပြည့်စုံပါစေသတည်း၊ ဤကြာစွယ်ကို လှူရခြင်းကြောင့် ပြန့်ပြောသော ချမ်းသာခြင်းကို ရပါစေသတည်း။

http://www.dhammadownload.com



၃၄။ မာရ်ငါးပါးကို အောင်မြင်တော်မူသော သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် ဆွမ်းကို ယူလျက် ကောင်းကင်ဖြင့် ကြွသွားတော်မူ၏။

၃၅။ ထိုနောက် ငါသည် ကြာစွယ်ကိုယူ၍ ငါ၏သင်္ခမ်းကျောင်းသို့ ပြန်လာခဲ့၏၊ ကြာစွယ်ကို သစ်ပင်၌ ဆွဲချိတ်ပြီးလျှင် ငါ၏အလှူကို အကြိမ်ကြိမ်အောက်မေ့ခဲ့၏။

၃၆။ ထိုအခါ လေပြင်းမုန်တိုင်းသည်ထ၍ တောသည် တုန်လှုပ်လေ၏၊ မိုးကြိုးထစ်ကြိုးသဖြင့် ကောင်းကင်သည် မြည်ဟီးလေ၏၊

၃၇။ ထိုအခါ မိုးကြိုးကျသည်ရှိသော် ငါ၏ဦးထိပ်၌ ကျလေ၏၊ ထိုအခါ ထိုငါသည် ထိုင်လျက်ပင် ထိုနေရာ၌ ကွယ်လွန်ခဲ့၏၊

၃၈။ ကောင်းမှုကံနှင့်ယှဉ်သောငါသည် တုသိတာဘုံ၌ ကပ်ရောက်ရပေ၏၊ ငါသည် ငါ၏ကိုယ်ကောင်ကို ပစ်ချလျက် နတ်ပြည်လောက၌ ပျော်မွေ့ရ၏။

၃၉။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မိန်းမပေါင်း ရှစ်သောင်းခြောက်ထောင်တို့သည် ညဉ့်နံနက်(ငါ့အား)ခစားလျက် ရှိကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် ကြာစွယ်လှူရခြင်း၏ အကျိုးပေတည်း။

၄၀။ ငါသည် လူ့ဘဝသို့ လာရောက်သည်ရှိသော် အခါခပ်သိမ်း ချမ်းသာခြင်းရှိသူဖြစ်၏၊ စည်းစိမ်ဥစ္စာ၌ ငါ့အား ယုတ်လျော့ခြင်းသည် မရှိ၊ ဤသို့ဖြစ်ရခြင်းသည် ကြာစွယ်လှူရခြင်း၏ အကျိုးပေတည်း။

၄၁။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော နတ်ထက် နတ်မြတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် အစဉ်သနားစောင့်ရှောက်အပ်သည်ဖြစ်၍ အာသဝအားလုံး ကုန်ခန်းပြီ၊ ယခုအခါ တဖန်ဘဝသစ်သည် (ငါ့အား) မရှိတော့ပြီ။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကြာစွယ်ကို လှူဒါန်းခဲ့ရသောအခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကြာစွယ်လှူရခြင်း၏ အကျိုးပေတည်း။

၄၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၄။ ငါ၏လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဎင်း။ပ။သာသနာကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘိသဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ဘိသဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-ဉာဏထဝိကတ္ထေရအပဒါန်

၄၆။ ဟိမဝန္တာ၏ တောင်ဘက်၌ ငါသည် သင်္ခမ်းကျောင်းကို ကောင်းစွာဆောက်လုပ်အပ်၏၊ ထိုအခါ (ငါသည်) မြတ်သောအကျိုးကို ရှာမှီးလျက် တော၌နေ၏။

၄၇။ ငါသည် ရရသမျှသော သစ်မြစ်ဖြင့်၎င်း သစ်သီးဖြင့်၎င်း ရောင့်ရဲပြီးလျှင် ဆရာကို အစဉ်ရှာဖွေလျက် တယောက်တည်း နေ၏။

၄၈။ ထိုအခါ သုမေဓာမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ လူအပေါင်းကို ထုတ်ဆောင်ကယ်တင်တော်မူလျက် သစ္စာလေးပါးကို ပြတော်မူ၏။

၄၉။ ငါသည် မြတ်စွာဘုရားပွင့်တော်မူကြောင်းကို မကြားရပေ၊ ငါ့အား တစုံတယောက်သောသူမျှလည်း မပြောကြားချေ၊ ရှစ်နှစ်လွန်သောအခါ ငါသည် မြတ်စွာဘုရား (ပွင့်တော်မူကြောင်း) ကို ကြားရပေ၏။

၅၀။ ငါသည် မီးပူဇော်ရန် ထင်းကိုထုတ်၍ သင်္ခမ်းကျောင်းကို တံမြက်လှည်းပြီးလျှင် ရသေ့ပရိက္ခာဝန်ကိုယူလျက် တောမှ ထွက်ခဲ့၏။

၅၁။ ထိုအခါ ငါသည် ရွာတို့၌၎င်း နိဂုံးတို့၌၎င်း တည်း၍မျှနေလျက် အစဉ်အတိုင်း (သွားလတ်သော်) စန္ဒဝတီမြို့သို့ ရောက်လေ၏။

၅၂။ ထိုအခါ လူအပေါင်းကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော သုမေဓာမြတ်စွာဘုရားသည် များစွာသော သတ္တဝါတို့ကို ထုတ်ဆောင်ကယ်တင်လျက် အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူ၏။

၅၃။ ငါသည် လူအပေါင်းကို ကျော်လွန်၍ သမုဒ္ဒရာနှင့်တူသော မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ပခုံးတဖက်၌ သစ်နက်ရေကိုတင်လျက် မြတ်စွာဘုရားကို ချီးကျူး၏။

၅၄။ အရှင်ဘုရားသည် သတ္တဝါတို့၏ဆရာလည်း ဖြစ်တော်မူပါပေ၏၊ မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ လည်းလျှောင်းရာလည်း ဖြစ်တော်မူပါပေ၏၊ တည်ရာမှီရာလည်း ဖြစ်တော်မူပါပေ၏၊ ကျွန်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူပါပေ၏။

နှစ်ဆယ့်တခုမြောက် ဘာဏဝါရ ပြီး၏။

၅၅။ မြတ်စွာဘုရား အရှင်ဘုရားသည် ဉာဏ် အမြင့်၌ သိမ်မွေ့ခြင်းရှိတော်မူပါပေ၏၊ လုံ့လ ရှိတော်မူပါပေ၏၊ လူအပေါင်းကို ကယ်တင်တော်မူပါပေ၏၊ အရှင်ဘုရားထက် သာလွန်သော အခြား ကယ်တင်နိုင်သူသည် လောက၌ မရှိပါ။

၅၆။ သမုဒ္ဒရာမြတ်၌ ရေပေါက်တို့ကို သမန်းမြက်ဖျားဖြင့် နှိုင်းယှဉ်(ရေတွက်) ခြင်းငှါ စွမ်းနိုင်ရာပါ၏၊ မြတ်စွာဘုရား အရှင်ဘုရား၏ ဉာဏ်တော်ကို နှိုင်းယှဉ် (ရေတွက်) ခြင်းငှါ မစွမ်းနိုင်သည်သာတည်း။

၅၇။ ချိန်ခွင်(မောင်း)၌ မြေကို တင်ထား၍ ချိန်ဆောင်ခြင်းငှါ စွမ်းနိုင်ရာပါ၏၊ မြတ်စွာဘုရား အရှင်ဘုရား၏ ပညာတော်၏အတိုင်းအရှည်ကား မရှိသည်သာတည်း။

http://www.dhammadownload.com



၅၈။ ကောင်းကင်ကို ကြိုးဖြင့်ရင်း လက်သစ်ဖြင့်ရင်း နှိုင်းယှဉ်(တိုင်းတာ)ခြင်းငှါ စွမ်းနိုင်ရာပါ၏၊ မြတ်စွာဘုရား အရှင်ဘုရား၏ သီလတော်ကို နှိုင်းယှဉ် (တိုင်းတာ)ခြင်းငှါ မစွမ်းနိုင်သည်သာတည်း။

၅၉။ မဟာသမုဒ္ဒရာ၌ရေရင်းကောင်းကင်ရင်း မြေကြီးရင်း ဤအရာတို့သည် နှိုင်းယှဉ်နိုင်ပါကုန်၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။

၆၀။ ထိုအခါ ငါသည် များသော အခြံအရံအကျော်အစော ရှိတော်မူသော မြတ်စွာဘုရားကို ခြောက်ဂါထာတို့ဖြင့် (ပြောကြား) ချီးကျူး၍ လက်အုပ်ကို ချီပြီးလျှင် ဆိတ်ဆိတ်ရပ်တည်၏။

၆၁။ ထိုအခါ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ကောင်းသော ပညာရှိတော်မူသော အကြင်မြတ်စွာဘုရားကို သုမေဓာဟူ၍ ပြောဆိုကုန်၏၊ ထိုမြတ်စွာဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်ကာ ဤဆိုမည့် ဂါထာတို့ကို မိန့်တော်မူ၏—

၆၂။ အကြင်သူသည် ငါ၏ ဉာဏ်တော်ကို အထူးကြည်လင်သော စိတ်ဖြင့် ချီးကျူးလေ၏၊ ထိုသူ့ကို ငါသည် ဗျာဒိတ်စကားကို မိန့်ကြားတော်မူအံ့၊ မိန့်ဆိုမည့် ငါ၏ စကားကို နာယူကြကုန်လော့—

၆၃။ ခုနစ်ဆယ့်ခုနစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် နတ်တို့ကို အစိုးရ၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့။

၆၄။ အကြိမ်တရာမက စကြဝတေးမင်းလည်း ဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၆၅။ ကုသိုလ်ကံကို ဆောက်တည်ပြီးသူသည် နတ်ဖြစ်သော်ငြား လူဖြစ်သော်ငြား မယုတ်လျော့သော စိတ်အကြံရှိလျက် ထက်မြက်သော ပညာရှိသူ ဖြစ်လတ္တံ့။

၆၆။ ကမ္ဘာသုံးသောင်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၆၇။ အိမ်မှထွက်၍ ကြောင့်ကြမရှိပဲ ရဟန်းပြုလတ္တံ့၊ မွေးဖွားသည်မှ ခုနစ်နှစ်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရလတ္တံ့။

၆၈။ အကြင် အခါမှ(စ၍)ငါသည် မိမိကိုယ်ကို အောက်မေ့နိုင်၏၊ အကြင် အခါမှ(စ၍) ငါသည် သာသနာတော်သို့ ရောက်၏၊ ဤအတွင်း၌ မပျော်မွေ့သော စိတ်စေတနာကို မသိစဘူးပေ။

၆၉။ ငါသည် အလုံးစုံသော ဘဝ၌ ကျင်လည်၍ စည်းစိမ်ကို ခံစားခဲ့ရ၏၊ စည်းစိမ် ဥစ္စာ၌ ငါ့အား ယုတ်လျော့ခြင်းသည် မရှိချေ၊ (ဤကား) ဉာဏ်တော်ကို ချီးကျူးခြင်း၏ အကျိုးပေတည်း။

၇၀။ မီးသုံးပါးတို့သည် ငါ့အား ငြိမ်းကုန်ပြီ၊ အလုံးစုံသော ဘဝတို့ကို ပယ်နုတ်ပြီးကုန်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ တဖန် ဘဝသစ်သည်(ငါ့အား)မရှိတော့ပြီ။

http://www.dhammadownload.com



၇၁။ ကမ္ဗာသုံးသောင်းထက်၌ ဉာဏ်တော်ကို ချီးကျူးခဲ့ရသော အခါမှစ၍ ငါသည် မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဉာဏ်တော်ကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၇၂။ ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲနေရ၏။

၇၃။ ငါ၏ လာခြင်းကား။ပ။လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဋ္ဌင်း။ပ။ သာသနာကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဉာဏထဝိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဉာဏထဝိကတ္ထေရအပဒါန် ပြီး၏။

---

## ၅-စန္ဒနမာလိယတ္ထေရအပဒါန်

၇၅။ ငါသည် ချစ်အပ်သော သဘောရှိသော စိတ်ကို ပျော်မွေ့စေနိုင်သော ကာမဂုဏ် ငါးပါးတို့ကို ပယ်စွန့်၍ ဥစ္စာ ကုဋေရှစ်ဆယ်တို့ကို ပယ်စွန့်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၇၆။ ရဟန်းပြုပြီး၍ ကိုယ်ဖြင့် မကောင်းမှုကို ရှောင်ကြဉ်ခဲ့၏၊ ငါသည် ဝဇီဒုစရိုက်ကို ပယ်စွန့်၍ မြစ်ကမ်း၌ နေ၏။

၇၇။ ဘုရားမြတ်သည် တယောက်တည်းနေသော ငါ၏ထံသို့ ကြွလာတော်မူ၏၊ ငါသည် ဘုရားဟူ၍ မသိချေ၊ (သို့သော်)ပဋိသန္ထာရအမှု(စေ့စပ်ပြောဟောခြင်း)ကို ပြုခဲ့၏။

၇၈။ ငါသည် ပဋိသန္ထာရအမှု(စေ့စပ်ပြောဟောခြင်း)ကို ပြုပြီး၍ အမည်နှင့် အနွယ်ကို မေးမြန်းခဲ့၏၊ သင်သည် နတ်ဖြစ်ပါသလော၊ သင်သည် ဂန္ဓဗ္ဗ(နတ်)မျိုးဖြစ်ပါသလော။ သို့မဟုတ်(ရှေး၌ အလှူပေးဘူးသော) သိကြားမင်း ဖြစ်ပါသလော။

၇၉။ သင်သည် အဘယ်သူ ဖြစ်ပါသနည်း၊ သင်သည် အဘယ်သူ၏သား ဖြစ်ပါသနည်း၊ ဗြဟ္မာကြီးသည်ပင် ဤအရပ်သို့ လာပါသလော၊ သင်သည် တက်သစ်သော နေမင်းကဲ့သို့ အရပ်မျက်နှာ အားလုံးတို့ကို တင့်တယ်စေဘိ၏။

၈၀။ အချင်း(သင်၏)ခြေ၌ အကန့်တထောင်ရှိသော စက်တို့ကို တွေ့မြင်ရပါကုန်၏၊ သင်သည် အဘယ်သူ ဖြစ်ပါသနည်း၊ အဘယ်သူ၏သား ဖြစ်ပါသနည်း၊ ငါတို့သည် သင့်ကို အဘယ်သို့ သိရပါကုန်အံ့နည်း၊အမည်အနွယ်ကို ပြောကြားပါလော့၊ငါ၏ ယုံမှားခြင်းကို ပယ်ဖျောက်ပါလော့ (ဟု မေး၏)။

၈၁။ ငါသည် နတ်လည်း မဟုတ်၊ ဂန္ဓဗ္ဗနတ်မျိုးလည်း မဟုတ်၊ ရှေး၌ အလှူပေးခဲ့ဘူးသော သိကြားမင်းလည်း မဟုတ်၊ ငါ့အား ဗြဟ္မာအဖြစ်သည်လည်း မရှိချေ၊ ငါကား ထိုသူတို့ထက် မြတ်၏။

၈၂။ ငါသည် ထိုသူတို့၏အရာကို လွန်မြောက်လျက် ကာမအနှောင်အဖွဲ့ကို ဖြတ်တောက်ခဲ့၏၊ အလုံးစုံသော ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေ၍ မြတ်သော သမ္မာသမ္ဗောဓိဉာဏ် (ဘုရားအဖြစ်)သို့ ရောက်သူဖြစ်ပေ၏ (ဟု ဖြေကြားပေ၏)။

http://www.dhammadownload.com



၇၃။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားရ၍ ဤစကားကို လျှောက်ဆို၏၊ မြတ်စွာဘုရား အရှင်သည် အကပ်၍ အလုံးစုံကိုသိသော မြတ်စွာဘုရားဖြစ်ပါမူ ထိုင်တော်မူပါ။

၇၄။ အရှင်သည် ဆင်းရဲခြင်း၏ အဆုံးကို ပြုတော်မူတတ်ပါ၏၊ (ထို့ကြောင့်) အကျွန်ုပ်သည် အရှင်ကို ပူဇော်ပါအံ့၊ (ဤသို့) ငါသည် လျှောက်ပြီးလျှင် ငါသည် သစ်နက်ရေကို ဖြန့်ခင်း၍ မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၇၅။ တောင်ခေါင်း(လိုဏ်ဂူ)၌ ခြင်္သေ့မင်းကဲ့သို့ မြတ်စွာဘုရားသည် ထိုနေရာ၌ ထိုင်နေတော်မူ၏၊ ငါသည် တောင်ပေါ်သို့ လျင်စွာတက်၍ သရက်သီးကို ဆွတ်ယူခဲ့၏။

၇၆။ အင်ကြင်းပန်းကိုရင်း မြတ်သူတို့အား ထိုက်တန်သော စန္ဒကူးကိုရင်း ထိုအလုံးစုံကို လျင်မြန်စွာယူ၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင်—

၇၇-၇၈။ သရက်သီးကို မြတ်စွာဘုရားအား လှူ၍ အင်ကြင်းပန်းကို ပူဇော်ခဲ့၏၊ ငါသည် ကြည်လင်ဝမ်းမြောက်သောစိတ်ရှိလျက် ပြန့်ပြောသောပီတိဖြင့် မြတ်စွာဘုရားအား စန္ဒကူးကို လိမ်းကျံ၍ ရှိခိုးခဲ့၏၊ သုမေဓာမြတ်စွာဘုရားသည် သစ်နက်ရေ၌ ထိုင်တော်မူ၏။

၇၉။ ထိုအခါ ငါ့ကို ရွှင်လန်းစေလျက် ငါ၏ ကောင်းမှုကံကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤသရက်သီးအလှူကြောင့်ရင်း နံ့သာပန်း(အလှူ)တို့ကြောင့်ရင်း နှစ်ပါးစုံသော အလှူတို့ကြောင့်—

၈၀။ ကမ္ဘာနှစ်ထောင့်ငါးရာတို့ပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့၊ မယုတ်လျော့သော စိတ်အကြံရှိသူဖြစ်၍ မိမိ အလိုဆန္ဒအတိုင်း လိုက်စေနိုင်သူသည် ဖြစ်လတ္တံ့။

၈၁။ ကမ္ဘာနှစ်ထောင့်ခြောက်ရာတို့ပတ်လုံး လူ့အဖြစ်သို့ ရောက်ရလတ္တံ့၊ ကျွန်းကြီး လေးကျွန်း အပိုင်းအခြားရှိသည်ဖြစ်၍ တန်ခိုးကြီးသော စကြဝတေးမင်း ဖြစ်လတ္တံ့။

၈၂။ (ထိုမင်းအား) ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော အလုံးစုံ ရွှေဖြင့်ပြီးသောရတနာ အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ဝေဘာရမည်သော မြို့သည် ဖြစ်လတ္တံ့။

၈၃။ ဤနည်းအားဖြင့်သာလျှင် ထိုသူသည် နတ်ဘဝ၌ ဖြစ်စေ၊ သို့မဟုတ် လူ့ဘဝ၌ဖြစ်စေ အလုံးစုံသော ဘဝတို့၌ ပူဇော်ခံရသူဖြစ်၍ ကျင်လည်ရလတ္တံ့။

၈၄။ နောက်ဆုံးဘဝသို့ ရောက်လတ်သော် ဗြဟ္မာ၏ အဆွေဖြစ်သော ဗြာဟ္မဏမျိုးဖြစ်လတ္တံ့၊ အိမ်မှ ထွက်၍ ရဟန်းဖြစ်လတ္တံ့၊ အဘိညာဉ်၏ ကမ်းတဖက်သို့ ရောက်သူဖြစ်၍ အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုရလတ္တံ့ (ဟု ဟောတော်မူ၏)။

၈၅။ လောက၏ရှေ့သွား သုမေဓာမြတ်စွာဘုရားသည် ဤစကားကို မိန့်ဆို၍ ငါသည် ဖူးမျှော်နေစဉ်ပင် ကောင်းကင်၌ ဖဲကြွတော်မူ၏။

၈၆။ ငါသည် ကောင်းစွာပြုအပ်သော ထိုကောင်းမှုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ၏ကိုယ်ခန္ဓာစွန့်၍ တာဝတိံသာသို့ ရောက်ခဲ့၏။

၈၇။ ငါသည် တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်း၌ ဖြစ်၏၊ ငါ့အား စည်းစိမ် ဥစ္စာ၌ ယုတ်လျော့သည့်အဖြစ်သည် မရှိချေ၊ ငါသည် အကြင်အမိဝမ်း၌ နေ၏။

http://www.dhammadownload.com



၉၈။ ငါသည် အမိဝမ်းသို့ ရောက်သည်ရှိသော် ထမင်း အဖျော်သည်၎င်း စားဖွယ်သည် ၎င်း ငါ၏အလိုဆန္ဒကြောင့် အမိအား အလိုရှိတိုင်း ဖြစ်လေ၏။

၉၉။ မွေးဖွားသည်မှ ငါးနှစ်မျှဖြင့် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ဆံကို ချအပ်သည် ရှိသော် ငါသည် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀၀။ ငါသည် ရှေးကံကို ရှာဖွေစုံစမ်းသည်ရှိသော် (ကမ္ဘာသုံးသောင်း) အတွင်း၌ မတွေ့ မြင်ရချေ၊ ကမ္ဘာသုံးသောင်းထက်၌ ငါ၏ ကံကို အစဉ်လျှောက်၍ အောက်မေ့နိုင်၏။

၁၀၁။ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရား၏ အဆုံးအမကို ရရှိ၍ တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပါ၏။

၁၀၂။ ကမ္ဘာသုံးသောင်းထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှု ပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀၃။ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၀၄။ ငါ၏ လာခြင်းကား။ပ။ သာသနာကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ သာသနာတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်စန္ဒနမာလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် စန္ဒနမာလိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဓာတုပူဇကတ္ထေရအပဒါန်

၁၀၆။ လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ငါသည် ငါ၏ ဆွေမျိုးတို့ကို ခေါ်ဆောင်၍ ဓာတ်တော်ပူဇော်ခြင်းကို ပြုခဲ့၏။

၁၀၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဓာတ်တော်ကို ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဓာတ်တော် ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၀၈။ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲနေရ၏။

၁၀၉။ ငါ၏ လာခြင်းကား။ပ။ သာသနာတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ သာသနာတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓာတုပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဓာတုပူဇကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၇-ပုလိနုပ္ပါဒကတ္ထေရအပဒါန်

၁၁၁။ (ငါသည်) ဟိမဝန္တာတောင်၌ ဒေဝလမည်သော ရသေ့ဖြစ်ခဲ့၏၊ ထိုတောင်၌ နတ်တို့ ဖန်ဆင်းအပ်သော ငါ၏ စင်္ကြံသည် ရှိ၏။

၁၁၂။ ထိုအခါ အခါခပ်သိမ်း ရေကရားကိုဆောင်သော ငါသည် ရသေ့ပရိက္ခရာဝန်ဖြင့်ပြည့်လျက် မြတ်သောအကျိုးကို ရှာမှီးလို၍ တောမှ ထွက်ခဲ့၏။

၁၁၃။ ရှစ်သောင်းလေးထောင်သော တပည့်တို့သည် ငါ့အား ဆည်းကပ် လုပ်ကျွေးကုန်၏၊ ထိုအခါ (တပည့်တို့သည်) မိမိအမှု၌ လေ့လာအားထုတ်ကုန်လျက် တော၌ နေကုန်၏။

၁၁၄။ ငါသည် သင်္ခမ်းကျောင်းမှထွက်၍ သဲပုံစေတီကို ပြုခဲ့၏၊ ပန်းအမျိုးမျိုးကို ကောင်းစွာ ဆောင်ယူ၍ ထိုစေတီကို ပူဇော်ခဲ့၏။

၁၁၅။ ငါသည် ထိုစေတီ၌ စိတ်ကို ကြည်လင်စေ၍ သင်္ခမ်းကျောင်းသို့ ဝင်၏၊ (ထိုအခါ) တပည့်အားလုံးတို့သည် စုဝေးလာရောက်ကုန်၍ ငါ့အား ဤအကြောင်းကို မေးမြန်းကုန်၏။

၁၁၆။ အရှင်ရသေ့ အရှင်သည် စေတီကို သဲဖြင့် ပြုအပ်၏၊ ယင်းစေတီကို ရှိခိုးဘိ၏၊ အကျွန်ုပ်တို့လည်း သိလိုပါကုန်၏၊ မေးအပ်သော အရှင်ရသေ့သည် အကျွန်ုပ်တို့အား ဖြေကြားပါလော့။

၁၁၇။ များသော အခြံအရံရှိသော စက္ခုငါးမျိုး ရှိတော်မူသော မြတ်စွာဘုရားတို့ကို ဗေဒင်ကျမ်းဂန်၌ ညွှန်ပြထားကုန်သည် မဟုတ်ပါလော၊ ငါသည် များသော အခြံအရံ အကျော်အစောရှိကုန်သော ထိုဘုရားမြတ်တို့ကို ရှိခိုးပေ၏။

၁၁၈။ မြတ်သော လုံ့လရှိသော အရှင်ရသေ့ တရားအားလုံးကို သိတော်မူကုန်သော ထိုမြတ်စွာဘုရားတို့သည် အဘယ်သို့ သဘော ရှိပါကုန်သနည်း၊ အဘယ်သို့ ကျေးဇူးဂုဏ်ရှိပါကုန်သနည်း၊ အဘယ်သို့ အကျင့် သီလ ရှိပါကုန်သနည်း၊ ထိုမြတ်စွာဘုရားတို့သည် အဘယ်သို့ သဘော ရှိပါကုန်သနည်း (ဟု မေးကုန်၏)။

၁၁၉။ မြတ်စွာဘုရားတို့သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့နှင့် ပြည့်စုံတော်မူကုန်၏၊ လေးဆယ်သော သွားတော်တို့နှင့်လည်း ပြည့်စုံတော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့၏ နွားငယ်၏ မျက်တောင်နှင့်တူသော မျက်တောင်မွေးရှိသော မျက်လုံးတော်တို့သည် ချင်ရွေးသီးနှင့် တူကုန်၏။

၁၂၀။ ထိုမြတ်စွာဘုရားတို့သည် ကြွသွားကုန်သော်လည်း ထမ်းပိုး တပြန်မျှကိုသာ ကြည့်ရှုတော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့၏ ပုဆစ်ဒူးဝန်းသည် မြည်ခြင်းမရှိ၊ အရိုးဆက်အသံကိုလည်း မကြားရချေ။

၁၂၁။ မြတ်စွာဘုရားတို့သည် ကြွသွားကုန်သည်ရှိသော်လည်း လကျာ်ခြေကို ရှေးဦးစွာ ကြွချီလျက်သာလျှင် ကြွသွားတော်မူကုန်၏၊ ဤကား မြတ်စွာဘုရားတို့၏ သဘောဓမ္မတာတည်း။

၁၂၂။ ထိုမြတ်စွာဘုရားတို့သည် သားတို့သနင်း ခြင်္သေ့မင်းတို့ကဲ့သို့ ကြောက်ရွံ့ခြင်း မရှိကုန်၊ မိမိကိုယ်ကိုလည်း မြှောက်ပင့်တော်မမူကုန်၊ သတ္တဝါတို့ကိုလည်း နှိမ့်ချ ရှုတ်ချတော်မမူကုန်။

http://www.dhammadownload.com



၁၂၃။ မြတ်စွာဘုရားတို့သည် မောက်မာခြင်း မထီမဲ့မြင်ပြုခြင်းတို့မှ လွတ်ကင်းတော်မူကုန်၏၊ အလုံးစုံသော သတ္တဝါတို့၌ ညီမျှသော စိတ်ရှိတော်မူကုန်၏၊ မိမိကိုယ်ကို မြှောက်ပင့်တော်မမူကုန်၊ ဤကား မြတ်စွာဘုရားတို့၏ သဘောဓမ္မတာတည်း။

၁၂၄။ ထိုမြတ်စွာဘုရားတို့သည် ပွင့်ထွန်းတော်မူကုန်သည်ရှိသော် တရားအလင်းရောင်ကို ပြုတော်မူတတ်ကုန်၏၊ အလုံးစုံသော ဤမြေကြီးကို ခြောက်ပါးသော အခြင်းအရာအားဖြင့် တုန်လှုပ်စေတော်မူကုန်၏။

၁၂၅။ ထိုမြတ်စွာဘုရားတို့သည် ငရဲကို အကဏယ်၍ ကြည့်ရှုကုန်အံ့၊ ထိုအခါ ငရဲမီးသည် ငြိမ်းအေး၏၊ မိုးကြီးသည် ရွာသွန်း၏၊ ဤကား မြတ်စွာဘုရားတို့၏ သဘောဓမ္မတာတည်း။

၁၂၆။ ထိုမြတ်စွာဘုရားတို့သည် ဤသို့ သဘောရှိတော်မူကုန်၏၊ မြတ်စွာဘုရားတို့သည် အတုရှိတော်မမူကုန်၊ (သူတပါးတို့သည်) မြတ်စွာဘုရားတို့ကို ကျေးဇူးဂုဏ်အားဖြင့် မသာလွန်နိုင်ကုန်၊ မန္ဒိုင်းယှဉ်နိုင်ကုန်(ဟု ပြောကြား၏)။

၁၂၇။ ရှိသေလေးစားခြင်းရှိသော တပည့်အားလုံးတို့သည် ငါ၏ စကားကို ဝမ်းမြောက်ဝမ်းသာ လက်ခံလည်း လက်ခံကြလေကုန်၏၊ အစွမ်းရှိသလောက် ခွန်အားရှိသလောက် ထိုသို့ မိန့်ဆိုသည့်အတိုင်း ကျင့်လည်း ကျင့်ကြလေကုန်၏။

၁၂၈။ မိမိအလုပ်ကို အထူးလိုလားသော တပည့်တို့သည် ငါ၏ စကားကို ယုံကြည်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား၌ ရိုသေသော စိတ်ရှိကုန်လျက် သဲပုံစေတီကို အကြိမ်ကြိမ် ပူဇော်ကြကုန်၏။

၁၂၉။ ထိုအခါ မျှားသောအခြံအရံအကျော်အစောရှိသော (အလောင်းတော်)နတ်သားသည် တုသိတာ(နတ်ပြည်)မှ စုတေ၍ မယ်တော်ဝမ်း၌ ဖြစ်လေ၏။ (ထိုအခါ) စကြဝဠာတိုက်တသောင်းသည် တုန်လှုပ်လေ၏။

၁၃၀။ ငါသည် သင်္ချမ်းကျောင်း၏အနီးဖြစ်သော စင်္ကြံ၌ ရပ်တည်လျက်ရှိစဉ် အလုံးစုံသော တပည့်တို့သည် အညီအညွတ်စည်းဝေးကုန်၍ ငါ၏အထံသို့ လာရောက်ကြလေကုန်၏။

၁၃၁။ (ထိုအခါ တပည့်တို့က)အရှင်ရသေ့ မြေကြီးသည် နွားလားဥသဘကဲ့သို့ မြည်တွန်ပါ၏၊ ခြသေ့မင်းကဲ့သို့ ဟိန်းဟောက်ပါ၏၊ မိကျောင်းကဲ့သို့ အော်မြည်ပါ၏၊ အဘယ်သို့သော အကျိုးသည် ဖြစ်ပေါ်လတ္တံ့နည်း(ဟု မေးမြန်းကုန်၏)။

၁၃၂။ ငါသည် သဲပုံစေတီအနီး၌ အကြင်မြတ်စွာဘုရားကို ချီးကျူးပြောဆိုခဲ့၏၊ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည် မယ်တော်ဝမ်းသို့ ယခုအခါ ကပ်ရောက်တော်မူ၏။

၁၃၃။ ငါသည် ထိုတပည့်တို့အား တရားစကားကို ဟောကြား၍ မြတ်စွာဘုရားကို ချီးကျူးလျက် မိမိတပည့်တို့ကို လွှတ်လိုက်ပြီးလျှင် ထက်ဝယ်ပလ္လင်ကို ဖွဲ့ခွေခဲ့၏။

၁၃၄။ ငါ့ကို လွန်ကဲသော အနာရောဂါ နှိပ်စက်ခြင်းကြောင့် ငါ၏ ခွန်အားသည် စင်စစ်ကုန်ခန်းလျက် ရှိပေ၏၊ ငါသည် မြတ်စွာဘုရားကို အောက်မေ့၍ ထိုအရပ်၌ ကွယ်လွန်ခဲ့၏။

http://www.dhammadownload.com



၁၃၅။ ထိုအခါ အလုံးစုံသော တပည့်တို့သည် အညီအညွတ်လာရောက်ကုန်၍ (မီးသင်္ဂြိုဟ်) ရန် ထင်းပုံကို ပြုကြကုန်၏၊ငါ၏ အလောင်းကိုလည်း ယူကုန်၍ (မီးသင်္ဂြိုဟ်ရန်) ထင်းပုံသို့ တင်ထားလေကုန်၏။

၁၃၆။ အညီအညွတ်ရောက်လာသော ထိုတပည့်တို့သည် (မီးသင်္ဂြိုဟ်ရန်) ထင်းပုံကို ဝန်းရံကုန်ပြီးလျှင် ဦးထိပ်၌ လက်အုပ်ချီကုန်လျက် စိုးရိမ်ခြင်းကြောင့်ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငိုကြွေးမြည်တမ်းကြလေကုန်၏။

၁၃၇။ ထိုအခါ ငါသည် ထိုတပည့်တို့ ငိုကြွေးမြည်တမ်းကုန်စဉ်ပင် (မီးသင်္ဂြိုဟ်ရာ)ထင်းပုံသို့ သွားခဲ့၏၊ ငါသည် သင်တို့၏ ဆရာပေတည်း၊ ကောင်းသော ပညာရှိတပည့်တို့ (သင်တို့) မစိုးရိမ်ကြကုန်လင့်။

၁၃၈။ သင်တို့သည် ညဉ့်နေ့ပတ်လုံး မပျင်းရိကုန်ပဲ မိမိအကျိုး၌ အားထုတ်ကြကုန်လော့၊ သင်တို့သည် မေ့လျော့ခြင်း မဖြစ်ကြကုန်လင့်၊ သင်တို့အား အခွင့်ကောင်း အခါကောင်းသည် ပြီးပြည့်စုံလျက် ရှိ၏။

၁၃၉။ ငါသည် မိမိတပည့်တို့ကို ဆုံးမ၍ နတ်ပြည်သို့ ပြန်သွားခဲ့၏၊ ငါသည် တဆယ့်ရှစ်ကမ္ဘာပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရ၏။

၁၄၀။ ငါသည် အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ အကြိမ်အရာမက နတ်မင်းအဖြစ်ကိုလည်း ပြုရ၏။

၁၄၁။ ငါသည် ကြွင်းသော ကမ္ဘာတို့၌(လူ့ပြည် နတ်ပြည်) ရောပြွမ်းလျက် ကျင်လည်ရပေ၏၊ မကောင်းမှုပြုသူတို့လားရာ'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် နိမိတ်ဖတ်ခြင်း (သဲပုံစေတီတည်ထားခြင်း)၏ အကျိုးပေတည်း။

၁၄၂။ ကုမုဒြာကြာဖြူပွင့်ဆဲဖြစ်သော တန်ဆောင်မုန်းလ၌ များစွာကုန်သော သစ်ပင်တို့သည် ပွင့်ကုန်သကဲ့သို့ ထိုအတူပင် ငါသည်လည်း မြတ်စွာဘုရားကြောင့် ပွင့်ချိန်တန်သော အခါ၌ ပွင့်ရပေ၏။

၁၄၃။ ငါ၏လုံ့လ ဝီရိယသည် ဝန်ကို ဆောင်နိုင်၏၊ ယောဂကုန်ရာနိဗ္ဗာန်သို့ ပို့ဆောင်နိုင်၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရပေ၏။

၁၄၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မြတ်စွာဘုရားကို ချီးကျူးခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဘုရားကို ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၁၄၅။ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၄၆။ ငါ၏လာခြင်းကား။ပ။ လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ သာသနာတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုလိနုပ္ပါဒကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် ပုလိနုပ္ပါဒကတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၈-တရဏိကိယတ္ထေရအပဒါန်

၁၄၈။ အလိုလို ဖြစ်တော်မူ၍ လောက၏ ရှေ့သွားဖြစ်တော်မူတတ်သော ရှေးဘုရားတို့ကဲ့သို့ ကောင်းစွာ ကြွလာတော်မူတတ်သော အတ္ထဒဿီ မြတ်စွာဘုရားသည် ဝိနတာ မြစ်ကမ်းသို့ ချဉ်းကပ်တော်မူ၏။

၁၄၉။ ငါသည် ရေ၌ ကျက်စားသော လိပ်ဖြစ်၍ ရေမှ ပေါ်ထွက်လျက် မြတ်စွာဘုရားကို ကူးတို့ပို့လိုသောကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၁၅၀။ အတ္ထဒဿီမြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့်တော်ကို တက်စီးတော်မူပါ၊ တပည့်တော်သည် အရှင်ဘုရားကို ကူးတို့ပို့ပါအံ့၊ အရှင်ဘုရားသည် ဆင်းရဲခြင်း၏ အဆုံးကို ပြုတော်မူတတ်ပါပေ၏။

၁၅၁။ များသော အခြံအရံ အကျော်အစောရှိတော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ငါ၏ စိတ်အကြံကို သိသဖြင့် ငါ၏ ကျောက်ကုန်းထက်သို့ တက်စီးလျက် ရပ်တည်တော်မူလေ၏။

၁၅၂။ အကြင်အခါမှ (စ၍) မိမိကိုယ်ကို အောက်မေ့နိုင်၏၊ အကြင်အခါမှ (စ၍) သိကြားလိမ္မာသည်၏ အဖြစ်သို့ ရောက်၏၊ (မြတ်စွာဘုရား၏) ခြေတော်အပြင်သည် (ငါ၏ကျောက်ကုန်း၌) တွေ့ထိသောအခါ ငါ့အား (ဖြစ်ပေါ်လာသော) ချမ်းသာနှင့်တူသော ချမ်းသာမျိုးသည် မရှိခဲ့ဘူးပေ။

၁၅၃။ များသော အခြံအရံ အကျော်အစောရှိတော်မူသော အတ္ထဒဿီမြတ်စွာဘုရားသည် ကူးမြောက်ပြီး၍ မြစ်ကမ်း၌ ရပ်တည်လျက် ဤဂါထာတို့ကို မိန့်တော်မူ၏—

၁၅၄။ ငါသည် ဂင်္ဂါမြစ်ရေအယဉ်ကို ကူးအံ့ဟု အကြင်အခါ၌ (ငါ၏) စိတ်သည် ဖြစ်ပေါ်လေ၏၊ (ထိုအခါ) ပညာရှိသော ဤလိပ်မင်းသည် ငါ့ကို ကူးတို့ ပို့ပေး၏။

၁၅၅။ ဤမြတ်စွာဘုရားကို ကူးတို့ပို့ခြင်းကြောင့်၎င်း မေတ္တာစိတ်ရှိသည်၏ အဖြစ်ကြောင့်၎င်း ကမ္ဘာတထောင့်ရှစ်ရာပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့။

၁၅၆။ နတ်ပြည်မှ ဤလူ့ပြည်သို့ လာသည့်ရှိသော် ဖြူစင်သော ကုသိုလ်ကံအကြောင်းရင်းသည် တိုက်တွန်း နှိုးဆော်အပ်သည်ဖြစ်၍ တခုသော နေရာ၌ ထိုင်လျက် ယုံမှားခြင်း ရေအယဉ်ကို ကူးမြောက်လတ္တံ့။

၁၅၇။ ကောင်းသောလယ်၌ အနည်းငယ်သော မျိုးစေ့ကိုလည်း စိုက်ပျိုးအပ်သည်ရှိသော် အယဉ်သည်းထန်စွာ မိုးရွာသောအခါ အသီးသည် လယ်သမားကို အားရနှစ်သိမ့်စေသကဲ့သို့—

၁၅၈။ ထို့အတူပင် ဤမြတ်စွာဘုရား ပွင့်တော်မူရာခေတ်၌ မြတ်စွာဘုရား တရားဟောတော်မူသည်ရှိသော် အယဉ်သည်းထန်စွာ သဒ္ဓါမိုး ရွာသောအခါ အကျိုးသည် ငါ့ကို ကောင်းစွာ အားရ နှစ်သိမ့်စေလတ္တံ့။

၁၅၉။ ငါသည် ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌ စိတ်ကို စေလွှတ်ထားသူဖြစ်၏၊ ကိလေသာမီးငြိမ်းလျက် ဥပဓိမရှိသူ ဖြစ်ပေ၏၊ အာသဝအားလုံးတို့ကို ပိုင်းခြားသိသဖြင့် အာသဝ မရှိပဲနေရပေ၏။

http://www.dhammadownload.com



၁၆၀။ ကမ္ဘာတထောင့်ရှစ်ဆူထက်၌ ကုသိုလ်ကံကို ပြုခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့ လားရာ'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကူးတို့ပို့ရခြင်း၏ အကျိုးပေတည်း။

၁၆၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၆၂။ ငါ၏ လာခြင်းကား။ပ။ သာသနာတော်ကို လိုက်နာ မြှုကျင့်အပ်ပါပြီ။

၁၆၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ သာသနာတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တရဏီယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် တရဏီယတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဓမ္မရုစိယတ္ထေရအပဒါန်

၁၆၄။ မာရ်ငါးပါးကို အောင်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့ကို အကြောင်းခါ၌ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ (အဘယ်သို့ မိန့်ကြားတော်မူသနည်း)၊ ဤကမ္ဘာမှ မရေတွက်နိုင်သော လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဤရသေ့သည် ဘုရား ဖြစ်လတ္တံ့။

၁၆၅။ ဤရသေ့၏ မယ်တော်ရင်းသည် မာယာမည်သော မယ်တော်ဖြစ်လတ္တံ့၊ ဤရသေ့၏ ခမည်းတော်သည် သုဒ္ဓေါဒနမည်သော ခမည်းတော်ဖြစ်လတ္တံ့၊ ဤရသေ့ကား ဂေါတမ (ဘုရား)ဖြစ်လတ္တံ့။

၁၆၆။ (ဤရသေ့သည်)ကမ္မဋ္ဌာန်းကို အားထုတ်၍ ပြုနိုင်ခဲသော အကျင့်ကို ပြုကျင့်လျက် ညောင်ဗုဒ္ဓဟေပင်ရင်း၌ များသောအခြံအရံ အကျော်အစောရှိသော ဘုရားဖြစ်၍ ပွင့်တော်မူလတ္တံ့။

၁၆၇။ ဥပတိဿနှင့်ကောလိတတို့သည် အဂ္ဂသာဝကတို့ ဖြစ်ကုန်လတ္တံ့၊ အမည်အားဖြင့် အာနန္ဒာဟုထင်ရှားသော ရဟန်းသည် ဤမြတ်စွာဘုရားကို လုပ်ကျွေးလတ္တံ့။

၁၆၈။ ခေမာသည်ရင်း ဥပ္ပလဝဏ်သည်ရင်း မြတ်သော အဂ္ဂသာဝိကာမတို့ ဖြစ်ကုန်လတ္တံ့၊ စိတ္တသည်ရင်း အာဠဝကသည်ရင်း မြတ်သော ဥပါသကာတို့ ဖြစ်ကုန်လတ္တံ့။

၁၆၉။ ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာသည် မြတ်သော ဥပါသိကာမတို့ ဖြစ်ကုန်လတ္တံ့၊ရဲရင့်သော လုံ့လရှိသော ဤဂေါတမဘုရား၏ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေဟူ၍ ခေါ်ဆိုရလတ္တံ့၊ (ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။)

၁၇၀။ လူ နတ်တို့သည် အတုမရှိသော မြတ်စွာဘုရား၏ ဤစကားကို ကြားရခြင်းကြောင့် လွန်စွာ ဝမ်းမြောက်ကုန်သည်ဖြစ်၍ လက်အုပ်ချီလျက် ရှိခိုးကုန်၏။

http://www.dhammadownload.com



၁၇၁။ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုအခါ ကောင်းစွာ သင်ကြားပြီးသော အတတ်ရှိသော မေဃမည်သော လုလင်ဖြစ်ခဲ့ပါ၏၊ သုမေဓာရသေ့အား(မိန့်ကြားသော)ဗျာဒိတ်စကားမြတ်ကို ကြားရ၍—

၁၇၂။ ကရုဏာ၏ တည်ရာဖြစ်သော သုမေဓာရသေ့၌ အလွန်အကျွမ်းဝင်သည်ဖြစ်၍ ရသေ့ရဟန်းဖြစ်သော ထိုသုမေဓာရသေ့နောက်သို့ တကွပင် အတူလိုက်၍ ရဟန်းပြုခဲ့ပါ၏။

၁၇၃။ ကျွန်ုပ်သည် ရသေ့ ရဟန်းပြုပြီးလတ်သော် ပါတိမောက်သီလ၌၎င်း ငါးပါးသော ဣန္ဒြေတို့၌၎င်း စောင့်စည်းခဲ့ပါ၏၊ စင်ကြယ်သော အသက်မွေးခြင်း ရှိသူဖြစ်၍ သတိ ဝီရိယနှင့် ပြည့်စုံလျက် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာပြုကျင့်ခဲ့သူ ဖြစ်ခဲ့ပါ၏။

၁၇၄။ ကျွန်ုပ်သည် ဤသို့နေစဉ် တစုံတယောက်သော ယုတ်မာသော မိတ်ဆွေသည် မလျော်သော အကျင့်၌ တိုက်တွန်းအပ်သည်ဖြစ်၍ ကောင်းသော အကျင့်လမ်းမှ လျှောခဲ့ပါ၏။

၁၇၅-၁၇၆။ (ယုတ်မာသော)အကြံအစည်၏ အလိုသို့လိုက်သူဖြစ်လျက် သာသနာတော်မှ ဖဲခွါခဲ့ရပါ၏၊ နောက်အခါ ထိုယုတ်မာသော မိတ်ဆွေသည်ပင် တိုက်တွန်းအပ်သည်ဖြစ်၍ အမိသတ်မှု အနန္တရိယကံကိုလည်း ပြုမိခဲ့ပါ၏၊ (အကျွန်ုပ်သည်)ပြစ်မှားသောစိတ်ရှိလျက်(အမိကို)သတ်မိခဲ့ပါ၏၊ ထိုဘဝမှ စုတေလတ်သော် အလွန်ကြမ်းကြုတ်သော အဝီစိရဲကြီးသို့ ရောက်ခဲ့ရပါ၏။

၁၇၇။ အကျွန်ုပ်သည် ဖရိုဖရဲပျက်စီး၍ကျရာ ငရဲသို့ရောက်သည်ရှိသော် ကြာမြင့်စွာသော ကာလပတ်လုံး ဆင်းဆင်းရဲရဲ ကျင်လည်ခဲ့ရပါ၏၊ လူ့လရှိသောလူတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်သော သုမေဓာရသေ့ကို တဖန် မတွေ့မြင်တော့ပါ။

၁၇၈။ အကျွန်ုပ်သည် ဤကမ္ဘာတွင် သမုဒ္ဒရာ၌ တိမိင်္ဂလငါးကြီး ဖြစ်ခဲ့ပါ၏၊ သမုဒ္ဒရာ၌ လှေကိုမြင်၍ ကျက်စားခြင်း၏ အကျိုးငှါ(အစာရှာခြင်းငှါ)ချဉ်းကပ်ခဲ့ပါ၏။

၁၇၉။ ကုန်သည်တို့သည် အကျွန်ုပ်ကို မြင်သည်ရှိသော် ကြောက်ရွံ့ကုန်သည်ဖြစ်၍ ဘုရားမြတ်ကို အဖန်ဖန် အောက်မေ့ကြပါကုန်၏၊ အကျွန်ုပ်သည် ထိုကုန်သည်တို့ မြွက်ဆိုအပ်သော ဂေါတမဟူသော အသံကြီးကို ကြားရ၍—

၁၈၀။ ရှေး၌ဖြစ်ဘူးသော အမှတ်သညာကို အောက်မေ့လျက် ထိုငါးဘဝမှ စုတေလတ်သော် သာဝတ္ထိမြို့ဝယ် ကြွယ်ဝသောအမျိုးဖြစ်သော ဗြာဟ္မဏဇာတ်၌ ဖြစ်ခဲ့ပါ၏။

၁၈၁။ အကျွန်ုပ်သည် အလုံးစုံသော အကုသိုလ်ကို စက်ဆုပ်တတ်သော ဓမ္မရုစိမည်သော သူဖြစ်ခဲ့ပါ၏၊ မွေးဖွားသည်မှ ခုနစ်နှစ်သားရှိလတ်သော် မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့်—

၁၈၂။ ဇေတဝန်ကျောင်းတော်သို့သွား၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏၊ ညဉ့်၌၎င်း နေ့၌၎င်း သုံးကြိမ် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပါ၏။

၁၈၃။ ထိုအခါ မြတ်စွာဘုရားသည် အကျွန်ုပ်ကို မြင်၍ ဓမ္မရုစိ ကြာမြင့်ပြီဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ အကျွန်ုပ်သည် မြတ်စွာဘုရားအား ရှေးကံလျှင် အကြောင်းရင်းရှိသော စကားကို လျှောက်ထားပါ၏။

http://www.dhammadownload.com



၁၇၄။ အရာမကသော ဘုန်းကံ လက္ခဏာရှိတော်မူသော ရှေးဘဝ၌ အထူးစင်ကြယ်သော အကြောင်းကံရှိတော်မူသော မြတ်စွာဘုရားကို(မဖူးမြင်ရသည်ကား)အလွန် ကြာမြင့်ပါပြီ၊ ယခု တပည့်တော်သည် အရှင်ဘုရား၏ မနှိုင်းယှဉ်နိုင်သော ကိုယ်တော်ကို ဖူးမြင်ရပါ၏၊ (ထို ဖူးမြင်ရခြင်းသည်)စင်စစ် ကောင်းသော ဖူးမြင်ရခြင်းပါတည်း။

၁၇၅။ အရှင်ဘုရားသည် အလွန်ကြာမြင့်စွာ မောဟအမိုက်မှောင်ကို ဖျက်ဆီးတော်မူပါပေ၏၊ အကျွန်ုပ်သည် စင်ကြယ်စွာ စောင့်ရှောက်အပ်သော သီလအကျင့်မြတ်ဖြင့် တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ၊ မြတ်စွာဘုရား အရှင်ဘုရားသည် ဉာဏ်ဖြင့်ပြီးသော မျက်လုံးတော်ကို အညစ်အကြေးမရှိအောင် အလွန် ကြာမြင့်စွာ သုတ်သင်တော်မူအပ်ပါပြီ။

၁၇၆။ အကျွန်ုပ်သည် အရှင်ဘုရားနှင့် ကာလကြာမြင့်စွာ အတူတကွ ပေါင်းဆုံခဲ့ရပါ၏၊ တဖန် ဘဝအလယ်၌ ကြာမြင့်စွာသော ကာလပတ်လုံး ကွေကွင်းခဲ့ရပါ၏၊ ယခုတဖန် အရှင်ဘုရားနှင့် ပေါင်းဆုံရပြန်ပါ၏၊ ဂေါတမမြတ်စွာဘုရား မှန်ပါ၏၊ ပြုအပ်သော ကံတို့သည် မပျောက်ပျက်ပါကုန်။

၁၇၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၇၈။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးအပ်ပါပြီ။

၁၇၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဓမ္မရုစိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဓမ္မရုစိယတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-သာလမဏ္ဍပိယတ္ထေရအပဒါန်

၁၈၀။ ငါသည် အင်ကြင်းတောသို့သက်ဝင်၍ သစ်မ်းကျောင်းကို ကောင်းစွာဆောက်လုပ်ထား၏၊ (သစ်မ်းကျောင်းသည်)အင်ကြင်းပွင့်တို့ဖြင့် ကောင်းစွာဖုံးလွှမ်းလျက် ရှိ၏၊ ငါသည် ထိုအခါ တော၌ နေ၏။

၁၈၁။ အလိုလိုဖြစ်တော်မူသော အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော ပိယဒဿီမြတ်စွာဘုရားသည်လည်း တိတ်ဆိတ်ခြင်းကို အလိုရှိတော်မူ၍ အင်ကြင်းတောသို့ ကြွတော်မူလေ၏။

၁၈၂။ ငါသည် သစ်မ်းကျောင်းမှ ထွက်၍ တောသို့ ထွက်သွားခဲ့၏၊ ထိုအခါ ငါသည် သစ်မြစ် သစ်သီးကို ရှာဖွေလျက် တော၌ လှည့်လည်၏။

၁၈၃။ ထိုတောကြီး၌ ကောင်းစွာထိုင်လျက် သမာပတ်ဝင်စားကာ တင့်တယ်တော်မူသော များသော အခြံအရံ အကျော်အစောရှိတော်မူသော ပိယဒဿီမြတ်စွာဘုရားကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၁၉၄။ ငါသည် မြတ်စွာဘုရားအထက်၌ တိုင်လေးတိုင်တို့ကို စိုက်ထား၍ မဏ္ဍပ်ကို ကောင်းစွာ ပြုလုပ်ပြီးလျှင် အင်ကြင်းပန်းတို့ဖြင့် ဖုံးလွှမ်းခဲ့၏။

၁၉၅။ ငါသည် ခုနစ်ရက်ပတ်လုံး အင်ကြင်းပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သောမဏ္ဍပ်ကို ဆောင်းမိုးပြီးလျှင် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေလျက် ဘုရားမြတ်ကို ရှိခိုးခဲ့၏။

၁၉၆။ ထိုအခါ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သမာပတ်မှ ထ၍ ထမ်းပိုးတပြန်မျှကိုသာ ကြည့်ရှုလျက် ထိုင်နေတော်မူ၏။

၁၉၇။ ပိယဒဿီမြတ်စွာဘုရား၏ ဝရုဏမည်သောတပည့်'သာဝက'သည် ရဟန္တာတသိန်းတို့နှင့်အတူ မြတ်စွာဘုရားထံသို့ ကြွလာ၏။

၁၉၈။ လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော မာရ်ငါးပါးကိုအောင်မြင်တော်မူသော ပိယဒဿီမြတ်စွာဘုရားသည် ရဟန်းသံဃာအလယ်၌ ထိုင်နေ၍ ပြုံးခြင်းကို ထင်ရှားပြုတော်မူ၏။

၁၉၉။ ပိယဒဿီမြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော အနုရုဒ္ဓါမထေရ်သည် ပခုံးတဖက်၌ သင်္ကန်းစကို တင်၍ မြတ်စွာဘုရားကို မေးလျှောက်လေ၏—

၂၀၀။ မြတ်စွာဘုရား မြတ်စွာဘုရား၏(ပြုံးခြင်းကို)ပြုတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ မြတ်စွာဘုရားသည် အကြောင်းရှိသော်သာ ပြုံးခြင်းကို ထင်ရှားပြုတော်မူပါ၏ (ဟုမေးလျှောက်၏)။

၂၀၁။ အကြင်ပုဂ္ဂိုလ်သည် ငါ့အား အင်ကြင်းပန်းအမိုးကို ခုနစ်ရက်ပတ်လုံး ဆောင်းမိုး၏၊ ငါသည် ထိုပုဂ္ဂိုလ်၏ကောင်းမှုကို အောက်မေ့၍ ပြုံးခြင်းကို ထင်စွာပြုတော်မူခဲ့၏။

၂၀၂။ ငါသည် အကျိုးပေးခွင့်မရှိသော ကုသိုလ်ကို မြင်တော်မမူ၊ အကြင်ဘုံ၌ ကုသိုလ်သည် ရင့်ကျက်(အကျိုးပေး၏)၊ ထိုကုသိုလ်၏ အကျိုးပေးခွင့်သည် နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း မဆန့်သည်သာတည်း။

၂၀၃။ နတ်ပြည်၌ နေရသည်ရှိသော် ဘုန်းကံနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား ထိုသူ၏ပရိသတ်ရှိသလောက် အင်ကြင်းပန်းတို့ဖြင့် ဖုံးလွှမ်းသည် ဖြစ်လတ္တံ့။

၂၀၄။ ထိုနတ်ပြည်၌ ကောင်းမှုကံနှင့်ပြည့်စုံသော သူတော်ကောင်းသည် နတ်၌ဖြစ်ကုန်သော ကခြင်းတို့ဖြင့်ရင်း သီခြင်းတို့ဖြင့်ရင်း တီးမှုတ်ခြင်းတို့ဖြင့်ရင်း အခါခပ်သိမ်း ပျော်မွေ့ရလတ္တံ့။

၂၀၅။ ထိုပုဂ္ဂိုလ်၏ ပရိသတ်ရှိသလောက် မွှေးကြိုင်သော ရနံ့သည် ဖြစ်လတ္တံ့၊ ထိုအခိုက် အင်ကြင်းပန်းမိုးသည် ရွာလတ္တံ့။

၂၀၆။ ဤသူသည် ထိုနတ်ပြည်မှ စုတေလတ်သော် လူ့ပြည်သို့ ရောက်လတ္တံ့၊ ဤလူ့ပြည်၌လည်း အင်ကြင်းပန်း အမိုးသည် (ထိုသူ့အား) အခါခပ်သိမ်း ဆောင်းမိုးလတ္တံ့။

၂၀၇။ ဤလူ့ပြည်၌ မောင်း ကြေးနင်း ခွက်ခွင်းနှင့် တကွဖြစ်သော ကခြင်းသည်ရင်း သီဆိုခြင်းသည်ရင်း ဤသူ့ကို အမြဲခြံရံကုန်လတ္တံ့၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၀ဂ။ နေတက်သည်ရှိသော် အင်ကြင်းပန်းမိုးသည် ရွာလတ္တံ့၊ ကုသိုလ်ကံနှင့် ယှဉ်သည် ဖြစ်၍ အခါခပ်သိမ်း ရွာ၏။

၂၀၉။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ သြက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၁၀။ ထိုမြတ်စွာဘုရား၏ တရားသည် ဖန်ဆင်းအပ်သော တရားအမွေခံသားဖြစ်၍ အလုံးစုံသော အာသဝေါတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့။

၂၁၁။ တရားကို ထိုးထွင်းသိသော ထိုပုဂ္ဂိုလ်အား အင်ကြင်းပန်း အမိုးသည် ဖြစ်လတ္တံ့၊ မီးသင်္ဂြိုဟ်ရန် ထင်းပုံ၌ မီးသင်္ဂြိုဟ်စဉ် အင်ကြင်းပန်းအမိုးသည် ထိုပုဂ္ဂိုလ်အား မီးသင်္ဂြိုဟ်ရာ၌ ဖြစ်လတ္တံ့ (ဟုမိန့်တော်မူ၏)။

၂၁၂။ ပိယဒဿီမြတ်စွာဘုရားသည် (ထိုကံ၏) အကျိုးကို မိန့်ကြား၍ တရားမိုးဖြင့် ရောင့်ရဲစေလျက် ပရိသတ်အား တရားကို ဟောတော်မူ၏။

၂၁၃။ ငါသည် ကမ္ဘာသုံးဆယ်ဘို့ပဟ်လုံး နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကို ပြုခဲ့ရ၏။ ခြောက်ဆယ့်ခုနစ်ကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၂၁၄။ နတ်ပြည်မှ ဤလူ့ပြည်သို့ရောက်လာ၍ ပြန့်ပြောသော ချမ်းသာကို ရပေ၏၊ ဤလူ့ပြည်၌လည်း အင်ကြင်းပန်းအမိုးကို ရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မဏ္ဍပ်၏ အကျိုး ပေတည်း။

၂၁၅။ ဤဘဝသည်ကား ငါ့အား နောက်ဆုံးဘဝ ဖြစ်ပေ၏၊ ဤနောက်ဆုံးဘဝ၌လည်း အင်ကြင်းပန်းအမိုးသည် အခါခပ်သိမ်း ဖြစ်လတ္တံ့။

၂၁၆။ သာကီဝင်မင်းသားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်သော ဂေါတမမြတ်စွာဘုရား ကို အားရနှစ်သက်စေလျက် အောင်ခြင်း ရှုံးခြင်း(အနိုင်အရှုံး)ကို စွန့်ပယ်၍ တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၂၁၇။ ကမ္ဘာတထောင့်ရှစ်ရာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့ လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၁ဂ။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၁၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၂၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်သာလမဏ္ဍပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် သာလမဏ္ဍပိယတ္ထေရအပဒါန် ပြီး၏။**

**လေးဆယ့်ကိုးခုမြောက် ပံသုကူလဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅၀-ကိုက်ဆီပုပ္ပဝဂ်

## ၁-တိကိုက်ဏိပုပ္ဖိယတ္ထေရအပဒါန်

၁။ မဟာလှေကားပန်းကဲ့သို့ တောက်ပလျက်ရှိသော ကိလေသာမှ ကင်းတော်မူသော လောက၏ရှေ့သွား ဝိပဿီမြတ်စွာဘုရားကို တောင်ကြားၓ္ဍ ထိုင်နေတော်မူစဉ် ငါသည် ဖူးမြင်ရ၏။

၂။ ငါသည် ဆည်းလည်းပန်း သုံးပွင့်တို့ကို ယူ၍ တင်လှူပူဇော်ခဲ့၏၊ မြတ်စွာဘုရားကို ပူဇော်ပြီးလျှင် တောင်အရပ်သို့ ရှေးရှု (မျက်နှာမူ)လျက် သွား၏။

၃။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ အာသဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၆။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိကိုက်ဏိပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော တိကိုက်ဏိပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ပံသုကူလပူဇကတ္ထေရအပဒါန်

၈။ ဟိမဝန္တာတောင်၏ အနီး၌ ဥဒင်္ဂဏမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ သစ်ပင်ဖျားဝယ် တွဲရရွဲဆွဲထားသော ပံသုကူသင်္ကန်းကို တွေ့မြင်ရ၏။

၉။ ထိုအခါ ငါသည် ဆည်းလည်းပန်းသုံးပွင့်တို့ကို ဆွတ်ခူး၍ ရွှင်လန်းသည်ဖြစ်၍ ရွှင်လန်းသောစိတ်ဖြင့် ပံသုကူသင်္ကန်းကို ပူဇော်ခဲ့၏။

http://www.dhammadownload.com



၁၀။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရှင်း စေပနာတောင့်တမှုတို့ကြောင့်ရှင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ပူဇော်မှုကို ပြုခဲ့ရသော အခါမှစ၍ ရဟန္တာပုဂ္ဂိုလ်တို့၏ တံခွန်သဖွယ်ဖြစ်သော သက်န်းကို ပူဇော်ခြင်းကြောင့် မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူး။

၁၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၃။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပံသုကူလပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ပံသုကူလပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၃-ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန်

၁၅။ ရှေးအခါ ငါသည် အဖ အမိ (မိဖ)ကွယ်လွန်သဖြင့် တော၌ အမှုလုပ်သူ ဖြစ်ခဲ့၏။ သားကောင်ကို သတ်ခြင်းဖြင့် အသက်မွေးရပေ၏၊ (ထို့ကြောင့်) ငါ့အား ကုသိုလ်သည် မရှိပေ။

၁၆။ လောကထက်မြတ်သော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော တိဿမြတ်စွာဘုရားသည် အစဉ်သနားတော်မူသဖြင့် ငါ၏ နေရာအနီး၌ ခြေတော်ရာသုံးဆူတို့ကို ပြတော်မူ၏။

၁၇။ တိဿမည်သော မြတ်စွာဘုရား၏ နင်းကြွသော ခြေတော်ရာတို့ကို ဖူးမြင်ရ၍ ရွှင်လန်းသော ငါသည် ရွှင်ပျသော စိတ်ဖြင့် ခြေတော်ရာ၌ စိတ်ကို ကြည်လင်စေခဲ့၏။

၁၈။ မြေ၌ ပေါက်သော ပွင့်နေသော လိပ်ဆူးရွှေပင်ကို မြင်၍ အခိုင်နှင့်တကွ ဆွတ်ယူ၍ ခြေတော်ရာမြတ်ကို ပူဇော်ခဲ့၏။

၁၉။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရှင်း စေတနာတောင့်တမှုတို့ကြောင့်ရှင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၀။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ငါသည် လိပ်ဆူးရွှေကဲ့သို့ အရေရှိသူဖြစ်၏၊ ကောင်းသော အရောင်အဆင်းရှိသူလည်း ဖြစ်၏။

၂၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပူဇော်မှုကို ပြုခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ခြေတော်ရာကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၃။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောရဏ္ဍပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် ကောရဏ္ဍပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၄-ကိံသုကပုပ္ဖိယတ္ထေရအပဒါန်

၂၅။ ပွင့်နေသောပေါက်ပွင့်ကိုမြင်၍ လက်အုပ်ချီပြီးလျှင် ဘုရားမြတ်ကို အောက်မေ့လျက် ကောင်းကင်၌ ပူဇော်ခဲ့၏။

၂၆။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပူဇော်မှုကို ပြုခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၉။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၀။လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိံသုကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကိံသုကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

## ၅-ဥပစုဒုဿဒါယကတ္ထေရအပဒါန်

၃၁။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရား၏ သုဇာတမည်သော တပည့် 'သာဝက' သည် ပံသုကူသကမ်းကို ရှာဖွေလျက် တံမြက်ချေးစွန့်ရာ အရပ်၌ လှည့်လည်လျက် ရှိ၏။

၃၂။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ သူတပါးတို့၏အခစား ဖြစ်၍ ပုဆိုးတပိုင်းကို လှူ၍ ဦးခေါင်းဖြင့် ရှိခိုးခဲ့၏။

၃၃။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၃၄။ သုံးဆယ့်သုံးကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသည်ဖြစ်၍ သိကြားနတ်မင်းအဖြစ်ကို ပြုရ၏၊ ငါသည် ခုနစ်ဆယ့်ခုနစ်ကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ရ၏။

၃၅။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ပုဆိုးပိုင်းကို ပေးလှူရခြင်းကြောင့် တစုံတခုသောအရပ်မှ ဘေးမရှိသည်ဖြစ်၍ ဝမ်းမြောက်ရပေ၏။

၃၆။ ငါသည် ယခုအလိုရှိလတ်သော် တောတောင်နှင့်တကွသော အရပ်ကို မျက်နှာရှိသမျှကို ခေါမပုဆိုးတို့ဖြင့် ဖုံးလွှမ်းနိုင်ပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးတပိုင်းလှူရခြင်း၏ အကျိုးပေတည်း။

၃၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပုဆိုးအလှူကို လှူခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုဆိုးတပိုင်းလှူရခြင်း၏ အကျိုးပေတည်း။

၃၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၉။ ငါ၏လာခြင်းကား ။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပစနဒုဿဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဥပစနဒုဿဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဃတမဏ္ဍဒါယကတ္ထေရအပဒါန်

၄၁။ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်တော်မူသော သုစိန္တိတ မည်သော ပစ္စေကဗုဒ္ဓါကို တောကြီးသို့ ဝင်တော်မူလျက် လေနာဖြင့် နှိပ်စက်ခံနေရသည်ကို—

၄၂။ ဖူးမြင်ရ၍ စိတ်ကို ကြည်လင်စေလျက် ထောပတ်ကြည်ကို ကပ်လှူခဲ့၏၊ ပြုအပ်ဆည်းပူးအပ်သော ကံကြောင့် ဤဘာဂီရထီဂင်္ဂါမြစ်သည်ရင်း—

၄၃။ သမုဒ္ဒရာကြီးလေးစင်းတို့သည်ရင်း ငါ့အား ထောပတ်ဖြစ်ကုန်၏၊ မနှိုင်းယှဉ်နိုင် မရေတွက်နိုင်သော ကြမ်းတမ်းသော ဤမြေကြီးသည်လည်း—

၄၄။ ငါ၏စိတ်အကြံကိုသိ၍ ပျားသကာဖြစ်၏၊ အခြေဖြင့် ရေကို သောက်လျက် မြေ၌ ပေါက်ကုန်သော လေးကျွန်းလုံးရှိ ဤသစ်ပင်တို့သည်—

၄၅။ ငါ၏စိတ်အကြံကို သိကုန်၍ ပဒေသာပင်တို့ ဖြစ်ကုန်၏၊ ငါသည် အကြိမ်ငါးဆယ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုခဲ့ရ၏။

http://www.dhammadownload.com



၄၆။ ငါးဆယ့်တကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော **ပဒေသ** ရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အလှူကို လှူခဲ့ရသော **အခါမှစ၍** မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ထောပတ်ကြည်(လှူရခြင်း) ၏ အကျိုးပေတည်း။

၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၉။ ငါ၏ လာခြင်းကား။ ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ဃတမဏ္ဍဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဃတမဏ္ဍဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-ဥဒကဒါယကတ္ထေရအပဒါန်

၅၁။ ပဒုမုတ္တရမြတ်စွာဘုရား၏ အမြတ်ဆုံးဖြစ်သော ရဟန်းသံဃာ၌ ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သောက်ရေအိုးကို ပြည့်စေခဲ့၏။

၅၂။ တောင်ထိပ်၌ရင်း သစ်ပင်ဖျား၌ရင်း ကောင်းကင်၌ရင်း သို့မဟုတ် မြေပြင်၌ရင်း သောက်ရေကို အလိုရှိ၏၊ ထိုအခါ (ရေသည်) ငါ့အား လျင်မြန်စွာ ဖြစ်လေ၏။

၅၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလှူကို လှူခဲ့ရသောအခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ရေလှူရခြင်း၏ အကျိုး ပေတည်း။

၅၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၅။ ငါ၏ လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥဒကဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဥဒကဒါယကတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-ပုလိနထူပိယတ္ထေရအပဒါန်

၅၇။ ဟိမဝန္တာ၏အနီး၌ ယမကမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ ငါသည် သခ်မ်းကျောင်းကို ကောင်းစွာဆောက်လုပ်ထား၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာဖန်ဆင်းထား၏။

၅၈။ ငါသည် အမည်အားဖြင့် နာရဒဟု ထင်ရှားသော ထက်သော တန်ခိုးရှိသော ရသေ့ဖြစ်၏၊ တသောင်းလေးထောင်ကုန်သော တပည့်တို့သည် ငါ့ကို ခြံရံ လုပ်ကျွေးကုန်၏။

၅၉။ ထိုအခါ ငါသည် တယောက်တည်း ကိန်းအောင်းလျက် ဤသို့ကြံစည်ခဲ့၏၊ အလုံးစုံသော လူအပေါင်းတို့သည် ငါ့ကို ပူဇော်ပေ၏၊ငါသည်ကား တစုံတယောက်ကိုမျှ မပူဇော်ရချေ။

၆ဝ။ ငါ့အား ဆုံးမတတ်သော တစုံတယောက်သောသူသည် မရှိ၊ ပြောဆိုတတ်သော တစုံတယောက်သောသူသည် ငါ့အား မရှိ၊ ငါသည် ဆရာဥပဇ္ဈာယ်မရှိပဲ တော၌ နေရ၏။

၆၁။ ငါသည် အကြင်ဆရာကို ဆည်းကပ်လျက် အလေးပြုသောစိတ်ကို ဖြစ်စေရာ၏၊ ထိုဆရာသည် ငါ့အား မရှိ၊ တော၌ နေခြင်းသည် (ငါ့အား)အကျိုးမရှိချေ။

၆၂။ ငါသည် အလေးပြုထိုက် မြတ်နိုးထိုက် ပူဇော်ထိုက်သော ဆရာကို ရှာဖွေအံ့၊ မှီခိုရာရှိလျက်သာလျှင် နေတော့အံ့၊ (ဤသို့ နေသည်ရှိသော်) တစုံတယောက်သောသူသည် (ငါ့အား)မကဲ့ရဲ့လတ္တံ့။

၆၃။ ငါ၏သခ်မ်းကျောင်းအနီး၌ မြစ်ငယ်သည် တိမ်သောကမ်းရှိ၏၊ကောင်းသောရေဆိပ်ရှိ၏၊ စိတ်နှလုံးမွေ့လျော်ဖွယ် ရှိ၏၊ ကောင်းစွာ စင်ကြယ်သောသဲဖြင့် ရောပြွမ်းလျက်ရှိ၏။

၆၄။ ထိုအခါ ငါသည် အမရိကမည်သော မြစ်သို့ ချဉ်းကပ်၍ သဲကို ကြီးပွါးစေ(ပေါင်းစု)လျက် သဲပုံစေတီကို ပြုခဲ့၏။

၆၅။ ဘဝအဆုံးကို ပြုတော်မူတတ်ကုန်သော ရဟန်းမြတ်ဖြစ်တော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် ပွင့်တော်မူခဲ့ကြကုန်၏၊ ထိုမြတ်စွာဘုရားတို့၏ စေတီပုထိုးသည် ဤသို့သဘောရှိပေ၏၊ ငါသည် ထိုစေတီပုထိုးဟူသော အမှတ်နိမိတ်ကို ပြု၏။

၆၆။ ငါသည် သဲပုံစေတီကိုပြု၍ ရွှေအတိပြီးအောင် ဖန်ဆင်းခဲ့၏၊ ရွှေဆည်းလည်းပန်းသုံးထောင်တို့ကို ပူဇော်ခဲ့၏။

၆၇။ ငါသည် နှစ်သက်ခြင်းဖြစ်၍ လက်အုပ်ချီလျက် ညဉ့်နံနက် ရှိခိုးခဲ့၏၊ ငါသည် သဲပုံစေတီကို မျက်မှောက်(သက်တော်ထင်ရှား) မြတ်စွာဘုရားကဲ့သို့ ရှိခိုးခဲ့၏။

၆၈။ အကြင်အခါ အိမ်၌ မှီကုန်သော အကြံအစည်ကိလေသာတို့သည် ဖြစ်ကုန်၏၊ထိုအခါ ငါသည် ကောင်းစွာပြုအပ်သော စေတီပုထိုးကို အောက်မေ့၏၊ (စေတီပုထိုးကို)ဆင်ခြင်၏။

၆၉။ လှည်းမှူးနှင့်တူသော မြတ်စွာဘုရားကို မှီ၍နေပါလျက် (သင်သည်)ကိလေသာတို့နှင့် အတူတကွနေပြောအံ့၊ အမောင် သင့်အား(ထိုသို့နေခြင်းသည်)မသင့်လျော်ချေ။

http://www.dhammadownload.com



၇၀။ စေတီပုထိုးကို ဆင်ခြင်သည်နှင့်တပြိုင်နက် ထိုအခါ ငါ့အား (စေတီပုထိုး၌) ရိုသေလေးစားမှုသည် ဖြစ်၏၊ထိုအခါ ငါသည် သံချွန်ဖြင့် ထိုးအပ်သော ဆင်ကဲ့သို့ ယုတ်မာသော အကြံအစည်တို့ကို ပယ်ဖျောက်နိုင်ခဲ့၏။

၇၁။ ဤသို့နေသော ငါ့ကို သေမင်းသည် လွှမ်းမိုးနှိပ်စက်လေ၏၊ ငါသည် ထိုအရပ်၌ ကွယ်လွန်လျက် ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့၏။

၇၂။ ငါသည် အသက်ထက်ဆုံး(ဗြဟ္မာ့ဘုံ၌) နေပြီးလျှင် တာဝတိံသာနတ်ဘုံ၌ ဖြစ်ခဲ့၏၊ အကြိမ် ရှစ်ဆယ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုခဲ့ရ၏။

၇၃။ ငါသည် အကြိမ်သုံးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၇၄။ ငါသည် ရွှေဆည်းလည်းပန်းတို့၏ အကျိုးကို ခံစားရပေ၏၊ နို့ထိန်းတသိန်းတို့သည် ဖြစ်ရာဘဝ၌ ငါ့ကို ခြံရံကုန်၏။

၇၅။ စေတီပုထိုးကို နှလုံးသွင်းလေ့ကျက်ခဲ့ခြင်းကြောင့် မြူအညစ်အကြေးသည် ကိုယ်၌ မလိမ်းကျံပေ၊ ချွေးတို့သည်(ကိုယ်မှ)မထွက်ကုန်၊ ငါသည် အရောင်အဆင်းတောက်ပသူ ဖြစ်ပေ၏။

၇၆။ ကောင်းစွာ ပြုအပ်သော ငါ၏စေတီပုထိုးသည်၎င်း ကောင်းစွာ ရှုမြင်အပ်သော အမရိကာမြစ်သည်၎င်း အံ့ဩဖွယ် ရှိပါပေစွ၊ငါသည် သဲပုံစေတီကို ပြုခဲ့ခြင်းကြောင့် တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၇၇။ ကုသိုလ်ကိုပြုရန် အလိုရှိလျက် တရားအနှစ်ကို ယူလေ့ရှိသော ပုဂ္ဂိုလ်သတ္တဝါအား ခေတ်သည်၎င်း ခေတ်မဟုတ်ခြင်းသည်၎င်း (ခေတ်ကောင်းမကောင်းသည်) မရှိ၊ အကျင့်သည်သာလျှင် (အကျိုးကို) ပြီးစေတတ်၏၊ (တရားအနှစ်ပေတည်း)။

၇၈။ အားကောင်းသော ယောကျ်ားသည် သမုဒ္ဒရာကို ကူးရန် အားထုတ်ရာသကဲ့သို့၎င်း သေးငယ်သော သစ်သားကို ယူ၍ သမုဒ္ဒရာကို ကူးရာသကဲ့သို့၎င်း—

၇၉။ ငါသည် ဤသစ်သားကိုမှီ၍ သမုဒ္ဒရာကို ကူးရတော့အံ့၊ လူသည် အားထုတ်ခြင်းလုံ့လဖြင့် သမုဒ္ဒရာကို ကူးရာ သကဲ့သို့—

၈၀။ ထို့အတူပင် ငါပြုအပ်သောကံသည် သေးငယ်၏၊ နည်းပါး၏၊ ထိုကံကို အမှီပြု၍ ငါသည် သံသရာကို ကောင်းစွာ လွန်မြောက်ခဲ့၏။

၈၁။ နောက်ဆုံးဖြစ်သောဘဝသို့ ရောက်လတ်သော် ဖြူစင်သော ကုသိုလ်ကံအကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ သာဝတ္ထိပြည်ဝယ် ကောင်းစွာကြွယ်ဝသော မဟာသာလအမျိုး၌ ဖြစ်ရ၏။

၈၂။ ငါ၏ အမိအဖတို့သည် ယုံကြည်မှု 'သဒ္ဓါ'တရားရှိကုန်၏၊ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်၏၊ ဤမိဖနှစ်ပါးတို့သည် နိဗ္ဗာန်ကို မြင်ကုန်၏၊ (မြတ်စွာဘုရား၏) အဆုံးအမတော်ကို လိုက်နာကျင့်ကြံကုန်၏။

၈၃။ (ငါ၏မိဖတို့သည်) ဗောဓိပင်အပွေးကိုယူ၍ ရွှေပုထိုးစေတီကို ပြုကုန်၏၊ ညဉ့် နံနက် မြတ်စွာဘုရား၏ မျက်မှောက်၌ ရှိခိုးကုန်၏။

http://www.dhammadownload.com



၇၄။ ဥပုသ်နေ့၌ ရွှေပုထိုးစေတီကို ထုတ်ကြကုန်၏၊ မြတ်စွာဘုရား၏ ကျေးဇူးဂုဏ်ကို ချီးကျူးကုန်လျက် ညဥ့်သုံးယံကို လွန်စေကုန်၏။

၇၅။ ငါသည် စေတီပုထိုးကို ဖူးမြင်ရ၍ သဲပုံစေတီကို အောက်မေ့ခဲ့၏၊ တခုသောနေရာ၌ နေ၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

နှစ်ဆယ့်နှစ်ခုမြောက် ဘာဏဝါရ ပြီး၏။

၇၆။ ငါသည် ထိုမြတ်စွာဘုရားကို ရှာဖွေလတ်သော် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာကို ဖူးမြင်ရ၏၊ (ထိုအခါ) အိမ်မှထွက်၍ ထိုတရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ၏အထံ၌ ရဟန်းပြုခဲ့၏။

၇၇။ မွေးဖွားသည်မှ ခုနစ်နှစ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် (ငါ၏) ဂုဏ်ကိုသိ၍ ရဟန်းခံပေးတော်မူ၏။

၇၈။ ငယ်ရွယ်သူမျှသာဖြစ်လျက် ငါသည် ပြုဖွယ်ကိစ္စကို ပြီးဆုံးစေခဲ့ပြီ၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ ငါသည် ပြုဖွယ်ကိစ္စကို ယခု ပြုအပ်ပြီ။

၇၉။ မြတ်စွာဘုရား အရှင်ဘုရား၏တပည့် 'သာဝက' ရဟန်းသည် အလုံးစုံသော ဘေးရန်အပေါင်းမှ လွန်မြောက်လျက် အလုံးစုံသော ငြိကပ်တွယ်တာခြင်းမှ လွန်မြောက်ပါ၏၊ ဤသို့ဖြစ်ရခြင်းသည် ရွှေပုထိုးစေတီကို တည်ထားရခြင်း၏ အကျိုးပေတည်း။

၈၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၈၁။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပုလိနထူပိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ပုလိနထူပိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-နဠကုဋိဒါယကတ္ထေရအပဒါန်

၈၃။ ဟိမဝန္တာ၏အနီး၌ ဟာရိတမည်သော တောင်သည် ရှိ၏၊ထိုတောင်၌ ထိုအခါ နာရဒမည်သော မြတ်စွာဘုရားသည် သစ်ပင်ရင်း၌ နေတော်မူ၏။

၈၄။ ငါသည် ကျူထရံကျောင်းကို မြက်(သက်ငယ်)ဖြင့် မိုးခဲ့၏၊ ငါသည် စင်္ကြံကို သုတ်သင်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၈၅။ ကောင်းစွာပြုအပ်သော ထိုက်ကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

http://www.dhammadownload.com



၉၆။ ထိုဘုံ၌ ကောင်းစွာပြုအပ်သော ငါ၏ဗိမာန်ကို ကျူထရံကျောင်းကို ဆောက်လုပ်သောကံသည် ဖန်ဆင်းအပ်၏၊ (ထိုဗိမာန်သည်) ယူဇနာခြောက်ဆယ် မြင့်၏၊ ယူဇနာ သုံးဆယ် ကျယ်ပြန့်၏။

၉၇။ တဆယ့်လေးကမ္ဘာတို့၌ ငါသည် နတ်ပြည်၌ ပျော်မွေ့ခဲ့ရ၏၊ ခုနစ်ဆယ့်တကြိမ်တိုင်တိုင် သိကြားမင်းအဖြစ်ကိုလည်း ပြုရ၏။

၉၈။ ငါသည် သုံးဆယ့်လေးကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၉၉။ ငါသည် သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ အလုံးစုံမြတ်သော အခြင်းအရာဖြင့် နှိုင်းယှဉ်အပ်သော တရားတည်းဟူသော ပြာသာဒ်သို့တက်၍ အလိုရှိတိုင်း နေရပေ၏။

၁၀၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ကောင်းမှုကံကို ပြုခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကျူထရံကျောင်းကို ဆောက်လုပ်ရခြင်း၏ အကျိုးပေတည်း။

၁၀၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၀၂။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်နဠကုဋိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် နဠကုဋိဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-ပိယာလဖလဒါယကတ္ထေရအပဒါန်

၁၀၄။ ငါသည် ရှေးအခါ တောဌ်၌ လှည့်လည်သော သားမုဆိုးဖြစ်ခဲ့၏၊ ထိုအခါ ကိလေသာမြူ ကင်းတော်မူသည်ဖြစ်၍ အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၀၅။ ငါသည် လွှန်သီးကို ယူ၍ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာ မြေကောင်း သဖွယ်ဖြစ်တော်မူသော လို့လရှိတော်မူသော ဘုရားမြတ်အား ကြည်ညိုသည်ဖြစ်၍ မိမိလက် တို့ဖြင့် လှူဒါန်းခဲ့၏။

၁၀၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ လွှန်သီးကို လှူဒါန်းခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် လွှန်သီးကို လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၁၀၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၀၈။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပိယာလဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ပိယာလဖလဒါယကတ္ထေရအပဒါန် ပြီး၏။

ငါးဆယ်ခုမြောက် ကိင်္ကဏိပုပ္ဖဝဂ် ပြီး၏။

မေတ္တေယျဝဂ် ပြီး၏။

## ငါးခုမြောက် မထေရ်တရာအပေါင်း ပြီး၏။

http://www.dhammadownload.com

# ၅၁—ကဏိကာရဝဂ်

## ၁-တိကဏိကာရပုပ္ဖိယတ္ထေရအပဒါန်

၁။ သစ္စာလေးပါးကို သိတော်မူသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်နှင့် ပြည့်စုံတော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ခြင်းကို အလိုရှိတော်မူသည်ဖြစ်၍ ဟိမဝန္တာသို့ ချဉ်းကပ်တော်မူ၏။

၂။ သနားခြင်း ကရုဏာရှိတော်မူသော ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟိမဝန္တာသို့ ဝင်ရောက်၍ ထက်ဝယ်ဖွဲ့ ခွေ ထိုင်နေတော်မူ၏။

၃။ ထိုအခါ ငါသည် ကောင်းကင်၌ သွားနိုင်သော ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့၏၊ထိုအခါ ကောင်းစွာ ပြုအပ်သော တံကျင်သုံးခွကို ကိုင်၍ ကောင်းကင်၌ သွား၏။

၄။ မြတ်စွာဘုရားသည် တောင်ထိပ်၌ မီးကဲ့သို့ရင်း လပြည့်နေ့၌ ပေါ်ထွက်သော လဝန်းကဲ့သို့ရင်း ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း ထွန်းလင်း တောက်ပတော်မူလျက် ရှိ၏။

၅။ မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့သည် တောဖျားမှထွက်၍ (ပြိုးပြက်) ပြေးသွားကုန်၏၊ငါသည် ကျူမီးအဆင်းနှင့်တူသော ရောင်ခြည်တော်တို့ကို ဖူးမြင်ရ၍ စိတ်ကိုကြည်လင်စေခဲ့၏။

၆။ ငါသည် နတ်(ပန်း)ရနံ့ရှိသော မဟာလေ့ကားပန်းကို ရှာဖွေစဉ် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ပန်းသုံးပွင့်တို့ကို ယူ၍ ဘုရားမြတ်ကို ပူဇော်ခဲ့၏။

၇။ ထိုအခါ ငါ၏ ပန်းသုံးပွင့်တို့သည် မြတ်စွာဘုရား၏ အာနုဘော်ကြောင့် အထက်၌ အညှာ အောက်၌ ပွင့်ချပ်ရှိကုန်လျက် မြတ်စွာဘုရားအား အရိပ်ကို ပြုကုန်၏။

၈။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်လွှတ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၉။ ထိုဘုံ၌ ကောင်းစွာပြုအပ်သော ငါ၏ဗိမာန်သည် ကဏိကာရီဟု ထင်ရှားလျက် ရှိ၏၊ ယူဇနာ ခြောက်ဆယ် မြင့်၏၊ ယူဇနာ သုံးဆယ်ကျယ်ပြန့်၏။

၁၀။ ငါ၏ ဗိမာန်သည် အပိုင်းအခြား တထောင် ရှိ၏၊(အခန်း တထောင် ရှိ၏) ကျင်လုံး (ပွတ်လုံးတရာ)ရှိ၏၊ များသော တံခွန်ရှိ၏၊ ရွှေအတိ ပြီး၏၊ငါ၏ ဗိမာန်၌ ပြာသာဒ်ဆောင် တသိန်းတို့သည် ထင်ရှားရှိကုန်၏။

၁၁။ ရွှေပလ္လင် ပတ္တမြားပလ္လင် ကျောက်နီပလ္လင် ဖလ်ပလ္လင်တို့သည်လည်း အလိုရှိတိုင်း အလိုရှိတိုင်း ဖြစ်ပေါ်ကုန်၏။

၁၂။ မြတ်သောသူတို့အား ထိုက်တန်သော အိပ်ရာသည်လည်း လဲသွတ်သော မွေ့ရာ အရုပ်တို့ဖြင့် ဆန်းကြယ်သော အခင်းတို့နှင့် ယှဉ်၏၊ တဖက်အမွေးရှိသော အခင်းသည်ရင်း နှစ်ဖက်အမွေးရှိသော အခင်းသည်ရင်း ခေါင်းအုံးနှင့် ယှဉ်လျက် ရှိ၏။

http://www.dhammadownload.com



၁၃။ အကြင်အခါ ငါသည် နတ်အပေါင်းခြံရံလျက် ဗိမာန်မှ ထွက်၍ နတ်ပြည်သို့ လှည့်လည်သွားလာခြင်းကို အလိုရှိ၏။

၁၄။ ထိုအခါ ငါသည် ပန်းပွင့်အောက်၌ ရပ်တည်ရပေ၏၊ငါ၏ အထက်၌ အမိုးသည် ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် မဟာလေ့ကားပန်းတို့ဖြင့် ဖုံးလွှမ်းအပ်၏။

၁၅။ တူရိယာခြောက်သောင်းတို့သည် ညဥ့်နံနက် ခစားလျက် ရှိကုန်၏၊ ညဥ့်နေ့ပတ်လုံး မပျင်းမရိကုန်ပဲ ငါ့ကို အမြဲ ခြံရံလျက် ရှိကုန်၏။

၁၆။ ထိုနတ်ပြည်၌ ကခြင်းတို့ဖြင့်၎င်း သီခြင်းတို့ဖြင့်၎င်း မောင်းကြေးနင်းတို့ဖြင့်၎င်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ပျော်မွေ့ရ၏၊ ငါသည် အလိုရှိတိုင်း မြူးတူးပျော်ရွှင်မှုဖြင့် ဝမ်းမြောက်ရ၏။

၁၇။ ထိုအခါ ထိုတာဝတိံသာနတ်ပြည်၌ အလိုရှိတိုင်း ခံစား၍၎င်း သောက်၍၎င်း ဝမ်းမြောက်ရ၏၊ ဗိမာန်မြတ်၌ နတ်သမီးအပေါင်းတို့နှင့် အတူတကွ ဝမ်းမြောက်ရ၏။

၁၈။ အကြိမ်ငါးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုရ၏၊ ငါသည် အကြိမ်သုံးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏၊ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၉။ ငါသည် ဘဝငယ် ဘဝကြီး၌ ကျင်လည်ရသော် များသော စည်းစိမ်ဥစ္စာကို ရပေ၏၊ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့ခြင်းသည် မရှိချေ၊ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၀။ နတ်ဘဝ သို့မဟုတ် လူ့ဘဝဟူသော ဘဝနှစ်ပါး၌ ကျင်လည်ရ၏၊ တပါးသော လားရာ ဂတိကို မသိရပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၁။ မင်းမျိုး သို့မဟုတ် ပြာဟ္မဏမျိုးဟူသော နှစ်ပါးသော အမျိုး၌ ဖြစ်ရ၏၊ ယုတ်နိမ့်သော အမျိုး၌ မဖြစ်ရပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၂။ ဆင်ယာဉ်ကို၎င်း မြင်းယာဉ်ကို၎င်း ထမ်းစင်ကို၎င်း သံလျင်းကို၎င်း ဤအလုံးစုံကို ပင် ရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၃။ ကျွန်မအပေါင်းကို၎င်း ကျွန်ယောကျ်ားအပေါင်းကို၎င်း ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မိန်းမတို့ကို၎င်း ဤအလုံးစုံကိုပင် ရပေ၏၊ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၄။ ပိုးအထည် ကမ္ဗလာအထည်တို့ကို၎င်း ခေါမအထည် ဝါချည်အထည်တို့ကို၎င်း ဤအလုံးစုံကိုပင် ရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၅။ အဝတ်ဦးကို၎င်း သစ်သီးဦးကို၎င်း မြတ်သော အရသာရှိသော စားဖွယ်ဘောဇဉ်ဦးကို၎င်း ဤအလုံးစုံကိုပင် ရပေ၏၊ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၂၆။ ဤခဲဖွယ်ကို ခဲလော့၊ ဤစားဖွယ်ကို စားလော့၊ ဤအိပ်ရာ၌ အိပ်လော့၊ ဤ (ဖိတ်ခေါ်မှု) အလုံးစုံကိုပင် ရ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၇။ ငါသည် အလုံးစုံသော အရပ်၌ ပူဇော်ခံရသူဖြစ်၏၊ ငါ၏ အကျော်အစောသတင်းသည် ပျံ့နှံ့လျက် ရှိ၏၊ ငါသည် အခါခပ်သိမ်း များသောအသင်းအပင်းရှိသူ အခါခပ်သိမ်း မကွဲပြားသော ပရိသတ်ရှိသူ ဖြစ်၏၊ အဆွေအမျိုးတို့ထက် မြတ်သူဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၈။ အအေးအပူကို မသိရပေ၊ အိုက်စပ်ခြင်းသည် (ငါ့အား) မရှိချေ၊ ထိုမှတပါး ငါ၏ နှလုံး၌ စိတ်ကြောင့်ဖြစ်သော ဆင်းရဲခြင်းသည် မရှိချေ။

၂၉။ ဘဝငယ်ဘဝကြီး၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသူဖြစ်၍ ကျင်လည်ရပေ၏၊ အဆင်းဖောက်ပြန်ခြင်းကို မသိရပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၀။ (ငါသည်) နတ်ပြည်မှစုတေ၍ ဖြူစင်သော ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ သာဝတ္ထိပြည်ဝယ် ကောင်းစွာကြွယ်ဝသော မဟာသာလအမျိုး၌ ဖြစ်ရပေ၏။

၃၁။ ငါသည် ကာမဂုဏ်ငါးပါးတို့ကို စွန့်ပယ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်ရပေ၏။

၃၂။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် (ငါ၏) ဂုဏ်ကိုသိ၍ ငါ့ကို ရဟန်းခံပေးတော်မူ၏၊ ငါသည် ငယ်ရွယ်သူ ဖြစ်လျက် ပူဇော်ခံရသူဖြစ်၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၃။ ငါ၏ ဒိဗ္ဗစက္ခုဉာဏ်သည် အထူးစင်ကြယ်၏၊ ငါသည် ချာန်သမာဓိ၌ လိမ္မာကျွမ်းကျင်၏၊ အဘိညာဉ်တို့၏ အထွတ်အထိပ်သို့ ရောက်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၄။ ငါသည် ပဋိသမ္ဘိဒါဉာဏ်တို့ကို အစဉ်ရောက်ရပေ၏၊ ဣဒ္ဓိပါဒ်တို့၌ လိမ္မာကျွမ်းကျင်ပေ၏၊ တရားတို့၌ အထွတ်အထိပ်သို့ ရောက်ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၅။ ကမ္ဘာသုံးသောင်းထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၃၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၃၇။ ငါ၏လာခြင်းကား ကောင်းသော လာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိကဏိကာရပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော တိကဏိကာရပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။**

---

## ၂-ဧကပတ္တဒါယကတ္ထေရအပဒါန်

၃၉။ ငါသည် ဟံသာဝတီမြို့၌ အိုးထိန်းသည်ဖြစ်ခဲ့၏၊ ကိလေသာ မြူကင်းသော ဩဃကို လွန်မြောက်သော အာသဝေါကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၀။ ငါသည် ကောင်းစွာပြုအပ်သော မြေသပိတ်ကို ဘုရားမြတ်အား လှူဒါန်းခဲ့၏၊ ဖြောင့်မတ်သော စိတ်သဘောရှိတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား သပိတ်ကို လှူဒါန်းခြင်းကြောင့်—

၄၁-၄၂။ ငါသည် သံသရာဘဝ၌ ဖြစ်ရသည်ရှိသော် ရွှေခွက်တို့ကို ရပေ၏၊ငါသည် ငွေဖြင့်ပြီးသောခွက်တို့ကိုရင်း ရွှေဖြင့်ပြီးသော ခွက်တို့ကိုရင်း ပတ္တမြားဖြင့်ပြီးကုန်သော သဘောဖျာ သင်ဖြူးတို့ကိုရင်း ခွက်တို့ကိုရင်း သုံးဆောင်ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေဘည်း၊ ငါသည် အခြံအရံတို့၏ရင်း ဥစ္စာတို့၏ရင်း အမြတ်ဆုံး ဖြစ်ရပေ၏။

၄၃။ ကောင်းသောလယ်၌ အနည်းငယ်သောမျိုးစေ့ကို စိုက်ပျိုးအပ်သော်လည်း မိုးသည်းထန်စွာ ရွာသည်ရှိသော် အသီးအနှံသည် လယ်သမားကို နှစ်သက်စေဘိသကဲ့သို့—

၄၄။ ထို့အတူပင် မြတ်စွာဘုရားဟူသော လယ်မြေ၌ ဤသပိတ်အလှူ (မျိုးစေ့)ကို စိုက်ပျိုးအပ်သည် ရှိသော် ပီတိမိုးရွာသည်ရှိသော် အကျိုးသည် ငါ့အား နှစ်သက်စေလတ္တံ့။

၄၅။ သံဃာဟူသော လယ်မြေတို့သည်ရင်း ဂိုဏ်းဟူသော လယ်မြေတို့သည်ရင်း ရှိကုန်၏၊ (ထိုလယ်မြေတို့တွင်)အလုံးစုံသော သတ္တဝါတို့အား ချမ်းသာကို ပေးနိုင်သော ဘုရားတည်းဟူသော လယ်မြေနှင့်တူသော အရာသည် မရှိ။

၄၆။ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသောမြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊(အကျွန်ုပ်သည်) သပိတ်တလုံးကို လှူခဲ့ရခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပါ၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ သပိတ်ကို လှူဒါန်းခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် သပိတ်လှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ကေပတ္တဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ကေပတ္တဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၃-ကာသုမာရဖလိယတ္ထေရအပဒါန်

၅၁။ မဟာလှေကားပန်းကဲ့သို့ တောက်ပလျက် ကိလေသာမှုကင်းသော လောက၏ အကြီးအမှူးဖြစ်တော်မူ၍ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားကို တောင်ကြား၌ ထိုင်နေတော်မူစဉ် ဖူးမြင်ရ၏။

၅၂။ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဦးခေါင်း၌ လက်အုပ်ချီလျက် သရက်ဖြူသီးကို ယူပြီးလျှင် ဘုရားမြတ်အား လှူဒါန်းခဲ့၏။

၅၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၅၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၅။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ကာသုမာရဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ကာသုမာရဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၄-အဝဋ္ဋဖလိယတ္ထေရအပဒါန်

၅၇။ အလိုလိုဖြစ်တော်မူသော ရန်သူတို့သည် မအောင်နိုင်သော ရောင်ခြည်တထောင် ရှိတော်မူသော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာမှထ၍ ဆွမ်းခံခြင်းငှါ ရှေးရှုထွက်တော်မူ၏။

၅၈။ လက်၌ သစ်သီးရှိသော ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် (မြတ်စွာ ဘုရားထံသို့) ချဉ်းကပ်ခဲ့၏၊ (ထိုအခါ) ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အဝဋ္ဋ မည်သော သစ်သီးကို လှူဒါန်းခဲ့၏။

http://www.dhammadownload.com



၅၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိခဲ့ဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၆၀။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၁။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဝဋ္ဋဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် အဝဋ္ဋဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၅-ပါဒဖလိယတ္ထေရအပဒါန်

၆၃။ ပေးလှူဖွယ်ပစ္စည်းတို့ကို အလှူခံတော်မူထိုက်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို ခရီးလမ်း၌ ကြွသွားတော်မူစဉ် ငါသည် သစ်မြစ်အသီးကို လှူဒါန်းခဲ့၏။

၆၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူဒါန်းရခြင်း၏ အကျိုးပေတည်း။

၆၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၆။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ပါဒဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ပါဒဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၆-မာတုလုင်္ဂဖလဒါယကတ္ထေရအပဒါန်

၆၈။ ငါသည် တောက်ပသော မဟာလှေကားပန်းကဲ့သို့ရင်း လပြည့်နေ့၌ ပေါ်ထွန်းသော လဝန်းကဲ့သို့ရင်း ထွန်းလင်းသော ဆီမီးတိုင်ကဲ့သို့ရင်း မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၆၉။ ငါသည် ကြည်ညိုသည်ဖြစ်၍ ရှောက်ချိုသီးကို ယူပြီးလျှင် မြတ်သောအလှူကို ခံတော်မူထိုက်သော လှူလရှိတော်မူသော မြတ်စွာဘုရားအား မိမိလက်တို့ဖြင့် လှူဒါန်းခဲ့၏။

http://www.dhammadownload.com



၇၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၇၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၂။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မာတုလုင်္ဂဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် မာတုလုင်္ဂဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၇-အဇေလိဖလဒါယကတ္ထေရအပဒါန်

၇၄။ ထိုအခါ အဇ္ဇုနမည်သော မြတ်စွာဘုရားသည် ဟိမဝန္တာ၌ နေတော်မူ၏၊ မြတ်စွာဘုရားသည် အကျင့် 'စရဏ'နှင့်လည်း ပြည့်စုံတော်မူ၏၊ ဈာန်သမာဓိ၌လည်း ကျွမ်းကျင်လိမ္မာတော်မူ၏။

၇၅။ ငါသည် အသက်ကို ရှည်စေတတ်သော ထီးကဲ့သို့ အရွက်ရှိသော အိုးစရည်းပမာဏရှိသော အဇေလိမည်သော အသီးကို ယူ၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၇၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၇၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၈။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဇေလိဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အဇေလိဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ဂ-အမောဒဖလိယတ္ထေရအပဒါန်

၈၀။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားကို လမ်းခရီး၌ ကြွသွားတော်မူစဉ် အမောဒမည်သောအသီးကို လှူဒါန်းခဲ့၏။

http://www.dhammadownload.com



၈၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၈၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၈၃။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသိလျှင် အသျှင်အမောဒဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် အမောဒဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၉-တာလဖလဒါယကတ္ထေရအပဒါန်

၈၅။ အလိုလိုဖြစ်တော်မူသော ရန်သူတို့မအောင်နိုင်သော သတရံသီမည်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆိတ်ငြိမ်ရာမှထ၍ ဆွမ်းခံခြင်းငှါ ရှေးရှုထွက်တော်မူ၏။

၈၆။ လက်၌ သစ်သီးရှိသော ငါသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရသည် ရှိသော် (ဘုရားထံသို့ ) ချဉ်းကပ်၏၊ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထန်းသီးကို လှူဒါန်းခဲ့၏။

၈၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှ စ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၈၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၈၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်တာလဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် တာလဖလဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၁၀-နာဠိကေရဖလဒါယကတ္ထေရအပဒါန်

၉၁။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့၌ အရံစောင့်ဖြစ်စဉ် ကောင်းကင်၌ ကြွသွားတော်မူသော ကိလေသာမြူကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

http://www.dhammadownload.com



၉၂။ ငါသည် အုန်းသီးကို ယူ၍ ဘုရားမြတ်အား လှူဒါန်းခဲ့၏၊ မြတ်စွာဘုရားသည် ကောင်းကင်၌ ရပ်တည်လျက်ပင် အလှူခံတော်မူ၏။

၉၃။ အထူးကြည်ညိုသော စိတ်ဖြင့် အသီးကို မြတ်စွာဘုရားအား လှူခဲ့ခြင်းကြောင့် ငါ့အား နှစ်သက်ခြင်းကို ဖြစ်စေ၏၊ ငါ့အား မျက်မှောက်ချမ်းသာကို ရွက်ဆောင်၏။

၉၄။ ထိုအခါ နှစ်သက်ခြင်းကိုရင်း ပြန့်ပြောသော ချမ်းသာမြတ်ကိုရင်း ရပေ၏၊ ထိုထို ဘဝ၌ ဖြစ်သော ငါ့အား ရတနာသည် ဖြစ်သည်သာလျှင်တည်း။

၉၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၉၆။ ငါ၏ ဒိဗ္ဗစက္ခုဉာဏ်သည် အထူးစင်ကြယ်ပေ၏၊ ငါသည် ဈာန်သမာဓိ၌ ကျွမ်းကျင် လိမ္မာသူဖြစ်ပေ၏၊ အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်သူဖြစ်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၉၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၉၈။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်နာဠိကေရဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် နာဠိကေရဖလဒါယကတ္ထေရအပဒါန် ပြီး၏။

**ငါးဆယ့်တခုမြောက် ကဏိကာရဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅၂–ဖလဒါယကဝဂ်

## ၁-ကုရဉ္ဇိယဖလဒါယကတ္ထေရအပဒါန်

၁။ ရှေးအခါ ငါသည် တော၌ လှည့်လည်သော သားမုဆိုး ဖြစ်ခဲ့၏၊ အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ကိလေသာမြူကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂။ ငါသည် ကုရဉ္ဇိယမည်သောအသီးကို ယူ၍ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားမြတ်အား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် လှူဒါန်းခဲ့၏။

၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၅။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကုရဉ္ဇိယဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော ကုရဉ္ဇိယဖလဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကပိတ္ထဖလဒါယကတ္ထေရအပဒါန်

၇။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားအား လမ်းခရီး၌ ကြွသွားတော်မူစဉ် သီး သီးကို လှူဒါန်းခဲ့၏။

၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သီး သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၁၀။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ကပိတ္ထဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် ကပိတ္ထဖလဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၃-ကောသမ္ဗဖလိယတ္ထေရအပဒါန်

၁၂။ ငါသည် ထိုအခါ ရေစတက်ပင်ကဲ့သို့ တင့်တယ်တော်မူသော လူတို့ထက် မြတ်သော မြတ်စွာဘုရားအား လမ်းခရီး၌ ကြွသွားတော်မူစဉ် ကြို့သီးကို လှူဒါန်းခဲ့၏။

၁၃။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကြို့သီးကို လှူရခြင်း၏ အကျိုးပေတည်း။

၁၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၅။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ကောသမ္ဗဖလိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ကောသမ္ဗဖလိယတ္ထေရအပဒါန် ပြီး၏။**

---

## ၄-ကေတကပုပ္ဖိယတ္ထေရအပဒါန်

၁၇။ ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝိနတာမြစ်၏ ကမ်း၌ နေတော်မူ၏၊ (ထိုအခါ ငါသည်) တခုသော အာရုံရှိ၍ ကောင်းစွာ တည်ကြည်သော စိတ်ရှိ တော်မူသော ကိလေသာမြူ ကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၈။ ထိုအခါ ငါသည် ပျားရန့်ရှိသော ဆပ်သွားပင်၏ အပွင့်ပန်းဖြင့် ကြည်ညိုဝမ်းမြောက် သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၁၉။ ဤဘဒ္ဒကမ္ဘာမှကိုးဆယ့်တကမ္ဘာထက်၌ ပန်းပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

http://www.dhammadownload.com



၂၁။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်ကေတကပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကေတကပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၅-နာဂပုပ္ဖိယတ္ထေရအပဒါန်

၂၃။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုကို ခံတော်မူထိုက်သော ရွှေအဆင်းနှင့်တူသော အဆင်း ရှိတော်မူသော မြတ်စွာဘုရားအား လမ်းခရီး၌ ကြွသွားတော်မူစဉ် ကံ့ကော်ပန်းကို ပူဇော် ခဲ့၏။

၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရား အား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၆။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်နာဂပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် နာဂပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၆-အဇ္ဇုနပုပ္ဖိယတ္ထေရအပဒါန်

၂၈။ ငါသည် စန္ဒဘာဂါမြစ်ကမ်း၌ ကိန္နရာဖြစ်ခဲ့၏၊ ထိုအခါ အလိုလိုဖြစ်တော်မူသော ရန်သူတို့မအောင်နိုင်သော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၉။ ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ နှစ်သက်ခြင်း ဖြစ်လျက် လက်အုပ်ချီ ပြီးလျှင် ဖောက်ကြံ့ပန်းကိုယူ၍ မြတ်စွာဘုရားအား ပူဇော်ခဲ့၏။

၃၀။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်လည်း စေတနာတောင့်တမှုတို့ကြောင့်လည်း ကိန္နရာဘဝကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၃၁။ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ နတ်မင်းအဖြစ်ကို ပြုခဲ့ရ၏၊ ဆယ်ကြိမ်တိုင်တိုင် စကြဝတေး မင်းကြီး အဖြစ်ကိုလည်း ပြုခဲ့ရ၏။

http://www.dhammadownload.com



၃၂။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော မြတ်စွာဘုရား၌ စိုက်ပျိုးအပ်သော ငါ၏ (ကုသိုလ်) မျိုးစေ့သည် အံ့ဩ ဖွယ်ရှိပါပေစွ။

၃၃။ ငါ့အား ကုသိုလ်သည် ရှိ၏၊ (ထို့ကြောင့်) ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ရပေ၏၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ ငါသည် ပူဇော်ခံထိုက်သူ ဖြစ်ရ၏။

၃၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၅။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်အဇ္ဇုနပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် အဇ္ဇုနပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

---

## ၇-ကုဋဇပုပ္ဖိယတ္ထေရအပဒါန်

၃၇။ ဟိမဝန္တာ၏အနီး၌ ဝသလမည်သော တောင်သည် ရှိ၏၊သုဒဿနမည်သော မြတ်စွာဘုရားသည် တောင်ကြား၌ နေတော်မူ၏။

၃၈။ ငါသည် ဟိမဝန္တာ၌ဖြစ်သော (ရွှေအဆင်းရှိသော)ပန်းကို ယူ၍ ကောင်းကင်သို့ သွားခဲ့၏၊ ထိုတောင်၌ ဩဃမှ လွန်မြောက်တော်မူသော အာသဝမရှိသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၉။ ထိုအခါ ငါသည် လက်ထုပ်ကြီးပန်းကို ယူ၍ ဦးခေါင်း၌ လက်အုပ်ချီလျက် အလိုလို ဖြစ်တော်မူသော မြတ်သောဂုဏ်ကို ရှာမှီးတော်မူသော မြတ်စွာဘုရားအား တင်လှူ ပူဇော်ခဲ့၏။

၄၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၂။ ငါ၏ လာခြင်းကား ။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်ကုဋဇပုပ္ဖိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ကုဋဇပုပ္ဖိယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-သောသသညကတ္ထေရအပဒါန်

၄၄။ ရှေးအခါ ငါသည် ဂုက်တို့ ပြည့်တန်ရာ တော၌ သားမုဆိုး ဖြစ်ခဲ့၏၊ နတ်အပေါင်း ခြံရံအပ်သော ကိလေသာမြူ ကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၅။ သစ္စာလေးပါးကို ပြလျက် အမြိုက်နိဗ္ဗာန်ကို ဟောတော်မူသော သိခီမြတ်စွာဘုရား၏ ချိုမြိန်သော တရားသံကို ကြားနာခဲ့ရ၏။

၄၆။ အတူပြိုင်ဘက်မရှိသော မြတ်စွာဘုရား၌ရင်း (မြတ်စွာဘုရား၏) အသံတော်၌ရင်း စိတ်ကို ကြည်ညိုစေခဲ့၏၊ ထိုဘုရားနှင့် တရားသံ၌ စိတ်ကို ကြည်ညိုစေခြင်းကြောင့် ကူးမြောက်နိုင်ခဲသော ဘဝကို ကူးမြောက်ရပေ၏။

၄၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အမှတ်သညာကို ရခဲ့သောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တရားသံကို မှတ်သားခြင်း သညာ၏ အကျိုးပေတည်း။

၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သောသသညကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် သောသသညကတ္ထေရအပဒါန် ပြီး၏။**

---

## ၉-သဗ္ဗဖလဒါယကတ္ထေရအပဒါန်

၅၁။ ထိုအခါ ငါသည် ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းသို့ ရောက်သော အမည်အားဖြင့် ဝရုဏဟု ထင်ရှားသော ဗြာဟ္မဏဖြစ်၍ သားသမီးဆယ်ယောက်တို့ကို စွန့်ပြီးလျှင် တော အလယ်သို့ ဝင်ခဲ့၏။

၅၂။ ငါသည် သခ်မ်းကျောင်းကို ကောင်းစွာပြုလုပ်၍ ကောင်းစွာ ပိုင်းခြားအပ်သော စိတ်ပျော်မွေ့ဖွယ်ကောင်းသော သစ်ရွက်မိုးကျောင်းကို ပြုလုပ်ပြီးလျှင် တော၌ နေ၏။

၅၃။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ထိုပဒုမုတ္တရ မြတ်စွာဘုရားသည် ငါ့အား (သံသရာမှ) ထုတ်ဆောင်တော်မူလိုသည်ဖြစ်၍ ငါ၏ သခ်မ်းကျောင်းသို့ ကြွလာတော်မူ၏။

၅၄။ ပြန့်ပြောသော အလင်းရောင်သည် တောအုပ်ရှိသလောက် ဖြစ်လေ၏၊ ထိုအခါ မြတ်စွာဘုရား၏ အာနုဘော်ကြောင့် တောသည် ထိန်လင်း တောက်ပလျက် ရှိ၏။

၅၅။ ငါသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားမြတ်၏ ထိုတန်ခိုးပြာဋိဟာကို ဖူးမြင်ရ၍ သစ်သီးထုပ်ကို ယူ၍ သစ်သီးဖြင့် ပူဇော်ခဲ့၏။

http://www.dhammadownload.com



၅၆။ ငါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ပရိက္ခာရနှင့်တကွ လှူဒါန်းခဲ့၏၊ မြတ်စွာဘုရားသည် ငါ့အား အစဉ်သနားသဖြင့် ဤစကားကို မိန့်တော်မူ၏ –

၅၇။ သင်သည် ရသေ့ပရိက္ခာရဝန်ကို ယူ၍ ငါ၏နောက်မှ လိုက်ခဲ့လော့၊ သံဃာသည် သုံးဆောင်အပ်သည်ရှိသော် သင့်အား ကုသိုလ်ကောင်းမှုသည် ဖြစ်လတ္တံ့ (ဟုမိန့်တော်မူ၏)။

၅၈။ ငါသည် သစ်သီးထုပ်ကို ယူ၍ ရဟန်းသံဃာအား လှူဒါန်းခဲ့၏၊ ငါသည် ထိုရဟန်းသံဃာ၌ စိတ်ကို ကြည်ညိုစေ၍ တုသိတာဘုံသို့ ရောက်ရပေ၏။

၅၉။ ထိုတုသိတာဘုံ၌ နတ်၌ဖြစ်သော ကခြင်းတို့ဖြင့်၎င်း သီချင်းတို့ဖြင့်၎င်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ကောင်းမှုကံနှင့် ယှဉ်သော ချမ်းသာကို အခါခပ်သိမ်း ခံစားရပေ၏။

၆၀။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့ခြင်းသည် မရှိချေ၊ ဤသို့ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၆၁။ သမုဒ္ဒရာနှင့်တကွ တောင်နှင့်တကွသော လေးကျွန်းတို့သည် အကြင်မျှလောက်ရှိကုန်၏၊ ငါသည် သစ်သီးကို မြတ်စွာဘုရားအား လှူခြင်းကြောင့် ထိုလေးကျွန်းတို့၌ အစိုးရခြင်းကို ပြုရ၏။

၆၂။ ကောင်းကင်၌ ပျံသန်းနေကြသော ငှက်အပေါင်းတို့သည် အကြင်မျှလောက် အတိုင်းအရှည် ရှိကုန်၏၊ ထိုငှက်အပေါင်းတို့သည်လည်း ငါ၏အလိုသို့ အစဉ်လိုက်ကြရကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် သစ်သီးလှူရခြင်း၏ အကျိုးပေတည်း။

၆၃။ နတ်တို့သည်၎င်း ဘုတ်ဘီလူးတို့သည်၎င်း ရက္ခိုသ်တို့သည်၎င်း ကုမ္ဘဏ်နတ်တို့သည်၎င်း ဂဠုန်တို့သည်၎င်း အကြင်မျှလောက် တောအုပ်၌ ရှိကုန်၏၊ ထိုနတ်အစရှိသည်တို့သည်လည်း ငါ့အား ခစားဆည်းကပ်ခြင်းသို့ ရောက်ကုန်၏။

၆၄။ လိပ်တို့သည်၎င်း ခွေးတို့သည်၎င်း ပျားငယ်တို့သည်၎င်း ခြင် မှက် နှစ်မျိုးစုံတို့သည်၎င်း ရှိကုန်၏၊ ထိုသတ္တဝါတို့သည်လည်း ငါ၏အလိုသို့ အစဉ်လိုက်ကြကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၆၅။ အတောင်ရှိကုန်သော ကြီးမားသော ခွန်အားရှိကုန်သော ဂဠုန်(သုပဏ္ဏ)မည်သော ငှက်တို့သည် ရှိကုန်၏၊ ထိုငှက်တို့သည်လည်း ငါ့ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၆၆။ ရှည်သော အသက်ရှိကုန်သော ကြီးမားသော တန်ခိုးရှိကုန်သော များသော အခြံအရံရှိကုန်သော အကြင်နဂါးတို့သည် ရှိကုန်၏၊ ထိုနဂါးတို့သည်လည်း ငါ၏အလိုသို့ အစဉ်လိုက်ကြရကုန်၏၊ ဤသို့ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၆၇။ ခြင်္သေ့တို့သည်၎င်း ကျားတို့သည်၎င်း သစ်တို့သည်၎င်း ဝံ ဝံပုလွေ အောင်းတို့သည်၎င်း ရှိကုန်၏၊ ထိုသတ္တဝါတို့သည်လည်း ငါ၏အလိုသို့ အစဉ်လိုက်ကြရကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၆၈။ ဆေးပင် မြက်ပင်၌ နေကုန်သော နတ်တို့သည်၎င်း ကောင်းကင်၌နေကုန်သော နတ်တို့သည်၎င်း ရှိကုန်၏၊ အလုံးစုံသော နတ်တို့သည် ငါ့ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၆၉။ (ငါသည်) အလွန်သိမ်မွေ့နက်နဲ၍ ကောင်းစွာ ပြအပ်သော အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်ကို တွေ့ရောက်၍ နေရ၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၇၀။ ကိလေသာကို ပူပန်စေတတ်သော ရင့်ကျက်သော ဉာဏ်လည်းရှိသော ငါသည် ဝိမောက္ခရှစ်ပါးတို့ကို တွေ့ရောက်၍ အာသဝမရှိပဲ နေရ၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၇၁။ ကုန်ပြီးသော ဒေါသရှိကုန်သော များသော အခြံအရံရှိကုန်သော ဖိုလ်၌တည်ကုန်သော အကြင်မြတ်စွာဘုရား၏ သားတော်တို့သည် ရှိကုန်၏၊ ထိုသားတော်တို့တွင် ငါသည် တယောက်အပါအဝင် ဖြစ်ရ၏၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၇၂။ ငါသည် အဘိညာဉ်တို့၏ အထွတ်အထိပ်သို့ ရောက်၍ ဖြူစင်သော ကံအကြောင်းရင်းသည် တိုက်တွန်းအပ်သောကြောင့် အလုံးစုံသော အာသဝတို့ကို ပိုင်းခြားသိသဖြင့် အာသဝ မရှိပဲ နေရ၏။

၇၃။ ဝိဇ္ဇာသုံးပါး ရှိကုန်သော တန်ခိုးသို့ ရောက်ကုန်သော များသော အခြံအရံ ရှိကုန်သော ဒိဗ္ဗသောတအဘိညာဉ်နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ သားတော်တို့သည် ရှိကုန်၏၊ ထိုသားတော်တို့တွင် ငါသည် တယောက်အပါအဝင် ဖြစ်ရ၏။

၇၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အသီးလှူရခြင်း၏ အကျိုးပေတည်း။

၇၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၆။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သဗ္ဗဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် သဗ္ဗဖလဒါယကထေရအပဒါန် ပြီး၏။**

---

## ၁၀-ပဒုမဓာရိကထေရအပဒါန်

၇၈။ ဟိမဝန္တာ၏အနီး၌ ရောမသမည်သော တောင်သည် ရှိ၏၊ ထိုတောင်၌ သမ္ဘဝ မည်သော ပစ္စေကဗုဒ္ဓါသည်လည်း ထိုအခါ လွင်တီးခေါင်၌ နေတော်မူ၏။

၇၉။ ငါသည် ဘုံဗိမာန်မှ ထွက်၍ ပဒုမာကြာကို ပစ္စေကဗုဒ္ဓါအား ဆောင်းမိုးခဲ့၏၊ တရက်မျှ ဆောင်းမိုး၍ ဘုံဗိမာန်သို့ တဖန်ပြန်လာခဲ့၏။

http://www.dhammadownload.com



၁၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပစ္စေကဗုဒ္ဓါကို ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၂။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်ပဒုမခာရိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ဆယ်ခုမြောက် ပဒုမခာရိကတ္ထေရအပဒါန် ပြီး၏။**

**ငါးဆယ့်နှစ်ခုမြောက် ဖလဒါယကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅၃-တိဏဒါယကဝဂ်

## ၁-တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန်

၁။ ဟိမဝန္တာ၏ အနီး၌ လမ္ဗကမည်သောတောင်သည် ရှိ၏၊ ထိုတောင်၌သာလျှင် တိဿ မြတ်စွာဘုရားသည် လွင်တီးခေါင်၌ စင်္ကြံ ကြွသွားတော်မူ၏။

၂။ ငါသည် ရှေးအခါ ငှက်တို့၏ တွန်မြည်ရာဖြစ်သောတော၌ သားမုဆိုး ဖြစ်ခဲ့၏၊ ထိုနတ်ထက်နတ်မြတ်ဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ငါသည် မြက်ဆုပ်ကို လှူဒါန်းခဲ့၏။

၃။ မြတ်စွာဘုရားအား ထိုင်တော်မူခြင်းငှါ(မြက်ဆုပ်ကို)လှူပြီးလျှင် စိတ်ကို ကြည်လင်စေခဲ့၏၊ ငါသည် မြတ်စွာဘုရားကို ရှိခိုးပြီး၍ မြောက်အရပ်သို့ ရှေးရှုဖဲသွားခဲ့၏။

၄။ ဖဲသွား၍မှ မကြာမြင့်မီ သားတို့သနင်းခြင်္သေ့မင်းသည် (ငါ့ကို) နှိပ်စက်၏၊ ငါသည် ခြင်္သေ့နှိပ်စက်ခံရသည်ဖြစ်၍ ထိုအရပ်၌ ကွယ်လွန်ခဲ့၏။

၅။ အာသဝ ကင်းတော်မူသော ဘုရားမြတ်၌ ငါသည် သေခါနီးအခါ ကောင်းမှုကံကို ပြုအပ်၏၊ (ထိုကံကြောင့်)ငါသည် ကောင်းစွာ လွှတ်အပ်သော မြှားအဟုန်ကဲ့သို့ နတ်ပြည်သို့ ရောက်ရ၏။

၆။ ထိုနတ်ပြည်၌ ကုသိုလ်သည် ဖန်ဆင်းအပ်သော တင့်တယ်လှပသော ပြာသာဒ်သည် ဖြစ်၏၊ အပိုင်းအခြား (အခန်း)တထောင်ရှိ၏၊ ဂျင်လုံး (ပွတ်လုံးတိုင်)တရာရှိ၏၊ တံခွန်များစွာ ရှိ၏၊ ရွှေအတိပြီး၏။

၇။ ထိုပြာသာဒ်၏ အရောင်သည် တက်သစ်သော နေမင်းကဲ့သို့ ထိုမှ ဤမှ ပြေးသွား၏၊ ငါသည် နတ်သမီးတို့ဖြင့် ခြံရံလျက် အလိုရှိတိုင်း မွေ့လျော်ရ၏။

၈။ နတ်ပြည်မှ စုတေလတ်သော် ဖြူစင်သော ကံအကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ လူ့ဘဝသို့ ရောက်ပြီးလျှင် အာသဝကုန်ရာ နိဗ္ဗာန်သို့ ရောက်ရ၏။

၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ငါသည် နိသီဒိုင်ကို လှူခဲ့၏၊ ထိုအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြက်ဆုပ်(လှူရခြင်း၏) အကျိုးပေတည်း။

၁၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝ မရှိပဲ နေရ၏။

၁၁။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရားအထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

http://www.dhammadownload.com



၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုငင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်တိဏမုဋ္ဌိဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှေးဦးစွာသော တိဏမုဋ္ဌိဒါယကတ္ထေရအပဒါန် ပြီး၏။**

## ၂-မဉ္စဒါယကတ္ထေရအပဒါန်

၁၃။ လောက၏ အကြီးအမှူးဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ဝိပဿီ မြတ်စွာဘုရားအား ငါသည် ကြည်ညိုသည်ဖြစ်၍ မိမိလက်ဖြင့် ညောင်စောင်းတစ်ခုကို (ပြုလုပ်) လှူဒါန်းခဲ့၏။

၁၄။ ငါသည် ထိုညောင်စောင်း အလှူကြောင့် ဆင်ယာဉ် မြင်းယာဉ် နတ်ယာဉ်တို့ကို ရခဲ့၏၊ အာသဝကုန်ရာ နိဗ္ဗာန်သို့ ရောက်ရ၏။

၁၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ညောင်စောင်းကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ညောင်စောင်းလှူရခြင်း၏ အကျိုးပေတည်း။

၁၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၇။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဉ္စဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**နှစ်ခုမြောက် မဉ္စဒါယကတ္ထေရအပဒါန် ပြီး၏။**

## ၃-သရဏဂမနိယတ္ထေရအပဒါန်

၁၉။ ထိုအခါ ရဟန်းသည်ငင်း အာဇီဝကတက္ကတွန်းသည်ငင်း ငါသည်ငင်း လှေကိုတက်စီးကြကုန်၏၊ လှေသည် ပျက်လတ်သော် ရဟန်းသည် ငါ့အား သရဏဂုံကို ပေး၏။

၂၀။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ထိုရဟန်းသည် ငါ့အား သရဏဂုံကို ပေးခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သရဏဂုံ၏ အကျိုးပေတည်း။

၂၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၂။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

http://www.dhammadownload.com



၂၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်သရဏာဂမနိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် သရဏာဂမနိယတ္ထေရအပဒါန် ပြီး၏။**

---

## ၄-အဗ္ဘဉ္ဇနဒါယကတ္ထေရအပဒါန်

၂၄။ ငါသည် ဗန္ဓုမတီမြို့ မင်းဉယျာဉ်၌ နေ၏၊ ထိုအခါ ငါသည် သားရေကို ဝတ်လျက် ရေကရားကို ဆောင်၏။

၂၅။ အညစ်အကြေးကင်းသော အလိုလိုဖြစ်၍ ရန်သူတို့မအောင်နိုင်သော လို့ လရှိသည် ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိတော်မူသော ဈာန်ဝင်စားလျက် ဈာန်၌ မွေ့လျော်သော ဝသီဘော် ရှိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၆။ အလိုရှိသမျှ အလုံးစုံ ပြည့်စုံတော်မူသော ဩဃမှ လွန်မြောက်တော်မူသော အာသဝ မရှိသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရ၍ ငါသည် ကြည်ညိုဝမ်းမြောက်လျက် ခြေနယ်ဆီကို လှူခဲ့၏။

၂၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အလှူကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ခြေနယ်ဆီ လှူရခြင်း၏ အကျိုးပေတည်း။

၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်အဗ္ဘဉ္ဇနဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**လေးခုမြောက် အဗ္ဘဉ္ဇနဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၅-သုပဋဒါယကတ္ထေရအပဒါန်

၃၁။ ဝိပဿီမြတ်စွာဘုရားသည် နေ့အခါ၌ ကျောင်းမှ ထွက်လတ်သော် ငါသည် ကောင်းသော အဝတ်ပုဆိုးကို လျှင်မြန်စွာ လှူဒါန်းခဲ့ခြင်းကြောင့် တကမ္ဘာပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ငါသည် ကောင်းသော ပုဆိုးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့ လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းသော ပုဆိုး(လှူရခြင်း)၏ အကျိုးပေတည်း။

http://www.dhammadownload.com



၃၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၄။ ငါ၏ လာခြင်းကား ။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုပဋ္ဋဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် သုပဋ္ဋဒါယကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ဒဏ္ဍဒါယကတ္ထေရအပဒါန်

၃၆။ ထိုအခါ ငါသည် ငှက်တို့တွန်မြည်ရာ ဖြစ်သော တောသို့ဝင်၍ ဝါးကို ဖြတ်ပြီးလျှင် တောင်ဝှေးကို ပြုလုပ်လျက် သံဃာအား မျှားစွာ လှူဒါန်းခဲ့၏၊

၃၇။ ထိုစိတ်၏ ကြည်လင်ခြင်းကြောင့် ကောင်းသော အကျင့်ရှိသော သံဃာ၌ ရိုသေစွာ ရှိခိုး၍ တောင်ဝှေးကို လှူပြီးလျှင် မြောက်အရပ်သို့ မျက်နှာမူလျက် ဖဲသွားခဲ့၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ တောင်ဝှေးကို လှူဒါန်းခဲ့ရသောအခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တောင်ဝှေးလှူရခြင်း၏ အကျိုးပေတည်း။

၃၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၀။ ငါ၏ လာခြင်းကား ။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒဏ္ဍဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဒဏ္ဍဒါယကတ္ထေရအပဒါန် ပြီး၏။

နှစ်ဆယ့်သုံးခုမြောက် ဘာဏဝါရ ပြီး၏။

---

## ၇-ဂိရိနေလပူဇကတ္ထေရအပဒါန်

၄၂။ ရှေးအခါ ငါသည် တော၌ လှည့်လည်သော သားမုဆိုးဖြစ်ခဲ့၏၊ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်တော်မူသော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၃။ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါး၌ ပျော်မွေ့တော်မူသော မဟာကရုဏာရှင် မြတ်စွာဘုရား၌ ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အောင်မဲညိုပွင့်ကို ပူဇော်ခဲ့၏။

http://www.dhammadownload.com



၄၄။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၄၆။ ငါ၏ လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂိရိနေလပူဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် ဂိရိနေလပူဇကတ္ထေရအပဒါန် ပြီး၏။

---

## ၈-ဗောဓိသမ္မဇ္ဇကတ္ထေရအပဒါန်

၄၈။ ရှေးအခါ စေတီယင်ပြင်၌ စွန့်ပစ်အပ်သော ဗောဓိရွက်သည် ရှိ၏၊ ငါသည် ထိုဗောဓိရွက်ကို ယူ၍ စွန့်ပစ်ခဲ့၏၊ ထိုကောင်းမှုကြောင့် နှစ်ဆယ်သော ဂုဏ်ကျေးဇူးတို့ကို ရခဲ့၏။

၄၉။ ထိုကံ၏တန်ခိုးကြောင့် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် နတ်ဘဝ လူ့ဘဝ ဖြစ်သော နှစ်မျိုးသောဘဝ၌ ကျင်လည်ရ၏။

၅၀။ နတ်ပြည်မှ စုတေ၍ လူ့ဘဝသို့ ရောက်သည်ရှိသော် မင်းမျိုး ပြာဟ္မဏမျိုး ဖြစ်သော နှစ်ပါးသော အမျိုး၌ ဖြစ်ရ၏။

၅၁။ ငါသည် အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၏၊ အလုံးအယပ်နှင့် ပြည့်စုံ၏၊ အလွန်အဆင်းလှ၏၊ စင်ကြယ်သူ ဖြစ်၏၊ မယုတ်လျော့ပဲ ပြည့်ဖြိုးသော အင်္ဂါရှိသူ ဖြစ်ပေ၏။

၅၂။ ငါသည် နတ်ပြည်၌လည်း လူ့ပြည်၌လည်း အမှတ်မရှိ တစ်ခုတခုသောဘဝ၌လည်း ဖြစ်သည် ရှိသော် ရွှေအဆင်းနှင့်တူသော အဆင်းရှိလျက် လျှော်ပြီး ဦးမြီးသော ရွှေနှင့်တူသောသူ ဖြစ်ပေ၏။

၅၃။ ဗောဓိရွက်ကို စွန့်ပစ်ရသော ကံကြောင့် ငါ၏ အသားအရေသည် အခါခပ်သိမ်း နူးညံ့၏၊ ပြေပြစ်၏၊ ညက်ညော၏၊ သိမ်မွေ့၏၊ အလွန်နုနယ်၏။

၅၄။ အမှတ်မရှိသော လားရာဂတိဝယ်ဖြစ်ပေါ်လာသော ကိုယ်ခန္ဓာ၌ မြူအညစ်အကြေး မလိမ်းကျံ၊ ဤကား ဗောဓိရွက် စွန့်ခြင်း၏ အကျိုးပေတည်း။

၅၅။ ထိုငါ့အား လေပူ နေပူကြောင့်လည်း မီးပူကြောင့်လည်း ကိုယ်၌ ချွေးတို့သည် မထွက်ကုန်၊ ဤကား ဗောဓိရွက် စွန့်ခြင်း၏ အကျိုးပေတည်း။

၅၆။ နူနာလည်း အိုင်းအနာလည်း ဝဲကြီးနာလည်း မှဲ့လည်း သွေးစုနာလည်း ထိုမှတပါး ပွေးနာလည်း ဤအနာတို့သည် ငါ၏ကိုယ်ခန္ဓာ၌ မဖြစ်ကုန်၊ (ဤကား) ဗောဓိရွက် စွန့်ခြင်း၏ အကျိုး ပေတည်း။

http://www.dhammadownload.com



၅၇။ ဘ၀ကြီးငယ်၌ ထိုငါ့အား ကိုယ်၌ ရောဂါတို့သည် မဖြစ်ကုန်ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏၊ (ဤကား) ဗောဓိရှက် စွန့်ခြင်း၏ အကျိုးပေတည်း။

၅၈။ ဘ၀ကြီးငယ်၌ ထိုငါ့အား စိတ်ကြောင့်ဖြစ်သော နှိပ်စက်ခြင်းတို့သည် မဖြစ်ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏၊ (ဤကား) ဗောဓိရှက် စွန့်ခြင်း၏ အကျိုးပေတည်း။

၅၉။ ဘ၀ကြီးငယ်၌ ထိုငါ့အား ရန်သူတို့သည် မရှိကုန်ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏၊ (ဤကား) ဗောဓိရှက် စွန့်ခြင်း၏ အကျိုးပေတည်း။

၆၀။ ဘ၀ကြီးငယ်၌ ထိုငါ့အား မယုတ်လျော့သော စည်းစိမ်ဥစ္စာရှိသူဖြစ်၏ ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏၊ (ဤကား) ဗောဓိရှက် စွန့်ခြင်း၏ အကျိုးပေတည်း။

၆၁။ ဘ၀ကြီးငယ်၌ ထိုငါ့အား မီးဘေးမင်းဘေး ခိုးသူဘေး ရေဘေးသည် မဖြစ်ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏။

၆၂။ ဘ၀ကြီးငယ်၌ ထိုငါ့အား အခြံအရံဖြစ်သော ကျွန်မိန်းမ ကျွန်ယောကျ်ားတို့သည် ငါ၏စိတ်အလိုသို့ လိုက်ကြကုန်၏ဟူသော တပါးသော ဂုဏ်ကျေးဇူးသည်လည်း ဖြစ်၏။

၆၃။ လူ့ဘ၀ဝယ် အကြင်အသက်တန်း၌ ဖြစ်၏၊ ထိုအသက်တန်းအောက် ငါ၏အသက်သည် မယုတ်လျော့ချေ၊ ငါသည် အသက်တန်းရှိသလောက် တည်ရပေ၏။

၆၄။ အတွင်းလူတို့သည်ငှင်း အပြင်လူတို့သည်ငှင်း တိုင်းသူပြည်သားနှင့်တကွ နိဂုံးသူ နိဂုံးသားတို့သည်ငှင်း အလုံးစုံသောသူတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်ရှိကုန်လျက်(ငါ၏) ကြီးပွါးခြင်းကို အလိုရှိကုန်၏၊ ချမ်းသာခြင်းကို အလိုရှိကုန်၏။

၆၅။ ငါသည် စည်းစိမ်ဥစ္စာရှိသူ အခြံအရံရှိသူ ဘုန်းကြက်သရေရှိသူ ဆွေမျိုးအသင်း အပင်းရှိသူ ဖြစ်ပေ၏၊ ငါသည် ဘ၀၌ဖြစ်ရသည်ရှိသော် အခါခပ်သိမ်း ကြောက်ခြင်း ထိတ်လန့်ခြင်း ကင်းသူ ဖြစ်ပေ၏။

၆၆။ နတ် လူ အသုရာ ဂန္ဓဗ္ဗနတ် ဘီလူး ရက္ခိုသ်ဟူကုန်သော ထိုအလုံးစုံတို့သည် ဘ၀၌ ကျင်လည်သော ငါ့အား အခါခပ်သိမ်း စောင့်ရှောက်ကုန်၏။

၆၇။ နတ်ပြည်၌ငှင်း လူ့ပြည်၌ငှင်း စည်းစိမ်နှစ်မျိုးတို့ကို ခံစားပြီး၍ အဆုံးဘ၀၌လည်း အေးမြသော အမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်ရပေ၏။

၆၈။ အကြင်သူသည် မြတ်စွာဘုရားကိုငှင်း ထိုမြတ်စွာဘုရား၏ ဗောဓိ(ပင်)ကိုငှင်း ရည်စူး၍ ကုသိုလ်ကို ပွါးစေ၏၊ ထိုသူအား ရနိုင်ခဲသော အရာဝတ္ထုဟူ၍ အဘယ်မှာ ရှိပါမည်နည်း။

၆၉။ ငါသည် မဂ်၌ငှင်း ဖိုလ်၌ငှင်း ပရိယတ်အာဂုံ၌ငှင်း စျာန် အဘိညာဉ်ဂုဏ်တို့၌ငှင်း သူတပါးတို့ထက် လွန်ကဲသူ ဖြစ်၍ အာသဝ မရှိပဲ ငြိမ်းအေးရပေ၏။

၇၀။ ရှေးအခါ ငါသည် ရွှင်လန်းသော စိတ်ရှိလျက် ဗောဓိပင်၏ အရွက်ကို စွန့်ခဲ့ခြင်းကြောင့် ဤဂုဏ်အင်္ဂါနှစ်ဆယ်တို့နှင့် အခါခပ်သိမ်း ပြည့်စုံသူ ဖြစ်ရပေ၏။

၇၁။ ငါသည် **ကိလေသာတို့ကို** ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ **နေရ၏**။

**၇၂**။ **ငါ၏** လာခြင်းကား။ပ။ **အဆုံးအမတော်ကို လိုက်နာ** ပြုကျင့်အပ်ပါပြီ။

၇၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ **အဆုံးအမတော်ကို** လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဗောဓိသမ္မဇ္ဇကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် ဗောဓိသမ္မဇ္ဇကတ္ထေရအပဒါန် ပြီး၏။**

---

## ၉-အာမဏ္ဍဖလဒါယကတ္ထေရအပဒါန်

၇၄။ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်တော်မူသော လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် သမာဓိ ( နိရောဓသမာပတ် ) မှထ၍ စင်္ကြံကြွတော်မူ၏။

၇၅။ ထိုအခါ ငါသည် ပရိက္ခာရဝန်ကို ယူ၍ သစ်သီးကို ဆောင်ယူသည်ရှိသော် ကိလေသာမှုကင်းတော်မူ၍ စင်္ကြံကြွတော်မူသော ရဟန်းမြတ် ဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၇၆။ ငါသည် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဦးခေါင်း၌ လက်အုပ်ချီလျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် သျှိသျှားသီးကို လှူဒါန်းခဲ့၏။

၇၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ငါသည် အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် သျှိသျှားသီးကို လှူရခြင်း၏ အကျိုးပေတည်း။

၇၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၇၉။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အာမဏ္ဍဖလဒါယကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် အာမဏ္ဍဖလဒါယကတ္ထေရအပဒါန် ပြီး၏။**

---

## ၁၀-သုဂန္ဓတ္ထေရအပဒါန်

၈၁။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်တော်မူသော များသော အခြံအရံ အကျော်အစောရှိတော်မူသော တရားဟောပြောသူတို့ထက် အမြတ်ဆုံး ဖြစ်တော်မူသော အနွယ်အားဖြင့် ကဿပမည်တော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

http://www.dhammadownload.com



၇၂။ (ထိုမြတ်စွာဘုရားသည်)လက္ခဏာတော်(ရှစ်ဆယ်)နှင့် ပြည့်စုံတော်မူ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် ပြည့်စုံတော်မူ၏၊ ဗျာမပ္ပဘာရောင်ခြည်တော်ကဲ့သို့သော ရောင်ခြည်တော်တို့ဖြင့် ခြံရံလျက် ရှိတော်မူ၏၊ ရောင်ခြည်တော်ကွန်ရက်ဖြင့် ဖုံးလွှမ်းလျက် ရှိတော်မူ၏။

၇၃။ (ထိုမြတ်စွာဘုရားသည်) လကဲ့သို့ သက်သာစေတော်မူ၏၊ နေကဲ့သို့ အရောင်အလင်းကို ပြုတော်မူတတ်၏၊ မိုးကဲ့သို့ ငြိမ်းအေးစေတော်မူတတ်၏၊ သမုဒ္ဒရာကဲ့သို့ ဂုဏ်ကျေးဇူး၏ တည်ရာ ဖြစ်တော်မူ၏။

၇၄။ (ထိုမြတ်စွာဘုရားသည်) သီလအားဖြင့် မြေကြီးနှင့်တူတော်မူ၏၊ သမာဓိအားဖြင့် ဟိမဝန္တာနှင့် တူတော်မူ၏၊ ပညာအားဖြင့် ကောင်းကင်နှင့် တူတော်မူ၏၊ မကပ်ငြိခြင်း၌ လေနှင့် တူတော်မူ၏။

၇၅။ ကြီးမားသော လုံ့လရှိတော်မူသော ပရိသတ်တို့၌ ရဲရင့်တော်မူသော ထိုမြတ်စွာဘုရားသည် ရံခါ လူများအပေါင်းကို (ဝဋ်မှ) ထုတ်ဆောင်လျက် သစ္စာတရားတို့ကို ကောင်းစွာ ပြတော်မူ၏။

၇၆။ ထိုအခါ ငါသည် ဗာရာဏသီပြည်၌ များသော အခြံအရံ အကျော်အစောရှိသော သူဌေးသား ဖြစ်ခဲ့၏၊ ထိုအခါ ဆည်းပူးအပ်သော ဥစ္စာစပါးဖြင့် ပေါများ၏။

၇၇-၇၈။ ငါသည် အညောင်းပြေ လမ်းလျှောက်သည်ရှိသော် (သားတို့အား ဘေးမဲ့ပေးရာ) မိဂဒါဝုန်တောသို့ ချဉ်းကပ်ခဲ့၏၊ သန့်ရှင်းလျက် နှစ်သက်ဖွယ်သော စကားရှိတော်မူသော ကရဝိက်ငှက်၏ အသံနှင့် တူမျှသော အသံရှိတော်မူသော ဟင်္သာမင်း၏ အသံနှင့် တူသော အသံရှိတော်မူသော လူအပေါင်းကို သိစေတော်မူတတ်သော အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူတတ်သော ကိလေသာမြူကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၇၉။ ထိုနတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပြီးလျှင် ချိုမြိန်သော တရားသံကို ကြားနာရ၍သာလျှင် များစွာသော စည်းစိမ်ဥစ္စာတို့ကို ပယ်စွန့်လျက် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၈၀။ ငါသည် ဤသို့ ရဟန်းပြုပြီးလတ်သော် မကြာမြင့်မီ အကြားအမြင်များသူဖြစ်လျက် ဆန်းကြယ်သော တရားစကားကို ဟောကြားတတ်သော တရားဟော ဓမ္မကထိက ဖြစ်၏။

၈၁။ ဂုဏ်ကျေးဇူးကို ချီးကျူးမှု၌ ရဲရင့်သောငါသည် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ များစွာသော ပရိသတ်အလယ်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်ကို အဖန်ဖန် ချီးကျူးခဲ့၏။

၈၂။ ဤမြတ်စွာဘုရားသည် ကုန်ပြီးသော အာသဝ ရှိတော်မူပါပေ၏၊ ဆင်းရဲခြင်းကင်းတော်မူပါပေ၏၊ ဖြတ်အပ်ပြီးသော ယုံမှားခြင်းရှိတော်မူပါပေ၏၊ အလုံးစုံသော ကုသိုလ် အကုသိုလ်ကံတို့၏ ကုန်ခန်းခြင်းသို့ ရောက်တော်မူပါပေ၏၊ ဥပဓိကုန်ရာ နိဗ္ဗာန်၌ သက်ဝင်တော်မူပါပေ၏။

၈၃။ ဤမြတ်စွာဘုရားသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏၊ ဤ မြတ်စွာဘုရားသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တော်မူပါပေ၏၊ အတုမရှိ မြင့်မြတ်တော်မူပါပေ၏၊ နတ်နှင့်တကွသော လောကအား မြတ်သော တရားစကြာကို လည်စေတော်မူတတ်ပါပေ၏။

http://www.dhammadownload.com



၉၄။ မြတ်စွာဘုရားသည် (ကိုယ်တိုင်) ယဉ်ကျေးပြီး၍ (လူအပေါင်းကိုလည်း) ယဉ်ကျေးစေတော်မူပါပေ၏၊ (ကိုယ်တိုင်) ငြိမ်သက်ပြီး၍ (လူအပေါင်းကိုလည်း) ငြိမ်သက်စေတော်မူတတ်ပါပေ၏၊ (ကိုယ်တိုင်) ငြိမ်းအေးပြီး၍ (လူအပေါင်းကိုလည်း) ငြိမ်းအေးစေတော်မူတတ်ပါပေ၏၊ (ကိုယ်တိုင်) သက်သာရာရပြီး၍ (လူအပေါင်းကိုလည်း) သက်သာရာရစေတော်မူတတ်ပါပေ၏။

၉၅။ ထိုမြတ်စွာဘုရားသည် လုံ့လရှိတော်မူပါပေ၏၊ ရဲရင့်တော်မူပါပေ၏၊ နှစ်သက်ခြင်းရှိတော်မူပါပေ၏၊ ပညာရှိတော်မူပါပေ၏၊ ကရုဏာရှိတော်မူပါပေ၏၊ ဝသီဘော်ရှိတော်မူပါပေ၏၊ ရန်ကို အောင်ပြီးတော်မူပါပေ၏၊ မာန်မူခြင်း ကင်းတော်မူပါပေ၏၊ ကပ်ငြိတွယ်တာခြင်း ကင်းတော်မူပါပေ၏။

၉၆။ မြတ်စွာဘုရားသည် တဏှာကင်းတော်မူပါပေ၏၊ တုန်လှုပ်ခြင်း ကင်းတော်မူပါပေ၏၊ ပညာရှိတော်မူပါပေ၏၊ တွေဝေခြင်း ကင်းတော်မူပါပေ၏၊ ပြိုင်ဖက်ကင်းတော် မူပါပေ၏၊ လေးစားအပ်သူတို့တွင် ဝန်ဆောင်သော နွားလားဥသဘနှင့်လည်း တူတော်မူပါပေ၏၊ ဆင်ပြောင်နှင့်လည်း တူတော်မူပါပေ၏၊ ခြင်္သေ့မင်းနှင့်လည်း တူတော်မူပါပေ၏၊ သိကြားမင်းနှင့်လည်း တူတော်မူပါပေ၏။

၉၇။ မြတ်စွာဘုရားသည် တပ်မက်ခြင်း ကင်းတော်မူပါပေ၏၊ အညစ်အကြေးကင်းတော်မူပါပေ၏၊ ဗြဟ္မာနှင့် တူတော်မူပါပေ၏၊ အယူဝါဒရှိသူတို့ထက် ရဲရင့်တော်မူပါပေ၏၊ ကိလေသာကို ပယ်စွန့်တော်မူပါပေ၏၊ (ကိလေသာ) ငြောင့်တံသင်း ကင်းတော်မူပါပေ၏၊ (ကိလေသာ) မြားငြောင့်ကိုလည်း နုတ်ပြီးတော်မူပါပေ၏၊ အတုမဲ့ ဖြစ်တော်မူပါပေ၏၊ စောင့်စည်းခြင်း စင်ကြယ်ခြင်း ရှိတော်မူပါပေ၏။

၉၈။ မြတ်စွာဘုရားသည် မကောင်းမှုကို အပပြုပြီးဖြစ်တော်မူပါပေ၏၊ ကိလေသာကို ငြိမ်းအေးစေတော်မူပါပေ၏၊ (လူအားလုံးတို့၏) ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ ဆေးဆရာနှင့် တူတော်မူပါပေ၏၊ ငြောင့်တံသင်းကို ပယ်နုတ်တတ်သော ဆေးဆရာနှင့် တူတော်မူပါပေ၏၊ သူရဲကောင်း (စစ်သား)နှင့် တူတော်မူပါပေ၏၊ ကျော်စောသူတို့ထက် ကျော်စောတော်မူပါပေ၏၊ တုန်လှုပ်ခြင်း ကင်းတော်မူပါပေ၏၊ ဝမ်းမြောက်ရွှင်လန်းစေတော်မူပါပေ၏။

၉၉။ မြတ်စွာဘုရားသည် (သံသရာမှ) ထုတ်ဆောင်တော် မူတတ်ပါပေ၏၊ နိဗ္ဗာန်ကို ဆောင်ထားတော်မူတတ်ပါပေ၏၊ ငြိမ်သက်တော်မူပါပေ၏၊ (တဏှာကို) သတ်တော်မူတတ်ပါပေ၏၊ (နိဗ္ဗာန်သို့) ဆောင်တော်မူတတ်ပါပေ၏၊ (သစ္စာတရားကို) ပြတော်မူတတ်ပါပေ၏၊ ကောင်းစွာ ရွှင်လန်းစေတော်မူတတ်ပါပေ၏၊ (ကိလေသာကို) ဖျက်ဆီးတော်မူတတ်ပါပေ၏၊ ဖြတ်တောက်တော်မူတတ်ပါပေ၏၊ (တရားကို) နာစေတော်မူတတ်ပါပေ၏၊ ချီးမွမ်းတော်မူတတ်ပါပေ၏။

၁၀၀။ (ကိလေသာ)တံသင်းလည်း ကင်းတော်မူပါပေ၏၊ (ကိလေသာ) ငြောင့်ကိုလည်း နုတ်တော်မူတတ်ပါပေ၏၊ ဆင်းရဲခြင်း ကင်းတော်မူပါပေ၏၊ သို့လောသို့လော တွေးတောခြင်းလည်း ရှိတော်မမူ၊ တဏှာကင်းတော်မူပါပေ၏၊ ကိလေသာမြူကင်းတော်မူပါပေ၏၊တဏှာကို သတ်တော်မူပါပေ၏၊ သီလအနံ့ရှိတော်မူပါပေ၏၊ ဆိုသင့်သည်ကို ဆိုတတ်သည်ဖြစ်၍ ချီးမွမ်းသင့်သည်ကို ချီးမွမ်းတော်မူတတ်ပါပေ၏။

http://www.dhammadownload.com



၁၀၁။ မြတ်စွာဘုရားသည် ကယ်တင်တော်မူတတ်ပါပေ၏၊ အကျိုးကို ပြုတော်မူတတ်ပါပေ၏၊ ပြုစေတော်မူတတ်ပါပေ၏၊ ကိလေသာကို ဖောက်ခွဲတော်မူတတ်ပါပေ၏၊ (နိဗ္ဗာန်သို့) ရောက်စေတော်မူတတ်ပါပေ၏၊ (ကိလေသာကို) နှိပ်စက်တော်မူတတ်ပါပေ၏၊ နှစ်သက်စေတော်မူတတ်ပါပေ၏၊ ကိလေသာကို သတ်တော်မူတတ်ပါပေ၏၊ (ကိလေသာကို) ပွပန်စေတတ်သော လုံ့လရှိတော်မူပါပေ၏၊ အစွမ်းသတ္တိ ရှိတော်မူပါပေ၏။

၁၀၂။ သတ္တဝါတို့ထက်မြတ်သော ဣသိဖြစ်တော်မူသော မြတ်စွာဘုရားသည် မျှတသော စိတ်ရှိတော်မူပါပေ၏၊ အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူပါပေ၏၊ (တဏှာ) အဖော်ကင်းတော်မူပါပေ၏၊ သနားခြင်း ရှိတော်မူပါပေ၏၊ အကျော်အစော ရှိတော်မူပါပေ၏၊ ကိလေသာကို ဖြတ်တောက်သော လက်နက်ရှိတော်မူပါပေ၏၊ ပလွှားခြင်း ကင်းတော်မူပါပေ၏၊ ပြုအပ်ပြီးသော မဂ်ကိစ္စ ရှိတော်မူပါပေ၏။

၁၀၃။ မြတ်စွာဘုရားသည် ကူးမြောက်ပြီးသော ယုံမှားခြင်း ရှိတော်မူပါပေ၏၊ မာန်မာန ကင်းတော်မူပါပေ၏၊ မနှိုင်းယှဉ်အပ်သည်ဖြစ်၍ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ အလုံးစုံသော စကားလမ်းကြောင်းကို ကျော်လွန်တော်မူပါပေ၏၊ သစ္စာလေးပါးကို သိခြင်း၌ အဆုံးသို့ ရောက်တော်မူပါပေ၏။

၁၀၄။ သတ္တဝါတို့၏ အနှစ်အမြုတေဖြစ်သော ထိုမြတ်စွာဘုရား၌ ကြည်ညိုခြင်းသည် အမြိုက်နိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရား၌ရှင်း တရား၌ရှင်း သံဃာ၌ ရှင်း ယုံကြည်မှုသဒ္ဓါသည် ကြီးမြတ်သော အကျိုးရှိပေ၏။

၁၀၅။ ဤသို့ အစရှိကုန်သော ဂုဏ်တို့ဖြင့် လောကသုံးပါး၏ ကိုးကွယ်ရာ အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားကို ငါသည် ပရိသတ်အလယ်၌ ချီးကျူးလျက် တရားစကား ဟောပြောမှုကို ပြုခဲ့၏။

၁၀၆။ ငါသည် ထိုဘဝမှ စုတေလတ်သော် တုသိတာဘုံ၌ ကြီးကျယ်သော ချမ်းသာကို ခံစားရ၍ ထိုတုသိတာဘုံမှ စုတေလျက် လူ့ဘုံတို့၌ ဖြစ်လတ်သော် ကောင်းသော ဂုဏ်ရနံ့ ရှိသူ ဖြစ်ပေ၏။

၁၀၇။ ခံတွင်း အနံ့သည်လည်း မကောင်းသော အနံ့မရှိ၊ (မွှေးကြိုင်၏) ငါ၏ကိုယ်နံ့သည် အလားတူပင်တည်း၊ ချွေးအနံ့သည်လည်း အမြဲ ငါ့အား အလုံးစုံ မွှေးရနံ့သည်ပင် ဖြစ်၏။

၁၀၈။ ငါ၏ခံတွင်းနံ့သည် အခါခပ်သိမ်း ပဒုမာကြာနံ့ ဥပ္ပလကြာနံ့ စကားပန်းနံ့ ရှိ၏၊ ပရိသတ်အဆုံးတိုင်အောင် အခါခပ်သိမ်း ကြိုင်လှိုင်၏၊ ငါ၏ကိုယ်နံ့သည်လည်း အလားတူ မွှေးကြိုင်သည်သာတည်း။

၁၀၉။ ငါသည် (မြတ်စွာဘုရား၏) ဂုဏ်ကို ချီးကျူးခြင်း၏ အလွန်အံ့ဖွယ်ကောင်းသော ထိုအကျိုးအားလုံးကို မြွက်ဆိုပေအံ့၊ အလုံးစုံသော သင်တို့သည် တည်ကြည်သောစိတ်ဖြင့် ငါ၏စကားကို နာကုန်လော့—

၁၁၀။ မြတ်စွာဘုရား၏ ဂုဏ်ကို ပြောဆိုခြင်းကြောင့် အစီးအပွါး၌လည်း အတူမရှိချေ၊ ငါသည် အလုံးစုံသောဘဝ၌ ချမ်းသာသောသူ ကိလေသာကို ညှဉ်းဆဲနိုင်သူ ရဲရင့်ခြင်းနှင့် ပြည့်စုံသောသူ ဖြစ်ရပေ၏။

http://www.dhammadownload.com



၁၁၁။ ငါသည် အခြံအရံအကျော်အစောရှိ၏၊ ချမ်းသာခြင်းရှိ၏၊ နှစ်သက်အပ်၏၊ အရောင်အဆင်းရှိသည်ဖြစ်၍ ချစ်ဖွယ်ကောင်းသူ ရှုချင်ဖွယ်ကောင်းသူ ဖြစ်၏၊ ယဉ်ကျေးစွာပြောဆိုတတ်၏၊ သူတပါးတို့ မနှိပ်စက်နိုင်သည်ဖြစ်၍ အပြစ်ကင်းသူဖြစ်၏၊ (ထိုမှတပါး) ပညာရှိသူဖြစ်၏။

၁၁၂။ မြတ်စွာဘုရားကို ဆည်းကပ်လေ့ရှိသော သူအား အသက်တန်း ကုန်သည်ရှိသော် နိဗ္ဗာန်ကို ရလွယ်ပေ၏၊ ထိုပုဂ္ဂိုလ်တို့၏ အကြောင်းကို အမှန်အတိုင်း ဆိုပေအံ့၊ ထိုစကားကို နာကုန်လော့—

၁၁၃။ ငါသည် မြတ်စွာဘုရားအား ထင်ရှားရှိသော ကျော်စောခြင်းကို(ဆိုအပ်ပြီးသော) အစီအရင်ဖြင့် ချီးကျူးခဲ့၍ ထိုထိုဘဝ၌ ဖြစ်သော်လည်း ထိုကုသိုလ်ကံကြောင့် အခြံအရံအကျော်အစောများသူ ဖြစ်ရပေ၏။

၁၁၄။ ငါသည် ဆင်းရဲ၏ အဆုံးကို ပြုတတ်သော မြတ်စွာဘုရားကိုငင်း (အကြောင်းတရားတို့) မပြုပြင်အပ်သော ငြိမ်သက်သောတရားကိုငင်း ချီးမွမ်းခဲ့၍ ထိုကံကြောင့် (ကိုယ်တိုင်) ချမ်းသာသောသူဖြစ်လျက် သတ္တဝါတို့ကိုလည်း ချမ်းသာပေးနိုင်သူ ဖြစ်ရပေ၏။

၁၁၅။ ငါသည် မြတ်စွာဘုရား၌ နှစ်သက်ခြင်းရှိသည်ဖြစ်၍ မြတ်စွာဘုရား၏ဂုဏ်တော်ကို ချီးကျူးလျက် မိမိကိုယ်တိုင် နှစ်သက်ခြင်းကိုငင်း သူတပါးကိုလည်း နှစ်သက်စေခြင်းကိုငင်း ဖြစ်စေ၏၊ ထိုကံကြောင့် ငါသည် နှစ်သက်ခြင်းခံရသူလည်း ဖြစ်ရပေ၏။

၁၁၆။ ပညာရောင်ရှိတော်မူသော မြတ်စွာဘုရားသည် တိတ္ထိဖြင့်ရောပြွမ်းသော လောက၌ ယုတ်မာသော တိတ္ထိကို လွှမ်းမိုး၍ အောင်မြင်တော်မူပါပေ၏၊ ဤသို့ အကျွန်ုပ်သည် အရှင်ဘုရား၏ ဂုဏ်တော်ကို ချီးကျူးလျက် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ထွန်းတောက်စေခဲ့ပါ၏။

၁၁၇။ ငါသည် လူအပေါင်းအား ချစ်ခင်ဖွယ်ကို ပြုလေ့ရှိသော မြတ်စွာဘုရား၏ဂုဏ်တော်ကိုလည်း ချီးကျူးခဲ့ပေ၏၊ ထိုကံကြောင့် ငါသည် တန်ဆောင်မုန်းလ၌ ထွက်ပေါ်သော လမင်းကဲ့သို့ ချစ်အပ်သူ ချစ်ခင်ဖွယ်ရှိသူ ဖြစ်ရပေ၏။

၁၁၈။ ငါသည် အစွမ်းသတ္တိရှိသည့်အတိုင်း အလုံးစုံသောစကားတို့ဖြင့် မြတ်စွာဘုရားကို ချီးကျူးခဲ့၏၊ထိုကံကြောင့် စကားကို အစိုးရသူ ဆန်းကြယ်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပေ၏။

၁၁၉။ ယုံမှားခြင်းသို့ ရောက်သော အကြင်လူမိုက်တို့သည် မြတ်စွာဘုရားကို ရှုတ်ချကဲ့ရဲ့ကုန်၏၊ ငါသည် ထိုလူမိုက်တို့ကို သူတော်ကောင်းတရားဖြင့် နှိမ်နင်းခဲ့၏၊ ထိုကုသိုလ်ကံကြောင့် ငါသည် ရှုတ်ချကဲ့ရဲ့ခံရသူ မဖြစ်ရပေ။

၁၂၀။ ငါသည် မြတ်စွာဘုရားကို ချီးကျူးခြင်းဖြင့် သတ္တဝါတို့၏ ကိလေသာတို့ကို ပယ်ရှားခဲ့၏၊ ထိုကံ၏အစွမ်းကြောင့် ကိလေသာကင်းသော စိတ်ရှိသူ ဖြစ်ရပေ၏။

၁၂၁။ ငါသည် မြတ်စွာဘုရားအား အောက်မေ့ခြင်းဂုဏ်ကို ညွှန်ပြလျက် တရားနာသူတို့၏ ကြီးပွါးခြင်းကို ဖြစ်စေခဲ့၏၊ ထိုကုသိုလ်ကံကြောင့်လည်း သိမ်မွေ့သော အနက် အဓိပ္ပါယ်ကို သိမြင်သော ပညာရှိ ဖြစ်ရပေ၏။

http://www.dhammadownload.com



၁၂၂။ ငါသည် အာသဝအားလုံး ကုန်ခန်းလျက် သံသရာသမုဒ္ဒရာကို ကူးမြောက်ပြီးသည် ဖြစ်၍ လောင်စာမရှိသော မီးလျှံကဲ့သို့ ငြိမ်းအေးခြင်းသို့ ရောက်ရတော့အံ့။

၁၂၃။ ဤကမ္ဘာ၌ပင်လျှင် ငါသည် မြတ်စွာဘုရားကို ချီးကျူးခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားအား ချီးကျူးရခြင်း၏ အကျိုးပေတည်း။

၁၂၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၂၅။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဂန္ထမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် သုဂန္ထတ္ထေရအပဒါန် ပြီး၏။

**ငါးဆယ့်သုံးခုမြောက် တိဏဒါယကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅၄-ကစ္စာယနဝဂ်

## ၁-မဟာကစ္စာယနတ္ထေရအပဒါန်

၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော ထဏ္ဍာကင်းတော်မူသော အောင်နိုင်ခဲသော ရန်အပေါင်းကို အောင်တော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၂။ (ထိုမြတ်စွာဘုရားသည်) လုံ့လရှိတော်မူ၏၊ ကြာညိုပွင့်ချပ်နှင့်တူသော မျက်လုံးရှိတော်မူ၏၊ လကဲ့သို့ အညစ်အကြေးကင်းသော မျက်နှာရှိတော်မူ၏၊ ရွှေတောင်နှင့်တူတော်မူ၏၊ နေရောင်နှင့်တူမျှသော အရောင်ရှိတော်မူ၏။

၃။ သတ္တဝါတို့၏ မျက်စိနှင့်စိတ်နှလုံးကို ဆွဲဆောင်တော်မူတတ်၏၊ မြတ်သော လက္ခဏာတို့ဖြင့် တန်ဆာဆင်တော်မူအပ်၏၊ အလုံးစုံသော စကားစ လမ်းကြောင်းကို ကျော်လွန်တော်မူ၏၊ လူနတ်တို့သည် အရိုအသေပြုအပ်သော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။

၄။ မြတ်စွာဘုရားသည် သတ္တဝါတို့အား သစ္စာလေးပါးကို သိစေတော်မူတတ်၏၊ စကားကို အစိုးရတော်မူ၏၊ ချိုမြိန်သော အသံရှိတော်မူ၏၊ ကရုဏာဖြင့် နှောင်ဖွဲ့အပ်သော စိတ်အစဉ်ရှိတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်တော်မူ၏။

၅။ (ထိုမြတ်စွာဘုရားသည်) သစ္စာလေးပါးနှင့်စပ်သော ချိုမြိန်သောတရားတော်ကို ဟောတော်မူ၏၊မောဟညွန်၌ နစ်မြုပ်သော သတ္တဝါတို့ကို ကောင်းစွာ ထုတ်ဆောင်ကယ်တင်တော်မူ၏။

၆။ ထိုအခါ ငါသည် ဟိမဝန္တာ၌နေလျက် တဦးတည်းကျင့်သော ရသေ့ဖြစ်၍ ကောင်းကင်ဖြင့် လူတို့မြို့ရွာသို့ သွားသည်ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၇။ ငါသည် ထိုမြတ်စွာဘုရား၏ အထံသို့ ချဉ်းကပ်၍ တပည့်'သာဝက'၏ ကြီးမြတ်သော ဂုဏ်ကို ချီးကျူးတော်မူသော မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားခဲ့၏။

၈။ ဤကစ္စာယနမထေရ်သည် အကျဉ်းအားဖြင့် ငါဟောအပ်သည်ကို အကျယ်အားဖြင့် ဟောပြလျက် ပရိသတ်ကိုရင်း ငါ့ကိုရင်း အကြင်အခြင်းအရာအားဖြင့် နှစ်သက်စေနိုင်ပေ၏။

၉။ ငါသည် ဤသို့ သဘောရှိသော (ကစ္စာယနမှ) တပါးသော တပည့် 'သာဝက' တစုံတယောက်ကို မြင်တော်မမူ၊ ထို့ကြောင့် ထိုမြတ်သော ပုဂ္ဂိုလ်တို့တွင် ဤကစ္စာယနမထေရ်သည် အမြတ်ဆုံးဖြစ်၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ မှတ်ကုန်လော့။

၁၀။ ထိုအခါ ငါသည် စိတ်ကို မွေ့လျော်စေတတ်သော စကားကို ကြားနာရသည်ရှိသော် အံ့ဩသည်ဖြစ်၍ ဟိမဝန္တာသို့သွားပြီးလျှင် ပန်းအပေါင်းကို ဆောင်ယူလျက်—

၁၁။ လောက၏ ကိုးကွယ်ရာ မြတ်စွာဘုရားကို ပူဇော်၍ ထိုအရာကို ဆုတောင်းခဲ့၏၊ ထိုအခါ ငါ၏ စိတ်အလိုကိုသိ၍ ကိလေသာကို စွန့်ပြီးသော ထိုမြတ်စွာဘုရားသည် ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။

http://www.dhammadownload.com



၁၂-၁၃။ လှော်ပြီး ဦးပြီးသော ရွှေနှင့်တူသော အရေရှိသော ရှင်လန်းတက်ကြွသောအမွေး ရှိသော ပြည့်ဖြိုးသော ပခုံးရှိသော တုန်လှုပ်ခြင်းမရှိသော လက်အုပ်ချီလျက် တည်နေသော ရှင်လန်းသော ပြည့်ဖြိုးသောမျက်စိရှိသော မြတ်စွာဘုရား၏ ဂုဏ်(ကျေးဇူး) ၌ ရောက်သော စိတ်အလိုရှိသော တရားကြောင့်ဖြစ်သော တက်ကြွသော စိတ်နှလုံးရှိသော အမြိုက်ရေစင် သွန်းအပ်သကဲ့သို့ဖြစ်သော ဤရသေ့မြတ်ကို ရှုကုန်လော့—

၁၄-၁၅။ ကစ္စာယနမထေရ်၏ ဂုဏ်ကို ကြားနာရ၍ ထိုအရာအထူးကို ဆုတောင်းလျက် တည်နေသော ရသေ့သည် အနာဂတ်ကာလဝယ် ထိုဂေါတမမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် ကစ္စာယနဟု ထင် ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့။

၁၆။ ဤရသေ့သည် ငါဘုရား ဗျာဒိတ်စကားမိန့်ကြားသည့်အတိုင်း မျှားသော အကြား အမြင်ရှိသော ကြီးသောဉာဏ်ရှိသော မြတ်စွာဘုရား၏ အလို(အဓိပ္ပါယ်)ကို သိသော ရဟန်းဖြစ်၍ ထိုအရာအထူးသို့ ရောက်လတ္တံ့။

၁၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကုသိုလ်ကံကို ပြုခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၁၈။ နတ်ဘဝနှင့် လူ့ဘဝဟူသော နှစ်ပါးသောဘဝ၌ ကျင်လည်ရပေ၏၊ တပါးသော လားရာဂတိ(ဒုဂ္ဂတိ)သို့ မရောက်ရပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရ ခြင်း၏ အကျိုးပေတည်း။

၁၉။ မင်းမျိုးနှင့် ပုဏ္ဏားမျိုးဟူသော နှစ်ပါးသောအမျိုး၌ ဖြစ်ရပေ၏၊ ယုတ်နိမ့်သော အမျိုး၌ မဖြစ်ရပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုး ပေတည်း။

၂၀။ ယခု နောက်ဆုံးဖြစ်သော ဘဝ၌လည်း ဥဇ္ဇေနီပြည်၌ စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ် ပုဏ္ဏားနှင့် စပ်သွယ်သော—

၂၁။ တိရိဋိဝစ္ဆပုဏ္ဏား၏သားဖြစ်၍ သိမ်မွေ့၏၊ ဗေဒင်အရာ၌ တဖက်ကမ်းရောက် တတ် မြောက်၏၊ အမိ(သည်)ကား စန္ဒိမာအမည်ရှိပေ၏၊ ငါကား မြတ်သော အရေအဆင်းရှိသော ကစ္စာယန သတို့သားပေတည်း။

၂၂။ မြတ်စွာဘုရားအား စုံစမ်းခြင်းငှါ မင်းသည် စေလွှတ်သည်ရှိသော် နိဗ္ဗာန်မြို့တံခါး သဖွယ်ဖြစ်သော ဂုဏ်တို့၏ စုပေါင်းရာ မြတ်စွာဘုရားကို ဖူးမြင်၍ရင်း—

၂၃။ ဂတိဟူသောညွန်ကို ခြောက်သွေ့စေတတ်သော အညစ်အကြေးကင်းသော တရား စကားကို ကြားနာရ၍ရင်း ကြွင်းသော အဖော်ခုနစ်ယောက်တို့နှင့်တကွ ငြိမ်းသက်သော အမြိုက်နိဗ္ဗာန်သို့ ရောက်ရပေ၏။

၂၄။ ငါသည် မြတ်စွာဘုရား၏ မြတ်သောအယူဝါဒ၌ အလို(အဓိပ္ပါယ်)ကို သိသူဖြစ်၍ တေဒင်္ဂအရာ၌ တင်ထားအပ်သူဖြစ်၍ စိတ်နှလုံး အလိုပြီးမြောက်သူ ဖြစ်ပေ၏။

http://www.dhammadownload.com



၂၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝ မရှိပဲ နေရ၏။

၂၆။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာကစ္စာယနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော မဟာကစ္စာယနတ္ထေရအပဒါန် ပြီး၏။

---

## ၂-ဝက္ကလိတ္ထေရအပဒါန်

၂၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မယုတ်ညံ့သော အမည်တော်ရှိသော (ဂုဏ်အားဖြင့်) မနှိုင်းယှဉ်နိုင်သော အမည်အားဖြင့် ပဒုမုတ္တရဟု ထင်ရှားသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၉။ (ထိုမြတ်စွာဘုရားသည်) ပဒုမာကြာနှင့်တူသော နှုတ်ခမ်း ရှိတော်မူ၏၊ ပဒုမာကြာကဲ့သို့ အညစ်အကြေးကင်းလျက် သန့်ရှင်းသော အရေအဆင်းရှိတော်မူ၏၊ ရေနှင့် ပဒုမာကြာသည် အချင်းချင်း မကပ်ငြိသကဲ့သို့ပင်လျှင် လောကနှင့် လိမ်းကျံ ကပ်ငြိတော်မမူချေ။

၃၀။ လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ကြာပဒုမာပွင့်ချပ်နှင့်တူသော မျက်လုံး ရှိတော်မူ၏၊ ပဒုမာကြာကဲ့သို့ နှစ်သက်ဖွယ်ရှိတော်မူ၏၊ ပဒုမာကြာကဲ့သို့ မြတ်သော အနံ့ရှိတော်မူ၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရားသည် ပဒုမုတ္တရအမည် ရှိတော်မူ၏။

၃၁။ (ထိုမြတ်စွာဘုရားသည်)လောက၏ အကြီးအမှူးလည်း ဖြစ်တော်မူ၏၊ မာန်လည်း ကင်းတော်မူ၏၊ သူကန်းတို့၏ မျက်စိသဖွယ်ဖြစ်တော်မူ၏၊ ငြိမ်သက်သော အသွင်သဏ္ဌာန် ရှိတော်မူ၏၊ ဂုဏ်၏ တည်ရာ ဖြစ်တော်မူ၏၊ သမုဒ္ဒရာကဲ့သို့ ကရုဏာပညာ ရှိတော်မူ၏။

၃၂။ ဗြဟ္မာ အသုရာနှင့် နတ်တို့သည် ပူဇော်အပ်သော လုံ့လကြီးမားသော အမြတ်ဆုံး ဖြစ်သော ထိုမြတ်စွာဘုရားသည် တရံတခါ နတ်နှင့်တကွသော လူတို့နှင့် ရောပြွမ်းလျက် ရှိသော သတ္တဝါတို့အလယ်၌—

၃၃။ ကောင်းသော အနံ့ရှိသော ခံတွင်းတော်မှ ချိုမြိန်သော အသံတော်ဖြင့် အလုံးစုံသော ပရိသတ်ကို ရွှင်ပြုံး နှစ်သက်စေလျက် မိမိတပည့် 'သာဝက' အပေါင်းကို ချီးကျူး တော်မူ၏။

၃၄။ ဤဝက္ကလိရဟန်းသည် ကြည်ညိုခြင်း 'သဒ္ဓါ' ၌ သက်ဝင်၍ တည်သူ ဖြစ်ပေ၏၊ ကောင်းသော ပညာရှိသူ ဖြစ်ပေ၏၊ ငါ့အား ဖူးမြင်ခြင်း၌ ပြင်းပြသော စိတ်အလိုရှိသူ

http://www.dhammadownload.com



ဖြစ်ပေ၏၊ ထိုအခြင်းအရာအားဖြင့် ဤသို့ သဘောရှိသော အခြားသော ရဟန်းသည် မရှိချေ။

၃၅။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ပုဏ္ဏားၡ၏ သားဖြစ်၍ ထိုစကားကို ကြားနာရသည်ရှိသော် ထိုအရာအထူးကို အလွန် နှစ်သက်ခဲ့၏။

၃၆။ ထိုအခါ ငါသည် (ကိလေသာ)အညစ်အကြေး ကင်းသော ထိုမြတ်စွာဘုရားကို တပည့်သာဝကနှင့်တကွ ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကပ်ပြီးလျှင် အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်း လှူဒါန်းခဲ့၏။

၃၇။ ငါသည် ထိုမြတ်စွာဘုရား၏ အဆုံးမရှိသော ဂုဏ်တော်သမုဒ္ဒရာ၌ နစ်မြုပ်၍ ပီတိဖြင့်ပြည့်လျက် ဦးညွတ်ပြီးလျှင် ဤစကားကို လျှောက်၏—

၃၈။ မြတ်စွာဘုရား ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ကြည်ညိုခြင်း 'သဒ္ဓါ' ရှိသော ပုဂ္ဂိုလ်တို့တွင် ဤရဟန်းသည် မြတ်၏ဟု အကြင်ရဟန်းကို ချီးကျူးတော်မူခဲ့ပါ၏၊ မြတ်စွာဘုရား တပည့်တော်သည် ထိုသို့သဘောရှိသော ရဟန်း ဖြစ်ရပါလို၏။

၃၉။ ဤသို့ လျှောက်အပ်သော် အပိတ်အပင်မရှိသော ဉာဏ်အမြင်ရှိတော်မူသော လွန်လကြီးမားသော မြတ်စွာဘုရားသည် ပရိသတ်အား ဤစကားကို မိန့်တော်မူ၏—

၄၀။ ပြေပြစ်သော ရွှေရောင်ပုဆိုးကိုဝတ်သော ရွှေစလွယ်တင်သော ကိုယ်အင်္ဂါရှိသော လူတို့၏ မျက်စိနှင့် စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဤလုလင်ကို ရှုကုန်လော့—

၄၁။ ဤလုလင်သည် အနာဂတ်ကာလ၌ ဂေါတမမြတ်စွာဘုရားအား ကြည်ညို 'သဒ္ဓါ'၌ သက်ဝင်၍ တည်သော ပုဂ္ဂိုလ်တို့တွင် မြတ်သောတပည့် 'သာဝက' သည် ဖြစ်လတ္တံ့။

၄၂။ နတ်ဖြစ်သော်၎င်း လူဖြစ်သော်၎င်း အလုံးစုံသော ပူပန်ခြင်း ကင်းသူ အလုံးစုံသော စည်းစိမ်ဥစ္စာတိုးပွါးသူ ချမ်းသာသောသူဖြစ်၍ ကျင်လည်ရလတ္တံ့။

၄၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၄။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော မြတ်စွာဘုရား၏ တရားအမွေခံ တပည့်သားတော်ဖြစ်၍ အမည်အားဖြင့် ဝက္ကလိဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်'သာဝက' ဖြစ်လတ္တံ့။

၄၅။ ထိုကံအထူးကြောင့်၎င်း စေတနာ ဆောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄၆။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် အလုံးစုံသော ဘဝတို့၌ ချမ်းသာခြင်း ရှိသူဖြစ်၍ သာဝတ္ထိပြည်၌ အမှတ်မရှိသော အမျိုး၌ ဖြစ်ခဲ့၏။

၄၇။ ဆီဦးကဲ့သို့ သိမ်မွေ့သော ပေါက်ခါစ ရွက်နုကဲ့သို့ နူးညံ့သော ပက်လက်အိပ်တတ်ကာမျှဖြင့် ငယ်ရွယ်သော ငါ့ကို မြေဘုတ်ဘီလူးဘေးမှ ကြောက်လန့်ကုန်သော မိဖတို့သည်—

၄၈။ စိတ်ဆင်းရဲကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ခြေတော်ရင်း၌ အိပ်စေကုန်၏၊ မြတ်စွာဘုရား အရှင်ဘုရားအား ဤသူငယ်ကို လှူပါကုန်၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် ကိုးကွယ်ရာ ဖြစ်တော်မူပါလော့။

http://www.dhammadownload.com



၄၉။ ထိုအခါ ကြောက်လန့်သူတို့၏ ကိုးကွယ်ရာဖြစ်သော ထိုမြတ်စွာဘုရားသည် စက်လက္ခဏာတို့ဖြင့် ပြည့်သော ရွှေကွန်ရက်နှင့်တူသော နူးညံ့သိမ်မွေ့သော လက်ဖြင့် ငါ့ကို ခံယူတော်မူ၏။

၅၀။ ငါသည် ထိုအခါမှစ၍ အစောင့်အရှောက်ကင်းသော ထိုမြတ်စွာဘုရားသည် စောင့်ရှောက်အပ်သည်ဖြစ်၍ အလုံးစုံသော ဘေးရန်တို့မှ လွတ်မြောက်လျက် ချမ်းသာသဖြင့် ကြီးပွါးခဲ့ရသူဖြစ်၏။

၅၁။ ငါသည် မြတ်စွာဘုရားနှင့် တမုဟုတ်မျှ ကင်းကွာလတ်သော် ငြီးငွေ့ပျင်းရိလျက် ရှိပေ၏၊ မွေးဖွားသည်မှ ခုနစ်နှစ်မျှ ရှိသေးလျက် ငါသည် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၅၂။ ငါသည် အလုံးစုံသော ပါရမီတော်ကြောင့်ဖြစ်သော ညိုသောမျက်စိ မျက်လုံးရှိသော အလုံးစုံတင့်တယ်ခြင်းတို့ဖြင့် ပြွမ်းသော ရုပ်ပုံတော် (အဆင်း)မြတ်ကို (ဖူးမြော်လျက်) မရောင့်ရဲနိုင်ပဲ နေရပေ၏။

၅၃။ ထိုအခါ မြတ်စွာဘုရားသည် မြတ်စွာဘုရား၏ ရုပ်ပုံတော် (အဆင်း) ၌ မွေ့လျော်ခြင်းကို သိ၍ ငါ့ကို ဆုံးမတော်မူ၏၊ ဝက္ကလိ မသင့်လျော် သူမိုက်တို့သာ နှစ်သက်အပ်သော ရုပ်အဆင်း၌ သင်သည် အဘယ့်ကြောင့် မွေ့လျော်နေဘိသနည်း။

၅၄။ ပညာရှိသော အကြင်သူသည် သူတော်ကောင်းတရားကို မြင်၏၊ ထိုသူသည် ငါ့ကို မြင်သည်သာတည်း၊ သူတော်ကောင်းတရားကို မမြင်သောသူသည် ငါ့ကို မြင်သော်လည်း မမြင်သည် မည်၏။

၅၅။ ကိုယ်ခန္ဓာသည် အဆုံးအပိုင်းအခြားမရှိသော အပြစ်ရှိပေ၏၊ အဆိပ်ပင်နှင့်တူသော ဥပမာရှိပေ၏၊ အလုံးစုံသော ရောဂါတို့၏ နေရာဖြစ်ပေ၏၊ အလုံးစုံသော ဆင်းရဲခြင်း၏ အစုအပုံ ဖြစ်ပေ၏။

၅၆။ ထို့ကြောင့် သင်သည် ရုပ်အဆင်း၌ ငြီးငွေ့၍ ခန္ဓာတို့၏ဖြစ်ခြင်း ပျက်ခြင်းကို ရှုလတ်သော် ညစ်ညူးကြောင်း ကိလေသာတို့၏ အဆုံးသို့ ချမ်းသာစွာ ရောက်လတ္တံ့။

၅၇။ ဤသို့ အစီးအပွါးကို တောင့်တရှာမှီးတော်မူသော ထိုမြတ်စွာဘုရားသည် ဆုံးမတော်မူသည်ရှိသော် ငါသည် ဂိဇ္ဈကုဋ်တောင်သို့ ကောင်းစွာတက်၍ တောင်ချောက်ကြား၌ ကြံမိုင်၏။

၅၈။ မြတ်စွာဘုရားသည် တောင်ခြေ၌ ရပ်လျက် သက်သာစေတော်မူ၏၊ မြတ်စွာဘုရားသည် ဝက္ကလိဟူသောစကားကို မိန့်ခေါ်တော်မူ၏၊ ငါသည် မြတ်စွာဘုရား၏ ထိုစကားကို ကြားရ၍ ဝမ်းမြောက်၏။

၅၉။ အသူတရာ မကသော ကျောက်တောင်ဝှမ်း၌ ချော်ကျ လေ၏၊ ထိုအခါ မြတ်စွာဘုရား၏ အာနုဘော်ကြောင့် ချမ်းသာသဖြင့်သာလျှင် မြေသို့ ရောက်ရပေ၏။

၆၀။ မြတ်စွာဘုရားသည် ငါ့အား ခန္ဓာတို့၏ အဖြစ်အပျက်တရားကို ဟောတော်မူ၏၊ ငါသည် ထိုတရားကို သိ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

http://www.dhammadownload.com



၆၁။ ထိုအခါ အလွန်များသော ပရိသတ်အလယ်၌ အကျင့်'စရဏ'၏ အပြီးအဆုံးသို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ငါ့ကို ကြည်ညိုခြင်း'သဒ္ဓါ'၌ သက်ဝင်၍ တည်သော ပုဂ္ဂိုလ်တို့တွင် မြတ်၏ဟု ပညတ်တော်မူ၏။

၆၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကုသိုလ်ကံကို ပြုခဲ့သောအခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၆၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၆၄။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၅။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝက္ကလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ဝက္ကလိတ္ထေရအပဒါန် ပြီး၏။

---

## ခ-မဟာကပ္ပိနတ္ထေရအပဒါန်

၆၆။ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် တန်ဆောင်မုန်းလအခါ မရေးခြစ်အပ်သော ကောင်းကင်၌ နေကဲ့သို့ တောက်ပလျက် (သဗ္ဗညုတဉာဏ်သို့) တက်ကြွတော်မူ၏။

၆၇။ ထိုမြတ်စွာဘုရားသည် ဝေနေယျကြွာ သတ္တဝါတို့ကို တရားစကားတော်အရောင်ဖြင့် ပွင့်စေတော်မူ၏၊ မြတ်စွာဘုရားသည် ပညာအရောင်တို့ဖြင့် ကိလေသာညွန်ကို ခြောက်သွေ့ စေတော်မူ၏။

၆၈။ နေသည် ပိုးစိမ်းဖြူရောင်တို့ကို ပယ်ဖျောက်သကဲ့သို့ (ထို့အတူ မြတ်စွာဘုရားသည်) တိတ္ထိတို့၏ အကျော်အစောတို့ကို ပယ်ဖျောက်တော်မူ၏၊ နေသည် ရတနာကို ထင်ရှားပြ သကဲ့သို့ (ထို့အတူ) မြတ်စွာဘုရားသည် သစ္စာလေးပါးတို့၏ အနက်အဓိပ္ပါယ်အရောင်ကို ပြတော်မူ၏။

၆၉။ မြတ်စွာဘုရားသည် ရတနာတို့၏တည်ရာ ဖြစ်သော မဟာသမုဒ္ဒရာကဲ့သို့ ဂုဏ်တို့၏ တည်ရာ ဖြစ်တော်မူပါပေ၏၊ မိုးနတ်သားကဲ့သို့ သတ္တဝါတို့ကို တရားမိုးဖြင့် ရွာသွန်းတော် မူပါပေ၏။

၇၀။ ထိုအခါ ငါသည် ဟံသ အမည်ရှိသော မြို့၌ တရားသူကြီးဖြစ်ခဲ့၏၊ ငါသည် ပဒုမုတ္တရ အမည်ရှိသော မြတ်စွာဘုရား၏ အထံသို့ ချဉ်းကပ်၍ တရားတော်ကို နာကြားခဲ့၏။

၇၁။ (မြတ်စွာဘုရားသည်) ရဟန်းတို့ကို ဆုံးမတတ်သော ကတာဝိမည်သော တပည့် 'သာဝက' ရဟန်း၏ ဂုဏ်ကို ပြလျက် ငါ၏စိတ်ကို နှစ်သက်စေတော်မူလတ်သော်—

http://www.dhammadownload.com



၇၂။ ငါသည် ကြားနာရ၍ နှစ်သက်ဝမ်းမြောက်လျက် မြတ်စွာဘုရားကို တပည့်သံဃာနှင့်တကွ ပင့်ဖိတ်၍ ဆွမ်းဘောဇဉ် လုပ်ကျွေးပြီးလျှင် ထိုအရာဌာနကို ဆုတောင်း (တောင့်တ) ခဲ့၏။

၇၃-၇၄-၇၅။ ထိုအခါ ဟင်္သာမင်းနှင့် တူမျှသော အဖို့ရှိသော ဟင်္သာမင်း၏ အသံနှင့် တူသော စကားသံရှိသော မြတ်စွာဘုရားသည် မိန့်တော်မူ၏—တရားအဆုံးအဖြတ်၌ ရဲရင့်သောငါ၏ခြေရင်း၌ ဝပ်လျက်ရှိသော ရွှင်လန်းတက်ကြွသော ကိုယ်အမွေးရှိသော မိုးတိမ်ညို (သုံးဆင့်ပန်း) အဆင်းရှိသော ပြည့်ဖြိုးသောပခုံးရှိသော ကြည်လင်သော မျက်လုံးမျက်နှာရှိသော များသောအခြံအရံအားဖြင့် မင်းနှင့်ယှဉ်သော အခြံအရံအကျော်အစော ရှိသော ဤအမတ်ကြီးကို ရှုကုန်လော့၊ ဤအမတ်ကြီးသည် ကတာဝိရဟန်း၏ အရာအထူးကို ဝမ်းမြောက်သောအားဖြင့် အလိုရှိလျက် ဆုတောင်း၏။

၇၆။ ဤပုဏ္ဏပိုလ်တသရဏဂုံကြောင့်ရင်း လှူဒါန်းစွန့်ကြဲခြင်းကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း ကမ္ဘာတသိန်းတို့ပတ်လုံး မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝသို့ မရောက်ရလတ္တံ့။

၇၇။ နတ်ပြည်တို့၌ နတ်၏တင့်တယ်ခြင်းကိုရင်း လူတို့၌ မြင့်မြတ်ခြင်းကိုရင်း ခံစားရ၍ ကြွင်းသောကုသိုလ်ကြောင့် နိဗ္ဗာန်သို့ ရောက်ရလတ္တံ့။

၇၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၇၉။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့်ဖန်ဆင်းအပ်သော မြတ်စွာဘုရား၏ တရားအမွေခံသားတော်တပည့် 'သာဝက' ဖြစ်၍ အမည်အားဖြင့် ကပ္ပိနဟု ထင်ရှားသော တပည့် 'သာဝက' သည် ဖြစ်လတ္တံ့။

၈၀။ ထို့နောက် ငါသည် မြတ်စွာဘုရားသာသနာ၌ ကောင်းစွာ ပြုအပ်သော ပူဇော်သက္ကာရကို ပြုခဲ့၍ လူ့ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် တုသိတာဘုံသို့ ရောက်ခဲ့၏။

၈၁။ နတ်မင်းလူမင်းအဖြစ်တို့ကို အမြဲအားဖြင့် ဆုံးမ၍ ဗာရာဏသီမြို့အနီးဝယ် ရက်ကန်းသည် (ကေနိယဇာတ်)အမျိုး၌ ဖြစ်၏။

၈၂။ မယားနှင့်တကွသော ငါသည် အခြံအရံတထောင်နှင့်အတူ ပစ္စေကဗုဒ္ဓါငါးရာတို့ကို ကောင်းစွာ လုပ်ကျွေးခဲ့၏။

၈၃။ ငါတို့သည် ဝါတွင်းသုံးလပတ်လုံး ဆွမ်းကျွေးမွေးပြီးလျှင် နောက်အခါ တိစီဝရိက် သင်္ကန်းသုံးထည်ကိုပါ လှူဒါန်းခဲ့ကုန်၏၊ ငါတို့အားလုံးသည် ထိုဘဝမှ စုတေကုန်သည်ရှိသော် တာဝတိံသာဘုံသို့ ရောက်ကြရကုန်၏။

၈၄။ တဖန် ထိုတာဝတိံသာဘုံမှ စုတေပြီးနောက် အားလုံးသော ငါတို့သည် လူ့ဘဝသို့ ရောက်လာကုန်၏၊ ဟိမဝန္တာ၏နံပါးမှ ကုက္ကုဋပြည်၌ ဖြစ်ကြကုန်၏။

၈၅။ ငါသည် များသော အခြံအရံအကျော်အစော ရှိသော ကပ္ပိနမည်သော မင်းသားဖြစ်ခဲ့၏၊ ကြွင်းသောသူတို့သည် အမတ်မျိုး၌ ဖြစ်ကုန်၍ ငါ့ကိုပင် ခြံရံကုန်၏။

http://www.dhammadownload.com



၇၆။ မြတ်သော မင်းအဖြစ်သို့ ချမ်းသာစွာရောက်လျက် အလိုဆန္ဒအားလုံး ပြည့်စုံခြင်းရှိသော ငါသည် ကုန်သည်တို့ ကောင်းစွာပြောကြားအပ်သော ဘုရားပွင့်တော်မူကြောင်းကို ကြားသိရပေ၏။

၇၇။ အတုမရှိ တပါးတည်းသော ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် လောက၌ ကောင်းစွာ ပွင့်ထွန်းတော်မူ၏၊ ထိုမြတ်စွာဘုရားသည် သူတော်ကောင်းတရားကိုရှင်း အမြိုက်နိဗ္ဗာန်ချမ်းသာမြတ်ကိုရှင်း ပြတော်မူ၏။

၇၈။ ထိုမြတ်စွာဘုရား၏ တပည့်တို့သည်လည်း ကောင်းမြတ်သော အကျင့်သီလနှင့်ယှဉ်ကုန်၏၊ (ကိလေသာမှ) လွတ်မြောက်လျက် အာသဝလည်း ကင်းတော်မူကုန်၏၊ ငါသည် ထိုကုန်သည်တို့၏ (အထံမှ) ကောင်းသောစကားကို ကြားရသဖြင့် ကုန်သည်တို့ကို (အသပြာ သုံးသိန်း) ပူဇော်ပြီးလျှင်—

၇၉-၈၀။ မင်းအဖြစ်ကို ပယ်စွန့်၍ မြတ်စွာဘုရားကို မြတ်နိုးသည်ဖြစ်၍ အမတ်တို့နှင့်တကွ ထွက်လာခဲ့၏၊ (ထိုအခါ) ကမ်းနှင့်အညီအမျှ ရေဖြင့်ပြည့်သော ထောက်တည်ရာမရှိသော ဆွဲစရာမရှိသော ကူးနိုင်ခဲသော လျင်သောရေအဟုန်ရှိသော မဟာစန္ဒမြစ်ကို တွေ့မြင်ရသည် ရှိသော် မြတ်စွာဘုရား၏ဂုဏ်တော်ကို အောက်မေ့ခြင်းကြောင့် ချမ်းသာသဖြင့် ကောင်းစွာ လွန်မြောက်ခဲ့ပေ၏။

၈၁။ မြတ်စွာဘုရားသည် ဘဝအယဉ်ကို ကူးမြောက် ပြီးဖြစ်၍ လောက၏ အဆုံးသို့ ရောက်လျက် (လောကကို) သိသော (လွှမ်းမိုးနိုင်သော) ပုဂ္ဂိုလ်အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်သည် ရှိသော် ဤသစ္စာစကားကို ဆိုခြင်းကြောင့် ငါ၏သွားခြင်းကိစ္စသည် ပြီးမြောက် ပါစေသတည်း။

၈၂။ မဂ်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားဖြစ်၍ နိဗ္ဗာန်သည်လည်း ကေန်စင်စစ် ချမ်းသာသောတရားသည် အကယ်၍ ဖြစ်အံ့၊ ဤသို့ဖြစ်သည် ရှိသော် ဤ (အမှန်) သစ္စာ စကားကို ဆိုခြင်းကြောင့် ငါ၏သွားခြင်းကိစ္စသည် ပြီးမြောက်ပါ စေသတည်း။

၈၃ ။ သံဃာတော်သည် (သံသရာ) ခရီးခဲကို ကူးမြောက်ပြီးဖြစ်၍ အတုမရှိသော ကုသိုလ် မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် အကယ်၍ ဖြစ်အံ့၊ ဤသို့ဖြစ်သည်ရှိသော် ဤအမှန်သစ္စာစကားကို ဆိုခြင်းကြောင့် ငါ၏သွားခြင်းကိစ္စသည် ပြီးမြောက်ပါစေသတည်း။

၈၄။ မြတ်သောသစ္စာကို ပြုသည်နှင့်တပြိုင်နက် ရေသည် လမ်းခရီးမှ ဖယ်သွားလေ၏၊ ထိုအခါ ချမ်းသာစွာ ကူးမြောက်ခဲ့ရ၏၊ စိတ်ကို မွေ့လျော်စေနိုင်သော မြစ်ကမ်းအနီး၌—

၈၅၊၈၆။ တက်သစ်သော နေမင်းကဲ့သို့ရှင်း တောက်ပသော ရွှေတောင်ကဲ့သို့ရှင်း ထွန်းလင်းသော ဆီမီးတိုင်ကဲ့သို့ရှင်း ကြယ်တာရာနှင့်တကွ ဖြစ်သော လမင်းကဲ့သို့ရှင်း ဒေဝနာ ကွန်ရက်ကို ဖြန့်ကာ တပည့်သာဝကတို့ ခြံရံလျက် ထိုင်နေတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရလေ၏။

၈၇။ အမတ်တို့နှင့်တကွ ရှိခိုး၍ သင့်လျော်သော အရပ်၌ ချဉ်းကပ် ဝင်ရောက်ခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါတို့၏ အလိုဆန္ဒကို သိ၍ တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



၉၈။ ငါတို့သည် အညစ်အကြေးကင်းသော တရားကို ကြားနာရ၍ မြတ်စွာဘုရား အကျွန်ုပ်တို့သည် ဘဝ၌ ငြီးငွေ့ပါကုန်၏၊ အကျွန်ုပ်တို့ကို ရဟန်းပြုပေးတော်မူပါဟု မြတ်စွာဘုရားကို လျှောက်ထားကုန်၏။

၉၉။ ရဟန်းတို့ ငါသည် သင်တို့အား ဆင်းရဲခြင်း၏ အဆုံးကိုပြုခြင်းငှါ တရားကို ကောင်းစွာ ဟောကြားအပ်ပေပြီ၊ မြတ်သောအကျင့်ကို သင်တို့ကျင့်ကုန်လော့၊ ဤသို့ မြတ်စွာဘုရားသည် မိန့်တော်မူလေ၏။

၁၀၀။ မိန့်တော်မူသည်နှင့် တပြိုင်နက် အလုံးစုံသော ငါတို့သည်လည်း ရဟန်းအသွင်ကို ဆောင်ကုန်လျက် သာသနာတော်၌ သောတာပန်ရဟန်းတို့ ဖြစ်ကုန်၏။

၁၀၁။ ထို့နောက် ဇေတဝန်ကျောင်းတိုက်သို့ သွားရောက်သောအခါ မြတ်စွာဘုရားသည် ဆုံးမတော်မူ၏၊ ငါသည် မြတ်စွာဘုရား ဆုံးမတော်မူအပ်သည် ရှိသော် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀၂။ ထို့နောက် ငါသည် ရဟန်းတထောင်တို့ကို ဆုံးမ၏၊ ထိုအခါ ငါ၏အဆုံးအမကို လိုက်နာပြုကျင့်ကုန်သော ထိုရဟန်းတို့သည်လည်း အာသဝကင်းကွာ ရဟန္တာဖြစ်ကြကုန်၏။

၁၀၃။ မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်သည်ဖြစ်၍ ကပ္ပိနသည် ရဟန်းတို့အား ဆုံးမတတ်သူတို့တွင် မြတ်၏ဟု လူများအပေါင်းဝယ် ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၁၀၄။ ကမ္ဘာတသိန်းထက်၌ ပြုအပ်ခဲ့သော ကံသည်ပင် လွှတ်လိုက်သော မြားအဟုန်ကဲ့သို့ ဤဘဝ၌ ငါ့အား အကျိုးကို ပြလေ၏၊ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ပြီ။

၁၀၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၁၀၆။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၀၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

သို့လျှင် အသျှင်မဟာကပ္ပိနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် မဟာကပ္ပိနတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဒဗ္ဗမလ္လပုတ္တတ္ထေရအပဒါန်

၁၀၈။ အလုံးစုံသော လောကကို သိတော်မူသော ရဟန်းမြတ်ဖြစ်တော်မူသော စက္ခုငါးမျိုးရှိတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူ၏။

၁၀၉။ မြတ်စွာဘုရားသည် ဆုံးမတော်မူတတ်၏၊ (တရားကို) အထူးသိစေတော်မူတတ်၏၊ (အလုံးစုံသော သတ္တဝါတို့ကို) ကယ်တင်တော်မူတတ်၏၊ ဒေသနာ၌ ကျွမ်းကျင်လိမ္မာတော်မူ၏၊ များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၁၁၀။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူ၏၊ သနားခြင်း ရှိတော်မူ၏၊ အလုံးစုံသောသတ္တဝါတို့၏ အစီးအပွါးကို တောင့်တ (ရှာမှီး) တော်မူ၏၊ ရောက်လာသော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၁၁၁။ ဤသို့ (မြတ်စွာဘုရား သာသနာတော်သည်) ရောယှက်ရှုပ်ထွေးခြင်းမရှိပဲ တိတ္ထိတို့မှလည်း ဆိတ်သုဉ်း၏၊ ဝသီဘော်သို့ ရောက်ကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ဖြင့် အထူးဆန်းကြယ်ခြင်း ရှိပေ၏။

၁၁၂။ ထိုမြတ်စွာဘုရားသည် အတောင်ငါးဆယ့်ရှစ်တောင်တိုင်တိုင် မြင့်တော်မူ၏၊ အဖိုးများစွာထိုက်သော ရွှေတုံးရိုက်နှင့် တူတော်မူ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံတော်မူ၏။

၁၁၃။ ထိုအခါ အနှစ်တသိန်းတို့ပတ်လုံး အသက်တန်းတည်ရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုအနှစ်တသိန်းမျှလောက် တည်တော်မူလျက် များစွာသော လူအပေါင်းတို့ကို ကယ်တင်တော်မူ၏။

၁၁၄။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ များသော အခြံအရံအကျော်အစောရှိသော သူဌေးသားဖြစ်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားခဲ့၏။

၁၁၅။ ငါသည် ရဟန်းတို့တွင် ကျောင်း အိပ်ရာ နေရာတို့ကို ခင်းထားတတ်သော မိမိတပည့် 'သာဝက' ကို ချီးကျူးတော်မူသော မြတ်စွာဘုရား၏ စကားကို ကြားနာရ၍ လွန်စွာဝမ်းမြောက်သူ ဖြစ်လေ၏။

၁၁၆။ သံဃာနှင့်တကွသော ထိုမြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြု၍ ခြေတော်၌ ဦးခေါင်းဖြင့်ဝပ်ကာ ထိုအရာအထူးကို (တောင့်တ) ဆုတောင်းခဲ့၏။

၁၁၇။ ထိုအခါ ထိုမြတ်စွာဘုရားသည် ငါ၏ကောင်းမှုကံကို ချီးကျူးလျက် (ဗျာဒိတ်စကား) မိန့်တော်မူ၏၊ အကြင်သူဌေးသားသည် သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးမွေး၏။

၁၁၈။ ကြာညိုပွင့်ချပ်နှင့်တူသော မျက်လုံးရှိသော ခြသေ့ ပခုံးနှင့်တူသော ပခုံးရှိသော ရွှေနှင့်တူသော အရေအဆင်းရှိသော ထိုသူဌေးသားသည် မြတ်သောအရာအထူးကို ဆုတောင်းလျက် ငါ၏ခြေရင်း၌ ဝပ်၏။

၁၁၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၂၀။ ထိုအခါ ဤသူဌေးသားသည် ထိုမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်၍ အမည်အားဖြင့် ဒဗ္ဗဟု ထင်ရှားကျော်စောလျက် ကျောင်းအိပ်ရာနေရာတို့ကို ခင်းထားတတ်သော မြတ်သော ပုဂ္ဂိုလ်ဖြစ်လတ္တံ့။

http://www.dhammadownload.com



၁၂၁။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတော်င့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသည် ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်၏။

၁၂၂။ ငါသည် အကြိမ်သုံးရာတို့တိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့၏၊ ငါသည် အကြိမ်ငါးရာတို့တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၁၂၃။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ထိုကံ၏အစွမ်းကြောင့် အလုံးစုံသော ဘဝတို့၌ ချမ်းသာသောသူ ဖြစ်ရပေ၏။

၁၂၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရှုချင်ဖွယ် တင့်တယ်ခြင်းရှိသော အလုံးစုံသော တရားတို့ကို အထူးရှုမြင်တတ်သော ဝိပဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၂၅။ ငါသည် ပြစ်မှားလိုသော စိတ်ရှိသည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရား၏ အလုံးစုံသော အာသဝကုန်ပြီးသော တပည့် 'သာဝက'ကို စင်ကြယ်သူဟု သိလျက်လည်း စွပ်စွဲခဲ့၏။

၁၂၆။ ငါသည် ထိုမြတ်စွာဘုရား၏သာလျှင် မြတ်သော ဂုဏ်ကို ရှာမှီးလေ့ရှိကုန်သော တပည့် 'သာဝက'တို့အား စာရေးတံကို ယူ၍ နို့ဆွမ်းကိုလည်း ကပ်လှူခဲ့၏။

၁၂၇။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များသော အခြံအရံ အကျော်အစောရှိသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော အမည်အားဖြင့် ကဿပမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၂၈။ ထိုမြတ်စွာဘုရားသည် တပည့်'သာဝက'နှင့်တကွ သာသနာတော်ကို ထွန်းလင်းစေလျက် ယုတ်မာသော တိတ္ထိတို့ကို နှိမ်နင်း၍ ဝေနေယျသတ္တဝါတို့ကို ဆုံးမပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။

၁၂၉။ မြတ်စွာဘုရားသည် တပည့်တို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ သာသနာတော်သည် ကွယ်ခြင်းသို့ ရောက်လုလတ်သော် နတ်တို့သည် ထိတ်လန့်ကြ၍ ဆံပင်ကို ဖြေကာငိုသော မျက်နှာရှိကုန်လျက် မြည်တမ်းကြကုန်၏။

၁၃၀။ တရားကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ချုပ်ငြိမ်းတော်မူလတ္တံ့၊ ကောင်းသော အကျင့်ရှိသော သံဃာတို့ကို မဖူးမြင်ရကုန်တော့အံ့၊ သူတော်ကောင်းတရားကို မနာကြားရကုန်တော့အံ့၊ ငါတို့၏ ဘုန်းကံနည်းပါးသည်၏ အဖြစ်သည် ဩော် အံ့ဩဖွယ် ရှိပါပေစွ။

၁၃၁။ ထိုအခါ မတုန်လှုပ်နိုင်သော အလုံးစုံသော ဤမြေကြီးသည် ပြင်းစွာ တုန်လှုပ်လေ၏၊ သမုဒ္ဒရာသည်လည်း စိုးရိမ်ခြင်း ရှိသူကဲ့သို့ သနားဖွယ် အသံကို မြည်ဟီးလေ၏။

၁၃၂။ အရပ်လေးမျက်နှာမှ လူသံမဟုတ်သော တော်လည်းသံတို့သည် မြည်ဟီးကုန်၏၊ ကြောက်မက်ဖွယ်ကို ဆောင်ကုန်သော မိုးကြိုးတို့သည်လည်း ထက်ဝန်းကျင်မှ ထစ်ကြိုးကုန်၏။

၁၃၃။ ကောင်းကင်မှ ဥပါတ်(ဥက္ကာ)တို့သည် ကျရောက်ကုန်၏၊ ကြိတ်(အခိုးအလျှံအလုံး)သည်ရင်း အခိုးနှင့်တကွ တိမ်တံခွန်သည်ရင်း ထင်ရှားလျက်ရှိ၏၊ သားကောင်တို့သည် သနားစဖွယ် အော်မြည်ကုန်၏။

http://www.dhammadownload.com



၁၃၄။ ထိုအခါ သာသနာကွယ်ခြင်း၏ အကြောင်းကို ပြကုန်သော ကြမ်းတမ်းသော ဥပါတ်နိမိတ်တို့ကို တွေ့မြင်ရ၍ ထိတ်လန့်ကြသော ငါတို့ ရဟန်းခုနစ်ပါးတို့သည် စဉ်းစားကြံစည်ကုန်၏။

၁၃၅။ ငါတို့အား သာသနာတော်နှင့် ကင်း၍ အသက်ရှင်ခြင်းဖြင့် အကျိုးမရှိချေ၊ ငါတို့သည် တောကြီးသို့ဝင်၍ မြတ်စွာဘုရား သာသနာတော်ကို အားထုတ်ကုန်အံ့။

၁၃၆။ ထိုအခါ (ငါတို့သည်) တော၌ မြင့်မားသော ကျောက်တောင်မြတ်ကို တွေ့မြင်ကုန်၏၊ (ထမ်းကျင့်) လှေကားဖြင့် ထိုတောင်သို့ တက်ပြီးလျှင် (ထမ်းကျင့်) လှေကားကို အောက်သို့ ချလိုက်ကုန်၏။

၁၃၇။ ထိုအခါ ငါတို့အား (အကြီးဆုံး) မထေရ်သည် ဆုံးမ၏၊ (ငါတို့အား) အလွန်ရခဲသော ဘုရားပွင့်တော်မူခြင်းကို ရအပ်၏၊ အလွန်ရခဲသော ယုံကြည်ခြင်း သဒ္ဓါတရားကို ရအပ်၏၊ သာသနာတော်သည်လည်း အနည်းငယ် ကျွင်းကျန်သေး၏။

၁၃၈။ (ဘုရားပွင့်တော်မူရာ) ခဏကို လွန်သွားသူတို့သည် အဆုံးမရှိသော ဆင်းရဲခြင်းသမုဒ္ဒရာ၌ ကျရောက်ရကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရား သာသနာတော် တည်တံ့နေသမျှ အားထုတ်ခြင်းကို ပြုသင့်ပေ၏။

၁၃၉။ ထိုမထေရ်ကြီးသည် ရဟန္တာဖြစ်တော်မူလေ၏၊ ထိုမထေရ်၏ နောက်လိုက်မထေရ်သည် အနာဂါမ်ဖြစ်တော်မူလေ၏၊ တရားအားထုတ်ဖက် အခြားရဟန်း ငါးပါးတို့သည် ကောင်းသော သီလရှိကုန်သည်ဖြစ်၍ နတ်ပြည်သို့ ရောက်ကြရကုန်၏။

၁၄၀။ သံသရာကို ကူးမြောက်သော ရဟန္တာမထေရ်ကြီးသည် ပရိနိဗ္ဗာန်ဝင်စံတော်မူလေ၏၊ အနာဂါမ်မထေရ်တဦးကား သုဒ္ဓါဝါသဘုံ၌ ဖြစ်လေ၏၊ ငါ(ဒဗ္ဗ) သည်၎င်း ပက္ကုသာတိသည်၎င်း သဘိယသည်၎င်း ဗာဟိယသည်၎င်း ထိုမှတပါး—

၁၄၁။ ကုမာရကဿပသည်၎င်း ငါတို့သည် ထိုထိုဘဝသို့ ရောက်ကုန်လျက် ဂေါတမမြတ်စွာဘုရားသည် အစဉ်စောင့်ရှောက်မှုကြောင့် သံသရာ အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်၏။

၁၄၂။ ငါသည် မလ္လတိုင်း ကုသိနာရုံမြို့၌ မွေးဖွားခဲ့၏၊ ငါသည် အမိဝမ်း၌ ရှိစဉ်သာလျှင် အမိကွယ်လွန်သဖြင့် ထင်းပုံသို့ တင်သည်ရှိသော် ထိုအမိဝမ်းမှ ထွက်ကျခဲ့၏။

၁၄၃။ ထင်းတုံးစပေါ်၌ ကျ၏၊ ထို့ကြောင့် ဒဗ္ဗဟု ကျော်စော၏၊ ငါသည် အကျင့်မြတ်၏ အစွမ်းကြောင့် ခုနစ်နှစ်သာရှိသေးလျက် ကိလေသာမှ လွတ်မြောက်ခဲ့၏။

၁၄၄။ ငါသည် နို့ဆွမ်း(လှူခြင်း) အစွမ်းကြောင့် အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူဖြစ်ပေ၏၊ ရဟန္တာကို စွပ်စွဲခဲ့ခြင်းကြောင့် ယုတ်မာသောရဟန်းတို့သည် ငါ့ကို အကြိမ်များစွာ စွပ်စွဲအပ်၏။

၁၄၅။ ယခုအခါ ငါသည် ကုသိုလ်ကိုင်း အကုသိုလ်ကိုင်း နှစ်ပါးစုံကို လွန်မြောက်သူဖြစ်၏၊ အမြတ်ဆုံးနိဗ္ဗာန်သို့ ရောက်၍ အာသဝ မရှိပဲ နေရ၏။

၁၄၆။ ကောင်းသော အကျင့်ရှိသော သံဃာတော်တို့ကို ရွှင်လန်းစေလျက် အိပ်ရာနေရာကို ခင်းပေးခဲ့၏၊ မြတ်စွာဘုရားသည် ထိုဂုဏ်ကျေးဇူး၌ နှစ်သက်အားရတော်မူသည် ဖြစ်၍ ငါ့ကို တေဒဂ်အရာ၌ ထားတော်မူ၏။

http://www.dhammadownload.com



၁၄၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ **အာသဝ မရှိပဲ နေရ၏**။

၁၄၈။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၄၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဒဗ္ဗမလ္လပုတ္တမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဒဗ္ဗမလ္လပုတ္တတ္ထေရအပဒါန် **ပြီး၏**။

---

## ၅-ကုမာရကဿပတ္ထေရအပဒါန်

၁၅၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော လောက၏ အစီးအပွါးဖြစ်သော လိုလရှိတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၅၁-၁၅၂။ ထိုအခါ ငါသည် ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက် တတ်မြောက်လျက် ကျော်စောသော ပုဏ္ဏားဖြစ်၍ နေ့၌ နေရာအရပ်သို့ လှည့်လည်လတ်သော် နတ်နှင့်တကွသော လူအပေါင်းအား သစ္စာလေးပါးတရားကို ဖော်ပြသိစေတော်မူသည်ဖြစ်၍ ဆန်းကြယ်စွာ ဟောပြောတတ်သော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ရဟန်းကို လူအပေါင်း၌ ချီးကျူးတော်မူဆဲ ဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၁၅၃-၁၅၄။ ထိုအခါ ငါသည် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ပင့်ဖိတ်လျက် ရတနာ အမျိုးမျိုးတို့ဖြင့် တောက်ပသော မဏ္ဍပ်ကို အရောင်အမျိုးမျိုး ဆိုးအပ်ကုန်သော အဝတ်တို့ဖြင့် တန်ဆာဆင်ပြီးလျှင် ထိုမဏ္ဍပ်၌ သံဃာနှင့်တကွ ဆွမ်းလုပ်ကျွေး၏၊ ငါသည် မြတ်သော အရသာရှိသော ဘောဇဉ်အမျိုးမျိုးကို ခုနစ်ရက်ပတ်လုံး ကျွေးမွေး၍—

၁၅၅။ ငါသည် အထူးထူး ဆန်းကြယ်ကုန်သော ပန်းတို့ဖြင့် တပည့် 'သာဝက' နှင့် တကွသော မြတ်စွာဘုရားကို ပူဇော်ပြီးလျှင် ခြေတော်ရင်း၌ ဝပ်လျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၁၅၆-၁၅၇-၁၅၈။ ထိုအခါ သနားခြင်းကိစ္စ၏ တည်ရာဖြစ်သော ဘုရားမြတ်သည် မိန့်ဆိုတော်မူ၏ — ပဒုမာကြာနှင့် တူသော မျက်နှာ မျက်လုံးရှိသော များသော နှစ်သက်ဝမ်းမြောက်ခြင်း ရှိသော ကောင်းစွာ ရွှင်လန်းတက်ကြွသော အမွေးရှိသော ရွှင်ခြင်းပြုံးခြင်း ရှိလျက် ကျယ်သော မျက်စိရှိသော ငါ၏ သာသနာကို လွန်စွာ နှစ်သက်သော ငါ၏ ခြေရင်း၌ ပျပ်ဝပ်လျက်ရှိသော တထည်သော အဝတ်ကို ဝတ်လျက် ကောင်းသော စိတ်ရှိသော ဤပုဏ္ဏားမြတ်ကို ရှုကုန်လော့၊ ဤပုဏ္ဏားသည် ဆန်းကြယ်သော တရားစကားကို ဟောကြားတတ်သူ၏ အဖြစ်ဟူသော ထိုအရာအထူးကို ဆုတောင်း၏။

၁၅၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

http://www.dhammadownload.com



၁၆၀။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံသားတော် ဖြစ်၍ ကုမာရကဿပမည်သော မြတ်စွာဘုရား၏ တပည့် 'သာဝက' ဖြစ်လတ္တံ့။

၁၆၁။ ဆန်းကြယ်သော ပန်းပွင့်ပုဆိုးတို့၏ရင်း ရတနာတို့၏ရင်း အစွမ်းကြောင့် ထို ပုဏ္ဏားသည် ဆန်းကြယ်သော တရားစကားကို ဟောကြားတတ်သူတို့တွင် အမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လတ္တံ့ (ဟုမိန့်တော်မူ၏)။

၁၆၂။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်သည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၆၃။ ပွဲလမ်းသဘင်အလယ်၌ ကချေသည်ကဲ့သို့ ဘဝကြီးငယ်၌ ချာချာလည်ခဲ့ရသည် ရှိသော် သာခ သမင်မင်း၏ သားဖြစ်၍ သမင်မ၏ ဝမ်းသို့ သက်ရောက်ခဲ့ရ၏။

၁၆၄။ ထိုအခါ ငါသည် ဝမ်း၌ တည်ရှိစဉ် ငါ့အမိကို သတ်ရန် အလှည့်ရောက်လာ၏၊ ငါ့အမိ သည် သာခ သမင်မင်း စွန့်ပစ်အပ်သည်ရှိသော် နိဂြောဓသမင်မင်းကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။

၁၆၅။ ထိုနိဂြောဓ သမင်မင်းသည် မိမိအသက်ကို စွန့်လွှတ်၍ ထိုအမိသမင်မကို သေခြင်းမှ လွှတ်မြောက်စေ၏၊ ထိုအခါ (အမိသည်)ငါ့အား ဤသို့ ဆုံးမ၏—

၁၆၆။ နိဂြောဓသမင်မင်းကိုသာလျှင် မှီဝဲဆည်းကပ်ရာ၏၊ သာခသမင်မင်းကို မမှီဝဲ မဆည်းကပ်ရာ၊ နိဂြောဓသမင်မင်း(အထံ)၌ သေရခြင်းသည် မြတ်၏၊ သာခ သမင်မင်း (အထံ)၌ အသက်ရှင်ရခြင်းသည် မမြတ်ချေ။

၁၆၇။ သမင်အပေါင်းကို စောင့်ရှောက်တတ်သော ထို(နိဂြောဓ)သမင်မင်း၏ အဆုံးအမ ကို ခံရသော ငါသည်ရင်း အမိသည်ရင်း အခြားသော သမင်တို့သည်ရင်း ထိုသမင်မင်း၏ အဆုံးအမကို စွဲ၍ ကင်းကွာနေသော မိမိအိမ်သို့ ရောက်ရသကဲ့သို့သာလျှင် မွေ့လျော်ဖွယ် ရှိသော တုသိတာဘုံသို့ ရောက်ကုန်၏။

၁၆၈။ တဖန် ကဿပမြတ်စွာဘုရား၏ သာသနာတော်သည် ကွယ်ခြင်းသို့ ရောက်လုလတ် သော် ကျောက်တောင်ထွတ်သို့ တက်၍ မြတ်စွာဘုရားသာသနာတော်ကို အားထုတ်ခဲ့သော ကြောင့်—

၁၆၉။ ယခုအခါ ငါသည် ရာဇဂြိုဟ်မြို့ သူဌေးအမျိုး၌ မွေးဖွားရသူ ဖြစ်ရပေ၏၊ ကိုယ်ဝန် ရှိသော ငါ၏ အမိသည် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၁၇၀။ (ငါ၏)ကိုယ်ဝန်ရှိသော ထိုအမိကို သိကုန်၍ ဒေဝဒတ်အထံသို့ ပို့ဆောင် ကုန်၏၊ (ထိုအခါ)ထိုဒေဝဒတ်သည် ယုတ်မာသော ဤရဟန်းမိန်းမကို ဖျက်ဆီးကုန်လော့ဟု မိန့်ဆို လေ၏။

၁၇၁။ ဤအခါ၌လည်း ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် အစဉ်စောင့် ရှောက်တော်မူအပ်သည်ဖြစ်၍ ငါ၏ အမိသည် ရဟန်းမိန်းမကျောင်း၌ ငါ့အား ချမ်းသာခြင်း ရှိသည်ဖြစ်၍ မွေးဖွားခဲ့၏။

http://www.dhammadownload.com



၁၇၂။ ထိုအကြောင်းကိုသိ၍ ကောသလမင်းသည် မင်းသားတို့၏ အဆောင်အယောင်ဖြင့် ငါ့ကို မွေးစားခဲ့၏၊ ငါသည်ကား အမည်အားဖြင့် ကဿပမည်၏။

၁၇၃။ အရှင်မဟာကဿပကိုစွဲ၍ ငါသည် ကုမာရကဿပမည်၏၊ မြတ်စွာဘုရားသည် ကိုယ်ကို တောင်တို့နှင့်တူကြောင်း (ဥပမာပြု၍) ဟောအပ်သော တရားတော်ကို နာကြား ရ၍—

၁၇၄။ ထိုအခါ ငါ၏ စိတ်သည် (တစုံတရာကို) မစွဲလမ်းပဲ အကြွင်းမဲ့ လွတ်မြောက်၏၊ ငါသည် ပါယာသိ(ရာဇည)မင်းကို ဆုံးမ၍ ဧတဒဂ် အရာဌာနသို့ ရောက်၏။

၁၇၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၁၇၆။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

**ဤသို့လျှင်** အသျှင်ကုမာရကဿပမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ငါးခုမြောက် ကုမာရကဿပတ္ထေရအပဒါန် ပြီး၏။**

**နှစ်ဆယ့်လေးခုမြောက် ဘာဏဝါရ ပြီး၏။**

---

## ၆-ဗာဟိယတ္ထေရအပဒါန်

၁၇၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကြီးမားသော အရောင်တော်ရှိသော လောကသုံးပါးထက် မြတ်သော အမည်အားဖြင့် ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၇၉။ ငါသည် လျင်မြန်သော အဘိညာဥ် (အသိဉာဏ်) ရှိသော ရဟန်း၏ဂုဏ်ကျေးဇူးကို ချီးကျူးတော်မူသော မြတ်စွာဘုရား၏ စကားကို ကြားနာရသည်ရှိသော် တက်ကြွသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုပြီးလျှင်—

၁၈၀။ ငါသည် တပည့်နှင့်တကွသော မြတ်စွာဘုရားအား ခုနစ်ရက်ပတ်သုံး အလှူကို ပေးလှူ၍ ထိုအခါ မြတ်စွာဘုရားကို ရှိခိုးလျက် ထိုအရာဌာနကို ဆုတောင်းခဲ့၏။

၁၈၁-၁၈၂-၁၈၃။ ထိုနောက် မြတ်စွာဘုရားသည် ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော် **မူ၏**—ပုဏ္ဏားသည် အကျင့်ကို ဆင်ခြင်လျက် ငါ၏ ခြေရင်း၌ ပျပ်ဝပ်လျက် နေသော ရွှေစ လွယ်တင်သော ကိုယ်အင်္ဂါရှိသောဖြူဖွေးသော ကိုယ်အရေရှိသော တွဲရရွဲကျသော ကျီးအာ သီးနှင့်တူသော နီမြန်းသော နှုတ်ခမ်းရှိသော ဖြူဖွေးသော ထက်သော ညီညာသော သွား ရှိသော အထူးထူး အပြားပြား များပြားသော ဂုဏ်အားအစွမ်းရှိသော ကောင်းစွာ ရွှင်လန်း တက်ကြွသော ကိုယ်အမွေးရှိသော ဂုဏ်အပေါင်း၏ တည်ရာဖြစ်သော ပီတိဖြင့် ကောင်းစွာ ပွင့်သော မျက်စိရှိသော ဤပုဏ္ဏားကို ရှုကုန်လော့။

http://www.dhammadownload.com



၁၈၄။ ဤပုဏ္ဏားသည် လျင်မြန်သော အဘိညာဉ် (အသိဉာဏ်) ရှိသော ရဟန်း၏ အရာဌာနကို ဆုတောင်းလျက် ရှိ၏၊ နောင်အခါ၌ ဂေါတမမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။

၁၈၅။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံ သားတော် ဖြစ်၍ အမည်အားဖြင့် ဗာဟိယမည်သော မြတ်စွာဘုရား၏တပည့် 'သာဝက'ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၁၈၆။ ထိုအခါ ငါသည် နှစ်သက်သည်ဖြစ်၍ နေရာမှထပြီးလျှင် အသက်ထက်ဆုံး မြတ်စွာ ဘုရား၌ ပူဇော်သက္ကာရကို ပြုခဲ့ခြင်းကြောင့် (ဤဘဝမှ) စုတေလတ်သော် မိမိနေရာ အိမ်ကဲ့သို့ နတ်ပြည်ဘုံသို့ ရောက်၏။

၁၈၇။ ငါသည် ထိုကံ၏အစွမ်းကြောင့် နတ်ဖြစ်သော်ငြား လူဖြစ်သော်ငြား ချမ်းသာသော သူဖြစ်လျက် ကျင်လည်ခဲ့ပြီးလျှင် စည်းစိမ်ချမ်းသာကို ခံစားရပေ၏။

၁၈၈။ တဖန် ကဿပမြတ်စွာဘုရား၏ သာသနာသည် ကွယ်ခြင်းသို့ ရောက်လုလတ်သော် ကျောက်တောင်ထွတ်သို့ တက်ပြီးလျှင် မြတ်စွာဘုရားသာသနာကို အားထုတ်၍—

၁၈၉။ ငါသည် အထူးစင်ကြယ်သော သီလရှိ၏၊ ပညာရှိ၏ မြတ်စွာဘုရား၏ အဆုံးအမ သာသနာကို လိုက်နာပြုကျင့်တတ်၏၊ ငါးယောက်သော ငါတို့သည် ထိုဘဝမှ စုတေကုန်လတ် သော် နတ်ပြည်သို့ ရောက်ကြရကုန်၏။

၁၉၀။ ထို့နောက် ငါဗာဟိယသည် ဘာရုကစ္ဆပြည်မြတ်၌ ဖွားမြင်ခဲ့၏၊ ထိုအခါ လှေ သင်းဘောဖြင့် အကျိုးပြီးစီးမှု နည်းပါးသော သမုဒ္ဒရာကို ကူးသွား၏။

၁၉၀။ ထိုအခါ လှေသင်္ဘောသည် နှစ်ရက် သုံးရက် သွားပြီးလတ်သော် ကွဲပျက်၏၊ ထို အခါ မကာရ်းတို့၏တည်ရာ ကြောက်မက်ဖွယ်ကြမ်းတမ်းသော သမုဒ္ဒရာ၌ ကျလေ၏။

၁၉၂။ ထိုအခါ ငါသည် အားထုတ်၍ သမုဒ္ဒရာကို ကူးသည်ရှိသော် အနည်းငယ် ဖောက် ထွင်း၍ (ရန်ကိုနှိမ်နင်းရာ) သုပ္ပါဒက သင်္ဘောဆိပ်သို့ ကောင်းစွာရောက်ခဲ့၏။

၁၉၃။ ငါသည် ပျဉ်ချပ်စီသော အဝတ်ကိုဝတ်၍ ဆွမ်းအလို့ငှါ ရွာသို့ ဝင်၏၊ ထိုအခါ ထိုလူ အပေါင်းသည် နှစ်သက်သည်ဖြစ်၍ ဤရဟန္တာသည် ဤအရပ်သို့ ကြွလာတော်မူ၏ဟု ပြောဆို လေ၏။

၁၉၄။ ငါတို့သည် ဤရဟန္တာကို ဆွမ်းဖြင့်ငြား အဖျော်ဖြင့်ငြား အဝတ်ဖြင့်ငြား အိပ်ရာနေရာ ဖြင့်ငြား ဆေးဖြင့်ငြား ပူဇော်ရသောကြောင့် ချမ်းသာသူတို့ ဖြစ်ကုန်အံ့ (ဟုပြောဆိုကုန်၏)။

၁၉၅။ ထိုအခါ ထိုသူတို့ကား အလေးအမြတ် ပူဇော်အပ်သောကြောင့် ပစ္စည်းတို့ကို ရခြင်း ရှိသည်ဖြစ်၍ ငါသည် ရဟန္တာတည်းဟူသော အကြံအစည်ကို မသင့်သောအားဖြင့် ဖြစ်စေခဲ့၏။

၁၉၆။ ထိုအခါ ရှေး၌ အဆွေဖြစ်ဘူးသော ဗြဟ္မာသည် ငါ၏ စိတ်ကို သိ၍ သင်သည် မဂ်ရကြောင်းကိုပင် သိသူမဟုတ်ချေ၊ အဘယ်မှာ သင်သည် ရဟန္တာ ဖြစ်မည်နည်းဟု အပြစ် တင်၏။

http://www.dhammadownload.com



၁၉၇။ ထိုအခါ ငါသည် ထိုဖြူဟ္မာက အပြစ်တင်သည်ရှိသော် ထိတ်လန့်လျက် ထိုဖြူဟ္မာကိုပင် လောကဥ္စ ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် အဘယ်သူတို့နည်း၊ ဤရဟန္တာပုဂ္ဂိုလ်မြတ်တို့သည် အဘယ်မှာ (ရှိကုန်)သနည်းဟု မေးမြန်းခဲ့၏။

၁၉၈။ ကောသလမင်း နန်းစိုက်ရာ သာဝတ္ထိမြို့၌ ကြီးမားသော ပညာရှိသော မြေကြီးကဲ့သို့ မြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ရှိတော်မူ၏၊ အာသဝေါ ကင်းလျက် ရဟန္တာဖြစ်သော ထိုသာကီဝင်မင်းသား မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ ရောကခြင်းငှါ တရားဟောတော်မူ၏(ဟု ဆို၏)။

၁၉၉။ အထီးကျန်သောသူသည် ရွှေအိုးကို ရသည်ရှိသော် အလွန်ရွှင်လန်းဝမ်းမြောက်သကဲ့သို့ ထိုအတူ ငါသည် ထိုဖြူဟ္မာ၏ စကားကို ကြားရသည်ရှိသော် နှစ်သက်လျက် တက်ကြွသော စိတ်ရှိသည် ဖြစ်၍ အရဟတ္တဖိုလ်တရားမြတ်ကို ကောင်းစွာ သိမြင်တော်မူသော အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရန်အလို့ငှါ—

၂၀၀။ ထိုသင်္ဘောဆိပ်မှ ထွက်ခဲ့၍ အညစ်အကြေး ကင်းသော မျက်နှာတော်ရှိသော မြတ်စွာဘုရားကို အခါခပ်သိမ်း ဖူးမြော်အံ့ဟု (ကြံလျက်) မြတ်စွာဘုရား၏ မွေ့လျော်ဖွယ်ရှိသော ဇေတဝန်မည်သော ထိုကျောင်းတိုက်သို့သာလျှင် ချဉ်းကပ်၍ လူအားလုံးချစ်နှစ်သက်အပ်သော မြတ်စွာဘုရားသည် အဘယ်မှာနည်းဟု ရဟန္တာတို့ကို မေးလျှောက်ခဲ့၏။

၂၀၁။ ထိုအခါ (ရဟန္တာတို့က) လူနတ်တို့ ရှိခိုးအပ်သော ထိုမြတ်စွာဘုရားသည် မြို့သို့ ဆွမ်းခံဝင်တော်မူ၏၊ သင်သည် မြတ်စွာဘုရားကို ဖူးမြင်ရန် ကြိုးစား အားထုတ်ခဲ့သော် လျင်မြန်စွာ ချဉ်းကပ်လော့၊ ချဉ်းကပ်၍ ထိုမြတ်စွာဘုရားကို ရှိခိုးလေလော့ဟု မိန့်ဆိုကုန်၏။

၂၀၂။ ထိုအခါ ငါသည် သာဝတ္ထိမြို့တော်သို့ လျင်မြန်စွာ သွားသည်ရှိသော် ချစ်ခင်တပ်မက်ခြင်းကင်းလျက် ဆွမ်းအကျိုးငှါ လှည့်လည်တော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၂၀၃။ လက်၌ သပိတ်ရှိတော်မူသော မလျှပ်ပေါ်သော ဣန္ဒြေရှိတော်မူသော အကျိုးကို ရင့်ကျက်စေတော်မူတတ်သော ဝါဝင်းသော အရောင်ရှိတော်မူသော အသရေ၏ တည်ရာ အိမ်သဖွယ် ဖြစ်တော်မူသော နေ၏အရောင်ကို ပယ်ရှားနိုင်သော မျက်နှာရှိတော်မူသော—

၂၀၄။ ထိုမြတ်စွာဘုရားသို့ ငါသည် ကောင်းစွာချဉ်းကပ်၍ တုပ်ဝပ်လျက် ဂေါတမမြတ်စွာဘုရား ခရီးလမ်းမှား၌ ပျက်စီးလျက်ရှိသော တပည့်တော်၏ ကိုးကွယ်ရာဖြစ်တော်မူပါဟု ဤစကားကို လျှောက်၏။

၂၀၅။ (မဟာမိယ) ငါသည် အသက်ကို ဆောင်ခြင်းအကျိုးငှါ ဆွမ်းခံလှည့်လည်လျက် ရှိ၏၊ သင့်အား တရားဟောရန် အခါမဟုတ်ပေ၊ ဤသို့ မြတ်စွာဘုရားသည် မိန့်တော်မူ၏။

၂၀၆။ ထိုအခါ တရားကို အလွန်လိုလားသော ငါသည် မြတ်စွာဘုရားကို အကြိမ်ကြိမ် တောင်းပန်ခဲ့၏၊ အကြင်မြတ်စွာဘုရားသည် နက်နဲသော ရာဂစသည် ဆိတ်ငြိမ်သော နိဗ္ဗာန် ရောက်ကြောင်းတရားကို ငါ့အား ဟောတော်မူ၏။

၂၀၇။ ထိုမြတ်စွာဘုရား၏ တရားကို နာကြားရ၍ အသက်ကုန်ခါနီးသူ ဖြစ်ပါလျက် ငါသည် အာသဝေါကုန်ခြင်းသို့ ရောက်ခဲ့၏၊ မြတ်စွာဘုရား၏ သနားစောင့်ရှောက်တော်မူခြင်းသည် သြော် အံ့ဩဖွယ် ရှိပါပေစွ။

http://www.dhammadownload.com



၂၀၇။ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝ မရှိပဲ နေရ၏။

၂၀၉။ ငါ၏ လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

၂၁၁။ ဤသို့ ပျဉ်ချပ်အဝတ်ကိုဝတ်သော ဗာဟိယမထေရ်သည် ဘုတ်ဘီလူးပူးဝင်သော နွားမ၏ ဝှေ့ခတ်ခြင်းကြောင့် အမှိုက်ပုံ၌ လဲကျစဉ် ပြောကြားတော်မူလေ၏။

၂၁၂။ ကြီးမြတ်သော ပညာရှိသော ထိုမထေရ်သည် မိမိ၏ရှေးအကျင့်ကို မိန့်ကြားပြီးလျှင် သာဝတ္ထိမြို့တော်၌ ပရိနိဗ္ဗာန်စံတော်မူလေ၏။

၂၁၃-၂၁၄။ မြတ်စွာဘုရားသည် မြို့မှထွက်လတ်သော် ( သာသနာတော်၏ ) အပမှ လာသော သိကြားမင်း၏ မှန်ကင်းကိုချသကဲ့သို့ မြေ၌လဲကျသော ယဉ်ကျေးပြီးသော ထိုအခါ အသက်ကုန်ပြီးခါစဖြစ်သော မြတ်စွာဘုရားအဆုံးအမကို လိုက်နာ ပြုကျင့်တတ်သော ပျဉ်ချပ်အဝတ်ကို ဝတ်သော ထိုပညာရှိ ဗာဟိယကို မြင်သည်ရှိသော် —

၂၁၅။ ထိုအခါ မြတ်စွာဘုရားသည် သာသနာ၌ ပျော်မွေ့ကုန်သော တပည့် သာဝကတို့ကို မိန့်တော်မူ၏၊ သီတင်းသုံးဖော်ဖြစ်သော ဗာဟိယ၏အလောင်းကို ယူခဲ့ကုန်လော့၊ ပူဇော်၍ မီးသဂြိုဟ်ကုန်လော့။

၂၁၆။ စေတီပုထိုးကို ပြုကုန်လော့၊ ပူဇော်ကုန်လော့၊ မြတ်သော ပညာရှိသော ထိုတပည့် သာဝကသည် ပရိနိဗ္ဗာန်ပြုပြီ၊ ငါ၏စကားကို လိုက်နာတတ်သော ဤတပည့်သာဝကသည် လျင်မြန်သော အဘိညာဉ်(အသိဉာဏ်) ရှိသူတို့တွင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။

၂၁၇။ အကျိုးမရှိသောပုဒ်နှင့်စပ်ယှဉ်သော ဂါထာသည် အကယ်၍ တထောင်ပင်ရှိသော် လည်း မမြတ်ပေ၊ အကြင်ဂါထာပုဒ်ကို ကြားနာရ၍ ကိလေသာ (မီး) ငြိမ်းအေး၏၊ ထိုဂါထာ ပုဒ်သည် တဂါထာပင် ဖြစ်သော်လည်း မြတ်၏။

၂၁၈။ အကြင်နိဗ္ဗာန်၌ ရေဓာတ်သည်ရင်း မြေဓာတ်သည်ရင်း မီးဓာတ်သည်ရင်း လေဓာတ် သည်ရင်း မတည်တံ့နိုင်၊ ထိုနိဗ္ဗာန်၌ ဖြူသော အရောင်ရှိသော ဂြိုဟ်တို့သည် မထွန်းတောက် နိုင်ကုန်၊ နေသည်လည်း အလင်းရောင်ကို မပြနိုင်ချေ။

၂၁၉။ ထိုနိဗ္ဗာန်၌ လသည်လည်း မထွန်းလင်းနိုင်ချေ၊ ထိုနိဗ္ဗာန်၌ အမိုက်မှောင်သည်လည်း မရှိချေ၊ အကြင်အခါ၌ မကောင်းမှုကို အပပြုပြီးသော ရဟန်းသည် မဂ်ဉာဏ်ဖြင့် မိမိကိုယ် တိုင်ပင် သိ၏။

၂၂၀။ ထိုအခါ ရုပ်မှရင်း နာမ်မှရင်း ချမ်းသာခြင်း ဆင်းရဲခြင်းမှရင်း လွတ်မြောက်၏၊ ဤသို့လျှင် သတ္တဝါတို့၏ ကိုးကွယ်ရာ လောကသုံးပါး၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် မိန့်တော်မူ၏။

ဤသို့လျှင် အသျှင်ဗာဟိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် ဗာဟိယတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၇-မဟာကောဋ္ဌိကတ္ထေရအပဒါန်

၂၂၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော လောကကို သိတော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော စက္ခုငါးမျိုးရှိတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၂၂။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်၏၊ (သစ္စာလေးပါးကို) အထူးသိစေတော်မူတတ်၏၊ (သံသရာမှ) ကယ်တင်တော်မူတတ်၏၊ တရားပြမှု၌ ကျွမ်းကျင် လိမ္မာတော်မူ၏၊ များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၂၂၃။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူတတ်၏၊ သနားခြင်းရှိတော်မူ၏၊ (သတ္တဝါအားလုံးတို့၏) အစီးအပွါးကို ရှာမှီးတော်မူတတ်၏၊ ရောက်လာကုန်သော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၂၂၄။ ဤသို့(မြတ်စွာဘုရား၏ သာသနာတော်သည်) ရောယှက်ရှုပ်ထွေးခြင်းကင်းလေ၏၊ တိတ္ထိတို့မှလည်း ဆိတ်သုဉ်းလေ၏၊ ဝသီဘော်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ဖြင့်လည်း ဆန်းကြယ်ပေ၏။

၂၂၅။ ထိုမြတ်စွာဘုရားသည် အတောင်ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ရွှေပန်းကုံးနှင့် တူတော်မူ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတို့နှင့်လည်း ပြည့်စုံတော်မူ၏။

၂၂၆။ ထိုအခါ အသက်တန်းသည် အနှစ်တသိန်းတို့ပတ်လုံး တည်ရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် သက်တော်တည်ရှိသည်ဖြစ်၍ များစွာသော လူအပေါင်းတို့ကို ကယ်တင်တော်မူ၏။

၂၂၇။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ဝေဒကျမ်း၌ တဖက်ကမ်းရောက် တတ်မြောက်သော ပုဏ္ဏားဖြစ်၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လျက် တရားဒေသနာတော်ကို နာကြားခဲ့၏။

၂၂၈။ ထိုအခါ ထိုမြတ်စွာဘုရားသည် ပဋိသမ္ဘိဒါဉာဏ်၏ အာရုံရှိသောအကျိုး (အနက်) ၌ရှင်း အကြောင်း (ပါဠိ) ၌ရှင်း သဒ္ဒါ၌ရှင်း ပဋိဘာန်ဉာဏ်၌ရှင်း ကျွမ်းကျင်လိမ္မာသော တပည့်သာဝကကို—

၂၂၉။ တေဒဂ်အရာ၌ ထားတော်မူ၏၊ထိုအခါ ငါသည် ထိုစကားကို ကြားနာရသည့်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ တပည့်သာဝကနှင့်တကွ ဘုရားမြတ်ကို ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၏။

၂၃၀။ ငါသည် သမုဒ္ဒရာနှင့်တူသော ပညာရှိသော မြတ်စွာဘုရားကို တပည့်နှင့်တကွ အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်း(လျှုဒါန်း)၍ခြေရင်း၌ တုပ်ဝပ်လျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၂၃၁။ ထိုအခါ မြတ်စွာဘုရားသည် ဗျာဒိတ်စကားကို မိန့်ကြားတော်မူ၏၊ ငါ၏ခြေရင်း၌ ဦးညွှတ်လျက် နေသော ကြာတိုက်နှင့် တူသော အရောင်ရှိသော ဤပုဏ္ဏားမြတ်ကို ရှုကုန်လော့။

http://www.dhammadownload.com



၂၃၂။ ဤပုဏ္ဏားသည် မြတ်စွာဘုရား၏ (တပည့်ဖြစ်သော ပဋိသမ္ဘိဒါပတ္တ) ရဟန်း၏ မြတ်သောအရာဌာနကို ဆုတောင်း၏၊ထိုယုံကြည်ခြင်းသဒ္ဓါကြောင့်၎င်း ထိုစွန့်ကြဲခြင်းကြောင့်၎င်း ထိုတရားနာခြင်းကြောင့်၎င်း—

၂၃၃။ ဘဝငယ် ဘဝကြီး၌ ကျင်လည်ရသည်ရှိသော် အလုံးစုံသောဘဝတို့၌ ချမ်းသာခြင်း ရှိသည်ဖြစ်၍ အနာဂတ်ကာလ၌ ထိုစိတ်နှလုံးအလိုဆန္ဒရှိသောဆုကို ရရှိလတ္တံ့။

၂၃၄။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၃၅။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားဖြင့် ဖန်ဆင်းအပ်သော အမွေခံသားတော် ဖြစ်၍ အမည်အားဖြင့် ကောဋ္ဌိကဟု ထင်ရှားသော မြတ်စွာဘုရား၏တပည့် 'သာဝက' ဖြစ်လတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၂၃၆။ ထိုအခါ သတိ ပညာ သမာဓိနှင့် ပြည့်စုံသော ငါသည် ထိုစကားကို ကြားနာရသည် ရှိသော် ဝမ်းမြောက်သည်ဖြစ်လျက် အသက်ထက်ဆုံး မြတ်စွာဘုရားကို မေတ္တာစိတ်ရှိသည် ဖြစ်၍ လေ့ကျက်ခဲ့၏။

၂၃၇။ ထိုကံအကျိုးကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို ပယ်စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၃၈။ ငါသည် အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့ရ၏၊ အကြိမ်ငါးရာ တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၂၃၉။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ထိုကံ၏အစွမ်းကြောင့် အလုံးစုံသောဘဝတို့၌ ချမ်းသာသောသူ ဖြစ်ခဲ့၏။

၂၄၀။ ငါသည် နတ်ဘဝ သို့မဟုတ် လူ့ဘဝဟူသော ဘဝနှစ်ပါး၌သာ ကျင်လည်ခဲ့ရ၏၊ အခြားတပါးသော လားရာဂတိသို့ မရောက်ရပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းစွာလေ့ ကျက်ခြင်း၏ အကျိုးပေတည်း။

၂၄၁။ မင်းမျိုး သို့မဟုတ် ပုဏ္ဏားမျိုးဖြစ်သော အမျိုးနှစ်ပါး၌သာ ဖြစ်ရ၏၊ နိမ့်ကျသော အမျိုး၌ မဖြစ်ရပေ၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းစွာ လေ့ကျက်ခြင်း၏ အကျိုးပေတည်း။

၂၄၂။ ငါသည် နောက်ဆုံးဘဝသို့ ရောက်လတ်သော် သာဝတ္ထိမြို့တွင် များသော ဥစ္စာရှိ သော ပြာဟ္မဏမျိုး၌ မွေးဖွားသော ပုဏ္ဏားဖြစ်ခဲ့၏။

၂၄၃။ (ငါ၏)အမိသည် စန္ဒဝတီမည်၏၊ငါ၏အဖကား အဿလာယနမည်၏၊အကြင်အခါ၌ မြတ်စွာဘုရားသည် အလုံးစုံ စင်ကြယ်ခြင်းငှါ ငါ၏အဖကို ဆုံးမတော်မူ၏။

၂၄၄။ ထိုအခါ ငါသည် မြတ်စွာဘုရား၌ ကြည်ညိုသည်ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ရောက် ခဲ့၏၊ အရှင်မဟာမောဂ္ဂလာန်သည် ငါ၏နိဿရည်းဆရာပေတည်း၊ အရှင်သာရိပုတြာသည် (ငါ၏)ဥပဇ္ဈာယ်ဆရာပေတည်း။

၂၄၅။ ဆံပင်တို့ကို ဖြတ်အပ်ကုန်စဉ် အမြစ်နှင့်တကွ မှားသောအယူသည် ပြတ်လေကုန်၏၊ ငါသည် သင်္ကန်းကို ဝတ်သည်ရှိသော် အရဟတ္တဖိုလ်သို့လည်း ရောက်ခဲ့၏။

http://www.dhammadownload.com



၂၄၆။ ငါ၏ ဉာဏ်ပညာသည် အကျိုး(အနက်) အကြောင်း(ပါဠိ) သဒ္ဒါတို့၌၎င်း ပဋိဘာန်ဉာဏ်၌၎င်း ခွဲခြမ်းစိတ်ဖြာနိုင်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ့ကို တေဒဂ်အရာ၌ ထားတော်မူ၏။

၂၄၇။ အရှင်ဥပတိဿသည် မေးအပ်သည်ဖြစ်၍ ပဋိသမ္ဘိဒါလေးပါးတို့ကို ယုံမှားခြင်းမရှိပဲ ဖြေကြားခဲ့၏၊ ထို့ကြောင့် ငါသည် မြတ်စွာဘုရားသာသနာတော်၌ ထိုပဋိသမ္ဘိဒါသို့ရောက်သော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်၏။

၂၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၄၉။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်မဟာကောဋ္ဌိကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခုနစ်ခုမြောက် မဟာကောဋ္ဌိကတ္ထေရအပဒါန် ပြီး၏။**

---

## ၈-ဥရုဝေဠကဿပတ္ထေရအပဒါန်

၂၅၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော လောကကို သိတော်မူသော ရဟန်းမြတ်ဖြစ်တော်မူသော စက္ခုငါးမျိုးရှိတော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၅၂။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်၏၊ (သစ္စာလေးပါးကို) အထူးသိစေတော်မူတတ်၏၊ (သံသရာမှ) ကယ်တင်တော်မူတတ်၏၊ တရားဟောပြမှု၌ ကျွမ်းကျင် လိမ္မာတော်မူ၏၊များစွာသော လူအပေါင်းတို့ကို ကယ်တင်တော်မူ၏။

၂၅၃။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူတတ်၏၊ သနားခြင်း 'ကရုဏာ' ရှိတော်မူ၏၊ (သတ္တဝါအားလုံးတို့၏) အစီးအပွါးကို ရှာမှီးတော်မူ၏၊ ရောက်လာသော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၂၅၄။ ဤသို့ (မြတ်စွာဘုရားသာသနာတော်သည်) ရောယှက် ရှုပ်ထွေးခြင်း ကင်းလေ၏၊ တိတ္ထိတို့မှလည်း ဆိတ်သုဉ်းလေ၏၊ ဝသီဘော်ရှိကုန်သော တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာတို့ဖြင့်လည်း ဆန်းကြယ်၏။

၂၅၅။ ထိုမြတ်စွာဘုရားသည် အတောင်ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ပန်းကုံးနှင့်တူတော်မူ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့နှင့် ပြည့်စုံတော်မူ၏။

၂၅၆။ ထိုအခါ အသက်တန်းသည် အနှစ်တသိန်းတို့ပတ်လုံး တည်ရှိလေ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် (အသက်တော်)တည်ရှိလျက် များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

http://www.dhammadownload.com



၂၅၇။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ သူတော်ကောင်းဟု သမုတ်အပ်သော ပုဏ္ဏားဖြစ်၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် တရားဒေသနာတော်ကို နာကြားခဲ့၏။

၂၅၈။ ထိုအခါ ငါသည် များစွာသော ပရိသတ်၌ များသော ပရိသတ်ရှိသော တပည့်သာဝကကို ဧတဒဂ်အရာ၌ ထားတော်မူသည်ကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည် ဖြစ်၍ —

၂၅၉။ ငါသည် ဘုရားမြတ်ကို ပင့်ဖိတ်၍ များစွာသော အခြံအရံဖြစ်သော ပုဏ္ဏား တထောင်နှင့်တကွ အလှူကို ပေးလှူခဲ့၏။

၂၆၀။ သင့်လျော်သော အရပ်၌ တည်နေသော ငါသည် ရှင်လန်းလျက် ကြီးကျယ်သော အလှူကြီးကို ပေးလှူ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထား၏—

၂၆၁။ မြတ်စွာဘုရား အရှင်ဘုရား၌ တပည့်တော်၏ ယုံကြည်ခြင်း 'သဒ္ဓါ' ကြောင့်၎င်း ဆုတောင်းခြင်းဂုဏ်ကြောင့်၎င်း ထိုထိုဘဝ၌ ဖြစ်ရသော တပည့်တော်အား များသောပရိသတ် သည် ဖြစ်ပါစေသော် (ဟု ဆုတောင်းလျှောက်ထား၏)။

၂၆၂-၂၆၃။ ထိုအခါ ဆင်မြည်သံကဲ့သို့ ကောင်းသော အသံရှိတော်မူသော မြတ်စွာဘုရား သည် ပရိသတ်ကို မိန့်တော်မူ၏ —ရွှေအဆင်းရှိသော ကြီးမားသော လက်ရုံးရှိသော ကြာနှင့် တူသော မျက်နှာ မျက်လုံးရှိသော ရှင်လန်း တက်ကြွသော အမွေးရှိသော ရှင်လန်းခြင်းရှိသော ငါဘုရား၏ ဂုဏ်၌ ယုံကြည်ခြင်းသဒ္ဓါရှိသော ဤပုဏ္ဏားကို ရှုကုန်လော့။

၂၆၄။ ဤပုဏ္ဏားသည် သီဟသောသမည်သော ရဟန်း၏ အရာအထူးကို ဆုတောင်း၏၊ အနာဂတ်ကာလ၌ ဤစိတ်အလိုဆန္ဒရှိသောဆုကို ရလတ္တံ့။

၂၆၅။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၆၆။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော် ဖြစ်၍ အမည်အားဖြင့် ကဿပမည်သော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၂၆၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သာလွန်သူမရှိသော ဥပမာမရှိသော တူသောသူမရှိသော လောက၏ အမြတ်ဆုံး ရှေ့သွားဖြစ်တော်မူတတ်သော ဖုဿမြတ်စွာ ဘုရားသည် ပွင့်တော်မူခဲ့၏။

၂၆၈။ ထိုမြတ်စွာဘုရားသည် (ကာမ) အလုံးစုံသော အမိုက်မှောင်ကို ပယ်ဖျောက်၍ ကြီး စွာသော တဏှာ အရှုပ်အထွေးကို ဖြေရှင်းပြီးလျှင် နတ်နှင့်တကွသော လူကို ရောင့်ရဲ နှစ်သက် စေလျက် အမြိုက် နိဗ္ဗာန်မိုးကို ရွာချတော်မူ၏။

၂၆၉။ ထိုအခါ၌ပင်လျှင် (ငါတို့သည်) ဗာရာဏသီမြို့၌ မင်း၏ သားတော်ဖြစ်ခဲ့ကုန်၏၊ သုံးယောက်သော ငါတို့ ညီနောင်အားလုံးတို့သည် မင်းအား ကြောက်ရွံ့ခြင်း ကင်းစေကုန်၏။

၂၇၀။ ရဲရင့်သော အင်္ဂါရှိုပ်ရှိကုန်၏၊ ခွန်အား ကောင်းကုန်၏၊ စစ်မြေပြင်၌ ရန်သူတို့သည် မအောင်နိုင်ကုန်၊ ထိုအခါ တိုင်းစွန်ပြည်ဖျား အရပ်သည်(သောင်းကျန်းမှုကြောင့်)ပျက်စီး၏၊ မင်းသည် ငါတို့ကို မိန့်ဆို၏—

http://www.dhammadownload.com



၂၇၁။ လာကြကုန်လော့၊ တိုင်းစွန်ပြည်ဖျားအရပ်သို့ သွား၍ တောနေသူပုန်ကို သုတ်သင်ပြီးလျှင် ငါ၏ နိုင်ငံတော်ကို ဘေးကင်းအောင်ပြု၍ ပြန်သိမ်းပေးကုန်လော့ဟု မိန့်ဆိုလေ၏။

၂၇၂။ ထိုအခါ ငါတို့သည် ဤသို့ လျှောက်ကုန်၏—မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှါ အရှင်မင်းကြီးသည် အကျွန်ုပ်တို့အား အကယ်၍ ပေးငြားအံ့၊ ထိုသို့ ပေးခဲ့သော် အရှင်မင်းကြီးတို့၏(အမှုကိစ္စကို)ပြီးစေပါကုန်အံ့ (ဟု လျှောက်၏)။

၂၇၃။ ထိုအခါ ဆုရပြီးသော ငါတို့သည် မင်းသည် စေလွှတ်အပ်ကုန်သည်ဖြစ်၍ တိုင်းစွန်ပြည်ဖျားအရပ်ကို လက်နက်ချစေပြီးလျှင် ထိုမင်းထံသို့ တဖန် ချဉ်းကပ်လျက်—

၂၇၄။ မြတ်စွာဘုရားအား လုပ်ကျွေးရန် မင်းကို တောင်းပန်လတ်သော် လောက၏ ရှေ့သွား ဘုရားမြတ်ကိုရ၍ ထိုမြတ်စွာဘုရားကို အသက်ထက်ဆုံး ပူဇော်ခဲ့ကုန်၏။

၂၇၅။ အဘိုးများစွာ ထိုက်တန်သော အဝတ်တို့ကိုငင်း မွန်မြတ်ကုန်သော အရသာတို့ကိုငင်း မွေ့လျော်ဖွယ်ရှိသော ကျောင်းအိပ်ရာ နေရာတို့ကိုငင်း အစီးအပွါးကို ဆောင်သောဆေးတို့ကိုငင်း—

၂၇၆။ သီလရှိကုန်သော သနားခြင်းရှိကုန်သော ဘာဝနာနှင့်ယှဉ်သော စိတ်ရှိကုန်သော ငါတို့သည် သံဃာနှင့်တကွသော မြတ်စွာဘုရားအား ငါတို့၏ တရားသဖြင့် ဖြစ်စေကုန်အပ်သော ဝတ္ထုတို့ကို ပေးလှူ၍—

၂၇၇။ မြတ်စွာဘုရားကို သဒ္ဓါတရားရှိကုန်သည်ဖြစ်၍ မေတ္တာစိတ်ဖြင့် လုပ်ကျွေးပြီးလျှင် ထိုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူလတ်သော် မြတ်စွာဘုရားကို စွမ်းအားရှိသလောက် ပူဇော်ခြင်းကို ပြုခဲ့ခြင်းကြောင့်—

၂၇၈။ ထိုဘဝမှ စုတေလတ်ကုန်သော် တုသိတာဘုံသို့ ရောက်ကြရကုန်၏၊ ထိုတုသိတာဘုံ၌ ငါတို့ အားလုံးသည် ကြီးစွာသော ချမ်းသာကို ခံစားကြရကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၇၉။ မျက်လှည့်သမားသည် ပွဲသဘင်၌(နိုင်ငံ၌) အထူးအဆန်းများစွာကို ပြသကဲ့သို့ ထို့အတူ ငါသည် သံသရာဘဝ၌ ကျင်လည်ရသော် ဝိဒေဟ(တိုင်းကို အစိုးရသော အင်္ဂတိ) မင်းဖြစ်ခဲ့၏။

၂၈၀။ ငါသည် ဂုဏဘက္ကဘွန်း၏ စကားကြောင့် မိစ္ဆာဒိဋ္ဌိသည် ဖျက်ဆီးအပ်သော စိတ်အလိုရှိသူဖြစ်၍ ငရဲလမ်းကြောင်းသို့ တက်ရောက်လျက်ရှိလေ၏၊ ငါသည် ငါ၏ သမီးတော် ရုစာ၏—

၂၈၁။ အဆုံးအမကို မနာယူခြင်းကြောင့် ငါ့ကို နာရဒဗြဟ္မာသည် များစွာဆုံးမအပ်သည်ဖြစ်၍ ယုတ်ညံ့သော ဒိဋ္ဌိအယူကို ပယ်စွန့်ပြီးလျှင်—

၂၈၂။ ငါသည် ကမ္မပထဆယ်ပါးတို့ကို အထူးသဖြင့် ပြည့်စေလျက် ခန္ဓာကိုယ်ကို ပယ်စွန့်ရသည်ရှိသော် မိမိဘုံကဲ့သို့ နတ်ပြည်သို့ ရောက်ခဲ့ရ၏။

၂၈၃။ ငါသည် နောက်ဆုံးဘဝသို့ ရောက်လတ်သော် စည်ပင်ဝပြောသော ဗာရာဏသီမြို့တွင် မြတ်သောဗြာဟ္မဏမျိုး၌ မွေးဖွားသော ပုဏ္ဏားဖြစ်ခဲ့၏။

http://www.dhammadownload.com



၂၈၄။ ငါသည် သေခြင်း နာခြင်း အိုခြင်းမှ ကြောက်လန့်သည်ဖြစ်၍ ဥရုဝေဠတောကြီးသို့ဝင်ပြီးလျှင် နိဗ္ဗာန်(ရောက်ကြောင်းတရား)ကို ရှာမှီးလိုသဖြင့် ရသေ့တို့ဘောင်၌ ဝင်ရောက်ခဲ့၏။

၂၈၅။ ထိုအခါ ငါ၏ညီနှောင်နှစ်ယောက်တို့သည် ငါနှင့်အတူ ရသေ့ ရဟန်းပြု၏၊ ငါသည် ဥရုဝေဠတော၌ သစ်မ်းကျောင်းကို ဖန်ဆင်း၍ နေခဲ့၏။

၂၈၆။ အနွယ်အားဖြင့် ကဿပအမည်ရှိ၏၊ ဥရုဝေဠတော၌ နေခဲ့၏၊ ထို့ကြောင့် ငါ့အား ဥရုဝေဠကဿပဟူသော အမည်ပညတ်သည် ဖြစ်လေ၏။

၂၈၇။ ငါ၏ ညီအလတ်သည် မြစ်အနီး၌နေခြင်းကြောင့် နဒီကဿပအမည်ရှိ၏၊ ဂယာ၌ နေသော ငါ၏ညီငယ်သည် မိမိနေရာအမည်အားဖြင့် ဂယာကဿပဖြစ်လေ၏။

၂၈၈။ ညီငယ်အား နှစ်ရာသော တပည့်တို့ ရှိကုန်၏၊ ညီလတ်အား သုံးရာသော တပည့်တို့ ရှိကုန်၏၊ ငါ့အား မယုတ်လျော့ကုန်သော တပည့်ငါးရာတို့သည် ရှိကုန်၏၊ တပည့်အားလုံးတို့သည် ငါ၏ နောက်လိုက်များ ဖြစ်ကုန်၏။

၂၈၉။ ထိုအခါ လောကထက်မြတ်သော လူတို့ကို ဆုံးမတတ်သော မြတ်စွာဘုရားသည် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့အား တန်ခိုးပြာဋိဟာအမျိုးမျိုးတို့ကိုပြ၍ ဆုံးမတော်မူ၏။

၂၉၀။ ငါသည် တထောင်သော အခြံအရံနှင့်တကွ ဧဟိဘိက္ခု ရဟန်းဖြစ်ခဲ့၏၊ ထိုတပည့်အားလုံးတို့နှင့်အတူတကွ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၂၉၁။ များစွာသော ထိုတပည့်တို့သည်၎င်း အခြားသောသူတို့သည်၎င်း ငါ့ကို ခြံရံကုန်၏၊ ငါသည်လည်း ဆုံးမခြင်းငှါ စွမ်းနိုင်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ့ကို—

၂၉၂။ များသော ပရိသတ်ရှိခြင်းဟူသော တေဒဂ်အရာ၌ ထားတော်မူ၏၊ မြတ်စွာဘုရား၌ ပြုအပ်သော ပုဗ္ဗေသင်္ကာရသည် အံ့ဩဖွယ် ရှိပါပေစွ၊ ငါ့အား အကျိုးရှိသည် ဖြစ်၏။

၂၉၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၉၄။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၂၉၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥရုဝေဠကဿပမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် ဥရုဝေဠကဿပတ္ထေရအပဒါန် ပြီး၏။

---

## ၉-ရာဓတ္ထေရအပဒါန်

၂၉၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော လောကကို သိတော်မူ၍ စကျွငါးမျိုးရှိသည့် ရဟန်းမြတ်ဖြစ်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

http://www.dhammadownload.com



၂၉၇။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်၏၊ (သစ္စာလေးပါးကို) အထူးသိစေတော်မူတတ်၏၊ (သံသရာမှ)ကယ်တင်တော်မူတတ်၏၊ တရားဟောပြောမှု၌ ကျွမ်းကျင် လိမ္မာတော်မူ၍ များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၂၉၈။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူတတ်၏၊ သနားခြင်းရှိတော်မူ၏၊ (သတ္တဝါအားလုံးတို့၏)အစီးအပွါးကို ရှာမှီးတော်မူ၏၊ ရောက်လာသော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၂၉၉။ ဤသို့(မြတ်စွာဘုရား၏ သာသနာတော်သည်)ရေယုက် ရှုပ်ထွေးခြင်း ကင်းလေ၏၊ တိတ္ထိတို့မှလည်း ဆိတ်သုဉ်းလေ၏၊ ဝသီဘော်သို့ ရောက်သော တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ဖြင့်လည်း ဆန်းကြယ်ပေ၏။

၃၀၀။ ထိုမြတ်စွာဘုရားသည် အတောင် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ရွှေဘုရိုဏ်တိုင်နှင့်တူတော်မူ၏၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံတော်မူ၏။

၃၀၁။ ထိုအခါ အသက်တန်းသည် အနှစ်တသိန်းတို့ပတ်လုံး တည်ရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တော် တည်ရှိလျက် များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၃၀၂-၃၀၃။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းရောက် တတ်မြောက်သော ပုဏ္ဏားဖြစ်၍ ပဋိဘာန်ဉာဏ်ရှိသော တရားဒေသနာဖြစ်ခြင်းငှါ ထိုက်သော ရဟန်းကို ဧတဒဂ်အရာ၌ တင်ထားပညတ်တော်မူသော ကြီးမားသော လုံ့လရှိတော်မူသော ပရိသတ်တို့၌ ရဲရင့်တော်မူသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော ထိုမြတ်စွာဘုရားသို့ ကပ်၍ တရားဒေသနာတော်ကို နာကြားခဲ့၏။

၃၀၄။ ထိုအခါ ငါသည် သံဃာနှင့်တကွသော မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုပြီးလျှင် ခြေတော်တို့ကို ဦးတိုက်၍ ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၃၀၅။ ထိုအခါ သိင်္ဂနိက်ရွှေနှင့် တူမျှသော အရောင်ရှိတော်မူသော မြတ်စွာဘုရားသည် ကိလေသာအညစ်အကြေးကို ပယ်ရှားတတ်သော နှစ်သက်ဖွယ်ရှိသော အသံတော်ဖြင့် ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—

၃၀၆။ သင်သည် သံဃာနှင့်တကွသောငါဘုရားအား အလွန်လျှင် ကြီးကျယ်ပြန့်ပြောသော ပူဇော်သက္ကာရကို ပြုခဲ့၏၊ (ထို့ကြောင့်)ချမ်းသာရှိသူ အသက်ရှည်သူ ဖြစ်စေသတည်း၊ သင်၏ ဆုတောင်းခြင်းသည် ပြည့်စုံစေသတည်း။

၃၀၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၃၀၈။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော် ဖြစ်၍ ရာဓ ဟူသော အမည်ဖြင့် ထင်ရှားသော မြတ်စွာဘုရား၏ တပည့် သာဝက ဖြစ်လတ္တံ့။

http://www.dhammadownload.com



၁၀၉။ လူတို့ထက် မြတ်သော သာကီဝင်မင်းသား မြတ်စွာဘုရားသည် မိမိဥစ္စာဖြစ်ကုန်သော အကြောင်းပါရမီဂုဏ်၌ နှစ်သက်တော်မူသည်ဖြစ်၍ ပဋိဘာန် ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဟု တင်ထားပညတ်တော်မူလတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၁၁၀။ ထိုအခါ သတိ ပညာ သမာဓိ ရှိသော ငါသည် ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ အသက်ရှင်သမျှ ကာလပတ်လုံး မြတ်စွာဘုရားကို မေတ္တာစိတ်ရှိသည်ဖြစ်၍ လုပ်ကျွေးခဲ့၏။

၁၁၁။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို ပယ်စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၁၂။ ငါသည် အကြိမ်သုံးရာတိုင်တိုင် နတ်မင်းအဖြစ်ကိုလည်း ပြုခဲ့၏၊ အကြိမ်ငါးရာတိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့၏။

၁၁၃။ ပြန့်ပြောသော ပဒေသရာဇ်မင်း အဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်၊ ထိုကံ၏အစွမ်းကြောင့် အလုံးစုံသောဘဝတို့၌ ချမ်းသာသောသူ ဖြစ်ခဲ့၏။

၁၁၄။ နောက်ဆုံးဘဝ၌ ရောက်လတ်သော် ရာဇဂြိုဟ်မြို့တော် မြတ်တွင် အဝတ်အစား ချို့တဲ့သော ပုဏ္ဏားမျိုး၌ ဖြစ်ရ၏။

၁၁၅။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အသျှင်သာရိပုတြာအား တဇွန်းမျှသော ဆွမ်းကို ပေးလှူခဲ့၏၊ အကြင်အခါ၌ အိုမင်းသူလည်း ဖြစ်၏၊ အရွယ်ကြီးသူလည်း ဖြစ်၏၊ ထိုအခါတွင်မှ ငါသည် ကျောင်းအရံသို့ ချဉ်းကပ်ခဲ့၏။

၁၁၆။ ထိုအခါ တစုံတယောက်သော ရဟန်းမျှ အိုမင်း၍ နည်းသော အားအစွမ်းရှိသော ငါ့ကို ရဟန်းပြုမပေးချေ၊ ထို့ကြောင့် ငါသည် ဆင်းရဲလျက် ရုပ်အဆင်း အင်္ဂါမလှပဲ စိုးရိမ်ခြင်းရှိသူဖြစ်ခဲ့၏။

၁၁၇။ ကြီးမြတ်သော သနားခြင်းရှိတော်မူသော မြတ်စွာဘုရားသည် ငါ့ကိုမြင်၍ ချစ်သား အဘယ့်ကြောင့် စိုးရိမ်ခြင်းသည် နှိပ်စက်အပ်ဘိသနည်း၊ စိတ်ကြောင့် ဖြစ်သော သင်၏ရောဂါကို ပြောဆိုလော့ဟု မိန့်တော်မူ၏။

၁၁၈။ မြတ်စွာဘုရား ကောင်းစွာ ဟောကြားတော်မူအပ်သော အရှင်ဘုရား၏ သာသနာတော်၌ ရဟန်းအဖြစ်ကို မရပါ၊ ထိုစိုးရိမ်ခြင်းကြောင့် ဆင်းရဲသူ ဖြစ်ရပါ၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် (တပည့်တော်၏) ကိုးကွယ်ရာ ဖြစ်တော်မူပါ။

၁၁၉။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို စည်းဝေးစေ၍ ဤပုဏ္ဏား၏ ပြုဘူးသော ကျေးဇူးကို အမှတ်ရသူတို့သည် ပြောကြားကုန်လော့ဟု မေးတော်မူ၏။

၁၂၀။ ထိုအခါ အသျှင်သာရိပုတြာသည် ထိုပုဏ္ဏား၏ ပြုဘူးသော ကျေးဇူးကို တပည့်တော် အောက်မေ့မိပါ၏၊ ဆွမ်းအကျိုးငှာ လှည့်လည်သော တပည့်တော်အား တဇွန်းမျှသော ဆွမ်းကို လှူခဲ့ဘူးပါ၏ဟု လျှောက်ဆို၏။

၁၂၁။ သာရိပုတြာ သာဓု သာဓု၊ (ကောင်းစွ ကောင်းစွ) သင်သည် ပြုခဲ့သော ကျေးဇူးကို သိသူဖြစ်၏၊ သင်သည် ဤပုဏ္ဏားအိုကြီးကို ရဟန်းပြုပေးလိုက်လော့၊ ဤပုဏ္ဏားသည် အာဇာနည်ပုဂ္ဂိုလ်ဖြစ်လတ္တံ့။

http://www.dhammadownload.com



၃၂၂။ ထိုအခါ (ဥ တ္တိစတုတ္ထ)ကမ္မဝါစာဖြင့် ပဉ္စင်းခံသော ရဟန်းအဖြစ်ကို ရခဲ့၏၊ ကာလ မကြာမြင့်မီပင် အာသဝေါကုန်ခြင်းသို့ ရောက်၏။

၃၂၃။ ငါသည် မြတ်စွာဘုရား၏ တရားစကားကို ဝမ်းမြောက်လျက် ရှိသေစွာ နာယူခဲ့၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ့ကို ပဋိဘာန်ဉာဏ်ရှိသူတို့တွင် (တရားဒေသနာ ဖြစ်ခြင်းငှါ ထိုက်သူတို့တွင်) အမြတ်ဆုံးဟု (တေဒဂ်)ထားတော်မူ၏။

၃၂၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၃၂၅။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၃၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း ။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်ရာဓမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ရာဓတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-မောဃရာဇတ္ထေရအပဒါန်

၃၂၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော လောကကို သိတော်မူ၍ စက္ခု ငါးမျိုးရှိသည့် ရဟန်းမြတ်ဖြစ်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော် မူ၏။

၃၂၈။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်၏၊ (သစ္စာ လေး ပါးကို)အထူးသိစေတော်မူတတ်၏၊(သံသရာမှ)ကယ်တင်တော်မူတတ်၏၊တရားဟောပြောမှု၌ ကျွမ်းကျင် လိမ္မာတော်မူ၏၊ များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၃၂၉။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူတတ်၏၊ သနားခြင်းရှိတော် မူ၏၊ (သတ္တဝါအားလုံးတို့၏)အစီးအပွါးကို ရှာမှီးတော်မူ၏၊ ရောက်လာသော တိတ္ထိအားလုံး တို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၃၃၀။ ဤသို့(မြတ်စွာဘုရားသာသနာတော်သည်)ရောယှက် ရှုပ်ထွေးခြင်း ကင်းလေ၏၊ တိတ္ထိတို့မှလည်း ဆိတ်သုဉ်းလေ၏၊ ဝသီဘော်သို့ရောက်သော တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာတို့ဖြင့်လည်း ဆန်းကြယ်ပေ၏။

၃၃၁။ ထိုမြတ်စွာဘုရားသည် အတောင် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ရွှေတုရိုဏ် တိုင်နှင့် တူတော်မူ၏၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့်ပြည့်စုံ တော်မူ၏။

၃၃၂။ ထိုအခါ အသက်တန်းသည် အနှစ်တသိန်းတို့ပတ်လုံး တည်လျက်ရှိ၏၊ ထိုမြတ်စွာ ဘုရားသည် ထိုမျှလောက် အသက်တော်တည်ရှိလျက် များစွာသော လူအပေါင်းကို ကယ်တင် တော်မူ၏။

http://www.dhammadownload.com



၃၃၃။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် အမှတ်မရှိသော အမျိုး၌ သူတပါးအလုပ်ကို လုပ်ကိုင်ရသောသူ ဖြစ်ခဲ့ရ၏၊ ငါ့အား တစုံတရာ မိမိဥစ္စာသည် မရှိချေ။

၃၃၄။ တည်းခိုရာ စရပ်၌နေသော ငါသည် အပြေအပြစ်ပြုအပ်သော မြေပေါ်၌ မီးဖိုခဲ့၏၊ ထိုမီးဖိုရာ၌ ထိုမြေကြီးသည် စွဲမြဲစွာ မည်းနက်ခြင်း ဖြစ်၏။

၃၃၅။ ထိုအခါ သစ္စာလေးပါးကို ပြတော်မူတတ်သော မြတ်စွာဘုရားသည် ခေါင်းပါးသော သက်န်းကိုဆောင်သော တပည့်သာဝကကို ပရိသတ်၌ ချီးကျူးတော်မူ၏။

၃၃၆။ ငါသည် ထိုရဟန်း၏ ထိုဂုဏ်ကျေးဇူး၌ နှစ်သက်သည်ဖြစ်၍ မြတ်စွာဘုရားကို ဦးညွှတ်၍ ခေါင်းပါးသော သက်န်းကိုဆောင်သော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်သော အရာ အထူးကို ဆုတောင်းခဲ့၏။

၃၃၇-၃၃၈။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် တပည့်သာဝကတို့ကို မိန့်တော်မူ၏— စက်ဆုပ်ဖွယ်အဝတ်ပုဆိုးရှိသော ပိန်လှီသောကိုယ်ရှိသော ပီတိဖြင့် ကြည်လင်သောမျက်နှာရှိ သော သဒ္ဓါဥစ္စာဖြင့် အစဉ်လိုက်၍ တက်ကြွသောအမွေးရှိသော ရွှင်လန်းဝမ်းမြောက်၍ တုန်လှုပ်ခြင်းမရှိသော အင်္ဂြင်းပင်အစုနှင့်တူသော ဤယောကျ်ားကို ရှုကုန်လော့(ဟု မိန့်တော်မူ၏)။

၃၃၉။ ဤယောကျ်ားသည် ခေါင်းပါးသော သက်န်းကို ဆောင်လေ့ရှိသော ထိုသစ္စသေန ရဟန်း၏ ဂုဏ်ကျေးဇူး၌ မှီသော အလိုဆန္ဒရှိသူဖြစ်၍ ထိုအရာအထူးကို ဆုတောင်း၏။

၃၄၀။ ထိုစကားကို ကြားရသည်ရှိသော် ငါသည် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ မြတ်စွာ ဘုရားကို ဦးတိုက်လျက် အသက်ထက်ဆုံး မြတ်စွာဘုရားသာသနာ၌ ကောင်းမှုကံကို ပြုခဲ့ ပြီးလျှင်—

၃၄၁။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို ပယ်စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၃၄၂။ တည်းခိုရာ စရပ်ဝယ် မြေ၌ မီးတိုက်ခြင်းကံကြောင့် အနှစ်တထောင်တိတိ ငရဲ၌ ဆင်းရဲဝေဒနာဖြင့် နှိပ်စက်အပ်လျက် ပူလောင်ခဲ့၏။

၃၄၃။ ငါသည် ထိုကံကြွင်းကြောင့် ဘဝငါးရာတို့ပတ်လုံး လူဖြစ်၍ ပဋိသန္ဓေကပင် အမည်း မှတ်စွဲ ထင်ခဲ့ရသူ ဖြစ်ခဲ့၏။

၃၄၄။ ငါသည် ထိုကံ၏ အစွမ်းကြောင့် ဘဝငါးရာတို့ပတ်လုံးပင် နူနာဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ကြီးစွာသော ဆင်းရဲကို ခံစားခဲ့ရ၏။

၃၄၅။ ငါသည် ဤဘဒ္ဒကမ္ဘာ၌ အခြံအရံ အကျော်အစောရှိသော ဥပရိဋ္ဌပစ္စေကဗုဒ္ဓါကို ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဆွမ်းဖြင့် ရောင့်ရဲ နှစ်သိမ့်စေခဲ့၏။

၃၄၆။ ထိုကံအထူးကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၃၄၇။ ငါသည် နောက်ဆုံးဘဝသို့ ရောက်လတ်သော် မင်းမျိုး၌ ဖြစ်ခဲ့၏၊ အဖကွယ်လွန်သဖြင့် ငါသည် မြတ်သော မင်းအဖြစ်သို့ ရောက်ရ၏။

၃၄၈။ ငါသည် နူနာရောဂါဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပျော်မွေ့ခြင်းကို မရပေ၊ ချမ်းသာခြင်းကိုလည်း မရရှိခဲ့ပေ၊ (အကြင့်ကြောင့်)မင်းစည်းစိမ် ချမ်းသာသည် ငါ့အား အချည်းနှီးဖြစ်၏၊ ထို့ကြောင့် ငါသည်(မောဃရာဇ) အချည်းနှီးသော မင်းဖြစ်လေ၏။

၃၄၉။ ငါသည် ခန္ဓာကိုယ်၏ အပြစ်ကို မြင်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ဗာဝရီပုဏ္ဏားမြတ်၏ တပည့်အဖြစ်သို့ ကပ်ရောက်ခဲ့၏။

၃၅၀။ များစွာသော အခြံအရံဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အယူဝါဒကို ပြတတ်သော ထိုမြတ်စွာဘုရားအား သိမ်မွေ့သော ပြဿနာကို မေးလျှောက်ခဲ့၏။

၃၅၁။ (မြတ်စွာဘုရား) ဤလောကသည်၎င်း တမလွန် လောကသည်၎င်း နတ်နှင့်တကွသော ဗြဟ္မလောကသည်၎င်း ရှိပါ၏၊ (သို့သော်) များသော အခြံအရံ အကျော်အစောရှိသော ဂေါတမမြတ်စွာဘုရား၏ အယူဝါဒကို အကျွန်ုပ် မသိပါ။

၃၅၂။ အကျွန်ုပ်သည် ဤသို့ လောကမှ လွန်မြောက်ရာ နိဗ္ဗာန်ကို မြင်တော်မူလေ့ရှိသော မြတ်စွာဘုရားကို ပြဿနာမေးလိုသဖြင့် လာရောက်ပါ၏၊ လောကကို အဘယ်သို့ ရှုကြည့်သူကို သေမင်းသည် မမြင်နိုင်ပါသနည်း(ဟု မေးလျှောက်၏)။

၃၅၃။ မောဃရာဇ အခါခပ်သိမ်း သတိရှိလျက် အတ္တသို့ အစဉ်လိုက်သော (သက္ကာယ) ဒိဋ္ဌိကို ပယ်၍ (အတ္တသုခနိစ္စမှ) ဆိတ်သုဉ်းသောအားဖြင့် လောကကို ရှုကြည့်လော့၊ ဤသို့ ရှုကြည့်လတ်သော် သေမင်းကို လွန်မြောက်သည် ဖြစ်ရာ၏။

၃၅၄။ ဤသို့ လောကကို ရှုကြည့်ရသောသူကို သေမင်း မမြင်နိုင်ချေ၊ ဤသို့ အလုံးစုံသော ရောဂါကို ကုစားတတ်သော မြတ်စွာဘုရားသည် ငါ့ကို မိန့်တော်မူ၏။

၃၅၅။ ဂါထာဆုံးသည်နှင့် တပြိုင်နက် ဆံမုတ်ဆိတ်ကင်းလျက် ဖန်ရည်စွန်း အဝတ်ကို ဝတ်သော ထိုထိုအခြင်းအရာအားဖြင့် အပ္ပဇော်ခံထိုက်သော (ဧဟိ ဘိက္ခု ရဟန္တာ) ရဟန်းဖြစ်ခဲ့၏။

၃၅၆။ လေရောဂါတို့သည် အလွန်နှိပ်စက်အပ်သည် ဖြစ်၍ ကျောင်းသည် မပျက်စီးပါစေလင့်ဟု နှလုံးသွင်းလျက် ရောဂါနှိပ်စက်သော ငါသည် သံဃိကကျောင်းတို့၌ မနေခဲ့ပေ။

၃၅၇။ ငါသည် အမှိုက်ပုံမှ၎င်း သုသာန်မှ၎င်း လမ်းခရီးတို့မှ၎င်း ဆောင်ယူပြီးနောက် ဒုကုဋ်ကိုပြု၍ ခေါင်းပါးသော သင်္ကန်းကို ဆောင်ခဲ့၏။

၃၅၈။ ဆေးသမားကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ၏ ထိုဂုဏ်၌ နှစ်သက်သည်ဖြစ်၍ ခေါင်းပါးသော သင်္ကန်းကို ဆောင်သော ရဟန်းတို့တွင် ဧတဒဂ်အရာ၌ ငါ့ကို ထားတော်မူ၏။

၃၅၉။ ငါသည် ကုသိုလ် အကုသိုလ်ကုန်ခန်းလျက် အလုံးစုံသော ရောဂါကင်းပျောက်ပြီး လျှင် လောင်စာမရှိသော မီးကဲ့သို့ အာသဝမရှိပဲ ငြိမ်းတော့အံ့၊ (ပရိနိဗ္ဗာန် ပြုအံ့)။

http://www.dhammadownload.com



၃၆၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၆၁။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၃၆၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်မောဃရာဇမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် မောဃရာဇတ္ထေရအပဒါန် ပြီး၏။

**ငါးဆယ့်လေးခုမြောက် ကစ္စာယနဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၁၅–ဘဒ္ဒိယဝဂ်

## ၁-လကုဏ္ဍကဘဒ္ဒိယထေရအပဒါန်

၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့၌ သိမြင်သော ပညာမျက်စိရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ များသော ဥစ္စာရှိသော သူဌေးသားဖြစ်၍ အညောင်းပြေ လမ်းလျှောက်သွားလတ်သော် သံဃာအရံသို့ ရောက်ခဲ့၏။

၃။ ထိုအခါ လောက၏ မီးရှူးတန်ဆောင်ဖြစ်သော ထိုမြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ သာယာသော အသံရှိသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး တပည့်သာဝကကို ချီးကျူးတော်မူ၏။

၄။ ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၅။ ထိုအခါ(သတ္တဝါတို့ကို နိဗ္ဗာန်သို့) ပို့ဆောင်တတ်သော မြတ်စွာဘုရားသည် သံဃာအလယ်၌ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤသူသည် အနာဂတ်ကာလ၌ ထိုစိတ် အလိုရှိသောဆုကို ရရှိလတ္တံ့။

၆။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၇။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် ဘဒ္ဒိယဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၈။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၉။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာ ထက်၌ ချဉ်းကပ်နိုင်ခဲသော နှိပ်စက်နိုင်ခဲသော အလုံးစုံသော လောကထက်မြတ်သော မာရ်ငါးပါးကို အောင်တော်မူသော ဖုဿမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၀။ ထိုမြတ်စွာဘုရားသည် အကျင့် ‘စရဏ’ နှင့်လည်း ပြည့်စုံတော်မူ၏၊ ကြီးမားသော ပညာ ဖြောင့်မတ်သော သမာဓိ ပြင်းထန်သော လုံ့လလည်း ရှိတော်မူ၏၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးကိုလည်း ရှာမှီးတော်မူ၏၊ များစွာသော သတ္တဝါအပေါင်းကို အနှောင်အဖွဲ့မှလည်း လွတ်စေတော်မူ၏။

http://www.dhammadownload.com



၁၁။ ငါသည် ထိုမြတ်စွာဘုရား၏ နန္ဒာရုံတော်၌ ဖုဿမည်သော ဥယျာဉ်စောင့်ဖြစ်ခဲ့၏၊ ဂန္ဓကုဋိ အနီး သရက်ပင်၌ နေ၏။

၁၂။ ထိုအခါ ငါသည် ဆွမ်းခံကြွတော်မူသော မြတ်သော အလှူကို ခံတော်မူထိုက်သော ဘုရားမြတ်ကို ဖူးမြင်ရ၍ စိတ်ကိုကြည်လင်စေပြီးလျှင် သာယာသော အသံဖြင့် တွန်မြည်ခဲ့၏။

၁၃။ ထိုအခါ ငါသည် မင်းဥယျာဉ်သို့သွား၍ ကောင်းစွာ မှည့်သော ရွှေနှင့်တူသော အခွံရှိသော သရက်သီးခိုင်ကို ဆွတ်ခူးယူပြီးလျှင် မြတ်စွာဘုရားအား ကပ်လှူခဲ့၏။

၁၄။ ထိုအခါ ငါ၏စိတ်ကို သိ၍ မြတ်သော ကရုဏာရှိသော မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည် အလုပ်အကျွေးရဟန်း၏လက်မှ သပိတ်ကို ယူတော်မူ၏။

၁၅။ ငါသည် ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ သရက်သီးခိုင်ကို မြတ်စွာဘုရားအား သပိတ်၌ ထည့်ပြီးလျှင် လှူဒါန်းခဲ့၏၊ အတောင်တို့ဖြင့် လက်အုပ်ချီလျက်—

၁၆။ ငါသည် မြတ်စွာဘုရားကို ပူဇော်ခြင်းအကျိုးငှါ စွဲမက်ဖွယ် နားပျော်ဖွယ်ရှိသော ချိုသာသော အသံဖြင့် တွန်မြည်လျက် အသိုက်သို့သွား၍ ဝပ်နေ၏။

၁၇။ ထိုအခါ ဝမ်းမြောက်သော စိတ်ရှိသော ဘုရား၌ကြည်ညိုသော အလိုဆန္ဒရှိသော ငါ့ကို ဖျက်ဆီးလိုသောစိတ်ရှိသော သိန်းစွန်သည် အနီးသို့လာ၍ သတ်ခဲ့၏။

၁၈။ ငါသည် ထိုဘဝမှ စုတေလတ်သော် ထိုကံ၏ အစွမ်းကြောင့် တုသိတာဘုံ၌ ကြီးစွာသော ချမ်းသာကို ခံစားပြီးလျှင် လူ့ဘဝသို့ ရောက်ခဲ့၏။

၁၉။ ဤဘဒ္ဒကမ္ဘာ၌ များသော အခြံအရံ အကျော်အစောရှိသော တရားဟောပုဂ္ဂိုလ်ပေါ့ တွင် အမြတ်ဆုံးဖြစ်တော်မူသော အနွယ်အားဖြင့် ဗြာဟ္မဏအမျိုး၌ဖြစ်သော ကဿပ မည်သောမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၀။ ထိုမြတ်စွာဘုရားသည် သာသနာကို ထွန်းတောက်ပစေလျက် ယုတ်မာသောတိတ္ထိတို့ကို လွှမ်းမိုးပြီးလျှင် ဝေနေယျသတ္တဝါတို့ကို ဆုံးမ၍ (ထိုမြတ်စွာဘုရားသည်) တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန် စံတော်မူ၏။

၂၁။ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလတ်သော် များစွာသော ကြည်ညိုသူ လူအပေါင်းတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းအကျိုးငှါ မြတ်စွာဘုရား၏ ပုထိုး(စေတီတော်) ကို တည်ထားပြုလုပ်ကုန်၏။

၂၂။ ဤသို့လျှင် ထိုသူတို့သည် မြတ်စွာဘုရား၏ ပုထိုး(စေတီ) တော်ကို ရတနာခုနစ်ပါးဖြင့် တန်ဆာဆင်လျက် ခုနစ်ယူဇနာရှိအောင် ပြုကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

၂၃။ ထိုအခါ ငါသည် ကိကီမည်သော ကာသိမင်း၏ စစ်ဗိုလ်ချုပ်ဖြစ်၍ အတိုင်းအရှည် မရှိသော မြတ်စွာဘုရား၏ စေတီတော်၌ အတိုင်းအရှည်ကို ပြောဆိုခဲ့၏။

၂၄။ ထိုအခါ ထိုသူတို့သည် ငါ၏စကားကြောင့် မြတ်စွာဘုရား၏ စေတီတော်ကို အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက် အမြင့်တယူဇနာရှိသည်ကို ပြုကုန်၏။

၂၅။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတော်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာ ဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၂၆။ ငါသည် ဤယခုနောက်ဆုံးဘဝတွင် ပြည့်စုံစည်ကားလျက် များသောဥစ္စာရှိသော သာဝတ္ထိမြို့တော်ဝယ် သူဌေးမျိုး၌ ဖြစ်ခဲ့၏။

၂၇။ ငါသည် မြို့သို့ဝင်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ဝမ်းမြောက်သောစိတ် ရှိလျက် ရဟန်းပြုပြီးလျှင် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၂၈။ စေတီတော်၏ အကြင်အတိုင်းအရှည်ကို ပြုခဲ့၏၊ ထိုကံကြောင့် ပုကလသောကိုယ် ရှိသည် ဖြစ်၍ သူတပါးတို့ ပြက်ရယ်ပြုထိုက်သူ ဖြစ်ရ၏။

၂၉။ ငါသည် မြတ်စွာဘုရားကို ချိုသာသောအသံဖြင့် ပူဇော်ခဲ့ခြင်းကြောင့် ချိုသာသော အသံရှိသော ရဟန်းတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခဲ့၏။

၃၀။ မြတ်စွာဘုရားအား သစ်သီးလှူခြင်းကြောင့်ရင်း ဂုဏ်တော်ကို အကြိမ်ကြိမ်အောက် မေ့ခြင်းကြောင့်ရင်း သာမညဖိုလ်(အရဟတ္တဖိုလ်)နှင့် ပြည့်စုံလျက် အာသဝေါမရှိပဲ နေရပေ၏။

၃၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၃၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာ ဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါး သော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော် ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှေးဦးစွာသော လကုဏ္ဍကဘဒ္ဒိယတ္ထေရအပဒါန် ပြီး၏။

---

## ၂-ကင်္ခါရေဝတတ္ထေရအပဒါန်

၃၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့၌ သိမြင်သော ပညာ မျက်စိ ရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော ပဒုမုတ္တရမည် သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၃၅။ ထိုမြတ်စွာဘုရားသည် ခြင်္သေ့မင်း၏မေးနှင့်တူသော မေးရှိတော်မူ၏၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံရှိတော်မူ၏၊ ဟင်္သာမင်း၏အသံနှင့်တူသောအသံ ရှိတော်မူ၏၊ ဆဒ္ဒန် ဆင်မင်း၏ သွားခြင်းကဲ့သို့ သွားခြင်းရှိတော်မူ၏၊ လနေတို့ထက် သာလွန်သောအရောင် ရှိတော်မူ၏။

၃၆။ ကြီးမားသော ပညာရှိတော်မူ၏၊ ကြီးမားသော လုံ့လရှိတော်မူ၏၊ မြတ်သောစျာန် ဝင်စားခြင်း ရှိတော်မူ၏၊ ကြီးမားသော ခွန်အားရှိတော်မူ၏၊ ကြီးမားသော ကရုဏာ ရှိတော်

http://www.dhammadownload.com



မူ၏၊ (သတ္တဝါတို့၏) ကိုးကွယ်ရာ ဖြစ်တော်မူ၏၊ ကြီးမားသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏။

၃၇။ လောကထက် မြတ်တော်မူသော သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော သတ္တဝါတို့၏ အလိုဆန္ဒကို သိတော်မူသော မြတ်စွာဘုရားသည် များစွာသော ဝေနေယျသတ္တဝါအပေါင်းကို ဆုံးမလျက် တရားကို တရံတခါသာလျှင် ဟောတော်မူ၏။

၃၈။ ချွန်ဝင်စားလေ့ရှိသော ချွန်၌ပျော်မွေ့၍ လို့လဝီရိယရှိသော ကိလေသာမီးငြိမ်းပြီးသော နောက်ကျခြင်းမရှိသောရဟန်းကို မြတ်စွာဘုရားသည် ပရိသတ်၌ ချီးကျူးလျက် လူအပေါင်းကို နှစ်သက်စေတော်မူ၏။

၃၉။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ဝေဒကျမ်းတို့၌ တဖက်ကမ်းရောက်တတ်မြောက်သော ပုဏ္ဏားဖြစ်လျက် တရားကို နာကြားရသည်ရှိသော် ဝမ်းမြောက်သည် ဖြစ်၍ ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၄၀။ ထိုအခါ နတ်လူတို့ထက် အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရားသည် သံဃာအလယ်၌ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ပုဏ္ဏား သင်သည် ဝမ်းမြောက်လေလော့၊ ထိုစိတ်အလိုဆန္ဒ ရှိသောဆုကို ရလတ္တံ့။

၄၁။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ သြက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၂။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် ရေဝတဟုထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၄၃။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄၄။ ဤယခုနောက်ဆုံးဘဝတွင် ငါသည် ကောလိယမြို့ဝယ် ကြွယ်ဝပြည့်စုံလျက် များသောဥစ္စာရှိသော အမျိုးနှင့်ပြည့်စုံသော မင်းမျိုး၌ ဖြစ်ခဲ့၏။

၄၅။ အကြင်အခါ ကပိလဝတ်ပြည်၌ မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား၌ ကြည်ညိုသည်ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၄၆။ ထိုထိုအပ်စပ်သောအရာ မအပ်စပ်သောအရာ၌ ငါ့အား များစွာသော ယုံမှားခြင်းဖြစ်ခဲ့၏၊ မြတ်စွာဘုရားသည် မြတ်သော တရားကို ဟောကြားလျက် ထိုယုံမှားခြင်း အားလုံးကို ပယ်ဖျောက်တော်မူ၏။

၄၇။ ထို့ကြောင့် ငါသည် သံသရာကို လွန်မြောက်၍ (လွန်မြောက်ပြီးသော ယုံမှားခြင်းရှိသည်ဖြစ်၍) အခါခပ်သိမ်း ချွန်ချမ်းသာ၌ ပျော်မွေ့လျက် နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို မြင်၍ ဤစကားကို မိန့်တော်မူ၏—

၄၈။ ဤလောက၌ဖြစ်စေ တမလွန်လောက၌ဖြစ်စေ မိမိသိအပ်ကုန်သော သူတပါးတို့သိအပ်ကုန်သော အမှတ်မရှိကုန်သော ယုံမှားခြင်းတို့သည် ရှိကုန်ရာ၏၊ ထိုယုံမှားခြင်းအားလုံး

http://www.dhammadownload.com



တို့ကို ကိလေသာကို လွန်စွာ ပူပန်စေတတ်သော လုံ့လရှိကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော ဈာန်ဝင်စားလေ့ရှိသော ပုဂ္ဂိုလ်တို့သည် စွန့်ပယ်ကုန်၏။

၄၉။ ကမ္ဘာတသိန်းထက်၌ ပြုခဲ့သောကံသည် ဤဘဝ၌ ငါ့အား အကျိုးကို ပြ၏၊ ငါသည် ကောင်းစွာပစ်လွှတ်အပ်သော မြှားအဟုန်ကဲ့သို့ ငါ၏ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေခဲ့၏။

၅၀။ ထိုအခါ လောက၏ အဆုံးသို့ရောက်တော်မူသော ရဟန်းမြတ်ဖြစ်တော်မူသော ကြီးမားသော ပညာရှိသော မြတ်စွာဘုရားသည် ဈာန်၌ ပျော်မွေ့သည်ကို မြင်၍ ဈာန်ဝင်စားလေ့ရှိကုန်သော ရဟန်းတို့တွင် အမြတ်ဆုံးဟု ပညတ်တော်မူ၏။

၅၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၂။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၅၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကင်္ခါရေဝတမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် ကင်္ခါရေဝတတ္ထေရအပဒါန် ပြီး၏။

---

## ၃-သီဝလိတ္ထေရအပဒါန်

၅၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့ကို သိမြင်သော ပညာမျက်စိရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၅၅။ ထိုမြတ်စွာဘုရား၏ သီလတော်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဝဇီရစိန်နှင့် တူသော သမာဓိတော်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဉာဏ်တော်မြတ်ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ဥပမာမရှိသော အရဟတ္တဖိုလ်ကိုလည်း ရေတွက်ခြင်းငှါ မစွမ်းနိုင်ချေ။

၅၆။ ရဟန်း ပုဏ္ဏားတို့ဖြင့် ရောပြွမ်းသော လူ နတ် နဂါးတို့၏ရင်း ဗြဟ္မာတို့၏ရင်း အစည်းအဝေး၌ မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏။

၅၇။ ပရိသတ်တို့၌ ရဲရင့်တော်မူသော မြတ်စွာဘုရားသည် ဘုန်းကံ ကြီးမားလျက် များသောလာဘ်ရှိသော အရှောင်အလင်းကိုဆောင်သော မိမိတပည့်ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၅၈။ ထိုအခါ ငါသည် ဟံသမည်သောမြို့၌ မင်းမျိုးဖြစ်ခဲ့၏၊ တပည့်သာဝက၏ များစွာသောဂုဏ်ကို(ချီးကျူးတော်မူသော)မြတ်စွာဘုရား၏ ထိုစကားကို ကြားနာရသည်ရှိသော်—

၅၉။ တပည့်သာဝကနှင့်တကွသော မြတ်စွာဘုရားကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးလျက် အလှူကြီးကို လှူပြီးလျှင် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

http://www.dhammadownload.com



၆၀။ ထိုအခါ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရားသည် ခြေတော်တို့ကို ဦးခိုက်လျက် နေသော ငါ့ကိုမြင်၍ မြတ်သောအသံဖြင့် ဤစကားကို မိန့်တော်မူ၏—

၆၁။ ထိုအခါ မြတ်စွာဘုရား၏ စကားကို ကြားနာလိုကုန်သော များစွာသော လူတို့သည် ၎င်း နတ် ဒါနဝဘီလူး ဂန္ဓဗ္ဗနတ်တို့သည်၎င်း တန်ခိုးကြီးသော ဗြဟ္မာတို့သည်၎င်း—

၆၂။ ရဟန်း ပုဏ္ဏားတို့သည်၎င်း လက်အုပ်ချီလျက် ရှိခိုးကုန်လျက် ယောကျ်ားအာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

၆၃။ မြတ်စွာဘုရား အရှင်ဘုရားတို့အား မင်းသည် ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူခဲ့ပါ၏၊ ထိုအလှူကြီး၏ အကျိုးကို နာလိုပါကုန်၏၊ ဟောကြားတော်မူပါ အရှင်ဘုရား (ဟု လျှောက်ဆိုကုန်၏)။

၆၄။ ထိုအခါ မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ငါဆိုမည့်စကားကို နာကြားကုန်လော့—သံဃာနှင့်တကွသော မနှိုင်းယှဉ်အပ်သော မြတ်စွာဘုရား၌ အလှူကို ဖြစ်စေအပ်၏။

၆၅။ ထိုအလှူ၏ (အကျိုးကို) အဘယ်သူသည် ဟောပြောနိုင်အံ့နည်း၊ ထိုအလှူသည် မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏၊ စင်စစ်သော်ကား များစွာသော စည်းစိမ်ရှိသော ထိုမင်းသည် မြတ်သော အရာအထူးကို ဆုတောင်းပေ၏။

၆၆။ ပြန့်ပြောသော လာဘ်တို့ကို ရလေ့ရှိသော သုဒဿနရဟန်းကဲ့သို့ ထိုအတူ ငါသည်လည်း ဖြစ်ရပါလို၏ဟူသော ဤဆုကို အနာဂတ်ကာလ၌ ရလတ္တံ့။

၆၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၆၈။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် သီဝလိဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၆၉။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၇၀။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တင့်တယ်သပ္ပါယ်သဖြင့် ဖူးမျှော်ထိုက်သော အလုံးစုံသော တရားတို့ကို ရှုမြင်တတ်သော ဝိပဿီမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၇၁။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့တွင် တခုသောအမျိုး၌ သနားကြည့်ရှုတတ်၍ အမှုကိစ္စကို ကြောင့်ကြစိုက်တတ်သော သူဖြစ်ခဲ့၏။

၇၂။ ထိုအခါ အသင်းတသင်းသည် ဝိပဿီမြတ်စွာဘုရားအား ကြီးကျယ်ထင်ရှားသော လုပ်ကျွေးခြင်းကို ပြုလေ၏။

၇၃။ (အသင်းသားတို့သည်) အလှူကြီးပြီးစီးလတ်သော် ခဲဖွယ်နှင့်စပ်သော အလှူကို ပေးလှူကုန်၏၊ (ထိုအခါ) အသစ်သော နို့ဓမ်းကို၎င်း ပျားရည်ကို၎င်း ရှာဖွေသော်လည်း မမြင်မတွေ့ရကုန်။

http://www.dhammadownload.com



၇၄။ ထိုအခါ ငါသည် သစ်သောထိုနို့မေးကိုင်း ထိုပျားရည်အသစ်ကိုင်း ယူ၍ အလုပ်ရှင်၏အိမ်သို့ သွား၏၊ ထိုအရာဝတ္ထုကို ရှာဖွေသူတို့သည် ငါ့ကို တွေ့မြင်ကုန်၏။

၇၅။ (ထိုအသင်းသည်) အသပြာတထောင် ပေးသော်လည်း ထိုအရာဝတ္ထု(နို့မေး ပျားရည်)နှစ်ခုကို မရချေ၊ ထို့ကြောင့် ငါသည် ဤသို့ကြံစည်ခဲ့၏၊ ဤအလှူသည် ယုတ်ညံ့သော အလှူ မဖြစ်လတ္တံ့။

၇၆။ ဤလူအားလုံးတို့သည် မြတ်စွာဘုရားကို ကောင်းစွာပြုစုကုန်သကဲ့သို့ ငါသည်လည်း သံဃာနှင့်တကွ မြတ်စွာဘုရား၌ ပူဇော်သက္ကာရကို ပြုအံ့။

၇၇။ ထိုအခါ ငါသည် ဤသို့ကြံစည်ပြီးလျှင် နို့ဓမ်းကိုင်း ပျားရည်ကိုင်း တပေါင်းတည်းနယ်၍ သံဃာနှင့်တကွသော မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။

၇၈။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ငှင်း စေတနာတောင့်တမှုတို့ကြောင့်ငှင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့၏။

၇၉။ ငါသည် ဗာရာဏသီမြို့၌ မျှားသော အခြံအရံအကျော်အစောရှိသောမင်း တဖန်ဖြစ်၍ ရန်သူအား အမျက်ထွက်၍ (ဝန်းရံလျက်) မြို့တံခါး ပိတ်ခြင်းကို ပြုခဲ့၏။

၈၀။ ထိုအခါ ရသေ့(ပစ္စေကဗုဒ္ဓါ)တို့သည် ဝန်းရံခံရကုန်လျက် တရက်မျှစောင့်ရှောက်အပ်ကုန်၏ (ဆင်းရဲခြင်းသို့ ရောက်ကုန်၏)၊ ထိုအခါ ထိုကံ၏အကျိုးကြောင့် ပြင်းထန်သော ငရဲသို့ ကျရောက်ခဲ့ရ၏။

၈၁။ ဤယခု နောက်ဆုံးဘဝ၌ ငါသည် ကောလိယမြို့၌ မွေးဖွားခဲ့၏၊ ငါ၏အမိကား သုပ္ပါဝါသာမည်၏၊ အဖကား မဟာလိလိစ္ဆဝီမည်၏။

၈၂။ ကုသိုလ်ကံကြောင့် မင်းမျိုး၌ ဖြစ်ခဲ့ရ၏၊ မြို့တံခါးကို ပိတ်ဆို့ခဲ့ခြင်း၏အစွမ်းကြောင့် ခုနစ်နှစ်တို့ပတ်လုံး အမိဝမ်း၌ ဆင်းရဲခြင်းသို့ရောက်လျက် နေခဲ့ရ၏။

၈၃။ ငါသည် (မွေးဖွားစဉ်)ဒွါရ၌ တွေဝေမိန်းမောလျက် ခုနစ်ရက်ပတ်လုံး ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်ခဲ့ရ၏၊ ငါ့အမိသည်(မြို့တံခါးပိတ်ရန်) အလိုဆန္ဒပေးခြင်းကြောင့် ဤသို့ အလွန်ဆင်းရဲသူ ဖြစ်ခဲ့ရ၏။

၈၄။ မြတ်စွာဘုရားသည် သနားစောင့်ရှောက်သည်ဖြစ်၍ ငါသည် အမိဝမ်းတိုက်မှ မွေးဖွားပြီးလျှင် မွေးဖွားသောနေ့၌ပင်လျှင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၈၅။ အသျှင်သာရိပုတြာသည် ငါ၏ဥပဇ္ဈာယ်ဆရာပေတည်း၊ တန်ခိုးကြီးမားသော မြတ်သောပညာရှိသော အသျှင်မောဂ္ဂလ္လာန်သည် ဆံပင်တို့ကို ချလျက် ငါ့အား ဆုံးမတော်မူ၏။

၈၆။ ဆံပင်တို့ကို ရိတ်ဖြတ်ကုန်စဉ် ငါသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊နတ်တို့သည်ငှင်း နဂါးတို့သည်ငှင်း လူတို့သည်ငှင်း ငါ၏(အထံသို့) ပစ္စည်းတို့ကို ပို့ဆောင်ကုန်၏။

၈၇။ ငါသည် အထူးအားဖြင့် ပဒုမုတ္တရမြတ်စွာဘုရားကိုင်း ဝိပဿီမြတ်စွာဘုရားကိုင်း ပစ္စည်းတို့ဖြင့် ဝမ်းမြောက်လျက် ပူဇော်ခဲ့၏။

http://www.dhammadownload.com



၈၈။ ထို့ကြောင့် ထိုကံတို့၏ အကျိုးအထူးအားဖြင့် တောင်၌ရင်း ရွာ၌ရင်း ရေ၌ရင်း ကုန်း၌ရင်း အလုံးစုံသော အရပ်တို့၌ များမြတ်သော လာဘ်ကို ရ၏။

၈၉။ အကြင်အခါ လောက၏အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် အသျှင်ရေဝတကို တွေ့မြင်ရန် ရဟန်းသုံးသောင်းတို့နှင့် တကွ ကြွသွားတော်မူ၏။

၉၀။ ထိုအခါ ငါ၏အကျိုးငှါ နတ်တို့သည် ပို့ဆောင်အပ်သော ပစ္စည်းတို့ဖြင့် သံဃာနှင့်တကွ မြတ်သော ပညာရှိသော ကြီးသောလုံ့လရှိသော မြတ်စွာဘုရားကို—

၉၁။ ငါသည် လုပ်ကျွေးအပ်၏၊မြတ်စွာဘုရားသည် အသျှင်ရေဝတထံသို့ ကြွသွား၍ရှုကြည့်တော်မူ၏၊ ထို့နောက် ဇေတဝန်ကျောင်းသို့ ကြွသွား၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၉၂။ ရဟန်းတို့ ငါ၏တပည့်တို့၌ သီဝလိသည် လာဘ်ပေါများသူတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပေ၏ဟု အလုံးစုံသော လောက၏ အစီးအပွါးကို ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ပရိသတ်တို့၌ ငါ့ကို ချီးကျူးတော်မူ၏။

၉၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏ ။

၉၄။ ငါ၏ လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၉၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သီဝလိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုံးခုမြောက် သီဝလိတ္ထေရအပဒါန် ပြီး၏။

---

## ၄-ဝင်္ဂီသတ္ထေရအပဒါန်

၉၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော ပညာမျက်စိ ရှိတော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၉၇။ သမုဒ္ဒရာ၌ လှိုင်းတံပိုးကဲ့သို့ရင်း ကောင်းကင်၌ ကြယ်တာရာတို့ကဲ့သို့ရင်း ဤအတူ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် ဆန်းကြယ်လျက် ရှိပေ၏။

၉၈။ ဘုရားမြတ်သည် ရဟန်းပုဏ္ဏားတို့ဖြင့် ရောပြွမ်းသော လူတို့၏အလယ်၌ နတ်အသုရာ နဂါးနှင့်တကွကုန်သောလူတို့ဖြင့် ခြံရံလျက် ရှိပေ၏။

၉၉။ လောက၏ အဆုံးသို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားသည် ရောင်ခြည်တော်တို့ဖြင့် လောက၌ တပ်စွန်းစေလျက် ဝေနေယျသတ္တဝါ ကြာပဒုမာတို့ကို စကားတော်ဖြင့် ပွင့်စေတော်မူ၏။

၁၀၀။ ယောကျ်ားမြတ်ဖြစ်လျက် ရဲရင့်တော်မူသော မြတ်စွာဘုရားသည် လေးပါးသော ဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံတော်မူ၏၊ကြောက်ခြင်း ရွံ့ရှာခြင်းကို ပယ်ရှားတော်မူ၏၊ ဘေးမဲ့ရာ နိဗ္ဗာန်သို့ ရောက်တော်မူ၏။

http://www.dhammadownload.com



၁၀၁။ လောက၌ အမြတ်ဆုံး မြတ်စွာဘုရားသည် အမြင့်အမြတ်ဆုံး ဌာနဖြစ်သော မြတ်စွာဘုရား၏ အဆင့်အတန်းကို အကြွင်းမဲ့ ဝန်ခံတော်မူ၏၊ တဦးတယောက်မျှ အပြစ်တင်စောဒနာမည့်သူ ရှိတော်မမူချေ။

၁၀၂။ ခြင်္သေ့သံနှင့်တူသော မကြောက်မရွံ့သော မိန့်ခွန်းကို မိန့်မြွက်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ကဲ့ရဲ့ပြောဆိုတတ်သော နတ်သည်၎င်း လူသည်၎င်း ဗြဟ္မာသည်၎င်း ရှိတော်မမူချေ။

၁၀၃။ ပရိသတ်တို့၌ ရဲရင့်တော်မူသော မြတ်စွာဘုရားသည် မြတ်သောတရားကို ဟောပြလျက် နတ်နှင့်တကွသော လူကို (ကောင်းစွာ) ကယ်တင်လျက် တရားစကြာကို လည်စေတော်မူ၏။

၁၀၄။ ပဋိဘာန်ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်လျက် သူတော်ကောင်းဟု သမုတ်အပ်သော ထိုတပဿီဝကကို များစွာသော ဂုဏ်တို့ဖြင့် ချီးကျူး၍ ဧတဒဂ်အရာ၌ ထားတော်မူ၏။

၁၀၅။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ သူတော်ကောင်းဟု သမုတ်အပ်သော ပုဏ္ဏားဖြစ်၍ အလုံးစုံသော ဗေဒင်ကို သိသောသူ ဝါဒကို ပြတတ်သောသူ စကားကိုအစိုးရသောသူ ဖြစ်ခဲ့၏။

၁၀၆။ ငါသည် ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားသည် ရှိသော် တပဿီဝက၏ ဂုဏ်၌ မွေ့လျော်လျက် (စိတ်ညွတ်လျက်) မြတ်သော ပီတိကို ရခဲ့၏။

၁၀၇။ ထိုအခါ ငါသည် လောကကို နှစ်သက်စေတတ်သော မြတ်စွာဘုရားကို သံဃာနှင့်တကွ ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေးပြီးလျှင် ပုဆိုး (သင်္ကန်း) တို့ဖြင့် ဖုံးလွှမ်းလှူဒါန်းခဲ့၏။

၁၀၈။ အခွင့် ပြုအပ်ပြီးသော ငါသည် ခြေတော်တို့ကို ဦးတိုက်၍ သင့်လျော်ရာအရပ်၌ ရပ်ပြီးလျှင် လက်အုပ်ချီလျက် ရွှင်လန်းဝမ်းမြောက်စွာ ဘုရားမြတ်ကို ချီးကျူးခဲ့၏။

၁၀၉။ အယူဝါဒကို နှိမ်နင်းတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ခုနစ်ဆူမြောက်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အလုံးစုံသောလောကထက် မြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ဘေးမရှိအောင် ပြုတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

၁၁၀။ မာရ်ငါးပါးကို နှိမ်နင်းတော်မူနိုင်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အယူကို ပြတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ငြိမ်းချမ်းသော (နိဗ္ဗာန်) ချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ကိုးကွယ်ရာကို ပြုတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

၁၁၁။ အရှင်ဘုရားသည် ကိုးကွယ်ရာမဲ့သူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ ဘေးမှကြောက်ရွံ့နေသူတို့အား ဘေးမဲ့ကို ပေးတော်မူတတ်ပါပေ၏၊ ပင်ပန်းသူတို့၏ အပန်းဖြေရာ ဖြစ်တော်မူပါပေ၏၊ ကိုးကွယ်ရာကို ရှာဖွေသူတို့၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။

http://www.dhammadownload.com



၁၁၂။ ဤသို့ အစရှိသော စကားတို့ဖြင့် မြတ်သောဂုဏ်ရှိတော်မူသော မြတ်စွာဘုရားကို ချီးကျူးပြီးလျှင် အယူဝါဒကို ပြတတ်သော 'ဝါဒီသူဒ' ရဟန်း၏ လားရာဂတိသို့ ရောက်လိုပါ၏ဟု လျှောက်ထား၏။

၁၁၃-၁၁၄။ ထိုအခါ အဆုံးမရှိသော ပဋိဘာန်ဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည် ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ အကြင်သူသည် တပည့်သာဝကနှင့်တကွ မြတ်စွာဘုရားကို ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ဆွမ်းကျွေး၏၊ ငါ၏ဂုဏ်တော်ကိုလည်း ချီးကျူးလျှောက်ထား၏၊ ဤသူသည် အယူဝါဒကို ပြတတ်သော 'ဝါဒီသူဒ' ရဟန်း၏အရာဌာနကို ဆုတောင်း၏။

၁၁၅။ ဤသူသည် အနာဂတ်ကာလ၌ များစွာသော နတ်လူတို့၏ စည်းစိမ်ကို ခံစားပြီးလျှင် စိတ်အလိုအတိုင်းဖြစ်သော ထိုဆုကို ရလတ္တံ့။

၁၁၆။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၁၇။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် ဝင်္ဂီသဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၁၁၈။ ထိုအခါ ငါသည် ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို မေတ္တာစိတ်ရှိလျက် ပစ္စည်းတို့ဖြင့် အသက်ထက်ဆုံး လုပ်ကျွေးခဲ့၏။

၁၁၉။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တုသိတာဘုံသို့ ရောက်ခဲ့၏။

၁၂၀။ ဤယခု နောက်ဆုံးဘဝတွင်လည်း ငါသည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊အကြင်အခါ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်အရွယ်သို့ ရောက်သည် ဖြစ်၏။

၁၂၁။ (ထိုအခါ ငါသည်)အလုံးစုံသော ဝေဒကျမ်းတို့ကို တတ်သိသောသူ ဖြစ်၏၊ ဝါဒကျမ်း၌ ရဲရင့်၏၊ စကားကို အစိုးရ၏၊ ဆန်းကြယ်သော စကားကို ပြောလေ့ရှိ၏၊ သူတပါး အယူဝါဒကို နှိမ်နင်းနိုင်၏။

၁၂၂။ ဝင်္ဂအနွယ်၌ မွေးဖွားခြင်းကြောင့်၎င်း စကား၌ အစိုးရခြင်းကြောင့်၎င်း ဝင်္ဂီသမည်၏၊ ဤသို့ လူအပေါင်းတို့သည် သမုတ်အပ်သော ဝင်္ဂီသဟူသော ငါ၏ အမည်သည်ဖြစ်၏။

၁၂၃။ အကြင်အခါ ငါသည် တတ်သိ လိမ္မာသူအဖြစ်သို့ ရောက်လျက် ပဌမအရွယ်၌ တည်၏၊ထိုအခါ ပျော်မွေ့ဖွယ်ကောင်းသော ရာဇဂြိုဟ်ပြည်၌ အသျှင်သာရိပုတြာကို ဖူးမြင်ခဲ့ရ၏။

**နှစ်ဆယ့်ငါးခုမြောက် ဘာဏဝါရ ပြီး၏။**

၁၂၄-၁၂၅။ သပိတ်ပိုက်လျက် ဆွမ်းခံကြွတော်မူသော ကောင်းစွာ စောင့်စည်းအပ်သော ဣန္ဒြေရှိသော လျှပ်ပေါ်လေ်လီသော မျက်စိမရှိသော နှိုင်းနှိုင်းချိန်ချိန်ပြောဆိုတော်မူတတ်

http://www.dhammadownload.com



သော ထမ်းပိုးတပြန်မျှ ကြည့်ရှုတော်မူသော ထိုအသျှင်သာရိပုတြာကို ဖူးမြင်ရသည်ရှိသော် ငါသည် အံ့ဩခြင်းဖြစ်၍ မဟာလေ့ကားပန်းကဲ့သို့ သီကုံးအပ်သော ငါ့အား လျှောက်ပတ်သော ဆန်းကြယ်သော ဂါထာပုဒ်ကို လျှောက်ခဲ့၏။

၁၂၆။ ထိုအသျှင်သာရိပုတြာသည် ငါ့အား (တရားအားလုံးကို) မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို ညွှန်ကြားခဲ့၏၊ ထိုအခါ ပညာရှိသော လုံ့လရှိသော ထိုသျှင်သာရိပုတြာသည် ငါ့အား လွန်မြတ်သော တရားစကားကိုလည်း ဟောတော်မူ၏။

၁၂၇။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုသျှင်သာရိပုတြာသည် မြင်နိုင်ခဲသော မြတ်သော နိဗ္ဗာန်နှင့်စပ်သော စကားကို ပြုလုပ်၍ ဆန်းကြယ်သော ပဋိဘာန်ဉာဏ်တို့ဖြင့် ငါ့ကို နှစ်သက်စေတော်မူ၏။

၁၂၈။ ငါသည် ခြေတို့ကို ဦးတိုက်၍ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဟု လျှောက်ထား၏၊ ထိုအခါ ကြီးကျယ်သော ပညာရှိသော ထိုအသျှင်သာရိပုတြာသည် ငါ့ကို ဘုရားမြတ်ထံသို့ ခေါ်ဆောင်လေ၏။

၁၂၉။ ငါသည် ခြေတော်တို့ကို ဦးတိုက်၍ မြတ်စွာဘုရားအနီး၌ ထိုင်နေခဲ့၏၊ ငါ့အား တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝင်္ဂီသ အသို့နည်း၊ သင်သည် တစုံတရာသော အတတ်ကို တတ်သိသလောဟု မိန့်တော်မူ၏။

၁၃၀။ အကျွန်ုပ်သည် တော၌ စွန့်ပစ်အပ်သော တဆယ့်နှစ်နှစ်ပင်ရှိသော သူသေဦးခေါင်းခွံကိုလည်း သိပါ၏ဟု ထိုမြတ်စွာဘုရားအား လျှောက်ထား၏၊ သင်၏ အတတ်ပညာ အထူးဖြင့် အကယ်၍ စွမ်းနိုင်အံ့ ပြောဆိုလော့။

၁၃၁။ ငါသည် ကောင်းပါပြီဘုရားဟု ဝန်ခံလတ်သော် ဦးခေါင်းခွံသုံးခုတို့ကို ပြတော်မူ၏၊ ငရဲ လူ နတ်တို့၌ ဖြစ်သူတို့ကို လျှောက်ဆို၏။

၁၃၂။ ထိုအခါ မြတ်စွာဘုရားသည် ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံကို ပြတော်မူ၏၊ ထိုအခါ ငါသည် (မသိနိုင်သည် ဖြစ်၍) အားလျှော့ကာ ရဟန်းအဖြစ်ကို တောင်းပန်ရတော့၏။

၁၃၃။ ငါသည် ရဟန်းပြုပြီး၍ ထိုထိုအရပ်၌ မြတ်စွာဘုရားကို ချီးကျူး၏၊ ထို့ကြောင့် ဤသာသနာတော်၌ ရဟန်းတို့သည် ငါ့ကို ကဗျာဖွဲ့ခြင်း၌ နှစ်သက်သူဖြစ်၏ဟု ကဲ့ရဲ့ကုန်၏။

၁၃၄။ ထိုအခါ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် စုံစမ်းခြင်းအကျိုးငှါ ငါ့အား မိန့်တော်မူ၏၊ ဤဂါထာတို့သည် ကြံစည်ခြင်း ရှိကုန်သလော၊ အကြောင်းအားလျော်စွာ (တခဏခြင်း) သင်၏ ဉာဏ်၌ ထင်ကုန်သလော။

၁၃၅။ မြတ်စွာဘုရား တပည့်တော်သည် ကဗျာဖွဲ့ခြင်း၌ နှစ်သက်သူ မဟုတ်ပါ၊ အကြောင်းအားလျော်စွာ တပည့်တော်၏ ဉာဏ်၌ ထင်ပါကုန်၏၊ ဝင်္ဂီသ ထိုသို့ဖြစ်မူ ယခုအခါ အကြောင်းအားလျော်စွာ ငါ့ကို ချီးကျူးလော့။

၁၃၆။ ထိုအခါ ငါသည် ဂါထာတို့ဖြင့် ကြီးသောလုံ့လရှိသော မြတ်စွာဘုရားကို အကြောင်းအားလျော်စွာ (တခဏခြင်း) ချီးကျူး၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါ့အား နှစ်သက်တော်မူသည်ဖြစ်၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

http://www.dhammadownload.com



၁၃၇။ ငါသည် ဆန်းကြယ်သော ပဋိဘာန်ဉာဏ်ဖြင့် သီလကို ချစ်မြတ်နိုးကုန်သော အခြားရဟန်းတို့ကို မထေမဲ့မြင်ပြုခဲ့၏၊ ထို့ကြောင့် သံဝေဂရလျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၃၈။ ရဟန်းတို့ ဤဝင်္ဂီသရဟန်းကဲ့သို့ ပဋိဘာန်ဉာဏ်ရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်သော(ဝင်္ဂီသရဟန်းမှ) တပါး တစုံတယောက်သော ရဟန်းသည် မရှိချေ၊ ဤသို့ သင်တို့ မှတ်ကုန်လော့။

၁၃၉။ ကမ္ဘာတသိန်းထက်၌ ပြုအပ်သော ငါ၏ကံသည် ဤဘဝ၌ အကျိုးကို ပြလေ၏။ လွှတ်အပ်သော မြှားအဟုန်ကဲ့သို့ ငါသည် ငါ၏ ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေခဲ့၏။

၁၄၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိမူ၍ နေရ၏။

၁၄၁။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၁၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝင်္ဂီသမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ဝင်္ဂီသတ္ထေရအပဒါန် ပြီး၏။

---

## ၅-နန္ဒကတ္ထေရအပဒါန်

၁၄၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့ကို သိမြင်တော်မူသော ပညာမျက်စိရှိတော်မူသော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၄၄။ နတ်နှင့်တကွသော လောက၌ တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ အကျိုးဖြစ်ခြင်းငှါ ကျင့်တော်မူ၏။

၁၄၅။ မြတ်စွာဘုရားသည် ကျော်စောခြင်း၏ အထွတ်အထိပ်သို့ ရောက်တော်မူ၏၊ ဘုန်းကြက်သရေရှိတော်မူ၏၊ ကျော်စောခြင်းဂုဏ်ကို ဆောင်တော်မူ၏၊ အလုံးစုံသော လောကသည် ပူဇော်အပ်တော်မူ၏၊ အရပ်မျက်နှာအားလုံးတို့၌ ထင်ရှားကျော်စောတော်မူ၏။

၁၄၆။ ထိုမြတ်စွာဘုရားသည် ယုံမှားခြင်းကို လွန်မြောက်တော်မူ၏၊ တွေးတောခြင်းကို ကျော်လွန်တော်မူ၏၊ စိတ်အကြံအစည် ပြည့်စုံခြင်း ရှိတော်မူ၏၊ မြတ်သော အရဟတ္တဖိုလ်ဉာဏ်သို့ ရောက်တော်မူ၏။

၁၄၇။ လူတို့ထက်မြတ်သော မြတ်စွာဘုရားသည် မဖြစ်ဘူးသေးသောမဂ်ကို ဖြစ်စေတော်မူ၏၊ (သူတပါးတို့)မဟောကြားနိုင်သော တရားကိုလည်း ဟောကြားတော်မူ၏၊ (သူတပါးတို့)မသိအပ်သောတရားကိုလည်း သိတော်မူ၏။

http://www.dhammadownload.com



၁၄၇။ မြတ်စွာဘုရားသည် မဂ်တရားကို သိတော်မူ၏၊ မဂ်တရား၌ ကျွမ်းကျင်တော်မူ၏၊ မဂ်တရားကို ဟောကြားလေ့ရှိတော်မူ၏၊ မြတ်စွာဘုရားသည် မဂ်တရား၌ လိမ္မာတော်မူ၏၊ ဆုံးမတတ်သောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏။

၁၄၈။ ထိုအခါ ကြီးမားသော ကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ ကာမညွန်အိုင်၌ နစ်မြုပ်လျက်ရှိသော သတ္တဝါတို့ကို ကောင်းစွာ ထုတ်ဆောင်တော်မူ၏။

၁၅၀။ မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့ကို ဆုံးမခြင်း၌ အမြတ်ဆုံးဟု သမုတ်အပ်သော တပည့်သာဝကကို ချီးကျူးလျက် ဧတဒဂ်အရာ၌ ပညတ်တော်မူ၏။

၁၅၁။ ငါသည် ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ သံဃာနှင့်တကွသော ထိုမြတ်စွာဘုရားကို ပင့်ဖိတ်၍ ဆွမ်းကျွေးပြီးလျှင် မြတ်သော ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၁၅၂။ ထိုအခါ နတ် လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝမ်းမြောက်သည်ဖြစ်၍ ငါ့ကို မိန့်ဆိုတော်မူ၏၊သင်သည် ချမ်းသာခြင်းရှိသူ အသက်ရှည်သူ ဖြစ်လေလော့၊ စိတ်အလိုအတိုင်းဖြစ်သော ထိုဆုကို ရလတ္တံ့။

၁၅၃။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၅၄။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အမည်အားဖြင့် နန္ဒကဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့။

၁၅၅။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၅၆။ ငါသည် ဤယခု နောက်ဆုံးဘဝ၌လည်း ပြည့်စုံ စည်ကားလျက် များသော ဥစ္စာရှိသော သာဝတ္ထိမြို့တော်တွင် သူဌေးအမျိုး၌ ဖြစ်၏။

၁၅၇။ ငါသည် မြို့အဝင်၌ မြတ်စွာဘုရားကို ဖူးမြင်ရသည်ရှိသော် အံ့ဩသော စိတ်ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတော်၌ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၁၅၈။ ငါသည် ကာလမကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊ ထိုအခါ ငါသည် အလုံးစုံကိုသိမြင်သော မြတ်စွာဘုရားသည် ဆုံးမအပ်သည်ဖြစ်၍ သံသရာကို ကူးမြောက်ခဲ့ရ၏။

၁၅၉-၁၆၀။ ငါသည် ရဟန်းမိန်းမတို့အား တရားစကားကို အမေးအဖြေပြု၍ ဟောကြားခဲ့၏၊ ငါဆုံးမအပ်သော ငါးရာအောက် မလျော့ကုန်သော ထိုရဟန်းမိန်းမအားလုံးတို့သည် အာသဝေါကင်းကွာ(ရဟန္တာမ)တို့ ဖြစ်ကြလေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် အားရနှစ်သက်တော်မူသည်ဖြစ်၍ ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်းတို့တွင် ငါ့ကို အမြတ်ဆုံးအရာဌာန၌ ထားတော်မူ၏။

၁၆၁။ ကမ္ဘာတသိန်းထက်၌ ပြုအပ်သော ငါ၏ကံသည် ဤဘဝ၌ အကျိုးကို ပြ၏၊ ငါသည် ကောင်းစွာ လွှတ်အပ်သောမြားအဟုန်ကဲ့သို့ ငါ၏ ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေခဲ့၏။

http://www.dhammadownload.com


၁၆၂။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၆၃။ ငါ၏ လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၁၆၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီး ပါပြီ။

ဤသို့လျှင် အသျှင်နန္ဒကမထေရ်သည် ဤဂါထာတို့ကို မိန့်တော်ဆိုမူ၏။

ငါးခုမြောက် နန္ဒကတ္ထေရအပဒါန် ပြီး၏။

---

## ၆-ကာဠုဒါယိတ္ထေရအပဒါန်

၁၆၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့ကို သိမြင်တော်မူသော ပညာမျက်စိ ရှိတော်မူသော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၆၆။ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် ဂုဏ်ရှိ ဂုဏ်မဲ့ကို သိတော်မူ၏၊ပြုအပ်သော ကျေးဇူးကို သိတော်မူ၏၊ ပြုဘူးသော ကျေးဇူးကိုလည်း ထင်ရှားပြတော်မူ၏၊ သတ္တဝါတို့ကို နိဗ္ဗာန်ဆိပ်ကမ်း၌ ယှဉ်စေတော်မူ၏။

၁၆၇။ သနားခြင်း၏ တည်ရာဖြစ်သော အဆုံးမရှိသော ဂုဏ်တို့၏ စုပေါင်းရာဖြစ်သော မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် နှိုင်းချိန်၍ မြတ်သော တရားကို ဟောတော်မူ၏။

၁၆၈။ အဆုံးမရှိသော ရန်ကို အောင်မြင်လျက် လှည့်လည်တော်မူသော ထိုမြတ်စွာဘုရားသည် ရံခါ သစ္စာလေးပါးနှင့် စပ်ယှဉ်သော ချိုမြိန်ကောင်းမြတ်သော တရားကို ဟောတော်မူ၏။

၁၆၉။ အစ အလယ် အဆုံး၌ ကောင်းခြင်းရှိသော ထိုတရားတော်မြတ်ကို ကြားနာရခြင်းကြောင့် သတ္တဝါတသိန်းတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းသည် ဖြစ်၏။

၁၇၀။ ထိုအခါ မြေကြီးသည် ပဲ့တင်ထပ်လေ၏၊ မိုးတို့သည်လည်း ထစ်ကြိုးကုန်၏၊ နတ်ဗြဟ္မာ လူ အသုရာတို့သည် ကောင်းချီးကို ဖြစ်စေကုန်၏။

၁၇၁။ သနားခြင်းရှိတော်မူသော မြတ်စွာဘုရားသည် ဩော် အံ့ဩဖွယ် ရှိပါပေစွ၊ သူတော်ကောင်းတရားကို ဟောတော်မူခြင်းသည် ဩော် အံ့ဩဖွယ်ရှိပါပေစွ၊ ဘဝသမုဒ္ဒရာ၌ နစ်မြုပ်ကုန်သော သတ္တဝါတို့ကို ထုတ်ဆောင်တော်မူသော မြတ်စွာဘုရားသည် ဩော် အံ့ဩဖွယ်ရှိပါပေစွ။

၁၇၂။ ဤသို့ လူနှင့်တကွ နတ်ဗြဟ္မာတို့သည် နှစ်သက်ခြင်း ဖြစ်ကုန်လတ်သော် မြတ်စွာဘုရားသည် ဆွေမျိုးကို ကြည်ညိုစေတတ်သော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်သော တပည့်သာဝကကို ချီးကျူးတော်မူ၏။

http://www.dhammadownload.com



၁၇၃။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် အမတ်မျိုး၌ မွေးဖွားလျက် ကြည်ညိုဖွယ်ကောင်းသူ ရွှင်ချင်ဖွယ်ရှိသူ များသော ဥစ္စာစပါးရှိသူ ဖြစ်၏။

၁၇၄။ ငါသည် ဟံသာရုံကျောင်းတိုက်သို့ ချဉ်းကပ်၍ ထိုမြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ချိုမြိန်ကောင်းမြတ်သော တရားကို နာကြားလျက် မြတ်စွာဘုရားအားလည်း ပူဇော်သက္ကာရကို ပြုပြီးလတ်သော်—

၁၇၅။ ငါသည် ခြေရင်း၌ တုပ်ဝပ်လျက် ဤစကားကို လျှောက်ထားခဲ့၏၊ မြတ်စွာဘုရား အရှင်ဘုရားသည် အမျိုးကိုကြည်ညိုစေတတ်သော ရဟန်းတို့တွင် အကြင်ရဟန်းကို အမြတ်ဆုံးဟု ချီးကျူးတော်မူ၏။

၁၇၆။ မြတ်စွာဘုရား တပည့်တော်သည် ဘုရားမြတ်၏ သာသနာတော်၌ ထိုသို့သဘောရှိသောသူ ဖြစ်ရပါလို၏၊ ထိုအခါ ကြီးမြတ်သော ကရုဏာရှိသော မြတ်စွာဘုရားသည် ငါ့ကို အမြိုက်ရေဖြင့် သွန်းလောင်းလျက်သာလျှင် ငါ့ကို (ဤသို့) မိန့်တော်မူ၏။

၁၇၇။ သူဌေးသား ဆောက်တည်ရာ ရလေလော့၊ ထိုစိတ်အလိုရှိသောဆုကို ရလတ္တံ့၊ မြတ်စွာဘုရား၌ ပူဇော်သက္ကာရကို ပြုခဲ့သော် အဘယ်မှာ အကျိုးမဲ့ဖြစ်နိုင်အံ့နည်း။

၁၇၈။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၇၉။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော် ဖြစ်၍ အမည်အားဖြင့် ဥဒါယီဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့။

၁၈၀။ ထိုအခါ ငါသည် ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို မေတ္တာစိတ်ရှိလျက် ပစ္စည်းတို့ဖြင့် အသက်ထက်ဆုံး လုပ်ကျွေးခဲ့၏။

၁၈၁။ ထိုကံအကျိုးကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၈၂။ ဤယခု နောက်ဆုံးဘဝ၌လည်း ပျော်မွေ့ဖွယ်ကောင်းသော ကပိလဝတ်ပြည်တွင် သုဒ္ဓေါဒနမင်း၏ အမတ်ကြီးမျိုး၌ ဖြစ်ခဲ့၏၊

၁၈၃။ ထိုအခါ လူတို့ထက်မြတ်သော သိဒ္ဓတ္ထမင်းသားသည် ပျော်မွေ့ဖွယ်ကောင်းသော လုမ္ဗိနီအင်ကြင်းတော၌ အလုံးစုံသော လောက၏ အစီးအပွါးအလို့ငှါရင်း ချမ်းသာခြင်း အလို့ငှါရင်း ဖွားတော်မူလေ၏။

၁၈၄။ ငါသည် ထိုနေ့၌ပင်လျှင် မွေးဖွားလျက် ထိုသိဒ္ဓတ္ထမင်းသားနှင့်အတူတကွသာလျှင် ကြီးပွါးခြင်းသို့ ရောက်ခဲ့၏။ ငါသည် ချစ်အပ်သော အဆွေခင်ပွန်းပေတည်း၊ သနားတတ်သော အဆွေခင်ပွန်းပေတည်း၊ ထက်မြက်သော ပညာရှိပေတည်း၊ နီတိကျမ်း၌ ကျွမ်းကျင်သောသူပေတည်း။

၁၈၅။ ထိုသိဒ္ဓတ္ထမင်းသားသည် နှစ်ဆယ့်ကိုးနှစ်အရွယ်မျှဖြင့် အိမ်မှ တောထွက်လျက် ခြောက်နှစ်ကာလကို လွန်စေပြီးနောက် နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော မြတ်စွာဘုရားဖြစ်တော်မူလေ၏။

http://www.dhammadownload.com



၁၈၆။ စစ်သည်နှင့်တကွသော မာရ်နတ်မင်းကို အောင်၍ အာသဝေါတို့ကို ကုန်စေပြီးလျှင် ဘဝဟူသော သမုဒ္ဒရာကို ကူးမြောက်လျက် နတ်နှင့်တကွသော လောက၌ ဘုရားဖြစ်တော်မူ၏။

၁၈၇။ ထိုအခါ မြတ်စွာဘုရားသည် ဂ္ဂလသိ(ပတန)မည်သော တောသို့ကြွသွား၍ ပဉ္စဝဂ္ဂီတို့ကို ဆုံးမပြီးလတ်သော် ထိုထိုအရပ်သို့ ကြွကာ ကြွကာ ဆုံးမတော်မူ၏။

၁၈၈။ ထိုအခါ ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သူတို့ကို ဆုံးမလျက် နတ်နှင့်တကွသော လူကို ချီးမြှောက်လိုသည်ဖြစ်၍ မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွရောက်လျက် နေတော်မူ၏။

၁၈၉။ ထိုအခါ ငါသည် သုဒ္ဓေါဒနမင်းက စေခိုင်းအပ်သည်ဖြစ်၍ (ရာဇဂြိုဟ်သို့)သွားပြီးလျှင် မြတ်စွာဘုရားကို ဖူးမြင်ရသော် ရဟန်းပြုလျက် ရဟန္တာဖြစ်ခဲ့၏။

၁၉၀။ ထိုအခါ မြတ်စွာဘုရားကို တောင်းပန်၍ ကပိလဝတ်မည်သော ပြည်သို့ ပင့်ဆောင်ခဲ့၏၊ ထိုအခါ ငါသည် ရှေးဦးစွာကြွသွား၍ များသော ဆွေမျိုးအပေါင်းကို ကြည်ညိုစေခဲ့၏။

၁၉၁။ ထိုမြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်တော်မူသည်ဖြစ်၍ များစွာသော ပရိသတ်၌ ငါ့ကို အမျိုးကို ကြည်ညိုစေတတ်သော ရဟန်းတို့တွင် အမြတ်ဆုံးဟု ပညတ်တော်မူ၏။

၁၉၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၉၃။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၁၉၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကာဠုဒါယိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ခြောက်ခုမြောက် ကာဠုဒါယိတ္ထေရအပဒါန် ပြီး၏။**

---

## ၇-အဘယတ္ထေရအပဒါန်

၁၉၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့၌ ပညာမျက်စိရှိတော်မူသော နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၉၆။ မြတ်စွာဘုရားသည် အချို့သောသူကို သရဏဂုံ၌ တည်စေတော်မူ၏၊ အချို့သောသူကို သီလ၌ တည်စေတော်မူ၏၊ အချို့သောသူကို မြတ်သော (ကုသိုလ်) ကမ္မပထဆယ်ပါး၌ တည်စေတော်မူ၏။

၁၉၇။ ထိုမြတ်စွာဘုရားသည် အချို့သောသူအား ရဟန်းဖြစ်ခြင်း၏ အကျိုးမြတ်ကို ပေးတော်မူ၏၊ (အချို့သောသူအား) သမာပတ်ရှစ်ပါးတို့ကို ပေးတော်မူ၏၊ (အချို့သောသူအား) ဝိဇ္ဇာသုံးပါးတို့ကို ပေးတော်မူ၏။

၁၉၈။ မြတ်စွာဘုရားသည် အချို့သောပုဂ္ဂိုလ်ကို အဘိညာဉ်ခြောက်ပါးတို့၌ ယှဉ်စေတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အချို့သောသူအား ပဋိသမ္ဘိဒါလေးပါးတို့ကို ပေးတော်မူ၏။

http://www.dhammadownload.com



၁၉၉။ မြတ်စွာဘုရားသည် (သစ္စာလေးပါးကို) သိစေထိုက်သော သတ္တဝါကို မြင်တော်မူလတ်သော် မရေတွက်နိုင်သော ယူဇနာခရီးကိုသော်လည်း တခဏခြင်းဖြင့် ကြွသွား၍ ဆုံးမတော်မူ၏။

၂၀၀။ ထိုအခါ ငါသည် ဟံသာဝတီမြို့၌ ပုဏ္ဏားအမျိုးသား ဖြစ်ခဲ့၏၊ အလုံးစုံသော ဝေဒကျမ်းတို့၏ တဖက်ကမ်းရောက် တတ်မြောက်သူဖြစ်၍ ဗျာကရုဏ်းကျမ်းတတ်ဟူ၍လည်း သမုတ်အပ်၏။

၂၀၁။ နိရုတ္တိ(သဒ္ဒါကျမ်း)၌လည်း ကျွမ်းကျင်လိမ္မာ၏၊ အဘိဓာန်ကျမ်း၌လည်း ရဲရင့်၏၊ ပုဒ်၌ လိမ္မာ၏၊ အလင်္ကာကျမ်းကို သိ၍ ဆန်းကျမ်း၌ လိမ္မာ၏။

၂၀၂။ ငါသည် အညောင်းပြေလမ်းလျှောက်စဉ် ဟံသာရုံကျောင်းတိုက်သို့ ချဉ်းကပ်သည်ရှိသော် လူအပေါင်းဖြင့် ခြံရံလျက်ရှိသော နိဗ္ဗာန်ဆုကို ပေးတတ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၂၀၃။ ဆန့်ကျင်ဘက်ကို အလိုရှိသော ငါသည် တရားကိုဟောတော်မူဆဲဖြစ်သော ကိလေသာမြူကင်းသော မြတ်စွာဘုရားသို့ ချဉ်းကပ်လျက် ထိုမြတ်စွာဘုရား၏ အညစ်အကြေးကင်းသော ကောင်းသော တရားကို နာကြားရသည်ရှိသော်—

၂၀၄။ ထိုမြတ်စွာဘုရား၏ အထပ်ထပ်မိန့်ဆိုအပ်သော စကားကိုငင်း အနက်မရှိသော စကားကိုငင်း အကျိုးမရှိသော စကားကိုငင်း မတွေ့မြင်ရ၊ ထို့ကြောင့် ငါသည် ရဟန်းပြုခဲ့၏။

၂၀၅။ ကာလမကြာမီပင်လျှင် အလုံးစုံသောကျမ်းတို့၌ ရဲရင့်၏၊ မြတ်စွာဘုရား စကားတော်၌ လိမ္မာသိမ်မွေ့၏၊ ဂုဏ်ရှိသောသူဟု သမုတ်ခံရ၏။

၂၀၆။ ထိုအခါ ကောင်းသော သဒ္ဒါရှိကုန်သော လေးဂါထာတို့ကို သီကုံးထုံးဖွဲ့၍ မြတ်စွာဘုရားကို ချီးကျူးလျက် နေ့တိုင်းနေ့တိုင်း ဟောခဲ့၏။

၂၀၇။ မြတ်စွာဘုရားသည် တပ်ခြင်း ကင်းတော်မူ၏၊ ဘေးနှင့်တကွသော သံသရာ၌ နေတော်မူစဉ် ကရုဏာကြောင့် ငြိမ်းအေးတော်မမူချေ၊ ထို့ကြောင့် မြတ်စွာဘုရားသည် ကရုဏာရှိတော်မူ၏။

၂၀၈။ အကြင်(ဘုရားလောင်း) သတ္တဝါသည် ပုထုဇဉ်ဖြစ်လျက်ပင် ကိလေသာ၏ အလိုသို့ မလိုက်ပေ၊ ဆင်ခြင်ဉာဏ်ရှိ၏၊ သတိနှင့်ယှဉ်၏၊ ထို့ကြောင့် ဤဘုရားအလောင်းတော်ကို မကြံစည်ထိုက်ချေ။

၂၀၉။ အကြင်မြတ်စွာဘုရားသည် အလိုဆန္ဒသို့ ရောက်ကုန်သည့် အားနည်းကုန်သော ဤကိလေသာတို့ကို ဉာဏ်မီးဖြင့် လောင်ကျွမ်းစေအပ်ကုန်၏၊ ထိုကိလေသာတို့သည် မကုန်နိုင်ကုန်၊ ထိုသို့မကုန်နိုင်ခြင်းသည် အံ့သြဖွယ်ဖြစ်၏။

၂၁၀။ အကြင်ဘုရားလောင်းသည် အလုံးစုံသော လောက၏ လေးစားအပ်သော ဆရာတည်း၊ လောကသည်လည်း အကြင်ဘုရားလောင်းအား ထိုအခြင်းအရာအားဖြင့် အလေးပြု၏၊ ထို့ကြောင့်လည်း လောက၏ ဆရာတည်း၊ လောကသည် ထို(ဘုရားလောင်း)သို့ အတုလိုက်၏။

http://www.dhammadownload.com



၂၁၁။ ဤသို့ အစရှိသည်တို့ဖြင့် မြတ်စွာဘုရားကို ချီးကျူးလျက် တရားဟောမှုကို အသက်ထက်ဆုံးပြုလုပ်၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်သို့ ရောက်ခဲ့၏။

၂၁၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မြတ်စွာဘုရားကို အထူးချီးကျူးခဲ့၏၊ (ထိုအခါမှ စ၍)မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိရပေ၊ ဤသို့ ဖြစ်ရခြင်းသည် ချီးကျူးခြင်း၏ အကျိုးပေတည်း။

၂၁၃။ ငါသည် နတ်ပြည်၌ ရွှေတုရိုဏ်တိုင်နှင့်တူသော နတ်မင်းမြတ်အဖြစ်သို့ ရောက်ခဲ့၏၊ ငါသည် စကြဝတေးမင်းမြတ်အဖြစ်ကို အကြိမ်များစွာ ခံစားခဲ့ရ၏။

၂၁၄။ နတ်ဘဝ လူ့ဘဝဟူသော ဘဝနှစ်ပါး၌ ဖြစ်ရ၏၊ တပါးသော လားရာဂတိကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ချီးကျူးခြင်း၏ အကျိုးပေတည်း။

၂၁၅။ မင်းမျိုး ပုဏ္ဏားမျိုးဟူသော အမျိုးနှစ်ပါး၌ ဖြစ်ရ၏၊ ယုတ်နိမ့်သောအမျိုး၌ မဖြစ်စဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ချီးကျူးခြင်း၏ အကျိုးပေတည်း။

၂၁၆။ ဤယခု နောက်ဆုံးဘဝ၌လည်း ရာဇဂြိုဟ်ပြည်မြတ်၌ ငါသည် အမည်အားဖြင့် အဘယမည်သော ဗိမ္ဗိသာရမင်း၏ သားတော်ဖြစ်၏။

၂၁၇။ ငါသည် ယုတ်မာသော မိတ်ဆွေ၏ အလိုသို့လိုက်၍ နာဋ၏သား နိဂဏ္ဌတက္ကတွန်းသည် တွေဝေစေအပ်လျက် စေခိုင်းအပ်သည်ရှိသော် ဘုရားမြတ်ထံသို့ ချဉ်းကပ်ပြီးလျှင်—

၂၁၈။ သိမ်မွေ့သော ပြဿနာကို မေးလျှောက်ရာ မြတ်သောအဖြေကို နာကြားရခြင်းကြောင့် ရဟန်းပြုပြီး၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏။

၂၁၉။ ငါသည် ဘုရားမြတ်ကို ချီးကျူးခဲ့ခြင်းကြောင့် အခါခပ်သိမ်း ချီးကျူးခံရသူဖြစ်၏၊ ကောင်းသော ကိုယ်အနံ့ ခံတွင်းအနံ့ရှိလျက် ချမ်းသာနှင့် ပြည့်စုံသူဖြစ်၏။

၂၂၀။ ထိုကံ၏အစွမ်းကြောင့် ထက်မြက်ကြည်ရွှင် လျင်မြန်သော ပညာရှိ၏၊ ကြီးမားသော ပညာရှိ၏၊ ထို့အတူပင် ငါသည် ဆန်းကြယ်သော ပဋိဘာန်ဉာဏ်လည်း ရှိ၏။

၂၂၁။ ငါသည် ကြည်ညိုသော စိတ်ရှိလျက် အတုမရှိသော ပဒုမုတ္တရမြတ်စွာဘုရားကို ချီးကျူးခဲ့၍ ထိုကံ၏အစွမ်းအားကြောင့် ကမ္ဘာတသိန်းတို့ပတ်လုံး အပါယ်ဘုံသို့ မရောက်ရပေ။

၂၂၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၂၂၃။ ငါ၏ လာခြင်းကား ။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၂၂၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အဘယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အဘယတ္ထေရအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-လောမသကင်္ဂိယတ္ထေရအပဒါန်

၂၂၅။ ဤဘဒ္ဒကမ္ဘာ၌ တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ဗြဟ္မဏမျိုးဖြစ်၍ များသော အခြံအရံရှိသော အနွယ်အားဖြင့် ကဿပဟုထင်ရှားသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၂၆။ ထိုအခါ ငါသည်၎င်း စန္ဒနသည်၎င်း သာသနာတော်၌ ရဟန်းပြု၍ အသက်ဆုံးသည်တိုင်အောင် သာသနာတော်၌ တရားကို ဖြည့်ကျင့်ခဲ့ခြင်းကြောင့်—

၂၂၇။ ထိုဘဝမှ စုတေကုန်သော် ငါတို့နှစ်ဦးလုံး တုသိတာဘုံသို့ ရောက်ကုန်၏၊ ထိုဘုံ၌ နတ်၌ ဖြစ်ကုန်သော ကခြင်းတို့ဖြင့်၎င်း သီချင်းတို့ဖြင့်၎င်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း—

၂၂၈။ အဆင်းစသော အင်္ဂါဆယ်ပါးတို့ဖြင့်၎င်း ကြွင်းသော နတ်တို့ကို လွှမ်းမိုး၍ ကြီးစွာသော ချမ်းသာကို ခံစားလျက် အသက်ထက်ဆုံး နေပြီးလျှင်—

၂၂၉။ ထိုဘုံမှ စုတေလတ်သော် စန္ဒနသည် တာဝတိံသာဘုံသို့ ဖြစ်လေ၏၊ ငါသည် ကပိလဝတ်ပြည်၌ သာကီယမင်းသား ဖြစ်ခဲ့၏။

၂၃၀။ အကြင်အခါ မြတ်စွာဘုရားသည် ဥဒါယိထေရ် တိုက်တွန်းအပ်သည်ဖြစ်၍ သာကီဝင် မင်းတို့အား အစဉ်သနားတော်မူသဖြင့် ကပိလမည်သော မြို့သို့ ကြွရောက်တော်မူ၏။

၂၃၁။ ထိုအခါ အလွန်မာနကြီးကုန်သော မြတ်စွာဘုရား၏ ဂုဏ်ကို မသိသော သာကီဝင် မင်းတို့သည် ဇာတိမာန်ဖြင့် ခက်ထန်ကုန်သည်ဖြစ်၍ ရိုသေခြင်းကင်းလျက် မြတ်စွာဘုရားကို ရှိမခိုးကုန်။

၂၃၂။ မြတ်စွာဘုရားသည် ထိုသာကီဝင်မင်းတို့၏ စိတ်အကြံကိုသိ၍ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏၊ မိုးကဲ့သို့ ရွာသွန်းတော်မူ၏၊ မီးလျှံကဲ့သို့ တောက်ပတော်မူ၏။

၂၃၃။ အတုမရှိသော ရုပ်အဆင်းကိုပြ၍ တဖန် ကွယ်ပျောက်တော်မူ၏၊ တပါးတည်း ဖြစ်၍လည်း အများအပြားဖြစ်တော်မူ၏၊ (အများအပြား ဖြစ်၍လည်း) တဖန် တပါးတည်း ဖြစ်တော်မူ၏။

၂၃၄။ မြတ်စွာဘုရားသည် အမိုက်တိုက်ကို၎င်း အလင်းရောင်ကို၎င်း အများအပြား ပြတော်မူ၍ တန်ခိုးပြာဋိဟာကို ပြုပြီးလျှင် ဆွေမျိုးတို့ကို ဆုံးမတော်မူ၏။

၂၃၅။ ထိုခဏ၌ပင် လေးကျွန်းလုံး ပျံ့နှံ့သော မိုးကြီးသည် ရွာသွန်းလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဝေဿန္တရာဇာတ်ကို ဟောတော်မူ၏။

၂၃၆။ ထိုအခါ ထိုမင်းအားလုံးတို့သည် ဇာတ်ကြောင့် ဖြစ်သော မာန်ယစ်ခြင်းကို ပယ်ဖျောက်ပြီးလျှင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍လည်း ဆည်းကပ်ကုန်၏၊ ထိုအခါ သုဒ္ဓေါဒနမင်းသည် လျှောက်ထားလေ၏။

၂၃၇။ ထက်ဝန်းကျင် သိမြင်နိုင်သော (သဗ္ဗညုတဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ ဤရှိခိုးခြင်းသည် သုံးကြိမ်မြောက် ရှိခိုးခြင်း ပါတည်း၊ အကြင်အခါ မွေးဖွားတော်မူစဉ် မြေကြီးသည် တုန်လှုပ်၏၊ ထိုအခါ (ပဌမ

http://www.dhammadownload.com



အကြိမ်) ရှိခိုးခဲ့ပါ၏၊ အကြင်အခါလည်း သပြေပင်ရိပ်သည် အရှင်ဘုရားကို မစွန့်လွှတ်ချေ၊ ထိုအခါလည်း နှစ်ကြိမ်မြောက် ရှိခိုးခဲ့ပါ၏။

၂၃၈။ ထိုအခါ ငါသည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကို မြင်ရသည်ရှိသော် တက်ကြွသောစိတ်ရှိသည်ဖြစ်၍ ရဟန်းပြုပြီးလျှင် ထိုမြို့၌ပင် အမိကို ပူဇော်လျက်နေခဲ့၏။

၂၃၉။ ထိုအခါ စန္ဒနနတ်သားသည် ငါ့ထံသို့ ချဉ်းကပ်၍ ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်းနည်း အကျယ်နည်းကို မေးမြန်းလေ၏။

၂၄၀။ ထိုအခါ ထိုစန္ဒနနတ်သား တိုက်တွန်းအပ်သော ငါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဘဒ္ဒေကရတ္တသုတ်ကို ကြားနာရသည်ရှိသော် သံဝေဂရလျက် တော၌ နေခြင်းကို မြတ်နိုး၏။

၂၄၁။ ထိုအခါ ငါသည် တော၌ တဦးတည်း နေပါရစေဟု မယ်တော်ကို ပန်ကြားခဲ့၏၊ အရှင်ဘုရား သိမ်မွေ့နူးညံ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်ဟု ငါ၏ မယ်တော်က တားမြစ်လတ်သော် ထိုအခါ (ငါသည် ဤသို့) ပြောဆိုခဲ့၏။

၂၄၂။ ကျွန်ုပ်သည် ဝိဝေက (သုံးပါး) ကို ပွါးစေလျက် ကြိမ်နွယ် သမန်းမြက် ဖောင်းကား မြက် ပန်းရင်းဖြူဆံမြက် (ပိန်းမြက်)တို့ကို ရင်ဖြင့် နှုတ်ပယ်ပါအံ့ (ဟု ပြောဆိုခဲ့၏)။

၂၄၃။ ထိုအခါ ငါသည် တောသို့ဝင်လျက် မြတ်စွာဘုရား အဆုံးအမဖြစ်သော ဘဒ္ဒေက ရတ္တသုတ် အဆုံးအမကို အောက်မေ့၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၂၄၄။ အတိတ် (ရုပ်နာမ်) တရားကို အစဉ်မလိုက်ရာ၊ အနာဂတ် (ရုပ်နာမ်) တရားကို အလိုမရှိ (မတောင့်တ)ရာ၊ အတိတ်(ရုပ်နာမ်) တရားကို ပယ်အပ်ခဲ့ပြီ၊ အနာဂတ် (ရုပ်နာမ်) တရားသည်ကား မရောက်သေးချေ။

၂၄၅။ အကြင်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်(ရုပ်နာမ်)တရားကို ထိုထိုဖြစ်ပေါ်ဆဲအခါ ရှုပ်စသည် တို့၌ (အနိစ္စ ဒုက္ခ အနတ္တ ဟု) အမျိုးမျိုး ရှု၏၊ ပညာရှိပုဂ္ဂိုလ်သည် မတွန့်ဆုတ် မပျက်စီးသော ထိုဝိပဿနာကို ပွါးများရာ၏။

၂၄၆။ ယနေ့ပင်လျှင် ကိလေသာကို ပူလောင်စေတတ်သော လုံ့လကို ပြုသင့်၏၊ နက်ဖြန် သေရမည်ကို အဘယ်သူသည် သိနိုင်ပါအံ့နည်း၊ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ငါတို့အား ချိန်းချက်မှုသည် မရှိချေ။

၂၄၇။ ဤသို့နေလေ့ရှိသော ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော နေ့ညဉ့် ပတ်လုံး ပျင်းရိခြင်းမရှိသော ထိုပုဂ္ဂိုလ်ကို စင်စစ်ကောင်းမြတ်သော နေ့ညဉ့်ရှိသော ပုဂ္ဂိုလ်ဟု ကိလေသာမီး ငြိမ်းတော်မူပြီးသော မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

၂၄၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၄၉။ ငါ၏လာခြင်းကား။ပ။ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

http://www.dhammadownload.com



၂၅၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်လောမသကင်္ဂိယမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရှစ်ခုမြောက် လောမသကင်္ဂိယတ္ထေရအပဒါန် ပြီး၏။

---

## ၉-ဝနဝစ္ဆတ္ထေရအပဒါန်

၂၅၁။ ဤဘဒ္ဒကမ္ဘာ၌ တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ဗြာဟ္မဏ မျိုးဖြစ်၍ များသော အခြံအရံရှိသော အနွယ်အားဖြင့် ကဿပဟု ထင်ရှားသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၅၂။ ထိုအခါ ငါသည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီးလျှင် မြတ်သော အကျင့်ကို အသက်ထက်ဆုံး ကျင့်၍ ထိုဘဝမှ စုတေလတ်သော်—

၂၅၃။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၅၄။ ငါသည် ထိုဘဝမှ စုတေပြန်လတ်သော် တော၌ ချိုဖြစ်၏၊ ထိုတော၌ ဂုဏ်နှင့် ပြည့်စုံလျက် အခါခပ်သိမ်း ဈာန်၌ ပျော်မွေ့သော ရဟန်းသည် နေ၏။

၂၅၅။ (ထိုရဟန်းသည်) မေတ္တာစိတ် ရှိပေ၏၊ သနားခြင်းရှိပေ၏၊ အခါခပ်သိမ်း ရွှင်လန်း ဝမ်းမြောက်သော မျက်နှာရှိပေ၏၊ လျစ်လျူရှုတတ်၏၊ ကြီးမားသော လုံ့လရှိ၏၊ အပ္ပမညာ တရားတို့၌ ကျွမ်းကျင်ပေ၏။

၂၅၆။ ငါသည် နီဝရဏ ကင်းသော စိတ်အကြံရှိသော အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားခြင်းရှိသော ထိုမြတ်စွာဘုရား၏ တပည့်သာဝက၌ မကြာမြင့်မီပင် အကျွမ်းဝင်သည်ဖြစ်၏။

၂၅၇။ ထိုအခါ ထိုရဟန်း၏ ခြေရင်း၌ ကပ်၍နေသော ငါ့အား ထိုရဟန်းသည် တရံတခါ ဆွမ်းအာမိသကိုပေး၏၊ တရံတခါ တရားတော်ကိုလည်း ဟောပြ၏။

၂၅၈။ ထိုအခါ ငါသည် ပြန့်ပြောသော ချစ်ခြင်းဖြင့် မြတ်စွာဘုရား၏ သားတော်ကို ဆည်းကပ်ခဲ့ခြင်းကြောင့် ထိုဘဝမှ စုတေလတ်သော် (အိမ်နှင့်)ကွေကွင်းနေသူသည် မိမိ အိမ်သို့ ပြန်ရောက်သကဲ့သို့ နတ်ပြည်သို့ ရောက်ရပေ၏။

၂၅၉။ ငါသည် နတ်ပြည်မှ စုတေပြန်လတ်သော် ကုသိုလ်ကံကြောင့် လူ့ဘုံ၌ ဖြစ်ရ၏၊ ငါသည် အိမ်ကို စွန့်ပယ်၍ အကြိမ်များစွာ ရဟန်းပြု၏။

၂၆၀။ ထိုအတူပင် ငါသည် ရဟန်းသည်ရင်း ရသေ့သည်ရင်း ပုဏ္ဏားသည်ရင်း ပရိဗိုဇ်သည်ရင်း ဖြစ်၍ တော၌ အကြိမ်အရာမက နေခဲ့၏။

၂၆၁။ ငါသည် ဤယခုနောက်ဆုံးဘဝ၌လည်း ပျော်မွေ့ဖွယ်ကောင်းသော ကပိလဝတ်ပြည်၌ ဝစ္ဆအနွယ်ရှိသော ပုဏ္ဏား၏မယား၌ ပဋိသန္ဓေနေခဲ့၏။

http://www.dhammadownload.com



၂၆၂။ ငါသည် အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်ရှိစဉ် ဖွားခါနီးအချိန်၌ ငါ၏မယ်တော်အား တော၌နေလိုသော ချင်ခြင်းသည် ဖြစ်ပေါ်ခဲ့၏။

၂၆၃။ ထို့ကြောင့် မယ်တော်သည် ငါ့အား ပျော်မွေ့ဖွယ်ကောင်းသော တောအတွင်း၌ ဖွားမြင်ခဲ့၏၊ ဝမ်းတိုက်မှ မွေးဖွားသောငါ့ကို ဖန်ရည်စွန်းအဝတ်ဖြင့် ခံယူကုန်၏။

၂၆၄။ ထိုအခါ သာကီဝင်မင်းမျိုးတို့၏ တံခွန်သဖွယ်ဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်လေ၏၊ ငါသည် ထိုမင်းသား၏ ချစ်အပ်သော ကောင်းစွာအကျွမ်းဝင်သော အလွန်မြတ်နိုးအပ်သော မိတ်ဆွေဖြစ်ခဲ့၏။

၂၆၅။ သတ္တဝါတို့၏ အနှစ်သဖွယ်ဖြစ်သော ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် ကြီးကျယ်သောအခြံအရံကို ပယ်စွန့်၍ တောထွက်သည်ရှိသော် ငါသည်လည်း ရဟန်းပြု၍ ဟိမဝန္တာသို့ ချဉ်းကပ်၏။

၂၆၆။ တော၌ နေလေ့ရှိသော ချီးမွမ်းထိုက်သော ဓုတင်ကို ဟောပြောတတ်သော အရှင်ကဿပကို ဖူးမြင်၍ မြတ်စွာဘုရားပွင့်တော်မူကြောင်းကို ကြားသိရသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့၏။

၂၆၇။ ထိုမြတ်စွာဘုရားသည် ငါ့အား အလုံးစုံသောအကျိုးကို ကောင်းစွာ ဖော်ပြလျက် တရားကို ဟောတော်မူ၏၊ ထို့ကြောင့်ငါသည် ရဟန်းပြု၍ တောသို့သာလျှင် တဖန်ပြန်သွားခဲ့၏။

၂၆၈။ ထိုတော၌ မမေ့မလျော့ နေသည်ဖြစ်၍ ငါသည် အဘိညာဉ်ခြောက်ပါးတို့ကို ရခဲ့၏၊ မိတ်ဆွေကောင်းသည် အစဉ်စောင့်ရှောက်အပ်သည်ဖြစ်၍ ကောင်းစွာရအပ်သော လာဘ်ရှိသူဖြစ်ခဲ့၏၊ ဩော် အံ့သြဖွယ်ရှိပေစွ။

၂၆၉။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၇၀။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၂၇၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝနဝစ္ဆမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ကိုးခုမြောက် ဝနဝစ္ဆတ္ထေရအပဒါန် ပြီး၏။

---

## ၁၀-စူဠသုဂန္ဓတ္ထေရအပဒါန်

၂၇၂။ ဤဘဒ္ဒကမ္ဘာ၌ တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်၍ ဗြာဟ္မဏမျိုးဖြစ်သော အနွယ်အားဖြင့် ကဿပဟု ထင်ရှားသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၇၃။ ( ထိုမြတ်စွာဘုရားသည် ) လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့် ပြည့်စုံတော်မူ၏၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံတော်မူ၏၊ တလံမျှ

http://www.dhammadownload.com



သော အရောင်ဖြင့်ခြံရံလျက် ရှိတော်မူ၏၊ ရောင်ခြည်ကွန်ရက်ဖြင့် လွှမ်းမိုးလျက် ရှိတော်မူ၏။

၂၇၄။ (ထိုမြတ်စွာဘုရားသည်) လမင်းကဲ့သို့ သက်သာရာရစေတော်မူတတ်၏၊ နေမင်းကဲ့သို့ အလင်းရောင်ကို ပြုတော်မူတတ်၏၊ မိုးကဲ့သို့ ငြိမ်းအေးစေတော်မူတတ်၏၊ သမုဒ္ဒရာကဲ့သို့ ဂုဏ်တို့၏တည်ရာ ဖြစ်တော်မူ၏။

၂၇၅။ (ထိုမြတ်စွာဘုရားသည်) သီလအားဖြင့် မြေကြီးနှင့် တူတော်မူ၏၊ သမာဓိအားဖြင့် ဟိမဝန္တာနှင့် တူတော်မူ၏၊ ပညာအားဖြင့် ကောင်းကင်နှင့် တူတော်မူ၏၊ လေကဲ့သို့ ကပ်ငြိခြင်း ကင်းတော်မူ၏။

၂၇၆။ ထိုအခါ ငါသည် ဗာရာဏသီပြည်တွင် များသော ဥစ္စာစပါးရှိသော ဆည်းပူးအပ်သော ရတနာအမျိုးမျိုးရှိသော မြင့်မြတ်သော အမျိုး၌ဖြစ်၏။

၂၇၇။ ငါသည် များမြတ်သော အခြံအရံဖြင့် ထိုင်နေတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အမြိုက်ရေစင်ကဲ့သို့ စိတ်နှလုံးကို ဆွဲဆောင်တတ်သော တရားတော်ကို နာကြားခဲ့၏။

၂၇၈။ (မြတ်စွာဘုရားသည်) နက္ခတ်နှင့်တကွသော လမင်းကဲ့သို့ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ဆောင်တော်မူ၏၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ လက္ခဏာတော်ငယ်ရှစ်ဆယ်နှင့် ပြည့်စုံတော်မူ၏။

၂၇၉။ တောက်ပသော ရွှေတောင်ကဲ့သို့ ရောင်ခြည်ကွန်ရက်တို့ဖြင့် လွှမ်းမိုးလျက် ရှိတော်မူ၏၊ များသောရောင်ခြည်ရှိသော နေမင်းကဲ့သို့ တလံမျှသော အရောင်ဖြင့် ခြံရံလျက်ရှိတော်မူ၏။

၂၈၀။ ဘုရားမြတ်သည် ရွှေအဆင်းနှင့်တူသော မျက်နှာရှိတော်မူ၏၊ ထိုဘုရားမြတ်သည် ပတ္တမြားကျောက်တောင်နှင့်တူတော်မူ၏၊ ကရုဏာဖြင့်ပြည့်သော စိတ်နှလုံးရှိတော်မူ၏၊ ဂုဏ်တော်ကြောင့် သမုဒ္ဒရာနှင့် တူတော်မူပါပေ၏။

၂၈၁။ ( မြတ်စွာဘုရားသည် ) လောက၌ ထင်ရှားကျော်စောခြင်းလည်း ရှိတော်မူပါပေ၏၊ မြင့်မိုရ်တောင်မြတ်နှင့်လည်း တူတော်မူပါပေ၏၊ လုံ့လရှိသော မြတ်စွာဘုရားသည် အခြံအရံအားဖြင့် ကျယ်ပြန့်သော ကောင်းကင်နှင့် တူတော်မူပါပေ၏။

၂၈၂။ မြတ်စွာဘုရားသည် လေကဲ့သို့ အလုံးစုံသော အာရုံ၌ ကပ်ငြိခြင်းကင်းသော စိတ်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရားသည် မြေကြီးကဲ့သို့ အလုံးစုံသော သတ္တဝါတို့၏ တည်ရာဖြစ်တော်မူပါပေ၏။

၂၈၃။ ပဒုမာကြာသည် ရေနှင့်မလိမ်းကျံသကဲ့သို့ မြတ်စွာဘုရားသည် လောကနှင့် လိမ်းကျံ ငြိကပ်ခြင်းကင်းတော်မူပါပေ၏၊ ထိုမြတ်စွာဘုရားသည် မီးပုံကဲ့သို့ မိစ္ဆာဝါဒတည်းဟူသော တောချုံကို လောင်ကျွမ်းစေလျက် တင့်တယ်တော်မူပါပေ၏။

၂၈၄။ (မြတ်စွာဘုရားသည်) ဆေးကဲ့သို့ အလုံးစုံသောအာရုံတို့၌ ကိလေသာအဆိပ်ကို ဖျက်ဆီးတော်မူတတ်ပါပေ၏၊ ဂန္ဓမာဒနတောင်ကဲ့သို့ ဂုဏ်ရနံ့တို့ဖြင့် တန်ဆာဆင်တော်မူအပ်ပါပေ၏။

http://www.dhammadownload.com



၂၇၅။ သမုဒ္ဒရာသည် ရတနာတို့၏တည်ရာ ဖြစ်သကဲ့သို့ မြတ်စွာဘုရားသည် ဂုဏ်တို့၏ တည်ရာဖြစ်တော်မူပါပေ၏၊ သမုဒ္ဒရာသည် တောအရေးကို ပယ်ရှားသကဲ့သို့ ကိလေသာ အညစ်အကြေးကို ဖယ်ရှားတော်မူတတ်ပါပေ၏။

၂၇၆။ (မြတ်စွာဘုရားသည်) အောင်ပွဲဆင်သော စစ်ဗိုလ်ချုပ်ကဲ့သို့ မာရ်စစ်တပ်ကို နှိမ်နင်းနိုင်လျက် အောင်ပွဲဆင်တော်မူပါပေ၏၊ ထိုမြတ်စွာဘုရားသည် စကြဝတေးမင်းကဲ့သို့ ဗောဇ္ဈင်ရတနာကို အစိုးရတော်မူပါပေ၏။

၂၇၇။ (မြတ်စွာဘုရားသည်) (ကိလေသာ) အပြစ်အနာကို ကုစားတတ်သော သမားတော်ကြီးနှင့် တူတော်မူပါပေ၏၊ မြွားငြောင့်ကို ထုတ်နုတ် (ခွဲစိတ်ကုသ) တတ်သော ဆေးသမားကဲ့သို့ ဒိဋ္ဌိအိုင်းအမာကို ဖောက်ခွဲဖျက်ဆီးတော်မူတတ်ပါပေ၏။

၂၇၈။ ထိုအခါ လောကကို ထွန်းလင်းတောက်ပစေတော်မူသော လူနှင့်တကွ နတ်တို့သည် အရှိအသေပြုအပ်သော လူဘို့၏နေမင်းသဖွယ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ပရိသတ်တို့၌ တရားကို ဟောတော်မူ၏။

၂၇၉။ အလှူကို ပေးလှူခြင်းကြောင့် များသော စည်းစိမ်ရှိ၏၊ သီလကြောင့် ကောင်းသော ဂတိသို့ ရောက်ရ၏၊ ဘာဝနာကြောင့်(ကိလေသာမီး) ငြိမ်း၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် ဆိုးမတော်မူ၏။

၂၈၀။ ပရိသတ်အားလုံးတို့သည် အမြိုက်ရသာမြဘ်ကို ခံစားရသကဲ့သို့ များသော သာယာဖွယ်ရှိသော အစအလယ်အဆုံးကောင်းခြင်းရှိသော ထိုတရားဒေသနာကို ကြားနာရကုန်၏။

၂၈၁။ ငါသည် အလွန်ချိုမြိန်သောတရားတော်ကို နာကြားရသဖြင့် မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပြီးလျှင် အသက်ထက်ဆုံး ရှိခိုးခဲ့ပေ၏။

၂၈၂-၂၈၃။ ထိုအခါ စိမ်းရွှေညှိဟောက်သော အနံ့ရှိသည်ဖြစ်၍ ကိုယ်၏ ကောင်းသော ရနံ့ရှိသူ၏အဖြစ်ကို ဆုတောင်းလျက် ငါသည် လ-တိုင်းရှစ်ရက်နေ့တို့၌ မြတ်စွာဘုရား၏ ဂန္ဓကုဋီမြေကို နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် ကောင်းသောရနံ့ရှိသော ခန္ဓာကိုယ်ရနံ့ရှိသည့်အဖြစ်ကို မိန့်ကြားတော်မူ၏။

၂၈၄။ အကြင်သူသည် ဂန္ဓကုဋီမြေကို နံ့သာဖြင့် တကြိမ်လိမ်းကျံ၏၊ ထိုကံ၏အကျိုးကြောင့် ထိုထိုဘဝ၌ ဖြစ်လတ်သော်—

၂၈၅။ ဤသူသည် အလုံးစုံသောဘဝတို့၌ ကောင်းသောကိုယ်ရနံ့ရှိသူဖြစ်လတ္တံ့၊ ဂုဏ်ရနံ့နှင့် ပြည့်စုံသူဖြစ်၍ အာသဝမရှိပဲ ပရိနိဗ္ဗာန်စံရလတ္တံ့။

၂၈၆။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတော်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၈၇။ ဤယခု နောက်ဆုံးဘဝ၌လည်း ငါသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ဝမ်း၌ နေရစဉ် ငါ၏အမိသည် ကိုယ်အားဖြင့် ကောင်းသောရနံ့ရှိသူဖြစ်၏။

http://www.dhammadownload.com



၂၉၈။ အကြင်အခါ ငါသည် အမိဝမ်းမှ မွေးဖွား၏၊ ထိုအခါ သာဝတ္ထိပြည်သည် အလုံးစုံသော ရနံ့တို့ဖြင့် ထုံအပ်သကဲ့သို့ ကြိုင်လှိုင်လျက် ရှိပေ၏။

၂၉၉။ ထိုအခိုက် ကောင်းသောရနံ့ရှိသော ပန်းမိုးသည်လည်း ရွာသွန်းလေ၏၊စိတ်နှလုံးကို ပျော်မွေ့စေနိုင်သော နတ်ရနံ့သည်ရှင်း အဘိုးများစွာထိုက်သော အခိုးအထုံတို့သည်ရှင်း ကြိုင်လှိုင်ကုန်၏။

၃၀၀။ အကြင်အိမ်၌ ငါသည် ဖွားမြင်၏၊ထိုအိမ်ကို နတ်တို့သည်လည်း အလုံးစုံသောရနံ့တို့ဖြင့်ရှင်း အခိုးအထုံပန်းတို့ဖြင့်ရှင်း ကောင်းသောရနံ့ဖြင့်ရှင်း ကြိုင်လှိုင်စေကုန်၏။

၃၀၁။ အကြင်အခါ ငါသည် နုပျိုသူ လှပသူဖြစ်လျက် ပဌမအရွယ်၌ တည်ရှိလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်နှင့်တကွသော သေလပုဏ္ဏားကို ဆုံးမပြီးလျှင်—

၃၀၂။ ထိုရဟန်းအားလုံးဘို့ဖြင့် ခြံရံလျက် သာဝတ္ထိပြည်သို့ ကြွလာတော်မူ၏၊ ထိုအခါ ငါသည် ထိုမြတ်စွာဘုရား၏ အာနုဘော်ကို တွေ့မြင်ရသဖြင့် ရဟန်းပြုခဲ့၏။

၃၀၃။ သီလကိုရှင်း သမာဓိပညာကိုရှင်း အမြတ်ဆုံး အရဟတ္တဖိုလ်ဝိမုတ္တိကိုရှင်း လေးပါးသော တရားတို့ကို ပွါးများ၍ အာသဝကုန်ခြင်းသို့ ရောက်ခဲ့ပေ၏။

၃၀၄။ ငါသည် အကြင်အခါ၌လည်း ရဟန်းပြုခဲ့၏၊ အကြင်အခါ၌လည်း ရဟန္တာဖြစ်ခဲ့၏၊ အကြင်အခါ၌လည်း ပရိနိဗ္ဗာန်ပြုအံ့၊ ထိုအခါတို့၌ နံ့သာမိုးသည် ရွာသွန်းလေ၏။

၃၀၅။ ငါ၏ကိုယ်နံ့သည်လည်း အခါခပ်သိမ်း ကြိုင်လှိုင်လျက်ရှိ၏၊ အဘိုးများစွာထိုက်တန်သော စန္ဒကူးနံ့ စကားနံ့ ကြာညိုနံ့ကိုရှင်း ထို့အတူပင် အခြားသော(နံ့သာ) ရနံ့တို့ကိုရှင်း အခါခပ်သိမ်း လွှမ်းမိုး၍ ထိုနံ့သာမျိုးတို့ထက် ထိုထိုအရပ်၌ ကြိုင်လှိုင်လျက်ရှိ၏။

၃၀၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၀၇။ ငါ၏လာခြင်းကား။ပ။အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၃၀၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သုဂန္ဓမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် စူဠသုဂန္ဓဝဂ္ဂရအပဒါန် ပြီး၏။

**ငါးဆယ့်ငါးခုမြောက် ဘဒ္ဒိယဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅၆-ယသဝဂ်

## ၁-ယသတ္ထေရအပဒါန်

၁။ မဟာသမုဒ္ဒရာသို့သက်ဝင်၍ ငါသည် ဘုံဗိမာန်ကို ကောင်းစွာ ဖန်ဆင်းအပ်၏၊ စက္ကဝါက်ငှက်တို့ တွန်ကျူးအပ်သော ရေကန်ကို ကောင်းစွာ ဖန်ဆင်းအပ်၏။

၂။ (ထိုရေကန်၌)မန္ဒာရကပန်းတို့ဖြင့်၎င်း ပဒုမာကြာ ကုမုဒြာကြာတို့ဖြင့်၎င်း ဖုံးလွှမ်းအပ်၏၊ ထိုဘုံ၌ ကောင်းသော ဆိပ်ရှိသော (နှလုံးမွေ့လျော်ဖွယ်) စိတ်ပျော်မွေ့ဖွယ် ရှိသော မြစ်သည်လည်း စီးဆင်း၏။

၃။ (ထိုမြစ်၌)ငါးလိပ်တို့ဖြင့် ဖုံးလွှမ်းအပ်၏၊ အထူးထူးသော ငှက်တို့ စုဝေးရာ ဖြစ်၏၊ ဥဒေါင်း ကြိုးကြာတို့ တွန်ကျူးကုန်၏၊ သာယာသော အသံရှိသော ဥဩငှက်စသည်တို့ (တွန်ကျူးကုန်၏။)

၄။ ခိုတို့သည်၎င်း ရွှေဟသာတို့သည်၎င်း စက္ကဝါက်ငှက်တို့သည်၎င်း မြစ်၌ ကျက်စားကုန်၏၊ ဤမြစ်၌ ခါ(ရစ်)တို့သည်၎င်း သာလိကာ(ဆက်ရက်)တို့သည်၎င်း ပါဝကငှက် (ပုတ်သင်ပျံ)တို့သည်၎င်း ဇီဝဇီးငှက်တို့သည်၎င်း(များပြားကုန်၏)။

၅။ (ထိုမြစ်၌)ဟသာ ကြိုးကြာတို့ တွန်ကျူးအပ်ကုန်၏၊(အဆင်း)ကြောင်သော ခင်ပုတ်ငှက်တို့သည် များပြားကုန်၏၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်၏၊ ပတ္တမြား ပုလဲ သန္တာရှိကုန်၏။

၆။ အထူးထူးသော ပင်စည်တို့ဖြင့် ကောင်းစွာ (ပြန့်ပွါး) စည်ပင်ကုန်သော အလုံးစုံသော သစ်ပင်တို့သည် ရွှေဖြင့် ပြီးကုန်၏၊ နေ့ ညဉ့် အခါခပ်သိမ်း ဘုံဗိမာန်ကို ထိန်လင်းစေကုန်၏။

၇။ တူရိယာခြောက်သောင်းတို့သည် ညချမ်း၌၎င်း နံနက်၌၎င်း တီးမှုတ်ကုန်၏၊ မိန်းမတသောင်းခြောက်ထောင်တို့သည် ငါ့ကို အခါခပ်သိမ်း ဝန်းရံကုန်၏။

၈။ (ငါသည်) ဘုံဗိမာန်မှထွက်ခဲ့၍ သုမေဓာမြတ်စွာဘုရားကို ကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အခြံအရံများသော ထိုသုမေဓာမြတ်စွာဘုရားကို ရှိခိုး၏။

၉။ မြတ်စွာဘုရားကို ရှိခိုး၍ သံဃာနှင့်တကွ ထိုမြတ်စွာဘုရားကို ပင့်ဖိတ်၏၊ ပညာရှိတော်မူသော လောက၏ ရှေ့သွား ထိုသုမေဓာမြတ်စွာဘုရားသည် လက်ခံတော်မူ၏။

၁၀။ မြတ်စွာဘုရားသည် ငါ့အား တရားစကားကို ဟောပြော၍ လွှတ်လိုက်၏၊ မြတ်စွာဘုရားကို ရှိခိုး၍ ငါ၏ ဘုံဗိမာန်သို့ ချဉ်းကပ်၏။

၁၁။ (ငါသည်)အလုပ်အကျွေး အခြွေအရံတို့ကို မိန့်ဆို၏၊ ထိုအခါ အားလုံးတို့သည် စည်းဝေးကုန်၏၊ နံနက်အခါ၌ မြတ်စွာဘုရားသည် ဗိမာန်သို့ ကြွလာတော်မူလတ္တံ့ (ဟု-မိန့်ဆို၏)။

၁၂။ (ထိုသူတို့သည်)အကြင် အကျွန်ုပ်တို့သည် သင်၏ အထံ၌ နေကုန်၏၊ ထိုအကျွန်ုပ်တို့သည် အရတော်ပါကုန်၏၊ အကျွန်ုပ်တို့အား ကောင်းစွာ ရအပ်ပါကုန်၏၊ အကျွန်ုပ်တို့သည်လည်း ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား ပူဇော်ပါကုန်၏အံ့(ဟု- ဆိုကုန်၏)။

http://www.dhammadownload.com



၁၃။ ထမင်း အဖျော်ကိုဖြစ်စေ၍ ငါသည် အချိန်ကာလကို လျှောက်ကြား၏၊ ဈာန်ရ ရဟန်းတသိန်းတို့နှင့်တကွ မြတ်စွာဘုရားသည် ချဉ်းကပ်တော်မူ၏။

၁၄။ ငါသည် အင်္ဂါငါးပါးရှိသော တူရိယာတို့ဖြင့် ခရီးဦး ကြိုဆို၏၊ ယောကျာ်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အလုံးစုံ ရွှေဖြင့်ပြီးသော အင်းပျဉ်၌ ထိုင်တော်မူ၏။

၁၅။ ထိုအခါ အထက်အမိုးသည် အားလုံးရွှေဖြင့် ပြီးသော အမိုးဖြစ်၏၊ လွန်မြတ်သူ မရှိသော ရဟန်း သံဃာကို ယပ်တို့သည် တလှဲလှဲ တိုက်ခတ်ကုန်၏။

၁၆။ များစွာသော ထမင်းအဖျော်ဖြင့် ရဟန်း သံဃာကို ရောင့်ရဲ တင်းတိမ်စေ၏၊ ငါသည် အသီးအသီး အဝတ်အစုံတို့ကို ရဟန်း သံဃာအား ပေးလှူ၏။

၁၇။ ပူဇော်အထူးတို့ကို ခံတော်မူထိုက်သော ထိုသုမေဓာမြတ်စွာဘုရားသည် အကြင်စကားကို ဟောတော်မူ၏၊ ရဟန်း သံဃာ (အလယ်၌)ထိုင်၍ ဤဆိုမည့်ဂါထာတို့ကို ဟောတော်မူ၏—

၁၈။ အကြင်သူသည် ငါဘုရားကိုငင်း ဤရဟန်း သံဃာအားလုံးတို့ကိုငင်း ထမင်းအဖျော်ဖြင့် ရောင့်ရဲ တင်းတိမ်စေ၏၊ထိုသူကို ငါသည် ဟောကြားတော်မူအံ့၊ ဟောကြားမည့် ငါ့စကားကို ကြားနာကုန်လော့—

၁၉။ ကမ္ဘာတထောင့်ရှစ်ရာတို့ပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့၊ ဤသူသည် အကြိမ်တထောင် စကြဝတေးမင်း ဖြစ်လတ္တံ့။

၂၀။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ်ဟူသမျှတို့၌ ထိုသူအား အလုံးစုံ ရွှေဖြင့်ပြီးသော အမိုးသည် ဆောင်းမိုးလတ္တံ့။

၂၁။ ကမ္ဘာသုံးသောင်းထက်၌ ဩက္ကာကမင်းမျိုးဖြစ်သော အနွယ်အားဖြင့် ဂေါတမ မည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၂။ ထိုမြတ်စွာဘုရား၏ တရားတော်တို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အလုံးစုံသော အာသဝတို့ကို ပိုင်းခြားသိပြီးလျှင် အာသဝမရှိပဲ ငြိမ်းအေးလတ္တံ့။

၂၃။ ရဟန်း သံဃာ(အလယ်၌)ထိုင်၍ ရဲရင့်သော အသံကို ကြွေးကြော်လတ္တံ့၊ ထင်းပုံ၌ ထီးကို စိုက်ဆောင်းကုန်၏၊ ထီးအောက်၌ မီးသင်္ဂြိုဟ်ကြကုန်၏။

၂၄။ ငါသည် သာမညဖိုလ်သို့ အစဉ်ရောက်ပြီး ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ မဏ္ဍပ်၌ငင်း သစ်ပင်ရင်း၌ငင်း ထိတ်လန့်မှုသည် ငါ့အား မရှိ။

၂၅။ ကမ္ဘာသုံးသောင်းထက်၌ အလှူကို လှူခဲ့ရသော အခါမှစ၍ မကောင်းသူတို့ လားရောက်ရာ ‘ဒုဂ္ဂတိ’ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အလုံးစုံသော အလှူ၏ အကျိုးပေတည်း။

၂၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရပါ၏။

http://www.dhammadownload.com



၂၇။ ငါ၏ လာခြင်းကား စင်စစ် ကောင်းသော လာခြင်းဖြစ်၏၊ ငါသည် မြတ်စွာဘုရား၏ အထံ၌ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်း ခြောက်ပါး ပါးသော အဘိညာဉ်တို့ကိုလည်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမတော် ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ယသမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ရွှေဦးစွာသော ယသတ္ထေရအပဒါန် ပြီး၏။

---

## ၂-နဒီကဿပတ္ထေရအပဒါန်

၂၉။ လောကထက် ကြီးမြတ်သည်ဖြစ်၍ တာဒိဂုဏ် ရှိတော်မူသော ပဒုမုတ္တရ မြတ်စွာ ဘုရားသည် ဆွမ်းခံလှည့်လည်တော်မူစဉ် မြတ်သော ကျော်စောသော သစ်သီးဦးကို ယူ၍ ငါသည် မြတ်စွာဘုရားအား အလှည့်အကြိမ်အားဖြင့် လှူဒါန်းခဲ့၏။

၃၀။ ထိုကံကြောင့် သိကြားမင်းကဲ့သို့ လောကထက်ကြီးမြတ်သော လူတို့၏ အမြတ် ရဟန္တာဖြစ်၍ အောင်ခြင်း ရှုံးခြင်းကို စွန့်ပယ်ပြီးလျှင် မတုန်လှုပ်ရာဌာန (နိဗ္ဗာန်)သို့ ရောက် သူဖြစ်ပါ၏။

၃၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အသီးကို လှူခဲ့ရသော အခါမှစ၍ မကောင်း မှုပြုသူတို့ လားရောက်ရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် အဦးအလှူ၏ အကျိုးပေတည်း။

၃၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၃။ ငါ၏ လာခြင်းကား စင်စစ်ကောင်းသော လာခြင်း ဖြစ်၏ ။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက် နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် အသျှင်နဒီကဿပမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

နှစ်ခုမြောက် နဒီကဿပတ္ထေရအပဒါန် ပြီး၏။

---

## ၃-ဂယာကဿပတ္ထေရအပဒါန်

၃၅။ သစ်နက်ရေကို ဝတ်လျက် ထမ်းပိုးဝန် (ရသေ့ပရိက္ခရာဝန်) ကို ဆောင်သော ငါသည် ထိုအခါ ထမ်းပိုးဝန် ရသေ့ပရိက္ခရာကို ဆောင်၍ ဆီးသီးကို သခ်မ်းကျောင်းသို့ ပို့ဆောင်ခဲ့၏။

http://www.dhammadownload.com



၃၆။ ထိုအခါ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည် အဖော်မရှိပဲ တပါးတည်းပင် အခါခပ်သိမ်း ထွန်းလင်းတောက်ပလျက် ငါ၏ သခ်မ်းကျောင်းသို့ ချဉ်းကပ်တော်မူ၏။

၃၇။ မိမိစိတ်ကို ကြည်ညိုစေ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ငါသည် လက်နှစ်ဖက်တို့ဖြင့် ယူမြှောက်၍ ဆီးသီးကို မြတ်စွာဘုရားအား လှူဒါန်း၏။

၃၈။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရောက်ရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆီးသီး အလှူ၏ အကျိုးပေတည်း။

၃၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၄၀။ ငါ၏လာခြင်းကား စင်စစ်ကောင်းသော လာခြင်းဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံး အမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက် နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဂယာကဿပမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**သုံးခုမြောက် ဂယာကဿပတ္ထေရအပဒါန် ပြီး၏။**

---

## ၄-ကိမိလတ္ထေရအပဒါန်

၄၂။ မကောင်းမှုကို အပပြုအပ်ပြီးသော(အကျင့်မြတ်ကို) ကျင့်သုံးခြင်းရှိသော ကကုသန် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလတ်သော် ငါသည် ထင်းရှူးပန်းကိုယူ၍ မဏ္ဍပ်ပြုလုပ်ခဲ့၏။

၄၃။ တာဝတိံသာဘုံသို့ ရောက်သည်ဖြစ်၍ မြတ်သော ဗိမာန်ကို ရ၏၊ အခြားသော နတ်တို့ထက် သာလွန်တင့်တယ်၏၊ ဤသို့ ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၄။ ငါသည် နေ့၌ဖြစ်စေ သို့မဟုတ် ညဉ့်၌ဖြစ်စေ စင်္ကြံသွားသော်ငြားရပ်သော်ငြား ထင်းရှူးပန်းပွင့်တို့ဖြင့် မိုးအပ်၏၊ ဤသို့ဖြင့်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၄၅။ ငါသည် ဤဘဒ္ဒကမ္ဘာ၌ပင် မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်း မှုပြုသူတို့ လားရောက်ရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားကို ပူဇော်ခြင်း၏ အကျိုးပေတည်း။

၄၆။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

http://www.dhammadownload.com



၄၇။ ငါ၏ လာခြင်းကား စင်စစ်ကောင်းသော လာခြင်းဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ကိမိလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

လေးခုမြောက် ကိမိလတ္ထေရအပဒါန် ပြီး၏။

## ၅-ဝဇ္ဇီပုတ္တတ္ထေရအပဒါန်

၄၉။ ရောင်ခြည်တထောင်ဆောင်၍ ကိုယ်တိုင်ပွင့်တော်မူသော (ရန်သူတို့သည်) မအောင်စေနိုင်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာ 'ဝိဝေက' မှထ၍ ဆွမ်းခံလှည့်လည်ခြင်းငှါ ထွက်တော်မူ၏။

၅၀။ လက်၌ အသီးရှိသော ငါသည် (ဘုရားရှင်ကို) ဖူးမြင်ရသောကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ (ငါသည်) ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အညွှာရှိသော (သရက်) အသီးကို လှူဒါန်း၏။

၅၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ အသီးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် အသီးအလှူ၏ အကျိုးပေတည်း။

၅၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၅၃။ ငါ၏ လာခြင်းကား စင်စစ် ကောင်းသော လာခြင်းဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဝဇ္ဇီပုတ္တမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ငါးခုမြောက် ဝဇ္ဇီပုတ္တတ္ထေရအပဒါန် ပြီး၏။

## ၆-ဥတ္တရတ္ထေရအပဒါန်

၅၅။ ကိုယ်တော်တိုင် သိတော်မူသော သုံးဆယ့်နှစ်ပါးသော လက္ခဏာမြတ် ရှိတော်မူသော သုမေဓာမည်သော မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာ 'ဝိဝေက'ကို အလိုရှိသည်ဖြစ်၍ ဟိမဝန္တာတောသို့ ချဉ်းကပ်တော်မူ၏။

http://www.dhammadownload.com



၅၆။ မြတ်သော ကရုဏာရှိတော်မူသည်ဖြစ်၍ ယောက်ျားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟိမဝန္တာတောသို့ သက်ဝင်၍ ထက်ဝယ်ပလ္လင်ကို ဖွဲ့ခွေ၍ ထိုင်နေတော်မူ၏။

၅၇။ ထိုအခါ ငါသည် ကောင်းကင်၌ ကျက်စားသော ဝိဇ္ဇာဓိုရ်ဖြစ်၏၊ ကောင်းစွာ ပြုအပ်သော အဖျားထက်သော တံကျင်ကို ယူ၍ ထိုအခါ ကောင်းကင်၌ သွား၏။

၅၈။ ထိုအခါ တောင်ထိပ်၌ မီးကဲ့သို့ရင်း လပြည့်နေ့၌ လမင်းကဲ့သို့ရင်း ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း မြတ်စွာဘုရားသည် တောကို ထွန်းလင်းစေ၏။

၅၉။ တောမျှားမှထွက်၍ မြတ်စွာဘုရားရောင်ခြည်တော်တို့သည် ပြေးသွားကုန်၏၊ ကျူမီး အဆင်းနှင့်တူသည်တို့ကို မြင်၍ စိတ်ကို ကြည်လင်စေ၏။

၆၀။ စူးစမ်းရှာဖွေလတ်သော် နတ်ရနံ့ရှိသော မဟာလေှကားပွင့်ကို မြင်၏၊ ပန်းသုံးပွင့် တို့ကို ယူ၍ မြတ်စွာဘုရားကို ပူဇော်၏။

၆၁။ ထိုအခါ ငါ၏ပန်းသုံးပွင့်တို့သည် မြတ်စွာဘုရား၏ အာနုဘော်ကြောင့် အထက်၌ အညွှာ အောက်၌အရွက်ဖြစ်၍ မြတ်စွာဘုရားအား အရိပ်ကို ပြုကုန်၏။

၆၂။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတော်ဆောင်ထားမှုတို့ကြောင့်ရင်း လူ့ ခန္ဓာကိုယ်ကို စွန့်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်၏။

၆၃။ ထိုဘုံ၌ ကောင်းစွာ ပြုအပ်သော ငါ၏ဗိမာန်ကို မဟာလေှကားဗိမာန် ကဏိကာရီ ဗိမာန်ဟု သိအပ်၏၊ (ထိုဗိမာန်သည်) ယူဇနာ ခြောက်ဆယ် အစောက်မြင့်၏၊ ယူဇနာ သုံးဆယ် ကျယ်ပြန့်၏။

၆၄။ အပိုင်းအခြား (အခန်း) တထောင်ရှိ၏၊ ပွတ်လုံးတရာရှိ၏၊ များသောတံခွန်ရှိ၏၊ ရွှေဖြင့်ပြီး၏၊ ငါ၏ဗိမာန်၌ နန်းဦးစနုဆောင်တသိန်းတို့သည် ထင်ရှားဖြစ်ကုန်၏။

၆၅။ ရွှေဖြင့်ပြီးသောပလ္လင် ပတ္တမြားဖြင့်ပြီးသောပလ္လင် ကျောက်နီဖြင့်ပြီးသောပလ္လင် ဖလ်တို့ဖြင့်ပြီးသော ပလ္လင်တို့သည်လည်း အလိုရှိရာ၌ အလိုရှိတိုင်း (ဖြစ်ကုန်၏)။

၆၆။ မြတ်သောသူတို့သာ ထိုက်တန်သော အိပ်ရာသည် လဲမွေ့ရာ ဆန်းကြယ်သောအခင်း နှင့်ယှဉ်၏၊ (နှပ်ဖက်) အမွေးရှိသော ဥဒ္ဒလောမိအခင်း (တဖက်အမွေးရှိသော) ကေန္တလော မိအခင်းသည်လည်း ခေါင်းအုံးနှင့် ယှဉ်၏။

၆၇။ ဗိမာန်မှထွက်၍ နတ်ပြည်သို့ ဒေသစာရီကို လှည့်လည်လတ်သော် နတ်အပေါင်းခြံရံ လျက် သွားခြင်းကို အလိုရှိတိုင်း ပြည့်စုံ၏။

၆၈။ ပန်းပွင့်၏အောက်၌ တည်ရ၏၊ ငါ၏အထက်၌ အမိုးသည် ထက်ဝန်းကျင်မှ ယူဇနာ တရာတိုင်အောင် မဟာလေှကားပွင့်တို့ဖြင့် လွှမ်းအပ်၏။

၆၉။ တူရိယာတီးမှုတ်သူခြောက်သောင်းတို့သည် ညချမ်း နံနက်တိုင်း ခစားလုပ်ကျွေး ကုန်၏၊ ညဥ့်နေ့ပတ်လုံး မပျင်းရိကုန်ပဲ၊ ငါ့ကို အမြဲဝန်းရံကုန်၏။

၇၀။ ထိုနတ်ပြည်၌ ကခြင်းတို့ဖြင့်ရင်း သီခြင်းတို့ဖြင့်ရင်း မောင်းကြေးနင်းတို့ဖြင့်ရင်း တီးမှုတ်ခြင်းတို့ဖြင့်ရင်း မြူးထူးပျော်မွေ့ခြင်းဖြင့်ရင်း ပျော်မွေ့ရ၏၊ ငါသည် အလိုရှိတိုင်း အလိုရှိတိုင်း ပျော်မွေ့ရ၏။

http://www.dhammadownload.com



၇၁။ ထိုအခါ ထိုနတ်ပြည်ဘာဝတိံသာနတ်ဘုံ၌ စား၍ရှင်း သောက်၍ရှင်း ပျော်မွေ့ရ၏၊ နတ်သမီးအပေါင်းတို့နှင့်တကွ ဖြစ်၍ ဗိမာန်မြတ်၌ ပျော်မွေ့ရ၏။

၇၂။ တရာတို့၏ငါးကြိမ်တိုင်အောင်(အကြိမ်ငါးရာတိုင်အောင်)နတ်မင်းအဖြစ်ကို ပြုခဲ့ရ၏၊ တရာတို့၏ သုံးကြိမ်တိုင်အောင် (အကြိမ်သုံးရာတိုင်အောင်) ငါသည် စကြာဝတေးမင်းလည်း ဖြစ်ခဲ့၏၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၇၃။ ဘဝတိုင်းဘဝတိုင်း ကျင်လည်ရသော် ငါသည် များစွာသော စည်းစိမ်ကို ရပါ၏၊ ငါ့အား စည်းစိမ်၌ ယုတ်လျော့သည့်အဖြစ်သည် မရှိချေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ခြင်း၏ အကျိုးပေတည်း။

၇၄။ နတ်ဘဝ လူ့ဘဝဟူသော ဘဝနှစ်ပါး၌ ကျင်လည်ရပါ၏၊ အခြားတပါးသောဂတိကို မသိရပါ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၅။ မင်းမျိုး၌ရှင်း ပုဏ္ဏားမျိုး၌ရှင်း အမျိုးနှစ်ပါး၌ ဖြစ်ရ၏၊ ယုတ်နိမ့်သောအမျိုး၌ ဖြစ်ခြင်းကို မသိပါ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၆။ ဆင်ယာဉ် မြင်းယာဉ် ထမ်းစင် သံလျင်းဟူသော ဤအလုံးစုံကိုပင် ရပေ၏၊ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၇။ ကျွန်မိန်းမအပေါင်း ကျွန်ယောကျ်ားအပေါင်းကိုရှင်း ကောင်းစွာ တန်ဆာဆင်အပ်သော မိန်းမတို့ကိုရှင်း ဤအလုံးစုံကိုပင် ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၈။ ပိုးထည် ကမ္ဗလာထည်တို့ကိုရှင်း ခေါမထည် ဝါချည်ထည်တို့ကိုရှင်း ဤအလုံးစုံကိုပင် ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၉။ အဝတ်သစ်ကိုရှင်း အသီးသစ်(သစ်သီးဦး)ကိုရှင်း မြတ်သော အရသာရှိသော ဘောဇဉ်သစ် (ဘောဇဉ်ဦး)ကိုရှင်း ဤအလုံးစုံကိုပင် ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၀။ ဤခဲဖွယ်ကို ခဲပါလော့၊ ဤစားဖွယ်ကို စားပါလော့၊ ဤအိပ်ရာ၌ အိပ်ပါလော့ ဟူသော ဤအလုံးစုံကိုပင် ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၁။ အရပ်အားလုံး၌ ပူဇော်အပ်သူ ဖြစ်ပါ၏၊ ငါ၏ကျော်စောခြင်းသည် လွှမ်းမိုးပျံ့နှံ့တက်၏၊ အခါခပ်သိမ်း အသင်းအပင်းများသူ ဖြစ်ပေ၏၊ အခါခပ်သိမ်း ပရိသတ်မကွဲပျက်သူ ဖြစ်ပါ၏၊ ဆွေမျိုးတို့ထက်မြတ်သူ ဖြစ်ပါ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၂။ အအေးအပူကို မသိရပေ၊ အိုက်စပ်ခြင်းသည် ငါ့အား မရှိပေ၊ ထိုမှတပါး ငါ၏နှလုံး၌ စိတ်ကြောင့်ဖြစ်သော ဆင်းရဲခြင်းသည် မရှိချေ။

http://www.dhammadownload.com



၇၃။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသူဖြစ်၍ ဘဝကြီးငယ်၌ ကျင်လည်ရ၏၊ **အဆင်း** ဖောက်ပြန်သည်ကို မသိရပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း**၏** **အကျိုးပေတည်း**။

၇၄။ ငါသည် နတ်ပြည်မှစုတေ၍ ဖြူစင်သော ကုသိုလ်ကံအကြောင်းရင်းသည် တိုက်တွန်း အပ်သည်ဖြစ်၍ သာဝတ္ထိပြည်ဝယ် ကောင်းစွာ ကြွယ်ဝသော မဟာသာလအမျိုး၌ ဖြစ်ရ၏။

၇၅။ ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းပြု၏၊ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာ ရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၇၆။ စကျွငါးမျိုးရှိသော မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကို သိ၍ ငါ့ကို(ရဟန်းခံ)ပေးတော် မူ၏၊ ငါသည် ငယ်ရွယ်သူဖြစ်လျက် ပူဇော်ခံရသူဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာ ဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၇၇။ ငါ၏ ဒိဗ္ဗစက္ခုဉာဏ်သည် အထူးစင်ကြယ်၏၊ ငါသည် ဈာန်သမာဓိ၌ လိမ္မာကျွမ်း ကျင်၏၊ အဘိညာဉ်၏အဆုံးသို့ ရောက်၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော် ရခြင်း၏ အကျိုးပေတည်း။

၇၈။ ငါသည် ပဋိသမ္ဘိဒါသို့ အစဉ်ရောက်၏၊ ဣဒ္ဓိပါဒ်တို့၌ လိမ္မာကျွမ်းကျင်ပေ၏၊ တရား တို့၌ အထွတ်အထိပ်သို့ ရောက်ပေ၏၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း**၏** အကျိုးပေတည်း။

၇၉။ ကမ္ဘာသုံးသောင်းထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၈၁။ ငါ၏လာခြင်းကား စင်စစ် ကောင်းသော လာခြင်း ဖြစ်၏။ပ။မြတ်စွာဘုရား၏ အဆုံး အမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း။ပ။မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥတ္တရမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခြောက်ခုမြောက် ဥတ္တရတ္ထေရအပဒါန် ပြီး၏။

---

## ၇-အပရဥတ္တရတ္ထေရအပဒါန်

၈၃။ လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြု လတ်သော် ငါသည် ငါ၏ဆွေမျိုးတို့ကို အထူးစုပေါင်း၍ ဓာတ်တော်ပူဇော်ခြင်းကို **ပြုခဲ့၏**။

http://www.dhammadownload.com



၉၄။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဓာတ်တော်ကို ပူဇော်ခဲ့ရသောအခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဓာတ်တော်ကို ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၉၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၉၆။ ငါ၏လာခြင်းကား စင်စစ်ကောင်းသောလာခြင်းဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း။ပ။မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်အပရဥတ္တရမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ခုနစ်ခုမြောက် အပရဥတ္တရတ္ထေရအပဒါန် ပြီး၏။

---

## ဂ-ဘဒ္ဒဇိတ္ထေရအပဒါန်

၉၈။ အထူးထူးသော ဆင်တို့ မှိုဲအပ်သော အကြင်ရေကန်သို့ သက်ဆင်း၍ ထိုအခါ ငါသည် စားလိုခြင်းအကြောင်းကြောင့် ထိုရေကန်၌ ကြာစွယ်ကို နုတ်ယူ၏။

၉၉။ ထိုအခါ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရအမည်ရှိသော နီမြန်းသောအဝတ်သင်္ကန်းကို ဆောင်သော မြတ်စွာဘုရားသည် ကောင်းကင်ခရီး၌ ကြွသွားတော်မူ၏။

၁၀၀။ ထိုအခါ ပံသုကူသင်္ကန်းတို့ကို ခါတွက်လတ်သော် ငါသည် အသံကို ကြား၏၊ငါသည် အထက်သို့ ကြည့်ရှုလတ်သော် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၁၀၁။ ထိုနေရာ၌ပင် ရပ်တည်သည်ဖြစ်၍ မြတ်စွာဘုရားကို တောင်းပန်၏၊ ကြာစွယ်တို့နှင့် တကွဖြစ်သော ပျားကိုင်း ကြာစွယ်ကြာရင်းရှိသော နို့ရည်ထောပတ်ကိုင်း—

၁၀၂။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား သနားသောအားဖြင့် ခံယူတော်မူပါလော့ (ဟု တောင်းပန်၏)၊ ထိုအခါ ကရုဏာရှိတော်မူသော အခြံအရံများသော မြတ်စွာဘုရားသည် ဆင်းသက်၍—

၁၀၃။ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည် အစဉ်သနားသောအားဖြင့် ငါ၏ ဆွမ်းကို ခံယူတော်မူ၏၊ ခံယူပြီးသော် မြတ်စွာဘုရားသည် ငါ့အား အနုမောဒနာကို ပြုတော်မူ၏။

၁၀၄။ ဘုန်းကြီးသောသူ ချမ်းသာခြင်းရှိသူ ဖြစ်ပါစေ၊သင့်အား လားရာဂတိသည် ပြည့်စုံပါစေ၊ ဤကြာစွယ်အလှူကြောင့် ပြန့်ပြောသော ချမ်းသာခြင်းကို ရပါစေသတည်းဟု—

http://www.dhammadownload.com



၁၀၅။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၍ ဆွမ်းကို ယူပြီးလျှင် ကိုယ်တိုင် သိတော်မူသော မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၏။

၁၀၆။ ထို့နောက်မှ ကြာစွယ်ကို ယူ၍ ငါ၏သင်္ခမ်းကျောင်းသို့ လာခဲ့၏၊ ကြာစွယ်ကို သစ်ပင်၌ ချိတ်ထား၍ ငါ၏အလှူကို အစဉ်လျှောက်၍ အောက်မေ့၏။

၁၀၇။ ထိုအခါ လေကြီးသည် ထ၍ တောကို လှုပ်ရှားစေ၏၊ ကောင်းကင်သည် ထစ်ချုန်း၏၊ ထိုအခါ မိုးကြိုးသည်လည်း ကွဲကျ၏။

၁၀၈။ ထို့ကြောင့် ထိုအခါ မိုးကြိုးကျလတ်သော် ငါ၏ဦးခေါင်းထိပ်ထက်၌ ကျ၏၊ ထိုငါသည် ထိုင်နေသည်ဖြစ်၍သာလျှင် ထိုနေရာ၌ ကွယ်လွန်၏။

၁၀၉။ ကုသိုလ်ကံနှင့်ယှဉ်၍ ငါသည် တုသိတာဘုံ၌ ဖြစ်၏၊ ငါ၏ကိုယ်ကောင်သည်လည်း ကျ၏၊ ငါသည် နတ်ပြည်၌ ပျော်မွေ့ရ၏။

၁၁၀။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော နတ်သမီး ရှစ်သောင်းခြောက်ထောင်တို့သည် ညချမ်းတိုင်း နံနက်တိုင်း ခစားလုပ်ကျွေးကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ကြာစွယ်အလှူ၏ အကျိုးပေတည်း။

၁၁၁။ ထိုအခါ လူ့အဖြစ်သို့ ရောက်လာ၍ ငါသည် ချမ်းသာခြင်းရှိသူဖြစ်၏၊ ငါ့အား စည်းစိမ်တို့၏ ယုတ်လျော့သည်၏ အဖြစ်သည် မရှိပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကြာစွယ်အလှူ၏ အကျိုးပေတည်း။

၁၁၂။ နတ်ထက် နတ်ဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည် အစဉ်စောင့်ရှောက်အပ်သည်ဖြစ်၍ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ် တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၁၁၃။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကြာစွယ်ကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရောက်ရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကြာစွယ်အလှူ၏ အကျိုးပေတည်း။

၁၁၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၁၅။ ငါ၏လာခြင်းကား စင်စစ် ကောင်းသော လာခြင်းဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၁၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဘဒ္ဒဇိမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ရှစ်ခုမြောက် ဘဒ္ဒဇိတ္ထေရအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၉-သိဝကတ္ထေရအပဒါန်

၁၁၇။ ရှာမှီးခြင်းငှါ (ဆွမ်းခံခြင်းငှါ) လှည့်လည်တော်မူသော ဝိပဿီမြတ်စွာဘုရား၏ အချည်းနှီးသော သပိတ်ကို မြင်၍ ငါသည် မုယောဆွမ်းကို ပြည့်စေ၏။

၁၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဆွမ်းကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့ လားရောက်ရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မုယောဆွမ်း၏ အကျိုးပေတည်း။

၁၁၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၂၀။ ငါ၏လာခြင်းကား စင်စစ်ကောင်းသော လာခြင်းဖြစ်၏။ပ။မြတ်စွာဘုရား၏ အဆုံး အမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း ။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်သိဝကမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**ကိုးခုမြောက် သိဝကတ္ထေရအပဒါန် ပြီး၏။**

---

## ၁၀-ဥပဝါနတ္ထေရအပဒါန်

၁၂၂။ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်တော်မူသော (မာရ်ငါးပါးကို) အောင်တော်မူသော ပဒုမုတ္တရမည်သောမြတ်စွာဘုရားသည် မီးပုံကဲ့သို့ တောက်ပ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

၁၂၃။ လူအများတို့သည် အညီအညွတ်လာကုန်၍ မြတ်စွာဘုရားကို ပူဇော်၍ ထင်းပုံကို ပြုပြီးလျှင် မြတ်စွာဘုရားကိုယ်တော်ကို တင်ထားကုန်၏။

၁၂၄။ ကိုယ်တော်ကို မီးသင်္ဂြိုဟ်ခြင်းကိစ္စကို ပြုပြီးသော် ထိုနေရာ၌ ဓာတ်တော်ကို ကောင်း စွာပင့်ဆောင်ကုန်၏၊ အလုံးစုံသော ထိုနတ်လူတို့သည် ဘုရားပုထိုး(စေတီ)ကို တည်ကုန်၏။

၁၂၅။ ပဌမပစ္စယံသည် ရွှေဖြင့် ပြီး၏၊ ဒုတိယပစ္စယံသည် ပတ္တမြားဖြင့် ပြီး၏၊ တတိယပစ္စယံ သည် ငွေဖြင့် ပြီး၏၊ စတုတ္ထပစ္စယံသည် ဖလ်ဖြင့် ပြီး၏။

၁၂၆။ ထိုပုထိုး၌ ပဉ္စမပစ္စယံသည် ပတ္တမြားနီဖြင့် ပြီး၏၊ ဆဋ္ဌပစ္စယံသည် ပတ္တမြားပြောက် (မသာရဂလ်) ဖြင့် ပြီး၏၊ အထက်၌ အလုံးစုံသည် ရတနာဖြင့် ပြီး၏။

၁၂၇။ ပန်းတင်ခုံ ဖရုံတုံးဘိနပ်တော်သည် ပတ္တမြားဖြင့် ပြီးသည်ဖြစ်၏၊ ပွတ်တိုင်ဝရံတာ သည် ရတနာဖြင့်ပြီး၏၊ အလုံးစုံရွှေဖြင့်ပြီးသော ပုထိုးစေတီသည် အထက်သို့ တယူဇနာ တိုင်အောင် မြင့်တက်၏။

http://www.dhammadownload.com



၁၂၈။ ထိုအခါ နတ်တို့သည် ထိုပုထိုးသို့ အညီအညွတ်လာကုန်၍ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၂၉။ ဓာတ်တော်သည် အသီးအခြားမရှိ၊ (ကိုယ်တော်သည်) သရီရဓာတ်တော်သည် အစိုင်အခဲတခုတည်းဖြစ်၏၊ ငါတို့သည် ဤမြတ်စွာဘုရားပုထိုးစေတီ၌ သင်တိုင်းစွပ်စေတီကို တည်ပြုကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၃၀။ နတ်တို့သည် ရတနာခုနစ်ပါးတို့ဖြင့် တပါးသောယူဇနာကို ပွါးစေကုန်၏၊ ပုထိုးစေတီသည် နှစ်ယူဇနာအစောက်ရှိ၏၊ထိုပုထိုးစေတီသည် အမိုက်မှောင်ကို ပယ်ဖျောက်၏။

၁၃၁-၁၃၂။ ထိုအခါ နဂါးတို့သည် ထိုပုထိုးသို့ အညီအညွတ်လာကုန်၍ လူတို့သည်၎င်း နတ်တို့သည်၎င်း ထိုသူတို့သည် မြတ်စွာဘုရားပုထိုးစေတီကို တည်ကုန်၏၊ ငါတို့အား မေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ နတ်နှင့်တကွသော လူတို့သည် မမေ့လျော့ကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၃၃။ ဣန္ဒနီလာတည်းဟူသော နီလာမြတ်ကို၎င်း ထိုမှတပါး ဇောတိရသ ပတ္တမြားကို၎င်း တပေါင်းတည်း စုဝေး၍ မြတ်စွာဘုရား ပုထိုးစေတီကို ဖုံးလွှမ်းကုန်၏။

၁၃၄။ မြတ်စွာဘုရားစေတီတော် မြင့်မားကျယ်ဝန်းသလောက် အလုံးစုံသည် ပတ္တမြားဖြင့်ပြီးသည်ဖြစ်၏၊ သုံးယူဇနာ အစောက်ရှိ၏၊ ထိုအခါ အလင်းရောင်ကို ပြုတတ်၏။

၁၃၅-၁၃၆။ ဂဠုန်တို့သည်လည်း အညီအညွတ်လာကုန်၍ လူတို့သည်၎င်း နတ်နဂါးတို့သည်၎င်း ထိုသူတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြုကုန်၏၊ ငါတို့အား မေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ နတ်နှင့်တကွသော လူနဂါးတို့သည် မမေ့လျော့ကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၃၇။ ထိုဂဠုန်တို့သည်လည်း အလုံးစုံသော ပတ္တမြားဖြင့်ပြီးသော ပုထိုးကို သင်တိုင်းစွပ်စေတီတည်ကုန်၏၊ ထိုဂဠုန်တို့သည်လည်း ရှည်လျားသော မြတ်စွာဘုရားစေတီကို တယူဇနာ ပွါးစေကုန်၏။

၁၃၈။ လေးယူဇနာအစောက်ရှိသော မြတ်စွာဘုရားပုထိုးစေတီသည် တင့်တယ်တောက်ပ၏၊ တက်သစ်သော နေကဲ့သို့ အရပ်မျက်နှာအားလုံး တို့ကို ထွန်းလင်းစေ၏။

၁၃၉-၁၄၀-၁၄၁။ ထိုအခါ ကုမ္ဘဏ်နတ်တို့သည်လည်း အညီအညွတ်လာကုန်၍ လူတို့သည်၎င်း နတ်တို့သည်၎င်း နဂါးတို့သည်၎င်း ထို့အတူ ဂဠုန်တို့သည်၎င်း အသီးအသီး အထူးချီးမွမ်းတော်မူအပ်သော မြတ်စွာဘုရား၏ ပုထိုးစေတီမြတ်ကို တည်ကုန်၏၊ ငါတို့အား မေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ နတ်နှင့်တကွသော လူနဂါးဂဠုန်တို့သည် မမေ့လျော့ကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ကုန်အံ့၊ ရှည်လျားသော မြတ်စွာဘုရားစေတီကို ရတနာတို့ဖြင့် ဖုံးလွှမ်းကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

http://www.dhammadownload.com



၁၄၂။ ထိုကုမ္ဘဏ်နတ်တို့သည်လည်း ရှည်လျားသော မြတ်စွာဘုရားစေတီကို တယူဇနာ ပွါးစေကုန်၏၊ ထိုအခါ ငါးယူဇနာအစောက်ရှိသော ပုထိုးစေတီသည် ထွန်းလင်းတောက်ပ၏။

၁၄၃-၁၄၄-၁၄၅။ ထိုအခါ ဘီလူးတို့သည် ပုထိုးစေတီသို့ အညီအညွတ်လာကုန်၍ လူတို့သည်၎င်း နတ်နဂါးတို့သည်၎င်း ဂဠုန်တို့သည်၎င်း ကုမ္ဘဏ်နတ်တို့သည်၎င်း အသီးအသီးအထူးချီးမွမ်းတော်မူအပ်သော မြတ်စွာဘုရား၏ ပုထိုးမြတ်ကို တည်ကုန်၏၊ ငါတို့အား မေ့လျော့ခြင်း မဖြစ်စေကုန်လင့်၊ နတ်နှင့်တကွသော လူနဂါးဂဠုန် ကုမ္ဘဏ်နတ်တို့သည် မမေ့လျော့ကုန်၊ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ပုထိုးစေတီကို တည်ကုန်အံ့၊ ရှည်လျားသော မြတ်စွာဘုရားစေတီကို ဖလ်တို့ဖြင့် ဖုံးလွှမ်းကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၄၆။ ထိုဘီလူးတို့သည်လည်း ရှည်လျားသော မြတ်စွာဘုရားစေတီကို တယူဇနာ ပွါးစေကုန်၏၊ ထိုအခါ ခြောက်ယူဇနာ အစောက်ရှိသော ပုထိုးစေတီသည် ထွန်းလင်းတောက်ပ၏။

၁၄၇။ ထိုအခါ ဂန္ဓဗ္ဗနတ်တို့သည်လည်း အညီအညွတ်လာကုန်၍ လူတို့သည်၎င်း နတ်တို့သည်၎င်း နဂါးတို့သည်၎င်း ဂဠုန်တို့သည်၎င်း ကုမ္ဘဏ်ဘီလူးတို့သည်၎င်း—

၁၄၈။ အလုံးစုံသောသူတို့သည် မြတ်စွာဘုရားပုထိုးစေတီကို တည်ကုန်၏၊ ဤပုထိုးစေတီ၌ ငါတို့သည် မတည်ကြရကုန်သေး၊ ငါတို့သည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ကြကုန်အံ့ဟု တပေါင်းတည်း တိုင်ပင်ကုန်၏။

၁၄၉။ ထိုဂန္ဓဗ္ဗနတ်တို့သည် ပွတ်တိုင်အရံတို့ကို ခုနစ်ဆင်ပြု၍ တန်ခွန်ထီးကို တင်ကြကုန်၏၊ ထိုအခါ ဂန္ဓဗ္ဗနတ်တို့သည် အလုံးစုံရွှေဖြင့်ပြီးသော ပုထိုးစေတီကို တည်ကြကုန်၏။

၁၅၀။ ထိုအခါ ခုနစ်ယူဇနာအစောက်ရှိသော ပုထိုးသည် ထွန်းလင်းတောက်ပ၏၊ ညဉ့်နေ့တို့သည် မထင်ကုန်၊ အခါခပ်သိမ်း အလင်းရောင်သည် ဖြစ်၏။

၁၅၁။ ထိုပုထိုး၏အရောင်တို့ကို ကြယ်တာရာနှင့်တကွသော လနေတို့သည် မလွှမ်းမိုးနိုင်ကုန်၊ ဆီမီးသည်လည်း ထက်ဝန်းကျင်မှ ယူဇနာတရာ၌ မတောက်ပနိုင်။

၁၅၂။ ထိုအခါ ခပ်သိမ်းသောလူတို့သည် ပုထိုးစေတီကို ပူဇော်ကုန်၏၊ ထိုလူတို့သည် ပုထိုးစေတီသို့ မတက်နိုင်ကုန်၊ ထိုလူတို့သည် ကောင်းကင်၌ ပစ်တင်ကုန်၏။

၁၅၃။ နတ်တို့သည် ထားအပ်သော အဘိသမ္မတအမည်ရှိသော ဘီလူးသည် တံခွန်ကို၎င်း ပန်းဆိုင်းကို၎င်း အထက်သို့ တင်ဆောင်၏။

၁၅၄။ ထိုလူတို့သည် ဘီလူးကို မမြင်ရကုန်၊ သွားသော (ဘီလူး၏) ပန်းဆိုင်းကိုသာ မြင်ရကုန်၏၊ ဤသို့ (လျှူဖွယ်ဝတ္ထု) သွားသည်တို့ကို မြင်ရသောကြောင့် အလုံးစုံသောလူတို့သည် သုဂတိဘုံသို့ လားရကုန်၏။

၁၅၅။ အကြင်သူတို့သည် သာသနာတော်၌ ဆန့်ကျင်ကုန်၏၊ အကြင်သူတို့သည် သာသနာတော်၌ ကြည်ညိုကုန်၏၊ လူတို့သည် တန်ခိုးပြာဋိဟာကို ရှုမြင်လိုကုန်၍ ပုထိုးစေတီကို ပူဇော်ကုန်၏။

၁၅၆။ ထိုအခါ (ငါသည်) ဟံသာဝတီမြို့၌ သူခစားဖြစ်ခဲ့၏၊ ဝမ်းမြောက်ခြင်းရှိသော လူအပေါင်းကို မြင်၍ ငါသည် ဤသို့ကြံစည်၏---

http://www.dhammadownload.com



၁၅၇။ ဤမြတ်စွာဘုရားသည် စင်စစ်မြတ်တော်မူ၏၊ ယင်းမြတ်စွာဘုရား၏ ခေတ်တော်အိမ်၌ (တန်ခိုးပြာဋိဟာသည်) ဤသို့ သဘောရှိ၏၊ ဤလူအပေါင်းသည်လည်း နှစ်သက်၍ ကောင်းမှုကို ပြုလျက် မရောင့်ရဲနိုင်ကုန်။

၁၅၈။ ငါသည်လည်း တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ (ခေတ်တော်အိမ်၌) ကောင်းမှုကို ပြုအံ့၊ (ဤသို့ ပြုသော်) အနာဂတ်အခါ၌ ထိုမြတ်စွာဘုရား၏ တရားတို့၌ အမွေခံ ဖြစ်အံ့ဟု ဤသို့ကြံ၏။

၁၅၉။ ငါသည် ခဝါသည်ဖြင့် ကောင်းစွာ ဖွပ်အပ်သော ငါ၏အပေါ်ရုံအဝတ်ကို ဝါးလုံးဖျား၌ ချိတ်ဆွဲ၍ တံခွန်(ပြုကာ) ကောင်းကင်သို့ မြှောက်တင်၏။

၁၆၀။ အဘိသမ္မတဘ်လူးသည် ငါ၏ တံခွန်ကို ယူ၍ ကောင်းကင်၌ ဆောင်၏၊ လေကြောင့် လှုပ်ရှားသော တံခွန်ကို မြင်၍ ငါသည် အလွန်ရွှင်လန်းခြင်းကို ဖြစ်စေ၏။

၁၆၁။ ထိုတံခွန်အလှူ၌ စိတ်ကို ကြည်လင်စေ၍ ရဟန်းသို့ ချဉ်းကပ်၏၊ ထိုရဟန်းကို ရှိခိုး၍ ငါသည် တံခွန်အလှူ၌ အကျိုးကို မေးလျှောက်၏။

၁၆၂။ ထိုရဟန်းသည် အကျွန်ုပ်အား နှစ်သက်ဖွယ် (တရားစကား) ကို ဟော၏၊ အကျွန်ုပ်အား ပီတိကို ဖြစ်စေ၏၊ ထိုတံခွန် (အလှူ) ၏ အကျိုးကို အခါခပ်သိမ်း ခံစားရလတ္တံ့။

၁၆၃။ ဆင်မြင်းရထား ခြေသည် အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် သင့်ကို အမြဲဝန်းရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးတည်း။

၁၆၄။ တူရိယာခြောက်သောင်းတို့သည်၎င်း ကောင်းစွာတန်ဆာ ဆင်အပ်သော စည်တို့သည်၎င်း သင့်ကို အမြဲဝန်းရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်လှူခြင်း၏ အကျိုးတည်း။

၁၆၅-၁၆၆။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော ဆန်းကြယ်သော အဝတ်အဆင် တန်ဆာရှိကုန်သော ပုတီးပတ္တမြား နားဒောင်း ဆင်အပ်ကုန်သော ကော့တက်သောမျက်တောင်ရှိကုန်သော ပြုံးရွှင်စွာ ပြောဆိုဘတ်ကုန်သော ကောင်းသော အမှတ်သညာရှိကုန်သော သေးသွယ်သောခါးရှိကုန်သော ရှစ်သောင်းခြောက်ထောင်သော မိန်းမတို့သည် သင့်ကို အမြဲဝန်းရံကုန်လတ္တံ့၊ ဤသို့ဖြစ်ရခြင်းသည် တံခွန်အလှူ၏ အကျိုးတည်း။

၁၆၇။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့၊ အကြိမ်ရှစ်ဆယ်တိုင်တိုင် နတ်တို့ကိုအစိုးရသော သိကြားနတ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၁၆၈။ အကြိမ်တထောင် တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

၁၆၉။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုးဖြစ်၍ အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၇၀။ နတ်ပြည်မှ စုတေလတ်သော် ဖြူစင်သော ကုသိုလ်ကံအကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ကောင်းမှုကံနှင့် ယှဉ်သော ဗြာဟ္မဏမျိုး ပုဏ္ဏားဖြစ်လတ္တံ့။

http://www.dhammadownload.com



၁၇၁။ ကုဋ္ဌေရှစ်ဆယ်ကိုရင်း ကျွန်အမှုလုပ်များစွာတို့ကိုရင်း စွန့်၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလတ္တံ့။

၁၇၂။ သာကီဝင်မင်းတို့၏ ရွှေသွား ဂေါတမမြတ်စွာဘုရားကို နှစ်သက်စေ၍ ဥပဝါန ဟူသော အမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လတ္တံ့ဟု (ဟောဆို၏)။

၁၇၃။ ကမ္ဘာတသိန်းထက်၌ ပြုအပ်သောကံသည် ငါ့အား ဤဘဝ၌ အကျိုးကို ပြ၏၊ ကောင်းစွာလွှဲအပ်သော မြားအဟုန်ကဲ့သို့ ငါ၏ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေပြီ။

၁၇၄။ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်သော ငါ့အား ထက်ဝန်းကျင်မှ သုံးယူဇနာတိုင်အောင် တံခွန်တို့ကို အခါခပ်သိမ်း စိုက်ထောင်ကုန်၏။

၁၇၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကောင်းမှုကံကို ပြုခဲ့သော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် တံခွန် အလှူ၏ အကျိုးပေတည်း။

၁၇၆။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၇၇။ ငါ၏ လာခြင်းကား စင်စစ် ကောင်းသော လာခြင်းဖြစ်၏။ ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၇၈။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ဥပဝါနမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ဆယ်ခုမြောက် ဥပဝါနတ္ထေရအပဒါန် ပြီး၏။

---

## ၁၁-ရဋ္ဌပါလတ္ထေရအပဒါန်

၁၇၉-၁၈၀။ လောကထက် ကြီးမြတ်သည်ဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားအား ငါသည် လှည်းသံသဖွယ် အစွယ်ရှိသော(မင်းကို) ဆောင်စွမ်းနိုင်သော ထီးဖြူဖြင့် တင့်တယ်သော ဆင်ကုန်းနှင့်တကွသော ဆင်ဦးစီးနှင့်တကွသော ဆင်မြတ်ကို ပေး လှူအပ်၏၊ ထိုအားလုံးကို အဘိုးဖြတ်စေ၍ သံဃအရံကို ဆောက်လုပ်ခဲ့၏။

၁၈၁။ ငါသည် ပြာသာဒ်ငါးသောင်း လေးထောင်တို့ကို ဆောက်လုပ်ခဲ့၏၊ ရေယဉ်ကြီး သဖွယ်ဖြစ်သော အလှူကိုပြု၍ မြတ်စွာဘုရားအား ဆောင်နှင်းလှူဒါန်းခဲ့၏။

၁၈၂။ ကြီးသော လုံ့လရှိတော်မူ၍ ပုဂ္ဂိုလ်မြတ်ဖြစ်သော မြတ်စွာဘုရားသည် အလုံးစုံ သောလူတို့ကို ရွှင်လန်းစေလျက် အနုမောဒနာပြုတော်မူ၏၊ အမြိုက်နိဗ္ဗာန်ကိုလည်း ဟော တော်မူ၏။

၁၈၃။ ငါ၏ ထိုအလှူကို ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် မြွက်ကြားတော် မူ၏၊ ရဟန်း သံဃာ (အလယ်)၌ ထိုင်နေတော်မူ၍ ဤဆိုမည့်ဂါထာတို့ကို ဟောတော်မူ၏—

၁၈၄။ ဤသူသည် ပြာသာဒ်ငါးသောင်း လေးထောင်တို့ကို ဆောက်လုပ်ခဲ့၏၊ အကျိုးကို ဟောအံ့၊ ငါဟောမည့် စကားကို နာကြားကုန်လော့—

၁၈၅။ အထွတ်တပ်သော ပြာသာဒ်တသောင်း ရှစ်ထောင်တို့သည် ဖြစ်ကုန်လတ္တံ့၊ ဗိမာန်မြတ်၌ဖြစ်သော ထိုအထွတ်တပ်သော ပြာသာဒ်တို့သည် အလုံးစုံ ရွှေဖြင့် ပြီးကုန်၏။

၁၈၆။ အကြိမ်ငါးဆယ်တိုင်တိုင် နတ်တို့ကို အစိုးရသော သိကြားနတ်မင်း အဖြစ်ကို ပြုရလတ္တံ့၊ ငါးဆယ့်ရှစ်ကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ရလတ္တံ့။

၁၈၇။ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး ဖြစ်၍ အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၈၈။ ထိုအခါ နတ်ပြည်မှ စုတေလတ်သော် ဖြူစင်သော ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ကြွယ်ဝသော စည်းစိမ်များသော အမျိုး၌ ဖြစ်ရလတ္တံ့။

၁၈၉။ ထိုသူသည် နောက်၌ ရဟန်းပြု၍ ဖြူစင်သော ကုသိုလ်ကံ အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ရဋ္ဌပါလဟူသောအမည်ဖြင့် မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်လတ္တံ့။

၁၉၀။ ထိုသူသည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကာ ငြိမ်းအေးလျက် ဥပဓိမရှိပဲ အလုံးစုံသော အာသဝတို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ ငြိမ်းအေးလတ္တံ့။

၁၉၁။ (လုံ့လ ဝီရိယဖြင့်) နိုးကြား ထကြွ၍ တောထွက်ပြီးလျှင် စည်းစိမ် ချမ်းသာတို့ကို စွန့်အပ်၏၊ တံထွေးပေါက်ကဲ့သို့ စည်းစိမ်၌ ချစ်ခင်ခြင်းသည် ငါ့အား မရှိပေ။

၁၉၂။ [illegible] နိဗ္ဗာန်သို့ ဆောင်တတ်သော ငါ၏ ဝီရိယသည် ဝန်ဆောင် နွားလားသဖွယ် ဖြစ်၏၊ မြတ်စွာဘုရားသာသနာ၌ အဆုံးစွန်သောကိုယ်ကို ဆောင်ပါ၏။

၁၉၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၉၄။ ငါ၏ လာခြင်းကား စင်စစ် ကောင်းသော လာခြင်း ဖြစ်၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၉၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အသျှင်ရဋ္ဌပါလမထေရ်သည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

တဆယ့်တခုမြောက် ရဋ္ဌပါလတ္ထေရအပဒါန် ပြီး၏။

**ငါးဆယ့်ခြောက်ခုမြောက် ယသဝဂ် ပြီး၏။**

## ထေရာပဒါန်ပါဠိတော်မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# ထေရီအပဒါန်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-သုမေဓာဝဂ်

### ၁-သုမေဓာထေရီအပဒါန်

ထေရာအပဒါန်၏အခြားမဲ့၌ ထေရီအပဒါန်တို့ကို နာကြားကုန်လော့—

၁။ သုံးယောက်သော မိတ်ဆွေမ ဖြစ်သော ငါတို့သည် ကောဏာဂုံမြတ်စွာဘုရား၏ ကျောင်းတိုက်သစ်ဖြစ်သော သံဃအရံ၌ ကျောင်းအလှူကို လှူခဲ့ကုန်၏။

၂။ (ငါတို့သည်)ဆယ်ကြိမ် အကြိမ်တရာ အကြိမ်တထောင် အကြိမ်တသောင်း နတ်ပြည်တို့၌ ဖြစ်ခဲ့ကုန်၏၊ လူ့ဘဝ၌မူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

၃။ (ငါတို့သည်) နတ်ပြည်၌ တန်ခိုးကြီးသူတို့ ဖြစ်ခဲ့ကုန်၏၊ လူ့ပြည်၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ငါသည် ရတနာခုနစ်ပါးရှိသော စကြဝတေးမင်း၏ မိဖုရား မိန်းမရတနာ ဖြစ်ခဲ့၏။

၄။ ဓနဉ္ဇာနီသည်၎င်း ခေမာသည်၎င်း ငါသည်၎င်း သုံးယောက်သောသူတို့သည် ဆည်းပူးသော ကုသိုလ်ကြောင့် လူ့ပြည်၌ အလွန်ကြွယ်ဝသော အမျိုး၌ ဖြစ်ရကုန်၏။

၅။ (ငါတို့သည်)အလုံးစုံသော အစိတ်အပိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းတိုက်အရံကို ကောင်းစွာဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာအား အပ်နှင်း၍ လွန်စွာ ဝမ်းမြောက်ခဲ့ကုန်၏။

http://www.dhammadownload.com



၆။ ထိုကံ၏ အစွမ်းကြောင့် ကပ်ရောက်ရတိုင်းသော လူအဖြစ် နတ်အဖြစ်ဟူသမျှတို့၌ မြတ်သောသူအဖြစ်သို့ ရောက်ရကုန်၏။

၇။ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် များသော အခြံအရံ အကျော်အစောရှိသော တရားဟော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော အနွယ်အားဖြင့် ကဿပမည်သော ဗြာဟ္မဏမျိုးဖြစ်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၈။ ထိုအခါ ဗာရာဏသီမြို့တော်၌ လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၏။

၉။ ထိုမင်းအား ချမ်းသာစွာ ကြီးပွါးကုန်သော သမီးတော်ခုနစ်ယောက်တို့သည် ရှိကုန်၏၊ ထိုသမီးတော် ခုနစ်ယောက်တို့သည် မြတ်စွာဘုရားကို ဆည်းကပ်ခြင်း၌ အမြဲပျော်မွေ့ကုန်လျက် မြတ်သောအကျင့်ကို ကျင့်ကုန်၏။

၁၀။ (ငါသည်)ထိုမင်းသမီးတို့၏ အဖော်မ ဖြစ်၍ သီလတို့၌ ကောင်းစွာဆောက်တည်ကာ အလှူတို့ကို ရိုသေစွာ လှူပြီးလျှင် အိမ်၌ပင်လျှင် အကျင့်ကို ကျင့်ခဲ့၏။

၁၁။ ငါသည် ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၁၂။ ငါသည် ထိုတာဝတိံသာဘုံမှ စုတေလတ်သော် ယာမာဘုံသို့ ရောက်၏၊ ထိုဘုံမှ တုသိတာဘုံသို့ရင်း ထိုဘုံမှ နိမ္မာနရတိဘုံသို့ရင်း ထိုဘုံမှ ဝသဝတ္တီဘုံသို့ရင်း ရောက်၏။

၁၃။ ကုသိုလ်ကံကို ကောင်းစွာဆောက်တည်ခဲ့သော ငါသည် အကြင်အကြင်ဘုံ၌ ဖြစ်ရ၏၊ ထိုထိုဘုံ၌ နတ်မင်းကို၏ မိဖုရားအဖြစ်ကိုသာလျှင် ပြုခဲ့ရ၏။

၁၄။ ငါသည် ထို (နတ်ဘုံ)မှ စုတေလတ်သော် လူ့အဖြစ်၌ စကြဝတေးမင်းတို့၏ရင်း၊ ပဒေသရာဇ်မင်းတို့၏ရင်း မိဖုရားအဖြစ်ကို ပြုခဲ့ရ၏။

၁၅။ ငါသည် အလုံးစုံသော နတ်ပြည်တို့၌ရင်း လူ့ပြည်တို့၌ရင်း ချမ်းသာခြင်းရှိသည် ဖြစ်၍ စည်းစိမ်ကို ခံစားပြီးလျှင်ဘဝများစွာတို့၌ ကျင်လည်ခဲ့၏။

၁၆။ သာသနာ၌ (ငါ့အား) ထိုကျောင်းအရံပြုသော ကံလျှင် အကြောင်း ရှိသော ထိုကံလျှင် အမှန်ရှိသော ထိုကံလျှင် အရင်းရှိသော နှစ်သက်ခြင်းသည် ဖြစ်၏၊ ရှေးဦးစွာ ထိုတရားနှင့်ပေါင်းမိ၍ တရားနှင့် ပျော်မွေ့ခြင်းကြောင့် ထိုနိဗ္ဗာန်သည် ဖြစ်၏။

၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်မသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရပေ၏။

၁၈။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံ၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

http://www.dhammadownload.com



၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သုမေဓာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ရှေးဦးစွာသော သုမေဓာထေရီအပဒါန် ပြီး၏။

---

## ၂-မေခလဒါယိကာထေရီအပဒါန်

၂၀။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပုထိုးစေတီကို တည်ထားဆောက်လုပ်အပ်ကုန်၏၊ ငါသည် မြတ်စွာဘုရား၏ အမှုသစ်အကျိုးငှါ ခါးကြိုးတန်ဆာကို လှူခဲ့၏။

၂၁။ ပုထိုးစေတီတော်ကြီး ပြီးစီးလတ်သော် ငါသည် လောက၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ခါးကြိုးတန်ဆာကို တဖန်လှူခဲ့၏။

၂၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ခါးကြိုးကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့၏လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဖူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ပုထိုးစေတီတော်ကို တည်ထားဆောက်လုပ်ရခြင်း၏ အကျိုးပေတည်း။

၂၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၄။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် မေခလဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

နှစ်ခုမြောက် မေခလဒါယိကာထေရီအပဒါန် ပြီး၏။

---

## ၃-မဏ္ဍပဒါယိကာထေရီအပဒါန်

၂၆။ ငါသည် ကောဏာဂုံမြတ်စွာဘုရားအား မဏ္ဍပ်ကို ဆောက်လုပ်လှူဒါန်းခဲ့၏၊ လောက၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားအား သင်္ကန်းသုံးထည်ကို အမြဲလှူဒါန်းခဲ့၏။

၂၇။ ငါသည် အကြင်အကြင်ဇနပုဒ်နိဂုံးမင်းနေပြည်တို့ကို သွားရောက်၏၊ အလုံးစုံသော အရပ်တို့၌ ပူဇော်ခံရသူဖြစ်ရ၏၊ ဤသို့ဖြစ်ရခြင်းသည် ကောင်းမှုကံ၏ အကျိုးပေတည်း။

၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

http://www.dhammadownload.com



၂၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် မင်္ဂလာပဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

သုံးခုမြောက် မင်္ဂလာပဒါယိကာထေရီအပဒါန် ပြီး၏။

---

## ၄-သက်မနုတ္ထာထေရီအပဒါန်

၃၁။ လောက၏ အကြီးအမှူးဖြစ်၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သတ္တဝါတို့ကို ကယ်တင်တော်မူတတ်သော ဝိပဿီမြတ်စွာဘုရားသည် လမ်းခရီး၌ ကြွသွားတော်မူစဉ် —

၃၂။ ငါသည် အိမ်မှထွက်၍ မှောက်လျက်အိပ်ခဲ့၏၊ ထိုအခါ အစဉ်သနားတော်မူတတ်သော ထိုမြတ်စွာဘုရားသည် ငါ၏ဦးခေါင်းစွန်းဆံပင်၌ နင်းတော်မူလေ၏။

၃၃။ လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော မြတ်စွာဘုရားသည် ဦးခေါင်းစွန်းဆံပင်၌ နင်း၍ကြွသွားတော်မူ၏၊ ငါသည် ထိုစိတ်၏ကြည်ညိုခြင်းကြောင့် တုသိတာဘုံသို့ ရောက်ခဲ့၏။

၃၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၅။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သက်မနုတ္ထာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

လေးခုမြောက် သက်မနုတ္ထာထေရီအပဒါန် ပြီး၏။

---

## ၅-နဠမာလိကာထေရီအပဒါန်

၃၇။ ငါသည် စန္ဒဘာဂါမြစ်ကမ်းအနီး၌ ကိန္နရီမဖြစ်ခဲ့၏၊ ထိုအခါ ကိလေသာမြူကင်းတော်မူသော အလိုလိုဖြစ်တော်မူ၍ ရန်သူတို့မအောင်နိုင်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၈။ ငါသည် ကြည်ညိုဝမ်းမြောက် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ကျူပန်းကိုယူပြီးလျှင် မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၃၉။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်လည်း စေတနာတောင့်တမှုတို့ကြောင့်လည်း ကိန္နရီမကိုယ်ခန္ဓာကို စွန့်ရသည်ရှိသော် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄၀။ သုံးကျိပ်ခြောက်ယောက်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ စကြဝတေးမင်း တကျိပ်တို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ ငါသည် ငါ၏စိတ်ကို (သံဝေဂရ) ထိတ်လန့်စေ၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

http://www.dhammadownload.com



၄၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ငါသည် ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိတော့ပြီ။

၄၂။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ပန်းပွင့်ကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့၏လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၄၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၄၄။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် နဠမာလိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ငါးခုမြောက် နဠမာလိကာထေရီအပဒါန် ပြီး၏။

---

## ၆-ကေပိဋ္ဌပါတဒါယိကာထေရီအပဒါန်

၄၆။ ဗန္ဓုမတီမြို့၌ ဗန္ဓုမာမည်သော မင်းသည် ရှိ၏၊ ငါသည် ထိုမင်း၏ မိဖုရားဖြစ်၏၊ မင်းနှင့် တပေါင်းတည်း တရားကျင့်ခဲ့၏။

၄၇။ ထိုအခါ ငါသည် ဆိတ်ငြိမ်ရာသို့ကပ်လျက် ထိုင်ပြီးလျှင် ဤသို့ ကြံစည်ခဲ့၏၊ ငါ့အား သံသရာ၌ ယူ၍သွားရန် ပြုထားပြီးသော ကုသိုလ်သည် မရှိချေ။

၄၈။ ငါသည် အလွန်ပူပြင်း စပ်ခါး ကြမ်းတမ်းသော သဘောရှိသော အလွန်ကြမ်းကြုတ်သော ငရဲသို့ ကေန်သွားရတော့အံ့၊ ဤအရာ၌ ငါ့အား ယုံမှားဖွယ် မရှိချေ (ဟု ကြံစည်ခဲ့၏)။

၄၉။ (ကြံစည်ပြီးလျှင်)မင်းသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် အကျွန်ုပ်အား ရဟန်းတပါးကို ပေးတော်မူပါ ဆွမ်းကျွေးမွေးပါရစေ ဟု ဤစကားကို လျှောက်ခဲ့၏။

၅၀။ မင်းမြတ်သည် ပွါးပြီးသော ဣန္ဒြေရှိသော ရဟန်းကို ငါ့အား ပေးလေ၏၊ (ငါသည်) ထိုရဟန်း၏ သပိတ်ကို ယူ၍ မွန်မြတ်သော ဆွမ်းဖြင့် ပြည့်စေခဲ့၏။

၅၁။ ငါသည် မွန်မြတ်သော ဆွမ်းကို ပြည့်စေ၍ နံ့သာလိမ်းကျံခြင်းကို ပြုခဲ့၏၊ကွန်ရက်ဖြင့် ပိတ်၍ ဝတ်စုံဖြင့် ဖုံးလွှမ်း(လျှုဒါန်း)ခဲ့၏။

၅၂။ ငါ၏ ဤအာရုံကို ငါသည် အသက်ထက်ဆုံး အောက်မေ့ခဲ့၏၊ ငါသည် ထိုအာရုံ၌ စိတ်ကို ကြည်လင်စေ၍ တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၅၃။ ငါသည် သုံးကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ ငါ၏ စိတ်ဖြင့် တောင့်တအပ်သော အရာသည် အလိုရှိတိုင်း ဖြစ်ရ၏။

http://www.dhammadownload.com



၅၄။ နှစ်ကျိပ်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ ဆည်းပူးအပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍ ငါသည် ဘဝတို့၌ ကျင်လည်ရပေ၏။

၅၅။ ငါသည် အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်မြောက်ပေပြီ၊ ငါ့အား စွဲလမ်းခြင်း ကင်းလေပြီ၊ ငါ့အား အလုံးစုံသော အာသဝတို့သည် ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၅၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ အလှူကို လှူခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆွမ်းလှူ ရခြင်း၏ အကျိုးပေတည်း။

၅၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၅၈။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ကေပိဋ္ဌပါတ ဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ခြောက်ခုမြောက် ကေပိဋ္ဌပါတဒါယိကာထေရီအပဒါန် ပြီး၏။

---

## ၇-ကဋစ္ဆုဘိက္ခာဒါယိကာထေရီအပဒါန်

၆၀။ ငါသည် ဆွမ်းခံလှည့်လည်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော တိဿ မည်သော ဘုရားမြတ်အား တဇွန်းမျှသော ဆွမ်းကို ယူ၍ ပေးလှူခဲ့၏။

၆၁။ လောကထက် အမြတ်ဆုံး ရှေ့သွား တိဿမြတ်စွာဘုရားသည် အလှူခံပြီး၍ လမ်းခရီး၌ ရပ်တံ့တော်မူလျက် ငါ့အား အနုမောဒနာ ပြုတော်မူ၏။

၆၂။ သင်သည် တဇွန်းမျှသော ဆွမ်းကို လှူရခြင်းကြောင့် တာဝတိံသာဘုံသို့ ရောက်ရ လတ္တံ့၊ သုံးကျိပ်ခြောက်ယောက်သော နတ်မင်းတို့၏ မိဖုရား အဖြစ်ကို ပြုရလတ္တံ့။

၆၃။ ငါးကျိပ်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကို ပြုရလတ္တံ့၊ စိတ်ဖြင့် တောင့် တအပ်သော အရာအားလုံးကို အခါခပ်သိမ်းရလတ္တံ့။

၆၄။ စည်းစိမ်ကို ခံစားပြီး၍ ကြောင့်ကြမရှိပဲ ရဟန်းပြုရလတ္တံ့၊ အလုံးစုံသော အာသဝ တို့ကို ပိုင်းခြားသိ၍ အာသဝမရှိပဲ ပရိနိဗ္ဗာန် ပြုရလတ္တံ့။

၆၅။ လောကထက် အမြတ်ဆုံး ရှေ့သွား တိဿ မြတ်စွာဘုရားသည်၊ ဤစကားကို မိန့်ဆို ပြီးလျှင် ကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ ကောင်းကင်သို့ တက်ကြွတော်မူ၏။

http://www.dhammadownload.com



၆၆။ ငါသည် အလှူမြတ်ကို ကောင်းစွာ လှူအပ်ပြီ၊ ပြည့်စုံသော ပူဇော်မှုကို ကောင်းစွာ ပူဇော်အပ်ပြီ၊ ငါသည် တဇ္ဇန်းမျှသော ဆွမ်းကို ပေးလှူရခြင်းကြောင့် တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၆၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ အလှူကိုလှူခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၆၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၆၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၇၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ကင္ခစ္ဆုဘိက္ခာဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ခုနစ်ရမြောက် ကင္ခစ္ဆုဘိက္ခာဒါယိကာထေရီအပဒါန် ပြီး၏။

---

## ဂ-သတ္တုပ္ပလမာလိကာထေရီအပဒါန်

၇၁။ အရုဏဝတီမြို့၌ အရုဏမည်သော မင်းသည် ရှိလေ၏၊ ငါသည် ထိုမင်း၏ မိဖုရားဖြစ်၍ တားမြစ်သင့်သော အရာကို တားမြစ်ခဲ့၏။

၇၂။ ထိုအခါ ငါသည် နတ်ရနံ့ရှိသော ကြာညိုပန်း ခုနစ်ပွင့်ကို ယူပြီးလျှင် မြတ်သော ပြာသာဒ်၌ ထိုင်၍ ဤသို့ ကြံစည်ခဲ့၏။

၇၃။ ငါသည် ဦးခေါင်း၌ ပန်ဆင်ထားသော ဤပန်းတို့ဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ ဘုရားမြတ်၏ ဉာဏ်တော်၌ တင်စိုက်လှူခြင်းသည် ငါ့အား မြတ်ပေ၏ဟု ဤသို့ ကြံစည်ခဲ့၏၊ (ကြံစည်ပြီးလျှင်)။

၇၄။ အကြင်အခါ မြတ်စွာဘုရားသည် ကြွလာတော်မူလတ္တံ့၊ ထိုအခါ ငါသည် မြတ်စွာဘုရားကို ပူဇော်အံ့ဟု မြတ်စွာဘုရားကို စောင့်မျှော်လျက် တံခါးအနီး၌ ထိုင်နေ၏။

၇၅။ တင့်တယ်သော ရေခတက်ပင်ကဲ့သို့ရင်း သားတို့သနင်း ခြင်္သေ့မင်းကဲ့သို့ရင်း မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ လမ်းခရီး၌ ကြွလာတော်မူ၏။

၇၆။ ထိတ်လန့်သော စိတ်ရှိသော ငါသည် မြတ်စွာဘုရား၏ ရောင်ခြည်တော်ကို ဖူးမြင်ရသည်ရှိသော် ရွှင်လန်းလျက် တံခါးကို ဖွင့်၍ ဘုရားမြတ်ကို ပူဇော်ခဲ့၏။

၇၇။ ကြာညိုပန်း ခုနစ်ပွင့်တို့သည် ကောင်းကင်၌ ရေယှက်လျက်ရှိကုန်၏၊ ထိုပန်းတို့သည် အမိုးကိုပြုလျက် မြတ်စွာဘုရား၏ ဦးထိပ်ထက်၌ ဆောင်းမိုးကုန်၏။

http://www.dhammadownload.com



၇၈။ ငါသည် တက်ကြွ ဝမ်းမြောက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ထိုမြတ်စွာဘုရား၌ စိတ်ကြည်ညိုခြင်းကြောင့် တာဝတိံသာဘုံသို့ ရောက်ရ၏။

၇၉။ မြတ်သောဗိတာန်(မျက်နှာကြက်)ညို အမိုးသည် ငါ၏ဦးထိပ်ထက်၌ ဆောင်းမိုးလျက် ရှိ၏၊ ငါသည် နတ်ရန့်ကို ကြိုင်လှိုင်စေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ကြာညိုခုနစ်ပွင့် လှူရခြင်း၏ အကျိုးပေတည်း။

၈၀။ တရံတခါ ဆွေမျိုးအပေါင်းသည် ငါ့ကို ခေါ်ဆောင်လတ်သော် ထိုအခါ ပရိသတ်ရှိသလောက် မြတ်သော ဗိတာန် (မျက်နှာကြက်)ညိုသည် ငါ့အား ဆောင်းမိုး၏။

၈၁။ ခုနစ်ကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့၏၊ အလုံးစုံသော ဘဝတို့၌ အစိုးရသူဖြစ်၍ ဘဝကြီးငယ်၌ ကျင်လည်ရပေ၏။

၈၂။ ခြောက်ဆယ့်သုံးယောက်သော စကြဝတေးမင်းတို့၏ မိဖုရား အဖြစ်ကို ပြုခဲ့ရ၏၊ အလုံးစုံသောသူတို့သည် ငါ့သို့ အစဉ်လိုက်ကုန်၏၊ (ထိုသူတို့သည်ငါ၏) စကားကိုလိုက်နာသူတို့ ဖြစ်ကုန်၏။

၈၃။ ကြာညိုပန်းအဆင်းကဲ့သို့ ငါ့အား အဆင်းရှိ၏၊ ကြာညိုပန်းအနံ့ကဲ့သို့ ငါ၏ အနံ့သည်လည်း ကြိုင်လှိုင်၏၊ အဆင်းမလှသည့် အဖြစ်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၄။ ငါသည် ဣဒ္ဓိပါဒ်တို့၌ ကျွမ်းကျင်ပေ၏၊ ဗောဇ္ဈင်ကို ပွါးများခြင်း၌ ပျော်မွေ့ပေ၏၊ အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၅။ ငါသည် သတိပဋ္ဌာန်၌ ကျွမ်းကျင်လိမ္မာပေ၏၊ သမာဓိစျာန်၌ ကျက်စားပေ၏၊ သမ္မပ္ပဓာန်ကို အားထုတ်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၆။ ငါ၏ လုံ့လ ဝီရိယသည် ဝန်ဆောင်နွားလား သဖွယ်ဖြစ်၏၊ ယောဂကုန်ရာ (နိဗ္ဗာန်) ကို ပို့ဆောင်နိုင်၏၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၈၇။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ပန်းပွင့်ကို ပူဇော်ခဲ့ရသော အခါမှစ၍ မကောင်းမှု ပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၈၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သတ္တုပ္ပလမာလိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ရှစ်ခုမြောက် သတ္တုပ္ပလမာလိကာထေရီအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၉-ပဥ္စဒီပိကာထေရီအပဒါန်

၉၁။ ငါသည် ဟံသာဝတီမြို့၌ လှည့်လည်လေ့ရှိသူဖြစ်၏၊ ထိုအခါ ငါသည် ကုသိုလ်ကို အလိုရှိသည်ဖြစ်၍ အရံတခုမှ အရံတခုသို့ လှည့်လည်၏။

၉၂။ ငါသည် လဆုတ်ပက္ခ လက္ခယ်နေ့၌(ထင်းရှူး)ဗောဓိပင်မြတ်ကို ဖူးမြင်ရ၏၊ ထိုဗောဓိပင်၌ စိတ်ကို ကြည်လင်စေ၍ ဗောဓိပင်ရင်း၌ ထိုင်နေ၏။

၉၃။ ထိုအခါ လေးစားသောစိတ်ကို ဖြစ်စေ၍ ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် ဤသို့ ကြံစည်ခဲ့၏။

၉၄။ အကယ်၍ မြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သော ဂုဏ်ရှိသောပုဂ္ဂိုလ် အတူမရှိ ပြိုင်ဘက်မရှိသော ပုဂ္ဂိုလ်ဖြစ်ပါမူ ဤဗောဓိပင်သည် ငါ့အား တန်ခိုးပြာဋိဟာကို ပြပါစေသတည်း၊ ဤဗောဓိပင်သည် ထွန်းလင်းပါစေသတည်း ဟု ကြံစည်ခဲ့၏။

၉၅။ ထိုအခါ ငါကြံစည်သည်နှင့်တပြိုင်နက် ဗောဓိပင်သည် ထွန်းလင်းတောက်ပ၏၊ အလုံးစုံ ရွှေဖြင့် ပြီးလေ၏၊ အရပ်မျက်နှာအားလုံး တောက်ပ တင့်တယ်၏။

၉၆။ ငါသည် ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံး ထိုဗောဓိပင်ရင်း၌ ထိုင်နေ၏၊ ခုနစ်ရက်မြောက်သော နေ့ ရောက်လတ်သော် ငါသည် ဆီမီးပူဇော်ခြင်းကို ပြုခဲ့၏။

၉၇။ ထိုအခါ (ဗောဓိပင်၏)နေရာကို ဝန်းရံ၍ ဆီမီးငါးတိုင်တို့သည် ထွန်းလင်းတောက်ပကုန်၏၊ နေတက်သည်တိုင်အောင် ငါ၏ ဆီမီးတိုင်တို့သည် တောက်ပလျက် ရှိကုန်၏။

၉၈။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည် ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၉၉။ ထိုဘုံ၌ ငါ၏ ကောင်းစွာပြုအပ်သော ဗိမာန်ကို ပဥ္စဒီပဟူ၍ ခေါ်ဆိုအပ်၏၊ ထိုဗိမာန်သည် ယူဇနာခြောက်ဆယ် အစောက်မြင့်၏၊ ယူဇနာသုံးဆယ် ကျယ်ပြန့်၏။

၁၀၀။ မရေတွက်နိုင်သော ဆီမီးတိုင်တို့သည် ငါ့အား ဝန်းရံလျက် တောက်ပကုန်၏၊ နတ်ဘုံရှိသလောက် ဆီမီးရောင်ဖြင့် ထွန်းလင်းလေ၏။

၁၀၁။ ငါသည် မျက်နှာမူ၍ ထိုင်လျက် အကယ်၍ ရှုကြည့်ရန် အလိုရှိအံ့၊ အထက်အောက် ဖီလာအားလုံးကိုပင် မျက်စိဖြင့် မြင်ရပေ၏။

၁၀၂။ အကြင်မျှလောက် ကောင်းသော လားရာဂတိရှိသူ မကောင်းသော လားရာဂတိရှိသူတို့ကို ရှုကြည့်ရန် ငါ အလိုရှိခဲ့မူ၊ ထိုအရပ်၌ သစ်ပင်တို့ကြောင့်ရင်း တောင်တို့ကြောင့်ရင်း ပိတ်ပင်ခြင်းသည် မရှိချေ။

၁၀၃။ ရှစ်ကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ တရာသော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကိုလည်း ပြုခဲ့ရ၏။

၁၀၄။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ် ဟူသမျှတို့၌ ဆီမီးတသိန်းတို့သည် ငါ့အား ဝန်းရံလျက် တောက်ပကုန်၏။

http://www.dhammadownload.com



၁၀၅။ နတ်ပြည်မှ စုတေ၍ အမိဝမ်း၌ ဖြစ်ခဲ့ရ၏၊ အမိဝမ်းသို့ ရောက်သည်ဖြစ်ပါလျက် **ငါ၏**မျက်စိသည် မှိတ်ခြင်းမရှိချေ။

၁၀၆။ ကောင်းမှုကံနှင့် ပြည့်စုံသူ၏ အဖြစ်ကြောင့် ဆီမီးတသိန်းတို့သည် မွေးဖွားရာအိမ်၌ တောက်ပလျက်ရှိကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးငါးတိုင်တို့၏ အကျိုးပေတည်း။

၁၀၇။ ငါသည် နောက်ဆုံးဘဝသို့ ရောက်လတ်သော် လူ့ဘဝသို့ ပြန်လည်ခဲ့၏၊ ငါသည် မအိုရာ မသေရာဖြစ်၍ ငြိမ်းအေးခြင်းသဘောရှိသော နိဗ္ဗာန်ကို တွေ့မြင်ရပေပြီ။

၁၀၈။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊ ဂေါတမမြတ်စွာဘုရားသည် ငါ၏ဂုဏ်ကို သိ၍ ငါ့ကို (ရဟန်းပြုပေးတော်မူ၏)။

၁၀၉။ မဏ္ဍပ်၌ရင်း သစ်ပင်ရင်း၌ရင်း ပြာသာဒ်တို့၌ရင်း လိုဏ်ဂူတို့၌ရင်း ဆိတ်ငြိမ်သော ကျောင်း၌ရင်း နေသည်ရှိသော် (စျာန်ဝင်စားသည်ရှိသော်) ဆီမီးတိုင်ငါးတိုင်တို့သည် ငါ့အား တောက်ပလျက် ရှိကုန်၏။

၁၁၀။ ငါ၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် အထူးစင်ကြယ်ပေ၏၊ ငါသည် စျာန်သမာဓိ၌ ကျွမ်းကျင် လိမ္မာပေ၏၊ အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်ပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီး ငါးတိုင်တို့၏ အကျိုးပေတည်း။

၁၁၁။ ကြီးမားသော လုံ့လရှိတော်မူသော စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အလုံးစုံသော မဂ်တို့၌ ကျင့်သုံးခြင်းကိစ္စ ပြီးဆုံးသော မဂ်ကိစ္စကိုပြုပြီးသော အာသဝမရှိသော ပဥ္စဒီပမည်သော တပည့်မသည် အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

၁၁၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဆီမီးတိုင်ကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးငါးတိုင် တို့၏ အကျိုးပေတည်း။

၁၁၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၁၄။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၁၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ပဥ္စဒီပိကာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ကိုးခုမြောက် ပဥ္စဒီပိကာထေရီအပဒါန် ပြီး၏။

---

## ၁၀-ဥဒက ဒါယိကာထေရီအပဒါန်

၁၁၆။ ဗန္ဓုမတီမြို့၌ ရေသည်မဖြစ်ခဲ့၏၊ ရေခပ်ခြင်းဖြင့် အသက်မွေးရ၏၊ ထိုရေခပ်ခြင်း ဖြင့်ပင် သားငယ် သမီးငယ်တို့ကို မွေးမြူရ၏။

၁၁၇။ ကုသိုလ်မျိုးစေ့တို့၏စိုက်ပျိုးရာ အမြတ်ဆုံး လယ်မြေသဖွယ်ဖြစ်သော သံဃာတော်၌ လှူဘွယ်ဝတ္ထုသည်လည်း ငါ့အားမရှိ၊ ငါသည် ရေချိုးအိမ်သို့ချဉ်းကပ်၍ ရေကို တည်ထားခဲ့၏။

http://www.dhammadownload.com



၁၁၈။ ကောင်းစွာပြုအပ်သော ထိုကံကြောင့် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏၊ ထိုဘုံ၌ ကောင်းစွာပြုထားပြီးဖြစ်သော ငါ၏ဗိမာန်ကို ရေခပ်မှုကံဖြင့် ဖန်ဆင်းအပ်၏။

၁၁၉။ ထိုအခါ နတ်သမီးတထောင်တို့တွင် ငါသည်သာ အမြတ်ဆုံး ဖြစ်ပေ၏၊ ငါသည် အကြောင်းအရာ ဆယ်ပါးတို့ဖြင့် ထိုနတ်သမီးအားလုံးတို့ကို အခါခပ်သိမ်း လွှမ်းမိုးရပေ၏။

၁၂၀။ ငါးကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ နှစ်ကျိပ်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကိုလည်း ပြုခဲ့ရ၏။

၁၂၁။ နတ်ဘဝ လူ့ဘဝဟူသော နှစ်မျိုးသော ဘဝ၌ ကျင်လည်ရပေ၏၊ မကောင်းမှုပြုသူတို့ လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ရေလှူရခြင်း၏ အကျိုးပေတည်း။

၁၂၂။ တောင်ထိပ်၌ရှင်း သစ်ပင်ဖျား၌ရှင်း ကောင်းကင်၌ရှင်း မြေ၌ရှင်း အကြင်အခါ ငါသည် ရေကို အလိုရှိ၏၊ ထိုအခါ လျင်မြန်စွာ ရပေ၏။

၁၂၃။ မိုးမရွာသော အရပ်သည်ရှင်း၊ပူပြင်းလျက် ကျိုက်ကျိုက်ဆူသော အရပ်သည်ရှင်း ငါ့အား မရှိချေ၊ မိုးကြီးသည် ငါ၏ စိတ်အကြံအစည်ကိုသိ၍ ရွာသွန်း၏။

၁၂၄။ တရံတခါ ဆွေမျိုးအပေါင်းသည် ငါ့ကို ခေါ်ဆောင်အပ်သည်ရှိသော် အကြင်အခါ ငါသည် မိုးကို အလိုရှိ၏၊ ထိုအခါ မိုးရွာခြင်းသည် ဖြစ်ပေါ်လေ၏။

၁၂၅။ ငါ၏ကိုယ်၌ ပူခြင်းသည်ရှင်း၊အိုက်စပ်ခြင်းသည်ရှင်း မရှိ၊ငါ၏ကိုယ်၌ မြူမှုန်သည်လည်း မရှိ၊ ဤသို့ဖြစ်ရခြင်းသည် ရေလှူရခြင်း၏ အကျိုးပေတည်း။

၁၂၆။ ငါသည် ယခု အထူးစင်ကြယ်သောစိတ် ရှိ၏၊ ယုတ်မာသောစိတ်မှ ကင်းရှင်းလျက် ရှိ၏၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ချေ။

၁၂၇။ ဤဘဒ္ဒကမ္ဘာမှ၊ ကိုးဆယ့်တကမ္ဘာထက်၌ ရေကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ရေလှူရခြင်း၏ အကျိုးပေတည်း။

၁၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၂၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏ ။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ဥဒကဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ဆယ်ခုမြောက် ဥဒကဒါယိကာထေရီ အပဒါန် ပြီး၏။**

**ရှေးဦးစွာသော သုမေဓာဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၂—ကေ့ာပေါ်သထိကာဝင်

## ၁-ကေ့ာပေါသထိကာထေရီအပဒါန်

၁။ ဗန္ဓုမတီမြို့၌ ဗန္ဓုမာမည်သောမင်းသည် ရှိ၏၊ ထိုမင်းသည် လပြည့်နေ့၌ ဥပုသ်ကို ကျင့်သုံး၏။

၂။ ထိုအခါ ငါသည် ထိုမြို့၌ အိုးရွက်ကျွန်မဖြစ်ခဲ့၏၊ ထိုအခါ ငါသည် မင်းနှင့်တကွသော စစ်သည်တော်ကို မြင်သည်ရှိသော် ဤသို့ ကြံစည်ခဲ့၏။

၃။ မင်းသည်သော်လည်း မင်းအဖြစ်ကို စွန့်၍ ဥပုသ်ကို ကျင့်သုံး၏၊ ထိုအမှုသည် စင်စစ် အကျိုးရှိသည် ဖြစ်ရာ၏၊ လူအပေါင်းသည် လွန်စွာ ဝမ်းမြောက်လျက် ရှိပေ၏၊ (ဟု-ဤသို့ ကြံစည်ခဲ့၏) ။

၄။ ငါသည် (ကြံစည်ပြီးလျှင်) ယုတ်နိမ့်သောအမျိုး၌ ဖြစ်ရခြင်းကိုရင်း ဆင်းရဲရခြင်းကိုရင်း အသင့်အားဖြင့် ဆင်ခြင်၍ စိတ်ကိုရွှင်လန်းစေလျက် ဥပုသ်ကို ကျင့်သုံးခဲ့၏။

၅။ ငါသည် မြတ်စွာဘုရား သာသနာတော်၌ ဥပုသ်ကိုဆောက်တည်ပြီးလျှင် ကောင်းစွာ ပြုအပ်သော ထိုကံကြောင့် (ငါသည်) တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၆။ ထိုတာဝတိံသာဘုံ၌ ကောင်းစွာပြုအပ်သော ငါ၏ ဗိမာန်သည် အထက် တယူဇနာ တိုင်အောင် မြင့်၏၊ အထွတ်တပ်သော မြတ်သောပြာသာဒ်ဆောင်နှင့် ပြည့်စုံ၏၊ မြတ်သော နေရာတို့ဖြင့် တန်ဆာဆင်ထားအပ်၏။

၇။ တသိန်းသော နတ်သမီးတို့သည် ငါ့ကို အခါခပ်သိမ်း ခစားကြကုန်၏၊ ငါသည် အခြားသော နတ်တို့ကိုလွန်၍ အခါခပ်သိမ်း အလွန် တင့်တယ်၏။

၈။ ခြောက်ကျိပ်လေးယောက်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏၊ ခြောက်ကျိပ် သုံးယောက်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏။

၉။ ငါသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသူဖြစ်၍ ဘဝတို့၌ ကျင်လည်ရပေ၏၊ အလုံးစုံသော ဘဝတို့၌ အမြတ်ဆုံးဖြစ်ရပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၀။ ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ် ထမ်းစင် ဤအလုံးစုံကိုလည်း ရရှိပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၁။ ငါသည် ရွှေဖြင့်ပြီးသော ငွေဖြင့်ပြီးသော ထိုမှတပါးလည်း ဖလ်ဖြင့်ပြီးသော ပတ္တမြား(ကျောက်နီ)ဖြင့် ပြီးသော အရာဝတ္ထုအားလုံးကိုလည်း ရရှိပေ၏။

၁၂။ ငါသည် ပိုးထည် ကမ္ဗလာထည်တို့ကိုရင်း၊ ခေါမတိုင်းဖြစ် အထည်တို့ကိုရင်း၊ ဝါချည်တို့ကိုရင်း၊ အဘိုးများစွာထိုက်တန်သော အထည်(အဝတ်)တို့ကိုရင်း ဤအထည် အားလုံးကိုလည်း ရရှိပေ၏။

http://www.dhammadownload.com



၁၃။ ငါသည် ထမင်းကိုဖြစ်စေ အဖျော်ကိုဖြစ်စေ ခဲဖွယ်ကိုဖြစ်စေ အဝတ် အိပ်ရာ နေရာတို့ကိုဖြစ်စေ ဤအားလုံးကိုလည်း ရရှိပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၄။ ကောင်းမြတ်သော နံ့သာကိုဖြစ်စေ ပန်းကိုဖြစ်စေ ကသယ်(နံ့သာ)မှုန့်ကိုဖြစ်စေ နံ့သာပျောင်းကိုဖြစ်စေ ဤအားလုံးကိုလည်း ရရှိပေ၏၊ဤသို့ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၅။ အထွတ်တပ်သောအိမ်ကိုဖြစ်စေ ပြာသာဒ်ကိုဖြစ်စေ မဏ္ဍပ်ကိုဖြစ်စေ ပြာသာဒ်ဦးပြည်းကိုဖြစ်စေ လိုဏ်ဂူ(ဥမင်)ကိုဖြစ်စေ ဤအားလုံးကိုလည်း ရရှိပေ၏၊ ဤသို့ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၆။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးလျက် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ လခွဲမရောက်မီ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အလုံးစုံသော အာသဝေါတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၁၈။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဥပုသ်စောင့်မှုကိုပြုခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဖူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ဥပုသ်(ကျင့်သုံးခြင်း)၏ အကျိုးပေတည်း။

၁၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၀။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဖြစ်စေ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ကေ့ပေါသထိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ရှေးဦးစွာသော ကေ့ပေါသထိကာထေရီအပဒါန် ပြီး၏။

---

## ၂-သင္ဃလပုပ္ဖိကာထေရီအပဒါန်

၂၂။ ထိုအခါ ငါသည် စန္ဒဘာဂါမြစ်ကမ်းအနီး၌ ကိန္နရီမဖြစ်ခဲ့၏၊ လူတို့ထက်မြတ်၍ နတ်ထက်နတ်ဖြစ်တော်မူသော မြတ်စွာဘုရား စင်္ကြံ ကြွနေတော်မူသည်ကို ဖူးမြင်ရ၏။

၂၃။ ငါသည် ထင်းရှူးပန်းကို ဆွတ်ခူး၍ ဘုရားမြတ်အား ပေးလှူခဲ့၏၊ မြတ်စွာဘုရားသည် နတ်ရနံ့ရှိသော ထင်းရှူးပန်းကို နမ်းရှူတော်မူ၏။

http://www.dhammadownload.com



၂၄။ ထိုအခါ ကြီးမားသော လုံ့လရှိတော်မူသော လောက၏ ရှေ့သွား ဝိပဿီ မြတ်စွာဘုရားသည် အလှူခံတော်မူပြီးလျှင် ငါကြည့်ရှုစဉ် နမ်းရှုတော်မူ၏။

၂၅။ ငါသည် လက်အုပ်ချီ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မိမိစိတ်ကို ကြည်လင်စေလျက် ထိုအရပ်မှ တောင်သို့ တက်ခဲ့၏။

၂၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ပန်းပွင့်ကို လှူဒါန်းခဲ့ရသော အခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရားအား ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၂၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၈။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သင္ဂလပုပ္ဖိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

နှစ်ခုမြောက် သင္ဂလပုပ္ဖိကာထေရီအပဒါန် ပြီး၏။

---

## ၃-မောဒကဒါယိကာထေရီအပဒါန်

၃၀။ ငါသည် ဗန္ဓုမတီမြို့၌ အိုးရွက်ကျွန်မဖြစ်ခဲ့၏၊ ငါသည် ငါ၏ ဝေစုအဘို့ကိုယူ၍ ရေခပ်ရန် သွားလတ်သော်—

၃၁။ လမ်းခရီး၌ ငြိမ်သက်သော စိတ်ရှိသော တည်ကြည်သော ရဟန်းကို ဖူးမြင်ရသည် ရှိသော် ကြည်ညိုဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ကတွတ်(လဒ္ဒူး) မုံ့သုံးခုတို့ကိုလှူဒါန်းခဲ့၏။

၃၂။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း၊ စေတနာတောင့်တမှုတို့ကြောင့်ရင်း၊ ကိုးဆယ့်တကမ္ဘာတို့ပတ်လုံး ငါသည် ဖရိုဖရဲပျက်စီးကျရာ ငရဲသို့ မရောက်ခဲ့ရပေ။

၃၃။ ငါသည် စည်းစိမ်ရှိသည်၏အဖြစ်ကို ပြုလုပ်၍ အလုံးစုံသောစည်းစိမ်ကို ခံစားခဲ့၏၊ ငါသည် ကတွတ်မုံ့သုံးခုတို့ကို လှူခဲ့ခြင်းကြောင့် တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရပေ၏။

၃၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၃၅။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် မောဒကဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

သုံးခုမြောက် မောဒကဒါယိကာထေရီအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-ကောသနဒါယိကာထေရီအပဒါန်

၃၇။ ငါသည် ဟံသာဝတီမြို့၌ ကလေးသူငယ်မဖြစ်ခဲ့၏၊ ထိုအခါ ငါ၏အမိသည်၎င်း အဖသည်၎င်း ထိုအမိ အဖတို့သည် အလုပ်လုပ်ရာ ဌာနသို့ သွားကုန်၏။

၃၈။ နေသည် မွန်းတည့်လတ်သော် ငါသည် လမ်းခရီး၌ ကြွသွားတော်မူသော ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ (ဖူးမြင်ရ၍ နေရာကို ခင်းခဲ့၏)။

၃၉။ ငါ၏နေရာကို မွေးရှည်ကော်ဇော အရုပ်တို့ဖြင့် ဆန်းကြယ်သောအခင်းတို့ဖြင့် ခင်း၍ ကြည်ညိုဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ဤစကားကို လျှောက်ထားခဲ့၏—

၄၀။ မြေကြီးသည် ပူပြင်း၏၊ ကျိုက်ကျိုက်ဆူ၏၊ နေသည် မွန်းတည့်ချိန်၌တည်၏၊ လေတို့သည်လည်း မတိုက်ခတ်ပါကုန်၊ ဆွမ်းစားချိန်လည်း တန်နေပါပြီ၊ အကျွန်ုပ်၏ ဤနေရာသို့ ကြွလာတော်မူပါလော့။

၄၁။ မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ဤနေရာကို ခင်းထားပါ၏၊ အစဉ်သနားခြင်းကို အကြောင်းပြု၍ အကျွန်ုပ်၏ နေရာ၌ ထိုင်တော်မူပါ(ဟု ဤစကားကို လျှောက်ထားခဲ့၏)။

၄၂။ လွန်စွာ ယဉ်ကျေးတော်မူသော စင်ကြယ်သောစိတ် ရှိတော်မူသော မြတ်စွာဘုရားသည် ထိုနေရာ၌ ထိုင်တော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ သပိတ်ကို ယူ၍ ချက်ပြုတ်ထားသော စားဖွယ်ကို လှူဒါန်းခဲ့၏။

၄၃။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရပေ၏။

၄၄။ ထိုဘုံ၌ ကောင်းစွာပြုအပ်သော ငါ၏ဗိမာန်ကို နေရာဖြင့် ကောင်းစွာ ဖန်ဆင်းထားပေ၏၊ ယူဇနာခြောက်ဆယ်မြင့်၏၊ ယူဇနာသုံးဆယ်ကျယ်ပြန့်၏။

၄၅။ ရွှေဖြင့်ပြီးသော ပတ္တမြားဖြင့်ပြီးသော ထို့မှတပါး ဖလ်ဖြင့်ပြီးသော ကျောက်နီဖြင့်လည်း ပြီးကုန်သော ပလ္လင်တို့သည် ငါ့အား အမျိုးမျိုးရှိကုန်၏။

၄၆။ လဲမွေ့ရာအခင်း အရုပ်တို့ဖြင့် ဆန်းကြယ်သော အခင်းတို့ဖြင့်၎င်း ရတနာတို့ဖြင့်ချုပ်သော ပိုးချည်အခင်း ဆန်းကြယ်သော သားမွေးအခင်းတို့ဖြင့်၎င်း နှစ်ဖက်အမွေးရှိသော သားမွေးအခင်း တဖက်အမွေးရှိသော သားမွေးအခင်းတို့ဖြင့်၎င်း ငါ၏ပလ္လင်တို့သည် ကောင်းစွာ တည်လျက်ရှိကုန်၏။

၄၇။ အကြင်အခါ ငါသည် သွားခြင်းကို အလိုရှိ၏၊ ထိုအခါ ရယ်ရွှင်မြူးထူးခြင်းနှင့်ပြည့်စုံလျက် ပလ္လင်မြတ်နှင့်တကွ ငါ၏တောင့်တရာအရပ်သို့ သွားရပေ၏။

၄၈။ ရှစ်ကျိပ်သော နတ်မင်းတို့၏မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏၊ ခုနစ်ကျိပ်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကိုလည်း ပြုခဲ့ရပေ၏။

၄၉။ ငါသည် ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် များမြတ်သော စည်းစိမ်ဥစ္စာကို ရရှိပေ၏၊ ငါ့အား စည်းစိမ်ဥစ္စာ၌ ယုတ်လျော့သည်၏ အဖြစ်မရှိချေ၊ ဤသို့ဖြစ်ရခြင်းသည် တခုသောနေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

http://www.dhammadownload.com



၅၀။ နတ်ဘဝ လူဘဝဟူသော ဘဝနှစ်ပါး၌ ကျင်လည်ရပေ၏၊ အခြားတပါးသောဘဝ တို့ကို မသိရပေ၊ ဤသို့ဖြစ်ရခြင်းသည် တခုသောနေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

၅၁။ မင်းမျိုး ပုဏ္ဏားမျိုး ဟူသော အမျိုးနှစ်ပါး၌ ဖြစ်ရပေ၏၊ အလုံးစုံသောဘဝတို့၌ မြင့်မြတ်သော အမျိုး၌ ဖြစ်ရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် တခုသောနေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

၅၂။ ငါ၏စိတ်ကို ပူလောင်စေတတ်သော စိတ်ဆင်းရဲခြင်းကို မသိရပေ၊ အဆင်းမလှခြင်း ကို မသိရပေ၊ ဤသို့ဖြစ်ရခြင်းသည် တခုသော နေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

၅၃။ အထိန်းတို့သည် ငါ့ကို ခစား လုပ်ကျွေးကြရကုန်၏၊ ကုန်းကွသောသူ အစေအပါး ဖြစ်သူတို့သည် များပြားကုန်၏၊ ရင်ခွင်တခုမှ ရင်ခွင်တခုသို့ ပြောင်းသွားရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် တခုသောနေရာကို ခင်းလှူခြင်း၏ အကျိုးပေးတည်း။

၅၄။ အချို့သူတို့သည် (ငါ့ကို) ရေချိုးပေးကုန်၏၊အချို့သူတို့သည်(ငါ့ကို)ကျွေးမွေးကုန်၏၊ အချို့သူတို့သည် ငါ့ကို အခါခပ်သိမ်း ပျော်မွေ့စေကုန်၏၊ အချို့သူတို့သည် နံ့သာကို (ငါ့အား) လိမ်းကျံပေးကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် တခုသော နေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

၅၅။ မဏ္ဍပ်၌ရှင်း သစ်ပင်ရင်း၌ရှင်း ဆိတ်ငြိမ်ရာ၌ရှင်း နေလတ်သော် ငါ၏ စိတ် အကြံကို သိ၍ ပလ္လင်သည် ရှေးရှုတည်လာ၏။

၅၆။ ဤဘဝသည် ငါ့အား နောက်ဆုံး ဖြစ်သော ဘဝ ဖြစ်ပေ၏၊ ဤယခုဘဝ၌လည်း မင်း(မိဖုရား) အဖြစ်ကို စွန့်ပယ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၅၇။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိရပေ၊ ဤသို့ ဖြစ်ရခြင်းသည် တခုသော နေရာကို ခင်းလှူခြင်း၏ အကျိုးပေတည်း။

၅၈။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၅၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၆၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ဧကာသနဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

လေးခုမြောက် ဧကာသနဒါယိကာထေရီအပဒါန် ပြီး၏။

---

## ၅-ပဉ္စဒီပဒါယိကာထေရီအပဒါန်

၆၁။ ငါသည် ဟံသာဝတီမြို့၌ လှည့်လည် လေ့ရှိသူဖြစ်၏၊ ထိုအခါ ငါသည် ကုသိုလ်ကို အလိုရှိသည်ဖြစ်၍ အရံတခုမှ အရံတခုသို့ လှည့်လည်၏။

http://www.dhammadownload.com



၆၂။ လဆုတ်ပက္ခလကွယ်နေ့၌ (ထင်းရှူး) ဗောဓိပင်မြတ်ကို ဖူးမြင်ရ၏၊ ထိုဗောဓိပင်၌ စိတ်ကို ကြည်လင်စေ၍ ဗောဓိပင်ရင်း၌ ထိုင်နေ၏။

၆၃။ ထိုအခါ လေးစားသောစိတ်ကို ဖြစ်စေ၍ ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် ဤသို့ကြံစည်ခဲ့၏—

၆၄။ အကယ်၍ မြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သော ဂုဏ်ရှိသောပုဂ္ဂိုလ် အတုမရှိ ပြိုင်ဘက်မရှိသော ပုဂ္ဂိုလ်ဖြစ်ပါမူ၊ ဤဗောဓိပင်သည် ငါ့အား တန်ခိုးပြာဋိဟာကို ပြပါစေသတည်း၊ ဤဗောဓိပင်သည် ထွန်းလင်းပါစေသတည်း (ဟု ကြံစည်ဆင်ခြင်၏)။

၆၅။ ထိုအခါ ငါကြံစည်သည်နှင့်တပြိုင်နက် ဗောဓိပင်သည် ထွန်းလင်းတောက်ပ၏၊ အလုံးစုံ ရွှေဖြင့်ပြီးလေ၏၊ အရပ်မျက်နှာအားလုံး တောက်ပတင့်တယ်၏။

၆၆။ ငါသည် ခုနစ်ညဥ့် ခုနစ်နေ့တို့ပတ်လုံး ထိုဗောဓိပင်ရင်း၌ ထိုင်နေခဲ့၏၊ ခုနစ်ရက်မြောက်နေ့ ရောက်လတ်သော် ဆီမီးပူဇော်ခြင်းကို ပြုခဲ့၏။

၆၇။ ထိုအခါ (ဗောဓိပင်၏) နေရာကို ဝန်းရံ၍ ဆီမီးငါးတိုင်တို့သည် ထွန်းလင်းတောက်ပကုန်၏၊ နေတက်သည့်တိုင်အောင် ငါ၏ဆီမီးတိုင်တို့သည် တောက်ပလျက် ရှိကုန်၏။

၆၈။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၆၉။ ထိုဘုံ၌ ငါ၏ကောင်းစွာ ပြုအပ်သော ဗိမာန်ကို ပဋ္ဌဒီပဟူ၍ ခေါ်ဆိုအပ်၏၊ (ထိုဗိမာန်သည်) ယူဇနာခြောက်ဆယ် အစောက်မြင့်၏၊ ယူဇနာသုံးဆယ်ကျယ်ပြန့်၏။

၇၀။ မရေမတွက်နိုင်ကုန်သော ဆီမီးတိုင်တို့သည် ငါ့အား ဝန်းရံကုန်လျက် တောက်ပကုန်၏၊ နတ်ဘုံရှိသလောက် ဆီမီးရောင်ဖြင့် ထွန်းလင်းလေ၏။

၇၁။ ငါသည် မျက်ကွယ်၌ ထိုင်နေလျက် အကယ်၍ ကြည့်ရှုရန် အလိုရှိအံ့၊ အထက်အောက် ဖီလာအားလုံးကိုပင် မျက်စိဖြင့် မြင်ရပေ၏။

၇၂။ အကြင်မျှလောက် ကောင်းသော လားရာ ဂတိရှိသူ မကောင်းသော လားရာဂတိရှိသူတို့ကို ကြည့်ရှုရန် (အကယ်၍) အလိုရှိမူ၊ ထိုအရပ်၌ သစ်ပင်တို့ကြောင့်၎င်း တောင်တို့ကြောင့်၎င်း ပိတ်ပင်ခြင်းသည် မရှိချေ။

၇၃။ ရှစ်ကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ တရာသော စကြာဝတေးမင်းတို့၏ မိဖုရားအဖြစ်ကိုလည်း ပြုခဲ့ရ၏။

၇၄။ ကပ်ရောက်ရတိုင်းသော လူ့အဖြစ် နတ်အဖြစ် ဟူသမျှတို့၌ ဆီမီးတသိန်းတို့သည် ငါ့အား ဝန်းရံလျက် တောက်ပကုန်၏။

၇၅။ နတ်ပြည်မှစုတေ၍ အမိဝမ်း၌ ဖြစ်ခဲ့ရ၏၊ အမိဝမ်းသို့ ရောက်သည် ဖြစ်ပါလျက် ငါ၏ မျက်စိသည် မှိတ်ခြင်း မရှိချေ။

၇၆။ ကောင်းမှုကံနှင့် ပြည့်စုံသူ၏အဖြစ်ကြောင့် ဆီမီးတသိန်းတို့သည် မွေးဖွားရာအိမ်၌ တောက်ပလျက် ရှိကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးငါးတိုင်တို့၏ အကျိုးပေတည်း။

http://www.dhammadownload.com



၇၇။ ငါသည် နောက်ဆုံးဘဝသို့ ရောက်လတ်သော် လူ့ဘဝသို့ ပြန်လည်ခဲ့၏၊ငါသည် မအိုရာ မသေရာ ဖြစ်၍ ငြိမ်းအေးခြင်းသဘောရှိသော နိဗ္ဗာန်ကို တွေ့မြင်ရပေ၏။

၇၈။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏၊ ဂေါတမမြတ်စွာဘုရားသည် (ငါ၏)ဂုဏ်ကို သိတော်မူ၍ ငါ့ကို ရဟန်းပြုပေးတော်မူ၏။

၇၉။ မဏ္ဍပ်၌ရှင်း သစ်ပင်ရင်း၌ရှင်း ဆိတ်ငြိမ်ရာကျောင်း၌ရှင်း နေသည်ရှိသော် ဆီမီးသည် အခါခပ်သိမ်း တောက်ပ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးငါးတိုင် ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၀။ ငါ၏ဒိဗ္ဗစက္ခုအဘိညာဉ်သည် အထူးစင်ကြယ်ပေ၏၊ ငါသည် ဈာန်သမာဓိ၌ ကျွမ်းကျင်လိမ္မာပေ၏၊ အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်ရပေ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးငါးတိုင် ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၁။ ကြီးမားသော လုံ့လရှိတော်မူ၍ စက္ခုငါးမျိုးရှိတော်မူသောမြတ်စွာဘုရား အလုံးစုံသော မဂ်တို့၌ ကျင့်သုံးခြင်းကိစ္စ ပြီးဆုံးသော မဂ်ကိစ္စကို ပြုပြီးသော အာသဝမရှိသော ပဋ္ဌဒီပါမည်သော တပည့်တော်မသည် အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

၈၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဆီမီးတိုင်ကို လှူဒါန်းခဲ့ရသောအခါမှစ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆီမီးငါးတိုင် ပူဇော်ရခြင်း၏ အကျိုးပေတည်း။

၈၃။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၈၄။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၅။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုရှင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ပဋ္ဌဒီပဒါယိကာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ငါးခုမြောက် ပဋ္ဌဒီပဒါယိကာထေရီအပဒါန် ပြီး၏။

---

## ၆-နဠမာလိကာထေရီအပဒါန်

၈၆။ ငါသည် စန္ဒဘာဂါမြစ်ကမ်းအနီး၌ ကိန္နရီဖြစ်ခဲ့၏၊ ထိုအခါ အလိုလိုဖြစ်တော်မူသော ရန်သူတို့ မအောင်နိုင်သော ကိလေသာမြူကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၈၇။ ငါသည် ကြည်ညိုဝမ်းမြောက် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် ကျူပြန်းကို ယူပြီးလျှင် မြတ်စွာဘုရားကို ပူဇော်ခဲ့၏။

၈၈။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရှင်း စေတနာတောင့်တမှုတို့ကြောင့်ရှင်း ကိန္နရီခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၈၉။ သုံးကျိပ်ခြောက်ယောက်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏၊ စိတ်ဖြင့် တောင့်တတိုင်းသော အရာဝတ္ထုသည် အလိုရှိတိုင်း ငါ့အား ဖြစ်လေ၏။

၉၀။ တကျိပ်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏၊ ငါသည် ဆည်းပူး အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍သာလျှင် ဘဝတို့၌ ကျင်လည်ခဲ့၏။

၉၁။ ငါ့အား ကုသိုလ်သည် ရှိ၏၊ (ထို့ကြောင့်) ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ငါသည် ယခုသာကီဝင်မင်းသား မြတ်စွာဘုရား၏ သာသနာတော်၌ အပူဇော်ခံထိုက်သော ရဟန္တာ ဖြစ်ရ၏။

၉၂။ ငါသည် ယခုအထူးစင်ကြယ်သော စိတ်ရှိပေ၏၊ ယုတ်မာသောစိတ်မှ ကင်းရှင်းပေ၏၊ အလုံးစုံသောအာသဝတို့ ကုန်ခန်းပေပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ရခြင်း မရှိတော့ပြီ။

၉၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ မြတ်စွာဘုရားကို ပူဇော်ခဲ့ရသော အခါမှ စ၍ မကောင်းမှုပြုသူတို့လားရာ 'ဒုဂ္ဂတိ' ဘဝကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် ကျူပန်း လှူရခြင်း၏ အကျိုးပေတည်း။

၉၄။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၉၅။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၆။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် နဠမာလိကာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ခြောက်ခုမြောက် နဠမာလိကာထေရီအပဒါန် ပြီး၏။**

---

## ၇-မဟာပဇာပတိဂေါတမီထေရီအပဒါန်

၉၇။ အခါတပါး လောကကို ထွန်းလင်းစေတော်မူ၍ လူတို့ကို ဆုံးမတော်မူသော မြတ်စွာ ဘုရားသည် ဝေသာလီပြည် မဟာဝုန်တော အထွတ်တပ်သော ဇရပ်ကျောင်း၌ နေတော်မူ၏။

၉၈။ ထိုအခါ မြတ်စွာဘုရား၏ မိထွေးတော်ဖြစ်သော မဟာဂေါတမီ ရဟန်းမသည် ထိုမြို့၌ ဆောက်လုပ်အပ်သော ပျော်မွေ့ဖွယ်ကောင်းသော ရဟန်းမကျောင်း၌ နေလေ၏။

၉၉။ ကိလေသာမှ လွတ်ကုန်သော ရဟန်းမငါးရာတို့နှင့်တကွ (နေ၏၊) ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်သော ထိုမဟာဂေါတမီအားလည်း ဤသို့ စိတ်အကြံဖြစ်လေ၏—

၁၀၀။ ငါသည် မြတ်စွာဘုရား၏၎င်း အဂ္ဂသာဝကအစုံ၏၎င်း အသျှင်ရာဟုလာ အသျှင် အာနန္ဒာ အသျှင်နန္ဒတို့၏၎င်း ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို ဖူးမြင်ရန် ရလိမ့်မည်မဟုတ်ချေ။

၁၀၁။ မြတ်စွာဘုရား၏၎င်း အဂ္ဂသာဝကအစုံ၏၎င်း အသျှင်မဟာကဿပ အသျှင်နန္ဒတို့၏ ၎င်း အသျှင်အာနန္ဒာ အသျှင်ရာဟုလာတို့၏၎င်း ပရိနိဗ္ဗာန်ပြုတော်မူသည်မှ—

http://www.dhammadownload.com



၁၀၂။ ရှေးဦးစွာ အာယုသင်္ခါရကို စွန့်လွှတ်ပြီးလျှင် လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်သည်ဖြစ်၍ (ငါသည်) ငြိမ်းအေးရာနိဗ္ဗာန်သို့ သွားတော့အံ့ (ဤသို့ စိတ်အကြံဖြစ်၏)။

၁၀၃။ ရဟန်းမငါးရာတို့အားလည်း ထို့အတူပင် စိတ်အကြံဖြစ်လေ၏၊ခေမာစသော ရဟန်းမတို့အားလည်း ဤသို့သောစိတ်အကြံသည်ပင် ဖြစ်လေ၏။

၁၀၄။ ထိုအခါ မြေလှုပ်ခြင်းသည် ဖြစ်လေ၏၊ နတ်စည်တို့သည် မြည်ဟီးကုန်၏၊ ရဟန်းမကျောင်းကို (စိုးအုပ်၍နေသော) နတ်တို့သည် စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ —

၁၀၅။ အလွန်သနားစဖွယ် ငိုကြွေးမည်တမ်းကုန်လျက် ထိုကျောင်း၌ မျက်ရည်တို့ကို ဖြစ်စေကုန်၏၊ မိတ်ဆွေရဟန်းမတို့သည် ထိုနတ်တို့နှင့်အတူတကွ မဟာဂေါတမီအထံသို့ ချဉ်းကပ်၍—

၁၀၆။ ခြေတို့ကို ဦးတိုက်ကာ ဤစကားကို လျှောက်ထားကုန်၏—အရှင်မ ကျွန်ုပ်တို့သည် ထိုကျောင်း၌ ရေပေါက်ဖြင့် ဆွတ်ဖြန်းကုန်လျက် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ကုန်၏။

၁၀၇။ ထိုမြေသည်လည်း မလှုပ်စဘူး လှုပ်ခဲ့ပါ၏၊နတ်စည်တို့သည်လည်း မြည်ဟီးပါကုန်၏၊ ငိုကြွေးသံတို့ကိုလည်း ကြားရပါကုန်၏၊ အရှင်မဂေါတမီ အဘယ်အကျိုးငှါ ဖြစ်ပါကုန်သနည်း (ဟု ဤစကားကို လျှောက်ထားကုန်၏)။

၁၀၈။ ထိုအခါ ထိုမဟာဂေါတမီသည်(မိမိ)ကြံစည်သည့်အတိုင်း အလုံးစုံကို မိန့်ဆို၏၊ ထို ရဟန်းမအားလုံးတို့သည်လည်း (မိမိတို့) ကြံစည်ကြသည့်အတိုင်း လျှောက်ထားကြကုန်၏။

၁၀၉။ အရှင်မ အရှင်မသည် ချမ်းမြေ့သော အမြတ်ဆုံး နိဗ္ဗာန်ကို အကယ်၍ နှစ်သက်အံ့၊ မြတ်စွာဘုရားခွင့်ပြုချက်ဖြင့် ကောင်းသော အကျင့်သီလရှိသော အကျွန်ုပ်တို့အားလုံးပင် ပရိနိဗ္ဗာန်ပြုပါကုန်အံ့။

၁၁၀။ အကျွန်ုပ်တို့သည် အိမ်မှုငင်း ဘဝမှုငင်း အတူတကွသာလျှင် ထွက်မြောက်ကုန်၍ ငြိမ်းအေးသော အမြတ်ဆုံး နိဗ္ဗာန်သို့လည်း အတူတကွသာလျှင် သွားပါကုန်အံ့(ဟု-လျှောက်ထားကုန်၏)။

၁၁၁။ ထိုအခါ ထိုမဟာဂေါတမီသည် ပရိနိဗ္ဗာန်ပြုခြင်းငှါ ကျင့်ကုန်သော ပြောဆိုကုန်သော ရဟန်းမတို့အား ငါသည် အဘယ်သို့ ပြောဆိုရမည်နည်းဟု မိန့်ဆိုလျက် ရဟန်းမတို့၏ကျောင်းမှ ရဟန်းမအားလုံးတို့နှင့်တကွ ထွက်၏။

၁၁၂။ အကြင်နတ်တို့သည် ရဟန်းမကျောင်း၌ အုပ်စိုးလျက် နေကုန်၏၊ ထိုနတ်တို့သည် အကျွန်ုပ်အား သည်းခံပါကုန်လော့၊ ဤရဟန်းမကျောင်းကို ရှုမြင်ခြင်းသည် အကျွန်ုပ်၏ နောက်ဆုံးဖြစ်သော ရှုမြင်ခြင်းပင်တည်း။

၁၁၃။ အကြင်နိဗ္ဗာန်၌ အိုခြင်းသည်ငင်း သေခြင်းသည်ငင်း မုန်းသူတို့နှင့်ပေါင်းသင်းရခြင်းသည်ငင်း ချစ်သူတို့နှင့်ကွေကွင်းရခြင်းသည်ငင်း မရှိချေ၊ ငါသည် အကြောင်းတရားတို့မပြုပြင်အပ်သော ထိုနိဗ္ဗာန်သို့ သွားတော့အံ့။

http://www.dhammadownload.com



၁၁၄။ ရာဂမကင်းသေးကုန်သော မြတ်စွာဘုရား၏ သမီးတော်တို့သည် ထိုစကားကို ကြားရကုန်သည်ရှိသော် စိုးရိမ်ခြင်းဖြင့် နှိပ်စက်ကုန်လျက် ငါတို့အား ဘုန်းကံနည်းပါးလေကုန်စွတကားဟု ငိုကြွေးကြလေကုန်၏။

၁၁၅။ ဤရဟန်းမကျောင်းသည် ထိုရဟန်းမတို့နှင့်ကင်း၍ ဆိတ်သုဉ်းခဲ့လေ၏၊ မိုးလင်းသော အခါ ကြယ်(တာရာ)တို့ကဲ့သို့ မြတ်စွာဘုရားသမီးတော်တို့ကို မတွေ့မြင်ရကုန်။

၁၁၆။ ဂင်္ဂါမြစ်သည် မြစ်ငယ်ငါးရာတို့နှင့်တကွသာလျှင် သမုဒ္ဒရာသို့သွားသကဲ့သို့၊ ထို့အတူ မဟာဂေါတမီသည် ရဟန်းမငါးရာတို့နှင့်အတူတကွ နိဗ္ဗာန်သို့ ကြွသွားလေ၏။

၁၁၇။ သဒ္ဓါတရားရှိကုန်သော ဥပါသိကာမတို့သည် လမ်းခရီး၌ ကြွသွားကုန်သော ရဟန်းမတို့ကို မြင်သည်ရှိသော် အိမ်မှထွက်ပြီးလျှင် ခြေတို့၌ ဦးတိုက်၍ ဤစကားကို လျှောက်ထားကုန်၏—

၁၁၈။ စည်းစိမ်ရှင်မကြီး(အကျွန်ုပ်တို့ကို) ကြည်လင်စေပါလော့၊ ကိုးကွယ်ရာမဲ့ကုန်သော အကျွန်ုပ်တို့ကို စွန့်ပစ်၍ အရှင်မသည် ပရိနိဗ္ဗာန်ပြုရန် မသင့်ပါဟု အလိုဖြင့် နှိပ်စက်ကုန်သော ထိုဥပါသိကာမတို့သည် ငိုကြွေး မြည်တမ်းကြကုန်၏။

၁၁၉။ ထိုဥပါသိကာမတို့၏ စိုးရိမ်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှါ ချိုသာသော စကားကို မိန့်ဆို၏၊ ချစ်သမီးတို့ ငိုခြင်းဖြင့် အကျိုးမရှိ၊ယခု ဤအခါသည်ကား သင်တို့အား ရွှင်ပြုံးရမည့်အခါတည်း။

၁၂၀။ ငါသည် ဒုက္ခကို ပိုင်းခြား၍ သိအပ်ပြီ၊ ဒုက္ခ၏အကြောင်းကို ကြဉ်ပယ်အပ်ပြီ၊ ငါသည် ဒုက္ခချုပ်ရာ(နိဗ္ဗာန်)ကို မျက်မှောက်ပြုအပ်ပြီ၊ မဂ်ကိုလည်း ကောင်းစွာ ပွါးများအပ်ပြီ။

ပဉ္စမ ဘာဏဝါရ ပြီး၏။

၁၂၁။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပြီ၊ လေးလံသော ခန္ဓာဝန်ကို ချအပ်ပြီ၊ဘဝကို ဆောင်တတ်သောတဏှာကို ပယ်နုတ်အပ်ပြီ။

၁၂၂။ အကြင်အကျိုးငှါ အိမ်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ငါသည် အလုံးစုံသော သံယောဇဉ်ကုန်ရာ ထိုအကျိုးသို့ အစဉ်ရောက်အပ်ပြီ။

၁၂၃။ မြတ်စွာဘုရားသည်ရင်း ထိုမြတ်စွာဘုရား၏ သူတော်ကောင်းတရားသည်ရင်း မယုတ်လျော့မူ၍ အကြင်မျှလောက် တည်၏၊ ထိုမျှလောက် ငါ၏ ပရိနိဗ္ဗာန်ပြုရန်အခါတည်း၊ ချစ်သမီးတို့ ငါ့ကို မစိုးရိမ်ကုန်လင့်။

၁၂၄။ အသျှင်ကောဏ္ဍည အသျှင်အာနန္ဒာ အသျှင်နန္ဒစသည်တို့သည်ရင်း အသျှင်ရာဟုလာသည်ရင်း မြတ်စွာဘုရားသည်ရင်း တည်ရှိကုန်၏၊ သံဃာသည်လည်း ချမ်းသာခြင်း ရှိ၏၊ ညီညွတ်၏၊ တိတ္ထိတို့သည်လည်း မာန်မူခြင်းကို ပယ်ဖျောက်ပြီး ဖြစ်ကုန်၏။

http://www.dhammadownload.com



၁၂၅။ ဩက္ကာကရာဇ်အနွယ်၏ ဂုဏ်သတင်းကို စိုက်ထူ၍ မာန်ကို နှိမ်နင်းအပ်ပြီးချစ်သမီး တို့ ယခုအခါ ငါပရိနိဗ္ဗာန်ပြုဘို့ရန် အခါမဟုတ်ပါလော။

၁၂၆။ ငါသည် တသိန်းကမ္ဘာကြာမြင့်စွာသော အခါမှစ၍ အကြင်နိဗ္ဗာန်ကို တောင့်တခဲ့၏၊ ထိုနိဗ္ဗာန်သည် ယခု ပြည့်စုံ၏၊ ဤအခါသည် ဝမ်းမြောက်ဖွယ် စည်ရွမ်းရမည့်အခါတည်း၊ ချစ်သမီးတို့ သင်တို့အား ယိုစီးသော မျက်ရည်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။

၁၂၇။ အကယ်၍ ငါ့အပေါ် သနားကြင်နာခြင်း အကယ်၍ ရှိသည် ဖြစ်အံ့၊ ပြုခဲ့သော ကျေးဇူးကို သိသည်၏ အဖြစ်သည်လည်း အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသို့ ဖြစ်သည်ရှိသော် ဥပါသိကာမအားလုံးတို့သည် သူတော်ကောင်းတရားတည်ခြင်းငှါ မြဲမြံစွာ လုံ့လပြုကုန်လော့။

၁၂၈။ ငါတောင်းပန်အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် မိန်းမတို့အား ရဟန်းအဖြစ်ကို ပေးခဲ့၏၊ ထို့ကြောင့် ငါနှစ်သက်သဘောကျသည့်အတိုင်း ထိုလုံ့လကို အစဉ်တည်ကြကုန်လော့။

၁၂၉။ ထိုဥပါသိကာမတို့ကို ဤသို့ ဆုံးမပြီးလျှင် ရဟန်းမတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးသော် ဤစကားကို လျှောက်ထားလေ၏။

၁၃၀။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် အရှင်ဘုရား၏ မယ်တော်ပါတည်း၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည်ကား အကျွန်ုပ်၏ ခမည်းတော်ပါတည်း၊ သူတော်ကောင်းတရား ချမ်းသာကို ပေးတော်မူတတ်သော လူတို့ ကိုးကွယ်ရာ ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရား အကျွန်ုပ်သည် အရှင်ဘုရားမှ မွေးဖွားသူ ဖြစ်ပါ၏။

၁၃၁။ မြတ်စွာဘုရား အရှင်ဘုရား၏ ဤရူပကာယကို အကျွန်ုပ်သည် ကောင်းစွာ ကြီးပွါးစေအပ်ပါ၏၊ အကျွန်ုပ်၏ မကဲ့ရဲ့ထိုက်သော တရားတည်းဟူသော ကိုယ်ကို အရှင်ဘုရားသည် ကောင်းစွာ ကြီးပွါးစေအပ်ပါ၏။

၁၃၂။ အကျွန်ုပ်သည် အရှင်ဘုရားကို တမုဟုတ်မျှ တပ်ခြင်းကို ငြိမ်းအေးစေနိုင်သော နို့ရည်ကို တိုက်ကျွေးခဲ့ပါ၏၊ အရှင်ဘုရားသည်ကား အကျွန်ုပ်ကို စင်စစ် ငြိမ်းအေးသော တရားတည်းဟူသော နို့ရည်ကို တိုက်ကျွေးတော်မူပါ၏။

၁၃၃။ မြတ်စွာဘုရား အရှင်ဘုရားသည် အကျွန်ုပ်အား ကိလေသာ အနှောင်အဖွဲ့မှ စောင့်ရှောက်ခြင်းကြောင့် နို့ဘိုးကြွေးမရှိပါ၊ သားကို အလိုရှိကုန်သော မိန်းမတို့သည် သားဆုတောင်းကုန်၍ ထိုသို့သဘောရှိသော သားကို ရကုန်၏။

၁၃၄။ မန္ဓာတု စသော မင်းတို့၏ အကြင်အမိသည် ရှိ၏၊ ထိုအမိသည် ဘဝဟူသော သမုဒ္ဒရာ၌ နစ်မြုပ်ရ၏၊ သားတော်ဘုရား အရှင်ဘုရားသည် အကျွန်ုပ်ကို ဘဝဟူသော သမုဒ္ဒရာမှ ကယ်တင်တော်မူပါပေ၏။

၁၃၅။ မိန်းမတို့အား မင်း၏မယ်တော် မိဖုရား ဟူသော အမည်ကို ရလွယ်ပါ၏၊ မြတ်စွာဘုရား၏မယ်တော်ဟူသော အကြင်အမည်သည် ရှိ၏၊ ထိုအမည်ကို အလွန်ရခဲပါ၏။

http://www.dhammadownload.com



၁၃၆။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ် ဆုတောင်းသော ထို အမည်ကိုလည်း အရှင်ဘုရားကြောင့် ရအပ်ပါပြီ၊ အကျွန်ုပ်သည် ငယ်သည်လည်း ဖြစ်သော ကြီးသည်လည်းဖြစ်သော ထိုအလုံးစုံကို ပြည့်စေအပ်ပါပြီ။

၁၃၇။ အကျွန်ုပ်သည် ဤကိုယ်ကောင်ကို စွန့်ပယ်၍ ပရိနိဗ္ဗာန် ပြုရန် အလိုရှိပါ၏၊ လုံ့လ ရှိတော်မူသော ဒုက္ခအဆုံးကို ပြုတတ်သော မြတ်စွာဘုရား အကျွန်ုပ်အား ခွင့်ပြုတော်မူပါ။

၁၃၈။ စကြာချွန်းတောင်း တံခွန်တို့ဖြင့် ပြွမ်းကုန်၍ ကြာကဲ့သို့ နူးညံ့ကုန်သော ခြေတော်တို့ကို ဆန့်တော်မူပါ၊ သားတော်ဘုရား အရှင်ဘုရား၏ မြတ်သောခြေတော်တို့ကို ရှိခိုးခြင်းကို ပြုပါအံ့။

၁၃၉။ မြတ်စွာဘုရား ရွှေတုံးနှင့် တူသော ကိုယ်တော်ကို ထင်ရှားအောင်ပြုတော်မူပါ၊ အရှင်ဘုရား၏ ကိုယ်တော်ကို ကောင်းစွာ ဖူးမြင်ခြင်းကို ပြု၍ ငြိမ်းအေးရာ နိဗ္ဗာန်သို့ သွားပါ တော့အံ့(ဟု ဤစကားကို လျှောက်ဆို၏)။

၁၄၀။ မြတ်စွာဘုရားသည် သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့နှင့် ပြည့်စုံသော ရောင်ခြည် တော်တို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်ကို တခဲနက်သော ဆည်းဆာရောင်မှ နေ လုလင်ကဲ့သို့ မိထွေးတော် ဂေါတမီအား ပြတော်မူ၏။

၁၄၁။ ထိုအခါ သိမ်ဒထွေးတော် ဂေါတမီသည် ပွင့်သောကြာနှင့်တူသော နေလုလင်ကဲ့သို့ ထွက်သော ရောင်ခြည်ရှိသော စက်လက္ခဏာတို့ဖြင့် ခတ်နှိပ်အပ်သော ခြေဘဝါးအပြင်၌ ဦးခေါင်းဖြင့် တိုက်လေ၏။

၁၄၂။ အာဒိစ္စဝင်မင်းမျိုးတို့၏ မှန်ကင်းသဖွယ် ဖြစ်သော လူတို့၏ နေမင်းဖြစ်သော မြတ်စွာဘုရား နောက်ဆုံးဖြစ်သော သေခါနီးအခါ၌ အရှင်ဘုရားအား ရှိခိုးပါ၏၊ အကျွန်ုပ်သည် အရှင်ဘုရားကို တဖန် မဖူးမြင်ရပါတော့အံ့။

၁၄၃။ လောကထက် မြတ်တော်မူသော မြတ်စွာဘုရား မိန်းမတို့ မည်သည်ကို အလုံးစုံ သော အပြစ်တို့၏ တည်ရာတို့ဟု သိအပ်ပါကုန်၏၊ သနားခြင်း၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား အကယ်၍ အကျွန်ုပ်အား တစုံတရာသော အပြစ်သည်ရှိအံ့၊ သည်းခံတော်မူပါ။

၁၄၄။ မြတ်စွာဘုရား မိန်းမတို့၏ ရဟန်းအဖြစ်ကိုလည်း အကျွန်ုပ်သည် အကြိမ်ကြိမ် တောင်းပန်ခဲ့ပါ၏၊ ထိုသို့တောင်းပန်ရာ၌ အကယ်၍ အကျွန်ုပ်အား အပြစ်ရှိပါအံ့၊ ထိုအပြစ်ကို သည်းခံတော်မူပါ။

၁၄၅။ မြတ်စွာဘုရား အကျွန်ုပ်သည် အရှင်ခွင့်ပြုချက်ဖြင့် ရဟန်းမတို့ကို ဆုံးမအပ်ပါ ကုန်၏၊ ထိုသို့ ဆုံးမရာ၌ အကယ်၍ မကောင်းသော ထုတ်ဆောင်ခြင်းရှိအံ့၊ သည်းခံခြင်းကို အစိုးရသော မြတ်စွာဘုရား အရှင်ဘုရားသည် ထိုအပြစ်ကို သည်းခံတော်မူပါ(ဟု တောင်း ပန်၏)။

၁၄၆။ ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော မိထွေးတော်ဂေါတမီ သည်းခံဖွယ် မလိုသော အရာ၌ သည်းခံဖွယ် မည်သည် အဘယ်မှာရှိအံ့နည်း၊ ပရိနိဗ္ဗာန်ပြုခြင်းငှါ သွားတော့မည့်ဆဲဆဲ ဖြစ်သော သင့်အား အဘယ်မှာ အတုန့်အပြန် ပြောရပါတော့အံ့နည်း။

http://www.dhammadownload.com



၁၄၇။ မိုးသောက်သောအခါ၌ ကွယ်ပျောက်ခြင်းသို့ ရောက်ကုန်သော နက္ခတ်တာရာတို့ကို မြင်ရသောကြောင့် လရေးသည် ကမ္ဘာ့မြင်ကွင်းမှ ထွက်ခွါသွားသကဲ့သို့ ဤလောကမှ ထွက်မြောက်ဘို့ရန် လိုလားနှစ်သက်ကုန်သော မယုတ်မလျော့ စင်ကြယ်သော ငါ့ဘုရား၏ တပည့်ရဟန်းအပေါင်းတို့ကို မြင်ရသောကြောင့် ငါဘုရားသည်လည်း လောကမှ ထွက်ခွါသွားရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၁၄၈။ လသို့ အစဉ်လိုက်ကုန်သော ကြယ်တာရာတို့သည် မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်သည်ကို ပြုသကဲ့သို့ ထိုမဟာဂေါတမီမှ တပါးကုန်သော ရဟန်းမတို့သည် ဘုရားမြတ်ကို လက်ျာရစ်လှည့်သည်ကိုပြု၍ ခြေတော်၌ ဦးတိုက်ကာ ထိုမျက်နှာတော်ကို ဖူးမျှော်ကုန်လျက် တည်ကုန်၏။

၁၄၉။ အရှင်ဘုရားအား ဖူးမြင်ခြင်းဖြင့် မျက်စိသည် မရောင့်ရဲနိုင်ဘူးပါ၊ အရှင်ဘုရား၏ တရားစကားဖြင့် နားသည် မရောင့်ရဲနိုင်ဘူးပါ၊ သက်သက်အာရုံတခုသာ ရှိသော အကျွန်ုပ်၏ စိတ်သည် ထိုနိဗ္ဗာန်သို့ရောက်၍ တရားအရသာဖြင့် မရောင့်ရဲနိုင်ပါ။

၁၅၀။ လူတို့၏ ရှေ့သွား မြတ်စွာဘုရား တီးမှုတ်အပ်သော တူရိယာကို တီးမှုတ်သကဲ့သို့ ပရိသတ်(အလယ်)၌ မိန့်မြွက်တော်မူသော အရှင်၏ နှုတ်ခမ်းတော်ကို အကြင်သူတို့သည် ဖူးမြင်ရကုန်၏၊ ထိုသူတို့သည် ဘုန်းကံကြီးမားသူတို့ပါပေတည်း။

၁၅၁။ ဂုဏ်ကိုဆောင်တော်မူသော မြတ်စွာဘုရား အကြင်သူတို့သည် (အရှင်ဘုရား၏) ရှည်သော ခြေချောင်းတော် နီမြန်းသော ခြေသည်းတော် ရှည်သော ဖနှောင့်တော် ရှိကုန်သော လှပတင့်တယ်သော ခြေတို့ကို ရှိခိုးကြရကုန်၏၊ ထိုသူတို့သည်လည်း ဘုန်းကံကြီးမားသူတို့ပါပေတည်း။

၁၅၂။ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အကြင်သူတို့သည် စိတ်နှလုံးကို ရွှင်ပြုံး စေတတ်ကုန်သော အပြစ်မျိုးမှ သန့်ရှင်းကုန်သော အစီးအပွါးနှင့် စပ်ကုန်သော အရှင်ဘုရား၏ ချိုမြိန်သာယာဖွယ်သော စကားတော်တို့ကို ကြားနာကြရကုန်၏၊ ထိုသူတို့သည်လည်း ဘုန်းကံကြီးမားသူတို့ပါပေတည်း။

၁၅၃။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ကောင်းသောစကား ကြောင့် အသရေရှိတော်မူသော အရှင်ဘုရား၏ ခြေတော်တို့ကို မြတ်နိုးပူဇော်ရခြင်းကြောင့် သံသရာခရီးခဲမှ ကူးမြောက်ရခြင်းသည် ဘုန်းကံကြီးမားလှပါပေ၏။

၁၅၄။ ထို့နောက် ကောင်းသော အကျင့်ရှိသော ထိုမဟာဂေါတမီသည် ရဟန်းသံဃာကို၎င်း အသျှင်ရာဟုလာ အသျှင်အာနန္ဒာ အသျှင်နန္ဒတို့ကို၎င်း ပန်ကြားရှိခိုး၍ ဤစကားကို လျှောက်ထား၏—

၁၅၅။ မြွေ၏ နေရာနှင့်တူသော ရောဂါအနာတို့၏ နေရာဖြစ်သော ဒုက္ခ၏ ပေါင်းစုရာဖြစ်သော အိုခြင်း သေခြင်း၏ ကျက်စားရာဖြစ်သော ကိုယ်ကောင်၌ အကျွန်ုပ်သည် ငြီးငွေ့ပါပြီ။

၁၅၆။ အထူးထူးသော အပြစ်အညစ်အကြေးတို့ဖြင့် ပြွမ်းသော သူတပါးနှင့်စပ်သော အားထုတ်ခြင်း မရှိသော ကိုယ်ကောင်၌ အကျွန်ုပ်သည် ငြီးငွေ့ပါပြီ၊ ထို့ကြောင့် ပရိနိဗ္ဗာန် ပြုရန်အလိုရှိပါ၏၊ ချစ်သားတို့ ခွင့်ပြုတော်မူကြပါကုန် (ဟု ဤစကားကို လျှောက်ဆို၏)။

http://www.dhammadownload.com



၁၅၇။ အသျှင်နန္ဒသည်ရင်း အသျှင်ရာဟုလာသည်ရင်း အာသဝမရှိကုန်သည်ဖြစ်၍ ပူဆွေးခြင်း ကင်းကုန်လျက် မတုန်လှုပ်သော တည်ခြင်းဖြင့် မြဲမြံစွာ တည်ပြီးလျှင် တရားသဘောကို အသင့်ဆင်ခြင်ကုန်၏။

၁၅၈။ အကြောင်းတို့ ပေါင်းစပ်ပြုပြင်စီရင်အပ်သော သင်္ခါရတရားသည် လျှပ်ပေါ်လော်လည်း၏၊ အနှစ်မရှိ၊ ငှက်ပျောတုံး ဥပမာရှိ၏၊ မျက်လှည့် တံလျှပ်နှင့်တူ၏၊ ကာလတိုတောင်း၏၊ အမြဲမတည်တံ့၊ စက်ဆုပ်ဖွယ်ဖြစ်၏။

၁၅၉။ ယင်းသင်္ခါရ မည်သည်၌ မြတ်စွာဘုရားကို မွေးမြူခဲ့သော မြတ်စွာဘုရား၏ ကျွန်မိထွေးတော် ဂေါတမီသည်ပင် (တကိုယ်တည်း) နိဗ္ဗာန်သို့ သွားရ၏၊ အလုံးစုံသော သင်္ခါရသည် အမြဲမရှိ (ဟု တရားသဘောကို အသင့်အားဖြင့် ဆင်ခြင်ကြကုန်၏)။

၁၆၀။ ထိုအခါ မြတ်စွာဘုရားကို လုပ်ကျွေးခြင်း၌ ပြေပြစ်သော အာနန္ဒာသည်ကား သေခပုဂ္ဂိုလ်တည်း၊ ထိုအသျှင်အာနန္ဒာသည် စိုးရိမ်ခြင်းဖြင့် နှိပ်စက်၍ ထိုနေရာ၌ မျက်ရည်ယိုစီးလျက် သနားစဖွယ် ငိုကြွေး၏။

၁၆၁။ ဂေါတမီသည် နိဗ္ဗာန်သို့ ဩြော် သွားဘိ၏တကား၊ မြတ်စွာဘုရားသည်လည်း လောင်စာမရှိသော မီးကဲ့သို့ မကြာမြင့်မီပင် နိဗ္ဗာန်သို့ ကြွသွားလိမ့်မည်တကား (ဟု သနားစဖွယ် ငိုကြွေး၏)။

၁၆၂-၁၆၃။ ဂေါတမီသည် ဤသို့ ငိုကြွေးမြည်တမ်းနေသော ထိုအာနန္ဒာမထေရ်ကို သမုဒ္ဒရာကဲ့သို့ နက်နဲသော အကြားအမြင်ရှိသော မြတ်စွာဘုရားကို အမြဲမပြတ်လုပ်ကျွေးခြင်း၌ နှစ်ခြိုက်သော သားတော်ချစ် အာနန္ဒာ ရှင်လန်းဖွယ် အခါသည် ရှေးရှုတည်ရှိပါလျက် စိုးရိမ်ရန်မသင့်၊ သားတော် သားတော်သည် အကျွန်ုပ်၏ ကိုးကွယ်ရာပါတည်း၊ အရှင့်ကြောင့် အဆုံးဖြစ်သော နိဗ္ဗာန်သို့ ရောက်ရပါ၏။

၁၆၄။ သားမောင် အရှင်သည် တိုက်တွန်းအပ်သည်ဖြစ်၍ အကျွန်ုပ်တို့အား ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မူပါ၏၊ ချစ်သား စိတ်မကောင်းခြင်း မဖြစ်ပါလင့်၊ အရှင်၏ အားထုတ်၍ အပင်ပန်းခံခြင်းသည် အကျိုးရှိပါ၏။

၁၆၅။ အကြင်နိဗ္ဗာန်ကို ပူရဏကဿပ စသော ရှေးတိတ္ထိဆရာတို့သည်ပင် မမြင်နိုင်၊ ထိုနိဗ္ဗာန်ကို ခုနစ်နှစ်မျှရှိသေးသော သတို့သမီးငယ်တို့သည် သိအပ်ပါ၏။

၁၆၆။ မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်တတ်သော သားတော်အာနန္ဒာ အရှင့်အား ဖူးမြင်ခြင်းသည် နောက်ဆုံးဖြစ်သော ဖူးမြင်ခြင်းပါတည်း၊ သားတော်အာနန္ဒာ အကြင်နိဗ္ဗာန်သို့ သွားသော သူသည်မထင်၊ ထိုနိဗ္ဗာန်သို့ အကျွန်ုပ်သည် သွားပါတော့အံ့ (ဟု လျှောက်၏)။

၁၆၇။ လောကထက်မြတ်တော်မူသော မြတ်စွာဘုရားသည် တရားကို ဟောလတ်သော် တရံတခါ ချေဆတ်တော်မူ၏၊ ထိုအခါ အကျွန်ုပ်သည် အစဉ်သနားသည်ဖြစ်၍ တောင့်တအပ်သော စကားကို လျှောက်ထား၏။

http://www.dhammadownload.com



၁၆၈။ ကြီးသော လုံ့လရှိသော မြတ်စွာဘုရား (အရှင်ဘုရားသည်) ကြာမြင့်စွာ အသက် ရှည်တော်မူပါစေ၊ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် တကမ္ဘာ ပတ်လုံး တည်တော်မူပါစေ၊ အလုံးစုံသော လောက၏ အကျိုးငှါ မအိုမသေသည် ဖြစ်တော်မ ပါစေ (ဟု တောင့်တသော စကားကို လျှောက်ထား၏)။

၁၆၉။ ထိုသို့လျှောက်ဆိုလေ့ရှိသော ထိုအကျွန်ုပ်ကို ထိုမြတ်စွာဘုရားသည် ဂေါတမီ သင် ရှိခိုးသကဲ့သို့ ဤသို့ မြတ်စွာဘုရားတို့ကို ရှိမခိုးသင့်ကုန်ဟု ဤစကားကို မိန့်ဆိုတော်မူ၏။

၁၇၀။ တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရား အဘယ်သို့လျှင် မြတ်စွာဘုရား တို့ကို ရှိခိုးသင့်ပါကုန်သနည်း၊ အဘယ်သို့ မြတ်စွာဘုရားတို့ကို ရှိမခိုးသင့်ပါကုန်သနည်း၊ မေးလျှောက်အပ်သော အရှင်ဘုရားသည် ထိုအကြောင်းကို အကျွန်ုပ်အား ဖြေကြားတော် မူပါ။

၁၇၁။ အားထုတ်အပ်သော လုံ့လရှိကုန်သော နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန် သော အမြဲပြင်းထန်သော လုံ့လရှိကုန်သော ညီညွတ်ကုန်သော တပည့်သာဝကတို့ကို ရှုကြည့် ပါလော့၊ ဤသို့ လိုက်နာခြင်းသည် မြတ်စွာဘုရားတို့အား ရှိခိုးခြင်းပင်တည်း။

၁၇၂။ ထို့နောက် ငါသည် ရဟန်းမ ကျောင်းသို့ သွား၍ တဦးတည်းကြံစည်၏၊ ဘဝ သုံးပါး၏ အဆုံးသို့ရောက် (တော်မူ) သော မြတ်စွာဘုရားသည် ညီညွတ်သော ပရိသတ်ကို နှစ်သက်တော်မူ၏။

၁၇၃။ ယခုငါသည် ပရိနိဗ္ဗာန်ပြုအံ့၊ ပျက်စီးသည့် အဖြစ်ကို မမြင်လို၊ ဤသို့ ငါသည် ကြံစည်ပြီးလျှင် မြတ်စွာဘုရားကို ဖူးတွေ့လျက်—

၁၇၄။ ငါ၏ ပရိနိဗ္ဗာန် (ပြုမည့်)အခါကို မြတ်စွာဘုရားအား လျှောက်ကြား၏၊ ထိုအခါ ထိုမြတ်စွာဘုရားသည် ဂေါတမီ အခါကို သိလော့ဟု ခွင့်ပြုတော်မူ၏။

၁၇၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိဘဲ နေရ၏။

၁၇၆။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏ ။ပ။ အဆုံးအမ တော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၇၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငှင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီး ပါပြီ။

၁၇၈။ ဂေါတမီ အကြင်သူမိုက်တို့သည် မိန်းမတို့၏ သစ္စာတရားကို သိခြင်း၌ ယုံမှားခြင်းသို့ ရောက်ကုန်၏၊ ထိုသူမိုက်တို့၏ မိစ္ဆာအယူကို ပယ်ဖျောက်ခြင်းအကျိုးငှါ တန်ခိုးပြခဲ့ဦးလော့။

၁၇၉။ ထိုအခါ ဂေါတမီသည် မြတ်စွာဘုရားကို တုပ်ဝပ်ပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ မြတ်စွာဘုရား ခွင့်ပြုတော်မူချက်ဖြင့် များစွာသော တန်ခိုးအမျိုးမျိုးတို့ကို ပြ၏။

၁၈၀။ တယောက်တည်းဖြစ်လျက် အများအပြားဖြစ်၏၊ ထို့အတူ အများအပြားရှိလျက် လည်း တယောက်တည်းဖြစ်၏၊ မျက်မှောက်အဖြစ် မျက်ကွယ်အဖြစ်ကိုလည်း ပြု၏၊ နံရံ တဖက် တောင်တဖက်သို့လည်း—

http://www.dhammadownload.com



၁၈၁။ မငြိတွယ်ပဲ သွား၏၊ မြေ၌လည်း (ရေ၌ကဲ့သို့) ငုပ်၏၊ ရေ၌လည်း မကွဲအက်ပဲ မြေ၌ကဲ့သို့ သွား၏။

၁၈၂။ ထိုအခါ ငှက်ကဲ့သို့ ကောင်းကင်၌ တင်ပလ္လင်ခွေဖြင့် ထိုအတူ သွား၏၊ပြဟ္မာ့ဘုံတိုင်အောင် ကိုယ်ဖြင့်အလိုကို လိုက်စေနိုင်၏။

၁၈၃။ မြင့်မိုရ်တောင်ကို ထီးရိုးပြု၍ မြေကြီးကို တောင်ခြေရင်းနှင့်တကွ ပြန်လှန်၍ ထီးပြု ကာ ဆောင်းမိုးလျက် ကောင်းကင်၌ စင်္ကြံသွား၏။

၁၈၄။ လောကဓာတ်ကိုလည်း နေခြောက်စင်း ထွက်လာသောအခါကဲ့သို့ အခိုးထွက်အောင်ပြု၏၊ ထိုဂေါတမီသည် ကမ္ဘာပျက်မိုးရွာရာ၌ကဲ့သို့ လောကဓာတ်ကို ရေပန်းနှင့်ရောပြွမ်းအောင်ပြု၏။

၁၈၅။ မုစလိန္ဒအိုင်ကိုရင်း မြင့်မိုရ်တောင်ခြေရင်း သီတာမြစ်အကြား၌ ကျောက်တောင်ကြီးကိုရင်း အလုံးစုံတို့ကို မုန်ညှင်းစေ့ကဲ့သို့ လက်ဆုပ်တခုဖြင့်ယူ၏။

၁၈၆။ လနှင့်တကွသောနေကို လက်ချောင်းများဖြင့် ဖုံးလွှမ်း၏၊ လနေတထောင်တို့ကို နားသွယ်ပန်းကဲ့သို့ ဆောင်၏။

၁၈၇။ သမုဒ္ဒရာလေးစင်းရေတို့ကို လက်ဝါးတဖက်ဖြင့် ဆောင်ယူ၏၊ ကမ္ဘာပျက်မိုးရေကဲ့သို့ မိုးကြီးကို သည်းထန်စွာ ရွာသွန်းစေ၏။

၁၈၈။ ထိုဂေါတမီသည် ကောင်းကင်အပြင်၌ ပရိသတ်နှင့်တကွ စကြဝတေးမင်းအသွင် ဖန်ဆင်း၏၊ မြည်ကျူးသော ဂဠုန် ဆင် ခြင်္သေ့ကို ပြသ၏။

၁၈၉။ တယောက်တည်းဖြစ်လျက် မရေတွက်နိုင်သော ရဟန်းမအပေါင်းကို ဖန်ဆင်းပြပြီးလျှင် တဖန် ကွယ်ပျောက်စေ၍ တယောက်တည်း မြတ်စွာဘုရားကို လျှောက်ဆို၏။

၁၉၀။ ကြီးသော လုံ့လရှိသော မြတ်စွာဘုရား အရှင်ဘုရား၏ မိထွေးတော်သည် အရှင်ဘုရား၏အဆုံးအမကို ပြုလေ့ရှိသည်ဖြစ်၍ မိမိအကျိုးသို့ အစဉ်ရောက်ပါ၏၊ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏ (ဟု လျှောက်ဆို၏)။

၁၉၁။ ထိုဂေါတမီသည် အမျိုးမျိုးသော တန်ခိုးကို ပြပြီးလျှင် ကောင်းကင်ပြင်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးလျက် သင့်တင့်သောအရပ်၌ ထိုင်လေ၏။

၁၉၂။ မြတ်စွာဘုရား ထိုအကျွန်ုပ်သည် မွေးဖွားသည်မှ အနှစ်တရာ့နှစ်ဆယ်ရှိပါပြီ၊ မြတ်စွာဘုရား ဤမျှလောက်ဖြင့် သင့်လျော်ပါပြီ၊မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပါတော့အံ့(ဟု လျှောက်၏)။

၁၉၃။ ထိုအခါ ထိုအလုံးစုံသော ပရိသတ်သည် အလွန်အံ့ဩသည်ဖြစ်၍ လက်အုပ်ချီလျက် အရှင်မ အတုမရှိသောတန်ခိုးလုံ့လသည် အဘယ်သို့ဖြစ်ပါသနည်းဟု လျှောက်ထား၏။

၁၉၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသော အလုံးစုံသော တရားတို့၌ ပညာမျက်စိရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

http://www.dhammadownload.com



**၁၉၅။** ထိုအခါ ငါသည် **ဟံသာဝတီမြို့၌** အလုံးစုံသောအဆောက်အဦနှင့် ပြည့်စုံသော **ကြွယ်ဝသော** ဝပြော‌သော **များသောဥစ္စာရှိ**သော အမတ်မျိုး၌ ဖြစ်ခဲ့၏။

**၁၉၆။** တရံရော အခါ **အဖနှင့်အတူ** ကျွန်မအပေါင်းခြံရံလျက် **များစွာအခြံအရံဖြင့်** ထို **မြတ်စွာဘုရား(ထံ)**သို့ ချဉ်း**ကပ်လတ်သော်**

**၁၉၇။** တရားမိုးကို ရွာသွန်းလျက် သိကြားမင်းကဲ့သို့ နေတော်မူသော တန်ဆောင်မုန်းလ၌ **ထွက်သော**နေကဲ့သို့ ရောင်ခြည်ကွန်ရက်တို့ဖြင့် တောက်ပတော်မူသော မြတ်စွာဘုရားကို **ဖူးမြင်ရ၏**။

၁၉၈။ ဖူးမြင်ရသည်ရှိသော် မိထွေးတော်ရဟန်းမကို (ရတ္တညူ) **တေဒဂ်အရာ၌** ထား **နေသည်**ဖြစ်သော မြတ်စွာဘုရားကို **ဖူးမြင်**ရသည်ရှိသော် စိတ်ကို ကြည်ညိုစေလျက် ထိုမြတ်စွာ **ဘုရား၏** (ကောင်းစွာ မိန့်ဆိုသော) တရားစကားကိုလည်း ကြားနာရ၏။

၁၉၉။ ကြားနာရသည်ရှိသော် လူတို့ထက်မြတ်သော ထိုမြတ်စွာဘုရားအား သံဃာနှင့်တကွ အလှူကြီးကိုငှင်း များစွာကုန်သောပစ္စည်းတို့ကိုငှင်း ခုနစ်ရက်ပတ်လုံး လှူဒါန်း ပြီးလျှင်—

၂၀၀။ ခြေတော်ရင်း၌ ပျပ်ဝပ်လျက် ထိုမိထွေးတော်အရာကို ဆုတောင်းခဲ့၏၊ ထိုအခါ များစွာသော ပရိသတ်အလယ်၌ မြတ်စွာဘုရားသည် မိန့်တော်မူ၏—

၂၀၁။ အကြင် အမျိုးသမီးသည် မြတ်စွာဘုရားကို သံဃာနှင့်တကွ ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေး၏၊ ထို(အမျိုးသမီး)ကို ငါဗျာဒိတ်စကား မိန့်ကြားအံ့မိန့်ကြားမည့် ငါ့စကား ကို နာကြကုန်လော့—

၂၀၂။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၀၃။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံ သမီးတော် ဖြစ်၍ အမည်အားဖြင့် ဂေါတမီဟု ထင်ရှားသော မြတ်စွာဘုရား၏တပည့် 'သာဝိကာ'မ ဖြစ်လတ္တံ့။

၂၀၄။ ဤအမျိုးသမီးသည် ထိုမြတ်စွာဘုရားကို အသက်ရှည်အောင် ကျွေးမွေးစောင့် ရှောက်တတ်သော -(မြတ်စွာဘုရား၏)မိထွေးတော်ဖြစ်၍ ညဥ့်အပိုင်းအခြားကို သိသော ရဟန်းမတို့တွင် အမြတ်ဆုံး အဖြစ်ကို ရလတ္တံ့။

၂၀၅။ ထိုအခါ ငါသည် ထိုစကားကို ကြားနာရသည့်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ အသက်ထက်ဆုံး မြတ်စွာဘုရားကို ပစ္စည်း(လေးပါး)တို့ဖြင့် လုပ်ကျွေးပြီးလျှင် ထိုဘဝမှ ကွယ်လွန်ခဲ့၏။

၂၀၆။ (ကွယ်လွန်ပြီးနောက်) ငါသည် အလုံးစုံ ကာမဂုဏ်တို့နှင့် ပြည့်စုံသော တာဝတိံသာ နတ်တို့၌ ဖြစ်၍ အကြောင်း အင်္ဂါဆယ်ပါးတို့ဖြင့် အခြားသော နတ်တို့ကို လွှမ်းမိုးခဲ့ရ၏။

၂၀၇။ ငါသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်ငှင်း အသက်ရှည်ခြင်းအား ဖြင့်ငှင်း အဆင်းလှခြင်းအားဖြင့်ငှင်း ချမ်းသာကြီးခြင်းအားဖြင့်ငှင်း အခြံအရံများခြင်းအား ဖြင့်ငှင်း—

http://www.dhammadownload.com



၂၀၈။ ထိုမှတပါး အစိုးရခြင်းအားဖြင့်ရှင်း (အခြားနတ်တို့ကို) လွှမ်းမိုး၍ တင့်တယ်ခဲ့ပေ၏၊ ထိုနတ်ဘုံ၌ သိကြားမင်း၏ ချစ်ခင်မြတ်နိုးအပ်သော မိဖုရား ဖြစ်ခဲ့၏။

၂၀၉။ ငါသည် သံသရာ၌ ကျင်လည်လတ်သော် ကံကြမ္မာလေတိုက်ခတ်အပ်သည်ဖြစ်၍ ကာသိမင်း၏ နိုင်ငံတော်တွင် ကျွန်တို့၏ ရွာငယ်၌ မွေးဖွားခဲ့၏။

၂၁၀။ ထိုအခါ ထိုရွာ၌ ငါးရာအောက် မယုတ်လျော့သော ကျွန်တို့သည် နေကုန်၏၊ ငါသည် ထိုရွာ၌ အကြင်ကျွန်သည် ကျွန်အားလုံးတို့ထက် အကြီးအမှူးဖြစ်၏၊ ထိုကျွန်၏ မယားဖြစ်ခဲ့၏။

၂၁၁။ ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် ရွာသို့ ဆွမ်းအကျိုးငှါ ဝင်ကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့ကို ဖူးမြင်ရသော် ငါသည် ကြည်ညိုနှစ်သက်သည်ဖြစ်၍ အလုံးစုံသော မိန်းမတို့နှင့်တကွ—

၂၁၂။ အသင်းဖွဲ့ကုန်သည်ဖြစ်၍ အားလုံးသော မိန်းမတို့သည် လေးလတို့ပတ်လုံး လုပ်ကျွေးခဲ့ကုန်၏၊ ငါသည် သင်္ကန်းသုံးထည်တို့ကို လှူဒါန်း၍ လင်နှင့်တကွ ကျင်လည်ခဲ့ကုန်၏။

၂၁၃။ ထိုငါတို့အားလုံးတို့သည် ထိုဘဝမှ စုတေကုန်လတ်သော် တာဝတိံသာဘုံသို့ ရောက်ကုန်၏၊ ယခုနောက်ဆုံးဖြစ်သော ဘဝ၌ကား ဒေဝဒဟပြည်၌ ဖြစ်ကုန်၏။

၂၁၄။ အဉ္ဇနသာကီဝင်မင်းသည် ငါ၏ ခမည်းတော်ပေတည်း၊ သုလက္ခဏာ မိဖုရားသည် ငါ၏မယ်တော်ပေတည်း၊ ဒေဝဒဟပြည်မှ ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်း၏ အိမ်တော်သို့ ရောက်ခဲ့ပေ၏။

၂၁၅။ ကြွင်းသော အမျိုးသမီးတို့သည် သာကီဝင်မင်းမျိုး၌ ဖြစ်ကုန်၍ သာကီဝင်မင်းတို့၏ အိမ်သို့ရောက်ကုန်၏၊ ငါသည် မိန်းမအားလုံးတို့ထက် ထူးခြားသူဖြစ်၍ မြတ်စွာဘုရားအား ကျွေးမွေးစောင့်ရှောက်ရသော အမိဖြစ်ခဲ့၏။

၂၁၆။ ငါ၏ သားတော်သည် တောထွက်၍ (သစ္စာလေးပါးကို)သိသော မြတ်စွာဘုရား ဖြစ်တော်မူ၏၊ နောက်အခါ ငါသည် (သာကီဝင်မင်းသမီး)ငါးရာတို့နှင့်တကွ ရဟန်းပြု၍—

၂၁၇။ ဥာဏ်ပညာရှိကုန်သော သာကီဝင်မင်းသမီးတို့နှင့် အတူတကွ နိဗ္ဗာန်ချမ်းသာသို့ ရောက်ခဲ့၏၊ ထိုအခါ အကြင်သူတို့သည် ရှေးဘဝ၌ ငါတို့၏ အရှင်လင်တို့ ဖြစ်ခဲ့ကုန်၏။

၂၁၈။ ကောင်းမှုကို အတူပြုခဲ့ကုန်သော ကြီးကျယ်သော ညီညွတ်ခြင်းကို ပြုတတ်ကုန်သော ထိုသူတို့သည် မြတ်စွာဘုရား အစဉ်စောင့်ရှောက်တော်မူခြင်းကြောင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

၂၁၉။ ထိုအခါ ဂေါတမီမှတပါး အခြားသောရဟန်းမတို့သည် ကောင်းကင်ပြင်သို့ တက်ရောက်ကုန်၏၊ ကောင်းကင်၌ တည်သော ကြယ်တာရာတို့ကဲ့သို့ ကြီးသောတန်ခိုးရှိကုန်သည်ဖြစ်၍ အလွန်တင့်တယ်ကုန်၏။

၂၂၀။ ကောင်းစွာ သင်ယူပြီးသော ရွှေပန်းထိမ်သည်သည် အမှု၌ ခံ့ညားသော ရွှေ၏ တန်ဆာအထူးကိုသာလျှင် ပြသကဲ့သို့ များစွာသောတန်ခိုးတို့ကို ပြလေကုန်၏။

http://www.dhammadownload.com



၂၂၁။ ဆန်းလည်းဆန်းကြယ် မျှားလည်းမျှားပြားကုန်သော တန်ခိုးပြာဋိဟာတို့ကိုပြ၍ ထိုအခါ ပရိသတ်နှင့်တကွသော ဝါဒရှိသူတို့ထက်မြတ်သော မြတ်စွာဘုရားကို နှစ်သက်စေပြီးလျှင်—

၂၂၂။ ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးလျက် မြတ်စွာဘုရားခွင့်ပြုတော်မူသည်ဖြစ်၍ နေရာအားလျော်စွာ ထိုင်နေကုန်၏။

၂၂၃။ အရှင်မဂေါတမီ အကျွန်ုပ်တို့ကို (အရှင်မ၏) အစဉ်စောင့်ရှောက်ခြင်းသည် အံ့ဩဖွယ် ရှိပါပေစွ၊ (အရှင်မနှင့်) အတူတကွနေရခြင်းသည် ကြာမြင့်ခဲ့ပါပြီ၊ အရှင်မ၏ ကုသိုလ်တို့ဖြင့် ထုံအပ်ကုန်သော အကျွန်ုပ်တို့သည် အာသဝေါကုန်ရာ (နိဗ္ဗာန်)သို့ ရောက်ရပါကုန်ပြီ။

၂၂၄။ ငါတို့သည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်မသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ အာသဝမရှိပဲ နေရကုန်၏။

၂၂၅။ ငါတို့၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ်ဖြစ်ပေ၏၊ ဘုရားမြတ်၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၂၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

၂၂၇။ မြတ်စွာဘုရား အကျွန်ုပ်တို့သည် ဣဒ္ဓိဝိဓ(အဘိညာဉ်)၌ လေ့လာပြီးဖြစ်ပါကုန်၏၊ ဒိဗ္ဗသောတ(အဘိညာဉ်)၌ရင်း စေတောပရိယဉာဏ် (အဘိညာဉ်)၌ရင်း လေ့လာပြီးဖြစ်ပါကုန်၏။

၂၂၈။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိကြပါကုန်၏၊ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီးပါပြီ၊ အလုံးစုံသောအာသဝတို့ ကုန်ခန်းပါကုန်ပြီ၊ (ကျွန်ုပ်တို့အား) ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၂၂၉။ မြတ်စွာဘုရား အရှင်ဘုရား၏ သဏ္ဍာန်တော်၌ဖြစ်သော အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အကျွန်ုပ်တို့အား ရှိပါ၏။

၂၃၀။ မြတ်စွာဘုရား မေတ္တာစိတ်ရှိကုန်သော အကျွန်ုပ်တို့သည် အရှင်ဘုရားကို လုပ်ကျွေးခဲ့ပါ၏၊ မြတ်စွာဘုရား အလုံးစုံသော အကျွန်ုပ်တို့ကို ပရိနိဗ္ဗာန်ပြုခြင်းငှါ ခွင့်ပြုတော်မူပါလော့(ဟု လျှောက်ကုန်၏)။

၂၃၁။ ပရိနိဗ္ဗာန်ပြုပါကုန်အံ့ဟု ဤသို့ လျှောက်ဆိုသော သင်တို့ကို ငါသည် အဘယ်သို့ မိန့်ဆိုမည်နည်း၊ သင်တို့သည် အကြင် (ပရိနိဗ္ဗာန်ပြုခြင်း၏) အခါကို ယခု သိကုန်လော့ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

၂၃၂။ ထိုအခါ ဂေါတမီအစရှိကုန်သော ထိုရဟန်းမတို့သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ထိုနေရာမှထ၍ ထိုရဟန်းမတို့သည် သွားကုန်၏။

http://www.dhammadownload.com



၂၃၃။ လောက၏အမြတ်ဆုံးရှေ့သွား ထိုမြတ်စွာဘုရားသည် များစွာသော လူအပေါင်းနှင့်တကွ မိထွေးတော်ကို တံခါးမုခ်တိုင်အောင် လိုက်ပို့တော်မူ၏။

၂၃၄။ ထိုအခါ ဂေါတမီသည် ထိုရဟန်းမိန်းမအားလုံးတို့နှင့်တကွသာလျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးတိုက်၏၊ ခြေတော်တို့ကို နောက်ဆုံးရှိခိုးခြင်းကို ပြုလေ၏။

၂၃၅။ အကျွန်ုပ်၏ ဤယခုဖူးမြင်ရခြင်းသည် မြတ်စွာဘုရားအား နောက်ဆုံးဖြစ်သော ဖူးမြင်ရခြင်းပါပေတည်း၊ အကျွန်ုပ်သည် အမြိုက်သဖွယ်ဖြစ်သော အရှင်ဘုရား၏ မျက်နှာတော်ကို တဖန်ဖူးမြင်ရတော့မည် မဟုတ်ပါ။

၂၃၆။ မြတ်စွာဘုရား အကျွန်ုပ်၏ ရှိခိုးခြင်းသည်လည်း အရှင်ဘုရား၏ အလွန်နူးညံ့သော ခြေတော်၌ နောက်ထပ်တွေ့ထိရတော့မည် မဟုတ်ပါ၊ မြတ်စွာဘုရား အကျွန်ုပ်သည် ယနေ့ နိဗ္ဗာန်သို့ သွားပါတော့အံ့(ဟု လျှောက်၏)။

၂၃၇။ အမှန်အတိုင်း တရားကိုမြင်လတ်သော် သင့်အား ဤရုပ်ဖြင့် အဘယ်အကျိုးရှိမည်နည်း၊ ဤရုပ်အားလုံးသည် အကြောင်းတရားတို့ ပေါင်းစပ်ပြုပြင်အပ်သော 'သင်္ခတ' တရားသာလျှင်ဖြစ်၍ သက်သာရာမရှိပဲ စက်ဆုပ်ဖွယ်အတိဖြစ်ပေ၏။

၂၃၈။ ထိုမိထွေးတော်ဂေါတမီသည် ထိုရဟန်းမတို့နှင့်တကွ မိမိနေရာ ဘိက္ခုနီကျောင်းသို့ သွား၍ မြတ်သောနေရာ၌ ထက်ဝက်တင်ပလ္လင်ကို ဖွဲ့ခွေထိုင်နေ၏။

၂၃၉။ ထိုအခါ ထိုအရပ်၌ မြတ်စွာဘုရားသာသနာကို ချစ်မြတ်နိုးကုန်သော ဥပါသိကာမတို့သည် ထိုမိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်ပြုမည့်သတင်းစကားကိုကြားကုန်၍ ခြေတို့ကို ရှိခိုးကုန်လျက် ချဉ်းကပ်ကုန်၏။

၂၄၀။ စိုးရိမ်ခြင်းဖြင့်နှိပ်စက်သော ဥပါသိကာမတို့သည် လက်တို့ဖြင့် ရင်ကိုထုကုန်ပြီးလျှင် သနားဖွယ်ရာ ငိုကြွေး မြည်တမ်းကုန်လျက် အမြစ်ပြတ်သော နွယ်ကဲ့သို့ မြေ၌ လည်းကျလေကုန်၏။

၂၄၁။ ကိုးကွယ်ရာကို ပေးတတ်သော အားထားရာဖြစ်သော အရှင်မ အရှင်မသည် အကျွန်ုပ်တို့ကို စွန့်ပယ်၍ နိဗ္ဗာန်သို့ မသွားပါလင့်၊ အကျွန်ုပ်တို့အားလုံးသည် ဦးခေါင်းဖြင့် ဝပ်တွား၍ တောင်းပန်ပါကုန်၏။

၂၄၂။ ထိုဥပါသိကာမတို့တွင် သဒ္ဓါတရားရှိသော ပညာနှင့်ပြည့်စုံသော အကြင်ဥပါသိကာမသည် အထူးပြဋ္ဌာန်း၏၊ထိုဥပါသိကာမ၏ဦးခေါင်းကိုပွတ်သပ်လျက် ဤစကားကို မိန့်ဆို၏—

၂၄၃။ ချစ်သမီးတို့ (သင်တို့အား) မာရ်မင်း၏ ကျော့ကွင်းသို့ အစဉ်လိုက်သော စိုးရိမ်ပင်ပန်းခြင်းဖြင့် မသင့်လျော်၊ အကြောင်းတို့ ပေါင်းစပ်ပြုပြင်အပ်သော 'သင်္ခတ' တရားအားလုံးသည် အမြဲ မရှိ၊ ကွေကွင်းခြင်းလျှင် အဆုံးရှိ၏၊ တုန်လှုပ် ချောက်ချား၏(ဟု ဤစကားကို မိန့်ဆို၏)။

၂၄၄။ ထို့နောက် ထိုမိထွေးတော်ဂေါတမီသည် ထိုဥပါသိကာမတို့ကို လွှတ်လိုက်၍ မြတ်သော ပဌမဈာန်ကိုရင်း ဒုတိယဈာန်ကိုရင်း တတိယဈာန်ကိုရင်း စတုတ္ထဈာန်ကိုရင်း ဝင်စား၏။

၃ မြန် ၄-၁၄။

http://www.dhammadownload.com



၂၄၅ အာကာသာနဉ္စာယတနစျာန်ကိုလည်း ဝိညာဏဉ္စာယတနစျာန်ကိုလည်း ထိုမှတပါး အာကိဉ္စညာယတနစျာန်ကိုလည်း နေဝသညာနာသညာယတနစျာန်ကိုလည်း အစဉ်အတိုင်းဝင်စားလေ၏။

၂၄၆။ မိထွေးတော်ဂေါတမီသည် ပဌမစျာန်တိုင်အောင် အပြန် (ပဋိလုံ) အားဖြင့် စျာန်တို့ကို ဝင်စား၏၊ ထို့နောက် စတုတ္ထစျာန်တိုင်အောင် ဝင်စား၏။

၂၄၇။ ထိုစတုတ္ထစျာန်မှထ၍ ဆီမီးလျှံငြိမ်းသကဲ့သို့ အာသဝမရှိပဲ ငြိမ်းလေ၏၊ကြီးစွာသော မြေလှုပ်ခြင်းသည် ဖြစ်လေ၏၊ လျှပ်စစ်နွယ်သည် ကောင်းကင်မှ ပြက်၍ကျလေ၏။

၂၄၈။ စည်တို့သည် မြည်ဟီးလေကုန်၏၊ နတ်တို့သည် ငိုကြွေးလေကုန်၏၊ ပန်းမိုးသည်လည်း ကောင်းကင်မှ မြေသို့ ရွာသွန်းလေ၏။

၂၄၉။ မြင့်မိုရ်တောင်မင်းသည်လည်း ပွဲသဘင်အလယ်၌ ကချေသည်ကဲ့သို့ တုန်လှုပ်လေ၏၊ သမုဒ္ဒရာသည်လည်း စိုးရိမ်ခြင်း အလွန် ဆင်းရဲ ပင်ပန်းသကဲ့သို့ အသံကင်းပြတ်ခြင်း ဖြစ်လေ၏။

၂၅၀။ ထိုခဏ၌ နတ် နဂါး အသုရာ ဗြဟ္မာတို့သည် ထိတ်လန့်ခြင်းဖြစ်ကြလေကုန်၏၊ သင်္ခါရတရားတို့သည် စင်စစ် အမြဲ မရှိကုန်၊ ယင်း(အမြဲမရှိသော) အခြင်းအရာအားဖြင့် ဤဂေါတမီသည် ပျက်စီးခြင်းသို့ ရောက်လေပြီ။

၂၅၁။ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ ကျင့်သုံးလေ့ရှိကုန်သော အကြင်ရဟန်းမတို့သည် ဤမိထွေးတော် ဂေါတမီကို ခြံရံကုန်၏၊ ထိုရဟန်းမတို့သည်လည်း လောင်စာ မရှိသော ဆီမီးလျှံကဲ့သို့ ငြိမ်းအေးလေကုန်ပြီ။

၂၅၂။ ပေါင်းဆုံခြင်းတို့သည် သြော် ကွေကွင်းခြင်းလျှင် အဆုံးရှိကုန်၏၊ အကြောင်းတို့ ပေါင်းစပ်ပြုပြင်အပ်သော 'သင်္ခတ' တရားအားလုံးတို့သည် သြော် အမြဲ မရှိလေစွ၊ အသက်ရှင်ခြင်းသည် သြော် ပျက်စီးခြင်းလျှင် အဆုံးရှိ၏၊ ဤသို့ ငိုကြွေးမြည်တမ်းခြင်း ဖြစ်လေ၏။

၂၅၃။ ထို့နောက် နဂါးတို့သည်၎င်း ဗြဟ္မာတို့သည်၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ လောကဓမ္မသို့အစဉ်လိုက်သော ပူဇော်မှုကို အခါအားလျော်စွာ ပြုကုန်၏။

၂၅၄။ ထိုအခါ မြတ်စွာဘုရားသည် သမုဒ္ဒရာနှင့်တူသော အကြားအမြင်ရှိသော အရှင်အာနန္ဒာကို အာနန္ဒာ သွားချေ၊ မယ်တော်၏ ပရိနိဗ္ဗာန်ပြုကြောင်းကို ရဟန်းတို့အား ပြောကြားချေလော့ဟု မိန့်တော်မူ၏။

၂၅၅။ ထိုအခါ အရှင်အာနန္ဒာသည် မျက်ရည်ဖြင့် ပြည့်သော မျက်စိရှိသည်ဖြစ်၍ ဝမ်းနည်းလျက် ရှိုက်ငင်သောအသံဖြင့် ရဟန်းတို့သည် အညီအညွတ် စည်းဝေးပါကုန်လော့ဟု လျှောက်ထားလေ၏။

၂၅၆။ အရှေ့အရပ် တောင်အရပ် အနောက်အရပ်တို့၌၎င်း မြောက်အရပ်၌၎င်း (နေကြသော) မြတ်စွာဘုရား၏သားတော် ရဟန်းတို့သည် အကျွန်ုပ်ထံမှ စကားကို နားစိုက်ကြပါကုန်လော့။

http://www.dhammadownload.com



၂၅၇။ အကြင်ဂေါတမီသည် ကြုံးစားအားထုတ်သဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ကို နောက်ဆုံးရှိခိုးခဲ့၏၊ ထိုဂေါတမီသည် နေတက်ခြင်းကြောင့် (ကင်းပျောက်သော) ကြယ်တာရာတို့ကဲ့သို့ ငြိမ်းအေးရာ နိဗ္ဗာန်သို့ရောက်လေပြီ။

၂၅၈။ ထိုဂေါတမီသည် မြတ်စွာဘုရား မယ်တော်ဟူသော အမည်ပညတ်ကို ထားခဲ့၍ နိဗ္ဗာန်သို့ သွားပါပြီ၊ယင်းနိဗ္ဗာန်၌ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရားသည်ပင် လားရာ 'ဂတိ'ကို မမြင်နိုင်ပါ။

၂၅၉။ အကြင်ရဟန်းအား မြတ်စွာဘုရား၌ ယုံကြည်ခြင်း သဒ္ဓါတရားသည် ရှိ၏၊ အကြင်ရဟန်းသည်လည်း မြတ်စွာဘုရား၌ ချစ်ခင်မြတ်နိုး၏၊မြတ်စွာဘုရား၏ သားတော်ဖြစ်သော ထိုရဟန်းသည် မြတ်စွာဘုရား မယ်တော်အား ပူဇော်သက္ကာရကို ပြုပါလော့ (ဟုပြောဆိုလေ၏)။

၂၆၀။ ထိုစကားကို ကြားလတ်ကုန်သော် အလွန်ဝေးသော အရပ်၌ တည်နေသော ရဟန်းတို့သည်လည်း လျင်စွာ လာစေကုန်သတည်း၊ အချို့သော ရဟန်းတို့သည် မြတ်စွာဘုရား အာနုဘော်ဖြင့် လာကုန်ပြီ၊ အချို့ရဟန်းတို့သည် တန်ခိုး၌ လိမ္မာကုန်၍ လျင်မြန်စွာ လာကုန်၏။

၂၆၁။ အကြင် ညောင်စောင်း၌ ဂေါတမီသည် ပရိနိဗ္ဗာန် စံလေ၏၊ ထို(ပရိနိဗ္ဗာန်စံရာ) ညောင်စောင်းကို အလုံးစုံ ရွှေဖြင့် ပြီးသော လှပတင့်တယ်သော မွေလျော်ဖွယ်ကောင်းသော အထွတ်တပ်သော ပြာသာဒ်မြတ်၌ ကောင်းစွာ တင်ထားကုန်၏။

၂၆၂။ ထိုလောကပါလ နတ်မင်းကြီး လေးဦးတို့သည် ပခုံးတို့ဖြင့် အညီအညွတ် ထမ်းဆောင်ကုန်၏၊ သိကြားမင်း အစရှိကုန်သော ကြွင်းသော နတ်တို့သည် အထွတ်တပ်သော ပြာသာဒ်၌ ကောင်းစွာ ထိုင်ကုန်၏။

၂၆၃။ အထွတ်တပ်သော ပြာသာဒ် အားလုံးတို့သည် ငါးရာတို့ ဖြစ်ကုန်၏၊တန်ဆောင်မုန်းလ၌ ထွက်သော နေအဆင်းရှိကုန်၏၊ ဝိသုကြံနတ်သားချည်းသာ ပြုလုပ်ဖန်ဆင်းအပ်ကုန်၏။

၂၆၄။ ထိုရဟန်းမ အားလုံးတို့သည်လည်း ညောင်စောင်းတို့၌ လျောင်းလျက်ရှိကုန်၏၊ နတ်တို့၏ ပခုံးပေါ် သို့ တင်ကုန်လျက် အစဉ်အတိုင်း ဆောင်ယူကုန်၏။

၂၆၅။ ဗိတာန် မျက်နှာကြက်ဖြင့် ကောင်းကင်တပြင်လုံးကို မိုးထားလေ၏၊ ကြယ်တာရာနှင့် တကွသော လနေတို့သည် ရွှေဖြင့် ပြီးကုန်သည်ဖြစ်၍ ထွန်းလင်းတောက်ပကုန်၏။

၂၆၆။ ကျယ်ပြန့်သော ပန်းသင်တိုင်းရှိသော တံခွန်များစွာတို့ကို စိုက်ထူထားကုန်၏၊ ကောင်းကင်မှ ပဒုမာကြာတို့သည်တွဲရရွဲကျကုန်၏၊မြေပြင်မှ ပန်းပွင့်သည် အထက်သို့တက်၏။

၂၆၇။ လနေတို့သည် ထင်ရှားရှိကုန်၏၊ ကြယ်တာရာတို့သည်လည်း တောက်ပလျက်ရှိကုန်၏၊ နေသည်လည်း မွန်းတည့်ချိန်သို့ ရောက်သော်လည်း အေးမြသောလကဲ့သို့ ပူလောင်ခြင်းမရှိချေ။

၂၆၈။ နတ်တို့သည် နတ်၌ဖြစ်ကုန်သော ရနံ့တို့ဖြင့်၎င်း အလွန်မွှေးကုန်သော ပန်းတို့ဖြင့်၎င်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း ကခြင်းတို့ဖြင့်၎င်း (သီချင်းဂီတ)သီဆိုခြင်းတို့ဖြင့်၎င်း ပူဇော်ကြလေကုန်၏။

http://www.dhammadownload.com



၂၆၉။ နဂါး အသုရာ ဗြဟ္မာတို့သည်လည်း စွမ်းနိုင်သည့် အလျောက် အင်အားရှိသည့် အလျောက် ပရိနိဗ္ဗာန်ပြုသော ဘုရားမယ်တော်ကို ဆောင်ယူစဉ် ပူဇော်ကြလေကုန်၏။

၂၇၀။ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရား၏ သမီးတော် အားလုံးတို့ကို ရှေ့မှ ဆောင်ယူကုန်၏၊ မြတ်စွာဘုရားကို မွေးမြူတတ်သောဂေါတမီကို အရိုအသေပြုလျက် နောက်မှဆောင်ယူအပ်၏။

၂၇၁။ မယ်တော်အား ပူဇော်ခြင်းအကျိုးငှါ နဂါး အသုရာ ဗြဟ္မာနှင့်တကွသော နတ်လူတို့သည် ရှေ့မှ သွားကုန်၏၊ တပည့်သာဝကနှင့်တကွသော မြတ်စွာဘုရားသည် နောက်မှ ကြွသွားတော်မူ၏။

၂၇၂။ အကြင်သို့သဘောရှိသော မိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် အလွန်အံ့ဩဖွယ် ဖြစ်လေ၏၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဤသို့သဘောရှိသော အံ့ဩဖွယ်မဖြစ်ချေ။

၂၇၃။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို(ကိုယ်တိုင်) မစီမံနိုင်ချေ၊ ဂေါတမီပရိနိဗ္ဗာန်ပြုရာအခါ၌ မြတ်စွာဘုရားသည် (ကိုယ်တိုင်) စီမံတော်မူ၏၊ သာရိပုတြာ စသည်တို့သည် အဘယ်ဆိုဖွယ်ရာ ရှိကုန်အံ့နည်း။

၂၇၄။ ထိုနတ်လူတို့သည် အလုံးစုံ နံ့သာဖြင့် ပြီးကုန်သော ထင်းပုံတို့ကို နံ့သာမှုန့်တို့ဖြင့် ရောပြွမ်းအောင်ပြု၍ ထိုရဟန်းမ (ရုပ်ကလာပ်) တို့ကိုလည်း ထိုနံ့သာထင်းပုံ၌ မီးသဂြိုဟ်ကုန်၏။

၂၇၅။ (အရိုးမှ)ကြွင်းသော အဖို့အစုတို့ကို လောင်ကျွမ်းကုန်၏၊ အရိုးတို့သည် အားလုံး ကြွင်းကျန်ကုန်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် သံဝေဂကို ဖြစ်စေတတ်သော စကားကို မိန့်ဆိုလေ၏—

၂၇၆။ မိထွေးတော် ဂေါတမီသည် နိဗ္ဗာန်သို့ သွားလေပြီ၊ ထိုမိထွေးတော် ဂေါတမီ၏ကိုယ်ကောင်ကိုလည်း(မီးသည်)လောင်ကျွမ်းအပ်လေပြီ၊ မကြာမြင့်မီ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မချွတ်ဖြစ်တော်မူလတ္တံ့ (ဟု မိန့်ဆိုလေ၏)။

၂၇၇။ ထို့နောက် ထိုအသျှင်အာနန္ဒာသည် မြတ်စွာဘုရား တိုက်တွန်းတော်မူသည်ဖြစ်၍ ထိုဂေါတမီ၏ သပိတ်၌ တည်ကုန်သော ဂေါတမီ၏ ဓာတ်တော်တို့ကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။

၂၇၈။ မြတ်စွာဘုရားသည် လက်ဖြင့် ထိုဓာတ်တော်တို့ကို ခံယူ၍ မိန့်တော်မူ၏၊ အနှစ်ရှိ၍ တည်တံ့သော သစ်ပင်ကြီး၏—

၂၇၉။ အကြီးဆုံးဖြစ်သော အကြင်ပင်စည်သည် အမြဲ မရှိခြင်းကြောင့် ပျက်စီးရာသကဲ့သို့ ထို့အတူ ဘိက္ခုနီသံဃာ၏ အကြီးဆုံးဖြစ်သော ဂေါတမီသည် ပရိနိဗ္ဗာန်ပြုလေပြီ။

၂၈၀။ ငါ၏မယ်တော်သည် ပရိနိဗ္ဗာန်ပြုသည်ဖြစ်၍ သရီရဓာတ်မျှသာ ကြွင်းကျန်သောလည်း ငါ့အား စိုးရိမ်ခြင်း ငိုကြွေးခြင်း မရှိချေ၊ ဩော်-အံ့ဩဖွယ် ရှိပါပေစွ။

http://www.dhammadownload.com



၂၇၁။ အခြားသူတို့သည်လည်း ထိုဂေါတမီကို မစိုးရိမ်သင့်ပေ၊ ထိုဂေါတမီသည် သံသရာသမုဒ္ဒရာကို ကူးမြောက်လေပြီ၊ ပူလောင်ခြင်း ကင်းလေပြီ၊ အေးမြသည်ဖြစ်၍ အလွန်ငြိမ်းအေးလေပြီ။

၂၇၂။ ထိုဂေါတမီသည် ပညာရှိသူ ကြီးသော ပညာရှိသူ ကျယ်ပြန့်သော ပညာရှိသူဖြစ်၍ ရဟန်းမတို့တွင် ညဉ့်အပိုင်းအခြားကိုသိသော ရဟန်းမဖြစ်လေ၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ မှတ်ကုန်လော့။

၂၇၃။ ဂေါတမီသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌လည်း လေ့လာပြီး ဖြစ်ပေ၏၊ ဒိဗ္ဗသောတအဘိညာဉ်နှင့် စေတောပရိယအဘိညာဉ်ကိုလည်း လေ့လာပြီး ဖြစ်ပေ၏။

၂၇၄။ ရှေးဘဝ၌နေဘူးသော ခန္ဓာအစဉ်ကို သိပေ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်ပြီးဖြစ်ပေ၏၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းလေကုန်ပြီ၊ ထိုဂေါတမီအား ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ချေ။

၂၇၅။ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါဘို့၌ရှင်း ပဋိဘာနပဋိသမ္ဘိဒါ၌ရှင်း ဉာဏ်သည် ထိုအတူပင် စင်ကြယ်ပြီးဖြစ်ပေ၏၊ ထို့ကြောင့် ထိုဂေါတမီကို စိုးရိမ်ဖွယ်မရှိချေ။

၂၇၆။ မီးခတ်ဖြင့်ခတ်အပ်သည်ဖြစ်၍ တောက်လောင်သောမီးသည် အစဉ်အတိုင်း ငြိမ်းသည်ရှိသော်(ထိုမီး၏)လားရာကို မသိအပ်သကဲ့သို့—

၂၇၇။ ဤအတူ(ကိလေသာမှ)ကောင်းစွာလွတ်မြောက်သော ကာမအနှောင်အဖွဲ့ဩဃကို ကူးမြောက်ပြီးဖြစ်ကုန်သော တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်ချမ်းသာသို့ ရောက်သောပုဂ္ဂိုလ်တို့အား ပညတ်ရန် လားရာဂတိ မရှိတော့ချေ။

၂၇၈။ ထို့ကြောင့်(သင်တို့သည်)မိမိကိုယ်ကိုသာ ကိုးကွယ်ရာရှိကုန်လျက် သတိပဋ္ဌာန်လျှင်ကျက်စားရာရှိသူတို့ဖြစ်ကုန်လော့၊ဗောဇ္ဈင်ခုနစ်ပါးဘို့ ကို ပွါးများစေ၍ ဆင်းရဲဒုက္ခ၏ အဆုံးကိုပြုကုန်လော့(ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မဟာပဇာပတိဂေါတမီရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ခုနစ်ခုမြောက် မဟာပဇာပတိဂေါတမီထေရီအပဒါန် ပြီး၏။

---

## ဂ-ခေမာထေရီအပဒါန်

၂၇၉။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့၌ ပညာမျက်စိရှိတော်မူ၍ လောက၏ရှေ့သွားဖြစ်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၈၀။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် ရတနာအမျိုးမျိုးတို့ဖြင့် တောက်ပသော ကြီးစွာသော ချမ်းသာနှင့်ပြည့်စုံသော သူဌေးမျိုး၌ မွေးဖွားခဲ့၏။

http://www.dhammadownload.com



၂၉၁။ ငါသည် ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားခဲ့၏၊ ထိုအခါ ငါသည် ကြည်ညိုခြင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။

၂၉၂။ ငါသည် အမိကိုရင်း အဖကိုရင်း တောင်းပန်ပြီးလျှင် မြတ်စွာဘုရားကို တပည့်ဿာဝကနှင့်တကွ ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေးခဲ့၏။

၂၉၃။ ခုနစ်ရက်လွန်သည်ရှိသော် မြတ်စွာဘုရားသည် ပညာကြီးသူတို့တွင် အမြတ်ဆုံးဖြစ်သော ရဟန်းမကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၂၉၄။ ငါသည် ထိုစကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ ထိုမြတ်စွာဘုရားအား ပူဇော်သက္ကာရကို တဖန်ပြုပြီးလျှင် တုပ်ဝပ်လျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၂၉၅။ ထိုအခါ ငါ့အား မြတ်စွာဘုရားသည် သင်၏ဆုတောင်းခြင်းသည် ပြည့်စုံပါစေဟု မိန့်တော်မူ၏၊ သံဃာနှင့်တကွဖြစ်သော ငါဘုရားအား သင်ပြုအပ်သော ပူဇော်သက္ကာရသည် မနှိုင်းယှဉ်နိုင်သော အကျိုးရှိပေ၏။

၂၉၆။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၉၇။ ထိုမြတ်စွာဘုရား၏တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးတော် ဖြစ်၍ ဧတဒဂ်အရာသို့ရောက်လျက် ခေမာမည်သော တပည့်မဖြစ်လတ္တံ့၊ (ဤသို့ မိန့်တော်မူလေ၏)။

၂၉၈။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၂၉၉။ ငါသည် ထိုဘုံမှ စုတေလတ်သော် ယာမာဘုံသို့ ရောက်ခဲ့၏၊ ငါသည် ထိုဘုံမှ စုတေလတ်သော် တုသိတာဘုံသို့ ရောက်ခဲ့၏၊ ထိုဘုံမှ (စုတေလတ်သော်) နိမ္မာနရတိဘုံသို့ရင်း ထိုဘုံမှ (စုတေလတ်သော်) ဝသဝတ္တိဘုံသို့ရင်း ရောက်ခဲ့၏။

၃၀၀။ ငါသည် အကြင် အကြင်ဘုံဘဝ၌ ဖြစ်ခဲ့၏၊ ထိုကံ၏အစွမ်းကြောင့် ထိုထိုဘုံဘဝ၌ပင် နတ်မင်းကြီးတို့၏ မိဖုရားအဖြစ်ကိုသာလျှင် ပြုခဲ့ရပေ၏။

၃၀၁။ ထိုဘုံမှ စုတေလတ်သော် လူအဖြစ်၌ စကြာမင်းတို့၏ရင်း ပဒေသရာဇ်မင်းတို့၏ရင်း မိဖုရားအဖြစ်ကို ပြုခဲ့ရပေ၏။

၃၀၂။ ငါသည် များစွာသော ကမ္ဘာတို့၌ အလုံးစုံသော နတ်ဘုံ လူ့ဘုံတို့တွင် ချမ်းသာခြင်းရှိသူဖြစ်၍ စည်းစိမ်ကို ခံစားလျက် ကျင်လည်ခဲ့ရ၏။

၃၀၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဖူးမျှော်ချင်ဖွယ် သပ္ပါယ်တော်မူသော အလုံးစုံသော တရားတို့ကို ရှုမြင်တတ်သော ဝိပဿီမြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၃၀၄။ ငါသည် လောက၏ရှေ့သွား ထိုမြတ်စွာဘုရား၏ အထံသို့ချဉ်းကပ်၍ ဟောတော်မူအပ်သော တရားကို နာကြားပြီးလျှင် သာသနာဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့၏။

http://www.dhammadownload.com



၃၀၅။ ငါသည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ အနှစ်တသောင်းတို့ပတ်လုံး မြတ်သောအကျင့်ကို ကျင့်၍ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌ ယှဉ်၏၊ များသော အကြားအမြင် ရှိ၏။

၃၀၆။ (ငါသည်)ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသူဖြစ်၏၊ သစ္စာလေးပါး၌ ရဲရင့်သူဖြစ်၏၊ သိမ်မွေ့သည်ဖြစ်၍ ဆန်းကြယ်သော တရားစကားကို ပြောဟောတတ်သူဖြစ်၏၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးသူ ဖြစ်ခဲ့၏။

၃၀၇။ ငါသည် ထိုဘဝမှ စုတေလတ်သော် တုသိတာဘုံသို့ရောက်၍ များသော အခြံအရံ အကျော်အစောရှိသူဖြစ်ခဲ့၏၊ ငါသည် အကျင့်မြတ်ကို ကျင့်ခြင်း၏ အကျိုးအားဖြင့် ထို တုသိတာနတ်ဘုံ၌ အခြားတပါးသော နတ်တို့ကို လွှမ်းမိုးရပေ၏။

၃၀၈။ ငါသည် အကြင် အကြင်ဘုံ၌ ဖြစ်လတ်သော် များသော စည်းစိမ်ရှိ၏၊ များသော ဥစ္စာရှိသူ လျင်မြန်သော ပညာရှိသူ ကိုယ်ကျင့် သီလရှိသူ ဆုံးမ ယဉ်ကျေးပြီးသော ပရိသတ်ရှိသူလည်း ဖြစ်ပေ၏။

၃၀၉။ မြတ်စွာဘုရား သာသနာတော်၌ တရားအားထုတ်ခြင်းဟူသော ထိုကံကြောင့် စိတ်ဖြင့် ချမ်းမြတ်နိုးအပ်သော စည်းစိမ်အားလုံးတို့ကို ငါ့အား ရလွယ်၏။

၃၁၀။ အကြင် အကြင် ဘဝ၌ ဖြစ်သော်လည်း အကြင်သူသည် ငါ၏လင်သားဖြစ်၏၊တစုံ တယောက်သော ထိုလင်သားသည်လည်း ငါ၏အကျင့်စွမ်းအားကြောင့် ငါ့ကို မထီမဲ့မြင် မပြုပေ။

၃၁၁။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များမြတ်သည့် အခြံအရံ အကျော်အစောရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူသော အမည်အားဖြင့် ကောဏာဂုံ မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၃၁၂။ ထိုအခါ ငါသည် ဗာရာဏသီပြည်၌ အလွန်ကြွယ်ဝသော အမျိုး၌ ဖြစ်ခဲ့၏၊ (ပုဏ္ဏားမသမီး)နေဋ္ဌာနီသည်၎င်း (ကဥ္စနမင်းကြီး၏သမီး) သုမေဓာသည်၎င်း ငါသည်၎င်း ဤသုံးယောက်သောသူတို့သည်—

၃၁၃။ သံဃအရံကို လှူခဲ့ကုန်၏၊ ငါတို့သည် ရှေးကအလှူ လှူဖက်ဖြစ်၍ သံဃာကို ရည်ရွယ်ပြီးလျှင် ကျောင်းကိုလည်း ဆောက်လုပ်ခဲ့ကုန်၏။

၃၁၄။ ငါတို့အားလုံးတို့သည် ထိုဘဝမှ စုတေကုန်လတ်သော် တာဝတိံသာဘုံသို့ ရောက်ခဲ့ကုန်၏၊ (ထိုဘုံ၌) အခြံအရံအားဖြင့် အမြတ်ဆုံးအဖြစ်သို့ ရောက်ခဲ့ကုန်၏၊ လူ့ဘုံတို့၌ (ဖြစ်ရသောအခါတို့တွင်)လည်း ထိုအတူပင်တည်း။

၃၁၅။ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ဗြာဟ္မဏမျိုးဖြစ်၍ များမြတ်သည့် အခြံအရံအကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်၍ အနွယ်အားဖြင့် ကဿပ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၃၁၆။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော လူတို့ကိုအစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏။

http://www.dhammadownload.com



၃၁၇။ ငါသည် ထိုမင်း၏ အကြီးဆုံးသမီးတော်ဖြစ်ခဲ့၏၊ သမဏီဟူ၍ ကျော်စောထင်ရှား၏၊ ဘုရားမြတ်၏တရားကို နာကြားရ၍ (ခမည်းတော်အား) ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားခဲ့၏။

၃၁၈-၃၁၉။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုခဲ့ချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာလျှင် ချမ်းသာသဖြင့် ကြီးပွါးကုန်သော မင်းသမီးများဖြစ်ပါလျက် အပျိုစင်အဖြစ်ဖြင့် မြတ်သော အကျင့်ကို အနှစ် နှစ်သောင်းတို့ပတ်လုံး မပျင်းမရိကျင့်ခဲ့ကုန်၏၊ သမီးတော် ခုနစ်ယောက်တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့ကုန်၏။

၃၂၀။ ယင်းသမီးတော် ခုနစ်ယောက် တို့ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခုဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၃၂၁။ (ယခုအခါ အစဉ်အတိုင်း) ငါသည်၎င်း ဥပ္ပလဝဏ်သည်၎င်း ပဋာစာရာသည်၎င်း ကုဏ္ဍလကေသာသည်၎င်း ကိသာဂေါတမီသည်၎င်း ဓမ္မဒိန္နာသည်၎င်း ခုနစ်ယောက်မြောက် ဝိသာခါသည်၎င်း ဖြစ်လေ၏။

၃၂၂။ တရံရောအခါ ထိုမြတ်စွာဘုရားသည် အံ့ဩဖွယ်ကောင်းသော မဟာနိဒါနသုတ္တန် ဖြစ်သော (ပဋိစ္စသမုပ္ပါဒ်) တရားတော်ကို ဟောတော်မူ၏၊ ထိုသုတ္တန်တရားကို ကြားနာ၍ သင်ယူခဲ့၏။

၃၂၃။ ကောင်းစွာ ပြုအပ်ကုန်သော ထိုကံတို့ကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၃၂၄။ ယခုနောက်ဆုံး ဖြစ်သောဘဝ၌လည်း သာကလပြည်တော်တွင် မဒ္ဒရာဇ်မင်း၏ မြတ်နိုးအပ် ကြင်နာအပ် ချစ်ခင်အပ်သော သမီးတော်ဖြစ်၏။

၃၂၅။ ငါမွေးဖွားသည်နှင့် တပြိုင်နက်ပင် ထိုမြို့၌ ဘေးရန်ကင်းလေ၏၊ ထို့ကြောင့် ငါ၏ အမည်သည် ခေမာဟုဂုဏ်အားဖြင့် ဖြစ်၏။

၃၂၆။ အကြင်အခါ ငါသည် တဆယ့်ခြောက်နှစ်အရွယ်ရောက်သည်ဖြစ်၍ တင့်တယ်သော ရုပ်ဆင်းဖြင့် တန်ဆာဆင်အပ်၏၊ ထိုအခါ ခမည်းတော်သည် ငါ့ကို ဗိမ္ဗိသာရမင်းအား ဆက်သလေ၏။

၃၂၇။ ငါသည် ထိုဗိမ္ဗိသာရမင်း၏ အလွန်ချစ်ခင်အပ်သော မိဖုရားဖြစ်ခဲ့၏၊ ရုပ်အဆင်းကို မြတ်နိုးခြင်း၌ ပျော်မွေ့ခဲ့၏၊ ရုပ်အဆင်းတို့၏အပြစ်ကို ပြောဟောလေ့ရှိ၏ဟူ၍ နှလုံးသွင်းလျက် မဟာကရုဏာရှင်ဖြစ်သော မြတ်စွာဘုရားထံသို့ မချဉ်းကပ်ခဲ့ချေ။

၃၂၈။ ထိုအခါ ဗိမ္ဗိသာရမင်းသည် ငါ့အား ချီးမြှောက်လိုသောဉာဏ်ပညာဖြင့် ဝေဠုဝန်ဥယျာဉ်ကို ချီးကျူး၍ သီချင်းသည်တို့ကို ငါ၏အထံ၌ သီဆိုစေ၏။

၃၂၉။ အကြင်သူသည် မြတ်စွာဘုရားကျောင်းတော်ဖြစ်သော ပျော်မွေ့ဖွယ်ကောင်းသော ဝေဠုဝန်ဥယျာဉ်ကို မမြင်ဘူးချေ၊ ထိုသူသည် (တာဝတိံသာနတ်ပြည်ရှိ) နန္ဒဝန်ဥယျာဉ်ကို မြင်ဘူးသည်မမည်ပေ၊ ငါတို့သည် ဤသို့ထင်မှတ်ပါကုန်၏။

http://www.dhammadownload.com



၃၃၀။ အကြင်သူသည် လူတို့အလွန်နှစ်သက်အပ်သော ဝေဠုဝန်ဥယျာဉ်ကို မြင်ဘူး၏၊ ထိုသူသည် သိကြားမင်း အလွန်နှစ်သက်အပ်သော နန္ဒဝန်ဥယျာဉ်ကို ကောင်းစွာမြင်ဘူး၏၊ (မြင်ဘူးသည် မည်ပေ၏)။

၃၃၁။ တာဝတိံသာနတ်တို့သည် နန္ဒဝန်ဥယျာဉ်ကို စွန့်ခွါ၍ မြေပြင်သို့ သက်ဆင်းပြီးလျှင် ပျော်မွေ့ဖွယ်ကောင်းသော ဝေဠုဝန်ဥယျာဉ်ကို ရှုမြင်ရကုန်သည်ရှိသော် အလွန်အံ့ဩနှစ်သက်ကုန်သည်ဖြစ်၍ မရောင့်ရဲနိုင်ကုန်။

၃၃၂။ အကြင်ဝေဠုဝန်ဥယျာဉ်သည် မင်း၏ဘုန်းကံကြောင့် ဖြစ်ပေါ်လာ၏၊ မြတ်စွာဘုရား၏ဘုန်းကံဖြင့် တန်ဆာဆင်ထား၏၊ ထိုဥယျာဉ်၏ ဂုဏ်အပေါင်းကို အဘယ်သူသည် အကြွင်းမဲ့ သိကုံးဖွဲ့ဆိုနိုင်ပါမည်နည်း။

၃၃၃။ ထိုအခါ ငါသည် ငါ၏နားနှင့် စိတ်ကို ဆွဲဆောင်နိုင်သော ထိုဥယျာဉ်၏ ပြည့်စုံပုံကို ကြားရသည်ရှိသော် ထိုဥယျာဉ်ကို ကြည့်ရှုလိုသည်ဖြစ်၍ မင်းအား လျှောက်ကြား၏။

၃၃၄။ ထိုအခါ ထိုမင်းကြီးသည်လည်း ကိုယ်တိုင်ကြောင့်ကြစိုက်၍ ထိုဥယျာဉ်ကို ကြည့်ခြင်းငှါ များစွာသောအခြံအရံဖြင့် ငါ့ကို စေလွှတ်လေ၏။

၃၃၅။ စည်းစိမ်ကြီးရှင်မ သွားပါချေလော့၊ မြတ်စွာဘုရား၏ရောင်ခြည်တော်တို့ဖြင့် တပ်စွဲသော အကြင်ဥယျာဉ်သည် အသရေဖြင့် အခါခပ်သိမ်းတောက်ပလျက်ရှိ၏၊ မျက်စိအရသာရှိသော ထိုဥယျာဉ်ကို ကြည့်ရှုပါလေလော့ (ဟု စေလွှတ်လေ၏)။

၃၃၆။ အကြင်အခါ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံကြွဝင်တော်မူ၏၊ ထိုအခါ၌သာလျှင် ငါသည် ဝေဠုဝန်ဥယျာဉ်ကို ကြည့်ရှုရန် ချဉ်းကပ်ခဲ့၏။

၃၃၇။ ထိုအခါ ထိုဥယျာဉ်သည် တတောလုံးပွင့်လျက် ရှိ၏၊ ပျားပိတုန်းအမျိုးမျိုးတို့ တစီစီမြည်လျက်ရှိ၏၊ ဥဩတို့၏သီချင်းသံနှင့်တကွဖြစ်၏၊ ဥဒေါင်းအပေါင်းတို့က ကခုန်လျက်ရှိ၏။

၃၃၈။ အသံတိတ်ဆိတ်လျက်ရှိ၏၊ လူတို့နှင့် ရောပြွမ်းခြင်းမရှိချေ၊ စင်္ကြံအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်လျက်ရှိ၏၊ ကျောင်းမဏ္ဍပ်တို့ဖြင့် ရောပြွမ်းလျက်ရှိ၏၊ ယောဂီမြတ်တို့ဖြင့်လည်း တင့်တယ်လျက် ရှိ၏။

၃၃၉။ ငါသည် ထိုဥယျာဉ်သို့ လှည့်လည်သည်ရှိသော် ငါ၏မျက်စိသည် အကျိုးရှိ၏ဟု ထင်မှတ်ခဲ့၏၊ ထိုဥယျာဉ်၌ ကမ္မဋ္ဌာန်းအားထုတ်နေသော ပျိုမျစ်နုနယ်သော ရဟန်းကိုလည်း တွေ့မြင်ရသည်ရှိသော် ဤသို့ စဉ်းစားဆင်ခြင်ခဲ့လေ၏။

၃၄၀။ ဤရဟန်းသည် နုပျိုသောအရွယ်၌ တည်၍ နှစ်သက်ဖွယ်ရုပ်အဆင်းနှင့် ပြည့်စုံပါလျက် ဤသို့သဘောရှိသော ပျော်မွေ့ဖွယ်ကောင်းသော ဥယျာဉ်၌ နေဘိ၏တကား။

၃၄၁။ ဒုကုဋ်သင်္ကန်းကိုခြုံသော ဤဦးပြည်းရဟန်းသည် သစ်ပင်ရင်း၌ ထိုင်လျက် အာရုံငါးပါး၌ဖြစ်သော ပျော်မွေ့ခြင်းကို စွန့်ပယ်၍ ဈာန်ဝင်စားဘိ၏တကား။

၃၄၂။ လူမည်သည်ကား ချမ်းသာအလျောက် ကာမဂုဏ်ကို ခံစားပြီးလျှင် အိုမင်းသော နောက်အခါမှ အလွန်ကောင်းသော ဤတရားကို ကျင့်ထိုက်သည် မဟုတ်ပါလော (ဟု စဉ်းစားဆင်ခြင်ခဲ့၏)။

http://www.dhammadownload.com



၃၄၃။ ဤဥယျာဉ်သည် တိတ်ဆိတ်၏၊ မြတ်စွာဘုရားမရှိဟု သိသဖြင့် ငါသည် မြတ်စွာဘုရားကျောင်းတော် ဂန္ဓကုဋီတိုက်သို့ ချဉ်းကပ်လတ်သော် တက်သစ်သော နေမင်းကဲ့သို့ မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၃၄၄။ ငါသည် တပါးတည်း ချမ်းသာစွာ သီတင်းသုံးနေလေ့ရှိသော မြတ်စွာဘုရားအား (နှတ်နှယ်တမျှ လုပသော) မိန်းမမြတ်တဦးသည် ယပ်ခတ်လျက်နေသည်ကို တွေ့မြင်ရ၍ ဤမြတ်စွာဘုရားသည် ကြမ်းတမ်းသောပုဂ္ဂိုလ်မဟုတ်ရာဟု ကြံစည်ခဲ့လေ၏။

၃၄၅။ ထိုသတို့သမီးပျိုသည် ရွှေကဲ့သို့ အရောင်အဆင်းရှိပေ၏၊ ပဒုမာကြာကဲ့သို့ မျက်နှာ မျက်လုံးရှိပေ၏၊ ကျီးအာသီးကဲ့သို့ (နီမြန်းသော) နှုတ်ခမ်းရှိ၏၊ သင်းခွေပန်းကဲ့သို့ (ဖြူဖွေးသော)သွားရှိပေ၏၊ စိတ်နှင့် မျက်စိတို့၏အရသာကို ဖြစ်စေပေ၏။

၃၄၆။ ရွှေအေးယာဉ်နှင့်တူသော နားရှိပေ၏၊ တည်သီးရင့်သဖွယ် သားမြတ်နှစ်သွယ်ရှိပေ၏၊ ပွတ်တိုင်အလယ်ကဲ့သို့ သေးသွယ်သောခါးရှိပေ၏၊ ငှက်ပျောတုံးသဖွယ် တင့်တယ်စွာ တန်ဆာဆင်ထားသော ပေါင်လည်းရှိပေ၏။

၃၄၇။ နီသော(အတွင်းခံ)အဝတ်နှင့် အပေါ်ရုံ(တဘက်)လည်း ရှိပေ၏၊ ချောညက်သော အညိုရောင်ခါးဝတ်ထမီလည်း ရှိပေ၏၊ မရောင့်ရဲနိုင်သော ရုပ်အဆင်းနှင့်တကွ ပြုံးရွှင်သော အမူအရာနှင့်လည်း ပြည့်စုံပါပေ၏။

၃၄၈။ ထိုသတို့သမီးပျိုကို တွေ့မြင်ရသည်ရှိသော် ဤသတို့သမီးပျိုသည် အလွန်အဆင်းလှပါပေစွ၊ ငါသည် ဤမျက်စိဖြင့် တရံတခါမျှ (ဤသို့ လှပသော သတို့သမီးကို) မမြင်ခဲ့ဘူးပေ(ဟု ငါသည် ဤသို့ ကြံစည်ခဲ့လေ၏)။

၃၄၉။ ထို့နောက် ထိုသတို့သမီးပျိုသည် အိုခြင်းတရားဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ အဆင်းပျက်လျက် ဖောက်ပြန်သော မျက်နှာရှိလေ၏၊ ကျိုးပျက်သော သွားရှိ၏၊ ဖြူသော (ဆံပင်)ဦးခေါင်းရှိ၏၊ တံထွေးနှင့်တကွ မစင်ကြယ်သော ခံတွင်းရှိလေ၏။

၃၅၀။ ထိုသတို့သမီးပျိုသည် နားတွန့်ရှုံ့၏၊ ဖြူသောမျက်လုံးရှိလေ၏၊ တွဲရရွဲကျ၍ မတင့်တယ်သော သားမြတ်ရှိ၏၊ အရေတွန့်သော အလုံးစုံသော ကိုယ်အင်္ဂါရှိ၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ခန္ဓာရှိလေ၏။

၃၅၁။ ထိုသတို့သမီးပျိုသည် ကိုယ်အင်္ဂါညွတ်ကိုင်း၏၊ တောင်ဝှေးသာ အဖော်ရှိလေ၏၊ နံရိုးကျဲလျက် ပိန်ကြုံသော ကိုယ်ရှိလေ၏၊ ခဏခဏ ရှိုက်ရှူကာ တုန်လှုပ်လျက် လည်းကျလေ၏။

၃၅၂။ ထိုအခါ ငါ့အား ရုပ်အဆင်းသည် မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏၊ ယင်းရုပ်အဆင်း၌ မိန်းမမိုက်တို့သည် ပျော်မွေ့လျက် ရှိကုန်၏ဟု ထိတ်လန့်ခြင်း 'သံဝေဂ' နှင့် ကြက်သီးမွေးညှင်းထခြင်းသည် မဖြစ်စဘူးဖြစ်လေ၏။

၃၅၃။ ထိုအခါ မဟာကရုဏာရှင် မြတ်စွာဘုရားသည် ထိတ်လန့်သောစိတ်ရှိသော ငါ့ကို မြင်၍ တက်ကြွသောစိတ်ရှိလျက် မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏—

http://www.dhammadownload.com



၃၅၄။ ချစ်သမီး ခေမာ နာကျင်ခြင်း မစင်ကြယ်ခြင်းသဘောရှိသော အထက်သို့ လျှံတက်၍ အောက်သို့ယိုစီးခြင်းသဘောရှိသော သူမိုက်တို့သာ တွယ်တာ နှစ်သက်အပ်သော ဤခန္ဓာကိုယ်ကောင်ပုပ်ကို ရှုစမ်းပါလော့။

၃၅၅။ မတင့်တယ်သော အသုဘအားဖြင့် စိတ်ကို အာရုံတခုတည်းရှိလျက် ကောင်းစွာ တည်တံ့အောင် ပွါးများစေပါလော့၊ သင့်အား ကိုယ်၌ဖြစ်သောအောက်မေ့ခြင်း 'ကာယဂတာသတိ 'သည် ဖြစ်စေပါလော့၊ များစွာ ငြီးငွေ့ခြင်းသည် သင့်အား ဖြစ်စေပါလော့။

၃၅၆။ ဤခန္ဓာကိုယ်ကဲ့သို့ ထိုအတူ ထိုခန္ဓာကိုယ်သည်ရှင်း ထိုခန္ဓာကိုယ်ကဲ့သို့ ထိုအတူ ဤခန္ဓာကိုယ်သည်ရှင်း ဖြစ်ပေ၏၊ (ထို့ကြောင့်) အတွင်း (မိမိ) ခန္ဓာကိုယ်၌ရှင်း အပ (သူတပါး)ခန္ဓာကိုယ်၌ရှင်း တပ်နှစ်သက်ခြင်းကို ကင်းကွာစေလော့။

၃၅၇။ နိမိတ်မရှိသော(အနိစ္စသညာ)ဝိပဿနာကိုလည်း ပွါးများလေလော့၊ မာနာနုသယကိုလည်း စွန့်ပယ်ပါလော့၊ ထိုမာနကို စွန့်ပယ်ခြင်းကြောင့် ငြိမ်းအေးလျက် လှည့်လည်ရလတ္တံ့။

၃၅၈။ ပင့်ကူသည် ကိုယ်တိုင်ပြုအပ်သော (ပင့်ကူမျှင်) ကွန်ရက်သို့ အစဉ်လိုက်သကဲ့သို့ အကြင်သူတို့သည် ရာဂဖြင့် တပ်စွန်းကုန်လျက်(ကိုယ်တိုင်ပြုအပ်သော ရာဂ)အယဉ်သို့ အစဉ်လိုက်ကုန်၏၊ (ထိုသူတို့သည်) ဤရာဂကိုလည်း ဖြတ်၍ ငဲ့ကွက်ခြင်း မရှိပဲ ကာမချမ်းသာကို ပယ်စွန့်လျက် ကျင့်ကုန်၏(ဟု ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏)။

၃၅၉။ ထို့နောက် မြတ်စွာဘုရားသည် သင့်လျော်သော စိတ်ရှိသော ငါ့ကို သိ၍ ငါ့အား ဆုံးမခြင်းငှါ မဟာနိဒါနသုတ္တန်ဖြစ်သော(ပဋိစ္စသမုပ္ပါဒ်)တရားကို ဟောတော်မူ၏။

၃၆၀။ ငါသည် ထိုသုတ္တန်တရားတော်မြတ်ကို ကြားနာရ၍ ရှေးကဖြစ်ဘူးသော အမှတ်သညာကို အစဉ်အောက်မေ့ပြီ၊ ငါသည် ထိုနေရာ၌ တည်လျက်ပင် ငြိမ်းအေးလျက် တရားမျက်စိ(သောတာပတ္တိမဂ်ဉာဏ်)ကို သုတ်သင်၏။

၃၆၁။ ထိုအခါ ငါသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ တုပ်ဝပ်၍ အပြစ်ကို (ဝန်ခံ) ပြောကြားခြင်းငှါ ဤစကားကို လျှောက်ထား၏—

၃၆၂။ အလုံးစုံသော တရားကို သိမြင်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ သံသရာကို ကူးမြောက်ပြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးပါ၏။

၃၆၃။ မိစ္ဆာဒိဋ္ဌိတောအုပ်သို့ ပြေးဝင်လျက် ကာမရာဂဖြင့် ပြင်းစွာတွေဝေသော အကျွန်ုပ်သည် အကြောင်းဉပါယ်အားဖြင့် အရှင်ဘုရားသည် ကောင်းစွာ ဆုံးမတော်မူအပ်သည်ဖြစ်၍ သာသနာတော်၌ ပျော်မွေ့လျက် ရှိပါ၏။

၃၆၄။ ထိုသို့ သဘောရှိသော မြတ်စွာဘုရားတို့ကို မဖူးမြင်ရခြင်းကြောင့် ကွေ့ကွင်းလျက်ရှိသော သူတို့သည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ ကြီးစွာသော ဆင်းရဲကို ခံစားနေရပါကုန်၏။

http://www.dhammadownload.com



၃၆၅။ အကျွန်ုပ်သည် လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော ကိလေသာကင်းတော်မူသော ကိလေသာကင်းခြင်း၏ အဆုံးသို့ရောက်တော်မူသော မြတ်စွာဘုရားကို အနီး၌ တည်ရှိပါလျက် မဖူးမြင်ခဲ့ပါ၊ ထိုအပြစ်ကို လျှောက်ကြားပါ၏။

၃၆၆။ အကျွန်ုပ်သည် အဆင်း၌ မွေ့လျော်သည်ဖြစ်၍ အကျိုးမဲ့ဟု မှတ်ထင်လျက် အကျိုးကို များစွာဆောင်တော်မူသော မြတ်သော နိဗ္ဗာန်ကို ပေးတော်မူသော မြတ်စွာဘုရားထံသို့ မချဉ်းကပ်ခဲ့ပါ၊ ထိုအပြစ်ကို လျှောက်ကြားပါ၏ (ဟု ဤစကားကို လျှောက်ထားလေ၏)။

၃၆၇။ ထိုအခါ ချီးသာသော အသံရှိတော်မူ၍ မဟာကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် ငါ့ကို အမြိုက်ရေစင်ဖြင့် သွန်းလောင်းတော်မူလျက် ခေမာ ရှိပါစေတော့ဟု မိန့်တော်မူ၏။

၃၆၈။ ထိုအခါ ငါသည် ထိုမြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပြီးလျှင် အရိုအသေပြုလျက် (ပြန်) သွားလတ်သော် မင်းကြီးကို ဖူးမြင်၍ ဤစကားကို လျှောက်ထားခဲ့၏-

၃၆၉။ အရှင်မင်းမြတ် အရှင်သည် ကောင်းစွာ ကြံစည်အပ်သော ဤအကြောင်းဥပါယ်သည် အံ့ဩဖွယ် ရှိပါပေစွ၊ ဝေဠုဝန်ဥယျာဉ်ကို ကြည့်ရှုလိုသော အကျွန်ုပ်သည် ကိလေသာကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရပါ၏။

၃၇၀။ အရှင်မင်းမြတ် အရှင်သည် အကယ်၍ နှစ်သက်ပါမူ အကျွန်ုပ်သည် မြတ်စွာဘုရား၏ (တရား) စကားတော်ကြောင့် ရုပ်အဆင်း၌ ငြီးငွေ့သည်ဖြစ်၍ ထိုမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပါတော့အံ့ (ဟု လျှောက်ထားလေ၏)။

နှစ်ခုမြောက် ဘာဏဝါရ ပြီး၏။

၃၇၁။ ထိုအခါ ထိုမင်းကြီးသည် လက်အုပ်ချီ၍ ရှင်မ သင့်အား ခွင့်ပြုပါ၏၊ သင်၏ ရဟန်းအဖြစ်သည် ပြည့်စုံပါစေ (ဟု မိန့်ဆို၏)။

၃၇၂။ ထိုအခါ ငါသည် ရဟန်းပြုပြီး၍ လခွဲအနီး၌ တည်လတ်သော် ဆီမီးတိုင်၏ ဖြစ်ခြင်း (ဆီမီးလျှံ) ကိုရင်း ပျက်စီးခြင်းကိုရင်း တွေ့မြင်ရသောကြောင့် ထိတ်လန့်သောစိတ်ရှိသည် ဖြစ်၍—

၃၇၃။ အလုံးစုံသော သင်္ခါရ၌ ငြီးငွေ့ပြီးလျှင် ပဋိစ္စသမုပ္ပါဒ်၌ ကျွမ်းကျင်လျက် ဩဃ လေးပါးတို့ကို လွန်မြောက်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

၃၇၄။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌လည်း လေ့လာပြီးသူ ဖြစ်၏၊ ဒိဗ္ဗသောတအဘိညာဉ်နှင့် စေတောပရိယအဘိညာဉ်ကိုလည်း လေ့လာပြီးသူ ဖြစ်၏။

၃၇၅။ ရှေးဘဝ၌နေဘူးသော ခန္ဓာအစဉ်ကို သိပေ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပေပြီ၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းပေပြီ၊ ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိတော့ချေ။

၃၇၆။ မြတ်စွာဘုရားသာသနာတော်၌ အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့၌ရင်း ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၌ရင်း စင်ကြယ်သောဉာဏ်သည် ငါ့အား ဖြစ်ပြီ။

http://www.dhammadownload.com



၁၇၇။ ငါသည် ဝိသုဒ္ဓိတို့၌ ကျွမ်းကျင် လိမ္မာ၏၊ ကထာဝတ္ထုကျမ်း၌ ရဲရင့်၏၊ အဘိဓမ္မာနည်းကို သိ၏၊ သာသနာတော်၌ ဂုဏ်သိဘော်သို့ ရောက်သူ ဖြစ်၏။

၁၇၈။ ထို့နောက် ငါသည် တောရဏဝတ္ထု၌ ကောသလတိုင်းရှင် ဘုရင်မင်းကြီးသည် မေးအပ်သည်ဖြစ်၍ သိမ်မွေ့သော ပြဿနာတို့ကို အမှန်အတိုင်း ဖြေကြားခဲ့ပေ၏။

၁၇၉။ ထိုအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍(တဖန်) မေးလျှောက်၏၊ မြတ်စွာဘုရားသည် ထိုပြဿနာတို့ကို ငါဖြေကြားသည့်အတိုင်းပင် ဖြေကြားတော်မူ၏။

၁၈၀။ လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်တော်မူသည်ဖြစ်၍ ပညာကြီးသော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဟု 'ငါ့'ကို တေဒဂ်အရာ၌ ထားတော်မူ၏။

၁၈၁။ ငါသည် ကိလေသာတို့ကို။ပ။ အာသဝမရှိပဲ နေရ၏။

၁၈၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ခေမာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ရှစ်ခုမြောက် ခေမာထေရီအပဒါန် ပြီး၏။**

---

## ၉-ဥပ္ပလဝဏ္ဏာထေရီအပဒါန်

၁၈၄။ တန်ခိုးအဘိညာဉ်၏ အပြီးအဆုံးသို့ ရောက်သော ဥပ္ပလဝဏ် ရဟန်းမသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ဤစကားကို လျှောက်ထားလေ၏—

၁၈၅။ မြတ်စွာဘုရား အရှင်ဘုရားအား လျှောက်ပါ၏၊ အကျွန်ုပ်သည် ဘဝသံသရာကို ကူးမြောက်ပြီးပါပြီ၊ တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်သို့ ရောက်ပါပြီ၊ အကျွန်ုပ်အား အလုံးစုံသော ဆင်းရဲဒုက္ခသည် ကုန်ပါပြီ(ဟု လျှောက်ကြားပါ၏)။

၁၈၆။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုကုန်သော ပရိသတ်တို့သည် အကြွင်းမျှလောက် ရှိပါကုန်၏၊ အကျွန်ုပ်၏ အပြစ်သည် ယင်းပရိသတ်အပေါ်၌ (အကယ်၍)ရှိငြားအံ့၊ ထိုပရိသတ်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ သည်းခံကြပါကုန်။

၁၈၇။ မြတ်စွာဘုရား အရှင်ဘုရားအား လျှောက်ပါ၏၊ သံသရာ၌ ကျင်လည်ရစဉ် အကျွန်ုပ်၏ ချွတ်ယွင်းချက် အပြစ်သည် အကယ်၍ ရှိခဲ့ပါမူ ထိုအပြစ်ကို သည်းခံတော်မူပါ အရှင်ဘုရား(ဟု ဤစကားကို လျှောက်ထားလေ၏)။

http://www.dhammadownload.com



၃၇၇။ ငါ၏အဆုံးအမကို လိုက်နာလေ့ရှိသော ဥပ္ပလဝဏ် (သင်သည်) တန်ခိုးကိုလည်း ပြဦးလော့၊ အကြင်မျှလောက် ပရိသတ်လေးပါးတို့သည် ရှိကုန်၏၊ (ထိုပရိသတ်တို့၏) ယုံမှားခြင်းကို ယနေ့ဖြတ်တောက်လေလော့။

၃၇၉။ ပညာရှိတော်မူသော အလင်းရောင်ကိုဆောင်တော်မူသော ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား (အကျွန်ုပ်သည်) အရှင်ဘုရား၏ သမီးတော်ပါတည်း၊ အကျွန်ုပ်သည် များစွာပြုနိုင်ခဲ့သော အမှုကိုရင်း အလွန်ပြုနိုင်ခဲသောအမှုကိုရင်း ပြုခဲ့ပါပြီ။

၃၈၀။ စက္ခုငါးမျိုးရှိတော်မူသောမြတ်စွာဘုရား အကျွန်ုပ်၏ အဆင်းသည် ကြာညိုပန်းနှင့်တူသော အဆင်းရှိသည် ဖြစ်၍ အမည်အားဖြင့် ဥပ္ပလဝဏ်အမည်ရှိပါ၏၊ တပည့်'သာဝိကာမ' ဖြစ်သော အကျွန်ုပ်သည် အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

၃၈၁။ ရာဟုလာသည်ရင်း အကျွန်ုပ်သည်ရင်း အရာမကသော ဘဝများစွာတို့ပတ်လုံး တဝမ်းတည်း၌ ဖြစ်ကုန်၍ တူမျှသော စိတ်ဆန္ဒရှိပါကုန်၏။

၃၈၂။ ဖြစ်ရာဘဝအားဖြင့်လည်း တပေါင်းတည်းဖြစ်ပါ၏၊ ဇာတ်အားဖြင့်လည်း တမျိုးတည်း ဖြစ်ပါ၏၊ နောက်ဆုံးဘဝသို့ ရောက်လတ်သော် နှစ်ဦးလုံးတို့သည် အသီးအသီးသော အမိဝမ်း၌ ဖြစ်ခဲ့ပါကုန်၏။

၃၈၃။ သားတော်သည်ကား ရာဟုလာအမည်ရှိ၏၊ သမီးတော်သည်ကား ဥပ္ပလဝဏ်အမည်ရှိ၏၊ ကြီးသော လုံ့လရှိတော်မူသောမြတ်စွာဘုရား အကျွန်ုပ်၏တန်ခိုးကို ကြည့်ရှုတော်မူပါ၊ မြတ်စွာဘုရားအား (အကျွန်ုပ်၏) အစွမ်းအားကို ပြပါတော့အံ့။

၃၈၄။ ကစားသောသူငယ်သည် ဆီကိုလက်၌ ထည့်ထားသကဲ့သို့ သမုဒ္ဒရာကြီးလေးစင်းတို့ကို လက်ဖဝါးခွက်၌ ထည့်ထားလေ၏။

၃၈၅။ နုပျိုသောသူငယ်သည် ဆန်းကြယ်သော ဖြူဆံမြက်ကို နုတ်သကဲ့သို့ မြေကြီးကို အထက်သို့ မ-လှန်၍ လက်ဖဝါးခွက်၌ ထည့်ထားလေ၏။

၃၈၆။ အဆင်းအမျိုးမျိုးရှိသော မိုးပေါက်ကို အကြိမ်ကြိမ်ရွာစေ၍ စကြဝဠာနှင့်ညီမျှသော လက်ဝါးကို ဦးထိပ်၌ ဆောင်းမိုးလျက်—

၃၈၇။ မြေကြီးကို ဆုံပြုပြီးလျှင် ကျောက်စရစ်ခဲကို စပါးပြုကာ မြင့်မိုရ်တောင်ကို ကျည်ပွေ့ပြုလျက် သူငယ်မကဲ့သို့ ထောင်းထုလေ၏။

၃၈၈။ အကျွန်ုပ်သည် ဘုရားမြတ်၏ သမီးတော်ပါတည်း၊ အမည်အားဖြင့် ဥပ္ပလဝဏ်အမည်ရှိပါ၏၊ အဘိညာဉ်တို့၌ လေ့လာပြီးဖြစ်ပါ၏၊ အရှင်ဘုရား၏အဆုံးအမတော်ကို လိုက်နာလေ့ရှိပါ၏။

၃၈၉။ မြတ်စွာဘုရား အကျွန်ုပ်သည် အမျိုးမျိုးတန်ခိုးဖန်ဆင်းခြင်းကို ပြုလျက် မြတ်စွာဘုရားကို ပြပြီးလျှင် အမည်အနွယ်ကိုလည်း လျှောက်ကြား၍ (အရှင်ဘုရား၏) ခြေတော်တို့ကို ရှိခိုးပါ၏။

၄၀၀။ မြတ်စွာဘုရား(အကျွန်ုပ်သည်) ဣဒ္ဓိဝိဓအဘိညာဉ်၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတအဘိညာဉ်နှင့် စေတောပရိယအဘိညာဉ်ကိုလည်း လေ့လာပြီးဖြစ်ပါ၏။

http://www.dhammadownload.com



၄၀၁။ ရှေးရှေးဘဝ၌နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်ခဲ့ပါ၏၊ အလုံးစုံသောအာသဝတို့ကုန်ခန်းပါကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပြီ။

၄၀၂။ မြတ်စွာဘုရား၏ (သာသနာတော်၌) အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌၎င်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌၎င်း ဉာဏ်သည် မိမိသဘောအားဖြင့် အကျွန်ုပ်အား အညစ်အကြေးကင်းလျက် စင်ကြယ်ခဲ့ပါပြီ။

၄၀၃။ မြတ်စွာဘုရား ရှေး၌ဖြစ်ကုန်သော ဘုရားမြတ်တို့၏ အထံ၌ ဆည်းကပ်ခြင်းဖြင့် ညွှန်ပြအပ်သော အရှင်ဘုရားအား ဖူးမြင်ရခြင်း၏ အကျိုးငှါ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏။

၄၀၄။ မြတ်စွာဘုရား အကျွန်ုပ်သည် အကြင်ကုသိုလ်ကံကို ဖြည့်ကျင့်ခဲ့ပါ၏၊ (အကျွန်ုပ်၏) ထိုကုသိုလ်ကံကို အောက်မေ့တော်မူပါ၊ မြတ်စွာဘုရား အရှင်ဘုရားအား ဖူးမြင်ရခြင်း အကျိုးငှါ အကျွန်ုပ်သည် ကုသိုလ်ကောင်းမှုကို ဆည်းပူးခဲ့ပါ၏။

၄၀၅။ မြတ်စွာဘုရား အကျွန်ုပ်သည် မထိုက်တန်သောအရာဌာနကို ရှောင်ကြဉ်၍ မလျော်သော အကျင့်ကို တားမြစ်လျက် အရှင်ဘုရားအား (ဖူးမြင်ရခြင်း) အကျိုးငှါ (အကျွန်ုပ်၏) မြတ်သော အသက်ကို စွန့်လွှတ်ခဲ့ပါ၏။

၄၀၆။ အကျွန်ုပ်သည် (ဘဝပေါင်း) ကုဋေတသောင်းတို့တိုင်အောင် အကျွန်ုပ်၏ အသက်ကို လှူဒါန်းခဲ့ပါ၏၊ မြတ်စွာဘုရား အရှင်ဘုရား၏အကျိုးငှါ အကျွန်ုပ်သည် အသက်ကို စွန့်လွှတ်ခဲ့သူလည်း ဖြစ်ပါ၏။

၄၀၇။ ထိုအခါ ပရိသတ်အားလုံးသည် အလွန်အံ့ဩကြသည်ဖြစ်၍ ဦးခေါင်း၌ လက်အုပ်ချီလျက်သာလျှင် အရှင်မ အရှင်မသည် အဘယ်သို့အတုမရှိသော တန်ခိုးရှိသူ လုံ့လရှိသူဖြစ်ခဲ့ပါသနည်းဟု လျှောက်လေ၏။

၄၀၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ (အကျွန်ုပ်သည်) နဂါးသတို့သမီးဖြစ်ခဲ့၏၊ ထိုအခါ အမည်အားဖြင့် ဝိမလာဟု ထင်ရှား၏၊ သတို့သမီးတို့တွင် သူတော်ကောင်းဟု သမုတ်ခံရပေ၏။

၄၀၉။ မဟောရဂမည်သော နဂါးမင်းကြီးသည် မြတ်စွာဘုရားသာသနာ၌ ကြည်ညို၍ ကြီးသော တန်ခိုးရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို တပည့်သာဝကနှင့်တကွ ပင့်ဖိတ်လေ၏။

၄၁၀။ ထိုအခါ နဂါးမင်းသည် ရတနာဖြင့်ပြီးသော မဏ္ဍပ်ကိုရင်း ရတနာဖြင့်ပြီးသော ပလ္လင်ကိုရင်း သဲဖြင့်ရောပြွမ်းသော ရတနာကိုရင်း ရတနာဖြင့်ပြီးသော အသုံးအဆောင်ကိုရင်း—

၄၁၁။ ရတနာတံခွန်တို့ဖြင့် တန်ဆာဆင်သော လမ်းကိုရင်း စီရင်စေ၏၊ ထိုနဂါးမင်းကြီးသည် တူရိယာတို့ဖြင့် တီးမှုတ်လျက် မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍—

http://www.dhammadownload.com



၄၁၂။ ပရိသတ်လေးပါးတို့ဖြင့် ခြံရံအပ်သောမြတ်စွာဘုရားသည် မဟောရဂနဂါးမင်းကြီး၏ ဘုံဗိမာန်တွင် မြတ်သောနေရာ၌ ထိုင်နေတော်မူလေ၏။

၄၁၃။ နဂါးမင်းသည် များသော အခြံအရံရှိသော မြတ်စွာဘုရားအား မြတ်သောသူတို့အားသာ ထိုက်တန်သော အမြတ်ဆုံးထမင်းအဖျော်ကိုရင်း ခဲဖွယ်ဘောဇဉ်ကိုရင်း လှူဒါန်းလေ၏။

၄၁၄။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်ကိုဆေးပြီးလျှင် သင့်လျော်သော အကြောင်းအားဖြင့် အနုမောဒနာပြုလေ၏။ (တရားနာပရိသတ်ဖြစ်ကုန်သော) နဂါးသတို့သမီးတို့သည် တန်ခိုးကြီးကုန်၏။

၄၁၅။ နဂါးသတို့သမီးတို့သည် များသော အခြံအရံရှိသော (ဉာဏ်တော်ဖြင့်) ပွင့်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရကုန်သည်ရှိသော် မြတ်စွာဘုရားအား ကြည်ညိုသောစိတ်သည်ရင်း (ဘုရားအာရုံဖြင့်)ကောင်းစွာဖွဲ့အပ်သောစိတ်သည်ရင်း ဖြစ်ပေါ် လေကုန်၏။

၄၁၆။ ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ငါ၏စိတ်ကိုသိ၍ ထိုခဏ၌ ရဟန်းမကို တန်ခိုးပြစေတော်မူ၏။

၄၁၇။ တန်ခိုးပြခြင်း၌ ရဲရင့်သော ထိုရဟန်းမသည် များစွာသောတန်ခိုးတို့ကို ပြလေ၏၊ (ထိုအခါ ငါသည်) ဝမ်းမြောက် နှစ်သက်သည်ဖြစ်၍ မြတ်စွာဘုရားအား ဤစကားကို မေးလျှောက်ခဲ့၏—

၄၁၈။ အကျွန်ုပ်သည် ဤရဟန်းမ၏ ဤဝမ်းမြောက်ဖွယ်ရှိသော တန်ခိုးတော်ကို တွေ့မြင်ရပါ၏၊ မြတ်စွာဘုရား ထိုရဟန်းမသည် အဘယ့်ကြောင့် တန်ခိုး၌ အလွန်ရဲရင့်သူ ဖြစ်ပါသနည်း (ဟု ဤစကားကို မေးလျှောက်ခဲ့၏)။

၄၁၉။ ငါ၏ရင်၌ ဖြစ်သောသမီးတော်သည်(တရားတည်းဟူသော)ခံတွင်းမှ မွေးဖွားလျက် ကြီးမားသော တန်ခိုးရှိပေ၏၊ ငါ၏အဆုံးအမကို လိုက်နာပြုကျင့်တတ်ပေ၏၊ (ထို့ကြောင့်) တန်ခိုး၌ အလွန်ရဲရင့်သူဖြစ်ပေ၏(ဟုဖြေတော်မူ၏)။

၄၂၀။ ထိုအခါ ငါသည် မြတ်စွာဘုရား၏စကားကို ကြားနာရ၍ ငါသည်လည်း တန်ခိုး၌ အလွန်ရဲရင့်လျက် ထိုကဲ့သို့သောရဟန်းမမျိုး ဖြစ်ရပါလို၏ဟု ဤသို့ဆုတောင်းခဲ့၏။

၄၂၁။ ငါသည် အလွန်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရား အကျွန်ုပ်သည် အနာဂတ်ကာလ၌ ဤသို့သဘောရှိသော ရဟန်းမ ဖြစ်ရပါလို၏ဟု မြင့်မြတ်သောစိတ်ဖြင့် ဆုတောင်းခဲ့ပါ၏။

၄၂၂။ ပတ္တမြားဖြင့်ပြီးသော ပလ္လင်၌ရင်း ပြိုးပြိုးပြက်သောအရောင်ရှိသော မဏ္ဍပ်၌ရင်း သံဃာနှင့်တကွသော မြတ်စွာဘုရားကို ထမင်းအဖျော်ဖြင့် ရောင့်ရဲစေပြီးလျှင်—

၄၂၃။ အကျွန်ုပ်၏ အဆင်းသည် ဤသို့သဘောရှိသည် ဖြစ်ပါစေသော်ဟု (ဆုတောင်းလျက်)နဂါးတို့၏အရှုဏမည်သော ကြာညိုပန်းမြတ်ကို မြတ်စွာဘုရားအား ပူဇော်ခဲ့၏။

၄၂၄။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၄၂၅။ ငါသည် ထိုဘုံမှ စုတေလတ်သော် လူ့ဘုံ၌ ဖြစ်ခဲ့၏၊ ငါသည် မြတ်စွာဘုရားအား ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ဆွမ်းကိုလှူဒါန်းခဲ့၏။

၄၂၆။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ရှုချင်စဖွယ် တင့်တယ်တော်မူသော အလုံးစုံသော တရားတို့၌ ပညာမျက်စိရှိတော်မူသော ဝိပဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၄၂၇။ ထိုအခါ ငါသည် ဗာရာဏသီမြို့တော်၌ သူဌေးသမီးဖြစ်၍ လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို သံဃာနှင့်တကွ ပင့်ဖိတ်ပြီးလျှင်—

၄၂၈။ ကြီးကျယ်သော အလှူကို လှူပြီးသော် မြတ်စွာဘုရားကို ကြာညိုပန်းတို့ဖြင့် ပူဇော်လျက် အဆင်းလှပတင့်တယ်ခြင်းကို စိတ်ဖြင့်သာလျှင် တောင့်တခဲ့၏။

၄၂၉။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များစွာမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၍ အနွယ်အားဖြင့် ကဿပ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၄၃၀။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်သော လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏။

၄၃၁။ ငါသည် ထိုမင်း၏ သမဏဂုတ္တာအမည်ရှိသော ဒုတိယသမီးတော်ဖြစ်ခဲ့၏၊ ဘုရားမြတ်၏ တရားတော်ကို နာကြားရ၍ (ခမည်းတော်အား) ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ကြား၏။

၄၃၂-၄၃၃။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုခဲ့ချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာ လျှင် ချမ်းသာသဖြင့် ကြီးပွါးကုန်သော မင်းသမီးများ ဖြစ်ပါလျက် အပျိုစင် အဖြစ်ဖြင့် မြတ်သော အကျင့်ကို အနှစ်နှစ်သောင်းတို့ပတ်လုံး မပျင်းမရိကျင့်ခဲ့ကုန်၏၊ သမီးတော် ခုနစ်ယောက်တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲ ပျော်မွေ့ခဲ့ကုန်၏။

၄၃၄။ ယင်းသမီး ခုနစ်ယောက်တို့ ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခု ဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၄၃၅။ (ယခုအခါ အစဉ်အတိုင်း) ပညာရှိသော ခေမာသည်၎င်း ငါသည်၎င်း ပဋာစာရာ သည်၎င်း ကုဏ္ဍလကေသာသည်၎င်း ကိသာဂေါတမီသည်၎င်း ဓမ္မဒိန္နာသည်၎င်း ခုနစ် ယောက်မြောက် ဝိသာခါသည်၎င်း ဖြစ်၏။

၄၃၆။ ကောင်းစွာပြုအပ်ကုန်သော ထိုကံတို့ကြောင့်၎င်း စေတနာ တောင့်တမှုတို့ကြောင့် ၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄၃၇။ ငါသည် တာဝတိံသာဘုံမှ စုတေလတ်သော် လူ့ဘုံတွင် မြတ်သော အမျိုး၌ ဖြစ်ခဲ့၏၊ ငါသည် ရဟန္တာအား နူးညံ့ပြေပြစ်သော ရွှေရောင်ပုဆိုးမြတ်ကို လှူဒါန်းခဲ့၏။

၄၃၈။ ငါသည် ထိုဘဝမှ စုတေလတ်သော် အရိဋ္ဌပြည်တွင် ဗြာဟ္မဏမျိုး၌ တိရိဋိဝစ္ဆ၏ သမီးဖြစ်၍ (ယောကျ်ားတို့၏)စိတ်ကို ဆွဲဆောင်နိုင်သော ဥမ္မာဒန္တီ သတို့သမီး ဖြစ်ခဲ့၏။

http://www.dhammadownload.com



၄၃၉။ ငါသည် ထိုဘဝမှ စုတေလတ်သော် ဇနပုဒ်တွင် (အလွန်)ကြွယ်ဝသော တခုသော အမျိုး၌ မွေးဖွား၏၊ ထိုအခါ ငါသည် သလေးခင်းကို စောင့်ရှောက်ရ၏။

၄၄၀။ ငါသည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍ ပဒုမာကြာဖြင့် ဖုံးလွှမ်းအပ်သော ပေါက်ပေါက် ငါးရာတို့ကို လှူပြီးလျှင် သားငါးရာတို့ကို ဆုတောင်းခဲ့၏။

၄၄၁။ ထိုသားဖြစ်ထိုက်သော သူတို့သည်လည်း ပစ္စေကဗုဒ္ဓါအား ပျားရည်ကို လှူ၍ (ဤသတို့သမီး၏သား ဖြစ်လိုကုန်၏ဟု) ဆုတောင်းခဲ့ကုန်၏၊ ငါသည် ထိုဘဝမှ စုတေလတ်သော် တောတွင် ပဒုမာကြာတိုက်၌ ဖြစ်ခဲ့၏။

၄၄၂။ ငါသည် ရိုသေခြင်း ပူဇော်ခြင်း ခံရသော ကာသိမင်း၏ မိဖုရားဖြစ်၍ မယုတ်လျော့သော မင်းသား ငါးရာတို့ကို မွေးဖွားခဲ့၏။

၄၄၃။ အကြင်အခါ ထိုသားငါးရာတို့သည် အရွယ်သို့ ရောက်လတ်ကုန်၍ ရေကစားကုန်စဉ် ရင့်ရော်ကြွေကျသော ပဒုမာကြာကို မြင်ရခြင်းကြောင့် ပစ္စေကဗုဒ္ဓါတို့ ဖြစ်ကုန်၏။

၄၄၄။ ထိုငါသည် ရဲရင့်သော ထိုသားတော်တို့နှင့် ကွေကွင်းခြင်းကြောင့် လွှမ်းဆွတ်ပူဆွေးလျက် စုတေလတ်သော် ငါသည် ဣသိဂိလိတောင်နံပါးရွာငယ်၌ မွေးဖွားခဲ့၏။

၄၄၅။ အကြင်အခါ (အရွယ်အားဖြင့်) ကြီးသော သားသမီးနှင့် ပြည့်စုံသော ငါသည် သားသမီးတို့၏ရင်း လင်၏ရင်း (အကျိုးငှါ) ယာဂုကို ယူ၍သွားစဉ် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို—

၄၄၆။ ရွာသို့ဆွမ်းခံကြွလာသည်တို့ကို ဖူးမြင်ရခြင်းကြောင့် သားတော်ဖြစ်သော ပစ္စေကဗုဒ္ဓါဘို့ကို အောက်မေ့မိ၏၊ ထိုအခါ ငါ့အား သား၌ ချစ်ခြင်းဖြင့် နို့ရည်အယဉ်သည် ပန်းထွက်လေ၏။

၄၄၇။ ထိုအခါ ငါသည် ပစ္စေကဗုဒ္ဓါဘို့အား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် ယာဂုကို လှူဒါန်းခဲ့၏၊ ငါသည် ထိုဘဝမှ စုတေလတ်သော် နှစ်သက်ဖွယ် ရှိသော တာဝတိံသာဘုံသို့ ရောက်ခဲ့လေ၏။

၄၄၈။ မြတ်စွာဘုရား အကျွန်ုပ်သည် ဘဝကြီးငယ်၌ ကျင်လည်၍ ချမ်းသာဆင်းရဲကို ခံစားလျက် အရှင်ဘုရား၏ အကျိုးငှါ အသက်ကိုလည်း စွန့်လွှတ်ခဲ့ပါ၏။

၄၄၉။ ဤသို့ များပြားသော ဆင်းရဲကိုရင်း များသော စည်းစိမ်ကိုရင်း (ခံစားပြီးလျှင်) နောက်ဆုံးဖြစ်သော ဘဝသို့ ရောက်လတ်သော် သာဝတ္ထိပြည်တွင်—

၄၅၀။ ချမ်းသာသော အလိုရှိတိုင်း ရသော ထိုမှတပါး အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော အလုံးစုံသော ကာမဂုဏ်တို့နှင့် ပြည့်စုံသော များသောဥစ္စာရှိသော သူဌေးမျိုး၌ ဖြစ်ခဲ့၏။

၄၅၁။ ငါသည် (လူအပေါင်းတို့၏) ရိုသေခြင်း ပူဇော်ခြင်း မြတ်နိုးခြင်း ယုယခြင်း ခံရပေ၏၊ ထိုမှတပါး အသရေရှိသော ရုပ်အဆင်းနှင့် ပြည့်စုံသူဖြစ်၍ အမျိုးတို့၌ အထူး ရိုသေခြင်း ခံရပေ၏။

http://www.dhammadownload.com



၄၅၂။ ရုပ်အဆင်း စည်းစိမ်ကြွက်သရေတို့ကြောင့်လည်း (ငါ့ကို လူအပေါင်းတို့သည်) အလွန်ပင် လိုချင် တောင့်တအပ်ပေ၏၊ အရာမကများစွာသော သူဌေးသားတို့သည်လည်း (ငါ့ကို) လိုချင်တောင့်တလျက် ရှိကုန်၏။

၄၅၃။ ငါသည် အိမ်ကို စွန့်ပယ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့လေ၏၊ လခွဲမတိုင်မီ သစ္စာလေးပါးကို သိသူအဖြစ်သို့ ရောက်ခဲ့ပြီ။

၄၅၄။ ငါသည် မြင်းလေးကောင်ကသော ရထားကို တန်ခိုးဖြင့် ဖန်ဆင်း၍ လောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးရပေတော့အံ့(ဟု ဤသို့ကြံစည်၍နေစဉ်)---

၄၅၅။ (ရဟန်းမ) သင်သည် ကောင်းစွာပွင့်သော အဖျားရှိသော အင်ကြင်းတောသို့ ချဉ်းကပ်၍ အင်ကြင်းပင်ရင်း၌ တယောက်တည်း ရပ်တည်ဘိ၏၊ သင့်အား အဖော်တစုံတယောက်သည်လည်း မရှိချေ၊ အမိုက်မ သင်သည် ပျော်ပါးမူးရူး သေသောက်ကြူးတို့ကို မကြောက်ပါသလော (ဟု မာရ်နတ်သည် ပြောဆို၏)။

၄၅၆။ မာရ်နတ် ပျော်ပါးမူးရူး သေသောက်ကြူး တသိန်းတို့သော်လည်း ဤအရပ်သို့ လာကုန်စေကာမူ ထိုသင်ကဲ့သို့ သဘောရှိသောသူတို့သာ ဖြစ်ကုန်ရာ၏၊ (ငါ့အား) မွေးညှင်းတပင်မျှကိုပင် မလှုပ်နိုင်စေရာ၊ ပြင်းစွာမလှုပ်စေနိုင်ရာ၊ မာရ်နတ် တယောက်တည်းသော သင်သည် ငါ့အား အသို့ပြုလတ္တံ့နည်း။

၄၅၇။ ဤငါသည် ကွယ်ပျောက်သွားနိုင်ပေ၏၊ သင်၏ ဝမ်းတွင်းသို့လည်း ဝင်နိုင်ပေ၏၊ သင်၏ မျက်မှောင်နှစ်ခုအကြား၌ ရပ်တည်နေသော ငါ့ကိုလည်း သင်မမြင်ရလတ္တံ့။

၄၅၈။ အချင်းမာရ်နတ် ငါသည် စိတ်၌ လေ့လာပြီးသူဖြစ်၏ ဣဒ္ဓိပါဒ်တို့ကို ကောင်းစွာ ပွါးများစေပြီးသူ ဖြစ်၏၊ အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသူ ဖြစ်၏၊ (ထို့ကြောင့်) သင့်ကို ငါမကြောက်လန့်ချေ။

၄၅၉။ ကာမဂုဏ်တို့သည် လှံတံကျင်လျှင် ဥပမာရှိကုန်၏၊ ခန္ဓာငါးပါးတို့သည် ထိုကာမဂုဏ်တို့၏ စဉ်းတီတုံးသဖွယ် ဖြစ်ကုန်၏၊ သင်သည် အကြင်ကာမ၌ မွေ့လျော်ခြင်းကို ပြောဆိုဘိ၏၊ ထိုကာမ၌ မွေ့လျော်ခြင်းသည် ယခုငါ့အား မွေ့လျော်ခြင်း မဖြစ်တော့ချေ။

၄၆၀။ မာရ်ယုတ် ငါသည် အလုံးစုံကာမဂုဏ်တို့၌ နှစ်သက်ခြင်းကို ပယ်ဖျောက်အပ်ပြီ၊ အမိုက်တုံးကို ဖျက်ခွဲအပ်ပြီ၊ ဤသို့ သင်သိပါလော့၊ မာရ်နတ် သင်သည် နိမ့်ကျပြီးသူ ဖြစ်ပေ၏။

၄၆၁။ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်တော်မူသည်ဖြစ်၍ ပရိသတ်တို့၌ တန်ခိုးကြီးသော ရဟန်းမတို့တွင် အမြတ်ဆုံးဟု ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၄၆၂။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးခဲ့ပေပြီ၊ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကျင့်သုံးခဲ့ပေပြီ၊ လေးသောခန္ဓာဝန်ကို ချထားအပ်ပြီ၊ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၄၆၃။ ငါသည် အကြင်နိဗ္ဗာန်အကျိုးငှါ အိမ်မှ (ထွက်၍) ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပေ၏၊ အလုံးစုံသော သံယောဇဉ်တို့ကုန်ခြင်းဟူသော ထိုနိဗ္ဗာန်အကျိုးကို ငါရအပ်ပေပြီ။

http://www.dhammadownload.com



၄၆၄။ သက်နီးကိုဖြစ်း ဆွမ်းကိုဖြစ်း ဆေးပစ္စည်းကိုဖြစ်း အိပ်ရာနေရာ (ကျောင်း)ကိုဖြစ်း အထောင်မကသော ပစ္စည်းလေးပါးတို့ကို ထက်ဝန်းကျင်မှ တခဏချင်းဖြင့် ဆက်ကပ်ကြလေကုန်၏။

၄၆၅။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၄၆၆။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၄၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုဖြစ်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ၊

ဤသို့လျှင် ဥပ္ပလဝဏ္ဏာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ကိုးခုမြောက် ဥပ္ပလဝဏ္ဏာထေရီအပဒါန် ပြီး၏။

---

## ၁၀-ပဋာစာရာထေရီအပဒါန်

၄၆၈။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ လူတို့၏ ရှေ့သွားဖြစ်တော်မူသော အလုံးစုံသောတရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၄၆၉။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော ကြီးကျယ်သော ချမ်းသာနှင့်ပြည့်စုံသော သူဌေးမျိုး၌ မွေးဖွားသူဖြစ်ခဲ့၏။

၄၇၀။ ငါသည် ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားခဲ့၏၊ ထိုအခါ ငါသည် ကြည်ညိုခြင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ပေ၏။

၄၇၁။ ထိုအခါ မြတ်စွာဘုရားသည် (မကောင်းမှုကို) ရှက်တတ်သော တာဒိဂုဏ်နှင့်ပြည့်စုံသော အပ်သောအရာ မအပ်သောအရာ၌ ရဲရင့်သော ရဟန်းမကို ဝိနည်းဆောင်ရဟန်းမတို့တွင် အမြတ်ဆုံးဟု ချီးကျူးတော်မူ၏။

၄၇၂။ ထိုအခါ ဝမ်းမြောက်သော စိတ်ရှိသော ငါသည် ထိုအရာအထူးကို အလွန်အလိုရှိသည်ဖြစ်၍ လောက၏ ရှေ့သွား မြတ်စွာဘုရားကို သံဃာနှင့်တကွ ပင့်ဖိတ်ပြီးလျှင်—

၄၇၃။ ခုနစ်ရက်ပတ်လုံး ဆွမ်းလုပ်ကျွေးလျက် သက်နီးသုံးထည်ကို လှူဒါန်းကာ ခြေတော်တို့ကို ဦးတိုက်၍ ဤစကားကို လျှောက်ထားခဲ့၏—

၄၇၄။ လုံ့လရှိတော်မူသော မြတ်စွာဘုရား ဤနေ့မှ ခုစ်ရက်မြောက်သောနေ့၌ အရှင်ဘုရားသည် အကြင်ရဟန်းမကို ချီးကျူးတော်မူခဲ့ပါ၏၊ မြတ်စွာဘုရား (အကျွန်ုပ်၏ ကောင်းမှုကံသည်) အကယ်၍ပြည့်စုံပါအံ့၊ အကျွန်ုပ်သည် ထိုကဲ့သို့ သဘောရှိသောသူ ဖြစ်ရပါလို၏ (ဟု ဤစကားကို လျှောက်ထား၏)။

http://www.dhammadownload.com



၄၇၅။ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို မိန့်တော်မူ၏၊ ချစ်သမီး မကြောက်လင့်၊ သက်သာရာရလော့၊ အနာဂတ်ကာလ၌ စိတ်အလိုရှိသော ထိုဆုကို ရလတ္တံ့။

၄၇၆။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၄၇၇။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးတော် ဖြစ်၍ ပဋာစာရာဟူသော အမည်ဖြင့် မြတ်စွာဘုရား၏ တပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၄၇၈။ ထိုအခါ ငါသည် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ လောက၏ရှေ့သွား ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို သံဃာနှင့်တကွ မေတ္တာစိတ်ရှိလျက် အသက်ထက်ဆုံး လုပ်ကျွေးခဲ့၏။

၄၇၉။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

၄၈၀။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုး ဖြစ်တော်မူ၍ များမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူသော အနွယ်အားဖြင့် ကဿပမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၄၈၁။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏။

၄၈၂။ ငါသည် ထိုမင်း၏ တဘိယသမီးဖြစ်၍ ဘိက္ခုနီဟူ၍ ကျော်စော ထင်ရှားခဲ့၏၊ ဘုရားမြတ်၏ တရားတော်ကို နာကြားရ၍ (ခမည်တော်အား) ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ကြားခဲ့၏။

၄၈၃-၄၈၄။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုခဲ့ချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာ လျှင် ချမ်းသာသဖြင့် ကြီးပွါးရသော မင်းသမီးများဖြစ်ပါလျက် အပျိုစင်အဖြစ်ဖြင့် မြတ်သောအကျင့်ကို အနှစ် နှစ်သောင်းတို့ပတ်လုံး မပျင်းမရိ ကျင့်ခဲ့ကုန်၏၊ သမီးတော် ခုနစ်ယောက်တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့ကုန်၏။

၄၈၅။ ယင်းသမီးတော် ခုနစ်ယောက်တို့ ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခုဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၄၈၆။ ယခုအခါ(အစဉ်အတိုင်း)ခေမာသည်ရင်း ဥပ္ပလဝဏ်သည်ရင်း ငါသည်ရင်း ဘဒ္ဒါမည်သော ကုဏ္ဍလကေသာ ရဟန်းမသည်ရင်း ကိသာဂေါတမီသည်ရင်း ဓမ္မဒိန္နာသည်ရင်း ခုနစ်ယောက်မြောက် ဝိသာခါသည်ရင်း ဖြစ်၏။

၄၈၇။ ကောင်းစွာပြုအပ်သော ထိုကံတို့ကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ခဲ့၏။

http://www.dhammadownload.com



၄၈၈။ ယခုနောက်ဆုံးဖြစ်သော ဘဝ၌လည်း ငါသည် သာဝတ္ထိပြည်တော်တွင် ပြည့်စုံကြွယ်ဝလျက် များသော ဥစ္စာရှိသော သူဌေးမျိုး၌ ဖြစ်၏။

၄၈၉။ အကြင်အခါ ငါသည် အရွယ်သို့ ရောက်သည်ရှိသော် မိဖမျက်ကွယ်လင်ကို တွေ့မြင်သဖြင့် ကာမဝိတက်၏ အလိုသို့လိုက်၍ ထိုလင်နှင့် အတူလိုက်သွားခဲ့၏။

၄၉၀။ ငါသည် သားတယောက်ကို မွေးဖွားခဲ့လေပြီ၊ နှစ်ယောက်မြောက် (ဒုတိယ) သားသည် ငါ၏ဝမ်း၌ ရှိလေ၏၊ ထိုအခါ ငါသည် အမိအဖတို့ကို တွေ့မြင်အံ့ဟု ကောင်းစွာ ဆုံးဖြတ်ခဲ့၏။

၄၉၁။ ထိုအခါ ငါ၏ ထိုလင်သည် အရပ်တပါးသို့ သွားနေစဉ် ငါသည် လင်ကို မပြောကြားခဲ့ပေ၊ ငါသည် သာဝတ္ထိပြည်တော်သို့ သွားရန် တယောက်တည်း အိမ်မှထွက်ခဲ့၏။

၄၉၂။ ထိုအခါ ငါ၏ လင်သည် လိုက်လာ၍ လမ်းခရီး၌ ငါ့ကို မှီလေ၏၊ ထိုအခါ ငါ့အား အလွန်ပြင်းထန်သော ကမ္မဇလေတို့သည် ဖြစ်ပေါ်ကုန်၏၊

၄၉၃။ ငါ၏ သားဖွားသောအချိန်၌ မိုးကြီးသည် ရွာချလေ၏၊ ထိုအခါ ထင်းရှာဖွေရန် ဘလိုင့်ါ သွားလတ်သော် လင်ကို မြွေသည် ပေါက်သတ်လေ၏။

၄၉၄။ ထိုအခါ သားဖွားခြင်း ဆင်းရဲဖြင့် ကိုးကွယ်ရာမဲ့လျက် အထီးကျန်သော ငါသည် မိမိအမျိုးအိမ်သို့ သွားသည်ရှိသော် ရေပြည့်နေသော မြစ်ငယ်ကို မြင်၍—

၄၉၅။ သူငယ်ကို ချီလျက် ကူးခပ်ခဲ့၏၊ ငါသည် ထိုမှာ ဘက်ကမ်း၌ သားငယ်ကို တယောက်တည်း ချထားခဲ့၍ (အိပ်စေ၍) အခြားသားကြီးကို ကူးမြောက်စေခြင်းငှါ—

၄၉၆-၄၉၇။ ပြန်လာသည်ရှိသော် ဝံလိုင်ငှက်သည် မြည်တမ်းငိုကြွေးနေသော သားငယ်ကို သုတ်ဆောင်လေ၏၊ အခြား သားကြီးသည်လည်း ရေအယဉ်၌ မျောပါလေ၏၊ ထိုငါသည် သောကလောင်မီး ဖိစီးခံရလျက် သာဝတ္ထိပြည်သို့ သွားသည်ရှိသော် ဆွေမျိုးတို့ သေဆုံးကြောင်းကို ကြားသိရလေ၏၊ ထိုအခါ ကြီးစွာသော သောကဖြင့် ပြည့်လျှံလျက်ရှိသော ငါသည် ပူဆွေးခြင်း နှိပ်စက်အပ်သည်ဖြစ်၍ (ဤသို့) ပြောဆိုမြည်တမ်း၏။

၄၉၈။ သားနှစ်ယောက်တို့သည် သေကုန်ပြီ၊ ငါ၏ လင်သည်လည်း လမ်းခရီး၌ သေခဲ့ပြီ၊ အမိသည်၎င်း အဖသည်၎င်း မောင်သည်၎င်း ထင်းတပုံတည်း၌ လောင်ကျွမ်းလျက် ရှိကုန်၏ဟု ပြောဆို (မြည်တမ်း) ခဲ့၏။

၄၉၉။ ထိုအခါ ငါသည် ကိုးကွယ်ရာမဲ့က ဆင်းရဲသော စိတ်ရှိသည်ဖြစ်၍ ပိန်ချုံး ဖြော့တော့သော အဆင်းရှိ၏၊ ဤမှ ထိုမှ သွားလာလှည့်လည်သည်ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၅၀၀။ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို မိန့်ကြားတော်မူ၏၊ ချစ်သမီး ပူဆွေး၍ မနေပါလင့်၊ သက်သာရာ ရစေလော့၊ သင်၏ကိုယ်ကို ရှာဖွေလော့၊ သင်သည် အဘယ့်ကြောင့် အကျိုးမဲ့ ဆင်းရဲ ပင်ပန်းနေဘိသနည်း။

http://www.dhammadownload.com



၅၀၁။ သားသမီးတို့သည် အားထားရာ မဟုတ်ကုန်၊ ဆွေမျိုးတို့သည်လည်း အားထားရာ မဟုတ်ကုန်၊ မိတ်ဆွေတို့ သည်လည်း အားထားရာ မဟုတ်ကုန်၊ သေမင်းယုတ် နှိပ်စက်ခံရသူ အား ဆွေမျိုးတို့၌ အားထားရာ မရှိချေ (ဟု မိန့်တော်မူ၏)။

၅၀၂။ ငါသည် မြတ်စွာဘုရား၏ ထိုတရားစကားကို ကြားနာရသည်ရှိသော် ပဌမ (သောတာပတ္တိ)ဖိုလ်ကို ရ၏၊ ရဟန်းပြု၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏။

၅၀၃။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌ငင်း ဒိဗ္ဗသောတအဘိညာဉ်၌ငင်း လေ့လာပြီးသူ ဖြစ်၏၊ သူတပါးစိတ်တို့ကို သိ၏၊ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးသူ ဖြစ်၏။

၅၀၄။ ရှေးရှေး ဘဝ၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင် အပ်ပြီ၊ အာသဝ အားလုံးတို့ကို ကုန်ခန်းစေ၍ (ကိလေသာ) အညစ်အကြေး ကင်းလျက် အထူးစင်ကြယ်သူ ဖြစ်၏။

၅၀၅။ ထို့နောက် ငါသည် အလုံးစုံကို သိမြင်တော်မူသော မြတ်စွာဘုရား၏ အထံ၌ ဝိနည်းအားလုံးကို အလုံးစုံ အကျယ်သင်ယူ၏၊ အမှန်အတိုင်းလည်း ဆောင်ထား၏။

၅၀၆။ မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်၍ ဝိနည်းကို ဆောင်သူတို့တွင် ပဋ္ဌာစာရာ တဦးသာလျှင် အမြတ်ဆုံး ဖြစ်၏ ဟု ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၅၀၇။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်ပြီ၊မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ ကျင့်သုံးပြီးပြီ၊ လေးသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၅၀၈။ အကြင်အကျိုးငှါ အိမ်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ အလုံးစုံသောသံယော ဇဉ် ကုန်ရာဖြစ်သော ထိုနိဗ္ဗာန်အကျိုးကို ငါသည် ရအပ်ပြီ။

၅၀၉။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၅၁၀။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမ တော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၅၁၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုငင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ပဋ္ဌာစာရာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ဆယ်ခုမြောက် ပဋ္ဌာစာရာထေရီအပဒါန် ပြီး၏။

**နှစ်ခုမြောက် ကျေပေါသထိကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၃-ကုဏ္ဍလကေသီဝတ်

## ၁-ကုဏ္ဍလကေသာထေရီအပဒါန်

၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော ကြီးစွာသော ချမ်းသာနှင့် ပြည့်စုံသော သူဌေးမျိုး၌ မွေးဖွားသည် ဖြစ်ခဲ့၏။

၃။ ငါသည် ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားခဲ့၏၊ ထိုအခါ ငါသည် ဖြစ်သောကြည်ညိုခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့၏။

၄။ ထိုအခါ ကြီးသော သနားခြင်း မဟာကရုဏာရှိတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားသည် သုဘာမည်သောရဟန်းမကို လျင်မြန်သော အဘိညာဉ်ရှိသူတို့တွင် အမြတ်ဆုံးဟု (တေဒဂ်အရာ၌) ထားတော်မူ၏။

၅။ ငါသည် ထိုစကားကို ကြားနာရသော် ဝမ်းမြောက်သည်ဖြစ်၍ မြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုကို လှူပြီးလျှင် ခြေတော်တို့ကို ဦးတိုက်လျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏။

၆။ ထိုအခါ မြတ်စွာဘုရားသည် ချစ်သမီး သင်သည် အကြင်အရာကို ဆုတောင်း၏၊ ထိုအရာအားလုံးသည် ပြည့်စုံလတ္တံ့၊ ချမ်းသာခြင်းရှိလျက် ငြိမ်းချမ်းသူ ဖြစ်ပါလော့။

၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၈။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးတော် ဖြစ်၍ ဘဒ္ဒါကုဏ္ဍလကေသာ ဟူသော မြတ်စွာဘုရား၏ တပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့ (ဟု အနုမောဒနာ ပြုတော်မူ၏)။

၉။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၁၀။ ငါသည် ထိုဘုံမှ စုတေလတ်သော် ယာမာဘုံသို့ ရောက်ရ၏၊ ထိုဘုံမှ တုသိတာဘုံသို့ ရောက်ရ၏၊ ထိုဘုံမှ နိမ္မာနရတိဘုံသို့ရင်း ဝသဝတ္တိဘုံသို့ရင်း ရောက်ရ၏။

၁၁။ ငါသည် အကြင်အကြင် ဘုံဘဝ၌ ဖြစ်ရ၏၊ ထိုထိုဘုံဘဝ၌ ထိုကံ၏ အစွမ်းကြောင့် မင်းတို့၏ မိဖုရားအဖြစ်ကိုသာလျှင် ပြုခဲ့ရ၏။

၁၂။ ထိုဘုံမှ စုတေလတ်သော် လူတို့ဘုံ၌ စကြဝတေးမင်းတို့၏ရင်း ပဒေသရာဇ်မင်းတို့၏ရင်း မိဖုရားအဖြစ်ကို ပြုခဲ့ရ၏။

http://www.dhammadownload.com



၁၃။ နတ်ဘုံတို့၌၎င်း လူ့ဘုံတို့၌၎င်း စည်းစိမ်ကို ခံစားပြီးလျှင် အလုံးစုံသော ဘဝတို့၌ ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ များစွာသော ကမ္ဘာတို့၌ ကျင်လည်ခဲ့ရ၏။

၁၄။ ဤဘဒ္ဒကမ္ဘာ၌ ဗြဟ္မာအမျိုးဖြစ်၍ များမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်၍ အနွယ်အားဖြင့် ကဿပအမည် ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၅။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော လူတို့ကို အစိုးရသော ကိကီအမည်ရှိသော ကာသိမင်းသည် ရှိလေ၏။

၁၆။ ငါသည် ထိုမင်း၏ ဘိက္ခုဒါယိကာဟူ၍ ကျော်စောထင်ရှားသော စတုတ္ထသမီးတော် ဖြစ်ခဲ့၏၊ ထိုအခါ ငါသည် ဘုရားမြတ်၏ တရားကို နာကြားရ၍ (ခမည်းတော်မင်းအား) ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားခဲ့၏။

၁၇-၁၈။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုခဲ့ချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာလျှင် ချမ်းသာသဖြင့် ကြီးပွါးရသော မင်းသမီးများဖြစ်ပါလျက် အပျိုစင်အဖြစ်ဖြင့် မြတ်သော အကျင့်ကို အနှစ်နှစ်သောင်းတို့ပတ်လုံး မပျင်းမရိ ကျင့်ခဲ့ကုန်၏၊ သမီးတော် ခုနစ်ယောက်တို့ သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ် လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့ကုန်၏။

၁၉။ ယင်းသမီးတော် ခုနစ်ယောက်တို့ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခုဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၂၀။ ယခုအခါ (အစဉ်အတိုင်း) ခေမာသည်၎င်း ဥပ္ပလဝဏ်သည်၎င်း ပဋာစာရာသည် ၎င်း ငါသည်၎င်း ကိသာဂေါတမီသည်၎င်း ဓမ္မဒိန္နာသည်၎င်း ခုနစ်ယောက်မြောက် ဝိသာခါ သည်၎င်း ဖြစ်၏။

၂၁။ ငါသည် ကောင်းစွာ ပြုအပ်ကုန်သော ထိုကံတို့ကြောင့်၎င်း စေတနာ တောင့်တမှု တို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် တာဝတိံသာဘုံသို့ ရောက်ရ၏။

၂၂။ ငါသည် ယခုနောက်ဆုံးဖြစ်သော ဘဝ၌ကား ရာဇဂြိုဟ်ပြည်တော်တွင် ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်ရ၏၊ ငါသည် ပျိုမျစ်နုနယ်သော အရွယ်၌ တည်၏။

၂၃။ ငါသည် သတ်ရန် ထုတ်ဆောင်လာသော ခိုးသူကို မြင်ရသော် ထိုခိုးသူ၌ တပ် မက်သည်ဖြစ်၍ ငါ၏ အဖသည် အသပြာတထောင်ဖြင့် ထိုခိုးသူကို ထိုသတ်ခြင်းမှ လွတ် စေလျက်—

၂၄။ ဖခင်သည် ငါ၏ စိတ်ကိုသိ၍ ငါ့ကို ထိုခိုးသူအား ပေးလေ၏၊ ငါသည် ထိုခိုးသူအား အလွန် ယုယကြင်နာလျက် အစီးအပွါးကို ဆောင်ကာ ချစ်ကျွမ်းဝင်သူ ဖြစ်ခဲ့၏။

၂၅။ ရန်သူဖြစ်သော ထိုခိုးသားသည် ငါ၏ အဆင်တန်ဆာကို လိုချင်သောကြောင့် ဗလိနတ်စာ ပူဇော်လို၍ ခိုးသူချရာ ချောက်ကမ်းပါးပြတ်ရှိသော တောင်သို့ ခေါ်ဆောင် လျက် သတ်ဘို့ရန် အားထုတ်၏။

၂၆။ ထိုအခါ ငါသည် ခိုးသူကိုကောင်းစွာ လက်အုပ်ချီရှိခိုးလျက် မိမိအသက်ကို စောင့် ရှောက်လို၍ ဤစကားကို ပြောဆို၏—

http://www.dhammadownload.com



၂၇။ အရှင့်သား ဤရွှေလက်ကြပ်ကိုရင်း များစွာကုန်သော ပုလဲကြောင်မျက်ရွဲတို့ကို ရင်း အလုံးစုံကို ယူပါလော့၊ အကျွန်ုပ်ကိုလည်း ကျွန်မဟူ၍ပြောကြားပါလော့ဟု ဤစကားကို ပြောဆို၏။

၂၈။ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံသော ရှင်မ အဆင်တန်ဆာချွတ်လော့၊ ပြင်းစွာ မငိုကြွေးလင့်၊ ငါကား မသတ်ပဲ ဥစ္စာကို ဆောင်ယူဘူးသည်ကို မသိစဘူးဟု ခိုးသူသည်ဆို၏။

၂၉။ အရှင် အကျွန်ုပ်သည် အကြင်အခါမှစ၍ မိမိကိုယ်ကို အမှတ်ရ၏၊ အကြင်အခါမှစ၍ လိမ္မာသူ အဖြစ်သို့ ရောက်၏၊ ထိုအခါမှစ၍ အရှင့်ထက် သာလွန်၍ ချစ်သော အခြားသူကို မသိစဘူးပါ။

၃၀။ အရှင် လာပါလော့ အရှင့်ကို လကျ်ာရစ်လှည့်သည်ကို ပြု၍ အရှင့်ကို ပွေ့ဖက်ပါအံ့၊ ယခု အကျွန်ုပ်၏၄င်း အရှင်၏၄င်း နောက်ထပ်တဖန် ပေါင်းဆုံခြင်းသည် မရှိတော့ပါ၊ (ဤသို့ ဆို၍ ခိုးသူကို ကမ်းပါးပြတ်၌ တွန်းချ၏)။

၃၁။ ထိုအံ့ဩဖွယ်ကို မြင်၍ တောင်စောင့်နတ်သည် အလုံးစုံသော အရာတို့၌ ယောကျ်ားသည်သာ ပညာ ရှိသည်မဟုတ်၊ မိန်းမသည်လည်း ထိုထိုအရာ၌ ဆင်ခြင်နိုင်သော ပညာရှိ၏၊

၃၂။ အလုံးစုံသော အရာတို့၌ ယောကျ်ားသည်သာ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း လျင်မြန်စွာ အကျိုးကို ကြံစည်နိုင်သော ပညာရှိ၏ (ဟု ကြွေးကြော်၏)။

၃၃။ ငါသည် သေခါနီး၌ လျင်မြန်စွာ အားထုတ်ခဲ့၏၊ အမွေးသည် သိုးဖြစ်သော သားကောင်ကို သတ်သကဲ့သို့ ဤအတူ ထိုအခါ ငါသည် ခိုးသူကို သတ်ခဲ့၏။

၃၄။ အကြင်သူသည် ကျရောက်လာသော အကျိုးကို လျင်မြန်စွာမသိ၊ ခိုးသူကို ထောင်ချောက်၌ သတ်အပ်သကဲ့သို့ ထိုပညာနည်းသောသူကို သတ်အပ်၏။

၃၅။ အကြင်သူသည် ကျရောက်လာသော အကျိုးကို လျင်မြန်စွာသာလျှင် သိ၏၊ ထိုအခါ ငါသည် ခိုးသူမှ လွတ်မြောက်သကဲ့သို့ ထိုသူသည် ရန်သူ့ အကြပ်အတည်းမှ လွတ်မြောက်၏။

၃၆။ ထိုအခါ ငါသည် တောင်ကမ်းပါးပြတ်၌ ခိုးသူကို တွန်းချပြီးလျှင် အဝတ်ဖြူဝတ်သူ(ပရိဗိုဇ်မ) တို့၏ အထံသို့ ကပ်၍ ရဟန်း ပြုခဲ့၏။

၃၇။ ထိုအခါ ပရိဗိုဇ်မတို့သည် မွေးညှပ်ဖြင့် ငါ၏ ဆံပင်တို့ကို အကြွင်းမဲ့ နုတ်၍ ရဟန်း ပြုပေး ကြပြီးလျှင် အယူဝါဒကို မပြတ် ပြောကြား ကြကုန်၏။

၃၈-၃၉။ ထိုအခါ ငါသည် ထိုအယူကို သင်ယူ၍ တကိုယ်တည်း ထိုင်နေလျက် ထိုအယူကို ကြံစည်စဉ်းစား၏၊ (ဤသို့ စဉ်းစားနေစဉ်) ခွေးသည် လူ့လက်ပြတ်ကို ချီယူ၍ ငါ၏ အနီး၌ ချလျက် ဖဲသွား၏၊ ငါသည် ပိုးလောက်တို့ဖြင့် ပြွမ်းသော ထိုလက်ကို မြင်၍ ပုဗ္ဗဝက အမှတ်နိမိတ်ကို ရလေ၏။

၄၀။ ထိုအခါ ငါသည် ထိတ်လန့်သည် ဖြစ်၍ နေရာမှထပြီးလျှင် အတူ တရားကျင့်ဘက်တို့ကို မေး၏၊ထိုသူတို့သည် သာကီဝင် မင်းသား ရဟန်းတို့သည် ထိုအကြောင်းကို အထူးသိကုန်၏ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



၄၁။ ထိုငါသည် ထိုအကြောင်းကို မြတ်စွာဘုရား တပည့်သာဝကတို့ ထံသို့ ချဉ်းကပ်၍ မေးလျှောက်အံ့ (ဟု ကြံစည်လျက် ချဉ်းကပ်သည်ရှိသော်) ထိုဘုရား၏ တပည့်သာဝကတို့သည် ငါ့အား ဘုရားမြတ်၏ အထံသို့ ခေါ်ယူ၍ သွားကုန်၏။

၄၂။ ထိုမြတ်စွာဘုရားသည် ငါ့အား ခန္ဓာ အာယတန ဓာတ်တို့ကို အသုဘ အနိစ္စ ဒုက္ခဟူ၍ရင်း အနတ္တ ဟူ၍ရင်း တရားကို ဟောတော်မူ၏။

၄၃-၄၄။ ငါသည် ထိုမြတ်စွာဘုရား၏ တရားကို နာကြားရ၍ တရားမျက်စိ (မဂ်ဉာဏ်) ကို သုတ်သင်ခဲ့၏၊ ထိုအခါ ငါသည် သူတော်ကောင်း တရားကို သိပြီးသူ ဖြစ်၍ ရှင်အဖြစ် ရဟန်းအဖြစ်ကို တောင်းပန်ခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သမီး လာလော့"ဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ ငါသည် ပဥ္စင်းဖြစ်ပြီး၍ အနည်းငယ်သော ရေကို တွေ့မြင်၏။

၄၅။ ထိုအခါ ငါသည် ခြေကို ရေဆေးသဖြင့် အဖြစ်အပျက်နှင့်တကွ သိ၍ ထို့အတူ အလုံးစုံသော သင်္ခါရတို့ကိုလည်း ဤသို့ သဘောရှိ၏ဟု ကြံစည်၏။

၄၆။ ထိုအခါ ငါ၏ စိတ်သည် စွဲလမ်းခြင်း မရှိပဲ အကြွင်းမဲ့ ကိလေသာမှ လွတ်မြောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို လျင်မြန်သော အဘိညာဉ် ရှိသူတို့တွင် အမြတ်ဆုံးဟု ပညတ်တော်မူ၏။

၄၇-၄၈။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌ရင်း ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း လေ့လာပြီးသူ ဖြစ်၏၊ သူတပါး၏ စိတ်တို့ကို သိ၏၊မြတ်စွာဘုရား၏ အဆုံးအမ တော်ကို လိုက်နာ ပြုကျင့်သူဖြစ်၏၊ ရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူး သုတ်သင်အပ်၏။ အာသဝေါအားလုံးတို့ကို ကုန်ခန်းစေ၍ ကောင်းစွာ အညစ်အကြေးကင်းသော အထူးစင်ကြယ်သူ ဖြစ်၏။

၄၉။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ ကျင့်သုံးအပ်ပြီ၊ လေးသော ခန္ဓာဝန်ကို ချထားအပ်ပြီ၊ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၅၀။ အကြင် အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အလုံးစုံသော သံယောဇဉ် ကုန်ရာဖြစ်သော ထိုနိဗ္ဗာန်အကျိုးကို ငါသည် ရအပ်ပြီ။

၅၁။ ဘုရားမြတ်၏ သာသနာတော်၌ အတ္ထ ဓမ္မ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထို့အတူပင် ပဋိဘာနပဋိသမ္ဘိဒါတို့၌ရင်း ငါ၏ ဉာဏ်သည် အညစ်အကြေး ကင်းလျက် စင်ကြယ်၏။

၅၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ဆင်မသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၅၃။ ငါ၏ လာခြင်းကား ကောင်းသော လာခြင်း စင်စစ် ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့် အပ်ပါပြီ။

http://www.dhammadownload.com



၅၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုလည်းကောင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ဘဒ္ဒါကုဏ္ဍလကေသာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ရှေးဦးစွာသော ကုဏ္ဍလကေသာထေရီအပဒါန် ပြီး၏။

---

## ၂-ကိသာဂေါတမီထေရီအပဒါန်

၅၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်း ထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၅၆။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် မထင်ရှားသော အမျိုး၌ဖြစ်၍ ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်လျက် ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ခဲ့၏။

၅၇။ ထိုမြတ်စွာဘုရား၏ အလွန် သာယာဖွယ်ရှိသော ဝဋ်ငြိမ်းရာ ချမ်းသာကို ဆောင်နိုင်သော သစ္စာလေးပါးနှင့်စပ်သော ချိုမြိန်သော တရားတော်ကို နာကြားခဲ့၏။

၅၈။ ထိုအခါ လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ခေါင်းပါးသော သင်္ကန်းကို ဆောင်လေ့ရှိသော ရဟန်းမကို ဧတဒဂ် အရာ၌ ထားလျက် ချီးမွမ်းတော်မူ၏။

၅၉။ ရဟန်းမ၏ ဂုဏ်တို့ကို ကြားနာရသော် များစွာသော နှစ်သိမ့်ခြင်းကို ဖြစ်စေလျက် စွမ်းအားအလျောက် မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုပြီးလျှင်—

၆၀။ ထိုမြတ်စွာဘုရားကို ဦးတိုက်၍ ထိုအရာအထူးကို ဆုတောင်းခဲ့၏၊ ထိုအခါ လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားသည် ဧတဒဂ်အရာအထူးကို ရခြင်းငှါ အနုမောဒနာ ပြုတော်မူ၏။

၆၁။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၆၂။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံ သမီးတော် ဖြစ်၍ အမည်အားဖြင့် ကိသာဂေါတမီမည်သော မြတ်စွာဘုရား၏ တပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့ (ဟု အနုမောဒနာ ပြုတော်မူ၏)။

၆၃။ ထိုအခါ ငါသည် ထိုစကားကို ကြား နာရသော် ဝမ်းမြောက်ခြင်းဖြစ်၍ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို အသက်ထက်ဆုံး မေတ္တာစိတ်ရှိလျက် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးခဲ့၏။

၆၄။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်လည်းကောင်း စေတနာ တောင့်တမှုတို့ကြောင့်လည်းကောင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

http://www.dhammadownload.com



၆၅။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များစွာမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်၍ အနွယ်အားဖြင့် ကဿပအမည် ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၆၆။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏။

၆၇။ ထိုအခါ ငါသည် ထိုမင်း၏ အမည်အားဖြင့် ဓမ္မာဟု ကျော်စောထင်ရှားသော ပဥ္စမသမီးတော် ဖြစ်ခဲ့၏၊ ဘုရားမြတ်၏ တရားကို နာကြား၍ ခမည်းတော်အား ရဟန်း အဖြစ်ကို တောင်းပန် လျှောက်ထားခဲ့၏။

၆၈-၆၉။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာလျှင် ချမ်းသာသဖြင့် ကြီးပွါးရသော မင်းသမီးများဖြစ်ပါလျက် အပျိုစင်အဖြစ်ဖြင့် မြတ်သော အကျင့်ကို အနှစ်နှစ်သောင်းတို့ပတ်လုံး မပျင်းမရိ ကျင့်သုံးခဲ့ကုန်၏၊ သမီးတော်ခုနစ်ယောက် တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လျက် လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့ ကုန်၏။

၇၀။ ယင်းသမီးတော် ခုနစ်ယောက်တို့ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခု ဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၇၁။ ယခုအခါ (အစဉ်အတိုင်း) ခေမာသည်၎င်း ဥပ္ပလဝဏ်သည်၎င်း ပဋာစာရာသည် ၎င်း ကုဏ္ဍလကေသာသည်၎င်း ငါသည်၎င်း ဓမ္မဒိန္နာသည်၎င်း ခုနစ်ယောက်မြောက် ဝိသာခါ သည်၎င်း ဖြစ်လာ၏။

၇၂။ ကောင်းစွာ ပြုအပ်ကုန်သော ထိုကံတို့ကြောင့်၎င်း စေတနာ တောင့်တမှုတို့ကြောင့် ၎င်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၇၃။ ယခုနောက်ဆုံးဖြစ်သော ဘဝ၌ကား ငါသည် ဆင်းရဲသော ဥစ္စာမရှိသော ပျက်စီး သော သူဌေးမျိုး၌ဖြစ်၍ ဥစ္စာရှိသော အမျိုးသို့ ရောက်ရ၏။

၇၄။ လင်ကိုထား၍ ကြွင်းသော သူတို့သည် ငါ့အား ဥစ္စာမရှိသူဟု မထေမဲ့မြင် ပြုကုန်၏၊ အကြင်အခါ သားမွေးဖွား၏၊ ထိုအခါ အလုံးစုံသော သူတို့သည် ငါ့အား ချစ်ကြင်နာ ကုန်၏။

၇၅။ အကြင်အခါ ထိုသားသည် နုပျို၏၊ ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံနူးညံ့၏၊ ချမ်းသာသဖြင့် ကြီးပွါး၏၊ ငါသည် မိမိအသက်ကဲ့သို့ ချစ်နှစ်သက်၏၊ ထိုအခါ (သားသည်) ယမမင်း(သေမင်း) နိုင်ငံသို့ လိုက်သွားလေ၏။

၇၆။ စိုးရိမ်ခြင်းဖြင့် နှိပ်စက်၍ ပင်ပန်းဆင်းရဲသော မျက်နှာရှိသော ငါသည် မျက်ရည် ပြည့်သောမျက်လုံး ငိုသော မျက်နှာရှိလျက် သေလေပြီးသော အပုတ်ကောင်ကို ယူဆောင်၍ မြည်တမ်းလျက် သွား၏။

၇၇။ ထိုအခါ ပညာရှိသူ တယောက်သည် ညွှန်ပြအပ်သည်ဖြစ်၍ ဆေးဆရာမြတ်ထံသို့ ချဉ်းကပ်လျက် အရှင် သားကို ရှင်စေတတ်သော ဆေးကို ပေးပါလော့ဟု ဆို၏။

http://www.dhammadownload.com



၇၈။ ဆုံးမခြင်း အကြောင်းဥပါယ်၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် အကြင်အိမ်၌ သေဘူးသောသူမရှိ၊ ထိုအိမ်မှ မုန်ညင်းစေ့ကို ဆောင်ခဲ့လော့ဟု မိန့်ဆိုတော်မူ၏။

၇၉။ ထိုအခါ သာဝတ္ထိပြည်သို့ သွား၍ ထိုသို့ လူမသေဘူးသော သဘောရှိသော အိမ်ကို မရခဲ့ပေ၊ အဘယ်မှာ ထိုအိမ်မှ မုန်ညင်းစေ့ကို ရအံ့နည်း၊ ထိုအခါ ငါသည် သတိကို ရ၏။

၈၀။ အပုပ်ကောင်ကို စွန့်ပစ်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ချိုသာသော အသံရှိတော်မူသော မြတ်စွာဘုရားသည် အဝေးမှပင် ငါ့ကိုမြင်၍ မိန့်တော်မူ၏---

၈၁။ အကြင်သူသည် အဖြစ်အပျက်ကို မရှုမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှင်၏၊ (ထိုသို့ ရှင်ခြင်းထက်) အဖြစ်အပျက်ကိုရှုမြင်သူ၏ တရက်မျှ အသက်ရှင်ရခြင်းသည် မြတ်၏။

၈၂။ အကြင်မမြဲခြင်းသဘောသည် ရှိ၏၊ထိုမမြဲခြင်း သဘောသည် တရွာ၏သဘောမဟုတ်၊ တနိဂုံး၏ သဘောမဟုတ်၊ တခုသော အမျိုး၏ သဘောလည်းမဟုတ်၊ ဤမမြဲခြင်းသဘောသည် နတ်နှင့်တကွသော အလုံးစုံသော လောက၏ သဘောပင်တည်း။

၈၃။ ငါသည် ဤဂါထာတို့ကို ကြားနာရသည်နှင့် တပြိုင်နက် တရားမျက်စိ (မဂ်ဉာဏ်)ကို သုတ်သင်ခဲ့၏၊ ထိုအခါ သူတော်ကောင်းတရားကို သိပြီးသော ငါသည် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၈၄။ မြတ်စွာဘုရား သာသနာတော်၌ ထိုသို့ ရဟန်း ဖြစ်လာလျက် အားထုတ်သည်ရှိသော် ကာလမကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၈၅။ ဣဒ္ဓိဝိဓအဘိညာဉ်တို့၌ရင်း ဒိဗ္ဗသောတဓာတ် အဘိညာဉ်၌ရင်း လေ့လာပြီးသူဖြစ်၏၊ သူတပါးစိတ်တို့ကို သိ၏ မြတ်စွာဘုရား အဆုံးအမကို လိုက်နာကျင့်သုံးသူ ဖြစ်၏။

၈၆။ ရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူးသုတ်သင်အပ်၏၊ အာသဝေါ အားလုံးတို့ကို ကုန်ခန်းစေ၍ ကောင်းစွာ အညစ်အကြေး ကင်းသော အထူးစင်ကြယ်သူ ဖြစ်ခဲ့၏။

၈၇။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်ပြီ၊ မြတ်စွာဘုရား၏အဆုံးအမကို လိုက်နာကျင့်သုံးအပ်ပြီ၊ လေးသော ခန္ဓာဝန်ကို ချထားအပ်ပြီ၊ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၈၈။ အကြင်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အလုံးစုံသော သံယောဇဉ်ကုန်ရာ ဖြစ်သော ထိုနိဗ္ဗာန်အကျိုးကို ငါသည် ရအပ်ပြီ။

၈၉။ ဘုရားမြတ်၏ အစွမ်းကြောင့် အတ္ထ ဓမ္မ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထို့အတူပင် ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း ငါ၏ ဉာဏ်သည် အညစ်အကြေးကင်းလျက် စင်ကြယ်၏။

၉၀။ ထိုအခါ ငါအည် တံမြက်ချေးစုမှရင်း သုသာန်မှရင်း လမ်းခရီးမှရင်း ဆောင်ယူ၍ ဒုကုဋ်သင်္ကန်း ပြုလျက် ခေါင်းပါးသော သင်္ကန်းကို ဆောင်၏။

၉၁။ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည် ခေါင်းပါးသော သင်္ကန်းကို ဆောင်သော ငါ့ကို ထိုဂုဏ်၌ နှစ်သက်သည် ဖြစ်၍ ပရိသတ်အလယ် တေဒဂ်အရာ၌ ထားတော်မူ၏။

http://www.dhammadownload.com



၉၂။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ ပ ။ အာသဝ မရှိပဲ နေရ၏။

၉၃။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၉၄။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ကိသာဂေါတမီ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ခုနစ်ခုမြောက် ကိသာဂေါတမီထေရီအပဒါန် ပြီး၏။**

---

## ၃-ဓမ္မဒိန္နာထေရီအပဒါန်

၉၅။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၉၆။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် မထင်ရှားသော အမျိုး၌ ဖြစ်ခဲ့၏၊ သူတပါးအမှုကို ပြုရသူ ပညာရင့်ကျက်သူ သီလကို စောင့်ထိန်းသူ ဖြစ်ခဲ့၏။

၉၇။ ပဒုမုတ္တရ မြတ်စွာဘုရား၏ အဂ္ဂသာဝက ဖြစ်သော သုဇာတမထေရ်သည် ကျောင်းမှ ထွက်၍ ဆွမ်းအလို့ငှါ (သပိတ်ကို) ယူလျက် ကြွသွားတော်မူ၏။

၉၈။ ထိုအခါ ရေကို ဆောင်ယူသော ငါသည် အိုးကိုယူ၍ သွားလတ်သော် ထိုမထေရ်ကို ဖူးမြင်ရလျှင် ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် မုံ့ကို လှူဒါန်း၏။

၉၉။ ထိုမထေရ်သည် ခံယူ၍ ထိုနေရာ၌ပင်လျှင် ထိုင်လျက် ဘုဉ်းပေး၏၊ ထို့နောက် ထိုမထေရ်ကို အိမ်သို့ ပင့်ဆောင်၍ ထိုမထေရ်အား ဘောဇဉ်ကို လှူဒါန်းခဲ့၏။

၁၀၀။ ထိုအခါ ငါ၏ အရှင်သခင်သည် နှစ်သက်၍ ငါ့အား မိမိ ချွေးမအဖြစ်ကို ပြုလေ၏၊ ငါသည် ယောက္ခမနှင့်တကွ သွား၍ မြတ်စွာဘုရားကို ရှိခိုး၏။

၁၀၁။ ထိုအခါ ထိုမြတ်စွာဘုရားသည် ဓမ္မကထိက ဖြစ်သော ရဟန်းမကို ချီးကျူးလျက် တေဒဂ်အရာ၌ ထားတော်မူ၏၊ ငါသည် ထိုစကားကို ကြားနာရသော် ဝမ်းမြောက်သည် ဖြစ်၍—

၁၀၂။ လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားကို သံဃာနှင့်တကွ ပင့်ဖိတ်၍ အလှူကြီးကို လှူပြီးလျှင် ထိုတေဒဂ်အရာအထူးကို ဆုတောင်းခဲ့၏။

၁၀၃။ ထိုအခါ ငါ့ကို တခဲနက်သော ပဲ့တင်သံကဲ့သို့ ကောင်းသော အသံရှိသော မြတ်စွာဘုရားသည် ငါဘုရားကို ဆည်းကပ် လုပ်ကျွေးခြင်း၌ အမြဲပျော်မွေ့သော သံဃာနှင့်တကွ လုပ်ကျွေးတတ်သော--

http://www.dhammadownload.com



၁၀၄။ သူတော်ကောင်း တရားကို နာခြင်းနှင့် ယှဉ်သော ဂုဏ်ဖြင့် ပွါးသောစိတ်ရှိသော ချစ်သမီး (သင်သည်)ဝမ်းမြောက်ခြင်း ရှိသည် ဖြစ်လော့၊သင်သည် ဆုတောင်းသော အကျိုးကို ရလတ္တံ့။

၁၀၅။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသောမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၀၆။ ထိုမြတ်စွာဘုရားတို့၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးဖြစ်၍ အမည်အားဖြင့် ဓမ္မဒိန္နာဟူ၍ မြတ်စွာဘုရား၏ တပည့်မ'သာဝိကာ'ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

၁၀၇။ ငါသည် ထိုစကားကို ကြားနာရသော် ဝမ်းမြောက်ခြင်းဖြစ်၍ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားကို အသက်ထက်ဆုံး မေတ္တာစိတ် ရှိလျက် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးခဲ့၏။

၁၀၈။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၁၀၉။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူ၍ အနွယ်အားဖြင့် ကဿပ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၁၀။ ထိုအခါ ဗာရာဏသီပြည်တော်၌ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော လူတို့ကို အစိုးရသော ကိကီမည်သော ကာသိမင်းသည် ရှိလေ၏။

၁၁၁။ ငါသည် ထိုမင်း၏ သုဓမ္မာဟူ၍ ကျော်စောထင်ရှားသော ဆဋ္ဌသမီးတော် ဖြစ်ခဲ့၏၊ ဘုရားမြတ်၏ တရားကို နာကြားရ၍ ခမည်းတော်အား ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ထားခဲ့၏။

၁၁၂-၁၁၃။ ခမည်းတော်သည် ငါတို့အား ခွင့်မပြုချေ၊ ထိုအခါ ငါတို့သည် အိမ်၌သာ လျှင် ချမ်းသာသဖြင့် ကြီးပွါးကုန်သော မင်းသမီးများ ဖြစ်ပါလျက် အပျိုစင် အဖြစ်ဖြင့် မြတ်သော အကျင့်ကို အနှစ် နှစ်သောင်းတို့ပတ်လုံး မပျင်းမရိ ကျင့်သုံးခဲ့ကုန်၏၊ သမီးတော် ခုနစ်ယောက်တို့သည် ဝမ်းမြောက်စွာ မြတ်စွာဘုရားကို ဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲ ပျော်မွေ့ကုန်၏။

တတိယဘာဏဝါရ ပြီး၏။

၁၁၄။ ယင်းသမီးတော် ခုနစ်ယောက်တို့ ဟူသည်မှာ သမဏီ သမဏဂုတ္တာ ဘိက္ခုနီ ဘိက္ခုဒါယိကာ ဓမ္မာ သုဓမ္မာနှင့် ခုနစ်ယောက်မြောက် သံဃဒါယိကာတို့တည်း။

၁၁၅။ ယခုအခါ (အစဉ်အတိုင်း)ခေမာသည်ရင်း ဥပ္ပလဝဏ်သည်ရင်း ပဋာစာရာသည် ရင်း ကုဏ္ဍလကေသာသည်ရင်း ကိသာဂေါတမီသည်ရင်း ငါသည်ရင်း ခုနစ်ယောက်မြောက် ဝိသာခါသည်ရင်း ဖြစ်၏။

၁၁၆။ ကောင်းစွာပြုအပ်ကုန်သော ထိုကံတို့ကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့် ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

http://www.dhammadownload.com



၁၁၇။ ယခုနောက်ဆုံးဖြစ်သော ဘဝ၌ကား ရာဇဂြိုဟ်ပြည်တော်တွင် အလုံးစုံသော ကာမနှင့် ပြည့်စုံသော ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်၏။

၁၁၈။ အကြင်အခါ ငါသည် ပဌမအရွယ်၌ တည်လျက် အဆင်းဂုဏ်နှင့် ပြည့်စုံ၏၊ ထိုအခါ လင့်အိမ်သို့ လိုက်ရပြီးလျှင် ချမ်းသာနှင့် ပြည့်စုံစွာ နေရ၏။

၁၁၉။ ကောင်းသော အသိဉာဏ်ရှိသော ငါ၏လင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာကို နာကြားရသော် အနာဂါမိဖိုလ်သို့ ရောက်၏။

၁၂၀။ ထိုအခါ ငါသည် ခွင့်ပြုစေ၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့၏၊ ငါသည် ကာလမကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၂၁။ ထိုအခါ ထိုဝိသာခ ဥပါသကာသည် ငါ့ထံသို့ ချဉ်းကပ်၍ နက်နဲသိမ်မွေ့ကုန်သော ပြဿနာတို့ကို မေး၏၊ ငါသည် ထိုပြဿနာ အားလုံးတို့ကို ဖြေကြား၏။

၁၂၂။ မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်အားရတော်မူ၍ ဤဓမ္မဒိန္နာကဲ့သို့ သဘောရှိသော အခြားတပါးသော ဓမ္မကထိက ရဟန်းမကို ငါသည် မမြင်တော်မမူဟု ငါ့ကို တေဒဂ် အရာ၌ ထားတော်မူ၏။

၁၂၃။ ရဟန်းတို့ ဓမ္မဒိန္နာသည် အကြင် အခြင်းအရာအားဖြင့် ပညာရှိ၏၊ထိုအခြင်းအရာ အားဖြင့် မှတ်ကုန်လော့၊ ဤသို့ မြတ်စွာဘုရားသည် အစဉ်စောင့်ရှောက်တော်မူ၍ ငါသည် ပညာရှိ ဖြစ်၏။

၁၂၄။ ငါသည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ ကျင့်သုံးအပ်ပြီ၊ လေးလံသော ခန္ဓာဝန်ကို ချထားအပ်ပြီ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၁၂၅။ အကြင်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အလုံးစုံသော သံယောဇဉ်ကုန်ရာ ထိုနိဗ္ဗာန် အကျိုးကို ငါသည် ရအပ်ပြီ။

၁၂၆။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌ရင်း ဒိဗ္ဗသောတဓာတ် အဘိညာဉ်၌ရင်း လေ့လာ ပြီးသူဖြစ်၏၊ သူတပါး၏ စိတ်ကို သိ၏၊မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့် သူဖြစ်၏။

၁၂၇။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူးသုတ်သင် အပ်၏၊ အာသဝ အားလုံးတို့ကို ကုန်ခန်းစေ၍ ကောင်းစွာ အညစ်အကြေးကင်းသော အထူး စင်ကြယ်သူဖြစ်၏။

၁၂၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ။ ပ။ အာသဝ မရှိပဲ နေရ၏။

၁၂၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော် ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၃၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ဓမ္မဒိန္နာ ရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

သုံးခုမြောက် ဓမ္မဒိန္နာထေရီအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၄-သကုလာထေရီအပဒါန်

၁၃၁။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၃၂။ တရားဟော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူသော ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါး အလို့ငှါ ချမ်းသာခြင်းငှါ အကျိုးဖြစ်ထွန်းရန် အလို့ငှါ ကျင့်တော်မူ၏။

၁၃၃။ မြတ်စွာဘုရားသည် မြတ်သော အခြံအရံ ကျော်စောခြင်းသို့ ရောက်တော်မူ၏၊ အသရေရှိတော်မူ၏၊ ကျော်စော ချီးမွမ်းခြင်း ဂုဏ်သို့ ရောက်တော်မူ၏၊အလုံးစုံသော လောကသည် ပူဇော်အပ်၏၊ အလုံးစုံသော အရပ်တို့၌ ကျော်စောထင်ရှား၏။

၁၃၄။ ထိုမြတ်စွာဘုရားသည် ယုံမှားခြင်းကို ကူးမြောက်ပြီး ဖြစ်၏၊ သို့လော သို့လော တွေးတောခြင်းကို လွန်မြောက်ပြီး ဖြစ်၏၊ ပြည့်စုံသော စိတ်အကြံအစည် ရှိတော်မူ၏၊ သမ္မာသမ္ဗောဓိဉာဏ်မြတ်သို့ ရောက်တော်မူ၏။

၁၃၅။ မြတ်စွာဘုရားသည် မဖြစ်ဘူးသောမဂ်ကို ဖြစ်စေတော်မူ၏၊ မဟောကြားဘူးသောတရားကိုလည်း ဟောကြားတော်မူ၏၊ မသိဘူးသောတရားကိုလည်း သိစေတော်မူ၏။

၁၃၆။ ဆုံးမတတ်သူတို့တွင် အမြတ်ဆုံးဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဂ်ဉာဏ်ကို သိသည်ဖြစ်၍ မဂ္ဂဝိဒူဖြစ်တော်မူ၏၊ မဂ်ဉာဏ်ကိုလည်း ဟောကြားလေ့ရှိတော်မူ၏၊ မဂ်ဉာဏ်၌လည်း ကျွမ်းကျင်တော်မူ၏။

၁၃၇။ ကြီးမားသော သနားခြင်း 'ကရုဏာ'ရှိတော်မူသော လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ ကာမည္ဘန်၌ နစ်မြုပ်ကုန်သော သတ္တဝါတို့ကို ထုတ်ဆောင်ကယ်တင်တော်မူ၏။

၁၃၈။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် နှစ်သက်ဖွယ် မင်းသမီးဖြစ်၍ ကောင်းသော အဆင်းလည်းရှိ၏၊ ဥစ္စာလည်းရှိ၏၊ ကြင်နာဖွယ်လည်းရှိ၏၊ အသရေလည်းရှိ၏။

၁၃၉။ အာနန္ဒာမင်းမြတ်၏ အလွန်လှပတင့်တယ်သော သမီးတော်လည်းဖြစ်၏၊ ပဒုမုတ္တရ အမည်ရှိသော မြတ်စွာဘုရား၏ မယ်တော်ကွဲ နှမလည်း ဖြစ်၏။

၁၄၀။ ငါသည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မင်းသမီးတို့နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားဒေသနာတော်ကို နာကြားခဲ့၏။

၁၄၁။ ထိုအခါ ထိုမြတ်စွာဘုရားသည် ဒိဗ္ဗစက္ခု အဘိညာဉ်ရှိသော ရဟန်းမိန်းမကို ပရိသတ်အလယ်၌ ချီးကျူးလျက် ထိုရဟန်းမိန်းမကို မြတ်သော 'တေဒဂ်'အရာ၌ ထားတော်မူ၏။

၁၄၂။ ငါသည် မြတ်စွာဘုရား၏ ထိုစကားကို ကြားရသော် ရွှင်လန်းနှစ်သက်သည်ဖြစ်၍ မြတ်စွာဘုရားအား အလှူကို ပေးလှူလျက် မြတ်စွာဘုရားကို ပူဇော်ပြီးလျှင် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ဆုတောင်းခဲ့၏။

http://www.dhammadownload.com



၁၄၃။ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို နန္ဒာ သင်တောင့်တသော ဒိဗ္ဗစက္ခုအဘိညာဉ် ကိုရလတ္တံ့၊ ဤသို့ ဖြစ်ခြင်းကို ဆီမီးအလှူ တရားအလှူတို့၏ အကျိုးတည်းဟု ကောင်းစွာ ဆုံးဖြတ်အပ်၏။

၁၄၄။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၄၅။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးတော် ဖြစ်၍ အမည်အားဖြင့် သကုလာဟု ထင်ရှားသော မြတ်စွာဘုရား၏ တပည့်မ'သာဝိကာ' ဖြစ်လတ္တံ့ (ဟု မိန့်ကြားတော်မူ၏)။

၁၄၆။ ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၁၄၇။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်၍ များစွာမြတ်သည့် အခြံအရံ အကျော်အစော ရှိတော်မူသော တရားဟော ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၍ အနွယ်အားဖြင့် ကဿပအမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၄၈။ ထိုအခါ ငါသည် တကိုယ်တည်း ကျင့်လေ့ရှိသော ပရိဗိုဇ်မဖြစ်ခဲ့၏၊ ဆွမ်းအကျိုး ငှါ လှည့်လည်လတ်သော် ဆီကိုသာ ရခဲ့၏။

၁၄၉။ ထိုဆီဖြင့် ဆီမီးကို ထွန်းညှိ၍ လူအားလုံးတို့ စောင့်ရှောက်အပ်သော ခြေနှစ်ချောင်း ရှိသူ နတ်လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရား၏ စေတီတော်ကို အထူးကြည်ညိုသော စိတ်ဖြင့် ဆည်းကပ်ပူဇော်ခဲ့၏။

၁၅၀။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၁၅၁။ အကြင်အကြင် ဘဝ၌ ဖြစ်၏၊ ထိုဘဝ၌ ဖြစ်သော ငါ့အား ထိုကံ၏ အစွမ်းကြောင့် များစွာသော ဆီမီးတို့သည် ကောင်းစွာ တောက်ပကုန်၏။

၁၅၂။ ငါသည် အကယ်၍ အလိုရှိငြားအံ့၊ နံရံတဖက်ကိုရင်း ကျောက်တောင်တဖက်ကိုရင်း တောင်ကိုရင်း ကျော်လွန်၍ မြင်နိုင်၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးအလှူ၏ အကျိုးပေတည်း။

၁၅၃။ ငါသည် အထူးစင်ကြယ်သော မျက်လုံးရှိသူဖြစ်၏၊ အခြံအရံဖြင့်လည်း တောက်ပ၏၊ သဒ္ဓါလည်းရှိ၏၊ ပညာလည်း ရှိ၏၊ ဤသို့ ဖြစ်ရခြင်းသည် ဆီမီးအလှူ၏ အကျိုးပေတည်း။

၁၅၄။ ဤယခုနောက်ဆုံးဖြစ်သော ဘဝ၌ကား ငါသည် များသော ဥစ္စာစပါးရှိသော မင်းတို့သည် ပူဇော်အပ်သော ဝမ်းမြောက်ဖွယ် ဗြာဟ္မဏမျိုး၌ ဖြစ်၏။

၁၅၅။ အလုံးစုံသော အင်္ဂါတို့နှင့် ပြည့်စုံသော အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်သော ငါသည် လေသာပြူတင်း၌ ရပ်လျက်နေစဉ်—

၁၅၆။ အခြံအရံဖြင့် တောက်ပတော်မူသော နတ်လူတို့သည် ပူဇော်အပ်တော်မူသော လက္ခဏာငယ်တို့ဖြင့် ပြည့်စုံသော လက္ခဏာကြီးတို့ဖြင့် တန်ဆာဆင်အပ်သော မြတ်စွာဘုရား ကို မြို့တွင်းသို့ ဝင်ရာ၌ ဖူးမြင်ရသော်—

http://www.dhammadownload.com



၁၅၇။ တက်ကြွ ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ကြားခဲ့၏၊ ငါသည် ကာလမကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၅၈။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌၎င်း ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌၎င်း လေ့လာပြီးသူဖြစ်၏၊ သူတပါး၏စိတ်တို့ကို သိ၏၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်သူဖြစ်၏။

၁၅၉။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူးသုတ်သင်အပ်၏၊ အာသဝအားလုံးတို့ကို ကုန်ခန်းစေ၍ ကောင်းစွာ အညစ်အကြေးကင်းသော အထူးစင်ကြယ်သူဖြစ်၏။

၁၆၀။ ငါသည် မြတ်စွာဘုရားကို ကောင်းစွာ လုပ်ကျွေးအပ်၏၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပြီ၊ လေးသော ခန္ဓာဝန်ကို ချထားအပ်၏၊ ဘဝတဏှာကို ပယ်နုတ်အပ်ပြီ။

၁၆၁။ အကြင်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ အလုံးစုံသော သံယောဇဉ်ကုန်ရာ ထိုနိဗ္ဗာန်အကျိုးကို ငါသည် ရအပ်ပြီ။

၁၆၂။ ထိုအခါ ကြီးမြတ်သော ကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် "သကုလာသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသူတို့တွင် အမြတ်ဆုံး ဖြစ်၏" ဟု ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၁၆၃။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်း စေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၆၄။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၆၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သကုလာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

လေးခုမြောက် သကုလာထေရီအပဒါန် ပြီး၏။

---

## ၅-နန္ဒာထေရီအပဒါန်

၁၆၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၆၇။ အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော အထူးသိစေတော်မူသည်ဖြစ်၍ ကယ်တင်တော်မူတတ်သော ဒေသနာ၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

http://www.dhammadownload.com



၁၆၈။ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါး အလို့ငှါ အစဉ် စောင့်ရှောက်တော်မူတတ်သော ကြီးမြတ်သော ကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် ရောက်လာသော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၁၆၉။ ဤသို့ တိတ္ထိတို့မှလည်း ဆိတ်သုဉ်းသည် ဖြစ်၍ ရေယှက်ခြင်း ကင်း၏၊ ဝသီဘော်သို့ရောက်ကုန်သော သည်းခံခြင်း တာဒိဂုဏ် ရှိကုန်သော ရဟန္တာတို့ဖြင့်လည်း ဆန်းကြယ်၏။

၁၇၀။ မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်တိုင်တိုင် မြင့်တော်မူ၏၊ အဘိုးထိုက်တန်သော ရွှေတုရိုဏ်တိုင်နှင့် တူတော်မူ၏၊ လက္ခဏာမြတ် သုံးဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူ၏။

၁၇၁။ ထိုအခါ အနှစ်တသိန်း အသက်(တန်း)ရှိ၏၊ ထိုမျှလောက် သက်တော်တည်လျက် ထိုမြတ်စွာဘုရားသည် များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၁၇၂။ ထိုအခါ ငါသည် ဟံသာဝတီမြို့တွင် ရတနာအမျိုးမျိုးတို့ဖြင့် တောက်ပသော သူဌေးမျိုး၌ဖြစ်၍ ကြီးစွာသော ချမ်းသာနှင့် ပြည့်စုံသည် ဖြစ်၏။

၁၇၃။ (ငါသည်) ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ လွန်စွာ သာယာအပ်သော နိဗ္ဗာန်ကို သိစေတတ်သော အမြိုက်တရားတော်ကို နာကြားခဲ့၏။

၁၇၄။ ထိုအခါ သံဃာနှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ထိုမြတ်စွာဘုရားအား ကြည်ညိုသည်ဖြစ်၍ မိမိလက်တို့ဖြင့် အလှူကြီးကို လှူခဲ့၍ —

၁၇၅။ သံဃာနှင့်တကွ ဖြစ်သော လောက၏ ရှေ့သွား မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ဦးတိုက်လျက် ဈာန်ဝင်စားလေ့ရှိကုန်သော ရဟန်းမတို့ထက် မြတ်သော အရာအထူးကို ဆုတောင်းခဲ့၏။

၁၇၆။ ထိုအခါ မယဉ်ကျေးသူတို့ကို ဆုံးမတော်မူတတ်သော လောကသုံးပါး၏ ကိုးကွယ်ရာဖြစ်သော လောကကို အစိုးရသော မြတ်စွာဘုရားသည် ကောင်းစွာ တောင့်တအပ်သော ထိုအရာအထူးကို ရလတ္တံ့။

၁၇၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၁၇၈။ ထိုမြတ်စွာဘုရား၏ တရားတို့၌ အမွေခံ သမီးတော်ဖြစ်၍ တရားဖြင့် ဖန်ဆင်းအပ်သော အမည်အားဖြင့် နန္ဒာ ဟူ ထင်ရှားသော မြတ်စွာဘုရား၏ တပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၁၇၉။ ထိုစကားကို ကြားနာရသော် ဝမ်းမြောက်ခြင်း ဖြစ်၍ အသက်ရှည်သမျှ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် မေတ္တာစိတ်ရှိလျက် လုပ်ကျွေးခဲ့၏။

၁၈၀။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်၏။

http://www.dhammadownload.com



၁၈၁။ ငါသည် ထိုဘုံမှ စုတေလတ်သော် ယာမာဘုံသို့ ရောက်၏၊ ထိုဘုံမှ တုသိတာဘုံသို့ ရောက်ခဲ့၏၊ ထိုဘုံမှ နိမ္မာနရတိဘုံသို့ရှင်း ထိုဘုံမှ ဝသဝတ္တိဘုံသို့ရှင်း ရောက်၏။

၁၈၂။ အကြင် အကြင် ဘုံဘဝ၌ ဖြစ်၏၊ ထိုထိုဘဝ၌ ထိုကံ၏ အစွမ်းကြောင့် မင်းတို့၏ မိဖုရား အဖြစ်ကို ပြုခဲ့ရ၏။

၁၈၃။ ထို(နတ်)ဘုံမှ စုတေလတ်သော် လူအဖြစ်၌ စကြဝတေးမင်းတို့၏ရှင်း ပဒေသရာဇ် မင်းတို့၏ရှင်း မိဖုရားအဖြစ်ကို ပြုခဲ့၏။

၁၈၄။ နတ်ပြည်တို့၌ရှင်း လူ့ပြည်တို့၌ရှင်း စည်းစိမ်ကို ခံစားပြီးလျှင် အလုံးစုံသော ဘဝတို့၌ ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ များစွာသော ကမ္ဘာတို့ပတ်လုံး ကျင်လည်ခဲ့ရ၏။

၁၈၅။ ငါသည် နောက်ဆုံးဘဝသို့ ရောက်သော် ကောင်းစွာ မွေ့လျော်ဖွယ်ရှိသော ကပိလ မည်သော မြို့၌ သုဒ္ဓေါဒနမင်း၏ ကွဲ့ရှဲဖွယ် ကင်းသော သမီးတော် ဖြစ်ခဲ့ရ၏။

၁၈၆။ အသရေဖြင့် ရုပ်အဆင်းလှသည်ကိုမြင်၍ ထိုအမျိုးသည် နှစ်သက်အပ်သူဖြစ်၏၊ ထို့ကြောင့် နန္ဒာဟု ကောင်းမြတ်သော ငါ၏ အမည်သည် ဖြစ်၏။

၁၈၇။ ငါသည် ပျော်မွေ့ဖွယ်ကောင်းသော ထိုမြို့၌လည်း ယသောဓရာကို ထား၍ ယုဝတီ အားလုံးတို့ထက်ပင် ကောင်းခြင်း ရှိသူဟုလည်း ကျော်စော ထင်ရှား၏။

၁၈၈။ အစ်ကိုအကြီးသည် မြတ်စွာဘုရားတည်း၊ ထိုမှတပါး နောက်ဆုံးဖြစ်သော မောင် သည် ရဟန္တာတည်း၊ တယောက်တည်း အိမ်၌ တည်သော ငါ့ကို မယ်တော်သည် တိုက်တွန်းအပ်၏။

၁၈၉။ ချစ်သမီး သင်သည် သာကီဝင် မင်းမျိုး၌ ဖြစ်ရာ၏၊မြတ်စွာဘုရားသို့ အစဉ်လိုက်၍ ဖြစ်၏၊နန္ဒမင်းသားလည်း ကင်းလျက် ဖြစ်၏၊ အိမ်၌ အဘယ့်ကြောင့် နေလိုသနည်း။

၁၉၀။ အရွယ်နှင့် ပြည့်စုံသည်၏အဖြစ်သည် အိုရင့်ခြင်းလျှင် အဆုံးရှိ၏၊ ရုပ်ကို မစင် ကြယ်ဟု သမုတ်အပ်၏၊ရောဂါမရှိသည်၏အဖြစ်သည်လည်း ရောဂါလျှင် အဆုံးရှိ၏၊အသက်ရှင် ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

၁၉၁။ သင်၏ တင့်တယ်သော ဤရုပ်အဆင်းသည်လည်း နှစ်သက်ဖွယ် ရှိ၏၊ စိတ်ကို ဆွဲဆောင်နိုင်၏၊ လက်ဝတ်တန်ဆာရတနာတို့ကို တန်ဆာဆင်ထား၏၊ အသရေပေါင်းစုရာနှင့် တူ၏။

၁၉၂။ လောက၏ အနှစ်သာရကို ပုံထားသကဲ့သို့ မျက်စိတို့၏ အရသာကို ဖြစ်စေ၏၊ ဘုန်းကံရှိသူတို့၏ ချီးမွမ်းခြင်းကို ဖြစ်စေ၏၊ ဩက္ကာကမင်းမျိုးသည် နှစ်သက်မြတ်နိုး၏။

၁၉၃။ ဤတင့်တယ်သော ရုပ်အဆင်းကိုလည်း ကာလမကြာမြင့်မီပင် အိုခြင်းတရားသည် ဖိစီး လွှမ်းမိုးလတ္တံ့၊ ကဲ့ရှဲဖွယ်မရှိမူ၍ သနားစဖွယ်ဖြစ်သော ချစ်သမီး နန်းတော်ကို ပယ်စွန့် လျက် တရားတော်ကို ကျင့်လော့(ဟု မယ်တော်သည် တိုက်တွန်းအပ်၏)။

၁၉၄။ ငါသည် မယ်တော်စကားကို နာကြားရသော် ရဟန်းဘောင်၌ ကိုယ်ဖြင့် ဝင် ရောက်ခဲ့၏၊ ရုပ်အဆင်းအရွယ်၏ တင့်တယ်စမွယ်ခြင်းကြောင့် စိတ်ဖြင့်ကား မဝင်ရောက်ခဲ့—

http://www.dhammadownload.com



၁၉၅။ မယ်တော်သည် ငါ့အား ကြီးစွာသော အားထုတ်ခြင်းဖြင့်လည်း ဈာန်ကို ရှုခြင်း၌ လွန်စွာ ပြုပြင်ရန်လည်း ပြောဆို၏၊ ငါသည် ထိုပြောဆိုရာ၌လည်း အားမထုတ်။

၁၉၆။ ထိုအခါ ကြီးမြတ်သောကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် ကာမဂုဏ်၌ လော်လီသော ငါ့ကို မြင်တော်မူ၍ ရုပ်၌ငြီးငွေ့ခြင်းအကျိုးငှါ ငါ၏မျက်စိမြင်ရာအရပ်၌—

၁၉၇။ မိမိအာနုဘော်ဖြင့် ရှုကြည့်စဖွယ် အလွန်တင့်တယ်သော ငါ့ထက်ပင် သာလွန် အဆင်းလှသော ကောင်းမြတ်သော လက္ခဏာရှိသော မိန်းမကို ဖန်ဆင်းပြတော်မူ၏။

၁၉၈။ ငါသည် အလွန်အံ့ဩဖွယ် ကိုယ်လုံးကိုယ်ပေါက် ရှိသော ထိုမိန်းမကို မြင်ရသော် အံ့ဩ၍ ငါ၏ လူ၌ဖြစ်သော မျက်စိကို ရခြင်းသည်လည်း အကျိုးရှိလေစွတကားဟု ကြံစည်မိ၏။

၁၉၉။ ငါသည် ထိုမိန်းမကို—အလွန်တင့်တယ်လှပသော မိတ်ဆွေမ လာပါလော၊ အကြင် အရာဖြင့် အလိုရှိ၏၊ ထိုအရာကို ငါ့အား ပြောဆိုပါလော့၊ အကယ်၍ ငါ့အား အသင်သည် ချစ်အံ့၊ သင်၏ အမျိုးအနွယ်ကိုလည်း ပြောဆိုပါလော့။

၂၀၀။ အလွန်တင့်တယ်လှပသော မိတ်ဆွေမ လှည့်စားရအံ့သော အခါမဟုတ်၊ ငါ့ရင်ခွင်၌ နေပါလော့၊ ငါ၏ ကိုယ်လက်အင်္ဂါတို့၌ နစ်မြုပ်သကဲ့သို့ တမုဟုတ်မျှ အိပ်စက်ပါလော့ (ဟု ခေါ်လိုက်မိ၏)။

၂၀၁။ ထိုအခါ ကောင်းသော မျက်လုံးရှိသော ထိုမိန်းမသည် ငါ့ရင်ခွင်၌ ဦးခေါင်းကို ပြု၍ အိပ်စက်၏၊ ထိုမိန်းမ၏ နဖူး၌ လွန်စွာကြမ်းတမ်းသော အနာသည် ကျရောက်၏။

၂၀၂။ ထိုအနာကျရောက်သည်နှင့် တပြိုင်နက် အိုင်းအမာသည် ဖြစ်လေ၏၊ အကောင်ပုပ်မှ ပြည်သွေးတို့သည်လည်း ပေါက်ကွဲ ယိုစီးကုန်၏။

၂၀၃။ အကောင်ပုပ်သည် အပုပ်နံ့ထွက်၍ ခံတွင်းသည်လည်း ပေါက်ပြဲ၏၊ ကိုယ်ကောင်သည် ဖူးဖူးရောင်၍ အဆင်းလည်း ညို၏၊ ပြည်လည်း ထွက်၏။

၂၀၄။ ထိုမိန်းမသည် ကိုယ်အင်္ဂါအားလုံး တုန်လှုပ်၍ အကြိမ်ကြိမ် ရှူရှိုက်ပြီးလျှင် မိမိ ဒုက္ခကို ခံစားလျက် သနားစဖွယ် ငိုကြွေး၏—

၂၀၅။ အကျွန်ုပ်သည် ဆင်းရဲဒုက္ခရောက်သူ ဖြစ်ပါ၏၊ ဝေဒနာတို့သည်လည်း တွေ့ထိ နှိပ်စက်ကုန်၏၊ ကြီးစွာသော ဆင်းရဲ၌ နစ်မြုပ်သူဖြစ်ပါ၏၊ အဆွေမ သင်သည် အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်ပါလော့(ဟု ငိုကြွေး၏)။

၂၀၆။ သင့်မျက်နှာ၏ တင့်တယ်ခြင်းသည် အဘယ်သို့ ရောက်သွားပါသနည်း၊ သင်၏မြင့်သော နှာခေါင်းသည် အဘယ်သို့ ရောက်သွားပါသနည်း၊ ကျီးအာသီးနှင့် တူသော သင်၏ နှုတ်ခမ်းနှင့် သင်၏ခံတွင်းသည်လည်း အဘယ်သို့ ရောက်သွားပါသနည်း။

၂၀၇။ လကဲ့သို့ တင့်တယ်သော အဆင်းသည် အဘယ်သို့ ရောက်သွားပါသနည်း၊ ရွှေမုရိုး စည်ကဲ့သို့သော လည်ပင်းသည်လည်း အဘယ်သို့ ရောက်သွားပါသနည်း၊အေးယာဉ် လွှဲသကဲ့သို့ သော သင့်နားရွက်သည် အဘယ်သို့ ရောက်သွားပါသနည်း၊ အဆင်းသည် ဖောက်ပြန်ခြင်းသို့ ရောက်ခဲ့ပြီတကား။

http://www.dhammadownload.com



၂၀၈။ ပန်းငုံရင့် ပန်းငုံနုသဖွယ်ဖြစ်သော အသားမြတ်တို့သည် ပန်းပွင့်ကဲ့သို့ ပျက်စီးကုန်၏၊ သင်၏ အပုပ်ကောင်သည် အနံ့ဆိုးရှိသည့်အဖြစ်သို့ ရောက်လာရရှာ၏။

၂၀၉။ ပွတ်တိုင်ကဲ့သို့ တင့်တယ်သောခါးသည် စဉ်းတီတုံးကဲ့သို့ ကြမ်းတမ်းခြင်းရှိ၏၊ မစင်ဖြင့် ပြည့်၏၊ ရုပ်(အဆင်း)သည် ဩဇာ မမြဲလေစွတကား။

၂၁၀။ ကိုယ်၌ဖြစ်သော အရာအားလုံးသည် ပုပ်သောအနံ့ရှိ၏၊ သုသာန်ကဲ့သို့ ကြောက်မက်ဖွယ် ရွံရှာဖွယ်ဖြစ်၏၊ ယင်းရုပ်(အဆင်း)၌ အမိုက်မတို့သည် ပျော်မွေ့ကုန်၏။

၂၁၁။ ထိုအခါ ကြီးမြတ်သော သနားခြင်းကရုဏာရှိတော်မူသော ငါ၏အစ်ကိုတော် ဖြစ်သော မြတ်စွာဘုရားသည် ထိတ်လန့်သောစိတ်ရှိသော ငါ့ကို မြင်တော်မူ၍ ဤဂါထာတို့ကို မိန့်တော်မူ၏—

၂၁၂။ နန္ဒာ နာကျင်တတ်သော သဘောရှိသော ရွံရှာဖွယ်ရှိသော ပုပ်သောကိုယ်ကို ရှုကြည့်လော့၊ တင့်တယ်ခြင်းမရှိသောအားဖြင့် ကောင်းစွာ တည်တံ့သော သမာဓိစိတ်ကို ပွါးလော့။

၂၁၃။ ဤကိုယ်ကဲ့သို့ ထိုအတူ ထိုသင်၏ ကိုယ်သည် ထိုသင်၏ ကိုယ်ကဲ့သို့ ထိုအတူ ဤကိုယ်သည် မကောင်းသောအနံ့ ပုပ်သောအနံ့သည် လှိုင်၏၊ သူမိုက်တို့သာ အလွန်နှစ်သက်အပ်၏။

၂၁၄။ ဤသို့ ဤရုပ်ကိုယ်ကို ညဉ့်နေ့ပတ်လုံး မပျင်းမရိ ရှုကြည့်သော် ထိုအခါ မိမိဉစ္စာ ပညာဖြင့် ဖောက်ထွင်း၍ မြင်လတ္တံ့ (ဟု ဤဂါထာတို့ကို မိန့်ဆိုတော်မူခဲ့၏)။

၂၁၅။ ထိုအခါ ငါသည် ကောင်းစွာ မိန့်ဆိုတော်မူသော ဂါထာတို့ကို ကြားနာရသော် အလွန်ထိတ်လန့်သည် ဖြစ်၍ ထိုနေရာ၌ ရပ်တည်လျက်သာလျှင် ငါသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

၂၁၆။ အကြင်အကြင်အရပ်၌ နေသောငါသည် အခါခပ်သိမ်း ဈာန်သာလျှင် လည်းလျောင်းရာရှိ၏၊ မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်တော်မူ၍ ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၂၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၂၁၈။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏ ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးအပ်ပါပြီ။

၂၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ဇနပဒကလျာဏီမည်သော နန္ဒာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ငါးခုမြောက် နန္ဒာထေရီအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၆-သောဏာထေရီအပဒါန်

၂၂ဝ။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ မာရ်ငါးပါးကို အောင်တော်မူသော အလုံးစုံသော တရားတို့၏ တဖက်ကမ်းသို့ ရောက်တော်မူသော ပဒုမုတ္တရ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၂၁။ ထိုအခါ ငါသည် သူဌေးမျိုး၌ဖြစ်၍ ချမ်းသာခြင်းသို့ရောက်၏၊ ပူဇော်ခံရ၏၊ ချစ်မြတ်နိုးခြင်း ခံရ၏၊ ငါသည် ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ချိုသာသော တရားစကားကို နာကြားခဲ့၏။

၂၂၂။ ထက်သန်သော လုံ့လဝီရိယ ရှိသူတို့တွင် အမြတ်ဆုံးဟု ရဟန်းမိန်းမကို ချီးကျူးတော်မူ၏၊ မြတ်စွာဘုရား၏ ချီးကျူးသော စကားကို နာကြားရသော် ဝမ်းမြောက်သည် ဖြစ်၍ မြတ်စွာဘုရားအား ကောင်းမှုကို ပြုပြီးလျှင်—

၂၂၃။ မြတ်စွာဘုရားကို ရှိခိုးလျက် ထိုအရာအထူးကို ဆုတောင်းခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် သင်၏ ဆုတောင်းခြင်းသည် ပြည့်စုံစေသတည်းဟု အနုမောဒနာ ပြုတော်မူ၏။

၂၂၄။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

၂၂၅။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသမီးတော် ဖြစ်၍ အမည်အားဖြင့် သောဏာဟု ထင်ရှားသော မြတ်စွာဘုရား၏ ကပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၂၂၆။ ငါသည် ထိုစကားကို ကြားနာရသော် ဝမ်းမြောက်ခြင်း ဖြစ်၍ အသက်ထက်ဆုံး မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် မေတ္တာစိတ်ရှိလျက် လုပ်ကျွေးခဲ့၏။

၂၂၇။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် တာဝတိံသာဘုံသို့ ရောက်ရ၏။

၂၂၈။ ဤယခု နောက်ဆုံးဖြစ်သော ဘဝ၌ကား ငါသည် သာဝတ္ထိပြည်တော်တွင် ပြည့်စုံကြွယ်ဝသော များသော ဥစ္စာရှိသော သူဌေးမျိုး၌ ဖြစ်၏။

၂၂၉။ ငါသည် အကြင်အခါ၌ အရွယ်သို့ရောက်၏၊ ထိုအခါ လင့်အိမ်သို့ လိုက်သွားပြီးလျှင် အထူးသဖြင့် ရုပ်အဆင်း လှကုန်သော သားသမီး ဆယ်ယောက်တို့ကို မွေးဖွားခဲ့၏။

၂၃ဝ။ ထိုသားသမီး အားလုံးတို့သည်ပင် ချမ်းသာသဖြင့် ကြီးပွါးရကုန်၏၊ လူတို့၏ မျက်စိနှင့် စိတ်ကို ဆွဲဆောင်နိုင်ကုန်၏၊ ရန်သူတို့သည်သော်လည်း ချစ်နှစ်သက်အပ်ကုန်၏၊ ထိုသားသမီးတို့ကို ငါ၏ ချစ်ခြင်းသည် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

၂၃၁။ ထိုအခါ ငါသည် အလိုမရှိ(အခွင့်မပြု)ပဲ ထိုငါ၏ လင်သည် သားသမီး ဆယ်ယောက်ကို ရှေ့သွားပြုလျက် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၏။

http://www.dhammadownload.com



၂၃၂။ ထိုအခါ ငါသည် တယောက်တည်း ကြံစည်၏၊ လင်သားတို့သည် စွန့်ပစ်အပ်သည်ဖြစ်၍ အရှယ်လည်းကြီးလျက် အထီးကျန်သော ငါ့အား အသက်ရှင်ခြင်းဖြင့် အကျိုးမရှိသည် ဖြစ်၏။

၂၃၃။ အကြင်သာသနာတော်သို့ ငါ၏ လင်သည် ရောက်၏၊ ထိုသာသနာတော်သို့ ငါသည်လည်း သွားအံ့ဟု ဤသို့ ငါသည် ကြံစည်ပြီးလျှင် ရဟန်းမိန်းမဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၃၄။ ထိုအခါ ရဟန်းမတို့သည် ငါ့ကို တယောက်တည်း ရဟန်းမကျောင်း၌ ရေကို ပူစေလော့(ရေနွေးကျိုလော့)ဟု ဤသို့ ချန်ထားခဲ့၍ အဆုံးအမခံယူရာသို့ သွားကုန်၏။

၂၃၅။ ထိုအခါ ငါသည် ရေကို ဆောင်ယူ၍ အိုး၌ သွန်းလောင်းလျက် ခုံလောက်၌ တည်ထားပြီးလျှင် ထိုင်နေခဲ့၏၊ ထိုအခါ ငါသည် စိတ်ကို ကောင်းစွာ ဆောက်တည်၏။

၂၃၆။ ခန္ဓာ၌ မမြဲသောအားဖြင့်၎င်း ဆင်းရဲသောအားဖြင့်၎င်း အတ္တမဟုတ်သောအားဖြင့်၎င်း ရှုမြင်၍ အာသဝေါအားလုံးကို ကုန်ခန်းစေလျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၂၃၇။ ထိုအခါ ရဟန်းမတို့သည် ပြန်လာ၍ ရေနွေးကို မေးကုန်၏၊ တေဇောဓာတ်ကို အဓိဋ္ဌာန်၍ ရေကို မြန်စွာ ပူနွေးစေခဲ့၏။

၂၃၈။ ထိုရဟန်းမတို့သည် အံ့ဩကုန်၍ ဘုရားမြတ်အား ဤအကြောင်းကို လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ထိုစကားကို ကြားရသော် ဝမ်းမြောက်တော်မူ၍ ဤဂါထာကို မိန့်တော်မူ၏--

၂၃၉။ အကြင်သူသည် ပျင်းရိယုတ်လျော့သော လုံ့လရှိလျက် အနှစ်တရာပတ်လုံး အသက်ရှင်၏၊ ထိုသူထက် ဝီရိယကို မြဲမြံစွာအားထုတ်သူ၏ တရက်မျှ အသက်ရှင်ခြင်းသည် မြတ်၏ (ဟု ဤဂါထာကို မိန့်ဆိုတော်မူ၏)။

၂၄၀။ မြတ်စွာဘုရားသည် ငါ၏ ကောင်းသော အကျင့်၌ နှစ်သက်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ငါ့အား ထက်သန်သော လုံ့လဝီရိယရှိသူတို့ထက် မြတ်၏ဟု မိန့်ဆိုတော်မူ၏။

၂၄၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၄၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏ ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးအပ်ပါပြီ။

၂၄၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သောဏာရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

**ခြောက်ခုမြောက် သောဏာထေရီအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၇-ဘဒ္ဒကာပိလာနီထေရီအပဒါန်

၂၄၄။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသောတရားတို့၏ တဖက်ကမ်းရောက်တော်မူသော လောက၏အကြီးအမှူးဖြစ်တော်မူသော ပဒုမုတ္တရအမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၄၅။ ထိုအခါ ဟံသာဝတီပြည်၌ မျှားစွာသော ရတနာရှိသော အမည်အားဖြင့် ဝိဒေဟအမည်ရှိသော သူဌေးသည် ရှိ၏၊ ငါသည် ထိုသူဌေး၏ အိမ်သူမယား ဖြစ်ခဲ့၏။

၂၄၆။ တရံရောအခါ ထိုသူဌေးသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဘေးဒုက္ခအလုံးစုံကို ပယ်ဖျောက်တတ်သော ဘုရားမြတ်တရားတော်ကို နာကြား၏။

၂၄၇။ မြတ်စွာဘုရားသည် တပည့်သာဝကကို ဓုတင်၏ ဂုဏ်ကျေးဇူးတို့တွင် အမြတ်ဆုံးဟု ချီးကျူး (မိန့်ကြား)တော်မူ၏၊ သူဌေးသည် (ထိုစကားကို) ကြားနာရသော် တာဒိဂုဏ်ရှိသော မြတ်စွာဘုရားအား ခုနစ်ရက်ပတ်လုံး အလှူကို ပေးလှူ၍—

၂၄၈။ ခြေတော်တို့ကို ဦးဖြင့်တိုက်ပြီးလျှင် ထိုအရာအထူးကို ဆုတောင်းခဲ့၏၊ ထိုအခါ လူတို့၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရားသည် မိမိပရိသတ်ကို ရွှင်လန်းစေလျက်—

၂၄၉။ သူဌေးအား အစဉ်စောင့်ရှောက်ခြင်းဖြင့် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏၊ သူဌေးသား တောင့်တသောအရာအထူးကို ရလတ္တံ့၊ ငြိမ်းအေးသူဖြစ်လော့။

၂၅၀။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့။

၂၅၁။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံသားတော်ဖြစ်၍ အနွယ်အားဖြင့် ကဿပအမည်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ဖြစ်လတ္တံ့ (ဟု မိန့်တော်မူ၏)။

၂၅၂။ ငါသည် ထိုစကားကို ကြားနာရသော် ဝမ်းမြောက်ခြင်းဖြစ်၍ အသက်ထက်ဆုံး မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် မေတ္တာစိတ်ရှိသည် ဖြစ်၍ လုပ်ကျွေးခဲ့၏။

၂၅၃။ ထိုမြတ်စွာဘုရားသည် သာသနာတော်ကို ထွန်းလင်းစေ၍ စက်ဆုပ်ဖွယ်ဖြစ်သော တိတ္ထိတို့ကို နှိမ်နင်းပြီးလျှင် ဝေနေယျသတ္တဝါကိုလည်း ဆုံးမလျက် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူ၏။

၂၅၄။ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူလတ်သော် မြတ်စွာဘုရားအား ပူဇော်ခြင်းအကျိုးငှါ ဆွေမျိုး မိတ်ဆွေတို့ကို (ခေါ်ဆောင်) စုဝေး၍ ထိုသူတို့နှင့်တကွ—

၂၅၅။ ရတနာတို့ဖြင့်ပြီးသော နေကဲ့သို့ တောက်ပသော ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်ကဲ့သို့ အမြင့်ခုနစ်ယူဇနာရှိသော ပုထိုးစေတီတော်ကို ပြုလုပ်တည်ထားခဲ့၏။

http://www.dhammadownload.com



၂၅၆။ ထိုပုထိုးစေတီ၌ ကျူမြီးကဲ့သို့ တောက်ပစေလျက် ရတနာခုနစ်ပါးတို့ဖြင့်သာလျှင် ခွက်ခုနစ်သိန်းတို့ကို ပြုလုပ်လှူဒါန်းခဲ့၏။

၂၅၇။ အလုံးစုံသော သတ္တဝါတို့အား အစဉ်စောင့်ရှောက်သနားတော်မူသော မြတ်စွာဘုရားအား ပူဇော်ခြင်းအကျိုးငှါ ထိုခွက်ခုနစ်သိန်း၌ နံ့သာဆီဖြင့် ပြည့်စေ၍ ဆီမီးတို့ကို ထွန်းညှိတော်မူ၏။

၂၅၈။ မြတ်စွာဘုရားကို ပူဇော်ခြင်း အကျိုးငှါ ရတနာတို့ဖြင့်သာလျှင် ပြည့်ကုန်သော ရေပြည့်အိုး ခုနစ်သိန်းတို့ကို ပြုလုပ် လှူဒါန်းခဲ့၏။

၂၅၉။ ရှစ်လုံး ရှစ်လုံးသော အိုးတို့၏အလယ်၌ စိုက်ထောင်အပ်ကုန်သော ရွှေတုရိုဏ်တိုင်တို့သည် တန်ဆောင်မုန်းလ၌ (ထွက်သော)နေကဲ့သို့ အဆင်း အရောင်ဖြင့် အလွန် တင့်တယ်ကုန်၏။

၂၆၀။ တံခါးလေးခုတို့၌ ရတနာဖြင့် ပြီးကုန်သော တုရိုဏ်တိုင်တို့သည် တင့်တယ်ကုန်၏၊ စိုက်ထောင်အပ်ကုန်သော မွေ့လျော်ဖွယ် ရတနာပျဉ်ချပ်တို့သည်လည်း တင့်တယ်ကုန်၏။

၂၆၁။ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော ဦးဆောက်ပန်းတို့သည် ခြံရံအပ်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ စိုက်ထူအပ်ကုန်သော ရတနာတံခွန် ကြက်လျှာတို့သည် တင့်တယ်ကုန်၏။

၂၆၂။ ကောင်းစွာနီမြန်းသော ဆန်းကြယ်အောင် ကောင်းစွာ ပြုလုပ်အပ်သော ရတနာဖြင့်ပြီးသော စေတီတော်သည် ဆည်းဆာရောင်နှင့်တကွသော နေမင်းကဲ့သို့ အဆင်းအရောင်ဖြင့် အလွန် တင့်တယ်၏။

၂၆၃။ ပုထိုးစေတီအား သုံးမျိုးသော ပွတ်တိုင်အစဉ်တို့ရှိကုန်၏၊ ထိုတွင် တတန်းသော ပွတ်တိုင်အစဉ်ကို ဆေးဒါန်းဖြင့် ပြည့်စေ၏၊ တတန်းသော ပွတ်တိုင်အစဉ်ကို မြင်းသီလာဖြင့် ပြည့်စေ၏၊ တတန်းသော ပွတ်တိုင်အစဉ်ကိုလည်း မျက်စဉ်းကျောက်ညိုဖြင့် ပြည့်စေ၏။

၂၆၄။ ဤသို့ သဘောရှိသော မွေ့လျော်ဖွယ် ပူဇော်ခြင်းကို ပြုလုပ်စေ၍ မြတ်သော တရားကို ဟောတော်မူသော မြတ်စွာဘုရားအားရှင်း သံဃာအားရှင်း အသက်ထက်ဆုံး စွမ်းအားရှိသလောက် အလှူကို ပေးလှူခဲ့၏။

၂၆၅။ ငါသည် ထိုသူဌေးနှင့် အတူတကွသာလျှင် ထိုကောင်းမှုတို့ကို အချင်းခပ်သိမ်း အသက်ရှည်သမျှပြု၍ သူဌေးနှင့် အတူတကွသာလျှင် ကောင်းမှုပြုသူတို့လားရာ 'သုဂတိ' ဘဝသို့ ရောက်ရ၏။

၂၆၆။ နတ်ဘဝ၌ရှင်း လူ့ဘဝ၌ရှင်း စည်းစိမ်တို့ကို ခံစား၍ အရိပ်သည် ကိုယ်နှင့်တကွ ဖြစ်သကဲ့သို့ ထိုသူဌေးနှင့်တကွသာလျှင် ကျင်လည်ခဲ့ရ၏။

၂၆၇။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ တင့်တယ်စွာ ရှုကြည့်စဖွယ်ရှိသော တရားအလုံးစုံတို့ကို ရှုမြင်တော်မူသော ဝိပဿီ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၆၈။ ထိုအခါ ထိုသူဌေးသည် ဗန္ဓုမတီပြည်၌ သူတော်ကောင်းဟု သမုတ်အပ်သော ပုဏ္ဏားဖြစ်၍ ဂုဏ်အားဖြင့်လည်း ကြွယ်ဝသူဖြစ်လျက် ဥစ္စာအားဖြင့်မူကား အလှူန်ဆင်းရဲသူ ဖြစ်၏။

http://www.dhammadownload.com



၂၆၉-၂၇၀။ ထိုအခါ ငါသည်လည်း ထိုပုဏ္ဏားမြတ်၏ တူမျှသော စိတ်ရှိသော ပုဏ္ဏေးမဖြစ်ခဲ့၏၊ တရံရောအခါ ထိုပုဏ္ဏားမြတ်သည် လူအပေါင်း၏ အလယ်၌ ထိုင်လျက် အမြိုက်နိဗ္ဗာန်ကို ဟောတော်မူသော မြတ်စွာဘုရားသို့ ချဉ်းကပ်၏၊ တရားကို နာကြားရသော် ဝမ်းမြောက်သူ ဖြစ်၍ ပုဆိုးတထည်ကို လှူဒါန်း၏။

၂၇၁။ ပုဆိုးတထည်ဖြင့် အိမ်သို့ ပြန်လာ၍ မြတ်စွာဘုရားအား ပုဆိုးကို လှူဒါန်းခဲ့၏။ မြတ်သော ကောင်းမှုကို ဝမ်းမြောက်ပါလော့ဟု ဤစကားကို ကောင်းစွာ ပြောဆို၏။

၂၇၂။ ထိုအခါ ငါသည် လက်အုပ်ချီ၍ အရှင် တာဒိဂုဏ်နှင့် ပြည့်စုံသော ဘုရားမြတ်အား ပုဆိုးကို ကောင်းစွာ လှူအပ်ပါပေ၏ဟု အလွန်နှစ်သက်သူဖြစ်၍ အနုမောဒနာ ပြုခဲ့၏။

၂၇၃။ ဘဝကြီးငယ်၌ ကျင်လည်ရသော် ချမ်းသာခြင်းသို့ ရောက်၏၊ တန်ဆာ ဆင်ယင် အပ်သည်ဖြစ်၍ ပျော်မွေ့ဖွယ်ရှိသော ဗာရာဏသီပြည်၌ ရေမြေကို အစိုးရသော မင်းဖြစ်၏။

၂၇၄။ ထိုအခါ ငါသည် ထိုမင်း၏ မိန်းမအပေါင်းထက် မြတ်သော မိဖုရား ဖြစ်ခဲ့၏၊ ထိုအရှင်သခင်၏ ရှေးဘဝ၌ဖြစ်သော ချစ်ခြင်းဖြင့်လည်း အလွန်အလွန် ချစ်ခင်ကြင်နာခံရသူ ဖြစ်၏။

၂၇၅။ ထိုမင်းသည် ဆွမ်းအကျိုးငှါ လှည့်လည်ကုန်သော ထိုပစ္စေကဗုဒ္ဓါ ရှစ်ဆူတို့ကို ဖူးမြင်ရသော် ဝမ်းမြောက်ခြင်း ဖြစ်၍ သူမြတ်တို့အားသာ ထိုက်သော ဆွမ်းကို ပေးလှူပြီး လျှင်—

၂၇၆။ တဖန် ပင့်ဖိတ်၍ ရတနာမဏ္ဍပ်ကိုပြုလုပ်လျက် ပန်းပဲသမားတို့သည် ပြုအပ်သော ရွှေအဆင်းရှိသော ထိုပစ္စေကဗုဒ္ဓါတို့၏ အမျှဖြစ်သော ရှစ်လုံးသော သပိတ်ကို—

၂၇၇။ တပေါင်းတည်း ဆောင်၍ ထိုမင်းသည် ထိုသပိတ် အားလုံးတို့ကို စုပေါင်းပြီးလျှင် ရွှေဖြင့် ပြီးသော နေရာ၌ ကြွဝင်ကုန်သော ထိုပစ္စေကဗုဒ္ဓါတို့အား ကြည်ညို၍ မိမိလက်တို့ဖြင့် အလှူကို ပေးလှူ၏။

၂၇၈။ ထိုအခါ ငါသည် ထိုအလှူကိုလည်း ကာသိမင်းနှင့်တကွ လှူခဲ့၏၊ တဖန် ငါသည် ဗာရာဏသီပြည် ကာသိ ရွာငယ်၌ ဖြစ်၏။

၂၇၉။ ထိုမင်းသည် ပြည့်စုံသော သူကြွယ်မျိုး၌ ညီရှိသူဖြစ်၍ ချမ်းသာခြင်းသို့ ရောက်၏၊ ငါသည် လင့်အလိုသို့ လိုက်တတ်သူ အစ်ကိုကြီး၏ အိမ်သူ မယားဖြစ်ခဲ့၏။

၂၈၀။ ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရသော် ငါ့လင်၏ ညီငယ်ဖြစ်သော ယက်၏ အဖိုးဖြစ်သော ထမင်းကို ထိုပစ္စေကဗုဒ္ဓါအား ပေးလှူခြင်းကြောင့် ထိုမတ်သည် လာလတ်သော် ဆဲရေး လေ၏။

၂၈၁။ ထိုမတ်သည် ပေးလှူခြင်းကို မနှစ်သက်၊ ထို့ကြောင့် ငါသည် ထမင်းအိုးမှ ဆောင် ယူ၍ ထိုထမင်းကို မတ်အား ပေး၏၊ ထိုမတ်သည် တဖန် ထိုပစ္စေကဗုဒ္ဓါအားသာလျှင် ပေး လှူ၏။

၂၈၂။ ထိုအခါ ငါသည် ပစ္စေကဗုဒ္ဓါအား ပြစ်မှား၍ ထိုထမင်းကို စွန့်ပစ်ပြီးလျှင် ထိုသပိတ် ကို ညွန်ဖြင့် ပြည့်အောင်ပြု၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ပစ္စေကဗုဒ္ဓါအား ပေးလှူ၏။

http://www.dhammadownload.com



၂၈၃။ ထိုအခါ ပေးလှူခြင်း၌၎င်း ခံယူခြင်း၌၎င်း ရှိသေသူ၌၎င်း ပြစ်မှားသူ၌၎င်း တူညီသောစိတ် တူညီသော မျက်နှာရှိသော ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရ၍ ငါသည် ပြင်းစွာ ထိတ်လန့်ခဲ့၏။

၂၈၄။ တဖန် သပိတ်ကို ယူ၍ ကောင်းသော နံ့သာရေဖြင့် ဆေးကြော သုတ်သင်ပြီးလျှင် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ ထောပတ်နှင့် တကွသော သကာကို ပြည့်စေလျက် လှူဒါန်းခဲ့၏။

၂၈၅။ ငါသည် အကြင် အကြင် ဘဝ၌ ဖြစ်ရ၏၊ ထိုထို ဘဝ၌ အလှူကြောင့် အဆင်းလှသူ ဖြစ်ရ၏၊ ပစ္စေကဗုဒ္ဓါအား ပြစ်မှားခဲ့ခြင်းကြောင့် ခံတွင်းအားဖြင့်မူ မကောင်းသော အနံ့ရှိ၏။

၂၈၆။ တဖန် ကဿပမြတ်စွာဘုရား၏ စေတီတည်ထားလတ်သော် ငါသည် ဝမ်းမြောက်သည်ဖြစ်၍ မြတ်သောရွှေအုဌ်ချပ်ကို လှူဒါန်းခဲ့၏။

၂၈၇။ ထိုအုဌ်ချပ်ကို နံ့သာမျိုး လေးပါးဖြင့် ပေါင်း၍ လှူဒါန်းသောကြောင့် မကောင်းသော အနံ့ရှိသော အပြစ်မှ ကင်းလွတ်၏၊ အလုံးစုံသော ကြန်အင် လက္ခဏာတို့နှင့် ပြည့်စုံ၏။

၂၈၈။ ထို ငါ၏ လင်သည် ခွက်ခုနစ်ထောင်တို့ကို ရတနာ ခုနစ်ပါးတို့ဖြင့် ပြုစေပြီးလျှင် ထောပတ်တို့ဖြင့် ပြည့်သော တထောင်သော ဆီမီးစာတို့ကိုလည်း—

၂၈၉။ ထည့်၍ မြတ်စွာဘုရားအား ပူဇော်ခြင်း အကျိုးငှါ အလွန် ကြည်ညိုသော စိတ်ဖြင့် ညှိထွန်း၍ မီးခုနစ်တန်း ပြုလုပ်ထား၏။

၂၉၀။ ထိုအခါ၌လည်း ငါသည် ထိုကုသိုလ်၌ အထူးသဖြင့် အဖို့ဘာဂ ရှိ၏၊ ထိုငါ၏ လင်သည် တဖန် ကာသိတိုင်းတို့၌ ကောင်းစွာ ဖြစ်၍ သုမိတ္တဟူ၍ ထင်ရှား ကျော်စော၏။

၂၉၁။ ငါသည် ထိုသုမိတ္တ၏ မြတ်နိုး ချစ်ခင်အပ်သော ချမ်းသာသော မယားဖြစ်ခဲ့၏၊ ထို အခါလည်း သုမိတ္တသည် ပစ္စေကဗုဒ္ဓါအား တခဲနက်သော သင်းကျစ်တော်ကို လှူခဲ့၏။

၂၉၂။ ငါသည် အလှူမြတ်ကို ဝမ်းမြောက်ခဲ့သောကြောင့် ထိုအလှူ၏လည်း အဖို့ ဘာဂ ရှိသူ ဖြစ်ခဲ့၏။ တဖန် ထိုကာသိတိုင်း ကောလိယမျိုး၌ ဖြစ်၏။

၂၉၃။ ထိုအခါ ကောလိယအမျိုးသား ငါးရာတို့နှင့်တကွ ပစ္စေကဗုဒ္ဓါငါးရာတို့အား ကောင်းစွာ လုပ်ကျွေး၏။

၂၉၄။ ဝါတွင်း သုံးလပတ်လုံး ရောင့်ရဲစေ၍ သင်္ကန်းသုံးထည်တို့ကိုလည်း ပေးလှူ၏၊ ထို အခါ ငါသည် ကုသိုလ်ကံ လမ်းကြောင်းသို့ အစဉ်လိုက်သော ထိုသူ၏ အိမ်သူမယားဖြစ်ခဲ့၏။

၂၉၅။ ထိုဘဝမှ စုတေလတ်သော် ထိုငါ၏လင်သည် များသော အခြံအရံ အကျော်အစော ရှိသော နန္ဒ မည်သော မင်းဖြစ်၏၊ ငါသည် ထိုမင်း၏လည်း အလုံးစုံသော ကာမတို့နှင့်လည်း ပြည့်စုံသော မိဖုရား ဖြစ်ခဲ့၏။

၂၉၆-၂၉၇။ ထိုအခါ ရေ-မြေကို အစိုးရသော ဗြဟ္မဒတ်မင်းဖြစ်၍ မယုတ်လျော့ကုန်သော ပဒုမဝတီသား ပစ္စေကဗုဒ္ဓါငါးရာတို့ကို မင်းဉယျာဉ်၌ နေစေ၍ အသက်ထက်ဆုံး လုပ်ကျွေးခဲ့၏၊ ပရိနိဗ္ဗာန်ပြုသော ပစ္စေကဗုဒ္ဓါတို့ကိုလည်း ပူဇော်ခဲ့၏။

၂၉၈။ စေတီတို့ကိုလည်း ပြုစေပြီးလျှင် ငါတို့ နှစ်ဦးလုံး ရဟန်းပြုလျက် ဗြဟ္မဝိဟာရ တရား လေးပါးတို့ကို ပွါး၍ ဗြဟ္မာ့ပြည်သို့ ရောက်ရကုန်၏။

http://www.dhammadownload.com



၁၉၉။ ထိုဗြဟ္မာ့ပြည်မှ စုတေလတ်သော် ငါ၏ လင်သည် မဟာတိတ္ထရွာ၌(ပိပ္ဖလာယန) ပိပ္ဖလိလုလင် ဖြစ်၏၊အမိသည် သုမနဒေဝီ မည်၏၊ အဖသည်ကား ကောသိယ အနွယ်ဖြစ်သော ပုဏ္ဏားပေတည်း။

၃၀၀။ ငါသည် မဒ္ဒဇနပုဒ် သာကလမြို့တော်၌ ကပ္ပိလပုဏ္ဏား၏ သမီးဖြစ်၏၊ အမိသည် သုစိမတိ အမည်ရှိ၏။

၃၀၁။ ငါ့အဖသည် ငါ့ကို ရွှေတုံးရုပ်တုဖြင့် ဖလှယ်၍ ကာမတို့မှ ကြဉ်ရှောင်သော ပညာရှိ ဖြစ်သော ကဿပလုလင်အား ပေး၏။

၃၀၂။ တရံရောအခါ သနားခြင်း'ကရုဏာ'ရှိသော ထိုကဿပလုလင်သည် အလုပ်အကိုင်အမှုတို့ကို ကြည့်ရှုလတ်သော် ကျီးစသည်တို့သည် ခဲကုန်သော ပိုးသတ္တဝါတို့ကို တွေ့မြင်သောကြောင့် (သံဝေဂ ရလေ၏) ထိတ်လန့်၏။

၃၀၃။ ထိုအခါ ငါသည် အိမ်၌သာလျှင် နေပူလှမ်းသော နှမ်း၌ဖြစ်သည့် ပိုးတို့ကို ကျီးတို့ ခဲသည်တို့ကို တွေ့မြင်ရ၍ ထိတ်လန့်ခြင်းကို ရ၏။

၃၀၄။ ထိုအခါ ထိုပညာရှိ ကဿပလုလင်သည် ရဟန်းပြုလေ၏၊ ငါသည် သူ့ကို အတုလိုက်လျက် ရဟန်း ပြုခဲ့၏၊ ငါသည် ငါးနှစ်တိုင်အောင် ပရိဗိုဇ်အကျင့်၌ ကျင့်သုံးနေခဲ့၏။

၃၀၅-၃၀၆။ အကြင်အခါ မြတ်စွာဘုရားကို မွေးမြူတတ်သော ဂေါတမီသည် ရဟန်းပြု၏၊ ထိုအခါ ငါသည် ထိုဂေါတမီသို့ ချဉ်းကပ်လတ်သော် မြတ်စွာဘုရားသည် ဆုံးမတော်မူသည်ဖြစ်၍ ကာလ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏၊ အသရေရှိသော ကဿပလုလင်၏ (ဘုရားတည်းဟူသော) မိတ်ဆွေကောင်း ရှိသည်၏ အဖြစ်သည် အံ့ဩဖွယ် ရှိ၏။

၃၀၇။ ကဿပလုလင်သည် မြတ်စွာဘုရား၏ အမွေခံ သားဖြစ်၍ ကောင်းစွာ တည်တံ့၏၊ ရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာ အစဉ်ကို သိ၏၊ နတ်ဘုံ အပါယ်ဘုံကိုလည်း မြင်၏။

၃၀၈။ ထိုမှတပါး ကဿပရဟန်းသည် ပြီးဆုံးပြီးသော အဘိညာဉ်ရှိသည်ဖြစ်၍ ဇာတိကုန်ရာသို့ ရောက်၏၊ ဤဝိဇ္ဇာသုံးပါးတို့ဖြင့် ဝိဇ္ဇာသုံးပါးရှိသော ကိလေသာမှ အပပြုပြီးသူ (ရဟန္တာ)ဖြစ်၏။

၃၀၉။ ထို့အတူပင် (ငါ) ဘဒ္ဒကာပိလာနီသည် ဝိဇ္ဇာသုံးပါး ရှိ၏၊ သေခြင်းကို ပယ်စွန့်၏၊ ဗိုလ်ပါနှင့် တကွသော မာရ်ကို အောင်မြင်၍ အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

၃၁၀။ လောက၌ အပြစ်ကို မြင်၍ ငါတို့ နှစ်ဦးလုံး ရဟန်းပြုကုန်၏၊ ထိုငါတို့သည် ကုန်ပြီးသော အာသဝေါ ရှိကုန်၏၊ ယဉ်ကျေးပြီး ဖြစ်ကုန်၏၊ အေးချမ်းသည်ဖြစ်၍ ငြိမ်းအေးကုန်၏။

၃၁၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၃၁၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၃၁၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ဘဒ္ဒကာပိလာနီရဟန်းမသည် ဤဂါထာတို့ကို မိန့်ဆိုခဲ့၏။

ခုနစ်ခုမြောက် ဘဒ္ဒကာပိလာနီထေရီအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၈-ယသောဓရာထေရီအပဒါန်

၃၁၄။ အခါတပါး လူတို့၏ အကြီးအမှူးဖြစ်သော မြတ်စွာဘုရားသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ပြည့်စုံ ကြွယ်ဝသော ရာဇဂြိုဟ်ပြည်တွင် မြတ်သော တောင်ဝှမ်း တခု၌ (သီတင်းသုံး)နေတော်မူသည်ရှိသော်—

၃၁၅။ နှလုံးမွေ့လျော်ဖွယ်ရှိသော ထိုရာဇဂြိုဟ်ပြည် ဘိက္ခုနီမတို့၏ ကျောင်း၌(သီတင်းသုံး)နေသော ယသောဓရာ ရဟန်းမအား ဤသို့ အကြံအစည်သည် ဖြစ်၏။

၃၁၆။ သုဒ္ဓေါဒနမင်းကြီးသည်၎င်း မဟာပဇာပတိ ဂေါတမီသည်၎င်း ကျော်စောထင်ရှားကုန်သော မဟာထေရ်တို့သည်၎င်း ကြီးသော တန်ခိုးရှိကုန်သော ထေရီမတို့သည်၎င်း—

၃၁၇။ ထိုသုဒ္ဓေါဒနမင်း စသည်တို့သည် အာသဝကင်းကုန်သည်ဖြစ်၍ ဆီမီးလျှံတို့ကဲ့သို့ ငြိမ်းအေးရာ နိဗ္ဗာန်သို့ ကြွသွားကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ငါသည်လည်း မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်သာလျှင် ငြိမ်းအေးရာ နိဗ္ဗာန်သို့—

၃၁၈။ သွားအံ့ဟု ကြံစည်၍ မိမိ၏အသက်ကို ကြည့်ရှုလတ်သော် ထိုနေ့၌ပင်လျှင် ကုန်ခန်းခြင်းသို့ ရောက်လတ္တံ့ဟူသော အာယုသင်္ခါရကို မြင်၍—

၃၁၉-၃၂၀။ ကြီးမားသောတန်ခိုး ကြီးမားသောပညာရှိသော ထိုယသောဓရာသည် မိမိ၏ သင်္ခမ်းကျောင်းမှ ထွက်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရဟန်းမ တသိန်းတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ မြတ်စွာဘုရား၏ စက်လက္ခဏာရှိသော ခြေတော်၏အနီး သင့်လျော်ရာ အရပ်၌ ထိုင်လျက် ဤစကားကို လျှောက်ထား၏—

၃၂၁။ မြတ်စွာဘုရား လျှောက်ထားပါ၏ အကျွန်ုပ်သည် ခုနစ်ဆယ့်ရှစ်နှစ်ရှိ၍ နောက်ဆုံးအရွယ်ဖြစ်ပါ၏၊ ကုန်းကိုင်းသော 'ပစ္ဆာဝယဒသက'အရွယ်သို့ ဆိုက်ရောက်ပါပြီ။

၃၂၂။ အကျွန်ုပ်၏ အရွယ်သည် ကြီးရင့်လှပါပြီ၊အကျွန်ုပ်၏ အသက်သည် နည်းလှပါပြီ၊ အရှင်တို့ကို စွန့်၍ သွားရတော့အံ့၊အကျွန်ုပ်သည် မိမိကိုယ်၏ ကိုးကွယ်ရာကို ပြုချိန်တန်ပါပြီ။

၃၂၃။ နောက်ဆုံးဖြစ်သော အချိန်အရွယ်၌ သေခြင်းတရားသည် နှိပ်စက်၏၊ မြတ်စွာဘုရား ယနေ့ ညဉ့်၌ပင် နိဗ္ဗာန်သို့ ရောက်ရတော့အံ့။

၃၂၄။ မြတ်စွာဘုရား အကြင် နိဗ္ဗာန်၌ ပဋိသန္ဓေ နေခြင်း ရင့်(အို)ခြင်း နာခြင်း သေခြင်း တရားသည် မရှိ၊ အိုခြင်း သေခြင်း ပြူစုရင်ခြင်း မရှိသော ထိုနိဗ္ဗာန်မြို့သို့ သွားရပါတော့အံ့။

၃၂၅။ အကြင်မျှလောက်ကုန်သော ပရိသတ်တို့သည် မြတ်စွာဘုရားအား ဆည်းကပ်၍ အပြစ်ကို သိကုန်၏၊ ထို အပြစ်ကို မြတ်စွာဘုရား၏ မျက်မှောက်၌ သည်းခံကြပါကုန်။

၃၂၆။ သံသရာ၌ ကျင်လည်၍လည်း အရှင်ဘုရား၌ အကျွန်ုပ်၏ ချွတ်ချော်မှုသည် အကယ်၍ ရှိပါအံ့၊ မြတ်စွာဘုရား လျှောက်ကြားပါ၏၊ အကျွန်ုပ်၏ အပြစ်ကို သည်းခံတော်မူပါ (ဟု-ဤစကားကို လျှောက်ဆို၏)။

http://www.dhammadownload.com



၃၂၇။ မြတ်စွာဘုရားသည် ထိုယသောရေထေရီ၏ စကားကို ကြားနာရ၍ ဤစကားကို မိန့်တော်မူ၏—ပရိနိဗ္ဗာန်စံယူခြင်းငှါ သွားတော့မည့်ဆဲဆဲ ဖြစ်သော သင့်အား အဘယ်မှာ အတုန့်အပြန် ပြောရပါတော့အံ့နည်း။

၃၂၈။ ငါ၏ အဆုံးအမကို လိုက်နာသော ယသောရေ တန်ခိုးကိုလည်း ပြဦးလော့၊အကြင်မျှလောက် ပရိသတ်အားလုံးတို့၏ ယုံမှားခြင်းကိုလည်း ဖြတ်တောက်ခဲ့ဦးလော့ (ဟု မိန့်တော်မူ၏)။

၃၂၉။ ထို ယသောရေ ဘိက္ခုနီမသည် မြတ်စွာဘုရား၏ ထိုစကားတော်ကို ကြားနာ၍ ထို မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထား၏—

၃၃၀။ မြတ်စွာဘုရား အကျွန်ုပ် ယသောရေသည် နန်းအိမ်တော်၌ စံနေစဉ်အခါ အရှင်ဘုရား၏ ကြင်ရာတော်ပါတည်း၊ သာကီဝင် မင်းမျိုး၌ဖြစ်၍ မိန်းမမြတ်တို့၏ ကြန်အင်လက္ခဏာ၌ တည်ပါ၏။

၃၃၁။ မြတ်စွာဘုရား အကျွန်ုပ်သည် အရှင်၏ နန်းအိမ်တော်၌ မိန်းမ ကိုးသန်း ခြောက်သိန်းတို့၏ အကြီး အမှူးပါတည်း၊ မိန်းမအားလုံးတို့ကို အစိုးရသူ ပါတည်း။

၃၃၂။ ရုပ်အဆင်း အကျင့် ဂုဏ်နှင့် ပြည့်စုံကုန်သော အရွယ်၌ တည်ကုန်သော ချစ်ဖွယ်သော စကားကို ဆိုတတ်ကုန်သော မောင်းမ အားလုံးတို့သည် လူတို့သည် နတ်တို့ကို ရှိသေကုန်သကဲ့သို့ အကျွန်ုပ်ကို (အခါခပ်သိမ်း) ရှိသေကြပါကုန်၏။

၃၃၃။ သာကီဝင် မင်းသား၏ နန်းအိမ်တော်၌ သတို့သမီး တသိန်းတို့၏ အကြီး အမှူးဖြစ်၍ နန္ဒဝန်ဥယျာဉ်၌ နတ်တို့ကဲ့သို့ တူမျှသော ချမ်းသာ ဆင်းရဲရှိလျက် (ပျော်မွေ့ခဲ့ပါ၏)။

၃၃၄။ (မြတ်စွာဘုရား) အကျွန်ုပ်သည် ရုပ်အဆင်းအရာ၌ ကာမဘုံကို ကျော်လွန်၍ တည်ပါ၏၊ မြတ်စွာဘုရားကို ချန်ထား၍ အကျွန်ုပ်၏ ရုပ်အဆင်းနှင့် တူသူ မရှိပါ ဘုရား (ဟု လျှောက်ထား၏)။

၃၃၅။ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် မြတ်စွာဘုရားအား တန်ခိုးကို ပြလေ၏၊ တပါးမက အထူးထူး အပြားပြားသော ကြီးသော တန်ခိုးတို့ကိုလည်း ပြ၏။

၃၃၆။ ကိုယ်သည် စကြဝဠာမျှ လောက်ရှိ၏၊ ဦးခေါင်းသည် မြောက်ကျွန်းမျှလောက်ရှိ၏၊ အတောင် နှစ်ဖက်တို့သည် (အရှေ့ အနောက်) နှစ်ကျွန်းမျှလောက် ရှိကုန်၏၊ ကိုယ်အားဖြင့် ဇမ္ဗူဒီပါကျွန်းမျှလောက်ရှိ၏။

၃၃၇။ မြီးစည်းသည် တောင်သမုဒ္ဒရာမျှလောက်ရှိ၏၊ထိုမှတပါး အတောင်ပန်တို့သည်ကား အသီးအသီးသော အခက်နှင့် တူကုန်၏၊မျက်စိသည် လ-နေမျှလောက်ရှိ၏၊ဦးစွန်းသည် မြင့်မိုရ်တောင်မျှလောက်ရှိ၏။

၃၃၈-၃၃၉။ နှုတ်သီးသည် စကြဝဠာတောင်မျှလောက် ရှိ၏၊ ဇမ္ဗူသပြေပင်ကို အမြစ်အရင်းနှင့် တကွ နုတ်၍ ယပ်ခတ်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက်ပင် ဆင်အသွင်ကိုရင်း ထို့အတူပင် မြင်းအသွင် တောင်အသွင် သမုဒ္ဒရာအသွင်ကိုရင်း ထိုမှတပါး လ-နေအသွင် မြင့်မိုရ်တောင်အသွင် သိကြားမင်းအသွင်ကိုရင်း ဖန်ဆင်းပြလေ၏။

http://www.dhammadownload.com



၃၄၀။ လုံ့လ ရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ် ယသောဓရာ ပါတည်း၊ စကျွငါးမျိုးရှိတော်မူသောမြတ်စွာဘုရား အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏၊ လောကဓာတ်တထောင်တို့ကို ပဒုမာကြာပွင့်ဖြင့် ဖုံးအုပ်ခဲ့ပါ၏။

၃၄၁။ လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်ယသောဓရာပါတည်း၊ အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါ၏၊ ပြဟ္မာအသွင်ကိုလည်း ဖန်ဆင်း၍ သခ်ါရတို့မှ ဆိတ်သုဉ်းသော 'သုညတ' နိဗ္ဗာန်တရားကို ဟောပြခဲ့ပါ၏။

၃၄၂။ စကျွငါးမျိုးရှိတော်မူသော မြတ်စွာဘုရား ဣဒ္ဓိဝိဓ (အဘိညာဉ်) တို့၌လည်း လေ့လာပြီး ဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ် အဘိညာဉ်၌ရှင်း စေတောပရိယ ဉာဏ်၌ရှင်း လေ့လာပြီး ဖြစ်ပါ၏။

၃၄၃။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အလုံးစုံသော အာသဝတို့ ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိတော့ပါ။

၃၄၄။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရှင်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရှင်း အသိဉာဏ်သည် အကျွန်ုပ်အား ဖြစ်ပေါ်ခဲ့ပါကုန်၏။

၃၄၅။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား လောက၏ ကိုးကွယ်ရာ ဖြစ်သော ရှေးမြတ်စွာဘုရားတို့(အထံ၌) ပေါင်းဆုံမိခြင်းကို အရှင်ဘုရားသည် ပြအပ်ပါပြီ၊ အရှင်ဘုရား၏ အကျိုးငှါ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များပြားလှပါ၏။

၃၄၆။ မြတ်စွာဘုရား ကုသိုလ်ဖြစ်သော အကြောင်းကံကို အကျွန်ုပ်သည် ဖြည့်ကျင့်ဆည်းပူးအပ်ပြီ၊ ထိုကုသိုလ်ကံကို အောက်မေ့တော်မူလော့၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ကောင်းမှုကို အကျွန်ုပ်သည် ဆည်းပူးအပ်ပါပြီ။

၃၄၇။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် မထိုက်မလျောက်ပတ်သော အရာတို့ကို ကြဉ်၍ မကျင့်အပ်သည်ကို တားမြစ်၍ အရှင်ဘုရား၏ အကျိုးငှါ အကျွန်ုပ်သည် အသက်ကို ကောင်းစွာ စွန့်လွှတ်အပ်ပါ၏။

၃၄၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သူတပါးအား မယားပြုရန် အကျိုးငှါ အကျွန်ုပ်ကို လှူခဲ့ပါ၏၊ ထိုသို့ လှူရာ၌ အရှင်ဘုရား၏အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

၃၄၉။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ အကျိုးငှါ အကျွန်ုပ်ကို ပေးလှူခဲ့ပါ၏၊ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏ အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

၃၅၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အကျွန်ုပ်ကို အစားအစာ အကျိုးငှါ ပေးလှူခဲ့ပါ၏၊ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏ အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

http://www.dhammadownload.com



၃၅၁။ အကျွန်ုပ်သည် ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အသက်တို့ကို စွန့်လွှတ်ခဲ့ပါ၏၊ ဘေးမှ လွတ်မြောက်ခြင်းကို ပြုအံ့ဟု အကျွန်ုပ်၏ အသက်ကို စွန့်လွှတ်ခဲ့ပါ၏။

၃၅၂။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ကိုယ်အင်္ဂါတို့ကိုရင်း တန်ဆာဆင်အပ်ကုန်သော အဝတ်အမျိုးမျိုးတို့ကိုရင်း များစွာသော မိန်းမတန်ဆာတို့ကိုရင်း မလျှို့ဝှက်ပါ။

၃၅၃။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ဥစ္စာစပါးကိုလည်း စွန့်ခဲ့ပါပြီ၊ ရွာတို့ကိုရင်း နိဂုံးတို့ကိုရင်း လယ်ယာကိုရင်း သားတို့ကိုရင်း သမီးတို့ကိုရင်း စွန့်လွှတ်ခဲ့ပါပြီ။

၃၅၄။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ စွန့်လွှတ်ခဲ့ရကုန်သော ဆင်မြင်းနွားတို့သည်ရင်း အလုပ်အကျွေး ကျွန်မတို့သည်ရင်း မရေတွက်နိုင်ပါကုန်။

၃၅၅။ တောင်းတတ်သူတို့ကို အကြင်အလှူကို လှူအံ့ဟု အကျွန်ုပ်အား တိုင်ပင်၏၊ ထိုအလှူမြတ်ကို လှူခြင်းကြောင့် အကျွန်ုပ်၏ စိတ်ဖောက်ပြန်ခြင်းကို မမြင်ဘူးပါ။

၃၅၆။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏အကျိုးငှါ များပြားလှစွာ သံသရာ၌လည်း အထူးထူးအပြားပြား များစွာသော ဆင်းရဲကို ခံစားခဲ့ခြင်းသည် မရေတွက်နိုင်ပါ။

၃၅၇။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏အကျိုးငှါ ချမ်းသာခြင်းသို့ ရောက်လတ်သော် ဝမ်းမြောက်ပါ၏၊ ဆင်းရဲမှုတို့ကြောင့်ကား စိတ်မချမ်းသာခြင်း မဖြစ်ခဲ့ပါ၊ အလုံးစုံသော ချမ်းသာ ဆင်းရဲတို့၌ ချိန်သဖွယ် (တူမျှ)သည် ဖြစ်ပါ၏။

၃၅၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားသည် သင့်လျော်သော အကြောင်းဖြင့် အကြင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် တရားကို ရှေးရှုဆောင်၏၊ ချမ်းသာ ဆင်းရဲကို ခံစား၍ ထိုသမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်တော်မူ၏။

၃၅၉။ ဗြဟ္မဒေဝမြတ်စွာဘုရားကိုရင်း (ပေါရာဏ) ဂေါတမမြတ်စွာဘုရားကိုရင်း (ဖူးမြင်ဆုတောင်းခဲ့၍)တပါးကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ အကျွန်ုပ်နှင့် အရှင်ဘုရား၏ ပေါင်းဆုံရခြင်းသည် များလှပါပြီ။

၃၆၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏၊ အကျွန်ုပ်သည် ဘုရားဖြစ်ကြောင်း တရားတို့ကို ရှာဖွေသော အရှင်ဘုရား၏ အလုပ်အကျွေးပါတည်း။

၃၆၁။ လေးအသင်္ချေတို့ကိုရင်း ကမ္ဘာတသိန်းတို့ကိုရင်း လွန်၍ လောက၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ပွင့်တော်မူခဲ့ပါ၏။

၃၆၂။ မြို့စွန်မြို့ဖျားဖြစ်သော အရပ်ဒေသ၌ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ထိုဒီပင်္ကရာမြတ်စွာဘုရား ကြွလာရာဖြစ်သော လမ်းကို နှစ်သက်သောစိတ် ရှိကြကုန်သည် ဖြစ်၍ သုတ်သင်ကြကုန်၏။

၃၆၃။ ထိုအခါ ထိုအရှင်ဘုရားသည် သုမေဓာအမည်ရှိသော ပုဏ္ဏားဖြစ်၏၊ ကြွလာသော ဒီပင်္ကရာမြတ်စွာဘုရား၏ လမ်းခရီးကိုလည်း သုတ်သင်စီရင်၏။

http://www.dhammadownload.com



၃၆၄။ ထိုအခါ အကျွန်ုပ်သည် ပုဏ္ဏားအမျိုး၌ဖြစ်၍ အမည်အားဖြင့် သုမိတ္တာဟု ထင်ရှားသော အမျိုးသမီးဖြစ်၏၊ (ရမ္မာဝတီ) ပြည်သူတို့ အစည်းအဝေးသို့ ချဉ်းကပ်ခဲ့၏။

၃၆၅။ ဒီပင်္ကရာ မြတ်စွာဘုရားအား ပူဇော်ခြင်းအကျိုးငှါ ကြာရှစ်ခိုင်တို့ကို ယူခဲ့ပြီးသော် လူတို့အလယ်၌ ထင်ရှားသော သုမေဓာရသေ့ကို ဖူးမြင်ရ၏။

၃၆၆။ ကြာမြင့်စွာသော ကာလပတ်လုံး အစဉ်လိုက်သော ချစ်ကြင်နာခဲ့သော အလွန်နှစ်သက်ဖွယ်ဖြစ်၍ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ရသေ့ကို ဖူးမြင်ရ၍ ထိုအခါ ငါ၏အသက်ရှင်ခြင်းသည် အကျိုးရှိလေစွဟု အောက်မေ့ထင်မှတ်ခဲ့၏။

၃၆၇။ ထိုအခါ ငါသည် ရသေ့၏ မိမိအကျိုးကို အားထုတ်သည်ကို မြင်၏၊ ငါ၏စိတ်သည် ရှေးကံကြောင့် မြတ်စွာဘုရား၌လည်း ကြည်ညို၏။

၃၆၈။ တက်ကြွသောစိတ်ရှိသော ရသေ့၌ လွန်စွာ စိတ်ကို ကြည်ညိုစေ၏၊ အရှင်ရသေ့ အရှင့်အား ပေးလှူရန် အခြားတပါးသော လှူဖွယ်ကို မမြင်ပါ၊ အရှင့်အား ပန်းတို့ကို လှူပါ၏။

၃၆၉။ အရှင်ရသေ့ ကြာငါးခိုင်တို့သည် အရှင်ရသေ့အား ဖြစ်ပါစေကုန်၊ ကြာသုံးခိုင်တို့သည် အကျွန်ုပ်အား ဖြစ်ပါစေကုန်၊ အရှင်ရသေ့ အရှင်၏သမ္ဗောဓိဉာဏ်အကျိုးငှါ ထိုအရှင်ရသေ့နှင့်အတူတကွ ပေါင်းဆုံမိခြင်း ဖြစ်ပါစေကုန်။

လေးခုမြောက် ဘာဏဝါရ ပြီး၏။

၃၇၀။ သုမေဓာ ရသေ့မြတ်သည် သမ္ဗောဓိဉာဏ်အကျိုးငှါ ပန်းတို့ကို ယူ၍ ကြွလာသော အမြတ်ဆုံးရသေ့ ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားကို လူတို့အလယ်၌ ပူဇော်လေ၏။

၃၇၁။ ကြီးမြတ်သော လုံ့လရှိတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် တက်ကြွစိတ်ရှိသော ရသေ့ကိုမြင်၍ လူတို့အလယ်၌ ဗျာဒိတ်စကား ကြားတော်မူ၏—

၃၇၂။ ရဟန်းမြတ်ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ဤကမ္ဘာမှ မရေတွက်နိုင်သော လေးအသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ အကျွန်ုပ်၏ ဖြောင့်စွာ ဖြစ်သော ကောင်းမှုကံကို (ဤသို့) ဗျာဒိတ်စကား ကြားတော်မူ၏—

၃၇၃။ ရသေ့မြတ် ဤသတို့သမီးသည် သင့်အကျိုးငှါ တူမျှသောစိတ်ရှိသည် တူမျှသောကောင်းမှုကံရှိသည် တူမျှသောအမှုကိစ္စကို ပြုလေ့ရှိသည်ဖြစ်လတ္တံ့၊ ကာယကံ ဝစီကံအားဖြင့် ချစ်အပ်သူ ဖြစ်လတ္တံ့။

၃၇၄။ ဤသတို့သမီးသည် ရှုချင်စဖွယ်ရှိသူ ချစ်ဖွယ်ရှိသူ စိတ်နှလုံးကို ပွါးစေတတ်သူ ချစ်ဖွယ်ကို ပြောဆိုလေ့ရှိသူဖြစ်၍ ထိုမြတ်စွာဘုရား၏ တရားတို့၌ အမွေခံသူ တန်ခိုးကြီးသူဖြစ်၍ နေလတ္တံ့။

၃၇၅။ ဤသတို့သမီးသည် အရှင်၏ ဘဏ္ဍာကြုတ်ကို အစဉ်စောင့်ရှောက်သကဲ့သို့ ဤအတူ ကုသိုလ်တရားတို့ကို အစဉ်စောင့်ရှောက်လတ္တံ့။

http://www.dhammadownload.com



၃၇၆။ ထိုသင့်အား အစဉ်စောင့်ရှောက်လျက် ပါရမီတို့ကို ဖြည့်လတ္တံ့၊ ခြင်္သေ့သည် နှောင်အိမ်ချိုင့်ကို ဖျက်ဆီး၍ သွားသကဲ့သို့ (သာဝက)ဗောဓိဉာဏ်သို့ ရောက်လတ္တံ့ (ဟု မိန့်ကြားတော်မူပါ၏)။

၃၇၇။ ဤဘဒ္ဒကမ္ဘာမှ မရေမတွက်နိုင်သော လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရားသည် အကျွန်ုပ်ကို အကြင်ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ အကျွန်ုပ်သည် ထိုစကားကို ဝမ်းမြောက်လျက် ဤသို့မိန့်ကြား ဗျာဒိတ်စကားအတိုင်း ပြုလေ့ရှိသူ ဖြစ်ခဲ့ပါ၏။

၃၇၈။ အကျွန်ုပ်သည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေခဲ့၏၊ ကောင်းစွာ ပြုအပ်သော ထိုကံ၏ အစွမ်းကြောင့် မရေတွက်နိုင်သော နတ်ပြည် လူ့ပြည်၌ဖြစ်သော ကိုယ်ခန္ဓာကို ခံစားပြီး၍—

၃၇၉။ အကျွန်ုပ်သည် နတ်ပြည်တို့၌ရင်း လူ့ပြည်တို့၌ရင်း ချမ်းသာဆင်းရဲတို့ကို ခံစားပြီးလျှင် နောက်ဆုံး ဖြစ်သောဘဝသို့ ရောက်လတ်သော် သာကီဝင်မင်းမျိုး၌ ဖြစ်ခဲ့ပါ၏။

၃၈၀။ အကျွန်ုပ်သည် ရုပ်အဆင်းလှသူ စည်းစိမ်ဥစ္စာရှိသူ အခြံအရံများသူ သီလရှိသူ ထိုမှတပါး အလုံးစုံ ကိုယ်အင်္ဂါနှင့်ပြည့်စုံသူ အမျိုးတို့၌ အပူဇော်ခံရသူ ဖြစ်ပေ၏။

၃၈၁။ လာဘ်ကိုရင်း အခြံအရံ အကျော်အစောကိုရင်း ပူဇော်သက္ကာရကိုရင်း ရ၏၊ လောကဓံ တရားနှင့် တွေ့ကြုံရသော်လည်း အကျွန်ုပ်အား စိတ်ဆင်းရဲခြင်း မရှိပေ၊ တစုံတခုသော အကြောင်းကြောင့် ဘေးမရှိသည် ဖြစ်၍ နေရပါ၏။

၃၈၂။ ထိုကပိလဝတ်ပြည်သို့ ကြွတော်မူသောအခါ သုဒ္ဓေါဒနမင်း၏ နန်းတော်တွင်း၌ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူအပ်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား သာကီဝင်မင်းတို့နေပြည်တော်၌ (အကျွန်ုပ်၏) ဂုဏ်ကျေးဇူးကို ညွှန်ပြတော်မူပါ၏။

၃၈၃။ အကြင်မိန်းမသည် ကျေးဇူးလည်း ပြုတတ်ပေ၏၊ အကြင်မိန်းမသည် ချမ်းသာဆင်းရဲ၌ တူမျှ၏၊ အကြင်မိန်းမသည် အကျိုးစီးပွါးကိုလည်း ပြောကြားလေ့ရှိပေ၏၊ အကြင်မိန်းမသည် အစဉ်လည်း စောင့်ရှောက်တတ်ပေ၏၊ ထိုမိန်းမ၏ ဂုဏ်ကို ညွှန်ပြတော်မူ၏။

၃၈၄။ ကုဋေငါးရာသော မြတ်စွာဘုရားတို့သည်ရင်း ကုဋေကိုးရာကုန်သော မြတ်စွာဘုရားတို့သည်ရင်း ပွင့်တော်မူခဲ့ကုန်၏၊ ယိုနတ်ထက်နတ် ဖြစ်တော်မူသော မြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကို ဖြစ်စေခဲ့ပါ၏။

၃၈၅။ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏၊ တရားမင်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့၊ ကုဋေတထောင့်တရာသော မြတ်စွာဘုရားတို့ရင်း တဆယ့်နှစ်ကုဋေကုန်သော မြတ်စွာဘုရားတို့ရင်း—

၃၈၆။ နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏၊ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့။

http://www.dhammadownload.com



၃၇၇။ ကုဋေနှစ်ထောင်သော မြတ်စွာဘုရားတို့ရှင်း ကုဋေသုံးထောင်သော မြတ်စွာဘုရားတို့ရှင်း နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏။

၃၇၈။ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့၊ ကုဋေလေးထောင်သော မြတ်စွာဘုရားတို့ရှင်း ကုဋေငါးထောင်သော မြတ်စွာဘုရားတို့ရှင်း—

၃၇၉။ နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏၊ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၃၈၀။ ကုဋေ ခြောက်ထောင်သော မြတ်စွာဘုရားတို့ရှင်း ကုဋေ ခုနစ်ထောင်သော မြတ်စွာဘုရားတို့ရှင်း နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏။

၃၈၁။ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့၊ ကုဋေရှစ်ထောင်သော မြတ်စွာဘုရားတို့ရှင်း ကုဋေကိုးထောင်သော မြတ်စွာဘုရားတို့ရှင်း—

၃၈၂။ နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏၊ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၃၈၃။ ကုဋေတသိန်းကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန်၏၊ နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏။

၃၈၄။ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့၊ ကုဋေကိုးထောင်ကုန်သော မြတ်စွာဘုရားတို့ရှင်း တပါးကုန်သော မြတ်စွာဘုရားတို့ရှင်း ပွင့်တော်မူကုန်၏။

၃၈၅။ နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏၊ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၃၈၆။ မြတ်စွာဘုရားတို့၏ ကုဋေတသိန်းရှစ်ဆယ်ငါးဆူတို့ရှင်း ရှစ်ထောင်ငါးရာသုံးဆယ့်ခုနစ်ကုဋေတို့ရှင်း—

၃၈၆။ နတ်ထက်နတ် ဖြစ်တော်မူကုန်သော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါပြီ၊ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၃၈၇။ ရာဂကင်းပြီးကုန်သော ခြောက်ဆယ့်လေးကုဋေသော ပစ္စေကဗုဒ္ဓါတို့သည် ပွင့်တော်မူခဲ့ကုန်၏၊ ထိုပစ္စေကဗုဒ္ဓါတို့၏ အထံ၌ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊

http://www.dhammadownload.com



တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၃၉၉။ ကိလေသာအညစ်အကြေး ကင်းပြီးကုန်သော မြတ်စွာဘုရား၏တပည့် 'သာဝက' ရဟန္တာတို့သည် မရေတွက်နိုင်ပါကုန်၊ ထိုရဟန္တာတို့၏ အထဲ၌ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါ၏၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏ စကားကို နာကြားတော်မူပါလော့—

၄၀၀။ ဤသို့ တရား၌ ကောင်းစွာကျင့်ပြီးသော မြတ်စွာဘုရားတို့၏၎င်း တရားကို အခါခပ်သိမ်း ကျင့်လေ့ရှိကုန်သော ပုဂ္ဂိုလ်တို့၏၎င်း အထံတော်၌ တရားကို ကျင့်လေ့ရှိသူသည် ဤလောက၌၎င်း တမလွန်လောက၌၎င်း ချမ်းသာစွာ အိပ်ရနေရပါ၏။

၄၀၁။ ကောင်းသောအကျင့် 'သုစရိုက်' တရားကို ကျင့်ရာ၏၊ မကောင်းသော အကျင့် 'ဒုစရိုက်' တရားကို မကျင့်ရာ၊ တရားကို ကျင့်လေ့ရှိသူသည် ဤလောက၌၎င်း တမလွန်လောက၌၎င်း ချမ်းသာစွာ အိပ်ရနေရပါ၏။

၄၀၂။ အကျွန်ုပ်သည် သံသရာ၌ ငြီးငွေ့၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏၊ အခြံအရံ တထောင်ဖြင့် ကြောင့်ကြမဲ့ ရဟန်းပြုပြီးလျှင်—

၄၀၃။ အိမ်ရာထောင်သောလူ့ အဖြစ်ကို စွန့်ပယ်၍ အိမ်ရာမထောင်သောရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏၊ လခွဲမရောက်မီပင် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသော အရဟတ္တမဂ်ဉာဏ်သို့ ရောက်ခဲ့ပါ၏။

၄၀၄။ များစွာကုန်သော လူတို့သည် သင်္ကန်းကို၎င်း ဆွမ်းကို၎င်း ဆေးပစ္စည်းကို၎င်း အိပ်ရာနေရာ ကျောင်းကို၎င်း သမုဒ္ဒရာ၌ လှိုင်းတံပိုးတို့ကဲ့သို့ မှီဆောင်ပါကုန်၏။

၄၀၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၄၀၆။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမ တော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၀၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

၄၀၈။ ဤသို့ များပြားသော ဆင်းရဲဒုက္ခကို၎င်း များပြားသော စည်းစိမ်ကို၎င်း ခံစား ပြီးလျှင် အထူးစင်ကြယ်သော ရဟန္တာအဖြစ်သို့ ရောက်လျက် အလုံးစုံသော ပြည့်စုံခြင်းတို့ကို ရရှိပါ၏။

၄၀၉။ အကြင် မိန်းမသည် မြတ်စွာဘုရား၏ ကောင်းမှု ကုသိုလ် အကျိုးငှါ မိမိ ကိုယ်ကို ပေးလှူ၏၊ ထို မိန်းမအား အဖော်(ခင်ပွန်း)၏ ပြည့်စုံခြင်းတို့သည် ဖြစ်ပါကုန်၏၊အကြောင်း လေးပါးတို့ ပေါင်းစပ်ဖွဲ့စီရင်ခြင်း မရှိသော ရောက်ထိုက်သော နိဗ္ဗာန်သို့ ရောက်ပါ၏။

http://www.dhammadownload.com



၄၁၀။ အကျွန်ုပ်အား အတိတ်ကံသည်ရှင်း ပစ္စုပ္ပန်ကံသည်ရှင်း အနာဂတ်ကံသည်ရှင်း ကုန်ပါပြီ၊ အလုံးစုံသော ကံသည် အကျွန်ုပ်အား ကုန်ပါပြီ၊ စကြွင်းမျိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

ဤသို့လျှင် ယသောဓရာ ရဟန်းမသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

ရှစ်ခုမြောက် ယယောဓရာထေရီအပဒါန် ပြီး၏။

---

## ၉-ယသောဓရာပမုခဒသဘိက္ခုနီသဟဿအပဒါန်

၄၁၁။ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ လောက၏ ရှေ့သွား ဖြစ်တော်မူသော ဒီပင်္ကရာမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၄၁၂။ ကြီးမြတ်သော လုံ့လရှိတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ ရသေ့ကိုရှင်း သုမိတ္တာသတို့သမီးကိုရှင်း တူမျှသော ချမ်းသာ ဆင်းရဲရှိသည့် အဖြစ်ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၄၁၃။ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကကို ရှုမြင်လို၍ နတ်နှင့်တကွသော လောကသို့ လှည့်လည်စဉ် ထိုသူတို့အား ဗျာဒိတ်စကား မိန့်ကြားရာ၌ အကျွန်ုပ်တို့သည် အစည်း အဝေးသို့ ချဉ်းကပ်၍ (ဤသို့ လျှောက်ထားခဲ့ပါ၏)။

၄၁၄။ အရှင်ရသေ့ အရှင်သည် အနာဂတ်အစည်းအဝေး၌ အားလုံးသော အကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်ပါလော့၊ အားလုံးသော အကျွန်ုပ်တို့ပင် အရှင်၏ စိတ်ကို ပွါးစေတတ်သော ချစ်ဖွယ်ကို ပြောဆိုသော မယားတို့ ဖြစ်ရပါလိုကုန်၏။

၄၁၅။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် အလုံးစုံသော ဒါနကို ပေးလှူခဲ့ပါကုန်၏၊ သီလကို ဆောက်တည်ခဲ့ပါကုန်၏၊ ဘာဝနာကို ကောင်းစွာ ပွါးများခဲ့ပါကုန်၏၊ ဤအလုံးစုံကို ရှည်ကြာသော ညဉ့် နေ့ ပတ်လုံး စွန့်လွှတ်ခဲ့ပါပြီ။

၄၁၆။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား နံ့သာကိုရှင်း နံ့သာပျောင်းကိုရှင်း ပန်းကိုရှင်း ဆီမီးကိုရှင်း ရတနာဖြင့် ပြီးသော အမှတ်မရှိ တောင့်တအပ်သော အရာ အားလုံးကိုရှင်း စွန့်လွှတ်ခဲ့ပါပြီ။

၄၁၇။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အခြားပြုအပ်သော အမှုကိုရှင်း လူ၌ဖြစ်သော အသုံးအဆောင်ကိုရှင်း ဤအားလုံးကိုပင် အကျွန်ုပ်တို့သည် ရှည်ကြာသော ညဉ့်နေ့ပတ်လုံး စွန့်လွှတ်ခဲ့ပါပြီ။

၄၁၈-၄၁၉။ ဘဝများစွာ သံသရာပတ်လုံး အကျွန်ုပ်တို့သည် များစွာသောကုသိုလ်ကို ပြုခဲ့ပါပြီ၊ဘဝကြီးငယ်၌ ကျင်လည်လျက် အစိုးရခြင်းစည်းစိမ်ကိုခံစား၍နောက်ဆုံးဘဝသို့ ရောက်လတ်သော် သာကီဝင်မင်းသား၏ နန်းတော်၌ အထူးထူး အသီးသီးသော အမျိုး၌ ဖြစ်ကုန်လျက် နတ်သမီးကဲ့သို့ နှစ်သက်ဖွယ်အဆင်း ရှိပါကုန်၏။

http://www.dhammadownload.com



၄၂၀။ အကျွန်ုပ်တို့သည် မြတ်သောလာဘ်ဖြင့် အခြံအရံအကျော်အစောသို့ ရောက်ကုန်၏၊ အပူဇော်ခံရပါကုန်၏၊ အားလုံးတို့၏ အရိုအသေကို ခံရပါကုန်၏၊ထမင်းအဖျော်တို့ကို ရလွယ်ပါကုန်၏၊ အခါခပ်သိမ်း လွန်စွာမြတ်နိုးခံရပါကုန်၏။

၄၂၁။ အိမ်ရာထောင်သော လူ့အဖြစ်ကို စွန့်ပစ်၍ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏၊လခွဲမရောက်မီ အားလုံးသော အကျွန်ုပ်တို့သည် ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြပါကုန်၏။

၄၂၂။ ထမင်းအဖျော်တို့ကိုရင်း အဝတ်အိပ်ရာနေရာတို့ကိုရင်း ရလွယ်ပါကုန်၏၊ အရိုအသေပြုအပ် ပူဇော်အပ်သော ပစ္စည်းအားလုံးတို့သည် အခါခပ်သိမ်း ဆိုက်ရောက်လျက်ရှိပါကုန်၏။

၄၂၃။ ငါတို့သည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏

၄၂၄။ ငါတို့၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါကုန်ပြီ။

၄၂၅။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါကုန်ပြီ။

ဤသို့လျှင် ယသောဓရာအမှူးရှိသည့် ရဟန်းမတသောင်းတို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့ကုန်၏။

ကိုးခုမြောက် ယသောဓရာပမုခဒသဘိက္ခုနီသဟဿအပဒါန် ပြီး၏။

---

## ၁၀-ယသောဓရာပမုခအဋ္ဌာရသဘိက္ခုနီသဟဿအပဒါန်

၄၂၆။ သာကီဝင်မင်းမျိုးမှ ဖြစ်ကုန်သော ယသောဓရာ အမှူးရှိကုန်သော ရဟန်းမတသောင်း ရှစ်ထောင်တို့သည် မြတ်စွာဘုရား၏ အထံတော်သို့ ချဉ်းကပ်ကုန်၏။

၄၂၇။ တသောင်းရှစ်ထောင်သော ရဟန်းမ အလုံးစုံ တို့သည် တန်ခိုးကြီးသူတို့ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ ခြေတို့ကို ရှိခိုးကုန်လျက် စွမ်းအားအလျောက် လျှောက်ကြားကုန်၏။

၄၂၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ပဋိသန္ဓေနေခြင်းသည်ရင်း အိုခြင်းသည်ရင်း နာခြင်းသည်ရင်း သေခြင်းသည်ရင်း ကုန်ပါပြီ၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သောမြတ်စွာဘုရား အကျွန်ုပ်တို့သည် အာသဝမရှိသော ငြိမ်းအေးသော အမြိုက်နိဗ္ဗာန်သို့ သွားပါကုန်အံ့။

၄၂၉။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ရှေးအခါက အပြစ်ကို မသိပါကုန်၍ အားလုံးတို့အားပင် ချွတ်ယွင်းမှုသည် အကယ်၍ ရှိငြားအံ့၊လူတို့၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့အား သည်းခံတော်မူပါ။

http://www.dhammadownload.com



၄၃၀။ ငါဘုရား၏ အဆုံးအမကို လိုက်နာတတ်သော ချစ်သမီးတို့သည် တန်ခိုးကိုလည်း ပြကုန်ဦးလော့၊ အကြင်မျှလောက် ပရိသတ်အားလုံးတို့၏ ယုံမှားခြင်းကိုလည်း ဖြတ်တောက်ကြကုန်ဦးလော့။

၄၃၁။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား ယသောဓရာ အမှူးပြုသော အားလုံးသော မိန်းမတို့သည် စိတ်ကို ပွါးစေတတ်ကုန်၏၊ ချစ်စဖွယ် ကြည့်ရှုစဖွယ် ဖြစ်ပါကုန်၏၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အားလုံးသော မိန်းမတို့သည် အရှင်၏ နန်းအိမ်တော်၌ အရှင်၏ ကြင်ရာတော်တို့ပါတည်း။

၄၃၂။ လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် အရှင်၏ နန်းအိမ်တော်၌ ကိုးသန်း ခြောက်သိန်းသော မိန်းမတို့၏ အကြီး အမှူးတို့ပါတည်း၊ မိန်းမအားလုံးတို့ကို အစိုးရသူတို့ပါတည်း။

၄၃၃။ ရုပ်အဆင်းဂုဏ် အကျင့်ဂုဏ်နှင့် ပြည့်စုံပါကုန်၏၊ အရွယ်၌ တည်ကုန်လျက် ချစ်စဖွယ် ပြောဆိုတတ်ပါကုန်၏၊ မောင်းမအားလုံးတို့သည် လူတို့သည် နတ်တို့ကို ရှိသေကုန်သကဲ့သို့ အကျွန်ုပ်တို့အား ရှိသေကြပါကုန်၏။

၄၃၄။ တသောင်း ရှစ်ထောင်ကုန်သော အမျိုးသမီး အားလုံးတို့သည် သာကီဝင်မင်းမျိုး၌ ဖြစ်ကုန်၏၊ထိုအခါ ယသောဓရာ အမှူးရှိသော တထောင်သော အမျိုးသမီးတို့သည် အကြီးအမှူးတို့ပါတည်း အစိုးရသူတို့ပါတည်း။

၄၃၅။ ရုပ်အဆင်း အရာ၌ ကာမဘုံကို ကျော်လွန်၍ ကောင်းစွာ တည်ပါကုန်၏၊ မြတ်စွာဘုရား (သာကီဝင် မင်းသမီး)တထောင်တို့၏ ရုပ်အဆင်းနှင့် တူသူ မရှိပါ(ဟု လျှောက်ကြားကုန်၏)။

၄၃၆။ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် မြတ်စွာဘုရားအား တန်ခိုးကို ပြကြကုန်၏၊ တပါးမက အထူးထူး အပြားပြားသော အခြင်း အရာရှိသော များစွာသော တန်ခိုးတို့ကိုလည်း ပြကြကုန်၏။

၄၃၇။ ကိုယ်သည် စကြဝဠာမျှလောက် ရှိ၏၊ ဦးခေါင်းသည် မြောက်ကျွန်းမျှလောက် ရှိ၏၊ အတောင် နှစ်ဖက်တို့သည် (အရှေ့ အနောက်) နှစ်ကျွန်းမျှလောက် ရှိကုန်၏၊ ကိုယ်အားဖြင့် ဇမ္ဗူဒီပါကျွန်းမျှလောက် ရှိ၏။

၄၃၈။ မြီးစည်းသည် တောင်သမုဒ္ဒရာမျှလောက် ရှိ၏၊ ထိုမှ တပါး အတောင်ပံတို့သည် အထူးထူးသော အခက်နှင့် တူကုန်၏၊ မျက်စိသည် လ-နေမျှလောက် ရှိ၏၊ ဦးစွန်းသည် မြင့်မိုရ်တောင်မျှလောက် ရှိ၏။

၄၃၉။ နှုတ်သီးသည် စကြဝဠာတောင်မျှလောက်ရှိ၏၊ ဇမ္ဗူသပြေပင်ကို အမြစ်အရင်းနှင့် တကွ နုတ်၍ ယပ်ခတ်ကာ မြတ်စွာဘုရားကို ချဉ်းကပ်ကုန်၍ ရှိခိုးလျက်ပင်—

၄၄၀။ ဆင် အသွင်ကိုရင်း ထို့အတူပင် မြင်းအသွင်ကိုရင်း တောင်အသွင် သမုဒ္ဒရာအသွင်ကိုရင်း ထိုမှတပါး လ-နေအသွင် မြင့်မိုရ်တောင် အသွင် သိကြားမင်း အသွင်ကို ဖန်ဆင်းပြကြကုန်၏။

http://www.dhammadownload.com



၄၄၁။ လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ယသောဓရာ အမှူးရှိသော သူတို့ပါတည်း၊ စကြာငါးမျိုးရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါကုန်၏၊ လူတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရား ကြာမြင့်စွာ ပွါးများခြင်းဖြင့် ငြီးမြောက်ကုန်ပါ၏။

၄၄၂။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ဣဒ္ဓိဝိဓ(အဘိညာဉ်)တို့၌လည်း လေ့လာပြီး ဖြစ်ပါကုန်၏ ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း စေတောပရိယဉာဏ်၌ရင်း လေ့လာပြီး ဖြစ်ပါကုန်၏။

၄၄၃။ ရှေး၌ နေဘူးသော ခန္ဓာ အစဉ်ကို သိပါကုန်၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝ အားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်း မရှိတော့ပါကုန်။

၄၄၄။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း အသိဉာဏ်သည် အကျွန်ုပ်တို့အား ဖြစ်ပေါ်ခဲ့ပါကုန်၏။

၄၄၅။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား လောက၏ ကိုးကွယ်ရာဖြစ်သော ရှေးမြတ်စွာဘုရားတို့ (အထံ၌) ပေါင်းဆုံမိခြင်းကို အရှင်ဘုရားသည် ပြအပ်ပါပြီ၊ အရှင်ဘုရား၏ အကျိုးငှါ ဆုတောင်းခြင်းတို့သည် အကျွန်ုပ်တို့အား များပြားလှပါကုန်၏။

၄၄၆။ မြတ်စွာဘုရား ကုသိုလ်ဖြစ်သောအကြင်ကံကို အကျွန်ုပ်တို့သည် ဖြည့်ကျင့်ဆည်းပူးအပ်ကုန်ပြီ၊ ထိုကုသိုလ်ကံကို အောက်မေ့တော်မူပါလော့၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ကောင်းမှုကို အကျွန်ုပ်တို့သည် ဆည်းပူးအပ်ပါကုန်ပြီ။

၄၄၇။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် မထိုက်မလျောက်ပတ်သော အရာတို့ကို ကြဉ်၍ မကျင့်အပ်သည်ကို တားမြစ်ပါကုန်၏၊ အရှင်ဘုရား၏ အကျိုးငှါ အကျွန်ုပ်တို့သည် အသက်တို့ကို ကောင်းစွာ စွန့်လွှတ်အပ်ပါကုန်၏။

၄၄၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သူတပါးအား မယားပြုရန် အကျိုးငှါ အကျွန်ုပ်တို့ကို ပေးလှူခဲ့ပါ၏၊ ထိုသို့ လှူရာ၌ အရှင်ဘုရား၏ အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းတို့သည် မဖြစ်ခဲ့ကုန်ပါ။

၄၄၉။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ အကျိုးငှါ အကျွန်ုပ်တို့ကို ပေးလှူခဲ့ပါ၏၊ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏ အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းတို့သည် မဖြစ်ခဲ့ကုန်ပါ။

၄၅၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အကျွန်ုပ်တို့ကို အစားအစာ အကျိုးငှါ ပေးလှူခဲ့ပါ၏၊ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏ အကျိုးငှါ စိတ်ဖောက်ပြန်ခြင်းတို့သည် မဖြစ်ခဲ့ကုန်ပါ။

၄၅၁။ အကျွန်ုပ်တို့သည် ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အသက်တို့ကို စွန့်လွှတ်ခဲ့ပါကုန်၏၊ ဘေးမှ လွတ်မြောက်ခြင်းကို ပြုအံ့ဟု အကျွန်ုပ်တို့၏ အသက်ကို စွန့်လွှတ်ခဲ့ပါကုန်၏။

http://www.dhammadownload.com



၄၅၂။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ကိုယ်အင်္ဂါ တို့ကိုရင်း ဤအတူ တန်ဆာဆင်အပ်သော အဝတ်အမျိုးမျိုးတို့ကိုရင်း မျှားစွာသော မိန်းမတန်ဆာတို့ကိုရင်း မလျှိဝှက်ပါကုန်။

၄၅၃။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား (အရှင်ဘုရား၏အကျိုးငှါ) ဥစ္စာ စပါးကိုလည်း စွန့်ခဲ့ပါပြီ၊ ရွာတို့ကိုရင်း နိဂုံးတို့ကိုရင်း လယ်ယာတို့ကိုရင်း သားတို့ကိုရင်း သမီးတို့ကိုရင်း စွန့်လွှတ်ခဲ့ပါကုန်ပြီ။

၄၅၄။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ စွန့်လွှတ် ခဲ့ရကုန်သော ဆင် မြင်း နွားတို့သည်ရင်း ကျွန်မတို့သည်ရင်း အလုပ်အကျွေးတို့သည်ရင်း မရေတွက်နိုင်ပါကုန်။

၄၅၅။ တောင်းတတ်သူတို့ကို အကြင် အလှူကို လှူအံ့ဟု အကျွန်ုပ်တို့အား တိုင်ပင်၏၊ ထို အလှူမြတ်ကို လှူခြင်းကြောင့် အကျွန်ုပ်တို့၏ စိတ်ဖောက်ပြန်ခြင်းကို မမြင်ဘူးပါကုန်။

၄၅၆။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ မျှားပြား လှစွာ သံသရာ၌လည်း အထူးထူး အပြားပြား မျှားစွာသော ဆင်းရဲကို ခံစားခဲ့ခြင်းသည် မရေတွက်နိုင်ပါ။

၄၅၇။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ချမ်းသာ ခြင်းသို့ ရောက်လတ်သော် ဝမ်းမြောက်ပါကုန်၏၊ ဆင်းရဲမှုတို့ကြောင့်ကား စိတ် မချမ်းသာ ခြင်း မဖြစ်ခဲ့ပါကုန်၊ အလုံးစုံသော ချမ်းသာ ဆင်းရဲတို့၌ ချိန်သဖွယ် (တူမျှ) ကုန်သည် ဖြစ်ပါကုန်၏။

၄၅၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားသည် သင့်လျော်သော အကြောင်းဖြင့် အကြင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တရားကို ရှေးရှု ဆောင်၏၊ ချမ်းသာ ဆင်းရဲကို ခံစား၍ ထိုသမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်တော်မူ၏။

၄၅၉။ ဗြဟ္မဒေဝမြတ်စွာဘုရားကိုရင်း (ပေါရာဏ)ဂေါတမမြတ်စွာဘုရားကိုရင်း (ဖူးမြင် ဆုတောင်းရ၍) တပါးကုန်သော မြတ်စွာဘုရားတို့၏ အထံတော်၌ အကျွန်ုပ်တို့၏ အရှင် ဘုရားနှင့် ပေါင်းဆုံရခြင်းသည် မျှားလှပါပြီ။

၄၆၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အကျိုးငှါ ဆုတောင်း ခြင်းသည် အကျွန်ုပ်တို့အား မျှားလှပါ၏၊ အကျွန်ုပ်တို့သည် ဘုရားဖြစ်ကြောင်း တရားတို့ကို ရှာဖွေသော အရှင်ဘုရား၏ အလုပ် အကျွေးတို့ပါတည်း။

၄၆၁။ လေးအသင်္ချေတို့ကိုရင်း ကမ္ဘာတသိန်းတို့ကိုရင်း(လွန်၍) လောက၏ ရှေ့သွား ခေါင်းဆောင်ဖြစ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် ပွင့်တော်မူခဲ့ပါ၏။

၄၆၂။ မြို့စွန် မြို့ဖျား အရပ်ဒေသ၌ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ထိုဒီပင်္ကရာ မြတ်စွာဘုရား၏ ကြွလာရာဖြစ်သော လမ်းစကို နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ သုတ် သင်ကြကုန်၏။

၄၆၃။ ထိုအခါ ထိုအရှင်ဘုရားသည် သုမေဓာ အမည်ရှိသော ပုဏ္ဏားဖြစ်၏၊ ကြွလာသော ဒီပင်္ကရာ မြတ်စွာဘုရား၏ လမ်းခရီးကိုလည်း သုတ်သင် စီရင်၏။

http://www.dhammadownload.com



၄၆၄။ ထိုအခါ အားလုံးသော အကျွန်ုပ်တို့သည် ပုဏ္ဏားမျိုး ဖြစ်ပါကုန်၏၊ ကြည်း ပန်းပွင့် ရေပန်းပွင့်တို့ကို ပြည်သူတို့ အစည်းအဝေးသို့ ဆောင်ယူကုန်၏။

၄၆၅။ ထိုအခါ များမြတ်သော အခြံအရံ အကျော်အစော ရှိသော ကြီးမြတ်သော လုံ့လရှိသော ဒီပင်္ကရာ မြတ်စွာဘုရားသည် တက်ကြွသော စိတ်ရှိသော သုမေဓာ ရသေ့ကို ဗျာဒိတ်စကား ကြားတော်မူ၏။

၄၆၆-၄၆၇။ နတ်နှင့်တကွသော လောက၌ ထိုရသေ့၏ အမှုကို ဗျာဒိတ်စကား ပြောကြား တော်မူသော် မြေကြီးသည် တုန်လှုပ်၏၊ တော်လဲ၏၊ ပြင်းစွာ တုန်လှုပ်၏၊ ငါတို့သည်ရင်း နတ်သမီးတို့သည်ရင်း နတ်နှင့် တကွကုန်သော လူတို့သည်ရင်း တက်ကြွသော စိတ်ရှိသော ရသေ့အား အထူးထူးသော ပူဇော်ဖွယ် ဥစ္စာဘဏ္ဍာကို ပူဇော်၍ ဆုတောင်းခဲ့ကြပါကုန်၏။

၄၆၈။ ဒီပင်္ကရာ-ဟူသော မိမိ အမည်တော်ရှိသော မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ယနေ့ ဆုတောင်းကုန်သော အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့သည် ထိုမြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ကြကုန်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

၄၆၉။ ဤဘဒ္ဒကမ္ဘာမှ မရေတွက်နိုင်သော လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အကြင် ဗျာဒိတ်စကားကို မိန့်ကြားတော်မူ၏၊ အကျွန်ုပ်တို့သည် ထိုဗျာဒိတ်စကားကို ဝမ်းမြောက်ကုန်လျက် ဤသို့မိန့်ကြားသော ဗျာဒိတ် စကားအတိုင်း ပြုလေ့ရှိသူတို့ ဖြစ်ခဲ့ပါကုန်၏။

၄၇၀။ အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေကုန်၏၊ ကောင်းစွာ ပြုအပ်သော ထိုကံ၏ အစွမ်းကြောင့် မရေတွက်နိုင်သော နတ်ပြည် လူ့ပြည်၌ ဖြစ်သော ခန္ဓာကိုယ်ကို ခံစားပြီး၍---

၄၇၁။ အကျွန်ုပ်တို့သည် နတ်ပြည်တို့၌ရင်း လူ့ပြည်တို့၌ရင်း ချမ်းသာဆင်းရဲတို့ကို ခံစားကုန်ပြီးလျှင် နောက်ဆုံး ဖြစ်သော ဘဝသို့ ရောက်လတ်သော် သာကီဝင်မင်းမျိုး၌ ဖြစ်ခဲ့ ကုန်၏။

၄၇၂။ အကျွန်ုပ်တို့သည် ရုပ်အဆင်းလှသူ စည်းစိမ်ဥစ္စာရှိသူ အခြံအရံများသူ သီလရှိသူ ထိုမှတပါး အလုံးစုံ ကိုယ်အင်္ဂါနှင့် ပြည့်စုံသူ အမျိုးတို့၌ အရိုအသေခံရသူတို့ ဖြစ်ပေကုန်၏။

၄၇၃။ လာဘ်ကိုရင်း အခြံအရံ အကျော်အစောကိုရင်း ပူဇော်သက္ကာရကိုရင်း ရကုန်၏၊ လောကဓံတရားနှင့် တွေ့ကြုံရသော်လည်း အကျွန်ုပ်တို့အား စိတ်ဆင်းရဲခြင်း မရှိချေ၊ တစုံ တခုသော အကြောင်းကြောင့် ဘေးမရှိသည်ဖြစ်၍ နေရကုန်၏။

၄၇၄။ ထိုကပိလဝတ်ပြည်သို့ ကြွတော်မူသောအခါ သုဒ္ဓေါဒနမင်း၏ နန်းတော်တွင်း၌ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူအပ်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား သာကီဝင်မင်းတို့၏ နေပြည်တော်၌ (ယသောဓရာ၏) ဂုဏ်ကျေးဇူးကိုလည်း ညွှန်ပြတော် မူ၏။

http://www.dhammadownload.com



၄၇၅။ အကြင်မိန်းမသည် ကျေးဇူးလည်း ပြုတတ်ပေ၏၊ အကြင်မိန်းမသည် ချမ်းသာဆင်းရဲ၌ တူမျှ၏၊ အကြင်မိန်းမသည် အကျိုး စီးပွါးကိုလည်း ပြောကြားလေ့ ရှိပေ၏၊ အကြင်မိန်းမသည် အစဉ်လည်း စောင့်ရှောက်တတ်ပေ၏ဟု ထို မိန်းမ၏ ဂုဏ်ကို ညွှန်ပြတော်မူပေ၏။

၄၇၆။ ကောင်းသော အကျင့် သုစရိုက်တရားကို ကျင့်ရာ၏၊ မကောင်းသောအကျင့် ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်လေ့ရှိသော သူသည် ဤလောက၌၎င်း တမလွန်လောက၌၎င်း ချမ်းသာစွာ အိပ်ရနေရပါ၏။

၄၇၇။ အကျွန်ုပ်တို့သည် အိမ်ရာထောင်သော လူ့ အဖြစ်ကို ပယ်စွန့်၍ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏၊ လခွဲသို့ မရောက်မီ သစ္စာလေးပါးကို ရကြပါကုန်၏။

၄၇၈။ များစွာသော သူတို့သည် အကျွန်ုပ်တို့ ထံသို့ သင်္ကန်းကိုင်း ဆွမ်းကိုင်း ဆေးပစ္စည်းကိုင်း အိပ်ရာ-နေရာ ကျောင်းကိုင်း သမုဒ္ဒရာ၏လှိုင်းတံပိုးတို့ကဲ့သို့ ပို့ဆောင်ကုန်၏။

၄၇၉။ အကျွန်ုပ်တို့သည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အနှောင် အဖွဲ့ကို ဖြတ်၍ သွားသော ဆင်မတို့ကဲ့သို့ အာသဝမရှိပဲ နေရကုန်၏။

၄၈၀။ အကျွန်ုပ်တို့၏ လာခြင်းသည် ကောင်းသော လာခြင်းပင် ဖြစ်ပေ၏၊ အကျွန်ုပ်တို့သည်[၁] မြတ်စွာဘုရား၏ အထံတော်၌ သုံးပါးသော ဝိဇ္ဇာတို့သို့ အစဉ် ရောက်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၄၈၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုင်း ရှစ်ပါးသော ဤဝိမောက္ခတို့ကိုင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

၄၈၂။ ဤသို့ များသော အပြားရှိသော ဆင်းရဲကိုင်း များသော အပြားရှိသော စည်းစိမ်တို့ကိုင်း စင်ကြယ်သော အဖြစ်သို့ ရောက်ကုန်၏၊ အလုံးစုံသော ပြည့်စုံခြင်းတို့ကို ရကုန်၏။

၄၈၃။ အကြင် မိန်းမတို့သည် မြတ်စွာဘုရား၏ ကောင်းမှုကုသိုလ် အကျိုးငှါ မိမိကိုယ်ကို ပေးလှူကုန်၏၊ ထိုမိန်းမအား အဖော် (ခင်ပွန်း)၏ ပြည့်စုံခြင်းတို့သည် ဖြစ်ပါကုန်၏၊ အကြောင်း လေးပါးတို့ ပေါင်းစပ်ပြုစီရင်ခြင်းမရှိသော ရောက်ထိုက်သော နိဗ္ဗာန်သို့ ရောက်ပါကုန်၏။

၄၈၄။ အကျွန်ုပ်တို့အား အတိတ်ကံသည်၎င်း ပစ္စုပ္ပန်ကံသည်၎င်း အနာဂတ်ကံသည်၎င်း ကုန်ပြီ၊ အလုံးစုံသော ကံသည်လည်း အကျွန်ုပ်တို့အား ကုန်ပြီ၊ စက်ကွင်းပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါကုန်၏ (ဟု လျှောက်ထားကြကုန်၏)။

---

၁။ မမ-ကို ဝုစ်ပြန်ပေးသည်။

http://www.dhammadownload.com



၄၇၅။ ပရိနိဗ္ဗာန်စံယူခြင်းငှါ လျှောက်ဆိုကုန်သော သင်တို့အား အလွန်ကို အဘယ်သို့ မိန့်ဆိုရကုန်အံ့နည်း၊ ပြုစီရင်မှု အပြစ်မှ ငြိမ်းအေးသော အမြိုက်နိဗ္ဗာန်သို့ ရောက်ကြကုန်လော့။

ဤသို့လျှင် ယသောဇရာ အမှူးရှိကုန်သော ရဟန်းမိန်းမ တသောင်းရှစ်ထောင်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့ကုန်၏။

ဆယ်ခုမြောက် ယသောဇရာပမုခအဋ္ဌာရသဘိက္ခုနီသဟဿအပဒါန် ပြီး၏။

**သုံးခုမြောက် ကုဏ္ဍလကေသီဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄-စတ္တုတ္ထဝဂ်

## ၁-ယသဝတ္ထုသီးဟာရဒဟရဟတ္တီအပဒါန်

၁။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ဘဝအားလုံးတို့သည် ကုန်ခန်းကုန်ပါပြီ၊ ဝဋ်ဘဝတို့သည် ဒုက္ခငြိမ်းခြင်းဖြင့် လွတ်မြောက်ပြီး ဖြစ်ပါကုန်၏၊ အကျွန်ုပ်တို့အား အလုံးစုံသော အာသဝေါတို့သည်လည်း မရှိပါကုန်ဟု လျှောက်ကြားပါကုန်၏။

၂။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အမှတ်မရှိ ရေး၌ဖြစ်သော ကုသိုလ်ကံကိုပြု၍ အရှင်ဘုရား၏ အကျိုးငှါ ကောင်းစွာ ဆုတောင်းခဲ့ပါ၏၊ အသုံးအဆောင်ဖြင့်ပြီးသော ဝတ္ထုကို လှူခဲ့ပါ၏။

၃။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏အကျိုးငှါ ဘုရား ပစ္စေကဗုဒ္ဓါတို့အားရင်း တပည့်သာဝကတို့အားရင်း အသုံးအဆောင်ဖြင့်ပြီးသောဝတ္ထုကို လှူဒါန်း၍ ဆုတောင်းခဲ့ပါ၏။

၄။ (အကျွန်ုပ်တို့သည်) အယုတ် အမြတ်ဖြစ်သော ကံကို ရဟန်းတို့အား (ပြု၍) ကောင်းစွာ ဆုတောင်းခဲ့ပါ၏၊ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ဤအယုတ်အမြတ်ဖြစ်သော ကံကိုပြုခဲ့ပါ၏။

၅။ ထိုကုသိုလ်ကံ၏ အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ကံ၏ပြည့်စုံခြင်းတို့သည် လူ၌ဖြစ်သော အဆင့်အတန်းအမျိုးမျိုးကို ကျော်လွန်၍ မင်းမျိုး၌ ဖြစ်ရပါကုန်၏။

၆။ ကံကိုဖြစ်စေရာ ပြုရာ၌ရင်း ပဋိသန္ဓေနေရာ၌ရင်း တပေါင်းတည်း ဖြစ် ရပါကုန်၏၊ နောက်ဆုံးဖြစ်သော ဘဝ၌ တပေါင်းတည်း မင်းမျိုး၌ ဖြစ်ရပါကုန်၏။

၇။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ရုပ်အဆင်းလှသူ စည်းစိမ်ရှိသူ နန္ဒဝန်ဥယျာဉ်၌ နတ်တို့အား ပူဇော်ကုန်သကဲ့သို့ နန်းတွင်း၌ လာဘ်သပ်ပကာဖြင့် ပူဇော်ခံရသူ ဖြစ်ပါကုန်၏။

၈။ အကျွန်ုပ်တို့သည် ငြီးငွေ့၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ရဟန်းပြုကြပါကုန်၏၊ နှစ်ရက် သုံးရက်ကို အစွဲပြု၍ အကျွန်ုပ်အားလုံးတို့သည် ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြပါကုန်၏။

၉။ များစွာသောသူတို့သည် အကျွန်ုပ်တို့ထံသို့ သင်္ကန်းကိုရင်း ဆွမ်းကိုရင်း ဆေးပစ္စည်းကိုရင်း အိပ်ရာနေရာကျောင်းကိုရင်း အခါခပ်သိမ်း အရိုအသေပြုအပ် ပူဇော်အပ်ကုန်၍ ပို့ဆောင်ကြပါကုန်၏။

၁၀။ အကျွန်ုပ်တို့သည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်မတို့သည် အနှောင်အဖွဲ့ကိုဖြတ်၍ နေကုန်သကဲ့သို့ အာသဝမရှိပဲ နေရကုန်၏။

http://www.dhammadownload.com



၁၁။ အကျွန်ုပ်တို့၏ လာခြင်းသည် ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားအထံတော်၌ သုံးပါးသောဝိဇ္ဇာတို့သို့ ရောက်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း ရှစ်ပါးသော ဝိမောက္ခတို့ကိုရင်း ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ယသဝတီ အမှူးရှိကုန်သော မင်းသမီးဖြစ်သော ရဟန်းမ တသောင်းရှစ်ထောင်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့ကုန်၏။

ရှေးဦးစွာသော ယသဝတီပမုခအဋ္ဌာရသဘိက္ခုနီသဟဿအပဒါန် ပြီး၏။

---

## ၂-စတုရာသီတိဘိက္ခုနီသဟဿအပဒါန်

၁၃။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ပုဏ္ဏားမျိုး၌ ဖြစ်ကုန်သော နူးညံ့သိမ်မွေ့သော လက်ခြေ ရှိကုန်သော ရှစ်သောင်းလေးထောင်သော အကျွန်ုပ်တို့သည် အရှင်ဘုရား၏ နေပြည်တော်၌ ပျော်မွေ့ကြပါကုန်၏။

၁၄။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ကုန်သည် သူဆင်းရဲမျိုး၌ ဖြစ်ကုန်သော သူတို့သည်ရင်း နတ်တို့သည်ရင်း နဂါးတို့သည်ရင်း ကိန္နရာတို့သည်ရင်း လေးကျွန်း၌ ရှိကုန်သော သတို့သမီးများစွာတို့သည်ရင်း အရှင်ဘုရား၏ နေပြည်တော်၌ ပျော်မွေ့ကြပါကုန်၏။

၁၅။ အချို့ရဟန်းပြုကုန်၍ တရားကို ရှုမြင်လေ့ရှိသူတို့ များစွာရှိပါကုန်၏၊နတ်တို့သည်ရင်း ကိန္နရာတို့သည်ရင်း နဂါးတို့သည်ရင်း အနာဂတ်ကာလ၌ (နိဗ္ဗာန်ကို) တွေ့ထိ ရရှိကြပါကုန်လတ္တံ့။

၁၆။ (ထိုသူတို့သည်) အလုံးစုံသော အခြံအရံ အကျော်အစောကို ခံစားရ၍ အလုံးစုံ ပြည့်စုံခြင်းသို့ ရောက်ကုန်လျက် အရှင်ဘုရားအား ကြည်ညိုခြင်းကို ရကြကုန်၍ အနာဂတ်ကာလ၌ (သစ္စာလေးပါးကို) သိကြပါကုန်လတ္တံ့။

၁၇။ ကြီးမြတ်သော လုံ့လရှိသည်ဖြစ်၍ စက္ခုငါးမျိုးရှိတော်မူသော မြတ်စွာဘုရား ပုဏ္ဏားမျိုး၌ ဖြစ်ကုန်သော ပုဏ္ဏားသမီးဖြစ်သော အကျွန်ုပ်တို့၌ အရှင်ဘုရားသည် အကျွန်ုပ်တို့ကို ကြည့်ရှုစဉ်(အရှင်ဘုရား၏) ခြေတော်တို့ကို ရှိခိုးပါကုန်၏။

၁၈။ အကျွန်ုပ်တို့သည် ဘဝအားလုံးတို့သို့ ကပ်ရောက်တတ်ကုန်သော တဏှာအရင်းအမြစ်တို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ အနုသယတို့ကို အကြွင်းမဲ့ဖြတ်အပ်ကုန်ပြီ၊ ကုသိုလ်ပြုစီရင်မှု 'ပုညာဘိသင်္ခါရ' တို့ကို ဖျက်ဆီးအပ်ကုန်ပြီ။

၁၉။ အကျွန်ုပ်တို့အားလုံးသည် သမာဓိလျှင် ကျက်စားရာ အာရုံရှိကြပါကုန်၏၊ သမာပတ်၌ လေ့လာခြင်းကို ပြုအပ်ပါကုန်၏၊အကျွန်ုပ်တို့သည် ဈာန်ဖြင့်ရင်း တရား၌ ပျော်မွေ့ခြင်းဖြင့်ရင်း အခါခပ်သိမ်း နေကြပါကုန်၏။

http://www.dhammadownload.com



၂၀။ ရှေးသွားခေါင်းဆောင် ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ဘဝ တဏှာကိုရင်း အဝိဇ္ဇာကိုရင်း သင်္ခါရတို့ကိုရင်း ကုန်စေအပ်ကုန်ပြီ၊ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်သို့ သွားလိုပါကုန်၍ ခွင့်ပြုတော်မူပါကုန်။

၂၁။ သင်တို့သည် ငါ့အား ရှည်မြင့်သော ညဉ့်နေ့ပတ်လုံး ကျေးဇူးတို့ကို ပြုပြီးကုန်ပြီ၊ သင်တို့အားလုံးတို့သည် ပရိသတ်လေးပါးတို့၏ ယုံမှားခြင်းကိုဖြတ်၍ ငြိမ်းအေးရာ နိဗ္ဗာန်သို့ သွားကြကုန်လော့။

၂၂။ (အကျွန်ုပ်တို့သည်) မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလျက် တန်ခိုးဖန်ဆင်း ခြင်းတို့ကို ပြုပြီးလျှင် အချို့သော ရဟန်းမတို့သည် အလင်းရောင်ကိုရင်း ထိုမှတပါး အမိုက်တိုက်ကိုရင်း ပြကြကုန်၏။

၂၃။ အချို့သော ရဟန်းမတို့သည် လ-နေတို့ကိုရင်း ငါးနှင့်တကွသော သမုဒ္ဒရာ ကိုရင်း ပြကြကုန်၏၊ အချို့သော ရဟန်းမတို့သည် မြင့်မိုရ်တောင်ကိုရင်း တောင်ရံ ခုနစ်ထပ်ကိုရင်း ပင်လယ်ကသစ်ပင်ကိုရင်း ပြကြကုန်၏။

၂၄။ အချို့သော ရဟန်းမတို့သည် တာဝတိံသာဘုံကိုရင်း ယာမာဘုံကိုရင်း တုသိတာဘုံကိုရင်း နိမ္မာနရတိ နတ်ဘုံကိုရင်း တန်ခိုးကြီးသော ဝသဝတ္တီဘုံကိုရင်း တန်ခိုးဖြင့် ပြကြကုန်၏။

၂၅။ အချို့သော ရဟန်းမတို့သည် ပြဟ္မာတို့ကိုရင်း မြတ်သူတို့အားသာ ထိုက်သော စင်္ကြံကိုရင်း ပြကြကုန်၏၊ပြဟ္မာ့အသွင်ကို ဖန်ဆင်း၍ သုညတနိဗ္ဗာန်တရားကိုလည်း ဟော ကြကုန်၏။

၂၆။ အားလုံးသော ရဟန်းမတို့သည် အထူးထူးတန်ခိုးဖန်ဆင်းခြင်းကို ပြု၍ မြတ်စွာ ဘုရားအား တန်ခိုးကိုပြလျက် စွမ်းအားကို ပြကြကုန်၏၊ မြတ်စွာဘုရား၏ ခြေတို့ကို ရှိခိုး ကြကုန်၏။

၂၇။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား ဣဒ္ဓိဝိဓ (အဘိညာဉ်) တို့၌လည်း လေ့လာပြီးဖြစ်ပါကုန်၏၊ ဒိဗ္ဗသောတဓာတ် အဘိညာဉ်၌ရင်း စေတောပရိယအဘိညာဉ် ၌ရင်း လေ့လာပြီးသူတို့ဖြစ်ပါကုန်၏။

၂၈။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါကုန်၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင် အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်းမရှိတော့ပါ။

၂၉။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏အထံ၌ အတ္ထပဋိ သမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထိုအတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း အသိဉာဏ်သည် အကျွန်ုပ်တို့အား ဖြစ်ပေါ် ခဲ့ပါ၏။

၃၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား လောက၏ ကိုးကွယ်ရာဖြစ်သော ရှေး မြတ်စွာဘုရားတို့(အထံ၌) ပေါင်းဆုံမိခြင်းကို အရှင်ဘုရားသည် ပြအပ်ပါပြီ၊ အရှင်ဘုရား၏ အကျိုးငှါ ဆုတောင်းခြင်းသည် အကျွန်ုပ်တို့အား များပြားလှပါကုန်၏။

http://www.dhammadownload.com



၃၁။ မြတ်စွာဘုရား ကုသိုလ်ဖြစ်သော အကြင်ကံကို အကျွန်ုပ်တို့သည် ဖြည့်ကျင့်အပ်ပြီ၊ ထိုကုသိုလ်ကံကို အောက်မေ့တော်မူပါလော့၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအကျိုးငှါ ကောင်းမှုတို့ကို အကျွန်ုပ်တို့သည် ဆည်းပူးအပ်ပါကုန်ပြီ။

၃၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်တို့ နေပြည်တော်သည် ဟံသာဝတီမည်၏။

၃၃။ ဂင်္ဂါမြစ်သည် ဟံသာဝတီမြို့၏တံခါးမှ အခါခပ်သိမ်း စီးလျက်ရှိ၏၊ မြစ်သည် နှိပ်စက်အပ်ကုန်သော ထိုရဟန်းတို့သည် သွားခြင်းကို မရကုန်။

၃၄။ နှစ်ရက်သုံးရက်တို့ပတ်လုံးငင်း ခုနစ်ရက်ပတ်လုံးငင်း တလပတ်လုံးငင်း ထို့ထက်အလွန် လေးလပတ်လုံးငင်း(မြစ်ရေ)ပြည့်သည်ရှိသော် ထိုရဟန်းတို့သည် သွားခြင်းကို မရကုန်။

၃၅။ ထိုအခါ ဘုရားလောင်းသည် ဇဋိလမည်သော တိုင်းပြည်ကိုအစိုးရသောမင်းဖြစ်လေ၏၊ ထိုမင်းသည် ရေဖြင့် ပိတ်ဆို့တားမြစ်အပ်သော ထိုရဟန်းတို့ကိုမြင်၍ ဂင်္ဂါမြစ်၌ တံတားကို ပြုလုပ်လေ၏။

၃၆။ ထိုအခါ (အသပြာ) တသိန်းတို့ဖြင့် ဂင်္ဂါမြစ်၌ တံတားကို ပြုလုပ်လေ၏၊ ဤမှာဘက်ကမ်း၌ သံဃာ၏အကျိုးငှါ ကျောင်းကိုလည်း ဆောက်လုပ်လေ၏။

၃၇။ မြင့်မြတ်သောအမျိုး ယုတ်နိမ့်သောအမျိုး၌ ဖြစ်သော ထိုမိန်းမယောကျ်ားတို့သည် ထိုမင်း၏ တံတားကိုငင်း ကျောင်းကိုငင်း ညီမျှသောအဘိုးကို ပြုကြလေကုန်၏။

၃၈။ ငါတို့သည်ငင်း အခြားသူတို့သည်ငင်း အလွန်ကြည်ညိုသောစိတ်ဖြင့် ထိုမြတ်စွာဘုရား၏ တရားတို့၌ အမွေခံတို့ ဖြစ်ကြလေကုန်၏၊ မြို့၌ငင်း ခရိုင်နယ်(ဇနပုဒ်)တို့၌ငင်း—

၃၉။ ထိုများစွာသော မိန်းမယောကျ်ား သတို့သားသတို့သမီးတို့သည် တံတားအားငင်း ကျောင်းအားငင်း သဲတို့ကို ကြဲဖြန့်လေကုန်၏။

၄၀။ လမ်းမကို တံမြက်လှည်းခြင်းကို ပြု၍ ငှက်ပျောပင် ရေပြည့်အိုးတို့ကိုငင်း တံခွန်တို့ကိုငင်း အမိုးအထုံကိုငင်း နံ့သာမှုန့်ကိုငင်း ပန်းကိုငင်း မြတ်စွာဘုရားအား ပူဇော်သက္ကာရကို ပြုလျက်—

၄၁။ တံတားကျောင်းတို့ကို ပြုစေပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်၍ အလှူကြီးကို ပေးလှူလျက် သမ္မာသမ္ဗောဓိဉာဏ်ကို ဆုတောင်းခဲ့၏။

၄၂။ ကြီးမြတ်သော လုံ့လရှိတော်မူသော အလုံးစုံသော သတ္တဝါတို့ကို ကယ်တင်တော်မူတတ်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ဇဋိလမင်းအား အနုမောဒနာပြုတော်မူ၏။

၄၃။ ကမ္ဘာတသိန်းလွန်သည်ရှိသော် ဘဒ္ဒကမ္ဘာသည် ဖြစ်လတ္တံ့၊ (ဤမင်းသည်) ဘဝကြီးငယ်၌ ခံစားပြီးလျှင် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၄၄။ အချို့သော ယောကျ်ားမိန်းမတို့သည် လက်အမှုကို ပြုကုန်၏၊ အလုံးစုံသောသူတို့သည် အနာဂတ်ကာလ၌ (ထိုဂေါတမမြတ်စွာဘုရား၏) မျက်မှောက်၌ ဖြစ်ကုန်လတ္တံ့ (ဟု အနုမောဒနာ ပြုတော်မူ၏)။

http://www.dhammadownload.com



၄၅။ ထိုကံ၏ အကျိုးကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း နတ်ဘုံသို့ဖြစ်ကြရကုန်၏၊ ထိုအကျွန်ုပ်တို့သည် အရှင်ဘုရား၏ အလုပ်အကျွေးတို့ပါတည်း။

၄၆။ မရေတွက်နိုင်သော နတ်ချမ်းသာကိုရင်း မရေတွက်နိုင်သော လူ့ချမ်းသာကိုရင်း (ခံစား၍) ထိုအကျွန်ုပ်တို့သည် အရှင်ဘုရားအား လုပ်ကျွေးပါကုန်၏၊ ဘဝကြီးငယ်၌ ကျင်လည်ခဲ့ပါကုန်၏။

၄၇။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ကောင်းစွာ ပြုအပ်သော ကံ၏ ပြည့်စုံခြင်းကြောင့် လူတို့၏ပြည်၌ရင်း ထိုမှတပါး မြတ်သောနတ်တို့၏ပြည်၌ရင်း နူးညံ့သိမ်မွေ့ခြင်းရှိသူတို့ ဖြစ်ပါကုန်၏။

၄၈။ ကောင်းစွာ ပြုအပ်သော ကံ၏ပြည့်စုံခြင်းကြောင့် အကျွန်ုပ်တို့သည် အရှိအသေပြုခံရကုန်သည်ဖြစ်၍ ရုပ်အဆင်း စည်းစိမ်အခြံအရံကိုရင်း ထိုမှတပါး ကျော်စောခြင်းကိုရင်း အားလုံးကို မပြတ်ရရှိပါကုန်၏။

၄၉။ နောက်ဆုံးဖြစ်သော ဘဝသို့ ရောက်လတ်သော် ပုဏ္ဏားမျိုး၌ မွေးဖွားလျက် သာကီဝင် မင်းသားအိမ်တော်၌ နူးညံ့သိမ်မွေ့သော လက်ခြေရှိသူတို့ ဖြစ်ပါကုန်၏။

၅၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် အခါခပ်သိမ်းပင် တန်ဆာမဆင်အပ်သော မြေကိုမမြင်ရပါကုန်၊ မစင်ကြယ်သော ရွှံ့ညွန်မြေကို မမြင်ရပါကုန်။

၅၁။ အကျွန်ုပ်တို့၏ ရှေးကံအကျိုးကြောင့် အိမ်၌နေသော အကျွန်ုပ်တို့၏ အထံသို့ အခါခပ်သိမ်းဖြစ်သော ပူဇော်သက္ကာရအားလုံးကို အခါခပ်သိမ်း ပို့ဆောင်ကြပါကုန်၏။

၅၂။ အကျွန်ုပ်တို့သည် အိမ်ကိုစွန့်ပစ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ကုန်သည်ရှိသော် သံသရာခရီးမှ ထွက်မြောက်ကုန်လျက် ရာဂကင်းသူတို့ ဖြစ်ရပါကုန်၏။

၅၃။ အကျွန်ုပ်တို့ထံသို့ ထိုထိုအရပ်မှ တထောင်သော သင်္ကန်း ဆွမ်း ဆေးပစ္စည်း အိပ်ရာနေရာ ကျောင်းတို့ကို အခါခပ်သိမ်း ပို့ဆောင်ကြပါကုန်၏။

၅၄။ အကျွန်ုပ်တို့သည် ကိလေသာတို့ကိုရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရပါကုန်၏။

၅၅။ အကျွန်ုပ်၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်အပ်ပါပြီ။

၅၆။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ရှစ်သောင်းလေးထောင်သော ပုဏ္ဏားသတို့သမီး ရဟန်းမတို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

နှစ်ခုမြောက် စတုရာသီတိဘိက္ခုနီသဟဿအပဒါန် ပြီး၏။

http://www.dhammadownload.com



## ၃-ဥပ္ပလဒါယိကာထေရီအပဒါန်

၅၇။ အရုဏဝတီမြို့၌ အရုဏမည်သောမင်းသည် ရှိ၏၊ ငါသည် ထိုမင်း၏ မိဖုရားဖြစ်၍ ငါသည် အတူတကွလှည့်လည်သွားလာရ၏။

၅၈။ ထိုအခါ ငါသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ထိုင်ပြီးလျှင် ဤသို့ကြံစည်၏— ငါ့အား ဆောင်ယူ၍ သွားနိုင်သော ငါပြုအပ်သော ကုသိုလ်သည် မရှိသေးချေ။

၅၉။ ငါသည် အလွန်ပြင်းစွာ ပူလောင်သော ခါးစပ်သော ကြမ်းတမ်းသော သဘောရှိသော အလွန်ကြမ်းကြုတ်သော ငရဲသို့ သွားရလိမ့်မည်တကား၊ ဤအရာ၌ ငါ့အား ယုံမှားဖွယ်သည် မရှိချေ။

၆၀။ ငါသည် ဤသို့ကြံစည်၍ စိတ်ကို ရွှင်လန်းစေပြီးလျှင် မင်းသို့ ချဉ်းကပ်လျက် ဤစကားကို လျှောက်ထား၏—

၆၁။ အရှင်မင်းမြတ် အကျွန်ုပ်တို့ မိန်းမတို့မည်သည် ယောကျ်ားတို့အောက် ယုတ်ညံ့သူတို့ ဖြစ်ပါကုန်၏၊ အရှင်မင်းမြတ် အကျွန်ုပ်အား ရဟန်းတပါးကို ပေးပါလော့၊ ဆွမ်းကျွေးလိုပါ၏ဟု (ဤစကားကို လျှောက်ထား၏)။

၆၂။ ထိုအခါ မင်းသည် ပွါးများပြီးသော ဣန္ဒြေရှိသော ရဟန်းကို ငါ့အား ပေးလေ၏၊ (ငါသည်) ထိုရဟန်း၏ သပိတ်ကို ယူ၍ မွန်မြတ်သောဆွမ်းဖြင့် ပြည့်စေခဲ့၏။

၆၃။ ငါသည် မွန်မြတ်သောဆွမ်းကို ပြည့်စေ၍ ကောင်းသောနံ့သာဖြင့် လိမ်းကျံလျက် မြတ်သောအဝတ်နှင့်တကွ ဖုံးလွှမ်းပြီးလျှင် နှစ်သက်သော စိတ်ဖြင့် ပေးလှူခဲ့၏။

၆၄။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်၎င်း စေတနာတောင့်တမှုတို့ကြောင့်၎င်း လူ့ခန္ဓာကိုယ်ကို စွန့်လွှတ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၆၅။ တထောင်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏၊ တထောင်သော စကြဝတေးမင်းတို့၏ မိဖုရားအဖြစ်ကို ပြုခဲ့ရ၏။

၆၆။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်ကိုကား ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်၊ ထိုအခါ ထိုဆွမ်းအလှူ၏ အခြားတပါးသောကံ၏ အကျိုးသည် အထူးထူးအပြားပြားများလှပေ၏။

၆၇။ ငါ၏ အဆင်းသည် ကြာညိုပန်းအဆင်းနှင့်တူ၏၊ (ငါသည်) အဆင်းလှ၏၊ လွန်စွာရှုချင်ဖွယ်ရှိ၏၊ မိန်းမတို့၏ကိုယ်အင်္ဂါအားလုံးနှင့် ပြည့်စုံ၏၊ အမျိုးမြတ်၌ဖြစ်၏၊ အလင်းရောင်ကို ဆောင်နိုင်၏။

၆၈။ နောက်ဆုံးဘဝသို့ ရောက်လတ်သော် သာကီဝင်မင်းမျိုး၌ ဖြစ်၏၊ ငါသည် သုဒ္ဓေါဒနမင်း၏သားတော် သိဒ္ဓတ္ထမင်းသား၏ မောင်းမတထောင်တို့၏ အကြီးအမှူးဖြစ်၏။

၆၉။ ငါသည် အိမ်၌ငြီးငွေ့၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ ခုနစ်ညမြောက် ရောက်လတ်သော် သစ္စာလေးပါးကို သိသော ဥဒဏ်သို့ ရောက်၏။

http://www.dhammadownload.com



၇၀။ သက်န်းကိုရင်း ဆွမ်းကိုရင်း ဆေးပစ္စည်းကိုရင်း အိပ်ရာနေရာ ကျောင်းကိုရင်း နှိုင်းယှဉ်ခြင်းငှါ မစွမ်းနိုင်ကုန် ဤသို့ဖြစ်ရခြင် သည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၇၁။ မြတ်စွာဘုရား ကုသိုလ်ဖြစ်သောအကြောင်းကံကို ကျွန်ုပ်သည် ဖြည့်ကျင့် အပ်ပြီး၊ ထိုကုသိုလ်ကံကို အောက်မေ့တော်မူပါလော့၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏အကျိုးငှါ အကျွန်ုပ်သည် များစွာသော ပစ္စည်းဝတ္ထုကို စွန့်လွှတ်အပ်ပါပြီ။

၇၂။ ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ အလှူကို ပေးလှူခဲ့ရသော အခါမှစ၍ မကောင်းသော သူတို့လားရာ 'ဒုဂ္ဂတိ'ဘဝကို မသိစဘူးပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏အကျိုးပေတည်း။

၇၃။ ငါသည် နတ်ဘဝ သို့မဟုတ် လူ့ဘဝဟူသော ဂတိနှစ်ပါးတို့ကိုသာ သိ၏၊ အခြားတပါးသော ဂတိကို မသိရပေ၊ ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၇၄။ များသောစည်းစိမ် များသောဥစ္စာရှိသော မြင့်မြတ်သောအမျိုးတို့ကိုသာ သိပေ၏၊ အခြားတပါးသော အမျိုးတို့ကို မသိရပေ၊ဤသို့ဖြစ်ရခြင်းသည် ဆွမ်းလှူရခြင်း၏ အကျိုးပေတည်း။

၇၅။ ဘဝကြီးငယ်၌ ကျင်လည်ရသည်ရှိသော် ဖြူစင်သော ကုသိုလ်အကြောင်းရင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ စိတ်မနှစ်မြို့ဖွယ်ကို မတွေ့မြင်ရပေ၊ (ဤသို့ ဖြစ်ရခြင်းသည်) ဝမ်းမြောက်စွာ ပူဇော်ခြင်း၏ အကျိုးပေတည်း။

၇၆။ မြတ်စွာဘုရား ဣဒ္ဓိဝိဓ (အဘိညာဉ်)တို့၌လည်း လေ့လာပြီး ဖြစ်ပါ၏၊ ဒိဗ္ဗသောတ ဓာတ် အဘိညာဉ်၌ရင်း စေတောပရိယဉာဏ်၌ရင်း လေ့လာပြီး ဖြစ်ပါ၏။

၇၇။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပါပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ယခုအခါ ဘဝသစ်၌ တဖန် ဖြစ်ခြင်းမရှိတော့ပါ။

၇၈။ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထိုအတူ ပဋိဘာနပဋိသမ္ဘိဒါတို့၌ရင်း အသိဉာဏ်သည် အကျွန်ုပ်အား ဖြစ်ပေါ်ခဲ့ပါ၏။

၇၉။ အကျွန်ုပ်သည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၈၀။ အကျွန်ုပ်၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။ အဆုံးအမ တော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၈၁။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ဥပ္ပလဒါယိကာ ရဟန်းမသည် မြတ်စွာဘုရား၏ မျက်မှောက်၌ ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

**သုံးခုမြောက် ဥပ္ပလဒါယိကာထေရီ အပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၄-သိင်္ဂါလမာတုထေရီအပဒါန်

၇၂။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ အလုံးစုံသော တရားတို့၏ တဖက်ကမ်းရောက်တော်မူသော လောက၏ အကြီးအမှူး ဖြစ်၍ ပဒုမုတ္တရ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၇၃။ ထိုအခါ ငါသည် ဟံသာဝတီမြို့ဝယ် အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော ပြည့်စုံကြွယ်ဝ၍ များသော ဥစ္စာရှိသော အမတ်မျိုး၌ မွေးဖွားသူ ဖြစ်ခဲ့၏။

၇၄။ ငါသည် လူအပေါင်း ခြံရံလျက် အဖနှင့် တကွ သွား၍ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးလျှင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၇၅။ (ငါသည်) ရဟန်းပြုပြီးသော် ကိုယ်ဖြင့် (ပြုအပ်သော) မကောင်းမှုကို ကြဉ်ရှောင်ခဲ့၏၊ ဝစီဒုစရိုက်ကိုစွန့်၍ အသက်မွေးမှုကို သုတ်သင်ခဲ့၏။

၇၆။ (ငါသည်) မြတ်စွာဘုရား၌ ကြည်ညို၏၊ တရား၌ရင်း သံဃာ၌ရင်း ထက်သန်သော ရိုသေခြင်းရှိ၏၊ သူတော်ကောင်းတရားကို နာကြားခြင်း၌ ယှဉ်၏၊ မြတ်စွာဘုရားကို ဖူးမြင်ခြင်း၌ လိုလား၏။

၇၇။ ထိုအခါ ငါသည် ရဟန်းမ(တဦး)ကို သဒ္ဓါတရားဖြင့် နှလုံးသွင်း ရှိသူတို့တွင် အမြတ်ဆုံးဟု မြတ်စွာဘုရားချီးကျူးသည်ကို ကြားနာခဲ့ရ၏၊ ငါသည် ထိုအရာအထူးကို တောင့်တ၍ သိက္ခာသုံးပါးတို့ကို ပြည့်ကျင့်ခဲ့၏။

၇၈။ ထိုအခါ သနားခြင်း ကရုဏာသို့ အစဉ်လိုက်သည့် အလိုရှိတော်မူသော မြတ်စွာဘုရားသည် ငါ့ကို မိန့်တော်မူ၏၊ အကြင်သူအား မြတ်စွာဘုရား၌ မတုန်လှုပ်သော သဒ္ဓါတရားသည် ကောင်းစွာ တည်၏၊ အကြင်သူအား ကောင်းသော အရိယာတို့သည် နှစ်သက်အပ် ချီးကျူးအပ်သော သီလသည် ကောင်းစွာ တည်၏။

၇၉။ အကြင်သူအား သံဃာ၌ ကြည်ညိုခြင်းသည်ရင်း ဖြောင့်စွာ ဖြစ်သော ဉာဏ်အမြင် 'သမ္မာဒိဋ္ဌိ' သည်ရင်း ရှိ၏၊ ထိုသူကို ဆင်းရဲသော သူမဟုတ်ဟု ဆိုကုန်၏၊ ထိုသူ၏ အသက်ရှည်ခြင်းသည် အချည်းနှီးမဟုတ်။

၈၀။ ထို့ကြောင့် ပညာရှိသည် မြတ်စွာဘုရားတို့၏ အဆုံးအမတော်ကို အောက်မေ့လျက် သဒ္ဓါတရားကိုရင်း သီလစောင့်ထိန်းခြင်းကိုရင်း ကြည်ညိုခြင်းကိုရင်း ဉာဏ်အမြင်တရားကိုရင်း အားထုတ်ရာ၏(ဟု မိန့်တော်မူ၏)။

၈၁။ ငါသည် ထိုတရားစကားကို ကြားနာရသော် ဝမ်းမြောက်၍ ငါ၏ ဆုတောင်းခြင်းကို မေးလျှောက်၏၊ ထိုအခါ မယုတ်လျော့သော လုံ့လရှိတော်မူသော မနှိုင်းယှဉ်နိုင်သော မြတ်စွာဘုရားသည် ဖြေကြားတော်မူခဲ့၏၊ ကောင်းသော လက္ခဏာနှင့် ပြည့်စုံပေသော ချစ်သမီး မြတ်စွာဘုရား၌ ကြည်ညိုသော သင်သည် ကောင်းစွာ တောင့်တသော ထိုအရာအထူးကို ရလတ္တံ့။

၈၂။ ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဩက္ကာကမင်းမျိုး၌ ဖြစ်သော အနွယ်အားဖြင့် ဂေါတမ အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူလတ္တံ့။

http://www.dhammadownload.com



၉၃။ ထိုမြတ်စွာဘုရား၏ တရားတို့၌ တရားသည် ဖန်ဆင်းအပ်သော အမွေခံ 'သမီးတော်' ဖြစ်၍ သိင်္ဂါလလုလင်၏ အမိ ဟူသော မြတ်စွာဘုရား၏ တပည့်မ 'သာဝိကာ' ဖြစ်လတ္တံ့။

၉၄။ ထိုအခါ ထိုဗျာဒိတ်စကားကို ကြားနာရသည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ အသက်ထက်ဆုံး မာရင်းပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရားကို မေတ္တာစိတ်ရှိလျက် အကျင့်ပဋိပတ်တို့ဖြင့် လုပ်ကျွေးခဲ့၏။

၉၅။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာ တောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၉၆။ ယခု နောက်ဆုံး ဖြစ်သော ဘဝ၌ကား ရာဇဂြိုဟ်မြို့တော်တွင် များးမြတ်သောရတနာတို့ပေါင်းစုရာ ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်ရ၏။

၉၇။ သိင်္ဂါလမည်သောငါ၏ သားသည် မှားသော လမ်းခရီး၌ မွေ့လျော်၏၊ မိစ္ဆာဒိဋ္ဌိ အယူတည်းဟူသော တောအုပ်သို့ ပြေးဝင်၏၊ အရပ်မျက်နှာတို့ကို ပူဇော်ခြင်းလျှင် လည်းလျှောင်းရာရှိ၏။

၉၈။ နတ်လူတို့၏ အကြီးအမှူး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆွမ်းအကျိုးငှါ ရာဇဂြိုဟ်မြို့သို့ ကြွသွားလတ်သော် အထူးထူးသော အရပ်မျက်နှာတို့ကို ရှိခိုးသော ထိုသိင်္ဂါလလုလင်ကိုမြင်၍ လမ်းခရီး၌ ရပ်လျက် ဆုံးမတော်မူ၏။

၉၉။ ထိုသိင်္ဂါလလုလင်အား တရားဟောတော်မူသော မြတ်စွာဘုရား၏ အသံသည် အံ့ဩဖွယ်ဖြစ်၏၊ နှစ်ကုဋေသော ယောကျ်ားမိန်းမတို့၏ (သစ္စာလေးပါး) တရားကို ထိုးထွင်းသိခြင်းသည် ဖြစ်၏။

၁၀၀။ ထိုအခါ ငါသည် ပရိသတ်တို့သွားလျက် မြတ်စွာဘုရားဟောကြားအပ်သော တရားစကားကို ကြားနာရသော် သောတာပတ္တိဖိုလ်သို့ ရောက်သည်ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၁၀၁။ မြတ်စွာဘုရားကို ဖူးမြင်ခြင်း၌ လိုလားသောငါသည် ထိုဗုဒ္ဓါနုဿတိကို ပွါးများ၍ ကာလမကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀၂။ ငါသည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းအကျိုးငှါ အခါခပ်သိမ်းပင် သွား၏၊ မျက်စိကို နှစ်သက်စေတတ်သော ရုပ်အဆင်းတော်ကို မရောင့်ရဲသည်ဖြစ်၍သာလျှင် ဖူးမြင်၏။

၁၀၃။ ငါသည် အလုံးစုံသော ပါရမီတော်ကြောင့် ဖြစ်သော အသရေ၏ တည်ရာဖြစ်သော မြတ်သော အလုံးစုံသော ရောင်ခြည်တော်တို့ဖြင့်ပြွမ်းသော ရုပ်အဆင်းတော်ကို (ဖူးမြင်ရခြင်း၌) မရောင့်ရဲသည် ဖြစ်၍ နေ၏။

၁၀၄။ မြတ်စွာဘုရားသည် ထိုဂုဏ်၌ နှစ်သက်တော်မူ၍ သိင်္ဂါလသတို့သား၏ အမိသည် သဒ္ဓါတရားဖြင့် နှလုံးသွင်းရှိသူတို့တွင် အမြတ်ဆုံးဟု ငါ့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

၁၀၅။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း စေတောပရိယဉာဏ်၌ရင်း လေ့လာပြီးဖြစ်ပါ၏။

http://www.dhammadownload.com



၁၀၆။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၁၀၇။ မြတ်စွာဘုရား အရှင်ဘုရား၏ အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ တို့၌၎င်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌၎င်း အသိဉာဏ်သည် အကျွန်ုပ်အား ဖြစ်ပေါ် ခဲ့ပါ၏။

၁၀၈။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝ မရှိပဲ နေရ၏။

၁၀၉။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၁၀။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် သိင်္ဂါလမာတာရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

လေးခုမြောက် သိင်္ဂါလမာတုထေရီအပဒါန် ပြီး၏။

---

## ၅-သုက္ကာထေရီအပဒါန်

၁၁၁။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဖူးမျှော်ချင်စဖွယ် တင့်တယ်တော်မူသော အလုံးစုံသော တရားတို့ကို ရှုမြင်တတ်သော ဝိပဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၁၂။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့တွင် အမှတ်မရှိ တခုသောအမျိုး၌ ဖြစ်၏၊မြတ်စွာဘုရား၏ တရားကို နာကြားရ၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၁၁၃။ ငါသည် များသော အကြားအမြင်ရှိ၏၊ တရားကို ကျင့်ဆောင်၏၊ ပဋိဘာန်ဉာဏ် ရှိ၏၊ ထို့မှတပါး ဆန်းကြယ်သောတရားကိုလည်း ဟောပြောတတ်၏၊ မြတ်စွာဘုရား အဆုံးအမ ကို လိုက်နာ ပြုကျင့်လေ့ ရှိ၏။

၁၁၄။ ထိုအခါ ငါသည် များစွာသော လူအပေါင်း၏ အကျိုးစီးပွါးအလို့ငှါ တရားဟောမှုကို ပြုခဲ့၍ ထိုဘဝမှ စုတေသည်ရှိသော် တုသိတာဘုံသို့ရောက်လျက် အခြံအရံအကျော်အစောများသူ ဖြစ်ခဲ့၏။

၁၁၅။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ မီးလျှံကဲ့သို့ အခြံအရံအားဖြင့် တောက်ပ တော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူသော သိခီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။

၁၁၆။ ထိုအခါ၌လည်း ငါသည် ရဟန်းပြု၍ မြတ်စွာဘုရားအဆုံးအမ၌ လိမ္မာသူဖြစ်လျက် မြတ်စွာဘုရား၏ တရားစကားတို့ကို ထွန်းကားစေခြင်းကြောင့် ထိုဘဝမှလည်း တာဝတိံသာနတ် ဘုံသို့ ရောက်ခဲ့ရ၏။

၁၁၇။ သုံးဆယ့်တကမ္ဘာထက်၌ပင်လျှင် ကြီးမြတ်သောဉာဏ်ရှိတော်မူသော ဝေဿဘူမည် သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုအခါ၌လည်း ထို့အတူပင် ငါသည်—

http://www.dhammadownload.com



၁၁၈။ ရဟန်းပြု၍ တရားကို ကျင့်ဆောင်လျက် မြတ်စွာဘုရားသာသနာတော်ကို ထွန်းလင်းစေခဲ့၏၊ (ထိုကြောင့်) ပျော်မွေ့ဖွယ် နတ်ပြည်သို့သွား၍ ကြီးစွာသော ချမ်းသာကို ခံစားရပေ၏။

၁၁၉။ ဤဘဒ္ဒကမ္ဘာ၌ လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော ကကုသန်ဘုရားမြတ်သည် ပွင့်တော်မူ၏၊ ထိုအခါ၌လည်း ထိုအတူပင် ငါသည်—

၁၂၀။ ရဟန်းပြု၍ မြတ်စွာဘုရားသာသနာတော်ကို အသက်ရှိသမျှ ထွန်းလင်းစေပြီးလျှင် ထိုဘဝမှ စုတေလတ်သော် ငါသည် မိမိဘုံကဲ့သို့ တာဝတိံသာနတ်ဘုံသို့ ရောက်ခဲ့ရ၏။

၁၂၁။ ဤဘဒ္ဒကမ္ဘာ၌ပင် လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော ကိလေသာမြူကင်းတော်မူသော အမြိုက်နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော ကောဏာဂုံမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၂၂။ ထိုအခါ၌လည်း ငါသည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုခဲ့၍ များသော အကြားအမြင်ရှိသူ တရားကိုကျင့်ဆောင်သူဖြစ်လျက် မြတ်စွာဘုရား၏ သာသနာတော်ကို ထွန်းလင်းစေခဲ့၏။

၁၂၃။ ဤဘဒ္ဒကမ္ဘာ၌ပင် လောက၏ကိုးကွယ်ရာ ဖြစ်တော်မူသော ကိလေသာမြူကင်းတော်မူသော သေခြင်းအဆုံးသို့ ရောက်တော်မူသော ကဿပမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၂၄။ ငါသည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌လည်း ရဟန်းပြုခဲ့၍ သုတ္တော်ကောင်းတရားကို သင်ပြီး၍ အဋ္ဌကထာ၌ ရဲရင့်သူ ဖြစ်၏။

၁၂၅။ ကောင်းသောအကျင့်သီလရှိ၏၊ မကောင်းမှုကို ရှက်လေ့ရှိ၏၊ သိက္ခာသုံးပါးတို့၌ လိမ္မာသူဖြစ်ခဲ့၏၊ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား (တပည့်တော်သည်)အသက်ထက်ဆုံး များစွာသောတရားဟောမှုကို ပြုပြီးလျှင်—

၁၂၆။ ထိုကံ၏ အကျိုးကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ရသော် တာဝတိံသာဘုံသို့ ရောက်ရ၏။

၁၂၇။ ယခုနောက်ဆုံးဖြစ်သော ဘဝ၌လည်း ရာဇဂြိုဟ်မြို့တော်၌ များစွာသောရတနာတို့၏ စုဝေးရာဖြစ်သော သူဌေးမျိုး၌ ဖြစ်ရ၏။

၁၂၈။ မြတ်စွာဘုရားသည် ရဟန်းတထောင်ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူသောအခါ သိကြားမင်းသည် (ဤသို့) ချီးကျူးလေ၏—

၁၂၉။ ယဉ်ကျေးပြီးကုန်သော ကိလေသာမှလွတ်မြောက်ပြီးကုန်သော ရသေ့ဟောင်းရဟန္တာ တထောင်တို့နှင့်တကွ ယဉ်ကျေးပြီး၍ ကိလေသာမှ လွတ်မြောက်ပြီးတော်မူသော သိင်္ဂီနိက်ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူ၏ (ဟု ချီးကျူး၏)။

၁၃၀။ ထိုမြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကိုမြင်၍ ဂုဏ်တော်အပေါင်းကိုလည်း ကြားနာ၍ မြတ်စွာဘုရား၌ စိတ်ကိုကြည်ညိုစေပြီး၍ ထိုမြတ်စွာဘုရားကို စွမ်းအားရှိသမျှ ပူဇော်ခဲ့၏။

၁၃၁။ နောက်အခါ၌လည်း အိမ်မှထွက်၍ ဓမ္မဒိန္နာရဟန်းမ၏ အထံ၌ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြု၏။

http://www.dhammadownload.com



၁၃၂။ ငါသည် ဆံပင်တို့ကို ရိပ်ဖြတ်ကုန်စဉ် ကိလေသာတို့ကို ရှို့မြှိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ငါသည် ရဟန်းပြု၍ မကြာမြင့်မီ အဆုံးအမအားလုံးကို သင်ယူခဲ့၏။

၁၃၃။ ထို့နောက် များစွာသောလူတို့၏ အစည်းအဝေး၌ တရားကိုဟော၏၊ တရားဟောအပ်သည် ရှိသော် အထောင်မကသော သတ္တဝါတို့၏ (သစ္စာလေးပါး) တရားကို ထိုးထွင်းသိခြင်းသည် ဖြစ်လေ၏။

၁၃၄။ ငါ့အား အလွန်ကြည်ညိုသောနတ်သည် ထိုအကြောင်းကို သိ၍ အလွန်အံ့ဩလျက် ရာဇဂြိုဟ်မြို့ကို လှည့်လည်ပြီးလျှင် (ဤသို့ ကြွေးကြော်လေ၏)။

၁၃၅။ အကြင်လူတို့သည် အမြိုက်နိဗ္ဗာန်ကို ဟောပြောလျက်ရှိသော သုက္ကာရဟန်းမ(ထံ)သို့ မဆည်းကပ်ကုန်၊ ရာဇဂြိုဟ်မြို့၌ ဤလူတို့သည် အဘယ်ကိုပြုလုပ်နေကုန်သနည်း၊ ပျားရည်ကို သောက်၍သာလျှင် နေကြကုန်သလော။

၁၃၆။ ခရီးသွားတို့သည် မိုးရေကို သောက်ကြရကုန်သကဲ့သို့ ထိုအတူ ပညာရှိတို့သည်ကား မဆုတ်မပြန် နိဗ္ဗာန်သို့ ဆောင်တတ်သော (အရသာတပါး) မသွန်းလောင်းပဲ ဩဇာရှိသော ထိုအမြိုက်တရားရေကိုသာလျှင် သောက်ကုန်ယောင်တကား(ဟု ကြွေးကြော်လေ၏)။

၁၃၇။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓ(အဘိညာဉ်)တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတအဘိညာဉ်၌ရှင်း စေတောပရိယဉာဏ်၌ရှင်း လေ့လာပြီးဖြစ်ပါ၏။

၁၃၈။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၁၃၉။ မြတ်စွာဘုရား အရှင်ဘုရား၏အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရှင်း ထိုအတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရှင်း အသိဉာဏ်သည် အကျွန်ုပ်အား ဖြစ်ပေါ် ခဲ့ပါ၏။

၁၄၀။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေ အပ်ကုန်ပြီ ။ပ။ အာသဝမရှိပဲ နေရ၏။

၁၄၁။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၄၂။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရှင်း ။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် သုက္ကာရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

ငါးခုမြောက် သုက္ကာထေရီအပဒါန် ပြီး၏။

ငါးခုမြောက် ဘာဏဝါရ ပြီး၏။

http://www.dhammadownload.com



## ၆-အဘိရူပနန္ဒာထေရီအပဒါန်

၁၄၃။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဖူးမျှော်ချင်စဖွယ် တင့်တယ်တော်မူသော အလုံးစုံသော တရားတို့၌ သိမြင်သော ပညာမျက်စိရှိတော်မူသော ဝိပဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၁၄၄။ ထိုအခါ ငါသည် ဗန္ဓုမတီမြို့တွင် ပြည့်စုံကြွယ်ဝသော အမျိုးမြတ်၌ဖြစ်၍ အလွန်အဆင်းလှသူ ကြင်နာသနားတတ်သူ လူအပေါင်း၏ ပူဇော်ခံရသူလည်း ဖြစ်ပေ၏။

၁၄၅။ ငါသည် ကြီးမြတ်သော လုံ့လရှိတော်မူသော ဝိပဿီမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တရားကို နာကြားရခြင်းကြောင့် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့၏။

၁၄၆။ ငါသည် သီလတို့၌ စောင့်ရှောက်သူဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူလတ်သော် ဓာတ်တော်စေတီတော်၏ အထက်၌ ရွှေထီးကို ပူဇော်ခဲ့၏။

၁၄၇။ ငါသည် အသက်ထက်ဆုံး သီလရှိသူ လွတ်လွတ်စွန့်ကြဲခြင်းရှိသူဖြစ်လျက် ထိုဘဝမှ စုတေ၍ လူ့ကိုယ်ခန္ဓာကို စွန့်ပယ်ရသည်ရှိသော် တာဝတိံသာဘုံသို့ ကပ်ရောက်ရ၏။

၁၄၈-၁၄၉။ ထိုအခါ ငါသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်၎င်း အသက်အားဖြင့်၎င်း အဆင်းချမ်းသာ အခြံအရံအားဖြင့်၎င်း ထို့အတူပင် အစိုးရခြင်းအားဖြင့်၎င်း ဆယ်ပါးသော အကြောင်းအရာတို့ဖြင့် ကြွင်းသော နတ်တို့ကို ကျော်လွန်လွှမ်းမိုး၍ တင့်တယ်၏။

၁၅၀။ ငါသည် ယခုနောက်ဆုံးဘဝ၌လည်း ကပိလမည်သောမြို့တော်၌ဖြစ်၍ ခေမကသာကီဝင်မင်း၏ နန္ဒာအမည်ရှိသော သမီးတော်ဟု ကျော်စောထင်ရှား၏။

၁၅၁။ ငါ့အား နှစ်သက်ခြင်းကို ပြတတ်သော အလွန်အဆင်းလှသော ပြည့်စုံခြင်းသည် ဖြစ်လေ၏၊အကြင်အခါ ငါသည် အရွယ်သို့ရောက်သည်ဖြစ်၍ ရုပ်အဆင်း၏တင့်တယ်ခြင်းဖြင့် တန်ဆာဆင်အပ်၏။

၁၅၂။ ထိုအခါ ဤကပိလမြို့၌ ငါ့ကို အလိုရှိခြင်းကြောင့် သာကီဝင်မင်းတို့အား အလွန်ကြီးစွာသော ငြင်းခုံခြင်းသည် ဖြစ်လေ၏၊ ထို့ကြောင့် ခမည်းတော်သည် သာကီဝင်မင်းတို့သည် မပျက်စီးပါစေလင့်ဟု ကြံစည်၍ ငါ့ကို ရဟန်းပြုစေ၏။

၁၅၃။ ငါသည် ရဟန်းပြုပြီးသော်လည်း မြတ်စွာဘုရားကို ရုပ်အဆင်း၌ ရှုတ်ချမှုန်းတီးတတ်ကြောင်းကို ကြားရသဖြင့် ငါ၏ရုပ်အဆင်းဖြင့် မာန်တက်လျက် လူတို့ထက်မြတ်သော မြတ်စွာဘုရားထံသို့ မချဉ်းကပ်ခဲ့ချေ။

၁၅၄။ ငါသည် မြတ်စွာဘုရားကို ဖူးမြင်ရခြင်းမှ ကြောက်သည်ဖြစ်၍ ဆုံးမခံရာသို့လည်း မသွားခဲ့၊ ထိုအခါ မြတ်စွာဘုရားသည် အကြောင်းဥပါယ်တမည်ဖြင့် မိမိအထံသို့ ခေါ်ဆောင်၍—

၁၅၅။ အကြောင်းဥပါယ်၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် နတ်သမီးရုပ်အဆင်းနှင့်တူသော မိန်းမပျိုကို၎င်း မိန်းမအိုကို၎င်း သေနေသောမိန်းမကို၎င်း မိန်းမသုံးမျိုးတို့ကို တန်ခိုးဖြင့် ပြတော်မူ၏။

http://www.dhammadownload.com



၁၅၆။ ငါသည် ထိုမိန်းမတို့ကို မြင်ရသည်ရှိသော် အလွန်ထိတ်လန့်သည်ဖြစ်၍ မိမိကိုယ်ကောင်၌ တပ်ခြင်းကင်းလျက် ဘဝ၌ ငြီးငွေ့လျက် တည်၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို မိန့်တော်မူ၏—

၁၅၇။ ချစ်သမီးနန္ဒာ နာကျင်ခြင်း မစင်ကြယ်ခြင်းသဘောရှိသော အထက်သို့ လျှံတက်၍ အောက်သို့ ယိုစီးခြင်းသဘောရှိသော သူမိုက်တို့သာ တွယ်တာနှစ်သက်အပ်သော ဤခန္ဓာကိုယ်ကောင်ပုပ်ကို ရှုစမ်းပါလော့။

၁၅၈။ မတင့်တယ်သော အသုဘအားဖြင့် စိတ်ကို အာရုံတခုတည်းရှိလျက် ကောင်းစွာတည်တံ့အောင် ပွါးများစေပါလော့၊ ဤသင်မြင်သော ကိုယ်ကဲ့သို့ ထိုသင်၏ကိုယ်သည် ထို့အတူပင်တည်း၊ ထိုသင်၏ကိုယ်ကဲ့သို့ ဤသင်မြင်သောကိုယ်သည်လည်း ထို့အတူပင်တည်း။

၁၅၉။ ဤသို့ ထိုကိုယ်ကို ညဥ့်နေ့ပတ်လုံး မပျင်းရိမပဲ ရှုသည်ရှိသော် ထိုရှုခြင်းကြောင့် မိမိဥစ္စာဖြစ်သော ပညာဖြင့် ဖောက်ထွင်း၍ နေရလတ္တံ့ (ဟု မိန့်တော်မူ၏)။

၁၆၀။ ထိုငါသည် မမေ့မလျော့ပဲ အသင့်အားဖြင့် ဆင်ခြင်လတ်သော် အတွင်းအပြင်နှင့်တကွ ဤကိုယ်ကို အမှန်အတိုင်း မြင်၏။

၁၆၁။ ထိုအခါ ငါသည် ကိုယ်၌ ငြီးငွေ့ခဲ့၏၊အဇ္ဈတ္တသန္တာန်၌လည်း တပ်ခြင်းကင်းခဲ့၏၊ ငါသည် မေ့လျော့ခြင်းမရှိပဲ သံယောဇဉ်ကင်းလျက် ငြိမ်သက်အေးမြသူ ဖြစ်၏။

၁၆၂။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း စေတောပရိယအဘိညာဉ်၌ရင်း လေ့လာပြီးဖြစ်ပါ၏။

၁၆၃။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၁၆၄။ မြတ်စွာဘုရား အရှင်ဘုရား၏အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရင်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း အသိဉာဏ်သည် အကျွန်ုပ်အားဖြစ်ပေါ်ခဲ့ပါ၏။

၁၆၅။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။အာသဝမရှိပဲ နေရ၏။

၁၆၆။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်းစင်စစ် ဖြစ်ပေ၏။ပ။ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၆၇။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အဘိရူပနန္ဒာရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

**ခြောက်ခုမြောက် အဘိရူပနန္ဒာထေရီအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ၇-အဘယာသိထေရီအပဒါန်

၁၆၈။ ဤဘဒ္ဒကမ္ဘာ၌ ဗြာဟ္မဏမျိုးဖြစ်တော်မူသော များမြတ်သော အခြံအရံ အကျော်အစောရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူသော အနွယ်အားဖြင့် ကဿပမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၁၆၉။ ထိုအခါ ငါသည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ ပါတိမောက်သီလ၌ရှင်း ဣန္ဒြေငါးပါးတို့၌ရှင်း စောင့်စည်းခဲ့ပေ၏။

၁၇၀။ အစားအစာ၌လည်း အတိုင်းအရှည်ကို သိလေ့ရှိ၏၊ နိုးကြားခြင်း၌လည်း ယှဉ်၏၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌လည်း ယှဉ်လျက်နေလေ့ရှိသော ငါသည် အာသဝေါကင်းပြီးသော ရဟန်းမ(တဦး)ကို—

၁၇၁။ ငါသည် ပြစ်မှားသောစိတ် ရှိသည်ဖြစ်၍ ပြည့်တန်ဆာမဟု ဆဲဆိုခဲ့မိ၏၊ ထိုမကောင်းမှုကံကြောင့် ငရဲ၌ ကျခဲ့ရ၏။

၁၇၂။ ထိုကံအကြွင်းကြောင့် များစွာပင် သူတပါးတို့နှင့် စပ်သွယ်သော ပြည့်တန်ဆာမမျိုး၌ ဖြစ်ခဲ့ရ၏၊ နောက်ဆုံးဘဝ၌ကား—

၁၇၃။ ငါသည် မြတ်သောအကျင့်၏အစွမ်းကြောင့် ကာသိတိုင်းတို့ဝယ် သူဌေးမျိုး၌ မွေးဖွားလျက် နတ်ဘုံတို့၌ နတ်သမီးတို့ကဲ့သို့ ရုပ်အဆင်းနှင့် ပြည့်စုံသူ ဖြစ်ခဲ့ပေ၏။

၁၇၄။ ရှုချင်စဖွယ်ရှိသော ငါ့ကို တွေ့မြင်ကုန်သည်ရှိသော် ငါ၏ ဆဲရေးခြင်း၏အစွမ်းကြောင့် ရာဇဂြိုဟ်မြို့တော်တွင် ပြည့်တန်ဆာမအဖြစ်၌ သွင်းထားကုန်၏။

၁၇၅။ ထိုငါသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် ရှေးဝါသနာ(အထုံ)နှင့် ပြည့်စုံသည်ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏။

၁၇၆။ ထိုအခါ ပဉ္စင်းခံခြင်းအကျိုးငှါ မြတ်စွာဘုရားအထံသို့ သွားလတ်သော် လမ်းခရီး၌ အပျော်ကြူးသူ လူဆိုးတို့ တည်ရှိသည်တို့ကို ကြားသိရ၍ တမန်ဖြင့် ပဉ္စင်းခံခြင်းကို ရခဲ့ပေ၏။

၁၇၇။ ကုသိုလ်သည်ရှင်း အကုသိုလ်သည်ရှင်း အလုံးစုံသောကံသည် ကုန်ခန်းပြီ၊ ထို့အတူ အလုံးစုံသောသံသရာကိုလည်း လွန်မြောက်ပြီ၊ ပြည့်တန်ဆာမအဖြစ်ကိုလည်း ကုန်စေအပ်ပြီ။

၁၇၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား(အကျွန်ုပ်သည်)ဣဒ္ဓိဝိဓ (အဘိညာဉ်) တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ် အဘိညာဉ်၌ရှင်း စေတောပရိယ အဘိညာဉ်၌ရှင်း လေ့လာပြီး ဖြစ်ပါ၏။

၁၇၉။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၁၈၀။ မြတ်စွာဘုရား အရှင်ဘုရား၏အထံ၌ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့၌ရှင်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရှင်း အသိဉာဏ်သည် အကျွန်ုပ်အား ဖြစ်ပေါ်ခဲ့ပါ၏။

http://www.dhammadownload.com



၁၈၁။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၁၈၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၁၈၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အစုကာသိရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

ခုနစ်ခုမြောက် အစုကာသိထေရီအပဒါန် ပြီး၏။

---

## ဂ-ပုဏ္ဏိကာထေရီအပဒါန်

၁၈၄။ ဝိပဿီမြတ်စွာဘုရား၏ရင်း သိခီမြတ်စွာဘုရား၏ရင်း ဝေဿဘူမြတ်စွာဘုရား၏ရင်း ကကုသန်မြတ်စွာဘုရား၏ရင်း တာဒိဂုဏ်နှင့် ပြည့်စုံသောကောဏာဂုံမြတ်စွာဘုရား၏ရင်း —

၁၈၅။ ကဿပမြတ်စွာဘုရား၏ရင်း သာသနာတော်၌ ရဟန်းပြု၍ သီလနှင့်ပြည့်စုံသော ရင့်ကျက်သော ပညာရှိသော ဣန္ဒြေကို စောင့်စည်းသောရဟန်းမ ဖြစ်ခဲ့၏။

၁၈၆။ ငါသည် အကြားအမြင်များ၏တရားကို ကျင့်ဆောင်၏၊ အကြောင်းအကျိုး (အဋ္ဌကထာအနက်)ကို မေးမြန်းတတ်၏၊ တရားတို့ကိုလည်း သင်ယူ၍ နာကြားတတ်၏၊ ဆည်းကပ်တတ်၏။

၁၈၇။ ငါသည် မြတ်စွာဘုရားသာသနာတော်တွင် လူတို့၏အလယ်၌ တရားဟောတတ်သူ ဖြစ်ခဲ့၏၊ ငါသည် ထိုအကြားအမြင်များခြင်းကြောင့် ချစ်အပ်သောသီလရှိသော ရဟန်းမိန်းမတို့ကို မထီမဲ့မြင်ပြုခဲ့၏။

၁၈၈။ ယခုနောက်ဆုံးဖြစ်သောဘဝ၌လည်း ငါသည် သာဝတ္ထိမြို့တော်တွင် အနာထပိဏ်သူဌေး၏ အိမ်၌ ရေခပ်ကျွန်မ၏(သမီး) ဖြစ်ခဲ့၏။

၁၈၉။ ငါသည် ရေခပ်သွားလတ်သော် ရေ၏အလယ်၌ အအေးဖြင့် နှိပ်စက်လျက်ရှိသော ဗေဒင်သရဇ္ဈာယ်တတ်သော ပုဏ္ဏားကို တွေ့မြင်၏၊ထိုပုဏ္ဏားကို တွေ့မြင်၍ ဤစကားကို ပြောဆို၏—

၁၉၀။ ရေခပ်လေ့ရှိသောငါသည် စကားအပြစ်ဘေးဖြင့် နှိပ်စက်ခံရလျက် အရှင်သခင်တို့၏ ဒဏ်ဘေးမှ ကြောက်သည်ဖြစ်၍ ချမ်းအေးသောအခါ၌ အခါခပ်သိမ်း ရေသို့ ဆင်းသက်ရပေ၏။

၁၉၁။ ပုဏ္ဏား သင်သည် အဘယ်သူအား ကြောက်၍ အခါခပ်သိမ်း ရေသို့ ဆင်းသက်ဘိသနည်း။ ခိုက်ခိုက်တုန်သောကိုယ်တို့ဖြင့် ပြင်းထန်သော အအေးကို ခံစားနေဘိသနည်း (ဟု ပြောဆိုခဲ့၏)။

http://www.dhammadownload.com



၁၉၂။ ချစ်သမီးပုဏ္ဏိကာ ပြုပြီးသော အကုသိုလ်ကို ပိတ်ပင်ရန် ကုသိုလ်ကောင်းမှုကို ပြုနေသည်ကို စင်စစ် သင်သိပါလျက် ငါ့ကို မေးမြန်းဘိ၏။

၁၉၃။ ပုဏ္ဏိကာ ကြီးသူဖြစ်စေ ငယ်သူဖြစ်စေ အကြင်သူသည် အကယ်၍ အကုသိုလ်ကံကို ပြုအံ့၊ ထိုသူသည်လည်း ရေသွန်းလောင်းခြင်းကြောင့် အကုသိုလ်ကံမှ လွတ်မြောက်၏(ဟု ပုဏ္ဏားသည် ဆို၏)။

၁၉၄။ ငါသည် ရေမှတက်သောပုဏ္ဏားအား တရားသဘောနှင့် စပ်ယှဉ်သော စကားကို ပြောကြားခဲ့၏၊ထိုပုဏ္ဏားသည် ထိုစကားကို ကြားလတ်သော် ထိတ်လန့်တုန်လှုပ်သည် ဖြစ်၍ ရဟန်းပြုကာ ရဟန္တာဖြစ်လေ၏။

၁၉၅။ အကြင်အခါ ကျွန်အမျိုး၌ တရာအောက်ယုတ်လျော့သည်ကို ပြည့်စေလျက် မွေးဖွားခဲ့၏၊ ထိုကြောင့် ငါ့အား ပုဏ္ဏာဟူသော အမည်သည်ဖြစ်၏၊ ထိုအရှင်သခင်တို့သည် ငါ့ကို တော်လှန်ပြီးသည်(ကျွန်မဟုတ်သည်)၏ အဖြစ်ကို ပြုကုန်၏။

၁၉၆။ ထို့နောက် ငါသည် သူဌေးကို ခွင့်ပြုစေ၍ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြု၏၊ ကာလမကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေ၏။

၁၉၇။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓ (အဘိညာဉ်) တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း စေတောပရိယအဘိညာဉ်၌ရင်း လေ့လာပြီး ဖြစ်ပါ၏။

၁၉၈။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၁၉၉။ မြတ်စွာဘုရား၏ အထွမ်းကြောင့် အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ တို့၌ရင်း ထိုအတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း အကျွန်ုပ်၏ အသိဉာဏ်သည် အညစ်အကြေးကင်း၍ စင်ကြယ်ပါ၏။

၂၀၀။ ကမ္ဘာဌာန်းဘာဝနာကြောင့် ကြီးသောပညာရှိသောသူ ဖြစ်၏၊ အကြားအမြင်ကြောင့် သာလျှင် အကြားအမြင်များသူ ဖြစ်၏၊ မာနကြောင့် ယုတ်နိမ့်သော အမျိုး၌ ဖြစ်ရ၏၊ မှန်၏ ကံသည် မပျောက်ပျက်သည်သာတည်း။

၂၀၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၀၂။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၀၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံး ပြီးပါပြီ။

ဤသို့လျှင် ပုဏ္ဏိကာရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

**ရှစ်ခုမြောက် ပုဏ္ဏိကာထေရီအပဒါန် ပြီး၏။**

http://www.dhammadownload.com



## ဥ-အမ္ဗပါလိထေရီအပဒါန်

၂၀၄။ ရောင်ခြည်တော်အစဉ်ဖြင့် တွေ့ထိအပ်သော ကိုယ်တော် ရှိတော်မူသော ဖုဿမည်သော အကြင်မြတ်စွာဘုရားသည် ရှိ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ နှမတော်ဖြစ်ခဲ့၏၊ မင်းမျိုး၌ မွေးဖွားခဲ့၏။

၂၀၅။ ငါသည် ထိုမြတ်စွာဘုရား၏ တရားကို နာကြားရ၍ အလွန်ကြည်ညိုသော စိတ်ဖြင့် အလှူကြီးကို ပေးလှူပြီးလျှင် ရုပ်အဆင်း၏ ပြည့်စုံခြင်းကို ဆုတောင်းခဲ့၏။

၂၀၆။ ဤဘဒ္ဒကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ လောက၏ အမြတ်ဆုံး ရှေ့သွား ဖြစ်တော်မူသော လောက၏ ဆီမီးတန်ဆောင်သဖွယ် ဖြစ်တော်မူသော လောကသုံးပါး၏ ကိုးကွယ်ရာ ဖြစ်တော်မူသော သိခီမြတ်စွာဘုရားသည် ပွင့်တော်မူ၏—

၂၀၇။ ထိုအခါ ငါသည် ပျော်မွေ့ဖွယ်ကောင်းသော အရုဏမြို့တွင် ပုဏ္ဏားမျိုး၌ဖြစ်၏၊ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိသော ရဟန်းမကို အမျက်ထွက်သည်ဖြစ်၍ ကျိန်ဆဲခဲ့၏။

၂၀၈။ ပြည့်တန်ဆာမကဲ့သို့အကျင့်မရှိ မြတ်စွာဘုရားသာသနာတော်ကို ဖျက်ဆီးတတ်၏ဟု ဤသို့ ဆဲရေးခဲ့၍ ထိုယုတ်မာသော အကုသိုလ်ကံကြောင့်—

၂၀၉။ ကြမ်းကြုတ်သော ငရဲသို့ရောက်လျက် ကြီးစွာသောဆင်းရဲဒုက္ခနှင့်ပြည့်စုံ၏၊ထိုငရဲမှ စုတေလတ်သော် လူတို့၌ အထီးကျန်သူ(သူဆင်းရဲမ) ဖြစ်ရ၏။

၂၁၀။ ဘဝတသောင်းတို့ပတ်လုံး ပြည့်တန်ဆာမအဖြစ်ကို ပြုခဲ့ရ၏၊ ပျက်စီးစေတတ်သော အဆိပ်ကိုစားပြီး(ဤသေဘေးမှ မလွတ်မြောက်)သကဲ့သို့ ထိုအကုသိုလ်မှ မလွတ်မြောက်ခဲ့ချေ။

၂၁၁။ ငါသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ မြတ်သောအကျင့်ကို မှီဝဲ (ကျင့်သုံး)ခဲ့၏၊ ထိုကံ၏အကျိုးကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ခဲ့ရ၏။

၂၁၂။ နောက်ဆုံးဖြစ်သော ဘဝသို့ ရောက်လတ်သော် သရက်ပင်အခက်ကြား၌ မွေးဖွား၍ ဥပပါတ်ပဋိသန္ဓေနေသူဖြစ်ခဲ့၏၊ ထို့ကြောင့် ငါသည် အမ္ဗပါလိဟု ထင်ရှားခဲ့၏။

၂၁၃။ သတ္တဝါအကုဋေတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုခဲ့၏၊ ငါသည် မြတ်စွာဘုရား၏ ရင်၌ဖြစ်သော သမီးတော်ဖြစ်၍ တုန်လှုပ်ခြင်း မရှိသော နိဗ္ဗာန်အရပ်သို့ ရောက်ခဲ့ရပေ၏။

၂၁၄။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓ (အဘိညာဉ်) တို့၌လည်း လေ့လာပြီးဖြစ်ပါ၏၊ဒိဗ္ဗသောတဓာတ် အဘိညာဉ်၏ စင်ကြယ်ခြင်း၌ရင်း စေတောပရိယအဘိညာဉ်၌ရင်း လေ့လာပြီး ဖြစ်ပါ၏။

၂၁၅။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၂၁၆။ မြတ်စွာဘုရား၏ အစွမ်းကြောင့် အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ တို့၌ရင်း ထို့အတူ ပဋိဘာနပဋိသမ္ဘိဒါ၌ရင်း အကျွန်ုပ်၏ အသိဉာဏ်သည် အညစ်အကြေးကင်း၍ စင်ကြယ်ပါ၏။

http://www.dhammadownload.com



၂၁၇။ ငါသည် ကိလေသာတို့ကို ရှို့မြှိုက် လောင်ကျွမ်းစေအပ်ကုန်ပြီ။ပ။ အာသဝမရှိပဲ နေရ၏။

၂၁၈။ ငါ၏ လာခြင်းကား ကောင်းသောလာခြင်း စင်စစ် ဖြစ်ပေ၏။ပ။အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၁၉။ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုရင်း။ပ။ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် အမ္ဗပါလိရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

ကိုးခုမြောက် အမ္ဗပါလိထေရီအပဒါန် ပြီး၏။

---

## ၁၀-ပေသလာထေရီအပဒါန်

၂၂၀။ ဤဘဒ္ဒကမ္ဘာ၌ ပုဏ္ဏားမျိုးဖြစ်တော်မူသော မြတ်သောအခြံအရံ အကျော်အစော ရှိတော်မူသော တရားဟောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူသော အနွယ်အားဖြင့် ကဿပ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂၂၁။ ငါသည် သာဝတ္ထိမြို့တော်တွင် ဥပါသကာအမျိုး၌ မွေးဖွားပြီးလျှင် ထိုမြတ်စွာဘုရားကို ဖူးမြင်၍ တရားကိုလည်း နာကြားရခြင်းကြောင့်—

၂၂၂။ ထိုမြတ်စွာဘုရားကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လျက် သီလတို့ကိုလည်း ဆောက်တည်ခဲ့၏၊ တရံရောအခါ ကြီးမြတ်သော လုံ့လရှိတော်မူသော ထိုမြတ်စွာဘုရားသည် များစွာသော လူဘို့၏အစည်းအဝေး၌—

၂၂၃-၂၂၄။ ရှေး၌ မကြားဘူးသေးသော ဒုက္ခသစ္စာစသော သစ္စာလေးပါးတရားတို့၌ ပညာ မျက်စိသည်ရင်း ဉာဏ်သည်ရင်း ပညာသည်ရင်း ဝိဇ္ဇာအလင်းရောင်သည်ရင်း ငါ့အား ဖြစ်ပေါ်ခဲ့၏ဟု မိမိ၏ သစ္စာလေးပါး ထိုးထွင်းသိခြင်းကို ပြတော်မူလေ၏၊ ထိုတရားစကားကို ကြားနာရ၍ သင်ယူပြီးလျှင် ရဟန်းတို့ကိုလည်း မေးမြန်းခဲ့၏။

၂၂၅။ ကောင်းစွာ ပြုအပ်သော ထိုကံကြောင့်ရင်း စေတနာတောင့်တမှုတို့ကြောင့်ရင်း လူ့ခန္ဓာကိုယ်ကို စွန့်ပယ်ရသည်ရှိသော် ငါသည် တာဝတိံသာဘုံသို့ ရောက်ရ၏။

၂၂၆။ ယခုနောက်ဆုံးဖြစ်သောဘဝ၌လည်း ကြီးကျယ်သော သူဌေးမျိုး၌ဖြစ်ခဲ့၏၊ မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ သစ္စာလေးပါးနှင့် စပ်သော သူတော်ကောင်းတရားကို နာကြားရခြင်းကြောင့်—

၂၂၇။ ရဟန်းပြု၍ မကြာမြင့်မီပင် သစ္စာလေးပါးတို့၏ အနက်သဘောတို့ကို ဆင်ခြင်လတ်သော် အာသဝေါအားလုံးတို့ကို ကုန်ခန်းစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

၂၂၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဣဒ္ဓိဝိဓအဘိညာဉ်တို့၌ လည်း လေ့လာပြီးသူဖြစ်ပါ၏၊ ဒိဗ္ဗသောတဓာတ်အဘိညာဉ်၌ရင်း စေတောပရိယအဘိညာဉ် ၌ရင်း လေ့လာပြီးသူဖြစ်ပါ၏။

http://www.dhammadownload.com



၂၂၉။ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အာသဝေါအားလုံး ကုန်ခန်းပါကုန်ပြီ၊ယခုအခါ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိတော့ပါ။

၂၃၀။ ဘုရားမြတ်၏ အစွမ်းကြောင့် အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ တို့၌၎င်း ထို့အတူပင် ပဋိဘာနပဋိသမ္ဘိဒါ၌၎င်း အကျွန်ုပ်၏ဉာဏ်သည် အညစ်အကြေး ကင်းလျက် စင်ကြယ်ပါ၏။

၂၃၁။ ငါသည် ကိလေသာတို့ကို ရှို့မြိုက်လောင်ကျွမ်းစေအပ်ကုန်ပြီ၊ ဘဝအားလုံးကို ပယ်နုတ်အပ်ကုန်ပြီ၊ ဆင်မသည် အနှောင်အဖွဲ့ကို ဖြတ်၍ နေသကဲ့သို့ ငါသည် အာသဝမရှိပဲ နေရ၏။

၂၃၂။ ငါ၏လာခြင်းကား ကောင်းသောလာခြင်း စင်စစ်ဖြစ်ပေ၏၊ ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုကျင့်အပ်ပါပြီ။

၂၃၃။ လေးပါးသော ပဋိသမ္ဘိဒါတို့ကို၎င်း ရှစ်ပါးသော ဝိမောက္ခတို့ကို၎င်း ခြောက်ပါးသော အဘိညာဉ်တို့ကို၎င်း မျက်မှောက်ပြုအပ်ပါကုန်ပြီ၊မြတ်စွာဘုရား၏အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီးပါပြီ။

ဤသို့လျှင် ပေသလာရဟန်းမသည် ဤဂါထာတို့ကို လျှောက်ဆိုခဲ့၏။

ဆယ်ခုမြောက် ပေသလာထေရီအပဒါန် ပြီး၏။

**လေးခုမြောက် ခတ္တိယာဝဂ် ပြီး၏။**

# ထေရီအပဒါန်ပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ဗုဒ္ဓဝံသပါဠိတော်

## မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ရတနစင်္ကမနကဏ္ဍ

၁။ လောကကို အစိုးရသော သဟမ္ပတိဗြဟ္မာသည် ကိုယ်တော်ထက် လွန်မြတ်သူရှိတော်မမူသော မြတ်စွာဘုရားကို လက်အုပ်ချီလျက် (မြတ်စွာဘုရား) ပညာမျက်စိ၌(ကိလေသာ)မြူ နည်းပါးသော သဘောရှိသော သတ္တဝါတို့သည် ဤလောက၌ ထင်ရှားရှိပါကုန်၏၊ ဤသတ္တဝါ အပေါင်းကို သနားတော်မူပါ၊ တရားကို ဟောတော်မူပါဟု တောင်းပန်လေ၏။

၂။ အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော အလင်းရောင်ကို ဆောင်တော်မူသော အဆုံးစွန်သော ကိုယ်တော်ကို ဆောင်တော်မူသော ပြိုင်ဘက်ပုဂ္ဂိုလ်ရှိတော်မမူသော မြတ်စွာဘုရားအား သတ္တဝါအားလုံးတို့၌ သနားခြင်းသည် ဖြစ်တော်မူလေ၏။

(ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့အကြံဖြစ်တော်မူလေ၏)။

၃။ နတ်နှင့်တကွသော ဤလူတို့သည် လူတို့ထက် မြတ်သော ဤမြတ်စွာဘုရားကား အဘယ်သို့ သဘောရှိလေသနည်း၊ လူတို့၏ အစီးအပွါးကို ဖြစ်စေတတ်သော မြတ်စွာဘုရား၏ တန်ခိုးစွမ်းအားသည်ငှင်း အရဟတ္တမဂ် ပညာစွမ်းအားသည်ငှင်း အဘယ်သို့ သဘောရှိလေသနည်း၊ မြတ်စွာဘုရား၏ (ဒသဗလဉာဏ်တော်) စွမ်းအားသည် အဘယ်သို့ သဘောရှိလေသနည်းဟု မသိနိုင်ကြကုန်။

http://www.dhammadownload.com



၄။ နတ်နှင့်တကွသော ဤလူတို့သည် လူတို့ထက် မြတ်သော ဤမြတ်စွာဘုရားကား ဤသို့ သဘောရှိပေ၏၊ မြတ်စွာဘုရား၏ တန်ခိုးစွမ်းအားသည်ငှင်း ပညာစွမ်းအားသည်ငှင်း ဤသို့ သဘောရှိပေ၏၊ မြတ်စွာဘုရား၏ (ဒသဗလဉာဏ်တော်) စွမ်းအားသည် ဤသို့ သဘောရှိပေ၏ဟု မသိနိုင်ကြကုန်။

၅။ ထို့ကြောင့် ငါ(ဘုရား)သည် ဘုရားရှင်တို့၏ အမြတ်ဆုံးဖြစ်သော စွမ်းအားကို ယခု ပြပေအံ့၊ ကောင်းကင်၌ ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော စင်္ကြံကို ဖန်ဆင်းပေအံ့ (ဟု အကြံအစည် ဖြစ်၏)။

၆။ (မြတ်စွာဘုရား ကြံစည်တော်မူသောအခါ တသောင်းသော စကြဝဠာ၌ နေကြကုန်သော) ဘုမ္မဇိုဝ်းနတ်တို့သည်ငှင်း စတုမဟာရာဇ်နတ်တို့သည်ငှင်း တာဝတိံသာ နတ်တို့သည်ငှင်း ယာမာနတ် တုသိတာနတ် တို့သည်ငှင်း နိမ္မာနရတိနတ် တို့သည်ငှင်း ပရနိမ္မိတဝသဝတ္တိနတ်တို့သည်ငှင်း ဗြဟ္မာအပေါင်းတို့သည်ငှင်း အလွန်ဝမ်းမြောက်ကုန်သည်ဖြစ်၍ တခဲနက် ကြွေးကြော်သံကို ပြုကြလေကုန်၏။

၇။ (မြတ်စွာဘုရားသည်) နတ်ပြည်နှင့်တကွသော မြေပြင်(လူ့ပြည်) ကိုငှင်း အောက်၌ တည်ရာမရှိသော များစွာသော လောကန္တရိက်ငရဲတို့ကိုငှင်း ထွန်းလင်းစေတော်မူ၏၊ ထိုအခါ ထူထဲသော အမိုက်မှောင်သည်လည်း ကွယ်ပျောက်လေ၏၊ (နတ်နှင့်တကွသော လူတို့သည်) အံ့ဩဖွယ် တန်ခိုးပြာဋိဟာကို မြင်၍ (အလွန်ဝမ်းမြောက်ကြလေကုန်၏)။

၈။ နတ် ဂန္ဓဗ္ဗ လူ ရက္ခိုသ်တို့နှင့်တကွသော ဤလူ့ပြည်၌ငှင်း အခြားနတ်ပြည် ဗြဟ္မာ့ပြည်၌ငှင်း ဤနှစ်ပါးစုံသော လောက၌ အောက် အထက် ဖီလာအားဖြင့် ပျံ့နှံ့လျက် မြင့်မြတ်ပြန့်ပြောသော အလင်းရောင်သည် ဖြစ်ပေါ်လေ၏။

၉။ သတ္တဝါအားလုံးတို့ထက် မြတ်တော်မူသော မိမိထက် လွန်မြတ်သူ ရှိတော်မမူသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော နတ်လူတို့၏ အပူဇော်ခံ ဖြစ်တော်မူသော တန်ခိုးအာနုဘော် ကြီးမားတော်မူသော အရာမကသော ဘုန်းကံတို့ကြောင့် ဖြစ်သော လက္ခဏာ ရှိတော်မူသော အကြင်မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အံ့ဩဖွယ် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

၁၀။ ထိုအခါ စကျွင်ငါးမျိုးနှင့် ပြည့်စုံတော်မူသော လူတို့ထက် မြတ်တော်မူသော ထိုမြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာ တောင်းပန်အပ်သည်ဖြစ်၍ နတ်လူတို့၏ အကျိုးစီးပွါးကို ဆင်ခြင်တော်မူပြီးလျှင် အလုံးစုံရတနာတို့ဖြင့် စီမံအပ်သော ကောင်းစွာပြီးမြောက်ပြီးဖြစ်သော စင်္ကြံကို ဖန်ဆင်းတော်မူ၏။

၁၁။ မြတ်စွာဘုရားသည် ဣဒ္ဓိပါဋိဟာရိယ[1] အာဒေသနာပါဋိဟာရိယ[2] အနုသာသနီပါဋိဟာရိယ[3] ဟူသောတန်ခိုးပြာဋိဟာသုံးမျိုး၌ လေ့လာပြီး ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် အလုံးစုံ ရတနာတို့ဖြင့် စီမံအပ်သော ကောင်းစွာ ပြီးမြောက်ပြီးဖြစ်သော စင်္ကြံကို ဖန်ဆင်းတော်မူ၏။

---

၁။ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်နိုင်၏ စသောအားဖြင့် တန်ခိုးပြခြင်း။

၂။ သူတပါး၏ စိတ်အကြံကိုသိ၍ တရားဟောတော်မူခြင်း။

၃။ ထိုထိုပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဆုံးမနိုင်ခြင်း။

http://www.dhammadownload.com



၁၂။ လောကဓာတ်တသောင်း၌ မြင့်မိုရ်တောင်မြတ်တို့ကိုအစဉ်အတိုင်း တည်ရှိသောတိုင်တို့ကဲ့သို့ပြု၍ ထိုတိုင်တို့၏ အထက်၌ ရတနာတို့ဖြင့် စီမံအပ်သော စင်္ကြံကိုဖန်ဆင်း၍ ပြတော်မူ၏။

၁၃။ မြတ်စွာဘုရားသည် လောကဓာတ်တသောင်းကို လွန်၍ စင်္ကြံကို ဖန်ဆင်းတော်မူ၏၊ ရတနာဖြင့် စီမံအပ်သော စင်္ကြံ၏ နံပါးနှစ်ဖက်၌ (ပိုင်းခြားအပ်သောမြေအပြင်သည်)အလုံးစုံ ရွှေဖြင့်ပြီး၏။

၁၄။ ရတနာအမျိုးမျိုးတို့ဖြင့် စီမံအပ်သော ထုတ်လျှောက်ဘိုကိုင်း ထိုထုတ်လျှောက်တို့အား လျှော်ကုန်သော ရွှေဖြင့် စီမံသော ပျဉ်ချပ်အမိုးတို့ကိုင်း စင်္ကြံ၏ နံပါးနှစ်ဖက်တို့၌ အလုံးစုံ ရွှေဖြင့် စီမံသော ပွတ်တိုင်တို့ကိုင်း ဖန်ဆင်းအပ်ကုန်၏။

၁၅။ ပတ္တမြား ပုလဲ သဲတို့ဖြင့် ပြွမ်းလျက် ဖန်ဆင်းထားသော ရတနာစင်္ကြံသည် တက်သစ်သော နေမင်းကဲ့သို့ အရပ်မျက်နှာ အားလုံးတို့ကို ထွန်းလင်းစေ၏။

၁၆။ ထိုစင်္ကြံ၌ ခံ့ခိုင်သောဝီရိယရှိတော်မူသော သုံးဆယ့်နှစ်ပါးသော လက္ခဏာမြတ်တို့နှင့် ပြည့်စုံတော်မူသော မာရ်ငါးပါးကိုအောင်တော်မူသော မြတ်စွာဘုရားသည် အထူး တင့်တယ်တော်မူသည်ဖြစ်၍ ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူ၏။

၁၇။ စည်းဝေးရောက်လာကုန်သော နတ်အားလုံးတို့သည် မန္ဒာရဝနတ်ပန်းကိုင်း ပဒုမာကြာပန်းကိုင်း ပင်လယ်ကသစ်ပန်းကိုင်း ရတနာ စင်္ကြံ၌ ကြဲဖြန့်ပူဇော်ကုန်၏။

၁၈။ လောကဓာတ်တသောင်း၌ ရှိသော နတ်အပေါင်းတို့သည် အလွန်ဝမ်းမြောက်ကုန်လျက် ထိုမြတ်စွာဘုရားကို ဖူးမြင်ကုန်၏၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကုန်သည် ဖြစ်၍ ရှိခိုးတုပ်ဝပ် ကြကုန်၏။

၁၉။ တာဝတိံသာနတ်တို့သည်ငှင်း ယာမာနတ်တို့သည်ငှင်း တုသိတာနတ်တို့သည်ငှင်း နိမ္မာနရတိနတ်တို့သည်ငှင်း ပရနိမ္မိတဝသဝတ္တိနတ်တို့သည်ငှင်း တက်ကြွသော ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ လောက၏ရှေ့သွားဖြစ်သော မြတ်စွာဘုရားကို ဖူးမြင်ကြကုန်၏။

၂၀။ နတ် ဂန္ဓဗ္ဗ လူ ရက္ခိုသ်တို့နှင့်တကွသော နဂါး ဂဠုန်တို့သည်ငှင်း ထိုမှတပါး ကိန္နရာတို့သည်ငှင်း ကောင်းကင်၌ တက်သစ်သော လပြည့်ဝန်းကို မြင်ကြရသကဲ့သို့ လောက၏ အစီးအပွါးကို အစဉ်စောင့်ရှောက်တော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ကြရကုန်၏။

၂၁။ အလွန် စင်ကြယ် ဖြူဖွေးသော အဝတ်ကို ဝတ်ကုန်သော အာဘဿရဗြဟ္မာတို့သည်ငှင်း သုဘကိဏှဗြဟ္မာတို့သည်ငှင်း ဝေဟပ္ဖိုလ်ဗြဟ္မာတို့သည်ငှင်း အကနိဋ္ဌဗြဟ္မာတို့သည်ငှင်း လက်အုပ်ချီကုန်လျက် ရပ်တည်နေကုန်၏။

၂၂။ ထိုအခါ အဆင်းငါးမျိုးရှိသော မန္ဒာရဝနတ်ပန်းကို စန္ဒကူးမှုန့်ဖြင့် ရောလျက်ကြဲကုန်ပြီးလျှင် ကောင်းကင်၌ အဝတ်ပုဆိုးတို့ကိုလည်း ဝှေ့ရမ်းကြကုန်၍ "လောက၏အစီးအပွါးကို အစဉ်စောင့်ရှောက်တော် မူတတ်သော မြတ်စွာဘုရားသည ဩော် အံ့ဩဖွယ်ရှိပါပေစွ"ဟု ချီးကျူးကြကုန်၏။

http://www.dhammadownload.com



၂၃။ အသျှင်ဘုရားသည် သတ္တဝါတို့၏ ဆရာလည်း ဖြစ်တော်မူပါပေ၏၊မှန်ကင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ယင်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ ကိုးကွယ်ရာလည်း ဖြစ်တော်မူပါပေ၏၊ ထောက်တည်ရာလည်း ဖြစ်တော်မူပါပေ၏၊ ဆီမီးတန်ဆောင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးလည်း ဖြစ်တော်မူပါပေ၏။

၂၄။ လောကဓာတ်တသောင်း၌ တန်ခိုးကြီးသော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားကို ခြံရံကြကုန်လျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကုန်သည်ဖြစ်၍ ရှိခိုးကြကုန်၏။

၂၅။ နတ်သားတို့သည်၎င်း နတ်သမီးတို့သည်၎င်း ကြည်ညိုကြကုန် နှစ်သက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြကုန်၏။

၂၆။ နတ်အပေါင်းတို့သည် ကြည်ညိုနှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ ထိုမြတ်စွာဘုရားကို ဖူးမြင်ကြရကုန်၏၊ အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြရကုန်၏။

၂၇။ လောက၌ မဖြစ်စဘူးဖြစ်သော ကြက်သီး မွေးညှင်း ထခြင်းသည် သြော် အံ့ဩဖွယ် ရှိပါပေစွ၊ ငါသည် ရှေးကမဖြစ်ဘူးသော ဤသို့သဘောရှိသော အံ့ဩဖွယ် ကြက်သီး မွေးညှင်း ထခြင်းကို တွေ့မြင်ရပေပြီဟု နတ်တို့မြွက်ဆိုကုန်၏။

၂၈။ ထိုနတ်တို့သည် မိမိ မိမိတို့ဘုံဗိမာန်၌ နေထိုင်ကုန်လျက်ပင် ကောင်းကင်၌ အံ့ဩဖွယ် တန်ခိုးပြာဋိဟာကို တွေ့မြင်ကြရခြင်းကြောင့် အလွန်အကျူး ရွှင်မြူးခြင်းဖြင့် ရွှင်မြူးကြကုန်၏။

၂၉။ ကောင်းကင်၌ တည်သော နတ်တို့သည်၎င်း မြေ၌တည်သော နတ်တို့သည်၎င်း ကျူတောဝါးတောနှင့် လမ်းခရီး၌ နေသော နတ်တို့သည်၎င်း နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်သည် ဖြစ်၍ လက်အုပ်ချီမိုး ရှိခိုးကြကုန်၏။

၃၀။ အသက်ရှည်ကုန် ဘုန်းကြီးကုန် တန်ခိုးကြီးကုန်သော နဂါးတို့သည်လည်း ဝမ်းမြောက်ကုန်သည်ဖြစ်၍ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြကုန်၏။

၃၁။ (နတ်တို့သည်) ကောင်းကင်၌ အံ့ဩဖွယ်ရာ တန်ခိုးပြာဋိဟာကို တွေ့မြင်ကြရကုန်၍ လေတို့သွားရာ ကောင်းကင်ပြင်၌ နတ်ကချေသည်အပေါင်းတို့ကို ကကြစေကုန်လျက် နတ်စည်တို့ကို တီးကုန်၏။

၃၂။ ကောင်းကင်၌ အံ့ဩဖွယ်ရာ တန်ခိုးပြာဋိဟာကို တွေ့မြင်ကြရကုန်၍ ခရုသင်းတို့ကို၎င်း ထက်စည်ဘို့ကို၎င်း ထိုမှတပါးလည်း များစွာသော ပုံမောင်းပတ်သာတို့ကို၎င်း ကောင်းကင်၌ တီးမှုတ်ကြကုန်၏။

၃၃။ ယနေ့ ငါတို့အား စင်စစ် မဖြစ်စဘူး ဖြစ်သော ကြက်သီး မွေးညှင်း ထခြင်းသည် ဖြစ်ပေါ်လာခဲ့၏၊ အကျိုးပြီးမီးခြင်းကို မချွတ် ရကုန်လတ္တံ့၊ ငါတို့အား အခါကောင်း (ဗုဒ္ဓုပ္ပါဒခဏ)ကို ရခဲ့လေပြီ(ဟု ကြွေးကြော်ကြကုန်၏)။

၃၄။ ထိုအခါ ထိုနတ်တို့အား မြတ်စွာဘုရားဟူသော စကားသံကိုကြားနာရ၍ နှစ်သက်ခြင်း 'ပီတိ'သည် ဖြစ်ပေါ်လေ၏၊ 'မြတ်စွာဘုရား မြတ်စွာဘုရား'ဟု ပြောဆို မြွက်ကြားကြကုန်လျက် လက်အုပ်ချီ၍ ရပ်တည်နေကုန်၏။

http://www.dhammadownload.com



၃၅။ ကောင်းကင်၌ အမျိုးမျိုးသော နတ်နှင့် ဘီလူးတို့သည် လက်အုပ်ချီကုန်လျက် ဟိန်းသံတို့ကိုရင်း ကောင်းချီးပေးသံတို့ကိုရင်း ကြွေးကြော်သံကိုရင်း နှစ်သက်ရွှင်လန်းခြင်းကိုရင်း ဖြစ်စေကုန်၏။

၃၆-၃၇။ ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏ ခြေတော်တို့၌ တံခွန်လုံး ဝဇီရစိန် တံခွန်ပြား နားသွယ်ပန်း ချွန်းတောင်းတို့ဖြင့် တန်ဆာဆင်အပ်သော စက်လက္ခဏာသည် အလွန်တင့်တယ်တော်မူပါပေ၏ဟု သီဆိုလည်း သီဆိုကုန်၏၊ လေလည်း ချွန်ကုန်၏၊ တီးမှုတ်လည်း တီးမှုတ်ကုန်၏၊ လက်ပန်းပေါက်တို့ကိုလည်း ခတ်ကုန်၏၊ က-လည်း က-ကုန်၏၊အဆင်းငါးပါးရှိသော မန္ဒာရဝပန်းကို စန္ဒကူးမှုန့်ဖြင့် ရောလျက် ကြဲလည်း ကြဲကုန်၏။

၃၈။ အဆင်းတော်၌ရင်း သီလတော်၌ရင်း သမာဓိတော်၌ရင်း ပညာတော်၌ရင်း တူသော ပုဂ္ဂိုလ်ရှိတော်မမူပါ၊ အရဟတ္တဖိုလ်၌ရင်း ဓမ္မစကြာကို ဟောတော်မူခြင်း၌ရင်း အတုမရှိသော မြတ်စွာဘုရားတို့နှင့်သာ တူတော်မူပါပေ၏။

၃၉။ အသျှင်ဘုရား၏ ကိုယ်တော်၌ ပြကတေ့သော အားတော်သည် (ဆဒ္ဒန်) ဆင်ပြောင် ဆယ်စီး အားရှိတော်မူပါပေ၏၊ တန်ခိုးအစွမ်း၌ရင်း ဓမ္မစကြာကို ဟောခြင်း၌ရင်း တူသော ပုဂ္ဂိုလ်ရှိတော်မမူ။

၄၀။ ဤသို့ အလုံးစုံသောဂုဏ်နှင့် ပြည့်စုံတော်မူသော အလုံးစုံသောအင်္ဂါနှင့် ပြည့်စုံတော်မူသော သနားခြင်း'ကရုဏာ'ရှိတော်မူသော လောက၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးကြကုန်လော့။

၄၁။ အသျှင်ဘုရားသည် ရှိသေစွာ ရှိခိုးခြင်းကိုရင်း (မျက်ကွယ်) ချီးမွမ်းခြင်းကိုရင်း ဦးညွတ်ခြင်းကိုရင်း (မျက်မှောက်) ချီးမွမ်းခြင်းကိုရင်း လက်အုပ်ချီခြင်းကိုရင်း ပူဇော်ခြင်းကိုရင်း အလုံးစုံကိုပင် ခံတော်မူထိုက်ပါပေ၏။

၄၂။ အလုံးစုံသော လောက၌ ရှိခိုးထိုက်သော ပုဂ္ဂိုလ်အားလုံးတို့သည် ရှိခိုးခြင်းကို ခံထိုက်ကုန်၏၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် ထိုရှိခိုးထိုက်သော ပုဂ္ဂိုလ်အားလုံးတို့ထက် မြတ်တော်မူပါပေ၏၊အသျှင်ဘုရားနှင့်တူသော ပုဂ္ဂိုလ်သည် မရှိတော့ပါ။

၄၃။ ကြီးမြတ်သော ပညာရှိတော်မူသော သမာဓိဈာန်တို့၌ လိမ္မာတော်မူသော အသျှင်သာရိပုတြာသည် ဂိဇ္ဈကုဋ်တောင်၌ ရပ်လျက်သာလျှင် လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်၏။

၄၄။ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်မင်းကို ရှုမြင်ရသကဲ့သို့ရင်း ကောင်းကင်၌ လ-ကို ရှုမြင်ရသကဲ့သို့ရင်း မွန်းတည့်ချိန်၌ နေကို ရှုမြင်ရသကဲ့သို့ရင်း မြတ်စွာဘုရားကို မော်၍ ဖူးမျှော်လေ၏။

၄၅။ ထွန်းလင်းသော ဆီမီး(တန်ဆောင်)တိုင်ကို ရှုမြင်ရသကဲ့သို့ရင်း တက်သစ်စ နေ လုလင်ကို ရှုမြင်ရသကဲ့သို့ရင်း ဗျာမပ္ပဘာရောင်ခြည်တော်ဖြင့် ခြယ်လယ်ထားအပ်သော တည်ကြည်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၏။

၄၆။ မင်္ဂကိစ္စကို ပြုပြီးကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော အညစ်အကြေး ကင်းကုန်သော ရဟန္တာ ရဟန်းငါးရာတို့ကို တခဏချင်းဖြင့် **စည်းဝေးစေတော်မူလေ၏။**

http://www.dhammadownload.com



၄၇။ လောကကို ကြည်ညိုစေတတ်သော 'လောကပ္ပသာဒန' မည်သော တန်ခိုးပြာဋိဟာကို မြတ်စွာဘုရားသည် ပြတော်မူလေ၏၊ ငါတို့သည်လည်း ထိုအရပ်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးကုန်အံ့—

၄၈။ လာကြကုန် ငါတို့အားလုံး သွားကုန်အံ့၊ ငါတို့သည် မြတ်စွာဘုရားကို မေးလျှောက်ကုန်အံ့၊ လောက၏ရှေ့သွား ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်၍ ယုံမှားခြင်းကို ပယ်ဖျောက်ကုန်အံ့(ဟု မိန့်တော်မူ၏)။

၄၉။ ရင့်ကျက်သော ပညာရှိကုန်သော ဣန္ဒြေကို စောင့်စည်းကုန်သော ထိုရဟန္တာရဟန်းငါးရာတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် (အသျှင်သာရိပုတြာထံသို့)အဆောတလျင် ချဉ်းကပ်ကြလေကုန်၏။

၅၀။ ကြီးမြတ်သောပညာရှိသော အသျှင်သာရိပုတြာသည် မွန်မြတ်သော အဆုံးအမတော်(အရဟတ္တဖိုလ်)ကြောင့် အညစ်အကြေး ကင်းကုန်သော ယဉ်ကျေးပြီးကုန်သော ရဟန္တာတို့နှင့်အတူ တန်ခိုးဖြင့် (မြတ်စွာဘုရားထံ)ချဉ်းကပ်တော်မူ၏။

၅၁။ ထိုရဟန်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ များမြတ်သော ဂုဏ်းသံဃာရှိသော အသျှင်သာရိပုတြာသည် ကောင်းကင်၌ နတ်ကဲ့သို့ တင့်တယ်လျက် တန်ခိုးဖြင့် ချဉ်းကပ်တော်မူ၏။

၅၂။ ကောင်းသောအကျင့် ဓုတင်ရှိကုန်သော ရဟန်းတို့သည် ချောင်းဟန့်သံကိုရင်း ချေဆပ်သံကိုရင်း လျစ်လျူရှုကြ၍ ရိုသေခြင်း ကျိုးနွံခြင်း ရှိကုန်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြလေကုန်၏။

၅၃။ ချဉ်းကပ်ကြပြီးလျှင် ကောင်းကင်၌ တက်ထွန်းသော လ-ဝန်းကို ရှုမြင်ရသကဲ့သို့ ကောင်းကင်၌ကြွတော်မူသော လောက၏ ရှေ့သွား ဖြစ်တော်မူသော သယမ္ဘူ မြတ်စွာဘုရားကို ဖူးမြင်ကြကုန်၏။

၅၄။ ထွန်းလင်းသော ဆီမီး(တန်ဆောင်)တိုင်ကို ရှုမြင်ရသကဲ့သို့ရင်း ကောင်းကင်၌ လျှပ်စစ်နွယ်ကို ရှုမြင်ရသကဲ့သို့ရင်း မွန်းတည့်အချိန်၌ နေမင်းကို ရှုမြင်ရသကဲ့သို့ရင်း (တင့်တယ်သော)မြတ်စွာဘုရားကို ဖူးမြင်ကြကုန်၏။

၅၅။ အလုံးစုံသော ရဟန်း ငါးရာတို့သည် အထူးကြည်လင်သော ရေအိုင်ကို ရှုမြင်ရသကဲ့သို့ရင်း ကောင်းစွာပွင့်သော ပဒုမာကြာပန်းကို ရှုမြင်ရသကဲ့သို့ရင်း(တင့်တယ်သော) မြတ်စွာဘုရားကို ဖူးမြင်ကြကုန်၏။

၅၆။ ရဟန်းငါးရာတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကုန်သည်ဖြစ်၍ လက်အုပ်ချီကုန်လျက် မြတ်စွာဘုရား၏ စက်လက္ခဏာရှိသော ခြေတော်တို့၌ ရှိခိုးဝပ်ချကုန်၏။

၅၇။ ကြီးမားသော ပညာရှိတော်မူသော လိပ်ဆူးရွှေပန်းအဆင်းနှင့် တူတော်မူသော သမာဓိဈာန်၌ လိမ္မာတော်မူသော အသျှင်သာရိပုတြာသည် မြတ်စွာဘုရားကို ရှိခိုး၏။

၅၈။ စိမ်းညိုသော ရေအယဉ်ကို ဆောင်သောမိုးကြီးသည် ထစ်ကြိုးသကဲ့သို့ တန်ခိုးအစွမ်းအားဖြင့်တူသော ပုဂ္ဂိုလ်ရှိတော် မမူသော ကြာညိုအဆင်းနှင့် တူမျှတော်မူသော အသင်းရှိတော်မူသော တန်ခိုးကြီးမားသော အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားကို ရှိခိုး၏။

http://www.dhammadownload.com



၅၉။ လှော်ပြီး ဦးပြီးသော ရွှေအဆင်းနှင့်တူတော်မူသော ဓုတင်ဂုဏ်၌ အမြတ်ဆုံးပုဂ္ဂိုလ်ဟု ဧတဒဂ်ထားတော်မူအပ်သော နတ်လူတို့ ထောမနာအပ်သော ဘုရားရှင်သည် ချီးမွမ်းတော်မူအပ်သော အသျှင်မဟာကဿပထေရ်သည်လည်း မြတ်စွာဘုရားကို ရှိခိုး၏။

၆၀။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော ပုဂ္ဂိုလ်တို့ထက် မြတ်တော်မူသော များစွာမြတ်သောဂုဏ်းသံဃာရှိတော်မူသော မြတ်သောဆွေမျိုးဖြစ်သော အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရား၏အနီး၌ပင် တည်၏။

၆၁။ အာပတ်သင့်ခြင်း အာပတ်မသင့်ခြင်း၌၎င်း ကုစားသင့်သောအာပတ် မကုစားသင့်သော အာပတ်၌၎င်း လိမ္မာတော်မူသော ဝိနည်းအရာ၌ အမြတ်ဆုံးပုဂ္ဂိုလ်ဟု ဧတဒဂ်ထားတော်မူအပ်သော ဘုရားရှင်သည် ချီးမွမ်းတော်မူအပ်သော အသျှင်ဥပါလိသည် မြတ်စွာဘုရားကို ရှိခိုး၏။

၆၂။ နူးညံ့သိမ်မွေ့သောအနက်ကို ထိုးထွင်းသိတော်မူသော တရားဟောပုဂ္ဂိုလ်တို့ထက် မြတ်တော်မူ၍ ဂိုဏ်းသံဃာရှိတော်မူသော မန္တာနိပုဏ္ဏေးမ၏ သားဖြစ်၍ ပုဏ္ဏအမည်အားဖြင့် ကျော်စောသောရဟန္တာ ရဟန်းသည် မြတ်စွာဘုရားကို ရှိခိုး၏။

၆၃။ ဥပမာ၌ လိမ္မာတော်မူသော ယုံမှားခြင်းကို ဖြတ်တောက်တော်မူသော ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် ထိုရဟန်းတို့၏စိတ်ကိုသိ၍ မိမိ၏ဂုဏ်ကို မိန့်ဆိုတော်မူ၏—

၆၄။ ရေတွက်ပိုင်းခြားခြင်းငှါ မစွမ်းနိုင်ကုန်သော အကြင်အသင်္ချေယျတို့၏ ရှေ့စွန်း နောက်စွန်း (အပိုင်းအခြားကို) မသိနိုင်ချေ၊ ထိုအသင်္ချေယျတို့သည် သတ္တဝါအပေါင်း၎င်း ကောင်းကင်၎င်း အဆုံးမရှိသောစကြဝဠာ၎င်း မနှိုင်းယှဉ်နိုင်သောမြတ်စွာဘုရားဉာဏ်တော်၎င်း (ဤသို့)လေးမျိုးတို့တည်း၊ ထိုလေးမျိုးသော အသင်္ချေယျတို့ကို သိရန် မစွမ်းနိုင်ကုန်။

၆၅။ လောက၌ ငါ၏ အကြင်တန်ခိုး ဖန်ဆင်းခြင်းသည် ရှိ၏၊ ဤတန်ခိုးဖန်ဆင်းခြင်းသည် အဘယ်မှာ အံ့ဩဖွယ် ရှိအံ့နည်း၊ မဖြစ်စဘူး ဖြစ်ကုန်သော ကြက်သီးမွေးညှင်း ထစေတတ်ကုန်သော (တန်ခိုးဖန်ဆင်းခြင်းမှ) အခြား တပါးသော အံ့ဩဖွယ်တို့သည် များစွာ ရှိကုန်သေး၏။

၆၆။ အကြင်အခါ ငါသည် တုသိတာနတ်ပြည်၌ သန္တုသိတမည်သောနတ်သား[၁] ဖြစ်၏၊ ထိုအခါ လောကဓာတ်တသောင်း၌နေသော နတ်ဗြဟ္မာတို့သည် အညီအညွတ်လာ၍ ငါ့ကို လက်အုပ်ချီလျက် တောင်းပန်ကြကုန်၏။

၆၇။ ကြီးသောလုံ့လရှိတော်မူသော အလောင်းတော်နတ်သား အရှင့်အား ဘုရားဖြစ်ရန် အချိန်တန်ပါပြီ၊ မယ်တော်ဝမ်း၌ ပဋိသန္ဓေယူတော်မူပါ၊ နတ်နှင့်တကွသော လောကကို ကယ်တင်လျက် အမြိုက်နိဗ္ဗာန်ကို သိစေတော်မူပါဟု (တောင်းပန်ကုန်၏)။

---

၁။ ဘုရားလောင်းနတ်သား၏အမည်မှာ သေတကေတုဖြစ်၏၊ သို့သော် တုသိတာဘုံ၌ ဖြစ်သော နတ်မင်းတိုင်းကို သန္တုသိတဟု ခေါ်နိုင်သဖြင့် ဤ၌ သန္တုသိတနတ်သားဟု ဆို၏၊ ယာမာဘုံ၌ဖြစ်သော နတ်မင်းကို သုယာမဟု ခေါ်ဆိုသကဲ့သို့တည်း။

http://www.dhammadownload.com



၆၈။ အကြင်အခါ ငါသည် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော် ဝမ်း၌ သက်ရောက်ခဲ့၏၊ ထိုအခါ တသောင်းသော လောကဓာတ် မြေပြင်သည် တုန်လှုပ်လေ၏။

၆၉။ အကြင်အခါ ငါသည် မယ်တော်ဝမ်းမှ ကောင်းစွာသိသည်ဖြစ်၍သာလျှင် မွေးဖွား၏၊ ထိုအခါ တသောင်းသော လောကဓာတ်သည် ကောင်းချီးသံကို ဖြစ်စေလျက် တုန်လှုပ်လေ၏။

၇၀။ မယ်တော်ဝမ်းသို့ ပဋိသန္ဓေနေရာ၌ရှင်း မယ်တော်ဝမ်းမှ မွေးဖွားရာ၌ရှင်း ငါနှင့်တူသော ပုဂ္ဂိုလ်သည် မရှိ၊ ငါသည် အရဟတ္တမဂ်ဉာဏ် သမ္ဗောဓိဉာဏ်၌ရှင်း ဓမ္မစကြာကို ဟောရာဒေသနာဉာဏ်၌ရှင်း အမြတ်ဆုံး ဖြစ်ပေ၏။

၇၁။ လောက၌ မြတ်စွာဘုရားတို့၏ဂုဏ်တော် ကြီးကျယ် မြင့်မြတ်သည်၏ အဖြစ်သည် ဩော် အံ့ဖွယ်ရှိပါပေစွဟု တသောင်းသော လောကဓာတ်သည် ခြောက်ပါးအပြားအားဖြင့် တုန်လှုပ်လေ၏၊ ကြက်သီးမွေးညှင်းထစေနိုင်သော အံ့သြဖွယ်ကြီးကျယ်သော အလင်းရောင်သည် ဖြစ်ပေါ်လာ၏။

၇၂။ ထိုအခါ လောက၏ အကြီးအမှူးဖြစ်တော်မူသော လူတို့ထက်မြတ်တော်မူသော မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကကို တန်ခိုးပြာဋိဟာ ပြတော်မူလိုသည်ဖြစ်၍ တန်ခိုးဖြင့် စင်္ကြံကြွတော်မူ၏။

၇၃။ မြတ်စွာဘုရားသည် ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက်သာလျှင် တရားဟောတော်မူ၏၊ လေးတောင်မျှရှိသော စင်္ကြံငယ်၌ စင်္ကြံလျှောက်သကဲ့သို့ (ရတနာစင်္ကြံကြီး၏ အဆုံးသို့မရောက်မီ)အကြား၌ ပြန်လှည့်တော်မမူ။

၇၄။ ကြီးမားသော ပညာရှိတော်မူသော သမာဓိစျာန်၌ လိမ္မာတော်မူသော ပညာဉာဏ်အထွတ်အထိပ်သို့ရောက်တော်မူသော အသျှင်သာရိပုတြာသည် လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရားကို မေးလျှောက်လေ၏—

၇၅။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏ ဆုပန်ခြင်းသည် အဘယ်သို့ သဘောရှိပါသနည်း၊ မြတ်စွာဘုရား အသျှင်ဘုရားသည် အဘယ်အခါ၌ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကို တောင့်တခဲ့ပါသနည်း။

၇၆။ ဒါနပါရမီသည်ရှင်း သီလပါရမီသည်ရှင်း နေက္ခမ္မပါရမီသည်ရှင်း ပညာပါရမီသည်ရှင်း ဝီရိယပါရမီသည်ရှင်း အဘယ်သို့သဘောရှိပါသနည်း၊ ခန္တီပါရမီသည်ရှင်း သစ္စာပါရမီသည်ရှင်း အဓိဋ္ဌာန်ပါရမီသည်ရှင်း မေတ္တာပါရမီ ဥပေက္ခာပါရမီတို့သည်ရှင်း အဘယ်သို့ သဘောရှိပါကုန်သနည်း။

၇၇။ လောက၏ ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် ပါရမီဆယ်ပါးတို့ကို အဘယ်သို့ ဖြည့်ကျင့်ပါကုန်သနည်း၊ ဥပပါရမီတို့ကို အဘယ်သို့ ဖြည့်ကျင့်ပါကုန်သနည်း၊ ပရမတ္ထပါရမီတို့ကို အဘယ်သို့ ဖြည့်ကျင့် ပါကုန်သနည်း(ဟု မေးလျှောက်၏)။

၇၈။ ကရဝိက်ငှက်မင်းကဲ့သို့ ချိုသာသောအသံ ရှိတော်မူသော မြတ်စွာဘုရားသည် ထိုအသျှင်သာရိပုတြာ မေးတော်မူအပ်သည် ဖြစ်၍ နှလုံးကို အေးမြစေလျက် နတ်နှင့်တကွသော လောကကို ရွှင်လန်းစေပြီးလျှင် ထိုအသျှင်သာရိပုတြာအား ဖြေကြားတော်မူ၏။

http://www.dhammadownload.com



၇၉။ နတ်နှင့်တကွသော လောက၌ မာရ်ငါးပါးကို အောင်မြင်တော်မူသော လွန်လေပြီးသော မြတ်စွာဘုရားတို့သည် ဟောတော်မူအပ်သော သစ္စာလေးပါးတရားကိုရင်း မြတ်စွာဘုရား အဆက်ဆက်မှလာသော လောက၏ အကျိုးအစီးအပွါးဖြစ်သော ဗုဒ္ဓဝင်ကိုရင်း ရှေးဘဝ၌ နေဘူးသော ခန္ဓာကိုအစဉ်လျှောက်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်တော်ဖြင့် ပြတော်မူ၏။

၈၀။ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စိုးရိမ်ခြင်း ငြောင့်ကို နုတ်ပယ်နိုင်သော အလုံးစုံသော စည်းစိမ်ကို ရကြောင်းဖြစ်သော ဗုဒ္ဓဝင်ကို ငါ၏ (အထံမှ) အရိုအသေ ပြု၍ နာယူကြကုန်လော့—

၈၁။ ဇာတ်ကို စွဲ၍ဖြစ်သော မာန်ရစ်ခြင်းစသည်ကင်းသော စိုးရိမ်ခြင်း 'သောက' ကို နုတ်ပယ်နိုင်သော သံသရာမှ လွတ်မြောက်စေနိုင်သော အလုံးစုံသော ဆင်းရဲကို ကုန်စေနိုင်သော နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင်ကို ရိုသေစွာ ကျင့်သုံးကြကုန်လော့။

ရတနစင်္ကမနကဏ္ဍ ပြီး၏။

---

## ၂-သုမေဓပတ္ထနာကထာ

၁။ (ဤ ဘဒ္ဒကမ္ဘာမှ) လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ရှုချင်ဖွယ်ရှိ၍ ပျော်မွေ့ဖွယ်ကောင်းသော အမရဝတီမည်သော မြို့သည် ရှိ၏။

၂။ (ထိုမြို့သည်) စားသောက်ဖွယ် ထမင်းအဖျော်နှင့် ပြည့်စုံ၏၊ ဆင်သံ မြင်းသံ စည်ကြီးသံ ခရုသင်းသံ ရထားသံ စားကြကုန် သောက်ကြကုန်ဟူ၍ ထမင်းအဖျော်နှင့် စပ်သော ကြွေးကြော်သံဟူသော အသံဆယ်ပါးတို့ဖြင့် တိတ်ဆိတ်ခြင်း မရှိချေ။

၃။ ထိုမြို့သည် အလုံးစုံသော မြို့အင်္ဂါတို့နှင့် ပြည့်စုံ၏၊ အလုံးစုံသော အလုပ်အမှုတို့နှင့် ပြည့်စုံ၏၊ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ လူအမျိုးမျိုးတို့နှင့် ရောပြွမ်းလျက် ရှိ၏၊ နတ်မြို့ကဲ့သို့ ပြည့်စုံ၏၊ ဘုန်းကံရှင်တို့၏ နေရာဖြစ်၏။

၄။ ထိုအမရဝတီမြို့၌ ကုဋေများစွာသော ဥစ္စာကို သိုမှီးသိမ်းဆည်းထားသော များစွာသော ဥစ္စာစပါးရှိသော သုမေဓာမည်သော ပုဏ္ဏားသည် ရှိ၏။

၅။ (ထိုပုဏ္ဏားသည်) ဗေဒင်ကို သရဇ္ဈာယ်တတ်၏၊ ဗေဒင်ကျမ်းတို့ကို ဆောင်ထားနိုင်၏၊ သုံးပါးသော ဝေဒကျမ်းတို့၏ တဖက်ကမ်းသို့ရောက်၏၊ လက္ခဏာကျမ်း၌ရင်း ဣတိဟာသ (ပုရာဏ်)ကျမ်း၌ရင်း မိမိတို့၏အကျင့်တရား၌ အထွတ်အထိပ်အဆုံးသို့ ရောက်၏။

၆။ ထိုအခါ (သုမေဓာသူဌေးဖြစ်သော)ဘဝ၌ ငါသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ထိုင်နေပြီးလျှင် ဤသို့ ကြံဆင်ခြင်ခဲ့၏— ဘဝသစ်၌ ဖြစ်ရခြင်းမည်သည် ဆင်းရဲလှ၏၊ ကိုယ်ခန္ဓာ၏ ပျက်စီးရခြင်းသည်လည်း ဆင်းရဲလှပေ၏။

၇။ ထိုအခါ (သုမေဓာဘဝ၌ဖြစ်သော) (ငါသည် ဤသို့ဆင်ခြင်မိပြန်၏) ပဋိသန္ဓေ နေရခြင်းသဘော ရှိ၏၊ အိုရခြင်းသဘော ရှိ၏၊ နာရခြင်း သဘောရှိ၏၊(ထို့ကြောင့်) အိုခြင်း ကင်းရာ သေခြင်းကင်းရာ ဘေးမရှိရာ အေးငြိမ်းရာနိဗ္ဗာန်ကို ရှာမှီးတော့အံ့။

http://www.dhammadownload.com



၈။ ငါသည် ကျင်ကြီးကျင်ငယ်စသော အပုပ်အသိုးအမျိုးမျိုးတို့ဖြင့် ပြည့်သော ဤကိုယ်ကောင်ပုပ်ကို ငဲ့ကွက်လိုချင်ခြင်းမရှိပဲ စွန့်ပစ်၍ သွားရမူ ကောင်းလေစွ။

၉။ ထိုဘဝမှ လွတ်မြောက်ကြောင်း လမ်းစဉ်သည် မချွတ်ရှိသည်ဖြစ်လတ္တံ့၊ ထိုလွတ်မြောက်ကြောင်းလမ်းစဉ်သည် မရှိပဲနေခြင်းငှါ မတတ်စကောင်းပေ၊ ထိုလမ်းစဉ်ကို ငါသည် ရှာမှီးပေတော့အံ့။

၁၀။ ဆင်းရဲရှိသော် ချမ်းသာ မည်သည်လည်း ရှိသကဲ့သို့ ဤအတူ ဘဝရှိသော် ဘဝကင်းခြင်းကိုလည်း အလိုရှိသင့်၏။

၁၁။ အပူရှိသော် ထိုအပူမှတပါးသော အအေးရှိသကဲ့သို့ ဤအတူ မီးသုံးမျိုးရှိလတ်သော် မီးငြိမ်းရာ (နိဗ္ဗာန်)ကိုလည်း အလိုရှိသင့်၏။

၁၂။ မကောင်းမှုရှိလတ်သော် ကောင်းမှုသည်လည်း ရှိသကဲ့သို့ ဤအတူပင် ဇာတိရှိသော် ဇာတိမရှိရာ (နိဗ္ဗာန်)ကိုလည်း အလိုရှိသင့်၏။

၁၃။ မစင်လူးသောယောကျ်ားသည် ရေပြည့်သော တဖက်ဆည်ကန်ကို တွေ့မြင်ပါလျက် ထိုတဖက်ဆည်ကန် (သွားရန်လမ်း) ကို မရှာမှီးပဲနေအံ့၊ ထိုအပြစ်သည် တဖက်ဆည်ကန်၏ အပြစ် မဟုတ်သကဲ့သို့—

၁၄။ ဤအတူ ကိလေသာ အညစ်အကြေးကိုဆေးရာ အမြိုက်နိဗ္ဗာန် တဖက်ဆည်ကန်သည် ရှိပါလျက် ထို(အမြိုက်နိဗ္ဗာန်)တဖက်ဆည်ကန် (သွားရာလမ်း)ကို မရှာမှီးပဲနေအံ့၊ ထိုအပြစ်သည် အမြိုက်နိဗ္ဗာန် တဖက်ဆည်ကန်၏ အပြစ်မဟုတ်ချေ။

၁၅။ ရန်သူတို့ ဝန်းရံထားသော ယောကျ်ားသည် ပြေးသွားရန် လမ်းခရီးရှိပါလျက် မပြေးပဲ နေငြားအံ့၊ ထိုအပြစ်သည်လည်း လမ်းခရီး၏အပြစ်မဟုတ်သကဲ့သို့—

၁၆။ ဤအတူ ကိလေသာရန်သူတို့ ဝန်းရံခံနေရသူသည် အေးငြိမ်းသော (နိဗ္ဗာန်) လမ်းခရီးရှိပါလျက် ထိုလမ်းခရီးကို မရှာမှီးပဲ နေငြားအံ့၊ ထိုအပြစ်သည် အေးငြိမ်းသော နိဗ္ဗာန်လမ်းခရီး၏ အပြစ်မဟုတ်ချေ။

၁၇။ အနာရောဂါ နှိပ်စက်သော ယောကျ်ားသည် ဆေးဆရာရှိပါလျက် ထိုအနာရောဂါကို မကုစေပဲ နေငြားအံ့၊ ထိုအပြစ်သည် ဆေးဆရာ၏အပြစ်မဟုတ်သကဲ့သို့—

၁၈။ ဤအတူ ကိလေသာအနာတို့ဖြင့် နှိပ်စက်လျက် ဆင်းရဲသောသူသည် ထို (ကိလေသာအနာကို ကုစားတတ်သော) ဆရာကို မရှာမှီးပဲ နေငြားအံ့၊ ထိုအပြစ်သည် ဆရာ၏အပြစ် မဟုတ်ချေ။

၁၉။ ယောကျ်ားသည် လည်ပင်း၌ ဖွဲ့ချည်ထားသော အကောင်ပုပ်ကို စက်ဆုပ်သည်ဖြစ်၍ ဖြေချွတ်ပြီးလျှင် အလိုရှိတိုင်း ချမ်းသာလွတ်လပ်စွာ သွားရာသကဲ့သို့—

၂၀။ ထို့အတူပင် ငါသည် ကျင်ကြီးကျင်ငယ်စသော အပုပ်အသိုး အမျိုးမျိုးတို့၏ ပေါင်းစုရာ ဤကိုယ်ကောင်ပုပ်ကို ငဲ့ကွက်လိုချင်ခြင်းမရှိပဲ စွန့်ပစ်၍ သွားတော့အံ့။

၂၁။ ယောကျ်ား မိန်းမတို့သည် ကျင်ကြီးစွန့်ရာ အရပ်၌ ကျင်ကြီးကို စွန့်ပြီးလျှင် ငဲ့ကွက်လိုချင်ခြင်းမရှိပဲ သွားကုန်သကဲ့သို့—

http://www.dhammadownload.com



၂၂။ ဤအတူပင် ငါသည် အပုပ်အသိုး အမျိုးမျိုးတို့ဖြင့် ပြည့်သော ဤကိုယ်ကို ကျင်ကြီးစွန့်ပြီးလျှင် ကျင်ကြီးအိမ်ကို ကြဉ်ဖယ်၍ သွားသကဲ့သို့ စွန့်ပစ်၍ သွားတော့အံ့။

၂၃။ လှေပိုင်ရှင်တို့သည် ဆွေးမြည့်ပျက်စီးလျက် ရေယိုသော လှေကို ငဲ့ကွက် လိုချင်ခြင်းမရှိပဲ စွန့်ပစ်၍ သွားကုန်သကဲ့သို့ —

၂၄။ ဤအတူပင် အပေါက်ကိုးပေါက်ရှိ၍ အမြဲမပြတ် ယိုစီးလျက်ရှိသော ဤကိုယ်ခန္ဓာကို လှေအိုကို စွန့်ပစ်၍သွားသော လှေပိုင်ရှင်တို့ကဲ့သို့ ငါသည် စွန့်ပစ်၍ သွားတော့အံ့။

၂၅။ ယောကျ်ားသည် ဘဏ္ဍာကိုယူ၍ ခိုးသူတို့နှင့်အတူ သွားလတ်သော် ဘဏ္ဍာလုယက်ဖျက်ဆီးမည့် ဘေးကို မြင်ခြင်း ကြောင့် (ခိုးသူတို့ကို)စွန့်၍ သွားသကဲ့သို့—

၂၆။ ဤအတူပင် ဤကိုယ်သည် ခိုးသူကြီးနှင့် အလွန်တူ၏၊ ငါသည် ကုသိုလ်ကို လုယက်ဖျက်ဆီးခြင်းမှ ကြောက်သောကြောင့် ဤကိုယ်ခန္ဓာကို စွန့်ပစ်၍ သွားတော့အံ့ (ဟု ကြံဆင်ခြင်၏)။

၂၇။ ငါသည် ဤသို့ ကြံဆင်ခြင်၍ ကုဋေအရာမက များစွာသော ဥစ္စာကို ကိုးကွယ်ရာရှိသူ ကိုးကွယ်ရာ မရှိသူတို့အား ပေးလှူပြီးလျှင် ဟိမဝန္တာသို့ ချဉ်းကပ်ခဲ့၏။

၂၈။ ဟိမဝန္တာ၏အနီး၌ ဓမ္မိကမည်သော တောင်သည် ရှိ၏၊ (ထိုတောင်၌) ငါသည် သင်္ခမ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်ထားပေ၏၊ သစ်ရွက်မိုးကျောင်းကို ကောင်းစွာဖန်ဆင်းထားပေ၏။

၂၉။ ထိုသင်္ခမ်းကျောင်း၌ ငါးပါးသော အပြစ်တို့မှ ကင်းသော စင်္ကြံကို ဖန်ဆင်းထားပေ၏၊ ရှစ်ပါးသော ဂုဏ်တို့နှင့်ပြည့်စုံသော အဘိညာဉ်စွမ်းအားကို ဆောင်ခဲ့၏။

၃၀။ ထိုသင်္ခမ်းကျောင်း၌ ကိုးပါးသောအပြစ်နှင့် ပြည့်စုံသော အဝတ်ကို စွန့်ပယ်ခဲ့၏၊တဆယ့်နှစ်ပါးသောဂုဏ်တို့နှင့် ပြည့်စုံသော လျှော်တေသင်္ကန်းကို ဝတ်ရုံခဲ့၏။

၃၁။ ရှစ်ပါးသော အပြစ်တို့နှင့် ရောပြွမ်းသော သင်္ခမ်းကျောင်းကို စွန့်ပယ်ခဲ့၏၊ ဆယ်ပါးသော ဂုဏ်တို့နှင့် ပြည့်စုံသော သစ်ပင်ရင်းသို့ ချဉ်းကပ်ခဲ့၏။

၃၂။ ကြဲချစိုက်ပျိုးအပ်သောစပါးကို အကြွင်းမဲ့အားဖြင့် စွန့်ပယ်ခဲ့၏၊ များစွာသောဂုဏ်နှင့် ပြည့်စုံသောအလိုလိုကြွေကျသော သစ်သီးကို(အစားအစာအဖြစ်ဖြင့်)ယူခဲ့၏။

၃၃။ ထိုသင်္ခမ်းကျောင်း၌ ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း၌ ကမ္မဋ္ဌာန်းသို့ လဝီရိယကို အားထုတ်ခဲ့၏၊ ခုနစ်ရက်အတွင်း၌ အဘိညာဉ်စွမ်းအားသို့ ရောက်ခဲ့၏။

၃၄။ ဤသို့ ငါသည် (ရသေ့တို့၏) သာသနာ၌ အဘိညာဉ်၏ပြီးစီးခြင်းသို့ ရောက်လျက်လေ့လာပြီးဖြစ်စဉ် လောက၏ အကြီးအမှူးဖြစ်သော ဒီပင်္ကရာမြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၃၅။ ငါသည် စျာန်၌ ပျော်မွေ့ခြင်းသို့ ရောက်သည်ဖြစ်၍ ဒီပင်္ကရာဘုရား၏ ပဋိသန္ဓေနေတော်မူရာအခါ၌၎င်း မွေးဖွားတော်မူရာအခါ၌၎င်း ဘုရားဖြစ်တော်မူရာအခါ၌၎င်း တရားဟောတော်မူရာအခါ၌၎င်း နိမိတ်လေးပါးတို့ကို မတွေ့မြင်ခဲ့ရပေ။

http://www.dhammadownload.com



၃၆။ တိုင်းစွန်ပြည်နား၌ (လူတို့သည်) မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် ထိုမြတ်စွာဘုရား ကြွလာတော်မူမည့်လမ်းကို နှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍ သုတ်သင်ကြကုန်၏။

၃၇။ ထိုအခါ ငါသည် မိမိသင်္ခမ်းကျောင်းမှထွက်ခဲ့၍ လျှော်တေသင်္ကန်းတို့ကို ခါလျက် ကောင်းကင်၌ သွား၏။

၃၈။ နှစ်သက်ခြင်း ဖြစ်လျက် ရွှင်လန်း ဝမ်းမြောက်နေသော လူအပေါင်းကို တွေ့မြင်ရသည်ရှိသော် ထိုခဏ၌ပင် ကောင်းကင်မှ သက်ဆင်း၍ လူတို့ကို မေးမြန်းခဲ့၏။

၃၉။ (ဤ)လူအပေါင်းသည် ရွှင်လန်း ဝမ်းမြောက်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ အဘယ်ပုဂ္ဂိုလ်၏အကျိုးငှါ သွားရာခရီးလမ်းကို သုတ်သင်နေပါသနည်း(ဟု မေးမြန်းခဲ့၏)။

၄၀။ ငါမေးအပ်ကုန်သည်ရှိသော် ထိုသူတို့သည် "လောက၌ သစ္စာလေးပါးကို သိတော်မူသော အမြတ်ဆုံး ဖြစ်တော်မူသော လောက၏ရှေ့သွား ဖြစ်တော်မူသော ဒီပင်္ကရာမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူပေ၏၊ ထိုမြတ်စွာဘုရား၏ အကျိုးငှါ သွားရာလမ်းခရီးကို သုတ်သင်အပ်၏"ဟု ဖြေကြားကုန်၏။

၄၁။ ထိုအခါ မြတ်စွာဘုရား ဟူသော စကားသံကို ကြားရခြင်းကြောင့် ငါ့အား နှစ်သက်ခြင်း 'ပီတိ'သည် ဖြစ်၏၊ ငါသည် "မြတ်စွာဘုရား မြတ်စွာဘုရား"ဟု ဆိုလျက် ဝမ်းမြောက်ခြင်း 'သောမနဿဝေဒနာ'ကို ခံစားခဲ့ရပေ၏။

၄၂။ ငါသည် နှစ်သက်အံ့ဩသော စိတ်ရှိသည်ဖြစ်၍ ထိုနေရာ၌ ရပ်တည်လျက် ဤသို့ ဆင်ခြင် စဉ်းစားခဲ့၏၊ ငါသည် ဤမြတ်စွာဘုရားအထံ၌ (ကုသိုလ်) မျိုးစေ့တို့ကို စိုက်ပျိုးတော့အံ့၊ အခွင့်ကောင်းသည် စင်စစ် ငါ့ကို မလွန်ပါစေလင့်။

၄၃။ အကယ်၍ မြတ်စွာဘုရား၏ အကျိုးငှါ (လမ်းခရီးကို)သုတ်သင်ကုန်ငြားအံ့၊ငါ့အား နေရာတခုကို ပေးကြပါကုန်လော့၊ ငါသည်လည်း သွားရာခရီးလမ်းကို သုတ်သင်ပါအံ့ဟု (ပြောဆိုလေ၏)။

၄၄။ ထိုအခါ ထိုသူတို့သည် လမ်းကို သုတ်သင်ရန် တခုသောနေရာကို ငါ့အား ပေးကုန်၏။ ထိုအခါ ငါသည် "မြတ်စွာဘုရား မြတ်စွာဘုရား"ဟု ကြံဆင်ခြင်လျက် လမ်းကို သုတ်သင်လျက် ရှိပေ၏။

၄၅။ ငါ၏နေရာသည် (သုတ်သင်၍)မပြီးမီ မာရ်ငါးပါးကို အောင်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် အဘိညာဉ်ခြောက်ပါးကို ရရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော (ကိလေသာ)အညစ်အကြေးမှ ကင်းကုန်သော ရဟန္တာလေးသိန်းတို့နှင့် (အတူ)လမ်းခရီးသို့ ကြွလာတော်မူ၏။

၄၆။ လူနတ်တို့သည် အလွန် ဝမ်းမြောက်ကုန်သည်ဖြစ်၍ ခရီးဦးကြိုဆိုကုန်၏၊ များစွာသော စည်ကြီးတို့ကို တီးကုန်၏၊ ကောင်းချီးပေးသံကို ဖြစ်စေကုန်၏။

၄၇။ နတ်တို့သည် လူတို့ကို၎င်း လူတို့သည်လည်း နတ်တို့ကို၎င်း တွေ့မြင်ကြရကုန်၏၊ ထိုနတ်လူ နှစ်ဦးလုံးတို့ပင် လက်အုပ်ချီလျက် မြတ်စွာဘုရား နောက်မှ အစဉ်လိုက်ကြကုန်၏။

http://www.dhammadownload.com



၄၇။ နတ်တို့သည် နတ်တူရိယာတို့ဖြင့်ရင်း လူတို့သည်လည်း လူတူရိယာတို့ဖြင့်ရင်း ထို (နတ်လူ)နှစ်ဦးလုံးတို့ပင် တီးမှုတ်ကုန်လျက် မြတ်စွာဘုရားနောက်မှ အစဉ်လိုက်ကြကုန်၏။

၄၉။ ကောင်းကင်၌ သွားကုန်သော နတ်တို့သည် နတ်၌ဖြစ်သော မန္ဒာရဝပန်းကိုရင်း ပဒုမာကြာပန်းကိုရင်း ပင်လယ်ကသစ်ပန်းကိုရင်း အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့ ကြဲဖြန့်ပူဇော်ကုန်၏။

၅၀။ ကောင်းကင်၌ သွားကုန်သော နတ်တို့သည် နတ်၌ဖြစ်သော စန္ဒကူးမှုန့်ကိုရင်း မြတ်သော နံ့သာအားလုံးကိုရင်း အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့ ကြဲဖြန့်ပူဇော်ကုန်၏။

၅၁။ မြေပြင်၌ သွားကုန်သော လူတို့သည် စကားပန်း ထင်းရှူးပန်း ထိန်ပန်း ကံ့ကော်ပန်း ပုန်းညက်ပန်း ဆတ်သွားပန်းတို့ကို အရပ်မျက်နှာတိုင်း အရပ်မျက်နှာတိုင်းသို့ ကြဲဖြန့်ပူဇော်ကုန်၏။

၅၂။ ငါသည် ထိုနေရာ၌ ဆံပင်တို့ကို ဖြေပြီးလျှင် လျှော်တေသက်န်းကိုရင်း သားရေပိုင်း (စမ္မခဏ်)ကိုရင်း ညွန်ပျောင်း၌ ဖြန့်ခင်း၍ အလျားမှောက်လျက် လျောင်းအိပ်ခဲ့ပေ၏။

၅၃။ မြတ်စွာဘုရားသည် တပည့်တို့နှင့်တကွ အကျွန်ုပ်ကို နင်း၍ ကြွသွားတော်မူပါလော့၊ ညွန်ပျောင်း၌ နင်းတော်မမူပါလင့်၊ (ဤသို့ အကျွန်ုပ်အား နင်း၍ကြွသွားခြင်းသည်)အကျွန်ုပ်အား အကျိုးစီးပွါးအလို့ငှါ ဖြစ်ပါလတ္တံ့ (ဟု လျှောက်၏)။

၅၄။ မြေ၌ လျောင်းအိပ်သော ငါ့အား ဤသို့ စိတ်အကြံ ဖြစ်ခဲ့ပေ၏၊ ငါအလိုရှိလတ်သော် ဤနေ့၌ပင် ငါ၏ ကိလေသာတို့ကို လောင်ကျွမ်းစေနိုင်ရာ၏။

၅၅။ ဤဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်၌ မထင်ရှားသော အသွင်ဖြင့် တရားကို မျက်မှောက်ပြုသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် နတ်နှင့်တကွသော လောက၌ သဗ္ဗညုတဉာဏ်သို့ရောက်၍ မြတ်စွာဘုရား ဖြစ်ဦးအံ့။

၅၆။ ငါသည် အစွမ်းအားကို မြင်သောယောကျ်ားဖြစ်ပါလျက် တယောက်တည်း ကူးမြောက်ခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိတော့အံ့နည်း၊ ငါသည် သဗ္ဗညုတဉာဏ်သို့ ရောက်၍ နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့။

၅၇။ ငါသည် ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရား၌ ပြုအပ်သော ဤလွန်ကဲသော ကောင်းမှုကြောင့် သဗ္ဗညုတဉာဏ်သို့ရောက်၍ များစွာသော လူအပေါင်းကို ကယ်တင်ပေအံ့။

၅၈။ ငါသည် သံသရာရေအယဉ်ကို ဖြတ်တောက်၍ ဘဝသုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် အရိယာမဂ္ဂင်တည်းဟူသော တရားလှေသင်္ဘောကို ကောင်းစွာတက်စီးလျက် နတ်နှင့်တကွသော လောကကို ကယ်တင်ပေအံ့။

၅၉။ လူ၏အဖြစ်ရင်း ပုရိသလိင်နှင့် ပြည့်စုံခြင်းရင်း အရဟတ္တဖိုလ်ကို ရနိုင်ခြင်း ဟူသော အကြောင်းရင်း သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို ဖူးတွေ့ရခြင်းရင်း ရသေ့ရဟန်းအဖြစ်ရင်း သမာပတ်ရှစ်ပါး အဘိညာဉ်ဂုဏ်နှင့် ပြည့်စုံခြင်းရင်း (အသက်ကိုစွန့်၍) ဆုတောင်းခြင်းရင်း လွန်ကဲသော အလိုဆန္ဒရင်း ရှစ်ပါးသော အကြောင်းတရားတို့၏ ပေါင်းဆုံခြင်းကြောင့် ဆုတောင်းပါရမီသည် ပြည့်စုံနိုင်၏။

http://www.dhammadownload.com



၆၀။ အဝေးမှ ဆောင်ယူအပ်သော အလှူဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ဒီပင်္ကရာ မြတ်စွာဘုရားသည် ငါ၏ ဦးခေါင်းအနီး၌ ရပ်လျက် ဤစကားကို မိန့်တော်မူ၏—

၆၁။ ဆံကျစ်ရှိသော ထက်မြက်သော အကျင့်ရှိသော ဤရသေ့ကို ကြည့်ရှုကုန်လော့၊ (ဤရသေ့သည်) ဤကမ္ဘာမှ မရေတွက်နိုင်သောကမ္ဘာ၌ လောကတွင် မြတ်စွာဘုရား ဖြစ်ရလတ္တံ့။

၆၂။ ထိုအခါ ဘုရားလောင်းသည် ပျော်မွေ့ဖွယ်ကောင်းသော ကပိလမည်သော မြို့မှ ထွက်၍ ကမ္မဋ္ဌာန်းအားထုတ်ခြင်း လုံ့လဝီရိယကို အားထုတ်လျက် ပြုနိုင်ခဲသော အကျင့်ကို ပြုကျင့်ပြီးလျှင် (မြတ်စွာဘုရားဖြစ်လတ္တံ့)။

၆၃။ ဘုရားလောင်းသည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ ထိုင်၍ ထိုညောင်ပင်ရင်း၌ နို့ဃနာဆွမ်းကို ခံယူပြီးလျှင် နေရဉ္ဇရာမြစ်သို့ ချဉ်းကပ်လတ္တံ့။

၆၄။ ထိုမြတ်စွာဘုရားသည် နေရဉ္ဇရာမြစ်ကမ်း၌ နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီးလျှင် (နတ်တို့)စီရင်အပ်သော မြတ်သောလမ်းခရီးဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လတ္တံ့။

၆၅။ ထို့နောက် အတုမရှိသော များသော အခြံအရံရှိသော မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်ကို လက်ျာရစ် လှည့်သည်ကို ပြုပြီးလျှင် ညောင်ဗုဒ္ဓဟေပင်ရင်း၌ ပွင့်လတ္တံ့။

၆၆။ ဤမြတ်စွာဘုရား၏ မွေးဖွားသော မယ်တော်ရင်းသည် မာယာမည်သော မိဖုရား ဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒနမည်သော မင်းဖြစ်လတ္တံ့၊ ဤမြတ်စွာဘုရားသည် ဂေါတမ အမည်ရှိသည် ဖြစ်လတ္တံ့။

၆၇။ ကောလိတသည်၎င်း ဥပတိဿသည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်ကြည်ကုန်သော အမြတ်ဆုံးတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်လတ္တံ့၊ အာနန္ဒာမည်သော ရဟန်းသည် အလုပ်အကျွေးဖြစ်၍ ဤမြတ်စွာဘုရားကို လုပ်ကျွေးလတ္တံ့။

၆၈။ ခေမာသည်၎င်း ဥပ္ပလဝဏ်သည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သောစိတ်ရှိကုန်သော တည်ကြည်ကုန်သော အမြတ်ဆုံးတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်လတ္တံ့၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေပင်ဟု ခေါ်ဆိုအပ်လတ္တံ့။

၆၉။ စိတ္တသည်၎င်း ဟတ္ထအာဠဝကသည်၎င်း မြတ်သော အလုပ်အကျွေးဒါယကာ 'အဂ္ဂ ဥပဋ္ဌက' တို့ ဖြစ်ကုန်လတ္တံ့၊ ဥတ္တရာသည်၎င်း နန္ဒမာတာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၇၀။ လူနတ်တို့သည် အတုမရှိသော မြတ်စွာဘုရား၏ ဤစကားကို ကြားနာကုန်သည် ရှိသော် ဤရသေ့ကား ဘုရားလောင်း ဖြစ်သတတ်ဟု အလွန်ဝမ်းမြောက်ကုန်လျက်—

၇၁။ ကြွေးကြော်သံ (ပွဲ့တင်သံ)တို့ကို ဖြစ်စေကြကုန်၏၊ လက်ပန်းပေါက်လည်း ခတ်ကြကုန်၏၊ ရွှင်လန်းလည်း ရွှင်လန်းကုန်၏၊ လောကဓာတ်တသောင်းရှိ နတ်နှင့်တကွသော လူတို့သည် လက်အုပ်ချီကုန်၍ ရှိခိုးကြကုန်၏။

http://www.dhammadownload.com



၇၂။ အကယ်၍ ငါတို့သည် ဤဒီပင်္ကရာ မြတ်စွာဘုရား၏ သာသနာတော်ကို လွဲချော်ကုန်အံ့၊ အနာဂတ်ကာလတွင် (ဤဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏။

၇၃။ မြစ်ကို ကူးကုန်သော လူတို့သည် မျက်နှာချင်းဆိုင် (တူရူ)ဆိပ်ကမ်းကို လွဲချော်ကုန်သည်ရှိသော် အောက်ဆိပ်ကမ်းကို ယူ၍ မြစ်မကြီးကို ကူးကုန်သကဲ့သို့—

၇၄။ ဤအတူပင် ငါတို့အားလုံးတို့သည် အကယ်၍ ဤဒီပင်္ကရာ မြတ်စွာဘုရားကို လက်လွတ်ကုန်အံ့၊ အနာဂတ်ကာလတွင် ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏(ဟု ဆုတောင်းကုန်၏)။

၇၅။ အဝေးမှ ဆောင်ယူအပ်သော အလှူဝတ္ထုတို့ကို ခံယူတော်မူထိုက်သော ဒီပင်္ကရာ မြတ်စွာဘုရားသည် ငါ၏ ကောင်းမှုကို မိန့်ကြားတော်မူပြီးလျှင် လက်ျာခြေကို ကြွချီတော်မူ၏။

၇၆။ ထိုအရပ်၌ မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော အကြင်ရဟန်းတို့သည် ရှိကုန်၏၊ ထိုရဟန်းအားလုံးတို့သည် ငါ့ကို အရိုအသေပြုကြကုန်၏၊ နတ် လူ အသုရာတို့သည် ရှိသေစွာ ရှိခိုး၍ ဖဲသွားကြကုန်၏။

၇၇။ ထိုအခါ သံဃာနှင့်တကွသော မြတ်စွာဘုရားသည် ငါ၏ မြင်ရာအရပ်ကို ကျော်လွန်သည်ရှိသော် ငါသည် လျောင်းနေရာမှ ထ၍ ထက်ဝက်ပလ္လင်ကို ဖွဲ့ခွေနေ၏။

၇၈။ ထိုအခါ ငါသည် သုခဝေဒနာဖြင့် ချမ်းသာသူ ပါမောဇ္ဇဖြင့် ဝမ်းမြောက်သူ ပီတိဖြင့် နှစ်သက်ခြင်းရှိသူ ဖြစ်၏၊ ထက်ဝက်ပလ္လင်ကို ဖွဲ့ခွေနေ၏။

၇၉။ ထိုအခါ ငါသည် တင်ပလ္လင်ဖြင့် ထိုင်ပြီးလျှင် ဤသို့ စဉ်းစားဆင်ခြင်ခဲ့၏၊ ငါသည် ဈာန်၌ လေ့လာပြီးဖြစ်၏၊ အဘိညာဉ်တို့၌ အပြီးအဆုံးသို့ ရောက်၏။

၈၀။ တသောင်းသော လောကဓာတ်၌ ငါနှင့်တူသော ရသေ့တို့သည် မရှိကုန်၊ ငါသည် တန်ခိုးဂုဏ်တို့၌ တူသောသူမရှိသည်ဖြစ်၍ ဤသို့သဘောရှိသော ချမ်းသာကို ရခဲ့ပေ၏ဟု (ဤသို့ ဆင်ခြင်ခဲ့၏)။

၈၁-၈၂။ ငါ၏ ထက်ဝက်ပလ္လင်ဖွဲ့ခွေရာအခါ၌ တသောင်းသော လောကဓာတ်၌ နေကုန်သော ဗြဟ္မာကြီးတို့သည် ကြီးကျယ်သော ကြွေးကြော်သံကို ဖြစ်စေကြကုန်၏၊ (သုမေဓာရသေ့မြတ်) ရှေးအခါ ဘုရားလောင်းတို့၏ မြတ်သော ထက်ဝက်ပလ္လင်ကို ဖွဲ့ခွေရာ အခါ၌ အကြင်နိမိတ်တို့သည် ထင်ကုန်၏၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၃။ အအေးသည် ကင်းပျောက်၏၊ အပူသည်လည်း ငြိမ်းအေး၏၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၄။ တသောင်းသော လောကဓာတ်တို့သည် အသံတိတ်ဆိတ်လျက် အနှောက်အရှက် ကင်းကုန်၏၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

http://www.dhammadownload.com



၈၅။ ပြင်းထန်သော လေတို့သည် မတိုက်ခတ်ကုန်၊ မြစ်တို့သည် မစီးဆင်းကုန်၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၆။ ထို(ရှေးဘုရားလောင်းတို့ ထက်ဝက်ဖွဲ့ခွေနေသော) အချိန်၌ ကြည်းပန်း ရေပန်း အားလုံးတို့သည် ပွင့်ကုန်၏၊ ယခုလည်း ထိုပန်းအားလုံးတို့သည် ပွင့်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၇။ ထိုအခါ၌ နွယ်ပင်တို့သည်၎င်း သစ်ပင်တို့သည်၎င်း အသီး သီးကုန်၏၊ ယခုလည်း ထို အပင် အားလုံးတို့သည် အသီး သီးလျက် ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၈။ ထိုအခါ၌ ကောင်းကင်၌ တည်သောရတနာ မြေ၌ တည်သော ရတနာတို့သည် ထွန်းလင်း တောက်ပကုန်၏၊ ယခုလည်း ထိုရတနာတို့သည် တောက်ပလျက် ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၈၉။ ထိုအခါ၌ လူ၌ဖြစ်သောတူရိယာ နတ်၌ဖြစ်သော တူရိယာတို့သည် (အလိုလို)မြည်ကုန်၏၊ ယခုလည်း ထိုနှစ်မျိုးသော တူရိယာတို့သည် မြည်လျက် ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

၉၀။ ထို(ရှေးဘုရားလောင်းတို့ ထက်ဝက်ဖွဲ့ခွေနေသော)အခါ၌ ဆန်းကြယ်သော ပန်းပွင့်မိုးတို့သည် ကောင်းကင်မှ ရွာကုန်၏၊ ယခုလည်း ထိုပန်းပွင့်မိုးတို့သည် ရွာလျက်ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၁။ မဟာသမုဒ္ဒရာသည် ဝဲလည်၏၊ တသောင်းသော လောကဓာတ်သည် တုန်လှုပ်၏၊ ယခုလည်း ထိုနှစ်မျိုးတို့သည် မြည်ဟီးလျက် ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

၉၂။ ထိုအခါ လောကဓာတ်တသောင်း၌ရှိသော ငရဲမီးတို့သည်လည်း ငြိမ်းအေးကုန်၏၊ ယခုလည်း ထို ငရဲမီးတို့သည် ငြိမ်းအေးလျက် ရှိကုန်၏၊ ထို့ကြောင့် သင်သည် မချွတ်ဘုရား ဖြစ်လတ္တံ့။

၉၃။ နေမင်းသည် အညစ်အကြေးကင်းစင်၏၊ အလုံးစုံသောကြယ် (တာရာ) တို့သည် ထင်ခဲ့ကုန်၏၊ ယခုလည်း ထိုကြယ် (တာရာ) တို့သည် ထင်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၄။ ထိုအခါ မိုးမရွာသောအချိန်တွင် ရေသည် မြေမှ ပန်းထွက်ခဲ့၏၊ယခုလည်း ထိုရေသည် မြေမှ ပန်းထွက်လျက်ရှိ၏၊ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၅။ ကြယ်(တာရာ)အပေါင်းတို့သည်၎င်း နက္ခတ်တို့သည်၎င်း ကောင်းကင်အဝန်း၌ တင့်တယ်ကုန်၏၊ ဝိသာခါနက္ခတ်သည် စန်း(လ)နှင့် ယှဉ်လျက်ရှိ၏၊ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

http://www.dhammadownload.com



၉၆။ တွင်း၌နေသောသတ္တဝါ ချောက်၌နေသောသတ္တဝါတို့သည် မိမိတို့နေရာမှ ထွက်ကုန်၏၊ ယခုလည်း ထိုသတ္တဝါတို့သည် (မိမိတို့) နေရာမှ ထွက်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၇။ ထိုအခါ၌ သတ္တဝါတို့အား မပျော်မွေ့ခြင်းတို့သည် မဖြစ်ကုန်၊ တင်းတိမ်ရောင့်ရဲကုန်၏၊ ယခုလည်း ထိုသတ္တဝါအားလုံးသည် တင်းတိမ်ရောင့်ရဲကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၈။ ထိုအခါ အနာရောဂါတို့သည် ကင်းငြိမ်းကုန်၏၊ မွတ်သိပ်ခြင်းသည်လည်း ကင်းပျောက်၏၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်လာကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၉၉။ ထိုအခါ တပ်မက်မှု 'ရာဂ' ခေါင်းပါး၏၊ အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' ကင်းပျောက်၏၊ ယခုလည်း ထိုအားလုံးတို့သည် ကင်းပျောက်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၀။ ထိုအခါ ကြောက်မက်ဖွယ်ဘေးသည် မဖြစ်ခဲ့၊ ယခုလည်း ဤဘေးမဖြစ်ခြင်းသည် သင်၏၊ ထိုအကြောင်းကြောင့် သင်သည် မချွတ်ဘုရားဖြစ်လတ္တံ့ဟု ငါတို့ သိပါကုန်၏။

၁၀၁။ မြူမှုန်သည် အထက်သို့ မတက်ခဲ့၊ ယခုလည်း ဤမြူမှုန်မတက်ခြင်းသည် ထင်၏၊ ထိုအကြောင်းကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့ဟု ငါတို့ သိပါကုန်၏။

၁၀၂။ မကောင်းသော အနံ့သည် ကင်းရှင်း၏၊ နတ်၌ဖြစ်သောရနံ့သည် လှိုင်၏၊ ယခုလည်း ထိုနတ်ရနံ့သည် လှိုင်လျက် ရှိပေ၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၃။ အရူပဗြဟ္မာတို့ကို ချန်ထား၍ အလုံးစုံသောနတ်ဗြဟ္မာတို့ကို တွေ့မြင်ရကုန်၏၊ ယခုလည်း ထို (နတ်ဗြဟ္မာ) အားလုံးတို့ကို တွေ့မြင်ရကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၄။ ထိုအခါ အကြင်မျှအတိုင်းအရှည်ရှိသော အလုံးစုံသောငရဲမည်သည်တို့ကို တွေ့မြင်ရကုန်၏၊ ယခုလည်း ထို (ငရဲ) အားလုံးတို့ကို တွေ့မြင်ရကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၅။ ထိုအခါ နံရံတံတိုင်းတို့သည်၎င်း တံခါးရွက်တို့သည်၎င်း ကျောက်တောင်တို့သည်၎င်း အပိတ်အပင် အဆီးအတားတို့မဖြစ်ကုန်၊ ယခုလည်း ထိုတံတိုင်းစသည်တို့သည် ဟင်းလင်းဖြစ်၍ ဖြစ်ကုန်၏၊ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၆။ ထို (ရှေးဘုရားလောင်းတို့ ထက်ဝက်ဖွဲ့ခွေနေသော) ခဏ၌ စုတေခြင်းသည်၎င်း ပဋိသန္ဓေနေခြင်းသည်၎င်း မရှိပေ၊ ယခုလည်း ထိုနိမိတ်တို့သည် ထင်ကုန်၏ ထို့ကြောင့် သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။

၁၀၇။ အရှင်ရသေ့ သင်သည် လုံ့လဝီရိယကို မြဲမြံစွာ ချီးမြှောက် (စွဲကိုင်) ပါလော့၊ နောက်သို့ မဆုတ်ပါလင့်၊ ရှေ့သို့သာ တက်ပါလော့၊ သင်သည် မချွတ် ဘုရားဖြစ်ပါလတ္တံ့၊ ငါတို့သည်လည်း ဤအကြောင်းကိုလည်း သိပါကုန်၏ (ဟု ကြီးကျယ်သောအသံကို ဖြစ်စေကုန်၏)။

http://www.dhammadownload.com



၁၀၈။ ထိုအခါ ငါသည် မြတ်စွာဘုရား၏ရင်း လောကဓာတ်တသောင်း၌နေသော နတ်ဗြဟ္မာတို့၏ရင်း နှစ်ဦးသောပုဂ္ဂိုလ်တို့၏စကားကို ကြားရသည်ရှိသော် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ဤသို့ ဆင်ခြင်ခဲ့ပေ၏—

၁၀၉။ မြတ်စွာဘုရားတို့သည် နှစ်မျိုးသောစကားကို မိန့်ဆိုလေ့မရှိကုန်၊ မြတ်စွာဘုရားတို့သည် အချည်းနှီးသော စကားကို မိန့်ဆိုလေ့မရှိကုန်၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသော စကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့။

၁၁၀။ ကောင်းကင်၌ ပစ်အပ်သောခဲသည် မြေ၌ မချွတ် ကျသကဲ့သို့ ထို့အတူပင် မြတ်စွာဘုရားတို့၏ စကားတော်သည် မချွတ် မြဲ၏၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသော စကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့။

၁၁၁။ အလုံးစုံသော သတ္တဝါတို့၏ သေခြင်းသည် မချွတ် မြဲသကဲ့သို့ ထို့အတူပင် မြတ်စွာဘုရားတို့၏စကားသည် မချွတ် မြဲ၏၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသောစကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့။

၁၁၂။ ညဉ့်ကုန်ခြင်းသို့ ရောက်လတ်သော် နေတက်ခြင်းသည် မချွတ် မြဲသကဲ့သို့ ထို့အတူပင် ဘုရားမြတ်တို့၏စကားသည် မချွတ် မြဲ၏၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသောစကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့။

၁၁၃။ အိပ်စက်ရာ လိုဏ်ဂူမှ ထွက်သောခြင်္သေ့မင်း၏ ဟောက်ခြင်းသည် မချွတ် မြဲသကဲ့သို့ ထို့အတူပင် ဘုရားမြတ်တို့၏စကားသည် မချွတ် မြဲ၏၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသော စကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့။

၁၁၄။ ကိုယ်ဝန်ဆောင်မိန်းမတို့အား ကိုယ်ဝန်ကိုချခြင်းသည် မချွတ် မြဲသကဲ့သို့ ထို့အတူပင် ဘုရားမြတ်တို့၏စကားသည် မချွတ် မြဲ၏၊ မြတ်စွာဘုရားတို့အား ချွတ်ယွင်းသော စကားသည် မရှိချေ၊ ထို့ကြောင့် ငါသည် မချွတ် ဘုရားဖြစ်ရပေလတ္တံ့ (ဟု ဤသို့ဆင်ခြင်ခဲ့၏)။

၁၁၅။ ငါသည် ယခုအခါ အထက်အောက် အရပ်ဆယ်မျက်နှာတို့၌ ရှိရှိသမျှသော သဘောတရားတွင် ဘုရားအဖြစ်ကို ပြုတတ်သော သဘောတရားတို့ကို ထိုမှဤမှ စူးစမ်းဆင်ခြင်တော့အံ့ (ဟုဆင်ခြင်၏)။

၁၁၆။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်ကုန်သော ဘုရားအလောင်းတို့သည် လေ့ကျက်အပ်သော လမ်းမသဖွယ်ဖြစ်သော ဒါနပါရမီကို ရှေးဦးစွာ တွေ့မြင်ခဲ့၏။

၁၁၇။ သင်သည် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤရှေးဦးစွာသော ဒါနပါရမီကို အလွန်မြဲမြံအောင် ပြု၍ ဆောက်တည် ပြီးလျှင် ဖြည့်ကျင့်ပါလော့။

၁၁၈။ တစုံတခုသောရေဖြင့် ပြည့်သောအိုးသည် မှောက်ထားလိုက်သည်ရှိသော် ရေကို အကြွင်းမဲ့ အန်ထုတ်သကဲ့သို့ ထိုသို့ အန်ရာ၌(ရေကို)မစောင့်ရှောက်သကဲ့သို့—

၁၁၉။ ထို့အတူပင် သင်သည် အယုတ် အမြတ် အလတ်ဖြစ်သော တောင်းခံသူပုဂ္ဂိုလ်တို့ကို တွေ့မြင်သည်ရှိသော် မှောက်ထားသောအိုးကဲ့သို့ အလှူဝတ္ထုကို အကြွင်းမဲ့ ပေးလှူပါလော့။

http://www.dhammadownload.com



၁၂၀။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ သမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ဦးအံ့။

၁၂၁။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော နှစ်ခုမြောက် သီလပါရမီကို တွေ့မြင်ခဲ့၏။

၁၂၂။ သင်သည် သမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤ နှစ်ခုမြောက်သော သီလပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ဖြည့်ကျင့်ပါလော့။

၁၂၃။ စာမရီသားကောင်သည် တစုံတခု သစ်ပင်ချုံနွယ်၌ မြီးဆံသည် ငြိနေလတ်သော် ထိုငြိနေရာ၌ပင် သေခြင်းသို့ ရောက်စေကာမူ မြီးဆံကို မပျက်စီးစေသကဲ့သို့—

၁၂၄။ ထို့အတူပင် လေးပါးသောအရာတို့၌ သီလကို ဖြည့်ကျင့်ပါလော့၊ စာမရီသားကောင်သည် မြီးဆံကို စောင့်ရှောက်သကဲ့သို့ အခါခပ်သိမ်း သီလကို စောင့်ရှောက်ပါလော့။

၁၂၅။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ သမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ဦးအံ့။

၁၂၆။ ထိုအခါ ငါသည် စူးစမ်းခြင်ဆင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော သုံးခုမြောက် နေက္ခမ္မပါရမီကို တွေ့မြင်ခဲ့၏။

၁၂၇။ သင်သည် သမ္ဗောဓိဉာဏ်သို့ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤ သုံးခုမြောက်သော နေက္ခမ္မပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ဖြည့်ကျင့်ပါလော့။

၁၂၈။ နှောင်အိမ်၌ ကြာမြင့်စွာနေရသော ယောကျ်ားသည် ဆင်းရဲဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ထိုနှောင်အိမ်၌ တပ်မက်ခြင်းကို မဖြစ်စေပဲ လွတ်မြောက်ခြင်းကိုသာလျှင် ရှာဖွေသကဲ့သို့—

၁၂၉။ ထို့အတူပင် သင်သည် အလုံးစုံသော ဘဝတို့ကို နှောင်အိမ်တို့ကဲ့သို့ ရှုပါလော့၊ ဘဝမှ လွတ်မြောက်ခြင်းအကျိုးငှါ တောထွက်ခြင်းသို့ ရှေးရှုဖြစ်ပါလော့။

၁၃၀။ ဘုရားအဖြစ်ကို ပြုတတ်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ သမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ဦးအံ့။

၁၃၁။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ်မှီဝဲအပ်သော လေးခုမြောက် ပညာပါရမီကို တွေ့မြင်ခဲ့၏။

၁၃၂။ သင်သည် သမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤ လေးခုမြောက်သော ပညာပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ဖြည့်ကျင့်ပါလော့။

http://www.dhammadownload.com



၁၃၃။ ဆွမ်းခံသော ရဟန်းသည် အယုတ် အမြတ် အလတ်ဖြစ်သော အမျိုး(အိမ်)တို့ကို မကြဉ်ရှောင်၊ ဤသို့ မကြဉ်ရှောင်လတ်သော် မျှတရုံသော အာဟာရကို ရသကဲ့သို့—

၁၃၄။ ထို့အတူပင် သင်သည် အခါခပ်သိမ်း ပညာရှိသော သူကို မေးမြန်းလျက် ပညာပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၃၅။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

၁၃၆။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ငါးခုမြောက် ဝီရိယပါရမီကို တွေ့မြင်ခဲ့၏။

၁၃၇။ သင်သည် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤငါးခုမြောက်သော ဝီရိယပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ဖြည့်ကျင့်ပါလော့။

၁၃၈။ သားတို့သနင်း ခြင်္သေ့မင်းသည် ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း၌ မတွန့်ဆုတ်သော ဝီရိယရှိလျက် အခါခပ်သိမ်း စိတ်ကို ပင့်မြှောက်ထားသကဲ့သို့—

၁၃၉။ ထို့အတူပင် သင်သည် အလုံးစုံသော ဘဝ၌ လုံ့လဝီရိယကို မြဲမြံစွာ ပင့်မြှောက်၍ ဝီရိယပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ရလတ္တံ့။

၁၄၀။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

၁၄၁။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ခြောက်ခုမြောက် ခန္တီပါရမီကို တွေ့မြင်ခဲ့၏။

၁၄၂။ သင်သည် ဤခြောက်ခုမြောက် ခန္တီပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ထိုခန္တီပါရမီ၌ စိတ်နှစ်ခွ မရှိလတ်သော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ရလတ္တံ့။

၁၄၃။ မြေကြီးမည်သည် စင်ကြယ်သည်လည်းဖြစ်သော မစင်ကြယ်သည်လည်းဖြစ်သော အလုံးစုံ ပစ်ချအပ်သော အရာဝတ္ထုကို သည်းခံ၏၊ ထိုပစ်ချခြင်းကြောင့် မုန်းခြင်းချစ်ခြင်းကို မပြုသကဲ့သို့—

၁၄၄။ ထို့အတူပင် သင်သည်လည်း အလုံးစုံသောသူတို့အား ကောင်းစွာ မြတ်နိုးခြင်း မထီမဲ့မြင် ပြုခြင်းတို့၌ သည်းခံလျက် ခန္တီပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၄၅။ ဘုရားအဖြစ်ကိုပြုတတ်ကုန်သော ဤတရားတို့သည်ဤမျှလောက်တို့သာ ဖြစ်လိမ့်မည် မဟုတ်ကုန်သေး၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

http://www.dhammadownload.com



၁၄၆။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ခုနစ်ခုမြောက် သစ္စာပါရမီကို တွေ့မြင်ခဲ့၏။

၁၄၇။ သင်သည် ဤခုနစ်ခုမြောက် သစ္စာပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ထိုသစ္စာပါရမီ၌ စကားနှစ်ခွ မရှိလတ်သော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ရလတ္တံ့။

၁၄၈။ နတ်နှင့်တကွသော လောက၌ ချိန်သဖွယ်ဖြစ်သော သောက်ရှူးကြယ်မည်သည် မိုးအခါ၌ရင်း ဆောင်းဥတု နွေဥတု၌ရင်း (သွားမြဲ)လမ်းမှ မဖဲမရှောင်သကဲ့သို့—

၁၄၉။ ထို့အတူပင် သင်သည်လည်း သစ္စာ (စကား)တို့၌ (ပြောဆို)မြဲလမ်းမှ မဖဲမရှောင်မူ၍ သစ္စာပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၅၀။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်တို့သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

၁၅၁။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ရှစ်ခုမြောက် အဓိဋ္ဌာန်ပါရမီကို တွေ့မြင်ခဲ့၏။

၁၅၂။ သင်သည် ဤရှစ်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို အလွန်မြဲမြံအောင်ပြု၍ ဆောက်တည်ပြီးလျှင် ထိုအဓိဋ္ဌာန်ပါရမီ၌ တုန်လှုပ်ခြင်း မရှိလတ်သော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၅၃။ လှုပ်ရှားခြင်းမရှိပဲ ကောင်းစွာ တည်တံ့သော ကျောက်တောင်သည် ပြင်းထန်သော လေတို့ကြောင့် မတုန်လှုပ်၊ မိမိနေရာ၌သာလျှင် တည်နေသကဲ့သို့—

၁၅၄။ ထို့အတူပင် သင်သည် အဓိဋ္ဌာန်ပါရမီ၌ အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသူ ဖြစ်ပါလော့၊ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၅၅။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်သာ ဖြစ်လိမ့်မည် မဟုတ်ကုန်သေး၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

၁၅၆။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ ဖြစ်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ကိုးခုမြောက် မေတ္တာပါရမီကို တွေ့မြင်ခဲ့၏။

၁၅၇။ သင်သည် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ဤကိုးခုမြောက်သော မေတ္တာပါရမီကို အလွန်မြဲမြံအောင် ပြု၍ ဆောက်တည်ပြီးလျှင် မေတ္တာပါရမီ၌ အတူမရှိသောသူ ဖြစ်ပါလော့။

၁၅၈။ ရေမည်သည် ကောင်းသောလူ မကောင်းသောလူတို့ကို အအေးဖြင့် အညီအမျှ ပျံ့နှံ့တွေ့ထိ၍ မြူအညစ်အကြေးကို မျှောသကဲ့သို့—

၁၅၉။ ထို့အတူပင် သင်သည် (မိမိ)အကျိုးကို ဆောင်သောသူ (မိမိ)အကျိုးကို မဆောင်သောသူတို့ကို အညီအမျှ မေတ္တာ ပွါးများလော့၊ မေတ္တာပါရမီကို ဖြည့်ကျင့်သည် ရှိသော် သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

http://www.dhammadownload.com



၁၆၀။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော ဤတရားတို့သည် ဤမျှလောက်သာ ဖြစ်လိမ့်မည်မဟုတ်ကုန်သေး၊ ငါသည် သမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သော အခြားတရားတို့ကိုလည်း စူးစမ်းဆင်ခြင်ဦးအံ့။

၁၆၁။ ထိုအခါ ငါသည် စူးစမ်းဆင်ခြင်လတ်သော် ရှေး၌ ဖြစ်ကုန်သော ဘုရားအလောင်းတို့သည် အဖန်ဖန် အမြဲမပြတ် မှီဝဲအပ်သော ဆဋ္ဌမမြောက် ဥပေက္ခာပါရမီကို တွေ့မြင်ခဲ့၏။

၁၆၂။ သင်သည် ဤဆဋ္ဌမမြောက်သော ဥပေက္ခာပါရမီကို အလွန် မြဲမြံအောင် ပြု၍ ဆောက်တည်ပြီးလျှင် ချိန်သဖွယ်ဖြစ်၍ မြဲမြံစွာ ဖြစ်သည်ရှိသော် သမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၆၃။ မြေကြီးမည်သည် မစင်ကြယ်သောအရာကိုရင်း စင်ကြယ်သောအရာကိုရင်း ပစ်ချအပ်သည်ရှိသော် ဤအရာနှစ်မျိုးတို့ကို မုန်းခြင်း ချစ်ခြင်းမှ ကြဉ်လျက် လျစ်လျူရှုသကဲ့သို့—

၁၆၄။ ထိုအတူပင် သင်သည် ချမ်းသာ ဆင်းရဲ၌ အခါခပ်သိမ်း ချိန်သဖွယ် ဖြစ်လော့၊ ဥပေက္ခာပါရမီကို ဖြည့်ကျင့်သည်ရှိသော် သမ္ဗောဓိဉာဏ်သို့ ရောက်လတ္တံ့။

၁၆၅။ လောက၌ အကြင်တရားတို့သည် သမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်ကုန်၏။ ထိုတရားတို့သည် ဤမျှလောက်တို့သာတည်း၊ ထို့ထက် အလွန် အခြားသော တရားမရှိချေ၊ ထိုပါရမီတရားတို့၌ မြဲမြံစွာ ဆောက်တည်ပါလော့။

၁၆၆။ ဤပါရမီတရားတို့ကို မိမိ၏သဘော မိမိ၏ကိစ္စ လက္ခဏာအားဖြင့် သုံးသပ်ဆင်ခြင်စဉ် (ငါ၏ ဆင်ခြင်ဉာဏ်) တရားတန်ခိုးတော်ကြောင့် လောကဓာတ်တသောင်း၌ ရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

၁၆၇။ မြေကြီးသည် ကြိတ်ညှစ်အပ်သော ကြံညှစ်စက်ယန္တရားကဲ့သို့ လှုပ်ရှား၏၊ မြည်ဟီး၏၊ မြေကြီးသည် ဆီ(ကြိတ်) စက်ယန္တရားကဲ့သို့ တုန်လှုပ်၏။

၁၆၈။ အကြင်မျှလောက်သော ပရိသတ်သည် မြတ်စွာဘုရားအား ဆွမ်းလုပ်ကျွေးရာ အရပ်၌ တည်ရှိ၏၊ထိုပရိသတ်သည် ထိုဆွမ်းလုပ်ကျွေးရာ အရပ်၌ တုန်လှုပ်သည်ဖြစ်၍ မိန်းမော တွေဝေလျက် မြေ၌ အိပ်ရ၏။

၁၆၉။ ထိုဆွမ်းလုပ်ကျွေးရာ အရပ်၌ အထောင်မကသော အိုးတို့သည်၎င်း အရာမက များစွာသော အိုးစရည်းကြီးတို့သည်၎င်း အချင်းချင်း ထိခိုက်ကုန်သည်ဖြစ်၍ မှုန်မှုန်ညက်ညက်ကွဲကျေ ရေယှက်ကုန်၏။

၁၇၀။ များစွာသော လူတို့သည် ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်ကုန်လျက် စိုးရိမ်ပူပန်သော စိတ်ရှိကုန်သည်ဖြစ်၍ စုဝေးကြပြီးလျှင် ဒီပင်္ကရာ မြတ်စွာဘုရား(ထံ)သို့ ချဉ်းကပ်ကြကုန်၏။

၁၇၁။ စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား လောကအား ကောင်းခြင်း ဖြစ်ပါမည်လော၊ သို့မဟုတ် မကောင်းခြင်း ဖြစ်ပါမည်လော၊ အဘယ်သို့ ဖြစ်ပါလိမ့်မည်နည်း၊ အလုံးစုံသော လောကကို ကြောက်ခြင်းဖြင့် နှိပ်စက်အပ်ပါ၏၊ ထိုကြောက်ခြင်းကို ပယ်ဖျောက်တော်မူပါ (ဟုလျှောက်ကုန်၏)။

http://www.dhammadownload.com



၁၇၂။ ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားသည် ထိုလူတို့ကို သိစေတော်မူ၏၊ (သင်တို့သည်) ဤမြေလှုပ်ရာ၌ ထိတ်လန့်ခြင်း ကင်းကြကုန်လော့၊ မကြောက်ကြကုန်လင့်။

၁၇၃။ လောက၌ ဘုရား ဖြစ်လတ္တံ့ဟု အကြင်သုမေဓာရသေ့ကို ငါသည် ယနေ့ဗျာဒိတ် စကား မိန့်ကြားခဲ့၏၊ ဤသုမေဓာရသေ့သည် ရှေးရှေးမြတ်စွာဘုရားတို့သည် မှီဝဲကျင့်သုံး အပ်သော (ပါရမီ)တရားကို ဆင်ခြင်သုံးသပ်၏။

၁၇၄။ ထိုသုမေဓာရသေ့သည် ဘုရား ဖြစ်ကြောင်း (ပါရမီ)တရားကို အကြွင်းမရှိဆင်ခြင် သုံးသပ်စဉ် ထိုသို့ဆင်ခြင်သုံးသပ်ခြင်းကြောင့် ဤမြေကြီးသည် နတ်နှင့်တကွသော လောက ဓာတ်တသောင်း၌ တုန်လှုပ်လေ၏။

၁၇၅။ (ဤသို့)မြတ်စွာဘုရား၏ စကားတော်ကို ကြားနာရ၍ (လူအပေါင်းတို့၏)စိတ် သည် ငြိမ်းအေးလေ၏၊ ထိုအခါ လူအားလုံးတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ တဖန် ငါ့ကိုပင် ရှိခိုးကုန်၏။

၁၇၆။ ထိုအခါ (ငါသည်) မြတ်စွာဘုရားဂုဏ်(ပါရမီ)တော်ကို ဆောက်တည်၍ စိတ်ကို မြဲမြံအောင် ပြုလျက် ဒီပင်္ကရာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နေရာမှ ထခဲ့၏။

၁၇၇။ နတ်လူနှစ်ဦးလုံးတို့သည်ပင် နတ်၌ဖြစ်သောပန်း လူ၌ဖြစ်သောပန်းတို့ကို (ယူ၍) နေရာမှ ထသော ငါ့အား ပန်းပွင့်တို့ဖြင့် ကောင်းစွာ ကြဲဖြန့်ပူဇော်ကုန်၏။

၁၇၈။ ထိုနတ်လူ နှစ်ဦးလုံးတို့သည်ပင် ကောင်းကျိုး ချမ်းသာ မင်္ဂလာစကားကို ပြောကြား ကြကုန်၏၊ အရှင်ရသေ့သည် မြင့်မြတ်သော အရာအထူးကို တောင့်တပေ၏၊ ထိုအရာအထူးကို အလိုရှိတိုင်း ရပါစေသောဝ်။

၁၇၉။ အလုံးစုံသော ဘေးရန်တို့သည် ရှောင်ကွင်းကြပါစေသောဝ်၊ စိုးရိမ်ခြင်းသည်၎င်း အနာရောဂါသည်၎င်း ပျောက်ကင်းပါစေသောဝ်၊ အရှင်ရသေ့အား အန္တရာယ်တို့သည် မဖြစ်ကြ ပါစေသောဝ်၊ သမ္မာသမ္ဗောဓိဉာဏ်မြတ်သို့ လျင်မြန်စွာ ရောက်ပါစေသောဝ်။

၁၈၀။ ကြီးသော လုံ့လရှိတော်မူသော အရှင်ရသေ့ ပွင့်လေ့ရှိသော သစ်ပင်တို့သည် အချိန် ရောက်လျှင် ပွင့်ကုန်သကဲ့သို့ ထို့အတူပင် အရှင်ရသေ့သည် ဘုရားဉာဏ်တော်ဖြင့် ပွင့်ပါစေ သောဝ်။

၁၈၁။ ကြီးသော လုံ့လရှိတော်မူသော အရှင်ရသေ့ အလုံးစုံသော မြတ်စွာဘုရားတို့သည် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ကုန်သကဲ့သို့ ထို့အတူပင် အရှင်ရသေ့သည် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူနိုင်ပါစေသောဝ်။

၁၈၂။ ကြီးသော လုံ့လရှိတော်မူသော အရှင်ရသေ့ အလုံးစုံသော မြတ်စွာဘုရားတို့သည် ဗောဓိမဏ္ဍိုင်၌ ပွင့်ကုန်သကဲ့သို့ ထို့အတူပင် အရှင်ရသေ့သည် မြတ်စွာဘုရားတို့ ပွင့်ရာ ဗောဓိပင်၌ ပွင့်တော်မူပါစေသောဝ်။

၁၈၃။ ကြီးမားသော လုံ့လရှိတော်မူသော အရှင်ရသေ့ အလုံးစုံသောမြတ်စွာဘုရားတို့ သည် ဓမ္မစကြာကို ဟောကုန်သကဲ့သို့ ထို့အတူပင် အရှင်ရသေ့သည် ဓမ္မစကြာကို ဟော တော်မူနိုင်ပါစေသောဝ်။

http://www.dhammadownload.com



၁၈၄။ လပြည့်နေ့၌ ထက်ဝန်းကျင် စင်ကြယ်သော လသည် တင့်တယ်သကဲ့သို့ ထိုအတူပင် အရှင်ရသေ့သည် စိတ်အလိုပြည့်သည်ဖြစ်၍ လောကဓာတ်တသောင်း၌ တင့်တယ်တော်မူပါစေသောဝ်။

၁၈၅။ ရာဟုမှ လွတ်မြောက်သောနေသည် အလင်းရောင်ဖြင့် အလွန်တင့်တယ်သကဲ့သို့ ထိုအတူပင် အရှင်ရသေ့သည် လောကမှ လွတ်မြောက်လျက် မြတ်စွာဘုရား အသရေဖြင့် တင့်တယ်တော်မူပါစေသောဝ်။

၁၈၆။ အလုံးစုံသော မြစ်တို့သည် သမုဒ္ဒရာသို့ စီးဝင်ကုန်သကဲ့သို့ ဤအတူ နတ်နှင့်တကွသော လူတို့သည် အရှင်ရသေ့၏ အထံသို့ ချဉ်းကပ်နိုင်ကြပါစေသောဝ်။

ထိုအခါ ထိုနတ်လူတို့(ဤသို့) အထူးချီးမွမ်းအပ်သော ထိုသုမေဓာသည် ပါရမီတရား ဆယ်ပါးတို့ကို ဆောက်တည်ပြီးလျှင် ထိုတရားတို့ကို ဖြည့်ကျင့်လိုသည်ဖြစ်၍ တောအုပ်သို့ ဝင်လေ၏။

သုမေဓပတ္ထနာကထာ ပြီး၏။

---

## ၃-ဒီပင်္ကရာဗုဒ္ဓဝင်

၁။ ထိုအခါ ထိုရမ္မဝတီပြည်သူပြည်သားတို့သည် သံဃာနှင့်တကွသော မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးပြီးလျှင် ထိုဒီပင်္ကရာမြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်၏။

၂။ ဒီပင်္ကရာမြတ်စွာဘုရားသည် အချို့သောပုဂ္ဂိုလ်ကို သရဏဂုံ၌ အချို့သောပုဂ္ဂိုလ်ကို ငါးပါးသီလတို့၌ အချို့သောပုဂ္ဂိုလ်ကို ဆယ်ပါးသီလ၌ တည်စေတော်မူ၏။

၃။ ထိုမြတ်စွာဘုရားသည် အချို့သောပုဂ္ဂိုလ်အား အရိယမဂ်ကိုရင်း မြတ်သောဖိုလ်လေးပါးတို့ကိုရင်း ပေးတော်မူ၏၊ အချို့သောပုဂ္ဂိုလ်အား အတုမရှိသော ပဋိသမ္ဘိဒါတရားတို့ကို ပေးတော်မူ၏။

၄။ မြတ်စွာဘုရားသည် အချို့သောပုဂ္ဂိုလ်အား မြတ်သောသမာပတ် ရှစ်ပါးတို့ကို ပေးတော်မူ၏၊ အချို့သောပုဂ္ဂိုလ်အား ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတို့ကို ပေးတော်မူ၏။

၅။ မြတ်စွာဘုရားသည် ထိုနည်းအစီအစဉ်အားဖြင့် လူအပေါင်းကို ဆုံးမတော်မူ၏၊ ထိုအဆုံးအမကြောင့် မြတ်စွာဘုရား၏ သာသနာတော်သည် ပြန့်နှံ့လေ၏။

၆။ ခြင်္သေ့မင်း၏ မေးနှင့်တူသော မေးရှိတော်မူ၍ နွားလားဥသဘ၏ ပခုံးနှင့်တူသော ပခုံးရှိတော်မူသော ဒီပင်္ကရာအမည်ရှိသော မြတ်စွာဘုရားသည် များစွာသော လူတို့ကို ကယ်တင်တော်မူ၏၊ ဒုဂ္ဂတိဘဝမှ လွတ်မြောက်စေတော်မူ၏။

၇။ မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိစေထိုက်သော သတ္တဝါကို မြင်တော်မူသည်ရှိသော် ယူဇနာတသိန်းဝေးကွာသောအရပ်၌ပင် (တည်သော) ထိုသတ္တဝါထံသို့ တခဏဖြင့် ချဉ်းကပ်၍ (သစ္စာလေးပါးတရားကို) သိစေတော်မူ၏။

http://www.dhammadownload.com



၈။ မြတ်စွာဘုရားသည် ရှေးဦးစွာ (သစ္စာလေးပါးကို) သိစေတော်မူရာအခါ၌ ကုဋေတရာသော လူနတ်ပြဟ္မာအပေါင်းကို သိစေတော်မူ၏၊ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက် သစ္စာလေးပါးကို သိစေတော်မူရာအခါ၌ ကုဋေကိုးဆယ်သော လူနတ်ပြဟ္မာအပေါင်းကို သိစေတော်မူ၏။

၉။ အကြင်အခါ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူ၏၊ ထိုအခါ၌လည်း ကုဋေကိုးသောင်းသော နတ်ပြဟ္မာတို့၏ သုံးကြိမ်မြောက် သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းသည် ဖြစ်၏။

၁၀။ ဒီပင်္ကရာမြတ်စွာဘုရား၏ သုံးကြိမ်သော တပည့်သာဝက အစည်းအဝေးတို့သည် ဖြစ်ကုန်၏၊ ပဌမအစည်းအဝေးသည် ကုဋေတသိန်းသော တပည့်သာဝကတို့၏ အစည်းအဝေး ဖြစ်၏။

၁၁။ မြတ်စွာဘုရားသည် နာရဒကူဋ္ဋတောင်၌ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်တော်မူသည်ရှိသော် ကိလေသာအညစ်အကြေးကင်းကုန်သော ရဟန္တာကုဋေတရာတို့သည် တဖန် စည်းဝေးကုန်၏။

၁၂။ အကြင်အခါ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရားသည် သုဒဿနကျောက်တောင်၌ ဝါဆိုတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ကုဋေကိုးသောင်းသော ရဟန္တာတို့နှင့်အတူ ပဝါရဏာပြုတော်မူ၏။

၁၃။ (ဒီပင်္ကရာမြတ်စွာဘုရား တရားဟောတော်မူလတ်သော်) တသောင်းသော သတ္တဝါနှစ်သောင်းသောသတ္တဝါတို့၏ သစ္စာလေးပါးတရားကို သိခြင်းသည်ဖြစ်၏၊ တဦးစီနှစ်ဦးစီသော သတ္တဝါတို့၏ တရားကို ထိုးထွင်းသိခြင်းတို့သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်ကုန်။

၁၄။ ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရား၏ သန့်ရှင်းစင်ကြယ်သော သာသနာတော်သည် ပြန့်နှံ့၏၊ လူသိများ၏၊ ပြည့်စုံ၏၊ စည်ကား၏။

၁၅။ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ တန်ခိုးကြီးကုန်သော ရဟန္တာလေးသိန်းတို့သည် ဒီပင်္ကရာ မြတ်စွာဘုရားကို အခါခပ်သိမ်း ခြံရံကုန်၏။

၁၆။ ထိုဒီပင်္ကရာဘုရား ပွင့်တော်မူသောအခါ၌ အကြင်ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ မရောက်မူ၍ သေက္ခသာဖြစ်လျက် လူ့ဘဝကို စွန့်ကုန်၏၊ ထိုသေက္ခရဟန်းတို့သည် ကဲ့ရဲ့အပ်သူတို့သာဖြစ်ကုန်၏။

၁၇။ ကောင်းစွာ ပွင့်လင်းသော မြတ်စွာဘုရား သာသနာတော်သည် ပဋိသမ္ဘိဒါဉာဏ်နှင့် ပြည့်စုံကုန်သော အာသဝေါမရှိကုန်သော ကိလေသာအညစ်အကြေးကင်းကုန်သော ရဟန္တာတို့ဖြင့် အခါခပ်သိမ်း အလွန်တင့်တယ်၏။

၁၈။ ဒီပင်္ကရာမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့သည် ရမ္မဝတီမည်၏၊ ခမည်းတော်သည် သုဒေဝမင်းမည်၏၊ မယ်တော်သည် သုမေဓာမိဖုရားမည်၏။

၁၉။ ထိုဒီပင်္ကရာဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို စိုးအုပ်၍နေ၏၊ ထိုဘုရားလောင်းအား ဟံသ ကောဉ္စ မယူရ 'ဟံသာ ကြိုးကြာ ဥဒေါင်း' အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

http://www.dhammadownload.com



၂၀။ ကောင်းစွာ တန်ဆာဆင်ထားသော မောင်းမသုံးသိန်းတို့သည် ခြံရံကုန်၏၊ ထိုဘုရားလောင်း မိဖုရားသည် ပဒုမာမည်၏၊ သားတော်သည် ဥသဘက္ခန္ဓမည်၏။

၂၁။ ထိုဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့သော ဆယ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၂-၂၃။ မြတ်စွာဘုရားသည် ကမ္မဋ္ဌာန်း အကျင့်ကို ကျင့်၍ အရဟတ္တဖိုလ်ကို သိတော်မူ၏၊ ကြီးသော လုံ့လရှိတော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ နန္ဒာရာမတိုက် အသရေရှိသော ကျောင်း၌ ဓမ္မစကြာကို ဟောတော်မူ၏၊ ကုတ်ကိုပင်ရင်း၌ ထိုင်နေလျက် တိတ္ထိတို့အား နှိမ်နင်းခြင်းကို ပြုတော်မူ၏။

၂၄။ သုမင်္ဂလသည်ရင်း တိဿသည်ရင်း ဒီပင်္ကရာမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက 'တို့ဖြစ်ကုန်၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရား အလုပ်အကျွေးသည် သာဂတမည်၏။

၂၅။ နန္ဒာသည်ရင်း သုနန္ဒာသည်ရင်း ထိုမြတ်စွာဘုရား၏ မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ 'တို့ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ညောင်ကြတ်ပင်ဟု ခေါ်ဆိုအပ်၏။

၂၆။ ဒီပင်္ကရာမြတ်စွာဘုရား၏ မြတ်သော အလုပ် အကျွေး (ဒါယကာ)တို့သည် တပုဿ ဘလ္လိကာ မည်ကုန်၏၊ အလုပ်အကျွေး (ဒါယိကာမ)တို့သည် သိရိမာ ကောဏာတို့ဖြစ်ကုန်၏။

၂၇။ ဒီပင်္ကရာမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် မြင့်တော်မူလျက် တန်ဆောင်တိုင်ကဲ့သို့ရင်း ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့ရင်း တင့်တယ်တော်မူ၏။

၂၈။ ထိုမြတ်စွာဘုရား၏ အသက်တမ်းသည် အနှစ်တသိန်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် တည်နေလျက် များစွာသော လူအပေါင်းကို ကယ်တင်တော်မူ၏။

၂၉။ မီးပုံကြီး တောက်ပ၍ ငြိမ်းအေးသကဲ့သို့ ထိုမြတ်စွာဘုရားသည် သူတော်ကောင်းတရားကို ထွန်းတောက်ပစေ၍ များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူလျက် တပည့်သာဝကနှင့်အတူ ပရိနိဗ္ဗာန်ပြုတော်မူ၏။

၃၀။ ထိုတန်ခိုးတော်သည်ရင်း ထိုအခြံအရံသည်ရင်း ခြေတော်တို့၌ ထိုစက်ရတနာတို့သည်ရင်း ရှိကုန်၏၊ ယင်းအားလုံးသည်ပင် ကွယ်ပျောက်လေ၏၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာဖြစ်ကုန်သည် မဟုတ်ပါလော။

၃၁။ မာရ်ငါးပါးကို အောင်တော်မူပြီးသော ဒီပင်္ကရာမြတ်စွာဘုရားသည် နန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုနန္ဒာရာမကျောင်းတိုက်၌ ထိုမြတ်စွာဘုရား၏ ပုထိုးစေတီတော်သည် သုံးဆယ့်ခြောက်ယူဇနာမြင့်တော်မူ၏။

ရှေးဦးစွာသော ဒီပင်္ကရာဗုဒ္ဓဝင် ပြီး၏။

http://www.dhammadownload.com



## ၄-ကောဏ္ဍညဗုဒ္ဓဝင်

၁။ ဒီပင်္ကရာမြတ်စွာဘုရား၏ နောက်အဘို့၌ အဆုံးအပိုင်းအခြားမရှိသော ဟန်ခိုးရှင် ဖြစ်၍ မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော မနှိုင်းယှဉ်အပ်သည် ဖြစ်၍ ချဉ်းကပ်ဝံ့ခဲသော ကောဏ္ဍညမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည် သည်းခံခြင်းအားဖြင့် မြေကြီးနှင့် တူတော်မူ၏၊ သီလအားဖြင့် သမုဒ္ဒရာနှင့် တူတော်မူ၏၊ သမာဓိအားဖြင့် မြင့်မိုရ်တောင်နှင့် တူတော်မူ၏၊ ဉာဏ်အားဖြင့် ကောင်းကင်နှင့် တူတော်မူ၏။

၃။ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးအလို့ငှါ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် သစ္စာတို့ကို ပြသော တရားကို အခါခပ်သိမ်း ဟောပြတော်မူ၏။

၄။ လောက၏ ရှေ့သွားဖြစ်တော်မူသော ကောဏ္ဍညမြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည်ရှိသော် ကုဋေတသိန်းသော နတ်လူတို့အား ရှေးဦးစွာ သစ္စာလေးပါးကို သိခြင်းသည် ဖြစ်လေ၏။

၅။ ထိုမှနောက်၌ လူနတ်တို့၏ အစည်းအဝေး၌ (မင်္ဂလာ) တရားကို ဟောတော်မူသည် ရှိသော် ကုဋေကိုးသောင်းသော နတ်လူတို့၏ နှစ်ကြိမ်မြောက် (သစ္စာလေးပါးကို) သိခြင်း သည် ဖြစ်လေ၏။

၆။ အကြင်အခါ တိတ္ထိတို့ကို နှိမ်နင်းလျက် တရားကို ဟောတော်မူ၏၊ ထိုအခါ ကုဋေ ရှစ်သောင်းသော နတ်လူတို့၏ သုံးကြိမ်မြောက် (သစ္စာလေးပါးကို) သိခြင်းသည် ဖြစ်လေ၏။

၇။ ကောဏ္ဍည မြတ်စွာဘုရားအား သုံးကြိမ်သော အစည်းအဝေးတို့သည် ဖြစ်ကုန်၏၊ ပဌမအစည်းအဝေးသည် (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော—

၈။ ကုဋေတသိန်းသော ရဟန္တာတို့၏အစည်းအဝေးဖြစ်၏၊ ဒုတိယ အစည်းအဝေးသည် ကုဋေတထောင်သော ရဟန္တာတို့၏ အစည်းအဝေး ဖြစ်၏၊ တတိယအစည်းအဝေးသည် ကုဋေကိုးဆယ်သော ရဟန္တာတို့၏ အစည်းအဝေးဖြစ်၏။

၉။ ထိုအခါ ငါ(ဘုရားအလောင်း)သည် ဝိဇိတာဝီမည်သော စကြာမင်းဖြစ်ခဲ့၏၊ ငါသည် (စကြဝဠာတိုက်အတွင်း) သမုဒ္ဒရာကို အဆုံးအပိုင်းအခြားပြု၍ အစိုးရခြင်းကို ဖြစ်စေ၏။

၁၀။ မြတ်စွာဘုရားနှင့်တကွသော ကိလေသာ အညစ်အကြေးကင်းသော ကုဋေတသိန်း သော ရဟန္တာတို့ကို မွန်မြတ်သော ဆွမ်းဖြင့် ရောင့်ရဲစေခဲ့၏။

၁၁။ လောက၏ ရှေ့သွား ထိုကောဏ္ဍညမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ (ဤမင်းသည်)ဤကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာတွင် လောက၌ ဘုရားဖြစ်လတ္တံ့။

၁၂။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုံ့လဝီရိယကို အားထုတ်၍ ပြုနိုင်ခဲသော အကျင့် 'ဒုက္ကရ စရိယာ' ကို ကျင့်ပြီးလျှင် များမြတ်သော အခြံအရံ အကျော်အစောရှိသော မြတ်စွာဘုရား သည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ ပွင့်လတ္တံ့။

http://www.dhammadownload.com



၁၃။ ဤမြတ်စွာဘုရား၏ မွေးဖွားသော မယ်တော်ရင်းသည် မာယာမည်သော မိဖုရား ဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒနမည်သော မင်းဖြစ်လတ္တံ့။ ဤမြတ်စွာဘုရားသည် ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့။

၁၄။ ကောလိတသည်ရင်း ဥပတိဿသည်ရင်း ဤမြတ်စွာဘုရား၏ မြတ်သောတပည့်'အဂ္ဂသာဝက'တို့ ဖြစ်ကုန်လတ္တံ့။ အာနန္ဒာမည်သော အလုပ်အကျွေးသည် ဤမြတ်စွာဘုရားကို လုပ်ကျွေးလတ္တံ့။

၁၅။ ခေမာသည်ရင်း ဥပ္ပလဝဏ်သည်ရင်း ဤမြတ်စွာဘုရား၏ မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်လတ္တံ့။ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေဟု ခေါ်လတ္တံ့။

၁၆။ စိတ္တသည်ရင်း ဟတ္ထာဠဝကသည်ရင်း ဤမြတ်စွာဘုရား၏ မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက'တို့ ဖြစ်ကုန်လတ္တံ့။ နန္ဒမာတာနှင့် ဥတ္တရာတို့သည်ကား မြတ်သော အလုပ်အကျွေး ဒါယိကာမ'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်လတ္တံ့။ များသော အခြံအရံ အကျော်အစောရှိသော ထိုဂေါတမ မြတ်စွာဘုရား၏ အသက်တမ်းသည် အနှစ်တရာ ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၇။ လူနတ်တို့သည် အတုမဲ့ပုဂ္ဂိုလ်မရှိသော ကောဏ္ဍညမြတ်စွာဘုရား၏ ဤစကားကို ကြားနာရကုန်သည်ရှိသော် ဤမင်းသည် ဘုရားလောင်း ဖြစ်သတတ်ဟု အလွန်ဝမ်းမြောက်ကုန်လျက်—

၁၈။ ကြွေးကြော်သံတို့ကိုလည်း ဖြစ်စေကြကုန်၏၊ လက်ပန်းပေါက်လည်း ခတ်ကြကုန်၏၊ ရွှင်လည်း ရွှင်လန်းကြကုန်၏၊ လောကဓာတ်တသောင်း၌နေသော နတ်တို့သည် လက်အုပ်ချီလျက် ရှိခိုးကြကုန်၏။

၁၉။ အကျွန်ုပ်တို့သည် ဤကောဏ္ဍညမြတ်စွာဘုရား၏ သာသနာတော်ကို အကယ်၍ လွဲချော်ကုန်အံ့၊ အနာဂတ်ကာလ၌ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏။

၂၀။ မြစ်ကို ကူးကုန်သော လူတို့သည် မျက်နှာချင်းဆိုင် (တူရူ) ဆိပ်ကမ်းကို လွဲချော်ကုန်သည်ရှိသော် အောက်ဆိပ်ကမ်းကို ယူ၍ မြစ်မကြီးကို ကူးကုန်သကဲ့သို့—

၂၁။ ဤအတူပင် ငါတို့ အားလုံးတို့သည် ဤမြတ်စွာဘုရားကို အကယ်၍ လွဲချော်ကုန်အံ့၊ အနာဂတ်ကာလ၌ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ ဟု ဆုတောင်းကုန်၏။

၂၂။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ထိုဘုရားဖြစ်ခြင်း၏ အကြောင်း (ပါရမီ)ကို ပြီးစီးစေလိုသည်ဖြစ်၍ မြတ်သော စကြာမင်းအဖြစ်ကို မြတ်စွာဘုရားအား ပေးလှူခဲ့၏၊ မြတ်သော စကြာမင်းအဖြစ်ကို ပေးလှူပြီးလျှင် ထိုမြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုခဲ့၏။

၂၃။ ငါသည် သုတ္တန်ကိုရင်း ဝိနည်းကိုရင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမတော် အားလုံးကို သင်ကြား၍ မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေခဲ့၏။

http://www.dhammadownload.com



၂၄။ ငါသည် ထိုမြတ်စွာဘုရား သာသနာတော်တွင် ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း၌ မမေ့မလျော့ နေသည်ရှိသော် အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်၍ ဖြဟ္မာ့ပြည်သို့ လားခဲ့၏။

၂၅။ ကောဏ္ဍညမြတ်စွာဘုရား၏ မြို့တော်သည် ရမ္မဝတီမည်၏၊ ခမည်းတော်သည် သုနန္ဒမင်းမည်၏၊ မယ်တော်သည် သုဇာတာမိဖုရားမည်၏။

၂၆။ ထိုကောဏ္ဍည ဘုရားအလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားအလောင်းအား) သုစိ သုရုစိ သုဘအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၇။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မောင်းမသုံးသိန်းတို့သည် ခြံရံကုန်၏၊ (ထိုဘုရားအလောင်း၏) မိဖုရားသည် ရုစိဒေဝီမည်၏၊ သားတော်သည် ဝိဇိတသေနမည်၏။

၂၈။ (ထိုဘုရားလောင်းသည်) နိမိတ်လေးပါးကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ဆယ်လတို့ပတ်လုံး (ကမ္မဋ္ဌာန်းစီးဖြန်းခြင်း)လုံ့လကို အားထုတ်တော်မူ၏။

၂၉။ ကြီးသော လုံ့လရှိတော်မူသော ကောဏ္ဍညမြတ်စွာဘုရားသည် ဗြဟ္မာမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ နတ်တို့အား မြို့တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၃၀။ ဘဒ္ဒသည်၎င်း သုဘဒ္ဒသည်၎င်း ထိုကောဏ္ဍညမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးသည် အနုရုဒ္ဓမည်၏။

၃၁။ တိဿနှင့် ဥပတိဿတို့သည် ကောဏ္ဍညမြတ်စွာဘုရား၏ မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်သည် သာလကလျာဏီပင် ဖြစ်၏။

၃၂။ သောဏသည်၎င်း ဥပသောဏသည်၎င်း ထိုမြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ဖြစ်ကုန်၏၊ နန္ဒာနှင့် သိရိမာတို့သည် မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ဖြစ်ကုန်၏။

၃၃။ ထိုမြတ်စွာဘုရားသည် (အတောင်) ရှစ်ဆယ့်ရှစ်တောင်မြင့်တော်မူလျက် လမင်းကဲ့သို့၎င်း မွန်းတည့်ချိန်၌ နေမင်းကဲ့သို့၎င်း တင့်တယ်တော်မူ၏။

၃၄။ ထိုအခါ အသက်တမ်းသည် အနှစ်တသိန်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၃၅။ (ဘုရားပွင့်ရာ) မြေကြီးသည် (ကိလေသာ) အညစ်အကြေးကင်းသော ရဟန္တာတို့ဖြင့် ဆန်းကြယ်ခဲ့လေ၏၊ ကောင်းကင်သည် နက္ခတ်တို့ဖြင့် တင့်တယ်သကဲ့သို့ ထို့အတူ ထိုမြတ်စွာဘုရားသည် ရဟန္တာတို့ဖြင့် တင့်တယ်တော်မူ၏။

၃၆။ ထိုရဟန္တာတို့သည်လည်း ဂုဏ်အားဖြင့် မနှိုင်းယှဉ်နိုင်ကုန်၊ ရန်သူတို့သည် မချောက်ချားနိုင်ကုန်၊ လူသာမန်တို့ မချဉ်းကပ်နိုင်ကုန်၊ များသောအကျော်အစောရှိသော ထိုရဟန္တာတို့သည် လျှပ်စစ်ပြက်သကဲ့သို့ (တန်ခိုးတော်ကို)ပြပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူကြလေကုန်ပြီ။

http://www.dhammadownload.com



၃၇။ မြတ်စွာဘုရား၏ အတုမရှိသော ထိုတန်ခိုးတော်သည်၎င်း ဉာဏ်ဖြင့်ပွါးစေအပ်သော သမာဓိသည်၎င်း ထိုအားလုံးသည် ကွယ်ပျောက်ခဲ့လေ၏၊အလုံးစုံသောသင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည်မဟုတ်ပါလော။

၃၈။ မြတ်သော ကောဏ္ဍညမြတ်စွာဘုရားသည် စန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏၊ ထိုစန္ဒာရာမကျောင်းတိုက်၌ပင် ဆန်းကြယ်သော စေတီတော်သည် ခုနစ်ယူဇနာတိုင်တိုင် မြင့်လေ၏။

**နှစ်ခုမြောက် ကောဏ္ဍညဗုဒ္ဓဝင် ပြီး၏။**

---

## ၃-မင်္ဂလဗုဒ္ဓဝင်

၁။ ကောဏ္ဍည မြတ်စွာဘုရား၏ နောက်အဘို့၌ မင်္ဂလမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုမြတ်စွာဘုရားသည် လောက၌ အမိုက်မှောင်ကို ပယ်ဖျောက်၍ တရားတည်းဟူသော မီးရှူးတိုင်ကို ညှိထွန်းတော်မူ၏။

၂။ ထိုမြတ်စွာဘုရားအား အခြားသောမြတ်စွာဘုရားတို့ထက် လွန်ကဲသော အတုမရှိသော အရောင်သည် ရှိလေ၏၊ ထိုမြတ်စွာဘုရား၏ အရောင်သည် လနေတို့၏ အရောင်ကို ပယ်ဖျောက်၍ တသောင်းသော လောကဓာတ်၌ တင့်တယ်၏။

၃။ ထိုမြတ်စွာဘုရားသည်လည်း အမြတ်ဆုံးသစ္စာလေးပါးတရားတို့ကို ပြတော်မူ၏၊ ထိုထို နတ်လူတို့သည် သစ္စာလေးပါးတရားဟူသော အမြိုက်ရေကို သောက်ကြရ၍ ကြီးစွာသော အမိုက်မှောင်ကို ပယ်ဖျောက်ကြကုန်၏။

၄။ ထိုမင်္ဂလမြတ်စွာဘုရားသည် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်၍ ရှေးဦးစွာ တရားဟောပြရာအခါ၌ ကုဋေတသိန်းသော နတ်လူပြဟ္မာတို့၏ သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်လေ၏။

၅။ မြတ်စွာဘုရားသည် သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူ၏၊ ထိုအခါ ကုဋေတထောင်သော နတ်ပြဟ္မာတို့၏ သစ္စာလေးပါးကို သိခြင်းသည် နှစ်ကြိမ်မြောက်ဖြစ်လေ၏။

၆။ အကြင်အခါ သုနန္ဒစကြဝတေးမင်းသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် မြတ်သောတရားကာလ်းဟူသော စည်တော်ကြီးကို တီးခတ်တော်မူ၏။

၇။ ထိုအခါ သုနန္ဒစကြဝတေးမင်း၏ နောက်လိုက်လူအပေါင်းတို့သည် ကုဋေကိုးဆယ်တို့ဖြစ်ကုန်၏၊ ထိုနောက်လိုက်လူအားလုံးတို့သည်လည်း အကြွင်းမဲ့ ဧဟိဘိက္ခုရဟန်းတို့ဖြစ်ကုန်၏။

၈။ မင်္ဂလမြတ်စွာဘုရားအား သုံးကြိမ်သော အစည်းအဝေးတို့သည် ဖြစ်ကုန်၏၊ ပဌမ အစည်းအဝေးသည် ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးဖြစ်လေ၏။

http://www.dhammadownload.com



၉။ ဒုတိယအစည်းအဝေးသည် ကုဋေတသိန်းသော ရဟန္တာတို့၏အစည်းအဝေးဖြစ်လေ၏၊ တတိယ အစည်းအဝေးသည် ကိလေသာ အညစ်အကြေး ကင်းသော ကုဋေကိုးဆယ်သော ရဟန္တာတို့၏ အစည်းအဝေး ဖြစ်၏။

၁၀။ ထိုမင်္ဂလဘုရားလက်ထက်တော်အခါ၌ ငါ(ဘုရားလောင်း)သည် ဗေဒင်ကို သရဇ္ဈာယ် တတ်သော ဗေဒင်ကို ဆောင်သော သုံးပါးသော ဗေဒကျမ်းတို့၏ တဖက်ကမ်းသို့ရောက်သော သုရုစိမည်သော ပုဏ္ဏားဖြစ်ခဲ့၏။

၁၁။ ငါသည် ထိုမင်္ဂလမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပြီးလျှင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်ကို နံ့သာပန်းဖြင့် ပူဇော် ခဲ့၏၊ နံ့သာပန်းဖြင့် ပူဇော်ပြီးလျှင် နို့ အဖျော်ဖြင့် (နို့ ဃနာဆွမ်းဖြင့်) ရောင့်ရဲစေခဲ့၏။

၁၂။ ခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက်မြတ်သော ထိုမင်္ဂလမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤသုရုစိပုဏ္ဏားသည် ဤကမ္ဘာမှ မရေမတွက်နိုင် သော ကမ္ဘာ၌ ဘုရားဖြစ်လတ္တံ့။

၁၃။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုပ်ငန်းကို အားထုတ်၍။ပ။ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ဟု ဆုတောင်းကုန်၏။

၁၄။ ငါသည် ထိုမြတ်စွာဘုရားစကားကိုလည်း ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသောအကျင့်ကို ဆောက်တည်ခဲ့၏။

၁၅။ ထိုအခါ ငါသည် နှစ်သက်ခြင်းကို ပွါးစေလျက် မြတ်သောသမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါ ငါ့အိမ်ကို မြတ်စွာဘုရားအား လှူပြီးလျှင် ထိုမြတ်စွာဘုရား၏ အထံ၌ ရဟန်း ပြုခဲ့၏။

၁၆။ ငါသည် သုတ္တန်ကိုရင်း ဝိနည်းကိုရင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရားအဆုံးအမ တော်အားလုံးကို သင်ကြား၍ မြတ်စွာဘုရားသာသနာတော်ကို တင့်တယ်စေခဲ့၏။

၁၇။ ငါသည် ထိုမြတ်စွာဘုရားသာသနာတော်၌ မမေ့မလျော့ပဲ နေလျက် ဗြဟ္မဝိဟာရ ဘာဝနာကို ပွါးများ၍ အဘိညာဉ်၏ အထွတ်အထိပ်သို့ရောက်ပြီးလျှင် ဗြဟ္မာ့ပြည်သို့လားခဲ့၏။

၁၈။ မင်္ဂလမြတ်စွာဘုရား၏မြို့တော်သည် ဥတ္တရမည်၏၊ ခမည်းတော်သည် ဥတ္တရမင်းမည်၏၊ မယ်တော်သည် ဥတ္တရာမိဖုရားမည်၏။

၁၉။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ ထိုဘုရားလောင်းအား ယသဝါ သုစိမာ သိရီမာအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့ သည် ရှိကုန်၏။

၂၀။ ကောင်းစွာ တန်ဆာဆင်အပ်ကုန်သော မောင်းမတို့သည် သုံးသောင်း ရှိကုန်၏၊ မိဖုရားသည် ယသဝတီမည်၏၊ သားတော်သည် သီဝလမည်၏။

၂၁။ ဘုရားအလောင်းသည် နိမိတ်လေးပါးတို့ကိုတွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော် မူ၏၊ မယုတ်မလျော့သော ရှစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော် မူ၏။

http://www.dhammadownload.com



၂၂။ ကြီးသော လုံ့လရှိတော်မူသော မင်္ဂလမည်သော မြတ်စွာဘုရားသည် ပြဟ္မာမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အမြတ်ဆုံး ကြက်သရေရှိသော 'သိရီဝရုတ္တမ' တော၌ မွေ့စကြာကို ဟောတော်မူ၏။

၂၃။ သုဒေဝသည်၎င်း ဓမ္မသေနသည်၎င်း မင်္ဂလမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ မင်္ဂလမြတ်စွာဘုရား၏ အလုပ်အကျွေးသည် ပါလိတမည်၏။

၂၄။ သီဝလာသည်၎င်း အသောကာသည်၎င်း ထိုမြတ်စွာဘုရား၏ မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ကံ့ကော်ပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၅။ နန္ဒသည်၎င်း ဝိသာခသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂုပဋ္ဌက' တို့ ဖြစ်ကုန်၏၊ အနုလာသည်၎င်း သုတနာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂုပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၆။ မြတ်စွာဘုရားသည် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ထိုမြတ်စွာဘုရားမှ အသိန်းမက ကုန်သော ရောင်ခြည်တော်တို့သည် ထွက်ကြွ(ကွန့်မြူး)ကုန်၏။

၂၇။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၈။ သမုဒ္ဒရာ၌ လှိုင်းတံပိုးတို့ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ကုန်သကဲ့သို့ ထို့အတူပင် ထိုမြတ်စွာဘုရား၏ ထိုတပည့်သာဝကတို့ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ကုန်။

၂၉။ လောက၏ ရှေ့သွား ဖြစ်တော်မူသော မင်္ဂလမြတ်စွာဘုရားသည် အကြင်မျှလောက် တည်နေတော်မူ၏၊ ထိုမျှလောက် မြတ်စွာဘုရား၏ သာသနာတော် တည်နေသ၍ကာလပတ်လုံး (တပည့်သာဝကတို့သည်) ကိလေသာနှင့်တကွ သေခြင်းသည် မရှိချေ။

၃၀။ များသော အခြံအရံ အကျော်အစောရှိသော ထိုမြတ်စွာဘုရားသည် တရားတည်းဟူသော ဆီမီးတိုင်ကို ညှိထွန်းတော်မူ၍ များစွာသော သတ္တဝါအပေါင်းကို ကယ်တင်ပြီးလျှင် ဆီမီးကဲ့သို့ ထွန်းတောက်ပ၍ ပရိနိဗ္ဗာန်စံတော်မူ၏။

၃၁။ နတ်နှင့်တကွသော လောက၌ သင်္ခါရတရားတို့၏ အနိစ္စသဘောကိုပြ၍ တောက်လောင်ပြီး မီးပုံကြီးကဲ့သို့၎င်း ဝင်သွားသော နေမင်းကဲ့သို့၎င်း ထွန်းလင်းပြီး၍ (ပရိနိဗ္ဗာန်စံတော်မူလေပြီ)။

၃၂။ မင်္ဂလမြတ်စွာဘုရားသည် ဝဿရမည်သော ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုဥယျာဉ်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ(ပုထိုးတော်)သည် ယူဇနာသုံးဆယ် မြင့်တော်မူ၏။

**သုံးခုမြောက် မင်္ဂလဗုဒ္ဓဝင် ပြီး၏။**

---

## ၆-သုမနဗုဒ္ဓဝင်

၁။ မင်္ဂလမြတ်စွာဘုရား၏ နောက်အဘို့၌ သုမနမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကြောင့် တူသော ပုဂ္ဂိုလ်ရှိတော်မမူ၊ အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူ၏။

http://www.dhammadownload.com



၂။ ထိုအခါ ထိုမြတ်စွာဘုရားသည် မေခလမြို့၌ တရားခရုသင်းနှင့် ကောင်းစွာ ယှဉ်သော အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးတော်မူ၏။

၃။ ထိုမြတ်စွာဘုရားသည် ကိလေသာတို့ကို အောင်မြင်၍ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်သို့ ရောက်ပြီးလျှင် သူတော်ကောင်း တရားတည်းဟူသော မြတ်သောနိဗ္ဗာန်မြို့တော်ကို ဖန်ဆင်းတော်မူ၏။

၄။ ထိုမြတ်စွာဘုရားသည် ထိုမြို့၌ အကြားအလပ်မရှိပဲ မကွေ့မကောက် ဖြောင့်တန်းလျက် ပြန့်ကျယ်သော သတိပဋ္ဌာန်တရားမြတ်တည်းဟူသော လမ်းမတော်ကြီးကို ဖန်ဆင်းတော်မူ၏။

၅။ ထိုလမ်းမတော်ကြီး၌ အရိယမဂ်ဖိုလ်လေးပါး ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး သမာပတ်ရှစ်ပါးတည်းဟူသော ကုန်စျေးတို့ကို ဖြန့်ခင်းတော်မူ၏။

၆။ အကြင်သူတို့သည် မေ့လျော့ခြင်း မရှိကုန်၊ ကိလေသာငြောင့်တံသင်း ကင်းကုန်၏၊ ရှက်ခြင်း "ဟိရိ" အားထုတ်ခြင်း "ဝီရိယ"တို့နှင့် ပြည့်စုံကုန်၏၊ ထိုသူတို့သည် ဤမြတ်သော ဂုဏ်တို့ကို လွယ်လွယ်ကူကူ ရယူနိုင်ကုန်၏။

၇။ ဤသို့ မြတ်စွာဘုရားသည် ဤအားထုတ်ခြင်း လုံ့လဖြင့် များစွာသော သတ္တဝါအပေါင်းကို ထုတ်ဆောင် ကယ်တင်လျက် ကုဋေတသိန်းသော လူနတ် ဗြဟ္မာတို့ကို ရှေးဦးစွာ သစ္စာလေးပါးကို သိစေတော်မူ၏။

၈။ အကြင်အခါ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည် တိတ္ထိအပေါင်းတို့ကို ဆုံးမတော်မူ၏၊ နှစ်ကြိမ်မြောက် တရားဟောရာ ထိုအခါ၌ ကုဋေတထောင်သော လူနတ် ဗြဟ္မာတို့သည် သစ္စာလေးပါးကို ထိုးထွင်းသိကုန်၏။

၉။ အကြင်အခါ နတ် ဗြဟ္မာတို့သည်၎င်း လူတို့သည်၎င်း စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်ဖြစ်၍ စိတ်၌ ယုံမှားခြင်းရှိသော နိရောဓ (သမာပတ်)နှင့် စပ်သော ပြဿနာကို မေးလျှောက်ကြကုန်၏။

၁၀။ နိရောဓသမာပတ်ကို ဖြေရှင်းပြသ တရားဟောတော်မူရာ ထိုအခါ၌လည်း ကုဋေကိုးသောင်းသော လူ နတ် ဗြဟ္မာတို့၏ သုံးကြိမ်မြောက် သစ္စာလေးပါးကို ထိုးထွင်းသိခြင်းသည် ဖြစ်၏။

၁၁။ သုမနမြတ်စွာဘုရားအား ကိလေသာ အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏။

၁၂။ ဝါမှ ထတော်မူသော မြတ်စွာဘုရား၏ ပဝါရဏာကို ကြေးကြော်ရာ (ပဝါရဏာပွဲ)၌ မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန္တာတို့နှင့်အတူ ပဝါရဏာပြုတော်မူလေ၏။

၁၃။ ထို့နောက် စည်းဝေးရာဖြစ်သော အညစ်အကြေးကင်းသော ကဥ္စန(ရွှေ) တောင်၌ ရဟန္တာကုဋေကိုးသောင်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေးဖြစ်လေ၏။

http://www.dhammadownload.com



၁၄။ အကြင်အခါ သိကြားနတ်မင်းသည် မြတ်စွာဘုရားအား ဖူးမြင်ခြင်းငှါ ချဉ်းကပ်၏၊ ထိုအခါ ကုဋေရှစ်သောင်းသော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၁၅။ ထိုအခါ ငါသည် အမည်အားဖြင့် အတုလဟု ထင်ရှားသော များစွာသော ကုသိုလ်ကို ဆည်းပူးခဲ့သော တန်ခိုးကြီးသော နဂါးမင်း ဖြစ်၏။

၁၆။ ထိုအခါ ငါသည် ဆွေမျိုးတို့နှင့်တကွ နဂါးဘုံမှ ထွက်၍ နဂါးတို့၏ နတ်၌ဖြစ်သော တူရိယာတို့ဖြင့် သံဃာနှင့်တကွသော မြတ်စွာဘုရားကို လုပ်ကျွေးပူဇော်ခဲ့၏။

၁၇။ ငါသည် ကုဋေတသိန်းသော ရဟန္တာတို့အား ထမင်းအဖျော်ဖြင့် ရောင့်ရဲနှစ်သက်စေခဲ့၏၊ အသီးအသီးသော ပုဆိုးအစုံကို လှူ၍ ထိုရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့၏။

၁၈။ လောက၏ ရှေ့သွားဖြစ်သော ထိုသုမနမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—ဤနဂါးမင်းသည် ဤကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာ၌ ဘုရား ဖြစ်လတ္တံ့။

၁၉။ ကမ္ဘဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်၍။ပ။ ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ဟု ဆုတောင်းကုန်၏။

၂၀။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ စိတ်ကို အလွန် ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၂၁။ သုမနမြတ်စွာဘုရား၏ မြို့တော်သည် မေခလမည်၏၊ (ခမည်းတော်)သည် သုဒတ္တမင်း မည်၏၊ မယ်တော်သည် သိရိမာ မိဖုရားမည်၏။

၂၂။ ထိုဘုရားအလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ ထိုဘုရားလောင်းအား စန္ဒ သုစန္ဒ ဝဋံသအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၃။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း ခြောက်သန်းသုံးသိန်းတို့သည် ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် ဝဋံသိကာမည်၏၊ သားတော်သည် အနူပမ မည်၏။

၂၄။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ဆယ်လတို့ပတ်လုံး ကမ္ဘဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၅။ ကြီးသော လုံ့လရှိတော်မူသော သုမနမြတ်စွာဘုရားသည် ဗြဟ္မာမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ မေခလမြို့တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၆။ သရဏသည်ရှင်း ဘာဝိတတ္တသည်ရှင်း သုမနမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးသည် ဥဒေန မည်၏။

http://www.dhammadownload.com



၂၇။ သောဏာသည်၎င်း ဥပသောဏာသည်၎င်း ထိုမြတ်စွာဘုရား၏ မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော ထိုမြတ်စွာဘုရားသည်လည်း ကံ့ကော်ပင်ရင်း၌ ပွင့်တော်မူ၏။

၂၈။ ဝရုဏာသည်၎င်း သရဏာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ'အဂ္ဂဥပဋ္ဌာက' တို့ ဖြစ်ကုန်၏၊ စာလာသည်၎င်း ဥပစာလာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၉။ ထိုမြတ်စွာဘုရားသည် အမြင့်အားဖြင့် အတောင်ကိုးဆယ်မြင့်လျက် ရွှေတုရိုဏ်တိုင်ကြီးနှင့် တူသည် ဖြစ်၍ လောကဓာတ်တသောင်း၌ တင့်တယ်တော်မူ၏။

၃၀။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၃၁။ မြတ်စွာဘုရားသည် ကယ်တင်ထိုက်သောသူတို့ကို ကယ်တင်၍ (သစ္စာလေးပါးကို) သိစေထိုက်သော သူတို့ကိုလည်း သိစေတော်မူ၏၊ လမင်းသည် ကွယ်ဝင်သွားသကဲ့သို့ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၃၂။ အကြင်ရဟန္တာ အကြင်မြတ်စွာဘုရားတို့သည် များသောအခြံအရံအကျော်အစော ရှိကုန်၏၊ ထိုရဟန္တာတို့သည်၎င်း ထိုအတုမဲ့ မြတ်စွာဘုရားသည်၎င်း အတူမရှိသော အရောင်အလင်းကို ပြ၍ ပရိနိဗ္ဗာန်ပြုတော်မူကြလေကုန်ပြီ။

၃၃။ ထိုအတူမရှိသော ဉာဏ်တော်သည်၎င်း ထိုအတူမရှိသော ရတနာတို့သည်၎င်း ထိုအားလုံးတို့သည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၄။ အခြံအရံ အကျော် အစောကို ဆောင်တော်မူသော သုမနမြတ်စွာဘုရားသည် အင်္ဂါရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏၊ ထိုအင်္ဂါရာမကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ(ပုထိုး)တော်သည် လေးယူဇနာ မြင့်တော်မူလေ၏။

လေးခုမြောက် သုမနဗုဒ္ဓဝင် ပြီး၏။

---

## ၇-ရေဝတဗုဒ္ဓဝင်

၁။ သုမနမြတ်စွာဘုရား၏ နောက်အဘို့၌ ရေဝတမည်သော လောက ရှေ့သွားမြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုမြတ်စွာဘုရားသည် နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ တူသော ပုဂ္ဂိုလ် ရှိတော်မမူ၊ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူ၊ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူပေ၏။

၂။ ထိုမြတ်စွာဘုရားသည်လည်း ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ဘဝကြီးငယ်၌ မဖြစ်စေတတ်သော ခန္ဓာဓာတ်တို့ကို ပိုင်းခြားကြောင်းဖြစ်သော တရားကို ဟောပြ တော်မူ၏။

၃။ ထိုမြတ်စွာဘုရား တရားဟောတော်မူခြင်းကြောင့် (နတ်လူတို့၏သစ္စာလေးပါးကို) သိခြင်းတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏၊ (နတ်လူတို့၏) သစ္စာလေးပါးကို ထိုးထွင်း သိခြင်းသည် ဂဏန်းသင်္ချာအားဖြင့် မပြောဆိုနိုင်သော ရှေးဦးစွာသော သိခြင်းဖြစ်လေ၏။

http://www.dhammadownload.com



၄။ အကြင်အခါ ရေဝတမြတ်စွာဘုရားသည် အရိန္ဒမမင်းကို ဆုံးမတော်မူ၏၊ ထိုအခါ ကုဋေတထောင်သော လူနတ်ပြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် သိခြင်း ဖြစ်လေ၏။

၅။ လူတို့ထက်မြတ်သောမြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တပါးတည်း ကိန်းအောင်း တော်မူရာ (နိရောဓသမာပတ်) မှထပြီးလျှင် ကုဋေတရာသော လူနတ်တို့ကို မြတ်သော ဖိုလ်၌ တည်စေလျက် ဆုံးမတော်မူ၏။

၆။ ရေဝတ မြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေးကင်းကုန်သော (ဘဝမှ) ကောင်းစွာလွတ်မြောက်ကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေး တို့သည် သုံးကြိမ်တို့တိုင်တိုင် ဖြစ်ကုန်၏။

၇။ ပဌမအစည်းအဝေးသို့ ကြွရောက်သော ရဟန္တာတို့သည် ဂဏန်းစဉ် (အရေအတွက်) ကို ကျော်လွန်ကုန်၏၊ ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ဒုတိယ (နှစ်ကြိမ် မြောက်) အစည်းအဝေး ဖြစ်၏။

၈။ ထိုမြတ်စွာဘုရား၏ တရားတည်းဟူသောစက်ကို လည်စေတော်မူတတ်သော ပညာ အားဖြင့် တူသောသူ မရှိသော အကြင် အဂ္ဂသာဝကသည်(ရှိ၏)၊ထိုအခါ ထိုအဂ္ဂသာဝကသည် မကျန်းမာသည်ဖြစ်၍ အသက်ရှင်ခြင်း၌ ယုံမှားခြင်းသို့ ရောက်လေ၏။

၉။ ထိုအခါ ကုဋေတထောင်သော အကြင်ရဟန္တာရဟန်းတို့သည် ထိုအဂ္ဂသာဝကအား သူနာမေးခြင်းငှါ ကြွရောက်တော်မူလာကြကုန်၏၊ ထိုရဟန်းတို့၏ အစည်းအဝေးသည် တတိယ (သုံးကြိမ်မြောက်) အစည်းအဝေး ဖြစ်လေ၏။

၁၀။ ထိုအခါ၌ ငါသည် အတိဒေဝမည်သော ပုဏ္ဏား (ဖြစ်၍) ရေဝတမြတ်စွာဘုရား (ထံ) သို့ ချဉ်းကပ်ပြီးလျှင် ထို မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့၏။

၁၁။ ငါသည် ထိုမြတ်စွာဘုရား၏ အမြတ်ဆုံး ဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ကို စွမ်းအားရှိသမျှ ချီးမွမ်း၍ အပေါ်ရုံ အဝတ်ကို ပေးလှူခဲ့၏။

၁၂။ လောက၏ ရှေ့သွားဖြစ်တော်မူသော ထိုရေဝတ မြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာ၌ ဤ(ပုဏ္ဏား)သည် ဘုရားဖြစ်လတ္တံ့ ။

၁၃။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်၍။ပ ။ ဤ (ဂေါတမ) မြတ်စွာဘုရား ၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ ဟု ဆုတောင်းကုန်၏။

၁၄။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ စိတ်ကို အလွန် ကြည်ညို စေခဲ့၏၊ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၅။ ထိုအခါ၌လည်း၊ ငါသည် ထိုဘုရားဖြစ်ကြောင်း ပါရမီတရားကို အောက်မေ့၍ ငါသည် အကြင်ဘုရားအဖြစ်ကို ဆုတောင်း၏၊ ထိုဘုရားဖြစ်ကြောင်း ပါရမီတရားကို ကျင့် ဆောင်တော့အံ့ဟု အစဉ် ပွါးများစေခဲ့၏။

http://www.dhammadownload.com



၁၆။ ရေဝတမြတ်စွာဘုရား၏ မြို့တော်သည် သုဓညဝတီမည်၏ ခမည်းတော်သည် ဝိပုလမင်းမည်၏၊ မယ်တော်သည် ဝိပုလာ မိဖုရား မည်၏။

၁၇။ ထိုဘုရားအလောင်းတော်သည် အနှစ်ခြောက်ထောင်တို့ ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ အထူး တန်ဆာ ဆင်အပ်သော သုဒဿန ရတနဂ္ဃိ အာဝေဠ ဟူသောမြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ဘုန်းကံကြောင့် ဖြစ်ပေါ် လျက် ရှိကုန်၏။

၁၈။ (ထို ဘုရားလောင်းအား) ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးသောင်း သုံးထောင်တို့သည် ရှိကုန်၏၊ မိဖုရားသည် သုဒဿနာမည်၏၊ သားတော်သည် ဝရုဏမည်၏။

၁၉။ ဘုရား (အလောင်း)သည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ခုနစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းအားထုတ်ခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၀။ ကြီးသော လုံ့လရှိတော်မူသော ရေဝတမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ဝရုဏာရာမ ကျောင်းတိုက်တွင် အသရေရှိသော ကျောင်း၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၁။ ဝရုဏသည်ရင်း ဗြဟ္မဒေဝသည်ရင်း ရေဝတမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက 'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် သမ္ဘဝမည်၏။

၂၂။ ဘဒ္ဒါသည်ရင်း သုဘဒ္ဒါသည်ရင်း ထိုမြတ်စွာဘုရား၏ မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ ' တို့ဖြစ်ကုန်၏၊ အတုမရှိသော ဘုရားတို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားသည်လည်း ကံ့ကော်ပင်ရင်း၌ ပွင့်တော်မူ၏။

၂၃။ ပဒုမသည်ရင်း ကုဉ္ဇရသည်ရင်း နှစ်ယောက်သော ဒါယကာတို့သည် မြတ်သော အလုပ်အကျွေး 'အဂ္ဂဥပဋ္ဌာက' တို့ ဖြစ်ကုန်၏၊သိရိမာသည်ရင်း ယသဝတီသည်ရင်း နှစ်ယောက်သော ဒါယိကာမတို့သည် မြတ်သော အလုပ်အကျွေး 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၄။ ထိုမြတ်စွာဘုရားသည် အမြင့်အားဖြင့် အတောင်ရှစ်ဆယ်မြင့်လျက် စိုက်ထူအပ်သော သိကြားမင်း၏ (တံခွန်)မှန်ကင်းကဲ့သို့ အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေတော်မူ၏။

၂၅။ ထိုမြတ်စွာဘုရား၏ ကိုယ်တော်၌ဖြစ်သော အမြတ်ဆုံး ရောင်ခြည်တော်ပန်းနွယ်သည် နေ့၌ရင်း ညဥ့်၌ရင်း ထက်ဝန်းကျင် တယူဇနာတိုင်အောင် ပြန့်နှံ့လျက်ရှိပေ၏။

၂၆။ ထိုအခါ အသက်တမ်းသည် အနှစ်ခြောက်သောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၇။ (ထိုမြတ်စွာဘုရားသည်)ဘုရားတို့၏ အားအစွမ်းကိုပြ၍ လောက၌ အမြိုက်နိဗ္ဗာန်ကို ဟောပြလျက် မီးစာကုန်ခြင်းကြောင့် ငြိမ်းသော မီးကဲ့သို့ စွဲလမ်းခြင်း 'ဥပါဒါန် 'မရှိပဲ ပရိနိဗ္ဗာန်စံတော်မူလေပြီ။

၂၈။ ရွှေရတနာနှင့်တူသော ထိုကိုယ်တော်သည်ရင်း အတုမရှိသော ထိုသဗ္ဗညုတဉာဏ်တရားတော်သည်ရင်း ရှိ၏၊ ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

http://www.dhammadownload.com



၂၉။ အခြံအရံ အကျော်အစောကို ဆောင်တော်မူသော ထိုရေဝတမြတ်စွာဘုရားသည် မြို့တော်(မဟာပုရ)၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေသတည်း။

ငါးခုမြောက် ရေဝတဗုဒ္ဓဝင် ပြီး၏။

---

## ၈-သောဘိတဗုဒ္ဓဝင်

၁။ ရေဝတမြတ်စွာဘုရား၏ နောက်အဘို့၌ သောဘိတမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ (ထိုမြတ်စွာဘုရားသည်) တည်ကြည်တော်မူ၏၊ ငြိမ်သက်သော စိတ်ရှိတော်မူ၏၊ တူသောပုဂ္ဂိုလ်ရှိတော်မမူ၊ ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူ။

၂။ ထိုမြတ်စွာဘုရားသည် မိမိအိမ်တော်၌ စိတ်ကို ဆုတ်နစ်စေတော်မူပြီး၊ (ထိုအခါ)အလုံးစုံသော သမ္ဗောသမ္ဗောဓိဉာဏ်သို့ ရောက်၍ ဓမ္မစကြာကို ဟောတော်မူ၏။

၃။ တရားဟောတော်မူသောအခါ၌ အောက်အဝီစိမှ အထက်ဘဝဂ်တိုင်အောင် အထက်ဘဝဂ်မှလည်း အောက်အဝီစိတိုင်အောင် ဤအတွင်း၌ တခုတည်းသော ပရိသတ်သည် ဖြစ်၏။

၄။ မြတ်စွာဘုရားသည် ထိုပရိသတ်၌ ဓမ္မစကြာကို ဟောတော်မူ၏၊ (ထိုအခါ သစ္စာလေးပါးကို သိခြင်းသည်) ဂဏန်းသင်္ချာအားဖြင့် မပြောဆိုနိုင်သော ရှေးဦးစွာ သစ္စာလေးပါးကို သိခြင်းဖြစ်လေ၏။

၅။ ထိုမှ နောက်၌လည်း နတ်တို့၏ အစည်းအဝေး၌ တရားဟောတော်မူသည်ရှိသော် ကုဋေကိုးသောင်းသော နတ်ဗြဟ္မာတို့၏ သစ္စာလေးပါးကို သိခြင်းသည် နှစ်ကြိမ်မြောက် သိခြင်း ဖြစ်လေ၏။

၆။ နောက်တဖန် ရေမြေကို အစိုးရသော ဇယသေန မည်သော မင်းသားသည် အရံ (ကျောင်းတိုက်)ကို ဖန်ဆင်း၍ မြတ်စွာဘုရားအား အပ်နှင်းလှူဒါန်းလေ၏။

၇။ ထိုအခါ မြတ်စွာဘုရားသည် ထိုမင်းသား၏ အလှူကို ချီးမွမ်းလျက် တရားကို ဟောတော်မူ၏၊ ထိုအခါ ကုဋေတထောင်သော နတ်လူတို့၏ (သစ္စာလေးပါးကို သိခြင်းသည်) သုံးကြိမ်မြောက် သိခြင်း ဖြစ်လေ၏။

၈။ သောဘိတမြတ်စွာဘုရားအား (ကိလေသာ)အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ တိုင်တိုင် ဖြစ်ကုန်၏။

၉။ ဥဂ္ဂတမည်သော ထိုမင်းသည် မြတ်စွာဘုရားအား အလှူကို ပေးလှူ၏၊ ထိုအလှူ၌ (ရဟန္တာတို့၏)ကုဋေတရာတို့သည် အညီအညွတ် စည်းဝေးကုန်၏။

၁၀။ ထို့နောက် အသင်းအဖွဲ့ အပေါင်းသည် မြတ်စွာဘုရားအား အလှူကို ပေးလှူပြန်၏၊ ထိုအခါ ကုဋေကိုးဆယ်သော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် ဖြစ်လေ၏။

http://www.dhammadownload.com



၁၁။ အကြင်အခါ၌ မြတ်စွာဘုရားသည် နတ်ပြည်၌ သီတင်းသုံးပြီးလျှင် (ထိုနတ်ပြည်မှ) သက်ဆင်းတော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန္တာတို့၏ အစည်း အဝေးသည် သုံးကြိမ်မြောက်ဖြစ်လေ၏။

၁၂။ ထိုအခါ ငါသည် သုဇာတမည်သော ပုဏ္ဏား(ဖြစ်ခဲ့၏)၊ ထိုအခါ တပည့်သာဝကနှင့် တကွဖြစ်သော မြတ်စွာဘုရားကို ဆွမ်းအဖျော်ဖြင့် ရောင့်ရဲ နှစ်သိမ့်စေခဲ့၏။

၁၃။ လောက၏ အကြီးအမှူးဖြစ်သော ထိုသောဘိတမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဤပုဏ္ဏားသည် ဘုရားဖြစ်လတ္တံ့။

၁၄။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍။ပ။ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ ဟု (ဆုတောင်းကုန်၏)။

၁၅။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ ငါသည် ရွှင်လန်းသောသူ တက်ကြွသော စိတ်ရှိသူဖြစ်၍ ထိုမြတ်စွာဘုရားဖြစ်ခြင်းဟူသော အကျိုးကို ရခြင်းငှါ ထက်မြက်သော လွန်လဝီရိယကို ပြုခဲ့၏။

၁၆။ သောဘိတ မြတ်စွာဘုရား၏ မြို့တော်သည် သုဓမ္မမည်၏၊ (ခမည်းတော်)မင်းသည် သုဓမ္မအမည်ရှိ၍ မယ်တော်သည်လည်း သုဓမ္မာပင် အမည်ရှိ၏။

၁၇။ ထိုဘုရားအလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး (ထီးနန်းကို) အုပ်စိုး၍ နေ၏၊ (ထိုဘုရားအလောင်းအား)ကုမုဒ နာဠိန ပဒုမအားဖြင့်မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၈။ (ထိုဘုရားလောင်းအား)ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးသောင်း ခုနစ်ထောင်တို့သည် ရှိကုန်၏၊ (ထိုဘုရားလောင်း၏) ထိုမိဖုရားသည် မဏိလာ မည်၏၊ သားတော်သည် သီဟမည်၏။

၁၉။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ပြာသာဒ်ဖြင့် တောထွက်တော်မူ၏၊ ခုနစ်ရက်ပတ်လုံး ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်ပြီးလျှင် (ဘုရားအဖြစ်သို့ ရောက်တော်မူ၏)။

၂၀။ လောက၏ အကြီးအမှူးဖြစ်တော်မူသော သောဘိတ မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည် ဖြစ်၍ သုဓမ္မဉယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၁။ အသမသည်၎င်း သုနေတ္တသည်၎င်း သောဘိတမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက'တို့ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် အနောမ မည်၏။

၂၂။ နကုလာသည်၎င်း သုဇာတာသည်၎င်း ထိုမြတ်စွာဘုရား၏ မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရားသည်လည်း ပွင့်တော်မူလတ်သော် ကံ့ကော် ပင်ရင်း၌ ပွင့်တော်မူ၏။

http://www.dhammadownload.com



၂၃။ ရမ္မသည်၎င်း သုဒတ္တသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ နကုလာသည်၎င်း စိတ္တာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၄။ မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်တိုင်အောင် မြင့်လျက် တက်သစ်သော နေမင်းကဲ့သို့ အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေတော်မူ၏။

၂၅။ ကောင်းစွာပွင့်သော တောအုပ်ကြီးသည် အထူးထူး ရနံ့တို့ဖြင့် မွှေးထုံသကဲ့သို့ ထို့အတူပင် ထိုမြတ်စွာဘုရား၏ ဇကားတော်သည် သီလ ရနံ့တို့ဖြင့် မွှေးထုံ၏။

၂၆။ သမုဒြာမည်သည် ရှုကြည့်ခြင်းဖြင့် မရောင့်ရဲနိုင်သကဲ့သို့ ထို့အတူပင် ထိုမြတ်စွာဘုရား၏ စကားတော်သည် နာကြားခြင်းဖြင့် မရောင့်ရဲနိုင်ပေ။

၂၇။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၈။ ထိုမြတ်စွာဘုရားသည် ကြွင်းသောသူတို့ကို တကြိမ် ဆုံးမခြင်း အကြိမ်ကြိမ် ဆုံးမခြင်းကို၎င်း ပေး၍ မီးသည် ထွန်းတောက်ပ၍ ငြိမ်းသွားသကဲ့သို့ တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်စံတော်မူလေပြီ။

၂၉။ အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားသည်၎င်း စွမ်းအားသို့ ရောက်သော ထိုတပည့်သာဝကတို့သည်၎င်း ထိုအားလုံးပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၀။ သောဘိတ မြတ်စွာဘုရားသည် သီဟာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူလေ၏၊ ထိုမြတ်စွာဘုရား၏ ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေသတည်း။

ခြောက်ခုမြောက် **သောဘိတဗုဒ္ဓဝင် ပြီး၏။**

---

## ၉-အနောမဒဿီဗုဒ္ဓဝင်

၁။ သောဘိတမြတ်စွာဘုရား၏ နောက်အဘို့၌ အနောမဒဿီ မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ (ထိုမြတ်စွာဘုရားသည်) အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူ၏၊ မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော် အစော ရှိတော်မူ၏၊ တန်ခိုးကြီးတော်မူ၏၊ (သူတပါးတို့) မလွှမ်းမိုးနိုင်သော ပုဂ္ဂိုလ် ဖြစ်တော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည် အနှောင်အဖွဲ့ 'သံယောဇဉ်' အားလုံးကို ဖြတ်၍ ဘဝသုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် ပြန်လည်ခြင်းမရှိရာ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော မဂ်တရားကို နတ်လူတို့အား ဟောတော်မူ၏။

၃။ ထိုမြတ်စွာဘုရားသည် မလှုပ်ချောက်ချားနိုင်သော သမုဒ္ဒရာနှင့်လည်း တူတော်မူပါပေ၏၊ ချဉ်းကပ်နိုင်ခဲသော တောင်နှင့်လည်း တူတော်မူပါပေ၏၊ အဆုံးမရှိသော ကောင်းကင်နှင့်လည်း တူတော်မူပါပေ၏၊ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်မင်းနှင့်လည်း တူတော်မူပါပေ၏။

http://www.dhammadownload.com



၄။ သတ္တဝါတို့သည် ထိုမြတ်စွာဘုရားကို ဖူးမြင်ရကာမျှဖြင့်လည်း နှစ်သိမ့်ခြင်းတို့ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် မြတ်စွာဘုရား၏ မြွက်ဆိုသော တရားစကားကို ကြားနာရ၍ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

၅။ ရှေးဦးစွာ (ဓမ္မစကြာ) တရားဟောရာ၌ ကုဋေတရာသော နတ်လူတို့သည် (သစ္စာလေးပါးကို) သိကုန်၏၊ ထိုအခါ ထိုမြတ်စွာဘုရားအား (သတ္တဝါတို့၏ သစ္စာလေးပါးကို) သိခြင်းသည် ပြည့်စုံတိုးပွါးလျက် ရှိလေ၏။

၆။ ထို့နောက် (သစ္စာလေးပါးကို) သိစေသော နှစ်ကြိမ်မြောက် တရားဟောရာ၌ တရားမိုးရေပေါက်တို့ကို ရွာသည်ရှိသော် ကုဋေရှစ်ဆယ်သော နတ် လူ ဗြဟ္မာတို့သည် (သစ္စာလေးပါးကို) သိကုန်၏။

၇။ ထို့နောက် သတ္တဝါတို့ကို နှစ်သက်စေလျက် တရားမိုးကို ရွာစေသည်ရှိသော် ခုနစ်ဆယ့်ရှစ်ကုဋေသော လူနတ် ဗြဟ္မာတို့၏ သုံးကြိမ်မြောက် (သစ္စာလေးပါးကို) သိခြင်း ဖြစ်လေ၏။

၈။ ထိုမြတ်စွာဘုရားအားလည်း အဘိညာဉ်စွမ်းအားသို့ ရောက်ကုန်သော အရဟတ္တဖိုလ် ပန်းဖြင့် ပွင့်ကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ တိုင်တိုင် ဖြစ်ကုန်၏။

၉။ ထိုအခါ မာန်ယစ်ခြင်း တွေဝေခြင်းကို ပယ်ပြီးကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာရှစ်သိန်းတို့၏ အစည်းအဝေးသည် (ပဌမအစည်းအဝေး) ဖြစ်လေ၏။

၁၀။ (ကိလေသာ) အညစ်အကြေး မရှိကုန်သော ( ကိလေသာ ) မြူကင်းကုန်သော ငြိမ်သက်ကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာ ခုနစ်သိန်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက်အစည်းအဝေး ဖြစ်လေ၏။

၁၁။ အဘိညာဉ်စွမ်းအားသို့ ရောက်ကုန်သော ငြိမ်းအေးကုန်သော (အရိယမဂ်) အကျင့်ရှိကုန်သော ခြောက်သိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၁၂။ ထိုအခါ ငါသည် တန်ခိုးကြီးသော ဘီလူးဖြစ်ခဲ့၏၊ ကုဋေမက များစွာကုန်သော ဘီလူးတို့ကို မိမိအလိုသို့ လိုက်စေလျက် အစိုးရသောသူ ဖြစ်၏။

၁၃။ ထိုအခါ၌လည်း ငါသည် သီလစသော ဂုဏ်ကို ရှာမှီးတော်မူသော ထိုဘုရားမြတ်သို့ ချဉ်းကပ်၍ သံဃာနှင့်တကွသော မြတ်စွာဘုရားကို ဆွမ်းအဖျော်ဖြင့် နှစ်သက် ရောင့်ရဲစေခဲ့၏။

၁၄။ ထိုအခါ အထူးစင်ကြယ်သော မျက်စိရှိတော်မူသော ထိုမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏— ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဤဘီလူးမင်းသည် ဘုရားဖြစ်လတ္တံ့။

**၁၅။ ကမ္ဘဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်၍ ။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။**

http://www.dhammadownload.com



၁၆။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရသည်ရှိသော် ရွှင်လန်းသောသူ တက်ကြွသော စိတ်ရှိသူ ဖြစ်၍ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၇။ အနောမဒဿီ မြတ်စွာဘုရား၏ မြို့တော်သည် စန္ဒဝတီမည်၏၊ (ခမည်းတော်သည်) ယသဝမင်း မည်၏၊ မယ်တော်သည် ယသောဓရာ မည်၏။

၁၈။ ထိုဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) သိရီ ဥပသိရီ ဝဍ္ဎအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၉။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း နှစ်သောင်း သုံးထောင်တို့သည် ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် သိရိမာ မည်၏၊ သားတော်သည် ဥပဝါဏ မည်၏။

၂၀။ ဘုရား(လောင်း)သည် နိမိတ် လေးပါးတို့ကို တွေ့မြင်၍ ထမ်းစင်ဖြင့် တောထွက် တော်မူ၏၊ မယုတ်မလျော့ ဆယ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ် တော်မူ၏။

၂၁။ ကြီးသော လုံ့လရှိတော်မူသော ထိုအနောမဒဿီမြတ်စွာဘုရားသည် ဗြဟ္မာမင်း သည် တောင်းပန်အပ်သည်ဖြစ်၍ သုဒဿနဥယျာဉ်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၂။ နိသဘသည်၎င်း အနောမသည်၎င်း အနောမဒဿီ မြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် ဝရုဏ မည်၏။

၂၃။ သုန္ဒရီသည်၎င်း သုမနာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ် ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ထောက်ကြံ့ပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၄။ နန္ဒိဝဍ္ဎသည်၎င်း သိရိဝဍ္ဎသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက' တို့ ဖြစ်ကုန်၏၊ ဥပ္ပလာသည်၎င်း ပဒုမာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၅။ မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်တိုင်အောင် မြင့်တော်မူ၏၊ထိုမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် တက်သစ်သော နေမင်းကဲ့သို့ ပြေးသွား(ကွန့်မြူး)၏။

၂၆။ ထိုအခါ အသက်တမ်းသည် အနှစ်တသိန်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၇။ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ကြောင့် မြတ်စွာဘုရား၏စကားတော်သည် ကောင်းစွာ ပွင့်လင်း၏၊ မြတ်စွာဘုရားသာသနာတော်သည် (ကိလေသာ)အညစ်အကြေး ကင်းသော ရဟန္တာတို့ဖြင့် တင့်တယ်၏။

http://www.dhammadownload.com



၂၀။ ထိုမနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော မြတ်စွာဘုရားသည် ၎င်း အတုမရှိကုန်သော ထို(အဂ္ဂသာဝက)အစုံတို့သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည်မဟုတ်ပါလော။

၂၉။ မာရ်ငါးပါးကို အောင်မြင်တော်မူသော အနောမဒဿီ မြတ်စွာဘုရားသည် ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုဓမ္မာရာမကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ ဘုရားစေတီ(ပုထိုး)တော်သည် နှစ်ဆယ့်ငါး ယူဇနာအစောက် မြင့်တော်မူ၏။

ခုနစ်ခုမြောက် အနောမဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၀-ပဒုမဗုဒ္ဓဝင်

၁။ အနောမဒဿီမြတ်စွာဘုရား၏ နောက်အဘို့၌ အမည်အားဖြင့် ပဒုမမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊(ထိုမြတ်စွာဘုရားသည်) ခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူ၏၊ တုဖက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏၊ ပြိုင်ဖက်မရှိသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။

၂။ ထိုမြတ်စွာဘုရား၏ သီလတော်သည်လည်း အတုမရှိပေ၊ သမာဓိတော်သည်လည်း အဆုံးမရှိပေ၊ ဉာဏ်တော်မြတ်သည်လည်း မရေတွက်နိုင်ပေ၊ အရဟတ္တဖိုလ် 'ဝိမုတ္တိ' သည်လည်း နှိုင်းယှဉ်စရာ ဥပမာမရှိပေ။

၃။ အတုမရှိ တန်ခိုးကြီးသော ထိုမြတ်စွာဘုရား၏ တရားစက်ကို လည်စေရာအခါ၌ (နတ်လူတို့၏)ကြီးစွာသော အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော (သစ္စာလေးပါးကို)သိခြင်းတို့သည် သုံးကြိမ်တို့တိုင်တိုင် ဖြစ်ကုန်၏။

၄။ မြတ်စွာဘုရားသည် ရှေးဦးစွာ (သစ္စာလေးပါးကို)သိစေရာ အခါ၌ ကုဋေတရာသော သတ္တဝါအပေါင်းကို သိစေတော်မူ၏၊ မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက် (သစ္စာလေးပါးကို) သိစေရာအခါ၌ ကုဋေကိုးဆယ်သော သတ္တဝါအပေါင်းကို သိစေတော်မူ၏။

၅။ အကြင်အခါ ပဒုမမြတ်စွာဘုရားသည် မိမိသားတော်ကို ဆုံးမတော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော နတ် လူ ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် သုံးကြိမ်မြောက် ဖြစ်လေ၏။

၆။ ပဒုမမြတ်စွာဘုရား၏ (သာဝက) အစည်းအဝေးတို့သည် သုံးကြိမ်တို့တိုင်တိုင် ဖြစ်ကုန်၏၊ ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးဖြစ်ခဲ့၏။

၇။ ကထိန်ခင်းရာအခါ၌ ကထိန်လျှာသင်္ကန်း ဖြစ်ပေါ်လတ်သော် တရားစစ်သူကြီးဖြစ်တော်မူသော သာလမထေရ်၏ အကျိုးငှါ ရဟန်းတို့သည် သင်္ကန်းချုပ်ကြကုန်၏။

၈။ ထိုအခါ (ကိလေသာ) အညစ်အကြေး ကင်းကုန်သော အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံလျက် တန်ခိုးကြီးကုန်သော (ရန်သူတို့) မအောင်နိုင်ကုန်သော သုံးသိန်းသော ထိုရဟန်းတို့သည် စည်းဝေးကြကုန်၏။

http://www.dhammadownload.com



၉။ နောက်တဖန် ထိုမြတ်စွာဘုရားသည် တောအုပ်၌ ဝါကပ်တော်မူ၏၊ ထိုအခါ နှစ်သိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်လေ၏။

၁၀။ ထိုအခါ ငါသည် သားတို့သနင်း ခြင်္သေ့မင်း ဖြစ်ခဲ့၏၊ တောအုပ်၌ ကင်းဆိတ်မှု (သမာပတ်)ကို ပွါးစေတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပေ၏။

၁၁။ ငါသည် (ထိုမြတ်စွာဘုရား၏) ခြေတော်တို့ကို ဦးတိုက်ရှိခိုး၍ ထိုမြတ်စွာဘုရားကို လက်ျာရစ်လှည့်ခြင်းကိုပြုလျက် သုံးကြိမ်ဟောက်ပြီးလျှင် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားကို (ခစား)ဆည်းကပ်ခဲ့၏။

၁၂။ မြတ်စွာဘုရားသည် ခုနစ်ရက် (လွန်သဖြင့်) မြတ်သော သမာပတ်မှထ၍ စိတ်ဖြင့်သာလျှင် ကြံစည်လျက် တကုဋေသော ရဟန်းတို့ကို ခေါ်ဆောင်တော်မူ၏။

၁၃။ ထိုအခါ ထိုကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည်လည်း ထိုရဟန်းတို့၏ အလယ်၌ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊ ဤကမ္ဘာမှ မရေမတွက်နိုင်သောကမ္ဘာ၌ ဤခြင်္သေ့မင်းသည် ဘုရားဖြစ်လတ္တံ့။

၁၄။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်၍ ။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၅။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ အလွန်စိတ်ကို ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသောအကျင့်ကို ဆောက်တည်ခဲ့၏။

၁၆။ ပဒုမမြတ်စွာဘုရား၏ မြို့တော်သည် စမ္ပကမည်၏၊ ခမည်းတော်သည် အသမမင်း မည်၏၊ မယ်တော်သည် အသမာမိဖုရား မည်၏။

၁၇။ ထိုဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား)နန္ဒုတ္တရ ဝသုတ္တရ ယသုတ္တရအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၈။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးသောင်းသုံးထောင်တို့လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည်ကား ဥတ္တရာမည်၏၊ သားတော်သည် ရမ္မ မည်၏။

၁၉။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ရှစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၀။ လောက၏ ရှေ့သွားဖြစ်သော ပဒုမမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ဓနဥယျာဉ်တော်မြတ်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၁။ သာလသည်၎င်း ဥပသာလသည်၎င်း ပဒုမမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏)အလုပ်အကျွေးသည် ဝရုဏ မည်၏။

၂၂။ ရာမသည်၎င်း သုရာမသည်၎င်း ထိုမြတ်စွာဘုရား၏ တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ကြောင်လျှာကြီးပင်ဟူ၍ ခေါ်ဆိုအပ်၏။[၁]

http://www.dhammadownload.com



၂၃။ ဘိယျသည်ရင်း အသမသည်ရင်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက'တို့ ဖြစ်ကုန်၏၊ ရုစိသည်ရင်း နန္ဒရာမာသည်ရင်း မြတ်သောအလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၄။ မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်ပင်တိုင်အောင် မြင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ အတုမရှိသော ရောင်ခြည်တော်သည် အလုံးစုံသော အရပ်မျက်နှာတို့သို့ ပြေးသွား(ကွန့်မြူး)၍နေ၏။

၂၅။ လရောင် နေရောင် ရတနာရောင် မီးရောင် ပတ္တမြားရောင် ဟူသော ထိုအရောင်အားလုံးတို့သည်ပင် မြတ်စွာဘုရား ရောင်ခြည်တော်သို့ ရောက်လတ်သော် ကွယ်ပျောက်ကြရကုန်၏။

၂၆။ ထိုအခါ အသက်တမ်းသည် အနှစ်တသိန်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၇။ ထိုမြတ်စွာဘုရားသည် ဣန္ဒြေရင့်ကျက်သော သတ္တဝါတို့ကို အကြွင်းမဲ့အားဖြင့် (သစ္စာလေးပါးကို)သိစေ၍ ကြွင်းသော အခြားသတ္တဝါတို့ကို အကြိမ်ကြိမ် ဆုံးမပြီးလျှင် တပည့်သာဝကတို့နှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၂၈။ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ရင်း သစ်ပင်သည် အရွက်ဟောင်းကို စွန့်သကဲ့သို့ရင်း ထိုမြတ်စွာဘုရားသည် အလုံးစုံသော သင်္ခါရတရားတို့ကို စွန့်၍ မီးပုံကြီးကဲ့သို့ ငြိမ်းတော်မူလေ၏။

၂၉။ (သတ္တဝါတို့ကို)ဆုံးမတော်မူတတ်သော ပဒုမ မြတ်စွာဘုရားသည် ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။(ထိုမြတ်စွာဘုရား၏)ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေသတည်း၊

ရှစ်ခုမြောက် ပဒုမဗုဒ္ဓဝင် ပြီး၏။

---

## ၁၁-နာရဒဗုဒ္ဓဝင်

၁။ ပဒုမ မြတ်စွာဘုရား၏ နောက်အဘို့၌ အမည်အားဖြင့် နာရဒ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊(ထိုမြတ်စွာဘုရားသည်)အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူ၏၊ တုဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏၊ ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။

၂။ စကြဝတေးမင်း၏ အကြီးဆုံး ရင်နှစ် သားတော်ချစ်ဖြစ်သော ထိုဘုရား (လောင်း)သည် ပုလဲသွယ်ပန်းတို့ဖြင့် တန်ဆာဆင်လျက် ဥယျာဉ်သို့ ချဉ်းကပ်လေ၏။

၃။ ထိုဥယျာဉ်၌ များစွာကျော်စောခြင်းရှိသော အလွန်လှပတင့်တယ် ကြီးကျယ်၍ စင်ကြယ်သော ကြောင်လျှာနီပင်သည် ရှိလေ၏၊ဘုရားအလောင်းတော်သည် ထိုသစ်ပင်သို့ ရောက်လတ်သော် ကြောင်လျှာနီပင်ကြီး၏ အောက်၌ ထိုင်နေ၏။

၄။ ထိုသစ်ပင်အောက်၌ ဝဇီရစိန်နှင့်တူသော အဆုံးမရှိသော(ဝိပဿနာ) ဉာဏ်တော်မြတ်သည် ဖြစ်ပေါ်လေ၏၊ ထိုဉာဏ်ဖြင့်(ထိုဘုရားအလောင်းသည်)သင်္ခါရတရားတို့ကို အပြန်အလှန်(အဖြစ်အပျက်ကို)စူးစမ်းဆင်ခြင်တော်မူ၏။

http://www.dhammadownload.com



၅။ ထိုသစ်ပင်အောက်၌ အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ဖျက်ဆီးတော်မူ၏၊ အလုံးစုံသော (သမ္မာသမ္ဗောဓိ)ဉာဏ်သို့ရင်း တဆယ့်လေးပါးသော မြတ်စွာဘုရား ဉာဏ်တော်တို့သို့ရင်း ရောက်တော်မူ၏။

၆။ (ထိုမြတ်စွာဘုရားသည်) သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ပြီးလျှင် ဓမ္မစကြာတရားကို ဟောတော်မူ၏၊ ကုဋေတသိန်းသော လူ နတ် ဗြဟ္မာ တို့၏ ရှေးဦးစွာသော (သစ္စာလေးပါးကို) သိခြင်းသည် ဖြစ်လေ၏။

၇။ မြတ်စွာဘုရားသည် မဟာဒေါဏနဂါးမင်းကို ဆုံးမသည်ရှိသော် ထိုအခါ နတ်နှင့်တကွသော လူတို့ကို ကြည့်ရှုစေလျက် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

၈။ လူ နတ် ဗြဟ္မာတို့အား ထိုတရားကို ပြရာအခါ၌ ကုဋေကိုးသောင်းသော လူ နတ် ဗြဟ္မာတို့သည် အလုံးစုံသော ယုံမှားခြင်းကို လွန်မြောက်ကြကုန်၏။

၉။ အကြင်အခါ မြတ်စွာဘုရားသည် မိမိသားတော်ကို ဆုံးမတော်မူ၏၊ (ထိုအခါ) ကုဋေရှစ်သောင်းသော နတ် လူ ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် ဖြစ်လေ၏။

၁၀။ နာရဒ မြတ်စွာဘုရားအား အစည်းအဝေးတို့သည် သုံးကြိမ်တို့တိုင်တိုင် ဖြစ်ကုန်၏၊ ရဟန္တာကုဋေတသိန်းတို့၏ အစည်းအဝေးသည် ပဌမ အစည်းအဝေး ဖြစ်၏။

၁၁။ အကြင်အခါ မြတ်စွာဘုရားသည် ဘုရားရှင်တို့၏ဂုဏ်နှင့် စပ်သော ဗုဒ္ဓဝင်ကို နိဒါန်းနှင့်တကွ ဟောပြတော်မူ၏၊ ထိုအခါ (ကိလေသာ) အညစ်အကြေးကင်းသော ရဟန္တာ ကုဋေကိုးသောင်းတို့သည် စည်းဝေးကုန်၏။

၁၂။ အကြင်အခါ ဝေရောစန နဂါးမင်းသည် မြတ်စွာဘုရားအား အလှူကို ပေးလှူ၏၊ ထိုအခါ မြတ်စွာဘုရား သားတော်ရှစ်သန်းတို့သည် စည်းဝေးကုန်၏။

၁၃။ ထိုအခါ ငါသည် ထက်သောအကျင့်ရှိသော ရသေ့ဖြစ်ခဲ့၏၊ ကောင်းကင်၌ လှည့်လည်သွားလာနိုင်၏၊ အဘိညာဉ်ငါးပါးတို့၌ တဖက်ကမ်းသို့ ရောက်သူ ဖြစ်ခဲ့၏။

၁၄။ ထိုအခါ၌လည်း ငါသည် အတုမရှိသော ရှေးဘုရားတို့နှင့် တူတော်မူသော မြတ်စွာဘုရားကို သံဃာနှင့်တကွ အခြံအရံ လူဥပါသကာနှင့်တကွ ထမင်းအဖျော်ဖြင့် နှစ်သက်ရောင့်ရဲစေ၍ စန္ဒကူးဖြင့် ရှိသေစွာ ပူဇော်ခဲ့၏။

၁၅။ ထိုအခါ ထိုနာရဒမြတ်စွာဘုရားသည်လည်း ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ ဤရသေ့သည် ဘုရားဖြစ်လတ္တံ့။

၁၆။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏(ဟု ဆုတောင်းကုန်၏)။

၁၇။ ထိုမြတ်စွာဘုရား စကားကိုလည်း ကြားနာရ၍ စိတ်ကို ရွှင်လန်းစေလျက် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ ထက်မြက်သော အကျင့်ကို ဆောက်တည်ခဲ့၏။

http://www.dhammadownload.com



၁၈။ နာရဒမြတ်စွာဘုရား၏ မြို့တော်သည် ဓညဝတီမည်၏၊ ခမည်းတော်သည် သုဒေဝမင်းမည်၏၊ မယ်တော်သည် အနောမာမိဖုရားမည်၏။

၁၉။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ဇိတာ ဝိဇိတာ အဘိရာမ အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၀။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း လေးသောင်းသုံးထောင်တို့သည် လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် ဝိဇိတသေနာမည်၏၊ သားတော်သည် နန္ဒုတ္တရမည်၏။

၂၁။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ခြေကျင်သွားသဖြင့် တောထွက်တော်မူ၏၊ ခုနစ်ရက်ပတ်လုံး ကမ္ဘဋ္ဌာန်းစီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၂၂။ လောက၏ အကြီးအမှူးဖြစ်သော နာရဒမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မဟာဥယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၃။ ဘဒ္ဒသာလသည်၎င်း ဇိတမိတ္တသည်၎င်း နာရဒမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် ဝါသေဋ္ဌမည်၏။

၂၄။ ဥတ္တရာသည်၎င်း ဖဂ္ဂုနီသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို မြတ်သော ကြောင်လျှာနီပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၅။ ဥဂ္ဂရိန္ဒသည်၎င်း ဝသဘသည်၎င်း မြတ်သော အလုပ်အကျွေးဒါယကာ 'အဂ္ဂဥပဋ္ဌာက' တို့ ဖြစ်ကုန်၏၊ ဣန္ဒာဝရီသည်၎င်း ဝဏ္ဏီသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၆။ မြတ်စွာဘုရားသည် ရှစ်ဆယ့်ရှစ်တောင်တိုင်အောင် မြင့်တော်မူလျက် ရွှေတုရိုဏ်တိုင်နှင့် တူသည်ဖြစ်၍ လောကဓာတ်တသောင်း၌ တင့်တယ်တော်မူ၏။

၂၇။ တလံမျှလောက်သော 'ဗျာမပ္ပဘာ' ရောင်ခြည်တော်ကဲ့သို့သော ရောင်ခြည်တော်သည် ထိုမြတ်စွာဘုရား၏ ကိုယ်တော်မှ (ထွက်၍)အရပ်မျက်နှာတိုင်းသို့ ပြေးသွား(ကွန့်မြူး)၏၊ နေ့ ညဉ့်မပြတ် အခါခပ်သိမ်း တယူဇနာတိုင်အောင် ပြန့်နှံ့၏။

၂၈။ ထိုအခါ ပတ်ဝန်းကျင် တယူဇနာ အတွင်းရှိ အချို့လူတို့သည် မြတ်စွာဘုရား ရောင်ခြည်တော်ဖြင့် လွှမ်းမိုးကုန်သည်ဖြစ်၍ မီးရှူးမီးတိုင်တို့ကို မထွန်းညှိရကုန်။

၂၉။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၃၀။ ကောင်းကင်သည် ကြယ်တာရာတို့ဖြင့် ဆန်းကြယ်လျက် တင့်တယ်သကဲ့သို့ ထိုအတူပင် ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် တင့်တယ်ပေ၏။

၃၁။ ထိုမြတ်စွာဘုရားသည် ကြွင်းသော ကျင့်ဆဲပုဂ္ဂိုလ်တို့ကို သံသရာရေအယဉ်ကို ကူး မြောက်စေခြင်းငှါ မဂ်တရားတည်းဟူသော တံတားကို မြဲမြံစွာ ဟည်ဆောက်၍ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။

http://www.dhammadownload.com



၃၂။ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားသည်၎င်း ထို အတုမရှိသော တန်ခိုးကြီးသော ရဟန္တာတို့သည်၎င်း ထိုအားလုံးပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၃။ နာရဒ မြတ်စွာဘုရားသည် သုဒဿနမြို့၌ ပရိနိဗ္ဗာန် ပြုတော်မူလေ၏၊ ထိုမြို့၌ပင် ထိုမြတ်စွာဘုရား၏ စေတီ (ပုထိုး) တော်သည် လေးယူဇနာတိုင်အောင် မြင့်လျက် တည်ရှိလေ သတည်း။

ကိုးခုမြောက် နာရဒဗုဒ္ဓဝင် ပြီး၏။

---

## ၁၂-ပဒုမုတ္တရဗုဒ္ဓဝင်

၁။ နာရဒမြတ်စွာဘုရား၏ နောက်အဘို့၌ ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် ပွင့် တော်မူလေ၏၊ (ထိုမြတ်စွာဘုရားသည်) အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော် မူ၏၊ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူ၏၊ (သူတပါးတို့)မချောက်ချားစေနိုင် သော သမုဒ္ဒရာနှင့် တူတော်မူ၏။

၂။ အကြင်(၁. ၁ရ[၁]) ကမ္ဘာ၌ (ပဒုမုတ္တရ) မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုကမ္ဘာ၌ များပြားသော ကုသိုလ်ရှိသော လူအပေါင်းသည် ဖြစ်လေ၏၊ ထို(သာရ) ကမ္ဘာသည် မဏ္ဍကမ္ဘာကဲ့သို့ ဖြစ်လေ၏။

၃။ ပဒုမုတ္တရမြတ်စွာဘုရား ရှေးဦးစွာ ဓမ္မစကြာတရား ဟောရာ၌ ကုဋေတသိန်းသော လူ နတ် ဗြဟ္မာတို့၏ သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်လေ၏။

၄။ ထိုနောက် သတ္တဝါတို့ကို နှစ်သိမ့်ရောင့်ရဲစေလျက် တရားမိုးကို ရွာစေသည်ရှိသော် သုံးသန်းခုနစ်သိန်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ အကြင်အခါ မြတ်စွာဘုရားသည် (ခမည်းတော်) အာနန္ဒာမင်းထံသို့ ချဉ်းကပ်တော် မူ၏၊ ခမည်းတော်အထံသို့ ချဉ်းကပ်ပြီးလျှင် အမြိုက်စည်ကြီးကို ရိုက်တီးတော်မူလေ၏။

၆။ အမြိုက်စည်ကြီးကို ရိုက်တီးလျက် တရားမိုးကို ရွာစေသည်ရှိသော် ငါးသန်းသော နတ်လူ ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၇။ အလုံးစုံသော သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော (သစ္စာလေးပါးကို) သိစေတော် မူတတ်သော ကယ်တင်တော်မူတတ်သော (ဟောကြားမှု) ဒေသနာ၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

---

၁။ သာရကမ္ဘာ-ဘုရားတဆူသာပွင့်သောကမ္ဘာ၊
မဏ္ဍကမ္ဘာ-ဘုရားနှစ်ဆူပွင့်သောကမ္ဘာ၊
ဝရကမ္ဘာ-ဘုရားသုံးဆူပွင့်သောကမ္ဘာ၊
သာရမဏ္ဍကမ္ဘာ-ဘုရားလေးဆူပွင့်သောကမ္ဘာ၊
ဘဒ္ဒကမ္ဘာ-ဘုရားငါးဆူပွင့်သောကမ္ဘာ-ဟု ကမ္ဘာငါးမျိုးရှိသည်။

http://www.dhammadownload.com



၈။ ပဒုမုတ္တရ မြတ်စွာဘုရား၏ (သာဝက) အစည်းအဝေးတို့သည် သုံးကြိမ်တို့ တိုင်တိုင် ဖြစ်ကုန်၏၊ ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ပဌမအစည်းအဝေး ဖြစ်လေ၏။

၉။ အကြင်အခါ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော မြတ်စွာဘုရားသည် ဝေဘာရတောင်၌ နေတော်မူ၏၊ (ထိုအခါ) ကုဋေကိုးသောင်းသော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၁၀။ တဖန် မြတ်စွာဘုရားသည် ဒေသစာရီ လှည့်လည်တော်မူလတ်သော် ရွာနိဂုံး တိုင်းနိုင်ငံတို့မှ (ထွက်၍ ရဟန်းပြုသော) ကုဋေရှစ်သောင်းသော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၁၁။ ထိုအခါ ငါသည် ဟံသာဝတီပြည်သား ဇဋိလ မည်သော (သူဌေးဖြစ်၍) မြတ်စွာဘုရားအမှူးရှိသော သံဃာအား ဆွမ်းနှင့်တကွသော (သင်္ကန်းလျာ) ပုဆိုးကို ပေးလှူခဲ့၏။

၁၂။ ထိုမြတ်စွာဘုရားသည်လည်း သံဃာအလယ်၌ ထိုင်နေ၍ (ဤသူဌေးသည် ဤကမ္ဘာမှ ကမ္ဘာတသိန်းထက်၌ ဘုရားဖြစ်လတ္တံ့ဟု) ငါ့ကို ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။

၁၃။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍ ။ပ ။ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်း ကုန်၏)။

၁၄။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ အလွန် မြဲမြံသော လုံ့လဝီရိယကို ပြုခဲ့၏။

၁၅။ ထိုအခါ တိတ္ထိအားလုံးတို့သည် ဆင်းရဲပင်ပန်းသော စိတ် ရှိကုန်လျက် (မာန်တက်ခြင်းမှ) ကင်းပျောက် ကြလေကုန်၏၊ အနည်းငယ်သောသူတို့သော်မှလည်း ထိုတိတ္ထိတို့အား မလုပ်ကျွေးတော့ကုန်၊ ထိုတိတ္ထိတို့ကို တိုင်းနိုင်ငံမှ နှင်ထုတ်ကြကုန်၏။

၁၆။ ထိုအခါ (တိတ္ထိ) အားလုံးတို့သည် အညီအညွတ်လာ၍ မြတ်စွာဘုရားထံ၌ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် (ကျွန်ုပ်တို့၏) ကိုးကွယ်ရာပါတည်း၊ ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား (ကျွန်ုပ်တို့၏) ကိုးကွယ်ရာ ဖြစ်တော်မူပါဟု ချဉ်းကပ်ကြလေကုန်၏။

၁၇။ အလုံးစုံသော သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူတတ်သော သနားခြင်း ကရုဏာ ရှိတော်မူသော (သတ္တဝါတို့၏) အစီးအပွါးကို ရှာမှီးတော်မူသော မြတ်စွာဘုရားသည် ရောက်လာသော တိတ္ထိအားလုံးတို့ကို ငါးပါးသီလ၌ တည်စေတော်မူ၏။

၁၈။ ဤနည်းအားဖြင့် ထိုမြတ်စွာဘုရား သာသနာတော်သည် တိတ္ထိတို့နှင့် ရောယှက်ခြင်း မရှိပဲ (တိတ္ထိတို့မှ) ဆိတ်သုဉ်းခဲ့လေ၏၊ ဝသီဘော်သို့ ရောက်လျက် တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ဖြင့် ဆန်းကြယ်လျက် ရှိလေ၏။

၁၉။ ပဒုမုတ္တရ မြတ်စွာဘုရား၏ မြို့တော်သည် ဟံသာဝတီမည်၏၊ (ခမည်းတော်)သည် အာနန္ဒာမင်း မည်၏၊ မယ်တော်သည် သုဇာတာ မိဖုရားမည်၏။

http://www.dhammadownload.com



၂၀။ ထိုဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) နရဝါဟန ယသဝါဟန ဝသဝတ္တီအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၂၁။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း လေးသောင်း သုံးထောင် တို့လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် ဝသုဒတ္တာမည်၏၊ သားတော်သည် ဥတ္တမမည်၏။

၂၂။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ပြာသာဒ်ဖြင့် တောထွက်တော်မူ၏၊ ခုနစ်ရက်ပတ်လုံး ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လ အကျင့်ကို ကျင့်တော်မူရ၏။

၂၃။ ကြီးသောလုံ့လ ရှိတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် ဗြဟ္မာမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ မိထိလာဥယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၄။ ဒေဝလသည်၎င်း သုဇာတသည်၎င်း ပဒုမုတ္တရ မြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် သုမနမည်၏။

၂၅။ အမိတာသည်၎င်း အသမာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ထင်းရှူးပင် ဟူ၍ ခေါ်ဆိုအပ်၏။

၂၆။ ဝိတိဏ္ဏသည်၎င်း တိဿသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက' တို့ဖြစ်ကုန်၏၊ ဟဋ္ဌာသည်၎င်း ဝိစိတ္တာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၇။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငါးဆယ့်ရှစ်တောင်တိုင်အောင် မြင့်လျက် ရွှေတုရိုဏ်တိုင်နှင့် တူတော်မူ၏။

၂၈။ တံတိုင်း တံခါးရွက် နံရံ သစ်ပင် နဂခေါ် ကျောက်တောင်တို့သည် ထိုမြတ်စွာဘုရားအား ပိတ်ပင်တားဆီးခြင်း မရှိကုန်၊ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာ၌ ထိုမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ပြန့်နှံ့လျက် တည်ရှိ၏။

၂၉။ ထိုအခါ အသက်တမ်းသည် အနှစ်တသိန်း ရှိ၏၊ ထို မြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည် နေလျက် များစွာသော သတ္တဝါ အပေါင်းကို (နိဗ္ဗာန်သို့) ကယ်တင်တော်မူ၏။

၃၀။ ထိုမြတ်စွာဘုရားသည် များစွာသော သတ္တဝါကို ကယ်တင်၍ အလုံးစုံသော ယုံမှားခြင်းကို ဖျက်ဆီးပြီးလျှင် မီးပုံကြီးကဲ့သို့ တောက်ပ၍ တပည့် သာဝကနှင့် တကွ ပရိနိဗ္ဗာန် စံတော်မူ၏။

၃၁။ မာရ်ငါးပါးကို အောင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် နန္ဒာရာမကျောင်း တိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထိုနန္ဒာရာမကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ (ဘုရားဆို) တော်သည် တဆယ့်နှစ်ယူဇနာ မြင့်လျက် တည်ရှိလေသတည်း။

**ဆယ်ခုမြောက် ပဒုမုတ္တရဘုရားဝင် ပြီး၏။**

http://www.dhammadownload.com



## ၁၃-သုမေဓဗုဒ္ဓဝင်

၁။ ပဒုမုတ္တရ မြတ်စွာဘုရား၏ နောက်အဘို၌ သုမေဓမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုမြတ်စွာဘုရား(ထိပါးရန်) ချဉ်းကပ်ဝံ့သောသူရှိတော်မမူ၊ ထက်မြက်သော တန်ခိုး ရှိတော်မူ၏၊ အလုံးစုံသော လောကထက် မြတ်တော်မူပါပေ၏။

၂။ (ထိုမြတ်စွာဘုရားသည်) ကြည်လင်သော မျက်လုံး ရှိတော်မူ၏၊ လှပတင့်တယ်သော မျက်နှာရှိတော်မူ၏၊ ကြီးကျယ်ဖြောင့်စင်း ထွန်းလင်းသော ကိုယ် 'ကာယ' ရှိတော်မူ၏၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးတော်မူတတ်၏၊ များစွာသော သတ္တဝါတို့ကို အနှောင်အဖွဲ့ 'သံယောဇဉ်' မှ လွတ်မြောက်စေတော်မူ၏။

၃။ အကြင်အခါ မြတ်စွာဘုရားသည် အလုံးစုံသော မြတ်သောဗောဓိဉာဏ်တော်သို့ ရောက်တော်မူ၏၊ ထိုအခါ သုဒဿနမြို့တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၄။ ထိုမြတ်စွာဘုရား၏ တရားဟောပြမှုကြောင့် (သတ္တဝါတို့၏) သစ္စာလေးပါးကို သိခြင်းတို့သည်လည်း သုံးကြိမ်ဖြစ်ကုန်၏၊ ကုဋေတသိန်းသော လူနတ် ဗြဟ္မာတို့၏ သစ္စာလေးပါးကို သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၅။ နောက်တဖန် ထို မြတ်စွာဘုရားသည် ကုမ္ဘကဏ္ဏဘီလူးကို ဆုံးမတော်မူ၏၊ (ထိုအခါ) ကုဋေကိုးသောင်းသော လူနတ် ဗြဟ္မာတို့၏ သစ္စာလေးပါးကို သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၆။ နောက်တဖန် မနှိုင်းယှဉ်အပ်သော ကျော်စောခြင်း ရှိတော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါးကို ပြတော်မူ၏၊ (ထိုအခါ) ကုဋေရှစ်သောင်းသော လူ နတ် ဗြဟ္မာတို့၏ သစ္စာလေးပါးကို သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၇။ သုမေဓ မြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏။

၈။ အကြင်အခါ မြတ်စွာဘုရားသည် သုဒဿနမည်သော မြို့သို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ကုဋေတရာသော ရဟန္တာရဟန်းတို့သည် (ရှေးဦးစွာ)စည်းဝေးကြကုန်၏။

၉။ နောက်တဖန် ဒေဝကူဋ္ဌတောင်ဝယ် ကထိန်ခင်းရာ ထိုအခါ၌ ကုဋေကိုးဆယ်သော ရဟန်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် (အစည်းအဝေး)ဖြစ်လေ၏။

၁၀။ နောက်တဖန် အကြင်အခါ၌ မြတ်စွာဘုရားသည် ဒေသစာရီကို လှည့်လည်တော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက်(အစည်းအဝေး) ဖြစ်လေ၏။

၁၁။ ထိုအခါ ငါသည် ဥတ္တရမည်သော လုလင် (ဖြစ်၍) ငါ၏ အိမ်၌ သိုမှီးသိမ်းဆည်းထားသော ဥစ္စာသည် ကုဋေရှစ်ဆယ်တို့ဖြစ်ကုန်၏။

၁၂။ သံဃာနှင့်တကွသော မြတ်စွာဘုရားအား ဥစ္စာအားလုံးကို အကြွင်းမဲ့လှူဒါန်းပြီးလျှင် ထိုမြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့၏၊ ရဟန်း အဖြစ်ကိုလည်း အလွန်နှစ်သက် (ရဟန်းပြုခဲ့၏)။

http://www.dhammadownload.com



၁၃။ ထိုမြတ်စွာဘုရားသည်လည်း အနုမောဒနာပြုလျက် ဤလုလင်သည် ကမ္ဘာသုံးသောင်းထက်၌ ဘုရားဖြစ်လတ္တံ့ ဟု ငါ့ကို ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၄။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍ ။ပ ။ ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလို၏ (ဟု ဆုတောင်းကုန်၏)။

၁၅။ ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန် ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၆။ ငါသည် သုတ္တန်ကိုရင်း ဝိနည်းကိုရင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမ အားလုံးကိုရင်း သင်ကြား၍ မြတ်စွာဘုရားသာသနာကို တင့်တယ်စေခဲ့၏။

၁၇။ ငါသည် ထိုမြတ်စွာဘုရား သာသနာတွင် ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း၌ မမေ့မလျော့နေသည်ရှိသော် အဘိညာဉ်တို့၌ အပြီးအဆုံးသို့ ရောက်၍ ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့၏။

၁၈။ သုမေဓမြတ်စွာဘုရား၏ မြို့တော်သည် သုဒဿနမည်၏၊ ခမည်းတော်သည် သုဒတ္တမင်း မည်၏၊ မယ်တော်သည် သုဒတ္တာ မိဖုရားမည်၏။

၁၉။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား)သုစန္ဒ ကဉ္စန သိရိဝဍ္ဎန အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၀။ (ထိုဘုရားလောင်းအား) ကောင်းစွာ တန်ဆာဆင်ထားသော မောင်းမပေါင်း လေးသောင်း ရှစ်ထောင်တို့သည် ရှိကုန်၏၊(ထိုဘုရားလောင်း၏) မိဖုရားသည်ကား သုမနာမည်၏၊ သားတော်သည် ပုနဗ္ဗသု(မိတ္တ)မည်၏။

၂၁။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့သော လဝက်ပတ်လုံး (ကမ္မဋ္ဌာန်းစီးဖြန်းခြင်း)လုံ့လကို အားထုတ်တော်မူ၏။

၂၂။ လောက၏ အကြီးအမှူးဖြစ်သော သုမေဓမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ သုဒဿနဥယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၃။ သရဏသည်ရင်း သဗ္ဗကာမသည်ရင်း သုမေဓမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏) အလုပ်အကျွေးသည် သာဂရ မည်၏။

၂၄။ ရာမာသည်ရင်း သုရာမာသည်ရင်း (သုမေဓာမြတ်စွာဘုရား၏) မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို တမာကြီးပင်ဟူ၍ ခေါ်ဆိုအပ်၏။

၂၅။ ဥရုဝေလာသည်ရင်း ယသဝါသည်ရင်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ ယသောဓရာသည်ရင်း သိရိမာသည်ရင်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



၂၆။ မြတ်စွာဘုရားသည် ရှစ်ဆယ့်ရှစ်တောင်တိုင်အောင် မြင့်တော်မူ၏၊ ကြယ်တာရာအပေါင်းတို့၏ အလယ်၌ လမင်းကဲ့သို့ အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းစေတော်မူ၏။

၂၇။ စကြဝတေးမင်း၏ပတ္တမြားမည်သည် တယူဇနာတိုင်အောင် ထွန်းလင်းတောက်ပသကဲ့သို့ ထို့အတူပင် ထိုမြတ်စွာဘုရား၏ ရောင်ခြည်တော်ရတနာသည် ထက်ဝန်းကျင် တယူဇနာတိုင်အောင် ပြန့်နှံ့၏။

၂၈။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၉။ ဤသာသနာတော်သည် ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော တန်ခိုးစွမ်းအားသို့ ရောက်ကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာသူတော်ကောင်းတို့ဖြင့် ကောင်းစွာ ရောပြွမ်းလျက် ရှိလေ၏။

၃၀။ မနှိုင်းယှဉ်နိုင်သော အခြံအရံ အမကျော်အစော ရှိကုန်သော ကိလေသာမှ ကင်းလွတ်ကုန်သော ဥပဓိလေးပါး မရှိကုန်သော ထိုရဟန္တာအားလုံးတို့သည်ပင် ဉာဏ်အလင်းရောင်ကို ပြပြီး၍ များမြတ်သော အခြံအရံ အကျော်အစောရှိသော ထိုဘုရားရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီ။

၃၁။ (သစ္စာလေးပါးကို)သိတော်မူသော သုမေဓမြတ်စွာဘုရားသည် မေခရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေသတည်း။

တဆယ့်တခုမြောက် သုမေဓဗုဒ္ဓဝင် ပြီး၏။

---

## ၁၄-သုဇာတဗုဒ္ဓဝင်

၁။ ထိုမဏ္ဍကပ္ပ၌ပင် သုဇာတမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုမြတ်စွာဘုရားသည် ခြင်္သေ့မင်း၏မေးကဲ့သို့ မေးရှိတော်မူ၏၊ (နွားလား) ဥသဘပခုံးကဲ့သို့ ပခုံးရှိတော်မူ၏၊ မနှိုင်းယှဉ်နိုင်သောဂုဏ် ရှိတော်မူ၏၊ (ထိပါးရန်) ချဉ်းကပ်ဝံ့သူ ရှိတော်မမူချေ။

၂။ အညစ်အကြေးကင်းလျက် စင်ကြယ်သော လမင်းကဲ့သို့၎င်း ထွန်းလင်းတောက်ပသော နေမင်းကဲ့သို့၎င်း ဤအတူ မြတ်စွာဘုရားသည် အသရေဖြင့် အခါခပ်သိမ်း တောက်ပလျက် တင့်တယ်တော်မူ၏။

၃။ မြတ်စွာဘုရားသည် အလုံးစုံသော မြတ်သောဗောဓိဉာဏ်တော်သို့ ရောက်၍ သုမင်္ဂလမြို့တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၄။ သုဇာတမြတ်စွာဘုရားသည် မြတ်သောတရားကို ဟောတော်မူသည်ရှိသော် ရှေးဦးစွာ ဓမ္မစကြာတရားဟောရာ၌ ကုဋေရှစ်ဆယ်သော လူ နတ် ဗြဟ္မာတို့သည် (သစ္စာလေးပါးကို) သိကြလေကုန်၏။

http://www.dhammadownload.com



၅။ အကြင်အခါ မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစောရှိတော်မူသော သုဇာတမြတ်စွာဘုရားသည် နတ်ပြည်၌ ဝါကပ်တော်မူ၏၊ (ထိုအခါ) သုံးသန်းခုနစ်သိန်းသော လူ နတ်ဖြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၆။ အကြင်အခါ အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော သုဇာတမြတ်စွာဘုရားသည် ခမည်းတော်အထံသို့ ချဉ်းကပ်တော်မူ၏၊ (ထိုအခါ) ခြောက်သန်းသောလူ နတ်ဖြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏။

၇။ သုဇာတမြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေးကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏။

၈။ အဘိညာဉ် စွမ်းအားသို့ရောက်လျက် ဘဝကြီးငယ်၌ မဖြစ်မရောက်လတ္တံ့သော ခြောက်သန်းသော ထိုရဟန္တာတို့သည် ရှေးဦးစွာ စည်းဝေးကြကုန်၏။

၉။ ထို့နောက် မြတ်စွာဘုရား၏ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်ရာ အစည်းအဝေး၌ ငါးသန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် (အစည်းအဝေး)ဖြစ်လေ၏။

၁၀။ ထိုမြတ်စွာဘုရား၏ အဂ္ဂသာဝကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်တော်မူသည်ရှိသော် လေးသိန်းသော ရဟန္တာတို့နှင့်အတူ မြတ်စွာဘုရားသို့ ချဉ်းကပ်တော်မူ၏၊ (ထိုအခါ တတိယအစည်းအဝေးဖြစ်လေ၏)။

၁၁။ ထိုအခါ ငါသည် လေးကျွန်းလုံးကို အစိုးရသော ကောင်းကင်၌ လှည့်လည်နိုင်သော စစ်သည်ဗိုလ်ပါများစွာ ရှိသော စကြဝတေးမင်း ဖြစ်ခဲ့၏။

၁၂။ ထို ငါသည် လောက၌ အံ့ဖွယ်ရှိသော ကြက်သီးမွေးညှင်းကို ထစေတတ်သော သုဇာတမြတ်စွာဘုရားကို ဖူးမြင်၍ ချဉ်းကပ်လျက် ရှိခိုးခဲ့၏။

၁၃။ လေးကျွန်းလုံး၌ မြတ်သော မင်းအဖြစ်ကိုလည်း မြတ်သော ရတနာခုနစ်ပါးတို့ကိုလည်း မြတ်စွာဘုရားအား အပ်နှင်းလှူဒါန်း၍ ထိုမြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုခဲ့၏။

၁၄။ အရံစောင့် (ကပ္ပိယ) တို့သည် ဇနပုဒ် (မြို့နယ်ခရိုင်) (တကျွန်းလုံး)၌ ထွက်သော အခွန်အတုတ်ကို စုပေါင်း၍ ရဟန်းသံဃာ၏ ပစ္စည်းလေးပါးအကျိုးငှါ ကျောင်းသို့ ပို့ဆောင်လှူဒါန်းကြကုန်၏။

၁၅။ လောကဓာတ် တသောင်း၌ အစိုးရသော ထိုမြတ်စွာဘုရားသည်လည်း ငါ့ကို ဤစကြဝတေးမင်းသည် ကမ္ဘာသုံးသောင်းထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ် စကား မိန့်ကြားတော်မူ၏။

၁၆။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းလုပ်ငန်းကို အားထုတ်၍။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်း ကုန်၏)။

၁၇။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ ငါသည် အလွန်ရွှင်လန်းခြင်းကို ဖြစ်စေခဲ့၏၊ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ ထက်မြက်သောအကျင့်ကို ဆောက်တည်ခဲ့၏။

http://www.dhammadownload.com



၁၈။ ငါသည် သုတ္တန်ကိုင်း ဝိနည်းကိုင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမတော်အားလုံးကိုင်း သင်ကြား၍ မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေခဲ့၏။

၁၉။ ငါသည် ထိုမြတ်စွာဘုရားသာသနာ၌ မမေ့မလျော့ပဲနေလျက် ဗြဟ္မဝိဟာရဘာဝနာကို ပွါး၍ အဘိညာဉ် တို့၌ အပြီးအဆုံးသို့ ရောက်ပြီးလျှင် ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့၏။

၂၀။ သုဇာတမြတ်စွာဘုရား၏ မြို့တော်သည် သုမင်္ဂလမည်၏၊ ခမည်းတော်သည် ဥဂ္ဂတမင်းမည်၏၊ မယ်တော်သည် ပဘာဝတီ မိဖုရား မည်၏။

၂၁။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) သိရိ ဥပသိရိ နန္ဒအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၂။ ကောင်းစွာတန်ဆာ ဆင်အပ်သော မောင်းမပေါင်း နှစ်သောင်း သုံးထောင်တို့သည်လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် သိရိနန္ဒာမည်၏၊ သားတော်သည် ဥပသေန မည်၏။

၂၃။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ဆယ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၄။ လောက၏ အကြီး အမှူးဖြစ်တော်မူသော သုဇာတမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ သုမင်္ဂလဥယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၅။ သုဒဿနသည်၎င်း သုဒေဝသည်၎င်း သုဇာတမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးသည် နာရဒမည်၏။

၂၆။ နာဂါသည်၎င်း နာဂသမာလာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏၊ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို မြတ်သော ကြခတ်ဝါးဟူ၍ ခေါ်ဆိုအပ်၏။

၂၇။ ထိုကြခတ် ဗောဓိပင်သည်ကား တခဲနက် (စိမ်းညိုသော) အရောင်ရှိ၏၊ သေးငယ်သော အပေါက်ရှိ၏၊ အရွက်တို့ဖြင့် ဖုံးအုပ်လျက် ရှိ၏၊ ဖြောင့်မတ်သော ဝါးပင်သည် ကြီးထွားလျက် ရှိ၏၊ ရှုချင်ဖွယ်ကောင်း၏၊ စိတ်ကို ပျော်မွေ့စေတတ်၏။

၂၈။ ပင်စည်တခုတည်း ကြီးပွါး၍ ထိုပင်စည်မှ ခက်မငါးဖြာသည် ဖြာထွက်၏၊ ထိုဗောဓိပင်သည် ကောင်းစွာ ဖွဲ့အပ်သော ဥဿဘမြီးစည်းကဲ့သို့ တင့်တယ် လှပ၏။

၂၉။ ထိုဗောဓိပင်အား ဆူးတို့သည်လည်း မရှိကုန်၊ ကျယ်သော အခေါင်းအပေါက်လည်း မရှိချေ၊ ကျယ်ပြန့်သော အခက်လည်း ရှိ၏၊ မကြဲသော အရွက်လည်း ရှိ၏၊ အေးမြသော အရိပ်လည်း ရှိ၏၊ စိတ်ကိုလည်း ပျော်မွေ့စေတတ်၏။

၃၀။ သုဒတ္တသည်၎င်း စိတ္တသည်၎င်း ထိုမြတ်စွာဘုရား၏ မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက' တို့ ဖြစ်ကုန်၏၊ သုဘဒ္ဒါသည်၎င်း ပဒုမာသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



၃၁။ ထိုမြတ်စွာဘုရားသည် အမြင့်အားဖြင့် အတောင် ငါးဆယ်ရှိတော်မူ၏၊ အလုံးစုံ မြတ်သော အခြင်းအရာနှင့် ပြည့်စုံတော်မူ၏၊ အလုံးစုံသော ဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူ၏။

၃၂။ ထိုမြတ်စွာဘုရား၏ အတုမရှိသော အရောင်တို့နှင့်သာ တူသော ရောင်ခြည်တော်သည် ထက်ဝန်းကျင်မှ ပြေးသွား(ကွန့်မြူး)လျက် ရှိ၏၊ မနှိုင်းယှဉ်နိုင်သောဂုဏ် ရှိတော်မူ၏၊ အတုမရှိ သောပုဂ္ဂိုလ် ဖြစ်တော်မူ၏၊ ဥပမာတို့ဖြင့် မနှိုင်းယှဉ်နိုင်သော ပုဂ္ဂိုလ် ဖြစ်တော်မူ၏။

၃၃။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှ လောက် အသက်တည်နေလျက် များစွာသော သတ္တဝါ အပေါင်းကို ကယ်တင်တော်မူ၏။

၃၄။ သမုဒ္ဒရာ၌ လှိုင်းတံပိုးကဲ့သို့ရင်း ကောင်းကင်၌ ကြယ်တာရာတို့ကဲ့သို့ရင်း ဤအတူ ထိုအခါ (မြတ်စွာဘုရား) သာသနာတော်သည် ရဟန္တာတို့ဖြင့် ဆန်းကြယ်၏။

၃၅။ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူသော ထိုမြတ်စွာဘုရားသည်ရင်း အတုမရှိ သော ထိုဂုဏ်တို့သည်ရင်း (ရှိကုန်၏)၊ ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံ သောသင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၆။ (သစ္စာလေးပါးကို) သိတော်မူသော သုဇာတမြတ်စွာဘုရားသည် သီလာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ (ပုထိုး)တော်သည် သုံးဂါဝုတ်တိုင်အောင် မြင့်လေသတည်း။

တဆယ့်နှစ်ခုမြောက် သုဇာတဗုဒ္ဓဝင် ပြီး၏။

---

## ၁၅-ပိယဒဿီဗုဒ္ဓဝင်

၁။ သုဇာတ မြတ်စွာဘုရား၏ နောက်အဘို့၌ ပိယဒဿီမြတ်စွာဘုရားသည် ပွင့်တော် မူလေ၏၊ ထိုမြတ်စွာဘုရားသည် လောကကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်၏၊ (ထိပါးရန်) ချဉ်းကပ်ဝံ့သူရှိတော်မမူ၊ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူ၏၊ များသော အခြံ အရံ အကျော်အစော ရှိတော်မူ၏။

၂။ မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစောရှိတော်မူသော ထိုမြတ်စွာဘုရားသည် လည်း နေမင်းကဲ့သို့ တင့်တယ်တော်မူ၏၊ အလုံးစုံသော (မောဟ) အမိုက်မှောင်ကို ပယ် ဖျောက်၍ ဓမ္မစကြာကို ဟောတော်မူ၏။

၃။ အတုမရှိ တန်ခိုး ကြီးတော်မူသော ထိုမြတ်စွာဘုရားအား (နတ်လူတို့၏) (သစ္စာ လေးပါးကို) သိခြင်းတို့သည် သုံးကြိမ်တို့ဖြစ်ကုန်၏၊ ကုဋေတသိန်းသော လူနတ် ပြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ သိခြင်းဖြစ်လေ၏။

၄။ သုဒဿန နတ်မင်းသည် မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ကို နှစ်သက်၏၊ မြတ်စွာဘုရား သည် ထိုနတ်မင်း၏ မှားသောအယူ 'ဒိဋ္ဌိ'ကို ပယ်ဖျောက်လျက် တရားကို ဟောတော် မူ၏။

http://www.dhammadownload.com



၅။ အတုမရှိ ကြီးကျယ်သော သတ္တဝါအပေါင်းသည် စည်းဝေးလေ၏၊ ထိုအခါ ကုဋေ ကိုးသောင်းသော လူနတ် ပြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် သိခြင်းဖြစ်လေ၏။

၆။ အကြင်အခါ လူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဒေါဏမုခဆင်ကို ဆုံးမတော်မူ၏၊ ထိုအခါ ကုဋေရှစ်သောင်းသော လူနတ် ပြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် သိခြင်းဖြစ်လေ၏။

၇။ ထိုပိယဒဿီ မြတ်စွာဘုရားအားလည်း (သာဝက)အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏၊ ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ပဌမအစည်းအဝေး ဖြစ်လေ၏။

၈။ ထို့နောက် ကုဋေကိုးဆယ်သော ရဟန်းတို့သည် (နှစ်ကြိမ်မြောက်)တပေါင်းတည်း စည်းဝေးကြကုန်၏၊ သုံးကြိမ်မြောက် အစည်းအဝေး၌ ကုဋေရှစ်ဆယ်သော ရဟန်းတို့သည် ရှိကုန်၏။

၉။ ထိုအခါ ငါသည် ကဿပမည်သော ပုဏ္ဏား(ဖြစ်၍) ဗေဒင်ကို သရဇ္ဈာယ်တတ်၏၊ ဗေဒင်ကို ဆောင်နိုင်၏၊ သုံးပါးသောဝေဒကျမ်းတို့၏ တဖက်ကမ်းသို့ ရောက်၏။

၁၀။ ထိုမြတ်စွာဘုရား၏ တရားကို နာကြားရ၍ ကြည်ညိုခြင်းကို ဖြစ်စေခဲ့၏၊ ငါသည် ကုဋေတသိန်းသော အသပြာတို့ဖြင့် သံဃအရံကို ပြုလုပ် ဖန်ဆင်းခဲ့၏။

၁၁။ ငါသည် ရွှင်လန်း တက်ကြွသော စိတ်ရှိသည်ဖြစ်၍ ထိုမြတ်စွာဘုရားအား အရံ (ကျောင်းတိုက်) ကို လှူပြီးလျှင် သရဏဂုံ သုံးပါးတို့ကိုရင်း ငါးပါးသီလတို့ကိုရင်း မြဲမြံစွာ ပြု၍ ဆောက်တည်ခဲ့၏။

၁၂။ ထိုမြတ်စွာဘုရားသည်လည်း သံဃအလယ်၌ ထိုင်နေ၍ ငါ့ကို ဤပုဏ္ဏားသည် ကမ္ဘာ တထောင့်ရှစ်ရာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

၁၃။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍ ။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား ၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၄။ ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၅။ ပိယဒဿီ မြတ်စွာဘုရား၏ မြို့တော်သည် သုဓညမည်၏ (ခမည်းတော်) မင်းသည် သုဒတ္တမင်းမည်၏၊ မယ်တော်သည် စန္ဒာ မိဖုရားမည်၏။

၁၆။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထို ဘုရားလောင်းအား) သုနိမ္မလ ဝိမလ ဂိရိဂုဟာ (ပြဟ္မာ)အားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၇။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးထောင်တို့သည်လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည်ကား ဝိမလာမည်၏၊ သားတော်သည် ကဥ္စနာဝေဠ မည်၏။

http://www.dhammadownload.com



၁၈။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ ခြောက်လပတ်လုံး ကမ္ဗဋ္ဌာန်း စီးဖြန်းခြင်း လုံ့လ အကျင့်ကို ကျင့်တော်မူ၏။

၁၉။ ကြီးမြတ်သော လုံ့လရှိတော်မူသော ပိယဒဿီ မြတ်စွာဘုရားသည် ဖြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ စိတ်ကို ပျော်မွေ့စေတတ်သော ဥသဘ (ဝတီ) ဥယျာဉ်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၀။ ပါလိတသည်၎င်း သဗ္ဗဒဿီသည်၎င်း ပိယဒဿီမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက' တို့ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အလုပ်အကျွေးသည် သောဘိတမည်၏။

၂၁။ သုဇာတာသည်၎င်း ဓမ္မဒိန္နာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ရေခတက်ပင်ဟူ၍ ခေါ်ဆိုအပ်၏။

၂၂။ သန္ဒကသည်၎င်း ဓမ္မကသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂုပဋ္ဌက' တို့ဖြစ်ကုန်၏၊ ဝိသာခါသည်၎င်း ဓမ္မဒိန္နာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂုပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၃။ ထိုမြတ်စွာဘုရားသည်လည်း မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့နှင့် ပြည့်စုံတော်မူ၏၊ အတောင်ရှစ်ဆယ် မြင့်တော်မူ၏၊ (ထိုမြတ်စွာဘုရားကို) အင်ကြင်းပင်မင်းကဲ့သို့ ဖူးမြင်ရပေ၏။

၂၄။ ထို အတူမရှိသော မြတ်စွာဘုရားအား ဖြစ်ပေါ်သည့် ရောင်ခြည်တော်ကဲ့သို့သော အရောင်အဝါမျိုးသည် မီး လ နေတို့အား မရှိချေ။

၂၅။ လောက၌ မြတ်စွာဘုရားသည် အနှစ်ကိုးသောင်းတို့ပတ်လုံး တည်နေတော်မူ၏၊ ထိုမြတ်စွာဘုရား၏ အသက်တမ်းသည်လည်း ထိုမျှလောက်ပင် ဖြစ်လေ၏။

၂၆။ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူသော မြတ်စွာဘုရားသည်၎င်း ထိုအတုမရှိကုန်သော (အဂ္ဂသာဝက) အစုံတို့သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၂၇။ ပိယဒဿီ မြတ်စွာဘုရားသည် အဿတ္ထာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ (ပုထိုးတော်)သည် သုံးယူဇနာတိုင် အောင် မြင့်လျက် တည်ရှိလေသတည်း။

တဆယ့်သုံးခုမြောက် ပိယဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၆-အတ္ထဒဿီဗုဒ္ဓဝင်

၁။ ထိုမဏ္ဍကမ္ဘာ၌ပင်လျှင် အတ္ထဒဿီ မြတ်စွာဘုရားသည် (မောဟ) အမိုက်မှောင်ကြီးကို ပယ်ဖျောက်၍ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်သို့ ရောက်တော်မူ၏။

၂။ (ထိုမြတ်စွာဘုရားသည်) ဗြဟ္မာမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ ဓမ္မစကြာကို ဟောတော်မူ၏၊ သောကစာတ်တသောင်း၌ နတ်နှင့်တကွသော လောကကို အမြိုက်နိဗ္ဗာန်ဖြင့် နှစ်သိမ့်ရောင့်ရဲစေတော်မူ၏။

http://www.dhammadownload.com



၃။ ထိုမြတ်စွာဘုရားအား (လူ နတ် ပြဟ္မာတို့၏ သစ္စာလေးပါးကို) သိခြင်းတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏၊ ကုဋေတသိန်းသော လူနတ်ပြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၄။ အကြင်အခါ အတ္တဒဿီမြတ်စွာဘုရားသည် နတ်ပြည်သို့ လှည့်လည်ကြွသွားတော်မူ၏၊ (ထိုအခါ) ကုဋေတသိန်းသော နတ်ပြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ နောက်တဖန် အကြင်အခါ မြတ်စွာဘုရားသည် ခမည်းတော်အထံ၌ တရားကို ဟောတော်မူ၏၊ (ထိုအခါ)ကုဋေတသိန်းသော လူ နတ် ပြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၆။ ထိုမြတ်စွာဘုရားအား (ကိလေသာ)အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည်လည်း သုံးကြိမ်တို့ ဖြစ်ကုန်၏။

၇။ ကိုးသောင်း ရှစ်ထောင်သော ရဟန္တာတို့၏ အစည်းအဝေးသည် ပဌမအစည်းအဝေး ဖြစ်လေ၏၊ ရှစ်သောင်း ရှစ်ထောင်သော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် ဖြစ်လေ၏။

၈။ စွဲယူခြင်းမရှိပဲ (ကိလေသာမှ) လွတ်မြောက်ကုန်သော အညစ်အကြေး ကင်းကုန်သော ခုနစ်သောင်းရှစ်ထောင်သော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် (အစည်းအဝေး)ဖြစ်လေ၏။

၉။ ထိုအခါ ငါသည် ထက်မြက်သော အကျင့်ရှိသော ရသေ့ဖြစ်၏၊ အမည်အားဖြင့် သုသိမ မည်၏၊ မြေအပြင်၌ မြတ်သောသူဟု သမုတ်အပ်သူ ဖြစ်၏။

၁၀။ ငါသည် နတ်၌ ဖြစ်သော မန္ဒာရဝပန်း ပဒုမာကြာပန်း ပင်လယ်ကသစ်ပန်းတို့ကို နတ်ပြည်မှ ယူဆောင်၍ မြတ်စွာဘုရားကို ရှိသေစွာ ပူဇော်ခဲ့၏။

၁၁။ ရဟန်းမြတ် ဖြစ်သော ထိုအတ္တဒဿီ မြတ်စွာဘုရားသည်လည်း ငါ့ကို ဤရသေ့သည် ကမ္ဘာတထောင့် ရှစ်ရာထက်၌ မြတ်စွာဘုရားဖြစ်လတ္တံ့ ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၂။ ကမ္ဘဋ္ဌာန်း စီးဖြန်းခြင်း လိုလကို အားထုတ်၍။ပ။ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၃။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရသည်ရှိသော် ရွှင်လန်းတက်ကြွသော စိတ်ရှိသည်ဖြစ်၍ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၄။ အတ္တဒဿီမြတ်စွာဘုရား၏ မြို့တော်သည် သောဘဏမည်၏၊ (ခမည်းတော်)မင်းသည် သာဂရမင်းမည်၏၊ မယ်တော်သည် သုဒဿနာမိဖုရားမည်၏။

http://www.dhammadownload.com



၁၅။ ထိုဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ ထိုဘုရားလောင်းအား အမရဂိရိ သုဂိရိ ဝါဟန [၁]အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၆။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးသောင်းသုံးထောင်တို့သည် လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း) ၏ မိဖုရားသည်ကား ဝိသာခါမည်၏၊ သားတော်သည် သေလအမည်ရှိသူ ဖြစ်၏။

၁၇။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ရှစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၁၈။ ကြီးသော လုံ့လရှိသော လူတို့ထက် မြတ်သော မျှားသော အခြံအရံရှိသော အတ္ထဒဿီမြတ်စွာဘုရားသည် ဗြဟ္မာမင်းတောင်းပန်အပ်သည်ဖြစ်၍ အနောမဥယျာဉ်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၁၉။ သန္တသည်၎င်း ဥပသန္တသည်၎င်း အတ္ထဒဿီမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ အလုပ်အကျွေးသည် အဘယ မည်၏။

၂၀။ ဓမ္မာသည်၎င်း သုဓမ္မာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို စကားပင် ဟူ၍ ခေါ်ဆိုအပ်၏။

၂၁။ နကုလသည်၎င်း နိသဘသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ မကိလာသည်၎င်း သုနန္ဒာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၂။ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားသည်လည်း အတောင်ရှစ်ဆယ်မြင့်လျက် အင်ကြင်းပင်မင်းကဲ့သို့၎င်း ပြည့်သော လမင်းကဲ့သို့၎င်း တင့်တယ်တော်မူ၏။

၂၃။ ထိုမြတ်စွာဘုရား၏ ကုဋေအရာမက များစွာသော ပြကတေ့သော ရောင်ခြည်တော်တို့သည် အထက် အောက် အရပ် ဆယ်မျက်နှာတို့၌ တယူဇနာတိုင်အောင် အခါခပ်သိမ်း ပြန့်နှံ့ကုန်၏။

၂၄။ လူဘို့ထက် မြတ်တော်မူသော အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူသော (အလုံးစုံကို)သိတော်မူသော စက္ခု (ငါးမျိုး)နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်လည်း အနှစ်တသိန်းတို့ပတ်လုံး လောက၌ တည်နေတော်မူ၏။

၂၅။ ထိုမြတ်စွာဘုရားသည်လည်း အတုမရှိသော အရောင်အဝါတော်ကို ပြ၍ နတ်နှင့်တကွသော လောက၌ ထွန်းလင်းစေပြီးလျှင် မီးစာကုန်ခြင်းကြောင့် ငြိမ်းရသော မီးကဲ့သို့ အမြဲမရှိခြင်းသို့ ရောက်တော်မူလေပြီ။

---

[၁]။ အမရဂိရိ သုဂိရိ ဂိရိဝါဟန (အဋ္ဌကထာ)။

http://www.dhammadownload.com



၂၆။ အတ္ထဒဿီ မြတ်စွာဘုရားသည် အနောမာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေသတည်း။

တဆယ့်လေးခုမြောက် အတ္ထဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၇-ဓမ္မဒဿီဗုဒ္ဓဝင်

၁။ ထိုမဏ္ဍကမ္ဘာ၌ပင်လျှင် များသောအခြံအရံရှိတော်မူသော ဓမ္မဒဿီ မြတ်စွာဘုရား သည် (မောဟ) အမိုက်မှောင်ကို ပယ်ဖျောက်၍ နတ်နှင့်တကွသော လောက၌ အလွန်တင့် တယ်တော်မူ၏။

၂။ အတုမရှိတန်ခိုးကြီးတော်မူသော ထိုမြတ်စွာဘုရား၏ ဓမ္မစကြာကို ဟောတော်မူရာ၌ ကုဋေတသိန်းသော လူနတ် ဗြဟ္မာတို့၏(သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ(သိခြင်း) ဖြစ်လေ၏။

၃။ အကြင်အခါ ဓမ္မဒဿီမြတ်စွာဘုရားသည် သဉ္စယရသေ့ကို ဆုံးမတော်မူ၏၊ ထိုအခါ ကုဋေကိုးဆယ်သော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၄။ အကြင်အခါ သိကြားမင်းသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရား(ထံ)သို့ ချဉ်းကပ် လေ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏လည်း(ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ် ဖြစ်ကုန်၏။

၆။ အကြင်အခါ ဓမ္မဒဿီမြတ်စွာဘုရားသည် သရဏမြို့၌ ဝါကပ်တော်မူ၏၊ ထိုအခါ ကုဋေတသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ပဌမ အစည်းအဝေး ဖြစ်လေ၏။

၇။ နောက်တဖန် အကြင်အခါ၌ မြတ်စွာဘုရားသည် နတ်ပြည်မှ လူ့ပြည်သို့ ကြွလာတော် မူ၏၊ ထိုအခါ၌လည်း ကုဋေတရာသော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် (အစည်းအဝေး)ဖြစ်လေ၏။

၈။ နောက်တဖန် အကြင်အခါ၌ မြတ်စွာဘုရားသည် ဓုတင်ဂုဏ်တို့ကို ပြတော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် (အစည်းအဝေး) ဖြစ်လေ၏။

၉။ ထိုအခါ ငါသည် ရှေး၌ (အလှူကို) လှူခဲ့သော သိကြားမင်း ဖြစ်၏၊ (ငါသည် မြတ်စွာဘုရားကို)နတ်၌ ဖြစ်သော နံ့သာပန်းဖြင့်၎င်း တူရိယာဖြင့်၎င်း ရှိသေစွာ ပူဇော်ခဲ့၏။

၁၀။ ထိုမြတ်စွာဘုရားသည်လည်း နတ်တို့၏ အလယ်၌ ထိုင်နေ၍ ငါ့ကို ဤသိကြားမင်းသည် ကမ္ဘာတထောင့်ရှစ်ရာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊

http://www.dhammadownload.com



၁၁။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုပ်ငန်းကို အားထုတ်၍။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၂။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏၊

၁၃။ ဓမ္မဒဿီ မြတ်စွာဘုရား၏ မြို့တော်သည် သရဏမည်၏၊ (ခမည်းတော်) မင်းသည် သရဏမင်းမည်၏၊ မယ်တော်သည် သုနန္ဒာမိဖုရား မည်၏။

၁၄။ ထိုဘုရားလောင်းသည် အနှစ်ရှစ်ထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) အရဇ ဝိရဇ သုဒဿနအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၅။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း လေးသောင်း သုံးထောင်[၁] တို့လည်း ရှိကုန်၏၊ မိဖုရားသည် ဝိစိကောဠီမည်၏၊ သားတော်သည် ပုညဝဍ္ဎနမည်၏။

၁၆။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ပြာသာဒ်ဖြင့် တောထွက်တော်မူ၏၊ ခုနစ်ရက်ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၁၇။ ကြီးမြတ်သော လုံ့လရှိတော်မူသော လူတို့ထက် မြတ်တော်မူသော ဓမ္မဒဿီ မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန် (သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၁၈။ ပဒုမသည်၎င်း ဖုဿဒေဝသည်၎င်း ဓမ္မဒဿီမြတ်စွာဘုရား၏ မြတ်သော တပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ ထို မြတ်စွာဘုရား၏ အလုပ်အကျွေးသည် သုနေတ္တမည်၏။

၁၉။ ခေမာသည်၎င်း သစ္စနာမာသည်၎င်း မြတ်သော တပည့်မ'အဂ္ဂသာဝိကာ'တို့ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို သံသတ်ပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၀။ သုဘဒ္ဒသည်၎င်း ကဋိဿဟသည်၎င်း မြတ်သော အလုပ်အကျွေးဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ သာဠိယာသည်၎င်း ကဋိယာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၁။ အတုမရှိသော ဘုရားရှင်နှင့်သာ တူတော်မူသော ထိုမြတ်စွာဘုရားသည်လည်း အတောင်ရှစ်ဆယ်မြင့်လျက် လောကဓာတ်တသောင်း၌ တန်ခိုးဖြင့် အလွန်တင့်တယ်တော်မူ၏။

၂၂။ ထိုမြတ်စွာဘုရားသည် ကောင်းစွာပွင့်သော အင်ကြင်းပင်မင်းကဲ့သို့၎င်း ကောင်းကင်၌ လျှပ်စစ်နွယ်ကဲ့သို့၎င်း နေ့မွန်းတည့်ချိန်၌ နေမင်းကဲ့သို့၎င်း ဤအတူ အလွန်တင့်တယ်တော်မူလေ၏။

၂၃။ အတုမဲ့တန်ခိုး ရှိတော်မူသော ထို မြတ်စွာဘုရား၏ အသက်သည် (လူတို့အသက်နှင့်) အညီအမျှပင် ဖြစ်လေ၏၊ မြတ်စွာဘုရားသည် အနှစ်တသိန်းတို့ပတ်လုံး လောက၌ တည်နေတော်မူ၏။

---

၁။ အဋ္ဌကထာ၌ သာဓိကံ သတသဟဿံ ရှိ၏။

http://www.dhammadownload.com



၂၄။ ထိုမြတ်စွာဘုရားသည် အလင်းရောင်ကိုပြု၍ သာသနာတော်ကို အညစ်အကြေးကင်းအောင် ပြုပြီးလျှင် ကောင်းကင်၌ ရွှေလျောသွားသောလမင်းကဲ့သို့ တပည့်သာဝကနှင့်တကွ မရိနိဗ္ဗာန်ပြုတော်မူ၏။

၂၅။ ဓမ္မဒဿီမြတ်စွာဘုရားသည် သာလာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ(ပုထိုး)တော်သည် သုံးယူဇနာမြင့်လျက် တည်ရှိလေသတည်း။

တဆယ့်ငါးခုမြောက် ဓမ္မဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၈-သိဒ္ဓတ္ထဗုဒ္ဓဝင်

၁။ ဓမ္မဒဿီမြတ်စွာဘုရား၏ နောက်အဘို့၌ လူတို့၏ ရှေ့သွားဖြစ်တော်မူသော သိဒ္ဓတ္ထမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ ထိုအခါ ထိုမြတ်စွာဘုရားသည် အလုံးစုံသော (မောဟ) အမိုက်မှောင်ကို ပယ်ဖျောက်၍ နေမင်းကဲ့သို့ တက်ထွန်းတော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည်လည်း သမ္မာသမ္ဗောဓိဉာဏ်တော်သို့ ရောက်၍ နတ်နှင့်တကွသော လူတို့ကို ကယ်တင်တော်မူသည် ရှိသော် နတ်နှင့်တကွသော လောကကို ငြိမ်းချမ်းစေလျက် တရားမိုးဖြင့် ရွာသွန်းတော်မူ၏။

၃။ အတုမရှိသော တန်ခိုးရှိတော်မူသော ထိုမြတ်စွာဘုရား၏လည်း လူနတ်တို့၏ (သစ္စာလေးပါးကို) သိခြင်းတို့သည်လည်း သုံးကြိမ်ဖြစ်ကုန်၏၊ ကုဋေတသိန်းသော လူနတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၄။ နောက်တဖန် အကြင်အခါ ဘီမရထမြို့ (ဟိမတိုင်းနိုင်ငံ)၌ (တရား)စည်ကို တီးတော်မူ၏၊ ထိုအခါ ကုဋေကိုးဆယ်သော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ အကြင်အခါ ထိုမြတ်စွာဘုရားသည် ဝေဘာရမြို့တော်၌ တရားကို ဟောတော်မူ၏၊ ထိုအခါ ကုဋေကိုးဆယ်သော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၆။ အခြေနှစ်ချောင်းရှိသူ နတ် လူတို့ထက် မြတ်တော်မူသော ထိုမြတ်စွာဘုရားလက်ထက်တော်၌ (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ် ဖြစ်ကုန်၏။

၇။ ကုဋေတရာသော ရဟန္တာတို့၏၎င်း ကုဋေကိုးဆယ်သော ရဟန္တာတို့၏၎င်း ကုဋေရှစ်ဆယ်သော ရဟန္တာတို့၏၎င်း အစည်းအဝေး၌ သုံးပါးသော ဤစည်းဝေးခြင်း အကြောင်းအရာတို့သည် ဖြစ်ကုန်၏။

၈။ ထိုအခါ ငါသည် မင်္ဂလမည်သော ရသေ့ဖြစ်၍ ထက်မြက်သော တန်ခိုးရှိသူ (သူတပါးတို့)မလွှမ်းမိုးနိုင်သူ အဘိညာဉ်စွမ်းအားနှင့် ပြည့်စုံသူ ဖြစ်ခဲ့၏။

http://www.dhammadownload.com



၉။ ငါသည် ဇမ္ဗူသပြေပင်မှ အသီးကို ကောင်းစွာ ဆောင်ယူ၍ သိဒ္ဓတ္ထမြတ်စွာဘုရားအား ပေးလှူ၏၊ မြတ်စွာဘုရားသည် ခံယူပြီးလျှင် ဤစကားကို မိန့်တော်မူ၏—

၁၀။ ဆံကျစ်ရှိလျက် အကျင့်ထက်သော ဤရသေ့ကို ရှုကြည့်ကုန်လော့၊ ဤရသေ့သည် ဤကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ ဟု(မိန့်တော်မူ၏)။

၁၁။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍။ပ။ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏(ဟု ဆုတောင်းကုန်၏)။

၁၂။ ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၃။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ မြို့တော်သည် ဝေဘာရမည်၏၊ (ခမည်းတော်)မင်းသည် ဥဒေနမင်း [၁]မည်၏၊ မယ်တော်သည် သုဖဿာမိဖုရားမည်၏။

၁၄။ ထိုဘုရားလောင်းသည် အနှစ်တသောင်းတို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ကောက သုပ္ပလ ကောကနဒအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၅။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း လေးသောင်းရှစ်ထောင်တို့လည်း ရှိကုန်၏၊ ထို(ဘုရားလောင်း၏) မိဖုရားသည်ကား သောမနဿာမည်၏၊ သားတော်သည် အနူပမ မည်၏။

၁၆။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဝေါယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ဆယ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၁၇။ ကြီးမားသော လုံ့လရှိတော်မူသော လူတို့ထက် မြတ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန် (သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၁၈။ သမ္ဗလသည်၎င်း သုမိတ္တသည်၎င်း သိဒ္ဓတ္ထမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏)အလုပ်အကျွေးသည် ရေဝတ မည်၏။

၁၉။ သီဝလာသည်၎င်း သုရာမာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို 'တောင်ဖက်ဝန်း' မဟာလှေကားဟု ခေါ် ဆိုအပ်၏။

၂၀။ သုပ္ပိယသည်၎င်း သမုဒ္ဒသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ ရမ္မာသည်၎င်း သုရမ္မာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၁။ ထိုမြတ်စွာဘုရားသည်လည်း အတောင်ခြောက်ဆယ်တိုင်အောင် ကောင်းကင်သို့ မြင့်တက်တော်မူ၏၊ ရွှေတုရိုဏ်တိုင်နှင့် တူလျက် လောကဓာတ်တသောင်း၌ အထူးတင့်တယ်တော်မူ၏။

---

၁။ ဃေသေနမင်းလည်းမည်၏ (အဋ္ဌကထာ)။

http://www.dhammadownload.com



၂၂။ အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော တုဘက်ပုဂ္ဂိုလ် ရှိတော်မမူသော ပြိုင်ဘက်ပုဂ္ဂိုလ်ရှိတော်မမူသော စက္ခု(ငါးမျိုး)နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည်လည်း လောက၌ အနှစ်တသိန်းတို့ပတ်လုံး တည်နေတော်မူ၏။

၂၃။ ထိုမြတ်စွာဘုရားသည် ပြန့်ပြောသော အလင်းရောင်ကိုပြ၍ တပည့်သာဝကတို့ကို ပွင့်စေပြီးလျှင် မြတ်သောသမာပတ်ဖြင့် တင့်တယ်စမွယ်လျက် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

၂၄။ ရဟန်းမြတ် ဖြစ်တော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် အနောမာရာမ (ဥယျာဉ်)၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုဥယျာဉ်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ(ပုထိုး)တော်သည် လေးယူဇနာမြင့်လျက် တည်ရှိလေသတည်း။

တဆယ့်ခြောက်ခုမြောက် သိဒ္ဓတ္ထဗုဒ္ဓဝင် ပြီး၏။

---

## ၁၉-တိဿဗုဒ္ဓဝင်

၁-၂။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ နောက်အဘို့၌ တူသော ပုဂ္ဂိုလ်ရှိတော်မမူသော ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူသော အဆုံးမရှိသော တန်ခိုးရှိတော်မူသော မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော အစဉ်သနားစောင့်ရှောက်တော်မူတတ်သော ကြီးသော လုံ့လရှိတော်မူသော စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော တိဿမြတ်စွာဘုရားသည် (မောဟ) အမိုက်မှောင်ကို ပယ်ဖျောက်၍ နတ်နှင့်တကွသော လောကကို ထွန်းလင်းစေလျက် လောက၌ ပွင့်တော်မူ၏။

၃။ ထိုမြတ်စွာဘုရားအားလည်း အတုမရှိသော တန်ခိုးတော်သည်၎င်း အတုမရှိသော သီလတော် သမာဓိတော်သည်၎င်း ရှိတော်မူပါပေ၏၊ (ထိုမြတ်စွာဘုရားသည်)အလုံးစုံသော တရားတို့၌ အထွတ်အထိပ်သို့ ရောက်၍ မြွေစကြာကို ဟောတော်မူ၏။

၄။ ထိုမြတ်စွာဘုရားသည် လောကဓာတ်တသောင်း၌ စင်ကြယ်သော တရားစကားကို အထူးသိစေတော်မူ၏၊ ရှေးဦးစွာ (ဓမ္မစကြာ)တရားဟောရာ၌ ကုဋေတရာသော လူ နတ် ဗြဟ္မာတို့သည် (သစ္စာလေးပါးကို)သိကြကုန်၏။

၅။ ကုဋေကိုးဆယ်သော လူ နတ် ဗြဟ္မာ တို့၏ နှစ်ကြိမ်မြောက် သစ္စာလေးပါးကို သိခြင်းသည်၎င်း ကုဋေခြောက်ဆယ်သော လူ နတ် ဗြဟ္မာတို့၏ သုံးကြိမ်မြောက် (သစ္စာလေးပါးကို) သိခြင်းသည်၎င်း ဖြစ်၏၊ထိုအခါ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်စေတော်မူ၏။

၆။ တိဿမြတ်စွာဘုရား၏ (ကိလေသာ) အညစ်အကြေးကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏။

၇။ ထိုသုံးပါးတို့တွင် တသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ပဌမ အစည်းအဝေး ဖြစ်လေ၏၊ ကိုးသိန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

http://www.dhammadownload.com



၈။ (ကိလေသာ)အညစ်အကြေး ကင်းကုန်လျက် အရဟတ္တဖိုလ် 'ဝိမုတ္တိ' ဖြင့် ပွင့်ကုန်သော ရှစ်သန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၉။ ထိုအခါ ငါသည် သုဇာတမည်သော မင်းဖြစ်၍ များစွာသော မင်းစည်းစိမ်ကို စွန့်ပြီးလျှင် ရသေ့ ရဟန်းအဖြစ်သို့ ဝင်ရောက်ခဲ့၏။

၁၀။ ငါ ရသေ့ရဟန်းပြုပြီးလတ်သော် မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏၊ မြတ်စွာဘုရားဟူသော အသံကို ကြားရ၍ ငါ့အား နှစ်သက်ခြင်း 'ပီတိ'ဖြစ်ပေါ်ခဲ့၏။

၁၁။ ငါသည် နတ်ပြည်၌ဖြစ်သော မန္ဒာရဝပန်း ပဒုမာကြာပန်း ပင်လယ်ကသစ်ပန်းတို့ကို လက်နှစ်ဖက်တို့ဖြင့် ယူပြီးလျှင် (လျှော်တေသက်န်းကို) ခါတွက်လျက် တိဿဘုရားထံချဉ်းကပ်ခဲ့၏။

၁၂။ ငါသည် ပန်းကို အမျိုးလေးပါးဖြင့် ခြံရံလျက်ရှိသော မာရ်(ငါးပါး)ကို အောင်တော်မူသော လောက၏ အမြတ်ဆုံးရှေ့သွားဖြစ်ကော်မူသော ထိုတိဿ မြတ်စွာဘုရားထံသို့ ဆောင်ယူခဲ့၍ ဦးထိပ်၌ ဆောင်းမိုးခဲ့၏။

၁၃။ ထိုအခါ မြတ်စွာဘုရားသည်လည်း လူတို့၏ အလယ်၌ ထိုင်နေ၍ ငါ့ကို ဤရသေ့သည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၄။ ကမ္ဗဋ္ဌာန်း စီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍။ပ။ ဤ (ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၅။ ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၆။ တိဿမြတ်စွာဘုရား၏ မြို့တော်သည် ခေမကမည်၏၊ (ခမည်းတော်) မင်းသည် ဇနသန္ဓမင်း မည်၏၊ မယ်တော်သည် ပဒုမာ မိဖုရား မည်၏။

၁၇။ ထိုဘုရားလောင်းသည် အနှစ် ခုနစ်ထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ဂုဟာသေလ နာရိသယ နိသဘအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၈။ ကောင်းစွာတန်ဆာဆင်အပ်သော မောင်းမတို့သည်လည်း သုံးသောင်းတိတိရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် သုဘဒ္ဒါမည်၏၊ သားတော်သည် အာနန္ဒာမည်၏။

၁၉။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ရှစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၀။ ကြီးမြတ်သော လုံ့လရှိတော်မူသော တိဿမြတ်စွာဘုရားသည် ဗြဟ္မာမင်းတောင်းပန်အပ်သည်ဖြစ်၍ ယသဝတီ ဥယျာဉ်တော်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၁။ ဗြဟ္မဒေဝသည်ရင်း ဥဒယသည်ရင်း တိဿမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား)အလုပ်အကျွေးသည် သမင်္ဂမည်၏။

http://www.dhammadownload.com



၂၂။ ဖုဿာသည်၎င်း သုဒတ္တာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ပိတောက်ပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၃။ သမ္ဗလသည်၎င်း သိရိမာသည်၎င်း မြတ်သောအလုပ်အကျွေးဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ ကိသာဂေါတမီသည်၎င်း ဥပသေနာသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယိကာမ'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၄။ မာရ်(ငါးပါး)ကို အောင်တော်မူသော ထိုမြတ်စွာဘုရားသည်လည်း အမြင့်အားဖြင့် အတောင်ခြောက်ဆယ် ရှိတော်မူ၏၊ မနှိုင်းယှဉ်နိုင်သော ဂုဏ်နှင့် ပြည့်စုံလျက် တူသောပုဂ္ဂိုလ် ရှိတော်မမူသော ထိုမြတ်စွာဘုရားသည် ဟိမဝန္တာတောင်ကဲ့သို့ ထင်ရှားတော်မူ၏။

၂၅။ ထိုမြတ်စွာဘုရား၏ အသက်တော်သည်လည်း အမြတ်ဆုံး မရှည်လွန်း မတိုလွန်း ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် လောက၌ အနှစ်တသိန်းတို့ပတ်လုံး တည်နေတော်မူ၏။

၂၆။ ထိုမြတ်စွာဘုရားသည် အလွန်မြင့်မြတ်၍ အထူးသဖြင့် ချီးမွမ်းအပ်သော များစွာသော အခြံအရံအကျော်အစောကို ခံစားတော်မူ၍ မီးပုံကြီးကဲ့သို့ ထွန်းလင်း တောက်ပလျက် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန် စံတော်မူလေပြီ။

၂၇။ ထိုမြတ်စွာဘုရားသည် လေကြောင့် (ကင်းပျောက်ရသော) မိုးတိမ်ကဲ့သို့၎င်း နေကြောင့် (ချုပ်ပျောက်ရသော) ဆီးနှင်းပေါက်ကဲ့သို့၎င်း ဆီမီးကြောင့် (ကွယ်ပျောက်ရသော) အမိုက်မှောင်ကဲ့သို့၎င်း (မမြဲသည့် အဖြစ်ကြောင့်) တပည့်သာဝကနှင့် တကွ ပရိနိဗ္ဗာန် စံတော်မူလေပြီ။

၂၈။ (သစ္စာလေးပါးကို) သိတော်မူသော တိဿမြတ်စွာဘုရားသည် သုနန္ဒာရာမကျောင်း တိုက်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ ဘုရားစေတီ(ပုထိုး)တော်သည် သုံးယူဇနာမြင့်လျက် တည်ရှိလေသတည်း။

တဆယ့်ခုနစ်ခုမြောက် တိဿဗုဒ္ဓဝင် ပြီး၏။

---

## ၂၀-ဖုဿဗုဒ္ဓဝင်

၁။ ထိုမဏ္ဍကမ္ဘာ၌ပင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော မနှိုင်းယှဉ်နိုင်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော လောက၌ အမြတ်ဆုံး အကြီးအမှူးဖြစ်တော်မူသော ဖုဿမြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည်လည်း အလုံးစုံသော (မောဟ) အမိုက်မှောင်ကို ပယ်ဖျောက်၍ ကြီးစွာသော (တဏှာ)အရှုပ်အထွေးကို ဖြေရှင်းပြီးလျှင် နတ်နှင့်တကွသော လောကကို နှစ်သိမ့်စေလျက် အမြိုက်ရေစင်ဖြင့် ရွာသွန်းတော်မူလေ၏။

၃။ နက္ခတ်ဟူသော အမည်မင်္ဂလာရှိသော ဖုဿမြတ်စွာဘုရားသည် (သင်္ကဿမြို့၌) ဓမ္မစကြာကို ဟောတော်မူလတ်သော် ကုဋေတသိန်းသော လူနတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ(သိခြင်း)ဖြစ်လေ၏။

http://www.dhammadownload.com



၄။ ကိုးသန်းသော လူနတ် ပြဟ္မာတို့၏ (သစ္စာလေးပါးကို). သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏၊ ရှစ်သန်းသော လူနတ်ပြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ ဖုဿမြတ်စွာဘုရားအား (ကိလေသာ)အညစ်အကြေးကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည်လည်း သုံးကြိမ် ဖြစ်ကုန်၏။

၆။ ခြောက်သန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ရှေးဦးစွာ (အစည်းအဝေး) ဖြစ်လေ၏၊ ငါးသန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် (အစည်းအဝေး) ဖြစ်လေ၏။

၇။ စွဲလမ်းခြင်း မရှိပဲ (ကိလေသာမှ) လွတ်မြောက်ကုန်သော ပဋိသန္ဓေကို ဖြတ်တောက်ပြီးကုန်သော လေးသန်းသော ရဟန္တာတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် (အစည်းအဝေး) ဖြစ်လေ၏။

၈။ ထိုအခါ ငါသည် ဝိဇိတာဝီမည်သောမင်း (ဖြစ်၍) ကြီးကျယ်သော မင်းစည်းစိမ်ကို စွန့်၍ ထိုမြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုခဲ့၏။

၉။ လောက၌ အမြတ်ဆုံး အကြီးအမှူးဖြစ်တော်မူသော ထိုဖုဿမြတ်စွာဘုရားသည်လည်း ငါ့ကို ဤမင်းသည် ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ (ဟု)ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊

၁၀။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုပ်ငန်းကို အားထုတ်၍ ။ ပ ။ ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၁။ ငါသည် ထိုမြတ်စွာဘုရား၏ စကားတော်ကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညို စေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ပြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၂။ ငါသည် သုတ္တန်ကိုရင်း ဝိနည်းကိုရင်း အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ အဆုံးအမ အားလုံးကိုရင်း သင်ကြား၍ မြတ်စွာဘုရား သာသနာကို တင့်တယ်စေခဲ့၏။

၁၃။ ငါသည် ထိုမြတ်စွာဘုရား သာသနာတော်၌ မမေ့မလျော့ နေလျက် ဗြဟ္မဝိဟာရ ဘာဝနာကို ပွါး၍ အဘိညာဉ်တို့၌ အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ပြီးလျှင် ဗြဟ္မာ့ ပြည်သို့ ရောက်ခဲ့၏။

၁၄။ ဖုဿမြတ်စွာဘုရား၏ မြို့တော်သည် ကာသိကမည်၏၊ (ခမည်းတော်) မင်းသည် ဇယသေနမင်းမည်၏၊ မယ်တော်သည် သိရိမာ မိဖုရားမည်၏။

၁၅။ ထိုဘုရားလောင်းသည် အနှစ်ကိုးထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ဂရုဠပက္ခ ဟံသ သုဝဏ္ဏဘာရအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၆။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း သုံးသောင်းတို့သည်လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏) မိဖုရားသည် ကိသာဂေါတမီ မည်၏၊ သားတော်သည် အနူပမ မည်၏။

http://www.dhammadownload.com



၁၇။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ ခြောက်လပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၁၈။ ကြီးမြတ်သော လုံ့လရှိတော်မူသော လူတို့ထက် မြတ်တော်မူသော ဖုဿမြတ်စွာဘုရားသည် မြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန် (သမင်တော) ၌ ဓမ္မစကြာကို ဟောတော်မူ၏။

၁၉။ သုရက္ခိတသည်၎င်း ဓမ္မသေနသည်၎င်း ဖုဿမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးသည် သဘိယ မည်၏။

၂၀။ စာလာသည်၎င်း ဥပစာလာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို သျှိသျှားပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၁။ ဓနဉ္စယသည်၎င်း ဝိသာခသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ ပဒုမာသည်၎င်း နာဂါသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၂။ ထိုမြတ်စွာဘုရားသည်လည်း ငါးဆယ့်ရှစ်တောင်တိုင်အောင် မြင့်လျက် နေမင်းကဲ့သို့၎င်း ပြည့်သောလမင်းကဲ့သို့၎င်း တင့်တယ်တော်မူ၏၊

၂၃။ ထိုအခါ အသက်တမ်းသည် အနှစ်ကိုးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၄။ အတုမရှိသော အခြံအရံ အကျော်အစောရှိတော်မူသော ထိုမြတ်စွာဘုရားသည်လည်း များစွာသော သတ္တဝါတို့ကို ဆုံးမ၍ များစွာသော လူတို့ကို ကယ်တင်ပြီးလျှင် တပည့်သာဝကနှင့်အတူ တကွ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။

၂၅။ နတ်လူတို့ကို ဆုံးမတော်မူသော ဖုဿမြတ်စွာဘုရားသည် သေနာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ဓာတ်တော်သည် ထိုထိုအရပ်မျက်နှာတို့၌ ပြန့်နှံ့လျက် ရှိလေသတည်း။

တဆယ့်ရှစ်ခုမြောက် ဖုဿဗုဒ္ဓဝင် ပြီး၏။

---

## ၂၁-ဝိပဿီဗုဒ္ဓဝင်

၁။ ဖုဿမြတ်စွာဘုရား၏ နောက်အဘို့၌လည်း အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူသော စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော အမည်အားဖြင့် ဝိပဿီဟု ထင်ရှားသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။

၂။ ထိုမြတ်စွာဘုရားသည် အဝိဇ္ဇာအားလုံးကို ဖျက်ဆီး၍ မြတ်သောဗောဓိဉာဏ်တော်သို့ ရောက်တော်မူလတ်သော် ဓမ္မစကြာကို ဟောခြင်းငှါ ဗန္ဓုမတီမြို့သို့ ကြွသွားတော်တော်မူ၏။

၃။ မြတ်စွာဘုရားသည် ဓမ္မစကြာကို ဟော၍ (ခန္ဓနှင့် တိဿ) နှစ်ဦးတို့ကို (သစ္စာလေးပါးကို) သိစေတော်မူ၏၊ ရှေးဦးစွာ (နတ်လူတို့၏ သစ္စာလေးပါးကို) သိခြင်းသည် ဂဏန်း (အရေအတွက်)အားဖြင့် မပြောဆိုနိုင်သော သိခြင်း ဖြစ်လေ၏။

http://www.dhammadownload.com



၄။ နောက်တဖန် မနှိုင်းယှဉ်နိုင်သော အခြံအရံ အကျော်အစော ရှိတော်မူသော မြတ်စွာဘုရားသည် ထိုဗန္ဓုမတီမြို့၌သစ္စာလေးပါးကို ပြတော်မူ၏၊ (ထိုအခါ)ရှစ်သောင်း လေးထောင်သော လူ နတ် ဗြဟ္မာ တို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏။

၅။ ရှစ်သောင်းလေးထောင်သော လူအပေါင်းတို့သည် မြတ်စွာဘုရားကို အတုလိုက်၍ ရဟန်းပြုကုန်၏၊ မြတ်စွာဘုရားသည် ကျောင်းတိုက်သို့ ရောက်လာသော ထိုသူတို့အား တရားကို ဟောတော်မူ၏။

၆။ ထိုသူတို့သည်လည်း အလုံးစုံသော အခြင်းအရာအားဖြင့် ဟောတော်မူသော မြတ်စွာဘုရားကိုမှီ၍ တရားမြတ်ကို ကြားနာရကုန်သည်ရှိသော် သစ္စာလေးပါးကို သိကြကုန်၏၊ ထိုသူတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၇။ ဝိပဿီ မြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည သုံးကြိမ်ဖြစ်ကုန်၏။

၈။ ခြောက်သန်း ရှစ်သိန်းသော ရဟန်းတို့၏ အစည်းအဝေးသည် ရှေးဦးစွာ ဖြစ်လေ၏၊ တသိန်းသော ရဟန်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေးဖြစ်လေ၏။

၉။ ရှစ်သောင်းသော ရဟန်းတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏၊ ထိုရဟန်းအပေါင်းတို့၏ အလယ်၌ မြတ်စွာဘုရားသည် အလွန်တင့်တယ်တော်မူ၏။

၁၀။ ထိုအခါ ငါသည် တန်ခိုးကြီးသော ဘုန်းရှိသော အလင်းရောင်ကိုဆောင်သော အမည်အားဖြင့် အတုလမည်သော နဂါးမင်း ဖြစ်ခဲ့၏။

၁၁။ ထိုအခါ ငါသည် အကုဋေမက များစွာသော နဂါးတို့ဖြင့် ခြံရံ၍ နတ်၌ ဖြစ်သော တူရိယာတို့ဖြင့် တီးမှုတ်လျက် လောက၏အမြတ်ဆုံးဖြစ်သောမြတ်စွာဘုရားသို့ဆည်းကပ်ခဲ့၏။

၁၂။ ငါသည် လောက၏ အကြီးအမှူးဖြစ်သော ဝိပဿီမြတ်စွာဘုရား(ထံ)သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ပင့်ဖိတ်၍ ပတ္တမြားပုလဲ ရတနာတို့ဖြင့် ချယ်စီအပ်သော အလုံးစုံသော အဆင်တန်ဆာတို့ တန်ဆာဆင်အပ်သော ရွှေအင်းပျဉ်ကို လှူဒါန်းခဲ့၏။

၁၃။ ထိုမြတ်စွာဘုရားသည်လည်း သံဃာအလယ်၌ ထိုင်နေ၍ ငါ့ကို ဤနဂါးမင်းသည် ဤသာရကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏၊

၁၄။ ထိုအခါ ဘုရားလောင်းသည် ပျော်မွေ့ဖွယ်ကောင်းသော ကပိလမြို့မှ ထွက်၍ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်လျက် ပြုနိုင်ခဲသော အကျင့်ကို ပြုကျင့်ပြီးလျှင် ဘုရားဖြစ်လတ္တံ့။

၁၅။ မြတ်စွာဘုရားသည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ ထိုင်နေ၍ ထိုညောင်ပင်ရင်း၌ နို့ဃနာကို ခံယူပြီးလျှင် နေရဉ္ဇရာမြစ်သို့ ချဉ်းကပ်လတ္တံ့။

http://www.dhammadownload.com



၁၆။ ထိုမြတ်စွာဘုရားသည် နေရဉ္စရာမြစ်ကမ်း၌ နို့ဃနာကို ဘုဉ်းပေးပြီးလျှင်(နတ်တို့) စီရင်အပ်သော မြတ်သော ခရီး(လမ်း)ဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လတ္တံ့။

၁၇။ ထို့နောက် အတုမရှိသော မျှားသောအခြံရံရှိသော မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်ကို လက်ျာရစ် လှည့်ပြီးလျှင် ညောင်ဗုဒ္ဓေဟပင်ရင်း၌ သမ္မာသမ္ဗောဓိဉာဏ်ကို သိလတ္တံ့။

၁၈။ ဤမြတ်စွာဘုရား၏ မယ်တော်ရင်းသည် မာယာမည်သော မိဖုရားဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒန မည်သော မင်းဖြစ်လတ္တံ့၊ ဤမြတ်စွာဘုရား၏ အမည်သည် ဂေါတမ ဖြစ်လတ္တံ့။

၁၉။ ကောလိတသည်၎င်း ဥပတိဿသည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်တံ့ကုန်သော အမြတ်ဆုံးတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်လတ္တံ့၊ အာနန္ဒာမည်သော ရဟန်းသည် အလုပ်အကျွေးဖြစ်၍ ဤမြတ်စွာဘုရားကို လုပ်ကျွေးလတ္တံ့။

၂၀။ ခေမာသည်၎င်း ဥပ္ပလဝဏ္ဏာသည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်တံ့ကုန်သော အမြတ်ဆုံးတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်လတ္တံ့၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ညောင်ဗုဒ္ဓေဟဟု ခေါ်ဆိုအပ်လတ္တံ့။

၂၁။ စိတ္တသူကြွယ်သည်၎င်း ဟတ္ထာဠဝကမင်းသားသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်လတ္တံ့၊ နန္ဒမာတာသည်၎င်း ဥတ္တရာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်လတ္တံ့၊ မြတ်သော အခြံအရံ အကျော်အစောရှိသော ထိုဂေါတမ မြတ်စွာဘုရား၏ အသက်တမ်းသည် တရာရှိလတ္တံ့ဟု (မိန့်တော်မူ၏)။

၂၂။ ဤစကားကို ကြားနာရ၍။ပ။ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏(ဟု ဆုတောင်းကုန်၏)။

၂၃။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၂၄။ ဝိပဿီမြတ်စွာဘုရား၏ မြို့တော်သည် ဗန္ဓုမတီ မည်၏၊ (ခမည်းတော်)မင်းသည် ဗန္ဓုမာမင်း မည်၏၊ မယ်တော်သည် ဗန္ဓုမတီမိဖုရားမည်၏။

၂၅။ ထိုဘုရားလောင်းသည် အနှစ်ရှစ်ထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား)နန္ဒ သုနန္ဒ သိရိမာအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၂၆။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမပေါင်း လေးသောင်းသုံးထောင်[၁]တို့သည်လည်း ရှိကုန်၏၊ (ထိုဘုရားလောင်း၏)မိဖုရားသည်ကား သုဒဿနာမည်၏၊ သားတော်သည် သမဝတ္တက္ခန္ဓ မည်၏။

---

၁။ တသိန်းနှစ်သောင်း (အဋ္ဌကထာ)

http://www.dhammadownload.com



၂၇။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ရှစ်လတို့ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၈။ ကြီးသော လုံ့လရှိတော်မူသော လူတို့ထက် မြတ်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန် (သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၉။ ခဏ္ဍသည်၎င်း တိဿအမည်ရှိသူသည်၎င်း ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏)အလုပ်အကျွေးသည် အသောက မည်၏။

၃၀။ စန္ဒာသည်၎င်း စန္ဒမိတ္တာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို သခွတ်ပင်ဟူ၍ ခေါ် ဆိုအပ်၏။

၃၁။ ပုနဗ္ဗသုမိတ္တသည်၎င်း နာဂသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂ-ဥပဋ္ဌက'တို့ ဖြစ်ကုန်၏၊ သိရိမာသည်၎င်း ဥတ္တရာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၃၂။ ဝိပဿီမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် မြင့်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် ခုနစ်ယူဇနာတိုင်အောင် ပြေးသွား (ကွန့်မြူး)လျက်ရှိ၏။

၃၃။ ထိုအခါ အသက်တမ်းသည် အနှစ်ရှစ်သောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၃၄။ များစွာသော နတ် လူတို့ကို သံယောဇဉ် အနှောင်အဖွဲ့မှ လွန်မြောက်စေတော်မူ၏၊ ကြွင်းသော ပုထုဇဉ်တို့အား လမ်းဟုတ်သည် လမ်းမဟုတ်သည်ကိုလည်း ဟောကြားတော်မူ၏။

၃၅။ ထိုမြတ်စွာဘုရားသည် အလင်းရောင်ကို ပြ၍ အမြိုက်နိဗ္ဗာန်ကို ဟောပြီးလျှင် မီးပုံကြီးကဲ့သို့ ထွန်းလင်းတောက်ပ၍ တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

၃၆။ (ထိုမြတ်စွာဘုရားအား)မြတ်သော တန်ခိုးတော်သည်၎င်း မြတ်သော ဘုန်းတော်သည်၎င်း ပွင့်သော လက္ခဏာတော်သည်၎င်း ရှိပေ၏၊ ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၇။ (သစ္စာလေးပါးကို) သိတော်မူသော ဝိပဿီမြတ်စွာဘုရားသည် သုမိတ္တာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ (ပုထိုး)တော်သည် ခုနစ်ယူဇနာ မြင့်လျက် တည်ရှိလေသတည်း။

**တဆယ့်ကိုးခုမြောက် ဝိပဿီဗုဒ္ဓဝင် ပြီး၏။**

http://www.dhammadownload.com



## ၂၂-သိခီဗုဒ္ဓဝင်

၁။ ဝိပဿီမြတ်စွာဘုရား၏ နောက်အဘို့၌ ကိုယ်တိုင် (အလုံးစုံသော တရားတို့ကို)သိတော်မူသော အခြေနှစ်ချောင်း ရှိသူ နတ်လူတို့ထက် မြတ်တော်မူသော အတုမရှိ ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူသော သိခီ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၂။ (ထိုမြတ်စွာဘုရားသည်) မာရ်စစ်သည်ကို နှိမ်နင်း၍ မြတ်သော ဗောဓိဉာဏ်သို့ ရောက်သည်ဖြစ်၍ သတ္တဝါတို့ကို အစဉ်အနှောင့်ရှောက်ခြင်းငှါ ဓမ္မစကြာကို ဟောတော်မူ၏။

၃။ မာရ်ငါးပါးကို အောင်တော်မူ၍ ရှေးသွားဖြစ်တော်မူသော သိခီမြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည်ရှိသော် ကုဋေတသိန်းသော လူ နတ် ဗြဟ္မာ တို့၏ (သစ္စာလေးပါးကို)သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၄။ နောက်၌လည်း မြတ်သော ဂိုဏ်းသံဃာရှိတော်မူသည်ဖြစ်၍ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားသည် တရားကို ဟောတော်မူသည်ရှိသော် ကုဋေကိုးသောင်းသော လူ နတ် ဗြဟ္မာတို့၏ ( သစ္စာလေးပါးကို ) သိခြင်းသည် နှစ်ကြိမ်မြောက် ( သိခြင်း ) ဖြစ်လေ၏။

၅။ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌(ရေ မီး)အစုံအစုံ ဟူသော တန်ခိုး ပြာဋိဟာကို ပြတော်မူလတ်သော် ကုဋေရှစ်သောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၆။ သိခီမြတ်စွာဘုရား၏လည်း (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်ဖြစ်ကုန်၏။

၇။ (ထိုသုံးကြိမ်တို့တွင်) တသိန်းသော ရဟန်းတို့၏ အစည်းအဝေးသည် ပဌမအစည်းအဝေးဖြစ်လေ၏၊ ရှစ်သောင်းသော ရဟန်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏။

၈။ ခုနစ်သောင်းသော ရဟန်းတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် အစည်းအဝေး ဖြစ်လေ၏၊ ( ထိုအစည်းအဝေးသည် )ရေ၌ ကြီးပွါးသော ပဒုမာကြာကဲ့သို့ (လောကဓံတို့ဖြင့်) လိမ်းကျံခြင်း မရှိပေ။

၉။ ငါသည် ထိုအခါ အရိန္ဒမမည်သော မင်းဖြစ်၍ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို ဆွမ်းအဖျော်ဖြင့် နှစ်သိမ့်ရောင့်ရဲစေ၏။

၁၀။ ငါသည် ကောင်းမွန်သော အဝတ်ပုဆိုးပေါင်း ကုဋေများစွာကို လှူဒါန်းပြီးလျှင် တန်ဆာဆင်အပ်သော ဆင်ယာဉ်ကိုလည်း မြတ်စွာဘုရားအား ပေးလှူခဲ့၏။

၁၁။ ငါသည် ဆင်ယာဉ် (ပမာဏ)ကို နှိုင်းချိန်၍ အပ်စပ်သော ဘဏ္ဍာကို ဆက်ကပ်လှူဒါန်းခဲ့၏၊ မြဲမြံတည်တံ့သော ငါ၏ စိတ်ကို ပီတိဖြင့် အမြဲပြည့်စေခဲ့၏။

http://www.dhammadownload.com



၁၂။ လောကဋ္ဌ မြတ်သော အကြီးအမှူး ဖြစ်တော်မူသော ထိုသိခီမြတ်စွာဘုရားသည်လည်း ငါ့ကို ဤမင်းသည် ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၃။ ထိုအခါ ပျော်မွေ့ဖွယ်ကောင်းသော ကပိလမြို့မှထွက်၍။ပ။ ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၄။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၅။ သိခီမြတ်စွာဘုရား၏ မြို့တော်သည် အရုဏဝတီ မည်၏၊ (ခမည်းတော်)မင်းသည် အရုဏမင်း မည်၏၊ မယ်တော်သည် ပဘာဝတီမိဖုရား မည်၏။

၁၆။ ထိုဘုရားလောင်းသည် အနှစ်ခုနစ်ထောင်တို့ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) သုစန္ဒက ဂိရိ ဝသဘ[၁]အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၇။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည် နှစ်သောင်းလေးထောင် ရှိကုန်၏၊ (ထိုဘုရားလောင်း၏)မိဖုရားသည် သဗ္ဗကာမာ မည်၏၊ သားတော်သည် အတုလ မည်၏။

၁၈။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ ရှစ်လပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၁၉။ ကြီးသော လုံ့လရှိတော်မူ၍ လောကဋ္ဌ မြတ်သော အကြီးအမှူးဖြစ်တော်မူသော လူတို့ထက် မြတ်သော သိခီမြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန်(သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၀။ အဘိဘူသည်၎င်း သမ္ဘဝသည်၎င်း သိခီမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ အလုပ်အကျွေးသည် ခေမင်္ကရမည်၏။

၂၁။ သခီလာသည်၎င်း ပဒုမာသည်၎င်း မြတ်သောတပည့်မ'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို သရက်ဖြူပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၂။ သိရိဝစ္ဆသည်၎င်း နန္ဒသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌာက' တို့ဖြစ်ကုန်၏၊ စိတ္တာသည်၎င်း သုဂုတ္တာသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်၏။

၂၃။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားသည် အမြင့်အားဖြင့် အတောင် ခုနစ်ဆယ်မြင့်လျက် ရွှေတုရိုဏ်တိုင်နှင့် တူတော်မူ၏။

၂၄။ ထိုမြတ်စွာဘုရား၏ ကိုယ်မှ တလံမျှလောက်သော ရောင်ခြည်တော်သည် နေ့ညဉ့်ပတ်လုံး မပြတ်ထွက်လျက်ရှိ၏၊ (ထိုရောင်ခြည်တို့သည်) အရပ်မျက်နှာတိုင်းသို့ သုံးယူဇနာတိုင်အောင် ထွက်ကြ(ကွန့်မြူး)ကုန်၏။

---

၁။ သုစန္ဒကသိရိ ဂိရိယသ နာရိဝသဘ (အဋ္ဌကထာ)။

http://www.dhammadownload.com



၂၅။ ထိုမြတ်စွာဘုရား၏ အသက်တမ်းသည် အနှစ်ခုနစ်သောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၆။ ထိုမြတ်စွာဘုရားသည် တရားမိုးကို ရွာသွန်း၍ နတ်နှင့်တကွသော သတ္တဝါတို့ကို ဆွတ်ဖျန်းလျက် ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်စေပြီးလျှင် တပည့်သာဝကနှင့် တကွ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၂၇။ (ထိုမြတ်စွာဘုရားအား) ပြည့်စုံသော လက္ခဏာတော်ငယ် ရှစ်ဆယ်သည်၎င်း ယောကျ်ားမြတ်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်သည်၎င်း ထိုအားလုံးပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၂၈။ သစ္စာလေးပါးကိုသိတော်မူသော သိခီဘုရားမြတ်သည် အဿာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏စေတီ (ပုထိုး) တော်သည် သုံးယူဇနာမြင့်လျက် တည်ရှိလေသတည်း။

နှစ်ဆယ်ခုမြောက် သိခီဗုဒ္ဓဝင် ပြီး၏။

---

## ၂၃-ဝေဿဘူဗုဒ္ဓဝင်

၁။ ထိုမဏ္ဍကမ္ဘာ၌ပင်လျှင် တူသောသူ ရှိတော်မမူသော ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူသော အမည်အားဖြင့် ဝေဿဘူမည်သော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။

၂။ ထိုအခါ အနှောင်အဖွဲ့ကို ဖြတ်တောက်၍ သွားသော ဆင်ပြောင်ကြီးကဲ့သို့ ထိုမြတ်စွာဘုရားသည် ရာဂမီးဖြင့် တောက်လောင်လျက်ရှိသော တဏှာတို့၏ နိုင်ငံကို ဖြတ်၍ မြတ်သော ဗောဓိဉာဏ်သို့ ရောက်တော်မူလေ၏။

၃။ ဝေဿဘူ မြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည်ရှိသော် ကုဋေရှစ်သောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ (သိခြင်း) ဖြစ်လေ၏။

၄။ လောက၏ အကြီးအမှူးဖြစ်သော လူတို့ထက်မြတ်သော မြတ်စွာဘုရားသည် တိုင်းနိုင်ငံ၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် ကုဋေခုနစ်သောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ ထိုမြတ်စွာဘုရားသည် ကြီးစွာသော မိစ္ဆာအယူကို ပယ်ဖျောက်လျက် တန်ခိုးပြာဋိဟာကို ပြုတော်မူ၏၊ ထိုအခါ နတ်နှင့်တကွသော လောကဓာတ်တသောင်း၌ အညီအညွတ် စည်းဝေးရောက်လာသော လူ နတ်တို့သည်—

၆။ ကြက်သီးမွေးညှင်း ထစေတတ်သော မဖြစ်စဘူး ဖြစ်သော ကြီးစွာသော အံ့ဩဖွယ်ကို တွေ့မြင်ကုန်သည်ရှိသော် ကုဋေခြောက်ဆယ်သော လူ နတ် ဗြဟ္မာတို့သည် (သစ္စာလေးပါးကို) သိကြကုန်၏။

http://www.dhammadownload.com



၇။ ဝေဿဘူ မြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးတို့သည် သုံးကြိမ်တို့ ဖြစ်ကုန်၏။

၈။ ထိုသုံးပါးတို့တွင် ကုဋေရှစ်သောင်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ရှေးဦးစွာ (အစည်းအဝေး) ဖြစ်လေ၏၊ ခုနစ်သောင်းသော ရဟန်းတို့၏ အစည်းအဝေးသည် နှစ်ကြိမ်မြောက် (အစည်းအဝေး) ဖြစ်လေ၏။

၉။ မြတ်စွာဘုရား၏ တပည့်သား ဖြစ်ကုန်သော အိုခြင်း စသော ဘေးကို ကြောက်ကုန်သော ခြောက်သောင်းသော ရဟန်းတို့၏ အစည်းအဝေးသည် သုံးကြိမ်မြောက် (အစည်းအဝေး) ဖြစ်လေ၏။

၁၀။ ထိုအခါ ငါသည် သုဒဿနမည်သောမင်း (ဖြစ်၍) မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးလျှင် အဘိုးများစွာ ထိုက်သော (ကျောင်း) အလှူကိုလှူ၍ သံဃာနှင့်တကွသော မြတ်စွာဘုရားကို ဆွမ်းအဖျော်ဖြင့်ရင်း အဝတ်သင်္ကန်းဖြင့်ရင်း ပူဇော်ခဲ့၏။

၁၁။ အတုမရှိသော ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်သော မှန်မြတ်သော ဓမ္မစကြာ တရားတော်ကို နာကြားရ၍ ရဟန်းအဖြစ်ကို အလွန်နှစ်သက်ခဲ့၏။

၁၂။ ငါသည် ညဉ့်နေ့ပတ်လုံး မပျင်းမရိပဲ ကြီးစွာသော အလှူကို ဖြစ်စေပြီးလျှင် ရဟန်းအဖြစ်သည် ဂုဏ်နှင့် ပြည့်စုံ၏၊ (ဂုဏ်ရှိ၏ဟု သိ၍) မြတ်စွာဘုရားအထံ၌ ရဟန်းပြုခဲ့၏။

၁၃။ ငါသည် သဗ္ဗညုတဉာဏ်ကို ရှာမှီးစဉ် အကျင့်ဂုဏ်နှင့် ပြည့်စုံသူ ဖြစ်၍ ကျင့်ဝတ်သီလတို့၌ ဆောက်တည်လျက် မြတ်စွာဘုရား သာသနာတော်၌ ပျော်မွေ့ခဲ့၏။

၁၄။ ငါသည် ကြည်ညိုခြင်း နှစ်သက်ခြင်းသို့ ကပ်ရောက်၍ ဆရာဖြစ်သော မြတ်စွာဘုရားကို ရှိခိုးခဲ့၏၊ သမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် နှစ်သက်ခြင်း 'ပီတိ' သည် ငါ့အား ဖြစ်ပေါ်ခဲ့ပေ၏။

၁၅။ မြတ်စွာဘုရားသည် (ငါ၏)မဆုတ်နစ်သောစိတ်ကိုသိ၍ ဤမင်းသည် ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဖြစ်လတ္တံ့ဟု ဤစကားကို မိန့်တော်မူ၏။

၁၆။ ထိုအခါ မွေ့လျော်ဖွယ်ကောင်းသော ကပိလမြို့မှ။ပ။ ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၇။ ငါသည် ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၈။ ဝေဿဘူ မြတ်စွာဘုရား၏ မြို့တော်သည် အနောမ မည်၏၊ (ခမည်းတော်)မင်းသည် သုပ္ပတီတမင်း မည်၏၊ မယ်တော်သည် ယသဝတီမိဖုရားမည်၏။

၁၉။ ထိုဘုရားလောင်းသည် အနှစ်ခြောက်ထောင်တို့ ပတ်လုံး ထီးနန်းကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ရုစိ သုရုစိ ရတိဝဍ္ဎန အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

http://www.dhammadownload.com



၂၀။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည် မယုတ်မလျော့ သုံးသောင်း (တိတိ)ရှိကုန်၏၊ (ထိုဘုရားလောင်း၏)မိဖုရားသည်ကား သုစိတ္တာမည်၏၊ သားတော်သည် သုပ္ပဗုဒ္ဓ မည်၏။

၂၁။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဝေါယာဉ်ဖြင့် တောထွက်တော်မူ၏၊ ခြောက်လပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၂၂။ ကြီးမြတ်သော လုံ့လရှိသော လူတို့ထက် မြတ်သော လောက၏ ရှေ့သွားဖြစ်သော ဝေဿဘူ မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ အရုဏာရာမကျောင်း တိုက်၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၃။ သောဏသည်၎င်း ဥတ္တရသည်၎င်း ဝေဿဘူမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ (ထိုမြတ်စွာဘုရား၏)အလုပ်အကျွေးသည် ဥပသန္တ မည်၏။

၂၄။ ရာမာသည်၎င်း သမာလာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ကြီးသော အင်ကြင်းပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၅။ သောတ္ထိကသည်၎င်း ရမ္ဘသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယကာ 'အဂ္ဂုပဋ္ဌက' တို့ ဖြစ်ကုန်၏၊ ဂေါတမီသည်၎င်း သိရိမာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂုပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၆။ ထိုမြတ်စွာဘုရားသည် အတောင်ခြောက်ဆယ် မြင့်လျက် ရွှေတိုင်နှင့် တူတော်မူ၏၊ ညဥ့်အချိန်ဝယ် တောင်ထိပ်၌ မီးလျှံကဲ့သို့ ရောင်ခြည်တော်သည် ကိုယ်မှ ပြေးသွား (ကွန့်မြူး) လျက် ရှိပေ၏။

၂၇။ ထိုမြတ်စွာဘုရား၏ အသက်သည် အနှစ်ခြောက်သောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၈။ ထိုမြတ်စွာဘုရားသည် တရားကို ပြန့်နှံ့အောင် ပြုတော်မူလျက် များစွာသော လူအပေါင်းကို ဝေဖန်၍ တရားတည်းဟူသော လှေကို ထားခဲ့ပြီးလျှင် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

၂၉။ ဖူးမျှော်ထိုက်သော မြတ်စွာဘုရားနှင့်တကွ တပည့်သာဝကသည်၎င်း (ထိုမြတ်စွာဘုရား၏) ဣရိယာပုထ်မျှရာ ကျောင်းတိုက်သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၃၀။ နတ်လူတို့၏ ဆရာဖြစ်သော ဝေဿဘူ ဘုရားမြတ်သည် ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏၊ဓာတ်တော်သည် ထိုထိုအရပ်မျက်နှာတို့၌ ပြန့်နှံ့လျက်ရှိလေသတည်း။

နှစ်ဆယ့်တခုမြောက် ဝေဿဘူဗုဒ္ဓဝင် ပြီး၏။

http://www.dhammadownload.com



## ၂၄-ကကုသန္ဓဗုဒ္ဓဝင်

၁။ ဝေဿဘူ မြတ်စွာဘုရား၏ နောက် အဘို၌ အခြေ နှစ်ချောင်းရှိသူ လူနတ်တို့ထက် မြတ်တော်မူသော မနှိုင်းယှဉ်နိုင်သော ဂုဏ်ရှိတော်မူသော (ထိပါးရန်) ချဉ်းကပ်ဝံ့သောသူ ရှိတော်မမူသော အမည်အားဖြင့် ကကုသန္ဓမည်သော မြတ်စွာဘုရားသည် ပွင့်တောမူလေ၏။

၂။ နှောင်အိမ်ကို ဖျက်ဆီး၍ သွားသော ခြ သေ့ ကဲ့သို့ ထိုမြတ်စွာဘုရားသည်လည်း အလုံးစုံသော ဘဝကို ခွဲဖျက်၍ ပါရမီအကျင့်၌ အထွတ်အထိပ်သို့ ရောက်လျက် မြတ်သောဗောဓိဉာဏ်သို့ ရောက်တော်မူလေ၏။

၃။ လောက၏ ရှေ့သွားဖြစ်သော ကကုသန် မြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည်ရှိသော် ကုဋေလေးသောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါး) တရားကို သိခြင်းသည် (ရှေးဦးစွာ သိခြင်း)ဖြစ်၏။

၄။ ရေးခြစ်မထင် ကောင်းကင်၌ (ရေ မီး) အစုံအစုံဟူသော တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းကို ပြု၍ ကုဋေသုံးသောင်းသော လူ နတ် ဗြဟ္မာတို့အား (သစ္စာလေးပါးကို နှစ်ကြိမ်မြောက်) သိစေတော်မူ၏။

၅။ နရဒေဝ ဘီလူးအား ထိုမြတ်စွာဘုရား၏ သစ္စာလေးပါးကို ပြရာအခါ၌ (နတ်လူတို့၏ သုံးကြိမ်မြောက် သစ္စာလေးပါး) တရားကို သိခြင်းသည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်ချေ။

၆။ ကကုသန် မြတ်စွာဘုရား၏ (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးသည် တကြိမ်သာ ရှိလေ၏။

၇။ ထိုအခါ ထိုအစည်းအဝေးသည် အာသဝေါတည်းဟူသော ရန်အပေါင်းကုန်ခြင်းကြောင့် ယဉ်ကျေးသော (အရိယာ)ဘုံသို့ အစဉ်ရောက်ကုန်သော ရဟန္တာလေးသောင်းတို့၏ အစည်းအဝေး ဖြစ်လေ၏။

၈။ ထိုအခါ ငါသည် ခေမမည်သော မင်းဖြစ်ခဲ့၏၊ ငါသည် မြတ်စွာဘုရားအားရင်း မြတ်စွာဘုရား၏ သားတော်အားရင်း များစွာသော အလှူကို လှူပြီးလျှင်—

၉။ သပိတ် သင်္ကန်း မျက်စဉ်း ပျားမုံ့ ဆုပ်တို့ကိုလည်း လှူ၍ တောင့်တအပ်ရာ ကောင်းမြတ်သော ဤလှူဖွယ်ဝတ္ထုအားလုံးကို စီရင်လှူဒါန်းခဲ့၏။

၁၀။ သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော ထိုကကုသန် မြတ်စွာဘုရားသည်လည်း ငါ့ကို ဤမင်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၁၁။ ထိုအခါ ဤမင်းသည် ပျော်မွေ့ဖွယ်ကောင်းသော ကပိလဝတ်မြို့မှ ထွက်၍။ပ။ ဤ (ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၁၂။ ထိုမြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန် ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

http://www.dhammadownload.com



၁၃။ (ထိုမြတ်စွာဘုရား၏)မြို့တော်သည် ခေမာဝတီ မည်၏၊ ထိုအခါ ငါသည် ခေမ အမည်ရှိသူ ဖြစ်၏၊ ငါသည် သဗ္ဗညုတဉာဏ်ကို ရှာမှီးစဉ် ထိုမြတ်စွာဘုရားအထံ၌ ရဟန်းပြုခဲ့၏။

၁၄။ နတ် လူတို့၏ ဆရာဖြစ်သော ကကုသန် မြတ်စွာဘုရား၏ ခမည်းတော်သည် အဂ္ဂိဒတ္တပုဏ္ဏား ဖြစ်၏၊ မယ်တော်သည် ဝိသာခါမည်၏။

၁၅။ ထိုခေမမြို့၌ လူတို့တွင် မြတ်သည်ဖြစ်၍ ချီးမွမ်းအပ်သော မြတ်သောဇာတ်ရှိသော များသောအခြံအရံရှိသော မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်အပေါင်းသည် နေလေ၏။

၁၆။ ထိုဘုရားလောင်းသည် အနှစ်လေးထောင်တို့ပတ်လုံး နန်းတော်ကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ကာမ ကာမဝဏ္ဏ ကာမသုဒ္ဓိ မည်သော မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၇။ ကောင်းစွာ ကန်ဆာဆင်အပ်သော မောင်းမတို့သည် သုံးသောင်းတိတိရှိကုန်၏၊ (ဘုရားလောင်း၏)မိဖုရားသည် ရောစိနီ မည်၏၊ သားတော်သည် ဥတ္တရ မည်၏။

၁၈။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ရထားယာဉ်ဖြင့် တောထွက်တော်မူ၏၊ မယုတ်မလျော့ ရှစ်လတို့ပတ်လုံး ကမ္ဘဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၁၉။ ကြီးမြတ်သော လုံ့လရှိသော လူတို့ထက် မြတ်၍ ရွှေသွားခေါင်းဆောင်ဖြစ်တော်မူသော ကကုသန် မြတ်စွာဘုရားသည် ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန်(သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၂၀။ ဝိဓုရသည်၎င်း သဉ္ဇီဝသည်၎င်း ကကုသန်မြတ်စွာဘုရား၏ မြတ်သောတပည့်'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ ဖလုပ်အကျွေးသည် ဗုဒ္ဓိဇမည်၏။

၂၁။ သာမာသည်၎င်း စမ္ပာတို့သည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ကုတ်ကိုပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၂။ အစ္စုတသည်၎င်း သုမနသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက'တို့ ဖြစ်ကုန်၏၊ နန္ဒာသည်၎င်း သုနန္ဒာသည်၎င်း မြတ်သောအလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၃။ မြတ်စွာဘုရားသည် အတောင်လေးဆယ်တိုင်အောင် မြင့်တော်မူ၏၊ ရွှေအဆင်းရှိသော ကိုယ်တော်ရောင်သည် ထက်ဝန်းကျင် ဆယ်ယူဇနာတိုင်အောင် ပြေးသွား (ကွန့်မြူး) လျက်ရှိ၏။

၂၄။ ထိုမြတ်စွာဘုရား၏ အသက်တမ်းသည် အနှစ်လေးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၅။ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ ယောကျ်ား မိန်းမတို့၏ အကျိုးငှါ တရားတည်းဟူသော ဈေးကို ဖြန့်ခင်း၍ ခြင်္သေ့မင်းအသံကဲ့သို့ စကားတော်ကို မိန့်တော်မူပြီးလျှင် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

http://www.dhammadownload.com



၂၆။ အင်္ဂါရှစ်ပါးရှိသော စကားသံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၎င်း အမြဲမကျိုးမပေါက်သော သီလရှိသော သာဝကအစုံတို့သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၂၇။ ကကုသန်ဘုရားမြတ်သည် ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ စေတီ(ပုထိုး)တော်သည် ကောင်းကင်သို့ တဂါဝုတ်တိုင်အောင် မြင့်လျက် တည်ရှိလေသတည်း။

**နှစ်ဆယ့်နှစ်ခုမြောက် ကကုသန္ဓဗုဒ္ဓဝင် ပြီး၏။**

---

## ၂၅-ကောဏာဂမနဗုဒ္ဓဝင်

၁။ ကကုသန် မြတ်စွာဘုရား၏ နောက်အဘို၌ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူသော လောက၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်တော်မူသော ကောဏာဂုံမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။

၂။ ထိုမြတ်စွာဘုရားသည် (ပါရမီ)တရား ဆယ်ပါးတို့ကို ဖြည့်ကျင့်၍ ဘဝခရီးခဲကို လွန်မြောက်တော်မူလေ၏။ (ကိလေသာ)အညစ်အကြေး အားလုံးကို မျှော၍ မြတ်သောဗောဓိဉာဏ်သို့ ရောက်တော်မူလေ၏။

၃။ ကောဏာဂုံ မြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည်ရှိသော် ကုဋေသုံးသောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ (သိခြင်း) ဖြစ်လေ၏။

၄။ သူတပါးတို့၏ အယူဝါဒကို နှိမ်နင်းလျက် တန်ခိုးပြာဋိဟာကို ပြတော်မူသည်ရှိသော် ကုဋေနှစ်သောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ ထို့နောက် မြတ်စွာဘုရားသည် (တန်ခိုး)အမျိုးမျိုး ဖန်ဆင်းခြင်းကို ပြုပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူ၏၊ ထိုနတ်ပြည်တွင် မြတ်စွာဘုရားသည် ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ (သီတင်းသုံး)နေတော်မူ၏။

၆။ ထိုမြတ်စွာဘုရားသည် (အဘိဓမ္မာ)ခုနစ်ကျမ်းတို့ကို ဟောတော်မူလျက် မိုးလပတ်လုံးနေတော်မူ၏၊ (ထိုအခါ) ကုဋေတသောင်းသော နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၇။ နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရား၏လည်း(ကိလေသာ)အညစ်အကြေးကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးသည် တကြိမ်သာ ဖြစ်လေ၏။

၈။ ထိုအခါ (ထိုအစည်းအဝေးသည်)ဩဃလေးပါးတို့ကို လွန်မြောက်လျက် သေခြင်းကို ဖျက်ဆီးပြီးကုန်သော သုံးသောင်းသော ရဟန္တာတို့၏ အစည်းအဝေးသည် ဖြစ်လေ၏။

http://www.dhammadownload.com



၉။ ထိုအခါ ငါသည် မိတ်ဆွေအမတ်တို့နှင့် ပြည့်စုံလျက် စစ်သည် ဗိုလ်ပါ များစွာရှိသော ပဗ္ဗတမည်သော မင်းဖြစ်ခဲ့၏။

၁၀။ ငါသည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွား၍ တရားတော်ကို နာကြားပြီးသည်ရှိသော် မြတ်စွာဘုရားနှင့် တကွသော သံဃာကို ပင့်ဖိတ်လျက် အလိုရှိတိုင်း အလှူကို ပေးလှူပြီးလျှင်—

၁၁။ မြတ်စွာဘုရားနှင့် တပည့်သာဝကတို့အား ပဋ္ဋုဏ္ဏတိုင်းဖြစ် အထည် စိန့်တိုင်းဖြစ် အထည်ကိုင်း ပိုးထည် ကမ္ဗလာ(သက္ကလတ်)ထည်ကိုင်း ရွှေခြေနင်းကိုင်း ပေးလှူခဲ့၏။

၁၂။ ထိုမြတ်စွာဘုရားသည်လည်း သံဃာအလယ်၌ ထိုင်နေ၍ ငါ့ကို ဤမင်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—

၁၃။ ထိုအခါ ပျော်မွေ့ဖွယ်ကောင်းသော ကပိလမြို့မှထွက်၍။ပ။ ဤ(ဂေါတမ) မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏(ဟု ဆုတောင်းကုန်၏)။

၁၄။ (ငါသည်) မြတ်စွာဘုရား၏ စကားကို ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၁၅။ ငါသည် သဗ္ဗညုတဉာဏ်ကို ရှာမှီးစဉ် မြတ်စွာဘုရားအား အလှူကို ပေးလှူ၍ ကြီးကျယ်သော မင်းစည်းစိမ်ကို စွန့်ပြီးလျှင် မြတ်စွာဘုရားအထံ၌ ရဟန်းပြုခဲ့၏။

၁၆။ (ကောဏာဂုံမြတ်စွာဘုရား၏)မြို့တော်သည် သောဘဝတီ မည်၏၊ မင်းသည် သောဘအမည်ရှိသူ ဖြစ်၏၊ ထိုမြို့၌ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်အပေါင်းသည် နေ၏။

၁၇။ နတ် လူ တို့၏ ဆရာဖြစ်တော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ ခမည်းတော်သည် ယညဒတ္တပုဏ္ဏားဖြစ်၏၊ မယ်တော်သည် ဥတ္တရာမည်၏။

၁၈။ ထိုဘုရားလောင်းသည် အနှစ်သုံးထောင်တို့ပတ်လုံး နန်းတော်ကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား)တုသိတ သန္တုသိတ သန္တုဋ္ဌအားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၁၉။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည် မယုတ်မလျော့ တသောင်းခြောက်ထောင်(တိတိ)ရှိကုန်၏၊ မိဖုရားသည် ရုစိဂတ္တာ မည်၏၊ သားတော်သည် သတ္ထဝါဟ မည်၏။

၂၀။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူ၏၊ ခြောက်လပတ်လုံး ကမ္မဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၂၁။ ကြီးသော လုံ့လရှိတော်မူသော လူတို့ထက်မြတ်သော ကောဏာဂုံ မြတ်စွာဘုရားသည် ပြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ မိဂဒါဝုန်(သမင်တော)၌ ဓမ္မစကြာကိုဟောတော်မူ၏။

၂၂။ ဘိယျသသည်ငှင်း ဥတ္တရသည်ငှင်း ကောဏာဂုံ မြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက' တို့ ဖြစ်ကုန်၏၊ ကောဏာဂုံမြတ်စွာဘုရား၏ အလုပ်အကျွေးသည် သောတ္ထိဇ မည်၏။

http://www.dhammadownload.com



၂၃။ သမုဒ္ဒါသည်၎င်း ဥတ္တရာသည်၎င်း မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ'တို့ ဖြစ်ကုန်၏၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ရေသဖန်းပင်ဟူ၍ ခေါ် ဆိုအပ်၏။

၂၄။ ဥဂ္ဂသည်၎င်း သောမဒေဝသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ ဖြစ်ကုန်၏၊ သီဝလာသည်၎င်း သာမာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

၂၅။ ထိုမြတ်စွာဘုရားသည် အရပ်တော် အမြင့်အားဖြင့် အတောင်သုံးဆယ် မြင့်တော်မူ၏၊ ဖို(မိုက်ခွက်)ဝ၌ (တည်သော)ရွှေကဲ့သို့ ဤအတူ ရောင်ခြည်တို့ဖြင့် တန်ဆာဆင်လျက် ရှိတော်မူ၏။

၂၆။ ထိုအခါ မြတ်စွာဘုရား၏ အသက်သည် အနှစ်သုံးသောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၇။ ထိုမြတ်စွာဘုရားသည် (ဗောဓိပက္ခိယတရား ဟူသော)ဓမ္မစေတီကို တည်ဆောက်၍ (သစ္စာလေးပါး) တရားတံခွန်ဖြင့် တန်ဆာဆင်အပ်သော တရားပန်းကုံးကို ကုံးပြီးလျှင် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

၂၈။ ထိုမြတ်စွာဘုရား၏ ကြီးစွာသော (တန်ခိုး၏)ပြန့်ပြောခြင်း ရှိသော တပည့်'သာဝက' အပေါင်းသည်၎င်း အသရေရှိသော (လောကုတ္တရာ)တရားကို ပြတော်မူသော မြတ်စွာဘုရားသည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၂၉။ ကောဏာဂုံ မြတ်စွာဘုရားသည် ပဗ္ဗတာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ (ထိုမြတ်စွာဘုရား၏)ဓာတ်တော်သည် (ထိုထိုအရပ်မျက်နှာတို့၌) ပြန့်နှံ့လျက်ရှိလေသတည်း။

**နှစ်ဆယ့်သုံးခုမြောက် ကောဏာဂမနဗုဒ္ဓဝင် ပြီး၏။**

---

## ၂၆-ကဿပဗုဒ္ဓဝင်

၁။ ကောဏာဂုံ မြတ်စွာဘုရား၏ နောက်အဘို့၌ အခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူသော တရားမင်း ဖြစ်တော်မူသော အလင်းရောင်ကို ပြုတော်မူတတ်သော အနွယ်အားဖြင့် ကဿပ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။

၂။ (ထိုမြတ်စွာဘုရားသည်) အလှူခံသူတို့အား များစွာသော ထမင်း အဖျော် ဘောဇဉ် အလှူကိုပေးလှူ၍ စိတ်(အလို)ကို ပြည့်စေပြီးလျှင် နွားခြံကို ဖျက်ဆီး၍ သွားသော နွားလားကဲ့သို့ အမျိုးအိမ်ကို စွန့်လွှတ်လျက် မြတ်သောဗောဓိဉာဏ်သို့ ရောက်တော်မူ၏။

၃။ လောက၏ ရှေ့သွားဖြစ်တော်မူသော ကဿပ မြတ်စွာဘုရားသည် ဓမ္မစကြာကို ဟောတော်မူသည့်ရှိသော် ကုဋေနှစ်သောင်းသော လူ နတ် ဖြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

http://www.dhammadownload.com



၄။ အကြင်အခါ မြတ်စွာဘုရားသည် လောက၌ လေးလပတ်လုံး ဒေသစာရီ လှည့်လည်တော်မူ၏၊ (ထိုအခါ) ကုဋေတသောင်းသော လူနတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ အကြင်အခါ မြတ်စွာဘုရားသည် ရေမီး အစုံ အစုံ ဖြစ်သော တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းကို ပြု၍ (သဗ္ဗညုတ)ဉာဏ်သဘောကို မိန့်ကြားတော်မူ၏၊ (ထိုအခါ) ကုဋေငါးထောင်သော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏။

၆။ ပျော်မွေ့ဖွယ် ကောင်းသော တာဝတိံသာနတ်ပြည်၌ သုဓမ္မာသဘင်သည် ရှိ၏၊ ထိုသုဓမ္မာသဘင်၌ အဘိဓမ္မာတရားကို ဟောတော်မူ၏၊ (ထိုအခါ) မြတ်စွာဘုရားသည် ကုဋေသုံးထောင်သော နတ်(ဗြဟ္မာ)တို့အား သစ္စာလေးပါးကို(သိစေတော်မူ၏)။

၇။ နောက်အခါ နရဒေဝဘီလူးအား တရားဟောတော်မူရာ၌ ထိုနတ်လူတို့၏ (သစ္စာလေးပါးကို)သိခြင်းတို့သည် ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်ကုန်။

၈။ ထိုမြတ်စွာဘုရားအား (ကိလေသာ) အညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာတို့၏ အစည်းအဝေးသည် တကြိမ်သာ ဖြစ်လေ၏။

၉။ ထိုအခါ (ထိုအစည်းအဝေးသည်) ရှက်ခြင်း 'ဟိရီ' အကျင့် 'သီလ' အားဖြင့် တူညီကုန်သော ပုထုဇဉ်သောတာပန်စသည်ကို လွန်မြောက်ကုန်သော နှစ်သောင်းသော ရဟန္တာတို့၏ အစည်းအဝေး ဖြစ်လေ၏။

၁၀။ ထိုအခါ ငါသည် ဇောတိပါလလုလင်ဟု ကျော်ကြားလျက် ဗေဒင်ကို သရဇ္ဈာယ်တတ်သူ ဗေဒင်ကိုဆောင်နိုင်သူ သုံးမျိုးသောဝေဒကျမ်းတို့၏ တဖက်ကမ်းသို့ ရောက်သူ ဖြစ်ခဲ့၏။

၁၁။ ငါသည် လက္ခဏာကျမ်း၌ရင်း ဣတိဟာသ (ပုရာဏ်)ကျမ်း၌ရင်း မိမိ (ပုဏ္ဏားတို့) အကျင့်တရား၌ရင်း ကမ်းတဖက်သို့ရောက်သူ မြေအတတ် ကောင်းကင်အတတ်၌ လိမ္မာသူ ဝိဇ္ဇာပညာကို သင်ကြားပြီးသူ အပြည့်အစုံ တတ်မြောက်သူ ဖြစ်၏။

၁၂။ ကဿပမြတ်စွာဘုရားအား ရှိသေလေးစားခြင်းရှိသော တုပ်ဝပ်ကျိုးနွံခြင်း ရှိသော သုံးခုမြောက် (အနာဂါမိ)ဖိုလ်ကြောင့် တဏှာမီးငြိမ်းပြီးသော ဃဋိကာရမည်သော အလုပ်အကျွေးသည် ရှိလေ၏။

၁၃။ ဃဋိကာရသည် ငါ့ကို ခေါ်ယူ၍ ကဿပ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ (ငါသည်) ထိုမြတ်စွာဘုရား၏ တရားကို နာကြားရ၍ ထိုမြတ်စွာဘုရား၏ အထံ၌ ရဟန်းပြုခဲ့၏။

၁၄။ ငါသည် လုံ့လဝီရိယကို အားထုတ်သူဖြစ်၍ ဝတ်ကြီးဝတ်ငယ်တို့၌ လိမ္မာလျက် တစုံတရာမျှ မဆုတ်ယုတ်စေပဲ မြတ်စွာဘုရား သာသနာတော်ကို ဖြည့်ကျင့်ခဲ့၏။

၁၅။ အကြင်မျှလောက် မြတ်စွာဘုရား မိန့်တော်မူသည့် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား အဆုံးအမအားလုံးကို သင်ကြား၍ မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေခဲ့၏။

http://www.dhammadownload.com



၁၆။ ထိုမြတ်စွာဘုရားသည်လည်း ငါ၏ အံ့ဩဖွယ်အကျင့်ကို မြင်၍ ဗျာဒိတ်စကား မိန့်ကြားတော်မူ၏—ဤရဟန်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့။

၁၇။ (ထိုအခါ) ဘုရားလောင်းသည် ပျော်မွေ့ဖွယ်ကောင်းသော ကပိလမြို့မှ ထွက်၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်၍ ပြုနိုင်ခဲသော အကျင့်ကို ပြုကျင့်ပြီးလျှင် ဘုရား (ဖြစ်လတ္တံ့)။

၁၈။ မြတ်စွာဘုရား(အလောင်း)သည် ဆိတ်ကျောင်းညောင်ပင်ရင်း၌ ထိုင်၍ ထိုညောင်ပင်ရင်း၌ နို့ဃနာဆွမ်းကို ခံယူပြီးလျှင် နေရဉ္ဇရာမြစ်သို့ ချဉ်းကပ်လတ္တံ့။

၁၉။ နေရဉ္ဇရာမြစ်ကမ်း၌ နို့ဃနာကို ဘုဉ်းပေးပြီးလျှင်(နတ်တို့) စီရင်အပ်သော မြတ်သော (လမ်း)ခရီးဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လတ္တံ့။

၂၀။ ထို့နောက် လူတို့ထက် မြတ်သော များသော အခြံအရံရှိတော်မူသော မြတ်စွာဘုရား (အလောင်း)သည် ဗောဓိမဏ္ဍိုင်ကို လက်ျာရစ် လှည့်ပြီးလျှင် မာရ်ငါးပါးကို အောင်မြင်ရာ မြတ်သောနေရာဖြစ်သော ဗောဓိပလ္လင်မြတ်၌ ထက်ဝက်ဖွဲ့ခွေထိုင်နေ၍ ပွင့်လတ္တံ့။

၂၁။ ဤမြတ်စွာဘုရား၏ မယ်တော်အရင်းသည် မာယာမည်သော မိဖုရားဖြစ်၍ ခမည်းတော်သည် သုဒ္ဓေါဒနမည်သော မင်းဖြစ်လတ္တံ့၊ ဤမြတ်စွာဘုရားသည် ဂေါတမ(အမည်ရှိသည်) ဖြစ်လတ္တံ့။

၂၂။ ကောလိတသည်၎င်း ဥပတိဿသည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်တံ့ကုန်သော မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်လတ္တံ့၊ အာနန္ဒာမည်သော ရဟန်းသည် အလုပ်အကျွေးဖြစ်၍ ဤမြတ်စွာဘုရားကို လုပ်ကျွေးလတ္တံ့။

၂၃။ ခေမာသည်၎င်း ဥပ္ပလဝဏ်သည်၎င်း အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တည်တံ့ကုန်သော မြတ်သော တပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်လတ္တံ့၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ညောင်ဗုဒ္ဓဟေပင်ဟု ခေါ်ဆိုအပ်၏။

၂၄။ စိတ္တသည်၎င်း ဟတ္ထာဠဝကသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယကာ 'အဂ္ဂဥပဋ္ဌက' တို့ဖြစ်ကုန်လတ္တံ့၊ နန္ဒမာတာသည်၎င်း ဥတ္တရာသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂဥပဋ္ဌိကာ' တို့ ဖြစ်ကုန်လတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၂၅။ လူ နတ်တို့သည် တူသောသူ မရှိသော ကဿပမြတ်စွာဘုရား၏ ဤစကားကို ကြားနာရကုန်သည်ရှိသော် ဤရဟန်းကား ဘုရားလောင်းဖြစ်သတတ်ဟု အလွန်ဝမ်းမြောက်ကုန်လျက်—

၂၆။ ကြွေးကြော်သံတို့ကို ဖြစ်စေကြကုန်၏၊ လက်ပန်းပေါက်လည်း ခတ်ကြကုန်၏၊ ရွှင်လန်းလည်း ရွှင်လန်းကြကုန်၏၊ လောကဓာတ်တသောင်း၌ နတ်နှင့်တကွသော လူတို့သည် လက်အုပ်ချီ၍ ရှိခိုးကြကုန်၏။

၂၇။ အကယ်၍ ငါတို့သည် ဤမြတ်စွာဘုရား၏ သာသနာတော်ကို လွဲချော်ကုန်အံ့၊ အနာဂတ် အခွင့်ကာလတွင် ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏။

http://www.dhammadownload.com



၂၈။ မြစ်ကို ကူးကုန်သော လူတို့သည် မျက်နှာချင်းဆိုင် (တူရူ) ဆိပ်ကမ်းကို လွဲချော်ကုန်သည်ရှိသော် အောက်ဆိပ်ကမ်းတို့ကို ယူ၍ မြစ်ကြီးကို ကူးကုန်သကဲ့သို့—

၂၉။ ဤအတူပင် ငါတို့အားလုံးသည် ဤမြတ်စွာဘုရားကို အကယ်၍ လက်လွှတ်ရကုန်အံ့၊ အနာဂတ် အစွန်ကာလတွင် ဤ(ဂေါတမ)မြတ်စွာဘုရား၏ မျက်မှောက်၌ ဖြစ်ရပါလိုကုန်၏ (ဟု ဆုတောင်းကုန်၏)။

၃၀။ ထိုမြတ်စွာဘုရား၏ စကားကိုလည်း ကြားနာရ၍ စိတ်ကို အလွန်ကြည်ညိုစေခဲ့၏၊ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်ခြင်းငှါ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့၏။

၃၁။ ငါသည် ဤသို့(သံသရာ၌)ကျင်လည်ရသည်ရှိသော် မလျော်သော အကျင့်ကို ရှောင်ကြဉ်လျက် သမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် ပြုနိုင်ခဲသော (စွန့်ခြင်းကြီး ငါးပါးစသော) အမှုကိုလည်း ပြုအပ်ခဲ့လေပြီ။

၃၂။ မြို့တော်သည် ဗာရာဏသီမည်၏၊ မင်းသည် ကိကီ အမည်ရှိသူ ဖြစ်၏၊ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်အပေါင်းသည် ထိုမြို့၌ နေ၏။

၃၃။ မြတ်သော သီလ စသော ဂုဏ်ကို ရှာမှီးလေ့ရှိသော ကဿပမြတ်စွာဘုရား၏ ထိုခမည်းတော်သည် ပြဟ္မဒတ္တပုဏ္ဏား ဖြစ်၏၊ မယ်တော်သည် ဓနဝတီ မည်၏။

၃၄။ ထိုဘုရားလောင်းသည် အနှစ်နှစ်ထောင်တို့ပတ်လုံး နန်းတော်ကို အုပ်စိုး၍ နေ၏၊ (ထိုဘုရားလောင်းအား) ဟံသ ယသ သိရိနန္ဒ အားဖြင့် မြတ်သော ပြာသာဒ်သုံးဆောင်တို့သည် ရှိကုန်၏။

၃၅။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည်လည်း လေးသောင်း ရှစ်ထောင် ရှိကုန်၏၊ မိဖုရားသည် သုနန္ဒာ မည်၏၊ သားတော်သည် ဝိဇိတသေန မည်၏။

၃၆။ ဘုရားလောင်းသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ ပြာသာဒ်ဖြင့် တောထွက်တော်မူ၏၊ ခုနစ်ရက်ပတ်လုံး ကမ္မဋ္ဌာန်းစီးဖြန်းခြင်း လုံ့လကို အားထုတ်တော်မူ၏။

၃၇။ ကြီးသော လုံ့လရှိတော်မူသော လူတို့ထက် မြတ်သော လူတို့၏ ရှေ့သွားဖြစ်သော ကဿပ မြတ်စွာဘုရားသည် ပြဟ္မာမင်းတောင်းပန်အပ်သည် ဖြစ်၍ မိဂဒါဝုန် (သမင်တော)၌ ဓမ္မစကြာကို ဟောတော်မူ၏။

၃၈။ တိဿသည်၎င်း ဘာရဒွါဇသည်၎င်း ကဿပမြတ်စွာဘုရား၏ မြတ်သောတပည့် 'အဂ္ဂသာဝက'တို့ ဖြစ်ကုန်၏၊ အလုပ်အကျွေးသည် သဗ္ဗမိတ္တမည်၏။

၃၉။ အနုဠာသည်၎င်း ဥရုဝေဠာသည်၎င်း မြတ်သောတပည့်မ 'အဂ္ဂသာဝိကာ' တို့ ဖြစ်ကုန်၏၊ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကို ပညောင်ပင်ဟူ၍ ခေါ်ဆိုအပ်၏။

၄၀။ သုမင်္ဂလသည်၎င်း ဃဋိကာရသည်၎င်း မြတ်သော အလုပ်အကျွေးဒါယကာ 'အဂ္ဂုပဋ္ဌာက'တို့ ဖြစ်ကုန်၏၊ ဝိဇိတသေနာသည်၎င်း ဘဒ္ဒါသည်၎င်း မြတ်သော အလုပ်အကျွေး ဒါယိကာမ 'အဂ္ဂုပဋ္ဌိကာ'တို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



၄၁။ ထိုမြတ်စွာဘုရားသည် အမြင့်အားဖြင့် အတောင်နှစ်ဆယ်မြင့်လျက် ကောင်းကင်၌ လျှပ်စစ်နွယ်ကဲ့သို့ရင်း ဂြိုဟ်ဘို့ဖြင့်ပြည့်(ခြံရံအပ်)သော လမင်းကဲ့သို့ရင်း(တင့်တယ်တော်မူ၏)။

၄၂။ ထိုမြတ်စွာဘုရား၏ အသက်တမ်းသည် အနှစ် နှစ်သောင်းရှိ၏၊ ထိုမြတ်စွာဘုရားသည် ထိုမျှလောက် အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၄၃။ (ပရိယတ္တိ) တရားတည်းဟူသော တဖက်ဆည်ကန်ကို ဖန်ဆင်းလျက် (စတုပါရိသုဒ္ဓိ စသော)သီလဟူသော နံ့သာပျောင်းကို ပေး၍ (ဟိရိဩတ္တပ္ပ)တရား ဝတ်စုံကို ဝတ်စေကာ (ဗောဓိပက္ခိယ)တရားပန်းကို ခွဲဝေပြီးလျှင်——

၄၄။ လူများ အကျိုးငှါ အညစ်အကြေးကင်းသော (သောတာပတ္တိမဂ်)တရားကြေးမုံ(မှန်)ကို တည်ထား၍ နိဗ္ဗာန်ကိုတောင့်တသော အချို့သူတို့သည် ငါ၏ (သီလစသော) အဆင်တန်ဆာကို ကြည့်ရှုကုန်လော့ (တိုက်တွန်းပြီးလျှင်)—

၄၅။ သီလသင်တိုင်း (အင်္ကျီ)ကို ပေး၍ ဈာန်ချပ်ဝတ်မိန်ညိုကို (ဖွဲ့စေလျက်) မဂ္ဂင်တရားဟူသော သားရေဝတ်ရုံကို ခြုံစေပြီးလျှင် မြတ်သော လုံ့လဟူသော ချပ်ဝတ်ကိုရင်း——

၄၆။ သတိဟူသောကာကိုရင်း ထက်သောဝိပဿနာဉာဏ်လှံမကိုရင်း ကိလေသာရေယက် ခြင်းကို နှိမ်နင်းနိုင်သော (လောကုတ္တရာ)သီလကိုရင်း (အရဟတ္တမဂ်ဉာဏ်)တရားသန်လျက် မြတ်ကိုရင်း ပေး၍——

၄၇။ ဝိဇ္ဇာသုံးပါးဟူသော အဆင်တန်ဆာကို ပေးပြီးလျှင် ဖိုလ်လေးပါးတို့ကို ဦးဆောက်ပန်း (ပြုလျက်) အဘိညာဉ်ခြောက်ပါးဟူသော အဆင်တန်ဆာကိုရင်း (လောကုတ္တရာ)တရား ပန်းပွင့် အဆင်တန်ဆာကိုရင်း ပေးလျက်——

၄၈။ မကောင်းမှုကို တားမြစ်နိုင်သော (အရဟတ္တဖိုလ်) သူတော်ကောင်းတရား ဟူသော ထီးဖြူကို ပေး၍ ဘေးမဲ့ရာသို့ရောက်ကြောင်း (အဋ္ဌင်္ဂိကမဂ်)ပန်းပွင့်ကို ဖန်ဆင်းပြီးလျှင် ထိုမြတ်စွာဘုရားသည် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူပြီ။

၄၉။ မနှိုင်းယှဉ်နိုင်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော (ထိပါးရန်)ချဉ်းကပ်ဝံ့သူ ရှိတော် မမူသော ဤမြတ်စွာဘုရားသည်ရင်း ကောင်းစွာ ဟောကြားတော်မူအပ်သော လာလှည့် ရှုလှည့်ဟု ဆိုထိုက်သော ဤတရားရတနာသည်ရင်း—

၅၀။ ကောင်းသော အကျင့်ရှိသော ဤအမြတ်ဆုံး သံဃာရတနာသည်ရင်း ထိုအားလုံး သည်ပင် ကွယ်ပျောက်ခဲ့လေပြီ၊ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

၅၁။ မာရ်ငါးပါးကို အောင်တော်မူသော မဟာကဿပ မြတ်စွာဘုရားသည် သေတဗျာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန် စံတော်မူ၏၊ ထိုကျောင်းတိုက်၌ပင် ထိုမြတ်စွာဘုရား၏ ပုထိုး (စေတီ)သည် အစောက် တယူဇနာ မြင့်လျက် တည်ရှိလေသတည်း။

နှစ်ဆယ့်လေးခုမြောက် ကဿပဗုဒ္ဓဝင် ပြီး၏။

http://www.dhammadownload.com



## ၂၇-ဂေါတမဗုဒ္ဓဝင်

၁။ ယခုအခါ ငါသည် ကမ္ဘဋ္ဌာန်း စီးဖြန်းခြင်း လုံ့လကို အားထုတ်ပြီးလျှင် သာကီဝင်မင်းတို့၏ စိတ်ကို တိုးပွါးစေတတ်သော ဂေါတမမြတ်စွာဘုရားဖြစ်၍ မြတ်သော ဗောဓိဉာဏ်ကို ရတော်မူ၏။

၂။ (ငါသည်) ဗြဟ္မာမင်း တောင်းပန်အပ်သည် ဖြစ်၍ ဓမ္မစကြာကို ဟောတော်မူ၏၊ (ထိုအခါ)တဆယ့်ရှစ်ကုဋေသော လူနတ် ဗြဟ္မာတို့၏ (သစ္စာလေးပါးကို) သိခြင်းသည် ရှေးဦးစွာ (သိခြင်း)ဖြစ်လေ၏။

၃။ ထို့နောက် နတ်လူတို့၏ အစည်းအဝေး၌ တရားဟောတော်မူသည်ရှိသော် ဂဏန်းသင်္ချာအားဖြင့် မပြောဆိုနိုင်သော (သစ္စာလေးပါးကို)သိခြင်းသည် နှစ်ကြိမ်မြောက် (သိခြင်း) ဖြစ်လေ၏။

၄။ ယခုအခါ ငါသည် ဤကပိလဝတ်မြို့၌ပင်လျှင် ငါ၏သားတော်ရာဟုလာကို ဆုံးမတော်မူ၏၊ (ထိုအခါ သတ္တဝါတို့၏) ဂဏန်းသင်္ချာအားဖြင့် မပြောဆိုနိုင်သော (သစ္စာလေးပါးကို) သိခြင်းသည် သုံးကြိမ်မြောက် (သိခြင်း)ဖြစ်လေ၏။

၅။ ငါ့အား သီလစသော ဂုဏ်ကို ရှာမှီးကုန်သော တပည့်သာဝကတို့၏ အစည်းအဝေးသည် တကြိမ်သာ ဖြစ်၏၊ (ထိုအစည်းအဝေးသည်)တထောင့်နှစ်ရာ့ ငါးဆယ်သော ရဟန်းတို့၏ အစည်းအဝေး ဖြစ်၏။

၆။ ရဟန်းသံဃာ၏ အလယ်သို့ ရောက်သည်ဖြစ်၍(ကိလေသာ)အညစ်အကြေးကင်းလျက် တင့်တယ်သော ငါသည် အလိုခပ်သိမ်းကို ပေးတတ်သော (စိန္တာမဏိ) ပတ္တမြားကဲ့သို့ (နတ်လူတို့) တောင့်တအပ်သော အရာအားလုံးကို ပေးတော်မူ၏။

၇။ ငါသည် ဖိုလ်ကို အလိုရှိကုန်သော ဘဝတဏှာကို ပယ်စွန့်လိုကုန်သော သတ္တဝါတို့အား အစဉ်သနားခြင်းဖြင့် သစ္စာလေးပါးကို ပြတော်မူ၏။

၈။ (ထိုအခါ) သုံးသောင်းသော လူ နတ် ဗြဟ္မာတို့၏ (သစ္စာလေးပါး)တရားကို သိခြင်းသည် ဖြစ်၏၊ တဦး နှစ်ဦးသော သတ္တဝါတို့၏ (သစ္စာလေးပါးတရားကို)သိခြင်းသည် ဂဏန်းအားဖြင့် မရေတွက်နိုင်ချေ။

၉။ ဤအခါ သာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်သော ငါဘုရား၏ ကောင်းစွာ သန့်ရှင်းသော သာသနာတော်သည် ပြန့်နှံ့၏၊ များစွာသော လူတို့သည် သိအပ်၏၊ ပြည့်စုံစည်ကားလျက် ကောင်းစွာပွင့်လင်းပေ၏။

၁၀။ အာသဝေါမရှိကုန်သော ရာဂကင်းကုန်သော ငြိမ်သက်သောစိတ်ရှိကုန်သော တည်တံ့ကုန်သော အရာမကများစွာကုန်သော ရဟန်းအားလုံးတို့သည် ငါဘုရားကို အခါခပ်သိမ်း ခြံရံကုန်၏။

၁၁။ ဤယခုအခါ၌ အကြင်သေက္ခ (ရဟန်း) တို့သည် အရဟတ္တဖိုလ်သို့ မရောက်ကုန်မူ၍ လူ့ဘဝခန္ဓာကိုယ်ကို စွန့်ကုန်၏၊ ထိုသေက္ခရဟန်းတို့ကို ပညာရှိတို့သည် ကဲ့ရဲ့အပ်ကုန်၏။

http://www.dhammadownload.com



၁၂။ အရိယာမဂ်လမ်းစဉ်ကို ချီးမွမ်းကုန်သော အခါခပ်သိမ်း တရား၌ ပျော်မွေ့ကုန်သော သတိရှိကုန်လျက် သံသရာသမုဒ္ဒရာသို့ ကူးသွားကုန်သော သတ္တဝါတို့သည် (သစ္စာလေးပါးကို) သိကုန်လတ္တံ့။

၁၃။ ငါ၏ မြို့တော်ကို ကပိလဝတ်ဟူ၍ရင်း ခမည်းတော်ကို သုဒ္ဓေါဒနမင်းဟူ၍ရင်း ငါ၏ မယ်တော်ရင်းကို မာယာမိဖုရားဟူ၍ရင်း ခေါ်ဆိုအပ်၏။

၁၄။ ငါသည် နှစ်ဆယ့်ကိုးနှစ်တိုိုပတ်လုံး ထီးနန်းကို အုပ်စိုး၍နေ၏၊ (ငါ့အား)ရမ္မ သုရမ္မ သုဘအားဖြင့် မြတ်သော ပြာသာဒ် သုံးဆောင်တို့သည် ရှိကုန်၏။

၁၅။ ကောင်းစွာ တန်ဆာဆင်အပ်သော မောင်းမတို့သည် လေးသောင်းရှိကုန်၏၊ (ငါ၏) မိဖုရားသည် ဘဒ္ဒကစ္စာနာ မည်၏၊ သားတော်သည် ရာဟုလာမည်၏။

၁၆။ ငါသည် နိမိတ်လေးပါးတို့ကို တွေ့မြင်၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူ၏၊ ခြောက်နှစ်ပတ်လုံး ပြုနိုင်ခဲသော ကမ္ဗဋ္ဌာန်း စီးဖြန်းခြင်း လုံ့လအကျင့်ကို ကျင့်တော်မူ၏။

၁၇။ ငါသည် အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားဖြစ်၍ ဗာရာဏသီမြို့ ဣသိပတန(မိဂဒါဝုန်)သမင်တော၌ ဓမ္မစကြာကို ဟောတော်မူအပ်၏။

၁၈။ ကောလိတသည်၎င်း ဥပတိဿသည်၎င်း ရဟန်းနှစ်ပါးတို့သည် မြတ်သော တပည့် ‘အဂ္ဂသာဝက’တို့ ဖြစ်ကုန်၏၊ ငါ၏ အနီး၌ လှည့်လည်လျက်ရှိသော အာနန္ဒာသည် အလုပ်အကျွေး ရဟန်းမည်၏၊ ခေမာသည်၎င်း ဥပ္ပလဝဏ်ာသည်၎င်း မြတ်သော တပည့်မ ‘အဂ္ဂသာဝိကာ’တို့ ဖြစ်ကုန်၏။

၁၉။ စိတ္တသည်၎င်း ဟတ္ထာဠဝကသည်၎င်း မြတ်သော အလုပ်အကျွေး ဥပါသကာ ‘အဂ္ဂဥပဋ္ဌက’တို့ဖြစ်ကုန်၏၊ နန္ဒမာတာသည်၎င်း ဥတ္တရာသည်၎င်း မြတ်သော အလုပ်အကျွေး ဥပါသိကာမ ‘အဂ္ဂဥပဋ္ဌိကာ’တို့ဖြစ်ကုန်၏။

၂၀။ ငါသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ မြတ်သောဗောဓိဉာဏ်ကို ရတော်မူ၏၊ တလံမျှသော ရောင်ခြည်တော်သည် ငါ့အား အခါခပ်သိမ်း ရှိ၏၊ ငါသည် တဆယ့်ခြောက်တောင်မြင့်တော်မူ၏။

၂၁။ ဤယခုအခါ၌ အသက်တမ်းသည် အနှစ်တရာ အနည်းငယ်မျှသာ ရှိ၏၊ ငါသည် ထိုမျှလောက်သာ အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

၂၂။ ငါသည် နောက်၌ ဖြစ်သော သတ္တဝါအပေါင်းကို သိစေနိုင်သော တရားမီးရှူးတိုင်ကို ထားပြီးလျှင် မီးစာကုန်ခြင်းကြောင့် ငြိမ်းသော မီးကဲ့သို့ မကြာမီပင် တပည့်သားသံဃာနှင့်အတူ ဤလောက၌ပင် ပရိနိဗ္ဗာန်စံရပေလတ္တံ့။

၂၃။ ထိုအတုမရှိသော တန်ခိုးတော်တို့သည်၎င်း ဤဆယ်ပါးသော(အခြံအရံ)အားတော် တန်ခိုးတော်တို့သည်၎င်း သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ဖြင့် အထူးဆန်းကြယ်သည့်ဂုဏ်ကို ဆောင်သော ကိုယ်တော်သည်၎င်း—

http://www.dhammadownload.com



၂၄။ နေကဲ့သို့ အရပ်ဆယ်မျက်နှာတို့ကို ထွန်းလင်းတောက်ပသော ရောင်ခြည်တော်ခြောက်သွယ်တို့သည်၎င်း ထိုအားလုံးသည်ပင် ကွယ်ပျောက်လတ္တံ့။ အလုံးစုံသော သင်္ခါရတို့သည် အချည်းနှီးတို့သာ ဖြစ်ကုန်သည် မဟုတ်ပါလော။

နှစ်ဆယ့်ငါးခုမြောက် ဂေါတမဗုဒ္ဓဝင် ပြီး၏။

---

## ၂၈-ဗုဒ္ဓပကိဏ္ဏကကဏ္ဍ

### (အထူးထူးသောဘုရားရှင်တို့၏ ဖြစ်တော်စဉ်အပိုင်း)

၁။ ဤကမ္ဘာမှ မရေတွက်နိုင်သော ကမ္ဘာ၌ တဏှင်္ကရာ မြတ်စွာဘုရားသည်၎င်း မေဓင်္ကရာ မြတ်စွာဘုရားသည်၎င်း ထို့မှတပါး သရဏင်္ကရာ မြတ်စွာဘုရားသည်၎င်း ဒီပင်္ကရာ မြတ်စွာဘုရားသည်၎င်း ထိုလေးဆူသော မြတ်စွာဘုရားတို့သည် တခုတည်းသော သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူကုန်၏။

၂။ ဒီပင်္ကရာ မြတ်စွာဘုရား၏ နောက်အဘို့၌ ကောဏ္ဍညမည်သော မြတ်စွာဘုရားသည် တခုသော သာရကမ္ဘာ၌ တဆူတည်းသာလျှင် ပွင့်တော်မူ၍ များစွာသော သတ္တဝါအပေါင်းကို (နိဗ္ဗာန်သို့)ကယ်တင်တော်မူ၏။

၃။ ထိုဒီပင်္ကရာ မြတ်စွာဘုရားနှင့် ကောဏ္ဍညမြတ်စွာဘုရားတို့၏ အကြား၌ ကမ္ဘာတို့ကို ဂဏန်း(သင်္ချာ)အားဖြင့် မရေတွက်နိုင်ကုန်။

၄။ ကောဏ္ဍညမြတ်စွာဘုရား၏ နောက်အဘို့၌ မင်္ဂလမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားတို့၏ အကြား၌လည်း ကမ္ဘာတို့ကို ဂဏန်း (သင်္ချာ) အားဖြင့် မရေတွက်နိုင်ကုန်။

၅။ မင်္ဂလမြတ်စွာဘုရားသည်၎င်း သုမနမြတ်စွာဘုရားသည်၎င်း ရေဝတမြတ်စွာဘုရားသည်၎င်း သောဘိတမြတ်စွာဘုရားသည်၎င်း စက္ခု (ငါးမျိုး) ရှိတော်မူကုန်သော အလင်းရောင်ကို ပြုတော်မူတတ်ကုန်သော ထိုမြတ်စွာဘုရားတို့သည်လည်း တခုသော ဝရကမ္ဘာ၌ ပွင့်တော်မူကြကုန်၏။

၆။ သောဘိတမြတ်စွာဘုရား၏ နောက်အဘို့၌ များသောအခြံအရံရှိသော အနောမဒဿီမြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားတို့၏ အကြား၌လည်း ကမ္ဘာတို့ကို ဂဏန်း (သင်္ချာ)အားဖြင့် မရေတွက်နိုင်ကုန်။

၇။ အနောမဒဿီမြတ်စွာဘုရားသည်၎င်း ပဒုမမြတ်စွာဘုရားသည်၎င်း နာရဒမြတ်စွာဘုရားသည်၎င်း သစ္စာလေးပါးကို သိတော်မူကြကုန်သော အမိုက်မှောင်၏ အဆုံးကို ပြုတတ်ကုန်သော ထိုမြတ်စွာဘုရားတို့သည်လည်း တခုသော သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူကုန်၏။

၈။ နာရဒ မြတ်စွာဘုရား၏ နောက်အဘို့၌ ပဒုမုတ္တရမည်သော မြတ်စွာဘုရားသည် တခုသော သာရကမ္ဘာ၌ ပွင့်တော်မူလျက် များစွာသော သတ္တဝါအပေါင်းကို (နိဗ္ဗာန်သို့) ကယ်တင်တော်မူ၏။

http://www.dhammadownload.com



၉။ နာရဒ မြတ်စွာဘုရားနှင့် ပဒုမုတ္တရမြတ်စွာဘုရားတို့၏ အကြားသည်လည်း ကမ္ဘာတို့ကို ဂဏန်း(သင်္ချာ)အားဖြင့် မရေတွက်နိုင်ကုန်။

၁၀။ ကမ္ဘာတသိန်းထက်၌ လောကသုံးပါးကို သိတော်မူသော ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရ မြတ်စွာဘုရားသည် တဆူတည်းသာ ပွင့်တော်မူ၏။

၁၁။ ပဒုမုတ္တရ မြတ်စွာဘုရား၏ ဤမှာဘက် ဖြစ်သော ကမ္ဘာသုံးသောင်းထက်၌ သုမေဓ မြတ်စွာဘုရားသည်၎င်း သုဇာတ မြတ်စွာဘုရားသည်၎င်း နှစ်ဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

၁၂။ သုဇာတ မြတ်စွာဘုရား၏ ဤမှာဘက်ဖြစ်သော ကမ္ဘာတထောင့်ရှစ်ရာထက်၌ (နိဗ္ဗာန်သို့)ပို့ဆောင်တော်မူတတ်ကုန်သော ပိယဒဿီ အတ္ထဒဿီ ဓမ္မဒဿီအားဖြင့် သုံးဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

၁၃။ သုဇာတ မြတ်စွာဘုရား၏ ဤမှာဘက်၌ ကိုယ်တိုင် သစ္စာလေးပါးကို သိတော်မူကုန်သော ခြေနှစ်ချောင်းရှိသူ နတ်လူတို့ထက် မြတ်တော်မူကုန်သော လောက၌ ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူကုန်သော ထိုပိယဒဿီ စသော မြတ်စွာဘုရားတို့သည် တခုသော ဝရကမ္ဘာ၌ ပွင့်တော်မူကြကုန်၏။

၁၄။ ဤကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာထက်၌ လောကသုံးပါးကို သိတော်မူသော (ကိလေသာ)ခြောင့်ကို နှတ်ပယ်တော်မူတတ်သော အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားသည် တဆူတည်းသာ ပွင့်တော်မူ၏။

၁၅။ ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တူသောသူ ရှိတော်မမူကုန်သော ပြိုင်ဘက်ပုဂ္ဂိုလ်ရှိတော်မမူကုန်သော တိဿမြတ်စွာဘုရားသည်၎င်း ဖုဿမြတ်စွာဘုရားသည်၎င်း နှစ်ဆူသောမြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

၁၆။ ဤကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီ မည်သော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊သနားခြင်း ကရုဏာ ရှိတော်မူသော ထိုမြတ်စွာဘုရားသည်လည်း သတ္တဝါတို့ကို သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်စေတော်မူ၏။

၁၇။ ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ တူသော ပုဂ္ဂိုလ်ရှိတော်မမူသော ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူကုန်သော သိခီမြတ်စွာဘုရားသည်၎င်း ဝေဿဘူ မြတ်စွာဘုရားသည်၎င်း နှစ်ဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

၁၈။ ဤဘဒ္ဒကမ္ဘာ၌ ကကုသန် မြတ်စွာဘုရားသည်၎င်း ကောဏာဂုံ မြတ်စွာဘုရားသည်၎င်း ကဿပမြတ်စွာဘုရားသည်၎င်း သုံးဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကြကုန်၏။

၁၉။ ယခုအခါ ငါသည် ဘုရားဖြစ်တော်မူ၏၊မေတ္တေယျ မြတ်စွာဘုရားသည်လည်း (နောက်၌) ပွင့်တော်မူလတ္တံ့၊ ပညာရှိတော်မူကုန်သော လောကကို အစဉ်သနား စောင့်ရှောက်တော်မူတတ်ကုန်သော ဤငါးဆူသော မြတ်စွာဘုရားတို့သည်လည်း ဤဘဒ္ဒကမ္ဘာ၌ပင် ပွင့်တော်မူကြကုန်၏။

http://www.dhammadownload.com



၂၀။ ဤတရားမင်း မြတ်စွာဘုရားတို့၏ရှင်း အကုဋ္ဌေမက များစွာသော အခြံအရံတပါး သော မြတ်စွာဘုရားတို့၏ရှင်း ထိုဗုဒ္ဓဝင် အကျင့်လမ်းကို ဟောကြားပြီးလျှင် ထိုမြတ်စွာဘုရား တို့သည် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူကြလေကုန်ပြီ။

ဗုဒ္ဓပကိဏ္ဏကခဏ်း ပြီး၏။

---

## ၂၉-ဓာတုဘာဇနီယကထာ

### (ဓာတ်တော်ခွဲဝေခဏ်း)

၁။ မဟာဂေါတမ ဘုရားမြတ်သည် ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ (ထိုမြတ်စွာ ဘုရား၏)ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေ၏။

၂။ အဇာတသတ်မင်း၏ နိုင်ငံ၌ ဓာတုစေတီတဆူရှင်း ဝေသာလီမြို့၌ ဓာတုစေတီတဆူရှင်း ကပိလဝတ်မြို့၌ ဓာတုစေတီတဆူရှင်း အလ္လကပ္ပတိုင်း၌ ဓာတုစေတီတဆူရှင်း—

၃။ ရာမရွာ၌ ဓာတုစေတီတဆူရှင်း ဝေဋ္ဌဒီပကတိုင်း၌ ဓာတုစေတီတဆူရှင်း မလ္လတိုင်း ပါဝေယျကမြို့၌ ဓာတုစေတီတဆူရှင်း ကုသိနာရုံမြို့၌ ဓာတုစေတီတဆူရှင်း ဤသို့ ထိုမြတ်စွာ ဘုရား၏ ဓာတ်တော်သည် ထိုထိုအရပ်တို့၌ ပြန့်နှံ့လျက် ရှိလေ၏။

၄။ ဒေါဏအမည်ရှိသော ပုဏ္ဏားသည် (ဓာတ်တော်ခြင့်)အိုးကို စေတီ(ပုထိုး) တည်ထား လေ၏၊ မောရိယ မြို့သူမြို့သားတို့သည် နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ စန္ဒကူးမီးသွေး စေတီ(ပုထိုး)ကို တည်ထားပြုကုန်၏။

၅။ ထိုအခါ၌ပင် သာရီရိက စေတီ (ပုထိုး)ရှစ်ဆူတို့သည်ရှင်း ကိုးဆူမြောက် ကုမ္ဘ(ဓာတ် တော်ခြင့်အိုး)စေတီသည်ရှင်း ဆယ်ဆူမြောက် အင်္ဂါရ(စန္ဒကူး မီးသွေး) စေတီသည်ရှင်း (လောက၌)တည်ရှိကုန်၏။

၆။ သင်းကျစ်တော်သည်ရှင်း စွယ်တော်လေးဆူတို့ရှင်း ညှပ်ရိုးနှစ်ဆူတို့ရှင်း ဤဓာတ်တော် ခုနစ်ဆူတို့သည် အသမ္ဘိန္န (ကွဲပျက်ခြင်း မရှိသော)ဓာတ်တော်တို့တည်း၊ ကြွင်းသော ဓာတ် တော်တို့သည် သမ္ဘိန္န (ကွဲပျက်သော) ဓာတ်တော်တို့သာတည်း။

၇။ အကြီးဆုံး ဓာတ်တော်တို့သည် ပဲနောက်စေ့မျှ ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့ သည် ဆန်ကျိုးစေ့မျှ ရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့သည် မုန်ညင်းစေ့မျှ ရှိကုန်၏၊ ဓာတ် တော်တို့သည် အဆင်း အရောင်အမျိုးမျိုး ရှိကုန်၏။

၈။ အကြီးဆုံး ဓာတ်တော်တို့သည် ရွှေအဆင်း ရှိကုန်၏၊ အလတ်စား ဓာတ်တော်တို့ကား ပုလဲအဆင်းရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့သည်ကား မြတ်လေးပန်းငုံ (ချုရားစေ့) အဆင်းရှိကုန်၏။

၉။ အကြီးဆုံးဓာတ်တော်တို့သည် ငါးပြည်ရှိကုန်၏၊အလတ်စား ဓာတ်တော်တို့သည်လည်း ငါးပြည်ရှိကုန်၏၊ အငယ်ဆုံး ဓာတ်တော်တို့ကား ခြောက်ပြည်ရှိကုန်၏၊ ဤဓာတ်တော် အားလုံးတို့သည် တဆယ့်ခြောက်ပြည်မျှ ရှိကုန်၏။

http://www.dhammadownload.com



၁၀။ သီဟိုဠ်ကျွန်း၌ သင်းကျစ်တော်သည်၎င်း ဗြဟ္မာ့ပြည်၌ လက်ဝဲညှပ်ရိုးတော်သည်၎င်း သီဟိုဠ်ကျွန်း၌ လက်ျာညှပ်ရိုးတော်သည်၎င်း ဤအားလုံးသော ဓာတ်တော်တို့သည် တည်ရှိကုန်၏။

၁၁။ (လက်ျာအထက်) စွယ်တော်တဆူသည် တာဝတိံသာနတ်ပြည်၌၎င်း (လက်ျာအောက်)စွယ်တော်တဆူသည် နဂါးပြည်၌၎င်း (လက်ဝဲအထက်)စွယ်တော်တဆူသည် ဂန္ဓာရတိုင်း၌၎င်း (လက်ဝဲအောက်) စွယ်တော်တဆူသည် ကလိင်္ဂမင်း၏(နိုင်ငံ၌)၎င်း တည်ရှိလေ၏။

၁၂။ နတ်ဗြဟ္မာတို့သည် လေးဆယ်အညီအမျှရှိကုန်သော သွားတော်တို့ကို၎င်း ဆံတော်မွေးညှင်းတော်တို့ကို၎င်း တဆူစီ တဆူစီ စကြဝဠာအဆင့်ဆင့်သို့ အကြွင်းမဲ့ ဆောင်ယူကြလေကုန်၏။

၁၃။ မြတ်စွာဘုရား၏ ကျောက်သပိတ်တော်သည်၎င်း တောင်ဝေှးတော်သည်၎င်း ခါးဝတ်သင်္ကန်းမှ ကြွင်းသော သင်္ကန်းတော်သည်၎င်း ဝဇီရာပြည်၌ တည်ရှိ၏၊ ခါးဝတ်သင်းပိုင်တော်သည် ကုလဃရ မြို့၌ တည်ရှိ၏၊ အိပ်ရာခင်းတော်သည် ကပိလဝတ်ပြည်၌ (တည်ရှိလေ၏)။

၁၄။ ရေစစ် (ဓမကရိုဏ်) သည်၎င်း ခါးပန်းကြိုးသည်၎င်း ပါဋလိပုတ်ပြည်၌ တည်ရှိ၏၊ ရေသနုပ်တော်သည် စမ္ပာပြည်၌ တည်ရှိ၏၊ ဥဏ္ဏလုံ(မွေးရှင်တော်)သည် ကောသလတိုင်း၌ (တည်ရှိလေ၏)။

၁၅။ ထိုအခါ ဝတ်လဲတော်ပုဆိုးသည် ဗြဟ္မာ့ပြည်၌ တည်ရှိ၏၊ ဦးရစ်(ဖောင်းတော်)သည် တာဝတိံသာ နတ်ပြည်၌ တည်ရှိ၏၊ နိသီဒိုင်အခင်းသည် အဝန္တိတိုင်းတို့၌ တည်ရှိ၏၊ အိပ်ရာလွှမ်းသည် ဒေဝရဋ္ဌနိုင်ငံ၌ တည်ရှိလေ၏။

၁၆။ ထိုအခါ မီးပွတ်ခုံသည် မိထိလာမြို့၌ တည်ရှိ၏၊ ရေစစ်တော်သည် ဝိဒေဟတိုင်းနိုင်ငံ၌ တည်ရှိ၏၊ ပဲခွပ်တော် အပ်ကျည်တော်သည်ကား ဣန္ဒပတ္ထမြို့၌ တည်ရှိလေ၏။

၁၇။ ထိုအခါ လူတို့သည် မြတ်စွာဘုရား သုံးစွဲတော်မူသည့် ကြွင်းသောပရိက္ခရာတို့ကို အပရန္တဇနပုဒ်၌ (စေတီပုထိုး)ပြုကုန်၏။

၁၈။ ဂေါတမ မြတ်စွာဘုရား၏ ဓာတ်တော်သည် ပြန့်နှံ့လျက် ရှိ၏၊ ထိုအခါ ဤသို့ ပြန့်နှံ့ခြင်းသည် သတ္တဝါတို့အား အစဉ်သနားစောင့်ရှောက်တော်မူခြင်းငှါ ရှေးဘုရားရှင်တို့ ထုံးတမ်းစဉ်လာ ဓမ္မတာ ဖြစ်လေသတည်း။

ဓာတ်တော်ခွဲဝေခန်း ပြီး၏။

# ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# စရိယာပိဋကပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-အကိတ္တိဝဂ်

### ၁-အကိတ္တိစရိယ

### (အကိတ္တိရသေ့အကျင့်)

၁။ (သာရိပုတြာ)လေးအသင်္ချေတို့ပတ်လုံးရင်း ကမ္ဘာတသိန်းတို့ပတ်လုံးရင်း ဤအတွင်း၌ အကြင်(ဒါန သီလ စသော)အကျင့်ကို ငါကျင့်ခဲ့ဘူး၏၊ အလုံးစုံသော ထိုအကျင့်သည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေနိုင်ပေ၏။

၂။ လွန်ပြီးသော ကမ္ဘာတို့ဝယ် ဘဝကြီးငယ်၌ ကျင့်ခဲ့သော အကျင့်ကို ချန်ထား၍ ဤဘဒ္ဒကမ္ဘာ၌ ကျင့်ခဲ့သော အကျင့်ကို သာလျှင် မိန့်ဆိုပေအံ့၊ ငါ၏ စကားကို (သင်)နာလော့။

၃။ အကြင်အခါ ငါသည် အကိတ္တိ မည်သော ရသေ့ဖြစ်၍ (လူသံ)တိတ်ဆိတ်သော တောအုပ်ကြီးအတွင်း၌ သက်ဝင်လျက် နေ၏။

၄။ ထိုအခါ ငါ၏ အကျင့်တန်ခိုးကြောင့် သိကြားမင်းသည် ပြင်းစွာ ပူလောင်သည်ဖြစ်၍ ပုဏ္ဏားအသွင်ကိုဆောင်လျက် ဆွမ်းအကျိုးငှါ ငါ့ထံသို့ ကပ်ရောက်လာ၏။

၅။ ငါ၏ သင်္ခမ်းကျောင်း တံခါး၌ ရပ်နေသည်ကိုမြင်၍ တောမှ ဆောင်ယူအပ်သော ဆီလည်းမပါ ဆားလည်းမရှိသော ကံပြင်းရွက်ကို မိမိအိုးခွက်ဖြင့် လောင်းလှူခဲ့၏။

http://www.dhammadownload.com



၆။ ငါသည် ပုဏ္ဏားအသွင်ကို ဆောင်သော ထိုသိကြားမင်းအား ကံပြင်းရွက်ကို လှူဒါန်း၍ အိုးခွက်ကို မှောက်ပြီးလျှင် နောက်ဘဖန်(အစာ)ရှာမှီးခြင်းကို စွန့်လျက် သစ်ရွက်မိုးကျောင်းသို့ ဝင်ခဲ့၏။

၇။ (ပုဏ္ဏားသည်) နှစ်ရက်မြောက်သောနေ့၌ရင်း သုံးရက်မြောက်သောနေ့၌ရင်း ငါ့အထံသို့ ကပ်ရောက်လာပြန်၏၊ ငါသည် တွယ်တာကပ်ငြိခြင်း မရှိပဲ ဤရှေးနည်းအတူပင် မတုန်မလှုပ် ပေးလှူခဲ့၏။

၈။ ထိုသုံးရက်ပတ်လုံး မစားပဲ လှူခြင်းဟူသော အကြောင်းကြောင့် ငါ၏ ကိုယ်ခန္ဓာ၌ အဆင်းဖောက်ပြန်ပျက်စီးခြင်း မရှိပေ၊ငါသည် နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ဟူသော ပျော်မွေ့ခြင်းဖြင့် ထိုနေ့ကို ကုန်လွန်စေ၏။

၉။ အကယ်၍ ငါသည် တလပတ်လုံးသော်ငြားလည်း နှစ်လပတ်လုံးသော်ငြားလည်း မြတ်သောအလှူခံ ပုဂ္ဂိုလ်ကို ရငြားအံ့၊ (ငါသည်) မတုန်မလှုပ် မတွန့်ဆုတ်ပဲ မြတ်သောအလှူကို ပေးလှူလို၏။

၁၀။ ထိုအလှူခံပုဂ္ဂိုလ်အား အလှူကို ပေးလှူသော ငါသည် အခြံအရံ အကျော်အစော ကိုရင်း လာဘ် 'လာဘ' ကိုရင်း မတောင့်တခဲ့ပေ၊ ငါသည် သဗ္ဗညုတဉာဏ်ကိုသာ တောင့်တလျက် ထိုကောင်းမှုတို့ကို ပြုကျင့်ခဲ့ပေ၏။

ရှေးဦးစွာသော အကိတ္တိစရိယ 'အကိတ္တိရသေ့အကျင့်' ပြီး၏။

---

## ၂-သင်္ခစရိယ

### (သင်္ခပုဏ္ဏားအကျင့်)

၁၁။ နောက်တမျိုးသော်ကား-ငါသည် အကြင်အခါ သင်္ခအမည်ရှိသော ပုဏ္ဏားဖြစ်၏၊ ထိုအခါ မဟာသမုဒ္ဒရာကို ကူးလိုသည် ဖြစ်၍ သတော်ဆိပ်သို့ ချဉ်းကပ်၏။

၁၂။ ထိုအခါ ငါသည် ပူပြင်း၍ ကြမ်းတမ်းသော မြေအပြင်၌ ခရီးခဲသို့ ကြွတော်မူသော ရန်သူတို့သည် မအောင်နိုင်သော ပစ္စေကဗုဒ္ဓါကို ခရီးရင်ဆိုင် ဖူးမြင်ရ၏။

၁၃။ ငါသည် ထိုပစ္စေကဗုဒ္ဓါကို ခရီးရင်ဆိုင် ဖူးမြင်ရသည်ရှိသော် ဤအကြောင်းကို အထူး ကြံစည်၏၊ ကောင်းမှုကို အလိုရှိသော သတ္တဝါအား ဤကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေသည် ဆိုက်ရောက်လာပေ၏။

၁၄။ လယ်ထွန်ယောကျ်ားသည် များစွာသော အသီးအနှံတို့ ပေါက်ရောက်နိုင်သော လယ် ယာမြေကို တွေ့မြင်ပါလျက် ထိုလယ်ယာမြေ၌ မျိုးစေ့ကို မစိုက်ပျိုးငြားအံ့၊ ထိုသူသည် စပါးဖြင့် အလိုရှိသော သူမဟုတ်သကဲ့သို့—

၁၅။ ဤအတူပင် ကောင်းမှုကို အလိုရှိသော ငါသည် အမြတ်ဆုံး လယ်ယာမြေသဖွယ် ဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါကို တွေ့မြင်ရပါလျက် အကယ်၍ ထိုလယ်ယာမြေသဖွယ် အရှင် ပစ္စေကဗုဒ္ဓါ၌ ကောင်းမှုကို မပြုငြားအံ့၊ ငါသည် ကောင်းမှုဖြင့် အလိုရှိသူမဟုတ်နိုင်ချေ။

http://www.dhammadownload.com



၁၆။ ဘွဲ့တံဆိပ်ကို အလိုရှိသော အမတ်သည် မင်း၏နန်းတော်တွင်း၌ နေသော လူအပေါင်း၌ရင်း(ပြင်ပဗိုလ်ပါ အပေါင်း၌ရင်း မင်းမိန့်အတိုင်း မကျင့်ငြားအံ့)၊ ထိုသူတို့အား ဥစ္စာစပါးကို မပေးငြားအံ့၊ (ထိုအမတ်သည်) ဘွဲ့တံဆိပ်မှ ဆုတ်ယုတ်သကဲ့သို့—

၁၇။ ဤအတူပင် ကောင်းမှုကို အလိုရှိသော ငါသည် ပြန့်ပြောသော အလှူခံပုဂ္ဂိုလ်ကို ဖူးမြင်ရပါလျက် အကယ်၍ ထိုအလှူခံပုဂ္ဂိုလ်အား အလှူကို မပေးလှူငြားအံ့၊ ကောင်းမှုမှ ဆုတ်ယုတ်ရတော့အံ့။

၁၈။ ဤသို့ ငါသည် ကြံစည်ပြီးလျှင် ဘိနပ်ကိုချွတ်၍ ထိုပစ္စေကဗုဒ္ဓါ၏ ခြေတော်တို့ကို ရှိခိုးလျက် ထီးဘိနပ်ကို ပေးလှူခဲ့၏။

၁၉။ ငါသည် ထိုပစ္စေကဗုဒ္ဓါထက်ပင် အဆအရာအားဖြင့် သိမ်မွေ့သူ ဖြစ်လျက် ချမ်းသာစွာ ကြီးပွါးခဲ့ပေ၏၊ သို့ပင်ဖြစ်သော်လည်း ငါသည် ဒါနပါရမီကို ပြည့်စေလိုသည်ဖြစ်၍ ဤသို့ ထိုပစ္စေကဗုဒ္ဓါအား ပေးလှူခဲ့၏။

**နှစ်ခုမြောက် သင်္ခစရိယ 'သင်္ခပုဏ္ဏားအကျင့်' ပြီး၏။**

---

## ၃-ကုရုရာဇစရိယ

### (ကုရုမင်း အကျင့်)

၂၀။ နောက်တမျိုးသော်ကား ငါသည် အကြင်အခါ ဣန္ဒပတ္ထမြို့တော်မြတ်၌ ကုသိုလ်ဆယ်ပါးတို့နှင့် ပြည့်စုံသော ဓနဥ္စယမည်သော မင်းဖြစ်၏။

၂၁။ ထိုဓနဥ္စယမင်းဖြစ်သော အခါ၌ ကလိင်္ဂတိုင်းနိုင်ငံမှ ပုဏ္ဏားတို့သည် ငါ့ထံသို့ ချဉ်းကပ်ရောက်လာကုန်၏၊ ဘုန်းကြက်သရေကို ဖြစ်စေတတ်သော ဘုန်းကံရှိသော မင်္ဂလာဆင်ဟု သမုတ်အပ်သော ဆင်တော်ကို ငါ့အား တောင်းခံကြကုန်၏။

၂၂။ အရှင်မင်းမြတ် (အကျွန်ုပ်တို့၏) တိုင်း ခရိုင် ဇနပုဒ်သည် မိုးရွာခြင်းမရှိပါ၊ရခဲသော အစားအစာရှိပါ၏၊ ကြီးစွာ ငတ်မွတ်လျက် ရှိပါ၏၊ ညိုသောအဆင်းရှိသည်ဖြစ်၍ အဉ္ဇနအမည်ရှိသော ဆင်တော်ကို ပေးလှူပါလော့(ဟုတောင်းခံကြကုန်၏)။

၂၃။ ဆိုက်ရောက်လာသော အလှူခံ ပုဂ္ဂိုလ်တို့ကို ပယ်ရှားခြင်းသည် ငါ့အား မသင့်လျော်ချေ၊ (ဒါနပါရမီကို ပြည့်စေအံ့ဟူသော) ငါ၏ ဆောက်တည်ခြင်းသည် မပျက်စီးပါစေလင့်၊ ငါသည် မြတ်သော ဆင်တော်ကို ပေးလှူအံ့ဟု—

၂၄။ (နှလုံးသွင်းပြီးလျှင်)ဆင်တော်ကို နှာမောင်း၌ ကိုင်၍ ရတနာဖြင့်ပြီးသော ရေကရားဖြင့် ရေကို (ပုဏ္ဏားတို့)လက်၌ သွန်းလောင်းလျက် ဆင်ကို ပုဏ္ဏားတို့အား ပေးလှူခဲ့၏။

၂၅-၂၆။ ထိုအလှူခံ ပုဂ္ဂိုလ်အား ဆင်ကို ပေးလှူသည်ရှိသော် အမတ်တို့သည် ဤစကားကို လျှောက်ဆိုကုန်၏၊ အရှင်မင်းမြတ် အရှင်မင်းမြတ်၏ ဘုန်းကြက်သရေကို ဖြစ်စေတတ်သော မင်္ဂလာနှင့် ပြည့်စုံသော စစ်မြေပြင် အောင်ပွဲယင်သော ဆင်တော်ကို အလှူခံပုဂ္ဂိုလ်တို့အား

http://www.dhammadownload.com



အဘယ့်ကြောင့် ပေးလှူဘိသနည်း၊ ထိုဆင်ကို လှူသည်ရှိသော် အရှင်မင်းမြတ်၏ မင်းအဖြစ်သည် အဘယ်သို့ ပြုလုပ်နိုင်တော့မည်နည်း(ဟု လျှောက်ကုန်၏)။

၂၇။ အမတ်တို့ ငါ၏ အလုံးစုံသော မင်းစည်းစိမ်ကိုသော်လည်း ပေးလှူအံ့၊ မိမိ၏ ကိုယ်ကိုမူလည်း ပေးလှူအံ့၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် ငါသည် ဆင်တော်ကို ပေးလှူခဲ့၏(ဟု ဆို၏)။

**သုံးခုမြောက် ကုရုရာဇစရိယ 'ကုရုမင်း အကျင့်' ပြီး၏။**

---

## ၄-မဟာသုဒဿနစရိယ

### (မဟာသုဒဿနစကြာဝတေးမင်း အကျင့်)

၂၈။ (နောက်တမျိုးသော်ကား) အကြင်အခါ ငါသည် ကုသာဝတီမြို့၌ များစွာမြတ်သော ဗိုလ်ပါအင်အားရှိသည့် မဟာသုဒဿနမည်သော စကြာဝတေးမင်းဖြစ်ခဲ့၏။

၂၉။ ထိုအခါ ငါသည် ထိုကုသာဝတီမြို့ ထိုထိုအရပ်၌ တနေ့သုံးကြိမ် ကြွေးကြော်စေ၏၊ အဘယ်သူသည် အဘယ်အရာဝတ္ထုကို အလိုရှိသနည်း၊ တောင့်တသနည်း၊ အဘယ်သူအား အဘယ်ဥစ္စာကို ပေးစေချင်သနည်း။

၃၀။ အဘယ်သူသည် ဆာလောင်သနည်း၊ အဘယ်သူသည် မွတ်သိပ်သနည်း၊ အဘယ်သူသည် ပန်းကို အလိုရှိသနည်း၊အဘယ်သူသည် နံ့သာပျောင်းကို အလိုရှိသနည်း၊ အဘယ်သူသည် အဝတ်အထည်မရှိ၍ အထူးထူးဆိုးအပ်သော အဝတ်တို့ကို လိုသနည်း။

၃၁။ အဘယ်သူသည် လမ်းခရီး၌ ထီးကို ယူမည်နည်း၊ အဘယ်သူသည် နူးညံ့လှပသော ဘိနပ်တို့ကို ယူမည်နည်း၊ဤသို့ ညချမ်းအခါ၌ရင်း နံနက်အခါ၌ရင်း ထိုထိုအရပ်၌ ကြွေးကြော်စေ၏။

၃၂။ ထိုပေးလှူဖွယ် ဥစ္စာကို ဆယ်ပါးသော အရပ်ဌာနတို့၌ရင်း အရပ်ဌာနတရာတို့၌ရင်း စီရင်ထားအပ်သည်မဟုတ်သေး၊အရာမက များစွာသောအရပ်ဌာနတို့၌လည်း တောင်းသူတို့ကို ရည်၍ ဥစ္စာကို စီရင်ထား၏။

၃၃။ နေ့အခါ၌ရင်း သို့မဟုတ် ညဉ့်အခါ၌ရင်း အလှူခံပုန်းတောင်းယာစကာသည် အကယ်၍ လာငြားအံ့၊အလိုရှိတိုင်းသော ဥစ္စာကို ရ၍ ပြည့်သောလက်ရှိလျက်သာလျှင် သွားရ၏။

၃၄။ ငါသည် ဤသို့သဘောရှိသော အလှူကြီးကို အသက်ရှိသမျှ ကာလပတ်လုံး ပေးလှူခဲ့၏၊ ငါသည် ဥစ္စာကိုမနှစ်သက်၍ ပေးလှူသည်လည်းမဟုတ်၊ ငါ့ထံ၌ ဥစ္စာကို စုဆောင်းထားခြင်း မရှိသည်လည်းမဟုတ်။

၃၅။ ဥပမာအားဖြင့် ရောဂါဖြင့် နာကျင်သူမည်သည် ရောဂါမှ လွတ်မြောက်ခြင်းငှါ ဥစ္စာဖြင့် ဆေးဆရာကို ရောင့်ရဲစေလျက် ရောဂါမှ လွတ်မြောက်သကဲ့သို့—

http://www.dhammadownload.com



၃၆။ ထိုအတူပင် (အလှူခံ၏ အလိုဆန္ဒကို) အကြွင်းမဲ့ ပြည့်စေရန် သိသောငါသည် အလှူခံ ပုန်းတောင်းယာစကာတို့၏ ယုတ်လျော့သောစိတ်(အလို)ကို ပြည့်စေလျက် တွယ်တာကပ်ငြိမှုမရှိ တောင့်တမှုမရှိပဲ သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်ခြင်းငှါသာ လှူဖွယ်ကို ပေးလှူ၏။

**လေးခုမြောက်** မဟာသုဒဿနစရိယ 'မဟာသုဒဿနစကြဝတေးမင်း' အကျင့် **ပြီး၏**။

---

## ၅-မဟာဂေါဝိန္ဒစရိယ

## (မဟာဂေါဝိန္ဒပုဏ္ဏား အကျင့်)

၃၇။ နောက်တမျိုးသော်ကား အကြင်အခါ၌ ငါသည် ခုနစ်ပြည်ထောင်သော မင်းတို့၏ ပုရောဟိတ်ဖြစ်၍ ဇမ္ဗူဒိပ်မင်းအားလုံးတို့သည် ပူဇော်အပ်သော မဟာဂေါဝိန္ဒ ပုဏ္ဏားဖြစ်ခဲ့၏။

၃၈။ ထိုအခါ ခုနစ်ပြည်ထောင်တို့၌ ငါ၏အလိုငှါ အကြင်လက်ဆောင်သည် ဖြစ်၏၊ ထို လက်ဆောင် ဥစ္စာဖြင့် ငါသည် (တစုံတဦးကမျှ) မလှုပ်ချောက်ချားနိုင်သည့် သမုဒ္ဒရာနှင့် တူသော အလှူကြီးကို ပေးလှူ၏။

၃၉။ ငါသည် ဥစ္စာစပါးကို မနှစ်သက်သည်လည်းမဟုတ်၊ ငါ့ထံ၌လည်း ဥစ္စာကို စုဆောင်းခြင်းမရှိသည်လည်းမဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် မြတ်သော ဥစ္စာကို ငါပေးလှူ၏။

**ငါးခုမြောက်** မဟာဂေါဝိန္ဒစရိယ 'မဟာဂေါဝိန္ဒပုဏ္ဏားအကျင့်' **ပြီး၏**။

---

## ၆-နိမိရာဇစရိယ

## (နိမိမင်း အကျင့်)

၄၀။ နောက်တမျိုးသော်ကား အကြင်အခါ၌ ငါသည် မိထိလာမြို့တော်မြတ်၌ ပညာရှိသူ ဖြစ်၍(မိမိသူတပါးနှစ်ဦးသားတို့၏)ကောင်းမှုကိုအလိုရှိသော နိမိမည်သော မင်းကြီး ဖြစ်ခဲ့၏။

၄၁။ ထိုအခါ ငါသည် မုခ်လေးခုရှိသော လေးဆောင်တွဲစရပ်ကို ဖန်ဆင်းပြုလုပ်စေပြီးလျှင် ထိုစရပ်၌ သား ငှက် လူ စသည်တို့အား အလှူကို ဖြစ်စေခဲ့၏။

၄၂။ အဝတ်ကိုဒင်း အိပ်ရာကိုဒင်း ထမင်းကိုဒင်း အဖျော်ကိုဒင်း ဘောဇဉ်(ငါးပါး)ကိုဒင်း (အသက်ထက်ဆုံး) မပြတ်ပြုလုပ်၍ အလှူကြီးကို ဖြစ်စေခဲ့၏။

၄၃။ ဥပမာသော်ကား ဥစ္စာဟူသော အကြောင်းကြောင့် အရှင်ကို ဆည်းကပ်သော သူခစားသည် ကိုယ် နှုတ် စိတ်ဖြင့် နှစ်သက်ဖွယ်ကိုသာလျှင် ရှာဖွေသကဲ့သို့—

၄၄။ ထိုအတူပင် ငါသည် အလုံးစုံသော ဘဝ၌ အရဟတ္တမဂ်ဉာဏ်ကြောင့် ဖြစ်သော သဗ္ဗညုတဉာဏ်ကို ရှာဖွေအံ့၊ ငါသည် သတ္တဝါတို့ကို ပေးလှူခြင်းဖြင့် ရောင့်ရဲစေ၍ မြတ်သော ဗောဓိဉာဏ်ကို လိုလားတောင့်တခဲ့၏။

**ခြောက်ခုမြောက်** နိမိရာဇစရိယ **'နိမိမင်းအကျင့်' ပြီး၏**။

http://www.dhammadownload.com



## ၇-စန္ဒကုမာရစရိယ

### (စန္ဒကုမာရမင်းသား အကျင့်)

၄၅။ နောက်တမျိုးသော်ကား အကြင်အခါ၌ ငါသည် ပုပ္ဖဝတီမြို့၌ ကေရာဇ်မင်း၏သား စန္ဒ(ကုမာရ)အမည်ရှိသော မင်းသားဖြစ်၏။

၄၆။ ထိုအခါ ယဇ်ပူဇော်ခြင်းမှ လွတ်မြောက်သော ငါသည် ယဇ်တွင်းမှ ထွက်မြောက် လတ်သော် ထိတ်လန့်ခြင်းကို ဖြစ်စေ၍ အလှူကြီးကို ဖြစ်စေခဲ့၏။

၄၇။ ငါသည် အလှူခံတို့ကို မလှူရပဲ ငါးညဉ့် ခြောက်ညဉ့်တို့ပတ်လုံးသော်လည်း သောက် ဖွယ်ကိုလည်း မသောက်၊ ခဲဖွယ်ကိုလည်း မခဲ၊ စားဖွယ်ကိုလည်း မစား။

၄၈။ ဥပမာသော်ကား ကုန်သည်မည်သည် ရောင်းအပ်သော ဘဏ္ဍာ စုဆောင်းခြင်းကို ပြု၍ အကြင်အရပ်၌ အမြတ်ရခြင်းများ၏၊ ထိုအရပ်သို့ ရောင်းအပ်သော ဘဏ္ဍာကို ဆောင်သကဲ့ သို့—

၄၉။ ထို့အတူပင် မိမိစားအပ်သော ထမင်းမှလည်း သူတပါးတို့အား လှူခြင်းသည် များ သော အကျိုးရှိ၏၊ ထို့ကြောင့် သူတပါးအား ပေးလှူခြင်းသည် အရာမကသော အဘို့အစု (အကျိုးအာနိသင်)ရှိသည် ဖြစ်လတ္တံ့။

၅၀။ ငါသည် ဤအကျိုးထူးကို သိ၍ ဘဝကြီးငယ်၌ အလှူကို ပေးလှူ၏၊ သမ္မာသမ္ဗောဓိ ဉာဏ်သို့ ဆိုက်ရောက်ခြင်းငှါ ငါသည် အလှူပေးခြင်းမှ နောက်မဆုတ်။

ခုနစ်ခုမြောက် စန္ဒကုမာရစရိယ 'စန္ဒကုမာရမင်းသားအကျင့်' ပြီး၏။

---

## ၈-သိဝိရာဇစရိယ

### (သိဝိမင်းအကျင့်)

၅၁။ ငါသည် အရိဋ္ဌအမည်ရှိသောမြို့၌ သိဝိမည်သော မင်းဖြစ်ခဲ့၏၊ ထိုအခါ ငါသည် မြတ်သော ပြာသာဒ်၌ ထိုင်နေ၍ ဤသို့ ကြံစည်ခဲ့၏—

၅၂။ ငါမပေးလှူဘူးသေးသော လူ၌ဖြစ်သော တစုံတခုသော အလှူသည် မရှိ၊ အကြင် သူသည် ငါ၏ မျက်စိကိုမူလည်း တောင်းလာငြားအံ့၊ ငါသည် ထိုသူအား (မျက်စိကိုထုတ်၍) တုန်လှုပ်ခြင်းမရှိပဲ ပေးလှူအံ့ (ဤသို့ ကြံစည်၏)။

၅၃။ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ငါ၏ အကြံအစည်ကို သိ၍ နတ်ပရိသတ်၌ ထိုင်နေလျက် ဤစကားကို မိန့်ဆို၏—

၅၄။ တန်ခိုးကြီးသော သိဝိမင်းသည် မြတ်သော ပြာသာဒ်၌ ထိုင်နေလျက် အမျိုးမျိုးသော အလှူကို ကြံစည်လတ်သော် ထိုသိဝိမင်းသည် မလှူဘူးသော အလှူကို မမြင်ချေ။

၅၅။ ဤအကြံအစည်သည် မှန်သလော၊ မမှန်သလော၊ ယခု ထိုအကြံအစည်ကို စုံးစမ်းအံ့၊ ထိုသိဝိမင်း၏ စိတ်ကို သိရရုံ တမုဟုတ်မျှ ဆိုင်းငံ့ကုန်လော့(ဟု မိန့်ဆို၏)။

http://www.dhammadownload.com



၅၆။ သိကြားမင်းသည် ဆံပင်ဖြူသော ဦးခေါင်းရှိသည် အရေတွန့်သော ကိုယ်ရှိသည် ဖြော်လျက် တုန်တုန်ရီရီ အိုနာဖြင့် နှိပ်စက်သော သူကန်း အသွင်ရှိသည် ဖြစ်၍သာလျှင် မင်းကြီးသို့ ချဉ်းကပ်လေ၏။

၅၇။ ထိုအခါ သိကြားမင်းသည် လက်ဝဲလက်ျာလက်မောင်း နှစ်ဖက်ကို မြှောက်၍ ဦးခေါင်း၌ လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်ဆို၏—

၅၈။ တိုင်းနိုင်ငံကို တိုးပွါးစေတတ်သော တရားစောင့်သော မင်းကြီး အရှင်မင်းကြီးကို တောင်းပန်ပါ၏၊ အရှင်မင်းကြီး၏ အလှူ၌ မွေ့လျော်၏ ဟူသော ကျော်စောသံသည် နတ်လူတို့၌ ပျံ့နှံ့လျက် ရှိပါ၏။

၅၉။ မင်းကြီး အကျွန်ုပ်အား ဆောင်ကြောင်းဖြစ်သော မျက်စိနှစ်လုံးတို့သည် ကန်းပါကုန်၏၊ကွယ်ပါကုန်၏၊အကျွန်ုပ်အား မျက်စိတလုံးကိုလှူပါလော့၊အရှင်မင်းကြီးလည်း (မျက်စိ) တလုံးဖြင့် မျှတတော်မူပါလော့ (ဟု လျှောက်ဆို၏)။

၆၀။ ငါသည် ထိုသိကြားမင်း၏ စကားကို ကြားရသော် ရွှင်လန်း တက်ကြွ ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လက်အုပ်ချီပြီးလျှင် ဤစကားကို ဆို၏—

၆၁။ ငါသည် ယခုပင် ကြံစည်၍ ပြာသာဒ်မှ ဤနေရာသို့ လာခဲ့၏၊ သင်သည် ငါ၏ စိတ်ကို သိ၍ မျက်စိကို တောင်းရန် လာသော သူဖြစ်ပေ၏။

၆၂။ ငါ၏ စိတ်အလိုသည် ပြည့်ပြည့်စုံလေပြီ၊ ငါ၏ အကြံအစည်သည် ပြည့်ပြည့်လေပြီ၊ ယနေ့ငါသည် ရှေး၌ မလှူခဲ့ဘူးသေးသော မြတ်သောအလှူကို အလှူခံတို့အား ပေးလှူပေအံ့ (ဟု ပြောဆို၏)။

၆၃။ သိဝကမည်သော ဆေးသမား လာလော့၊ ထလော့၊မနှေးကွေးလင့်၊ မတုန်လှုပ်လင့်၊ ငါ၏ မျက်စိနှစ်လုံးကို ခွါထုတ်၍ အလှူခံအား လှူလော့ (ဟု ဆို၏)။

၆၄။ ထိုအခါ ငါ၏ စကားကို လိုက်နာတတ်သော ထိုသိဝကဆေးသမားသည် ငါတိုက်တွန်းအပ်သည်ဖြစ်၍ ထန်းသီးဆံနှစ်ကို နုတ်သကဲ့သို့ ငါ၏ မျက်စိနှစ်လုံးတို့ကို ထုတ်နုတ်၍ အလှူခံအား ပေးလှူလေ၏၊

၆၅။ ငါသည် မျက်စိတို့ကိုပေးလှူရန် ထုတ်ဆဲအခါ၌ငင်း လှူဆဲအခါ၌ငင်း လှူပြီးသော အခါ၌ငင်း သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် စိတ်၏ ဖောက်ပြန် ပြောင်းလွဲခြင်းသည် မရှိ။

၆၆။ ငါသည် မျက်စိနှစ်လုံးတို့ကို မချစ်မနှစ်သက်သည် မဟုတ်ပေ၊ ငါသည် မိမိကိုယ်ကို မချစ်မနှစ်သက်သည် မဟုတ်ပေ၊ ထို့ထက် ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် ငါသည် မျက်စိကို ပေးလှူခဲ့၏။

ရှစ်ခုမြောက် သိဝိရာဇစရိယ 'သိဝိမင်းအကျင့်' ပြီး၏။

http://www.dhammadownload.com



## ၉-ဝေဿန္တရစရိယ

### (ဝေဿန္တရမင်း အကျင့်)

၆၇။ အကြင်ဖုဿတီမည်သော မင်းသမီးသည် ငါ၏ မယ်တော် ဖြစ်လေ၏၊ ထိုမင်းသမီးသည် အတိတ်ဘဝတို့၌ သိကြားမင်း၏ ချစ်မြတ်နိုးအပ်သော မိဖုရား ဖြစ်လေ၏။

၆၈။ ထိုမိဖုရား၏ အသက်ကုန်ခါနီးသည်ကို သိ၍ သိကြားမင်းသည် မိဖုရားမြတ် သင်သည် ဆုကို အကယ်၍ အလိုရှိမူ သင့်အား ဆုဆယ်ပါးတို့ကို ငါပေးအံ့ဟု ဤစကားကို ဆို၏။

၆၉။ ဤသို့ ဆိုလတ်သော် ထိုမိဖုရားသည်လည်း သိကြားမင်းအား တဖန်ဤစကားကိုဆို၏— အကျွန်ုပ်အား အဘယ်အပြစ်ရှိပါသနည်း၊ အကျွန်ုပ်သည် အရှင်၏ မချစ်မနှစ်သက်အပ်သူ ဖြစ်ပါသလော၊ လေသည် သစ်ပင်ကို ရွေ့ရှားစေသကဲ့သို့ အကျွန်ုပ်ကို ပျော်မွေ့ဖွယ် ဌာနမှ ရွေ့စေလိုပါသလော။

၇၀။ ဤသို့ဆိုလတ်သော် ထိုသိကြားမင်းသည်လည်း တဖန် ထိုမိဖုရားအား ဤစကားကို ဆို၏—သင်သည် မကောင်းမှုကို ပြုအပ်သည်လည်း မဟုတ်၊ သင်သည် ငါ၏ မချစ် မနှစ်သက်အပ်သူလည်း မဟုတ်။

၇၁။ သင်၏ အသက်သည် ဤမျှလောက်သာ ရှိ၍ စုတေအံ့သော အခါသည် ဖြစ်တော့အံ့၊ ငါသည် ပေးအပ်သော ဆုမြတ် ဆယ်ပါးတို့ကို ခံယူပါလော့။

၇၂။ သိကြားမင်း ပေးအပ်ပြီးသော ဆုရှိသော ထိုမိဖုရားသည် နှစ်သက် ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ငါ့ကို အတွင်း ပြုလျက် ဆု ဆယ်ပါးတို့ကို ခံယူ၏။

၇၃။ ထိုဖုဿတီမိဖုရားသည် ထိုတာဝတိံသာဘုံမှ စုတေလတ်သော် မင်းမျိုး၌ဖြစ်လေ၏၊ ဇေတုတ္တရာမြို့၌ သဉ္စယ (သိဉ္စည်း)မင်းနှင့် ပေါင်းဖက်လေ၏။

၇၄။ အကြင်အခါ၌ ငါသည် ချစ်လှစွာသော မယ်တော်ဖုဿတီမိဖုရား၏ ဝမ်းသို့ သက်ဝင်၏၊ ထိုအခါ ငါ၏ မယ်တော်သည် ငါ၏ တန်ခိုးကြောင့် အခါခပ်သိမ်း အလှူ၌မွေ့လျော်သူဖြစ်၏။

၇၅။ ဥစ္စာမရှိသူ အနာရောဂါနှိပ်စက်သူ အိုမင်းသူ သူတောင်းစား ခရီးသွား ရဟန်း ပုဏ္ဏား စည်းစိမ်ဥစ္စာပျက်စီးကုန်ခန်းသူ ဥစ္စာမသိမ်းဆည်းသူတို့၌ အလှူကို ပေးလှူလေ၏။

၇၆။ ဖုဿတီမိဖုရားသည် ငါ့ကို ဆယ်လတိုင်တိုင်ပတ်လုံး လွယ်ခဲ့ရ၍ မြို့ကို လကျ်ာရစ် လှည့်လည်ခြင်းကို ပြုလတ်သော် ကုန်သည်တို့၏ ခရီး အလယ်၌ ငါ့ကို မွေးဖွားလေ၏။

၇၇။ ငါ၏ အမည်သည် မယ်တော်ဘက်မှလာသော အမည်လည်း မဟုတ်၊ ခမည်းတော်ဘက်မှ လာသော အမည်လည်း မဟုတ်၊ ကုန်သည်တို့၏ သွားရာ လမ်းခရီး၌ မွေးဖွားသူ ဖြစ်၏၊ ထို့ကြောင့် ဝေဿန္တရ ဟူသော အမည်ဖြစ်လေ၏။

၇၈။ အကြင်အခါ ငါသည် မွေးဖွားသည်မှ ရှစ်နှစ်အရွယ် သူငယ်ဖြစ်၏၊ ထိုအခါ ပြာသာဒ်ထက်၌ ထိုင်လျက် အလှူကို ပေးလှူရန် ကြံစည်ခဲ့၏။

၇၉။ တစုံတယောက်သော သူသည် ငါ့ကို အကယ်၍ တောင်းလာငြားအံ့၊ ငါသည် ငါ၏ နှလုံးကိုဖြစ်စေ မျက်စိကိုဖြစ်စေ အသားကိုဖြစ်စေ အသွေးကိုဖြစ်စေ (ထုတ်၍) လှူလို၏၊ (ငါ၏) ကိုယ်ကိုလည်း ကျွန်အဖြစ်ဖြင့် ပြောကြား၍ လှူလို၏။

http://www.dhammadownload.com



၈၀။ ငါသည် မတုန်မလှုပ် မတွန့်မတိုသော သဘောမှန်ကို ကြံစည်စဉ် ထိုအခါ မြင့်မိုရ်တောင် တည်းဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

၈၁။ ငါသည် လခွဲတိုင်းလခွဲတိုင်း တဆယ့်ငါးရက်လပြည့် ဥပုသ်နေ့ဝယ် ပစ္စယဆင်တော်ကို တက်စီး၍ အလှူကိုလှူရန် (အလှူစရပ်သို့) ချဉ်းကပ်ခဲ့၏။

၈၂။ ကလိင်္ဂတိုင်းနိုင်ငံမှ ပုဏ္ဏားတို့သည် ငါ့ထံသို့ လာရောက်ကုန်၏၊ ဘုန်းကြက်သရေနှင့် ပြည့်စုံသော မင်္ဂလာ ဆင်တော်ဟု သမုတ်အပ်သော ဆင်တော်ကို ငါ့အား တောင်းကုန်၏။

၈၃။ မင်းကြီး အကျွန်ုပ်တို့၏ ဇနပုဒ်သည် မိုးရွာခြင်း မရှိသည် ဖြစ်၍ ကြီးစွာ ငတ်မွတ်ခြင်း တည်းဟူသော ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေပါ၏၊ အလုံးစုံ ဖြူ၍ ဆင်တို့တွင် အမြတ်ဆုံး ဖြစ်သောဆင်တော်မြတ်ကို လှူပါလော့ဟု တောင်းကုန်၏။

၈၄။ ပုဏ္ဏားတို့သည် ငါ့အား အကြင်ဝတ္ထုကို တောင်းကုန်၏၊ ထိုဝတ္ထုကို ငါသည် ပေးလှူအံ့၊ တုန်လှုပ်လိမ့်မည်မဟုတ်၊ ငါသည် ထင်ရှားရှိသော ဝတ္ထုကို မလျှို့ဝှက်၊ ငါ၏ စိတ်သည် ပေးလှူခြင်း၌ မွေ့လျော်၏။

၈၅။ ထိုရောက်လာသော အလှူခံတို့ကို ပယ်ခြင်းသည် ငါ့အား မသင့်လျော်ချေ၊ ဒါနပါရမီကို ဆောက်တည်ခြင်းသည် ငါ့အား မပျက်စီးစေပါလင့်၊ ငါသည် မြတ်သော ဆင်ကို ပေးလှူအံ့ (ဟု ကြံစည်၍)—

၈၆။ ဆင်ကို နှာမောင်း၌ ကိုင်လျက် ရတနာဖြင့် ပြီးသော ကရားဖြင့် ရေကို (ပုဏ္ဏားတို့၏) လက်၌သွန်းလောင်း၍ ဆင်ကို ပုဏ္ဏားတို့အား ပေးလှူ၏။

၈၇။ အလုံးစုံဖြူသော ဆင်တော်မြတ်ကို ပေးလှူလတ်သော် ထိုအခါ၌လည်း မြင့်မိုရ်တောင်ဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် နောက်တဖန် တုန်လှုပ်လေ၏။

၈၈။ ထိုဆင်တော်ကို လှူခြင်းကြောင့် သိဝိပြည်သူတို့သည် အမျက်ထွက်ကုန်၍ စည်းဝေးကြပြီးလျှင် ဝင်္ကတောင်သို့ သွားလော့ဟု မိမိတို့နိုင်ငံမှ နှင်ထုတ်ကြကုန်၏။

၈၉။ ထိုသိဝိပြည်သူတို့ နှင်ထုတ်ကုန်သည်ရှိသော် (ငါသည်) မတုန်မလှုပ် မတွန့်မတိုသော အလှူကြီးကို ပေးလှူရန် တခုသောဆုကို တောင်းပန်၏။

၉၀။ သိဝိပြည်သူ အားလုံးတို့သည် ငါတောင်းပန်အပ်သည် ဖြစ်၍ ငါ့အား ဆုတပါးကို ပေးကုန်၏၊ ထိုအခါ ငါသည် အစုံသော အလှူစည်ကို ကြွေးကြော်တီးခတ်စေ၍ အလှူကြီးကို ပေးလှူ၏။

၉၁။ ထိုသို့ပေးလှူလတ်သော် အလှူကြောင့် ဤမင်းကို နှင်ထုတ်ကုန်၏၊ ဤမင်းသည် ယခုတဖန် အလှူကို လှူပြန်၏ဟု အလှူပေးရာအရပ်၌ အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ် ကြီးစွာသော အသံသည် ဖြစ်လေ၏။

၉၂။ ထိုအခါ ငါသည် ဆင်ကိုရင်း မြင်းတို့ကိုရင်း ရထားတို့ကိုရင်း ပေးလှူ၍ ကျွန်မိန်းမ ကျွန်ယောကျ်ား နွား ဥစ္စာဟူသော ကြီးစွာသော အလှူကို ပေးလှူပြီးလျှင် မြို့မှ ထွက်ခဲ့၏။

၉၃။ ငါသည် မြို့မှ ထွက်၍ ပြန်လှည့်ကြည့်ရှုသော အခါ၌လည်း မြင့်မိုရ်တောင်တည်းဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

http://www.dhammadownload.com



၉၄။ (ရထားတပ်သော) မြင်းလေးစီးကိုင်း ရထားကိုင်း (ပုဏ္ဏားတို့အား) ပေးလှူပြီးလျှင် နောက်လိုက်မပါ တကိုယ်တည်းသာ ဖြစ်သော ငါသည် လမ်းလေးခွဆုံ၌ ရပ်လျက် မဒ္ဒီမိဖုရားအား ဤစကားကို ပြောဆို၏—

၉၅။ မဒ္ဒီ ဤကဏှာဇိန်သည်၊ ညီမငယ်ဖြစ်၍ ပေါ့၏၊ သင်သည် ကဏှာဇိန်ကို ချီလော့၊ ဇာလီကား အစ်ကိုဖြစ်၍ လေး၏၊ ငါသည် ဇာလီကို ချီမည်။

၉၆။ မဒ္ဒီသည် ပဒုမာကြာ ပုဏ္ဍရိက်ကြာနှင့် တူသော ကဏှာဇိန်ကို ချီ၏၊ ငါသည် ရွှေရုပ်နှင့်တူသော ဇာလီမင်းသားကို ချီ၏။

၉၇။ ပူဇော်အပ်သော အမျိုးဖြစ်၍ နူးညံ့သိမ်မွေ့သည့် မင်းမျိုး ဖြစ်ကုန်သောငါတို့ လေးဦးသားတို့သည် မညီညွတ်သောမြေ ညီညွတ်သောမြေကို နင်းကုန်လျက် ဝင်္ကတောင်သို့ သွားကြကုန်၏။

၉၈။ အကြင်သူတို့သည် လမ်းအနီး၌ငင်း ခရီးရင်ဆိုင်၌ငင်း လာကြကုန်၏၊ ထိုသူတို့အား ဝင်္ကတောင်သည် အဘယ်မှာနည်းဟု ငါတို့သည် လမ်းခရီးကို မေးမြန်းရကုန်၏။

၉၉။ ထိုသူတို့သည် ထိုလမ်းခရီး၌ ငါတို့ကို တွေ့မြင်ကုန်သော် ဝင်္ကတောင်သည် ဝေးလှ၏ဟု သနားသော အသံကို မြွက်ဆို ကြကုန်၏၊ ထိုသူတို့သည် (သနားခြင်းကြောင့် ဖြစ်သော) ဆင်းရဲဝေဒနာကို ခံစားကြရကုန်၏။

၁၀၀။ သူငယ်ဖြစ်သောသားသမီးတို့သည် တောအုပ်ကြီး၌ အသီးရှိသော သစ်ပင်တို့ကို အကယ်၍ တွေ့မြင်ကုန်အံ့၊ သူငယ်တို့သည် ထိုသစ်သီးတို့၏ အကြောင်းကြောင့် ငိုယိုကြကုန်၏။

၁၀၁။ မြင့်တက်သော ကြီးကျယ်သော သစ်ပင်တို့သည် ငိုယိုနေသော သူငယ်တို့ကို မြင်သော် အလိုလိုပင် ညွတ်ကိုင်း၍ သူငယ်တို့သို့ ချဉ်းကပ်ကုန်၏။

၁၀၂။ အလုံးစုံသော အင်္ဂါတို့ဖြင့် တင့်တယ်သော မဒ္ဒီမိဖုရားသည် မဖြစ်စဘူး ဖြစ်သော ကြက်သီး မွေးညှင်းထစေနိုင်သော ဤအံ့သြဖွယ်ကို တွေ့မြင်ရသည် ရှိသော် ကောင်းခြီးကို ဖြစ်စေ၏။

၁၀၃။ ဝေဿန္တရာမင်း၏ တန်ခိုးကြောင့် သစ်ပင်တို့သည် အလိုလိုပင် ညွတ်ကိုင်းကုန်၏၊ ဤသို့ ဖြစ်ခြင်းသည် လောက၌ အံ့သြဖွယ်ရှိပေစွ၊ မဖြစ်စဘူး ဖြစ်ပေစွ၊ ကြက်သီးမွေးညှင်း ထဖွယ်ကောင်းလေစွ (ဟု ကောင်းခြီးကိုဖြစ်စေ၏)။

၁၀၄။ နတ်တို့သည် သူငယ်တို့ကို သနားကြသဖြင့် (ယူဇနာသုံးဆယ်) လမ်းခရီးကို ချုံး၍ ပေးကြကုန်၏၊ (ဇေတုတ္တရာပြည်မှ) ထွက်သော နေ့၌သာလျှင် စေတနိုင်ငံသို့ ဆိုက်ရောက်ကုန်၏။

၁၀၅။ ထိုအခါ ဦးရီးတော် ဖြစ်ကြကုန်သော မင်းခြောက်သောင်းတို့သည် (စေတနိုင်ငံ၌) နေကုန်၏၊ အလုံးစုံသော မင်းတို့သည် လက်အုပ်ချီကုန်၍ ငိုယိုလျက် ချဉ်းကပ်လာကြကုန်၏။

၁၀၆။ ထိုစေတနိုင်ငံ၌ စေတမင်းတို့နှင့်ငင်း စေတမင်းသားတို့နှင့်ငင်း နှုတ်ဆက်စကား ပြောကြား ပြီးသော် ထိုငါတို့သည် ထိုမြို့မှ ထွက်ခွါကုန်၍ ဝင်္ကတောင်သို့ သွားကြကုန်၏။

http://www.dhammadownload.com



၁၀၇။ သိကြားမင်းသည် တန်ခိုးကြီးသော ဝိသုကြုံနတ်သားကို ခေါ်၍ သခ်မ်းကျောင်းကို ကောင်းစွာဆောက်လုပ်၍ ပျော်မွေ့ဖွယ်သော သစ်ရွက်မိုးကျောင်းကို ဖန်ဆင်းချေလော့ဟု စေလိုက်၏။

၁၀၈။ သိကြားမင်း၏စကားကို ကြားနာလျက်တန်ခိုးကြီးသောဝိသုကြုံနတ်သားသည် သခ်မ်းကျောင်းကိုကောင်းစွာဆောက်လုပ်၍ပျော်မွေ့ဖွယ်သောသစ်ရွက်မိုးကျောင်းကိုဖန်ဆင်းလေ၏။

၁၀၉။ လေးယောက်သား ငါတို့သည် ဝင်္ကတောင်ကြား၌ လူသူရောရှက်မရှိ တိတ်ဆိတ်သော တောအုပ်ကြီးသို့သက်ဝင်၍ ထိုတောအုပ်ကြီးတွင် နေကြကုန်၏။

၁၁၀။ ထိုအခါ ငါသည်၎င်း မဒ္ဒီမိဖုရားသည်၎င်း ဇာလီကဏှာဇိန်နှစ်ဦးတို့သည်၎င်း အချင်းချင်း စိုးရိမ်ခြင်းကို ပယ်ဖျောက်ကုန်လျက် သခ်မ်းကျောင်း၌ နေကြကုန်၏။

၁၁၁။ ငါသည် သခ်မ်းကျောင်း၌ မဆိတ်သုဉ်းသည်ကိုပြု၍ သားသမီးငယ်တို့ကို စောင့်ရှောက်လျက် တည်နေရ၏၊ ထိုမဒ္ဒီမိဖုရားသည် သစ်သီးကို ဆောင်၍ သုံးယောက်သား ငါတို့ကို ကျွေးမွေး၏။

၁၁၂။ ငါသည် တောအုပ်ကြီး၌ နေစဉ် ခရီးသွားသူ ဇူဇကာပုဏ္ဏားသည် ငါ့ထံသို့ ချဉ်းကပ်လာ၏၊ ငါ၏ ဇာလီ ကဏှာဇိန် သားသမီးနှစ်ယောက်လုံးကို တောင်းလေ၏။

၁၁၃။ တောင်းတတ်သော ဇူဇကာပုဏ္ဏား ချဉ်းကပ်လာသည်ကို မြင်ရသော် ငါ့အား ရွှင်လန်းခြင်းဖြစ်လေ၏၊ ထိုအခါ ငါသည် သားသမီးနှစ်ယောက်တို့ကို ကိုင်ငင်၍ ပုဏ္ဏားအား ပေးလှူခဲ့၏။

၁၁၄။ အကြင်အခါ ဇူဇကာပုဏ္ဏားအား မိမိသား သမီးတို့ကို စွန့်လှူလတ်သော် ထိုအခါ၌လည်း မြင့်မိုရ်တောင်တည်းဟူသော ဦးဆောက်ပန်း ရှိသော မြေကြီးသည် တုန်လှုပ် လေ၏။

၁၁၅။ တဖန်လည်း သိကြားမင်းသည် နတ်ပြည်မှ သက်ဆင်း၍ ပုဏ္ဏားအသွင် ဖန်ဆင်းလျက် ငါ့ ထံသို့ လာပြီးလျှင် သီလရှိ၍ အရှင်သခင်၌ ရှိသေသော အကျင့်ရှိသော မဒ္ဒီမိဖုရားကို တောင်းလေ၏။

၁၁၆။ ငါသည် ကြည်လင်သော စိတ်အကြံရှိသည်ဖြစ်၍ မဒ္ဒီကို လက်၌ကိုင်လျက် ရေဖြင့် (ပုဏ္ဏား၏) လက်ခုပ်ကို ပြည့်စေပြီးလျှင် ထိုပုဏ္ဏားအား မဒ္ဒီကို ပေးလှူခဲ့၏။

၁၁၇။ မဒ္ဒီမိဖုရားကို ပေးလှူလတ်သော် ကောင်းကင်၌ နတ် ဗြဟ္မာတို့သည် ဝမ်းမြောက်ကြကုန်၏၊ ထိုအခါ၌လည်း မြင့်မိုရ်တောင်တည်းဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

၁၁၈။ ဇာလီမင်းသားနှင့် သမီးကဏှာဇိန်ကို၎င်း အရှင်သခင်၌ ရှိသေသော အကျင့်ရှိသော မဒ္ဒီမိဖုရားကို၎င်း စွန့်လွှတ်လှူဒါန်းသော ငါသည် သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် တွန့်တိုဆုတ်နစ်သော စိတ်အကြံအစည် မဖြစ်ခဲ့ပေ။

၁၁၉။ ငါသည် သားသမီးနှစ်ယောက်တို့ကို မချစ်သည် မဟုတ်၊ မဒ္ဒီမိဖုရားကို မချစ်သည်လည်း မဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် ငါသည် ချစ်သော သားမယားတို့ကို ပေးလှူခဲ့၏။

၁၂၀။ ထိုနောက်တဖန် တောအုပ်ကြီး၌ မယ်တော် ခမည်းတော်တို့နှင့် ပေါင်းဆုံရသော် သနားဖွယ် ငိုကြွေးကာ ချမ်းသာ ဆင်းရဲကို မေး၍ ပြောဆိုလျက်—

http://www.dhammadownload.com



၁၂၁။ နှစ်ယောက်သော မယ်တော် ခမည်းတော်တို့၏ အထံသို့ အရှက် အကြောက်ဖြင့် ငှင်း လေးစားခြင်းဖြင့်ငှင်း ချဉ်းကပ်၏၊ ထိုအခါ၌လည်း မြင့်မိုရ်တောင် တည်းဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

၁၂၂။ ထိုနောက်တဖန် ဆွေတော်မျိုးတော်တို့နှင့်တကွ တောအုပ်ကြီးမှ ထွက်ခဲ့ကြ၍ ပျော်မွေ့ဖွယ် ကောင်းသော ပြည်မြတ်ဖြစ်သော ဇေတုတ္တရာမြို့တော်သို့ ဝင်လေ၏။

၁၂၃။ ထိုနေ့၌ ရတနာခုနစ်ပါးမိုးတို့သည် ရွာသွန်းကုန်၏၊ သည်းစွာသော မိုးသည် ရွာချလေ၏၊ ထိုအခါ၌လည်း မြင့်မိုရ်တောင်တည်းဟူသော ဦးဆောက်ပန်းရှိသော မြေကြီးသည် တုန်လှုပ်လေ၏။

၁၂၄။ စိတ်စေတနာမရှိသော ဤမြေကြီးသည်လည်း ချမ်းသာဆင်းရဲကို မသိပဲလျက် ငါ၏ အလှူစွမ်းအားကြောင့် ခုနစ်ကြိမ် တိုင်တိုင် တုန်လှုပ်လေ၏။

**ကိုးခုမြောက်** ဝေဿန္တရစရိယ 'ဝေဿန္တရာမင်းအကျင့်' ပြီး၏။

---

## ၁၀-သသပဏ္ဍိတစရိယ

## (ယုန်ပညာရှိအကျင့်)

၁၂၅။ နောက်တမျိုးသော်ကား ငါသည် အကြင်အခါ၌ မြက် သစ်ရွက် ဟင်းရွက်ဟင်းသီးကို စားတတ်သော သူတပါးကို ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်သော တော၌ လှည့်လည် ကျက်စားသော ယုန်ငယ်ဖြစ်၏။

၁၂၆။ ထိုအခါ မျောက်သည်ငှင်း မြေခွေးသည်ငှင်း ဖျံသည်ငှင်း ငါသည်ငှင်း အနီးအပါး၌ တပေါင်းတည်း နေကြကုန်၏၊ ညဉ့် နံနက်တိုင်း ဆည်းကပ် လာကြကုန်၏။

၁၂၇။ ငါသည် ထိုသူတို့ကို အကုသိုလ်တို့ကို ကြဉ်ရှောင်ကုန်လော့၊ ကုသိုလ်တို့ကို နှလုံးသွင်းကုန်လော့ဟု ကုသိုလ် အကုသိုလ်အမှု၌ ဆုံးမ၏။

၁၂၈။ ဥပုသ်နေ့၌ လပြည့်သည်ကို မြင်၍ ယနေ့ကား ဥပုသ်နေ့တည်း ဟု ထိုသုံးယောက်သော သူတို့အား ထိုနေ့၌ (ကျင့်ဝတ်အစဉ်ကို)ပြောကြား၏။

၁၂၉။ အလှူခံပုဂ္ဂိုလ်အား လှူရန် အလှူဝတ္ထုတို့ကို စီရင်ကြကုန်လော့၊ အလှူခံပုဂ္ဂိုလ်၌ အလှူဝတ္ထုကို လှူ၍ ဥပုသ်ကို ကျင့်သုံးကုန်လော့ဟု ဆုံးမလေ၏။

၁၃၀။ ထိုသူသုံးဦးတို့သည် ငါ၏ စကားကို ကောင်းပြီဟု ဆိုကုန်၍ စွမ်းအားရှိသလောက် လှူဒါန်းဖွယ်ဝတ္ထုတို့ကို စီရင်ပြီးလျှင် အလှူခံပုဂ္ဂိုလ်ကို ရှာဖွေကြကုန်၏။

၁၃၁။ ငါသည် ထိုင်နေ၍ အလှူခံပုဂ္ဂိုလ်အား လျောက်ပတ်သော လှူဒါန်းဖွယ် ဝတ္ထုကို ကြံစည်၏၊ အကယ်၍ ငါသည် အလှူခံပုဂ္ဂိုလ်ကို ရငြားအံ့၊ ငါ့အား အဘယ်မည်သောလှူဒါန်းဖွယ်ဝတ္ထု ဖြစ်လတ္တံ့နည်း။

၁၃၂။ ငါ့အား နှမ်းတို့သည်ငှင်း ပဲနောက်တို့သည်ငှင်း ပဲလွန်းတို့သည်ငှင်း ဆန်တို့သည်ငှင်း ထောပတ်သည်ငှင်း မရှိကုန်၊ ငါသည် မြက်ဖြင့် မျှတ၏၊ မြက်ကို လှူဒါန်းရန်လည်း မတတ်ကောင်း။

http://www.dhammadownload.com



၁၃၃။ အကယ်၍ တစုံတဦးသော အလှူခံပုဂ္ဂိုလ်သည် ငါ၏ အထံသို့ ထမင်း အကျိုးငှါ လာအံ့၊ ငါသည် မိမိကိုယ်ကို လှူအံ့၊ ထိုအလှူခံ ပုဂ္ဂိုလ်သည် အချည်းနှီး မသွားရလတ္တံ့-(ဟု ကြံစည်၏)။

၁၃၄။ သိကြားမင်းသည် ငါ၏ အကြံအစည်ကို သိ၍ ပုဏ္ဏားအသွင်ဖြင့် ငါ၏ အလှူကို စုံစမ်းခြင်းငှါ ငါ၏ နေရာ(ချုံ)သို့ ချဉ်းကပ်လာ၏။

၁၃၅။ ငါသည် ထိုပုဏ္ဏားအသွင်ဆောင်သော သိကြားမင်းကို မြင်ရသော် ကောင်းစွာ နှစ်သက်သည်ဖြစ်၍ ဤစကားကို ဆို၏—(အသင်ပုဏ္ဏားသည်) အစာဟူသော အကြောင်း ကြောင့် ငါ့ထံသို့ ဆိုက်ရောက်ခြင်းသည် ကောင်းသည်သာဖြစ်၏။

၁၃၆။ ယနေ့ သင့်အား ငါသည် ရှေး၌ မလှူခဲ့ဘူးသေးသော အလှူမြတ်ကို ပေးလှူအံ့၊ သင်သည် သီလဂုဏ်နှင့်ပြည့်စုံ၏၊ သူတပါးတို့ကို ညှဉ်းဆဲမှုသည် သင့်အား မသင့်လျော်။

၁၃၇။ (ပုဏ္ဏား)လာလော့၊ အထူးထူးသော ထင်းတို့ကို စုရုံး၍ မီးကို ညှိမွှေးလော့၊ ငါသည် မိမိကိုယ်ကို ကျက်စေအံ့၊ သင်သည် ကျက်သောအသားကို စားရလတ္တံ့-(ဟု ဆို၏)။

၁၃၈။ ထိုပုဏ္ဏားအသွင်ဆောင်သော သိကြားမင်းသည် ကောင်းပြီဟု ရွှင်သောစိတ်ရှိသည် ဖြစ်၍ အထူးထူးသော ထင်းတို့ကို စုရုံးလေ၏၊ အတွင်း၌ မီးကျီးစုရှိသည်ကိုပြု၍ ကြီးစွာသော ထင်းပုံကို ပြုလေ၏။

၁၃၉။ ထိုထင်းပုံ၌ လျင်မြန်စွာ ထိုမီးတောက်ကြီးမားလာအောင် မီးကို ညှိမွှေးလေ၏၊ ငါသည် မြူမှုန့်ကပ်ရောက်သော ကိုယ်ကို ခါ၍ သင့်လျော်ရာ၌ ဝင်၏။

၁၄၀။ အကြင်အခါ ထင်းပုံကြီးသည် တောက်လောင်လျက် ဟူးဟူးအသံဖြစ်၏၊ ထိုအခါ ငါသည် မီးလျှံတွင်း အလယ်သို့ ခုန်၍ ဆင်း၏။

၁၄၁။ အေးသောရေမည်သည် သက်ဝင်သူတစုံတယောက်အား ပူပန်ခြင်း ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့၎င်း သာယာဖွယ် နှစ်သက်ဖွယ်ကို ပေးသကဲ့သို့၎င်း—

၁၄၂။ ထို့အတူပင် ထိုအခါ တောက်လောင်နေသော မီးသို့ ဝင်သော ငါ့အား အေးသော ရေကဲ့သို့ အလုံးစုံသော ပူပန်ခြင်းကို ငြိမ်းစေ၏။

၁၄၃။ ငါသည် အရေပါးကို၎င်း အရေထူကို၎င်း အသားကို၎င်း အကြောကို၎င်း အရိုးကို ၎င်း ဟဒယဝတ္ထုကိုဖွဲ့သော နှလုံးသားကို၎င်း အလုံးစုံသော ကိုယ်ကို၎င်း ပုဏ္ဏားအား အကြွင်းမဲ့ပေးလှူခဲ့၏။

ဆယ်ခုမြောက် သသပဏ္ဍိတစရိယ'ယုန်ပညာရှိအကျင့်' ပြီး၏။

**ရှေးဦးစွာသော အကိတ္တိဝဂ် ပြီး၏။**

## ဒါနပါရမီအကျယ်ညွှန်းပြခြင်း ပြီး၏။

http://www.dhammadownload.com

# ၂-ဟတ္ထိနာဂဝဂ်

## ၁-မာတုပေါသကစရိယ

### (အမိကိုလုပ်ကျွေးသော သီလဝဆင်အကျင့်)

၁။ ငါသည် အကြင်အခါ တောအုပ်ကြီး၌ အမိကို လုပ်ကျွေးမွေးမြူသော ဆင်ဖြစ်၏၊ ထိုအခါ မြေပြင်၌ (သီလ)ဂုဏ်အားဖြင့် ငါနှင့်တူသော သူသည် မရှိ။

၂။ တောမုဆိုးသည် တောအုပ်၌ ငါ့ကို တွေ့မြင်လတ်သော် မင်းအား လျှောက်ကြားလေ၏၊ မင်းကြီး သင်မင်းကြီးနှင့် ထိုက်တန်သော ဆင်သည် တောအုပ်၌ နေ၏။

၃။ ထိုဆင်အား ကျုံးသွင်းခြင်းဖြင့် ဖမ်းယူရန်မလို၊ ဆင်မဖြင့်အောင်းခြင်း တွင်းချခြင်းဖြင့်လည်း ဖမ်းယူရန်မလို၊ နှာမောင်းကို ကိုင်သည်နှင့်တပြိုင်နက် အလိုလိုသာလျှင် ဤမြို့အရပ်သို့ လာလတ္တံ့ (ဟု ကြားလျှောက်၏)။

၄။ မင်းသည်လည်း ထိုမုဆိုး၏ ထိုစကားကို ကြားရသော် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဆင်ကို ဆုံးမတတ်သော ကောင်းစွာ သင်ကြားပြီးသော လိမ္မာသော ဆင်ဆရာကို စေလွှတ်လေ၏။

၅။ ထိုဆင်ကို ဆုံးမတတ်သော ဆင်ဆရာသည် တောအုပ်သို့ သွားသည်ရှိသော် ငါ့ကို အမိ၏ အစားအစာ မျှတခြင်းအကျိုးငှါ ပဒုမာကြာအိုင်၌ ကြာစွယ်နုတ်နေသည်ကို တွေ့မြင်၏။

၆။ (ထိုဆင်ဆရာသည်) ငါ၏ သီလဂုဏ်ကို သိသဖြင့် လက္ခဏာကို စူးစမ်း ဆင်ခြင်၏၊ ချစ်သား လာလော့ဟု ဆို၍ ငါ၏ နှာမောင်းကို ကိုင်လေ၏။

၇။ ထိုအခါ ကိုယ်၌ အစဉ်တည်သော ငါ၏ ပြကတေ့အားသည် ယခုအခါ ဆင်တထောင်တို့၏ အားနှင့် အညီအမျှ တူ၏။

၈။ အကယ်၍ ငါသည် ငါ့ကို ဖမ်းယူခြင်းငှါ ကပ်လာကုန်သော ထိုသူတို့အား အမျက်ထွက်ငြားအံ့၊ ထိုလူဘို့၏ တတိုင်းပြည်လုံးကိုလည်း ကြေမှုန့်စေရန် စွမ်းနိုင်သူဖြစ်၏။

၉။ ထိုသို့ စွမ်းနိုင်သော်လည်း ငါသည် သီလပါရမီဖြည့်ခြင်းငှါ သီလကို စောင့်ရှောက်ထားသဖြင့် ငါ့ကို ဆင်ချည်တိုင်၌ ထည့်သွင်းသော်လည်း စိတ်၌ ဖောက်ပြန်ပြောင်းလွဲခြင်းကို မပြုချေ။

၁၀။ အကယ်၍ ထိုသူတို့သည် ငါ့ကို ထိုနေရာ၌ ပေါက်ဆိန်တို့ဖြင့်သော်ငြား လှံမ မှိန်းတို့ဖြင့်သော်ငြား ထိုးခုတ်နှိပ်စက်ကုန်ငြားအံ့၊ ငါသည် ငါ၏ သီလအကျိုး ပျက်ခြင်းမှ ကြောက်ခြင်းကြောင့် ထိုသူတို့အား အမျက်မထွက်လို။

**ရှေးဦးစွာသော မာတုပေါသကစရိယ 'အမိကို လုပ်ကျွေးသော သီလဝဆင်အကျင့်'ပြီး၏။**

http://www.dhammadownload.com



## ၂-ဘူရိဒတ္တစရိယ

### (ဘူရိဒတ္တနဂါးမင်းအကျင့်)

၁၁။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် တန်ခိုးကြီးသော ဘူရိဒတ္တနဂါးဖြစ်၏၊ ထိုအခါ ဝိရူပက္ခနဂါးမင်းကြီးနှင့် နတ်ပြည်သို့သွားခဲ့၏။

၁၂။ ငါသည် ထိုနတ်ပြည်၌ စင်စစ် ချမ်းသာနှင့် ပြည့်စုံကုန်သော နတ်တို့ကို တွေ့မြင်ရသော် ထိုနတ်ပြည်သို့ ရောက်ရန် အကျိုးငှါ သီလ အကျင့်ကို ဆောက်တည်၏။

၁၃။ ထိုအခါ ငါသည် ကိုယ်လက် သုတ်သင်ခြင်းကိစ္စကို ပြုပြီးလျှင် မျှတရုံမျှ အစာကို စား၍ အင်္ဂါလေးပါးတို့ကို အဓိဋ္ဌာန်လျက် တောင်ပို့ထိပ်၌ အိပ်၏။

၁၄။ အကြင်သူသည် အရေပါး အရေထူဖြင့်ရင်း အသားဖြင့်ရင်း အကြောဖြင့်ရင်း အရိုးတို့ဖြင့်ရင်း ဤအင်္ဂါတို့ဖြင့် ပြုဖွယ်ကိစ္စရှိ၏၊ ထိုသူသည် ယူဆောင်ပါလော့၊ ပေးလှူသည်သာတည်း(ဟု ဆောက်တည်၍ အိပ်၏)။

၁၅။ ပြုဘူးသော ကျေးဇူးကို မသိသော နေသာဒပုဏ္ဏားက ညွှန်ပြပြောဆိုအပ်သော အလမ္ပာယ်သည် ငါ့ကို ဖမ်းယူ၏၊ ပခြုပ်၌ထည့်၍ ထိုထိုအရပ်၌ ကစားစေ၏။

၁၆။ ပခြုပ်၌ ထည့်သော်ရင်း လက်ဖြင့်ပြင်းစွာပုတ်ခတ်သော်ရင်း ငါ၏ သီလ ကျိုးပျက်ခြင်းမှ ကြောက်ခြင်းကြောင့် ငါသည် အလမ္ပာယ် မြွေသမား၌ အမျက်မထွက်။

၁၇။ မိမိအသက်ကို စွန့်ခြင်းသည် ငါ့အား မြက်ပင်ထက် ပေါ့ပါးသေး၏၊ သီလကို လွန်ကျူးခြင်းသည် ငါ့အား မြေကြီးကို ခွါလှန်ရသကဲ့သို့ (ဝန်လေး၏)။

၁၈။ ငါသည် အခြားမရှိ ဘဝတရာပတ်လုံး ငါ၏အသက်ကို စွန့်လို၏၊ ငါသည် လေးကျွန်းလုံးတို့၏ အကြောင်းကြောင့်လည်း သီလကို မပျက်စီးစေလို။

၁၉။ စင်စစ်မူ ငါသည် သီလပါရမီဖြည့်ခြင်းငှါ သီလကိုစောင့်ထားသဖြင့် ငါ့ကို ပခြုပ်၌ ထည့်သွင်းသော်လည်း စိတ်၌ ဖောက်ပြန် ပြောင်းလွဲခြင်းကို မပြုချေ။

နှစ်ခုမြောက် ဘူရိဒတ္တစရိယ 'ဘူရိဒတ္တနဂါးအကျင့်' ပြီး၏။

---

## ၃-စမ္မေယျနာဂစရိယ

### (စမ္မေယျနဂါးမင်းအကျင့်)

၂၀။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် တန်ခိုးကြီးသော စမ္မေယျ နဂါးမင်းဖြစ်၏၊ ထိုအခါ၌လည်း တရားကို စောင့်သူ သီလအကျင့်နှင့်ပြည့်စုံသူ ဖြစ်ခဲ့၏။

၂၁။ ထိုအခါ၌လည်း ကုသိုလ်တရားကို ကျင့်လေ့ရှိသော ဥပုသ်ကျင့်သုံးသော ငါ့ကို မြွေဖမ်းသမားသည် ဖမ်းယူ၍ နန်းတော်တံခါး၌ ကစားစေ၏။

၂၂။ ထိုမြွေဖမ်းသမားသည် အညို အရွှေ အနီဟူသော အကြင်အကြင် အဆင်းကို ကြံစည်၏၊ ငါသည် ထိုမြွေဖမ်းသမား၏ စိတ်သို့ အစဉ်လိုက်လျက် ကြံစည်သော အဆင်းနှင့် တူသော အဆင်း ရှိသည် ဖြစ်၏။

http://www.dhammadownload.com



၂၃။ ငါသည် ကုန်းကို ရေဖြစ်အောင် ပြုနိုင်၏၊ ရေကိုလည်း ကုန်းဖြစ်အောင် ပြုနိုင်၏၊ အကယ်၍ ငါသည် ထိုမြွေဖမ်းသမားအား အမျက်ထွက်ငြားအံ့၊ တခဏဖြင့် ပြာဖြစ်အောင် ပြုနိုင်၏။

၂၄။ ငါသည် အကယ်၍ စိတ်အလို လိုက်သည်ဖြစ်အံ့၊ သီလမှ ဆုတ်ယုတ်တော့အံ့၊ သီလမှ ဆုတ်ယုတ်သူအား မြတ်သော အကျိုးသည် မပြီးစီးနိုင်ချေ။

၂၅။ အကယ်၍ပင် ဤကိုယ်သည် ပျက်စီးပါစေ၊ ဤနေရာ၌ပင် ဖရိုဖရဲ ကြဲမူလည်း ကြဲပါစေ၊ ဖွဲပြာကဲ့သို့ ဖရိုဖရဲ ကြဲသော်လည်း ငါသည် သီလကိုမူ မဖျက်ဆီးလို။

**သုံးခုမြောက် စမ္ပေယျနာဂစရိယ 'စမ္ပေယျနဂါးမင်းအကျင့်' ပြီး၏။**

---

## ၄-စူဠဗောဓိစရိယ

### (စူဠဗောဓိပုဏ္ဏားအကျင့်)

၂၆။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ကောင်းသော သီလရှိသော စူဠဗောဓိ ပုဏ္ဏားဖြစ်၏၊ ထိုအခါ ဘဝကို ကြောက်ဖွယ် ဘေးအားဖြင့်ရှုမြင်၍ (ဘဝမှ) ထွက်မြောက်ရာ နိဗ္ဗာန်ကို (ဘေးမရှိသောအားဖြင့် မြင်လျက်) တောထွက်ခဲ့၏။

၂၇။ အကြင် ငါ၏ ဇနီးဟောင်းပုဏ္ဏေးမသည် ရွှေနှင့် တူသော အဆင်းရှိသူဖြစ်၏၊ ထိုပုဏ္ဏေးမသည်လည်း ဝဋ်၌ မငဲ့ကွက်ပဲ (ဝဋ်မှ) ထွက်မြောက်ခြင်းငှါ တောထွက်ခဲ့၏။

၂၈။ တွယ်တာခြင်း မရှိကုန်သော အနှောင် အဖွဲ့ကို ဖြတ်ပြီးကုန်သော ဆွေမျိုး ဉာတိ အပေါင်း၌ ငဲ့ကွက်ခြင်း မရှိကုန်သော ငါတို့သည် ရွာနိဂုံးသို့ လှည့်လည်ကုန်လတ်သော် ဗာရာဏသီ မြို့သို့ ရောက်ကြကုန်၏။

၂၉။ ထိုမြို့၌ ရင့်ကျက်သော ပညာရှိကုန်သော ငါတို့သည် အမျိုးအပေါင်းနှင့် ရောနှော ခြင်း မရှိကုန်ပဲ နေကြကုန်၏၊ ငါတို့နှစ်ယောက်တို့သည်(လူတို့နှင့်)ရောယှက်ခြင်း ကင်း၍ အသံ တိတ်ဆိတ်သော မင်းဉယျာဉ်၌ နေကြကုန်၏။

၃၀။ ထိုအခါ မင်းသည် ဉယျာဉ်ကြည့်ရှုခြင်းငှါ ထွက်လတ်သော် ပုဏ္ဏေးမကို တွေ့မြင်၏၊ ငါ၏အထံသို့ ချဉ်းကပ်ပြီးလျှင် ဤမိန်းမသည် သင်နှင့်အသို့တော်စပ်သနည်း၊အဘယ်သူ၏ ဇနီး ဖြစ်လေသနည်းဟု ငါ့ကို မေးလေ၏။

၃၁။ ဤသို့မေးလတ်သော် ငါသည် ထိုမင်းအား ဤမိန်းမသည် ငါ၏ ဇနီးမဟုတ်၊ တရား ကျင့်ဖက် အပေါင်းအဖော်မျှသာဖြစ်၏၊ရသေ့သာသနာ၌ သီတင်းသုံးဖော်တည်းဟု ဤစကား ကို ပြောဆို၏။

၃၂။ (မင်းသည်) ထိုပုဏ္ဏေးမ၌ တပ်စွန်းမက်မောသည်ဖြစ်၍ မင်းချင်းယောကျ်ားတို့ကို ဆွဲယူစေပြီးလျှင် အနိုင်အထက် နှိပ်စက်လျက် နန်းတွင်းသို့ သွင်း၏။

၃၃။ ငါ၏ ဩဒပတ္တကီ ထိမ်းမြားမယားဖြစ်သော ရသေ့သာသနာ၌ အတူတကွ တရား ကျင့်ဖက်ဖြစ်သူကို ဆွဲငင်၍ ဆောင်လတ်သော် ငါ့အား အမျက်ထွက်ခြင်းသည် ဖြစ်ခဲ့၏။

http://www.dhammadownload.com



၃၄။ ငါသည် အမျက်ထွက်သည်နှင့် တပြိုင်နက် သီလအကျင့်ကို အောက်မေ့၏၊ ထိုအမျက်ထွက်ရာအရပ်၌ပင်လျှင် အမျက်ထွက်ခြင်းကို နှိမ်နင်း၏၊ အထက်၌ တိုးပွါးရန် မပေးခဲ့ချေ။

၃၅။ အကယ်၍ တစုံတယောက်သော သူသည် ဤပုဏ္ဏေးမကို ထက်သော လှံဖြင့် ထိုးငြားအံ့၊ ငါသည် သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် သီလကို မဖျက်ဆီးလို။

၃၆။ ငါသည် ဤပုဏ္ဏေးမကို မချစ်သည်မဟုတ်၊ ငါ့အား အင်အားမရှိသည်လည်းမဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် သီလကို စောင့်ရှောက်အံ့။

လေးခုမြောက် စူဠဗောဓိစရိယ 'စူဠဗောဓိပုဏ္ဏားအကျင့်' ပြီး၏။

---

## ၅-မဟာ ့သရာဇစရိယ

### (ကျွဲမင်းအကျင့်)

၃၇။ နောက်တမျိုးသော်ကား ငါသည် တော၌ ကျက်စားသော ကြီးထွားသော ကိုယ်ခန္ဓာရှိသော ကြီးသောအားရှိသော ကြောက်ဖွယ် အမြင်ရှိသော တောကျွဲဖြစ်၏။

၃၈။ ထိုတောအုပ်ကြီးတွင် ချိုင့်ဝှမ်းရာ၌၎င်း တောင်ချောက်ကြား၌၎င်း သစ်ပင်ရင်း၌၎င်း ရေကန် (အနီး)၌၎င်း တစုံတခုသော အရပ်ဒေသသည် ကျွဲတို့၏နေရာဌာနဖြစ်၏၊ ထိုထို အရပ်၌——

၃၉။ ချမ်းသာစွာ နေရအံ့သော အရပ်ကို စုံစမ်းရန် လှည့်လည်လတ်သော် တောအုပ်ကြီး၌ ကောင်းသောဌာနကို တွေ့မြင်ရ၏၊ ငါသည် ထိုဌာနသို့ကပ်၍ ရပ်လည်း ရပ်၏၊အိပ်လည်း အိပ်၏။

၄၀။ ထိုသို့ နေလတ်သော် ဤဌာနသို့ ယုတ်မာသော ယုတ်ညံ့သော အကျင့်ရှိသော လျှပ်ပေါ် လော်လည်သော မျောက်သည် လာလတ်၍ ငါ၏ ပခုံး နဖူး မျက်မှောင်၌ ကျင်ငယ်ကိုလည်း စွန့်၏၊ ကျင်ကြီးကိုလည်း စွန့်၏။

၄၁။ ထိုမျောက်သည်တနေ့တကြိမ်၎င်း နှစ်ကြိမ်၎င်း သုံးကြိမ်၎င်း လေးကြိမ်၎င်း အခါခပ်သိမ်း၎င်း ငါ့ကို ဖျက်ဆီးခဲ့၏၊ ငါသည် ထိုမျောက်၏ နှိပ်စက်ခြင်းကို ခံနေရသည်ဖြစ်၏။

၄၂။ သစ်ပင်စောင့်နတ်သည် နှိပ်စက်ခံနေရသော ငါ့ကို မြင်ရသော် ဤအလွန်ယုတ်မာသော မျောက်ကို ဦးချိုတို့ဖြင့်၎င်း ခွာတို့ဖြင့်၎င်း ဖျက်ဆီးလော့ဟု ငါ့အား ဤစကားကို ဆို၏။

၄၃။ ထိုအခါ ဤသို့ သစ်ပင်စောင့်နတ် ဆိုလတ်သော် ငါသည် ထိုသစ်ပင်စောင့်နတ်အား သင်သည် အကောင်ပုပ်နှင့်တူသော ယုတ်ညံ့သူတို့၏ အကျင့်ဖြစ်သော မကောင်းမှုဖြင့် အဘယ့်ကြောင့် ငါ့ကို လိမ်းကျံဘိသနည်းဟု ဤစကားကို ပြောဆို၏။

၄၄။ ငါသည် ထိုမျောက်အား အကယ်၍ အမျက်ထွက်ငြားအံ့၊ ထိုမျောက်အောက် အထူး ယုတ်ညံ့သူ ဖြစ်ရာ၏၊ ငါ၏ သီလသည်လည်း ပျက်စီးရာ၏၊ ပညာရှိတို့သည်လည်း ငါ့ကို ကဲ့ရဲ့ကုန်ရာ၏။

http://www.dhammadownload.com



၄၅။ ပညာရှိတို့ ကဲ့ရဲ့အပ်သော အသက်ရှင်ခြင်းထက်လည်း စင်ကြယ်သောသီလဖြင့် သေရခြင်းသည် ငါ့အား မြတ်၏၊ငါသည် အသက်ဟူသော အကြောင်းကြောင့်လည်း သူတပါးအား ညှဉ်းဆဲခြင်းကို အဘယ့်ကြောင့် ပြုရမည်နည်း။

၄၆။ ဤမျောက်သည် ငါကဲ့သို့ မှတ်ထင်၍ တခြားသော သူတို့ကို ဤသို့ ပြုမူလတ္တံ့၊ ထိုသူတို့သည်သာလျှင် ထိုမျောက်အား သတ်ကုန်လတ္တံ့၊ (သူတပါးကို) သတ်ခြင်းမှ ငါ့အား ထို လွတ်မြောက်ခြင်းသည် ဖြစ်လတ္တံ့။

၄၇။ ပညာရှိသောသူသည် အယုတ် အလတ် အမြတ်ဖြစ်သော သူတို့၏ မထီမဲ့မြင်ပြုခြင်းကို သည်းခံသည်ရှိသော် စိတ်ဖြင့် တောင့်တတိုင်းသော ဆုကို ဤသို့ တောင့်တသည့်အတိုင်း ရနိုင်၏။

ငါးခုမြောက် မဟိံသရာဇစရိယ 'ကျွဲမင်းအကျင့်' ပြီး၏။

---

## ၆-ရုရုရာဇစရိယ

### (ဆတ်မင်းအကျင့်)

၄၈။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် လော်ပြီး ဦးပြီးသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြတ်သောသီလ ကောင်းစွာထားအပ်သော စိတ်ရှိသော ရုရုမည်သော ဆတ်မင်းဖြစ်ခဲ့၏။

၄၉။ ငါသည် မွေ့လျော်ဖွယ် ကြည်နူးဖွယ်ကောင်းသော လူသူမရှိ တိတ်ဆိတ်သော သာယာသော ဂင်္ဂါမြစ်ကမ်း အရပ်၌ နေခြင်းသို့ ကပ်ရောက်ခဲ့၏။

၅၀။ ထိုအခါ ဂင်္ဂါမြစ်၏ အထက်၌ (နေသော) ယောကျ်ားသည် ကြွေး မြီရှင်တို့ နှိပ်စက်အပ်သည်ဖြစ်၍ ရှင်လိုလည်း ရှင်စေ၊ သေလိုလည်း သေစေဟု ဂင်္ဂါရေအယဉ်၌ ခုန်ချ၏။

၅၁။ ထိုယောကျ်ားသည် ဂင်္ဂါမြစ်၏ ပြင်းစွာသော ရေအယဉ်၌ ညဉ့်နေ့ပတ်လုံး မျောကာ သနားစဖွယ် အသံကို မြည်တမ်းလျက် ဂင်္ဂါမြစ်၏ အလယ်မှ မျောသွားလေ၏။

၅၂။ ငါသည် သနားစဖွယ် ငိုကြွေးသော ထိုယောကျ်ား၏ အသံကို ကြားရသော် ဂင်္ဂါမြစ်ကမ်း၌ ရပ်လျက် သင်သည် အဘယ်သူ ဖြစ်သနည်းဟု မေး၏။

၅၃။ ထိုအခါ ငါမေးအပ်သော ထိုယောကျ်ားသည် ကြွေးမြီရှင်တို့မှ ကြောက်ရွံ့ထိတ်လန့်၍ ငါသည် မြစ်ကြီးသို့ ပြေးဝင်၏ဟု မိမိအကြောင်းကို ဖြေကြားလေ၏။

၅၄။ ငါသည် ထိုသူအား သနားခြင်းကြောင့် ငါ့အသက်ကို စွန့်၍ ညဉ့်အမိုက်မှောင်၌ မြစ်သို့ သက်ဆင်းလျက် ထိုယောကျ်ားကို ထုတ်ဆောင်၏။

၅၅။ ငါသည် ထိုယောကျ်ား၏ သက်သာရာရသော အခါကိုသိ၍ သင့်ကို ဆုတခုတောင်းပါ၏၊ ငါ့ကို (ဤအရပ်၌ ငါနေ၏ဟု) တစုံတယောက်သော သူအား မပြောကြားပါလင့်ဟု ဤစကားကို ဆို၏။

http://www.dhammadownload.com



၅၆။ ထိုယောကျ်ားသည် မြို့သို့ ရောက်၍ မင်းက မေးမြန်းလတ်သော် ဥစ္စာဟူသော အကြောင်းကြောင့် ပြောကြား၏၊ ထိုယောကျ်ားသည် မင်းကို ခေါ်ဆောင်၍ ငါ၏ အထံသို့ လာ၏။

၅၇။ ငါသည် အကြင်မျှလောက်သော အကြောင်း အလုံးစုံကို မင်းအား လျှောက်ကြား အပ်၏၊ မင်းသည် ထိုမျှလောက်သော စကားအစုံကို ကြားရသော် ဤနေရာ၌ပင် မိတ်ဆွေကို ပြစ်မှားသော သူယုတ်မာကို သတ်အံ့ဟု ထိုယောကျ်ားအား ပစ်ရန် မြှားကို တင်၏။

၅၈။ ငါသည် ထိုယောကျ်ားကို စောင့်ရှောက်လို၍ မင်းကြီး ဤယောကျ်ားသည် တည်ရှိပါစေ၊ အကျွန်ုပ်သည် အသင်မင်းကြီး အလိုရှိတိုင်း အပြုခံပါအံ့ဟု မိမိ၏ ကိုယ်ဖြင့် ဖလှယ်လေ၏။

၅၉။ ထိုအခါ ငါသည် ငါ၏ သီလကို စောင့်ရှောက်ခဲ့၏၊ ငါ၏အသက်ကို မစောင့်ရှောက်ခဲ့ချေ၊ ထိုအခါ ငါသည် သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့် သာလျှင် သီလရှိသူ ဖြစ်ခဲ့၏။

ခြောက်ခုမြောက် ရုရုမိဂစရိယ'ဆတ်မင်းအကျင့်' ပြီး၏။

---

## ၇-မာတင်္ဂစရိယ

### (မာတင်္ဂရသေ့အကျင့်)

၆၀။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ထက်သော အကျင့်သီလရှိသော ကောင်းစွာတည်ကြည်သော အမည်အားဖြင့် မာတင်္ဂဟု ထင်ရှားသော ရသေ့ဖြစ်ခဲ့၏။

၆၁။ ထိုအခါ ငါသည်၎င်း (ဇာတိမန္တ)ပုဏ္ဏားတဦးသည်၎င်း ငါတို့နှစ်ဦးတို့သည် ဂင်္ဂါမြစ်ကမ်း၌ နေကြကုန်၏၊ ငါသည် ဂင်္ဂါမြစ်၏ အထက်၌ နေ၏၊ (ဇာတိမန္တ)ပုဏ္ဏားသည် ဂင်္ဂါမြစ်၏ အောက်၌ နေ၏။

၆၂။ ဇာတိမန္တပုဏ္ဏားသည် ကမ်းရိုးတလျှောက်၌ လှည့်လည်သောအခါ ဂင်္ဂါအထက်၌ ငါ၏ သခ်မ်းကျောင်းကို တွေ့မြင်၏၊ ထိုအခါ ငါ့ကို ရေရွတ်၍ ဦးထိပ်ကွဲအောင် ကျိန်ဆဲ၏။

၆၃။ ငါသည် ထိုပုဏ္ဏားအား အကယ်၍ အမျက်ထွက်ငြားအံ့၊ သီလကို အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ငါသည် ထိုပုဏ္ဏားအား ကြည့်ရှုရုံမျှဖြင့် ဖွဲပြာကဲ့သို့ ပြုနိုင်ရာ၏။

၆၄။ ထိုအခါ ထိုဇာတိမန္တပုဏ္ဏားသည် အမျက်ထွက်သည် စိတ်ဆိုးသည်ဖြစ်၍ ငါ့ကို ယင်းသို့ ကျိန်ဆဲ၏၊ ထိုကျိန်ဆဲခြင်းသည် ထိုဇာတိမန္တပုဏ္ဏား၏ ဦးထိပ်၌သာလျှင် ကျလတ္တံ့၊ ငါသည် ထိုကျရောက်မည့်ဘေးကို လှံ့လပယောဂဖြင့် လွတ်စေခဲ့၏။

၆၅။ ထိုအခါ ငါသည် ငါ၏ သီလကို စောင့်ရှောက်ခဲ့၏၊ ငါ၏ အသက်ကို မစောင့်ရှောက်ခဲ့ချေ၊ ထိုအခါ ငါသည် သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် သီလရှိသူ ဖြစ်ခဲ့၏။

ခုနစ်ခုမြောက် မာတင်္ဂစရိယ'မာတင်္ဂရသေ့အကျင့်' ပြီး၏။

http://www.dhammadownload.com



## ၈-ဓမ္မဒေဝပုတ္တစရိယ

### (ဓမ္မနတ်သားအကျင့်)

၆၆။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် များစွာသော အသင်းအပင်းရှိသော တန်ခိုးကြီးသော အလုံးစုံသော လောကကို စောင့်ရှောက်တတ်သော ဓမ္မမည်သော မြတ်သော နတ်ဖြစ်၏။

၆၇။ ထိုအခါ ငါသည် များစွာသော လူအပေါင်းကို ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကို ဆောက်တည်စေလျက် အဆွေခင်ပွန်းနှင့်တကွ အခြံအရံ ပရိသတ်နှင့်တကွ ရွာနိဂုံးသို့ လှည့်လည်၏။

၆၈။ ထိုအခါ ယုတ်မာ စဉ်းလဲသော (အဓမ္မ)နတ်သည် ရှိ၏၊ ထိုနတ်သည်လည်း ဤဇမ္ဗူဒိပ်ကျွန်း မြေအပြင်၌ အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကို ပြလျက် အဆွေခင်ပွန်း အခြံအရံပရိသတ်နှင့်တကွ လှည့်လည်၏။

၆၉။ ဓမ္မဝါဒီနတ်သည်၎င်း အဓမ္မနတ်သည်၎င်း ငါတို့နှစ်ဦးတို့သည် ဆန့်ကျင်ကုန်၏၊ ရထားဦးဖြင့် ရထားဦးကို ထိခိုက်ကုန်လျက် ငါတို့နှစ်ဦးတို့သည် ခရီးရင်ဆိုင် တွေ့ဆုံမိကုန်၏။

၇၀။ ထိုအခါ ကောင်းသော ဓမ္မနတ်နှင့် ယုတ်မာသော အဓမ္မနတ်အား ကြောက်မက်ဖွယ် ခိုက်ရန်ဖြစ်လေ၏၊ လမ်းခရီးမှ လွှဲဖယ်ခြင်းအကျိုးငှါ ကြီးစွာသော စစ်ထိုးခြင်းသည် ရှေးရှု ထင်လေ၏။

၇၁။ ငါသည် ထိုအဓမ္မနတ်အား အကယ်၍ အမျက်ထွက်ငြားအံ့၊ ခြိုးခြံသော အကျင့်ဂုဏ်ကို အကယ်၍ ဖျက်ဆီးငြားအံ့၊ ငါသည် ထိုအဓမ္မနတ်အား အခြံအရံပရိသတ်နှင့် တကွ မြူမှုန့်ဖြစ်အောင် ပြုနိုင်ရာ၏။

၇၂။ သို့သော်လည်း ငါသည် သီလစောင့်ရှောက်ခြင်းဖြင့် စိတ်ကို ငြိမ်းအေးစေ၍ မိမိ ပရိသတ်နှင့်တကွ လမ်းမှ သက်ဆင်း လွှဲဖယ်လျက် အဓမ္မနတ်အား လမ်းခရီးကို ပေးခဲ့၏။

၇၃။ ငါသည် စိတ်၏ ငြိမ်းအေးခြင်းကို ပြု၍ လမ်းခရီးမှ သက်ဆင်းသည်နှင့်တပြိုင်နက် ထိုခဏဝယ် မြေကြီးသည် အဓမ္မနတ်အား ဟင်းလင်းပေါက်ကို ပေးလေ၏။

**ရှစ်ခုမြောက် ဓမ္မဒေဝပုတ္တစရိယ'ဓမ္မနတ်သားအကျင့်' ပြီး၏။**

---

## ၉-အလီနသတ္တုစရိယ

### (အလီနသတ္တုမင်းသားအကျင့်)

၇၄။ (နောက်တမျိုးသော်ကား) ပဉ္စာလတိုင်းပြည်မြတ်ဖြစ်သော ကပိလမြို့တော်၌ သီလဂုဏ်နှင့် ပြည့်စုံသော ဇယဒ္ဒိသမည်သော မင်းသည် ရှိ၏။

၇၅။ ငါသည် ထိုမင်း၏ အလီနသတ္တုအမည်ရှိသော သားတော်ဖြစ်၍ အကြားအမြင် 'ဗဟုဿုတ'ရှိ၏၊ ကောင်းသောသီလရှိ၏၊ ဂုဏ်နှင့်ပြည့်စုံ၏၊ အခါခပ်သိမ်း ပရိသတ်ကို စောင့်ရှောက်တတ်၏။

http://www.dhammadownload.com



၇၆။ ငါ၏ ခမည်းတော် ဇယဒ္ဒိသမင်းသည် သမင်တောသို့သွား၍ လူသားစား စူဠပေါရိသာဒထံသို့ ချဉ်းကပ်လေ၏၊ ထိုစူဠပေါရိသာဒသည် ငါ၏ ခမည်းတော်ကို သင်သည် ငါ၏အစာ ဖြစ်၏၊ မလှုပ်လေလင့်ဟု ဖမ်းယူလေ၏။

၇၇။ ထိုပေါရိသာဒ၏ ထိုစကားကိုကြား၍ ကြောက်ရွံ့လျက် ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ ပေါရိသာဒကို တွေ့မြင်ခြင်းကြောင့် ထိုခမည်းတော်အား ပေါင်နှစ်ဖက်တို့၏ တင်းမာခြင်း သည် ဖြစ်လေ၏။

၇၈။ သမင်သားကို ယူ၍ ငါ့ကို လွှတ်ပါလော့ တဖန်ပြန်လာအံ့ဟု (ပေါရိသာဒကို) ဝန်ခံ ချက်ပြုကာ (နန်းတော်၌ တရားဟောသော နန္ဒမည်သော)ပုဏ္ဏားအား ဥစ္စာကိုပေးပြီးသော် ခမည်းတော်သည် ငါ့ကို ခေါ်၍ မိန့်ဆို၏—

၇၉။ ချစ်သား သင်သည် မင်းအဖြစ်ကို ပြုကျင့်လော့၊ ဤပြည်သူအပေါင်းကို မမေ့လျော့ လင့်၊ငါသည် ပေါရိသာဒနှင့် ငါ၏ တဖန် ပြန်လာခြင်းကို(ဝန်ခံချက်)ပြုခဲ့၏ဟု မိန့်ကြားလေ၏။

၈၀။ ထိုအခါ ငါသည် မယ်တော်ခမည်းတော်တို့ကို ရှိခိုး၍ မိမိကိုယ်ကို (ကိုယ်စား) ဖလှယ်ပြီးလျှင် (ပေါရိသာဒထံသို့ လာပြီးသော်)လေး သန်လျက်ကို ချထားလျက် ပေါရိသာဒ ထံသို့ ချဉ်းကပ်၏။

၈၁။ ထိုပေါရိသာဒသည် လက်၌ လက်နက်နှင့်တကွ ချဉ်းကပ်သော ငါ့ကို မြင်ရသော် အနည်းငယ် ထိတ်လန့်လတ္တံ့၊ ငါသည် သူတပါးတို့အား ထိတ်လန့်စေခြင်းကို ပြုခဲ့သော် ထိုပြုခြင်းကြောင့် သီလသည် ပျက်စီးလတ္တံ့။

၈၂။ ငါ၏ သီလကျိုးပျက်ခြင်းမှ ကြောက်ခြင်းကြောင့် ထိုပေါရိသာဒအား မချစ်မနှစ် သက်သော စကားကို မပြောဆိုခဲ့၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ အစီးအပွါးကို ဆိုလေ့ရှိသော ငါသည် ဤစကားကို ပြောဆိုခဲ့၏။

၈၃။ ဘကြီးတော် ကြီးစွာသောမီးကိုတောက်လောင်စေလော့၊ (အကျွန်ုပ်သည်)သစ်ပင်မှ ခုန်ချပါအံ့၊ ဘကြီးတော် ကောင်းစွာ ကျက်သော အခါကို သိ၍ အကျွန်ုပ်ကို စားပါလော့။

၈၄။ ဤသို့ သီလအကျင့်ဟူသော အကြောင်းကြောင့် ငါ၏အသက်ကို မစောင့်ရှောက်ခဲ့၊ ငါသည် ထိုပေါရိသာဒအား အခါခပ်သိမ်း ပါဏာတိပါတကံကို စွန့်စေလျက် ရဟန်းပြုစေခဲ့၏။

ကိုးခုမြောက် အလီနသတ္တုစရိယ 'အလီနသတ္တုမင်းသားအကျင့်' ပြီး၏။

---

## ၁၀-သခ်ပါလစရိယ

### (သခ်ပါလနဂါးမင်းအကျင့်)

၈၅။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် အစွယ်ဟူသော လက်နက်ရှိသော ပြင်းထန်သော အဆိပ်ရှိသော လျှာနှစ်ခုရှိသော နတ်နဂါးတို့ကို အစိုးရသော တန်ခိုးကြီး သော သခ်ပါလနဂါးမင်းဖြစ်၏။

http://www.dhammadownload.com



၇၆။ ထိုအခါ ငါသည် အမျိုးမျိုးသော လူတို့ဖြင့် ပြွမ်းသော လမ်းလေးခွဆုံ လမ်းမကြီး၌ အင်္ဂါလေးပါးတို့ကို အဓိဋ္ဌာန်လျက် ဥပုသ်သုံး၍ နေခြင်းကိုပြု၏။

၇၇။ အကြင်သူသည် အရေပါး အရေထူဖြင့်ရင်း အသားဖြင့်ရင်း အကြောဖြင့်ရင်း အရိုးတို့ဖြင့်ရင်း ဤအင်္ဂါတို့ဖြင့် ပြုဖွယ်ကိစ္စရှိ၏၊ ထိုသူသည် ယူဆောင်ပါစေ၊ ငါပေးလှူသည်သာတည်း(ဟု ဆောက်တည်၍ နေခြင်းကိုပြု၏)။

၇၈။ ထိုအခါ ကြမ်းတမ်းသော ကိုယ်နှုတ်ရှိကုန်သော ကြမ်းတမ်းသော စိတ်ရှိကုန်သော သနားခြင်း ကရုဏာ ကင်းမဲ့ကုန်သော(တကျိပ်ခြောက်ယောက်သော)မှုဆိုးသားတို့သည် ငါ့ကို တွေ့မြင်ကုန်၏၊ ထိုတွေ့မြင်ရာအရပ်၌ တုတ် လှံတံ ဆောက်ပုတ် လက်စွဲကုန်လျက် ငါ့ထံသို့ ချဉ်းကပ်လာကုန်၏။

၇၉။ မှုဆိုးသားတို့သည် ငါ၏ နှာခေါင်း အမြီး ကျောဆစ်ရိုး၌ ထိုးဖောက်၍ ဆိုင်းထမ်းပိုး၌ လျှိုပြီးလျှင် ငါ့ကို ဆောင်ကြလေကုန်၏။

၈၀။ ထိုစဉ်အခါ၌ ငါသည် အလိုရှိခဲ့သော် သမုဒ္ဒရာအဆုံးနှင့်တကွ တောနှင့်တကွ တောင်နှင့်တကွသော မြေကြီးကို နှာခေါင်းလေဖြင့် လောင်ကျွမ်းစေနိုင်၏။

၈၁။ သို့သော်လည်း ငါသည် တံကျင်တို့ဖြင့် ထိုးဖောက်ကုန်သော လှံတံတို့ဖြင့်လည်း ထိုးဆွကုန်သော မှုဆိုးသားတို့ကို အမျက်မထွက်၊ ဤသို့ အမျက်မထွက်ခြင်းသည် ငါ၏သီလပရမတ္ထပါရမီတည်း။

ဆယ်ခုမြောက် သင်္ခပါလစရိယ ‘သင်္ခပါလနဂါးမင်းအကျင့်’ ပြီး၏။

**နှစ်ခုမြောက် ဟတ္ထိနာဂဝဂ် ပြီး၏။**

# သီလပါရမီအကျယ်ညွှန်းပြခြင်း ပြီး၏။

http://www.dhammadownload.com

# ၃-ယုဓဉ္စယဝဂ်

## ၁-ယုဓဉ္စယစရိယ

### (ယုဓဉ္စယမင်းသားအကျင့်)

၁။ အကြင်အခါ ငါသည် မနှိုင်းယှဉ်နိုင်သော အခြံအရံအကျော်အစောရှိသော ယုဓဉ္စယ မင်းသားဖြစ်၏၊ ထိုအခါ နေပူရှိန်ကြောင့် ပျက်ကျသော ဆီးနှင်းပေါက်ကို မြင်၍ ထိတ်လန့် သံဝေဂရခဲ့၏။

၂။ ငါသည် ထိုဆီးနှင်းပေါက် ပျက်ခြင်းကိုပင်လျှင် အဓိပတိ ပစ္စည်းတပ်၍ ထိတ်လန့်ခြင်း သံဝေဂကို အကြိမ်ကြိမ် ပွါးများခဲ့၏၊ မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍လည်း ရဟန်းအဖြစ် ကို တောင်းပန်ခဲ့၏။

၃။ ထိုအခါ နိဂုံးသူနှင့်တကွ နိုင်ငံသူနှင့်တကွသော လူတို့သည် လက်အုပ်ချီကုန်လျက် ငါ့ကို တောင်းပန်ကြကုန်၏၊ ခမည်းတော်သည်လည်း ချစ်သား ယနေ့ပင် ကြွယ်ဝစည်ကားသော မြေအပြင်၌ မင်းအဖြစ်ကို ပြုကျင့်လော့ ဟု တောင်းပန်၏။

၄။ ငါသည် မင်းနှင့်တကွ မိဖုရားမောင်းမနှင့်တကွ နိဂုံးသူနှင့်တကွ နိုင်ငံသူနှင့်တကွသော လူများအပေါင်းသည် သနားဖွယ် ငိုကြွေးကုန်စဉ် ငဲ့ကွက်ခြင်း မရှိပဲသာလျှင် စွန့်လွှတ်ခဲ့၏။

၅။ ငါသည် အလုံးစုံသော မြေအပြင်ကိုလည်း မင်းအဖြစ်ကိုလည်း ဆွေမျိုး အလုပ်အကျွေး အခြံအရံကိုလည်း စွန့်သည်ရှိသော် သမ္မာသမ္ဗောဓိဉာဏ်၏ အကြောင်းကြောင့်သာလျှင် တစုံ တခုကိုမျှ မကြံစည် မစိုးရိမ်ခဲ့ပေ။

၆။ ငါသည် မယ်တော် ခမည်းတော်တို့ကို မချစ်မနှစ်သက်သည်မဟုတ်၊ များစွာသော အခြံ အရံကိုလည်း မချစ်မနှစ်သက်သည်မဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် မင်းအဖြစ်ကို စွန့်လွှတ်ခဲ့၏။

ရှေးဦးစွာသော ယုဓဉ္စယစရိယ 'ယုဓဉ္စယမင်းသားအကျင့်' ပြီး၏။

---

## ၂-သောမနဿစရိယ

### (သောမနဿမင်းသားအကျင့်)

၇။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ဣန္ဒပတ္ထမြို့တော်၌ မြတ်နိုးအပ် ကြင်နာ အပ်သော သောမနဿဟု ကျော်စောထင်ရှားသော မင်းသားဖြစ်၏။

၈။ သီလရှိ၏၊ ဂုဏ်နှင့် ပြည့်စုံ၏၊ ကောင်းသောပဋိဘာန် ဉာဏ်ရှိ၏၊ ကြီးသောသူတို့အား ရိုသေလေးမြတ်လေ့ရှိ၏၊ အရှက် ဟိရီ ရှိ၏၊ သင်္ဂဟတရားတို့၌လည်း လိမ္မာ၏။

http://www.dhammadownload.com



၉။ ထိုမင်းအား အကျွမ်းဝင်သော ပလ္လား ဝါကြွားတတ်သော ရသေ့တည်း ရှိလေ၏၊ ထိုရသေ့သည် ပန်းသစ်သီး အရံကိုင်း ပန်းပင်ယယ်ကိုင်း စိုက်ပျိုး၍ အသက်မွေး၏။

၁၀။ ငါသည် ဆန်မရှိသော ဖွဲ့အစုနှင့်သာတူသော အတွင်း၌ အခေါင်းရှိသည့် သစ်ပင်နှင့် တူသော အနှစ်မရှိသော ငှက်ပျောပင်နှင့်တူသော ထိုပလ္လား ဝါကြွားတတ်သော ရသေ့ကို တွေ့မြင်ရသော်—

၁၁။ ဤရသေ့အား သူတော်ကောင်း တရားသည် မရှိ၊ ဤရသေ့သည် ရဟန်းဂုဏ်မှကင်း၏၊ အသကမွေးမှုဟူသော အကြောင်းကြောင့် အရှက်တည်းဟူသော ဖြူစင်သော တရားကို စွန့်ပစ်၏ဟု ကြံစည်၏။

၁၂။ ထိုအခါ တောအုပ်၌ ခိုးသူ တိုင်းကြပ်သား နယ်ခြားစောင့်တို့သည် ပြည်စွန်ရွာနားကို လုယက်ဖျက်ဆီးလေ၏၊ ခမည်းတော်သည် ထိုအရေးကို တားမြစ်ရန် သွားသည်ရှိသော် ငါ့ကို သွန်သင် မှာထားခဲ့၏။

၁၃။ ချစ်သား သင်သည် ထက်မြက်သော အကျင့်ရှိသော ရသေ့ကို မမေ့မလျော့လင့်၊ အလိုရှိရာကို ဖြစ်စေလော့၊ ထိုရသေ့သည် အလုံးစုံသော အလိုကို ပေးတတ်၏ဟု (သွန်သင် မှာထားခဲ့၏)။

၁၄။ ငါသည် ထိုရသေ့ထံသို့ ခစားခြင်းငှါ သွား၍ သူကြွယ် အသို့နည်း၊ သင့်အား အနာမရှိ သည် ဖြစ်ပါ၏လော၊ သင့်အား အဘယ်ဝတ္ထုကို ဆောင်စေလိုသနည်း ဟု ဤစကားကို ဆို၏။

၁၅။ မာနကို မှီသော ပလ္လားတတ်သော ထိုရသေ့သည် ထိုအကြောင်းကြောင့် ငါ့အား အမျက်ထွက်လေ၏၊ အမျက်ထွက်၍ ယနေ့သင့်ကို သတ်စေအံ့၊ သို့မဟုတ် နိုင်ငံမှမူလည်း နှင် ထုတ်စေအံ့ဟု ပြောဆိုလေ၏။

၁၆။ ခမည်းတော်မင်းကြီးသည် တိုင်းစွန် ပြည်နားကို တားမြစ် အောင်မြင်ပြီးသော် ပလ္လား ဝါကြွားတတ်သော ရသေ့ကို အရှင် အသို့ပါနည်း၊ အရှင့်အား ခန့်ကျန်းပါ၏လော၊ အရှင့် အား မြတ်နိုးခြင်းကို ဖြစ်စေပါသလော ဟု ဆို၏။

၁၇။ ယုတ်မာသော ရသေ့သည် မင်းသားကို သတ်စေနိုင်လောက်သည့် စကားတို့ဖြင့် ထိုမင်းကြီးအား ပြောကြားလေ၏၊ ထိုရသေ့၏ ထိုစကားကို ကြား၍ မြေအပြင်ကို အစိုးရ သောမင်းကြီးသည် စေခိုင်း၏။

၁၈။ ထိုနေရာ၌ပင်လျှင် ထိုမင်းသား၏ ဦးခေါင်းကို ဖြတ်၍ ကိုယ်ကို လေးပိုင်းပြုလျက် လမ်းခရီးတခုမှ လမ်းခရီးတခုသို့ ဆောင်ယူပြကြကုန်၊ ထိုသို့ ဖြစ်ခြင်းသည် ရသေ့ကို ရှုတ်ချ ခြင်းကြောင့်တည်း (ဟု စေခိုင်းလေ၏)။

၁၉။ ထိုအခါ သနားခြင်း ကရုဏာကင်းမဲ့ကုန်သော ကြမ်းတမ်းခက်ထန်ကုန်သော သူသတ် သမားတို့သည် လာကြကုန်၍ ငါသည် အမိရင်ခွင်၌ ထိုင်နေစဉ် ငါ့ကို ဆွဲငင်၍ ဆောင်ကြကုန်၏။

၂၀။ ငါသည် မြဲမြံစွာ နှောင်ကြိုးဖွဲ့ချည်ကုန်သော ထိုသူသတ်သမားတို့အား ငါ့ကို လျင်မြန် စွာ မင်းအား ပြကြကုန်ဦးလော့၊ ငါ့အား မင်းမှု ကိစ္စတို့သည် ရှိကုန်၏ဟု ဤသို့ ပြောဆို၏။

http://www.dhammadownload.com



၂၁။ ထိုသူသတ်သမားတို့သည် ယုတ်မာသော ရသေ့ကို မှီဝဲသော ယုတ်မာသော မင်းအား ပြကြကုန်၏၊ ငါသည် ထိုမင်းကို မြင်သော် အကြောင်းစုံကို သိစေ၏၊ ငါ၏ အလိုသို့လိုက်စေရန်လည်း ဆောင်နိုင်ခဲ့၏။

၂၂။ ထိုအခါ ထိုမင်းသည် ငါ့ကို သည်းခံစေ၏၊ ငါ့အား မြတ်သောမင်းအဖြစ်ကို ပေး၏၊ ထိုငါသည် မောဟအမိုက်တိုက်ကို ဖျက်ဆီး၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။

၂၃။ ငါသည် မြတ်သောမင်းအဖြစ်ကို မနှစ်သက်သည်မဟုတ်၊ ကာမစည်းစိမ်ကို မနှစ်သက်သည်မဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် မင်းအဖြစ်ကို စွန့်လွှတ်ခဲ့၏။

**နှစ်ခုမြောက် သောမနဿစရိယ 'သောမနဿမင်းသားအကျင့်' ပြီး၏။**

---

## ၃-အယောဃရစရိယ

### (အယောဃရမင်းသားအကျင့်)

၂၄။ နောက်တမျိုးသော်ကား ငါသည် ကာသိမင်း၏ သားဖြစ်၍ သံအိမ်၌ ကြီးပွါးသောကြောင့် အမည်အားဖြင့် အယောဃရ အမည်ရှိ၏။

၂၅။ ငါသည် ဆင်းရဲသဖြင့် အသက်ရှင်ခြင်းကို ရအပ်၏၊ သံအိမ်ကျဉ်း၌ မွေးမြူရ၏၊ (တဆယ့်ခြောက်နှစ်မြောက်သောအခါ) ချစ်သား ယနေ့ပင်လျှင် တိုင်းနိုင်ငံနိဂုံးနှင့်တကွ လူနှင့်တကွ အလုံးစုံသော ဤမြေပြင်ကို မင်းပြု၍ ကျင့်လေလော့။

၂၆-၂၇။ ထိုသို့ ဆိုသောအခါ ငါသည် မင်းကို ရှိခိုး၍ လက်အုပ်ချီပြီးလျှင် မြေအပြင်၌ အယုတ် အမြတ် အလတ်ဖြစ်ကုန်သော သတ္တဝါအားလုံးတို့သည် အစောင့်အရှောက်မရှိကုန်ပဲ မိမိတို့အိမ်၌ ဆွေမျိုးတို့နှင့် တကွ ကြီးပွါးကြကုန်၏။

၂၈။ အကျွန်ုပ်သည် လနေအလင်းရောင်မရှိသော သံအိမ်၌ ကြီးပွါးရ၏၊ သံအိမ်ကျဉ်း၌ အကျွန်ုပ်အား ဤသို့ မွေးမြူရခြင်းသည် လောက၌ တဦးတယောက်နှင့်မျှ မတူချေ။

၂၉။ အကျွန်ုပ်သည် အကောင်ပုပ်တို့ဖြင့် ပြည့်သော မယ်တော်ဝမ်းမှ လွတ်သော် ထို့ထက်အလွန်ပြင်းထန်သော ဆင်းရဲလှသော သံအိမ်၌ တဖန် အထည့်ခံရ၏။

၃၀။ အကျွန်ုပ်သည် ထိုသို့သဘောရှိသော အလွန်ကြမ်းတမ်းသော ဆင်းရဲခြင်းသို့ ရောက်ပြီးလျက် မင်းအဖြစ်တို့၌ အကယ်၍ မွေ့လျော်ငြားအံ့၊ ယုတ်မာသူတို့ထက် အလွန်ယုတ်မာသူဖြစ်ရာ၏။

၃၁။ အကျွန်ုပ်သည် ကိုယ်၌ ငြီးငွေ့သူ ဖြစ်၏၊ မင်းအဖြစ်ဖြင့်လည်း အလိုမရှိသူ ဖြစ်၏၊ အကြင်နိဗ္ဗာန်အရပ်၌ သေမင်းသည် အကျွန်ုပ်ကို မနှိပ်စက်နိုင်ရာ၊ အကျွန်ုပ်သည် ထိုနိဗ္ဗာန်ကို ရှာဖွေပါအံ့ ဟု ဤစကားကို လျှောက်ဆို၏။

၃၂။ ငါသည် ဤသို့ ကြံစည်ပြီးသော် လူအပေါင်းတို့ ငိုကြွေးမြည်တမ်းစဉ် ဆင်ပြောင်ကြီးကဲ့သို့ အနှောင်အဖွဲ့ကို ဖြတ်၍ တောအုပ်သို့ ဝင်ခဲ့၏။

http://www.dhammadownload.com



၃၃။ ငါသည် မယ်တော်ခမည်းတော်တို့ကို မချစ်သည် မဟုတ်၊ ငါသည် များစွာသော အခြံအရံကိုလည်း မချစ်သည် မဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် မင်းအဖြစ်ကို စွန့်လွှတ်ခဲ့၏။

သုံးခုမြောက် အယောဃရစရိယ 'အယောဃရမင်းသားအကျင့်' ပြီး၏။

## ၄-ဘိသစရိယ

### (မဟာကဉ္စနသတို့သားအကျင့်)

၃၄။ နောက်တမျိုးသော်ကား ငါသည် ကာသိတိုင်း ဗာရာဏသီမြို့တော်၌ ဖြစ်၏၊ ထိုအခါ နှစ်မ(တယောက်)သည်၎င်း ညီနောင်ခုနစ်ယောက်တို့သည်၎င်း ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၏။

၃၅။ ဤညီအစ်ကို မောင်နှမတို့တွင် ငါသည် အစ်ကိုကြီး ဖြစ်၏၊ ဖြူစင်သော အရှက် တရားနှင့်ပြည့်စုံ၏၊ ငါသည် ဘဝကို ကြောက်ဖွယ် ဘေးအားဖြင့် ရှုမြင်၍ (ဘဝမှ)ထွက်မြောက်ရာ၌ အလွန်မွေ့လျော်၏။

၃၆။ အမိအဖတို့သည် စေခိုင်းအပ်ကုန်သည်ဖြစ်၍ စိတ်သဘောတူမျှကုန်သော မိတ်ဆွေတို့သည် အမျိုးဆက်ကို ဆောင်ပါလော့ ဟု ငါ့ကို ကာမတို့ဖြင့် ဖိတ်ကုန်၏။

၃၇။ ထိုမိတ်ဆွေတို့သည် လူ့အဖြစ်၌ ချမ်းသာကို ရွက်ဆောင်တတ်သော အကြောင်းစကားကို ဆို၏၊ ထိုစကားသည် ငါ့အား ရဲရဲပူလောင်သော သံထယ်သွားကဲ့သို့ ကြမ်းတမ်းသော စကားဖြစ်ခဲ့၏။

၃၈။ ထိုအခါ ထိုသူတို့သည် ပစ်ပယ်သော ငါ့ကို အဆွေ အကယ်၍ ကာမတို့ကို မသုံးဆောင်အံ့၊ အဘယ်အရာကို အဆွေသည် တောင့်တပါသနည်းဟု မေးကုန်၏။

၃၉။ အကျိုးကို အလိုရှိသော ငါသည် အစီးအပွါးတို့ ရှာဖွေကုန်သော ထိုမိတ်ဆွေတို့အား ငါသည် လူအဖြစ်ကို မတောင့်တ၊ ငါသည် ထွက်မြောက်ရာ၌ အလွန်ပျော်မွေ့၏ဟု ဤသို့ဆို၏။

၄၀။ ထိုသူတို့သည် ငါ့စကားကို ကြား၍ အမိအဖတို့အား ပြောကြားကုန်၏၊ ထိုအခါ အမိအဖတို့သည် အချင်းတို့ ငါတို့အားလုံးလည်း ရဟန်းပြုကုန်အံ့ဟု ဤသို့ ဆိုကုန်၏။

၄၁။ ငါ၏ အမိအဖနှစ်ဦးလုံးတို့သည်၎င်း နှစ်မတော်သည်၎င်း ညီနောင်ခုနစ်ယောက်တို့သည် ၎င်း မရေတွက်နိုင်သော ဥစ္စာကို စွန့်ကုန်၍ တောအုပ်ကြီးသို့ ဝင်ကုန်၏။

လေးခုမြောက် ဘိသစရိယ'မဟာကဉ္စနသတို့သားအကျင့်' ပြီး၏။

## ၅-သောဏပဏ္ဍိတစရိယ

### (သောဏပညာရှိအကျင့်)

၄၂။ နောက်တမျိုးသော်ကား ငါသည် အကြင်အခါ၌ ဗြဟ္မဝဍ္ဎနမြို့၌ ဖြစ်၏၊ ထိုမြို့ဝယ် ငါသည်(မဟာသာလ) များသော ဥစ္စာနှစ်ရှိသော မြတ်သော သူဌေးမျိုး၌ ဖြစ်ခဲ့၏။

http://www.dhammadownload.com



၄၃။ ထိုအခါ၌လည်း ငါသည် အမိုက်မှောင်ဖြင့် လွှမ်းမိုးသော အမိုက်တိုက် လောကကို ရှုမြင်ရသော် ငါ၏စိတ်သည် သံအသွားတပ်လှံတံဖြင့် နှိပ်စက်သကဲ့သို့ ဘဝမှ တွန့်ဆုတ်၏။

၄၄။ ထိုအခါ ငါသည် (အိမ်၌နေသူတို့၏) အမျိုးမျိုးသော ယုတ်မာမှုကို မြင်ရသော် ဘယ်အခါ ငါသည် အိမ်မှ ထွက်၍ တောသို့ ဝင်ရအံ့နည်း ဟု ဤသို့ ကြံစည်ခဲ့၏။

၄၅။ ထိုအခါ၌လည်း ဆွေမျိုးတို့သည် ငါ့ကို ကာမစည်းစိမ်တို့ဖြင့် ဖိတ်ကုန်၏၊ ထိုဆွေမျိုးတို့အားလည်း ငါ့ကို ထိုကာမစည်းစိမ်တို့ဖြင့် မဖိတ်ကုန်လင့် ဟု ငါ၏ဆန္ဒကို ပြောကြားခဲ့၏။

၄၆။ ငါ၏ နန္ဒမည်သော အကြင်ညီအငယ်သည် ပညာရှိသည်ဖြစ်၏၊ ထိုညီငယ်သည်လည်း ငါ့ကို အတုလိုက်ကာ ကျင့်သည်ဖြစ်၍ ရဟန်းအဖြစ်ကို နှစ်သက်ခဲ့၏။

၄၇။ ထိုအခါ၌လည်း သောဏမည်သောငါသည်၎င်း နန္ဒမည်သောညီသည်၎င်း ငါ၏ အမိ အဖနှစ်ဦးလုံးတို့သည်၎င်း စည်းစိမ်တို့ကို စွန့်၍ တောအုပ်ကြီးသို့ ဝင်ခဲ့ကုန်၏။

ငါးခုမြောက် သောဏပဏ္ဍိတစရိယ 'သောဏပညာရှိအကျင့်' ပြီး၏။

---

## ၆-တေမိယစရိယ

### (တေမိမင်းသားအကျင့်)

၄၈။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ကာသိမင်း၏ သားဖြစ်၏၊ အမည်အားဖြင့် ငါ့ကို "မူဂပက္ခ"ဟူ၍၎င်း "တေမိယ"ဟူ၍၎င်း ခေါ်ဆိုကြကုန်၏။

၄၉။ ထိုအခါ ကာသိမင်း၏ တသောင်းခြောက်ထောင်သော မောင်းမမိဿံတို့အား သားယောကျ်ားသည် မရှိ၊ နေ့ညဥ့်တို့ကုန်လွန်သောအခါ၌ ငါတယောက်တည်းသာ ဖြစ်ပေါ်လာ၏။

၅၀၊ ခမည်းတော်သည် ငြိုငြင်စွာ ရအပ်သော မြတ်သော ဇာတ်ရှိသော အရောင်အဆင်းကိုဆောင်သော သားချစ်ဖြစ်သော ငါ့ကို မြတ်သော အိပ်ရာ၌ ထီးဖြူကို ဆောင်းမိုး၍ မွေးမြူလေ၏။

၅၁။ ထိုအခါ မြတ်သော အိပ်ရာ၌ အိပ်သော ငါသည်(အိပ်ရာမှ) နိုးသည် ရှိသော် ထီးဖြူကို မြင်၏၊ ယင်း ထီးဖြူကို ဆောင်းရခြင်းတည်းဟူသော အကြောင်းကြောင့် ငါသည် ငရဲသို့ လားခဲ့ရဘူး၏။

၅၂။ ငါသည် ထီးဖြူကို မြင်သည်နှင့် တပြိုင်နက် ထိတ်လန့်ခြင်း ကြောက်ရွံ့ခြင်းသည် ဖြစ်လေ၏၊ ငါသည် အဘယ်သို့လျှင် ဤမင်းအိမ်မှ လွတ်မြောက်ရပါအံ့နည်းဟု စူးစမ်းဆင်ခြင်ခြင်းသို့ ရောက်၏။

၅၃။ ငါ၏ အကျိုးကို အလိုရှိသော ရှေးဘဝက အမိတော်ဘူးသော နတ်သမီးသည် ဆင်းရဲသို့ ရောက်နေသော ငါ့ကို မြင်ရသော် (အသူ ဆွံ့သူ နားပင်းသူဟု ဆိုအပ်သော) သုံးဌာနတို့၌ တိုက်တွန်းလေ၏။

၅၄။ သင်သည် လူအားလုံးတို့အား ပညာရှိသည်၏ အဖြစ်ကို ထင်ရှားမပြပါလင့်၊ သူမိုက်ဟု သိစေပါလော့၊ အလုံးစုံသော လူအပေါင်းက သင့်ကို မထီမဲ့မြင် အောက်မေ့စေလော့၊ ဤသို့ ပြုသော် သင့်အား အကျိုးဖြစ်လတ္တံ့။

http://www.dhammadownload.com



၅၅။ ဤသို့ ဆိုသော် ငါသည် ထိုနတ်သမီးအား ဤသို့ ပြောဆိုလေ၏၊ မိခင်နတ်သမီး သင်ဆိုသော စကားအတိုင်း ငါသည် လိုက်နာ ပြုကျင့်ပေအံ့၊ မိခင်နတ်သမီး သင်သည် ငါ၏ အကျိုးကို အလိုရှိသူဖြစ်ပါပေ၏၊မိခင်နတ်သမီး အသင်သည် အစီးအပွါးကို အလိုရှိသူ ဖြစ်၏။

၅၆။ ငါသည် ထိုနတ်သမီး၏ စကားကို ကြားရသော် သမုဒ္ဒရာ၌ ကြည်းကုန်းကို ရသကဲ့သို့ တက်ကြွ ရွှင်လန်းသော စိတ်ရှိသည် ဖြစ်၍ အင်္ဂါသုံးပါးတို့ကို ဆောက်တည်ခဲ့၏။

၅၇။ ငါသည် အ-သူ နားပင်းသူ သွားလာခြင်းမှ ကင်းသည့်ဆွံ့ သူ(မသွားနိုင်သူ) ဖြစ်ခဲ့၏၊ ဤအင်္ဂါတို့ကို ဆောက်တည်၍ တဆယ့်ခြောက်နှစ်တို့ပတ်လုံး နေခဲ့၏။

၅၈။ ထိုအခါ ငါ၏ လက်ခြေတို့ကိုရင်း လျှာကိုရင်း နားကိုရင်း ဆုပ်နယ်ကုန်လျက် ငါ၏ အင်္ဂါမချို့တဲ့သည်၏ အဖြစ်ကို မြင်ကြရသော် လူယုတ်ဟု ကဲ့ရဲ့ကြကုန်၏။

၅၉။ ထိုအခါ အလုံးစုံကုန်သော တိုင်းသားပြည်သူအားလုံးတို့သည်ရင်း စစ်သူကြီး ပုရောဟိတ်တို့သည်ရင်း အားလုံး တစိတ်တဝမ်းတည်း ဖြစ်ကုန်လျက် (ငါ့ကို) စွန့်ပစ်ရန် သဘော တူကြကုန်၏။

၆၀။ ငါသည် ထိုသူတို့၏ အလိုကို ကြားရသော် အကြင်အကျိုးငှါ ငါသည် အကျင့်ကို ကျင့်ခဲ့၏၊ ငါ့အား ထိုအကျိုးသည် ပြည့်စုံလေပြီဟု တက်ကြွ ရွှင်လန်းသောစိတ် ဖြစ်၏။

၆၁။ ထိုအခါ ငါ့ကို ရေချိုးစေ၍ နံ့သာပျောင်း လိမ်းကျံပြီးလျှင် မကိုဋ်ကို ဆောင်းစေလျက် ထီးဖြူဖြင့် ဘိသိက်သွန်းပြီးသော် မြို့ကို လက်ျာရစ် လှည့်သည်ကို ပြုစေကြကုန်၏။

၆၂။ ခုနစ်ရက်ပတ်လုံး ထီးဖြူဆောင်း၍ နေဝန်း တက်လတ်သော် ရထားထိန်းသည် ငါ့ကို ရထားဖြင့် ထုတ်ဆောင်လျက် တောသို့ ချဉ်းကပ်လေ၏။

၆၃။ ရထားထိန်းသည် ကြိုးလုံတံတို့ဖြင့် ဆင်ယင်အပ်သော သိန္ဓောမြင်း ကသောရထားကို လက်မှလွှတ်လျက် တနေရာ၌ ထားပြီးလျှင် (ငါ့ကို)မြေ၌ မြှုပ်ရန် တွင်းကို တူးလေ၏။

၆၄။ အဓိဋ္ဌာန် ဆောက်တည်ထားသောငါ့ကို ညှဉ်းပန်းမှုအမျိုးမျိုးတို့ဖြင့် ခြိမ်းချောက်သော်လည်း ငါသည် သဗ္ဗညုတဉာဏ်တည်းဟူသောအကြောင်းကြောင့်သာလျှင် ထိုအဓိဋ္ဌာန် ကို မဖျက်ခဲ့ပေ။

၆၅။ ငါသည် အမိ အဖတို့ကို မချစ်သည် မဟုတ်၊ ငါ၏ကိုယ်ကိုလည်း မချစ်သည် မဟုတ်၊ ငါသည် သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုး၏၊ ထို့ကြောင့် အ-ယောင် ဆွံ့ယောင် နားပင်းယောင် အကျင့်ကို ဆောက်တည်ခဲ့၏။

၆၆။ ဤ အင်္ဂါ သုံးချက်တို့ကို ဆောက်တည်၍ တဆယ့်ခြောက်နှစ်တို့ပတ်လုံး နေခဲ့၏၊ အဓိဋ္ဌာန်အားဖြင့် ငါနှင့် တူသောသူသည် မရှိချေ၊ ဤကား ငါ၏ အဓိဋ္ဌာန် ပါရမီတည်း။

ခြောက်ခုမြောက် တေမိယစရိယာ 'တေမိမင်းသားအကျင့်' ပြီး၏။

http://www.dhammadownload.com



## ၇-ကပိရာဇစရိယ

### (မျောက်မင်းအကျင့်)

၆၇။ အကြင်အခါ ငါသည် မြစ်ကမ်းအနီးတခုသောချောက်၌ မျောက်ဖြစ်ခဲ့၏၊ ထိုအခါ မိကျောင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ (တဖက်ကမ်းသို့)သွားခြင်းကို မရပေ။

၆၈။ ငါသည် အကြင် နေရာ၌ ရပ်တည်၍ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ခုန်၏၊ထို နေရာ၌ ညှဉ်းဆဲတတ်သော ကြမ်းတမ်းသည့် အမြင်ရှိသော ရန်သူ မိကျောင်းသည် နေ၏။

၆၉။ ထိုမိကျောင်းသည် ငါ့ကို လာလော့ဟု ဆို၏၊ငါသည်လည်း လာမည်ဟု ထိုမိကျောင်းကို ဆိုပြီးလျှင် ထိုမိကျောင်း၏ ဦးထိပ်ကို နင်း၍ ထိုမှာဘက်ကမ်း၌ တည်ခဲ့၏။

၇၀။ ငါသည် ထိုမိကျောင်းအား မမှန်စကားကို မဆို၊ ဆိုသော စကားအတိုင်းသာ ပြုခဲ့၏၊ သစ္စာအားဖြင့် ငါနှင့်တူသော သူသည် မရှိ၊ ဤကား ငါ၏ သစ္စာပါရမီတည်း။

ခုနစ်ခုမြောက် ကပိရာဇစရိယ'မျောက်မင်းအကျင့်' ပြီး၏။

---

## ၈-သစ္စတာပသစရိယ

### (သစ္စရသေ့အကျင့်)

၇၁။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် သစ္စအမည်ရှိသော ရသေ့ဖြစ်ခဲ့၏၊ ထိုအခါ သစ္စာစကားဖြင့် လောကကို စောင့်ရှောက်ခဲ့၏၊ လူအပေါင်းကို ညီညွတ်အောင် ပြုခဲ့၏။

ရှစ်ခုမြောက် သစ္စတာပသစရိယ'သစ္စရသေ့အကျင့်' ပြီး၏။

---

## ၉-ဝဋ္ဋပေါတကစရိယ

### (ငုံးငယ်အကျင့်)

၇၂။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် မဂဓတိုင်း၌ အတောင်မပေါက်သေးသော နုပျိုသောငုံးငယ်ဖြစ်ခဲ့၏၊ အသိုက်၌ သားတစ်သဖွယ် ဖြစ်နေသေး၏။

၇၃။ ထိုအခါ အမိသည် (အစာကို) နှုတ်သီးဖြင့်ဆောင်ယူ၍ ငါ့ကို မွေးမြူရ၏၊ ငါသည် ထိုအမိ၏ အတွေ့အထိဖြင့် အသက်ရှင်နေရ၏၊ ငါ့အား ကိုယ်၌ဖြစ်သောအားသည် မရှိပေ။

၇၄။ နှစ်၏ နွေလအခါဝယ် အမှိုက်ကို သုတ်သင်ရှင်းလင်းတတ်သော မီးသွေးပြာကို ဖြစ်စေတတ်သော တောမီးသည် လောင်လျက် ငါတို့၏ အနီးသို့ ကပ်ရောက်၏။

၇၅။ ကြီးသော မီးလျှံရှိသော ထိုတောမီးသည် ဓမ်ဓမ်ဟု အသံကိုပြုလျက် အစဉ်အတိုင်း လောင်ကျွမ်းကာ ငါ၏ အထံသို့ ကပ်ရောက်လာ၏။

http://www.dhammadownload.com



၇၆။ ငါ၏ အမိအဖတို့သည် လျှင်သောအဟုန်ဖြင့် လာသောမီးဘေးမှ ကြောက်ရွံ့ကုန် ထိတ်လန့်ကုန်သည်ဖြစ်၍ အသိုက်၌ ငါ့ကို စွန့်ပစ်ကုန်လျက် မိမိတို့ ကိုယ်ကို လွတ်စေကြကုန်၏။

၇၇။ ငါသည် ခြေတို့ကိုရင်း အတောင်တို့ကိုရင်း ဆန့်တန်း၏၊ ငါ့အား ကိုယ်၌ ဖြစ်သော အားသည် မရှိ၊ သွားခြင်းငှါ မစွမ်းနိုင်သော ငါသည် ထိုအသိုက်၌ ဤသို့ ကြံလေ၏—

၇၈။ ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်သော ငါသည် အကြင် မိဖတို့၏ အတောင်ကြားသို့ ဝင်ကပ်၍ လိုက်ပြေးလို၏၊ ထိုမိဖတို့သည် ငါ့ကို စွန့်ပစ်ကုန်လျက် ပျံသွားကြကုန်ပြီ၊ ယခု ငါသည် အဘယ်သို့ ပြုနိုင်အံ့နည်း။

၇၉။ လောက၌ သီလဂုဏ်သည်ရင်း သန့်စင်သော သစ္စာဂုဏ်သည်ရင်း ချစ်ခြင်း 'မေတ္တာ' သနားခြင်း 'ကရုဏာ' တို့သည်ရင်း ရှိကုန်၏၊ ငါသည် ထိုသစ္စာစကားဖြင့် မြတ်သော သစ္စာ ပြုမှုခြင်းကို ပြုအံ့။

၈၀။ ငါသည် မှန်သော တရား၊ စွမ်းအားကို ဆင်ခြင်ပြီးသော် ရှေး၌ ဖြစ်ကုန်သော မြတ်စွာ ဘုရားတို့ကို အောက်မေ့လျက် သစ္စာ စွမ်းအားကို မှီ၍ သစ္စာပြုမှုခြင်းကို ပြုခဲ့၏။

၈၁။ ငါ့အား အတောင်တို့သည် ရှိကုန်၏၊ မပျံနိုင်ကုန်၊ ခြေတို့သည် ရှိကုန်၏၊ မသွားနိုင်ကုန်၊ အမိ အဖတို့သည်လည်း ထွက်သွားကြကုန်ပြီ၊ အို-တောမီး နောက်သို့ ပြန်ဆုတ်ပါလော့။

၈၂။ ငါသည် သစ္စာကိုပြုသည်နှင့် တပြိုင်နက် ကြီးစွာ တောက်လောင်နေသော တောမီး သည် ရေသို့ ရောက်သော မီးကဲ့သို့ တဆယ့်ခြောက်ပယ်တိုင်အောင်သော အရပ်တို့ကို ကြဉ်ရှောင်၍ လောင်လေ၏၊ သစ္စာအားဖြင့် ငါနှင့် တူသော သူသည် မရှိချေ၊ ဤကား ငါ၏ သစ္စာပါရမီတည်း။

ကိုးခုမြောက် ဝဋ္ဋပေါတကစရိယ 'ငုံးငယ်အကျင့်' ပြီး၏။

---

## ၁၀-မစ္ဆရာဇစရိယ

### (ငါးမင်းအကျင့်)

၈၃။ နောက်တမျိုးသော်ကား၊ အကြင်အခါ ငါသည် ကြီးစွာသော ရေအိုင်၌ ငါးမင်း ဖြစ်၏၊ ထိုအခါ နွေဥတု၌ နေပူကြောင့် ရေအိုင်၌ ရေသည် ကုန်ခန်းလေ၏။

၈၄။ ထိုသို့ကုန်ခန်းသောကြောင့် ကျီးတို့သည်ရင်း လင်းတတို့သည်ရင်း ဝန်လိုင်ငှက်တို့သည် ရင်း စွန်ရဲတို့သည်ရင်း သိမ်းတို့သည်ရင်း ရှုံ့နှံ့အပြင်၌နေကြ၍ ငါးတို့ကို ထိုးသုတ်ပြီးလျှင် နေ့ညဉ့်တို့ပတ်လုံး စားကုန်၏။

၈၅။ ထိုအခါ ငါသည် ဆွေမျိုးတို့နှင့်တကွ အနှိပ်စက်ခံရ၍ အဘယ်မည်သော အကြောင်း ဖြင့် ဆွေမျိုးတို့ကို ဆင်းရဲဒုက္ခမှ လွတ်စေရအံ့နည်းဟု ဤသို့ ကြံစည်၏—

၈၆။ ကြံစည်ပြီးသော် မှန်ကန်သော တရားသဘောဖြစ်သောသစ္စာကို ငါ၏ရင်း ဆွေမျိုး တို့၏ရင်း မှီရာဟု မြင်ခဲ့၏၊ ငါသည် သစ္စာ၌ တည်၍ ဆွေမျိုးတို့၏ ထိုကြီးစွာသော ပျက်စီး ခြင်းကို လွတ်စေခဲ့၏။

http://www.dhammadownload.com



၈၇။ ငါသည် သူတော်ကောင်းတို့၏ မှန်ကန်သော သဘောတရားကို အောက်မေ့ ကြံစည်ပြီးသော် လောက၌ အကြင်သစ္စာစကားသည် မချွတ်မြဲ၏၊ ထိုသစ္စာပြုမှုခြင်းကို ပြုခဲ့၏။

၈၈။ ငါသည် အကြင်အခါမှစ၍ မိမိကိုယ်ကို အောက်မေ့နိုင်၏၊ အကြင်အခါမှစ၍ သိကြားလိမ္မာသူ၏အဖြစ်သို့ ရောက်၏၊ ထိုအခါမှစ၍ စေတနာရှိလျက် တဦးသော သတ္တဝါကိုမျှလည်း ညှဉ်းဆဲခဲ့ဘူးသည်ကို မသိစဘူးပေ။

၈၉။ ဤသစ္စာစကားကြောင့် မိုးသည် ရွာသွန်းပါစေသတည်း၊ မိုးနတ်သား ထစ်ချုန်း၍ ရွာသွန်းပါလေ့၊ ကျီးအပေါင်း၏ ဥစ္စာအိုးကို (မိုးရွာခြင်းဖြင့်) ဖျက်ဆီးပါလေ့၊ ကျီးအပေါင်းကို စိုးရိမ်ခြင်းဖြင့် ကိုယ်တွင်းလောင်လျက် ကျက်စေပါလေ့၊ ငါးတို့ကို စိုးရိမ်ခြင်းမှ လွတ်စေပါလေ့။

၉၀။ သစ္စာမြတ်ကို ပြုသည်နှင့် တပြိုင်နက် မိုးနတ်သားသည် ထစ်ချုန်း၍ ခဏချင်းဖြင့် ကုန်းကိုင်း ချိုင့်ဝှမ်းရာအရပ်ကိုင်း ပြည့်စေလျက် ရွာသွန်း၏။

၉၁။ ငါသည် ဤသို့သဘောရှိသော မြတ်သော ဝီရိယနှင့် ယှဉ်သော သစ္စာမြတ်ကို ပြု၍ သစ္စာတန်ခိုးစွမ်းအားကို မှီလျက် မိုးကြီးကို ရွာစေခဲ့၏၊ သစ္စာအားဖြင့် ငါနှင့် တူသော သူသည် မရှိချေ၊ ဤကား ငါ၏ သစ္စာပါရမီတည်း။

ဆယ်ခုမြောက် မစ္ဆရာဇစရိယ 'ငါးမင်းအကျင့်' ပြီး၏။

---

## ၁၁-ကဏှာဒီပါယနစရိယ

### (ကဏှာဒီပါယနရသေ့အကျင့်)

၉၂။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ကဏှာဒီပါယန ရသေ့ဖြစ်ခဲ့၏၊ ထိုအခါ အနှစ်ငါးဆယ်ကျော်တို့ပတ်လုံး မပျော်မွေ့ပဲ (ရသေ့အကျင့်၌) ကျင့်ခဲ့၏။

၉၃။ တစုံတယောက်သောသူသည် ငါ၏ ဤမပျော်မွေ့သော စိတ်ကို မသိချေ၊ ငါသည် လည်း တစုံတယောက်သောသူအား ငါ၏စိတ်၌ မပျော်မွေ့ပဲ ကျင့်နေရ၏ဟု မပြောကြားခဲ့ပေ။

၉၄။ ငါနှင့် တရားကျင့်ဘက် အဖော်ဖြစ်သော မဏ္ဍဗျရသေ့ကြီးသည် ရှေးကံနှင့် ယှဉ်သည်ဖြစ်၍ တံကျင်လျှိုခြင်းကို ခံရ၏။

၉၅။ ငါသည် ထိုရသေ့ကို လုပ်ကျွေး၍ ရောဂါမရှိသည်၏ အဖြစ်သို့ ရောက်စေခဲ့၏၊ ထိုရသေ့ကို ပန်ကြားပြီးလျှင် ငါသည် မိမိနေရာဖြစ်သော သင်္ခမ်းကျောင်းသို့ လာခဲ့၏။

၉၆။ ငါ၏ အဆွေပုဏ္ဏားသည် ဇနီးနှင့် (ယညဒတ်မည်သော)သားငယ်ကို ခေါ်လျက် သုံးယောက်သားတို့သည် အညီအညွတ်တိုင်ပင်ကုန်၍ ခရီးသွား ဧည့်သည်အဖြစ်ဖြင့် လာကြကုန်၏။

၉၇။ ငါသည် ထိုသူတို့နှင့် အတူ မိမိသင်္ခမ်းကျောင်း၌ ဝမ်းမြောက်ဝမ်းသာ နေစဉ် သူငယ်သည် ကျင်လုံးကို မြှောက်ကစား၍ လျင်သော အဆိပ်ရှိသော မြွေကို ထိခိုက်စေမိ၏။

http://www.dhammadownload.com



၉၈။ ထိုအခါ ထိုသူငယ်သည် ကျင်လုံးသွားသော လမ်းကို ရှာဖွေသော် လျှင်သော အဆိပ်ရှိသော မြွေ၏ဦးခေါင်းကို လက်ဖြင့် သုံးသပ်မိ၏။

၉၉။ ထိုမြွေကို သုံးသပ်မိသောကြောင့် အဆိပ်စွမ်းအားကိုမှီ၍ အမျက်ထွက်တတ်သော မြွေသည် လွန်ကဲစွာ အမျက်ထွက်ခြင်းဖြင့် အမျက်ထွက်သည်ဖြစ်၍ ချက်ချင်း သူငယ်ကို ကိုက်လေ၏။

၁၀၀။ လျှင်သော အဆိပ်ရှိသော မြွေကိုက်သည်နှင့် တပြိုင်နက် သူငယ်သည် မြေ၌ လည်းကျခဲ့၏၊ ထို့ကြောင့် ငါသည် စိတ်ဆင်းရဲခြင်းဖြစ်ခဲ့ရ၏၊ ထို(မိဖနှစ်ဦးနှင့် သူငယ် သုံးယောက်သားတို့၏)ဆင်းရဲကို ငါ့ကိုယ်၌ဖြစ်သကဲ့သို့ ရွက်ဆောင်၏။

၁၀၁။ ငါသည် သောကကြောင့်စူးဝင်ကုန်လျက် စိတ်ဆင်းရဲကုန်သော ထိုသူတို့ကို သက်သာ စေလို၍ အလွန်မြင့်မြတ်သော သစ္စာပြုမှုခြင်းကို ရှေးဦးစွာ ပြုခဲ့၏။

၁၀၂-၁၀၃။ ငါသည် ခုနစ်ရက်မျှသာလျှင် ကုသိုလ်ကို အလိုရှိသည် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်ခဲ့၏၊ ထိုမှ နောက်၌ အနှစ်ငါးဆယ်ကျော်တို့ ပတ်လုံး အကြင်အကျင့်ကို ကျင့်ခဲ့၏၊ ဤအကျင့်ကို ငါသည် အလိုမရှိပဲသာလျှင် ကျင့်ခဲ့၏၊ ထိုသစ္စာ ကြောင့် ယညဒတ္တသည် ချမ်းသာခြင်း ဖြစ်ပါစေသတည်း၊ အဆိပ်သည် ပျောက်ပါစေ သတည်း၊ အသက်ရှည်ပါစေသတည်း ဟု (သစ္စာပြုခဲ့၏)။

၁၀၄။ ငါသည် သစ္စာကို ပြုသည်နှင့် တပြိုင်နက် အဆိပ်အဟုန်ဖြင့် (မိန်းမောတွေဝေ၍) တုန်လှုပ်နေသော သူငယ်သည် တွေဝေခြင်းကင်း၍ ထလေ၏၊ ရောဂါမရှိသည်လည်း ဖြစ်လေ ၏၊ သစ္စာအားဖြင့် ငါနှင့်တူသော သူသည် မရှိချေ၊ ဤကား ငါ၏ သစ္စာပါရမီတည်း။

တဆယ့်တခုမြောက် ကဏှဒီပါယနစရိယ 'ကဏှဒီပါယနရသေ့အကျင့်' ပြီး၏။

---

## ၁၂-သုတသောမစရိယ

### (သုတသောမမင်းအကျင့်)

၁၀၅။ နောက်တမျိုးသော်ကား အကြင်အခါ၌ ငါသည် သုတသောမမည်သော မြေကြီး ကိုအစိုးရသော မင်းဖြစ်ခဲ့၏၊ထိုအခါ ပေါရိသာဒ၏ ဖမ်းယူခြင်းကို ခံရသည်ဖြစ်၍ နန္ဒပုဏ္ဏား အထံ၌ မိမိ၏ ချိန်းချက်ခြင်းကို အောက်မေ့၏။

၁၀၆။ ပေါရိသာဒသည် တရာ့တပါးသော မင်းတို့၏ လက်ဝါးပြင်၌ ကြိုးဖြင့်သီကုံး၍ ထိုမင်းတို့အား နွမ်းနယ်စေပြီးသော် ငါ့ကိုလည်း ယဇ်ပူဇော်ရာသို့ ဆောင်လေ၏။

၁၀၇။ ပေါရိသာဒသည် ငါ့ကို- အသို့နည်း၊ သင်သည် လွတ်ခြင်းကို အလိုရှိသလော၊ အကယ်၍ သင်သည် ငါ့အထံသို့ တဖန်လာအံ့၊ သင့်အလိုအတိုင်း ပြုအံ့ဟု မေး၏။

၁၀၈။ ထိုအခါ ငါသည် ထိုပေါရိသာဒအား ငါ၏ တဖန်ပြန်လာခြင်းကို ဝန်ခံခဲ့၍ မွေ့လျော် ဖွယ် (ဣန္ဒပတ္တ) မြို့သို့ သွားရောက်ပြီးလျှင် (မယ်တော် ခမည်းတော်တို့အား) မင်းအဖြစ်ကို အပ်နှင်းခဲ့၏။

http://www.dhammadownload.com



၁၀၉။ ငါသည် ပုဏ္ဏားအား ဥစ္စာကိုပေးပြီးသော် ရေး၌ ဖြစ်သော မြတ်စွာဘုရားတို့သည် မှီဝဲအပ်သော သူတော်ကောင်းတို့၏ သဘောတရားကို အောက်မေ့၍ ပေါရိသာဒထံသို့ ပြန်ခဲ့၏။

၁၁၀။ ထိုအခါ သတ်လတ္တံ့ဟုရင်း မသတ်လတ္တံ့ဟုရင်း ငါ့အား ယုံမှားသံသယသည် မရှိ၊ ငါသည် သစ္စာစကားကို စောင့်စည်းလျက် အသက်ကို စွန့်ရန်ပြန်ခဲ့၏၊ သစ္စာအားဖြင့် ငါနှင့်တူသောသူသည် မရှိချေ၊ ဤကား ငါ၏ သစ္စာပါရမီတည်း။

**တဆယ့်နှစ်ခုမြောက် သုတသောမစရိယ 'သုတသောမမင်းအကျင့်' ပြီး၏။**

---

## ၁၃-သုဝဏ္ဏသာမစရိယ

**(သုဝဏ္ဏသာမသတို့သား အကျင့်)**

၁၁၁။ အကြင်အခါ ငါသည် တော၌ သိကြားမင်းဖန်ဆင်းအပ်သော သာမမည်သော ရသေ့ပျိုဖြစ်ခဲ့၏၊ထိုအခါ တောအုပ်၌ ခြသေ့်ကျားတို့ကိုသော်လည်း မေတ္တာဖြင့် ကပ်ညွတ်စေနိုင်၏။

၁၁၂။ ငါသည် တော၌ ခြသေ့်ကျားတို့ဖြင့်ရင်း သစ်တို့ဖြင့်ရင်း ဝံတို့ဖြင့်ရင်း ကျဲတို့ဖြင့်ရင်း ချေ စိုင် ဆတ် သမင် တောဝက်တို့ဖြင့်ရင်း ခြံရံလျက် နေ၏။

၁၁၃။ ထိုအခါ တစုံတဦးသောသတ္တဝါသည် ငါ့ကို မလန့်၊ ငါသည်လည်း တစုံတဦးသော သတ္တဝါအား မကြောက်၊ ငါသည် မေတ္တာစွမ်းအား အထောက်အပံ့ရလျက် တောအုပ်၌ ပျော်မွေ့၏။

**တဆယ့်သုံးခုမြောက် သုဝဏ္ဏသာမစရိယ 'သုဝဏ္ဏသာမသတို့သားအကျင့်' ပြီး၏။**

---

## ၁၄-ကေရာဇစရိယ

**(ကေရာဇမင်းအကျင့်)**

၁၁၄။ နောက်တမျိုးသော်ကား အကြင်အခါ ငါသည် ကေရာဇာဟု ထင်ရှားကျော်စောသော မင်းဖြစ်ခဲ့၏၊ ထိုအခါ မြတ်သောသီလကို ဆောက်တည်၍ ကာသိတိုင်းသူအပေါင်းကို ဆုံးမခဲ့၏။

၁၁၅။ ငါသည် ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကို အကြွင်းမဲ့ ကျင့်သုံးခဲ့၏၊ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် လူများအပေါင်းကို ချီးမြှောက်ခဲ့၏။

၁၁၆။ ဒဗ္ဗသေနမင်းသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ဤသို့ မမေ့လျော့ ကျင့်သော ငါ့ထံသို့ ချဉ်းကပ်လာ၍ ငါ၏ မြို့ကို လုယက်လျက်——

http://www.dhammadownload.com



၁၁၇။ ဗိုလ်ပါတိုင်းသားတို့နှင့် တကွကုန်သော မင်းကိုမှီ၍ အသက်မွေးကုန်သော အမတ်စသော သူတို့ကိုရင်း နိဂုံးသားတို့ကိုရင်း အားလုံးလက်သို့ရောက်အောင်ပြုပြီးလျှင် ငါ့ကိုတွင်း၌ မြှုပ်လေ၏။

၁၁၈။ အမတ်အပေါင်းတို့ဖြင့်ပြည့်သော ငါ၏ စည်ကားသော နန်းတော်တည်းဟူသော မင်းစည်းစိမ်ကို လုယက်၍ယူသောမင်းအား ငါသည် ချစ်လှစွာသောသားကဲ့သို့ ရှုကြည့်၏၊ မေတ္တာအားဖြင့် ငါနှင့်တူသောသူသည် မရှိချေ၊ ဤကား ငါ၏ မေတ္တာပါရမီတည်း။

တဆယ့်လေးခုမြောက် ကေရုဇစရိယ 'ကေရုဇမင်းအကျင့်' ပြီး၏။

## ၁၅-မဟာလောမဟံသစရိယ

### (မဟာလောမဟံသရသေ့အကျင့်)

၁၁၉။ ငါသည် သုသာန်၌ သူသေကောင် အရိုးကို ခေါင်းအုံး၍ အိပ်ခြင်းကို ပြု၏၊ ထိုအခါ ရွာသူသားငယ်တို့သည် ငါ့ထံသို့ ကပ်ရောက်၍ အမျိုးမျိုးသော များစွာသော ရုပ်ပုံကို လုပ်၍ ပြကြကုန်၏။

၁၂၀။ တပါးသောသူငယ်တို့သည် ရွှင်လန်းတက်ကြွသော စိတ်ရှိကုန်၍ နံ့သာပန်းကိုရင်း အမျိုးမျိုးများပြားသော ဘောဇဉ်လက်ဆောင်တို့ကိုရင်း ပို့ဆောင်ကြကုန်၏။

၁၂၁။ အကြင်သူငယ်တို့သည် ငါ့အား ဆင်းရဲဒုက္ခကို ဖြစ်စေကုန်၏၊ အကြင်သူငယ်တို့သည်ကား ငါ့အား ချမ်းသာသုခကို ပေးကုန်၏၊ ငါသည် သူငယ်အားလုံးတို့အား တူမျှသောစိတ်ရှိသည်ဖြစ်၏၊ ငါ့အား ချစ်ခြင်းမုန်းခြင်းသည် မရှိချေ။

၁၂၂။ ငါသည် ချမ်းသာဆင်းရဲ၌ရင်း အခြံအရံရှိခြင်း အခြံအရံမရှိခြင်းတို့၌ရင်း ချိန်သဖွယ်ဖြစ်၍ လောကဓံတရားအားလုံးတို့၌ တူမျှသောစိတ် ရှိသည်ဖြစ်၏၊ ဤကား ငါ၏ ဥပေက္ခာပါရမီတည်း။

တဆယ့်ငါးခုမြောက် မဟာလောမဟံသစရိယ 'မဟာလောမဟံသရသေ့အကျင့်' ပြီး၏။

သုံးခုမြောက် ယုဓဉ္စယဝဂ် ပြီး၏။

http://www.dhammadownload.com



## (နိဂုံးနှင့် ဥယျောဇဉ်)

(ငါသည်) ဤသို့လျှင် ဘဝကြီးငယ်၌ အထူးထူးအပြားပြားသော ဆင်းရဲဒုက္ခကိုရင်း အထူးထူးအပြားပြားသော စည်းစိမ်ချမ်းသာကိုရင်း ခံစားစံစား၍ မြတ်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် ပေးလှူအပ်သော အလှူဝတ္ထုကို ပေးလှူ၍ သီလကို အကြွင်းမဲ့ ဖြည့်ကျင့်ပြီးလျှင် နေက္ခမ္မပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သောသဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် ပညာရှိတို့ကို အဖန်ဖန်မေးမြန်း၍ မြတ်သော ဝီရိယပါရမီကို ပြုပြီးလျှင် ခန္တီပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် အဓိဋ္ဌာန်ပါရမီကို မြဲမြံစွာ ဆောက်တည်ခြင်းကိုပြု၍ သစ္စပါရမီကို ဖြည့်ကျင့်ပြီးလျှင် မေတ္တာပါရမီကို ဖြည့်ကျင့်ခဲ့သောကြောင့် မြတ်သောသဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ငါသည် လာဘ်ရခြင်း လာဘ်မရခြင်း၌ရင်း ချမ်းသာခြင်း ဆင်းရဲခြင်း၌ရင်း မြတ်နိုးခြင်း မမြတ်နိုးခြင်း၌ရင်း အလုံးစုံတို့၌ အတူအမျှဖြစ်၍ မြတ်သောသဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူခဲ့၏။

ပျင်းရိခြင်းကို ဘေးအားဖြင့်ရှု၍ အားထုတ်ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ထက်သန်သော ဝီရိယရှိသူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

ငြင်းခုံခြင်းကို ဘေးအားဖြင့်ရှု၍ မငြင်းခုံခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ညီညွတ်သူ ပြေပြစ်သူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

မေ့လျော့ခြင်းကို ဘေးအားဖြင့်ရှု၍ မမေ့လျော့ခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများကြကုန်လော့၊ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

နိဂုံးနှင့် ဥယျောဇဉ် ပြီး၏။

မြတ်စွာဘုရားသည် ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် မိမိ၏ ရှေးရှေးဘဝအကျင့်ကို ထင်ရှားပြလျက် ဗုဒ္ဓအပဒါန်မည်သော တရားဒေသနာတော်ကို ဟောဘော်မူခဲ့ပေသတည်း။

## စရိယာပိဋကပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

### ထေရာပဒါန်ပါဠိတော် မြန်မာပြန်

## ထေရထေရီအပဒါန်ဆိုင်ရာစာရင်းချုပ်

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | တေဇင် |
|---|---|---|---|---|---|
| ၁ | သကိံသမ္မဇ္ဇက | ပကတိ | ၉၁-ကမ္ဘာ | ဝိပဿီ | မပါ |
| ၂ | ကေဒုဿဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၃ | ကောသနဒါယက | ။ | ။ | ။ | ။ |
| ၄ | သတ္တကဒမ္ဗပုပ္ဖိယ | ။ | ၉၄-ကမ္ဘာ | ပစ္စေကဗုဒ္ဓါ ၇-ဆူ | ။ |
| ၅ | ကောရဏ္ဍပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၆ | ဃတမဏ္ဍဒါယက | ။ | ၉၄-ကမ္ဘာ | သုစိန္တပစ္စေကဗုဒ္ဓါ | ။ |
| ၇ | ကေမ္မဿဝနိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ | သုစိန္တိတ | ။ | ။ | ။ | ။ |
| ၉ | သောဝဏ္ဏကိင်္ကဏိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၁၀ | သောဏ္ဏကောန္တရိက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ကေဝိဟာရိက | ။ | ဤဘဒ္ဒကမ္ဘာ | ကဿပ | ။ |
| ၂ | ကေသဝီယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ | ပါဠိဟီရသညက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၄ | ဉာဏတ္ထဝိက | ။ | ။ | ။ | ။ |
| ၅ | ဥစ္ဆုခဏ္ဍိက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၆ | ကဋ္ဌမ္ဗဒါယက | ။ | ၉၄-ကမ္ဘာ | ရောမသပစ္စေကဗုဒ္ဓါ | ။ |
| ၇ | အမ္ဗာဋကဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၈ | ဟရိတကဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၉ | အမ္ဗပိဏ္ဍိယ | ။ | ။ | ။ | ။ |
| ၁၀ | အမ္ဗဖလိယ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၁ | ဝိဘီတကမိဉ္ဇိယ | ။ | ဤဘဒ္ဒကမ္ဘာ | ကကုသန် | ။ |
| ၂ | ကောလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၃ | ဗိလ္လိယ | ။ | ဤဘဒ္ဒကမ္ဘာ | ကကုသန် | ။ |
| ၄ | ဘလ္လာတဒါယက | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၅ | ဥတ္တလိပုပ္ဖိယ | ။ | ဤဘဒ္ဒကမ္ဘာ | ဗောဓိပင် | ။ |
| ၆ | အမ္ဗာဋကိယ | ။ | ၃၁-ကမ္ဘာ | ဝေဿဘူ | ။ |
| ၇ | သီဟာသနိက | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ထေရဂ် |
|---|---|---|---|---|---|
| ၈ | ပါဒပီဌိယ | ॥ | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | မပါ |
| ၉ | ဝေဒိကာရက | ॥ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ॥ |
| ၁၀ | ဗောဓိဃရဒါယက | ॥ | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | ॥ |
| ၁ | ဇဂတိဒါယက | ॥ | ၁၈၀၀-ကမ္ဘာ | ဓမ္မဒဿီ | ॥ |
| ၂ | မောရဟတ္ထိယ | ॥ | ၃၁-ကမ္ဘာ | * | ॥ |
| ၃ | သီဟာသနဗီဇိယ | ॥ | ၉၂-ကမ္ဘာ | တိဿ | ॥ |
| ၄ | တိဏုက္ကဓာရိယ | ॥ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ॥ |
| ၅ | အက္ကမနဒါယက | ॥ | ဤဘဒ္ဒကမ္ဘာ | ကကုသန် | ॥ |
| ၆ | ဝနကောရဏ္ဍိယ | ॥ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ॥ |
| ၇ | ဧကဆတ္တိယ | ॥ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ॥ |
| ၈ | ဇာတိပုပ္ဖိယ | ॥ | ॥ | ॥ | ॥ |
| ၉ | ပဋ္ဋိပုပ္ဖိယ | ॥ | ॥ | ॥ | ॥ |
| ၁၀ | ဂန္ဓပူဇက | ॥ | ॥ | ॥ | ॥ |
| ၁ | သာလကုသုမိယ | ॥ | ॥ | ॥ | ॥ |
| ၂ | စိတကပူဇက | ॥ | ၃၁-ကမ္ဘာ | သိခီ | ॥ |
| ၃ | စိတကနိဗ္ဗာပက | ॥ | ॥ | ဝေဿဘူ | ॥ |
| ၄ | သေတုဒါယက | ॥ | ၉၁-ကမ္ဘာ | ဝိပဿီ | ॥ |
| ၅ | သုမနတာလဝဏ္ဋိယ | ॥ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ॥ |
| ၆ | အဝဋဖလိယ | ॥ | ॥ | သတရံသိပစ္စေကဗုဒ္ဓါ | ॥ |
| ၇ | လဗုဇဖလဒါယက | ॥ | ၉၁-ကမ္ဘာ | * | ॥ |
| ၈ | ပိလက္ခဖလဒါယက | ॥ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ॥ |
| ၉ | သယံပဋိဘာနိယ | ॥ | ကမ္ဘာတသိန်း | * | ॥ |
| ၁၀ | နိမိတ္တဗျာကရဏိယ | ॥ | ၉၂-ကမ္ဘာ | * | ॥ |
| ၁ | နဠမာလိယ | ॥ | ၃၁-ကမ္ဘာ | * | ॥ |
| ၂ | မဏိပူဇက | ॥ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ॥ |
| ၃ | ဥက္ကာသတိက | ॥ | ၉၄-ကမ္ဘာ | ကောသိကပစ္စေကဗုဒ္ဓါ | ॥ |
| ၄ | သုမနဗီဇနိယ | ॥ | ၉၁-ကမ္ဘာ | ဝိပဿီ | ॥ |
| ၅ | ကုမ္မာသဒါယက | ॥ | ၉၁-ကမ္ဘာ | ॥ | ॥ |
| ၆ | ကုဋဇပုပ္ဖိယ | ॥ | ဤဘဒ္ဒကမ္ဘာ | ကဿပ | ॥ |

* ဘုရားပွင့်ပြီးရာတို့၌ ကမ္ဘာအရေအတွက်နှင့် ဘုရားဘွဲ့တော် မူရင်းပါဠိတော်တွင် တိုက်ရိုက်မပါရှိကြောင်း သိမှတ်ရာ၏။

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ထေရဂ် |
|---|---|---|---|---|
| ၇ ဂိရိပုန္နာဂိယ | ပကတိ | ၉၄-ကမ္ဘာ | သောဘိတ | မပါ |
| ၈ ဝလ္လိကာရဖလဒါယက | ။ | ၃၁-ကမ္ဘာ | သုမန | ။ |
| ၉ ပါနဓိဒါယက | ။ | တသချေနှင့်ကမ္ဘာတသိန်း | အနောမဒဿီ | ။ |
| ၁၀ ပုလိနစင်္ကမိယ | ။ | ၃၁-ကမ္ဘာ | * | ။ |
| ၁ ပံသုကူလသညက | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၂ ဗုဒ္ဓသညက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၃ ဘိသဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၄ ဉာဏထဝိက | ။ | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | ။ |
| ၅ စန္ဒနမာလိယ | ။ | ၃၀၀၀၀-ကမ္ဘာ | * | ။ |
| ၆ ဓာတုပူဇက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ ပုလိနုပ္ပါဒက | ။ | ကမ္ဘာတသိန်း | * | ။ |
| ၈ တရဏိယ | ။ | ၁၈၀၀-ကမ္ဘာ | အတ္ထဒဿီ | ။ |
| ၉ ဓမ္မရုစိယ | ။ | * | * | ။ |
| ၁၀ သာလမဏ္ဍပိယ | ။ | ၁၈၀၀-ကမ္ဘာ | ပိယဒဿီ | ။ |
| ၁ တိကိင်္ကဏိပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၂ ပံသုကူလပူဇက | ။ | ။ | ။ | ။ |
| ၃ ကောရဏ္ဍပုပ္ဖိယ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၄ ကိံသုကပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၅ ဥပဍ္ဍဒုဿဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၆ ဃတမဏ္ဍဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ ဥဒကဒါယက | ။ | ကမ္ဘာ တသိန်း | ပဒုမုတ္တရ | ။ |
| ၈ ပုလိနထူပိယ | ။ | * | * | ။ |
| ၉ နဠကုဋိဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၁၀ ပိယာလဖလဒါယက | ။ | ၃၁-ကမ္ဘာ | ။ | |
| ၁ တိကဏိကာရပုပ္ဖိယ | ။ | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | |
| ၂ နေပတ္တဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | |
| ၃ ကာသုမာရဖလိယ | ။ | ၃၁-ကမ္ဘာ | သိခီ | |
| ၄ [illegible] | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | |
| ၅ ပါဒဖလိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | |
| ၆ မာတုလုင်္ဂဖလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | |

http://www.dhammadownload.com



| ဦးရေ ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စရွဲဆုတောင်းရာဘုရား | တေဒဂ် |
|---|---|---|---|---|
| ၇ အဇေလိဖလဒါယက | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၈ အမောဒဖလိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၉ တာလဖလဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၁၀ နာဠိကေရဖလဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁ ကုရဉ္ဇိယဖလဒါယက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၂ ကပိတ္ထဖလဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ ကောသမ္ဗဖလိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၄ ကေတကပုပ္ဖိယ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ နာဂပုပ္ဖိယ | ။ | ။ | ။ | ။ |
| ၆ အဇ္ဇုနပုပ္ဖိယ | ။ | | * | ။ |
| ၇ ကုဋဇပုပ္ဖိယ | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၈ ဃောသသညက | ။ | ။ | ။ | ။ |
| ၉ သဗ္ဗဖလဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ ပဒုမဓာရိက | ။ | ၃၁-ကမ္ဘာ | သမ္ဘဝပစ္စေကဗုဒ္ဓါ | ။ |
| ၁ တိဏမုဋ္ဌိဒါယက | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၂ မဉ္စဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၃ သရဏဂမနိယ | ။ | ၃၁-ကမ္ဘာ | ရဟန်းတပါး | ။ |
| ၄ အဗ္ဘဉ္ဇနဒါယက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ သုပဋ္ဋဒါယက | ။ | ။ | ။ | ။ |
| ၆ ဒဏ္ဍဒါယက | ။ | ၉၄-ကမ္ဘာ | သံဃာ* | ။ |
| ၇ ဂိရိနေလပူဇက | ။ | ၃၁-ကမ္ဘာ | သိခီ | ။ |
| ၈ ဗောဓိသမ္မဇ္ဇက | ။ | ။ | ။ | ။ |
| ၉ အာမဏ္ဍဖလဒါယက | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ သုဂန္ဓ | ။ | ဤဘဒ္ဒကမ္ဘာ | ကဿပ | ။ |
| ၁ မဟာကစ္စာယန | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | အကျဉ်းကို အကျယ်ဟော၊ |
| ၂ ဝက္ကလိ | ။ | ။ | ။ | သဒ္ဓါလွန်ကဲ |
| ၃ မဟာကပ္ပိန | ။ | ။ | ။ | ရဟန်းများအားဆုံးမခြင်း |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၄ | ဒဗ္ဗမလ္လပုတ္တ | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ၊ | သံဃာတော်များ အတွက် နေရာချထားရေး၊ |
| ၅ | ကုမာရကဿပ | ။ | ။ | ။ | ဆန်းကြယ်စွာ တရားဟောခြင်း၊ |
| ၆ | ဗာဟိယ | ။ | ။ | ။ | လျင်မြန်စွာ ထိုးထွင်းသိခြင်း၊ |
| ၇ | မဟာကောဋ္ဌိက | ။ | ။ | ။ | ပဋိသမ္ဘိဒါလေးပါးရခြင်း၊ |
| ၈ | ဥရုဝေဠကဿပ | ။ | ။ | ။ | အခြံအရံများခြင်း၊ |
| ၉ | ရာဓတ္ထေရ | ။ | ။ | ။ | တရားဒေသနာဖြစ်ခြင်း၄ါထိုက်သူ၊ |
| ၁၀ | မောဃရာဇ | ။ | ။ | ။ | ခေါင်းပါးသောသင်္ကန်းကိုဆောင်သူ၊ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၁ | လကုဏ္ဍကဘဒ္ဒိယ | ။ | ။ | ။ | ချိုသာသောအသံရှိသူ |
| ၂ | ကင်္ခါရေဝတ | ။ | ။ | ။ | စျာန်ဝင်စားလေ့ရှိသူ၊ |
| ၃ | သီဝလိ | ။ | ။ | ။ | လာဘ်ပေါများသူ၊ |
| ၄ | ဝင်္ဂီသ | ။ | ။ | ။ | ပဋိဘာန်ဉာဏ်ရှိသူ၊ |
| ၅ | နန္ဒက | ။ | ။ | ။ | ရဟန်းမိန်းမတို့အားဆုံးမသူ၊ |
| ၆ | ကာဠုဒါယီ | ။ | ။ | ။ | အမျိုးကို ကြည်ညိုစေတတ်သူ၊ |
| ၇ | အဘယ | ပကတိ | ။ | ။ | မပါ |
| ၈ | လောမသကင်္ဂိယ | ။ | ဤဘဒ္ဒကမ္ဘာ | ကဿပ | ။ |
| ၉ | ဝနဝစ္ဆ | ။ | ။ | ။ | ။ |
| ၁၀ | စူဠသုဂန္ဓ | ။ | ။ | ။ | ။ |

---

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၁ | ယသ | မဟာသာဝက | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | ။ |
| ၂ | နဒီကဿပ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၃ | ဂယာကဿပ | ။ | ၃၁-ကမ္ဘာ | * | ။ |
| ၄ | ကိမိလ | ။ | ဤဘဒ္ဒကမ္ဘာ | ကကုသန် | ။ |
| ၅ | ဝဇ္ဇီပုတ္တ | ပကတိသာဝက | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | ဥတ္တရ | ။ | ၃၀၀၀၀-ကမ္ဘာ | သုမေဓာ | ။ |

| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စဉ်ဆုတောင်းရာဘုရား | ဧတဒဂ် |
|---|---|---|---|---|---|
| ၇ | အပရဥတ္တရ | ပကတိ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | မပါ |
| ၈ | ဘဒ္ဒဇိ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၉ | သိဝက | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁၀ | ဥပဝါန | မဟာသာဝက | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၁ | ရဋ္ဌပါလ | မဟာသာဝက | ။ | ။ | သဒ္ဓါ၍ရဟန်းပြုခြင်း၊ |
| ၁ | သုမေဓာထေရီ | ပကတိသာဝိကာ | ဤဘဒ္ဒကမ္ဘာ | ကဿပ | မပါ |
| ၂ | မေခလဒါယိကာ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၃ | မဏ္ဍပဒါယိကာ | ။ | ဤဘဒ္ဒကမ္ဘာ | ကောဏာဂုံ | ။ |
| ၄ | သင်္ကမနတ္ထာ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၅ | နဠမာလိကာ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၆ | ကေပိဏ္ဍပါတဒါယိကာ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၇ | ကဋစ္ဆုဘိက္ခာဒါယိကာ | ။ | ၉၂-ကမ္ဘာ | တိဿ | ။ |
| ၈ | သတ္တုပ္ပလမာလိကာ | ။ | ၃၁-ကမ္ဘာ | * | ။ |
| ၉ | ပဉ္စဒီပိကာ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၁၀ | ဥဒကဒါယိကာ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | ။ |
| ၁ | ဧကူပေါသထိကာ | ။ | ၉၁-ကမ္ဘာ | ။ | ။ |
| ၂ | သဠလပုပ္ဖိကာ | ။ | ။ | ။ | ။ |
| ၃ | မောဒကဒါယိကာ | ။ | ။ | ။ | ။ |
| ၄ | ကောသနဒါယိကာ | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၅ | ပဉ္စဒီပဒါယိကာ | ။ | ။ | ။ | ။ |
| ၆ | နဠမာလိကာ | ။ | ၉၄-ကမ္ဘာ | သိဒ္ဓတ္ထ | ။ |
| ၇ | မဟာပဇာပတိဂေါတမီ | မဟာသာဝိကာ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ။ |
| ၈ | ခေမာ | အဂ္ဂသာဝိကာ | ။ | ။ | ပညာကြီးသူ |
| ၉ | ဥပ္ပလဝဏ္ဏာ | ။ | ။ | ။ | တန်ခိုးအဘိညာဉ်ကြီးသူ |
| ၁၀ | ပဋာစာရာ | မဟာသာဝိကာ | ။ | ။ | ဝိနည်းဆောင်သူ |
| ၁ | ကုဏ္ဍလကေသာ | ။ | ။ | ။ | ခိပ္ပါဘိညာ |
| ၂ | ကိသာဂေါတမီ | ။ | ။ | ။ | ခေါင်းပါးသော သင်္ကန်းကို ဆောင်သူ |
| ၃ | ဓမ္မဒိန္နာ | ။ | ။ | ။ | ဓမ္မကထိက |

http://www.dhammadownload.com



| ဦးရေ | ဘွဲ့တော် | သာဝက ၃-မျိုး | ပါရမီဖြည့်ရာကာလ | စ၍ဆုတောင်းရာဘုရား | ထေဇင် |
|---|---|---|---|---|---|
| ၄ | သကုလာ | ပကတိ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | ဒိဗ္ဗစက္ခု |
| ၅ | သုနန္ဒာ | ။ | ။ | ။ | ဈာနလာဘီ |
| ၆ | သောဏာ | ။ | ။ | ။ | လုံ့လဝီရိယရှိသူ |
| ၇ | ဘဒ္ဒကာပိလာနီ | ။ | ။ | ။ | ပုဗ္ဗေနိဝါသအဘိညာဉ် |
| ၈ | ယသောဓရာ | မဟာသာဝိကာ | ၄-သင်္ချေနှင့်ကမ္ဘာတသိန်း | ဒီပင်္ကရာ | အားကြီးသောအဘိညာဉ် |
| ၉ | ယသောဓရာအမှူးရှိသည့်ဘိက္ခုနီတသောင်း | ။ | ။ | ။ | မပါ |
| ၁၀ | ယသောဓရာအမှူးရှိသည့်ဘိက္ခုနီမတသောင်းရှစ်ထောင် | ။ | ။ | ။ | ။ |

---

| | | | | | |
|---|---|---|---|---|---|
| ၁ | ယသဝတီအမှူးရှိသည့်ဘိက္ခုနီမတထောင် | ။ | ● | ● | ။ |
| ၂ | ဘိက္ခုနီမရှစ်သောင်းလေးထောင် | ။ | ကမ္ဘာ တသိန်း | ပဒုမုတ္တရ | ။ |
| ၃ | ဥပ္ပလဒါယိကာ | ။ | ၃၁-ကမ္ဘာ | ● | ။ |
| ၄ | သိင်္ဂါလမာတု | ။ | ကမ္ဘာတသိန်း | ပဒုမုတ္တရ | သဒ္ဓါတရားလွန်ကဲခြင်း |
| ၅ | သုက္ကာ | ။ | ၉၁-ကမ္ဘာ | ဝိပဿီ | မပါ |
| ၆ | အဘိရူပနန္ဒာ | ။ | ။ | ။ | ။ |
| ၇ | အဍ္ဍကာသိ | ။ | ● | ● | ။ |
| ၈ | ပုဏ္ဏိကာ | ။ | ● | ● | ။ |
| ၉ | အမ္ဗပါလီ | ။ | ၃၁-ကမ္ဘာ | ဖုဿ | ။ |
| ၁၀ | ပေသလာ | ။ | ဤဘဒ္ဒကမ္ဘာ | ကဿပ | ။ |

http://www.dhammadownload.com

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

( ဒုတိယအုပ် )

# မှတ်သားဖွယ် အက္ခရာစဉ်

အက္ခရာစဉ် — စာမျက်နှာ

[ အ ]


အက္ကမနုဒါယကမထေရ် ၃၂
အကိတ္တိရသေ့ ၃၇၅
အကျိုးဆက် ရှစ်ပါး ၁၂
အကျည်(သမံတလင်း)
လှူရသောအကျိုး ၃၀
အင်ကြင်းပင် ဗောဓိ ၃၆၉
အင်ကြင်းပန်းဖြင့် ပရိနိဗ္ဗာန် စံတော်မူသော
မြတ်စွာဘုရားကို ပူဇော်ခဲ့ရခြင်းအကျိုး ၃၆
အင်ကြင်းပန်း မဏ္ဍပ် ဆောက်လုပ်
လှူရခြင်း အကျိုး ၆၇
အခင်း—
ဥဒ္ဓလောမိ ၁၆၈
ကေန္တလောမိ ၁၆၈
အင်္ဂါရာမကျောင်းတိုက် ၃၂၇
အင်္ဂါလေးပါးတို့ကို အဓိဋ္ဌာန်၍
ဘူရိဒတ်နဂါးမင်းအိပ်ခြင်း ၃၉၉
အင်္ဂါသုံးပါးတို့ကို ဆောက်တည်၍
တေမိမင်းသား ကျင့်ပုံ ၄၁၂
အဇ္ဇုနပုပ္ဖိယမထေရ် ၉၁
အဇေလိသီးကို လှူခဲ့သောအကျိုး ၈၅
အဇေလိဖလဒါယကမထေရ် ၈၅
အညစ်အကြေး ကင်းသောတရား ၁၅၄
အညစ်အကြေးကင်းကုန်သော
ရဟန္တာငါးရာ ၂၉၇
အညာရှိသော သရက်သီးလှူရကျိုး ၁၆၇
အစုကာသိ ရဟန်းမ ၂၈၇
အဋ္ဌကထာ၌ ရဲရင့်သူ ၂၀၂
အတိဒေဝပုဏ္ဏား ၃၂၈
အတုလနဂါးမင်း ၃၆၂

[ အ ]

အတောင်ရှစ်ဆယ်မြင့်သော
ဒီပင်္ကရာ မြတ်စွာဘုရား ၃၁၈
အတ္ထဒဿီ မြတ်စွာဘုရား
၁၂၊၃၉၊၆၃၊၃၅၀
အထူးထူးတန်ခိုး ဖန်ဆင်းခြင်း ၂၇၄
အဓမ္မနတ်အား လမ်းခရီးကို ပေးခဲ့ပုံ ၄၀၄
အဓိဋ္ဌာန်ပါရမီ ၃၁၃
အနန္တရိယကံ ပြုမိခဲ့သော ရဟန္တာ
အလောင်း ၆၅
အနိစ္စသညာကို သင်ယူခဲ့သော
ရဟန္တာအလောင်း ၉
အနောမာရာမဥယျာဉ် ၃၅၇
အနောမဒဿီ မြတ်စွာဘုရား ၄၉၊၃၃၂
အပရဥတ္တရမထေရ် ၁၇၁
အမ္ဗပိဏ္ဍိယမထေရ် ၂၁
အမ္ဗပါလီရဟန်းမ ၂၉၀
အမ္ဗဖလိယမထေရ် ၂၂
အမ္ဗာဋကဒါယကမထေရ် ၂၀
အမ္ဗာဋကိယမထေရ် ၂၆
အဘယမထေရ် ၁၅၅
အဘိရူပနန္ဒာ ရဟန်းမ ၂၈၅
အမ္ဗဋ္ဌနဒါယကမထေရ် ၉၈
အမိလုပ်ကျွေးသောဆင် ၃၉၈
အမိတော်ဘူးသော နတ်သမီး ၄၁၁
အမောဒဖလိယမထေရ် ၈၆
အမောဒ မည်သော အသီးလှူရသော
အကျိုး ၈၅
အမြတ်ဆုံးသော စွမ်းအား ၂၉၄

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အမြိုက်သဖွယ် ဖြစ်သော မျက်နှာတော် | ၂၀၉ |
| အရာအထူးကို ဆုတောင်းခဲ့သော ကုမာရကဿပအလောင်း | ၁၂၀ |
| အရိန္ဒမမင်း | ၃၆၅ |
| အလှူအလုံးစုံ၏ အကျိုး | ၁၆၄ |
| အလှူကြီးကို အသက်ရှိသမျှ ကာလ ပတ်လုံး ပေးလှူခဲ့သော မဟာသုဒဿန စကြာမင်း | ၃၈၈ |
| အလောင်းတော်ကို ပူဇော်ရခြင်းအကျိုး | ၃၅ |
| အဝဋ္ဋဖလိယမထေရ် | ၃၈၊၈၄ |
| အဝဋ္ဋမည်သော အသီးကို လှူခဲ့ရသောအကျိုး | ၈၃ |
| အဝဋ္ဋမည်သော သစ်သီး | ၃၈ |
| အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်း လှူဒါန်းခဲ့ရသောအကျိုး | ၁၁၁ |
| အဝတ်စုံတို့ကို ပေးလှူရသောအကျိုး | ၁၆၄ |
| အဿတ္ထာရာမကျောင်းတိုက် | ၃၅၀ |
| အဿာရာမကျောင်းတိုက် | ၃၆၇ |
| အသံဆယ်ပါး | ၃၀၁ |
| အသုံးအဆောင်ဖြင့် ပြီးသော ဝတ္ထုကို လှူခဲ့ရသောအကျိုး | ၂၇၂ |
| အသီးလှူရခြင်း၏အကျိုး | ၉၃ |
| အသက်ကုန်ခါနီးမှ အာသဝေါ ကုန်ခဲ့သော ဗာဟိယ | ၁၂၄ |
| အသက်တန်း အနှစ်တသိန်း | ၁၂၈ |
| အသချေ်ယျလေးမျိုး | ၂၉၉ |
| အသျှင်သာရိပုတြာ၏ ဗုဒ္ဓဝင်ဟောရန် တောင်းပန်ပုံ | ၃၀၀ |
| **[ အာ ]** | |
| အာဇာနည်ပုဂ္ဂိုလ်ဖြစ်လတ္တံ့ ဟု ဗျာဒိတ်ရသော ပုဏ္ဏားအိုကြီး | ၁၃၃ |
| အာဒိစ္စဝင် မင်းမျိုးတို့၏မှန်ကင်း | ၂၀၁ |
| အာမဏ္ဍဖလဒါယကမထေရ် | ၁၀၂ |
| အာယုသင်္ခါရကို မြင်၍ လျှောက်ထားသော ယသောဓရာထေရီ | ၂၅၆ |
| အုန်းသီး လှူခဲ့ရသောအကျိုး | ၈၇ |
| အိုခြင်းသေခြင်း၏ကျက်စားရာ | ၂၀၂ |
| အောင်မဲညိုပွင့် လှူရခြင်းအကျိုး | ၉၉ |
| အိုင်းအမာနှင့် တူသောဒိဋ္ဌိအယူဝါဒ | ၁၆၁ |
| **[ ဣ ]** | |
| ဣသိပတနသမင်တော | ၃၈၀ |
| ဣန္ဒြေရှိသောရဟန်း | ၂၇၇ |
| **[ ဥ-ဦး ]** | |
| ဥက္ကာသတိကမထေရ် | ၄၆ |
| ဥစ္ဆုခဏ္ဍိကမထေရ် | ၁၉ |
| ဥတ္တရလုလင် | ၃၄၃ |
| ဥတ္တလိပုပ္ဖိယမထေရ် | ၂၆ |
| ဥဒကဒါယကမထေရ် | ၇၃ |
| ဥဒကဒါယိကာ ရဟန်းမ | ၁၇၉ |
| ဥဒ္ဒလောမိအခင်း | ၁၆၈ |
| ဥပစ္စဒုဿဒါယကမထေရ် | ၇၂ |
| ဥပပါတ်ပဋိသန္ဓေနေသူ | ၂၈၉ |
| ဥပဝါနမထေရ် | ၁၇၇ |
| ဥပ္ပလဒါယိကာရဟန်းမ | ၂၇၈ |
| ဥပ္ပလဝဏ် ရဟန်းမ | ၂၂၁ |
| ဥပ္ပလဝဏ်ထေရီတန်ခိုးပြပုံ | ၂၂၂ |
| ဥပုသ်ကို ကျင့်သုံးခြင်း | ၁၉၀ |
| ဥပေက္ခာပါရမီ | ၃၁၄ |
| ဥမ္မာဒန္တီ သတိုသမီး | ၂၂၅ |
| ဥရုဝေဠကဿပမထေရ် | ၁၃၁ |
| ဥသျှစ်သီးမှည့်လှူရသောအကျိုး | ၂၄ |
| ဦးစွန်းနှင်း၍ ကြွလာသောဘုရားကို ကြည်ညိုခဲ့ရသောအကျိုး | ၁၈၂ |
| ဦးဆောက်ပန်းလှူရသောအကျိုး | ၃၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဧ ]** | |
| ဧကဆတ္တိယမထေရ် | ၃၄ |
| ဧကန္တလောမိအခင်း | ၁၆၈ |
| ဧကဒုဿဒါယကမထေရ် | ၄ |
| ဧကပတ္တဒါယကမထေရ် | ၈၃ |
| ဧကဓမ္မဿဝနိယမထေရ် | ၉ |
| ဧကပိဏ္ဍပါတဒါယိကာရဟန်းမ | ၁၈၄ |
| ဧကသညိယမထေရ် | ၁၇ |
| ဧကဝိဟာရိကမထေရ် | ၁၆ |
| ဧကာသနဒါယကမထေရ် | ၆ |
| ဧကာသနဒါယိကာရဟန်းမ | ၁၉၄ |
| ဧကူပေါသထိကာ ရဟန်းမ | ၁၉၁ |
| ဧတဒဂ်— | |
| ပညာကြီးခြင်း | ၂၄၁ |
| ပဋိဘာန် | ၁၄၆ |
| ရတ္တညူ | ၂၀၆ |
| ဝိနယဓရ | ၂၃၁ |
| ဝီရိယ | ၂၅၀ |
| **[ က ]** | |
| ကံ့ကော်ပင် | ၃၂၄၊၃၂၆၊၃၂၉၊၃၃၁ |
| ကံ့ကော်ပန်း လှူရသောအကျိုး | ၉၀ |
| ကံပြင်းရွက် လှူခဲ့ရသော အကျိုး | ၃၈၆ |
| ကံကုသိုလ် မပျောက်မပျက် အကျိုးပေးပုံ | ၂၈၈ |
| ကကုသန် မြတ်စွာဘုရား | ၂၃၊၃၂၊၁၆၆၊၃၇၀ |
| ကင်္ခါရေဝတမထေရ် | ၁၄၂ |
| ကဋစ္ဆုဘိက္ခာ ဒါယိကာရဟန်းမ | ၁၈၅ |
| ကတာဝိမည်သော တပည့်ရဟန်း၏ ဂုဏ် | ၁၁၃ |
| ကထာဝတ္ထု၌ ရဲရင့်သော ခေမာထေရီ | ၂၂၁ |
| ကထိန်သင်္ကန်းကို မြတ်စွာဘုရား ကိုယ်တော်တိုင်ချုပ်ပုံ | ၃၃၅ |
| ကပိတ္ထဖလဒါယကမထေရ် | ၈၉ |
| ကပိလမြို့ | ၃၀၆ |
| ကဿပမြတ်စွာဘုရား | ၁၅၊၄၇၊၁၀၂၊၁၅၈၊ ၁၈၆၊၁၈၄ |
| **[ က ]** | |
| ကဿပလုလင် | ၂၅၅ |
| ကဿပပုဏ္ဏား | ၃၄၉ |
| ကဋမ္ဗဒါယကမထေရ် | ၁၉ |
| ကာမစည်းစိမ်ဖြင့် မဖိတ်လင့်ဟု ပြောသော ဘုရားအလောင်း | ၄၁၁ |
| ကာသိမင်း၏ စစ်ဗိုလ်ချုပ် | ၁၃၉ |
| ကာသုမာရဖလိယမထေရ် | ၈၃ |
| ကာဠုဒါယီမထေရ် | ၁၅၃ |
| ကိကီမည်သော ကာသိမင်း | ၁၈၀ |
| ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော် | ၂၁၆၊၂၂၅၊၂၂၉၊၂၃၃၊၂၃၇၊၂၄၀ |
| ကိန္နရီမ ဖြစ်ခဲ့သော နဠမာလိကာ အလောင်း | ၁၈၂ |
| ကိမိလမထေရ် | ၁၆၇ |
| ကိလေသာအန္ဓောင်အဖွဲ့ | ၂၀၀ |
| ကိသာဂေါတမီ ရဟန်းမ | ၂၃၉ |
| ကုဋဇပုပ္ဖိယမထေရ် | ၉၁ |
| ကုဋေအထောင်မကသောဘဝ | ၂၅၈ |
| ကုဋေကိုးရာသော မြတ်စွာဘုရား | ၂၆၁ |
| ကုဏ္ဍလကေသာ ရဟန်းမ | ၂၃၆ |
| ကုမာရကဿပမထေရ် | ၁၂၂ |
| ကုမာရကဿပ၏ ဆုထူးပန်ခဲ့ပုံ | ၁၂၀ |
| ကုမ္မာသဒါယကမထေရ် | ၄၇ |
| ကုရဉ္ဇိယဖလဒါယကမထေရ် | ၈၈ |
| ကုရဉ္ဇိယမည်သော အသီးလှူခဲ့ရသော အကျိုး | ၈၈ |
| ကုသဋ္ဌကဒါယကမထေရ် | ၄၈ |
| ကုသိနာရုံပြည်၌ မေးခဲ့သော ဒဗ္ဗ | ၁၁၉ |
| ကုတ်ကိုပင်ဗောဓိ | ၃၇၁ |
| ကူးတို့ပို့ရခြင်း၏အကျိုး | ၆၄ |
| ကေတကပုပ္ဖိယမထေရ် | ၉၀ |
| ကောဏ္ဍညမြတ်စွာဘုရား | ၃၁၉ |
| ကောဏာဂုံ မြတ်စွာဘုရား | ၁၇၉၊၁၈၁၊၃၇၂ |
| ကောရဏ္ဍပုပ္ဖိယမထေရ် | ၇၁ |
| ကောလဒါယကမထေရ် | ၂၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကောသမ္ဗဖလိယမထေရ် | ၀၉ |
| ကောသိကပစ္စေကဗုဒ္ဓါ | ၄၅ |
| ကောက်ဦးဆွမ်း လှူရခြင်းအကျိုး | ၁၁ |
| ကောက်ဦးနှင့် အခြားဝတ္ထု ပေးလှူရခြင်းအကျိုး | ၁၀ |
| ကိံသုကပုပ္ဖိယမထေရ် | ၇၁ |
| ကျိန်ဆဲသမျှ သည်းခံခဲ့ရသော ဘုရားအလောင်း | ၄၀၃ |
| ကျူထရံကျောင်းလှူခဲ့သော အကျိုး | ၇၆ |
| ကျူပန်းလှူခဲ့ရသော အကျိုး | ၄၃၊၁၈၂၊၁၉၆ |
| ကျောင်းဂရုလှူခဲ့သောအကျိုး | ၁၇၉ |
| ကြခတ်ဝါးဗောဓိ | ၃၄၇ |
| ကြပိုင်းလှူရခြင်းအကျိုး | ၁၉ |
| ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းအပ်သောဆွမ်း | ၂၂၅ |
| ကြာစွယ် ကြာရင်းရှိသော နို့ရည်ထောပတ် | ၁၇၁ |
| ကြာစွယ် လှူရခြင်း၏အကျိုး | ၅၄ |
| ကြာညိုပန်း ခုနစ်ပွင့် | ၁၀၅ |
| ကြာရှစ်ခိုင် ခွဲဝေလှူခြင်း | ၂၆၀ |
| ကြီးကျယ်သောအလင်းရောင် | ၃၀၀ |
| ကြို့သီးလှူခဲ့သော အကျိုး | ၀၉ |
| ကြောင်လျှာကြီးပင် | ၃၃၆ |
| ကြောင်လျှာနီပင် | ၃၃၇-၉ |
| **[ ခ ]** | |
| ခန္တီပါရမီ | ၃၁၂ |
| ခုနစ်နှစ်အရွယ် ရဟန္တာ | ၉၊၅၆၊၇၆၊၈၁၊၁၁၉၊ ၁၄၄ |
| ခုနစ်နှစ်အရွယ် ရဟန္တာမလေး | ၁၈၀၊၁၉၁၊၁၉၆ |
| ခုနစ်ဆယ့်ရှစ်နှစ်ရှိ ယသောဓရာ | ၂၅၆ |
| ခုနစ်ရက်လုံးလုံး ဆွမ်းကျွေး ဆုတောင်းခဲ့သော ဒဗ္ဗအလောင်း | ၁၁၇ |
| ခေမမင်း | ၃၇၀ |
| ခေမာမည်သောတပည့်မ | ၂၁၄ |
| ခေမာထေရီ၏ကထာဝတ္ထု၌ ရဲရင့်ပုံ | ၂၂၁ |
| **[ ခ ]** | |
| ခေမာရာမကျောင်း | ၃၆၉၊၃၇၂ |
| ခါးကြိုးတန်ဆာလှူခဲ့သောအကျိုး | ၁၈၁ |
| ချီးကျူးခြင်း၏အကျိုး | ၁၅၅ |
| ချေးသီးလှူခဲ့သောအကျိုး | ၂၅ |
| "ချစ်သမီး လာလေ" ဟု မြတ်စွာဘုရား အခေါ်ခံရသူ | ၂၃၅ |
| ခြေဆေးအင်းပျဉ်လှူခဲ့သောအကျိုး | ၂၇ |
| ခြေဆေးစဉ် ရဟန္တာဖြစ်သော ကုဏ္ဍလကေသာ | ၂၃၅ |
| ခြေတော်ရာသုံးဆူ ပြတော်မူပုံ | ၇၀ |
| ခြေနယ်ဆီလှူခဲ့သော အကျိုး | ၉၈ |
| ခွေးချီလာသော လူ့လက်ပြတ်ကလေး | ၂၃၄ |
| ခွက်ခုနစ်သိန်းလှူခဲ့သောအကျိုး | ၂၅၂ |
| ခေါင်းပါးသောသက်နှင်းကို ဆောင်သူ | ၁၃၆၊၂၃၈ |
| **[ ဂ ]** | |
| ဂင်္ဂါမြစ်၌ တံတားပြုလုပ်ခဲ့သူများ | ၂၇၅ |
| ဂန္ဓပူဇကမထေရ် | ၃၅ |
| ဂယာကဿပမထေရ် | ၁၆၆ |
| ဂိရိနေလပူဇကမထေရ် | ၁၀၀ |
| ဂိရိပုန္နာဂိယမထေရ် | ၄၈ |
| ဂေါတမမြတ်စွာဘုရား | ၃၇၉ |
| ဂေါတမီ၏ ခေတ်တော် | ၂၁၂ |
| **[ ဃ ]** | |
| ဃဋိကာရမည်သော အလုပ်အကျွေး | ၃၇၅ |
| ဃတမဏ္ဍဒါယကမထေရ် | ၈၊၇၃ |
| ဃောသသညကမထေရ် | ၉၂ |
| **[ င ]** | |
| ငါးနှစ်အရွယ် ရဟန္တာ | ၅၉ |
| ငြင်းခုံခြင်းကို ဘေးဟု ရှုခြင်း | ၄၁၉ |
| ငြိမ်းအေးရာနိဗ္ဗာန် | ၁၉၈၊၂၇၂ |
| ငိုခြင်းဖြင့် အကျိုးမရှိ | ၁၉၉ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ စ ]

စကားဦး အစိုးရသူ ၁၄၇
စကားပန်းရှစ်ပွင့် လှူရသောအကျိုး ၃၆
စန္ဒကူးလိမ်းကျံ၍ ရှိခိုးခဲ့သောအကျိုး ၅၈
စန္ဒကူး စသည့်နံ့သာတို့ထက် ကိုယ်နံ့ ကြိုင်လှိုင်သူ ၁၆၂
စန္ဒနမာလိယမထေရ် ၅၉
စန္ဒာရာမကျောင်းတိုက် ၃၂၂
စာရေးတံဆွမ်း ၄ှစ်ဝတ်လှူရခြင်းအကျိုး ၄၇
စိတကနိဗ္ဗာပကမထေရ် ၃၇
စိတကပူဇကမထေရ် ၃၆
စူဠပေါရိသာဒ ၄၀၅
စူဠသုဂန္ဓမထေရ် ၁၆၂
စေတီပုထိုးတော်တို့၏ ဥာဏ်တော်များ ၃၂၂၊၃၂၄၊၃၂၇၊၃၃၅၊ ၃၄၀၊၃၄၈၊၃၅၃၊၃၅၅၊၃၅၇၊ ၃၅၉၊၃၆၇၊၃၇၂၊၃၇၈
စေတီပုထိုးကို အောက်မေ့ခြင်းအကျိုး ၇၄
စကြံဖန်ဆင်းတော်မူပုံ ၂၉၄
စွယ်တော် သွားတော်တို့ တည်ရှိရာ ၃၄၈

[ ဆ ]

ဆံပင်ကို ရိတ်ဖြတ်စဉ် ရဟန္တာဖြစ်သော ရှင်သိလေိ ၁၄၄
ဆိမ်းနှင့် တရားလှူရခြင်း၏အကျိုး ၂၄၃
ဆိမီးပူဇော်ရခြင်း၏အကျိုး ၁၈၇၊၁၉၅
ဆီးသီးလှူရခြင်း၏အကျိုး ၂၄၊၁၆၆
ဆုဆယ်ပါး ၃၉၂
ဆုတောင်းများလှသော ယသောဓရာ ၂၆၂
ဆေးလှူရခြင်း၏အကျိုး ၂၀
ဆင်လှူခဲ့သော နေဥ္ဆယမင်း ၃၈၇
ဆင်မြတ်လှူ၍ အဘိုးဖြတ်ကာ သံဃအရံ ဆောက်လုပ်ပုံ ၁၇၇
ဆည်းလည်းပန်းသုံးပွင့် ပူဇော်ခဲ့ခြင်းအကျိုး ၆၉

[ ဆ ]

ဆပ်သွားပန်း ပူဇော်ခဲ့ခြင်းအကျိုး ၈၉
ဆွေမျိုးအပေါင်းကို ကြည်ညိုစေခဲ့သော ကာဠုဒါယီ ၁၅၃
ဆွမ်းအလှူကြီးကို လှူကာ ဆုတောင်းခဲ့ပုံ ၁၁၄၊၁၄၂
ဆွမ်းလှူရခြင်း၏အကျိုး ၁၈၅၊၂၇၈

[ ဇ ]

ဇဂတိဒါယကမထေရ် ၃၀
ဇဋိလမင်း ၂၇၅
ဇဋိလသူဌေး ၃၄၁
ဇနပဒကလျာဏီ ၂၄၈
ဇယဒိသမင်း ၄၀၄
ဇာတိပုပ္ဖိယမထေရ် ၃၄
ဇောတိပါလလုလင် ၃၇၅

[ ဉ ]

ဉာဏတ္ထဝိကမထေရ် ၁၈၊၅၇
ဉာဏ်တော်ကို ချီးကျူးရခြင်းအကျိုး ၁၈၊၅၇
ညီနောင် ခုနစ်ယောက် ၄၁၀
ညောင်ကြတ်ပင် ၃၁၈
ညောင်ကြတ်သီးလှူခဲ့ခြင်းအကျိုး ၃၈
ညောင်စောင်းလှူခဲ့ခြင်းအကျိုး ၉၇
ညောင်ဗုဒ္ဓဟောပင် ၆၄၊၃၀၆၊၃၈၀

[ တ ]

တံခွန်လှူရခြင်းအကျိုး ၃၇၊၁၇၆၊၁၇၇
တကိုယ်လုံးကို ပေးလှူခဲ့သောယုန်မင်း ၃၉၇
တထပ်စာဆွမ်းကို ပေးလှူခဲ့ပုံ ၄၅
တထောင်သော ပစ္စည်းလေးပါးရပုံ ၂၇၆
တမန်ဖြင့် ရဟန်းအဖြစ်ရရှိသော ထေရီ ၂၈၆
တခဏိယမထေရ် ၆၄
တရားတည်းဟူသောနို့ရည် ၂၀၀၊၂၂၄
တရားသံမှတ်သားခြင်း၏အကျိုး ၉၂

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ

[ တ ]

တရားဟောရန် အခါမဟုတ်ဟု
   မိန့်ကြားခြင်း ၁၂၄
တာလဖလဒါယကမထေရ် ဂ၆
တိကဏိကာရပုပ္ဖိယမထေရ် ဂ၂၊ဂ၆
တိကိင်္ကဏိပုပ္ဖိယမထေရ် ၆၉
တိဏမုဋ္ဌိဒါယကမထေရ် ၉၇
တိဏုက္ကဓာရိယမထေရ် ၃၂
တိဿမြတ်စွာဘုရား ၃၁၊၅၁၊၇၀၊၉၆၊၁ဂ၄
တေဇောဓာတ်ဖြင့် ရေချိုးကြိုပုံ ၂၅၀
တောရဏဝတ္ထု ၂၂၁
တန်ခိုးအဘိညာဉ်၏ အပြီးအဆုံး ၂၀၄၊၂၂၁
တန်ခိုးကြီးသော နဂါးမင်း ၃၂၆၊၃၃၃
တန်ခိုးပြာဋိဟာသုံးမျိုး ၂၉၄
တောင်ပိန္နဲသီး လှူခဲ့ခြင်းအကျိုး ၃ဂ
တောင်ပုန်းညက်ပန်းဖြင့်
   ပူဇော်ခဲ့ခြင်းအကျိုး ၄ဂ
တောင်ဖက်ဝန်းမဟာလှေကားဗောဓိ ၃၅၆
တောင်ဝှေးလှူရခြင်း၏အကျိုး ၉၉

[ ထ ]

ထီးဖြူဆောင်း၍ မွေးမြူခဲ့ပုံ ၄၁၁
ထီးဘိနပ်ပေးရခြင်းအကျိုး ၃ဂ၇
ထီးလှူရခြင်း၏အကျိုး ၃၄
ထောပတ်ကြည် လှူရခြင်း၏အကျိုး ဂ၊၇၂
ထင်းရှူးဗောဓိပင် ၁ဂ၇၊၁၉၅
ထင်းရှူးပန်း လှူခဲ့ရခြင်း၏အကျိုး ၁၉၁
ထင်းရှူးပန်းမဏ္ဍပ် ပြုလုပ်လှူခဲ့ပုံ ၁၆၆
ထန်းရွက်ယပ် လှူခဲ့ရခြင်းအကျိုး ၃၇
ထန်းသီးလှူခဲ့ရခြင်းအကျိုး ဂ၆

[ ဒ ]

ဒဏ္ဍဒါယကမထေရ် ၉၉
ဒဗ္ဗကို ကုသိနာရုံပြည်၌ မွေးဖွားသည် ၁၁၉
ဒဗ္ဗမလ္လပုတ္တမထေရ် ၁၂၀
ဒသဗလဉာဏ်တော်စွမ်းအား ၂၉၃

[ ဒ ]

ဒါနပါရမီ ၃၁၀
ဒိဋ္ဌိအယူဟု ဆိုအပ်သော အိုင်းအမာ ၁၆၁
ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုကို ပန်ဆင်ခြင်း ၂၄၂
ဒီပင်္ကရာမြတ်စွာဘုရား ၆၄၊၂၆၀၊၂၆၄
ဒီပင်္ကရာ မြတ်စွာဘုရား၏ အရပ်တော်
   အတောင်ရှစ်ဆယ် ၃၁ဂ
ဒီပင်္ကရာ မြတ်စွာဘုရား ဗျာဒိတ်ပေးပုံ ၃၀၆
ဒေါင်းမြီးယပ် လှူခဲ့ရခြင်းအကျိုး ၃၀

[ ဓ ]

ဓမ္မကထိကရဟန်းမ ၂၄၁
"ဓမ္မစကြာတရား ဟောနိုင်ပါစေသော"ဟု
   လူအပေါင်းကပြောကြားပုံ ၃၁၅
ဓမ္မဒဿီ မြတ်စွာဘုရား ၃၁၊၃၅၃
ဓမ္မဒိန္နာ ရဟန်းမ ၂၄၁
ဓမ္မရုစိယမထေရ် ၆၆
ဓမ္မာရာမကျောင်းတိုက် ၃၃၅၊၃၃၇
ဓာတုပူဇကမထေရ် ၅၉
ဓုတင်၏ ဂုဏ်ကျေးဇူး ၂၅၁
ဓာတ်တော်ပူဇော်ရခြင်း၏အကျိုး ၅၉၊၁၇၁
ဓာတ်တော်ခွဲဝေခဏ်း ၃ဂ၃
"ဓမ် ဓမ်"ဟူသောအသံ ၄၁၃

[ န ]

နို့သာဆုပ် လှူရခြင်း၏အကျိုး ၃၅
နို့သာထင်းပုံဖြင့် ပူဇော်ရခြင်းအကျိုး ၃၆
နို့သာလေးပါးတို့ဖြင့်
   လိမ်းကျံခြင်း၏အကျိုး ၁၆၁
နို့သာရေ လှူရခြင်း၏အကျိုး ၃၇
နန္ဒကမထေရ် ១၅၁
နန္ဒမင်း ၂၅၄
နန္ဒာရဟန်းမ ၂၄ဂ
နန္ဒာရာမကျောင်းတိုက် ၃၁ဂ၊၃၄၂
နန္ဒာရုံတော ၁၃၉
နဠကုဋိဒါယကမထေရ် ၇၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နဠမာလိယမထေရ် | ၅၃ |
| နဠမာလိကာရဟန်းမ | ၁၈၃၊၁၉၇ |
| နဒီကဿပမထေရ် | ၁၆၅ |
| နာဂပုပ္ဖိယမထေရ် | ၉၀ |
| နာရဒမြတ်စွာဘုရား | ၇၆၊၃၃၇ |
| နာဠိကေရဖလဒါယကမထေရ် | ၈၇ |
| “နိဗ္ဗာန်ကို ရှာဖွေအံ့”ဟု လျှောက်ပုံ | ၄၀၉ |
| နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင် | ၃၀၁ |
| “နိဗ္ဗာန်ကို ရှာမှီးတော့အံ့”ဟု သုမေဓာဆင်ခြင်ပုံ | ၃၀၁ |
| နိမိတ္တဗျာကရဏိယမထေရ် | ၄၂ |
| နိမိတ်ဖတ်ကြားခြင်းအကျိုး | ၄၂ |
| နိဂြောဓသမင်မင်း | ၁၂၁ |
| နူနာရှိ၍ မင်းစည်းစိမ်စွန့်ခဲ့သူ | ၁၃၆ |
| နေက္ခမ္မပါရမီ | ၃၁၁ |
| နှစ်ဦးသော ပုဂ္ဂိုလ်တို့၏စကား | ၃၁၀ |
| နှစ်ဆယ်ငါးသောဂုဏ်ကျေးဇူး | ၁၀၀ |
| နွယ်သီး လှူခဲ့ရခြင်း၏အကျိုး | ၄၈ |
| **[ ပ ]** | |
| ပံသုကူလပူဇကမထေရ် | ၇၀ |
| ပံသုကူသင်္ကန်း လှူခဲ့ရခြင်း၏အကျိုး | ၆၉ |
| ပံသုကူ သင်္ကန်းကို ရှိခိုးခဲ့ရခြင်း၏အကျိုး | ၅၁ |
| ပံသုကူလသညကမထေရ် | ၅၁ |
| ပစ္စယဆင်တော် | ၃၉၃ |
| ပစ္စေကဗုဒ္ဓါငါးရာ | ၁၁၄ |
| ပစ္စေကဗုဒ္ဓါရှစ်ဆူ | ၂၅၃ |
| ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးခဲ့ပုံ | ၂၃၆ |
| ပညာကြီးသော သူတို့တွင် အမြတ်ဆုံး | ၂၁၄ |
| ပညာနုံ့သောသူခိုးနှင့် ပညာရှိသော ရဟန္တာမအလောင်း | ၂၃၄ |
| ပညာပါရမီ | ၃၁၁ |
| ပဉောင်ပင်ဗောဓိ | ၃၇၇ |
| ပဋ္ဌီပဒါယိကာရဟန်းမ | ၁၈၈၊၁၉၆ |
| ''ဋ္ဌာစာရာရဟန်းမ | ၂၃၁ |
| **[ ပ ]** | |
| ပဋိသမ္ဘိဒါလေးပါး | ၂၅၃ |
| ပဋိဘာန်တေဒဂ်ရသူ | ၁၄၆ |
| ပဋိပုပ္ဖိယမထေရ် | ၃၅ |
| ပတ္တမြားပူဇော်ရခြင်းအကျိုး | ၄၅ |
| ပဒုမဓာရိကမထေရ် | ၉၅ |
| ပဒုမာကြာဖြင့် ဆောင်းမိုးခဲ့ရခြင်းအကျိုး | ၉၄ |
| ပဒုမာကြာပွင့်ဖြင့် လောကဓာတ် တထောင်ကို ဖုံးအုပ်ခဲ့သူ | ၂၅၈ |
| ပဒုမုတ္တရမြတ်စွာဘုရား | ၂၃၂ |
| ပဗ္ဗတမင်း | ၃၇၃ |
| ပဗ္ဗတာရာမတိုက် | ၃၇၄ |
| ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရားကို အင်ကြင်းပန်းဖြင့် ပူဇော်ရသောအကျိုး | ၃၆ |
| ပလ္လင်္ကဝါကြွားတတ်သောရသေ့ | ၄၀၈ |
| ပိယဒဿီမြတ်စွာဘုရား | ၆၆၊၃၄၈ |
| ပါဋိဟီရသညကမထေရ် | ၁၇ |
| ပါဒပီဌိယမထေရ် | ၂၈ |
| ပါဒဖလိယမထေရ် | ၈၄ |
| ပါနဓိဒါယကမထေရ် | ၅၀ |
| ပါရမီ— | |
| အဓိဋ္ဌာန် | ၃၁၃ |
| ဥပေက္ခာ | ၃၁၄ |
| ခန္တီ | ၃၁၂ |
| ဒါန | ၃၁၀ |
| နေက္ခမ္မ | ၃၁၁ |
| ပညာ | ၃၁၁ |
| မေတ္တာ | ၃၁၃ |
| ဝီရိယ | ၃၁၂ |
| သစ္စာ | ၃၁၃ |
| သီလ | ၃၁၁၊၄၀၆ |
| ပိတောက်ပင်ဗောဓိ | ၃၁ |
| ပိပ္ပလိလုလင် | ၂၅၅ |
| ပိယာလဖလဒါယကမထေရ် | ၇၈ |
| ပိလက္ခဖလဒါယကမထေရ် | ၃၉ |
| ပုက္ခသောရဟန္တာ | ၁၄၀ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပုဆိုးသက်နိုးတို့ဖြင့် ဖုံးလွှမ်း လှူဒါန်းခဲ့ရခြင်းအကျိုး | ၁၄၆ |
| ပုဆိုးတထည် လှူခဲ့ရခြင်းအကျိုး | ၂၅၃ |
| ပုဆိုးတပိုင်း လှူရခြင်းအကျိုး | ၇၂ |
| ပုဆိုးလှူရခြင်းအကျိုး | ၉၈ |
| ပုဏ္ဏာရိုက်ကြာနှင့်တူသော ကဏ္ဏာဇိန် | ၃၉၄ |
| ပုဏ္ဏိကာ ရဟန်းမ | ၂၈၈ |
| ပုထိုးစေတီတည်ထားရခြင်းအကျိုး | ၁၈၁ |
| ပုလိနစက်မိယမထေရ် | ၅၀ |
| ပုလိနထုပိယမထေရ် | ၇၆ |
| ပုလိနုပ္ပါဒကမထေရ် | ၆၂ |
| ပေသလာ ရဟန်းမိန်းမ | ၂၉၁ |
| ပေါရိသာဒ | ၄၁၆ |
| ပေါက်ပွင့်ဖြင့် ပူဇော်ခဲ့ရခြင်းအကျိုး | ၇၁ |
| ပန်းပေါင်းစုံဖြင့် ပူဇော်၍ ဆုပန်ခဲ့သော ကစ္စာယနမထေရ် | ၁၀၈ |
| ပန်းသုံးပွင့် ပူဇော်ခဲ့ရခြင်းအကျိုး | ၁၆၈ |
| ပျင်းရိခြင်းကို ဘေးဟုရှုပုံ | ၄၁၉ |
| ပြဿနာအားလုံး ဖြေကြားနိုင်သော ဓမ္မဒိန္နာ | ၂၄၁ |
| ပြုံဘူးသော ကျေးဇူး သိတတ်သော အသျှင်သာရိပုတြာ | ၁၃၃ |
| "ပြည့်တန်ဆာမ" ဟု ဆဲဆိုခဲ့သောအပြစ် | ၂၈၆ |
| ပွတ်တိုင်လှူရခြင်းအကျိုး | ၂၈ |
| **[ ဖ ]** | |
| ဖုဿဗုဒ္ဓဝင် | ၃၅၉ |
| ဖုဿမြတ်စွာဘုရား | ၁၂၉၊၁၃၈၊၂၈၉ |
| ဖန်ခါးသီး လှူခဲ့ရခြင်းအကျိုး | ၂၁ |
| ဖောက်ကြံ့ပန်း လှူဒါန်းရခြင်းအကျိုး | ၉၀ |
| **[ ဗ ]** | |
| ဗာဝရီပုဏ္ဏားဏ်တပည့် | ၁၃၆ |
| ဗာဟိယမထေရ် | ၁၂၅ |
| ဗိလ္လိယမထေရ် | ၂၄ |
| **[ ဗ ]** | |
| ဗုဒ္ဓအပဒါန်မည်သောတရားဒေသနာ | ၄၁၉ |
| ဗုဒ္ဓဝင်ဟောစဉ် ရဟန္တာကုဋေကိုးသောင်း စည်းဝေးပုံ | ၃၃၈ |
| ဗုဒ္ဓသညကမထေရ် | ၅၃ |
| ဗုဒ္ဓါနုဿတိပွါး၍ ရဟန္တာဖြစ်သော ထေရိမ | ၂၈၀ |
| ဗုဒ္ဓုပ္ပါဒခဏ | ၂၉၆ |
| ဗူးလှူရခြင်း၏အကျိုး | ၁၄ |
| ဗောဓိဃရဒါယကမထေရ် | ၂၉ |
| ဗောဓိစံအိမ် လှူရခြင်းအကျိုး | ၂၅ |
| ဗောဓိပင်— | |
| အင်ကြင်း | ၃၆၉ |
| ကံ့ကော် | ၃၂၄၊၃၂၆၊၃၂၉၊၃၃၅ |
| ကုတ်ကို | ၃၇၁ |
| ကြခတ်ဝါး | ၃၄၇ |
| ကြောင်လျှာကြီး | ၃၁၆ |
| ကြောင်လျှာနီ | ၃၃၇ |
| ညောင်ကြတ် | ၃၁၈ |
| ညောင်ဗုဒ္ဓဟေ | ၆၄၊၃၀၆၊၃၈၀ |
| ထင်းရှူး | ၁၈၇၊၁၉၅ |
| ပညောင် | ၃၇၇ |
| ပိတောက် | ၃၁ |
| မဟာလှေကား | ၃၅၆ |
| ရေခတက် | ၃၅၀ |
| သဖန်း | ၃၇၄ |
| သခွတ် | ၃၆၄ |
| သရက်ဖြူ | ၃၆၆ |
| သာလကလျှာဏီ | ၃၂၁ |
| သံသတ် | ၃၅၄ |
| သျှိသျှား | ၃၆၁ |
| ဗောဓိပင်ကို ယပ်ခတ်ခဲ့ရခြင်းအကျိုး | ၄၆ |
| ဗောမိရွက် စွန့်ရခြင်းအကျိုး | ၁၀၀ |
| ဗောဓိသမ္မဇ္ဇကမထေရ် | ၁၀၂ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဘ ]

ဘဒ္ဒကမ္ဗာ၃္ဌသာကျင့်သောအကျင့် ၃၀၅
ဘဒ္ဒကာပိလာနီ ရဟန်းမ ၂၅၅
ဘဒ္ဒဇိမထေရ် ၁၇၂
ဘဒ္ဒါကုဏ္ဍလကေသာရဟန်းမ ၂၃၆
ဘဒ္ဒေကရတ္တသုတ် အကျယ်အကျဉ်း နှစ်နည်း နာကြားရပုံ ၁၅၇
ဘလ္လာတဒါယကမထေရ် ၂၅
ဘဝဟူသောသမုဒ္ဒရာ ၂၀၀
ဘာရုကစ္ဆပြည် ၁၂၃
ဘိနပ်လှူရခြင်းအကျိုး ၃၂၊၅၀
ဘိသဒါယကမထေရ် ၅၄
ဘုရားကို ချီးကျူးရခြင်းအကျိုး ၆၂
ဘုရားကို ပူဇော်ရခြင်းအကျိုး ၈၀၊၁၀၀
ဘုရားဟူသော အမှတ်သညာ၏အကျိုး ၁၇
ဘောဇဉ်လှူရခြင်းအကျိုး ၂၃၉
ဘုန်းကံရှင်တို့၏နေရာ ၃၀၁

[ မ ]

“မချွတ်ဘုရားဖြစ်လတ္တံ့”ဟု ဗျာဒိတ်ရပုံ ၃၀၇
မင်းအဖြစ်ကို စွန့်လွှတ်ခဲ့ပုံ ၄၁၀
မင်္ဂလရသေ့ ၃၅၅
မင်္ဂလမြတ်စွာဘုရား ၃၂၂
မဉ္စဒါယကမထေရ် ၉၇
မဏိပူဇကမထေရ် ၄၅
မဏ္ဍပ်၏အကျိုး ၆၀
မဏ္ဍပဒါယိကာရဟန်းမ ၁၀၂
မဏ္ဍဗျရသေ့ကြီး ၄၁၅
“မထိမ့်မြင် အောက်မေ့စေလော့”ဟု တေမိမင်းကို ပြောခြင်း ၄၁၁
မထိမ့်မြင် ပြုခြင်းကို သည်းခံလျှင် ရနိုင်သောဆု ၄၀၂
မဒ္ဒီကို ပေးလှူခဲ့ပုံ ၃၉၅
မဟာကစ္စာယနမထေရ် ၁၁၀
မဟာကပ္ပိနမထေရ် ၁၁၆
မဟာကောဋ္ဌိကမထေရ် ၁၂၀
မဟာပဇာပတိဂေါတမီ ၁၉၇

[ မ ]

မဟာပဇာပတိဂေါတမီ ကျွန်ဖြစ်ခဲ့ရခြင်းကံကြမ္မာ ၂၀၇
မဟာလှေကားပန်းဖြင့် ပူဇော်ခဲ့ရသော အကျိုး ၇၉
မဟောရဂနဂါးမင်းကြီး ၂၂၄
မာတုလုင်္ဂဖလဒါယကမထေရ် ၈၅
မာယာမိဖုရား ၃၀၆
မိစ္ဆာဝါဒတည်းဟူသော တောချုံ ၁၆၀
မိမိအသက်ကြောင့် လင်ကိုသတ်ခဲ့သူ ၂၃၃
“မိမိကိုယ်ကိုလည်း ပေးလှူအံ့”ဟု ကုရုမင်း ပြောဆိုပုံ ၃၈၈
မိမိကိုယ်သာ ကိုးကွယ်ရာ ၂၁၃
မိန်းမအားလုံးတို့ကို အစိုးရသူ ၂၅၇
မိန်းမမြတ်တဦး ၂၁၈
မိန်းမသုံးမျိုး ၂၈၄
မီးတိုင်လှူရခြင်း၏အကျိုး ၃၂၊၄၆
မုယောဆွမ်း၏အကျိုး ၄၇၊၁၇၃
မေခလဒါယိကာရဟန်းမ ၁၈၁
မေခလမြို့ ၃၂၅
မေတ္တာစိတ်ဖြင့် မြတ်စွာဘုရားကို လေ့ကျက်ခဲ့သူ ၁၂၇
မေတ္တာစွမ်းအား ၄၁၇
မေတ္တာပါရမီ ၃၁၃
မေခရာမကျောင်းတိုက် ၃၄၅
မောဃရာဇမထေရ် ၁၃၇
မောဒကဒါယိကာရဟန်းမ ၁၉၂
မောရဟတ္ထိယမထေရ် ၃၁
မျက်စိလှူခဲ့သောသိဝိမင်း ၃၉၁
မျက်လုံးညှိတံလျှပ်နှင့်တူသော သင်္ခါရတရား ၂၀၃
မြေကြီးတုန်လှုပ်ရပုံ ၃၁၄
မြေပေါ်၌ မီးဖိုခဲ့၍ အပြစ်ဖြစ်ရသူ ၁၃၅
မြေသပိတ် လှူခဲ့ရခြင်းအကျိုး ၈၂
မြွေကိုက်ခံသော သူငယ်အတွက် သစ္စာပြုပုံများ ၄၁၆

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ မ ]


မြက်ဆုပ်လှူခဲ့ရခြင်း၏အကျိုး ၉၆
မြစ်သေးပန်းဖြင့် ပူဇော်ခဲ့ရခြင်းအကျိုး ၂၅
မြတ်စွာဘုရားကို အကဲခတ်သူ ၂၁၈
မြတ်စွာဘုရား၏ ခေတ်တော်
မေ့တော်များ ၃၈၃
မြတ်စွာဘုရားအား
ချီးကျူးရခြင်းအကျိုး ၄၀၊၁၀၇
မြတ်စွာဘုရားအား
ပူဇော်ရခြင်းအကျိုး ၁၆၉
မြတ်စွာဘုရား၌ အမှတ်ရခြင်းအကျိုး ၅၃
မြတ်စွာဘုရားတို့၏ အထက်၌
ဈာန်ဖြင့် မသွားနိုင်ပုံ ၈
မြတ်စွာဘုရားတို့၏မေ့တာ ၆၁
မြတ်သောအရာအထူး ၂၄၅
မြတ်သောနေရာကို
ပေးလှူခဲ့ရခြင်းအကျိုး ၂၆
မြတ်သောရွှေအုဌ်ချပ်ကို
လှူခဲ့ရခြင်းအကျိုး ၂၅၄
မြို့တော်မဟာပူရ ၃၃၀


[ ယ ]


ယသမထေရ် ၁၆၅
ယသဝတီအမျိုးရှိသော ရဟန်းမများ ၂၇၃
ယသောဓရာရဟန်းမ ၂၆၄
ယသောဓရာ အမျိုးရှိသော
ရဟန်းမများ ၂၆၅၊၂၇၁
ယုဝတီအားလုံးတို့ထက်
ကောင်းခြင်းရှိသူ ၂၄၆
ယဉ်ကျေးပြီးသော ပရိသတ်ရှိသူ ၂၁၅
ယုတ်ညံ့သောသူတို့၏အကျင့် ၄၀၁
ယပ်ခတ်ခြင်း၏အကျိုး ၃၁


[ ရ ]


ရဋ္ဌပါလမထေရ် ၁၇၈
ရတနာခုနစ်ပါးမိုး ၃၉၆


အက္ခရာစဉ် စာမျက်နှာ

[ ရ ]


ရတ္တညူတေဒဂ်အရာ ၂၀၆
ရမ္မဝတီပြည် ၃၁၆
ရသေ့အဖြစ်ဖြင့်
ထပ်မံဆုတောင်းခဲ့ပုံ ၃၃၈၊၃၅၁
ရသေ့သာသနာ၌ သိတင်းသုံးဖော် ၄၀၀
ရဟန်းအဖြစ်ကို တောင်းပန်ခဲ့ပုံ ၄၀၇
ရဟန်းတထောင်ကို ဆုံးမပုံ ၁၁၆
ရဟန္တာလေးသိန်း ၃၀၄
ရဟန်းမတသောင်း ၂၆၅
ရဟန်းမ တသောင်းရှစ်ထောင် ၂၆၅
ရဟန်းမ တသိန်းခြံရံလျက်
ဘုရားထံသွားသောယသောဓရာ ၂၅၆
ရဟန်းမကို ကျိန်ဆဲမိသဖြင့်
ပြည့်တန်ဆာမဖြစ်ရခြင်း ၂၀၉
ရာဓမထေရ် ၁၃၄
ရေကိုတည်ထားခဲ့ရခြင်းအကျိုး ၁၈၈
ရေခတက်ပင်ဗောဓိ ၃၅၀
ရေခပ်ကျွန်မ၏သမီး ၂၀၇
ရေစစ်တော်နှင့် ခါးပန်းကြိုးတော်
တည်ရှိရာ ၃၀၄
ရေလှူရခြင်းအကျိုး ၇၃၊၁၀၉
ရေဝတမြတ်စွာဘုရား ၃၂၇
ရေသဖန်းပင်ဗောဓိ ၃၇၄
ရေသည်ထောပတ်, မြေသည်
ပျားသကာ သစ်ပင်သည် ပဒေသာ ၈
ရောမသပစ္စေကဗုဒ္ဓါ ၁၉
ရှစ်ပါးသောအကြောင်းအရာ ၃၀၅
ရှစ်သောင်းလေးထောင်သော ရဟန်းမ ၂၇၆
ရွှေထီးလှူခဲ့ရခြင်းအကျိုး ၂၀၄
ရွှေရုပ်နှင့်တူသော ဇာလိမင်းသား ၃၉၄
ရှောက်ချိုသီးလှူရသောအကျိုး ၈၄


[ လ ]


လကုဏ္ဍကဘဒ္ဒိယမထေရ် ၁၄၀
လဗုဇဖလဒါယကမထေရ် ၃၉

http://www.dhammadownload.com



| အကွရာစဉ် | စာမျက်နှာ |
|---|---|


**[ လ ]**

လခွဲမတိုင်မီ သစ္စာလေးပါးကိုသိသူ ၂၂၇
လချူးမုံ့ သုံးခုကို လှူခဲ့ရသောအကျိုး ၁၉၂
လက်ထုပ်ကြီးပန်း
  လှူဒါန်းခဲ့ရသောအကျိုး ၉၁
လမ်းသုတ်သင်သောသမဓောရသေ့ ၃၀၄
လယ်ယာမြေသဖွယ် ဖြစ်သောအရှင် ၃၈၆
လာဘ်တောင့်တခြင်းမရှိသောအလှူ ၃၈၆
လိပ်ဆူးပန်း လှူဒါန်းရခြင်းအကျိုး ၇၀
လူမသေဘူးသောအိမ် ၂၃၈
လေးသင်္ချေနှင့်ကမ္ဘာတသိန်း
  ကွဲနေသူ နှစ်ဦး ၆၅
လေးစားအပ်သောဆရာ ၁၅၄
လေးလံသော ခန္ဓာဝန် ၁၉၉
လောက၏ ကိုးကွယ်ရာ ၂၂၀
"လောကကို ကယ်တင်အံ့"ဟူသောအကြံ ၃၀၅
လောင်စာမရှိသော ဆီမီးလျှံ ၂၁၀
လောကပ္ပသာဒနမည်သော တန်ခိုး ၂၉၈
လောမသကင်္ဂိယမထေရ် ၁၅၈
လားရာဂတိကို မမြင်နိုင်ပုံ ၂၁၁
လျှင်မြန်သော အဘိညာဉ်ရှိသူ ၂၃၂
လျှာနှစ်ခုရှိသော နတ်နဂါး ၄၀၅
လှန်သီးလှူရသောအကျိုး ၇၇
လုံ့လဝီရိယရှိသူတို့ထက်
  မြတ်သော ခေမာထေရီ ၂၅၀

**[ ဝ ]**

ဝက္ကလိမထေရ် ၁၁၃
ဝက်တောင် ၃၉၃
ဝင်္ဂီသမထေရ် ၁၄၉
ဝတ်စုံဖြင့် ဖုံးလွှမ်း လှူဒါန်းရကျိုး ၁၈၃
ဝဇ္ဇီပုတ္တကမထေရ် ၁၆၇
ဝနကောရဏ္ဍိယမထေရ် ၃၃
ဝနဝစ္ဆမထေရ် ၁၅၉
ဝလ္လိကာရဖလဒါယကမထေရ် ၄၈
ဝဿာရဉ်ယျာဉ် ၃၂၄

**[ ဝ ]**

ဝါဒိသူဒရဟန်း ၁၄၇
ဝိဇ္ဇာအလင်းရောင် ၂၉၀
ဝိဇိတာဝီစကြာမင်း ၃၁၉
ဝိဇိတာဝီမင်း ၃၆၀
ဝိနည်းဆောင် ဧတဒဂ်ရ
  ပဋာစာရာထေရီ ၂၃၁
ဝိပဿီ မြတ်စွာဘုရား ၃၆၁
ဝိဘီတကမိဉ္ဇိယမထေရ် ၂၃
ဝီရိယပါရမီ ၃၁၂
ဝေဒိကာရကမထေရ် ၂၈
ဝေဿဘူမြတ်စွာဘုရား ၂၆၊၃၇၊၃၆၇
ဝေသာလီပြည် မဟာဝုန်တော ၁၉၇
ဝေ့သီးလှူရခြင်း၏အကျိုး ၁၉၊၂၆

**[ သ ]**

သက္ကာယဒိဋ္ဌိငြိမ်းမှု ၁၅
သက်မနတ္တာရဟန်းမ ၁၈၂
သင်္ကန်းသုံးထည်အမြဲလှူခဲ့သူ ၁၈၁
သင်္ကိသမ္မဇ္ဇကမထေရ် ၂
သကုလာရဟန်းမ ၂၄၄
သင်္ခပုဏ္ဏား ၃၈၆
သခွတ်ပင်ဗောဓိ ၃၆၄
သင်္ဂဟတရားတို့၌ လိမ္မာသောမင်းသား ၄၀၇
သစ္စာအားဖြင့် တူသူမရှိသော
  မျောက်မင်း ၃၁၃
သစ္စာပါရမီ ၃၁၃
သစ္စာပြုသောငုံးမင်း ၄၀၄
သစ်ဆိမ့်သီးဆံကို လှူရသောအကျိုး ၂၃
သစ်ပင်၏ဂုဏ် ၃၀၃
သစ်ပင်တို့ အလိုလို ညွှတ်ကိုင်းကြပုံ ၃၉၄
သစ်သီးလှူရခြင်း၏အကျိုး ၈၄
သတရံသီပစ္စေကဗုဒ္ဓါ ၃၈၊၈၆
သတိပဋ္ဌာန်၌ လိမ္မာသောထေရီမ ၁၈၆
သတ္တကဒမ္ဗပုပ္ဖိယမထေရ် ၆
သတ္တုပ္ပလမာလိကာ ရဟန်းမ ၁၈၆

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သန္တုဿိတနတ်သား | ၂၉၉ |
| သင်္ချိုင်းကျောင်းအပြစ် | ၃၀၃ |
| သင်တိုင်းရှုပ်စေတီ | ၁၇၄ |
| သင်းကျစ်တော် လှူရခြင်း အကျိုး | ၂၅၄ |
| သင်းတောက်ဉလှူရခြင်းအကျိုး | ၁၉ |
| သဒ္ဓါတရားဖြင့် နှလုံးသွင်းရှိသူ | ၂၀၀ |
| သဗ္ဗဖလဒါယကမထေရ် | ၉၄ |
| သမ္ဘဝပစ္စေကဗုဒ္ဓါ | ၉၄ |
| သမီးတော် ခုနစ်ဖော် | ၂၁၆ |
| သမုဒ္ဒရာနှင့်တူသောအင်္ဂါကြီး | ၃၀၉ |
| သယံပဋိဘာနိယမထေရ် | ၄၁ |
| သရဏဂမနိယမထေရ် | ၉၀ |
| သရဏဂုဏ်၏အကျိုး | ၉၇ |
| သရက်သီးဦး လှူရခြင်းအကျိုး | ၂၂ |
| သရက်ဖြူပြင်ဗောဓိ | ၃၆၆ |
| သရက်ဖြူသီးလှူရခြင်းအကျိုး | ၀၃ |
| သစ်သီးဦးလှူရခြင်းအကျိုး | ၁၆၅ |
| သဋ္ဌလပုပ္ဖိကာ ရဟန်းမ | ၁၉၂ |
| သဟမ္ပတိဗြဟ္မာ | ၂၉၃ |
| သာရကမ္ဘာ | ၃၄၀ |
| သာလကလျာဏီပင် | ၃၂၁ |
| သာလကုသုမိယမထေရ် | ၃၆ |
| သာလမဏ္ဍပိယမထေရ် | ၆၀ |
| သာလာရာမကျောင်းတိုက် | ၃၅၅ |
| သိခီမြတ်စွာဘုရား | ၃၆၅ |
| သိင်္ဂါလမာတာ ရဟန်းမ | ၂၀၁ |
| သိဒ္ဓတ္ထမြတ်စွာဘုရား | ၃၅၅ |
| သိဒ္ဓတ္ထမင်းသား၏မောင်းမတထောင် | ၂၇၇ |
| သိဝကမထေရ် | ၁၇၃ |
| သိကြားမင်းဖြစ်စဉ် ဗျာဒိတ်ခံရပုံ | ၃၅၃ |
| သီလအတွက် အသက်ကိုမငဲ့သော ဆတ်မင်း | ၄၀၃ |
| သီလကို စောင့်ထိန်းသူအမျိုးသမီးကလေး | ၂၃၉ |
| သီလ မပျက်ဆီးလိုသောနဂါးမင်း | ၄၀၀ |
| သီလပရမတ္ထပါရမီ | ၄၀၆ |
| [ သ ] | |
| သီလပါရမီ | ၃၁၁ |
| သီလရှိသောရဟန်းမတို့ကို မထိမဲ့မြင်ပြု၍ ကျွန်မသမီး ဖြစ်ရသူ | ၂၀၇ |
| သီလာရာမကျောင်း | ၃၄၀ |
| သီဝလိမထေရ် | ၁၄၅ |
| သီးသီး လှူခဲ့ရခြင်းအကျိုး | ၀၀ |
| သီဟာသနဗီဇိယမထေရ် | ၃၁ |
| သီဟာရာမကျောင်းတိုက် | ၃၃၂ |
| သုံးယောက်သောမိတ်ဆွေမ | ၁၇၉ |
| သုက္ကာရဟန်းမ | ၂၀၃ |
| သုဂန္ဓမထေရ် | ၁၀၇၊၁၆၂ |
| သုစိန္တိတပစ္စေကဗုဒ္ဓါ | ၇၊၇၂ |
| သုစိန္တိတမထေရ် | ၁၂ |
| သုဇာတပုဏ္ဏား | ၃၃၁ |
| သုဇာတမင်း | ၃၅၈ |
| သုဇာတမြတ်စွာဘုရား | ၃၄၅ |
| သုဒဿနမင်း | ၃၆၀ |
| သုဒဿနမြတ်စွာဘုရား | ၉၁ |
| သုဒဿနမြို့ | ၃၄၀ |
| သုဒ္ဓေါဒနမင်းကြီး | ၃၀၆ |
| သုဓညဝတီမြို့တော် | ၃၂၉ |
| သုဓမ္မမြို့တော် | ၃၃၁ |
| သုနန္ဒာရာမကျောင်း | ၃၅၉ |
| သုပဋ္ဋဒါယကမထေရ် | ၉၉ |
| သုမနတာလဝဏ္ဋိယမထေရ် | ၃၀ |
| သုမနဗီဇနိယမထေရ် | ၄၇ |
| သုမနမြတ်စွာဘုရား | ၄၀၊၃၂၄ |
| သုမိတ္တာရာမကျောင်းတိုက် | ၃၆၄ |
| သုမိတ္တာအမျိုးသမီး | ၂၆၀ |
| သုမေဓမြတ်စွာဘုရား | ၃၄၃ |
| သုမေဓာရဟန်းမ | ၁၀၁ |
| သုရုစိပုဏ္ဏား | ၃၂၃ |
| သူတော်ကောင်းတို့၏ သဘောတရား | ၄၁၇ |
| သေက္ခရဟန်းအား ကဲ့ရဲ့အပ်သောအခါ | ၃၁၇ |
| သေတဗျာရာမကျောင်းတိုက် | ၃၇၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သေတုဒါယကမထေရ် | ၃၇ |
| သဲပုံစေတီကို ဆည်းကပ်ပူဇော်ခဲ့ရခြင်းအကျိုး | ၁၃ |
| သဲပုံစေတီ တည်ရခြင်းအကျိုး | ၆၀၊၇၄ |
| သဲကို ဖြန့်ခင်းရခြင်းအကျိုး | ၅၀ |
| သောဏ္ဏကောဋိကဏ္ဏမထေရ် | ၁၄ |
| သောဏာရဟန်းမ | ၂၅၀ |
| သောဘိတမြတ်စွာဘုရား | ၄၇၊၃၃၀ |
| သောဝဏ္ဏကိင်္ကဏိယမထေရ် | ၁၃ |
| သံဆိပ်၌ ကြီးပွါးရသူ | ၄၀၉ |
| သံထိကကျောင်း၌ ရောဂါနှိပ်စက်၍ မနေလိုသောရဟန္တာ | ၁၃၆ |
| သံသတ်ပင်ဗောဓိ | ၃၅၄ |
| သားသေကို ရှင်စေတတ်သောဆေး | ၂၃၇ |
| **[ သ ]** | |
| သားကောင်သတ်၍ အသက်မွေးရသော ရဟန္တာအလောင်း | ၇ |
| သားငါးရာရရန် ဆုတောင်းခဲ့သူတဦး | ၂၂၆ |
| သားတို့သနင်း ,ခြင်္သေ့ မင်း | ၃၃၆ |
| သားသမီးဆယ်ယောက်မွေးဖွားခဲ့သူ | ၂၄၉ |
| သားသမီး နှစ်ယောက်တို့ကို ပေးလှူခဲ့သော ဝေဿန္တရာမင်းကြီး | ၃၉၅ |
| သျှိသျှားပင်ဗောဓိ | ၃၆၁ |
| သျှိသျှားသီးလှူရခြင်းအကျိုး | ၁၀၂ |
| **[ ဟ ]** | |
| ဟရိတကဒါယကမထေရ် | ၂၁ |
| ဟင်္သာမင်းပမာ ပျံကြွတော်မူသော မြတ်စွာဘုရား | ၃၊၅၊၂၀ |

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (တသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် သူများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်